ခေတ်နှင့်အညီ

လူပုဂ္ဂိုလ်များပင် လွယ်ကူစွာ လေ့လာနိုင်ရန်

မြင်းခြံမြို့

ကိုးဆောင်တိုက် ပဓာနနာယက

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတထေရ်

မြန်မာဘာသာဖြင့် စီရင်အပ်သော

# ဝိနယဗဟုသုတပကာသနီကျမ်း

( ခက်ခဲနက်နဲသည့် အဓိပ္ပာယ်အဆုံးအဖြတ်မျိုးစုံ ပါဝင်သည်။ )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

၁၇၅၄၉

ခေတ်နှင့်အညီ

လူပုဂ္ဂိုလ်များပင် လွယ်ကူစွာ လေ့လာနိုင်ရန်

မြင်းခြံမြို့

ကိုးဆောင်တိုက် ပဓာနနာယက

**အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတဆရာတော်**

မြန်မာဘာသာဖြင့် စီရင်အပ်သော

# ဝိနယဗဟုသုတပကာသနီကျမ်း

( ခက်ခဲနက်နဲသည့် အဓိပ္ပာယ်အဆုံးအဖြတ်မျိုးကို ပါဝင်သည်။ )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
ဒေါ်လှမြင့် (၀၅၀) ချိုးဖြူပုံနှိပ်လုပ်ငန်း
အမှတ် ၉၁၆၊ သုမိတ္တာ ၂၄-လမ်း (၁)ရပ်ကွက်
မြောက်ဥက္ကလာပ က ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် (၀၂၅၂၇)က ထုတ်ဝေသည်။



**အဂ္ဂမဟာပဏ္ဍိတ**

မြင်ခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် ဆရာတော်

**ဘဒ္ဒန္တသောဘိတမဟာထေရ်**

# စာရှုသူနှင့် ဤကျမ်းစာ မိတ်ဆက်လွှာ

ဤ "ဝိနယ ဗဟုသုတပကာသနီကျမ်း"သည် ပါဠိ မဂဓဘာသာကို ပိုင်နိုင်စွာ မကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သော်လည်း ထိုထိုဝိနည်းပါဠိတော်များနှင့် ၎င်းတို့၏ အဖွင့် အဋ္ဌကထာ၊ ဋီကာစသောကျမ်းတို့၌ လာရှိသော ပြန့်ကျဲလျက်ရှိနေသည့် အနက်အဓိပ္ပာယ် အဆုံးအဖြတ်တို့ကို အချိန်ပေးကာ လေ့လာခွင့်မရကြသော ပုဂ္ဂိုလ်များအတွက် လက်ကိုင်ထား၍ လေ့လာ ကြည့်ရှုရန် အလွန်သင့်လျော်သည့် ကျမ်းကောင်းတစောင် ဖြစ်ပေသည်။

## အကြောင်းကို ဆိုရသော်

ဤကျမ်းသည် ဝိနည်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့၌ လာရှိသော အလွန်ခက်ခဲနက်နဲသည့် ဝိနည်းအဆုံးအဖြတ် သရုပ်၊ အဓိပ္ပာယ်၊ ထေရဝါဒ အယူအဆ စသော ကောင်းမြတ်သည့် အနှစ်အဆီတို့ကို ထုတ်နုတ်၍ ဤကျမ်းတခုတည်း၌ စုပေါင်းထည့်သွင်း၍ ရေးသားထားသည့်ကျမ်းဖြစ်သောကြောင့်–

ဝိနယဝိဒူ, ဝိနယပါမောက္ခ, ဝိနိစ္ဆယပါရဂူ, တံခွန်ထူလိုသူ အရှင်ကောင်းတို့နှင့်တကွ သာသနာပြုလိုသူ လူဥပါသကာ, ဥပါသိကာ ပုဂ္ဂိုလ်တို့ပါ ကြည့်ရှုလေ့လာထိုက်သည့် ကျမ်းမြတ်တစောင်ဖြစ်ပေသည်။

## ဤကျမ်းစာ၏ ထူးခြားချက်များ

ဤကျမ်းစာသည်–

(၁) ရဟန်းရှင်လူ မည်သူမဆို ပုဂ္ဂိုလ်အားလုံးတို့ လေ့လာ ကြည့်ရှုမှတ်သားနိုင်ရန်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ဥစ္စာဖြစ်သည့် အမိမြန်မာဘာသာဖြင့် ရေးသားထားသော ကျမ်းစာဖြစ်ခြင်း၊

(၂) ရဟန်းတော်များသာမက လူပုဂ္ဂိုလ်များပင် နားလည်နိုင်အောင် ပါဠိဘာသာစကားလုံး အသုံးအနှုန်းများကို အတတ်နိုင်ဆုံး ရှောင်ရှား၍ သိသာထင်ရှား အသုံးများသည့် မြန်မာစကားလုံး အသုံးအနှုန်းများဖြင့် သုံးနှုန်း၍ ရေးသားထားသည့် ကျမ်းစာဖြစ်ခြင်း၊

(၃) ထိုထိုဝိနည်းအဓိပ္ပာယ် အဆုံးအဖြတ် ဆိုင်ရာတို့၌ အဓိကလိုရင်းကျသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ အထောက်သာဓက ပါဠိဝါကျများကို ကျမ်းညွှန်းနံပါတ်နှင့်တကွ ဖော်ပြထားသဖြင့် အထောက်အထား ခိုင်လုံတိကျသော ကျမ်းစာဖြစ်ခြင်း၊

(၄) ကျောင်းထိုင်, စာချ, ဓမ္မကထိက, ဝိနည်းဓိုရ်, ထိုထို သာသနာ့ဝန်ဆောင် ခေါင်းဆောင်ကောင်း ဖြစ်လိုသူ အရှင်မြတ်တို့အတွက် “ဝိနည်းခက်ဆစ် ကောက်နုတ်ချက် စာအုပ်” သဖွယ် လေ့လာရန် အလွန်လွယ်ကူသည့် ကျမ်းစာအုပ်ဖြစ်ခြင်း၊

(၅) “ဝိနည်းကိုသိမှ သာသနာကို မှန်ကန်အောင်ပြုနိုင်မည်”

“ဝိနည်းကိုသိမှ၊ သာသနာကို ကြည်ညိုတတ်သည်”–

ဟူသော ရှေးလက်သုံးစကားများနှင့်အညီ သာသနာကို မှန်ကန်အောင် ပြုတတ်ရန်၊ သာသနာကို တကယ်ကြည်ညိုလေးစားတတ်ရန် အတွက် လေ့လာဖတ်ရှုသင့်သော စာအုပ်ဖြစ်ခြင်း–

ဤသို့စသောအကြောင်းများကြောင့် တကယ့်ကျမ်းကောင်းတစောင် ဖြစ်သည်ကို သိနိုင်သည့်အပြင် ကိုယ်တိုင်လေ့လာကြည့်ရှုပါလျှင် ဤစာအုပ်၏ ပြည့်စုံမှု သမ္ပတ္တိဂုဏ်များကို တွေ့မြင်ကြရမည်ဖြစ်၍ ကမ္ဘာဦးအခါက ကမ္ဘာသူကမ္ဘာသားတို့၏ တောင့်တမှု အာသာဆန္ဒအား လျော်စွာ ပေါ်ထွက်လာသည့် နေ့,လ,နက္ခတ်,တာရာ တို့ကဲ့သို့ ဝိနည်းတတ်ကျွမ်းလိုသူ ပုဂ္ဂိုလ်တို့၏ အာသာဆန္ဒနှင့် ကိုက်ညီစွာ ထွက်ပေါ်လာသည့် ဤ “ဝိနယဗဟုသုတပကာသနီကျမ်း” ကို အားပါးတရ လေ့လာဖတ်ရှုကြပါရန် တိုက်တွန်းလျက် စာရှုသူနှင့် ဤကျမ်းစာကို မိတ်ဆက်၍ ပေးလိုက်ရပါသတည်း။

**ဦးသာဓိန**

မဟာဝိသုတာရာမိက-ဂဏဝါစက

သာသနဓဇသိရီပဝရဓမ္မာစရိယ(၁၃၁၅-ခု)

ပခုက္ကူကျောင်းသစ်

ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

# ကျမ်းဦးနိဒါန်း

ဘုန်းတော်ကြီးတော်မူသော ဘုရားရှင်သည် အလောင်းတော် သုမေဓာဘဝ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှသည် ဝေဿန္တရာမင်း၏ အဖြစ် တိုင်အောင် မရေတွက်နိုင်သောဘဝတို့၌ လေးသင်္ချေနှင့် ကမ္ဘာတသိန်း အတိုင်း ဝယ် ပါရမီ, စာဂ, စရိယတရား ဘုရားဖြစ်ကြောင်း ကျင့်ဝတ်တော်များကို ကိုယ်စိတ်ပင်ပန်း ဆင်းရဲမှုများကို ပမာနပြုတော်မမူပဲ ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုတော်မူလျက် ကြီးစွာသော လုံ့လဥဿာဟဖြင့် ဖြည့်ကျင့် ဆည်းပူးတော်မူပြီး၍ သိဒ္ဓတ္ထမင်းသားဘဝ တောထွက်တော်မူကာ ဒုက္ကရစရိယာ(၆)နှစ်တာ ကျင့်တော်မူပြီးလျှင်–

ဥရုဝေလတော နေရဥ္စရာ မြစ်ကမ်းနားဖြစ်သော ဗောဓိပင်ရင်း၌ သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကြီးကို လက်ကိုင်ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူပေ၏။ ထိုနောက် ဘုရားရှင်သည်–

**သတ္တသတ္တာဟ စံနေတော်မူစဥ်အခါဝယ်**

ရာဇာယတန သတ္တာဟဖြစ်သော လင်းလွန်းပင်ရင်း၌ ခုနစ်ရက် ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် တင်ပျဥ်ခွေကာ တထိုင်တည်းဖြင့် နေတော်မူ၏။

ထိုအခါ ဥက္ကလာဇနပုဒ်(ယခုအခါ ရန်ကုန်မြို့)မှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသရပ်သို့ ကုန်ရောင်း ကုန်ဝယ် ကိစ္စဖြင့် ရောက်လာကြကုန်၏၊ ထိုကုန်သည်ညီနောင်တို့၏ ရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးသော ဘုမ္မစိုးနတ်သည် ကုန်သည်ညီနောင်တို့အား–

> "အချင်းတို့–ဤလူ့ပြည် လောက၌ ဘုရားရှင်ပွင့်လာတော်မူသည် ဖြစ်၍ လင်းလွန်းပင်ရင်း၌ သီတင်းသုံးစံနေတော်မူ၏၊ သင်တို့သွားကြကုန်လော့၊ ထိုမြတ်စွာဘုရားအား သင်တို့မှာ ပါလာခဲ့သော မုန့်ကြက်ကျစ်၊ ပျားမုန့်ဆုပ်တို့ဖြင့် ဆက်ကပ် လုပ်ကျွေးကြကုန်လော့၊ ထိုသို့ ဆက်ကပ်လုပ်ကျွေးခြင်းသည် သင်တို့အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွားချမ်းသာခြင်းသည် ဖြစ်ပါလိမ့်မည်"–

ဟု ပြောဆိုတိုက်တွန်းသဖြင့် ဘုရားရှင် ရှိတော်မူရာသို့ သွားကြပြီးလျှင် မုန့်တို့ကို ဆက်ကပ်လှူဒါန်းကြကုန်၏။ ဘုရားရှင်သည် စာတုမဟာရာဇ် နတ်မင်းကြီးတို့ ကပ်လှူအပ်သော သပိတ်တော်ဖြင့် ခံယူတော်မူ၍ ဘုဉ်းပေးတော်မူ၏၊ ဘုဉ်း

ပေးပြီးရာအခါ၌ ကုန်သည်ညီနောင်တို့သည် ဘုရားရှင်အား အလွန်ကြည်ညိုကြသဖြင့် ဘုရားရှင့်ခြေတော်အစုံကို ဦးခိုက်၍ မြတ်စွာဘုရားကို—

"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရားကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်ယူတော်မူပါဘုရား"

ဟု လျှောက်ကြကုန်၏။

ထိုကုန်သည် ညီနောင်နှစ်ယောက်တို့သည် ဤဘုရားရှင် သာသနာတော်၌ ရှေးဦးစွာသော 'ဒွေဝါစိကသရဏဂုံ' တည်သူ ဥပါသကာများ ဖြစ်ကြကုန်၏။ (ထိုအခါ၌ သံဃာများမရှိသေးသဖြင့် ဘုရား တရားကိုးကွယ်ရာနှစ်ပါးသာရှိ၏။) ရှင်တော်မြတ်ဘုရားသည် ကုန်သည်ညီနောင်တို့အား ကိုးကွယ်ရန် ဆံတော်မြတ်ကိုကို ပေးအပ် ချီးမြှင့်တော်မူ၏။

ဤကား ဘုရားရှင်သည် သာသနာတော်တည်းဟူသော ဓမ္မဗိမာန်၊ သာသနဗိမာန်တော်ကြီးပေါ်ပေါက်လာရန် မူလအစ ပဌမ ဒုတ်မြစ် ချတော်မူခြင်းဖြစ်ပေ၏။ ကုန်သည်ညီနောင်တို့သည် ဥက္ကလာဇနပုဒ်သို့ ပြန်ရောက်ကြ၍ နောက်အခါ ၎င်းဆံတော်မြတ်တို့ကို ဌာပနာကာ စေတီတော်တည်ထား ကိုးကွယ်ခဲ့ကြရာ ယခုအခါတွင် ရွှေတိဂုံဟု ကမ္ဘာကျော်ကြား တန်ခိုးတော်ကြီးမားသည့် စေတီတော်ကြီးဖြစ်လာခဲ့ပေ၏။

ထိုမှနောက်၌ မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်းမှဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကပ်ရောက်တော်မူလျက် သတ္တာဟစံနေတော်မူစဉ် ကြောင့်ကြမဲ့နေတော်မူရန် စိတ်တော်ညွတ်၍ တရားဟောတော်မူရန် စိတ်ညွတ်တော်မမူသေးသည်ကို သဟမ္ပတိဗြဟ္မာသိ၍ ၎င်းဗြဟ္မာ၏တရားဟောတော်မူရန် တောင်းပန်မှုကို လက်ခံတော်မူပြီးလျှင် တရားဟောရမည့် ပုဂ္ဂိုလ်ကို ကြည့်ရှုဆင်ခြင်တော်မူ၏။

ထိုသို့ ကြည့်ရှုဆင်ခြင်တော်မူရာ ရှေးယခင် ဥရုဝေလတော၌ ခြောက်နှစ်ပတ်လုံး ဘုရားဖြစ်ရန် ဒုက္ကရစရိယာအလုပ်ကိုအားထုတ်တော်မူစဉ်က မိမိအားပြုစုလုပ်ကျွေးခဲ့ကြ၍ ကျေးဇူးများခဲ့သော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရန် စိတ်ညွတ်တော်မူပြီးလျှင် မဟာဗောဓိမဏ္ဍိုင်မှ ပဉ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောသို့ ကြွတော်မူ၏။

**ဓမ္မစကြာတရားထူးကို ဟောတော်မူခြင်း** ဝါဆိုလပြည့်နေ့၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္က ပဝတ္တနသုတ်တော်ကို တရားဦးအစ ဟောကြားတော်မူ၍ ဗုဒ္ဓ၏မဇ္ဈိမ ပဋိပဒါလမ်းစဉ်နှင့် သစ္စာလေးပါးအမှန်တရားကို ဟောကြားတော်မူလျက် ဗုဒ္ဓဖြစ်ကြောင်းကို ကြေငြာတော်မူခဲ့ပေ၏။ အရှင်ကောဏ္ဍည ရှေးဦးစွာ သောတာပန်တည်၏။

**ဗုဒ္ဓ၏အနတ္တဝါဒကို ထုတ်ဖော်ကြေငြာခြင်း** ထိုစဉ်အခါက သတ္တလောကကြီးတခုလုံးကို အတ္တဝါဒကြီးက လွှမ်းမိုးလျက်ရှိရာ ၎င်းအတ္တဝါဒဆိုးကြီးကို တွန်းလှန် ပယ်ဖျက်တော်မူရန် ဝါဆိုလပြည့်ကျော်ငါးရက်နေ့၌ ပဥ္စဝဂ္ဂီငါးဦးတို့ကိုပင် အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူ၍ ကိုယ်တော်၏ အနတ္တဝါဒကို စတင်ဖော်ထုတ်ကြေငြာတော်မူခဲ့ပေ၏၊

ပဥ္စဝဂ္ဂီငါးဦးတို့သည် အနတ္တလက္ခဏသုတ်တော်ကို ကြားနာရ၍ အားလုံးအာသဝေါကုန်ခန်းကာ ဟေိဘိက္ခုရဟန်းများဖြစ်ကြလေ၏၊ ထိုအချိန်အခါဝယ် လူ့ပြည်လောက၌ ပဥ္စဝဂ္ဂီငါးဦးနှင့်တကွ ဘုရားရှင်ပါ ရဟန္တာခြောက်ဦးဖြစ်၏။

**အရှင်ယသစသော အမျိုးကောင်းသားတို့ တစတစ ရဟန်းပြုကြခြင်း** ထိုမှနောက် ကာမဂုဏ်တို့၌ ငြီးငွေ့စိတ်ပျက်သဖြင့် ညအခါတယောက်တည်းအိမ်မှထွက်ခဲ့၍ ခြေဦးတည့်ရာ လျှောက်၍လာခဲ့ရာ မိဂဒါဝုန်တောထဲသို့ ရောက်လာသော ဗာရာဏသီသူဌေးသား ယသအမည်ရှိသော အမျိုးကောင်းသားသည် ဘုရားရှင်နှင့်တွေ့သဖြင့် တရားတော်ကိုနာယူရ၍ သောတာပန်တည်ကာ ဟေိဘိက္ခုရဟန်းဖြစ်လေ၏။

ထိုနေ့၌ မကြာမီပင် သားပျောက်ရှာကာ ဆိုက်ရောက်၍လာသော ယသ၏ဖခင်သူဌေးကြီးအားလည်း တရားဟောတော်မူ၍ သောတာပတ္တိမဂ်ဉာဏ်ကိုရရှိတော်မူ၏၊ အရှင်ယသသည်လည်း ဖခင်သူဌေးကြီးအား ဟောကြားသည့်တရားတော်ကို နာကြားယင်း ရဟန္တာဖြစ်လေ၏၊ သူဌေးကြီးသည် မြတ်စွာဘုရားအား–

"အကျွန်ုပ်သည်–မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်ကိုယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာတယောက်ဟု သိမှတ်တော်မူပါဘုရား"

**ဝိနယ–( ၁ )**

ဟု လျှောက်ထားကာ ဥပါသကာအဖြစ်ကိုခံယူ၏၊ ထိုအရှင်ယသ၏ဖခင်သဌေးကြီးသည် လောက၌ ရှေးဦးစွာ “တေဝါစိကသရဏဂုံ”တည်သူ ဥပါသကာဖြစ်၏။

ယင်းနေ့၌ပင် သဌေးကြီး ပင့်လျှောက်ထားချက်ဖြင့် အရှင်ယသနှင့် တကွ ယသ၏ ဖခင်သဌေးကြီးအိမ်သို့ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ယသ၏မိခင် သဌေးကတော်ကြီးနှင့် ယသ၏မယားဟောင်းတို့အား တရားဟောတော်မူသဖြင့် သောတာပန်တည်ကြကာ ဥပါသိကာမများ ဖြစ်ကြလေ၏။

ထို့နောက် မကြာသော ရက်အတွင်းမှာပင် သဌေးအမျိုးအနွယ် ဖြစ်သော ယသ၏ ရှေးသူငယ်ချင်းများဖြစ်ခဲ့သူ ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိ ဟူသော အမျိုးကောင်းသား လေးယောက်တို့သည်လည်း သူငယ်ချင်းယသ ရဟန်းပြုကြောင်း သတင်းကြားကြရ၍ လိုက်လာကြရာ ယသ၏ရှေ့ဆောင်မှုဖြင့် ဘုရားရှင်ထံတော်မှောက်သို့ ရောက်လာကြလျှင် တရားဓမ္မ နာကြားရသဖြင့် သောတာပတ္တိမဂ်ဉာဏ်ကိုရရှိကြပြီးလျှင် ရဟန်းပြုကြကုန်၍ မကြာမီ ရဟန္တာ ဖြစ်ကြကုန်၏။

ထိုအခါ လောက၌ ရဟန္တာပုဂ္ဂိုလ် တကျိပ်တယောက် ဖြစ်ခဲ့လေပြီ။

ရက်များမကြာမီအတွင်း၌ပင် သတင်းကြား၍ လိုက်လာကြသော တောရွာဇနပုဒ်သား ယသ၏သူငယ်ချင်းငါးကျိပ်တို့ကိုလည်း ခြွေချွတ်တော်မူခဲ့လေ၏၊ ဧဟိဘိက္ခုရဟန္တာအားလုံးဖြစ်ကြကုန်၏။

ထိုစဉ်အခါ၌ လူ့လောကတွင် ရဟန္တာ ပုဂ္ဂိုလ်ပေါင်း ခြောက်ကျိပ် တယောက် ရှိခဲ့လေပြီ။

**ရဟန်းများကိုသာသနာပြုရန် စေလွှတ်တော်မူခြင်း၊**

သီတင်းဝါလ ကျွတ်လျှင် ဘုရားရှင်ကိုယ်တော်မြတ်သည် ရဟန်းတို့ကို စည်းဝေးစေတော်မူ၍ “ချစ်သားရဟန်းတို့၊ ငါဘုရားသည် လူ့နတ်တို့၌ဖြစ်သော ကိလေသာတဏှာကျော့ကွင်းအားလုံးမှ လွတ်တော်မူပြီ၊ ချစ်သားတို့–သင်တို့သည်လည်း ငါဘုရားနှင့်အတူ လူ့ နတ် တို့၌ဖြစ်သော ကိလေသာ တဏှာကျော့ကွင်းအားလုံးတို့မှ လွတ်ကြကုန်ပြီ”ဟု မိန့်တော်မူပြီးလျှင်—

“ရဟန်းတို့–သင်တို့သည် လောကလူသားတို့၏ အကျိုးစီးပွါး ဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ လောကကို စောင့်ရှောက်ရန် အကျိုးငှာ နတ်, လူတို့၏ အကျိုးစီးပွါးဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ထိုထိုအရပ်မျက်နှာ ထိုထိုမြို့ရွာဇနပုဒ်တို့သို့ သာသနာပြုရန် ခရီးဒေသစာရီ လှည့်လည်ကြကုန်လော့၊ သို့သော် သင်ချစ်သားတို့သည် ခရီးတကြောင်းလျှင် နှစ်ပါးတွဲ၍ မသွားကြ

ကုန်လင့်၊ (သာသနာတော်ကြီးကို စတင်တည်ထောင်စဖြစ်၍ လူနည်းနည်းနှင့် ကျဲကျဲဝိုင်းရန် ရည်ရွယ်၍ မိန့်သည်)

ရဟန်းတို့–အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသောတရားကို ဟောကြကုန်လော့၊ အားလုံးပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ဖြစ်သည့် ဗြဟ္မစရိယကို ပြန့်နှံ့ထင်ရှားအောင် ပြကြကုန်လော့၊

ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးကြသူ သတ္တဝါတို့သည် ရှိကုန်၏၊ တရားတော်ကို မကြားနာကြရသေး၍သာ တရားတော်မှ ဆုတ်ယုတ်၍ နေကြရရှာကုန်၏၊ တရားတော်ကို သိလွယ်မည့်သူတို့သည် ရှိပါကုန်လိမ့်ပေတ္တံ့၊

ရဟန်းတို့-"ငါဘုရားသည်လည်း ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောမှ သေနနိဂုံးသို့ သွားပေအံ့"ဟု မိန့်ကြားတော်မူ၍ သာသနာပြုရန် စေလွှတ်တော်မူခဲ့၏၊ သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်းပြုပေးရန်ကိုလည်း ခွင့်ပြုတော်မူခဲ့၏။

ဘုရားရှင်သည် ဗာရာဏသီမှ ဥရုဝေလတောသို့ တပါးတည်း ကြွသွားတော်မူရာ တောထဲ၌ မိန်းမပျောက်ရှာကြသည့် ဘဒ္ဒဝဂ္ဂီ နေ့ဘင်ညီမင်းသား သုံးကျိပ်တို့နှင့် တွေ့တော်မူ၍ အနုပုဗ္ဗိကထာသုတ္တန်ဒေသနာတော်ဖြင့် ချွတ်တော်မူကာ ရဟန်းပြုပေးတော်မူခဲ့၏။

ဥရုဝေလတောသို့ အစဉ်အတိုင်း ဆက်လက်၍ ခရီးဒေသစာရီ ကြွချီတော်မူရာ–

တပည့်အခြံအရံ ရသေ့ (၅၀၀)နှင့် တကွသော ဥရုဝေလကဿပ၊
တပည့်အခြံအရံ ရသေ့ (၃၀၀)နှင့် တကွသော နဒီကဿပ၊
တပည့်အခြံအရံ ရသေ့ (၂၀၀)နှင့် တကွသော ဂယာကဿပ–

အားဖြင့် ရသေ့ညီနောင် ရှင် (၁၀၀၀)တို့ကို တန်ခိုးပြာဋိဟာအမျိုးမျိုး ပြတော်မူလျက် ချွတ်တော်မူကာ ရဟန်းအဖြစ်သို့ ရောက်စေတော်မူခဲ့ပေ၏။

ဥရုဝေလတောမှ ဂယာသီသအရပ်သို့ ရှေးရသေ့ဟောင်းများ ဖြစ်ကြသည့် ရဟန်း (၁၀၀၀)တို့နှင့် အတူတကွ ကြွသွားတော်မူ၍ ထိုမှတဆင့် တောထွက်တော်မူစ အလောင်းတော်ဘဝက ဗိမ္ဗိသာရမင်းမြတ်အား ပေးခဲ့သော ကတိခံဝန်ချက်အရ ရာဇဂြိုဟ်ပြည်သို့ ခရီးဒေသစာရီ ဆက်လက် ကြွချီတော်မူ၍ ထန်းတောဥယျာဉ်အတွင်း သုပ္ပတိဋ္ဌိတ ညောင်ပင်ကြီး၏ အောက်၌ သီတင်းသုံးနေတော်မူသောအခါ သတင်းကြား၍ ရောက်လာကြသော မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းနှင့်တကွ မဂဓတိုင်းသား တသိန်းနှစ်သောင်းသော ပုဏ္ဏား

နှင့် အခြားအမျိုးသားတို့အား သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်အောင် အမြိုက်တရားကို ဟောကြားတော်မူ၍ ဥပါသကာအဖြစ်သို့ ရောက်စေတော်မူ၏။

## ကျောင်းအရံကို စတင်၍ ခံယူတော်မူခြင်း

နောက်တနေ့၌ ဗိမ္ဗိသာရမင်း၏ ပင့်လျှောက်ခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်း မင်း၏နန်းတော်သို့ ကြီးကျယ်ခမ်းနားသော ဗုဒ္ဓ၏ တင့်တယ်ခြင်းဖြင့် ဝင်တော်မူ၍ နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် မဂဓတိုင်းရှင် ဘုရင့် ဗိမ္ဗိသာရသည် ရွှေကရားကို ယူ၍ –

အရှင်ဘုရား–အကျွန်ုပ်သည် ဤ ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား လှူဒါန်းပါ၏" ဟု လျှောက်ထား၍ ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းလေ၏။ ဘုရားရှင်လည်း ကျောင်းတိုက်အရံကို ခံယူတော်မူပြီးလျှင် ဗိမ္ဗိသာရမင်း၏ ထိုဝေဠုဝန်ကျောင်းတိုက်အရံကို လှူဒါန်းခြင်းကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကား မိန့်ကြားတော်မူပြီးလျှင်—

"ရဟန်းတို့–ယနေ့မှစ၍ ရဟန်းတို့အား ကျောင်းတိုက်အရံကို အလှူခံစိမ့်သောငှာ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူပြီးလျှင် ကျောင်းအရံကို အလှူခံခွင့် ပြုတော်မူခဲ့၏။

ဤ ဝေဠုဝန်ကျောင်းတိုက်အရံကား ဤသာသနာတော်၌ ရှေးဦးအစ ပဌမဆုံးဖြစ်သော ကျောင်းတိုက်အရံ ဖြစ်ပေ၏။

## အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်တို့ သာသနာတွင်းသို့ ရောက်လာခြင်း

ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးစဉ် သိဉ္စည်းပရိဗိုဇ်ကြီးသည်လည်း နှစ်ရာ့ငါးကျိပ် အရေအတွက်ရှိသော တပည့် ပရိဗိုဇ်အပေါင်းနှင့်တကွ ရာဇဂြိုဟ် ပြည်၌ နေ၏၊ သာရိပုတြာ မောဂ္ဂလာန်တို့သည်လည်း ပရိဗိုဇ်ဝတ်ဖြင့် သိဉ္စည်း ဆရာကြီး၏ထံ၌ မြတ်သောအကျင့်ကို ကျင့်လျက်နေကြကုန်၏။

သို့သော် သိဉ္စည်းဆရာကြီး၏ အကျင့်ဗြဟ္မစရိယ၌ အားရကျေနပ်မှု မရှိကြသဖြင့် သူငယ်ချင်းနှစ်ယောက်တို့သည် အချင်းချင်း–

"သင်နှင့် ငါတို့သည် မသေရာ အမြိုက်နိဗ္ဗာန်ကို ရှေးဦးစွာ ရသူသည် ပြောပြစတမ်း" ဟု ကတိကဝတ်ပြုကြ၍ အမြိုက်နိဗ္ဗာန်ကို ရှာကြံလျက်သာ နေထိုင်ကြကုန်၏။

## သာသနာပြု ကြွလာသည့် အရှင်အဿဇိနှင့်တွေ့ခန်း

ထိုသို့နေကြစဉ် တနေ့သောအခါ ဣရိယာပုထ်နှင့် ပြည့်စုံစွာ ငြိမ်သက်သော ဣန္ဒြေ ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်သည့် ကြွသွားခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံလှည့်လာသော အရှင်အဿဇိမထေရ်ကို သာရိပုတြာပရိဗိုဇ် ဆွမ်းခံယင်း တွေ့မြင်သဖြင့် "ဤအရှင်သည် အမြိုက်နိဗ္ဗာန်ကို သိမြင်ရရှိထားသူ ဖြစ်လိမ့်မည်"ဟု အကဲခတ်၍ နောက်မှလိုက်သွားကာ နှုတ်ခွန်းဆက်စကား ပြောကြားပြီးလျှင် အကျိုးအကြောင်းကို မေးမြန်း၍ တရားဟောပြပါရန် တောင်းပန်ရာ အဿဇိမထေရ်က "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော သစ္စာလေးပါးပြ တဂါထာကို အကျဉ်းမျှ ဟောကြားသည်ကို နာယူရသဖြင့် သောတာပန်တည်၍ ကြာမြင့်စွာက ရှာမှီးခဲ့သော အမြိုက်နိဗ္ဗာန်ကို ရရှိလေ၏။

## မောဂ္ဂလာန်ပရိဗိုဇ်အား တဆင့်ဟောပြခြင်း

သာရိပုတြာပရိဗိုဇ်လည်း ပရိဗိုဇ်အရံသို့ ပြန်လာရာ မောဂ္ဂလာန်ပရိဗိုဇ်သည် သာရိပုတြာပရိဗိုဇ်၏ ဣန္ဒြေအမူအရာကို မြင်သဖြင့် အကဲခတ်၍ မေးမြန်းရာ မောဂ္ဂလာန်ပရိဗိုဇ်လည်း သာရိပုတ္တရာပရိဗိုဇ်ထံမှတဆင့် အထက်ပါတရားကိုပင် နာကြားရ၍ သောတာပန်တည်လေ၏။

သာရိပုတြာနှင့် မောဂ္ဂလာန်ပရိဗိုဇ်တို့သည် မိမိတို့ကို အမှီပြု၍နေကြသည့် နှစ်ရာ့ငါးကျိပ်သော ပရိဗိုဇ်တို့နှင့် တိုင်ပင်ကြပြီးလျှင် ထိုတပည့်ပရိဗိုဇ်တို့နှင့် တကွ သိဉ္စည်းဆရာကြီး၏ အထံမှ ခွင့်ပန်ကြပြီးလျှင် ဘုရားရှင်ရှိရာအရပ်သို့ သွားကြ၍ ရဟန်းပြုကြပြီးလျှင် မြတ်သောအကျင့်ကို ကျင့်ကြရာ မကြာမီပင် ရဟန္တာဖြစ်ကြကုန်၏။

## လူကုံထံအမျိုးသားများ ရဟန်းပြုကြခြင်း

ထိုစဉ်အခါ၌ အလွန် ကျော်စော ထင်ရှားကြကုန်သော မဂဓတိုင်းသား အမျိုးကောင်းသားတို့သည် မိ, ဖ, ဆွေမျိုး, သားမယားတို့ကို စွန့်ပစ်ကာ ဘုရားရှင်၏ အထံတော်၌ ရဟန်းပြုကာ မြတ်သောအကျင့်ကို ကျင့်ကြကုန်၏။

လူတို့သည် (များသောအားဖြင့် အမျိုးသမီးတို့သည်) "ရဟန်းဂေါတမသည် ငါတို့ကို သားမရှိအောင်, လင်နှင့်ကင်းကွာအောင်, အမျိုးအနွယ်ပြတ်အောင် ပြုလုပ်၏၊ ရသေ့တထောင်ကို ရဟန်းပြုခဲ့ပြီ၊ သိဉ္စည်း၏တပည့် နှစ်ရာ့ငါးကျိပ်သော ပရိဗိုဇ်တို့ကိုလည်း ရဟန်းပြုခဲ့ပြီ၊ မဂဓတိုင်းနေ အလွန်ထင်ရှားသော အမျိုးသားတို့ကိုလည်း သူ့သာသနာတွင်းသို့ သွတ်သွင်းခဲ့ပြီ" ဟု ကဲ့ရဲ့ပြစ်တင် ပြောဆိုကြကုန်၏။

ထိုကဲ့ရှိသောစကားကို ဆွမ်းခံကြယင်း ရဟန်းတို့ကြားခဲ့၍ ဘုရားရှင်အား လျှောက်ထားကြရာ "ရဟန်းတို့-ထိုကဲ့ရှိသောအသံသည် ကြာရှည် လေးမြင့်စွာ မဖြစ်လတ္တံ့၊ ခုနစ်ရက်သာ ဖြစ်လတ္တံ့၊ ခုနစ်ရက် လွန်မြောက်သော် ပပျောက်လတ္တံ့"ဟုမိန့်တော်မူ၍ ရဟန်းများအား ပြန်လှန်၍ လူတို့အား ပြစ်တင်ပြောဆိုရန် အောက်ပါဂါထာကို သင်ပေးတော်မူ၏။

ဘုရားသင်ပေးသည့်ဂါထာ

နယန္တိ ဝေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ။
ဓမ္မေန နယမာနာနံ၊ ကာ ဥဿူယာ ဝိဇာနတံ။

မဟာဝီရာ၊ ကြီးမြတ်သောလုလ္လဝီရိယ ရှိတော်မူကြကုန်သော။ တထာဂတာ၊ ဘုရားရှင် ကိုယ်တော်မြတ်တို့သည်။ သဒ္ဓမ္မေန၊ သူတော်ကောင်းတရား ဟော ကြားမြွက်ဖော် သိစေတော်မူသဖြင့်။ ဝေ၊ စင်စစ်။ နယန္တိ၊ သာသနာ့ဘောင်သို့ ယူဆောင် ကယ်တင်တော်မူကြကုန်၏။

ဓမ္မေန၊ တရားသဖြင့်။ နယမာနာနံ၊ ဟောပြောဆောင်ယူတော် မူကြကုန်သော။ ဝိဇာနတံ- ဝိဇာနန္တာနံ၊ သိရှိမျှော်မြင် ပညာရှင်တို့ကို။ ဥဿူယာ၊ ငြူစူ စောင်းမြောင်း မကောင်းသတင်း ပြောဆိုခြင်းဖြင့်၊ ဝါ-ငြူစူ စောင်းမြောင်း မကောင်းသတင်း ပြောဆိုခြင်းသည်။ ကာ၊ အဘယ်အကျိုး ရှိပါအံ့နည်း၊ အကျိုးမရှိသည်သာ-ဟူ၍ သင်ပေးတော်မူ၏။

လူတို့က မြို့တွင်း၌ ရဟန်းတော်တို့ကို တွေ့မြင်ကြသည် ရှိသော် အောက်ပါ စကားကို ပြောဆိုကြ၍ ကဲ့ရဲ့ပြစ်တင်ကြကုန်၏။

အာဂတော ခေါ မဟာသမဏော၊ မဂဓာနံ ဂိရိဗ္ဗဇံ။
သဗ္ဗေ သဉ္စယေ နေတွာန၊ ကံသု ဒါနိ နယိဿတိ။

မဟာသမဏော၊ သာကီမျိုးဇာတ် ရဟန်းမြတ် ဖြစ်သော ဂေါတမသည်။ သဗ္ဗေ သဉ္စယေ၊ အလုံးစုံသော သိဉ္စည်းဆရာကြီး၏ တပည့်တွေကို ။နေတွာန၊ အလိုသို့သွင်း ဆောင်ကျဉ်းယူငင်ခဲ့ပြီး၍။ မဂဓာနံ၊ မဂဓ တိုင်းသူ များဗိုလ်လူတို့၏၊ ဂိရိဗ္ဗဇံ၊ နွားခြံမှာ တောင်ရံကာသည့် ရာဇဂြိုဟ် မည်ခေါ်နေပြည်တော်သို့။ အာဂတော ခေါ၊ ငါတို့လင့်သား ဆောင်ယူသွားဖို့ လျှင်လျှား ကောက်ကောက် ဆိုက်ရောက်၍ လာခဲ့ချေပြီတကား။

ဒါနိ-ဣဒါနိ၊ ရဟန်း သမဏ ဂေါတမ၏ ငါတို့နဂိုရ် ရာဇဂြိုဟ်သို့ ဆိုက်ရောက်လာရာ ဤယခုအခါ၌။ ကံသု၊ ဘယ်သူ့အရှင်ဘယ်သူ့လင်ကို။ နယိဿတိ၊ ဟောယူအတင်း သူ့ဘက်သွင်းကာ ဆောင်ကျဉ်းလိမ့်မည်နည်း။

ဤသို့ ရဟန်းတော်များကို လူတို့က ကဲ့ရဲ့ပြစ်တင် ပြောဆိုကြလျှင် ရဟန်းတော်များကလည်း အရှုံးမပေး၊ မြတ်စွာဘုရားက သင်ပေးထားသည့် ဂါထာစကားဖြင့် ပြန်လှန်ချေပ ပြစ်တင်ပြောဆိုကြကုန်၏။

ထိုအခါ လူတို့သည်–"သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကြကုန်သော ရဟန်းတော်တို့သည် တရားသဘောဖြင့် ဆောင်ယူကုန်၏၊ တရားနှင့်မညီ အဓမ္မဆောင်ယူသည် မဟုတ်"ဟု အမှန်ကို သိမြင်ကြကုန်၍ ကဲ့ရဲ့ပြစ်တင် ပြောဆိုသော အသံသည် ခုနစ်ရက်လောက်သာဖြစ်၏၊ ခုနစ်ရက်လွန်သော် ပျောက်ကွယ်၍ သွားလေ၏။

## အမျိုးသမီးများကိုလည်း သာသနာ့ဘောင်သို့ လက်ခံတော်မူခြင်း

ထိုမှနောက်ကာလ အတော်လွန်မြောက်သောအခါ မိထွေးတော်ဂေါတမီအစပြု၍ အမျိုးသမီးတို့ကိုလည်း အမျိုးသားများနည်းတူ ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမ ပြုလုပ်ခွင့် ပေးတော်မူ၍ သာသနာ့ဘောင်သို့ ငင်ရောက် ခွင့်ပြုကာ သာသနာတော်ကြီးကို တစတစဖြင့် တိုးချဲ့ဖွဲ့စည်း တည်ထောင်တော်မူခဲ့၏။

## သာသနာဝင်ပုဂ္ဂိုလ် (၂)မျိုး

ဤသို့ဘုရားရှင် ကိုယ်တော်မြတ်သည် နေ့ညမအား ကြီးမားသော လုံ့လဥဿာဟဖြင့် အနောက်အယှက် အမျိုးမျိုးတို့ကို တွန်းလှန်တော်မူကာ နိယျာနိကသာသနာတော် မြတ်ကြီးကို ဖွဲ့စည်း တည်ထောင်တော် မူခဲ့ပေသည်၊ထိုတည်ထောင် ဖွဲ့စည်းတော်မူသည့် သာသနာတော်ကြီးအတွင်း၌–သာသနာဝင် ပုဂ္ဂိုလ်တို့ကို–

(၁) ဖန်ရည်ဆိုးသည့် အဝတ်သင်္ကန်းကို ဝတ်ရုံ ဆင်မြန်းကာ၊ အိမ်ရာမထောင်သည့် အနာဂါရိက သာသနာဝင် ပုဂ္ဂိုလ်တမျိုး၊

(၂) အိမ်ရာမထောင်သူ လူဝတ်ကြောင်ဖြစ်သည့် ဥပါသကာ ဥပါသိကာ အဂါရိက သာသနာဝင် ပုဂ္ဂိုလ်တမျိုး–

ဟု (၂)မျိုးခွဲခြား၍ ဖွဲ့စည်းစည်းတည်ထောင်တော် မူခဲ့၏။ ထိုသာသနာဝင် ပုဂ္ဂိုလ်(၂)မျိုးတို့တွင်–

အနာဂါရိက သာသနာဝင် ပုဂ္ဂိုလ်များကား—အထောက်ပံ့ခံ၊ အလှူခံ၊ အပူဇော်ခံ၊ အလေးစားခံ၊ အားအထားခံ၊ ရှေ့တန်းအတင်ခံ၊ အမြတ်နိုးခံ ပုဂ္ဂိုလ်များဖြစ်၏။

အင်္ဂါရိက သာသနာဝင် ပုဂ္ဂိုလ်များကား -ထောက်ပံ့သူ၊ ပေးလှူသူ၊ ပူဇော်သူ၊လေးစားသူ၊အားထားလူ၊ ရှေ့တန်းတင်ပေးသူ မြတ်နိုးတတ်သူပုဂ္ဂိုလ်များဖြစ်၏။

အလှူခံ၊ အပူဇော်ခံ၊ အမြတ်နိုးခံ ပုဂ္ဂိုလ်ဖြစ်လျှင်-

အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဘိယျော ဘာဝါယ။

မကြည်ညိုကြသေးသူများ ကြည်ညိုလာအောင်၊ ကြည်ညိုပြီးသူများ တိုးတက်၍ကြည်ညိုမှု သဒ္ဓါတရား ပွားများလာအောင် ကျင့်သုံးနေထိုင်ရမည် ဟူသော်ဗုဒ္ဓ၏ လမ်းညွှန်ချက်ကို ဦးထိပ် ပန်ဆင်၍ ဆက်ဆံနေထိုင်သွားလာ စားသောက်တတ်ရန် အလွန် အရေးကြီးသော အချက်ကြီးဖြစ်၏။

ထို့ကြောင့် ထိုအရေးကြီးသည့် အချက်များနှင့် ပြည့်စုံကာ အထက်တန်းကျကျ အပူဇော်ခံထိုက် သူများဖြစ်အောင်၊ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းဥပဒေ ကျင့်ထုံး၊ လမ်းညွှန်ချက်တို့ကို တင်းတင်းကြပ်ကြပ် အပြစ်ဒဏ်(၇)မျိုးတို့ဖြင့် သတ်မှတ်၍ ထုတ်ပြန်ပညတ်တော် မူခဲ့၏၊ ထိုထုတ်ပြန်ပညတ်တော်မူသည့် စည်းမျဉ်း ဥပဒေ ကျင့်ထုံး လမ်းညွှန် ချက်များကိုပင်(ဝိနယ)ဝိနည်းဟု ခေါ်ဆိုရ၏။

### ဝိနည်းတည်မှ သာသနာတည်

"ဝိနယေ ဌိတေ- သာသနံဌိတံ" -ဟူသည်နှင့် ဝိနည်းပျောက်ကွယ်က (ဝိနည်းကို မလိုက်နာ မကျင့်သုံးက)သာသနာလည်း ကွယ်၍ ဝိနည်းတည်မှသာလျှင်(ဝိနည်းကို ရိုသေစွာ လိုက်နာကျင့်သုံးမှသာ) သာသနာတော်ကြီးတည်နိုင်၏။

### ဝိနည်းသည် သာသနာ၏အသက်

"ဝိနယော နာမ သာသနဿ အာယု"-ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်၏ အထက်ပါ အဋ္ဌကထာ ဆရာတို့၏ မိန့်ဆိုချက်သည် အလွန်ပင် သဘာဝကျသော မိန့်ဆိုချက်ဖြစ်၏။

### အဘယ့်ကြောင့်ဆိုသော်

လောကဥ္မည်မျှလောက်ပင် ဘုန်းတန်ခိုးအာဏာ စည်းစိမ်ဥစ္စာ ရုပ်ဆင်းအင်္ဂါတို့နှင့် ပြည့်စုံသူပင်ဖြစ်စေ အသက်သေသွားလျှင် ဘာမျှတန်ဖိုးမရှိတော့သကဲ့သို့ ထိုနည်းတူစွာပင် မည်မျှလောက်ပင် ဘုန်းတန်ခိုးပညာ သိက္ခာသီလတို့နှင့် ပြည့်စုံသူ အနုဂါရပဗ္ဗဇ္ဇသာသနာဝင် ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ ဝိနည်း

သိက္ခာ သာသနာတော်၏ အသက်မရှိခဲ့ပါလျှင် တန်ဖိုးမဲ့ကာ အသေကောင် ပုပ်သဖွယ် ဖြစ်၏။

သာသနာတော်ကြီး အံ့ဖွယ်(၈)ပါးတွင် တပါးအပါအဝင်ဖြစ်သော သာသနာတော်ကြီးတည်းဟူသော မဟာသမုဒ္ဒရာအတွင်း၌ တည်ရှိလာသော ဒုဿီလပုဂ္ဂိုလ်ဘည်းဟူသော အပုပ်ကောင်ကို ကိုယ့်ကိုယ်ကိုစုပ်စွဲမှု အတ္တာနုဝါဒဘေး, သူတပါးတို့၏ အစွပ်စွဲခံရမှု ပရာနုဝါဒဘေး လှိုင်းတံပိုးကြီးတို့ဖြင့် ပုတ်ခတ်တွန်းထုတ်ကာ ဖယ်ရှားပစ်ခြင်းကိုခံရ၏။

ဤရဟန်းတော်များ လက်သုံး"ဝိနယဗဟုသုတပကာသနီကျမ်း"သည် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်း ဥပဒေကျင့်ထုံး လမ်းညွှန်ချက်များကို ပေါင်းစုကာ မြန်မာလိုရေးသားထားသည့် ကျမ်းဖြစ်၍ ဝိနည်းအဓိပ္ပာယ် အဆုံးအဖြတ်ညွှန်ကြားချက်များကို အချိန်တိုတိုနှင့် လေ့လာကျင့်သုံး နားလည်တတ်ကျွမ်းလိုသူ ရဟန်း, ရှင်, လူအားလုံးတို့ မျှော်လင့်တောင့်တ၍နေချိန်တွင် အခါအခွင့်အားလျော်စွာ ပန်းမက်သူ တာဝတိံသာနတ်သား, နတ်သမီးတို့ စောင့်မျှော်ချိန်ဝယ် ပွင့်လာသည့်, အနှစ်တထောင်ကြာမှ တကြိမ်သာပွင့်သည့် အာသာဝတီ နွယ်နီနတ်ပန်း ပမာ ပေါ်ပေါက်၍လာခဲ့ပေပြီ။

ဤကျမ်းကို လေ့လာကြည့်ရှုမှတ်သားခြင်းဖြင့် ဗုဒ္ဓဝိနည်းတော်များ၏ အနှစ်သာရများကို ထိုက်သင့်သလောက် လွယ်လွယ်ကူကူမပင်မပန်း ချမ်းချမ်းသာသာ အားပါးတရသိရှိနိုင်ကြ၍ သဗ္ဗညုဘုရားရှင်၏ ရည်ရွယ်တော်မူရင်း ဖြစ်သော "ဝိနယော သံဝရတ္ထာယ သံဝရော အဝိပ္ပဋိသာရတ္ထာယ (ပ) ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ"ဟူသော အကျိုးအဆက်ဆက်တို့ကို ရရှိခံစားနိုင်ကြ၍ ဝိမုတ္တိသုခ အမတကြွင်း နိဗ္ဗာန်နန်းသို့ မိမိတို့ တောင့်တပန်ဆင် လိုချင်သည့် ဗောဓိဉာဏ်ဖြင့် လွယ်ကူစွာ တက်လှမ်း နိုင်ကြပါစေကုန်သတည်း။

ဘဒ္ဒန္တသောဘိတ
(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ
ကိုးဆောင်တိုက် ပဓာနနာယက
မြင်းခြံမြို့။

သာသနာ ၂၅၂၇-ခု။
ကောဇာ ၁၃၄၅-ခု။
ဝါဆိုလ—( ၈ )

ဝိနယဗဟုသုတပကာသနီကျမ်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရှုသူနှင့် ဤကျမ်းစာမိတ်ဆက်လွှာ | ဏ |
| | ကျမ်းဦးနိဒါန်း | ဏ် |
| | **ပဏာမနှင့် ပဋိညာဉ်** | |
| ၁။ | ရတနတ္တယပဏာမ | ၁ |
| ၂။ | အာစရိယ ပဏာမ | ၁ |
| ၃။ | ပဋိညာဉ် | ၂ |
| | **အခန်း(၁) ရှင်ပြုရဟန်းခံဆိုင်ရာ အဆုံးအဖြတ်** | |
| ၁။ | ပဗ္ဗဇ္ဇ နှင့် ဥပသမ္ပဒအထူး | ၃ |
| | **ရှင်ရဟန်းပြုမပေးထိုက်သူများ** | |
| ၁။ | အနာကြီး (၅) မျိုး | ၃ |
| ၂။ | မင်းခစားယောကျ်ား | ၆ |
| ၃။ | နာမည်ကြီးသူခိုး | ၇ |
| ၄။ | အချုပ်ထောင်မှထွက်ပြေးသူ | ၈ |
| ၅။ | အပြစ်ဒဏ်သင့်သူများ | ၁၀ |
| ၆။ | ကြွေးမြီရှိသူ | ၁၂ |
| ၇။ | ကျွန်အမျိုးမျိုး | ၁၆ |
| ၈။ | ရှင်ရဟန်းပြုမပေးသင့်သူ (၃၂)ယောက် | ၂၃ |
| ၉။ | ပရိသတ်ကိုဖျက်ဆီးသူများ | ၂၉ |
| | **ရှင်ရဟန်းအဖြစ် လုံးဝမရထိုက်သူများ** | |
| ၁။ | အာသိတ္တ ဥဿူသပဏ္ဍုက် | ၃၆ |
| ၂။ | ရှင်ရဟန်းပြုကောင်း မပြုကောင်းပဏ္ဍုက် | ၃၇ |
| ၃။ | ဝေးစေ နှင့်လိင်တံ ဘယ်ဟာပယ်မှ ပဏ္ဍုက် ဖြစ်သလဲ | ၃၈ |
| ၄။ | ဥဘတောဗျည်း(၂) မျိုး | ၃၈ |
| ၅။ | လိင်ခိုး ထေခိုး ပုဂ္ဂိုလ်များ | ၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆။ | ရဟန်းဘဝမှ တိတ္ထိဘဝပြောင်းသူ | ၅၂ |
| ၇။ | နဂါးအသွင်ပြောင်း၍ မရချိန် | ၅၃ |
| ၈။ | မိဘသတ်ကံထိုက်ရာ၌အင်္ဂါ.... | ၅၈ |
| ၉။ | အသက်(၂၀) ရေတွက်ပုံနည်းများ | ၆၅ |
| ၁၀။ | ရှင်ရဟန်းပြုလိုလျှင် မိဘထံခွင့်ပန် | ၆၈ |
| ၁၁။ | ဆံချရာ၌ သတိပြုဖွယ် | ၇၂ |
| ၁၂။ | ရှင်လောင်းသက်န်းဝတ်ပေးပုံ | ၈၀ |
| ၁၃။ | သရဏဂုံပီသမှ ရှင်ဖြစ် | ၈၁ |
| ၁၄။ | သာမဏေဖြစ်ချိန် | ၈၃ |
| ၁၅။ | သရဏဂုံပေးနည်း(၂)မျိုး | ၈၄ |
| ၁၆။ | မလိုက်နာအပ်သော သရဏဂုံပေးနည်း | ၈၅ |
| ၁၇။ | ရဟန်းနှင့် သာမဏေအဖြစ်ကွာခြားပုံ | ၉၁ |
| ၁၈။ | လိင်ကျသာမဏေ၏ အခွင့်အရေး | ၉၁ |
| ၁၉။ | ဒဏ်ထိုက်သူများအား ဒဏ်ပေးပုံ | ၉၈ |

အခန်း(၂) ရဟန်းဆိုင်ရာ သိမှတ်ဖွယ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဥပသမ္ပန္နနှင့် ဘိက္ခုခြားနားချက် | ၁၀၃ |
| ၂။ | သမဏနှင့် ဗြာဟ္မဏ | ၁၀၅ |
| ၃။ | ရဟန်းနှင့် ဦးပဉ္ဇင်း | ၁၀၅ |
| ၄။ | ဂရုဓမ်(၈)ပါး | ၁၁၂ |
| ၅။ | ဝိနည်းရဟန်းနှင့် သုတ္တန်ရဟန်း | ၁၁၆ |
| ၆။ | ရဟန်းခံရာ၌ ပြုဖွယ်ကိစ္စများ | ၁၂၀ |
| ၇။ | ဥတ္တိစတုတ္ထကံကို ခွင့်ပြုချိန် | ၁၃၄ |
| ၈။ | ဗျတ္တ,ပဋိဗလပုဂ္ဂိုလ် | ၁၃၇ |
| ၉။ | ရဟန်းခံကမ္မဝါအနက် | ၁၄၁ |
| ၁၀။ | ကမ္မဝါဖတ်သူအရေအတွက်နည်းမျိုးစုံ | ၁၄၃ |
| ၁၁။ | ပါရာဇိကကျပြီးသူ ကမ္မဝါဖတ်လျှင် ရဟန်းဖြစ်,မဖြစ် | ၁၄၅ |
| ၁၂။ | ဥပသမ္ပဒကံ၏ ပတ္တကလ္လအင်္ဂါများ | ၁၅၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | ကမ္မဝါဒွန်တွဲနည်း .... .... .... .... | ၁၅၅ |
| ၁၄။ | ရဟန်းလောင်း (၃)ပါးထက်အလွန် တပြိုင်နက်ရဟန်းခံလျှင် ဖြစ်,မဖြစ် .... .... .... .... .... | ၁၅၇ |
| ၁၅။ | ရဟန်းရက်ချုပ်၏ အကျိုးကျေးဇူး.... .... .... | ၁၅၉ |
| ၁၆။ | မဇ္ဈိမနှင့် ပစ္စန္တရဇ်ဒေသတို့၏ ကာလပြောင်းပြန် .... .... | ၁၆၆ |
| ၁၇။ | သာသနာကွယ်ကြောင်းတရားများ .... .... .... | ၁၆၇ |
| ၁၈။ | ဥပဇ္ဈာယ်ဆရာ မလုပ်ထိုက်သူများ .... .... .... | ၁၇၂ |
| ၁၉။ | ရဟန်းဖြစ်ပြီးမှ လိင်ပြောင်းသွားသူ .... .... .... | ၁၈၀ |
| ၂၀။ | ကမ္မဝါနိဂုံး (၃)ခေါက်ဖတ်သင့်,မဖတ်သင့် .... .... | ၁၈၅ |
| ၂၁။ | ဗျဉ္ဇနဗုဒ္ဓိ (၁၁)ပါး .... .... .... .... | ၁၈၇ |
| ၂၂။ | ပရိက္ခရာ အလှူခံပုံ .... .... .... .... | ၁၉၇ |
| ၂၃။ | မဟာလတာတန်ဆာဝတ်ဆင်နိုင်သူ အမျိုးသမီး(၃)ဦး .... | ၂၀၀ |


## အခန်း(၃) ရဟန်းလောင်း ဆုံးမခန်း


| | | |
| --- | --- | --- |
| ၁။ | ဥပဇ္ဈာယ်ဆရာ အရေးကြီးပုံ .... .... .... | ၂၀၈ |
| ၂။ | ဥပဇ္ဈာယ်ယူပုံ .... .... .... .... | ၂၀၉ |
| ၃။ | သာဟု, လဟု စသည်အဆုံးအဖြတ် .... .... | ၂၀၉ |
| ၄။ | သပိတ် သင်္ကန်းကို ပြောကြားခြင်း .... .... | ၂၁၀ |
| ၅။ | ရဟန်းလောင်းကို ပြင်ပသို့ ထုတ်ခြင်း .... .... | ၂၁၃ |
| ၆။ | ဟတ္ထပါသ်(၃)မျိုး .... .... .... .... | ၂၁၃ |
| ၇။ | ဟတ္ထပါသ်နှင့် လယ်တီဆရာတော် မိန့်ကြားချက် .... | ၂၁၄ |
| ၈။ | အနုသာသက သမ္မုတိ ဉတ်ထားခြင်း .... .... | ၂၁၅ |
| ၉။ | သံဃာ့ ပြင်ပ၌ သင်ပြပုံသင်ပြနည်း.... .... .... | ၂၁၅ |
| ၁၀။ | ပြင်ပ၌ သင်ပြခြင်း နိဂုံး .... .... .... | ၂၂၆ |
| ၁၁။ | ဩသာရဏ ဉတ်ထားပုံ .... .... .... | ၂၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂။ | ရဟန်းဖြစ်လိုကြောင်း တောင်းပန်ပုံ .... .... | ၂၂၇ |
| ၁၃။ | ပုဗ္ဗက သမ္မုတိ ဥတ်ထားပုံ .... .... .... | ၂၂၉ |
| ၁၄။ | သုဏာသိ, သုဏာတိ ပါဌ်တို့ အဆုံးအဖြတ် .... .... | ၂၃၂ |
| ၁၅။ | ရဟန်းဖြစ်ချိန် ပြောကြားခြင်း .... .... .... | ၂၄၂ |
| ၁၆။ | ရဟန်းဖြစ် ရက်ချုပ်မှတ်ထမ်း .... .... .... | ၂၄၃ |
| ၁၇။ | နိဿယ(မှီရာပစ္စည်း)လေးမျိုး .... .... .... | ၂၄၅ |
| ၁၈။ | အကရဏိယ(ပါရာဇိက ကျကြောင်းမဖောင်းမှု)လေးမျိုး.... | ၂၆၂ |
| ၁၉။ | ရဟန်းသစ်နှင့် သံဃာတော်တို့ အပြစ်နည်းရန် ခွင့်ပန်ခွင့်ပြုပုံ .... | ၂၆၇ |


### အခန်း (၄) ဆေးပေး ဆေးကုမှုနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ရဟန်းတို့ ဆေးပေး ဆေးကုထိုက်သူများ .... .... | ၂၅၀ |
| ၂။ | သီတင်းသုံးဖော် .... .... .... .... | ၂၅၀ |
| ၃။ | သာသနာဝင်ပုဂ္ဂိုလ် .... .... .... .... | ၂၅၀ |
| ၄။ | ဆေးကု မပေးကောင်းသော သီတင်းသုံးဖော် .... | ၂၅၁ |
| ၅။ | သီတင်းသုံးဖော်မှတပါး ဆေးကုကောင်းသူများ .... | ၂၅၁ |
| ၆။ | မိဘတို့ကို ကျောင်း၌ထား၍ ပြုစုကောင်းပုံ .... .... | ၂၅၂ |
| ၇။ | ရဟန်းများ ဆေးပညာ သင်ကောင်း,မသင်ကောင်း .... | ၂၅၃ |
| ၈။ | ဝိနည်းစည်းကမ်းအရ ဆွေမျိုးများ .... .... | ၂၅၅ |
| ၉။ | သာမဏေများကို ဆေးပင်ဆေးမြစ် အရှာခိုင်းနည်း .... | ၂၅၆ |
| ၁၀။ | ဆရာလေးမျိုးနှင့် တပည့်လေးမျိုး .... .... | ၂၅၇ |
| ၁၁။ | ဆွေမျိုးမတော်ပဲ ဆေးကုကောင်းသူများ .... — | ၂၅၇ |
| ၁၂။ | နည်းယူဖွယ်ကောင်း မဟာပဒုမထေရ်အကြောင်း .... | ၂၅၉ |


### ပရိတ်ရွတ်ခြင်းနှင့်စပ်၍ သိမှတ်ဖွယ်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ပရိတ်ရွတ်ဖတ်သူ အင်္ဂါ(၃)ပါး .... .... .... | ၂၀၆ |
| ၂။ | ပရိတ်နာသူ အင်္ဂါ(၃)ပါး .... .... .... | ၂၀၆ |
| ၃။ | ပရိတ်ရေနှင့် ပရိတ်ချည် .... .... .... | ၂၆၀ |
| ၄။ | ဘုန်းကြီးများ အလောင်း၏အခြံအရံအဖြစ် မလိုက်ကောင်း | ၂၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ရဟန်းများ စုန်း တစ္ဆေပူးဝင်နေသူကို မရိုက်ကောင်း .... | ၂၆၄ |
| ၆။ | စုန်း တစ္ဆေပူးဝင်နေသူကို ကုသနည်း .... .... | ၂၆၄ |
| ၇။ | အာဋာနာဋိယသုတ် ရွတ်ပုံ အစီအစဉ်များ .... .... | ၂၆၅ |
| ၈။ | အာဋာနာဋိယသုတ် ရွတ်မည့်ရဟန်း ရှောင်ကြဉ်ရန် အချက်များ | ၂၆၅ |

လူတို့အား ညှဉ်းခံကျေးမွေးမှုနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဋိသန္ထာရ(၂)မျိုး .... .... .... .... | ၂၆၈ |
| ၂။ | အနာမဋ္ဌပိဏ္ဍ(ဆွမ်းဦး ဆွမ်းဖျား) .... .... | ၂၆၈ |
| ၃။ | ဆွမ်းဦးကျွေးထိုက်သူ(၅)ယောက် .... .... | ၂၆၈ |
| ၄။ | သဒ္ဓါဒေယျ ဝိနိပါတနဒုက္ကဋ် — — .... | ၂၆၉ |
| ၅။ | ပရိဘောဂ စေတီထိုက်သည့်ဆပိတ် .... .... | ၂၇၀ |
| ၆။ | မင်း သူပုန် ဒမြတို့အား ဆွမ်းဦးကျွေးရကြောင်း .... | ၂၇၀ |
| ၇။ | နည်းယူဖွယ်ရာ ပရိယာယ်ကောင်းသည့်မထေရ် .... | ၂၇၀ |
| ၈။ | သံဃိကပစ္စည်းကိုပင် ပေးနိုင်ကျွေးနိုင်သည့် အကြောင်းများ | ၂၇၂ |
| ၉။ | သီဟိုဠ်ကျွန်း အဘယသူပုန်ဝတ္ထု .... .... — | ၂၇၂ |

ဒါယကာ, ဒါယိကာမတို့ထံ တောင်းခံမှုနှင့်စပ်၍, သိမှတ်ဖွယ် အဆုံးအဖြတ်များ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိညတ္တိနှင့် ယာစန .... .... .... .... | ၂၇၆ |
| ၂။ | အတတ်ပညာဆိုင်ရာ လုပ်အား .... .... .... | ၂၇၇ |
| ၃။ | အလုပ်သမားတို့၏ လုပ်အားကို အလှူခံကောင်းပုံ .... | ၂၇၇ |
| ၄။ | ခုစရိုက်လုပ်အား အလှူမခံကောင်း .... .... | ၂၇၈ |
| ၅။ | အလုပ်မရှိ ကျောင်းလာ စကားပြောနေသူ ခိုင်းစေနိုင်ပုံ .... | ၂၇၉ |
| ၆။ | ဉာတိပဝါရိတ ပုဂ္ဂိုလ်မဟုတ်လျှင် ရေကိုပင်တောင်းမသောက်ကောင်း | ၂၈၄ |
| ၇။ | အလဇ္ဇီရဟန်းသာမဏေများကို မခိုင်းကောင်း .... .... | ၂၈၄ |
| ၈။ | လူတို့ပစ္စည်း ငှားရန်းသုံးစွဲရန် သိမှတ်ဖွယ် .... .... | ၂၈၅ |
| ၉။ | တောင်းခြင်း လေးမျိုး .... .... .... .... | ၂၈၆ |
| ၁၀။ | ပစ္စည်း (၄)ပါးနှင့် တောင်းခြင်း(၄)မျိုး .... — | ၂၈၇ |

| ဝဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## လူတို့အား ပန်း သစ်သီး ပေးကမ်းမှုနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ


၁။ ပေးရန် ရည်ရွယ်၍ ပန်းပင် စသည် မစိုက်ကောင်း .... ၂၈၈
၂။ ရဟန်းတို့အား မအပ်သော ပြောဆို စေခိုင်းမှု .... ၂၉၀
၃။ မိမိစားသုံးရန် ရည်ရွယ်၍ စိုက်ပျိုးပုံ .... .... ၂၉၁
၄။ စိုက်ကောင်းသော ရည်ရွယ်ချက်များ .... .... ၂၉၂
၅။ ဩဘာသနှင့် နိမိတ္တကမ္မအထူး .... .... .... ၂၉၃
၆။ ပန်းပင် သင်ပင် စိုက်ပျိုးရာ၌ အာပတ်အဆုံးအဖြတ် .... ၂၉၃
၇။ ပန်းပင် စသည်ကို ရေလောင်းမှု .... .... .... ၂၉၅
၈။ ပန်းခူးခြင်း .... .... .... .... ၂၉၇
၉။ ပန်းကုံးခြင်း .... .... .... .... ၉၂၈
၁၀။ ပန်း ာန်ဖိုးအလိုက် အာပတ်သင့်ပုံ .... .... ၂၉၉
၁၁။ ကျောင်းထိုင်ဘုန်းကြီးများ သတိပြုဖွယ် .... .... ၂၉၉
၁၂။ ပန်းပေးထိုက်သူများ .... .... .... .... ၃၀၀


## ရဟန်းများ နေ့အခါ အိပ်စက်မှုနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ


၁။ အိပ်စက်မှု .... .... .... .... .... ၃၀၅
၂။ အင်္ဂါ၆ပါးတ် တောင့်တင်းခိုင်မာမှု ဖြစ်ကြောင်း(၅) ပါး .... ၃၀၆
၃။ နေ့အခါ တံခါးမပိတ်ပဲ အိပ်က အာပတ်သင့်နိုင်ပုံ — ၃၀၈
၄။ တံခါးပိတ်ဆိုသည်မှာ .... .... .... ၃၀၉
၅။ နေ့တခါး မပိတ်ပဲ အိပ်သော်လည်း အာပတ်မသင့်သူများ .... ၃၁၁


## အာရုဏ်တက်ခြင်းနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ


၁။ မည်သည့်အရာကို အရုဏ်ခေါ်သနည်း .... .... ၃၁၂
၂။ အရုဏ်နှင့် စပ်သော အရာများ .... .... .... ၃၁၄
၃။ အရုဏ်တက် နေထွက် နေဝင် အကျဉ်းချုပ်ပြ ဇယား .... ၃၁၅
၄။ အရုဏ်တက် နေထွက် နေဝင် ဆောင်ပုဒ်လင်္ကာများ .... ၃၁၆

စဉ် အကြောင်းအရာ စာမျက်နှာ

### သူနာပြုစုပုံနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ


၁။ ပြုစုသူမဲ့ သူနာ ရဟန်းဝတ္ထု .... .... .... ၃၁၆
၂။ ပြုစုလုပ်ကျွေးရန် ခက်သော သူနာရဟန်းမျိုး .... .... ၃၁၈
၃။ ပြုစုလုပ်ကျွေးရန် လွယ်ကူသော သူနာရဟန်းမျိုး .... ၃၁၉
၄။ သူနာကို မပြုစုသင့်သော သူနာပြု .... .... .... ၃၁၉
၅။ သူနာပြု ပုဂ္ဂိုလ် ဂုဏ်အင်္ဂါ အရည်အချင်း .... .... ၃၂၀
၆။ သေလွန်သော ရဟန်း၏ ဥစ္စာများ .... .... ၃၂၁
၇။ မတသန္တက သံဃိကဖြစ်ရပုံ .... .... .... ၃၂၂
၈။ သူနာပြု ပုဂ္ဂိုလ်များ ရထိုက်သော အဖို့အစု .... .... ၃၂၂
၉။ ဂိလာနုပဋ္ဌာက (သူနာပြု ပုဂ္ဂိုလ်) သုံးမျိုး .... .... ၃၂၄
၁၀။ အလှည့်ကျ ပြုစုလုပ်ကျွေးပြီးသူသာ ရပိုင်ခွင့် ရှိသောဝါဒ .... ၃၂၅
၁၁။ အခြားကျောင်းတိုက် မြို့ရွာ, တောတွင်းရှိ မတသန္တက ပစ္စည်းများ ၃၂၈
၁၂။ အများပိုင်ပစ္စည်း မခွဲဝေမှု .... .... .... ၃၂၉
၁၃။ သံဃိကပစ္စည်း ဝေစုလိမ်တောင်းယူက အပြစ်ကြီးပုံ .... ၃၃၀
၁၄။ လူတို့ အပ်နှံပစ္စည်း သိမ်းဆည်းမထားကောင်း .... .... ၃၃၂
၁၅။ မိမိအား အပ်ထားသည့်ပစ္စည်း ပြန်မပေးမှု .... .... ၃၃၃
၁၆။ သီတင်းသုံးဖော်တို့ ပစ္စည်း သိမ်းဆည်းကောင်းပုံ .... ၃၃၅
၁၇။ တာဝန် ခံထားသည့် ပစ္စည်း ပျောက်ပျက်မှု .... .... ၃၃၆
၁၈။ ခြံစောင့်တို့ကလှူလျှင် ခံယူကောင်း,မခံယူကောင်း .... ၃၃၇
၁၉။ သံဃိကခြံ,စေတီယခြံများ .... .... .... ၃၃၈


### အခန်း (၅) ကထိန်နှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ


၁။ ကထိန(ကထိန်) .... .... .... ၃၃၉
၂။ ကထိန်ဟု ခေါ်ဆိုခြင်း အကြောင်းများ .... .... ၃၄၀
၃။ ကထိနသဒ္ဒါ၏ ဝစနတ္ထများ .... .... .... ၃၄၃
၄။ ကထိန်ခင်းမှု အဓိပ္ပာယ် .... .... .... ၃၄၆
၅။ ကထိန်ခွင့်ပြုတော်မူခြင်းအကြောင်း .... .... ၃၄၈
၆။ ကထိန်ခင်းရာ ကာလ .... .... .... ၃၅၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ကထိန်ခင်းခွင့်ရသော ရဟန်းများ .... .... .... | ၃၅၂ |
| ၈။ | ပဝါရဏာမပြုသော်လည်း ကထိန်ခင်းနိုင်ပုံ .... .... | ၃၅၂ |
| ၉။ | ကထိန်စီဝရ ဒါနကံ၏ ဝဂ္ဂကရဏီယ အဆုံးအဖြတ် .... | ၃၅၄ |
| ၁၀။ | ကထိန်ခင်းလောက်အောင် သံဃာမရှိသောကျောင်း .... | ၃၅၅ |
| ၁၁။ | ဝါတွင်း ရဟန်းဖြစ်သည့် ပုဂ္ဂိုလ်များ.... .... .... | ၃၅၅ |
| ၁၂။ | ကထိန်မခင်းတတ်လျှင် အခြားကျောင်းမှ ရဟန်းကိုပင့် .... | ၃၅၆ |
| ၁၃။ | ကထိန်သင်္ကန်း လှူဒါန်းနိုင်သူ ပုဂ္ဂိုလ်များ.... .... | ၃၅၇ |
| ၁၄။ | ကထိန်ဒါယကာကျင့်ဝတ် .... .... .... | ၃၅၈ |
| ၁၅။ | ကထိန်ခင်းရမည့် ရဟန်းဝတ္တရား .... .... | ၃၅၉ |
| ၁၆။ | ကထိန်သင်္ကန်း ကျောင်းထဲသို့ မယူသင့်, ယူသင့် .... | ၃၆၀ |
| ၁၇။ | ကထိန်ဒါယကာ အပြိုင်ပေါ်ခဲ့လျှင် .... .... .... | ၃၆၀ |
| ၁၈။ | ကထိန်သင်္ကန်းနှင့် အာနိသင်သင်္ကန်း .... .... | ၃၆၁ |
| ၁၉။ | တန်ဖိုးများမှုနှင့် အာနိသင်သင်္ကန်းများမှု .... .... | ၃၆၁ |
| ၂၀။ | နောက်ပေါ် ကထိန်ဒါယကာကို ခွင့်ပြုလိုလျှင်.... .... | ၃၆၂ |
| ၂၁။ | ကထိန်သင်္ကန်း လှူဒါန်းပုံ လှူဒါန်းနည်း .... .... | ၃၆၃ |
| ၂၂။ | ကထိန်သင်္ကန်းအပြင် ကထိန်သင်္ကန်းအဖြစ်သုံးထည်လုံး လှူဒါန်းနိုင်ပုံ .... .... .... | ၃၆၃ |
| ၂၃။ | ပုဂ္ဂိုလ်စွဲအားကြီး၍, သံဃိကလှူရန် တိုက်တွန်း မရလျှင်.... | ၃၆၅ |
| ၂၄။ | ကထိန်ခင်းနိုင်သည့် သင်္ကန်း .... .... .... | ၃၆၅ |
| ၂၅။ | ကထိန်ဒါယကာ သံဃိက မလှူနိုင်၍ ရိုးရိုးသင်္ကန်းကပ်ပွဲ လုပ်ရပုံ .... .... .... .... | ၃၆၅ |
| ၂၆။ | သံဃာ ကထိနစီဝရံ ဒေမ ၌"သံဃာ"အဆုံးအဖြတ် .... | ၃၆၆ |
| ၂၇။ | ကထိန်ဉတ်သင်္ကန်း သံဃိကအဆုံးအဖြတ် .... .... | ၃၆၇ |
| ၂၈။ | သံဃိက သာမည လှူသော သင်္ကန်းဖြင့်ကထိန်ခင်းသင့်, မခင်းသင့် .... .... .... .... | ၃၇၀ |
| ၂၉။ | ကထိန်သင်္ကန်းကို သံဃိက နှစ်မျိုးလုံး လှူနိုင်ပုံ .... | ၃၇၃ |
| ၃၀။ | ကထိန်ခင်းမည့် ကျောင်းပြင်ပ၌ ကထိန်သင်္ကန်း လှူဒါန်းနိုင်ပုံ .... .... .... | ၃၇၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ် .... .... .... | ၃၇၄ |
| ၃၂။ | ကထိန်ခံရဟန်းအား ပေးရမည့် သင်္ကန်းလျှာ အဝတ် ပမာဏ .... .... .... | ၃၇၆ |
| ၃၃။ | ကထိန်သင်္ကန်းပေးဉတ်ကမ္မဝါစာ .... .... .... | ၃၇၇ |
| ၃၄။ | ကထိန်လျှာသင်္ကန်း ပုဗ္ဗကိစ္စ(၇)ပါး .... .... | ၃၇၉ |
| ၃၅။ | ဖြတ်ချုပ်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းသင့်ပုံ .... | ၃၈၀ |
| ၃၆။ | ကထိန်ခင်းပုံ အစီအစဉ် .... .... .... | ၃၈၀ |
| ၃၇။ | ကထိန်သင်္ကန်းကို တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ.... .... | ၃၈၂ |
| ၃၈။ | ကထိန်အနုမောဒနာပြုရန် တိုက်တွန်းပုံ .... .... | ၃၈၃ |
| ၃၉။ | ကထိန်အနုမောဒနာပြုပုံ .... .... .... | ၃၈၃ |
| ၄၀။ | ပုဂ္ဂိုလ်သာခင်းသော်လည်း သံဃာ့ကိုဏ်းလည်း ခင်းရာရောက်ပုံ .... .... .... | ၃၈၅ |
| ၄၁။ | အနုမောဒနာပြုရမည့် ပုဂ္ဂိုလ် .... .... .... | ၃၈၆ |
| ၄၂။ | ကထိန်အာနိသင် ရနိုင်သော ပုဂ္ဂိုလ်များ .... .... | ၃၈၇ |
| ၄၃။ | အနုမောဒနာပြုသော ပုဂ္ဂိုလ်အင်္ဂါ .... .... | ၃၈၇ |
| ၄၄။ | သာမဏေများ ကထိန်အာနိသင် ရ,မရ, .... .... | ၃၈၇ |
| ၄၅။ | ကထိန်အာနိသင် မရနိုင်သူများ .... .... .... | ၃၈၈ |
| ၄၆။ | ကထိန်ခင်းရမည့်သိမ် .... .... .... .... | ၃၈၉ |
| ၄၇။ | တိစီဝရိတ်ဆောင် ပုဂ္ဂိုလ် နှစ်မျိုး .... .... .... | ၃၉၀ |
| ၄၈။ | ကျောင်းတိုက်တခုတွင်း အသီးသီးခွဲ၍ ကထိန်ခင်းသင့်,မခင်းသင့်, | ၃၉၁ |
| ၄၉။ | ကထိန်နှင့်စပ်၍ သိမှတ်ရန် သင်္ကန်းသုံးမျိုး .... .... | ၃၉၁ |
| ၅၀။ | သံဃိက ကထိန်သင်္ကန်းများ ဝေဖန်ပုံ .... .... | ၃၉၄ |
| ၅၁။ | ကထိန်ခင်းရာ ပါဝင်သော ဂရုဘဏ်တို့ကို ဝေဖန်ပုံ .... | ၃၉၄ |
| ၅၂။ | သင်္ကန်းမှတပါး အခြားပစ္စည်းများကို ဝေဖန်ပုံ .... | ၃၉၅ |
| ၅၃။ | သာမဏေများ ရဟန်းတို့နှင့် တန်းတူ ဝေသင့် မဝေသင့် | ၃၉၅ |
| ၅၄။ | သမ္မုခိဘူတ မဟုတ်သူများ လုံးဝမဆိုင် .... .... | ၃၉၈ |
| ၅၅။ | တတြုပ္ပါဒက ကထိနာနိသံသ ပစ္စည်းဝေဖန်ပုံ .... | ၃၉၉ |
| ၅၆။ | ကထိန်အာနိသင် ၂ မျိုး (၅-မျိုး) .... .... | ၃၉၄ |
| ၅၇။ | စီဝရဒါန သမယ .... .... .... .... | ၄၀၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | စီဝရကာလ သမယ .... .... .... .... | ၄၀၃ |
| ၅၈။ | အပ်သောပင့်ဖိတ်နည်း .... .... .... .... | ၄၀၄ |
| ၆၀။ | ကထိန်အကျိုး အာနိသင် (၅) မျိုး ကဗျာ .... .... | ၄၀၇ |
| ၆၁။ | အခင်းမပြောက်သော လက္ခဏာ (၁၄) မျိုး .... .... | ၄၀၇ |
| ၆၂။ | သန္နိဓိ (၂) မျိုး .... .... .... .... | ၄၀၉ |
| ၆၃။ | ဘုရားခွင့်ပြုသည့် သင်္ကန်း (၉) ထည် .... .... | ၄၁၀ |
| ၆၄။ | ကထိန်အခင်းပြောက်သည့် အတ္ထတလက္ခဏာ(၁၇) ပါး .... | ၄၁၂ |
| ၆၅။ | အာနိသင်မပျက်အောင် ထားနိုင်သည့် ပလိဗောဓ (၂) မျိုး | ၄၁၃ |
| ၆၆။ | ကထိန်အာနိသင် ပျက်ပြယ်တတ်ပုံ .... .... .... | ၄၁၅ |
| ၆၇။ | ကထိန်နုတ်ခြင်းနှင့် ကထိန်ရုပ်သိမ်းမှု (၂) မျိုး.... .... | ၄၁၅ |
| ၆၈။ | ကထိန်နုတ်ခြင်း မာတိကာ (၈) ပါး.... .... .... | ၄၁၇ |
| ၆၉။ | ခင်းပြီးကထိန် ပြန်နုတ်ကောင်း, မနုတ်ကောင်း.... .... | ၄၂၅ |
| ၇၀။ | သိမ်နုတ်ကမ္မဝါစာ .... .... .... .... | ၄၂၆ |
| ၇၁။ | ကထိန်နုတ်ခြင်းကြောင့် ရသည့်လာဘ်နှင့် မနုတ်ပဲ ထားခြင်းကြောင့် ရသည့်လာဘ် .... .... .... .... .... | ၄၂၇ |
| ၇၂။ | ကထိန်နုတ်ဟူသည် အဘယ်ကို နုတ်ပါသနည်း.... .... | ၄၂၇ |
| ၇၃။ | ကထိန်ခင်းပုံအကျဉ်း သိမှတ်ဖွယ်များ .... .... | ၄၃၀ |
| ၇၄။ | ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ် ဂုဏ်အင်္ဂါ (၈) ပါး .... | ၄၃၁ |
| ၇၅။ | နုတ်မြွက်ဆို၍ ကထိန်မခင်းလျှင် ကထိန်မပြောက် .... | ၄၃၂ |
| ၇၆။ | ကထိန်၏ အဓိက အရင်းမူလ .... .... .... | ၄၃၃ |
| ၇၇။ | ကထိန်တည်ရာ ဝတ္ထု (၃) ပါး .... .... .... | ၄၃၄ |
| ၇၈။ | ကထိန်ဖြစ်ရာဘုံ (၆) ပါး.... .... .... .... | ၄၃၄ |
| ၇၉။ | ကထိန်၏ အစ, အလယ်, အဆုံး (၃) ပါး .... .... | ၄၃၄ |
| ၈၀။ | ကထိန်ခင်း ပျက်နိုင်ကြောင်းများ .... .... .... | ၄၃၅ |
| ၈၁။ | ကထိန်ကို ဘယ်သူခင်းသလဲ .... .... .... | ၄၃၇ |
| ၈၂။ | သိမ်တွင်း ကထိန်နုတ်ခြင်းနှင့် သိမ်ပြင်ပ ကထိန်နုတ်ခြင်း ... | ၄၃၈ |
| ၈၃။ | ကထိန်နုတ်ခြင်း (၇) မျိုး.... .... .... .... | ၄၃၉ |
| ၈၄။ | ပုဂ္ဂလိကလှူသည့် ကထိန်သင်္ကန်းဖြင့် ကထိန်မခင်းသင့်ပုံ .... | ၄၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၅။ | ကထိန်နှစ်ခု သုံးခုစသည် လက်ခံ၍ တပြိုင်တည်း ခင်းကောင်း, မခင်းကောင်း .... .... .... .... | ၄၄၁ |
| ၈၆။ | ဂဏာဘောဇဉ် (၂)မျိုး.... .... .... .... | ၄၄၂ |
| ၈၇။ | ပရမ္ပရဘောဇဉ်ကိုလည်း ယူသင့် .... .... .... | ၄၄၃ |
| ၈၈။ | ပရမ္ပရဘောဇဉ် ကထိန်အာနိသင်၌ မပါဝင်ခြင်း .... | ၄၄၃ |
| ၈၉။ | ကထိန်ဒါယကာများ အပြန်အားဖြင့် ရကျိုး.... .... | ၄၄၃ |
| ၉၀။ | ကထိန်အာနိသင် (၅) ပါးနှင့် အပြန်ရကျိုး (၅) ပါး တွဲစပ်ပုံ | ၄၄၄ |
| ၉၁။ | ကထိန်အမေး ကဗျာများ .... .... .... | ၄၄၅ |
| ၉၂။ | ကထိန်အဖြေ ကဗျာများ .... .... .... | ၄၅၁ |
| ၉၃။ | ကထိနာနိသံကကထာ မိန့်ကြားရန် ခွင့်ပန်လျှောက်ထားပုံ | ၄၅၇ |


## သံဃိကဥစ္စာဖြစ်သော ဂရုဘဏ်ပစ္စည်းများ၏ သိမှတ်ဖွယ် အဆုံးအဖြတ်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၄။ | ဂရုဘဏ်ဆိုသည်မှာ .... .... .... .... | ၄၅၈ |
| ၉၅။ | ဂရုဘဏ်ပစ္စည်း အုပ်စု (၅) မျိုး .... .... .... | ၄၅၈ |
| ၉၆။ | ဂရုဘဏ်၏ အခြားအမည်များ .... .... .... | ၄၅၉ |
| ၉၇။ | ဂရုဘဏ် (၂၅) မျိုး .... .... .... .... | ၄၆၁ |
| ၉၈။ | ထာဝရဂရုဘဏ် .... .... .... .... | ၄၆၂ |
| ၉၉။ | ဂရုဘဏ်ပစ္စည်းများ လဲလှယ်ပုံ .... .... .... | ၄၆၃ |
| ၁၀၀။ | အပင်များသော လူခြံနှင့် အပင်နည်းသော သံဃာ့ခြံ .... | ၄၆၅ |
| ၁၀၁။ | အသီး သီးနေသောခြံနှင့် သီးကာစ ခြံ .... .... | ၄၆၅ |
| ၁၀၂။ | အိမ်နှင့်ကျောင်း .... .... .... .... | ၄၆၆ |
| ၁၀၃။ | တန်ဖိုးများသော သံဃာပိုင်ကျောင်း .... .... | ၄၆၆ |
| ၁၀၄။ | ဂရုဘဏ်အချင်းချင်း လဲလှယ်ပုံ .... .... .... | ၄၆၇ |
| ၁၀၅။ | ပါဠိတော်၌ တိုက်ရိုက်မလာသော ဂရုဘဏ်ပစ္စည်းများ.... | ၄၆၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၆။ | နွယ်အမျိုးမျိုး .... .... .... .... | ၄၇၄ |
| ၁၀၇။ | ကြိုးအမျိုးမျိုး .... .... .... .... | ၄၇၄ |
| ၁၀၈။ | မြက်အမျိုးမျိုး .... .... .... .... | ၄၇၆ |
| ၁၀၉။ | မြေညက်အမျိုးမျိုး .... .... .... .... | ၄၇၇ |
| ၁၁၀။ | သစ်သားဘဏ္ဍာအမျိုးမျိုး .... .... .... | ၄၇၇ |
| ၁၁၁။ | သတ္တင်္ဂအင်းပျဉ်၏ အင်္ဂါ (၇)မျိုး .... .... | ၄၇၈ |
| ၁၁၂။ | မြေဘဏ္ဍာအမျိုးမျိုး .... .... .... .... | ၄၈၁ |
| ၁၁၃။ | ဥစ္စာသယနနှင့် မဟာသယန .... .... .... | ၄၈၂ |
| ၁၁၄။ | မဟာသယန (မြတ်သောနေရာများ) .... .... | ၄၈၂ |
| ၁၁၅။ | ဘုံလျှို (မွေ့ရာ) ငါးမျိုး .... .... .... | ၄၈၅ |
| ၁၁၆။ | လဲ (၃) မျိုး .... .... .... .... .... | ၄၈၆ |
| ၁၁၇။ | သားရေအမျိုးမျိုး .... .... .... .... | ၄၈၆ |
| ၁၁၈။ | သံဃာပိုင်ဥစ္စာ စေတီအတွက် သုံးကောင်း .... | ၄၈၈ |
| ၁၁၉။ | စေတီပိုင်ဥစ္စာ သံဃာ့အတွက်မသုံးကောင်း .... | ၄၈၈ |
| ၁၂၀။ | ထာဝရ ဂရုဘဏ်နှင့် ထာဝရမဟုတ်သော ဂရုဘဏ်တို့ကို .... လဲလှယ်မှု အကျဉ်းမှတ်ဖွယ် .... .... .... | ၄၈၈ |


## ပေးစွန့်ခြင်းအကျမ်းဝင်၍ယူခြင်းစသည်တို့၌ သိမှတ်ဖွယ် အဆုံးအဖြတ်များ


| | | |
|---|---|---|
| ၁၂၁။ | ဒါနဟူသည် .... .... .... .... .... | ၄၈၉ |
| ၁၂၂။ | အပေးအယူမြောက်ကြောင်း ဒါနလက္ခဏာ (၃) ပါး .... | ၄၉၁ |
| ၁၂၃။ | အပေးမြောက်အောင် ပေးနည်း .... .... .... | ၄၉၂ |
| ၁၂၄။ | အယူမြောက်အောင်ယူနည်း .... .... | ၄၉၃ |
| ၁၂၅။ | ပစ္စည်းအပိုင်ခိုင်းရာ မပိုင်ပဲကြွားဖြတ်သုံးစွဲပစ်မှု .... .... | ၄၉၆ |
| ၁၂၆။ | ရဟန်းများ ပေးပြီးပစ္စည်း စိတ်ဆိုး၍ ပြန်မယူကောင်း .... | ၄၉၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂၇၊ | စိတ်ဆိုး၍ပြန်ပေးပါက ယူကောင်း,မယူကောင်း၊ .... .... | ၅၀၀ |
| ၁၂၈။ | ဝိဿာသဂ္ဂါဟ (အကျွမ်းဝင်၍ ယူခြင်း)လက္ခဏာများ .... | ၅၀ |
| ၁၂၉။ | ဝိဿာသဂ္ဂါဟယူရာ၌ အထူးသတိပြုရန်များ .... .... | ၅၀၅ |
| ၁၃၀။ | ရှုံးထဲ့တောထဲရှိမတသန္တကပစ္စည်း ပိုင်ဆိုင်ထိုက်သူများ .... | ၅၀၇ |
| ၁၃၁။ | ပိုင်ဆိုင်ထိုက်သူများ ပေးပြီးနောက် ကျန်ပစ္စည်းများ .... | ၅၀၈ |
| ၁၃၂။ | မတသန္တကပစ္စည်းကို အလိုလိုပိုင်ဆိုင်ထိုက်သူများ .... | ၅၀၈ |
| ၁၃၃။ | သေမှယူဖို့ပေးလျှင် အပေးမမြောက် .... .... | ၅၀၈ |
| ၁၃၄။ | မတသန္တက(၃)မျိုးနှင့် အမွေခံ(၃)မျိုး .... .... | ၅၀၉ |
| ၁၃၅။ | သာသနာ့ဝင်ပုဂ္ဂိုလ်နှင့် လူ-ခြားနားချက် .... .... | ၅၁၀ |
| ၁၃၆။ | တဆင့်လှူကြုံပေးရာ၌ မှတ်သားဖွယ် .... .... | ၅၁၁ |
| ၁၃၇။ | စိတ်ဖြင့်ဆောက်တည်၍ ယူပုံ .... .... | ၅၁၁ |
| ၁၃၈။ | ယခုခေတ်ဝိဿာသဂ္ဂါဟယူနည်း အချို့မသင့်တော်ပုံ .... | ၅၁၂ |

## လာဘ်ကို ညွှတ်စေမှုနှင့် စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃၉။ | လာဘ်ညွှတ်စေပုံ(၂)မျိုး .... .... .... | ၅၁၃ |
| ၁၄၀။ | စေတီတဆူအား လှူပြီး လာဘ်ကို အခြားစေတီ စသည်အား လှူကောင်း, မလှူကောင်း .... .... | ၅၁၅ |
| ၁၄၁။ | ပရိဝါ ပါဠိတော်လာ အဓမ္မိကဒါန(၈)ပါး .... .... | ၅၁၆ |
| ၁၄၅။ | ဓမ္မိက ဒါန (၃)ပါး .... .... .... .... | ၅၁၇ |
| | ကျမ်းပြီးနိဂုံးနှင့်ဆုတောင်း | ၅၁၇ |

# ပဏာမနှင့်ဝန်ခံမှုပဋိညာဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) ဝတ္ထုတ္တယံ နမဿိတွာ၊ သရဏံ သဗ္ဗပါဏိနံ၊
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခပမောစနံ။

(၂) ပုဗ္ဗာစရိယ သီဟာနံ၊ ပါဒမ္ဗုဇံ နမာမဟံ။
ယေသံ ထေရာန နိဿာယ၊ ကိတ္တိံ ပပ္ပေါမိ သာသနေ။

(၃) အာဏာရဟေန ပညတ္တေ၊ ဝီတိက္ကမ ပဟာနကေ။
ဝိနယေ ကောသလ္လတ္ထာယ၊ သိက္ခာကာမာန ဘိက္ခုနံ။

(၄) ဝိပ္ပကိဏ္ဏ မနေကတ္ထ၊ ပါဠိမုတ္တ ဝိနိစ္ဆယံ။
သမာဟရိတွာ ကေတ္ထ၊ ဒဿယိဿ မနာကုလံ။

နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော တရားဥဿုံ အလုံးစုံကို အကုန်အစင် ဆရာမရှိ ကိုယ်တော်တိုင် မှန်ကန်စွာ သိမြင်တော်မူတတ်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဘေးရန်ကင်းကြောင်း ဆုမွန်တောင်းလျက် ရှိခိုးပါ၏ဘုရား။

(၁) ထို ရတနာမြတ်, သုံးပါးနတ် တို့အား ကိုးကွယ်ဆည်းကပ်ခြင်းကို မှဲ့၍ ဒုက္ခအဖုံဖုံ ဆင်းရဲမှုအလုံးစုံတို့မှ လွတ်မြောက် စေတတ်သော၊ ဒုက္ခအဖုံဖုံ ဆင်းရဲမှု အလုံးစုံတို့မှ လွတ်မြောက် စေတတ်သည့်အတွက် ကြောင့်ပင် သတ္တဝါအားလုံးတို့၏ အားထားမှီခို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ဘုရား တရား သံဃာ ဟူသော ရတနာမြတ် သုံးပါးအပေါင်းကို ကျွန်ုပ် ရှိသေစွာ ရှိခိုးပါ၏။

(၂) ရှိသေစွာရှိခိုးပြီး၍ မန္တလေးမြို့ မြတောင်တိုက် ဂဏဝါစကဖြစ်တော်မူသော မြင်းခြံမြို့ ကိုးဆောင်တိုက် ကျောင်းမကျောင်းဆရာတော် အရှင်ဇနိတသေရ်၊ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော ဟသ်ာတခရိုင် တလုပ်

ထောင်သမိုင် ထန်းတောကျောင်းဆရာတော် အရှင်ပညာမဟာထေရ်၊ ပဗ္ဗဇ္ဇာစရိယ ဥပသမ္ပဒါစရိယ ဥပဇ္ဈာစရိယ ဓမ္မာစရိယ ဖြစ်တော်မူကြကုန်သော၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မဟာဝိသုတာရာမ နိကာယကြီး၏ မဟာဝိနာယက ဖြစ်တော်မူကြကုန်သော အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်စသော ကျေးဇူးရှင် ဆရာတော်ကြီးတို့အား အမှီပြု၍ ငါသည် သာသနာတော်၌ ကျော်စော ထင်ရှား ခြင်းသို့ ရောက်ရပေ၏။

ကျေးဇူးတော်ရှင်များ ဖြစ်တော်မူကြသည့်၊ ထိုရှေးဆရာတော်မြတ် ကြီးတို့၏ ခြေတော်အစုံ ကြာပဒုံကို၊ ငါသည် ရိုသေသဒ္ဒါ မြတ်နိုးစွာဖြင့် ရှိခိုးပါ၏။

(၃) သိက္ခာသုံးပါးကို လိုလားမြတ်နိုးကြကုန်သော ရဟန်း, ရှင်, လူ, သူတော်စင်အပေါင်းတို့၏ အာဏာထားခြင်းငှါ ထိုက်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်အမိန့်ထုတ်ဆင့် ပညတ်တော်မူအပ်သော၊ လွန်ကျူးမှု ဝီတိက္ကမ ကိလေသာတို့ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင် သည့် ဘုရားဝိနည်း ဥဒေတော်ကြီး၌ ကျွမ်းကျင်လိမ္မာ လိုက်နာ ကျင့်ဆောင်နိုင်ခြင်းအကျိုးငှါ သာသနာတော်ကို မှန်ကန်စွာ ပြုနိုင် စေခြင်းအကျိုးငှါ၊

(၄) အလွန်ကျယ်ဝန်း များပြားလှ၍၊ လေ့လာခြင်းငှါ ခဲယဉ်းစွာသော ထိုထိုဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာ-စသော ကျမ်းတို့ဝယ် ထိုထိုသိက္ခာပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာတို့၌ ပြန့်ကျဲ၍နေသော ပါဠိ တော်မှ အလွတ်ဖြစ်သော အဓိပ္ပါယ်အဆုံးအဖြတ်တို့ကို ရဟန်းတော် များလက်သုံး ဝိနည်းကျင့်ထုံးဖြစ်သည့် ဤ "ဝိနယဗဟုသုတပကာသနီ ကျမ်း"၌ တပေါင်းတစုတည်း ပြုလျက်၊ ရှုပ်ထွေးရောယှက်ခြင်း မရှိရ အောင် တသန့်စီ တကန့်စီ ခွဲခြားလျက် ရဟန်း, ရှင်, လူ, သူတော် စင်အများတို့ လေ့လာမှတ်သားနိုင်ကြစေရန် မြန်မာဘာသာဖြင့် ပြဆို ရေးသားပေအံ့သတည်း။

ရှင်ပြုရဟန်းခံခြင်းနှင့်စပ်လျဉ်း၍

# သိမှတ်ဖွယ်ရာအဆုံးအဖြတ်များ

၁။ ပဗ္ဗဇ္ဇာ ဝဇ်တပ္ဗာတိ ပဗ္ဗဇ္ဇာ၊ ရဟန်းမပြုမီ ရှေးဦးစွာ ကပ်ရောက်အပ် ကပ်ရောက်သင့်ကပ်ရောက်ထိုက်သောကြောင့် ရှင်သာမဏေအဖြစ်ကို "ပဗ္ဗဇ္ဇာ" ဟု ခေါ်၏။

၂။ ဥပရိဘူဘာ အဂ္ဂဘူတာ သမ္ပဒါတိ ဥပသမ္ပဒါ၊ လူ့အဖြစ်၊ ရှင့်အဖြစ် တို့ထက် မြင့်မြတ်သော ပြည့်စုံခြင်းဟုဆိုအပ်သော ရဟန်းအဖြစ်ကို ဥပသမ္ပဒါ ဟု ခေါ်၏။

ထိုရှင်သာမဏေ ပြုပေးမှု၊ ရဟန်းခံပေးမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံး အဖြတ်များကို ပြဆိုပေအံ့။

ရှင်အဖြစ်ကိုရှင့်သော အမျိုးကောင်းသား "မောင်ရှင်လောင်း" ကို ရှင်ပြုပေးမည့် ရဟန်းသည် ဝိနည်းမဟာဝါမဟာခန္ဓကပါဠိတော် နှာ-၁၀၃၌-

"န ဘိက္ခဝေ ပဥ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော"

အစရှိသည်ဖြင့် ရှင်ပြုမပေးရန် ပယ်မြစ်အပ်သော ပုဂ္ဂိုလ်တို့ကိုရှောင်ကြဉ်၍ ရှင်ပြုပေးခြင်း၌ အပြစ်ဒေါသတို့မှ ကင်းစင်သော ပုဂ္ဂိုလ်များကိုသာ ရှင်ပြု ပေးအပ်၏။ ရှင်ပြုပေးရာ၌ ဤဆိုအပ်လတ္တံ့သည်တို့ကား အဆုံးအဖြတ်များ တည်း။

၁။ ကုဋ္ဌ – နူနာရောဂါ၊
၂။ ဂဏ္ဍ – ထွက်မြင်းအနာ အိုင်းအမာရောဂါ၊
၃။ ကိလာသ – တင်းတိပ်၊ ပွေး၊ ညှင်း၊ ခရုသင်းရောဂါ၊
၄။ သောသ – ခယရုဂ် ချောင်းဆိုးပန်းနာမျိုး ရောဂါ၊
၅။ အပမာရ – ရူးသွပ်သောရောဂါ၊

ဤအနာကြီး (၅) မျိုးရှိသော မောင်ရှင်လောင်းကို ရှင်ပြုမပေးကောင်း။

"ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ"

ဟု ဟောတော်မူသောကြောင့် ရှင်ပြုပေးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

သိက္ခာပုဒ်အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ပဉ္စဟိ၊ ငါးမျိုးကုန်သော။အာဗာဓေဟိ၊ အနာတို့သည်။ဖုဋ္ဌော၊ တွေ့ထိနှိပ်စက်အပ်သောသူကို။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြုမပေးအပ်။ ယော၊ အကြင်ရဟန်းသည်။ ပဗ္ဗာဇေယျ၊ ရှင်ရဟန်းပြုပေးငြားအံ့။တဿ၊ ထိုရဟန်းအား ။ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ရောက်ခြင်းသည်။ (ဟောတိ၊ ဖြစ်၏။)

အနာကြီး (၅) မျိုးတို့တွင်—

ကုဋ္ဌ။ ။နူနီနာ(အစို)၊ ဖြစ်စေ၊နူနက်နာ (အခြောက်) ဖြစ်စေ၊ သမင်ရက်နာ, ပွေးနာ, ယားနာ,-စသော အနာအားလုံးသည် "ကုဋ္ဌ = နူနာ" ဟု ခေါ်၏။ ထိုနူနာသည် လက်သန်း၏လက်သည်းခွံမျှလောက်ပင် ရှိသော်လည်း တိုးပွားလာလောက်သော အခြေအနေရှိက ရှင်ပြုမပေးရ။

အကယ်၍ သင်းပိုင်, ကိုယ်ရုံတို့ဖြင့် ဖုံးလွှမ်းမိသော နေရာဝယ် တည်ရှိ၍ ပကတိလက်သန်း၏ လက်သည်းခွံလောက်မျှသာဖြစ်ပြီး တိုးပွားမလာလောက်သော အခြေအနေရှိခဲ့လျှင် ရှင်ပြုပေးခြင်းငှါအပ်၏။ (လက်သန်း၏ လက်သည်းခွံမျှ ရှိသော်လည်း တိုးပွားလာလောက်သော အခြေအနေရှိလျှင် ရှင်ပြုမပေးရ၊ တိုးပွားမလာလောက်သော အခြေအနေရှိမှသာလျှင် ရှင်ပြုပေးရမည်၊ တိုးပွားမလာလောက်သော်လည်း လက်သန်း၏ လက်သည်းခွံပမာဏထက်ကြီးနေပြန်လျှင် ရှင်ပြုမပေးကောင်း၊ ယင်းပမာဏမျှရှိသော်လည်း သင်းပိုင်, ကေသီတို့ဖြင့် ဖုံးလွှမ်းရိုးမဟုတ်သော ခြေသလုံးအောက်, လက်ကောက်ဝတ်အောက်, လည်ပင်း, မျက်နှာစသည်၌ ရှိနေပြန်မူ ရှင်ပြုမပေးကောင်းဟု မှတ်ယူရမည်။)

"မျက်နှာ, လက်ဖမိုး, ခြေဖမိုးတို့၌ကား လက်သန်း၏ လက်သည်းခွံမျှလောက်ပင် မရှိ၊ သေးငယ်လှ၍ ပျံ့နှံ့တိုးပွားလာလောက်သော အခြေအနေပင် မရှိသော်လည်း ရှင်ပြုမပေးကောင်း"ဟု ကုရုန္ဒီ အဋ္ဌကထာ၌ မိန့်ဆို၏။

ဆေးကုသစေကာ ပျောက်ကင်းရာ ကာလမှ ရှင်ပြုပေးသော်လည်းပကတိ ပင်ကိုယ် အရေအဆင်းရှိလာမှသာ ရှင်ပြုပေးအပ်၏၊ဖွတ်ကျောက်ကုန်းနှင့်တူသော အမှုန့်တို့ဖြင့် ရောပြွမ်းသော ကိုယ်ရှိသူကိုလည်း ရှင်ပြုမပေးအပ်၊ (ပွေးညှင်းရှိသူကိုလည်း ရှင်ပြုမပေးရဟုဆိုသည်။)

ဂဏ္ဍ။ ။ဆတ်ဆံတည်သော ထွတ်မြင်းနှာ အခြားသော ထွတ်မြင်းနှာကင်ဆာ ရောဂါတို့ကို "ဂဏ္ဍ"ဟု ခေါ်သည်။ ထိုထွတ်မြင်းနှာသည် ဇီးစေ့, ကလေသစေ့လောက်ပင် ရှိသော်လည်း တိုးပွားလာလောက်သည့် အခြေအနေ ရှိခဲ့လျှင် ရှင်ပြုမပေးကောင်း၊ ဇီးစေ့, ကလေသစေ့မျှ ဖြစ်စေကာမူ တိုးပွား မလာလောက်သော ထွတ်မြင်းအနာသည် လူမမြင်လောက်သည့် ဖုံးကွယ်ရာ အရပ်၌ဖြစ်မူ ရှင်ပြုပေးအပ်၏၊ ကျယ်ပြန့်တိုးပွား၍ မလာလောက်သော အခြေ အနေရှိပါသော်လည်း ဖုံးကွယ်၍မရသော မျက်နှာစသည်၌ တည်ရှိမူ ရှင်ပြု မပေးရ။

ဆေးဝါးကုသစေလျက် ပျောက်ကင်းရာအခါ ရှင်ပြုပေးသော်လည်း ကိုယ် ကိုကောင်းသော (ထင်ရှားသော) အရေရှိအောင် ပြုစေပြီးမှသာ ရှင်ပြုပေး အပ်၏။

နွားမ၏ နို့တံကဲ့သို့လည်းကောင်း၊ လက်ချောင်းတို့ကဲ့သို့ လည်းကောင်း၊ ထိုထိုကိုယ်အင်္ဂါအစိတ်အပိုင်း၌တွဲလျားကျသော ကြွက်နို့ (အသားပွား, သဖန်း သီး) အနာတို့လည်း ထွတ်မြင်းနာတို့သာ မည်ကုန်၏၊ ထိုအနာရှိသူများကို လည်း ရှင်ပြုမပေးကောင်း။

ကလေးငယ်ဘဝ၌ နို့ဝက်သက်မည်သော, သို့မဟုတ် မိတ်ဖုမည်သော, အပျို လူပျို အရွယ်ရောက်သော အခါ၌ ဝက်ခြံမည်သော အနာတို့သည် အရွယ် ကြီးပြင်းသောအခါ၌ ပျောက်သွားကုန်၏၊ ထိုမိတ်ဖု, ဝက်ခြံဖုသည် ထွတ် မြင်းနာမည်၍ ထိုဖုများရှိသော်လည်း ရှင်ပြုပေးကောင်း၏။

ထိုမှတပါး ခန္ဓာကိုယ်၌ ကြမ်းသော အိုင်းအမာ၊ တင်းတိပ်မည်သော အနာတို့သည်လည်းကောင်း၊ ထိုမှတပါး တကိုယ်လုံးနှံ့၍တည်သော မှဲ့ညင်း စေ့ ပမာဏလောက် ရှိကုန်သော ညှင်းသေး ရောဂါတို့သည်လည်းကောင်း၊ နူနာသဘောရှိကုန်၍ ၎င်းအနာရှိသူကိုလည်း ရှင်ပြုမပေးအပ်။

ကိလာသ။ ။ပေါက်လည်း မပေါက်ဘဲ အရည်လည်း မယို ပဒုမ္မာကြာရွက်, ပုဏ္ဍရိက်ကြာရွက်အဆင်းရှိသော ဆင်ညှင်းကြီး နူနာမျိုးကို "ကိလာသ"ဟု ခေါ်၏၊ ယင်းနူနာကြောင့် တကိုယ်လုံး အပြောက်အကွက် ရှိသော နွား၏ကိုယ်ကဲ့သို့ တကိုယ်လုံး အပြောက်အကွက်တွေ ရှိနေအံ့၊ ထိုညှင်းနာမျိုး၌ အဆုံးအဖြတ်ကို နူနာခန်း၌ ဆိုခဲ့သည့်အတိုင်း သိရမည်။ ( ခရသင်းရောဂါလည်း ကိလာသပင်ဖြစ်သည်ဟုမှတ်ပါ။)

သောသ။ ။ခယရှဂ် ချောင်းဆိုး ပန်းနာမျိုးရောဂါ၊ ယခုခေတ် တီဘီရောဂါ၊ ချောင်းဆိုးသွေးပါ အနာများကို "သောသ" ဟုခေါ်၏၊ ထိုရောဂါရှိသူကိုလည်း ရှင်ပြုမပေးအပ်။

အပမာရ။ ။သည်းခြေ ပျက်သဖြင့် ရူးသောရောဂါ ဘီလူးဖမ်းစား၍ ရူးသောရောဂါ၊ ဝက်ရူး ကြက်ရူးနှင့် တကွ အရူးရောဂါ အမျိုးမျိုးကို "အပမာရ" ဟု ခေါ်၏။ သည်းခြေရူး, ဘီလူးဖမ်းစား၍ ရူးသောအရူး (၂)မျိုးတို့တွင် ရှေးအခါက ရန်သူဖြစ်ခဲ့ဖူးသော ဘီလူးဖမ်းစားသဖြင့် ရူးသောအရူးရောဂါမျိုးကား ဆေးကုသ၍ရနိုင်ခဲ၏။

အနည်းငယ်မျှ ရူးသွပ်သော အနာရှိစေကာမူ ရှင်ပြုမပေးကောင်း၊ (ဘုရားရှင်၏အလိုတော်မှာ ပရိသတ်ထည်း၌ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသူ, တရားအားမထုတ်နိုင်လောက်အောင် ရောဂါဖြစ်နေသူများကို ရှင်ပြုမပေးထိုက်ဟု မိန့်တော်မူလိုသည်။)

မှတ်ချက်။ ။ရှင်ပြုမပေးကောင်းသူမှန်သမျှ ရဟန်းလည်းပြုမပေးကောင်းဟု မှတ်ပါ။

မင်းခယောကျ်ား။ ။"န ဘိက္ခဝေ ရာဇဘဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ"

ဟုဝိနည်းမဟာဝါပါဠိတော် နှာ – ၁၀၄ – ၌ သိက္ခာပုဒ်ကိုပညတ်တော်မူသောကြောင့် –

မင်းခစားယောကျ်ား လခစားသမားများကို ရှင်ပြုမပေးအပ်၊ ဤစကားရပ်၌ အမတ်ရိုးရိုး(သာမန်အမတ်)ပင်ဖြစ်စေ၊ အမတ်ကြီး(ဝန်ကြီး) ပင်ဖြစ်စေ၊ အမြဲခစားသည့် သက်တော်စောင့်ပင်ဖြစ်စေ၊ လခစား ရိုးရိုးပင်ဖြစ်စေ၊ ပြန်တမ်းဝင် အရာရှိ လခစားပင်ဖြစ်စေ၊ မင်း၏(တိုင်းပြည်၏)ထမင်း ရိက္ခာ လခစာကိုစားသုံးသူမှန်သမျှကို "ရာဇဘဋ" ဟုခေါ်ဆို၏။

ထိုမင်းခစား ယောကျ်ားများကိုရှင်ပြုမပေးအပ်။

သိက္ခာပုဒ်အနက်။ ။ဘိက္ခဝေ၊တို့။ ရာဇဘဋ္ဌော၊ မင်းခစား ယောကျ်ားကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ ယော၊သည်။ ပဗ္ဗာဇေယျ၊ အံ့။ တဿ၊အား။ ဒုက္ကဋဿ၊သို့။ အာပတ္တိ၊သည်။ (ဟောတိ၊၏။ )

မင်းထံမှ လစာမယူသော မင်းခစားတို့၏သားသမီး မြေး ညီတို့ကိုမူ ရှင်ရဟန်း ပြုပေးကောင်း၏။

(မင်းခစားကို မှီခိုနေသူများကို ဆိုသည်)

မင်းမှရအပ်သည့်မပြတ်ဖြစ်သော စည်းစိမ်ကိုလည်းကောင်း၊ လ-နှစ်-သတ်မှတ်ကာ ခန့်အပ်၍ ပေးအပ်သော လစာရိက္ခာကိုလည်းကောင်း၊ မယူတော့ပဲ မင်းအား ပြန်လည်အပ်နှင်းအပ်ပြီးသောသူ၊ မိမိရာထူးကို သား ညီစသော သူတို့ကို လွှဲအပ်ကာ ဆက်ခံစေ၍ မင်း (သို့မဟုတ် ရာထူးခန့်သည့် သက်ဆိုင်ရာ အထက်အရာရှိ)ကို "ယခုအခါအကျွန်ုပ်သည် အရှင်မင်းကြီးအား မခစားတော့ပြီ"ဟု ခွင့်ယူပြီးသောသူ၊ အမှုကိစ္စတခုခုအတွက် ရာထူးခန့်ကာ လစာပေးထားရာ ထိုအလုပ်ကိစ္စ ပြီးဆုံးသွားသောသူ၊ မင်း(အထက်ဆိုင်ရာအရာရှိ)ထံမှ ရှင်ရဟန်း ပြုချန် ခွင့်ရသောသူ၊ ဤသူများကို ရှင်ရဟန်း ပြုပေးကောင်း၏။

## နာမည်ကျော်ကြားသည့် ဒမြ သူခိုးများကို ရှင်-ရဟန်းပြုမပေးရ

တံခွန်အလံထူကာ သွားလာ လှည့်လည်သူကဲ့သို့၊ တိုင်းပြည် မြို့ရွာ နယ်ပယ်မှာ ထင်ရှားကျော်ကြားသော ခိုးသူ ဒမြကို ရှင်ရဟန်းပြုမပေးကောင်း၊ အဘယ့်ကြောင့်ဆိုသော်-

"န ဘိက္ခဝေ ဓဇဗန္ဓော စောရော ပဗ္ဗာဇေတဗ္ဗော ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ"

ဟူ၍ ဝိနည်းမဟာဝါမဟာခန္ဓက နှာ-၁၀၅-၌ မြတ်စွာဘုရားက သိက္ခာပုဒ်ပညတ်ကာ တားမြစ်ထားသောကြောင့်တည်း။

**သိက္ခာပုဒ်အနက်။** ။ဘိက္ခဝေ၊တို့။ဓဇဗန္ဓော၊ အလံစိုက်ထားသကဲ့သို့ ထင်ရှားကျော်စောသော။ စောရော၊ သူပုန်ဒမြ ခိုးသူကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ယော၊သည်။ ပဗ္ဗာဇေယျ၊ အံ့။တဿ၊အား။ဒုက္ကဋဿ၊ သို့၊အာပတ္တိ၊သည်။ (ဟောတိ၊၏။)

မလာကၡ် ကျော်စောထင်ရှားသော မူလဒေဝ-စသော ခိုးသူမျိုးကို ဆိုလိုသည်၊ (သီဟိုဠ်ခေတ်က ခိုးသူကြီးတည်း။) ထို့ကြောင့် အကြင်ခိုးသူ

သည့် မြို့ရွာကိုဝင်ရောက် လုယက်ဖျက်ဆီးခြင်း၊ ခရီးသွားတို့ကို လုယက်ဖျက်ဆီးခြင်း၊ မြို့တွင်းရွာတွင်းဝင်ကာ ဖေါက်ထွင်း ခိုးယူခြင်း စသည်ကိုလည်း ပြုလုပ်၏။

ဤသူသည် ဤမည် ဤမည်သော ခိုးဝှက် လုယက်တိုက်ခိုက်မှုကို ပြုခဲ့၏ဟုလည်း အများသိကာ ကျော်စောထင်ရှား၏၊ နာမည်ကြီးနေ၏၊ ထိုသူခိုးမျိုးကို ရှင်ရဟန်း ပြုမပေးရ။

မင်းအဖြစ်ကို တောင့်တ၍ ပုန်ကန်ကာ မြို့ရွာတို့ကို တိုက်ခိုက်လုယက်ဖျက်ဆီးနေသော မင်းသားမျိုးကို ရှင်ရဟန်းပြုပေးကောင်း၏၊ ထိုမင်းသားမျိုးကို ရှင်ရဟန်းပြုပေးလျှင် ရှင်ဘုရင်ကပင် နှစ်သက်သဘောကျ၏။ ရှင်ဘုရင် မနှစ်သက်လျှင်တော့ ပြုမပေးရ။

ရှေးအခါက နာမည်ကြီးသည့် ဒမြသူခိုးပင် ဖြစ်သော်လည်း အကျွတ်တရားရကာ ထိုလုပ်ငန်းကို စွန့်လွှတ်၍ ငါးပါးသီလကို စောင့်ထိန်းလျက် ကောင်းမွန်စွာ နေ၏၊ ထိုသို့ ကောင်းမွန်စွာ နေသည်ကိုလည်း လူအများသိကြ၏၊ ထိုပုဂ္ဂိုလ်မျိုးကို ရှင်ရဟန်းပြုပေးကောင်း၏။

သာမန် မထင်ရှားသော သစ်သီးငလံကို ခိုးသောသူခိုးမျိုးနှင့် ခြံတွင်း အိမ်တွင်း ဝင်ကာ ခိုးသော သူခိုးငယ်ကလေးများကိုမူ (ကောင်းမွန်စွာ နေပါမည်ဟုဝန်ခံအံ့) ရှင်ရဟန်းပြုပေးကောင်း၏။

## အချုပ်ပြေး-ထောင်ပြေးများကိုလည်း ရှင်ရဟန်းပြုမပေးရ

"နဘိက္ခဝေ ကာရဘေဒကော စောရော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ"

ဟူ၍ ဝိနည်း မဟာဝါ မဟာခန္ဓကန္ဒာ-၁၀၅-၌ မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်ထားသောကြောင့် အချုပ်ထောင်တို့မှ ထွက်ပြေးလာသူကိုလည်း ရှင်ရဟန်းပြုမပေးကောင်း၊ ပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။

သိက္ခာပုဒ်အနက်။ ။ဘိက္ခဝေ၊ တို့။ ကာရဘေဒကော၊ နှောင်အိမ်အချုပ်ထောင်ကို ဖောက်ဖျက် တတ်သော။ စောရော၊ ကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ ယော၊ သည်။ ပဗ္ဗာဇေယျ၊ အံ့။ တဿ၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ (ဟောတိ၊ ၏။)

နှောင်အိမ်ကို ကာရ—ဟု ခေါ်ဆိုသည်။ဤအရာ၌ကား—ထိပ်တုံးအနှောင်အဖွဲ့၊ သံခြေချင်း လက်ထိပ် အနှောင်အဖွဲ့၊ ကြိုးအနှောင်အဖွဲ့၊ ရွာနိဂုံး၊ မြို့ နယ်ပယ် ခြေချုပ်အနှောင်အဖွဲ့၊ တကျွန်းအနှောင်အဖွဲ့၊ ယောကျ်ား အစောင့်အရှောက် အနှောင်အဖွဲ့ စသော အနှောင်အဖွဲ့ အားလုံးကို ယူရမည်။

ထိုအနှောင်အဖွဲ့ အမျိုးမျိုးကို ချိုးဖောက်ဖျက်ဆီးကာ ထွက်ပြေးလာသူကို ''အချုပ်ခပြေး ထောင်ခပြေး''ဟုခေါ်သည်။ရင်းပုဂ္ဂိုလ်မျိုးကို ရှင်ရဟန်းပြုမခပေးရ။

တကျွန်းကျနေသူသည် အခြားကျွန်းတပါးသို့ ထွက်ပြေးတိမ်းရှောင်နေသော်လည်း ရှင်ရဟန်းပြုမပေးရ။

တစုံတခု ခိုးမှုစသော အပြစ်ရှိသူ မဟုတ်ပဲ မင်းမှုကိစ္စ တာဝန်ကျသော အလုပ်ကို ကျေပွန်အောင် မလုပ်ဆောင်သဖြင့် ''ဤသို့ ချုပ်နှောင် ဖမ်းဆီးလိုက်သော်(ကြောက်ရွံ့ကာ) နှောင်အခါ ငါတို့တာဝန်ပေးသည့်အမှုကိစ္စကို ကျေပွန်အောင် ထမ်းဆောင်လိမ့်မည်''ဟု နှလုံးသွင်းကာ အာဏာရှိသူ မင်းချင်း ယောကျ်ားတို့က ဖမ်းဆီးချုပ်နှောင် ထားရာ အချုပ်အနှောင်ကို ဖောက်ဖျက်ကာ ပြေးလာခဲ့သော်လည်း ထိုသူကို ရှင်ရဟန်း ပြုပေးကောင်း၏။

အကြွင်သူသည် ရွာ,နိဂုံး,ဆိပ်ကမ်းစသည်တို့၌ မင်း၏အခွန်အတုပ်များကို ကောက်ခံပြီးလျှင် ထိုအခွန်ဘဏ္ဍာတော်များကို ကျေအောင် မပေးသွင်းနိုင်သဖြင့် ချုပ်နှောင်ခံရ၏၊ ထိုသူကို ချုပ်နှောင်မှုကို ဖောက်ဖျက်ထွက်ပြေးလာခဲ့သော် ရှင်ရဟန်းပြုမပေးရ။(မင်း၏ အခွန်ဘဏ္ဍာကို ကျေပွန်အောင် မဆပ်သွင်းနိုင်သူဖြစ်သော် ရှင်ရဟန်းပြုမပေးဆိုက်။)

လယ်လုပ်ခြင်း စသော အမှုတို့ဖြင့် ဥစ္စာပစ္စည်း ရှာဖွေကာ အသက်မွေးနေသော လူကောင်းသူကောင်း တယောက်ယောက်ကို(အကျိုးမဲ့ကိုလိုလား၍ ကုန်းတိုက်သူများက) ''ဤသူသည် ရွှေအိုး ငွေအိုးတို့ကို တူးဖော်ရရှိပါသည်''ဟု ချောပစ် ကုန်းတိုက်သောအားဖြင့် မတရား တိုင်ကြားခံရ၍ သက်ဆိုင်ရာ အာဏာပိုင် တယောက်ယောက်က ဖမ်းဆီး ချုပ်နှောင်၍ ထား၏၊ ထိုသူကို ထိုအရပ်၌သာ ရှင်ရဟန်း ပြုပေးခြင်းငှါမအပ်၊ ထွက်ပြေးသွားသော်ကား ရောက်ရာအရပ်၌ ရှင်ရဟန်း ပြုပေးကောင်း၏။

## သတ်မိန့်ဝရမ်းထုတ်ထားခံရသော လူဆိုးများကို ရှင်ရဟန်းပြုမပေးရ

**န** ဘိက္ခဝေ လိခိတကော စောရော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ **အာပတ္တိ** ဒုက္ကဋဿ–

ဟု ဝိနည်းမဟာဝါ မဟာခန္ဓက နှာ–၁၀၆-၌ သိက္ခာပုဒ် ပညတ်ထား သောကြောင့် ဘုရင်မိန့် သေဒဏ် ဝရမ်းထုတ်ခံရသော သူခိုးကိုလည်း ရှင် ရဟန်းပြုမပေးရ။

**သိက္ခာပုဒ်အနက်။** ။ဘိက္ခဝေ၊တို့။လိခိတကော၊တွေ့ရာအရပ် အသေသတ်ဟု ရေးမှတ် ဝရမ်းထုတ်ခံရသော။ စောရော၊ကို။နပဗ္ဗာဇေ တဗ္ဗော၊ အပ်။ ယော၊ သည်။ ပဗ္ဗာဇေယျ၊ ပြုအံ့။ တဿ၊ ထို၏ အား။ ဒုက္ကဋဿ၊ သို့။ **အာပတ္တိ၊သည်။** (ဟောတိ၊၏။)

တစုံတယောက်သောသူသည် (ကြီးမားသည့်) ခိုးမှုကိုဖြစ်စေ၊ အခြား ကြီးမားသည့် မင်းပြစ် မင်ဒဏ်ကိုဖြစ်စေ၊ ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင် နေ၏။ ထိုသူ့ကို တွေ့ရာအရပ်၌ ဖမ်း၍ သတ်ရမည်ဟူ၍သော်လည်းကောင်း၊ **လက်ခြေတို့ကို** ဖြတ်ရမည်ဟူ၍သော် လည်းကောင်း၊ ဤရွေ့ဤမျှ ဒဏ်ငွေ ပေးဆောင်စေရမည်ဟူ၍သော်လည်းကောင်း ကြော်ငြာဝရမ်း ထုတ်ထား၏၊ ရင်းပုဂ္ဂိုလ်မျိုးကို "လိခိတကစောရ–ဝရမ်းထုတ်ခံရသောရာဇဝတ်သား သူခိုး" ဟု ခေါ်သည်။ ထိုသူကို ရှင်ရဟန်းပြုမပေးရ။

## အခွန်ဘဏ္ဍာတော်ကို အလွဲသုံးစားပြုသဖြင့် ကြိမ်ဒဏ်ခံရသူကိုလည်း ရှင်ရဟန်းပြုမပေးရ

န ဘိက္ခဝေ ကသာဟတော ကတဒဏ္ဍကမ္မော၊ ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ–

ဟု ဝိနည်းမဟာဝါ မဟာခန္ဓက နှာ–၁၀၆-၌ ဟောတော်မူသောကြောင့် ကြိမ်ဒဏ်အရိုက်ခံရသူကိုလည်း ရှင်ရဟန်းပြုမပေးရ။

**သိက္ခာပုဒ်အနက်။** ။ဘိက္ခဝေ၊ တို့။ ကသာဟတော၊ ကြိမ်လုံးတို့ဖြင့် နှိပ်စက်အပ်သော။ ကတဒဏ္ဍကမ္မော၊ ပြုအပ်ပြီးသောဒဏ် **အမှုရှိသူကို။** နပဗ္ဗာဇေတဗ္ဗော၊ အပ်။ယော၊ သည်။ ပဗ္ဗာဇေယျ၊ အံ့။တဿ၊ **အား။** ဒုက္ကဋဿ၊ သို့။အာပတ္တိ၊ သည်။ (ဟောတိ၊၏။)

ဤနေရာဝယ် အစိုးရသူ အာဏာပိုင်တို့၏ ဆင့်ဆိုသောစကား စေခိုင်းသည့် အမှုကိစ္စကို မလိုက်နာ မလုပ်ဆောင်ပဲ ပျက်ကွက်၍ ညှဉ်းဆဲ နှိပ်စက်ခံရသူမျိုးကို မယူရ။

မင်း၏ (တိုင်းပြည်၏) အခွန်ဘဏ္ဍာ ငွေစည်းဥစ္စာကို အလွဲသုံးစားပြုလုပ်၍ ပြေလည်အောင် ပြန်လည် မပေးသွင်းနိုင်သည့် အတွက် သက်ဆိုင်ရာက သိရှိ၍ "ဤသူ့ကို ကြိမ်ဒဏ် ဤရွေ့ဤမျှ ပေးစေ" ဟု အမိန့်ချမှတ်သဖြင့် ကြိမ်ဒဏ် အရိုက်ခံရသူမျိုးကိုသာ ယူရမည်။

ထိုသူမျိုးကို အပြစ်ဒဏ် ချမှတ်ခံရသည့် အချိန်မှစ၍ ကြိမ်လုံးတို့ဖြင့်ဖြစ်စေ၊ တုတ်တိုစသည်တို့ဖြင့်ဖြစ်စေ၊ အရိုက်အနှက် ခံရသဖြင့် ရရှိသော စုတ်ပြတ် ပေါက်ပြဲသည့်ဒဏ်ရာ အနာခိမ်းများ ခြောက်၍ မပျောက်သေးသမျှကာလပတ်လုံး ရှင်ရဟန်း ပြုလုပ်မပေးရ။ အနာများ ပျောက်ကင်းပြီးသော အခါမှသာ ပြုလုပ်ပေးရမည်။

ဒူးဖြင့်တိုက်မှု၊ တတောင်ဖြင့် ထောင်းမှု၊ အုန်းသီး ကျောက်ခဲစသည်များဖြင့် ထုမှုစသော နှိပ်စက်မှု တခုခုကိုပြု၍ အလွတ်ခံရသူဖြစ်အံ့၊ ဖူးယောင်၊ ပေါက်ပြဲသော ဒဏ်ရာများ ပျောက်ကင်းပြီးမှသာ ပြုပေးရမည်။

## သံပူ့တံဆိပ် ခတ်နှိပ်ခံရသူကိုလည်း ရှင်ရဟန်းပြုပေးရ

န စ ဘိက္ခဝေ လက္ခဏာဟတော၊ (သံပူတံဆိပ်ခတ်နှိပ်အပ်သော) ကတဒဏ္ဍကမ္မော၊ (ပြုအပ်ပြီးသောဒဏ်အမှုရှိသူကို) န ပဗ္ဗာဇေတဗ္ဗော ယော ပဗ္ဗာဇေယျ အာပတ္တိဒုက္ကဋဿ-ဟု မဟာဝါခန္ဓက နှာ-၁၀၆-၌သိက္ခာပုဒ်ပညတ်ထားသောကြောင့် မင်းပြစ် မင်းဒဏ်သင့်ကာ သံပူဘံဆိပ်ခတ်နှိပ်ခံရသော ခိုးသူ ရာဇဝတ်သားကိုလည်း ရှင်ရဟန်းပြုမပေးရ၊ ဤနေရာ၌လည်း အဆိုပါ အပြစ်ဒဏ်ခံရခြင်းကို (ကြိမ်ဒဏ်ခတ်ခံရသူ) နည်းတူ၊ အခွန်ဘဏ္ဍာအလွဲသုံးစားပြုမှုကြောင့် အပြစ်ဒဏ်ခံရသူကိုသာ ယူရပါမည်။

အထက်ပါပြစ်မှုကြောင့် မင်းပြစ် သင့်သူ တစုံတယောက်သောသူကို အပြစ်ဒဏ် ချမှတ်ပြီးရာ အခါမှစ၍ နောက်အခါ-

ထိုသူ၏နဖူးပြင်၌သော်လည်းကောင်း၊ ပေါင်စသော တနေရာရာ၌သော်လည်းကောင်း၊ လောလောပူသော သံတံဆိပ်တုံး သံချောင်း သံခဲဖြင့်

ခတ်နိုပ်အပ်သော အမှတ်တံဆိပ် ဒဏ်ရာပျောက်ကင်းပြီးမှသာ ရှင်ရဟန်း ပြုပေးရမည်။

အပြစ်ဒဏ်ခံရပြီး၍ အမှုမှ ကင်းလွတ်ပြီးသူဖြစ်ပါသော်လည်း အမာရွတ်သည် မန်းမကုန်မီ ပျောက်သွားသဖြင့် အထက်သို့ ဖောင်းဖု စူဘက်၍နေလျှင် ၎င်းအဖု ပြေပျောက်သွားမှသာလျှင်လည်းကောင်း, အမှတ်တံဆိပ်အဆု မထင်ရှားတော့မှသာလျှင်လည်းကောင်း သို့မဟုတ် အမာရွတ် နေရာသည် သေခိယသိက္ခာပုဒ်လာ အဝန်း(၃)ပါးနှင့်ညီစွာ သင်္ကန်းကို ဝတ်ရုံလျှင် လူမမြင်လောက်အောင်ဖုံးကွယ်သွားမည့် နေရာမျိုးမှာဖြစ်သော်လည်းကောင်း ရှင်ရဟန်းပြုပေးကောင်း၏။

## သူတပါး ကြွေးမြီရှိသူ

န ဘိက္ခဝေ ဣဏာယိကော၊ (ကြွေးမြီရှိသူကို)နပဗ္ဗာဇေတဗ္ဗော၊ ယောပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋ္ဌဿ-ဟု ဘုရားရှင် သိက္ခာပုဒ် ပညတ်ထားသောကြောင့် သူတပါး၏ ကြွေးမြီရှိသူကိုလည်း ရှင်ရဟန်း ပြုလုပ်မပေးရ။

## ကြွေးမြီ အမျိုးမျိုး

(၁) မိမိကိုယ်တိုင် ချေးငှါးယူထားသော ကြွေးမြီ၊

(၂) မိမိ၏ မိဘ-ဘိုးဘွားတို့ ချေးယူ သုံးစွဲထားခဲ့သော ကြွေးမြီ၊

(၃) မိ-ဘများက သားသမီးတို့ကို ပေါင်နှံ၍ ချေးယူထားသော ကြွေးမြီ (သားသမီးတို့သည် မိ-ဘတို့၏ ကောင်းမှု ဆိုးမှုများကို ခံယူထိုက်သူများဖြစ်ကြ၍ ၎င်းတို့၏ ကြွေးမြီများကို ဆပ်ပေးကြရမည်သာဖြစ်၏။)

အထက်ပါ ကြွေးမြီတခုခုရှိသူကို ဣဏာယိက= ကြွေးမြီရှိသူဟု ခေါ်ရသည်။ မိ-ဘ နှစ်ပါးမှတပါး အခြားဆွေမျိုး သားချင်းထဲမှ တဦးဦးက မိမိကိုပေါင်နှံကာ ကြွေးမြီငွေချေးယူ သုံးစွဲခံရလျှင်ကား ဣဏာယိက=ကြွေးမြီရှိသူဟု မဆိုရ။ (လူကိုပေါင်နှံ၍ ကြွေးယူသည်ဟုဆိုလိုသည်။)

အဘယ်ကြောင့်ဆိုသော်- သားသမီးတို့ကို မိ-ဘ အရင်းများကသာ ပိုင်ဆိုင်ကြ၏၊ ဆွေမျိုးသားချင်းများကား မပိုင်ဆိုင်ကြပါ။ ထို့ကြောင့် မိ-ဘအရင်းမှတပါး အခြားသူများက ပေါင်နှံကာ ကြွေးမြီချေးယူ အသုံးအစွဲခံရသူကို (ကြွေးရှိသူမမည်)၊ ရှင်ရဟန်းပြုပေးကောင်း၏။

အထက်ပါ ကြွေးမြီ (၃)မျိုးတို့တွင် တမျိုးမျိုးရှိသူများကား ဣဏာယိက ကြွေးမြီရှိသူများ ဖြစ်ကြ၏။ ရှင်ရဟန်းပြုမပေးကောင်း။ ကျေပွန်အောင် ဆပ်ပေးပြီးမှသာ ပြုပေးကောင်းသည်။

သို့မဟုတ် ကြွေးမြီရှင်တို့က ကြေကြေနပ်နပ်ဖြင့် မပေးဆပ်ပါနှင့်တော့ဟု ကြွေးမြီကိုလျှော်ကာ ကြွေးစာရင်း ဖျက်ပြီး ဖြစ်လျှင်လည်း ပြုပေးကောင်း၏။ အကယ်၍ ရှင်ရဟန်း ဝတ်လိုပါလျက် ကြွေးမြီကို မဆပ်ပေးနိုင်သဖြင့် သင်္ကန်းမဝတ်ရဲသောသူ တယောက်ယောက်ကို "အရှင်ဘုရား ဤသူကို ရှင်ရဟန်းပြုပေးပါ၊ သူ့ကြွေးမြီကို တပည့်တော်တို့ ဆပ်ပေးပါမည်"ဟု ဆွေမျိုး သားချင်းများက တာဝန်ခံ လျှောက်ထားလျှင်လည်း ဝတ်ပေးကောင်း၏။ သို့မဟုတ် ဆွေမျိုးမဟုတ်သော်လည်း ထိုသူ၏ အကျင့်စာရိတ္တ ကောင်းမွန်သည်ကိုသိမြင်၍ သဒ္ဓါပေါက်ကာ အထက်ပါနည်းအတိုင်း ဆပ်ပေးရန် တာဝန်ယူကာ လျှောက်ထားခဲ့လျှင်လည်း ပြုပေးကောင်း၏။ ထိုသို့တာဝန်ခံမည့်သူ တစုံတယောက်မျှ မပေါ်ပေါက်ခဲ့လျှင် ရှင်ရဟန်းပြုလုပ်ပေးမည့် ဆရာရဟန်းကပင် ကြွေးကိုဆပ်နိုင်သူ မိမိ၏ အလုပ်အကျွေး ဒကာတဦးဦးအား "ဒကာတော် အကြောင်းပါရမီနှင့် ပြည့်စုံသူတယောက်မှာ ကြွေးမြီရှိနေ၍ ရှင်ရဟန်းပြုခွင့် မရရှာပါ"ဟု ပြောပြရမည်၊ ထိုသို့ ပြောပြသဖြင့် စေတနာပေါက်၍ သူ၏ကြွေးမြီကို ဆပ်ပေးပြီးအံ့၊ ပြုပေးကောင်း၏။

ဒါမှမဟုတ်- ဆရာရဟန်းကပင် မိမိမှာရှိသော ကပ္ပိယဝတ္ထု၊ သင်္ကန်း၊ သပိတ် စသည်တို့ကို အပ်သောနည်းဖြင့် ဆပ်ပေးမည်ဟု ကြံစည်ကာ ပြုပေးကောင်း၏။ မိမိ(ဆရာရဟန်း)မှာလည်း ဆပ်ပေးရန် ဥစ္စာမရှိခဲ့လျှင် "ရှင်ရဟန်းပြုလုပ်ပေးပြီးမှ ဘိက္ခာစာရ ဆွမ်းခံလှည့်ကာ အလှူခံ၍ဆပ်ပေးမည်" ဟု စိတ်ကူးကြံစည်၍သား ရှင်ရဟန်း ပြုမပေးကောင်း။ အကယ်၍ ပြုပေးထားမိပြီးအံ့၊ မိမိပြုပေးထားသည့် ရှင်ရဟန်းသည်လည်း ကြွေးမြီရှင်တို့ လိုက်လာသည်ကို ကြားသိသဖြင့် ကြောက်ရွံ့ကာ အရပ်တပါးသို့ ထွက်ပြေးသွားပြီးအံ့၊ ခေါ်၍ပေးရမည်၊ ခေါ်မပေးနိုင်လျှင် ဆရာရဟန်းက ကျွေးမွေးပြီး အားလုံးပေးဆပ်ထိုက်၏။

(ကြွေးမြီရှိသူမှန်း သိပါလျက် ကြွေးရှင်ကိုငဲ့ညှာ ရှိသေမှု မပြုမူ၍ ရှင်ရဟန်းပြုပေးသောကြောင့် ထွက်ပြေးသူ မိမိတပည့်၏ ကြွေးမြီအားလုံးသည် ဆရာ့အပေါ်၌ တာဝန်ကျနေသဖြင့် (ဂိဝါ)အစား ပေးဆပ် ထိုက်၏။ မပေးဆပ်ပါက ဝိနည်းစည်းကမ်းအရ အာပတ်သင့်တော့၏။)

## ကြွေးရှိသူမှန်းမသိ၍ ရှင်ရဟန်းပြုပေးခဲ့သော်

အကြင်ရဟန်းသည် ကြွေးမြီရှိသူကို ကြွေးမြီရှိသူမှန်း မသိသဖြင့် ရှင်ရဟန်းပြုပေး၏။ ထိုရဟန်းအား အာပတ်မသင့် အပြစ်မရှိ။ ရှင်ရဟန်းပြုပေးပြီးမှ ကြွေးမြီရှိသူမှန်း သိခဲ့လျှင် ထိုမိမိ၏တပည့် ရဟန်းသာမဏေကို ကြွေးမြီရှင်တို့ထံ ခေါ်ဆောင်သွားကာ ပြသကြရမည်၊ တွေ့ဆုံပေးကြရမည်။

ကြွေးမြီရှိမှန်းမသိ၍ ရှင်ရဟန်းပြုပေးမိသောကြောင့် ဆရာရဟန်းအား ကြွေးမြီကိုစိုက်၍ ပေးဆပ်ထိုက်သော (ဂီဝါ) အပြစ်သည်း မဖြစ်ပါ။

သူတပါး၏ ကြွေးမြီရှိသူ တစုံတယောက်သောသူသည် အခြားအရပ်တပါးသို့ သွားရောက်ကာ ရှင်ရဟန်းပြုပေးပါရန် လျှောက်ထားသဖြင့် သူတပါးတို့၏ ကြွေးမြီရှိ မရှိ စိစစ်ဆေးမေးမြန်းရာ "တပည့်တော်သည် တစုံတယောက်သောသူ၏ တစုံတခုသော ပစ္စည်းဥစ္စာကို မချေးယူဘူးပါ၊ ကြွေးမြီမရှိပါဘုရား" ဟု လိမ်လည်လျှောက်ထားကာ ရှင်ရဟန်းပြု၍နေ၏။

ကြွေးရှင်ပုဂ္ဂိုလ်တို့က ထိုကြွေးရှိသူကို ရှာဖွေစုံစမ်း၍ ထိုသူနေထိုင်ရာအရပ်သို့ ရောက်လာခဲ့၏။ ကြွေးရှိသူ ရှင်ရဟန်းငယ်သည်လည်း ကြွေးရှင်ပုဂ္ဂိုလ်လိုက်လာသည်ကို သိသဖြင့် တိမ်းရှောင် ထွက်ပြေးသွားခဲ့အံ့။

လိုက်လာသည့် ကြွေးရှင်က ရှင်ရဟန်းပြုပေးသော မထေရ်ထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား ဤမည်သော ရှင်ရဟန်းငယ်ကို ဘယ်သူရှင်ရဟန်းပြုလုပ်ပေးပါသနည်း၊ တပည့်တော်၏ ကျွမ်းလောက်သော ဥစ္စာကို ချေးယူပြီး မပေးဆပ်ပဲ ထွက်ပြေးသွားသူပါတည်း" ဟု လျှောက်ထားငြားအံ့၊ "ဒကာကြီး ငါက တပည့်တော်ဟာ ကြွေးမြီမရှိပါ" ဟု လျှောက်ထားသောကြောင့် ရှင်ရဟန်းပြုပေးမိခဲ့ပါ၏၊ ယခု ဘယ်လိုလုပ်လိုပါသနည်း ဒကာ၊ ကြည့်ပါ ငါ့မှာတော့ သပိတ်သင်္ကန်းမျှသာ ရှိသည်ဟု ပြောဆိုရာ၏။

ဤသို့ပြောဆိုရခြင်းသည် ကြွေးမြီရှိသူကို ရှင်ရဟန်းပြုပေးမိရာ၌ ပြောဆိုရမည့် ဝတ္တရားဖြစ်၏။ ထိုရှင်ရဟန်းများ ထွက်ပြေးသွားခြင်းကြောင့် (ဂီဝါ) ခေါ် အစားလျော်ထိုက်သော အပြစ်မရှိ။

(ထိုသူတို့၏ကြွေးကို အစားဆပ်ပေးဖွယ်မလို ဟု ဆိုလိုသည်။)

အကယ်၍ ထိုရှင်ရဟန်းငယ်တို့ကို ရှင်ရဟန်းပြုလုပ်ပေးသူ ဆရာမထေရ်၏ ရှေ့မှောက်၌ပင် ကြွေးရှင်ကတွေ့မြင်၍ "ဤသူသည် တပည့်တော်၏ ကြွေး ရှိသူပါတည်း"ဟု လျှောက်ထားခဲ့ငြားအံ့၊ "သင်ဒကာ၏ ကြွေးမြီရှိသူကို သင်ဒကာသာလျှင် သိလော့"(ဒကာသဘောပဲ) ဟု ပြောရမည်။

ထိုကြွေးရှင်က" ရှင်ရဟန်းပြု၍နေခဲ့ပြီ၊ ယခုအခါ၌ သူဘယ်အရပ်သို့ သွားနိုင်ပါလတ္တံ့နည်း"ဟု လျှောက်ထားမေးမြန်းပါမူ "သင်ဒကာပင် သိ အောင် စုံစမ်း မေးမြန်းပါလော့"ဟု ဆရာရဟန်းက ပြောဆိုရမည်။

ဤသို့ ပြောဆိုရုံမျှဖြင့် တပည့် ရှင်ရဟန်းငယ်များ ထွက်ပြေးတိမ်းရှောင် သွားငြားအံ့၊ အစားလျော်ရမည့် (ဂီဝါ) အပြစ်မထိုက်၊ အစားစိုက်၍ ဆပ် ဖွယ်မလို။

အကယ်၍ ဆရာမထေရ်က "ဒကာ-ဤသူသည် ရှင်ရဟန်းဘဝရောက်နေ ပါပြီ၊ ယခုအချိန်မှာ အဘယ်အရပ်သို့ ထွက်ပြေးတော့မှာလဲ၊ ဤအရပ်၌ပင် နေပါစေလော့"ဟု ပြောဆို၏။ ကြွေးရှိသူ တပည့် ရဟန်း သာမဏေလည်း အရပ်တပါးသို့ ထွက်ပြေး တိမ်းရှောင် သွားငြားအံ့၊ ဆရာရဟန်းမှာ အစား စိုက်၍ ကြွေးမြီဆပ်ပေးထိုက်တော့၏။

ထိုတပည့် ရဟန်း သာမဏေငယ်များသည် ပါရမီအကြောင်းနှင့် ပြည့်စုံ သူ၊ ဝတ်အကျင့်နှင့် ပြည့်စုံသူများဖြစ်အံ့၊ ဆရာလုပ်သူ မထေရ်က- "ဒကာ ဤရဟန်း သာမဏေငယ်သည် အကြောင်းပါရမီနှင့် ပြည့်စုံကာ ဝတ်အကျင့် နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကောင်း တယောက်ဖြစ်သည်"ဟု တရားဓမ္မပြကာ ပြောပြအပ်၏။

ထိုသို့ပြောပြသဖြင့် ကြွေးရှင်လည်း သဘောကျကာ ဝမ်းမြောက်နှစ်သက် သာဓုခေါ်လျက် ကြွေးမြီများကို ခွင့်လွှတ်ကာ လျှော်ပစ်ငြားအံ့၊ ဤသို့ ခွင့်လွှတ်ခြင်းသည် အပြစ်မရှိတော့သဖြင့် ကောင်းမြတ်လှပေ၏။

အကယ်၍ အကုန်မလျှော်ပဲ ထက်ဝက်ကိုသာ ဆပ်ပေးရန် တောင်းလျှင် လည်း ထက်ဝက်ကို ဆပ်ပေးရမည်။ (ကြွေးမြီရှိသူ ရဟန်းသာမဏေက သော်လည်းကောင်း၊ဆရာကသော်လည်းကောင်း ဆပ်ပေးရမည်ဟူလို)

နောင်အခါ တပည့် ရဟန်း သာမဏေငယ်သည် ဆရာ့အပေါ်၌ ဝတ္တရား ကျေပွန်သဖြင့် ဆရာသဘောကျသူဖြစ်အံ့၊ ကြွေးမြီရှင်က ထက်ဝက်သာ မက အကုန်ပင် ဆပ်ပေးရန် တောင်းခံပါသော်လည်း ဆပ်ပေးထိုက်သည် သာတည်း။

(တပည့် ရဟန်း သာမဏေငယ်များက တတ်နိုင်လျှင်ဆပ်၊ မတတ်နိုင်လျှင် ဆရာလုပ်သူ ရဟန်းကပင် မိမိ၏ ကပ္ပိယ ပစ္စည်းဝတ္ထုများကို ဆပ်ပေးရမည်ဟု ဆိုလိုသည်။ ဆရာနှင့် တပည့် ရဟန်း သာမဏေငယ်များမှာ ဆပ်ပေးရန် ဥစ္စာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆပ်ပေးဖို့ရန် ကြောင့်ကြစိုက်မှု ဥဿာဟရှိရမည်သာဖြစ်၏၊ ကြွေးရှင်သူက ရဟန်းဖြစ်က အခြားအဖော်ရဟန်းတို့က "ငါ့ချင်မဆပ်တော့ပါဘူး"ဟု ဝန်မချလိုက်ပါလင့်ဟု ပြောဆိုတိုက်တွန်းကြကာ ဝိုင်းဝန်း စုဆောင်း ဆပ်ပေးကြရမည်၊ ဝန်ချလိုက်လျှင်ကား ဘဏ္ဍာတန်ဖိုးလိုက်၍ သုံးဖြတ်ထိုက်၏။)

ကြွေးမြီရှိခနသူ ရဟန်းငယ် ရှင်ငယ်သည် ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်းတို့၌ လိမ္မာသူ၊ ရဟန်းများအား ကျေးဇူးများသူ ဖြစ်ခဲ့လျှင် ကြွေးဆပ်ဖို့ရန် မရှိခဲ့သော် ဘွမ်းခံဝတ်ဖြင့် ရှာမှီး၍ပင် ကြွေးကိုဆပ်ရမည်သာတည်း။

(ရဟန်းငယ် ရှင်ငယ်က စာတော်လှ၍သံဃာအား ကျေးဇူးများခဲ့လျှင် ရဟန်းအားလုံးကပင် ကြွေးဆပ်ဖို့ရန် ဝိနည်းတော်အတိုင်း ရှာ၍ကြွေးဆပ်ရမည်ဟုလို။)

## သူတပါးတို့၏ ကျွန်များကိုလည်း ရှင်ရဟန်းပြုပပေးရ

န ဘိက္ခဝေ ဒါသော(ကျေးကျွန်ကို) ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ–

ဟုမဟာဝါပါဠိတော် နှာ-၁၀၇-၌ ဘုရားရှင် သိက္ခာပုဒ်တော် ပညတ်ထားတော်မူသောကြောင့် သူတပါးတို့၏ ကျေးကျွန်များကိုလည်း ရှင်ရဟန်း ပြုမပေးရ။

## ကျွန်(၄)မျိုး

၁။ အန္တောဇာတ = အိမ်ပေါက်ကျွန်၊ (သား ပေါက်ကျွန်)
၂။ ဓနက္ကီတ = ငွေဝယ်ကျွန်၊
၃။ ကရမရာနီတ = သုံ့ရကျွန်၊
၄။ သာမံဒါသဗျ = ကိုယ်တိုင်ကျွန်အဖြစ်သို့ ကပ်ရောက်သည့်ကျွန် ဟု (၄)မျိုးရှိ၏။

ထို( ၄ )မျိုးတို့တွင်–

**အန္တေဝါသိက = အိမ်ပေါက်ကျွန်ဆိုသည်မှာ–** မိမိအိမ်မှာရှိသော ကျွန်မမှ ပေါက်ဖွားသည့် ပဋိသန္ဓေအားဖြင့်ပင် ကျွန်ဖြစ်ခဲ့နသော **သားပေါက်ကျွန်** မျိုးဖြစ်၏။

**ဓနက္ကီတ = ငွေဝယ်ကျွန်ဆိုသည်မှာ–** ဆင်းရဲနွမ်းပါးသူ မိဘတို့၏အထံမှ ၎င်းတို့၏ သားသမီးများကို ဖြစ်စေ၊ ကျေးပိုင် ကျွန်ပိုင်ရှင် ပုဂ္ဂိုလ်တို့၏ ထံမှ ၎င်းတို့ပိုင်ဆိုင်သော ကျေးကျွန်ကိုဖြစ်စေ၊ ကျွန်အဖြစ် အသိအမှတ်ပြုဖို့ ဥစ္စာပေး၍ ဝယ်ယူအပ်ခဲ့သော ကျွန်မျိုးတည်း။

ထို ၂-ယောက်သော ကျွန်တို့ကို ရှင်ရဟန်းပြုမပေးကောင်း၊ ပြုပေးလိုလျှင် ထိုထို အရပ်ဒေသ၌ ထုံးစံ စည်းကမ်း (စာရိတ္တ)၏ အစွမ်းအားဖြင့် ကျွန်အဖြစ်မှ တော်လှန်ကာ ကျွန်မဟုတ်သည်ကို ပြုပြီးမှ ရှင်ရဟန်း ပြုပေးရမည်။

(ထိုသို့ဇနပုဒ် မြို့ရွာ ဒေသအလိုက် ကျွန်အဖြစ်မှ တော်လှန်ကြောင်း အများသိအောင် ကြော်ငြာခြင်း ကျွန်စာရင်းကို မီးရှို့ခြင်းစသော ကျွန်မဟုတ်အောင် ပြုကြောင်း အထိမ်းအမှတ်ဖြင့် ပြုလုပ်ထားသည် ဟူလို။)

**ကရမရာနီတ = သုံ့ရကျွန်ဆိုသည်မှာ–** တိုင်းတပါးကို တိုက်ခိုက် လုယက်ဖျက်ဆီး၍ သော်လည်းကောင်း၊ တိုင်းတပါးကိုပင် ချော့မော့ ဖြားယောင်းသွေးဆောင်၍သော်လည်းကောင်း၊ထိုတိုင်းတပါးမှကျွန်မဟုတ်သူတို့ကိုဆောင်ယူကာ ကျွန်ပြုထားသူသည်လည်းကောင်း၊ မိမိနိုင်ငံတွင်းမှပင် ပုန်ကန်တော်လှန်မှု အပြစ်ရှိသော ကျေးရွာတခုကို မင်းက လုယက်ဖျက်ဆီးကြကုန်လော့–ဟု စေခိုင်းသဖြင့် ထိုရွာကို တိုက်ခိုက်နှိမ်နင်းကာ လူတို့ကို သုံ့ရ (သုံ့ပန်း) အဖြစ် ဖမ်းယူခဲ့ကြကုန်၏၊ ထိုဖမ်းယူလာသော သုံ့ပန်းယောကျ်ား မိန်းမအားလုံးတို့သည်လည်းကောင်း "ကရမရာနီတ" ကျွန်မျိုးဖြစ်သည်။

ဤသို့သော သုံ့ရကျွန်မျိုးကို ဖမ်းလာသောသူတို့၏အထံ၌ နေရဆဲ ဖြစ်သူကိုလည်းကောင်း၊ နှောင်အိမ်၌ ချုပ်နှောင်ထားသူကိုလည်းကောင်း၊အစောင့်အကြပ်(ရဲသား)တို့ စောင့်ကြပ်ခံနေရသူကိုလည်းကောင်း ရှင်ရဟန်းပြုမပေးကောင်း၊ ထွက်ပြေး လွတ်မြောက် သွားလျှင်ကား ရောက်ရာအရပ်၌ကား ပြုပေးကောင်း၏။

မင်း(အစိုးရ)တို့က အမျက်ပြေကာ နှစ်သက်မြတ်နိုးသဖြင့် သုံ့ပန်းတို့ကိုလွတ်လိုက်ကြ လွတ်စေဟူ အမိန့်ချမှတ်လိုက်သော်လည်းကောင်း၊ အဘိသိက်ခံခြင်းစသော နေ့ထူးရက်ထူးတို့၌ လွှတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်လိုက်သော်လည်းကောင်း သုံ့ပန်းအဖြစ်မှ လွတ်မြောက်သွားသဖြင့် ရှင်ရဟန်း ပြုလုပ်ပေးကောင်း၏။

(တိုင်းပြည် အာဏာပိုင်မင်း (အစိုးရ)တို့က တစုံတခုသော အဘိသိက်သွန်းသောအခါ လွတ်လပ်ရေး ရသောအခါစသော နေ့ထူး ရက်ထူးများ၌ အကျဉ်းထောင်ကျသူများ၊ ရာဇဝတ်ပြစ်မှုရှိသူများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းမျိုးကိုဆိုသည်။)

သာမံဒါသဗျ=မိမိကိုယ်တိုင်ကျွန်ခံသူ ဆိုသည်မှာ— အသက်ဘေးမှ လွတ်မြောက် လိုသောကြောင့် လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှု ရလိုသောကြောင့်လည်းကောင်း၊ အားကိုးလောက်သူတို့၏ အထံ၌ ''အကျွန်ုပ်သည် အရှင်၏ ကျေးကျွန်ပါတည်း၊ ကျေးကျွန်ပြုပါ''ဟု မိမိကိုယ်တိုင်ပင် ကျွန်ခံသော ကျွန်မျိုးပေတည်း၊ ဥပမာ- မင်းတို့၏ ဆင်ထိန်း မြင်းထိန်း နွားထိန်း ကျွဲထိန်းစသော သူတို့ကဲ့သို့တည်း။ ထိုကျွန်မျိုးကိုလည်း ရှင်ရဟန်းပြုမပေးရ၊ မင်း၏ ကိုယ်လုပ် မောင်းမ(ပြည့်တန်ဆာမ)တို့၏ သားသမီးတို့သည် အမတ်၏ သားသမီးတို့နှင့် တူကုန်၏။ ထိုမင်း၏ ကိုယ်လုပ်မောင်းမတို့၏ သားသမီးတို့ကိုလည်း ရှင်ရဟန်းပြုမပေးရ၊ ပင်ကိုယ်က မင်း၏ ကျေးကျွန်မဟုတ်၊ လွတ်လပ်သူ မိန်းမတို့သည် ကိုယ်နှုတ်ကို မစောင့်စည်းကုန်မူ၍ မင်း၏ကိုယ်လုပ် မောင်းမတို့နှင့် အတူတကွ သွားလာနေထိုင်ကြကုန်၏၊ ထိုမိန်းမတို့၏ သားသမီးများကိုကား ပြုပေးကောင်း၏၊ အကယ်၍ သူတို့ကိုယ်တိုင်ပင် မင်းထံ၌ ကျွန်မစာရင်း သွင်းထားသူများ ဖြစ်ငြားအံ့၊ ၎င်းတို့၏ သားသမီးများကို ရှင်ရဟန်း ပြုမပေးရ။

> အကျွန်ုပ်တို့သည်လည်း မင်းမောင်းမတို့ ဖြစ်လိုပါကုန်၏ဟုလျှောက်လွှာတင်ကာ မိမိတို့ကို စောင့်ရှောက်ရန်အကျိုးငှါ ကိုယ်တိုင်ပင် မင်း၏ကျွန်စာရင်း၌ မိမိတို့နာမည်ကို ထည့်သွင်းရေးသား ခိုင်းထားသူ ကျွန်စာရင်း သွင်းသူ မိန်းမမျိုးတည်း။

ဂိုဏ်းပိုင်ကျွန်ကိုလည်း ရှင်ရဟန်းပြုမပေးရ

ပိယသနိုး,မဟာပိန္နဲ,ကုမာရ, စသော နတ်ကို ဆည်းကပ်ကိုးကွယ်သော ဂိုဏ်းအသင်း အဖွဲ့ပိုင်ဆိုင်သော ဂိုဏ်းပိုင် ကျွန်တို့ကိုလည်း (အဖွဲ့တဖွဲ့လုံးနှင့် ဆိုင်သောကျွန်) ထိုဂိုဏ်းဝင် ပုဂ္ဂိုလ်အားလုံး ကျေကျေနပ်နပ် ခွင့်မပေးပဲ ရှင်ရဟန်းပြုမပေးအပ်။

မှတ်ချက်။ ။အယူဝါဒတူ ပုဂ္ဂိုလ်တို့ စုပေါင်း ဖွဲ့စည်းထားသူ ပုဂ္ဂိုလ်အပေါင်းတို့ (ဂိုဏ်းသူဂိုဏ်းသားတို့)ကဘုရားကျောင်း၊ နတ်စင်၊ နတ်ကွန်း စသည်တို့ကို စောင့်ရှောက်ရန် ထားသော ဂိုဏ်းပိုင် ကျေးကျွန်များကို ဂိုဏ်းဝင် ပုဂ္ဂိုလ်အားလုံး၏ ခွင့်ပြုချက်ရမှသာ ရှင်ရဟန်း ပြုပေးရမည်၊

ဂိုဏ်းဝင်ပုဂ္ဂိုလ် တဦးတယောက်ကပင် သဘောမတူ ကန့်ကွက်ခဲ့လျှင် ၎င်းကျွန်ကို ရှင်ရဟန်း ပြုမပေးရ။

## အာရာမ်စောင့်နှင့် ဘုရားကျွန်များ

မင်းများက ကျောင်းများ၌ အာရာမ်စောင့်ကို ပေးလှူသွားတတ်ကြကုန်၏၊ ထိုအာရာမ်စောင့်များကိုလည်း ရှင်ရဟန်းပြုမပေးရ၊ အာရာမ်စောင့်ကျောင်းကျွန်အဖြစ်မှ ကင်းလွတ်အောင်ပြုပြီးမှသာ ပြုပေးကောင်း၏၊ ဘုရားကျွန်များကိုလည်း ဤအတိုင်းပင်မှတ်။

မဟာပစ္စရိအဋ္ဌကထာ၌ - အိမ်ပေါက်ကျွန်၊ ငွေဝယ်ကျွန်တို့ကို ခေါ်ဆောင်လာ၍ ရဟန်းသံဃာတော် အပေါင်းအား "အာရာမ်စောင့်တို့ကို ပေးလှူပါကုန်၏" ဟု လျှောက်ထားကာ လှူဒါန်းသွားလျှင် ရက်တက်ရည်ကို ဦးခေါင်းပေါ်၌ သွန်းလောင်းအပ်သည်နှင့် တူသည်ဖြစ်၍ ထိုကျွန်များကို ရှင်ရဟန်း ပြုပေးကောင်း၏ဟု မိန့်ဆိုထား၏။

အဝိပ္ပာယ်ပုာ။ ။သီဟိုဠ် ကျွန်းသူ ကျွန်းသားတို့သည် ကျွန်ကို ကျွန်အဖြစ်မှ လွှတ်လိုလျှင် ၎င်းကျွန်၏ ဦးခေါင်းကို ရက်တက်ရည်ဖြင့် ဆေး၍ လွှတ်ကြသတဲ့၊ သူတို့၏ထုံးစံပင်၊ အာရာမ်စောင့်အဖြစ်ဖြင့် လှူပါ၏-ဟု ဆိုကာ သံဃာများကို လှူဒါန်းသည်း ရက်တက်ရည်ဖြင့် ဦးခေါင်းပေါ်၌ သွန်းလောင်းကာ ကျွန်အဖြစ်မှ လွှတ်လိုက်သည်နှင့် တူသည်ဖြစ်၍ အာရာမ်စောင့် အဖြစ်ဖြင့် ပေးလှူခံရသော ကျွန်သည် သူ့အလိုလို ကျွန်အဖြစ်မှ လွတ်သပ်ခွင့် ရသွားတော့၏၊ အာရာမ်စောင့်မျှသာ ဖြစ်သွားတော့၏၊ ထို့ကြောင့် ထိုသူမျိုးကို ရှင်ရဟန်းပြုပေးကောင်းတော့သည်-ဟူလို။

ကုရုန္ဒီအဋ္ဌကထာ။ ။၎င်း အဋ္ဌကထာမှာကား- "အာရာမ်စောင့်ကိုပေးလှူပါ၏" ဟု အပ်သော အသုံးအနှုန်းဖြင့် လျှောက်ထား၍ လှူသည်ဖြစ်စေ၊ အခြား မအပ်သော အသုံးအနှုန်းဖြင့် လှူသည်ဖြစ်စေ၊ ဘယ်လိုနည်းနှင့် လှူလှူ၊ ကျွန်ကား ကျွန်ပင်ဖြစ်၍ ရှင်ရဟန်း ပြုမပေးကောင်း၊ ကျွန်အဖြစ်မှ ကင်းလွတ်ခွင့်ပေး၍ (တော်လှန်ပြီး၍) လှူမှသာ ရှင်ရဟန်းပြုပေးကောင်း၏ဟု မိန့်ဆို၏။

အပ်သောအသုံးအနှုန်းဖြင့် လှူသော်လည်း သံဃာ၏ အာရာမိက ကျွန်ဖြစ်နေသောကြောင့် ကေန်မုချ ရှင်ရဟန်းပြုမပေးရ—ဟု ဆိုလိုသည်။

## ကျောင်းကပ် ကပ္ပိယများ

ဆင်းရဲနွမ်းပါးလှသဖြင့် အချို့သောသူတို့သည် "ငါတို့သည် သံဃာတော်ကို မှီခိုကာ အသက်မွေးကုန်အံ့"ဟု ကြံစည်ကာ ကျောင်း၌ ကပ္ပိယပြုလုပ်၍ နေထိုင်ကြကုန်၏၊ ထိုသူမျိုးကား ကျွန်မဟုတ်သောကြောင့် ရှင်ရဟန်းပြုပေးကောင်း၏။

## အမေ-အဖေနှင့် စပ်၍ သိမှတ်ရန် ကျွန်အဆုံးအဖြတ်

လူတယောက်မှာ အမေ-အဖေ နှစ်ယောက်တို့တွင် အမိမျိုးသာ ပဓာနဖြစ်သည်၊ ထို့ကြောင့် အကြင်သူသည်-

၁။ အမေကားကျွန်, အဖေကားကျွန်မဟုတ်, သားကျွန်ဖြစ်၍ ရှင်ရဟန်းပြုမပေးကောင်း။

၂။ အမေကား ကျွန်မဟုတ်, အဖေကားကျွန်,သားကျွန်မဟုတ်၍ ရှင်ရဟန်း ပြုပေးကောင်း၏။

၃။ အမေလည်းကျွန်, အဖေလည်းကျွန်, သား သူ့ကျွန်ဖြစ်၍ ရှင်ရဟန်းပြုမပေးကောင်း။

အမေ့ဘက်သည်သာ ပဓာနဖြစ်သည်။

ရဟန်းတပါးပါးကို သူ့ဆွေမျိုးတို့ကဖြစ်စေ၊ အခြားအလုပ်အကျွေးဒါယကာ တဦးဦးကဖြစ်စေ- "အရှင်ဘုရား ဤသူ့ကို ရှင်ရဟန်းပြုပေးပါကုန်လော့၊ အရှင်ဘုရားတို့၏ ဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်ပါလိမ့်အံ့ "ဟု လျှောက်ထား၍ သူတို့ပိုင် ကျေးကျွန်ကို ပေးလှူငြားအံ့၊ ဘော်လှန်သည်ကို ပြုပြီးမှသာလျှင် ရှင်ရဟန်းပြုပေးရမည်။

ရဟန်းတပါးပါးမှာ မိမိပိုင်သည့် ကျေးကျွန်ကို ရှင်ရဟန်းပြုပေးလိုလျှင်လည်း ကျွန်အဖြစ်မှ ကင်းလွတ်ခွင့် ပေးပြီးမှသာ ရှင်ရဟန်း ပြုပေးကောင်း၏၊ (ကိုယ်ပိုင် ကျွန်ပင်ဖြစ်သော်လည်း လောကစည်းကမ်းအရ ကင်းလွတ်ခွင့် ပေးရဦးမည်။)

တနည်းအားဖြင့်-အထက်ပါနည်းအတိုင်း ဆွေမျိုး ဒါယကာ-ဒါယိကာမတို့က လျှောက်ထားပြီးလျှင် သူတို့ပိုင် ကျေးကျွန်ကို လှူခဲ့ငြားအံ့၊ ထိုကျွန်မှာလည်း သူပိုင်ကျွန်ဆင့် ရှိနေငြားအံ့၊ ၎င်းကျွန်ဆင့် ရှိသူကို ကျွန်အဖြစ်မှ

ကင်းလွတ်ခွင့်ပေးပြီးမှသာ ရှင်ရဟန်း ပြုပေးအပ်၏။(ရှင်ရဟန်းဘဝ၌ ပုဂ္ဂလိက ကျွန် ပိုင်ဆိုင်ခွင့် မရှိရ။)

တနည်းအားဖြင့်- ကျွန်ဆင့်ရှိသူကို ရှင်ရဟန်းပြုပေးလိုလျှင် သူ့ကျွန် များကို ကျွန်အဖြစ်မှ ကင်းလွတ်ခွင့် ပြုပြီးမှသာ ရှင်ရဟန်း ပြုပေးရမည်၊ သူ့သခင်ကျွန်က ရှင်ရဟန်းပြုသွားသော်လည်း ကျွန်ဆင့်ရှိသူ သူ့ကျေးကျွန် တို့ကား ကျွန်ဖြစ်မြဲဖြစ်နေသောကြောင့်တည်း။

**တာဝကာလိက ကျွန်မျိုး။** ။ကျွန်ပိုင်ရှင် ပုဂ္ဂိုလ်တို့သည် ၎င်းတို့ ပိုင် ကျွန်ကို"ဤသူ့ကို ရှင်ရဟန်းပြုပေးတော် မူကြပါကုန်လော့၊ အကယ်၍ ထိုသူသည် ရှင်ရဟန်းဘဝ၌ မပျော်မွေ့သဖြင့် သာသနာတော်တွင်း၌ နေထိုင်ခဲ့လျှင် ကျွန်မဟုတ်တော့ပါ၊ လွတ်လပ်သူ ဖြစ်ပါစေ၊ သာသနာဘောင်မှာ မပျော်မွေ့၍ လူထွက်လာလျှင်တော့ တပည့် တော်တို့၏ ကျွန်ဖြင်မြဲတိုင်းသာ ဖြစ်ရပါလိမ့်မည်ဘုရား"ဟု လျှောက်ထား၍ လှူပြွားအံ့၊ ဤပုဂ္ဂိုလ်မျိုးကား ရှင်ရဟန်းပြုနေစဉ်သာ ကျွန်အဖြစ်မှ ကင်း လွတ်ခွင့် ပြုသည်ဖြစ်၍ "တာဝကာလိကကျွန်" မည်၏၊ ထိုကဲ့သို့ လျှောက် ထားသော ကျွန်မျိုးကို ရှင်ရဟန်း ပြုမပေးကောင်း-ဟု ကင်္ခါဋ္ဌကထာ၌ မိန့်ဆိုသည်။

**ပိုင်ရှင်မဲ့ကျွန်။** ။တစုံတယောက်သော ကျွန်သည် ၎င်းကိုပိုင်ဆိုင်သော အရှင်သခင် အားလုံးသည် သေဆုံးကုန်ကြ၍ ၎င်း ကျွန်ပိုင် ပုဂ္ဂိုလ်တို့မှာသည်း အမွေခံ ဆွေမျိုးမရှိ၊ ထိုကျွန်မျိုးကို ပိုင်ရှင်မဲ့ နိဿာမိကဒါသ-ဟု ခေါ်၏၊ ထိုပိုင်ရှင်မဲ့ ကျွန်ကိုလည်း ကျွန့်အဖြစ်မှ ကင်း လွတ်အောင် တော်လှန်မှုပြီးမှသာ ရှင်ရဟန်းပြုပေးကောင်း၏။

(၎င်း ပိုင်ရှင်မဲ့ကျွန်ကို ကျွန်ပိုင်ခဲ့သူတို့နှင့် ဇာတ်တူ ပုဂ္ဂိုလ်တို့က သော် လည်းကောင်း၊ နေထိုင်ရာ မြို့, ရွာ, ရပ်ကွက်ရှိ လူတို့ကသော် လည်း ကောင်း၊ ထိုမြို့, ရွာ, ရပ်ကွက်ကို အုပ်ချုပ်သူ အာဏာရှိ ပုဂ္ဂိုလ်တို့ကသော် လည်းကောင်း၊ ကျွန်အဖြစ်မှ လွတ်လပ်ခွင့် ပြုလိုက်ပြီ ဖြစ်ကြောင်းကို(အစိုးရ ဝန်ထမ်းများ သေလွန်သောအခါ အမိန့်တော် ပြန်သကဲ့သို့) အမိန့်ပြန်တမ်း ထုတ်၍ ကျွန်အဖြစ်မှ ကင်းလွတ်အောင် တော်လှန်မှုပြုရမည်၊ သို့မဟုတ် ထိုပိုင်ရှင်မဲ့ ကျွန်သည် ကိုယ့်ကိုယ်ကိုပင် ကျွန်အဖြစ်မှ ကင်းလွတ်သွားပြီ ဖြစ်ကြောင်းကို ကြေငြာ၍ အမိန့်ပြန်ကာ တော်လှန်ရမည်။)

သူတပါးတို့၏ ကျေးကျွန်မှန်းမသိ၍ ရှင်ရဟန်းပြုပေးမိလျှင် နောက်အခါမှ သိခဲ့သော် တော်လှန်ခြင်းကို ပြုမှသာလျှင် သင့်မြတ်၏၊ မပြုသော် မသင့်

မြတ် (ရှင်ရဟန်းတော် ဖြစ်၏၊ ကျေးကျွန်အဖြစ်ကား မလွတ်မြောက်သေး၊ ထို့ကြောင့် တော်လှန်ရဦးမည်ဟု ဆိုလိုသည်။)

ယင်းအကြောင်းအရာနှင့် စပ်၍ သီဟိုဠ်ကျွန်း၌ ဖြစ်ပေါ်ခဲ့သော မထေရ်တပါး၏ အတ္ထုပ္ပတ္တိကို အဋ္ဌကထာဆရာတို့ ပြဆိုတော်မူကြကုန်၏။

အကြောင်း အတ္ထုပ္ပတ္တိ။ ။သီဟိုဠ်ကျွန်း၌ ရှေးအခါက ကျွန်မတယောက်သည် ကျွန်မဟုတ်သူ အမျိုးသားတယောက်နှင့် အဆက်အသွယ်ဖြစ်ကာ အနုရာဓမြို့မှ ထွက်ပြေး၍ ရောဟဏဇနပုဒ်၌ နေထိုင်ကြ၏။

မကြာမီပင် သားယောကျ်ားကလေး တယောက် ဖွားမြင်ခဲ့လေသည်၊ ထိုသူငယ်သည် အရွယ်ရောက်သောအခါ ရှင်ရဟန်းပြု၏၊ ထိုရဟန်းငယ်ကလေးသည် မကောင်းမှုမှ ရှက်တတ်သည့်အပြင် ဝိနည်းကိုလည်း လေးစားသော လဇ္ဇီသီလဝန် ပုဂ္ဂိုလ်လေးဖြစ်၏။

တနေ့သောအခါ မယ်တော်ကို "ဒါယိကာမကြီး ဒါယိကာမကြီးမှာ ညီအစ်ကို မောင်နှမ သားချင်းများ မရှိဘူးလား၊ ဒါယိကာမကြီး၏ ဆွေမျိုးသားချင်းဆို၍ တစုံတယောက်မျှ မတွေ့ရပါကလား"ဟု မေးရာ မယ်တော်က–"မောင်ပဥ္စင်း မယ်တော်ဟာ အနုရာဓမြို့မှ သူတပါးတို့၏ ကျွန်မဖြစ်သည်၊ မောင်ပဥ္စင်း ဖခင်နှင့် ဆက်သွယ်မိကာ ဤရောဟဏဇနပုဒ်သို့ ထွက်ပြေးလာကြပြီး နေထိုင်ကြပါတယ်"ဟု သူ၏ နောက်ကြောင်းကို သားဦးပဥ္စင်းအား လျှောက်ထားလေသည်။

သီလရှိသော ထိုရဟန်းငယ်သည် 'ငါ၏ ရှင်ရဟန်း အဖြစ်သည် မစင်ကြယ်ပါတကား'ဟု သံဝေဂဖြစ်ကာ မိမိမယ်တော်၏ အမျိုးအနွယ် အမည်များကို သေချာစွာ မေးမြန်းပြီးလျှင် အနုရာဓမြို့သို့ သွားရောက်၍ ထိုအမိ၏ အရှင်သခင်ဖြစ်သော အိမ်၏တံခါး၀၌ ရပ်လေသည်၊ အိမ်ရှင်များက ဆွမ်းရပ်သည်ထင်မှတ်၍ "ကန်တော့ဆွမ်းပါဘုရား"ဟု ကန်တော့ဆွမ်း လောင်းသော်လည်း ကြွသွားပဲ ရပ်မြဲရပ်နေသဖြင့် အိမ်ရှင်များ ထွက်လာကာ "အရှင်ဘုရား ဘာကိစ္စရှိလို့ပါလဲဘုရား"ဟု မေးမြန်းလျှောက်ထားလေလျှင် "ဤမည်သော ကျွန်မတယောက် ဒါယကာကြီးတို့အိမ်မှ ရှေးအခါက ထွက်ပြေးသွားဖူးတာ ရှိခဲ့ပါသလား"ဟု မေး၏၊ အိမ်ရှင်က ရှိခဲ့ဖူးတဲ့အကြောင်း လျှောက်ထားသောအခါ "ဦးပဥ္စင်းဟာ ဒါယကာကြီးတို့အိမ်မှ ထွက်ပြေးသွားခဲ့တဲ့ ကျွန်မ၏သား ဖြစ်ပါတယ်၊ ဒါယကာကြီးတို့က ဦးပဥ္စင်းကို အကယ်၍ မွေ့ပြုလျှင် ရှင်ရဟန်းအဖြစ်ကို ဆက်လက်၍ရရှိပါလိမ့်မည်၊ သင်ဒါယကာကြီးတို့ဟာ ဦးပဥ္စင်းရဲ့ အရှင်သခင်များ ဖြစ်ကြပါတယ်"ဟု ပြောပြရာ ထိုဒါယကာ

ဒါယိကာမတို့က ရှင်လန်းဝမ်းမြောက်စွာ "အရှင်ဘုရား—အရှင်ဘုရားတို့၏ ရှင်ရဟန်းအဖြစ်သည် သန့်ရှင်းစင်ကြယ်ပါ၏" ဟု လျှောက်ထားကြပြီးလျှင် ထိုရဟန်းတော်ကို ကျွန်အဖြစ်မှ ကင်းလွတ်ခွင့် ပေးပြီးလျှင် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၌ သိတင်းသုံး နေထိုင်စေ၍ စွည်းလေးပါးတို့ဖြင့် ပြုစုထောက်ပံ့ လုပ်ကျွေးကြကုန်၏၊ ထိုရဟန်းတော် ကလေးသည် ထိုဒါယကာ ဒါယိကာမတို့ကို အမှီပြုလျက် နေ့စဉ်ပင် သာသနာ့အလုပ်ကို ကြိုးစားအားထုတ်ရာ ရဟန္တာ ဖြစ်သွားသတဲ့။

ဤအဋ္ဌုပ္ပတ္တိ၌ ရဟန်းတော် ကလေးဟာ အဖေက ကျွန် မဟုတ်သော်လည်း အမေက ကျွန်ဖြစ်နေ၍ ရှင် ရဟန်း မပြုကောင်းသူဖြစ်၏၊ ကျွန်အဖြစ်မှ ကင်းလွတ်ခွင့်ပြုပြီးမှသာ ပြုကောင်း၏၊ ရှင် ရဟန်း ပြုလျှင်ကား ရှင် ရဟန်း မဖြစ်သည်တော့ မဟုတ်၊ ဖြစ်၏၊ ဒါပေမယ့် ရဟန်းဘဝ ရောက်လာသည့်အခါမှာ မိမိဟာ သူ့ဘပါးတို့၏ ကျေးကျွန်ဖြစ်နေမှန်း သိခဲ့လျှင် အရှင်သခင်တို့ထံမှ ကျွန်အဖြစ်မှ ကင်းလွတ်ခွင့်ကို တောင်းရမည်၊ တော်လှန်ရမည်၊ ထိုသို့တော်လှန်သောအခါ ဝမ်းမြောက်စွာ ကျေကျေနပ်နပ် လွတ်မြောက်ခွင့် ပေးလျှင် ကိစ္စမရှိ၊ မကျေနပ်သဖြင့် ကင်းလွတ်ခွင့် မပေးလျှင် ဥစ္စာဘဏ္ဍာဖြင့် ကင်းလွတ်ခွင့်ရအောင် ပြုလုပ်ရမည်၊ ဥစ္စာဘဏ္ဍာပေး၍ ရွေးနုတ်မခံ၍ ကင်းလွတ်ခွင့် မရလျှင်၊ လူထွက်ကာ သူ့ကျွန်ခံရမည်သာ၊ မခံလျှင် တရားဥပဒေအရ အပြစ်ပေးနိုင်သည်။

ယခုမျက်မှောက်ခေတ်ကား ကျေးပိုင် ကျွန်ပိုင်ခေတ် မဟုတ်တော့၊ ကုလသမဂ္ဂအဖွဲ့ကြီးမှ အမိန့်ထုတ်ပြန်ကာ ပယ်ဖျက်ပြီးဖြစ်၏၊ သူ့ခေတ် သူ့အခါအလိုက် ဆိုခဲ့သော စကားများဖြစ်၏။

**ဝိနည်းမဟာဝါပါဠိတော်၌ ရှင် ရဟန်း ပြုမပေးရဟု ဘုရားရှင် တားမြစ်တော်မူသော ပုဂ္ဂိုလ်သုံးကျိပ်နှစ်ယောက်**

၁။ နဘိက္ခဝေ၊ ဟတ္ထစ္ဆိန္နော၊ ပဗ္ဗာဇေတဗ္ဗော၊ ယောပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ။

| | | | | |
|---|---|---|---|---|
| ၂။ | နဘိက္ခဝေ | ပါဒစ္ဆိန္နော | ။ | ။ |
| ၃။ | နဘိက္ခဝေ | ဟတ္ထပါဒစ္ဆိန္နော | ။ | ။ |
| ၄။ | နဘိက္ခဝေ | ကဏ္ဏစ္ဆိန္နော | ။ | ။ |
| ၅။ | ။ | နာသစ္ဆိန္နော | ။ | ။ |
| ၆။ | ။ | ကဏ္ဏနာသစ္ဆိန္နော | ။ | ။ |

| | | | | |
|---|---|---|---|---|
| ၇။ | ။ | အင်္ဂုလိစ္ဆိန္နော | ပဗ္ဗာဇေတဗ္ဗော၊ | ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ |
| ၈။ | ။ | အင်္ဂုဋ္ဌစ္ဆိန္နော | ။ | ။ |
| ၉။ | ။ | ကဏ္ဍရစ္ဆိန္နော | ။ | ။ |
| ၁၀။ | ။ | ဖဏဟတ္ထကော | ။ | ။ |
| ၁၁။ | ။ | ခုဇ္ဇော | ။ | ။ |
| ၁၂။ | ။ | ဝါမနော | ။ | ။ |
| ၁၃။ | ။ | ဂလဂဏ္ဍီ | ။ | ။ |
| ၁၄။ | ။ | လက္ခဏာဟတော | ။ | ။ |
| ၁၅။ | ။ | ကသာဟတော | ။ | ။ |
| ၁၆။ | နဘိက္ခဝေ | လိခိတကော၊ | ပဗ္ဗာဇေတဗ္ဗော၊ | ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ |
| ၁၇။ | ။ | သီပဒီ | ။ | ။ |
| ၁၈။ | ။ | ပါပရောဂီ | ။ | ။ |
| ၁၉။ | ။ | ပရိသဒူသကော | ။ | ။ |
| ၂၀။ | ။ | ကာဏော | ။ | ။ |
| ၂၁။ | ။ | ကုဏီ | ။ | ။ |
| ၂၂။ | ။ | ခဉ္ဇော | ။ | ။ |
| ၂၃။ | ။ | ပက္ခဟတော | ။ | ။ |
| ၂၄။ | ။ | ဆိန္နိရိယာပထော | ။ | ။ |
| ၂၅။ | ။ | ဇရာဒုဗ္ဗလော | ။ | ။ |
| ၂၆။ | ။ | အန္ဓော | ။ | ။ |
| ၂၇။ | ။ | မူဂေါ | ။ | ။ |
| ၂၈။ | ။ | ဗဓိရော | ။ | ။ |
| ၂၉။ | ။ | အန္ဓမူဂေါ | ။ | ။ |
| ၃၀။ | ။ | အန္ဓဗဓိရော | ။ | ။ |
| ၃၁။ | ။ | မူဂဗဓိရော | ။ | ။ |
| ၃၂။ | ။ | အန္ဓမူဂဗဓိရော | ။ | ။ |

သော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟု ဘုရားရှင် သိက္ခာပုဒ်များ ပညတ်ထားတော်မူသောကြောင့်၊ လက်ပြတ်သူစသော သုံးကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့ကိုလည်း ရှင်ရဟန်း ပြုလုပ်မပေးကောင်း။

အကယ်၍ ပြုလုပ်ပေးပါက ဆရာရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ တပည့်မှာမူ ရှင်ရဟန်းကား ဖြစ်၏၊ ရှင်ရဟန်းပြုပြီးမှ အင်္ဂါချွတ်ယွင်းသွားမူကား အပြစ်မရှိပေ။

အထက်ပါသုံးကျိပ် နှစ်ယောက်သော ပုဂ္ဂိုလ်တို့ကို ရှင်ရဟန်း ပြုမပေးရန် တားမြစ်ထားတော်မူခဲ့သည်မှာ သာသနာတော်ထမ်း ရဟန်း သာမဏေများသည် အများကြည်ညိုမှုကို ခံယူထိုက်အောင် ဥပမိသမ္ပတ္တိ=ရုပ်ဆင်း အင်္ဂါတို့နှင့် ပြည့်စုံမှု ရှိရမည်ဖြစ်သောကြောင့် လည်းကောင်း ဂန္ထဓုရ=စာပေကျမ်းဂန် သင်အံပို့ချ ပြောဟောမှု၊ ဝိပဿနာဓုရ=တရားမေ့ အားထုတ်မှု သာသနာ့ တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ကာ သာသနာတော်ကြီး၏ အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွား စည်ကားအောင် ဆောင်ရွက်ကြရမည့် တာဝန်ရှိ ပုဂ္ဂိုလ်များဖြစ်၍ ထိုသာသနာ့ တာဝန်များကို ထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့်လည်းကောင်း တားမြစ်တော်မူခဲ့သည်၊ ကိုယ့်အကျိုး အတွက်တာကား လူဝတ်ကြောင် အနေဖြင့်ပင် အားထုတ်နိုင်ကြ၏၊ ရဟန်းသာမဏေတို့ကား အတ္တဟိတ=ကိုယ့်အကျိုးစီးပွား သက်သက်သာ ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များမဟုတ်ကြ။

**ဟတ္ထစ္ဆိန္န=လက်ပြတ်သူ။** ။လက်ဖဝါးအပြင်,လက်ကောက်ဝတ်, တတောင်ဆစ်, တနေရာရာ၌ တဘက်ဖြစ်စေ နှစ်ဘက်လုံးဖြစ်စေ ပြတ်နေသူ၊ ပြတ်ရှထင်နေသူ။

**ပါဒစ္ဆိန္န=ခြေပြတ်နေသူ။** ။ခြေဖျား, ခြေဖမိုး, ခြေသလုံး, တနေရာရာ၌ တဘက်သော် လည်းကောင်း နှစ်ဘက်လုံးသော်လည်းကောင်း ပြတ်နေသူ။

**ဟတ္ထပါဒစ္ဆိန္န=လက်ခြေ(၂)မျိုးပြတ်သူ။** ။အထက်ပါ နှစ်မျိုး တဘက်စီဖြစ်စေ, နှစ်ဘက်လုံး ဖြစ်စေ, သုံးဘက်ဖြစ်စေ လေးဘက်လုံးဖြစ်စေ ပြတ်နေသူ။

**ကဏ္ဏစ္ဆိန္န=နားရွက်ပြတ်သူ။** ။နားရင်းအခြေက ဖြစ်စေ၊နားရွက်တနေရာရာကဖြစ်စေ တဘက်သော်လည်းကောင်း, နှစ်ဘက်လုံးသော်လည်းကောင်း စုတ်,ပြတ်,ပဲ့, နေသူ။ (စုတ် ပြတ်နေသဖြင့် ဆက်စပ်ကုသ၍ ပျောက်ကင်းသူကိုကား ရှင်ရဟန်းပြုပေးကောင်း၏။)

**နာသစ္ဆိန္န**=နှာခေါင်းပြတ်သူ။ ။ဆိတ်ခွာသဏ္ဌာန် ရှိသော နှာခေါင်းတွင်း (နှာခေါင်းရိုးအဆုံး) နှာခေါင်းအဖျား နှာခေါင်းဟု တနေရာ၌ ပြတ်နေသူ။ အပြတ်အပဲ့ကို ဆက်ပေ်၍ ကုသပြီးသော သူကိုကား ရှင်ရဟန်းပြုကောင်း၏။

**ကဏ္ဏနာသစ္ဆိန္န**=နားရွက် နှာခေါင်း (၂)မျိုးပြတ်သူ ။။ အထက်ပါအတိုင်း နားရွက် နှာခေါင်း (၂)မျိုးလုံး ပြတ်နေသူ။

**အင်္ဂုလိစ္ဆိန္န**=လက်ချောင်း ခြေချောင်းပြတ်သူ။ ။အချင်း, အဖျား, အလယ်, တနေရာရာ၌ အယုတ်ဆုံး ချည်မျှင်တခုစာမျှ မကျန်ရအောင် တချောင်း နှစ်ချောင်း သို့မဟုတ် အကုန်လုံး လက်ချောင်း ခြေချောင်းများပြတ်နေသူ၊ ချည်မျှင်တခုစာမျှလောက် လက်သည်း ခြေ သည်း ထင်ရှားနေပါမူကား ထိုသူကို ရှင်ရဟန်းပြုပေးကောင်း၏။

**အဠစ္ဆိန္န**= လက်မ, ခြေမ ပြတ်သူ။ ။လက်ချောင်း ခြေချောင်း၌ ပြဆိုခဲ့သည့်အတိုင်း လက်မ, ခြေမ,တချောင်းဖြစ်စေ, အများအပြားဖြစ်စေ ပြတ်နေသူ။

**ကဏ္ဍရစ္ဆိန္န** = ဖနောင့်ကြောစသော အကြောမကြီးများ ပြတ်နေသူ ။။ ဖနောင့်ကြော စသော ခြေထောက်၏ ရှေ့နောက် တို့မှ အကြောမကြီး တခုခု ပြတ်သွား၍ ခြေထောက် ခြေဖဝါးကို အညီအမျှ မနင်းနိုင်ပဲ ခြေဖျား ထောက်၍ သော်လည်းကောင်း၊ ခြေဖျားကို ယောင်ကာ ဖနောင့်ဖြင့် သောက်၍သော်လည်းကောင်း သွားရသောသူ။

**ဖဏဟတ္ထက**=လက်ချောင်း ခြေချောင်းများ တွဲကပ် ဆက်စပ်နေသူ ။။ လင်းနို့ တောင်ကဲ့ သို့ လက်ချောင်း ခြေချောင်းများ အရေဖြင့် ပူးတွဲ ဆက်စပ်၍ နေသောသူ (လက်ပါးပျဉ်း ခြေပါးပျဉ်းရှိသူ)၊ ၎င်းသူကို ရှင်ရဟန်းပြုပေးလိုလျှင် လက်ချောင်း ခြေချောင်းများကို တချောင်းစီဖြစ်အောင် ခွဲကာ လက်ချောင်းကြား ခြေချောင်းကြားမှ ပိုသော အရေတို့ကို ကိုက်ပစ်ကာ ကုစား၍ အနာပျောက်မှ ရှင်ရဟန်း ပြုပေးရမည်၊ လက်ချောင်းပို ခြေချောင်းပို ရှိနေသူကို အပိုလက်ချောင်း ခြေချောင်းကို ဖြတ်ပစ်၍ ပျောက်ကင်းမှသာ ပြုပေးကောင်း၏။

**ခုဇ္ဇ = ကုန်းသောသူ။** ။ရင်ဘတ်, ကျောကုန်း, နံဘေးတခုခု၊ စူထွက် (ငေါ) ထွက်နေ၍ ကုန်းသောသူ၊ ရင်ဘတ် စူထွက်နေသောသူကား ရှေ့သို့ကိုင်းသည်၊ ကျောကုန်းဖုထွက် နေသူကား ကုန်းသည်၊ နဘေးစူထွက်နေသူကား ဘေးသို့စောင်းသည်။

**ဝါမန = ပုကွသောသူ။** ။မြင်းခေါင်းခေါ်သော ဖြေသလုံးပုတို၍ အောက်ပိုင်း တိုသောသူ၊ ခါးတို၍ အထက်ပိုင်း တိုသောသူ၊ နှစ်မျိုးစုံတို၍ အထက်ပိုင်း အောက်ပိုင်း နှစ်မျိုးလုံး တိုသောသူ၊ ထိုကဲ့သို့ နှစ်မျိုးလုံး ပုကွတိုလျှသူသည်၊ ဘုတ်တစ္ဆေကဲ့သို့ အလယ်တုတ်၍ အထက်ပိုင်း အောက်ပိုင်းက သေးသော အိုးနှင့် တူသော ခန္ဓာကိုယ်ရှိသူ၊ ထိုပုကွသူ သုံးယောက်လုံးကို ရှင်ရဟန်း ပြုမပေးကောင်း။

**ပလဂဏ္ဍိ = လည်ပင်းကြီးသူ။** ။လည်ပင်း၌ မြင်းဖုရှိသူ၊ ဤစကားသည် လည်ပင်းကို အဦးပြု၍ ဆိုသော စကား ဖြစ်၏၊ ဆိုလိုရင်းမှာ ခန္ဓာကိုယ် တနေရာရာ၌ မြင်းဖု ရှိသူအားလုံးကို ဆိုသည် ဟုမှတ်ပါ၊ အနာကြီး (၅)မျိုးတုန်းက ဆိုခဲ့ပြီးသည့်အတိုင်း သံ ရမည်။

လက္ခဏာဟတ=သံပူသံပြား အမှတ်တံဆိပ် အနှိပ်ခံရသူ။

ကသာဟတ = ကြိမ်ဒဏ် အရိုက်ခံရသူ။

လိခိတက = သတ်မိန့် ဖြတ်မိန့် ဝရမ်းထုတ်ခံရသူ။

ဤပုဂ္ဂိုလ် (၃)ယောက်ကို အောက်၌ပြဆိုခဲ့ပြီး။

**သီပဒိ=ခြေထိုင်းခြေဆွံ့သူ။** ။ခြေ ထောက် လေး လံ နေ ၍ ခြေမကြွောက် မလှမ်းနိုင်သူ၊ ခြေရွက်ဆွဲနေသူ၊ (ဆင်ခြေ ထောက် ရောဂါရှိသူမျိုးကို သိုလိုသည်။) ၎င်းသူမှာ ခြေထောက်ဖောရောင် လျက် အရေမာကြောနေ၏။

**ပျောက်အောင် ကုသနည်း၊** ။ခြေသလုံး ခြေထောက်က အရေများ မာကြော၍ မနေသေးလျှင် ကုစား၍ ရသေး၏၊ ပျောက်အောင် ရှေးဦးစွာ ခြေထောက်ကို အဝတ်ပတ်တီးစတို့ ဖြင့် ခပ်ထူထူ ပတ်စည်းပြီးလျှင် မြေကြီးထဲ၌ (၂) တောင်ခန့် နက်အောင် တွင်းတူး၍ ၎င်းတွင်းထဲသို့ ရေနွေး သို့မဟုတ် သဲပူသည့် (အောက်က အနည်းငယ် အရင်ထည့်ပါ) ၎င်းတွင်းထဲသို့ ခြေထောက်များ ချကာ (အောက်မထည့်စေနှင့်) မရေနွေး သဲနွေး (ခံနိုင်လောက်သော အပူရှိရုံ) အပြည့်ထည့်ကာ တနာရီလောက်ထားပါ၊ အကြောများ သောဂါမဖြစ်မီက

ကဲ့သို့ ပေါ်လာအောင် ခြေသလုံးအရောင် ပျောက်ကာ ဝါးကျည်တောက် ပမာ သေးငယ်သွားအောင် တနေ့ဘခါ ပြုလုပ်ပေးပါ၊ ခြေယောက်သို့ သွေးဆင်း၍ ရောင်ခြင်း ဖြစ်သည်၊ ပျောက်လျှင် ရှင်ရဟန်းပြုပေးကောင်း၏၊ ရှင်ပြုပေးပြီး ထိုရောဂါ တိုးလာပြန်ခဲ့သော် ပျောက်အောင် ကုသပြီးမှသာ ရဟန်းပြုပေးကောင်း၏။

**ပါပရောဂီ**=မြင်းသရိုက် ဘဂန္ဒြရ်စသော အရိယိုနာ, ဘဂန္ဒြရ်နာ, သည်းခြေ
အနာရောဂါရှိသူ နာ, သလိပ်နာ, ခယရုဂ် ချောင်း ဆိုးနာ မြစ်ချောက်နာ စသော အနာဖြင့် အမြဲကျင်နာနေသူ၊ ဆေးကုသသော်လည်း မရနိုင်သည့် စက်ဆုပ် ရွံမုန်း မနှစ်လိုဖွယ်ဖြစ်သော အနာရောဂါ ရှိနေသူ၊ ထိုသူကို ရှင်ရဟန်းပြု မပေးကောင်း။

**ပရိသဒူသက**=ပရိသတ်ကို ဖျက်ဆီးတတ်သူ၊ ။တင့်တယ်သပ္ပါယ်မှုမရှိ၊ ဖောက်ပြန်သော အဆင်း သဏ္ဌာန်ရှိသောကြောင့် အများကြောက်ရွံ့ ထိတ်လန့်ရွံစဖွယ် ရုပ်အဆင်း ရှိသူများကို "ပရိသဒူသက"ဟု ခေါ်၏၊ ထိုပုဂ္ဂိုလ်များကား-

(၁) သူတပါးတို့၏ ဦးခေါင်း ပမာဏနှင့် ညီမျှသော ချက်အရပ်ရှိ လောက်အောင် အလွန်အမင်း အရပ်ရှည်သောသူ၊

(၂) အထက်ပိုင်း အောက်ပိုင်း ပုတို၍ တစ္ဆေ မြေဘုတ်ပမာ လွန်စွာ ပုကွသောသူ၊

(၃) ပီးလောင်ထားသည့် သစ်ငုတ်ကဲ့သို့ အလွန်မည်းနက် သောသူ၊

(၄) နို့ဓမ်း ရက်တက်ရည် စသည်တို့ဖြင့် ပွတ်တိုက်အပ်သော ညက် ညောသည့် ကြေးနီအဆင်းရှိ၍ အလွန်ဖြူသောသူ၊

(၅) နည်းသော အသားအသွေးရှိ၍ အရိုးအကြော အရေမျှသာ ရှိသော ကိုယ်ရှိသူပမာ လွန်စွာကြုံလှီ (ပိန်)သောသူ၊

(၆) လေးလံသော အသားရှိ၍ အလွန်ဝဖြိုးသောသူ၊

(၇) တစ္ဆေ မြေဘုတ်အလား ဝမ်းဗိုက် ကြီးမားသောသူ၊

(၈) ခြင်းတောင်းကြီး ရွက်ထားသူအလား အလွန်ကြီးမားသော ဦးခေါင်းရှိသောသူ၊

(၉) ခေါင်းနှင့်ကိုယ် မလိုက်လျောအောင် အလွန်သေးငယ်သော ဦးခေါင်းရှိသောသူ၊

(၁၀) အသီးထွက်စ ထန်းသီးခိုင်ပမာ အဖုအဖု ထနေသော ဦးခေါင်းရှိသောသူ၊

(၁၁) အထက်ပိုင်း၌ အစဉ်အတိုင်း သေးငယ်၍ တောင်ထွတ်အသွင် ဦးခေါင်းအထက်သို့ ချွန်တက်နေသောသူ၊

(၁၂) ဝါးကျည်တောက် ပမာ ဦးခေါင်း လုံးစောက်စောက် ရှိသောသူ၊

(၁၃) ဆင်ဦးကင်းကဲ့သို့ ဦးခေါင်းနှစ်ခွ ရှိသောသူ၊

(၁၄) ကိုင်း(ကောက်)သော ဦးခေါင်းရှိသောသူ၊

(၁၅) အနာရှိ(အနာပေါက်)သော ဦးခေါင်းရှိသောသူ၊

(၁၆) (အနာတွေများ၍) ဦးခေါင်းပုပ်သောသူ၊

(၁၇) ကောက်ပင်တို့ကို ပိုးစားထားသည့် လယ်ကွက်ပမာ ကြာချက်သဏ္ဌာန် ဆံပင်အစုအစု ရှိနေသူ၊

(၁၈) ဆံပင် အမွေး လုံးဝမရှိသော ဦးခေါင်းရှိသောသူ၊

(၁၉) ထန်းမျှင်ပမာ တုတ်မာကြမ်းတမ်းသော ဆံပင်ရှိသောသူ၊

(၂၀) မွေးသည့်ကစ၍ ဆံပင်ဖြူလာသော ဦးခေါင်းရှိသောသူ၊

(၂၁) မီးလောင်ထားသည့် ဆံပင်အသွင် ငင်ကိုယ်ပကတိ နီမြန်းသော ဆံပင်ရှိသောသူ၊

(၂၂) နွားမွေ့ကဲ့သို့ အထက်သို့ အဖျားလှည့်သော ဆံမွေ့ရှိသော ဦးခေါင်းရှိသောသူ၊

(၂၃) နဖူးမွေးနှင့် မျက်ခုံးမွေး ရောထွေး ဆက်စပ်လျက် ရှုပ်ထွေးသော မျက်ခုံးမွေးရှိသောသူ၊

(၂၄) မျက်ခုံးနှစ်ဘက် ဆက်စပ်နေသောသူ၊

(၂၅) လုံးဝမျက်ခုံးမွေး မရှိသော မျက်ခုံးရှိသောသူ၊

(၂၆) မျောက်၏ မျက်ခုံးနှင့်တူသော မျက်ခုံးရှိသောသူ၊

(၂၇) အလွန်ကြီး သော မျက်လုံးရှိသောသူ၊

(၂၈) ကျွဲရေ၌ ဖောက်ထားအပ်သည့်အပေါက်ပမာ လွန်စွာသေးငယ်သော မျက်လုံးရှိသောသူ၊

(၂၉) တဘက်ကြီးတဘက်ငယ်၍ မညီမညွှတ်သော မျက်လုံးရှိသူ၊

(၃၀) တလုံးက အထက် တလုံးက အောက်ဖြစ်၍ မညီမညွတ်သော မျက်နက်ဝန်းရှိသောသူ၊

(၃၁) မျက်စိစွေသောသူ၊

(၃၂) နက်ရှိုင်းသော ရေတွင်း၌ တည်သော ရေပွက်ပမာ နက်ရှိုင်းသော မျက်လုံးရှိသောသူ၊ မျက်လုံး ချိုင့်ဝင်နေသောသူ၊

(၃၃) ပုစွန် မျက်လုံးပမာ ပြူးထွက်နေသော မျက်လုံးရှိသောသူ၊

(၃၄) ဆင့်နားရွက်ကဲ့သို့ အလွန်ကြီးသော နားရွက်ရှိသောသူ၊

(၃၅) ကြွက်နားရွက်ကဲ့သို့ သေးငယ်သော နားရွက်ရှိသောသူ၊

(၃၆) လင်းနို့ နားရွက်နှင့်တူသော နားရွက်ရှိသောသူ၊

(၃၇) နားဂလောင်ပေါက်မျှသာ ပါသော နားရှိသောသူ၊

(၃၈) မဖောက်ရ(မထွင်းရ)သေးသော နားရှိသောသူ၊
(ယောနကာ အမျိုးဇာတ် ရှိသူများကား နားမဖောက်ရသေးသော်လည်း ထိုလူမျိုးတို့၏ ဓလေ့ထုံးစံဖြစ်၍ "ပရိသဒူသက" မဖြစ်။)

(၃၉) နားထဲမှ အရိဖာရွဲ အပြည်ယိုပုပ်နေ၍ နားဘဂန္ဒြိုရ်နာ ရှိသောသူ၊

(၄၀) အကျင်းခပ်သိမ်း နားပြည်ယို၍ နားနာရှိသောသူ၊

(၄၁) နွားစာအရည်ကို ပါးစပ်သို့သွင်းသော ကျည်တောက်၏ အဖျားကဲ့သို့ နားပေါက်ကွဲနေသောသူ၊ ရှုံ့သော-ချွန်းသော-နားရှိသောသူ၊

(၄၂) အလွန်ကြောင်သော မျက်လုံးရှိသောသူ၊ (ပျားကဲ့သို့ ကြောင်သော မျက်လုံးရှိသောသူကို ရှင်ရဟန်းပြုပေးကောင်း၏၊)

(၄၃) မျက်တောင်မွေး မရှိသော မျက်လုံးရှိသောသူ၊

(၄၄) မျက်ရည်ယိုသော မျက်လုံးရှိသောသူ၊

(၄၅) ပန်းပွင့်ပမာ ပွင့်အာသော မျက်လုံးရှိသောသူ၊ (မျက်ခွံလန်သော မျက်လုံးရှိသူ၊)

(၄၆) မျက်ခမ်းစပ်ခြင်းနှင့် ပြည့်စုံသည့် မျက်လုံးရှိသောသူ၊

(၄၇) နှာခေါင်းအလွန်ကြီးသောသူ၊

(၄၈) ပိညှပ် (ပိပြား) သော နှာခေါင်းရှိသောသူ၊

(၄၉) အလယ်တည့်တည့် မတည့်ပဲ နံဘေးတဘက်၌ တည့်နေ၍ ကောက်သော နှာခေါင်း ရှိသောသူ၊

(၅၀) ကြက်တူရွေး နှုတ်သီးပမာ မိမိလျှာဖြင့် လျက်လို့ရလောက်အောင် ရှည်လွန်းသော၊ နှာခေါင်းရှိသောသူ၊

(၅၁) နှပ် အမြဲ ယိုကျနေသော နှာခေါင်းရှိသောသူ၊

(၅၂) ပဋ္ဌက်မည်သော ဖား (တွင်းကြီး ဖား) အလား ပါးစပ် ပုံသဏ္ဍာန်ကြီးသော်လည်း ပါးစပ်ပေါက်ကား အလွန်သေးငယ်သောသူ၊

(၅၃) ကွဲသော ပါးစပ်ပေါက် ရှိသောသူ၊

(၅၄) ကောက် (ရွဲ့စောင်း)သော ပါးစပ်ပေါက် ရှိသောသူ၊

(၅၅) ထမင်းအိုး၏ မျက်နှာရစ်ကဲ့သို့ လန်နေသော နှုတ်ခမ်းရှိ၍ ကြီးမားသော နှုတ်ခမ်းရှိသောသူ၊

(၅၆) စည်ကြက်သားသည့် သားရေအလား သွားတို့ကို မဖုံးနိုင်လောက်အောင် သေးငယ်တိုလှသော နှုတ်ခမ်းရှိသောသူ၊

(၅၇) အောက်နှုတ်ခမ်းက ကြီး၍ အထက်နှုတ်ခမ်းက သေးငယ်နေသောသူ၊

(၅၈) အောက်နှုတ်ခမ်းက သေးငယ်၍ အထက်နှုတ်ခမ်းကကြီးနေသောသူ၊

(၅၉) နှုတ်ခမ်း ပြတ်နေသောသူ၊

(၆၀) အရိယိုသော(အမြဲသွားရည်ယိုနေသော) ခံတွင်းရှိသောသူ၊

(၆၁) (ဖုရယုထသော (အဖုတွေပေါက်နေသော) ခံတွင်းရှိသောသူ၊ စပ်သောနှုတ်ခမ်းရှိသူ၊

(၆၂) အပြင်ဘက်ကဖြူ အတွင်းဘက်က အလွန်နီ၍ ခရုသင်းကဲ့သို့ ဖြူသောနှုတ်ခမ်းရှိသောသူ၊

(၆၃) ခံတွင်းပါးစပ်ပုပ်သောသူ၊

(၆၄) ရှစ်ချောင်းတပ်သော ထွန်သွားပမာ လွန်စွာကြီးသော သွား ရှိသောဘူ၊

(၆၅) အောက်ကဖြစ်စေ, အထက်ကဖြစ်စေ နှုတ်ခမ်းပြင်ဘက် ထွက်နေသော သွားရှိ၍ ခေါသော သွားရှိသော(သွားခေါသော)သူ၊

(နှုတ်ခမ်းဖြင့် သွားကို ပိတ်ဖုံးထားလိုက်လျှင် သွားမပေါ်မူ၍ စကားပြောမှသာ သွားများ ထင်ရှားပေါ်လာသူကို ရှင်ရဟန်း ပြုပေးကောင်း၏။)

(၆၆) သွားပုပ်သောသူ၊

(၆၇) သွား လုံးဝမရှိသောသူ၊ (ရှဉ့်သွားကဲ့သို့ သိမ်မွေ့သေးငယ်သော သွားများ ကြားညှပ်ပါသောသူကို ရှင်ရဟန်းပြုပေးကောင်း၏။)

(၆၈) နွား၏ မေးပမာ ကြီးသော မေးရှိသောသူ၊

(၆၉) ရှည်သော မေးရှိသောသူ၊

(၇၀) အတွင်းသို့ ဝင်နေသကဲ့သို့ ပွန်စွာတိုလျှ၍ ပိညှပ်သော မေးရိုး ရှိသောသူ၊

(၇၁) ကွဲသော မေးရှိသောသူ၊ မေးကွဲသူ၊

(၇၂) ကောက်သော မေးရှိသောသူ၊ မေးကောက်သူ၊

(၇၃) ဘိက္ခုနီမ၏ မျက်နှာအသွင် မုတ်ဆိတ်ကျင်စွယ် မရှိသောသူ၊

(၇၄) ဗျိုင်းလည်တံပမာ လည်တံရှည်သောသူ၊

(၇၅) အတွင်းသို့ ဝင်နေသကဲ့သို့ အလွန် လည်တံတိုသောသူ၊

(၇၆) ကွဲပြားသော (အောက်သို့ကိုင်းညွတ်သော) လည်ပင်းရှိသောသူ (အတွင်းသို့ ချိုင့်ဝင်နေသောကြောင့် လည်ပင်းနှစ်ခုကဲ့သို့ ကွဲပြားနေသည်၊)

(၇၇) သျှောကျသော ပခုံးစွန်းရှိသောသူ၊

(၇၈) လက် မရှိ(လက်မပါ)သောသူ၊

(၇၉) လက်တဘက်ရှိ(ပါ)သောသူ၊

(၈၀) အလွန်တိုသော လက်ရှိသောသူ၊

(၈၁) အလွန်ရှည်သော လက်ရှိသောသူ၊

(၈၂) ကွဲပြားသော ရင်ဘတ်ရှိသောသူ၊ (ရင်ဘတ်နှစ်ခု၏ အလယ်ခေါင်၌ ချိုင့်ဝင်နေသောကြောင့် ကွဲပြားသကဲ့သို့ ဖြစ်နေသည်။)

(၈၃) ဝဲစားသော ကိုယ်ရှိသောသူ၊ (ခွေးဝဲစားသကဲ့သို့တကိုယ်လုံး ဝဲပေါက်နေသူ၊)

(၈၄) ယွားနာရှိသော ကိုယ်ရှိသောသူ၊

(၈၅) ပွေးနာရှိသော ကိုယ်ရှိသောသူ၊

(၈၆) ဖွတ်၏ကျောကုန်းကဲ့သို့ အမှုန့်ထွက်သော ပွေးချောက်ဝဲချောက် ရှိသောသူ၊ (ဤရှိသူလေးယောက်ကား ကိုယ်သဏ္ဍာန် ဖောက်ပြန်သော အဆင်းရှိအောင် ပြုတတ်သောရောဂါကို အစွဲပြု၍''ပရိသဒူသက''ဖြစ်ကြ၏။)

(၈၇) လျှောကျသော ခါးရှိသောသူ၊

(၈၈) ဖိုခနောက်ဖျားပမာ အထက်သို့ ကောက်ချိတ် ချွန်တက်သော တင်ပါးဆုံရှိ (တင်ပါးဆုံကြီး)သောသူ

(၈၉) ကြီးတုဘ်သော ပေါင်ရှိသောသူ၊

(၉၀) လေဝင်သော အခုရှိသောသူ၊ မုတ်ကြီးသူ၊

(၉၁) ကြီးသော ဒူးပုဆစ် ရှိသောသူ၊

(၉၂) အချင်းချင်း ထိခိုက်သော ဒူးပုဆစ်ရှိသောသူ၊

(၉၃) ဝါးတောင်ဝှေးအလား ရှည်လျားသော ခြေသလုံးရှိသောသူ၊

(၉၄) ဖိသာသွားသော ခြေရှိသောသူ၊

(၉၅) နောက်သို့လည်သော ခြေရှိသောသူ၊ ခြေထောက်လိမ်သူ၊

(၉၆) အောက်သို့သက်သော ကြီးသော သလုံးမြင်းခေါင်းသား ရှိသောသူ၊

(၉၇) အထက်သို့တက်သော ကြီးသော သလုံးမြင်းခေါင်းသား ရှိသောသူ၊

(၉၈) ကြီးသော ခြေသလုံးရှိသောသူ၊

(၉၉) ဝဖြိုး ကြီးမားသော သလုံးမြင်းခေါင်းသား ရှိသောသူ၊

(၁၀၀) ကြီးသော ခြေရှိသောသူ၊

(၁၀၁) ကြီးသော ဖနှောင့်ရှိသောသူ၊

(၁၀၂) ခြေဖမိုး၏ အလယ်မှ ပေါ်ထွက်သော ခြေသလုံးရှိသောသူ၊

(၁၀၃) အတွင်းဘက် လိမ်ကောက်သော ခြေရှိသောသူ၊

(၁၀၄) အပြင်ဘက်လိမ်ကောက်သော ခြေရှိသောသူ၊

(၁၀၅) ချင်းတက်အလား များသော အဖုရှိသော ခြေရှိသောသူ၊

(၁၀၆) မည်းနက်ပုပ်ဆွေးသော လက်သည်း ခြေသည်းရှိ၍ ကန်းသော လက်သည်း ခြေသည်းရှိသောသူ၊

(ဤ ပုဂ္ဂိုလ်စုအားလုံးသည် ပရိသတ်ကို ဖျက်ဆီးတတ်သော "ပရိသဒူသက"ချည်းဖြစ်၍ ရှင်ရဟန်း ပြုမပေးကောင်း၊ ဤကဲ့သို့သော ပုဂ္ဂိုလ် တယောက်တလေမျှပါသော ပရိသတ်သည်ပင် "ငါးခုံးမတကောင်ကြောင့် တလှေလုံးပုပ်ရ" ဆိုသကဲ့သို့ ကြည့်မကောင်းအောင် အသရေပျက်တတ်၍ တားမြစ်တော်မူရသည်။)

ထို့မှတပါး၊ မျက်စိတဘက်ကန်းသူ၊ မျက်စိနှစ်ဘက်ကန်းသူ(စုံလုံးကန်းသူ)၊ လက်တဘက် ကောက်သူ၊ လက်နှစ်ဘက်လုံး ကောက်သူ၊ လက်ချောင်း ကောက်သူ၊ ခြေတဘက်ကောက်သူ၊ ခြေနှစ်ဘက်လုံးကောက်သူ ခြေချောင်း ကောက်သူ၊

ထို့ပြင် ကိုင်းညွတ်သော ပုဆစ်ဒူးရှိသူ၊ ကွဲပြားသော သလုံးမြင်းခေါင်း ရှိသူ အလယ်၌ ခွေလိပ်သော ခြေရှိ၍ ခြေဖမိုးအလယ်ဖြင့် လမ်းသွားရ၍ တုံးသော ချို့တဲ့သော ခြေရှိသူ၊ အဖျား၌ ခွေလိပ်သော ခြေရှိ၍ ခြေဖမိုး၏ အဖျားဖြင့် လမ်းသွားရ၍ တုံးသော ချို့တဲ့သော ခြေရှိသူ၊ ခြေဖျားဖြင့်ခွင်သော လမ်းသွားရခြင်းရှိသူ၊ ခြေဖနောင့်ဖြင့် လမ်းသွားရခြင်း ရှိသူ၊ ခြေ၏ပြင်ဘက် အစွန်ဖြင့် လမ်းသွားရခြင်းရှိသူ၊ ခြေ၏အတွင်း အစွန်ဖြင့် လမ်းသွားရခြင်းရှိသူ၊ ခြေဖမျက်တို့၏ အထက်၌ ပျက်စီးသည်ဖြစ်၍ ခြေဖမိုးဖြင့် လမ်းသွားရခြင်းရှိသူ၊ ဤသူ အားလုံးသည် ခွင်သူချည်းဖြစ်၍ ရှင်ရဟန်း ပြုမပေးကောင်း။

လက်တဘက် နှစ်ဘက် ကိုယ်အထက်ပိုင်း အောက်ပိုင်း စသည် သေနေသူ၊ ဆွံ့သောသူ၊ ကိုယ့်ကိုယ်ကိုပင် မသုတ်သင်နိုင်အောင် အိုမင်းသူ၊ ပဋိသန္ဓေအားဖြင့် ကန်းသူ၊ စကားမပြောတတ်သူ (သရဏဂုံကို ပီသအောင် မရွတ်ဆိုနိုင်သူ) လုံးဝနားမကြားသူ၊ အ-လည်းအ-နားလည်းပင်းသူ၊ ဤပုဂ္ဂိုလ် တို့သည်လည်း ပရိသဒူသက ပုဂ္ဂိုလ်မျိုးတို့တည်း။ ထိုပုဂ္ဂိုလ်တို့ကို ရှင်ရဟန်း ပြုမပေးကောင်း။ အကယ်၍ အထက်ပါပုဂ္ဂိုလ်များကို သံဃာသည် ရဟန်း ပြုပေးအံ့၊ ၎င်းပုဂ္ဂိုလ်တို့ကား ရဟန်းတော့ဖြစ်၏၊ ကာရကသံဃာ ဥပဇ္ဈာယ် ဆရာတို့အား ဒုက္ကဋ်အာပတ်သင့်ကုန်၏။

(အသက်အန္တရာယ်စသော ဘေးရန်တို့ကြောင့် ရဟန်းပြုပေးရာ၌ မိမိက မနှစ်သက်ပဲ ကာယသာမဂ္ဂီ ပေးရသော ရဟန်းများမှာကား အာပတ်မသင့်။) ဋီကာ။

လုံး၀ ရှင်ရဟန်း ပြုမပေးကောင်းသူ ပြုပေးသော်လည်း
ရှင်ရဟန်း မဖြစ်သူ (တကျိပ်တယောက်)

| | |
|---|---|
| ၁။ ပဏ္ဍုက် | ၆။ မာတုဃာတက |
| ၂။ ဥဘတောဗျည်း | ၇။ ပိတုဃာတက |
| ၃။ ထေယျသံဝါသက | ၈။ လောဟိတုပ္ပါဒက |
| ၄။ တိတ္ထိယပက္ကန္တက | ၉။ သံဃဘေဒက |
| ၅။ တိရစ္ဆာန် | ၁၀။ အရဟန္တဃာတက |

၁၁။ ဘိက္ခုနီဒူသက။

ဤ တကျိပ်တယောက်သော ပုဂ္ဂိုလ်တို့သည်ကား လုံး၀ ရှင်ရဟန်းပြုပေးခြင်းငှာ မထိုက်သော အဘဗ္ဗပုဂ္ဂိုလ်၊ တကျိပ်တယောက်တို့ မည်ကုန်၏။

ဆောင်ပုဒ်။ ။ပဏ်, ထေ, ပက်, ဆန်၊ ပဥ္စာနန်, ဒူသ်, ဥဘောဗျည်း။
ရှင်-ရဟန်းသာ၊ မပြုရာ၊ မှတ်ပါဆယ့်တစ်တည်း။

ပဏ္ဍုက်။ ။ပဏ္ဍကော ဘိက္ခဝေ န ပဗ္ဗာဇေတဗ္ဗော ယော ပဗ္ဗာဇေယျ အာပတ္တိဒုက္ကဋဿ- စသည်ဖြင့် သိက္ခာပုဒ် ပညတ်ထားသောကြောင့် ပဏ္ဍုက်စသည်ကို ရှင်ရဟန်း ပြုမပေးရ။ ထိုတကျိပ်တယောက်သော ပုဂ္ဂိုလ်ဘို့ကို ရှင်ပြု, ရဟန်း ခံပေးသော်သည်း ရှင်ရဟန်းမဖြစ်၊ ပဏ္ဍုက်စသည် မှန်း သိလျက် ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏၊ မသိ၍ ရှင်ရဟန်းပြုပေးမိလျှင်လည်း သိလျှင် လူထွက်ခိုင်းရမည်၊ ရှင်ရဟန်းဝတ်နှင့် မနေစေရ။

ပဏ္ဍုက် ၅-မျိုး ၁။ အာသိတ္တပဏ္ဍုက်
၂။ ဥဿူယပဏ္ဍုက်
၃။ ဩပက္ကမိကပဏ္ဍုက်
၄။ ပက္ခပဏ္ဍုက်
၅။ နပုံးသကပဏ္ဍုက် အားဖြင့်ပေါင်း ၅-ယောက်တည်း။

ထို ၅-ယောက်တို့တွင်-

အာသိတ္တပဏ္ဍုက်မှာ။ ။သူတပါး၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့် စုပ်၍ သုက်ကို သွန်းရမှ (သောက်ရမှ) ရာဂမီးငြိမ်းသော ပဏ္ဍုက်သည် အာသိတ္တပဏ္ဍုက် မည်၏၊ (ပန်းစုပ်ကုလားများလိုသူတပါးတို့၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့် စုပ်ခါ သုက်ကို မျိုချသွန်းလောင်းရမှ မေထုန သံဝါသ ပြုရသလို၊ ကိလေသာရာဂ ထကြွမှု ငြိမ်းပျောက်ရသည့် ပဏ္ဍုက်ကို အာသိတ္တပဏ္ဍုက်ဟု ခေါ်သည်ဟူလို။)

ဥသူယပဏ္ဍုက်မှာ။ ။သူတပါးတို့ မေထုန သံဝါသ ပြုနေသည်ကို ချောင်းမြောင်းကြည့်ရှုရလျှင် ကိလေသာရာဂအပူငြိမ်းသော ပဏ္ဍုက်သည် ဥသူယပဏ္ဍုက် မည်၏။

ဥသူယပဏ္ဍုက်မျိုးမှာ။ ။အခြား ကျား-မတို့ မေထုန သံဝါသ ဒမှုပြု နေသည်ကို ချောင်းမြောင်း ကြည့်ရှုကာ မိမိသန္တာန်မှာ ဖြစ်ပေါ်လာသည့် မှိုဝဲလိုစိတ်ကြောင့် သုက်လွတ်မှု ဖြစ်ပြီးလျှင် ကိလေသာရာဂ ထကြွပူလောင်မှု ငြိမ်းအေးကြရသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်၊ ဩပက္ကမိကပဏ္ဍုက်မှာ သူတပါးတို့၏ ပယောဂကြောင့် ဖြစ်ရသောပဏ္ဍုက်မျိုး ဖြစ်၍ ဒွိဟိတ်- တိဟိတ်ပုဂ္ဂိုလ်များလည်း ရှိနိုင်သည်၊ ကျန်ပုဂ္ဂိုလ်များကား အဟိတ်ပုဂ္ဂိုလ်များသာ ဖြစ်သည်၊ ပက္ခပဏ္ဍုက်မှာ ပဏ္ဍုက်ဖြစ်ရာ ပက္ခ၌ အရှုးအမူး ကိလေသာထကြွ ပူလောင်မှုဖြစ်ကာ မေထုန်အမှု ပြုရမှသာ ကိလေသာထကြွသောစိတ် ငြိမ်းအေးရသောကြောင့် ပဏ္ဍုက်ပက္ခမှာ ရှင်ရဟန်း ပြုမပေးရ၊ အခြားပက္ခအချိန်မှာ ရှင်တော့ပြုပေးကောင်း၏ ရဟန်းတော့ ပြုမပေးကောင်းဟု မှတ်ပါ၊ သို့သော် ပဏ္ဍုက် ပက္ခရောက်လာလျှင် ရှင်သာမဏေဘဝမှ လူထွက်ပေးရမည်၊ မထွက်ပဲမနေရ အာသိတ္တ, ဥသူယပဏ္ဍုက်များကား ကိလေသာရာဂစိတ် ထကြွဖြစ်ပေါ်လာသောအခါ ယောနိသော မနသိကာရ-ဟူသော ကိလေသာ ငြိမ်းပျောက်ကြောင်း တရားဓမ္မကို ဆင်ခြင်နှလုံးသွင်းကာ တားဆီး၍ ငြိမ်းအေးအောင် ပြုလုပ်နိုင်သောကြောင့် ရှင်ရဟန်း ပြုပေးကောင်းသည်ဟုဆိုသည်။ (ဋီကာ)

ကိလေသာရာဂ ထကြွသောင်းကျန်းမှုကို မချုပ်တည်းနိုင်၍ သူတပါးအင်္ဂါဇာတ်ကို စုပ်ခြင်း သူ့ဘပါးအင်္ဂါဇာတ်ပေါ်သို့ ဖိဆိုင်ခြင်း စသောအဇ္ဈာစာရမှုကို ကျူးလွန်ခဲ့လျှင်ကား ရဟန်းဖြစ်က ပါရာဇိကကျဘော၏၊ သာမဏေဖြစ်လျှင်လည်း လိင်ကျကာ လူဖြစ်တော့၏။

ဩပက္ကမိကပဏ္ဍုက်မှာ။ ။နွားများသင်းကွပ်သလို ခွေးများ ဖောက်သလို လုံ့လပယောဂဖြင့် ဝှေးစေ့တို့ကို ထုတ်ပစ်ခံရသောသူမျိုးသည် ဩပက္ကမိကပဏ္ဍုက်မည်၏။

**ပဏ္ဍပဏ္ဍုက်မှာ။** ။အကုသိုလ်ကံ၏ အစွမ်းကြောင့် လဆန်းပက္ခ လဆုတ်ပက္ခ တခုခု၌ ကာမစိတ်ဓာတ် အထူးထကြွသောင်းကျန်းကာ သံဝါသပြုရမှ ကျေနပ်၏၊ ကျန်ဝာပက္ခ၌ကား ရာဂထကြွမှု ငြိမ်းပျောက်နေ၏၊ ထိုပဏ္ဍုက်မျိုးသည် ပက္ခပဏ္ဍုက်မည်၏။

**နပုံးသကပဏ္ဍုက်မှာ။** ။ပဋိသန္ဓေ နေစဉ်ကပင် ဘာဝရုပ် မပါသဖြင့် မိန်းမအင်္ဂါဇာတ် ယောကျ်ားအင်္ဂါဇာတ် ၂-မျိုးလုံး မပါသော ကျင်ငယ်ပေါက်ဝမျှသာ ပါသော ပဏ္ဍုက်မျိုးသည် နပုံးသကပဏ္ဍုက်မည်၏။

**ရှင်ရဟန်း မပြုကောင်းသည့် ပဏ္ဍုက်များ။** ။ထိုပဏ္ဍုက် ၅-မျိုး တို့တွင် အာသိတ္တပဏ္ဍုက်နှင့်ဥဿူယပဏ္ဍုက် ၂-မျိုးကို ရှင်သာမဏေတော့ ပြုလုပ်ပေးကောင်း၏၊ ရဟန်းတော့ ပြုမပေးကောင်း။

ဩပက္ကမိကပဏ္ဍုက်၊ ပက္ခပဏ္ဍုက်၊ နပုံးသကပဏ္ဍုက် ၃-မျိုးကိုမူကား ရှင်သာမဏေပင် ပြုမပေးကောင်း။ ပက္ခပဏ္ဍုက်မှာလည်း ကိလေသာမပူလောင်သော ပက္ခ၌ ရှင်သာမဏေ ပြုပေးကောင်း၏၊ ကိလေသာပူလောင်သည့် ပဏ္ဍုက်ပက္ခ၌ကား ရှင်သာမဏေပင် ပြုမပေးကောင်းဟု ကုရုန္ဒီ အဋ္ဌကထာ၌ မိန့်ဆို၏။

**ဥဘတောဗျည်းမှာ။** ။မိန်းမနိမိတ်ကို ဖြစ်စေတတ်သောကံ၊ ယောကျ်ားနိမိတ်ကို ဖြစ်စေတတ်သောကံ ၂-မျိုးကြောင့် နိမိတ်အင်္ဂါ ၂-မျိုးပါသောသူသည် ဥဘတောဗျည်းမည်၏။

## ဝှေးစေ့ကား ရှိသေး၏ လိင်တံဖြတ်ခံရသူ ဩပက္ကမိကပဏ္ဍုက် ဖြစ်ပါသလား

ဗီဇာနိ အပနီတာနီဘိ ဝုတ္တတ္တာ ဗီဇဇသု ဌိတေသု နိမိတ္တမတ္တေ အပနီတေ ပဏ္ဍကော န ဟောတိ၊

ဟု ဝိနယာလင်္ကာရဋီကာ၌ ဆိုသောကြောင့် ဩပက္ကမိကပဏ္ဍုက်မဖြစ်ဟု မှတ်ရမည်၊ ရဟန်းများ အနာရောဂါဟူသော အကြောင်းမရှိပဲ လိင်တံကို မဖြတ်ကောင်း၊ ဖြတ်လျှင် ထုလ္လစ္စဥ်းအာပတ်သင့်၏။

## ရဟန်းဖြစ်ပြီးမှ ဝေးစေ့အထုတ်ခံရသူ
## ရဟန်းဘဝဖြင့် နေကောင်း–မနေကောင်း

ဩပက္ကမိကပဏ္ဍုက်ဘဝသို့ ရောက်သွားသဖြင့် ပါရာဇိကကျသော ရဟန်း နှင့်တူစွာ ရဟန်းအဖြစ်မှ ကင်းသွားတော့သည်ဖြစ်၍ ရဟန်းဘဝဖြင့် မနေရ တော့ပါ၊ ရှင်သာမဏေဘဝဖြင့်ပင် မနေရတော့ပါ လူထွက်ရပါမည်။

ဝေးစေ့မရှိသျှင် အင်္ဂါဇာတ်လည်း ရာဂစိတ်ကြောင့် မတောင့်တင်း မခိုင် မာနိုင်ဘော့ ယောကျ်ား၏အဖြစ်လည်း ကင်းတော့၏၊ မုတ်ဆိတ်ကျင်စွယ် စသော ယောကျ်ားအသွင်သည်လည်းကောင်း၊ ရဟန်း၏ အဖြစ်သည်လည်း ကောင်း ကင်းတော့၏။

ဗီဇာနိ အပနီတာနိတိ ဝုတ္တတ္တာ ဗီဇေသု ဋ္ဌိတေသု နိမိတ္တမတ္တေ အပနီ- တေ ပဏ္ဍကော နဟောတိ။ ဘိက္ခုနောပိ အနာဗာဓပစ္စယာ တဒပနယနေ ထုလ္လစ္စယမေဝ နပဏ္ဍကတ္တံ။

ဗီဇေသုပန အပနီတေသု အင်္ဂဇာတမ္ပိ ရာဂေန ကမ္မနိယံ နဟောတိ၊ ပုမဘာဝေါ ဝိဂစ္ဆတိ၊ မဿုအာဒိ ပုရိသလိင်္ဂမ္ပိ ဥပသမ္ပဒါပိ ဝိဂစ္ဆတိ။

(ဝိနယာလင်္ကာရဋီကာ)

(ယောကျ်ားကိုမြင်၍ မိန်းမစိတ် ဝင်လာသောအခါ မိန်းမအင်္ဂါ ထင် ရှားလာ၍ ယောကျ်ားအင်္ဂါ ပျောက်ကွယ်တိမ်မြုပ်လျက် မိန်းမကိုမြင်၍ ယောကျ်ားစိတ်ဝင်လာသောအခါ ယောကျ်ားအင်္ဂါ ထင်ရှားလာ၍ မိန်းမ အင်္ဂါ ပျောက်ကွယ် တိမ်မြုပ်သွားသော ယောကျ်ားတလှည့်၊ မိန်းမတလှည့် ဖြစ်ရသည့် ပုဂ္ဂိုလ်ကို ဥဘတောဗျည်းဟု ခေါ်သည်။)

## ဥဘတောဗျည်း ၂–မျိုး

ထိုဥဘတောဗျည်းသည်– ၁။ မိန်းမဥဘတောဗျည်း၊

၂။ ယောကျ်ား ဥဘတောဗျည်း ဟု ၂-မျိုး ရှိ၏။

ထိုနှစ်မျိုးတို့တွင် မိန်းမဥဘတောဗျည်းမှာ မိန်းမနိမိတ်အင်္ဂါသာ ထင်ရှား ၏၊ ယောကျ်ားနိမိတ် အင်္ဂါကား မထင်ရှား။

ယောကျ်ား ဥဘတောဗျည်းမှာ ယောကျ်ားနိမိတ် အင်္ဂါသာ ထင်ရှား၏၊ မိန်းမ နိမိတ်အင်္ဂါကား မထင်ရှား။

မိန်းမဥဘတောဗျည်းသည် မိန်းမတို့၌ ယောကျ်ားကိစ္စကို ပြုသောအခါ ယောကျ်ားနိမိတ် အင်္ဂါက ထင်ရှားလာ၍ မိန်းမနိမိတ် အင်္ဂါက မထင်မရှား သေးငယ်သွား၏။

မိန်းမဥဘတောဗျည်းသည် ကိုယ်တိုင်လည်း ကိုယ်ဝန်ယူနိုင်၏၊ သူတပါး ကိုလည်း ကိုယ်ဝန်ပေးနိုင်၏၊ ယောကျ်ားဥဘတောဗျည်းသည်ကား ကိုယ်တိုင်တော့ ကိုယ်ဝန်မယူနိုင်၊ တပါးသော မိန်းမများကိုတော့ ကိုယ်ဝန်ပေးနိုင်၏။

ဤသို့ မိန်းမဥဘတောဗျည်းနှင့် ယောကျ်ားဥဘတောဗျည်းတို့ ထူးခြားကြ၏၊ ၎င်းဥဘတောဗျည်း ၂-မျိုးလုံးပင် ရှင်ရဟန်း ပြုလုပ်မပေးကောင်း၊ ပြုပေးလျှင်လည်း ရှင်ရဟန်းမဖြစ်။

(ဥဘတော=၂-မျိုးသော။ ဗျဉ္ဇန=နိမိတ်အင်္ဂါ။ ဥဘတောဗျဉ္ဇနက=နိမိတ် အင်္ဂါ ၂-မျိုး ပါသူကို ဥဘတောဗျည်းဟု ခေါ်သည်။ မိန်းမဥဘတောဗျည်း၌ ဣတ္ထိန္ဒြေသာရှိ၏၊ ယောကျ်ားဥဘတောဗျည်း၌ ပုရိသိန္ဒြေသာရှိ၏၊ ပုဂ္ဂိုလ် တယောက်သန္တာန်၌ ဣတ္ထိဘာဝရုပ် ပုရိသဘာဝရုပ်ဟူသော ဣန္ဒြေ ၂-မျိုးစုံ မရှိနိုင်၊ လိင်နှင့်ဣန္ဒြေကား တခြားစီသာတည်း၊ အကုသိုလ်ကံလျှင် အဖော် သဟဲရှိသော ရာဂစိတ်ကြောင့်သာလျှင် ဣတ္ထိလိင် ဣတ္ထိအင်္ဂါ ယောကျ်ားလိင် ယောကျ်ားအင်္ဂါများ ပြောင်းလွဲ ဖြစ်ပေါ်နေသည်။)

**ထေယျသံဝါသက=လိင်ခိုး ထေရ်ခိုးပုဂ္ဂိုလ်များ**

ရှင်ရဟန်း အသွင်အပြင်ကို လိင်ဟု ခေါ်၏။

ဝါကိုရေတွက်ခြင်း, အရိုအသေပြုမှုကို ခံခြင်း,ဥပုသ် ပဝါရဏာ ပြုမှုတွင် ပါဝင်ခြင်း စသည်များကို ထေရ်ဟုခေါ်၏၊ သံဝါသ (ပေါင်းသင်းမှု)ဟူ၍ လည်း ခေါ်၏။

၎င်းလိင်, သံဝါသ ၂-မျိုးကို ခိုးယူသူမျိုးကို ထေယျသံဝါသက ပုဂ္ဂိုလ် ဟုခေါ်၏။

**ထေယျသံဝါသက-၃-မျိုး**

၁။ လိင်္ဂထေနက=ရှင်ရဟန်းတို့၏ အသွင် လိင်ကို ခိုးသူ၊

၂။ သံဝါသထေနက=ရှင်ရဟန်းတို့၏ ပေါင်းဖော်မှုကို ခိုးသူ၊

၃။ ဥဘယထေနက= ၂-မျိုးစုံကို ခိုးသူ၊

ဟူ၍ ၃-မျိုးရှိ၏၊ ထို၃-မျိုးတို့တွင် အကြြင်သူသည် ဆရာသမားရဟန်းများ ထံမှာ ရှင်ရဟန်း ပြုလုပ်သူမဟုတ်ပဲ မိမိဘာသာ သင်္ကန်းကို ကောက်ဝတ်

ကာ ကျောင်းသို့သွား၍ ရဟန်းဝါများကိုတော့ မရေတွက် (အရှင်ဘုရား ဘယ်နှစ်ဝါရပါသလဲဟု မေးသောအခါ၊ ၁၀-ဝါ ရပါသည် စသည်ဖြင့် လိမ်လည်၍ပြောသည်ကို ရဟန်းဝါကို ရေတွက်သည်ဟု ခေါ်ဆိုသည်၊ ၎င်း ပုဂ္ဂိုလ်ကား ထိုသို့မရေတွက်ဟူလို။) သီတင်းကြီးစဉ်အတိုင်း ရှိခိုးမှုကို မသာ ယာ လက်မခံ၊ နေရာဖြင့်လည်း မတားမြစ်၊ ဥပုသ်ပဝါရဏာ ပြုရာမှာလည်း သိမ်ထဲသို့မလိုက်၊ ဒ ခြားကံကြီး ကံငယ် ဆောင်ရွက်ရာမှာလည်း မလိုက်၊ ထိုသူမျိုးကို ရှင်ရဟန်းတို့၏အသွင်ဟူသော လိင်မျှကိုသာ ခိုးယူသူ ဖြစ်သော ကြောင့် လိင်္ဂထေနက ပုဂ္ဂိုလ်ဟု ခေါ်သည်။

ဆရာသမား ရဟန်းတော်များထံမှ ရှင်ပြုထားသော သာမဏေ တယောက် ယောက်သည် မိမိအား မသိလောက်ရာ အရပ်တပါးသို့သွား၍ ရဟန်းရောင် ဆောင်ကာ တပည့်တော် ၁၀-ဝါ ရပါပြီ၊ ဝါ ၂၀-ရပါပြီ စသည်ဖြင့် လိမ် ညာလျက် ရဟန်းဝါတို့ကို ရေတွက်ပြောဆို၏၊ သီတင်းကြီး အစဉ်အားဖြင့် ရှိခိုးမှု အရိုအသေပြုမှုတို့ကို သာယာလက်ခံ၏၊ နေရာဖြင့်လည်း ငယ်သူရဟန်း များကို တားမြစ်၏၊ ဥပုသ်ပဝါရဏာစသော သံဃာ့ ကံကြီး ကံငယ်တို့၌ လည်း ပါဝင်၏၊ ဤသာမဏေမျိုးကို ရဟန်းတို့နှင့် ပေါင်းသင်းမှု သံဝါသ ကိုသာ ခိုးယူသူဖြစ်သောကြောင့် သံဝါသထေနကပုဂ္ဂိုလ်ဟုခေါ်၏၊ ရဟန်း ဝါကို ရေတွက်ခြင်းစသော အယုံးစုံသော အမှုအရာအထူးကို ဤ ထေယျသံ ဝါသကအရာ၌ သံဝါသဟုခေါ်သည်မှတ်။

ရဟန်းတပါးပါးသည်သိက္ခာချကာ လူထွက်ပြီးလျှင်–"ငါ့ကိုလူထွက်မှန်း အဘယ် ရဟန်းသာမဏေမျှ မသိသေး"ဟု စိတ်ကြံပြုလျက် လိမ်ညာကာ ကျောင်းသို့သွားရောက်ပြီးလျှင် ရှေးသာမဏေဘဝတုန်းက နည်းတူ ပြုလုပ် ပြောဆို နေထိုင်လျှင်လည်း ထိုပုဂ္ဂိုလ်သည် သံဝါသထေနက ပုဂ္ဂိုလ်ပင် ဖြစ်၏။

အကြွင်သူသည်ကား မိမိဘာသာ သင်္ကန်းကို ကောက်၍ ဝတ်ပြီးလျှင် ကျောင်းသို့သွား၍ ရဟန်းဝါ ရေတွက်ခြင်း၊ သီတင်းကြီးစဉ်အရ ရှိခိုးခံခြင်း၊ အရိုအသေပြုမှုခံခြင်း၊ နေရာမှတားမြစ်ခြင်း၊ ဥပုသ်ပဝါရဏာစသော သံဃာ့ ကံပြုရာတွင် ပါဝင်ခြင်းစသော ရဟန်းယောင်ဆောင်မှု အားလုံးကို ပြုလုပ်၏၊ ထိုပုဂ္ဂိုလ်မျိုးသည်ကား လိင်,သံဝါသ,နှစ်မျိုးလုံးကို ခိုးယူသူ မည်သောကြောင့် ဥဘယ ထေနက ပုဂ္ဂိုလ်မည်၏။

ဤထေယျသံဝါသ ၃-မျိုးလုံးကိုပင် ရှင်လည်း ပြုမပေးကောင်း၊ ရဟန်း လည်း ခံမပေးကောင်း၊ ရဟန်းခံပေးထားမိလျှင်လည်း လူထွက်ခိုင်းရမည်၊ နောက်ထပ် ရှင်ပြုပေးပါဟု လျှောက်ထားလျှင်လည်း ရှင်ပြုမပေးကောင်း တော့။

ဤထေယျသံဝါသက — အရာ၌ မတွေမဝေ သိရှိနားလည်စေရန်အတွက် ဤပြဆိုလတ္တံ့ဖြစ်သော မှတ်သင့် မှတ်ရာ ပြို့ပြွမ်းသော စကားကို သိသင့် သိထိုက်သေး၏၊ အကြင်ပုဂ္ဂိုလ်သည်—

၁။ မင်း ဘေး ကြောင့်သော်လည်းကောင်း၊

၂။ ငတ်မွတ် ခေါင်းပါးသည့် ဘေးကြောင့်သော်လည်းကောင်း၊

၃။ ခရီးခဲ ဘေးကြောင့်သော်လည်းကောင်း၊

၄။ အနာရောဂါ ဘေးကြောင့်သော်လည်းကောင်း၊

၅။ ရန်သူ ဘေးကြောင့်သော်လည်းကောင်း၊

၆။ သင်္ကန်းကို ဆောင်ပို့ရန် အတွက် သော်လည်းကောင်း၊

သာသနာ့ဝန်ထမ်း ရှင်ရဟန်းအသွင်ကို ယူ၏၊ ထိုသို့မိမိဘာသာ သင်္ကန်းဝတ်ပြီးလျှင် ရှိခိုးခံခြင်းစသော သံဝါသကို မသာယာ မခံယူ၊ အကြင်မျှလောက်သောကာလပတ်လုံး စင်ကြယ်သန့်ရှင်းသော စိတ်ရှိ၏၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုပုဂ္ဂိုလ်သည် ထေယျသံဝါသကပုဂ္ဂိုလ်ဟူ၍ မဆိုအပ်၊ (မင်းဘေးစသော အထက်ပါအကြောင်းများကြောင့် အသက်ဘေးမှ ကင်းလွတ်ရန် မိမိဘာသာ သင်္ကန်းဝတ်ထားသူသည် ရှိခိုးခြင်း စသော သံဝါသကို မသာယာ မခံယူပဲ စင်ကြယ်သန့်ရှင်းသော စိတ်ရှိနေသမျှ ကာလပတ်လုံး ထေယျသံဝါသကပုဂ္ဂိုလ် မဖြစ်သေးဟု ဆိုလိုသည်။)

**အစိပ္ပါယ်အကျယ်ပြဆိုချက်**

၁။ ဤလောက၌ အချို့သူသည် မိမိအား မင်းက အမျက်ထွက် စိတ်ဆိုးသဖြင့် အသက်ဘေးမှ စိုးရိမ်ကာ "သင်္ကန်းဝတ်ကာထွက်ပြေး တိမ်းရှောင်ရသော် ကောင်းပေရာ၏" ဟု ကြံစည်ပြီးလျှင် မိမိဘာသာ သင်္ကန်းကို ဝတ်ပြီးလျှင် ထွက်ပြေးတိမ်းရှောင်နေ၏။

အခြားသူတို့က သင်္ကန်းဝတ်နေသည်ကို တွေ့မြင်ကြသဖြင့် မင်းအား သံတော်ဦးတင်ကြရာ ရဟန်းပြုနေလျှင် ရှိပါစေတော့-ဟု ခွင့်လွှတ်သဖြင့် မင်းဘေးမှ ငြိမ်းလေတော့၏။

ထိုသူသည် ငါ့အား မင်းဘေးမှ လွတ်မြောက်ခဲ့ပြီဟု စိတ်ချမှုပြုကာ သံဃာ့အလယ်သို့ မသွားရောက်ပဲသာလျှင် လူဝတ်လဲ၍ နေတော့၏၊ နောင် အခါ ရှင် ရဟန်းပြုလို၍ လာရောက်ခဲ့ပါလျှင် ထေယျသံဝါသက ပုဂ္ဂိုလ် မဖြစ်သောကြောင့် ရှင် ရဟန်း ပြုပေးအပ်၏၊ (အသွင်လိင်ကိုလည်း မခိုး၊ သံဝါသကိုလည်းမခိုး၊ အသက်ဘေးကြောင့်သာ ခေတ္တအကာအကွယ်ယူမှုမျိုး ဖြစ်၍ ထေယျသံဝါသက မဖြစ်ဟူလို။)

ရင်းပုဂ္ဂိုလ်သည် လူဝတ်မလဲပဲ သင်္ကန်း ဝတ်ဖြင့်သာလျှင် "ငါသည် သာသနာတော်ကို မှီ၍သာလျှင် အသက်ဘေးမှ ချမ်းသာရာ ရခဲ့ပေ၏၊ ယခု ငါလူမထွက်တော့ပြီ သင်္ကန်းဝတ်ဖြင့်သာ သာသနာကို ထမ်းဆောင်တော့မည်"ဟု သံဝေဂဖြစ်ကာ ကျောင်းသို့လာပြီးလျှင် အာဂန္တုကဝတ်စသည်ကို မသာယာ လက်မခံပဲ ရဟန်းများက မေးမြန်းသောအခါ ဟုတ်မှန်သည့်အတိုင်း ပြောပြ၍ ရှင်ရဟန်းအဖြစ်ကို တောင်းပန်ခဲ့လျှင် ယခင် ဝတ်လာခဲ့သော ရှင်ရဟန်းအသွင်ကို ပယ်ပြီးမှသာ(လူဝတ်လဲခိုင်းပြီးမှသာ) ရှင်ရဟန်းပြုပေးအပ်၏။

ဒါလိုမဟုတ်ပဲ ထိုသူသည် ကျောင်းသို့ လာရောက်ပြီးလျှင် ရှင် ရဟန်းတို့က ပြုအပ်သော ဝတ်ကြီးဝတ်ငယ်တို့ကို သာယာလက်ခံလျက် ရှင်ရဟန်းအယောင်ဆောင်၏၊ ရဟန်းဝါ ရေတွက်ခြင်း စသည်ကိုပြု၏၊ ထိုသူမျိုးကို ကား လိင်, သံဝါသ ၂-မျိုးကို ခိုးသူဖြစ်သောကြောင့် ထေယျသံဝါသက ပုဂ္ဂိုလ်ဖြစ်၍ ရှင်ရဟန် ပြုမပေးကောင်း၊

၂။ ဤလောက၌ အချို့သောသူသည် ဝတ်မွတ်ခေါင်းပါး အစာရှားရာ အခါ၌ အသက်မွေးခြင်းငှာ မတတ်နိုင်သဖြင့် မိမိဘာသာ သင်္ကန်းဝတ်ပြီးလျှင် ခပ်သိမ်းသော အယူရှိသူတို့အား လှူဒါန်းသော ထမင်းတို့ကို ခံယူစားသောက်လျက် နေ၏၊ (မည်သည့် ဘာသာဝါဒမှမဆို လာလာသမျှ ရဟန်းဟူသမျှကို လှူဒါန်းသော ဆွမ်းကို ခံယူ၍သွားသောက်နေသည်ဟူလို၊ ယခုခေတ် ဝမ်းရေးအတွက် သင်္ကန်းကိုပင်ကာ အလှူခံ၍ စားနေကြသော ရဟန်းတု ရဟန်းယောင် ရှင်တု ရှင်ယောင်မျိုးဘည်း။)

ဒုဗ္ဘိက္ခဘေး လွတ်မြောက်သွားရာ အခါ၌ သံဃာ့အလယ်သို့ မသွားရောက်ပဲ လူဝတ်လဲပြီးလျှင် လုပ်ကိုင် စားသောက်နေ၏၊ ထိုသူမျိုး နောင်အခါ ရှင်ရဟန်း ပြုလိုပါ၍ လျှောက်ထားခဲ့လျှင် ရှင်ရဟန်းပြုပေးကောင်း၏၊ ထေယျသံဝါသကမဖြစ်၊ အကယ်၍ ကျောင်းသို့သွားရောက်ကာ ရှင်ယောင် ရဟန်းယောင်ဆောင်၍ လိမ်ညာကာ နေထိုင်ငြားအံ့၊ ထေယျသံဝါသကဖြစ်တော့၏။

၃။ ဤလောက၌အချို့သောသူသည် ကြီးစွာသော ခရီးခဲကို လွန်မြောက်အောင် သွားရောက်လိုသဖြင့် "ငါသည် သင်္ကန်း ဝတ်ဖြင့် လှည်းကုန်သည်အပေါင်းနှင့် အတူ လိုက်ပါသွားရသော် ခရီးခဲကို လွန်မြောက်အောင် သွားရောက်နိုင်ရာ၏"ဟု ကြံစည်လျက် ကိုယ့်ဘာသာကိုယ် သင်္ကန်းဝတ်ပြီးလျှင်

လှည်းကုန်သည်အပေါင်းနှင့် အတူ တကွ သွားရောက်သဖြင့် ခရီးခဲမှ လွန်မြောက်၏။

ရှေးနည်းအတူ ကျောင်းသို့မသွား၊ သံဃာ့အလယ်သို့မဝင်၊ လူဝတ်လဲကာ နေထိုင်၏၊ ထိုသူ ရှင်ရဟန်းပြုလိုသဖြင့် လာရောက်ခဲ့သော် ထေယျသံဝါသက မဖြစ်၊ ရှင်ရဟန်း ပြုပေးကောင်း၏။

အကယ်၍ ရဟန်းတို့နေထိုင်ရာ ကျောင်းသို့ သွားရောက်ပြီးလျှင် ရှင်ရဟန်း ယောင်ဆောင်ကာ ရှင်ရဟန်းအဖြစ်ကို လိမ်ညာပြော၍ နေထိုင်ငြားအံ့၊ ထေယျသံဝါသက ဖြစ်တော့၏။

၄။ ဤလောက၌ အချို့သော၊ လုပ်ကိုင်၍ မစားသောက်နိုင်အောင် ကျန်းမာရေးချို့တဲ့သဖြင့် အသက်မွေးမှု အကျိုးငှါ ကိုယ့်ဘာသာကိုယ်သင်္ကန်း ကောက်ဝတ်ပြီးလျှင် အလှူခံကာ စားသောက်နေ၏၊ သံဃာ့အလယ်သို့ကား လုံးဝမသွား၊ နောင်အခါ ကျန်းမာရေး ကောင်းမွန်သဖြင့် လူဝတ်လဲ၍ကာ လုပ်ကိုင်စားသောက်နေ၏၊ ထိုသူမျိုး ရှင်ရဟန်းပြုလိုသော် ရှင်ရဟန်းပြုပေး ကောင်း၏။

အကယ်၍ ရဟန်းသာမဏေများ နေထိုင်ရာကျောင်းသို့ လာရောက်ကာ ဝတ်ကြီးဝတ်ငယ်များကို ခံယူသာယာခြင်း၊ ရဟန်းဝါ ရေတွက်ခြင်း စသည် ပြုကာ ရဟန်း သာမဏေ အစစ်အမှန်ဟု ဝန်ခံကာ လိမ်ညာငြားအံ့၊ ထေယျသံဝါသကဖြစ်၍ ရှင်ရဟန်းပြုမပေးရ။

၅။ အခြားပုဂ္ဂိုလ် တဦးအပေါ်၌ ရန်သူတယောက်က အမျက်ဒေါသ ပြင်းပြ၍ ထိုသူကို သတ်ဖို့ရန် လှည့်လည်ရှာဖွေ၏၊ ထိုအရှာခံရသူသည် "သင်္ကန်းဝတ်ကာ ဘာသနာ့ဘောင်မှာ နေရသည်ရှိသော် ရန်ဘေးကင်း၍ ချမ်းသာခြင်း ဖြစ်လိမ့်မည်"ဟု ကြံစည်လျက် ကိုယ်တိုင်ရဟန်းအသွင်ယူကာ ထွက်ပြေးတိမ်းရှောင်နေ၏၊ ရန်သူက ထိုသူ ဘယ်မှာ နေသနည်းဟု စုံစမ်းရှာ ဖွေသည့်အခါ ရဟန်း ပြုသွားကြောင်း သိ၍ အမျက်ဒေါသ ပြေပျောက်၍ ရန်ဘေးငြိမ်းကြောင်း သိသည့်အခါ သံဃာ့အလယ်သို့ မဝင်တော့ပဲ လာခဲ့သော် ရှင်ရဟန်းပြုပေးကောင်း၏၊ သံဃာ့အလယ် ဝင်၍ အဖြစ်မှန်ကို မတင်ပြပဲ နေသူကို အထက်ပါအတိုင်း ရှင်းရဟန်း ပြုမပေးကောင်း။

၆။ တယောက်သော သာမဏေသည် မိဘဆွေမျိုး ဒေသ်သို့ လာရောက်ကာ လူဝတ်လဲပြီးလျှင် "ဤသင်္ကန်းတွေကို ဤအိမ်၌ ထား ပါမူ ဆွေးမြည့်ပျက်စီးကုန်ရာ၏၊ ဤသင်္ကန်းများကို ပွေ့ယူ၍ ကျောင်းသို့ သွားပါကလည်း လမ်းခရီးအကြား၌ ငါ့ကို သူခိုးထင်ကာ ဖမ်းယူနှိပ်စက်ကုန်ရာ၏၊ ဤသင်္ကန်း

တို့ကို ဝတ်ရုံလျက် ဆောင်ယူကာ ကျောင်းသို့ သွားရမှု ကောင်းပေရာ၏-ဟု ကြံစည်စိတ်ကူးကာ သင်္ကန်းများကို ဝတ်လျက် ကျောင်းသို့ သွားငြားအံ့၊

အဝေးမှလာသော ထိုသာမဏေလူထွက် သင်္ကန်း ပြန်၍ဝတ်လာသူကို သာမဏေဟုပင် မှတ်ကာ ရဟန်းငယ် သာမဏေငယ်များက ပြန်၍ ဆီးကြို ဝတ်ကြီး ဝတ်ငယ် ပြုကြရာ၌ မသာယာ မခံယူပဲ တားမြစ်၏၊ ရဟန်း သာမဏေတို့ကို ဟုတ်မှန်သည့်အတိုင်း ပြောပြ၏၊ ထိုသို့ ပြောပြသောအခါ ရဟန်းများက ယခုအခါ၌ ငါတို့သည် ဤသာမဏေကို ပြန်၍ မလွှတ်ကုန်အံ့ဟု အတင်း ရှင်သာမဏေ ပြန်ဝတ်ပေးလိုငြားအံ့၊ ဝတ်လာသည့် သင်္ကန်း တို့ကို ချွတ်စေကာ လူဝတ်လဲပြီးမှသာ ပြန်၍ ဝတ်ပေးရာ၏။

အကယ်၍ ၎င်းသာမဏေသည် ဤရဟန်း သာမဏေတို့သည် ငါလူထွက် သည်ကို သူတို့မသိကြသေးဟု ကြံစည်ကာ သာမဏေ၏ အဖြစ်ကို ဝန်ခံ၍ ဝတ်ပြုမှုတို့ကို သာယာခြင်းစသော သာမဏေစစ် သာမဏေမှန်များ နည်းတူ နေထိုင်၏။

ဤသူမျိုးကို လူဝတ်လဲစေရာ၏၊ နောင်အခါမှာလည်း ရှင်ရဟန်း ပြုမပေး ကောင်းတော့ပေ၊ ထေယျသံဝါသက ဖြစ်၏။

ထို့အတူ အိမ်သို့သွားကာ လူထွက်ပြီးလျှင်၊ အိမ်၌ အလုပ်အကိုင် ပင်ပန်း သဖြင့် သင်္ကန်းကို ကိုယ့်ဘာသာ ပြန်ဝတ်လာသောသူ။

လူထွက်ပြီးမှ အလုပ်အကိုင် ပျင်းရိသဖြင့်၊ မိဘဆွေမျိုးများက သင်္ကန်း ကို ပြန်ပတ်ပေးကာ ကျောင်းသို့ လွှတ်လိုက်သောသူ စသည်များကိုလည်း ထေယျသံဝါသကဖြစ်ပုံ မဖြစ်ပုံကို ရှေးနည်းအတိုင်း သိပါလေ။

အထူးသိရန်မှာ–အထက်ပါ လူထွက်ပြီးသော သာမဏေသည်–

၁။ သာမဏေ၏အသွင် သင်္ကန်းဝတ်ရကာလ၌ ငါသည် ကျောင်းသို့ ရောက်လျှင် လူထွက်ကြောင်းကို မည်သူ့အားမျှ မပြောအံ့-ဟု ကြံစည်ကာ ဝတ်၏၊ ကျောင်းရောက်တော့လည်း မပြောကြား အံ့၊ ထေယျသံဝါသကဖြစ်၏၊ (သင်္ကန်းကို ဝတ်စဉ်ကပင် အပြစ် သင့်တော့သည်။)

၂။ သင်္ကန်း ကောက်ဝတ်စဉ်က ကျောင်းရောက်လျှင် ပြောမည်ဟု ကြံစည်၍ ဝတ်သော်လည်း ကျောင်းရောက်တော့ကား မပြောခဲ့ ငြားအံ့၊ ထေယျသံဝါသကဖြစ်၏။

၃။ သင်္ကန်းဝတ်စဉ်က ကျောင်းရောက်လျှင် မပြောအံ့-ဟု ကြံစည်ကာ ဝတ်၏၊ ကျောင်းရောက်မှုကား ပြောကြားခဲ့အံ့၊ ထေယျသံဝါသကဖြစ်၏။

၄။ သင်္ကန်း ဝတ်စဉ်ကလည်း ကျောင်းရောက်လျှင် လူထွက်သည့်အကြောင်းကို ပြောပြမည်-ဟု ကြံစည်ကာဝတ်အံ့၊ ကျောင်းရောက်ပြန်တော့လည်း ပြောကြားအံ့၊ ထေယျသံဝါသကမဖြစ်။ (လူထွက်ကြောင်းကို မပြောအံ့ဟု ကြံစည်ကာဝတ်လျှင် ကျောင်းသို့ရောက်က ပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ သင်္ကန်းကို ဝတ်ရကာလကပင် ထေယျသံဝါသက ဖြစ်တော့၏။)

ပြောမည်ဟု ကြံစည်ကာ ဝတ်ပြီးလျှင် ကျောင်းရောက်သောအခါ၌ကား မပြောတော့အံ့ဟု ဆုံးဖြတ်ကာ မပြောပဲနေလျှင် ဆုံးဖြတ်ချက် ချရာကာလ၌ ထေယျသံဝါသကဖြစ်၏။

ဝိနည်း၌ မသိ မလိမ္မာသော ငယ်ငယ်ကြီးကြီး ဖြစ်သော သာမဏေတပါးပါးသည် သာသနာ့ဘောင်မှာ မပျော်ပိုက်တော့သဖြင့် ရပ်ရွာအိမ်သို့ပြန်ကာ လူထွက်၍နေ၏၊ အိမ်၌ နွားကျောင်းခြင်း လယ်စောင့်ခြင်း စသော အိမ်မှုလုပ်ငန်းတို့ကို ကောင်းစွာမပြုလုပ်သဖြင့် မိဘဆွေမျိုးများက အိမ်၌ အသုံးမကျသောကြောင့် သင်္ကန်းကို ပြန်ပတ်ပေးကာ လက်၌ သပိတ် ပေးလိုက်ပြီးလျှင် "သွားတော့ ဘုန်းကြီးသာလုပ်တော့" ဟု ပြောဆိုကာ အိမ်မှနှင်ထုတ်လိုက်၏။

ထိုသို့ အလုပ်အကိုင် ပျင်းရိသဖြင့် အိမ်မှ သင်္ကန်းကို ပြန်ဝတ်ပေးကာ နှင်ထုတ်ခံရသော သာမဏေသည် ပင်ကိုယ် မိမိနေထိုင်သည့် ကျောင်းသို့ပြန်လာရာ ထိုသာမဏေကို အိမ်မှာလူထွက်ပြီးမှ သင်္ကန်းပြန်ဝတ်လာသည်ကို ကျောင်းမှ ရဟန်းသာမဏေများ မသိကြ။

သင်္ကန်း ပြန်ဝတ်လာသော သာမဏေကလည်း "ငါ ဤသို့လူထွက်ပြီးမှ ကိုယ့်ဘာသာ သင်္ကန်းပြန်ဝတ်လျှင် ထေယျသံဝါသက ဖြစ်၏" ဟု မသိနားမလည်၊ ၎င်းသာမဏေသည် နောင်အသက် (၂၀)ပြည့်ရာအခါ၌အကယ်၍ ရဟန်းခံပေးငြားအံ့၊ ကောင်းစွာ ရဟန်းဖြစ်၏။

အကယ်၍ ၎င်းသာမဏေသည် ပင်ကိုယ်ရှေးတုန်းကပင်-- "လူထွက်ပြီးမှ ကိုယ့်ဘာသာ သင်္ကန်းပြန်ဝတ်လျှင် ထေယျသံဝါသက ဖြစ်၏"ဟု ဝိနည်းစည်းကမ်းကို ကြားနာဖူး သိဖူးသူ ဖြစ်ပါက ထိုသာမဏေသည်ကျောင်းသို့ ရောက်သောအခါ "တပည့်တော် လူထွက်ပြီးမှ တဖန် ကိုယ့်ဘာသာ

သင်္ကန်းကို ပြန်ဝတ်လာပါသည်ဘုရား”ဟု ရောက်လျှင်ရောက်ချင်း လျှောက်ထားရမည်၊ ထိုသို့ လျှောက်ထားသူဖြစ်လျှင် ထပ်၍ ရှင်ပြု ပေးခြင်းငှာ အပ်၏၊ (တဖန် လူဝတ်အလဲခိုင်းပြီးလျှင် ထပ်၍ ရှင်သာမဏေပြုပေးရမည်။)

ဂှင်းသာမဏေသည် (ကိုယ့်ဘာသာကိုယ် ပြန်ဝတ်လာသည့် သာမဏေ) “ငါ့အိမ်မှာ လူထွက်ခဲ့ပြီး အိမ်ကလက်မခံသဖြင့် နောက်ထပ် ကိုယ့်ဘာသာ ကိုယ် သင်္ကန်းပြန်ဝတ်လာသည်ကို ဘယ်သူမျှမသိကြ”ဟု အောက်မေ့ကာ မပြောကြားတော့အံ့-ဟု စိတ်ကို ဝန်ချလိုက်ငြားအံ့၊ ဝန်ချလိုက်သည့်အချိန် ၌ပင် ထေယျသံဝါသက ဖြစ်တော့၏။

ရဟန်း တပါးပါးသည် သိက္ခာကိုႏတော့ချ၍၊ လူဝတ်တော့ မလဲသေးပဲ ဒုဿီလအမှု၊ (မေထုန်မှီဝဲခြင်း စသော ပါရာဇိကအမှု) များကို ပြုပြီးမှသော် လည်းကောင်း၊ မပြုပဲသော်လည်းကောင်း၊ တဖန်ရဟန်းယောင်ဆောင်လျက် သံဃာများနှင့် အတူတကွ ပေါင်းသင်း ဆက်ဆံကာ နေထိုင်ငြားအံ့၊ ထိုရဟန်း သည် သံဝါသကို ခိုးသော သံဝါသထေနကဖြစ်၏၊ လူဝတ်မလဲသေးသဖြင့် ဆရာရဟန်းများ ဝတ်ပေးထားသည့် ရဟန်းအသွင် ဖြစ်သောကြောင့် လိင် ထေနကတော့ မဖြစ်။

ထိုပုဂ္ဂိုလ်မျိုးကို လူဝတ်လဲပေးရမည်၊ နောင်လည်း ရှင်ရဟန်း ပြုမပေး ကောင်း။

မင်းဘေး-ငတ်မွတ်ခြင်း စသော ဘေးအန္တရာယ်တခုခုကို ကာကွယ်လို သည့် စင်ကြယ်သောစိတ်ဖြင့် မိမိဘာသာ သင်္ကန်းဝတ်ရုံမျှဖြင့် လိင်ထေနက မဖြစ်သေး၊ ထိုသို့ဝတ်ပြီးနောက် ငါသည် ဤရှင်ရဟန်းအသွင်ဖြင့် ရဟန်း သာမဏေများကို လိမ်လည်ကာ ပေါင်းသင်း နေထိုင်မည်ဟု ကြံစည်လျက် ရဟန်းသာမဏေများနှင့် ပေါင်းဖော်နေငြားအံ့၊ လိင်ထေနက သံဝါသ ထေနက နှစ်မျိုးလုံးဖြစ်ကာ ဥဘယထေနက ပုဂ္ဂိုလ်ဖြစ်၏။

အထက်ပါအတိုင်း ဘေးရန်တခုခုကြောင့် ရှင်ရဟန်းပြုပြီးလျှင် (မိမိ ဘာသာ ဝတ်လာသူကိုယူ) ရဟန်းမရှိသော ကျောင်းစသည်၌ ဝိဟာရဂ္ဂတ် စသည်ကို ခံယူစားသောက်သော်လည်း ထေယျသံဝါသက မဖြစ်။

လူထွက်ပြီးကာမှ အကြောင်းတခုခုကြောင့် ကိုယ့်ဘာသာကိုယ် သင်္ကန်း ပြန်ဝတ်လာသော သာမဏေသည် “ရဟန်းများကို မလျှောက်ထားပဲ နေ လျှင် ထေယျသံဝါသက ဖြစ်၏”ဟု သိနားလည်သဖြင့် ကျောင်းသို့ ပြန် ရောက်က အကြောင်းကို လျှောက်ထား၍ လူထွက်ကာ တဖန်ပြန်ဝတ်လျှင် အပြစ်မရှိ၊ ထိုသို့မသိသဖြင့် ကျောင်းသို့ပြန်ရောက်က မလျှောက်ထားပဲ နေ

ပါကလည်း အပြစ်မရှိ၊ ရှင်ရဟန်းပြုကောင်း၏၊ ထိုသို့မသိသဖြင့် နေကာ အသက်စေ့က ရဟန်းခံပြီးလျှင် စာပေသင်မှသာ သိရှိကာ သာမဏေဘဝက ဖြစ်ခဲ့သော အကြောင်းကို မပြောကြားသော်လည်း ထေယျသံဝါသက မဖြစ်ဟုမှတ်ပါ။

သယမေဝ ပဗ္ဗဇိတွာ သာမဏေရဝဿာနိ ဂဏေန္တောပိ

ဥဘယထေနကောဧဝ –

ဟု ဋီကာဥ္စဆိုသောကြောင့် ကိုယ့်ဘာသာ ကိုရင်ဝတ်လာပြီးလျှင် အခြား သာမဏေများနှင့် တွေ့ရာ သာမဏေဝါတို့ကို လိမ်၍ ရေတွက်ခြင်းစသော အခြားသာမဏေ အစစ်အမှန်တို့နှင့် ပေါင်းသင်း နေထိုင်သော ပုဂ္ဂိုလ်သည် ဥဘယထေနက ဖြစ်၏။

မိမိထက်ကြီးသည်ထင်မှတ်ကာ သာမဏေကြီးများက သာမဏေငယ်တို့ကို ရဟန်းတော် ကြီးများက ရဟန်းငယ်များကို ရှိခိုးရာ ရှိခိုးခံရသူ သာမဏေငယ် ရဟန်းငယ်များ ထေယျသံဝါသကမဖြစ်၊ အဘယ့်ကြောင့် ဆိုသော် မိမိက အသက် သိက္ခာ ဝါ တို့ကို တမင်သက်သက် လိမ်ပြောမှု မဟုတ်သောကြောင့် တည်း။

ရယ်မျိုးလိုသဖြင့် သင်္ကန်းကို ကိုယ့်ဘာသာဝတ်ကာ ရဟန်းတို့ထံ၌ ရဟန်း ပြုလာသယောင် ကိုရင်ဝတ်လာသယောင် ဆောင်ကာပြပြီးလျှင် အရိုအသေ ပြုခြင်း ရှိခိုးခြင်းစသော သံဝါသကို မခံယူပဲ အမှန်အတိုင်း ဖြေဆိုလျှောက် ထားသူ၊ ငါသင်္ကန်းဝတ်နှင့် လိုက်လေသလော မလိုက်လေသလော စုံစမ်း လိုခြင်းစသည်ကြောင့် သင်္ကန်းကို စင်ကြယ်သောစိတ်ဖြင့် ခေတ္တခဏကလေး ဝတ်ကြည့်သောသူတို့ကား ထေယျသံဝါသကမဖြစ်။ (ဋီကာ)

ပါရာဇိကကျနေသော ရဟန်းဖြစ်ပါလျက် လူမထွက်ပဲ သင်္ကန်းဝတ်ဖြင့် နေထိုင်ကာ၊ ရဟန်းဝါကို ရေတွက်ခြင်းစသော ရဟန်းကောင်းတို့နှင့် အတူ တကွ ပေါင်းသင်းနေထိုင်သော ဒုဿီလပုဂ္ဂိုလ်မျိုးကား ထေယျသံဝါသက တော့ မဖြစ်၊ နောင်အခါ ရှင်သာမဏေ ဝတ်လိုသော် ဝတ်ပေးကောင်း၏၊ နောက်ထပ် ရဟန်းအဖြစ်တော့ မရနိုင်၊ ၎င်းပုဂ္ဂိုလ်မျိုးကို သိလျှင်သိချင်း လူထွက်ခိုင်းရမည်၊ လူထွက်ပြီးမှသာ သာမဏေဝတ်လိုလျှင် ဝတ်ပေးထား နိုင်၏။

၁။ ပါရာဇိက၊ ကျတုံက၊ ကုသ-လမ်းမရှိ။

၂။ လူသာမဏေ၊ လုပ်၍နေ၊ စင်လေ-အာပတ္တိ။

အန္ဓကအဋ္ဌကထာ၌ကား အထက်ပါ ဒုဿီလရဟန်းမျိုးသည် ထေယျသံဝါသကဖြစ်၏ဟု မိန့်ဆိုအပ်၏၊ ထိုစကားကို မယူအပ်၊ (ပါရာဇိကကျနေပါလျက် လူမထွက်ပဲ ရဟန်းယောင်ဆောင်ကာ နေထိုင်သူသည် ရှင်သာမဏေဝတ်ရာ ရဟန်းပြုရာ အခါတုန်းက ဆရာရဟန်းတို့က ပေးခဲ့သည့် ရဟန်းအသွင်လိင်ကို မစွန့်ပဲ နေသောကြောင့် လိင်္ဂထေနကမဖြစ်၊ လိင်အား (အသွင်အား)လျော်သော သံဝါသကို သာယာလက်ခံသည်ဖြစ်၍ သံဝါသထေနကလည်း မဖြစ်ဟုဆို၏။)

သာသနာတော်၌ ရဟန်းတပါးပါးသည် သိက္ခာမချပဲ "သင်္ကန်းကို ပြန်ဝတ်ဦးမည်"ဟု သင်္ကန်း၌ ငဲ့ကွက်မှု အာလယ စိတ်ရှိသည်ဖြစ်၍ အဝတ်ဖြူစသော အဝတ်တို့ကို (လူတို့၏အဝတ်အစားတို့ကို) ဝတ်ပြီးလျှင် မေထုန်မှီဝဲခြင်းစသော ပါရာဇိက ဖြစ်မှုဘခုခုကို ကျူးလွန်ပြုလုပ်ကာ (ပါရာဇိကကျပြီးဖြစ်၍ လူဖြစ်သွားပြီးဖြစ်လျက်) တဖန် သင်္ကန်းတို့ကို ပြန်ဝတ်ပြီးနေလျှင် ရဟန်းဝါ ရေတွက်ခြင်း စသော ရဟန်းကောင်းတို့နှင့် အတူတကွ ရှေးကအတိုင်းပင် ပေါင်းသင်းဆက်ဆံကာ နေထိုင်၏။

ထိုသိက္ခာ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အား သင်္ကန်း၌ အာလယရှိခဲ့သေးသဖြင့် ထေယျသံဝါသကတော့ မဖြစ်၊ သို့သော် ပါရာဇိက ကျပြီးဖြစ်သောကြောင့် ရဟန်းဘာဖြင့် ဆက်လက်မနေထိုင်ကောင်း၊ အပြစ်ကို ဖော်ပြပြောဆိုဝန်ခံကာ ရှင်သာမဏေဝတ်၍ကား နေနိုင်သေး၏၊နောက်ထပ်ရဟန်းကား မခံကောင်းတော့ပြီ။

အပြစ်ကိုဖော်ပြကာ ဝန်မခံပဲ သင်္ကန်းဝတ်နှင့် ရဟန်းယောင် ဆောင်၍နေခဲ့လျှင် အခြားပုဂ္ဂိုလ်တို့က သိလျှင် ထိုပုဂ္ဂိုလ်ကို လူထွက်ခိုင်းရမည်၊သာသနာတော်၌ကား မထားရ။

ရဟန်းတပါးသည် အကယ်၍ အထက်ပါ ရဟန်းအတိုင်းပင် သိက္ခာကို မချပဲ၊သင်္ကန်းကိုလည်း ပြန်၍ဝတ်တော့ပြီဟု သင်္ကန်းကို အာလယပြတ် ပယ်စွန့်ကာ လူဝတ်ကြောင် ပုဆိုးများကို ဝတ်ပြီးလျှင် မေထုန်မှီဝဲခြင်းစသော ပါရာဇိကမှု တခုခုကို ပြုလုပ်ကျူးလွန်၏ (ပါရာဇိကကျ၏) ထိုပုဂ္ဂိုလ်သည် ပြီးမှတဖန် သင်္ကန်းကိုကောက်ဝတ်ပြန်၍ ရဟန်းဝါ ရေတွက်ခြင်းစသည်ဖြင့် ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံ နေထိုင်၏၊ (ရဟန်းယောင်ဆောင်နေသည်ဟုလို။)

ထိုပုဂ္ဂိုလ်ကား ထေယျသံဝါသကလည်း ဖြစ်၏၊ ပါရာဇိကလည်း ကျ၏၊ သို့အတွက်ကြောင့် သာသနာတော်၌ ရဟန်းဝတ်နှင့် မဆိုထားဘိ၊ သာမဏေ

ဝတ်ဖြင့်ပင် မနေကောင်းတော့ပြီ၊ အခြားရဟန်းများကသိလျှင်လည်း သိလျှင်သိချင်း လူထွက်စေရမည်၊ သာသနာမှာ ဆက်နေကလည်းအလွန်အပြစ်ကြီးလှ၏။

မှတ်ချက်။ ။သင်္ကန်းကို ပြန်ဝတ်ဦးမည်ဟု သင်္ကန်း၌ အာလယပြတ် မစွန့်သေးလျှင် ဆရာသမားတို့ထံမှ တောင်းခံကာ ဝတ်ရုံခဲ့သော ရဟန်းအသွင် သင်္ကန်းဝတ်ကား မပျက်ပြယ်သေးသဖြင့် ထေယျသံဝါသကတော့မဖြစ်။

သင်္ကန်းကို အာလယပြတ်စွန့်ကာ လူဝတ်ဝတ်ပြီးလျှင် ပါရာဇိကမှု ကျူးလွန်၍ တဖန်သင်္ကန်းကို ကောက်ဝတ်၍ ရဟန်းကောင်းတို့နှင့် ရှေးကအတိုင်း ပေါင်းသင်းနေထိုင်လျှင်ကား သိက္ခာမချခဲ့သောကြောင့် ပါရာဇိကလည်းကျ၊ ထေယျသံဝါသကလည်း ဖြစ်တော့သည်။

သာမဏေတပါးပါးသည် သာမဏေဝတ်ဖြင့်ပင် မေထုန်မှီဝဲခြင်းစသော လိင်ကျကြောင်းဖြစ်သော အမှုတခုခု ကျူးလွန်ပြီးလျှင် သာမဏေဝတ်နှင့် နေသော်လည်း ထေယျသံဝါသက အဖြစ်မသင့်။

သို့သော် ရဟန်းတော်များတံ အပြစ်ကို ဖော်ပြဝန်ခံပြီးလျှင် သီလကို ထပ်၍ခံယူရမည်၊ သို့မှသာ သာမဏေ အစစ်ဖြစ်မည်။

သင်္ကန်းကို ပြန်ဝတ်ဦးမည်ဟု သင်္ကန်းကိုငဲ့မှု အာလယဖြင့် သင်္ကန်းကို ချွတ်၍ ကိုယ်ချည်းတုံးလုံးဖြစ်စေ၊လူ့အဝတ်အစားကို ဝတ်၍ဖြစ်စေ မေထုန်မှီဝဲခြင်းစသော လိင်ကျမှု အပြစ်ကို ကျူးလွန်ပြီးလျှင် တဖန်သင်္ကန်းကိုပြန်ကောက်၍ ဝတ်သော သာမဏေသည်လည်း ထေယျသံဝါသကမဖြစ်၊ သို့သော် ဆရာသမားရဟန်းများထံ၌ အပြစ်ကိုဝန်ခံကာ သီလပြန်၍ ယူရမည်။

သင်္ကန်းကို တဖန် ပြန်မဝတ်တော့ဟု အာလယပြတ်စွန့်ကာ ကိုယ်ချည်းတုံးလုံးဖြစ်စေ အဝတ်ဖြူစသော လူ့အဝတ်အစားကို ပြန်ဝတ်၍ဖြစ်စေ မေထုန်မှီဝဲခြင်း စသော လိင်ဆယ်ပါးတွင် တပါးပါးသော အမှုကို ကျူးလွန်ပြီးလျှင် သင်္ကန်းကို တဖန် ပြန်ကောက်ဝတ်ငြားအံ့၊ ထိုသာမဏေသည် ထေယျသံဝါသက ဖြစ်တော့၏၊ လူထွက်စေရမည်၊ ကိုရင်ဝတ်ဖြင့် မနေကောင်း၊ ရှင်ရဟန်းပြုမပေးကောင်းတော့။

**သာမဏေများ အထူးသတိပြုရန် အချက်။** ။သာမဏေ တပါးပါးသည် လူထွက်လိုသဖြင့်လူ့အဝတ်အစား လူ့အသွင်နှင့် လိုက်မလိုက် စုံစမ်းရန် သင်္ကန်းကို ခါးတောင်းကျိုက်ခြင်း၊ သို့မဟုတ် လူတို့ဝတ်နည်း တမျိုးမျိုးဖြင့် ဝတ်ကြည့်၏၊ ဤသို့ဝတ်ကြည့်ရုံမျှဖြင့်

ကားလူမဖြစ်သေး စောင့်သေး၏၊ တင့်တယ်လှ၏၊ လိုက်လျောလှ၏ ဟုစိတ်ဖြင့် သာယာကာ ဝန်ချ လက်ခံငြားအံ့၊ (လူဖြစ်သွားပြီ) သာမဏေ အသွင်ကို မစွန့်ပဲ လူမထွက်ပဲ ဆက်လက်နေငြားအံ့ ထေယျသံဝါသက ဖြစ်တော့၏။

လူ့အသွင် လူ့အဝတ်နှင့် လိုက်လျောဘယ်–ဟု ဝန်ချကာ လူ့အသွင်ကို သာယာလိုက်သည်နှင့် တပြိုင်နက် လိင်ကျ၍ လူဖြစ်သွားတော့၏၊ ထို့နောက် သင်္ကန်းကို တဖန် ပြင်ဆင်ကာ သာမဏေဝတ်နည်းဖြင့် ဝတ်လိုက်သည်နှင့် တပြိုင်နက် ထေယျသံဝါသက ပုဂ္ဂိုလ် ဖြစ်တော့၏။ ဆရာသမား, ရဟန်းတော်များ ပေးထားသည့် ရှင်သာမဏေ အသွင်လိင်သည် လူ့အသွင်ကို စိတ်က လက်ခံ သာယာလိုက်သည့် ခဏကပင် မရှိတော့ပေ၊ အောက်ပိုင်း (ခါးတောင်း) ကျိုက်ထားသော သင်္ကန်းကို လူဝတ်ပုံနည်းဖြင့် ဝတ်ထားသော သင်္ကန်းကိုပြင်၍ ရှင်သာမဏေတို့၏ ဝတ်ပုံဝတ်နည်းဖြင့် ဝတ်လိုက်သည်နှင့် တပြိုင်နက် လိင်ကို ခိုးသူဖြစ်သောကြောင့် လိင်္ဂထေနကဖြစ်၏။

ထေယျသံဝါသက သဒ္ဒါဘာကို မသိ နားမလည်သဖြင့် ရှင်သာမဏေဘဝဖြင့်ပင် သာမဏေဝါကို ရေတွက်ခြင်း စသည်ကို ပြုလျက် သာမဏေကောင်းတို့၏ အခွင့်အရေးများကို ရယူကာ နေငြားအံ့၊ သံဝါသထေနကလည်း ဖြစ်၏။

အဝတ်ဖြူကို ဝတ်၍ စုံစမ်းခြင်း ဝန်ချ လက်ခံသာယာခြင်းတို့ ၌လည်း အထက်ပါ နည်းအတိုင်းပင် သိရမည်။

အကယ်၍ ဝတ်ထားသည့် သင်းပိုင်အပေါ်မှ တဘက် စောင်ပိုင်းစသော အဝတ်ဖြူကိုဝတ်၍ လူ့အသွင်နှင့် လိုက်မလိုက် စုံစမ်းငြားအံ့၊ လိုက်လျောလှပေ၏ဟု စိတ်၌လက်ခံ ဝန်ချကာ သာယာငြားအံ့၊ လူမဖြစ်ပဲ စောင့်ရှောက်သေး၏၊ (အတွင်း၌ ဝတ်ထားသည့် သင်းပိုင်က စောင့်ရှောက်သေးသည် ဟူလို၊) အတွင်းမှ သင်းပိုင်ကို ဝတ်ထားလျက် အပေါ်မှ လူတို့၏ အဝတ်အစားများကို ဝတ်ကာ စုံစမ်းရာ၌လည်း ဤနည်းအတိုင်းပင် သိပါလေ၊ အတွင်းသင်္ကန်းက လူမဖြစ်ရန် စောင့်ရှောက်ထားသည်၊ အတွင်းသင်္ကန်းကို ကိုရင်ဝတ်ပုံမဟုတ်ပဲ လူတို့ဝတ်ပုံဖြင့်သော် လည်းကောင်း၊ ခါးတောင်းကျိုက်ဖြင့်သော်လည်းကောင်း ဝတ်၍ အပေါ်မှ အဝတ်ဖြူ လူတို့၏ အဝတ်အစားစသည်ကိုဝတ်ကာ စုံစမ်းငြားအံ့၊ လူဝတ်နှင့် လိုက်သည်၊ တင့်တယ်သည်ဟု ဝန်ချလက်ခံကာ စိတ်ထဲမှ သာယာလိုက်ငြားအံ့၊ လူဖြစ်သွားတော့၏၊ ကိုရင်ဝတ်ဖြင့် ဆက်နေလျှင် လိင်္ဂထေနက ဖြစ်တော့၏။

လူ့အသွင်ကို စိတ်က သာယာမှုသည် လူဖြစ်၍ သွားခြင်း၏ အဓိက အကြောင်းရင်း ဖြစ်သည်။

## ဘိက္ခုနီ ထေယျသံဝါသက

ဘိက္ခုနီမများမှာလည်း ဘိက္ခုနည်းအတိုင်း ထေယျသံဝါသိကာ ဖြစ်နိုင်၏၊ ဘိက္ခုနီမတယောက်ယောက်သည် လူ၏အဖြစ်ကို တောင့်တလျက်(လူထွက်လိုသည်ဖြစ်၍) အကယ်၍ သင်္ကန်းကို ၄ " ငါဟာ လူဝတ်နှင့် လှလေသလော- မလှလေသလော"ဟု စုံစမ်းရန် လူတို့၏ ဝတ်ပုံ ဝတ်နည်းဖြင့် ဝတ်ကြည့်ငြားအံ့၊ ထိုစုံစမ်းလိုစိတ်ဖြင့် ဝတ်ရုံကာမျှဖြင့် လူမဖြစ်သေး၊ တင့်တယ်ပေ၏၊ လှပေ၏၊ လိုက်လျောပေ၏ဟု ဝန်ချကာ သာယာငြားအံ့၊ လူဖြစ်သွားတော့၏၊ ဘိက္ခုနီဝတ်ဖြင့် ဆက်နေကာ ဝါကိုရေတွက်ခြင်း စသော သံဝါသကိုလည်း လက်ခံသာယာငြားအံ့၊ လိင်ထေနက သံဝါသထေနကများ ဖြစ်တော့၏။

အဝတ်ဖြူကို ဝတ်၍ စုံစမ်းခြင်း လူတို့၏ အဝတ်အစားကို ဝတ်၍ စုံစမ်းခြင်းတို့၌လည်း ရှေးသာမဏေ အခန်း၌ ပြဆိုခဲ့သည့် နည်းအတိုင်း အကျယ်ချဲ့၍ သိပါလေ။

အကယ်၍ ဝတ်သားသည့် သင်္ကန်း၏အထက်မှ အဝတ်ဖြူ လူတို့၏ အဝတ်အစား စသည်ကို ဝတ်၍ စုံစမ်းရာ၌ကား အတွင်းမှ ဝတ်ထားသည့် သင်္ကန်းက လူမဖြစ်အောင် တားမြစ် စောင့်ရှောက် ထားနိုင်သေးပါ၏။

အကယ်၍ - ကြီးမှ ပြုလုပ်သော တောထွက်သား ဇာကြီး တပါးသည် (ဆရာသမား ရဟန်းများက သာမဏေ ပြုပေးထား သော သူဖြစ်သည်) ကျောင်းမှာ နေစဉ်မှာ ရဟန်းဝါရေတွက်ခြင်း စသည် ကိုလည်း မရေတွက်၊ ရဟန်းတို့၏ ထေရ်စဉ်ဝါစဉ်အတွင်းသို့လည်း ဝင်ရောက်၍ မတည်မူ၍ ကောင်းမွန်စွာနေ၏။

တန်းကြီး - ဘုံလောင်းစသော ဆွမ်းသောင်းရာ၌ အတန်း၏ နံပါးတဘက်မှ လာ၍ ဆွမ်းတောင်း ဆွမ်းဇလုံ ဆွမ်းဟင်းအိုး စသည်တို့မှ ယောက်ချို ဇွန်းကြီး ပန်းကန်စသည်တို့ဖြင့်ကော်ခပ်ကာ ဆွမ်းဒကာ ဒကာမတို့က အစဉ်အတိုင်း လောင်းနေစဉ် ငှင်းကိုရင်ကြီးက သိန်းစွန်သည် သားတစ်ကို သုတ်ယူသွားသကဲ့သို့ သပိတ်ဖြင့် ဝင်ရောက်ကာ ခံယူသွားငြားအံ့၊ ထေယျသံဝါသက မဖြစ်၊ (ထေရ်စဉ်ဝါစဉ် အတန်းထဲသို့ မဝင်ပဲ အတန်းဘေးမှ ကပ်လာကာ ဝင်ရောက်ခံယူသွားသော ကြောင့်တည်း။)

ငှင်းကိုရင်ကြီးသည် အကယ်၍ ရဟန်းတို့၏ ဝါစဉ်စသည်ကို ရေတွက်၍ ခံယူပါမူကား ထေယျသံဝါသက ဖြစ်၏၊ (၁၀-၀ါရ သံဃာတော်များ

ကြပါဘုရား စသည်ဖြင့် ပင့်လျှောက်သောအခါ ရဟန်းယောင်ဆောင်၍ ဝင်ရောက်ခံယူလျှင် ထေယျသံဝါသက ဖြစ်သည်ဟူလို။)

သာမဏေသည် မိမိက သာမဏေဖြစ်၍သာလျှင် သာမဏေတို့၏ ဝါစဉ်အသက်ကို လိမ်လည်ကာ ရေတွက်၍ ခံယူငြားအံ့ ထေယျသံဝါသကမဖြစ်၊ (၁၆–နှစ်သား ကိုရင်များ ၁၅–နှစ်သား ကိုရင်များ စသည်ဖြင့် အသက်စဉ် ဖြစ်စေ၊ သို့မဟုတ် ဝါစဉ်ဖြစ်စေ စဉ်၍ လှူဒါန်းရာ၌ အသက် ဝါကို လိမ်၍ ခံယူသော်လည်း ထေယျသံဝါသက မဖြစ်ဟူလို၊ ရှေးခေတ်က သာမဏေပင် ဖြစ်သော်လည်း ဝါစဉ်အတိုင်း သံဃာ့လာဘ်ကို ခံယူကြရသည်၊ ဝါဆိုပြီးနောက် ဝါမပျက်အောင်လည်း စောင့်ရှောက်ကြရသည်။)

## ရဟန်းတော်များ အထူးသတိထားဖွယ်ရာ

ရဟန်းတော်တပါးပါးသည် ရဟန်းတို့၏ ထေရ်စဉ်ဝါစဉ်ဖြင့် လှူဒါန်းရာ (မိမိဝါကို လိမ်လည်ရေတွက်ကာ) လှူဖွယ်ပစ္စည်း ဝတ္ထုတခုခုကို ခံယူငြားအံ့၊ ဘဏ္ဍာ၏ တန်ဖိုးဖြင့် ပါရာဇိကစသည်ကို ဆုံးဖြတ်ရ၏။

ထေယျသံဝါသကခန်း ပြီး၏။

---

## တိတ္ထိယပက္ကန္တက–တိတ္ထိဘောင်သို့ ပြောင်းရွှေ့ဝင်ရောက်သူ

တိတ္ထိတို့၏ အယူဝါဒကို ကြိုက်နှစ်သက်သဖြင့် တိတ္ထိတို့ထံသို့ ကူးပြောင်းဝင်ရောက်သွားသော ရဟန်းကို "တိတ္ထိယပက္ကန္တက"ဟု ခေါ်၏။

ထိုပုဂ္ဂိုလ်မျိုးကိုလည်း နောင်အခါ ရှင်ရဟန်း ပြုမပေးရ။

**အကျယ်အဆုံးအဖြတ်မှာ–**

မြင့်မြတ်သည့် ပဥ္စင်းအဖြစ်သို့ ရောက်သော ရဟန်းတပါးပါးသည် တိတ္ထိပြုလုပ်မည်ဟု စိတ်ကူးကာ မိမိ၏ရဟန်းအသင်္ကန်း ရဟန်းဝတ်ဖြင့်သာလျှင် တိတ္ထိတို့၏ ကျောင်းသို့ သွားရောက်အံ့၊ ခြေလှမ်းတိုင်း ဒုက္ကဋ် အာပတ်သင့်၏။

တိတ္ထိတို့၏ အသွင်ကို ယူလိုက်သည်နှင့် တပြိုင်နက် တိတ္ထိယပက္ကန္တကပုဂ္ဂိုလ် ဖြစ်သွားတော့၏။

အကြင်ရဟန်းသည်လည်း တိတ္ထိတို့၏ကျောင်း တိတ္ထိတို့၏ အထံသို့ မသွား ပဲ မိမိဘာသာ ကျောင်း၌သာလျှင် တိတ္ထိလုပ်မည်ဟု စိတ်ကြံစည်က၁ တိတ္ထိ တို့၏ အသွင်ဖြစ်သော သမန်းမြက် သက်န်း စသည်ကို ဝတ်ရုံငြားအံ့၊ ထိုရဟန်းသည်လည်း တိတ္ထိယပက္ကန္တကပင် ဖြစ်တော့၏၊ (တိတ္ထိယပက္ကန္တက- မဟုတ်သော်လည်း တိတ္ထိယပက္ကန္တကနှင့်အလားတူသောကြောင့် တိတ္ထိယပက္ကန္တ ကဟူ၍ပင် ခေါ်ဆိုရသည်။)

အဝတ် ရေလဲ သက်န်းမပါ ဗလာကိုယ်ချည်း ရေချိုးစဉ် ကိုယ့်ကိုယ်ကို ကြည့်၍ ငါ၏ အဝတ်မဝတ်သော တက္ကတွန်း၏အဖြစ်သည် တင့်တယ်ပေ၏၊ ငါသည် အဝတ်မဝတ်သော တက္ကတွန်း ဖြစ်တော့အံ့-ဟု ကြံစည် စိတ်ကူး၍ သက်န်းတို့ကို ပြန်မဝတ်တော့ပဲ ကိုယ်ချည်းတုံးလုံးသာ အဝတ်မဝတ်သော အာဇီဝက တက္ကတွန်းတို့နေထိုင်ရာ ကျောင်းသို့ သွားရောက်ငြားအံ့၊ ခြေလှမ်း တိုင်း ဒုက္ကဋ်အာပတ် သင့်၏။

အကယ်၍ လမ်းခရီးအကြားမှာ အရှက်အကြောက် ဟိရိသြတ္တပ္ပတရား ဖြစ်ပေါ်လာ၍ မိမိနေရာ ကျောင်းသို့ ပြန်လာပြီးလျှင် သွားစဉ်က သင့် သော ဒုက္ကဋ်အာပတ်တို့ကို ဒေသနာပြောကြား ကုစားက တိတ္ထိယပက္ကန္တက အဖြစ်မှ လွတ်သေး၏။

ထိုတက္ကတွန်းတို့ကျောင်း သွားရောက်ပြီး၍သည်း တက္ကတွန်းတို့က မိမိတို့၏ အယူဝါဒအရ ပြောဆိုဆုံးမအပ်သည်ဖြစ်၍လည်းကောင်း၊ သို့မဟုတ် မိမိကိုယ် တိုင်ပင်လျှင် တက္ကတွန်းတို့၏ ရဟန်းအဖြစ်အား အလွန်ဆင်းရဲလေစွ-ဟု သိမြင်၍သော်လည်းကောင်း၊ ၎င်းတိတ္ထိတက္ကတွန်းတို့၏ကျောင်းမှ ပြန်လာခဲ့ သော်ကား တိတ္ထိယပက္ကန္တက အဖြစ်မှ လွတ်မြောက်သေး၏၊ (သို့သော်ဒုက္ကဋ် အာပတ်များကိုကား ဒေသနာ ပြောကြားရဦးမည်။)

အကယ်၍ တိတ္ထိတို့၏အထံသို့ရောက်ပြီးသည့်နောက် ''သင်တို့၏တိတ္ထိရဟန်း အဖြစ်၌ အဘယ်အကျင့်သည် မြတ်ပါသနည်း'' ဟု မေးရာ ''ဆံပင်မုတ်ဆိတ် တို့ကို နုတ်ခြင်း စသော အကျင့်သည် မြတ်သော အကျင့်ဖြစ်၏'' ဟု ပြောပြ သည်ဖြစ်၍ အယုဘ်ဆုံး ဆံပင်တချောင်းကိုမျှ နုတ်စေငြားအံ့၊ သို့မဟုတ် ဆောင့်ကြောင့်ထိုင်လျက် တရားအားထုတ်ခြင်း စသော တိတ္ထိတို့၏ အကျင့် ကို ယူငြားအံ့၊ ဥဒေါင်းမြီး စသည်ကိုမူလည်း ဝတ်ငြားအံ့၊ တိတ္ထိတို့၏အသွင် ကိုလည်း ယူငြားအံ့၊ ဤတိတ္ထိရဟန်း၏ အဖြစ်သည် မြတ်၏-ဟု မြတ်သော အဖြစ်သို့မူလည်း ကပ်ရောက်ငြားအံ့၊ ထိုရဟန်းသည် တိတ္ထိယပက္ကန္တကအဖြစ်မှ မလွတ်၊ တိတ္ထိယပက္ကန္တက ဖြစ်တော့၏။

အကြွင်ရဟန်းသည် "ငါ့အား တိတ္ထိရဟန်း အဖြစ်သည် တင့်တယ်လေသလော၊မတင့်တယ် လေသလော"ဟု စုံစမ်းလိုသဖြင့် သမန်းမြက် သင်္ကန်းစသည်ကို ဝတ်ငြားအံ့၊ သံကျစ်ကိုလည်း ထုံးငြားအံ့၊ တိတ္ထိတို့၏ ပရိက္ခရာထမ်းပိုးကောက်ကိုမူလည်း ထမ်းငြားအံ့၊ အကြွင်ချလောက်သော ကာလပတ်လုံး တိတ္ထိရဟန်း အဖြစ်ကို နှစ်သက် သဘောကျလျက် စိတ်ထဲ၌ လက်ခံမှုမဖြစ်သေး၊ ထိုမျှလောက် ကာလပတ်လုံး တိတ္ထိယပက္ကန္တက အဖြစ်သို့မရောက်သေးပါ၊ နှစ်သက် သဘောကျကာ လက်ခံ ဆုံးဖြတ် လိုက်ငြားအံ့၊ တိတ္ထိယပက္ကန္တက ပုဂ္ဂိုလ် ဖြစ်တော့၏။

၁။ သင်္ကန်းတို့ကို ခိုးသူ ဓမြတို့ လုယက်ခံရခြင်း စသော အကြောင်းကြောင်းကြောင့် သမန်းမြက်ကို ဝတ်ရသော ရဟန်း၊

၂။ မင်းဘေးစသော တစုံတခုသော ဘေးရန်အန္တရာယ်ကြောင့် တိတ္ထိတို့၏ အသွင်ကို ယူသောရဟန်း၊

ဤရဟန်းတို့ကား တိတ္ထိတို့၏ အယူဝါဒ တစုံတခုမျှ ယူမှုမရှိသောကြောင့် တိတ္ထိယပက္ကန္တက=တိတ္ထိဘောင်သို့ ကူးပြောင်းဝင်ရောက်သူ မမည်ပါ။

ဤတိတ္ထိယပက္ကန္တက–မည်သည်ကိုရဟန်းများအတွက် ပညတ်တော်မူခဲ့ခြင်း ဖြစ်သည်၊ အထက်က ပြဆိုခဲ့သော ထေယျသံဝါသကကို လူသာမဏေများအတွက် ပညတ်တော်မူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သာမဏေသည် မိမိသာမဏေ၏ အသွင်ဖြင့်ပင် တိတ္ထိတို့၏ ကျောင်းသို့ သွားရောက်ကာ တိတ္ထိဘောင်သို့ ကူးပြောင်း သွားသော်လည်း နောင်အခါ တိတ္ထိဘိုဘောင်မှ ထွက်လာပြီးလျှင် ရှင်ရဟန်းပြုလိုပါသည် ဟု ဆို၍ ပြန်လာခဲ့လျှင် ရှင်ရဟန်း ပြုပေးနိုင်၏-ဟု ကုရုန္ဒီအဋ္ဌကထာ၌ ဆို၏။

ရဟန်းတပါးပါးသည် မိမိရရှိသောဝါများကို အမှန်အတိုင်း မပြောမူ၍ လိမ်ညာကာ ဝါကြီးသူ ဟန်ဆောင်ပြီးလျှင် ဝါကြီးသူတို့၏ အခွင့်အရေးများကို ယူငြားအံ့၊ ထေယျသံဝါသကတော့ မဖြစ်၊ဘဏ္ဍာတန်ဖိုးဖြင့်ကား အပြစ်ရှိ၏၊ ရဟန်းအသွင်၌ ငဲ့ကွက်မှုဖြင့် (လူဝတ်လဲလိုခြင်း မရှိပဲ) ပါရာဇိကအပြစ်တခုခုကို ကျူးလွန်ပြီးလျှင် သင်္ကန်းဝတ်ဖြင့်ပင် ရဟန်းဝါကို ရေတွက်ခြင်းစသည်ဖြင့် ရဟန်းကောင်းတို့နှင့် ပေါင်းသင်းကာ နေထိုင်ငြားအံ့၊ထေယျသံဝါသကတော့မဖြစ်၊ ပါရာဇိကကျ၏။

သို့သော်- မိမိက ဝါငယ်သူ ရဟန်းဖြစ်ပါလျက် ငါတို့ကို လိမ်ညာ၍ ပြောဆိုကာ ထေရ်စဉ်ဝါစဉ်အရ လှူဒါန်းအပ်သော လှူဖွယ်ပစ္စည်းကိုခံယူခဲ့ပါမူ ဘဏ္ဍာ၏တန်ဖိုးအားဖြင့် ပါရာဇိက စသော အပြစ်များကို ဆုံးဖြတ်ရ၏။

ရဟန်းအသွင်ကို စွန့်ပယ်လိုမှုမရှိ ငဲ့ကွက်လျက် ပါရာဇိက ပြစ်မှုကိုကျူး လွန်ပြီးလျှင် လူဝတ်မလဲမူ၍ သာသနာ့ဘောင်၌ နေထိုင်သော ဒုဿီလပုဂ္ဂိုလ် များသည် ထေယျသံဝါသက အပြစ်မထိုက်သော်လည်း ရဟန်းဟု လိမ်ညာ ကာ ရဋ္ဌပိဏ္ဍခေါ် တိုင်းသူပြည်သား ဒကာ - ဒကာမများ၏ စေတနာသဒ္ဓါ တရားဖြင့် လှူဒါန်းသော ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်စား သောက်နေသောကြောင့်—

၁။ ကာသာဝကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ၊
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

၂။ သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော၊
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။

၁။ ကာသာဝကဏ္ဌာ၊ လည်ပင်း၌ သင်္ကန်းရှိကုန်သော။ ပါပဓမ္မာ၊ ယုတ်မာ သော အကျင့်သဘောရှိကုန်သော။ အသညတာ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံး ကို မစောင့်သုံးကုန်သော၊ ပါပါ၊ ယုတ်မာကုန်သော။ ဗဟဝေါ၊ များစွာကုန် သော။ တေ၊ ထိုရဟန်းတို့သည်။ ပါပေဟိ၊ ယုတ်မာကုန်သော။ ကမ္မေဟိ၊ မိမိပြု အပ်သော မကောင်းမှုကံတို့ကြောင့်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇရေ၊ ဖြစ်ကြရရှာ ကုန်၏။

၂။ အသညတော၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မစောင့်သုံးသော။ ဒုဿီ- လော၊ ဗုဒ္ဓ ဂုဏ် ဒုဇ္ဇီဝနှင့် အစစငြိ သီလမရှိသော ရဟန်းသည်။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သား လူအများ၏ ဆွမ်းဘောဇဉ်ကို။ ယဉ္စေဘုဉ္ဇေယျ၊ အကယ်၍ စားငြားအံ့။ တတော၊ ထိုသို့သီလမရှိပဲ တိုင်းသူပြည်သား လူအများ၏ ဆွမ်း ဘောဇဉ်ကို စားရခြင်းထက်။ တတ္တော၊ တရှဲရှဲဆူ ရဲရဲပူသော၊ အဂ္ဂိသိခူ- ပမော၊ ဟည်းဟည်းညံဆူ မီးတောက် မီးလျှံနှင့် တူသော။ အယောဂုဠော၊ သံထွေခဲကို။ ဘုတ္တော၊ ခံတွင်းကလျှောက် အူမ်းပေါက်အောင် စားသောက် သုံးဆောင်ရခြင်းသည်၊ သေယျော၊ မြတ်ရာသေး၏—

ဟူ၍ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း ရဲရဲ ငြိုးသော သံထွေခဲကို သုံးဆောင် စားသောက် ရသည်ထက် ကြောက်စရာ ကောင်းလှသည့် ကြီးလေးသော အပြစ်ရှိ၏၊ ဒါယကာ-ဒါယိကာမတို့၏ ပစ္စည်း လေးပါးကို ခိုးယူ စားသောက် နေရာရောက်၏။

တိတ္ထိယပက္ကန္တကခန်း ပြီး၏။

တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာဒေတဗ္ဗော၊
ဥပသမ္ပန္နော နာသေတဗ္ဗော–

ဟု မြတ်စွာဘုရားသည် သာသနာတော် အတွင်းသို့ ဝင်ကာ ရဟန်းပြုနေသော တိရစ္ဆာန် နဂါးတကောင်ကို အကြောင်းပြု၍ သိက္ခာပုဒ်တော်ပညတ်ထားတော်မူသောကြောင့်–

## တိရစ္ဆာန်များကိုလည်း ရှင်ရဟန်း ပြုမပေးရ

လူယောင်ဖန်ဆင်းနိုင်သည့် နဂါးဖြစ်စေ ဂဠုန်စသည်တို့တွင် တမျိုးမျိုးသော သတ္တဝါဖြစ်စေ အယုတ်ဆုံးအားဖြင့် နတ်တို့သေဌ်နင်း သိကြားမင်းကြီးကို အစပြု၍ လူဇာတ်မရှိသူ မှန်သမျှ သတ္တဝါအားလုံးကို ဤနေရာ၌ တိရစ္ဆာန်ဟူ၍ မှတ်ယူရမည်။

ထိုကဲ့သို့သော တိရစ္ဆာန် သတ္တဝါတို့ကို ရှင်ရဟန်း ပြုမပေးရ၊ အကယ်၍ မသိသဖြင့် ရှင်ရဟန်း ပြုပေးထားမိခဲ့လျှင်လည်း ရှင်ရဟန်းအသွင်ကို ဖျက်လျက် လူထွက်စေအပ်၏။

(လူဇာတ်ရှိသည့်သူများသာဘုရားရှင်သာသနာတော်၌ရှင်ရဟန်းပြုခွင့်ရ၏၊ လူဇာတ်မရှိသော အခြားသတ္တဝါတို့သည်ကား သိကြားမင်းကြီးပင် ဖြစ်စေဦးတော့ ရဟန်းပြုခွင့် မရ၊ သိကြားမင်းလည်း ဤနေရာ၌ လူဇာတ်မရှိသောကြောင့် တိရစ္ဆာန်ထဲ၌ ပါဝင်နေသည်ဟု မှတ်ပါ။)

တိရစ္ဆာန်ကို ရှင်ရဟန်းပြု မပေးရဟု သိက္ခာပုဒ်ပညတ်ရခြင်း၏ အကြောင်းမှာ–ဘုရားလက်ထက်တော် အခါက နဂါးတကောင်သည် မိမိ၏ နဂါးဘဝကို စက်ဆုပ်ရွံမုန်း ရှက်နိုးလှသည်ဖြစ်၍ ရဟန်းပြုရသော် နဂါးဘဝမှလည်း လွတ်မြောက်၏၊ လျင်စွာလည်း လူ့ဘဝကို ရနိုင်ရာ၏ဟု ကြံစည်ကာ လူယောင်ဆောင်လျက် ရှင်ရဟန်း ပြုပေးရန် လာရောက်လျှောက်ထားရာ ရဟန်းတို့က ရဟန်းခံပေးထားကြ၏၊ ကျောင်းတိုက် အတွင်းဝယ် အစွန်အဖျား ချောင်ကျသော ကျောင်းငယ်တခု၌ အဖော် ရဟန်းတပါးနှင့် အတူနေရရာ တနေ့သ၌ အဖော်ရဟန်း မရှိခိုက် စိတ်ချ လက်ချ အိပ်ပျော်သွားသောအခါ ပကတိ နဂါးအသွင်အတိုင်း ဖြစ်နေ၏၊ အဖော်ရဟန်း ပြန်လာရာ ကျောင်းထဲ၌ နဂါးကြီး ခွေနေသည်ကိုမြင်၍ ထိတ်လန့်ဟစ်အော်သည့်အတွက် အကြောင်းစုံ ပေါ်ကာ ဘုရားရှင် သိတော်မူသဖြင့် နဂါးကို တရားဓမ္မ ဆုံးမကာ နဂါးပြည်သို့ ပြန်လွှတ်ပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော် မူခဲ့သည်။

## နဂါးတို့ ပင်ကိုယ်သဘော ဖုံးကွယ်၍ မရနိုင်သော အကြောင်း ၅-ပါး

၁။ ပဋိသန္ဓေနေရာအခါ၊

၂။ အရေဟောင်းကို စွန့်ရာ (အရေလဲရာ)အခါ၊

၃။ ဇာတ်တူ နဂါးမ၌ မေထုန်မှီဝဲရာအခါ၊

၄။ လွတ်လွတ်ကျွတ်ကျွတ် (စိတ်ချလက်ချ) အိပ်ပျော်ခြင်းသို့ ရောက်ရာအခါ၊

၅။ စုတေ (သေ)ရာအခါ၊

ဤ ၅-ပါးသောအခါတို့၌ ပင်ကိုယ်သဘောအတိုင်း ဖြစ်ရသည်၊ ထိုတွင် ပဋိသန္ဓေနှင့် စုတိကာလသည် တဘဝလျှင် တခါစီသာရှိ၏၊ အရေဟောင်းကို စွန့်ရာအခါလည်း တရံတခါသာ ဖြစ်၏၊ ဇာတ်တူ နဂါးမ၌ မေထုန်မှီဝဲရာအခါနှင့် လွတ်လွတ်ကျွတ်ကျွတ် အိပ်ရာအခါကား မပြတ်မလပ် ဖြစ်ရသည်၊ သို့ဖြစ်၍ ထိုမပြတ်မလပ် ဖြစ်ရာအခါကို ရည်ရွယ်၍ "ဒွေ မေ ဘိက္ခဝေ ပစ္စယာနာဂဿ သဘာဝပါတုကမ္မာယ" စသည်ဖြင့် မဟာဝဂ္ဂ မဟာခန္ဓက (၁၂၁)၌ ဘုရားရှင်မိန့်တော်မူသည်။ (၎င်းအဋ္ဌကထာ-၃၀၃)

### အမေ အဖေ သတ်သူများကိုလည်း ရှင်ရဟန်း ပြုမပေးရ

လူဇာတ်ရှိသောသူသည် လူဇာတ်ရှိသူလူမိန်းမဖြစ်သည့် အမိအရင်းကို သေစေလိုသည့် စိတ်ဖြင့် သတ်၍ သေသွားလျှင် သေသည့် အခြားမဲ့၌ အဝီစိငရဲ၌ ခံရသည့် မာတုဃာတက=အမိသတ် ကံထိုက်၏။

(၎င်းကံမျိုးကို အခြားမဲ့ဘဝ သေပြီးသည့် နောက်ကာလ၌ အဝီစိငရဲ၌ ကျရောက်ရခြင်း တည်းဟူသော အကျိုးကို မုချကေန် ပေးတတ်သောကြောင့် "အာနန္တရိယကံ"–ဟု ခေါ်သည်၊အဘယ်သို့သော ကောင်းမှုကုသိုလ်မျိုးဖြင့်ပင် တားမြစ် ပိတ်ပင်၍ မရတော့ပါ။)

ထိုမာတုဃာတက ကံထိုက်သူကို ရှင်ရဟန်း ပြုမပေးရ၊ ပြုပေးသော်လည်း ရှင်ရဟန်း မဖြစ်။

လူဇာတ်ရှိသူ အကြင်သူသည်– လူမိန်းမဖြစ်သော်လည်း မွေးစားမိခင်ကိုသော်လည်းကောင်း၊ မိကြီး မိထွေးကိုသော်လည်းကောင်း၊ အမေရင်းပင်ဖြစ်သော်လည်း လူမိန်းမ မဟုတ်သူကိုလည်းကောင်း၊ အကယ်၍ သတ်မိခဲ့မူကား

မာတုဃာတက အမိသတ်ကံမထိုက်၊ ရှင်ရဟန်းပြုလုပ်မှုကို မတားမြစ်အပ်ပါ၊ ပြုလုပ်ပေးကောင်း၏။

တိရစ္ဆာန်ဖြစ်သော သတ္တဝါသည် လူမိန်းမဖြစ်သော အမေရင်းကို သတ်သော်လည်း မာတုဃာတက ကံမထိုက်၊ တိရစ္ဆာန်ဖြစ်၍ ရှင်ရဟန်းပြုမှုကား ဆိုဖွယ်ရာမရှိ၊ ပြုမပေးကောင်း။

အမိသတ် အဖသတ် ကံထိုက်ခြင်း၏ အကြောင်းအင်္ဂါ (၆) ချက်

၁။ လူဇာတ်ရှိသော မိဘအရင်းလည်း ဖြစ်ရခြင်း၊

၂။ သားသမီးဖြစ်သူများကလည်းလူဇာတ်ရှိသူ ဖြစ်ရခြင်း၊

၃။ အသက်ရှိသတ္တဝါဟု သိခြင်း၊

၄။ သေစေလိုသည့် စိတ်သားရှိခြင်း၊

၅။ သတ်ခြင်း

၆။ ထိုသို့သတ်သဖြင့် သေသွားခြင်း –

အားဖြင့် အင်္ဂါ (၆) ပါးနှင့် ညီညွတ်လျှင် မိသတ်-ဖသတ် ကံကြီးထိုက်တော့၏။

အထူးမှတ်ရန်။ ။တိရစ္ဆာန် လူဇာတ်မရှိသော မိဘများထက် လူဇာတ်ရှိသူ မိဘတို့ကသာ သားသမီးများ အပေါ်၌ မေတ္တာဓာတ် ကရုဏာဓာတ် စသည်တို့က လွန်ကဲ ထက်မြက်သောကြောင့် လည်းကောင်း၊ လူသားသတ္တဝါတို့အားသာလျှင် ကုသိုလ်ဖြစ်မှု၌ ထက်မြက်အားကောင်းသလို၊ အကုသိုလ်ဖြစ်မှု၌လည်း ထက်မြက်အားကောင်း၏၊ထိုသို့ လူသားများအားသာ အကုသိုလ်ဖြစ်မှု၌ ထက်မြက် အားကောင်းသောကြောင့် လည်းကောင်း၊ လူဇာတ်ရှိသူ သားသမီးများက လူဇာတ်ရှိသူ မိဘများကိုသတ်မှ မာတုဃာတက ပိတုဃာတက အာနန္တရိယကံ ထိုက်၏။

တနည်းအားဖြင့်။ ။ဇာတ်မတူသူ အချင်းချင်း သတ်ဖြတ်ခြင်းထက် ဇာတ်တူသူအချင်းချင်းသတ်ဖြတ်ခြင်းကအကုသိုလ်ကံ သာ၍ကြီးလေးသောကြောင့် ဇာတ်တူသားသမီးများက ဇာတ်တူ မိဘ စသည်တို့ကို သတ်ခြင်းသည် အာနန္တရိယ ကံထိုက်၏။

လိင်ပြန်သူ မိဘကို သတ်သော်လည်း အာနန္တရိယကံ ထိုက်သည်သာ။

မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်၊ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ လိင်ပြန်နေသော မိဘတို့ကို သတ်လျှင်လည်း သားသမီးများအား မာတုဃာတက ပိတုဃာတက အာနန္တရိယကံ ထိုက်သည်ဟု မှတ်ရမည်။

အဘယ်ကြောင့်ဆိုသော် လိင်ပြန်သွားသော်လည်း တခုတည်းသော ကံကြောင့်ဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်၏ တခြားစီမဟုတ်၊ တခုတည်းသော ခန္ဓာအစဉ်၌ ဖြစ်သောကြောင့်တည်း။

(သတိပိဟိ လိင်္ဂပရေဝတ္တေ သောဝေ ဧကကမ္မနိဗ္ဗတ္တော ဘဝင်္ဂပ္ပဗန္ဓော ဇီဝိတပ္ပဗန္ဓော, နအညောတိ။) ဝိနယာလင်္ကာရ ဋီကာ၊ ပ-၂၄၉။

## အဖေမှန်းမသိ၍သတ်သော်လည်း ပိတုဃာတကကံထိုက်၏

အဖေကိုသတ်သည့် ပိတုဃာတကကံ၌လည်း မာတုဃာတကကံအတိုင်းပင်၊ ပြည့်တန်ဆာမ၏ (အဖ-မည်သူမည်ဝါဟု ကေန်မသိရပဲ မွေးဖွားထားသော သားသည် "ဤသူကား ငါ့အဖေ"ဟု လုံးဝမသိနိုင်၊ သို့သော် ၎င်းသူ၏ သုက်သွေးကြောင့် သန္ဓေတည်ကာ ဖြစ်ပေါ်လာခဲ့၏၊ ထိုသူကို သတ်မိငြားအံ့၊ ပိတုဃာတကကံဟုခေါ်ဝေါ်ရ၏၊ အာနန္တရိယကံသို့ ရောက်၏။ (လော်လီဖောက်ပြားသော အမျိုးသမီးများ၏ အဖေမဖော်နိုင်ပဲ မွေးဖွားလာသည့် သားသမီးများသည်လည်း အကြင်ယောကျ်ား၏ သုက်သွေးကြောင့် သန္ဓေတည်ခဲ့၏၊ ထိုယောကျ်ားကိုအဖမှန်းမသိ၍ သတ်မိသော်လည်း ပိတုဃာတကကံထိုက်သည်။)

၁။ လူဇာတ်ဖြစ်သော သားသမီးက တိရစ္ဆာန် မိဘကိုသတ်သော်လည်း ကောင်း၊

၂။ တိရစ္ဆာန်ဖြစ်သော သားသမီးက လူဖြစ်သော မိဘကိုသတ်သော်လည်းကောင်း၊

၃။ တိရစ္ဆာန်ဖြစ်သောသားသမီးကတိရစ္ဆာန်ဖြစ်သောမိဘကိုသတ်သော်လည်းကောင်း၊
အာနန္တရိယကံကား မထိုက်၊ သို့သော် ကြီးလေးသောအပြစ်ရှိ၏၊ အာနန္တရိယကံသို့ ရောက်လုနီးမျှ အပြစ်သို့ရောက်၏။

ညဥ့်ခမှောင်မိုက်သောအခါ အိမ်ပေါ်မှ အပေါ့အလေးသွားရန် အောက်ဆင်းနေသော မိဘကို သူခိုးဟုမှတ်ထင်၍ သတ်မိသော သားသမီးများအား အာနန္တရိယကံ ထိုက်သည်ဟုမှတ်၊ သူခိုးကို သတ်မည်ဟုသတ်လိုသော စေတနာထင်ရှားရှိသောကြောင့်တည်း။

တဘက်သောရန်သူစစ်တပ်တွင်ပါလာသောဖခင်ကို ဖခင်မှန်းမသိပဲသာမည ရန်သူစစ်သားအထင်ဖြင့် သေနတ်ဖြင့် လှမ်း၍ ပစ်သော သားစစ်သားသည် အကယ်၍ ဖခင်သေသွားငြားအံ့၊ အာနန္တရိယကံထိုက်၏။

ဖခင်မှန်းသိ၍ ထွက်ပြေးစေရန် ရည်ရွယ်လျက် ဘေးချော်၍ ပစ်ရာ မတော် တဆ မှန်ကာသေသွားခဲ့သော်၊ အာနန္တရိယကံမထိုက်၊ သေခါနီး အသည်း အသန် ပြင်းထန်သော ရောဂါဒဏ်ကို ခံနေရသူမိဘများကို မြန်မြန်အသက် ထွက်စေရန် (မကြည့်ရက်ပဲ သနားသဖြင့်) လောကီနည်း တမျိုးမျိုးဖြင့် ပြုလုပ်ရာ နေသင့်သလောက် နေမသွားရပဲ သေသွားငြားအံ့၊ အာနန္တရိယကံ ထိုက်သည်၊ သတိပြုစရာကောင်းလှ၏။)

## ရဟန္တာကိုသတ်သူကိုလည်း ရှင်ရဟန်း ပြုမပေးရ

ဤရဟန္တာကိုသတ်သည့် အရဟန္တဃာတကကံအရာ၌ လူဇာတ်ရှိသော လူ ရဟန္တာကိုသာ ယူရမည်၊ လူဇာတ်မရှိသော ရဟန္တာကိုယူမရ။

လူဇာတ်ရှိသောရဟန္တာရဟန်းကို အယုတ်ဆုံးအားဖြင့် လူဝတ်ကြောင်ဖြစ် သောရဟန္တာ သူငယ်များကိုပင် သေစေလိုသောစိတ်ဖြင့် သတ်ခဲ့လျှင် အရဟန္တ ဃာတက=ရဟန္တာသတ်သောကံ၊ အာနန္တရိယကံထိုက်၏။ ၎င်းပုဂ္ဂိုလ်ကို ရှင် ရဟန်း ပြုမပေးကောင်းတော့ပြီ၊ ပြုပေးလျှင်လည်း ရှင်ရဟန်းမဖြစ်။

လူဇာတ်မရှိသောရဟန္တာပုဂ္ဂိုလ်ကို သတ်ခဲ့သော်လည်းကောင်း၊လူဇာတ်ပင် ဖြစ်သော်လည်းရဟန္တာမဟုတ် သောတာပန် သကဒါဂါမ်အနာဂါမ် အရိယာ ပုဂ္ဂိုလ်များကိုသတ်ခဲ့သော်လည်းကောင်း၊အရဟန္တဃာတကကံ၊အာနန္တရိယကံ မထိုက်၊ ရှင်ရဟန်းပြုပေးကောင်း၏။

သို့သော် ၎င်းအကုသိုလ်ကံသည် အလွန်ကြီးလေးလှသော အဖြစ်ရှိသော အကုသိုလ်ကံမျိုးဖြစ်တော့၏။

တိရစ္ဆာန်ဖြစ်သူသည် လူဇာတ်ရှိသော ရဟန္တာပုဂ္ဂိုလ်ကို သတ်လျှင်ကား အာနန္တရိယ–ပိတုဃာတကကံမထိုက်၊ အပြစ်ကားကြီး၏။

(ဝိပဿနာအလုပ် အလေ့အကျက် များစွာရှိသောပုထုဇဉ်၊ သို့မဟုတ် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်များကို သတ်ရာ မိမိရိုက်နှက် ထိုးခုတ်သည့် ဒဏ်ရာဒဏ်ချက်ဖြင့်ပင် ရဟန္တာဖြစ်ပြီးမှ သေသွားငြားအံ့၊ အရဟန္တဃာတကကံ ထိုက်သည်သာတည်း။ မည်သူသေသေဟု စိတ်ဖြင့် ကြံစည်ကာ လူများစွာသွားလာနေထိုင်သည့် ပရိသတ်လူအုပ်ထဲသို့ လက်ပစ်ဗုံး သေနတ်စသည်ဖြင့် ပစ်ခတ်ရာ မိမိ၏ မိဘ၊ ရဟန္တာပုဂ္ဂိုလ်တို့ သေခဲ့လျှင်လည်း အာနန္တရိယကံ ထိုက်သည်သာတည်း။)

## လောဟိတုပ္ပါဒကကံ=ဘုရားကိုသွေးစိမ်းတည်အောင် ပြုသူကိုလည်း ရှင်-ရဟန်းပြုမပေးရ

အကြင်သူသည် အရှင်ဒေဝဒတ်ကဲ့သို့ပြစ်မှားသောသတ်လိုသော အကုသိုလ်စိတ်ဖြင့် ဘုရားရှင်၏ အသက် ရှင်ဆဲဖြစ်သော ခန္ဓာကိုယ်၌ ယင် ငယ်သောက်လောက်ရုံမျှဖြစ်သော သွေးကို ဖြစ်စေငြားအံ့၊ သွေးစိမ်း တည်စေငြားအံ့၊ ထိုသူသည် လောဟိတုပ္ပါဒကကံ=ဘုရားကို သွေးစိမ်းတည်အောင် ပြုသော အကုသိုလ် အာနန္တရိယကံ ထိုက်၏။

ဎင်းပုဂ္ဂိုလ်မျိုးကို ရှင်လည်း ပြုမပေးအပ်၊ ရဟန်းလည်း ခံ၍မပေးအပ်၊ ရှင်ရဟန်းပြုပေးသော်လည်း ရှင်ရဟန်းမဖြစ်နိုင်တော့ပြီ။

အနာရောဂါပျောက်ကင်း ချမ်းသာမှု ရစေခြင်းအတွက် ရည်ရွယ်၍ ဆေးဆရာဇီဝကကဲ့သို့ဘုရားရှင်၏ခြေမတော်ကို ဓားငယ်ဖြင့်ခွဲကာ ပုပ်သောအသားအသွေးများကို ထုတ်ဆောင် ဖယ်ရှားသော ပုဂ္ဂိုလ်မျိုးကား လောဟိတုပ္ပါဒကကံမထိုက်၊ များစွာသော ကောင်းမှု ကုသိုလ်ကိုရရှိ၏။ (ဘုရားရှင်၏ ခန္ဓာကိုယ်ကို တစုံတယောက်သော သူမျှ ပေါက်ကွဲအောင် ပြုလုပ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် အရေအသား ပေါက်ကွဲကာ သွေးထွက်အောင် မပြုနိုင်၊ ကိုယ်၏အတွင်း၌သာလျှင် သွေးခြည်ဥအောင် သွေးစိမ်းတည်အောင်ကား ပြုနိုင်၏။

## လောဟိတုပ္ပါဒကကံနှင့်စပ်၍ သိမှတ်ဖွယ်ရာများ

ယခုခေတ်အခါ ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရား၏ ရုပ်ပွား, ဆင်းတု, စေတီတော်, ဗောဓိပင်, ဓာတ်တော်တို့ကို ပြစ်မှားလိုသော ပဒုဋ္ဌစိတ်ဖြင့် ဖျက်ဆီးသော သူတို့မှာကား လောဟိတုပ္ပါဒကကံနှင့် မခြားမလား တူသော ကြီးလေးသော အကုသိုလ်ကံ ဖြစ်၏။

ဓာတ်တော်မွေတော်များဌာပနာထားသည့် စေတီတော်ကိုလည်းကောင်း၊ ဆင်းတုတော်ကိုလည်းကောင်း၊ တိုက်နေ ထိနေသော မလွတ်သည့် ဗောဓိပင်ကိုင်းကို ဖြတ်တောက်ကာ ပယ်ရှားကောင်း၏၊ ပရိဘောဂစေတီထက် ဓာတုစေတီ ဥဒ္ဒိဿကစေတီတော်များက သာလွန်၍ အဓိကကျကာ မြတ်သောကြောင့်တည်း။

ဗောဓိပင်ပေါ်မှာ နားကုန်သောငှက်တို့ ကျင်ချေးစသည်တို့သည် စေတီပေါ်သို့ ကျနေကုန်ငြားအံ့၊ ဗောဓိပင်ကိုင်းကို ဖြတ်ပစ်ကောင်း၏၊ပရိဘောဂ

စေတီဖြစ်သော ဗောဓိပင်ထက် သရီရစေတီကို သာ၍ အလေးဂရုပြုရမည် ဖြစ်သောကြောင့်တည်း။

စေတီတော်၏ ဖိနပ်ခုံကို ဖောက်ခွဲ၍ သွားနေသည့် ဗောဓိပင် အမြစ်ကိုလည်း ဖြတ်တောက် ဖယ်ရှား ပစ်ကောင်း၏၊ ဗောဓိပင်ကိုင်းသည် ဗောဓိဃရ ခေါ် ဗောဓိပင်အိမ်ကို တိုက်ခိုက်ဖျက်ဆီးလျက် နေငြားအံ့၊ ထိုဗောဓိပင်၏ အကျိုးငှါသာလျှင် ဗောဓိအိမ်ကို ဆောက်လုပ်ထား၏၊ ဗောဓိအိမ် အကျိုးငှါ ဗောဓိပင်ကို စိုက်ထားသည် မဟုတ်သောကြောင့်တည်း၊ နေရာကျောင်း ဇရပ် စသည်တို့နှင့် မလွတ်သောကြောင့် ဗောဓိကိုင်းကို မဖြတ်ကောင်း၊ ဓာတ်တော် မွေ့တော်တို့ကို ထားရာ ဘုရားကျောင်းစေတီတို့ကို စောင့်ရှောက်ခြင်းငှါ ဗောဓိပင်ကိုင်းကို ပယ်ကောင်း ခုတ်ကောင်း၏၊ ဗောဓိပင်ကို စောင့်ရှောက် သုတ်သင်ခြင်း အကျိုးငှာ ချောက်နေ ဆွေးနေသော ကိုင်းနေရာများကို ဖြတ်တောက် ပယ်ရှားကောင်း၏၊ ဘုရားရှင်၏ သက်တော်ထင်ရှား ရှိသော ခန္ဓာကိုယ်တော်ကို စောင့်ရှောက် သုတ်သင်ပြုစုခြင်းနှင့် မခြား ကုသိုလ်တရားများကို ရရှိ၏၊ လောဘဦးစီးသော စိတ်ဖြင့် ဆင်းတုတော် စေတီတော်များမှ ရွှေသင်္ကန်းများကို ပွတ်ခွာယူကြသောသူ၊ ဌာပနာပစ္စည်းများကို ဖောက်ထွင်း ဖြိုဖျက် ယူကြသောသူများမှာ ကြီးလေးသော အပြစ်ရှိ၏။

ပသန္န-ကြည်လင် ကောင်းမြတ်သော စိတ်ထားဖြင့် ပြိုပျက်နေသည်တို့ကို မကောင်းသည့်အရာဌာနများကို ဖယ်ရှားကာ ပြုပြင်မွမ်းမံခြင်းကြောင့်ကား အပြစ်မရှိ၊ များစွာသော ကောင်းမှုများကို တိုးပွားရရှိ၏။

လောဟိတံ ဥပ္ပါဒေတီတိ ဧတ္ထ တထာဂတဿ အဘေဇ္ဇကာယ ကာယ ပရူပက္ကမေန စမ္မစ္ဆေဒံကတွာ လောဟိတပဂ္ဃရဏံ နာမနတ္ထိ၊ သရီရဿ ပန အန္တော ယေဝ ဧကသ္မိံ ဌာနေ လောဟိတံ သမောသရတိ၊ အာဃာတေန ပကုပ္ပမာနံ သဉ္စိတံ ဟောတိ။ ဒေဝဒတ္တေန ပဝိဒ္ဓသိလတော ဘိဇ္ဇိတွာ ဂတာ သက္ခလိကာပိ တထာဂတဿ ပါဒန္တံ ပဟရိ၊ ဖရသုနာ ပဟဋောဝိယ ပါဒေါ အန္တော လောဟိတောယေဝ အဟောသိ။ (ဋီကာ)

အာဃ ယေ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ တေသံ ကိံ ဟောတီတိ။

ဘာရိယံကမ္မံ ဟောတိ အာနန္တရိယ သဒိသံ။ သဓာတုကံပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။

ပရိဘောဂစေတိယမတာ ဟိ သရီရစေတိယံ ဂရုတရံ။ စေတိယ ဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တေ ဗောဓိမူလေပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ၊ ယာပန ဗောဓိ သာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟရက္ခဏတ္ထံ ဆိန္ဒိတုံ နလဘတိ၊ ဗောဓိ အတ္ထာယ ဟိ ဂေဟံ၊ နဂေဟတ္ထာယ ဗောဓိ၊ အာသနဃရေပိ ဧသေဝ နယော၊ ယသ္မိံ ပန အာသနဃရေ ဓာတုနိဟိတာ ဟောတိ၊ တဿ ရက္ခဏတ္ထာယ တံသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ ဗောဓိဇဂ္ဂနတ္ထံ ဩဇောဟရဏ သာခံ ဝါ ပုတိ ဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ၊ သတ္ထုရူပကာယပဋိဇဂ္ဂနေဝိယ ပုညမ္ပိ ဟောတိ။ (ဝိနယာလင်္ကာရဋီကာ။)

သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၀၈) ၌လည်း အလားတူလာသည်။

## သံဃာကိုကွဲပြားအောင် သင်းခွဲသူကိုလည်း ရှင်ရဟန်းပြုမပေးရ

အကြင်ရဟန်းသည် အရှင်ဒေဝဒတ်ကဲ့သို့ သာသနာတော်ကို ဓမ္မမဟုတ်သည်ကို ဝိနည်းမဟုတ်သည်ကိုပြု၍ လေးပါးသော သံဃာ့ကံတို့တွင် တပါးပါးသောကံဖြင့် သံဃာကွဲပြားအောင် သင်းခွဲခြားအံ့၊ ထိုရဟန်းမျိုးသည် သံဃဘေဒကကံ ထိုက်တော့၏။ ရှင်-ရဟန်းပြုမပေးကောင်း။

## ဘိက္ခုနီမကို မေထုန်မှီဝဲလျက် ဖျက်ဆီးသူကိုလည်း ရှင်ရဟန်းပြုမပေးရ

ပကတိ သီလ မပျက်မစီးသော (သီလရှိသော ) ဘိက္ခုနီမကို ဝစ္စမဂ် ပဿာဝမဂ် မုခမဂ်ဟူသော (၃)ပါးသော မဂ်ပေါက်တို့တွင် တခုခုသောမဂ်ပေါက်၌ မေထုန်မှီဝဲသောအားဖြင့် ဖျက်ဆီးသော ပုဂ္ဂိုလ်သည် ဘိက္ခုနီဒူသက=ဘိက္ခုနီမကိုဖျက်ဆီးသူမည်၏၊ ထိုသူအားလည်း ရှင်—ရဟန်း ပြုလုပ်မပေးရ။

ပွေ့ဖက် ဆွဲကိုင် နမ်းရှုပ်ခြင်းစသော (ကာယသံသဂ္ဂ) ကိုယ်လက်နှီးနှောရုံမျှဖြင့် သီလပျက်အောင် ဖျက်ဆီးသူကိုမူကား ရှင်ရဟန်း ပြုပေးကောင်းသေး၏။ ဘိက္ခုနီမကို အနိုင်အထက် ဗလက္ကာရဖြင့် အဝတ်ဖြူစသည်ကို ဝတ်ပေးပြီးလျှင် အလိုမတူပဲ ဖျက်ဆီးသော သူသည်လည်း ဘိက္ခုနီဒူသကကံ ထိုက်သည်သာတည်း၊ အနိုင်အထက် ဗလက္ကာရဖြင့် အဝတ်ဖြူစသော လူတို့အဝတ်အစားကို ဝတ်ပေးပြီးလျှင် ဘိက္ခုနီမ၏ အလိုတူကာ ကြည်ဖြူစွာလက်ခံသဖြင့် ဖျက်ဆီးသောသူသည်ကား ဘိက္ခုနီဒူသကမဖြစ်၊ အဘယ်ကြောင့်နည်း—

ထိုဘိက္ခုနီမသည် အဝတ်ဖြူစသော အဝတ်ကိုရသဖြင့် လူ၏အဖြစ်၌ စိတ်ဖြင့်လက်ခံ သာယာလိုက်ကာမျှဖြင့် ဘိက္ခုနီမ မဟုတ်တော့ပဲ လူဖြစ်သွားသောကြောင့်တည်း။

၁။ တကြိမ် သီလပျက်အောင် ဖျက်ဆီးပြီးသော ဘိက္ခုနီမကို နောက်ထပ် ဖျက်ဆီးသောသူ၊

၂။ သိက္ခမာန်မကို ဖျက်ဆီးသောသူ၊

၃။ သာမဏေမကို ဖျက်ဆီးသောသူ များကား ဘိက္ခုနီဒူသကမဖြစ်၊ ရှင်ရဟန်း ပြုလုပ်ပေးကောင်း၏။

(သို့သော် ၎င်းပုဂ္ဂိုလ်များမှာ သီလနှင့် ပြည့်စုံသူများကို ဖျက်ဆီးသောကြောင့် အလွန်ကြီးလေးသော အပြစ်ရှိ၏၊ ယခုခေတ်အခါ သီလရှင်များကို အလိုတူ၍ဖြစ်စေ၊ ပစ္စည်းလာဘ်လာဘဖြင့် ဖြားယောင်း၍ဖြစ်စေ ဖျက်ဆီးသူများလည်း သီလရှိသူကို ဖျက်ဆီးသောကြောင့် ရိုးရိုး ကာမေသုမိစ္ဆာစာရ ကံထက် အပြစ်ကြီး၏၊ ဗလက္ကာရအနိုင်ကျင့်ကာ ဖျက်ဆီးမှုကား ဆိုဖွယ်ရာမရှိတော့ပြီ)။

## ပါရာဇိကကျသူလူပုဂ္ဂိုလ်များ

ဤဆိုအပ်ခဲ့ပြီးသော ပဏ္ဍုက်အစ ဘိက္ခုနီဒူသက အဆုံးရှိသော ပုဂ္ဂိုလ် တကျိပ်တယောက်တို့သည်ကား ရှင် ရဟန်းပြုမပေးထိုက်သော ရှင်-ရဟန်း ပြုသော်လည်း ရှင် ရဟန်း မဖြစ်သော အဘဗ္ဗပုဂ္ဂိုလ် (၁၁) ယောက်တို့တည်း၊ လူပါရာဇိကကျသူများဖြစ်၏၊ ရဟန်းသာမဏေများသာ ပါရာဇိကကျသူ ရှိသည်မဟုတ်၊ လူဝတ်ကြောင်များမှာလည်း ပါရာဇိကကျသူ ရှိသည်ဟု မှတ်သားထားကြရမည်။

## အသက်(၂၀)မပြည့်သေးသူကို ရဟန်းခံမပေးရ

အသက်(၂၀)မပြည့်သေးသော ရဟန်းလောင်း ပုဂ္ဂိုလ်ကို ရဟန်းသာ ခံမပေးကောင်း၊ ရှင်သာမဏေကား ပြုပေးကောင်း၏။

ထို့ကြောင့် အမိဝမ်း၌ ပဋိသန္ဓေယူရာအခါမှစ၍ အသက် (၂၀) ပြည့်ပြီးသော ပုဂ္ဂိုလ်ကိုသာ ရဟန်းခံပေးရ၏။

မွေးဖွားပြီးရာ အခါမှစ၍ အသက်(၂၀)ပြည့်သော ပုဂ္ဂိုလ်သာမဟုတ်၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေခဲ့ရသော လတို့နှင့်တကွ အနှစ်(၂၀)ရှိသူ၊ ဂဗ္ဘဝီသ ရဟန်းလောင်းကိုလည်း ပရိပုဏ္ဏဝီသတိဝဿ=အသက် (၂၀) ပြည့်သူဟူ၍ ခေါ်ဆိုရ၏၊ ဘုရားဟော ပါဠိတော် အထောက် သာဓကမှာ—

ယံ ဘိက္ခဝေ မာတုကုစ္ဆိသ္မိံ ပဌမံ စိတ္တံ ဥပ္ပန္နံ၊ ပဌမံ ဝိညာဏံ ပါတုဘူတံ၊ တဒုပါဒါယ သာဝဿ ဇာတိ၊ အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ'' ဟူသော (ဝိ၊ ၃၊ ၁၂၉) လာ ပါဠိဖြင့်၏။

ပါဠိတော်၏အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ မာတုကုစ္ဆိသ္မိံ၊ အမိဝမ်း၌။ ပဌမံ၊ ရှေးဦးစွာသော။ ယံစိတ္တံ၊ အကြင်ပဋိသန္ဓေစိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်ခဲ့၏။ ပဌမံ၊ ရှေးဦးစွာသော။ ယံဝိညာဏံ၊ အကြင်ပဋိသန္ဓေဝိညာဏ်သည်။ ပါတုဘူတံ၊ ထင်ရှားဖြစ်ခဲ့၏။ တံ၊ ထိုအမိဝမ်း၌ ပထမဆုံး ဖြစ်သောစိတ် ပထမဆုံး ထင်ရှားဖြစ်ခဲ့သော ပဋိသန္ဓေဝိညာဏ်ကို။ ဥပါဒါယ၊ အစပြု၍။ သာဝ၊ ထိုပဋိသန္ဓေစိတ်ဝိညာဏ်သည်သာလျှင်။ အဿ၊ ထိုသတ္တဝါ၏။ ဇာတိ၊ ပဋိသန္ဓေမည်၏။ ဘိက္ခဝေ၊ တို့။ ဂဗ္ဘဝီသံ၊ အမိဝမ်း ခေါင်း အောင်းခဲ့လပါ ထည့်ကာရေတွက် အသက်(၂၀)ပြည့်သော ရဟန်းလောင်းကို။ ဥပသမ္ပာဒေတုံ၊ ရဟန်းခံပေးခြင်းငှာ၊ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

## အသက်(၂၀) ရေတွက်ပုံနည်းများ

အသက်(၂၀) ရေတွက်ရာ၌ ပဋိသန္ဓေတည်နေသည်မှစ၍ ရေတွက်ရ၏၊ ပဋိသန္ဓေ တည်နေသည်မှ အမိဝမ်း၌ ကိန်းအောင်းရသည့် အချိန်ကာလများမှာ တချို့မှာ(၇)လ၊ တချို့မှာ (၈)လ၊ တချို့မှာ (၉)လ၊ တချို့မှာ (၁၀)လ၊ တချို့မှာ (၁၁)လ၊ တချို့မှာ (၁၂)လ အမျိုးမျိုးရှိကြ၏။

မွေးဖွားပြီးသည်မှနောက်နှစ်များနှင့်၊ အမိဝမ်း၌ကိန်းအောင်းခဲ့သည့် လများကို စုပေါင်းကာ ရေတွက်၍ အသက် (၂၀)ပြည့်လျှင် ပရိပုဏ္ဏဝီသတိဝဿ= အသက်(၂၀)ပြည့်သူဟု ခေါ်ဆိုရ၏၊ နာရီပိုင်း မှက်ပိုင်း လိုရှုနေသေးလျှင် ဦနဝီသတိဝဿ=ယုတ်သောအသက် (၂၀)ရှိသူ၊ အသက်(၂၀)မပြည့်သေးသူဟု ခေါ်ဆိုရ၏။

အမိဝမ်း၌ (၁၂)လနေခဲ့ရသူ ပုံစံထား၍ တွက်ကြည့်ပုံမှာ သီတင်းကျွတ်လပြည့်နေ့၌ မွေးဖွားသည်ဆိုကြပါစို့၊ ၎င်းသူသည် (၁၉) နှစ်မြောက် သီတင်းကျွတ်လပြည့်နေ့မှာ အသက် (၁၉)နှစ်ပြည့်တော့၏၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှာ ရဟန်းခံပေးကောင်း၏၊ အဘယ့်ကြောင့်ဆိုသော်–

ပဋိသန္ဓေက ၁၂လ။

မွေးဖွားပြီးရောက်သည့်နှစ်က (၁၉)နှစ်၊နှစ်ချုပ်ပေါင်း အသက်(၂၀) ပြည့်တော့၏။

ဝိနယ-၉

(၁၁)လ ပဋိသန္ဓေနေခဲ့ရသူဖြစ်အံ့၊
တန်ဆောင်မုန်း လပြည့်ကျော်(၁)ရက်နေ့မှာ အသက်(၂၀)ပြည့်၏။
တွက်ပုံ။ ။ပဋိသန္ဓေက (၁၁)လ။
ရောက်သည့် အသက်က ၁၉—နှစ် ၁-လ၊ (၂၀)ပြည့်၏။
(၁၀)လ ပဋိသန္ဓေ နေခဲ့ရသူဖြစ်အံ့၊
နတ်တော်လပြည့်ကျော် (၁)ရက်နေ့မှာ အသက်(၂၀) ပြည့်၏။
တွက်ပုံ။ ။ပဋိသန္ဓေက (၁၀)လ။
ရောက်သက်က ၁၉-နှစ် ၂- လ၊ (၂၀)ပြည့်၏။
(၉)လ ပဋိသန္ဓေ နေခဲ့ရသူဖြစ်က၊
ပြာသိုလပြည့်ကျော် (၁)ရက်နေ့မှာ အသက်(၂၀)ပြည့်၏။
တွက်ပုံ။ ။ပဋိသန္ဓေက (၉)လ၊
ရောက်သက်က ၁၉-နှစ် ၃-လ၊ (၂၀)ပြည့်၏။
ရှစ်(လ)မှာ မွေးဖွားသူကား အသက်မရှည်နိုင်။
(၇) လမှာ မွေးဖွားသူ ဖြစ်အံ့၊
တပေါင်းလပြည့်ကျော် (၁)ရက်နေ့မှာ ရဟန်းခံကောင်း၏။
တွက်ပုံ။ ။ပဋိသန္ဓေက (၇)လ၊
ရောက်သက်က ၁၉-နှစ် (၅)လ၊ အသက်(၂၀)ပြည့်၏။

အားလုံး အသက်၂၀-နှင့် ၁-ရက်စီရှိကြသဖြင့် အသက်ပြည့်ကာ ရဟန်းခံပေးကောင်းတော့၏။

## ရှေးမထေရ်တို့၏ဝါဒ

ရှေးမထေရ်များကား အဓိဝမ်း၌ ကိန်းအောင်းခဲ့သော လများကိုမယူပဲ မွေးဖွားပြီးနောက် ဝါထပ်ရက်ငင် လအပိုများဖြင့် ရေတွက်ကြ၏၊ရေတွက်ပုံမှာ သီတင်းကျွတ် လပြည့်နေ့မှာပဲ မွေးဖွားသူ ဆိုကြပါစို့၊ မွေးဖွားပြီးနောက် (၁၉) နှစ်ပြည့်ရာ သီတင်းကျွတ်လပြည့်နေ့မှ နောက်ထပ် ပါခေါင်လပြည့်နေ့အထိ (၁၀)လ၊ နှစ်ရပ်ပေါင်း(၁၉)နှစ်နှင့်(၁၀)လရ၏။ (၃)နှစ်တကြိမ် ဝါထပ်သောကြောင့် (၁၉)နှစ်အတွင်းမှာ(၆)ကြိမ် ဝါထပ်သဖြင့် (၆)လရ၏။

(၁၉)နှစ် အတွင်းမှာ (၁)နှစ်လျှင် ရက်မစုံ(၆)လ ဖြစ်၍ (၆) ရက်စီ လျော့နေသဖြင့် (၃)လ (၂၄)ရက်ရ၏၊ ၎င်းကို ဝါထပ်(၆)လမှာ နုတ်လျှင် (၂)လနှင့် (၆)ရက်သာ ကျန်တော့၏။

မူလ(၁၉)နှစ်နှင့် (၁၀)လ။
ဝါထပ်မှကျန်(၂)လနှင့်(၆)ရက်၊ ပေါင်း(၂၀)နှစ် (၆)ရက်ရ၏။
ရဟန်းခံကောင်းတော့၏။

## ဝါထပ်ရက်ငင်နည်း ဆောင်ပုဒ်လင်္ကာများ

၁။ ဆယ့်ကိုးနှစ်ကို၊ ခြောက်လပို၊ ဝါဆိုထပ်သည့်တွက်။
၂။ လေးလမျှတို၊ ယုတ်လျော့ကုန်၊ မစုံလအတွက်။
၃။ ရက်သုံးဆယ်လ၊ ဆယ့်နှစ်လ၊ ဝဿ-အမှန်ထွက်။
၄။ ယုတ်-ပို-ညှိက၊ ကျန်သေသ၊ နှစ်လခြောက်ရက်တွက်။
၅။ သုံးလစွန်းက၊ ခုနှစ်လ၊ ဂဗ္ဘဝီသပြည့်။
မှတ်ချက်။ ။(၁၉)နှစ်နှင့် ၃-လ၊ ၄—သ၊ ၆-လ၊ ၇-လစွန်းလျှင်၊၁၀-လ၊ ၉-လ၊ ၇-လ၊ ၆-လ၊ ပဋိသန္ဓေနေသူများ ဂဗ္ဘဝီသ ဖြစ်သည်။

## ရိုးရိုးနည်း ဆောင်ပုဒ်လင်္ကာ

၆။ ဖွားသက္ကရာဇ်၊ ၁၉—နှစ်မှ၊ ငါး လ-နှစ်လ၊စွန်းတုံက၊ ဂဗ္ဘဝီသဖြစ်။

## မွေးဖွားပြီးသည့်နောက် အသက် (၂၀)ပြည့်မှ ရဟန်း ခံလျှင်ကား

၁။ ပဋိသန္ဓေ(၁၂)လ နေခဲ့သူဖြစ်လျှင်၊ အသက်(၂၁)ဖြစ်၏။
၂။ (၁၁)လ နေခဲ့သူဖြစ်လျှင် အသက်(၂၀)နှစ်နှင့်(၁၁)လ။
၃။ (၁၀)လ နေခဲ့သူဖြစ်လျှင် အသက်(၂၀)နှစ်နှင့်(၁၀)လ။
၄။ (၉)လ နေခဲ့သူဖြစ်လျှင် အသက်(၂၀)နှစ်နှင့်(၉)လ။
၅။ (၈)လ ပဋိသန္ဓေ နေ၍ မွေးဖွားသူကား အသက်မရှင်။
၆။ (၇)လ ပဋိသန္ဓေ နေခဲ့သူဖြစ်လျှင် အသက်(၂၀)နှစ်နှင့်(၇)လ။
၇။ (၆)လနှင့် မွေးဖွားသူ ကလေးကား နုနယ်လွန်းသဖြင့် အသက်မရှင်။
ဤသို့ ပဋိသန္ဓေနှင့် ပေါင်း၍ တွက်ပါလေ။

## အသက်(၂၀)မပြည့်သေးသူကို ပြည့်ပြီထင်၍ ရဟန်းခံပေးထားခဲ့လျှင်

အသက်(၂၀)မပြည့်သေးသူကို ပြည့်ပြီဟု ထင်မှတ်၍ ရဟန်းခံပေးခဲ့လျှင်ကား ဥပဇ္ဈာယ်ဆရာ၊ကမ္မဝါစာဆရာ၊ ကာရကသံဃာတော်များမှာ အာပတ်မသင့်။သို့သော် ရဟန်းလောင်းကား ရဟန်းမဖြစ်။

ငင်း (ရဟန်းမဖြစ်သော) ရဟန်းက (၁၀)ဝါကျော်ရသဖြင့် ဥပဇ္ဈာယ်ဆရာလုပ်ကာ ရဟန်းလောင်း တပါးပါးကို ရဟန်းခံပေးလျှင်ကား—

ဥပဇ္ဈာယ်ဆရာကို ချန်ထား၍ မဇ္ဈိမဒေသ၌ဖြစ်လျှင် ရဟန်းစစ်အနည်းဆုံး(၁၀)ပါး၊ မြန်မာနိုင်ငံကဲ့သို့သော အရပ်ဒေသဖြစ်လျှင် အနည်းဆုံး(၅)ပါး ဂိုဏ်းပြည့်ခဲ့လျှင်ရဟန်းလောင်း ရဟန်း ဖြစ်၏။

အသက်(၂၀)ပြည့်သည့် ထင်မှတ်ကာ ရဟန်းခံထားသည် ရဟန်း မဖြစ်သော ပုဂ္ဂိုလ်သည် မိမိ ရဟန်းမဖြစ်မှန်း မသိသေးသမျှ ကာလပတ်လုံး သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်၊ သိရာအခါမှာ ပြန်၍ ရဟန်းခံရမည်၊ကံကြီးကံငယ် ကိစ္စတို့၌ကမ္မဝါ ဖတ်လျှင်လည်း သူမပါပဲဂိုဏ်းပြည့်လျှင် ကံမြောက်၏။

## လုံးဝရဟန်းခံမပေးကောင်းသူ (၁၃)ယောက်

၁။ အထက်ကပြဆိုခဲ့ပြီးသော အဘဗ္ဗပုဂ္ဂိုလ်(၁၁)ယောက်၊

၂။ အသက်(၂၀) မပြည့်သူ(၁)ယောက်၊

၃။ ရဟန်းဘာဝ၌ ပါရာဇိကကျ၍ လူဖြစ်သွားသူ (၁)ယောက်၊

ပေါင်း(၁၃) ယောက် ဖြစ်၏။

ငင်းပုဂ္ဂိုလ် (၁၃)ယောက်ကို ရဟန်းအကြိမ် (၁၀၀)ပင် ခံသော်လည်း ရဟန်းမဖြစ်နိုင်။

အသက် (၂၀) မပြည့်သေးသူမှန်းသိလျက် ဥပဇ္ဈာယ်လုပ်ကာ ရဟန်းခံပေးသော ရဟန်းအား ပါစိတ်အာပတ်သင့်၏၊ ကမ္မဝါစာဆရာနှင့်ကာရကသံဃာများမှာ ဒုက္ကဋ်၊ အဘဗ္ဗပုဂ္ဂိုလ်မှန်းသိလျက် ရဟန်းခံပေးလျှင် ဒုက္ကဋ်။

## မိဘတို့ ခွင့်မပြုသောသူများကိုလည်း ရှင် ရဟန်းပြုမပေးရ

ဤသို့ပြဆိုခဲ့ပြီးသည့် ရှင် ရဟန်းပြုမပေးကောင်းသော အဖြစ်ဒေါသတို့မှ ကင်းလွတ်သူပင် ဖြစ်စေကာမူ—

"န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော"—ဟု သိက္ခာပုဒ်တော်ကို ဟောကြားထားတော်မူသောကြောင့် မိဘတို့က ခွင့်မပြုသော ရှင်ရဟန်းလောင်းများကိုလည်း ရှင်ရဟန်းပြုမပေးရ၊ ပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ဤနေရာ၌ မွေးမိ မွေးဘ (အမိရင်း အဖရင်း) တို့ကိုသာ ရည်ရွယ်၍ မိဘဟု ဆိုသည်၊ မွေးစား မိဘကိုမယူရ။

မိဘတို့ကို ရှင်ရဟန်းပြုခွင့်ပန်ကြားရာ၌ မိဘ(၂)ပါးလုံး ရှိလျှင် နှစ်ဦးလုံးကိုပင် ပန်ကြားရမည်၊ တယောက်ယောက်သေ၍ မရှိလျှင် ရှိသည့်ပုဂ္ဂိုလ်ကိုသာ ပန်ကြားရမည်၊ (လူ့ဝတ်ကြောင်နှင့်နေသော မိဘများကိုသာမဟုတ်) ရဟန်း ဝတ်နေကြကုန်သော မိဘများကိုပင် ပန်ကြားရမည်။

ပန်ကြားသည့်အခါ မိမိ (ဆရာ)ကိုယ်တိုင်သော်လည်းကောင်း၊ တပါးသောသူကို စေလွှတ်၍သော်လည်းကောင်း၊ ရှင်ရဟန်းပြုမည့်သူကိုပင် "သွားချေ-သင့်မိဘများကို ပန်ကြား၍ သင့်မိဘများက ခွင့်ပြုမှလာခဲ့"ဟု ပြောဆိုမှာကြားကာ စေလွှတ်၍သော်လည်းကောင်း ပန်ကြားနိုင်သည်။

"တပည့်တော်ကို မိဘတို့က ခွင့်ပြုပါသည်ဘုရား၊ ပန်ကြားဖွယ်မလိုတော့ပါ"ဟု အကယ်၍ လျှောက်ထားသည်ဖြစ်အံ့၊ ယုံကြည်စိတ်ချရလျှင် ပြုပေးကောင်း၏။

ရဟန်းဝတ်နေသောအဖကမိမိသားကိုလည်းရှင်ရဟန်းပြုပေးလိုလျှင်အမိကို ပန်ကြားရမည်၊ အမိ ဘိက္ခုနီမက မိမိသမီးကိုလည်း ရှင်ရဟန်းပြုပေးလိုလျှင် အဖကိုပန်ကြားရမည်။

ဖခင်ဖြစ်သူသည် သားမယားတို့ကို အလိုမရှိသဖြင့် ပစ်သွားခဲ့၏၊ အမိက "အရှင်ဘုရား ဤသူငယ်ကို ရှင်ပြုပေးပါဘုရား"ဟု လျှောက်ထားကာ သူ၏သားကို ရဟန်းတို့အား အပ်နှံငြားအံ့၊ "ဤကလေး၏အဖေက ဘယ်မှာလဲ" ဟု မေးသည့်အခါ "ကလေးအဖေက စိတ်ကြိုက်ပျော်ပါးခြင်းငှာ တပည့်တော်မတို့မိသားစုကို ပစ်ထားခဲ့၍ ထွက်ပြေးသွားပါသည် ဘုရား"ဟု အမိလုပ်သူက လျှောက်ထားငြားအံ့၊ ၎င်းသူငယ်ကို ရှင်ပြုပေးကောင်း၏၊ အဖကို ပန်ကြားရန်မလို။

အမေက ယောကျာ်းနှင့်သားသမီးများကို ပစ်ကာ နောက်အိမ်ထောင်နှင့် လိုက်သွားသည်ဖြစ်အံ့၊ အဖက"ဤသူငယ်ကို ရှင်ပြုပေးပါကုန်ဘုရား" ဟု လျှောက်ထားသည်ဖြစ်အံ့၊ ၎င်းသူငယ်ကိုလည်း ရှေးနည်းအတိုင်း ရှင်ပြုပေးကောင်း၏၊ အမိကိုပန်ကြားရန်မလို။

လင်မယား တရားဝင် ကွာရှင်းနေကြရာ အမိက သူ့ထံ၌ရှိသော သားကို ရှင်ပြုပေးပါဟု လျှောက်သည်ဖြစ်အံ့၊ "ဤကလေး၏ ဖခင်က ဘယ်မှာလဲ"ဟု မေးရာ၊ "အရှင်ဘုရားတို့အား ကလေးအဖေကို သိသဖြင့် ဘာအကျိုးရှိမှာလဲဘုရား၊ တပည့်တော်မ သာသာသိပါလိမ့်မည်"ဟု လျှောက်ထားခဲ့ငြားအံ့၊ ရှင်ပြုပေးကောင်း၏ဟု ကုရုန္ဒီအဋ္ဌကထာ၌ မိန့်ဆို၏။

သူငယ်သည် မိဘနှစ်ပါး သေဆုံးသွားကြသဖြင့် မိထွေး စသောသူတို့၏ အထံ၌ နေကာ ကြီးပြင်းလာရ၏၊ ထိုသူငယ်ကို ရှင်ပြုပေးခဲ့လျှင် သူ့ဆွေမျိုးများကခိုက်ရန်ပြုတတ်ကြကုန်၏၊ကဲ့ရဲ့ရှုတ်ချသော်လည်းကဲ့ရဲ့ရှုတ်ချတတ်ကြကုန်၏၊ ထို့ကြောင့် ခိုက်ရန်မှုကိုဖြတ်ခြင်းငှာ ဝတ္တရားကျေပွန်အောင် သူတို့ကို ပန်ကြား၍သာ ရှင်ပြုပေးအပ်၏၊မပန်ကြားပဲ ပြုပေးသော်လည်း မိဘအရင်းများ မဟုတ်ကြသဖြင့် အာပတ်မသင့်။

လောက၌ ကလေးကို ငယ်စဉ်ကာပင် ယူ၍ မွေးကျွေးထားကြသည့် မွေးစားမိဘတို့ နည်းသည် ရှိတတ်ကုန်၏၊ (ကိတ္တိမမွေးစားသည့် မိဘများကိုဆိုလိုသည်) ထိုမွေးစား မိဘတို့ကိုလည်း ရှေးနည်းအတိုင်းသာ ဝတ္တရားကျေပွန်အောင် ပန်ကြား၍ ရှင်ရဟန်းပြုပေးအပ်၏၊ မပန်ကြားလျှင်လည်း အပြစ်တော့ မရှိပေ။

သားဖြစ်သူသည် ကိုယ့်ဘာသာကိုယ် လုပ်ကိုင် ရှာဖွေကာ စားသောက်နေ၏၊ မိဘများကိုမှီ၍ နေသူမဟုတ်၊ သားက ရှင်ဘုရင်ကြီးပင် ဖြစ်နေလင့်ကစား ရှင်ရဟန်းပြုလိုလျှင် မိဘများကို ပန်ကြား၍သာ ပြုလုပ်ပေးရမည်၊ (အိုးအိမ်ထောင်ကျကာ မိဘများနှင့် ခွဲနေသည့် သားကို ရှင်ရဟန်းပြုပေးလိုလျှင်လည်း မိဘများရှိသေးလျှင် သူ့မိဘများကို ပန်ကြားရမည်သာဟု ဆိုလိုသည်။)

မိဘတို့က ခွင့်ပြုသဖြင့် ရှင်ရဟန်းဝတ်ပြီးလျှင် နောက်လူထွက်သွား၏၊ အကြိမ် (၁၀၀)ရှင်ရဟန်းပြုကာ အကြိမ် (၁၀၀)လူထွက်သူပင် ဖြစ်စေဦးတော့၊ ရှင်ရဟန်းပြုပေးရန် လာတိုင်းလာတိုင်း မိဘများကို ပန်ကြား၍သာ ပြုပေးရမည်။

"ဤသူငယ်ဟာ လူထွက်ပြီး အိမ်ရောက်လာတော့လည်း အိမ်မှာဘာကိုမျှ လုပ်ကိုင်ဖော်မရပါ၊ ရှင် ရဟန်းဝတ်နေလည်း အရှင်ဘုရားတို့ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ဘာမှ ပြုစုဖော်မရပါ၊ အသုံးမကျပါဘုရား၊ နောက် တပည့်တော်တို့ကို ပန်ကြားမနေပါနဲ့တော့ဘုရား၊ သူရှင်ရဟန်းပြုလို၍ လာခဲ့လျှင် အရှင်ဘုရားများ သဘောအတိုင်း ပြုလုပ်ပေးလိုလျှင်လည်းလာတိုင်းသာ ပြုလုပ်ပေးလိုက်ကြပါကုန်ဘုရား" ဟု လျှောက်ထားလျက် သူ့မိဘများက စွန့်ပစ်ထားသူ ဖြစ်လျှင်ကား နောက်ထပ် ပန်ကြားစရာမလိုတော့ပြီ၊ ပြုပေးကောင်း၏။

ငယ်ရွယ်စဉ်အခါတုန်းကပင်မိဘများက "ဤသူငယ်ကို အရှင်ဘုရားတို့အားပေးလှူပါ၏၊ အရှင်ဘုရားများ ရှင်ရဟန်းပြုပေးလိုလျှင် အချိန်မရွေးပြုလုပ်

ပေးတော်မူပါဘုရား"ဟု လျှောက်ထား၍ ပေးလှူအပ်သော သူကိုမူကား မိဘများကို မပန်ကြားပဲလည်း ရှင်ရဟန်း ပြုပေးကောင်း၏။

ငယ်ရွယ်စဉ်တုန်းကတော့ အထက်ပါအတိုင်း လျှောက်ထား ခွင့်ပြုထား ပါလျက် နောင် ကလေးအရွယ်ရောက်လာမှ မိဘများက ခွင့်မပြုခဲ့သော် ထိုသူမျိုးကိုကား မပန်ကြားပဲ ရှင်ရဟန်း ပြုမပေးကောင်း။

မိဘတို့နှင့်မသင့်မတင့် ခိုက်ရန်ဖြစ်ကာ အိမ်မှ ထွက်ခွာလာသူ တယောက် သည် ကျောင်းသို့လာပြီးလျှင် "တပည့်တော်ကို ရှင်ရဟန်း ပြုလုပ်ပေးကြ ပါကုန်ဘုရား"ဟု လျှောက်ထားရာ "သင့်မိဘများအားပန်ကြားပြီးမှလာခဲ့" ဟု အပန်ကြားခိုင်းရာ "တပည့်တော်တော့ ပြန်ပြီး မပန်ကြားချင်ဘူး၊ အကယ်၍ တပည့်တော်ကို အရှင်ဘုရားတို့ ရှင်ရဟန်းပြုလုပ်မပေးလျှင် အရှင် ဘုရားတို့ ကျောင်းကို တပည့်တော်က မီးနှင့်ရှို့မှာဟူ၍ လည်းကောင်း၊အရှင် ဘုရားတို့ကို တပည့်တော် အကုန်ဓားနှင့် ခုတ်သတ်မှာ"ဟူ၍ လည်းကောင်း၊ "အရှင်ဘုရားတို့ ဆွေမျိုးများ၏ လည်းကောင်း၊ အလုပ်အကျွေး ဒကာ ဒကာမတို့၏ လည်းကောင်း အာရာမ် အိမ်ဝိုင်းတို့ကို ဖောက်ထွင်းခြင်း စသည် တို့ဖြင့် 'အစီးအပွားမဲ့ကို ပြုလုပ်မည်"ဟူ၍ လည်းကောင်း၊ ခြိမ်းခြောက် ပြောဆိုငြားအံ့၊ သစ်ပင်ပေါ်မှ ခုန်ချသေမည်၊ ခိုးသူဒမြ သူပုန်ထဲဝင်မည်၊ အရပ်တပါးသို့ သွားမည် စသည်ဖြင့် ပြောဆိုငြားအံ့၊ ထိုကဲ့သို့သောသူကို အသက်ကိုစောင့်ရှောက်ရန် အကျိုးငှာ ရှင်ရဟန်းပြုပေးခြင်းငှာ အပ်၏။

ရှင်ရဟန်းပြုပေးပြီးနောက် သူ့မိဘများက လာရောက်၍ ဘာလုပ်တပည့် တော်တို့သားကို အရှင်ဘုရားတို့ ရှင်ရဟန်း ပြုပေးကြရပါကုန်သနည်း ဟု အပြစ်တင်စကား လျှောက်ထားကြကုန်ငြားအံ့၊ ထိုမိဘတို့အား ဖြစ်ပုံ အကြောင်းစုံကို ရေလည်အောင် ပြောပြပြီးလျှင်သင်တို့ရဲ့သားကိုစောင့်ရှောက် ထိန်းသိမ်းသောအားဖြင့်သာ ငါတို့ကရှင်ရဟန်းပြုပေးခဲ့ကြကုန်၏၊သင်တို့သည် သင်တို့၏သားနှင့် မေးမြန်း ဆွေးနွေးကာ နားလည်မှုယူကြ–ဟု ပြောဆို အပ်ကုန်၏။

သစ်ပင်ပေါ်မှ ခုန်ချမည်ဟု ပြောဆိုကာ သစ်ပင်ထက်သို့ တက်ပြီးလျှင် လက်ခြေတို့ကို လွှတ်နေဆဲဖြစ်သူကို ရှင်ရဟန်းပြုပေးခြင်းငှာ အပ်သည်သာ လျှင်တည်း။ (မပန်ကြားပဲပြုအပ်သည်ဟူလို။)

တစုံတယောက်သော သူသည်လည်း တရပ်တပါးသို့ သွားရောက်ပြီးလျှင် ရှင်ရဟန်း ပြုပေးရန် တောင်းပန် လျှောက်ထားငြားအံ့၊ မိဘတို့ကိုလည်း ပန်ကြား၍ လာခဲ့သူဖြစ်အံ့၊ ရှင်ရဟန်းပြုပေးကောင်း၏၊ မိဘတို့ကိုမပန်

ကြားပဲ လာခဲ့သူဖြစ်မူကား ရဟန်းငယ်တပါးပါးကို စေလွှတ်၍ ပန်ကြားစေပြီးမှ ပြုပေးရမည်။

အကယ်၍ (ပန်ကြားရမည့်မိဘတို့က) အလွန်ခရီးဝေးကွာလှသည့် အရပ်မှာ ဖြစ်နေလျှင် သူ့ကို ရှင်ရဟန်းပြုပေးပြီးလျှင် နောင်အခါမှ အခြားရဟန်းတို့နှင့် အတူတကွ စေလွှတ်၍ သူ့မိဘများကို ပြခြင်းငှာအပ်၏။

ကုရုန္ဒိအဋ္ဌကထာ ၀ါ ၃။ ။အကယ်၍ ခရီးကလည်းဝေး လမ်းခရီးလည်း အသွားအလာ အလွန်ခက်ခဲသည့် ကန္တာရခရီးခဲ ဖြစ်ငြားအံ့၊ နောက်ကျမှပဲ သွား၍ ပန်ကြားရတော့မှာပဲ-ဟု နှလုံးသွင်းလျက် ပင်လည်း ရှင်ရဟန်းပြုပေးခြင်းငှာ အပ်၏ဟု ကုရုန္ဒိအဋ္ဌကထာဆရာ မိန့်ဆို၏။

အကယ်၍ မိဘဟူသည် သားတော်များအပြား ရှိသူတို့ဖြစ်ကုန်ငြားအံ့၊ "အရှင်ဘုရားတို့၊ တပည့်တော်တို့၏ ဤသားတွေထဲက ရှင်ရဟန်းပြုပေးလိုသူကို ပြုပေးကြပါကုန်ဘုရား"ဟု ဤသို့လည်း အကယ်၍ ပြောက်ထားကြကုန်ငြားအံ့၊ ကလေးသူငယ်တွေထဲမှ သင့်တော်လောက်မည့် ကလေးကို စုံစမ်းရွေးချယ်၍ အလိုရှိသောသူငယ်ကို ရှင်ရဟန်းပြုပေးကောင်း၏။

အကယ်၍လည်း ဆွေမျိုးဘသိုက်လုံးကသော်လည်းကောင်း၊ တရွာလုံးကသော်လည်းကောင်း၊ "အရှင်ဘုရားတို့၊ ဤတပည့်တော်တို့၏ အမျိုးထဲမှသော်လည်းကောင်း၊ တပည့်တော်တို့၏ ရွာထဲမှသော်လည်းကောင်း ရှင်ရဟန်းပြုပေးလိုသူကို ပြုပေးတော်မူကြပါကုန်ဘုရား"ဟု အားလုံးက ခွင့်ပြုထားကြကုန်ငြားအံ့၊ ပြုပေးလိုသူကို မပန်ကြားရတော့ပဲ ပြုပေးနိုင်၏။

## ရှင်ပြုပေးပုံအစီအရင်

ဤသို့ ပဗ္ဗဇ္ဇဒေါသတို့မှကင်းလွတ်၍ မိဘတို့ကလည်း အနုဉာတ် ခွင့်လွှတ်သော ရှင်လောင်းကို ရှင်ပြုပေးလိုသော ဆရာရဟန်းသည်—

ရှင်သာမဏေလောင်းက ဆံချပြီး ကတုံးရိတ်ပြီး မဟုတ်သေးသည်ဖြစ်အံ့၊ ဟိုသို့ခေါင်းမရိတ်ရသေးသူဖြစ်လျှင် ဟသိမ်တည်း၌လည်း မိမိပုကပါးကုန်သော ရဟန်းများ ရှိခဲ့ကုန်ငြားအံ့၊ ဆံရိတ်ရန်အကျိုးငှာ ဘာကျကံ-ကိုပန်ကြားရမည်။

## ဆံချ-ခေါင်းတုံးရိတ်ပုံအစီအရင်

သိမ်တွင်း၌ ရှိသမျှ ရဟန်းတော်အားလုံးကို တနေရာရာ၌ စုဝေးစေပြီးလျှင် ရှင်လောင်းကို ထိုရဟန်းတော်များ စုဝေးနေထိုင်ရာအရပ်သို့ ခေါ်သွားပြီးလျှင် "သံဃံ ဘန္တေ ဣမဿဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ"ဟု (၃) ကြိမ်၊ သို့မဟုတ်

(၂)ကြိမ် သို့မဟုတ် (၁)ကြိမ် လျှောက်ထားရမည်၊ (ဝိဟာရသိမ်ကိုယူ၊ တခကျောင်းတိုက်လုံး သံဃာစုရ၏။)

## တနည်းပန်ကြားပုံများ

"ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ"ဟူ၍လည်းကောင်း

ဣမဿ သမဏကရဏံ အာပုစ္ဆာမိ"ဟူ၍သော်လည်းကောင်း၊

"အယံသမဏော ဟောတုကာမော"ဟူ၍သော်လည်းကောင်း၊

"အယံ ပဗ္ဗဇ္ဇိတုကာမော"ဟူ၍သော်လည်းကောင်း၊

တနည်းနည်းဖြင့်လည်း ၃၊၂၊၁-ကြိမ် ပန်ကြားလျှောက်ထားခြင်းငှာအပ်၏၊ (တသိမ်တည်း၌ မိမိမှတပါး အခြားသော ရဟန်းများ မရှိခဲ့လျှင် ဘဏ္ဍုကမ္မကို ခေါင်းရိတ်မှုကို) ပန်ကြားနေစရာမလိုပါ။)

အကယ်၍ ကျောင်းတိုက်(ကျောင်း)က သဘာဂဌာနလည်းဖြစ်အံ့၊တကျိပ်နှစ်ကျိပ် သုံးကျိပ်သော ရဟန်းတို့ နေထိုင်ကြရာဖြစ်၍ အပိုင်းအခြားလည်း ထင်ရှားသည်ဖြစ်အံ့၊ ထိုရဟန်းတို့ နေထိုင်ရာ အရပ်သို့ သွားရောက်၍လည်း အထက်ပါနည်းအတိုင်း ပန်ကြားအပ်၏။

## ရှင်လောင်းကိုခေါ်မသွားပဲလည်း ပန်ကြားနိုင်၏

မောင်ရှင်လောင်းကို ခေါ်မသွားပဲလည်း ရဟန်းငယ် တို့ကိုဖြစ်စေ၊ သာမဏေတို့ကိုပင်ဖြစ်စေ စေလွှတ်၍လည်း "ဧကော ဘန္တေ ပဗ္ဗဇ္ဇာပေက္ခော အတ္ထိ၊ တဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမ" ဤသို့စသော နည်းဖြင့်ပန်ကြားစေခြင်း (ပန်ကြားခိုင်းခြင်း)ငှာ အပ်၏။

ကျောင်းတိုက်(ကျောင်း)အတွင်းရှိ ရဟန်းများထဲမှ အချို့သောရဟန်းများ ကျောင်းတွင်း၌ သော်လည်းကောင်း၊ (အဆောက်အအုံအတွင်း) ချုံစသည်တို့၏ အတွင်း၌သော်လည်းကောင်း၊ ဝင်ရောက် အိပ်နေသဖြင့်လည်းကောင်း၊ ရဟန်းတရားကို အားထုတ် နေသဖြင့်လည်းကောင်း ပန်ကြားသူများ ရှာမတွေ့ပဲ အားလုံးပန်ကြားပြီးပြီဟု မှတ်ထင်၍ ဆံပင်ချ ဦးခေါင်းရိတ်လျှင် အပြစ်မရှိ၊ ရှင်ပြုခြင်း မည်သည် ပေါ့သော လဟုကကံဖြစ်၏၊ ထို့ကြောင့် ကောင်းစွာရှင်ပြုပေးသည်မည်၏၊ ရှင်ပြုပေးသော်လည်း အာပတ်မသင့်။

ဝိနယ-၁၀

ရှင်ပြုပေးရာ၌ အင်္ဂါ(၃)ပါး

၁။ ကေသဇ္ဈေဒန=ဆံချ ဆံရိတ်ခြင်း အင်္ဂါတပါး၊

၂။ ကာသာယစ္ဆာဒန = သင်္ကန်းပေးကာ သင်္ကန်းဝတ်ခြင်း အင်္ဂါတပါး၊

၃။ သရဏဂုဟာဏ=ဆရာဝ ပည့်နှစ်ဦးလုံး ပီသစွာ သရဏဂုံပေး၊ သရဏဂုံ ယူခြင်းအင်္ဂါတပါး၊ ပေါင်း (၃) ပါးတည်း။

၎င်းအင်္ဂါသုံးပါး စုံလင်မှသာ ရှင်သာမဏေဖြစ်၏၊ ၎င်းအင်္ဂါတချက်ဖြစ်စေ၊နှစ်ချက်ဖြစ်စေ၊သုံးချက်လုံးသော်ဖြစ်စေ ချွတ်ယွင်းခဲ့လျှင် ရှင်သာမဏေ မဖြစ်၊ ယခုပြဆိုနေသည်မှာ နံပါတ်(၁) အင်္ဂါအတွက် ဆံချရန် သံဃာကို ပန်ကြားပုံ အစီအရင်များဖြစ်သည်။

## ကျောင်းတိုက်ကြီး၍သံဃာအားလုံးကို ပန်ကြားနိုင်ရန်မလွယ်ကူလျှင်

အကယ်၍ ကျောင်းတိုက်ကကျယ်၍ သံဃာ တရာ နှစ်ရာစသည် သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်ဖြစ်၍ သံဃာအားလုံးကို စုဝေးစေခြင်းငှာလည်း ခဲယဉ်းခြားအံ့၊ အစဉ်အတိုင်း တပါးစီပန်ကြားဖို့မှာကား သာ၍ပင်မလွယ်ကူ၊ ထိုသို့သောကျောင်းတိုက်မျိုးဖြစ်လျှင်–

၁။ ခဏ္ဍသိမ်၌တည်၍ သော်လည်းကောင်း (ယခုခေတ်ကျောင်းတိုက်အတွင်းရှိသိမ်မျိုး)

၂။ မြစ် သမုဒ္ဒရာ စသည်ရှိရာသို့ သွားရောက်၍သော်လည်းကောင်း ဆံချကာ ရှင်ပြုပေးအပ်၏၊ (ကျောင်းတိုက်အတွင်းရှိ သံဃာအားလုံးကို ပန်ကြားပြီးမှသာ ဆံချ၍ ရှင်ပြုပေးကောင်း၏၊ မပန်ကြားပဲ ရှင်ပြုမပေးကောင်း။)

## ဆံပင်လက်နှစ်သစ်ထက် မရှည်သေးလျှင် ဆံမချပဲလည်း ဝတ်ပေးနိုင်၏

၁။ ကတုံးတုံးပြီးကာစသာဖြစ်သူ၊

၂။ လူထွက်ပြီးစဖြစ်၍ ဆံပင်တိုသေးသောသူ၊

၃။ ပင်ကိုယ် ကတုံးရိတ်ထားသော နိဂဏ္ဌစသည်တို့တွင်တယောက်ယောက်ဖြစ်ခဲ့သူ၊

၄။ ဆံပင် လက်(၂)သစ်မျှသာ ရှိသေးသူ၊

၅။ ဆံပင် လက်(၂)သစ်အောက် တိုသောသူ၊ ၎င်းပုဂ္ဂိုလ် (၅) ယောက်တို့တွင် တယောက်ယောက်ဖြစ်အံ့၊ ဆံရိတ်ဖွယ်ကိစ္စမရှိ၊ မရိတ်ပဲလည်း ဝတ်ပေးနိုင်သည်။

ထို့ကြောင့် ဘဏ္ဍုကမ္မကို မပန်ကြားပဲလည်း ရှင်ပြုပေးခြင်းငှာ အပ်၏၊ အကြင်သူသည်ကား လက်(၂)သစ်ထက် ရှည်သောဆံပင်ရှိ၏၊ အယုတ်ဆုံးအားဖြင့် တခုသော ဦးစွန်းမျှကို ဆောင်သော သူပင်ဖြစ်စေ၊ ထိုသူကို ဘဏ္ဍုကမ္မခေါ် ကတုံးရိတ်မှု ပန်ကြားခြင်းကို ပြု၍သာလျှင် ရှင်ပြုပေးရမည်။

ဤသို့ဘဏ္ဍုကမ္မ=ကတုံးရိတ်ရန် ပန်ကြားမှုကို ပြုပြီး၍ မောင်ရှင်လောင်းကို ရှင်ပြုပေးသော ဆရာရဟန်းသည်လည်း သပိတ်သင်္ကန်း ပြည့်စုံသောသူကိုသာ ရှင်ပြုပေးအပ်၏။

မောင်ရှင်လောင်းမှာ သင်္ကန်းမရှိခဲ့လျှင် ငှားရမ်းအပ်သော သပိတ်သင်္ကန်းဖြင့်လည်း ရှင်ပြုပေးခြင်းငှာအပ်၏။

သဘောတူရာ (သဘာဂ)ဌာနခွဲသော်လည်း သပိတ်သင်္ကန်းကို အကျွမ်းဝင်သဖြင့် ယူပြီးလျှင်လည်း ရှင်ပြုပေးကောင်း၏။

အကယ်၍ မဖုတ်ရသေးသော သပိတ်စိမ်းကိုလည်းကောင်း၊ မချုပ်ရသေးသော သင်္ကန်းလျှော် ပိတ်ချင် စသည်တို့ကိုလည်းကောင်း ယူလာခဲ့သည်ဖြစ်အံ့၊ သပိတ်ဖုတ်ခြင်း, သင်္ကန်းချုပ်ခြင်း ပြုနေစဉ်ကာလပတ်လုံး ကျောင်း၌နေသော သာမဏေလောင်းအား အနာမဋ္ဌဆွမ်းဟု ခေါ်သော ဆွမ်းဦးဆွမ်းဖျားကို ပေးကောင်း ကျွေးကောင်း၏၊ ရဟန်းများ သုံးဆောင်သည့် သပိတ်စသော ခွက်၌ စားသောက်ခြင်းငှာအပ်၏၊ နံနက်အခါ၌ သာမဏေတို့၏ အဖို့နှင့် ညီမျှသော ဆွမ်းစသော စားသောက်ဖွယ်အဖို့ ဝေစုကိုပေးကောင်း၏၊ ကျောင်းကို ခံစေခြင်းသည်ကားမအပ်၊ (ကျောင်း၌ နေဖို့ရန် နေရာကို ဤနေရာကား သင့်နေရာတည်းဟု နေရာကိုတော့ မပေးကောင်းသေး)

စာရေးတံ ဆွမ်း၊ ရည်၍လှူအပ်သောဆွမ်း၊ ပင့်ဖိတ်သည့် ဆွမ်းစသည်တို့ကိုလည်း ခံယူစားသောက်ခြင်းငှာ မအပ်၊ ညနေအခါ၌လည်း သာမဏေများရရှိသော အဖို့ဝေစုနှင့်ညီမျှသော ဆီများ တင်လဲအစရှိသော ဆေးတို့ကို ပေးအပ်၏။

အကယ်၍ သာမဏေလောင်း ဖျားနာလျှင်လည်း ထိုသာမဏေလောင်းကို ဆေးကုကောင်း၏၊ သာမဏေအား ပြုစုစောင့်ရှောက် ကျွေးမွေး သုတ်သင်သလိုပင် ပြုစု စောင့်ရှောက် ကျွေးမွေး သုတ်သင်မှုကို ပြုကောင်း၏။

ရဟန်းလောင်းကိုမူ ငှားရမ်းအပ်သော သပိတ်သင်္ကန်းဖြင့် ရဟန်းပြုမပေးကောင်း၊ အဘယ်ကြောင့်ဆိုသော်—

"န ဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊
ယော ဥပသမ္ပာဒေယျ အာပတ္တိဒုက္ကဋဿ"

ဟု သိက္ခာပုဒ် ပညတ် ထားသောကြောင့်တည်း၊ ထို့ကြောင့် ရဟန်းလောင်းကို သပိတ်သင်္ကန်းပြည့်စုံမှသာ ရဟန်းခံပေးအပ်၏။

အကယ်၍ ရဟန်းလောင်းအား သင်္ကန်းမရှိငြားအံ့၊ ဆရာဥပဇ္ဈာယ်ဖြစ်သူတို့က ပေးလိုခဲ့သော် လည်းကောင်း၊ အခြား ရဟန်းများက ပေးလိုခဲ့သော်လည်းကောင်း ငဲ့ကွက်မှုမရှိ အပြီးအပိုင် စွန့်ကာ အဓိဋ္ဌာန် လောက်သည့် သပိတ်သင်္ကန်းတို့ကို ပေးရမည်။

ခေတ္တငှားရမ်းသောသင်္ကန်းသပိတ်ဖြင့်ကား ရဟန်းပြုမပေးကောင်း၊ ရဟန်းပြုပေးခဲ့လျှင် ဆရာရဟန်းများအား ဒုက္ကဋ်အာပတ် သင့်၏၊ သို့သော် ဥပသမ္ပဒကံကား မပျက်၊ ရဟန်းလောင်း ရဟန်း ဖြစ်၏။

သပိတ်သင်္ကန်း ပြည့်စုံသည့် သာမဏေလောင်းကို ရှင်ပြုပေးမည့် ဆရာရဟန်းသည် အကယ်၍ အားလပ်ခွင့် ရခဲ့လျှင် မိမိ ဆရာရဟန်း ကိုယ်တိုင်ပင် ရှင်ပြုပေးရမည်။ (ဆရာကိုယ်တိုင်ပင် ဆံရိတ်ခြင်း, သင်္ကန်းဝတ်ခြင်း, သရဏဂုံပေးခြင်းတို့ကို ပြုပေးရမည်ဟူလို)

အကယ်၍ ဆရာရဟန်းသည် ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း စသည်တို့၌ လုံ့လကြောင့်ကြ ပြုနေရသဖြင့် မအားလပ်ခဲ့လျှင် တပါးပါးသော ရဟန်းငယ်ကို "ဤ မောင်ရှင်လောင်းကို ရှင်ပြုပေးလိုက်"ဟု ပြောဆိုစေခိုင်းလျက် ဝတ်ပေးရမည်။

ဆရာရဟန်းက မခိုင်းသော်လည်း လက်ထောက် တပည့်ရဟန်းငယ်သည် ဥပဇ္ဈာယ်ဆရာကို ရည်ရွယ်၍ (ဥပဇ္ဈာယ်ဆရာ၏ကိုယ်စား ငါပြုပေးသည်ဟု စိတ်ထဲက ရည်ရွယ်၍) ပြုပေးရမည်၊ အပြစ်မရှိ။

အကယ်၍ တပည့် ရဟန်းငယ်ပင် မရှိခဲ့လျှင် သာမဏေကိုပင် "ဤ မောင်ရှင်လောင်းကို ခဏ္ဍသိမ်ထဲသို့ ခေါ်သွားကာ ဆံပင်ရိတ်ခြင်း သင်္ကန်းဝတ်ပေးခြင်းတို့ကို ပြုပြီးလျှင် ငါ့ထံသို့ ခေါ်ခဲ့"ဟု စေခိုင်းနိုင်၏၊ (ခဏ္ဍသိမ်ထဲသို့ သွား၍ အပြုခိုင်းသည်မှာ ဘဏ္ဍုကမ္မာရောစန ကိစ္စမှ ကင်းလွတ်စေလိုသောကြောင့် ဖြစ်သည်။)

သရဏဂုံကိုမူ ဆရာကိုယ်တိုင် ပေးရမည်၊ (သာမဏေကို သရဏဂုံအပေးခိုင်းသော် ရှင်မဖြစ်။)

ဤသို့ ပြုသည်ရှိသော် ရဟန်းသည်ပင် ရှင်ပြုပေးသည် မည်တော့၏၊ ထို စကားမှန်၏၊ သာမဏေလောင်း ယောကျ်ားကို ရဟန်းမှ တပါးသော လူ သာမဏေ စသော ပုဂ္ဂိုလ်များက သရဏဂုံ ပေးခြင်းငှာ မရအပ်၊ မပေး ကောင်း၊ ပေးလျှင်လည်း သာမဏေ မဖြစ်။

ရှင်သာမဏေမ လောင်းကို ဆရာဘိက္ခုနီမ ကိုယ်တိုင်ဖြစ်စေ၊ ဆရာ၏ခွင့် ပြု စေခိုင်းချက်အရ အခြားဘိက္ခုနီမ တယောက်ယောက်ကဖြစ်စေ သရဏဂုံ ပေးရမည်၊ ဘိက္ခုနီမမှတပါး အခြားပုဂ္ဂိုလ်များက သရဏဂုံမပေးရ၊ ပေး လျှင်လည်း ရှင်သာမဏေမ မဖြစ်။

ဆံချခြင်း။ ။သာမဏေလောင်းကို ဆရာ ကိုယ်တိုင်ဖြစ်စေ၊ ဆရာ စေခိုင်း ချက်အရ ရဟန်းသာမဏေ လူပုဂ္ဂိုလ် မည်သူမဆို ဆံချပေး ကောင်း၏။

သာမဏေမလောင်းကို ဆရာဘိက္ခုနီမ ကိုယ်တိုင်ဖြစ်စေ၊ ဆရာ၏စေခိုင်း ချက်အရ အခြားသော ဘိက္ခုနီမ၊ သာမဏေမ၊ သိက္ခမာန်မ၊ လူပုဂ္ဂိုလ် မည်သူမဆို ဆံချပေးကောင်း၏။

သင်္ကန်းပေး၍ ဝတ်ပေးခြင်း။ ။ရှင်သာမဏေ လောင်းကို ဆရာကိုယ်တိုင် ဖြစ်စေ၊ ဆရာ၏ စေခိုင်းမှုဖြင့် အခြား ရဟန်း၊ သာမဏေ တပါးပါးက ဖြစ်စေ၊ ဝတ်ပေးကောင်း၏၊ လူဒါယကာများ က ဝတ်မပေးနိုင်။

ရှင်သာမဏေမလောင်းကို ဆရာဘိက္ခုနီမ ကိုယ်တိုင်ဖြစ်စေ၊ ဆရာ၏စေခိုင်း မှုဖြင့် အခြားဘိက္ခုနီမ, သာမဏေမများက ဖြစ်စေ ဝတ်ပေးကောင်း၏။ လူဒါယကာများက ဝတ်မပေးကောင်း။

(သကလဝဋ္ဋစသည်ချ၍ ဝတ်ပေးမှု မျိုးကိုသာ ဆိုလိုသည်။)

အထူးမှတ်သားဖွယ်အချက်။ ။ရဟန်းငယ် ကိုယ်တိုင်ပင် သရဏဂုံ ပေးကာ ရှင်ပြုပေးလျှင်လည်း ရှင်သာမဏေ ဖြစ်၏၊ မထေရ်ကြီး မျက်မှောက် ထင်ရှားရှိလျက် မထေရ်ကြီးက မစေ ခိုင်းပါပဲ မထေရ်ကြီးကိုလည်း မရည်ရွယ်ပဲ ပဉ္စင်းငယ်သည် သရဏဂုံပေးသည်ဖြစ်အံ့၊ ထိုရဟန်းငယ်အား ဒုက္ကဋ် အာပတ် သင့်၏၊ ရှင်ပြုမှု ပဗ္ဗဇ္ဇကံကား ဥဘတော သုဒ္ဓိဖြစ်လျှင် ရှင်သာမဏေ ဖြစ်သည်သာ၊ မိမိ ရဟန်းငယ် ကိုယ်တိုင်သာ ဥပဇ္ဈာယ်လုပ်၍ ရှင်ပြုမပေးကောင်း၊ (ဥပမာမှာ) မထေရ်ကြီး ရဟန်းများ မျက်မှောက် ထင်ရှားမရှိရာ၌ကား ယနေ့ပင် ရဟန်းခံပြီးစ ပဉ္စင်းငယ်သည်

ဥပသမ္ပဒကံကို ဆောင်ရွက်ရာ၌ ဗျတ္တနဗုဒ္ဓိ (၁၀)ပါးနှင့် ညီစွာ ကမ္မဝါစာ ဖတ်တတ်၍ ကမ္မဝါစာ ဖတ်ကာ ရဟန်း ခံပေးသော် အာပတ် မသင့်မူ၍ ဥပသမ္ပဒကံ သည်လည်းပြည့်စုံကာ ရဟန်းလောင်း ရဟန်းဖြစ်သကဲ့သို့တည်း၊ ရဟန်းငယ်ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာလုပ်၍မူကား ရဟန်းခံ မပေးကောင်းပေ။

အကယ်၍ မောင်ရှင်လောင်းသည် မဂ်ဖိုလ်ကို ရထိုက်သူ အကြောင်း ပါရမီနှင့် ပြည့်စုံသူ ထင်ရှားကျော်ကြား အခြံအရံများသူ(ဇာတိ ကုလ ပုတ္တ) အမျိုးမြတ်သူ၊ (အာစာရကုလပုတ္တ) အကျင့်ကောင်းသူ၊ အမျိုးကောင်းသား ဖြစ်ခဲ့လျှင်ကား၊ ဆရာရဟန်း ကိုယ်တိုင် အားလပ်ခွင့်ကိုယူ၍ ဆံချခြင်း သင်္ကန်းဝတ်ပေးခြင်း သရဏဂုံပေးခြင်းများကို ပြုလုပ်ကာ ရှင်သာမဏေ ပြုပေးရမည်။

ဆံချပေးပုံ။ ။မောင်ရှင်လောင်းကို "သင်သည်မြေညက် ဆုပ်ကိုယူသွားပြီးလျှင် ရေလောင်း၍ ဆံပင်ကိုမြေညက်ဖြင့် ပွတ်တိုက်၍ ရေဆွတ်ခဲ့လော့...."ဟု ပြောကာ ရေချိုးဆိပ် သို့မဟုတ် ရေချိုးသည့် နေရာသို့ မလွှတ် လိုက်ရ။

အဘယ်ကြောင့်ဆိုသော် ရှင်ပြုရန် ရောက်လာသည့် မောင်ရှင်လောင်းတို့ သည် ရှေးဦးစွာ လာစဉ်အခါတုန်းကဘော့ ရှင်သာမဏေဝတ်ရန် ထက်သန် သောစိတ်၊ ထက်သန်သော အားထုတ်မှု ရှိတတ်ကြပေ၏၊ သို့သော် ဝတ်ခါနီး သင်္ကန်းကို မြင်သောအခါ ခေါင်းရိတ်ရန် သင်ဓုန်းဓားကို မြင်သောအခါတို့၌ ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေး၍ သွားတတ်ကြကုန်၏၊ ထို့ကြောင့် မလွှတ်လိုက်ရ၊ ဆရာရဟန်းကိုယ်တိုင် မောင်ရှင်လောင်းကို ရေချိုးဆိပ် ရေချိုး ရမည့်နေရာသို့ ခေါ်သွားပြီးလျှင် မောင်ရှင်လောင်းက မငယ်လွန်းသူ ဖြစ်လျှင် ရေချိုးလော့-ဟု သူ့ဘာသာသူ ရေချိုးစေရမည်၊ မောင်ရှင်လောင်း၏ ဆံပင် များကိုမူ ကိုယ်တိုင်ပင် မြေညက်ကို ယူပြီးလျှင် ပွတ်တိုက် ဆေးလျှော် ပေးရမည်။

ငယ်ရွယ်သူ မောင်ရှင်လောင်းဖြစ်လျှင်တော့ ဆရာကိုယ်တိုင်ပင် ရေထဲသို့ ဆင်းကာ၊ သို့မဟုတ် ရေချိုးရမည့် နေရာသို့ သွားကာ ရေချိုးပေးရမည်၊ နွားချေး၊ မြေညက်(ယခုခေတ်အလို ဆပ်ပြာ)တို့ဖြင့် တိုက်ကာရေချိုးပေးပါ၊ ဝဲနာ၊ အိုင်းနာ၊ အနာစက်၊ထိခိုက်နာစသော အနာများရှိလျှင်လည်း မိခင်က သားအား မရွံမရှာပဲ ပွတ်တိုက်ရေချိုး ပေးသလို သေချာစွာ ပွတ်တိုက် ပြောင်စင်အောင် ရေချိုးပေးရမည်၊ လက် ခြေ ပေါင် စသည်တို့ကို ချေး ညှော်စင်အောင် ပွတ်တိုက်ပေးကာ ရေချိုးပေးရမည်၊ အဘယ့်ကြောင့် ဤ မျှလောက် ပြုလုပ်ပေးရသနည်း။

ဤကဲ့သို့ မိခင်ပမာ မရှိမရှာ ပြုစုလျက် ကျေးဇူးပြုခြင်းကြောင့် အမျိုးကောင်းသား သာမဏေများသည်-

၁။ ဆရာဥပဇ္ဈာယ်တို့၏ အပေါ်၌လည်းကောင်း၊

၂။ သာသနာတော်ကြီး၌ လည်းကောင်း၊ ပြင်းထန်စွာ ချင်ခင်မှု ထက်သန်စွာ ရိုသေလေးစားမှု ရှိကြပြီးလျှင် သာသနာတော်မှ မဆုတ်မနစ် (လူမထွက်)သော သဘောရှိကြပြီးလျှင် သူတို့သန္တာန်ဝယ် သာသနာတော်၌ မမွေ့မလျော် မပျော်ပိုက်သည့် စိတ်များ ဖြစ်ပေါ်လာလျှင်လည်း ၎င်းစိတ်များကို ဆရာသမားတို့၏ ကြီးမားသည့် စေတနာ မေတ္တာတို့ကို ထောက်ထားပြီးလျှင် ပယ်ဖျောက်လျက် သာသနာတော်ဝယ် ထင်ရှားသည့် ထေရ်ကြီးဝါကြီး ရဟန်းတော်ကြီးများ အဖြစ်သို့ ရောက်လာကာ မိမိတို့ကလည်း တပည့်သာမဏေယ် ရဟန်းငယ်တို့ကို ဆရာသမားကြီးများ နည်းတူ ကျေးဇူးပြုရမည်ကို သိသော ကတညုတ ပုဂ္ဂိုလ်, မိမိတို့၏ကျေးဇူးရှင် ဆရာသမားကြီးများကိုလည်း ပြန်လည်ကာ ကျေးဇူးဆပ်ရမည်ကိုသိသော ကတဝေဒီပုဂ္ဂိုလ်များ ဖြစ်ကြပြီးလျှင် သာသနာတော်ကြီးကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်မည့် သာသနာပြုပုဂ္ဂိုလ်မွန်များဖြစ်လာကြလိမ့်မည်၊ ထို့ကြောင့် ဆရာသမားတို့က မောင်ရှင်လောင်းကလေးများ သာမဏေယ် ရဟန်းငယ်ကလေးများကို မိဘနှင့်မခြား ကောင်းစွာပြုစု စောင့်ရှောက်ရမည်။

ဤကဲ့သို့ ရေချိုးပေးရာအခါ, ဆံမုတ်ဆိတ်တို့ကို ရိတ်ရာအခါများ၌ "ငါ့တပည့်ကား ထင်ရှားသူ အခြွေအရံများသူတည်း၊ ယခုအခါ ငါတို့သည် သင့်ကိုမှီ၍ ပစ္စည်းလေးပါးဖြင့် မပင်ပန်းကုန်လိမ့်အံ့" စသည်ဖြင့် မပြောကြားရ၊ ထိုမှတပါးအခြားသံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သည့် စကားမျိုးတို့ကိုလည်း မပြောကြားရ။

စင်စစ်သော်ကား ထိုသာမဏေလောင်းအား "ငါ့တပည့်သင်ကောင်းမွန်စွာ စိတ်ကိုဆောက်တည်ပါလော့၊ သတိရှိပါလော့ ဟု ပြောဆိုပြီးလျှင် ဆံပင် မရိတ်မီ ကေသာ, လောမာ, နခါ, ဒန္တာ, တစော-ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြရမည်၊ ထိုတစပဉ္စက ကမ္မဋ္ဌာန်းကို သင်ပေးပြောပြသောအခါ-

အဆင်း, ပုံသဏ္ဌာန်, အနံ့, ဖြစ်ကြောင်း, ဖြစ်ရာဌာန, အားဖြင့် မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်ရှိပုံ၊ ၎င်းဆံပင် စသည်တို့သည် ပုဂ္ဂိုလ်သတ္တဝါ ငါ, သူတပါး, ယောကျ်ား, မိန်းမ, မဟုတ်၊ သတ္တ, ဇီဝ, မဟုတ်၊ ရုပ်တရားများသာ ဖြစ်ပုံများကို မောင်ရှင်လောင်း၏ ဉာဏ်၌ ထင်မြင်လာအောင် ပြောပြရမည်၊ ထိုသို့ ပြောဟောပြပြီးမှ ဆံချရမည်။

ထိုသာမဏေလောင်းသည် အကယ်၍ ရှေးဘုရားရှင်တို့၏ အထံတော်၌ သင်္ခါရတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်ခဲ့ဖူးသူ ဝိပဿနာ အလုပ်ကို အားထုတ်ခဲ့ဖူးသူ ဖြစ်လျှင် အပ်ဖြင့်ထိုးဖောက်ခြင်းကို ငံ့လင့်နေသော ပြည်မှည့်သည့် အိုင်းအမာကဲ့သို့လည်းကောင်း၊ နေအရုဏ်ရောင်ကို ငံ့လင့်နေသော ပဒုမ္မာကြာငုံရင့်ကဲ့သို့လည်းကောင်း၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းမှု ပြုလုပ်ကာမျှဖြင့်ပင် မိုးကြိုးသည် တောင်တို့ကို မှုန့်မှုန့်ညက်ညက် ဖြိုဖျက်သလို တောင်နှင့်တူကုန်သော ကိလေသာအစိုင်အခဲတို့ကို မှုန့်မှုန့်ညက်ညက် ဖြိုဖျက်လျက် ဝိပဿနာဉာဏ်ဖြစ်ပေါ်လာကာ သင်ဓုန်း၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာ ဖြစ်နိုင်ပေသည်။

ထိုကဲ့သို့ သင်ဓုန်း၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သော ပုဂ္ဂိုလ်များမှာ သာသနာတော်၌ များစွာရှိပါကုန်၏။

ငင်းပုဂ္ဂိုလ်တို့သည် ဤသို့သော တစပဉ္စက ကမ္မဋ္ဌာန်းကို ကြားနာခဲ့ရခြင်း၊ ကလျာဏမိတ္တဖြစ်သော ဆရာကောင်း သမားကောင်းတို့သည် ပေးအပ်သော နည်းကို အမှီရကြခြင်းတို့ကြောင့်သာဖြစ်ကုန်၏။ဆရာကောင်း သမားကောင်း တို့ကို အမှီမရကြပဲ၊ အရဟတ္တဖိုလ်သို့ ရောက်ကြရသည် မဟုတ်ပါကုန်။ ထို့ကြောင့် ခေါင်းမရိတ်မီ တစပဉ္စက ကမ္မဋ္ဌာန်းကိုကြိုတင်ကာ ပြောပြ ထားရမည်။ ခေါင်းရိတ်နေစဉ် အခါမှာလည်း သတိပေးကာ ပြောပြ နေရမည်။

ဆံချပေးပြီးနောက် နနွင်းမှုန့်၊ သို့မဟုတ် နံ့သာမှုန့်ဖြင့် ဦးခေါင်းကိုယ် တို့ကို လိမ်းကျံ ပွတ်ပေး၍၊ လူတို့၏အနံ့ကို ပယ်ဖျောက်ပြီးလျှင် ရေချိုး၍ ကျောင်းသို့ခေါ်ကာ သင်္ကန်းဝတ်ပေးရမည်။

**သင်္ကန်းဝတ်ပေးပုံ။** ။မောင်ရှင်လောင်းသည် ဆရာရဟန်း၊ သို့မဟုတ် ဆရာ၏စေခိုင်းချက်ဖြင့် အခြားရဟန်း သာမဏေတို့က **သင်္ကန်းကိုမပေးပဲ မဝတ်ရကောင်း။**

သင်္ကန်းကို ဆရာ့ထံကပ်ရန်၊ ပါဠိ-အနက်၊ သို့မဟုတ် မြန်မာလို၊ ဆရာ့ ထံမှ သင်္ကန်းတောင်းရန် ပါဠိ-အနက် သို့ မြန်မာလို တကြိမ်စီ၊ သို့မဟုတ် (၂)ကြိမ် (၃)ကြိမ်စီ ချပေးလျက် သင်္ကန်းကပ်ခြင်း သင်္ကန်းတောင်းခြင်း တို့ကို ပြုလုပ်ပြီး သင်္ကန်းဝတ်ခွင့် ပေးမှသာ ဝတ်ရုံရမည်။ ဆရာ မပေးပဲ ဝတ်ရုံလျှင် ရှင်သာမဏေမဖြစ်။

သို့မဟုတ် သင်္ကန်းကို မောင်ရှင်လောင်း၏ လက်သို့ ပြန်မပေးတော့ပဲ သရဏဂုံပေးမည့် ဆရာကသော်လည်းကောင်း၊ ဥပဇ္ဈာယ် ဆရာကသော်လည်းကောင်း သင်္ကန်းဝတ်ပေးရမည်။

သို့မဟုတ် အခြား အနားမှာရှိသော ရဟန်းငယ်, သာမဏေ, လူဒါယကာများကိုဆရာရဟန်းက ဤသင်္ကန်းများကိုယူ၍ ဤရှင်သာမဏေလောင်းအား သင်္ကန်းဝတ်ပေးလိုက်ဟု စေခိုင်းကာ ဝတ်ပေးနိုင်၏။

သို့မဟုတ် ရှင်သာမဏေလောင်းက သူ့ဘာသာသူ ဝတ်တတ်လောက်လျှင် ဤသင်္ကန်းတွေကို ဝတ်လော့ဟု သင်္ကန်းပေးကာ အဝတ်ခိုင်းရမည်၊ အားလုံးသော ဝတ်နည်းမျိုးသည်ပင် အပ်၏။

အလုံးစုံသောဝတ်ခြင်းသည် ဆရာဝတ်ပေးသည် မည်သည် သာတည်း။

မောင်ရှင်လောင်းသည် သင်းပိုင်ကို ဖြစ်စေ ကေသီကိုဖြစ်စေ (၂)ထည်လုံးကိုပင်ဖြစ်စေ ဆရာက ဝတ်ခွင့်မပေးပဲ မိမိဘာသာ ရုံဝတ်ငြားအံ့၊ ထိုဝတ်ရုံထားသည့် သင်္ကန်းများကို အကုန်ချွတ်ခိုင်းပြီးလျှင် သင်္ကန်းကပ် သင်္ကန်းတောင်းပြုလုပ်ပြီးလျှင် ဝတ်ခွင့်ပေးမှသာ ဝတ်ရုံရမည်။

**သာမဏေလောင်း၏** သင်္ကန်းပင်ဖြစ်လင့်ကစား၊ ဝတ်ခွင့်မပေးပဲ မဝတ်ရ၊ ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းဖြစ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။

**သရဏဂုံပေးပုံ။** ။ဤသို့ သင်္ကန်းပေးကာ ဝတ်ရုံစေပြီးနောက်ကိုယ်ဝတ်ကေသီ သင်္ကန်းကို လက်ကန်တော့တင်စေပြီးလျှင် အနီးအနားဌ် ရှိသော သံဃာတော်တို့၏ ခြေတော်တို့ကို ရှိခိုးစေပြီးလျှင် သရဏဂုံယူရန် ဆောင့်ကြောင့်ထိုင် လက်အုပ်အချီခိုင်း၍ ဥပဇ္ဈာယ်ဆရာက သို့မဟုတ် သရဏဂုံ ပေးမည့်ဆရာက "ယမဟံ ဝဒါမိ တံ ဝဒေဟိ" ငါဆိုသလို လိုက်ဆို-ဟု ပြောဆိုပြီးလျှင်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ- စသည်ဖြင့် ပါဠိတော်၌ ဟောတော်မူအပ်သော အစဉ်ဖြင့်သာလျှင် သရဏဂုံပေးရမည်။

ပုဒ်(၁)ခု- အက္ခရာ (၁) လုံးမျှ အစဉ်ချွတ်သဖြင့် မပေးရ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ချည်း သက်သက်(၃)ကြိမ်၊ ထို့နောက် ဓမ္မံ သရဏံ ဂစ္ဆာမိ ချည်း သက်သက်(၃)ကြိမ်၊ သံဃံ သရဏံ ဂစ္ဆာမိ-ချည်းသက်သက် (၃)ကြိမ် ဤသို့ မပေးကောင်း၊ ပေးလျှင်လည်း သာမဏေ မဖြစ်၊ မအပ်သော သရဏဂုံပေးနည်း ဖြစ်သည်၊ (ဗုဒ္ဓံ သရဏံ ယောဝါ တိက္ခတ္တုံ ဒတွာ ပုန ဣတရေသု ကောက် တိက္ခတ္တုံ ဒေဟိ၊ အဒိန္နာနိ ဟောန္တိ သရဏာနိ။)

ဆက်၍ပြဆိုပါဦးမည်—ဤသရဏဂုံ သုံးပါးဖြင့် ရဟန်းပြုခွင့် ပေးခဲ့သော (သရဏဂမနူပသမ္ပဒါ) ရဟန်းအဖြစ်ကို ပယ်တော်မူပြီးလျှင် နောက်ထပ်ခွင့်ပြုတော်မူသည့် ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုရသော ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ ရဟန်းသည်ကား ကမ္မဝါစာ ဖတ်သည့်ဆရာက ဌာန်, ကရိုဏ်း, ပီသအောင် ရွတ်ဖတ်နိုင်လျှင် ရဟန်းဖြစ်တော့၏၊ ဤသာမဏေပြုပေးခြင်း သာမဏေရ ပဗ္ဗဇ္ဇကံအရာ၌မူကား ဆရာရော တပည့်ပါ (၂)ယောက်လုံး သရဏဂုံကို ပီပီသသ ဌာန်,ကရိုဏ်း, ကျအောင် ရွတ်ဆို နိုင်မှသာ သာမဏေ ဖြစ်၏၊ တဘက်ဘက်က ချွတ်ယွင်းနေလျှင် သာမဏေ မဖြစ်။

ရဟန်းခံမှု ဥပသမ္ပဒကံကား ဧကတောသုဒ္ဓိဖြစ်လျှင် ရဟန်းဖြစ်တော့၏၊ ကမ္မဝါ ဖတ်သည့် ဆရာသာ အဓိကဖြစ်၏။

ရှင်ပြုမှု ပဗ္ဗဇ္ဇကံသည်ကား ဥဘတောသုဒ္ဓိဖြစ်မှ သာမဏေဖြစ်သည်၊ ဆရာ တပည့်(၂)ဘက်လုံး အဓိကဖြစ်၏။

ထို့ကြောင့် ရဟန်းခံသော ဥပသမ္ပဒကံ၌ ကမ္မဝါစာ ဆရာက ဉတ္တိဒေါသ ကမ္မဝါစာဒေါသတို့မှ ကင်းလွတ်အောင် ကမ္မဝါစာ ရွတ်ဖတ်လျှင် ရဟန်းဖြစ်နိုင်၏။

ရှင်ပြုမှု သာမဏေရ ပဗ္ဗဇ္ဇကံ၌ကား သရဏဂုံ (၃)ပါး ပုဒ်ဗျည်းတို့ကို ဌာန်, ကရိုဏ်း, ပီသအောင် ဆရာရော တပည့်ပါ ရွတ်ဆိုနိုင်ပါမှ သာမဏေ ဖြစ်သည်ဟု မှတ်ပါ။

(ကြိုတင်ကာ မောင်ရှင်လောင်းများကို သရဏဂုံ နှုတ်တိုက် ချထားပေးပါ။)

ရှင်ပြုရာတွင် သရဏဂုံ (၃)ပါးကိုပီပီသသ ဌာန်, ကရိုဏ်း, ကျအောင် ဆရာကရွတ်ဆိုနိုင်၍ တပည့်က မရွတ်ဆိုနိုင်လျှင်လည်းကောင်း၊ တပည့်ကရွတ်ဆိုနိုင်၍ ဆရာက မရွတ်ဆိုနိုင်လျှင်လည်းကောင်း၊ ဆရာတပည့် နှစ်ယောက်လုံး မရွတ်ဆိုနိုင်လျှင်လည်းကောင်း၊ မအပ်သဖြင့် သာမဏေ မဖြစ်၊ ဆရာတပည့်နှစ်ယောက်သုံး ပီသအောင် ရွတ်ဆိုနိုင်မှသာ ဥဘတောသုဒ္ဓိ ဖြစ်၍ သာမဏေဖြစ်တော့၏။

## သရဏဂုံဖြင့်သာ သာသနာတော်အစက
## ရှင်ရဟန်းပြုခဲ့ခြင်း

ဘုရားရှင်လက်ထက်က သာသနာတော် အစပိုင်းမှာ သရဏဂုံ(၃)ပါးဖြင့်ပင် ရှင်လည်းပြုပေးရ၏၊ ရဟန်းလည်း ပြုပေးရ၏။

နောက်အခါ ရာဇပုဏ္ဏားကြီးမှစ၍ သရဏဂုံဖြင့် ရဟန်းပြုခွင့်ကို ပယ်ရှား တားမြစ်တော်မူပြီးလျှင် ဉတ္တိစတုတ္ထ ကမ္မဝါစာကို ခွင့်ပြု ပညတ်တော်မူပြီး၍ ထိုကမ္မဝါစာဖြင့် ရဟန်းပြုရန် ပညတ်တော်မူခဲ့သည်။ ထိုအခါမှစ၍ ရဟန်း ပြုလျှင် ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့်သာ ရဟန်းပြုရတော့၏။ ရှင်ပြုရာ၌ကား သာသနာတော် ကုန်ဆုံးသည့်တိုင်အောင် သရဏဂုံ(၃)ပါးဖြင့်သာ ပြုပေး ရ၏။

## ရှင်ပြုရာ၌ဘယ်အချိန် သာမဏေဖြစ်သလဲ

ရှင်ပြုရာဝယ် ဆံချခြင်း, သင်္ကန်းဝတ်ခြင်း, သရဏဂုံယူခြင်း- ဟု အင်္ဂါ (၃)ပါးရှိရာ နောက်ဆုံး အင်္ဂါဖြစ်သော သရဏဂုံယူရာ၌ ဆရာက တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ -ဟုချပေးရာ တပည့်က ဆရာချပေးသည့်အတိုင်း လိုက်ဆိုရာ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိဝယ် မိ-အက္ခရာအဆုံး၌ သာမဏေ ဖြစ်သည်ဟုမှတ်ပါ။

၁။ ဆံမချပဲ သင်္ကန်းဝတ်ပေးကာ သရဏဂုံပေးက သာမဏေမဖြစ်။

၂။ ဆံချသော်လည်း သင်္ကန်းမဝတ်ပဲ သရဏဂုံပေးကလည်း မဖြစ်။

၃။ ဆံလဲချ သင်္ကန်းလည်းဝတ်၍ သရဏဂုံမပေးကလည်း မဖြစ်။

၄။ ဆံလဲချ သင်္ကန်းလည်းဝတ် သရဏဂုံလည်း ပေးမှသာ သာမဏေ ဖြစ်၏။

အကြောင်းဝတ္ထု။ ။ဘုရားရှင် လက်ထက်တော်အခါက တဦးသော အမျိုး အိမ်၌ အဟိဝါတ ရောဂါ ခေါ်သော ပလိပ်ရောဂါ ဖြစ်သဖြင့် အဖနှင့်သားငယ်တို့သာ ကျန်၍ အကုန်သေကြရာ ၎င်းသားအဖ နှစ်ယောက်တို့သည် ရဟန်းတို့အထံ၌ ရှင်ရဟန်းပြုကြပြီးလျှင် သားအဖနှစ် ယောက် အတူတူဆွမ်းခံထွက်ကြရာ အဖအား ဒါယကာ-ဒါယိကာမတို့က ဆွမ်း လောင်းနေစဉ် သားငယ် သာမဏေက နောက်က ပြေးလိုက်လာပြီးလျှင် "ဖခင် သားလည်း ပေးပါဦး-ဖခင်သားလည်း ပေးပါဦး" ဟု တောင်းသည် ကိုမြင်ကြသဖြင့် လူတို့က ဤသာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကြတဲ့ ရဟန်းတော်တွေဟာ မမြတ်သော မေထုန် အကျင့်ကို ကျင့်ကြကုန်၏၊ ဤ သူငယ်ကလေးသည် ရဟန်းမိန်းမ(ဘိက္ခုနီမိန်းမ)၏သား ဖြစ်၏ ဟုကဲ့ရဲ့သည်ကို ဘုရားရှင် သိတော်မူကာ-

န ဘိက္ခဝေ ဦနပန္နရသဝဿော ဒါရကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ-

ဟု သိက္ခာပုဒ်ဖြင့် ပညတ်တော်မူလျက် (၁၅) နှစ်သား မရှိသေးပဲ ရှင်ပြု မပေးရ-ဟု ပညတ်တော်မူခဲ့၏။

သည့်နောက် ထိုဘုရားလက်ထက် အခါမှာပင် အရှင်အာနန္ဒာ ကိုယ်တော်၏ အလုပ်အကျွေးဖြစ်သော သဒ္ဓါတရားလည်းရှိ ရတနာသုံးပါးလည်း ကြည်ညိုသော အိမ်တအိမ်၌ ပလိပ်ရောဂါဖြစ်၍ လူကြီးတွေအကုန်လုံး သေကုန်ကြကာ ကလေးငယ် ညီအစ်ကိုနှစ်ယောက်သာ ခိုကိုးရာမဲ့ ကျန်ရစ်ခဲ့၏။ ထိုကလေးငယ်လေး နှစ်ယောက်သည်လည်း အားကိုးရာ မဲ့သဖြင့် ရဟန်းတော်များကို မြင်သောအခါ နဂိုက အိမ်မှာ ဆွမ်းခံဝင်ထွက်နေသည့် သံဃာတော်များ ရှိခဲ့သောကြောင့် ရှေး၌ဖြစ်သော အလေ့အကျက်ဖြင့် မျှော်လင့်အားကိုးကာ ရဟန်းများထံသို့ ပြေးလာကြကုန်၏။ ရဟန်းတို့က ငေါက်ငန်း၍ လွှတ်ကြကုန်သဖြင့် ကလေးများငိုယို၍ နေကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာ တွေ့မြင်သဖြင့် အရှင်အာနန္ဒာအား အကြံအစည် ဖြစ်သည်မှာ၊ "မြတ်စွာဘုရားရှင်ကလည်း ဆယ့်ငါးနှစ်သား မရှိပဲ ရှင်သာမဏေပြုမပေးရ"ဟု သိက္ခာပုဒ် ပညတ်တော်မူထား၏၊ ဤသူငယ်ကလေးတွေကလည်း (၁၅)နှစ်မရှိကြသေး၊ အားကိုးရာမဲ့နေသောဤကလေးတွေကိုဘယ်လိုလုပ်ပြီး မပျက်စီးအောင်စောင့်ရှောက် ရပါမလဲ"ဟု အကြံစည်ဖြစ်ကာ ထိုအကြောင်းကို မြတ်စွာဘုရားအား အရှင်အာနန္ဒာက လျှောက်ထားရာ ဘုရားရှင်က—

အာနန္ဒာ—ကလေးငယ် ကလေးဘွေဘဲ ကျီးကို ခြောက်ခြင်းငှာ စွမ်းနိုင်ကြပါပြီလား—ဟု မေးတော်မူရာ အရှင်အာနန္ဒာက ကျီးတော့ ခြောက်နိုင်ပါပြီဘုရား—ဟု လျှောက်ထားရာ၊ ဤအကြောင်းဝတ္ထုကြောင့်—

"အနုဇာနာမိ ဘိက္ခဝေ ဦနပန္နရသဝဿံ ဒါရကံ ကာကုဋ္ဌေပကံ ပဗ္ဗာဇေတုံ"ဟု ကျီးခြောက်နိုင်သည့် အရွယ်ရှိက ရှင်ပြုပေးစေ—ဟု ခွင့်ပြုတော်မူခဲ့ပါသည်၊ မိမိ စားသည့် ထမင်းခွက် စသည်ကို ကျီး လာနှိုက်စားလျှင် ခြောက်လှန့် ပစ်နိုင်သော အရွယ်ရှိက ရှင်သာမဏေပြုပေးကောင်းတော့၏။

သရဏဂုံပေးနည်း (၂)နည်း သရဏဂုံ ပေးသည့်အခါ—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊ ဟူ၍ ဤသို့တစပ်တည်း နိဂ္ဂဟိတ်, ငှာန်အဆုံး ရှိသည်ကိုပြု၍ နိဂ္ဂဟိတန္တ ပေးနည်းဖြင့်လည်း ပေးနိုင်၏။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊
ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊
သံဃမ် သရဏမ် ဂစ္ဆာမိ၊ ဟု ဤသို့ မသတ်အဆုံး ရှိသည်ကိုပြု၍ မကာရန္တ ပေးနည်းဖြင့်လည်း ပေးနိုင်၏။

**အန္တရာယိကဓမ္မ ၁၀ ပါး၊** ။အန္တရာယိကဓမ္မစကားသရဏဂုံ ဆောက်တည်မည့်သူ၏ နာမည်ကို ထည့်ပြီးလျှင်—

**အဟံ ဘန္တေ** ဗုဒ္ဓရက္ခိတော ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

**အဟံ ဘန္တေ** ဗုဒ္ဓရက္ခိတော ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

**အဟံ ဘန္တေ** ဗုဒ္ဓရက္ခိတော ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

ဟူ၍ သရဏဂုံ ပေးပုံ ယူပုံကို မိန့်ဆို၏။

သို့သော် ဂုဏ်းသရဏဂုံ ပေးယူနည်းကို ပါဠိတော်၌သည်း ဟောတော်မမူအပ်၊ အဋ္ဌကထာတို့၌လည်း ပြဆိုတော်မမူအပ်သောကြောင့် အနုစ်သာရအားဖြင့် မမှတ်ယူအပ်။

ထိုအန္တရာယိကဓမ္မ ဆရာတို့၏ အလိုချသာ ဖြစ်ပေ၏။

ထိုစကားသည်မှန်ပေ၏—ထိုအန္တရာယိကဓမ္မ လာသည့်အတိုင်း မဆိုမူ၍ သရဏဂုံကို ပေးယူသော်လည်း သရဏဂုံယူခြင်း မြောက်သည်သာတည်း။

ဤမျှအတိုင်းအရှည်ရှိသော—

၁။ ဆံချခြင်း၊

၂။ သင်္ကန်းဝတ်ခြင်း၊

၃။ သရဏဂုံယူခြင်း—

အင်္ဂါ(၃)ချက် စုံလင်ခြင်းဖြင့် သာမဏေ၏ အဖြစ်၌ တည်ရာ သာမဏေ ဖြစ်တော့၏၊ သာမဏေ ပြုပေးပြီးနောက် သာမဏေသစ်အား ဘွဲ့နာမည်ပေးပြီးလျှင် ဥပဇ္ဈာယ် ယူစေရမည်။

**ဥပဇ္ဈာယ်ယူပုံ၊** ။ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ (၃ ခေါက်ဆို)· ဘန္တေ၊ အရှင်ဘုရား၊ တွံ၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီးငယ် အသွယ်သွယ်ကို ကြည့်ရှုပြော်တား မြစ်တတ်၍ သီလသိက္ခာ ကျင့်ဖွယ်ရာကို ကောင်းစွာကျန သင်ကြားပြမည့် ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား၊

ဆရာက၊ ။ပါသာဒိကေန သမ္ပာဒေဟိ—စသည်ဖြင့် ဆိုရမည်။

အာဝုသော၊ ငါ့ရှင်သာမဏေ၊ တွံ၊ သင်သည်။ ပါသာဒိကေန၊ ကြည်ညိုဖွယ်ရာကို ဆောင်နိုင်သည့် ကိုယ်အမူရာ နှုတ်အမူရာဖြင့်။ သမ္ပာဒေဟိ၊ အဓိသီလ၊ အဓိစိတ္တနှင့်၊ အဓိပညာ သုံးသိက္ခာကို ကောင်းစွာ ပြည့်စုံ စေပါလော့၊ ပြည့်စုံအောင် နေပါလော့။

တပည့်က၊ ။အာမ ဘန္တေ၊ မှန်လှပါ နေပါမည်ဘုရား၊

ထိုကဲ့သို့ ဥပဇ္ဈာယ်ယူ၍ မိမိထံမှာ နေထိုင်သော တပည့်ကို သဒ္ဓိဝိဟာရိက တပည့်ခေါ်၏၊ ဆရာကိုကား ဥပဇ္ဈာယ်ဆရာဟု ခေါ်၏

ရှင်ပြုပေးနိုင်သည့်အရွယ်။ ။ကျိုးခြောက်နိုင်သည့် အရွယ်ရှိလျှင် ရှင်ပြုပေးကောင်း၏၊ (သရဏဂုံပီသအောင် ဆိုနိုင်မှုတရှိသေး၏)

ဥပဇ္ဈာယ်ဆရာ သဒ္ဓိဝိဟာရိက တပည့်နှင့်စပ်၍ သိမှတ်ဖွယ်ရာ သာသနာတော်၌ ဆရာ(၅)မျိုးနှင့် တပည့်(၅)မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

ဆရာ(၅)မျိုး-တပည့်(၅)မျိုး

၁။ နိဿယည်းပေးသော ဆရာသည် နိဿယာစရိယ၊ တပည့်က နိဿယန္တေဝါသိက။

၂။ သရဏဂုံ ပေးသောဆရာသည် ပဗ္ဗဇ္ဇာစရိယ၊ တပည့်က ပဗ္ဗဇ္ဇန္တေဝါသိက။

၃။ ကမ္မဝါဖတ်သောဆရာသည် ဥပသမ္ပဒါစရိယ၊ တပည့်က ဥပသမ္ပန္တေဝါသိက။

၄။ ပါဠိအဋ္ဌကထာ သင်ပေးသောဆရာသည် ဓမ္မာစရိယ၊ တပည့်က ဓမ္မန္တေဝါသိက။

၅။ ဆုံးမသောဆရာသည် ဩဝါဒါစရိယ၊ တပည့်ကဩဝါဒန္တေဝါသိက။ ဟူ၍ ဆရာတပည့်တို့၏ အထူးကို သိမှတ်အပ်၏။

ဆောင်ပုဒ်လင်္ကာ။

၁။ သူ့မိ-သူ့ဘ-ခွင့်ပြုမှ၊ ပြုရပဗ္ဗဇ္ဇာ။

၂။ ဆံရိတ်တခန်း၊ သင်္ကန်းပေးတုံ၊ သရဏဂုံပေးငြား၊ ၎င်း(၃)ပါး၊ ခေါ်ငြားပဗ္ဗဇ္ဇာ။

၃။ နိဂ္ဂဟိတ်တတန်၊ မကာရန်၊ (၂)တန်ပေးနည်းလာ။

၄။ တပည့်-ဆရာ၊ ပီမှသာ၊ ဖြစ်ပါပဗ္ဗဇ္ဇာ။ (ဝိနယသံခိပ်)

သာမဏေရ သိက္ခာပဒသီလများကို သင်ပေးခြင်း၊

ရှင်ပြုပေးပြီးလျှင်ပြီးချင်း အကယ်၍ သာမဏေသစ်သည် (၁၀) ပါးသော သာမဏေတို့ ကျင့်ဆောင်ရမည့် သိက္ခာပုဒ် သီလများကို ရွတ်ဆိုခြင်းငှါစွမ်းနိုင်မည့် ပညာရှိလောက်သူဖြစ်လျှင်လည်း ၎င်းသာမဏေသစ်ကို ထိုနေရာ၌ပင်

သရဏဂုံယူပြီးလျှင် ပြီးချင်း"ပါဏာတိပါတာ ဝေရမဏီ" စသော သိက္ခာပုဒ် (၁၀)ပါးတို့ကို နှုတ်ဖြင့်ချပေး၍ အဓိပ္ပါယ်နားလည်အောင် ပြောပြရမည်။

ချပေးသောအခါ ပါဠိတော်၌ ဟောကြားတော်မူသည့်အတိုင်း–

(၁) ပါဏာတိပါတာ ဝေရမဏီ=
သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၂) အဒိန္နာဒါနာ ဝေရမဏီ=
အရှင်မပေးသည့် သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၃) အဗြဟ္မစရိယာ ဝေရမဏီ=
မမြတ်သော(မေထုန်)အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၄) မုသာဝါဒါ ဝေရမဏီ=
မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ=
မူးယစ် မေ့လျော့ခြင်း၏အကြောင်း မကောင်းသော သေအရက်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၆) ဝိကာလဘောဇနာ ဝေရမဏီ=
နေလွဲညစာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၇) နစ္စ–ဂီတ– ဝါဒိတ–ဝိသူကဒဿနာ ဝေရမဏီ=
ကခြင်း–သီဆိုခြင်း–တီးမှုတ်ခြင်း–သာသနာတော်၏ဆန့်ကျင်ဖက် ဆူးငြောင့် သဖွယ် ဖြစ်သော ပွဲလမ်း သဘင်တို့ကို ကြည့်ရှု နားထောင်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၈) မာလာဂန္ဓ–ဝိလေပန–ဓာရဏ–မဏ္ဍန–ဝိဘူသနဋ္ဌာနာ ဝေရမဏီ=
ပန်းပန်ခြင်း–နံ့သာလိမ်းခြင်း–နံ့သာပျောင်း နံ့သာမှုန့် တို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းမှ ရှောင်ကြဉ်ရခြင်း။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏီ=
မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ် ရခြင်း။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ=

ရွှေ, ငွေ, ပိုက်ဆံတို့ကို ကိုင်ခြင်း ခံယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

ဤသို့ (၁၀)ပါးသော သိက္ခာပဒသီလများကို ချပေးရမည်၊ သို့မဟုတ် ယခုအခါ လူတို့သီလယူသည့်နည်းအတိုင်း–

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ=

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို မကျိုး မပေါက်ရအောင် ကောင်းမွန်စွာ စောင့်ရှောက် ဆောက်တည်ပါ၏ ဘုရား–စသည်ဖြင့် ချပေးရမည်။

အန္ဓကအဋ္ဌကထာ၌ကား။ ။"အဟံ ဘန္တေ (ဗုဒ္ဓရက္ခိတော) ယာဝဇီဝံ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် နာမည်ထည့်၍ သရဏဂုံပေးပုံနည်းအတိုင်း သိက္ခာပုဒ်သီလ ပေးရန်နည်းကိုလည်း ပြဆိုထား၏၊ သို့သော်– ၎င်းအန္ဓကအဋ္ဌကထာလာနည်းသည် ပါဠိတော်၌လည်း မရှိ၊ အဋ္ဌကထာတို့၌လည်း မလာသော ကြောင့် ပါဠိတော်၌လာသည့်အတိုင်းသာ သင့်မြတ်၏။

သရဏဂုံ ယူပြီးသည့်၏ အဆုံး၌ပင် သာမဏေကား ဖြစ်ခဲ့၏၊ သိက္ခာပုဒ်များကို ချပေးရခြင်းမှာ၊ ကျင့်သုံးလိုက်နာဖို့ရန်သာ ဖြစ်၏၊ သိက္ခာပုဒ်များကို ရွတ်ဆိုခြင်းငှာ မစွမ်းသေးသူဖြစ်အံ့၊ ယခုချက်ချင်း ချပေးနေရန် မလိုပါ၊ နောက်မှတဖြည်းဖြည်း သင်ပြပေးရမည်။

## သိက္ခာပုဒ်များကို သင်ပေးပုံနည်း

နောက်အခါ သိက္ခာပုဒ်တို့ကို သင်ပေးရာ၌လည်း ပါဠိတော်၌လာသည့် ပါဠိဘာသာ နည်းအတိုင်း သင်ယူခြင်းငှာ မစွမ်းနိုင်သော သာမဏေများကိုမူ ၎င်းတို့ နားလည် လွယ်မည့်ဘာသာစကားမျိုးဖြင့် သင်ပြပေးရမည်၊ ပါဠိဘာသာဖြင့်သာ သင်ပြပေးရမည်မဟုတ်၊ အဓိပ္ပာယ်နားလည်ကာ ကျင့်သုံးနိုင်ဖို့သာ အဓိကဖြစ်ပေ၏။

၎င်းသာမဏေသစ်သည် မိမိကျင့်ဆောင်ရမည့် သိက္ခာပုဒ်များနှင့် သပိတ်သင်္ကန်းတို့ကို ဝတ်ရုံကိုင်တွယ်ခြင်း၌ လည်းကောင်း၊ သွားလာနေထိုင်ခြင်း အစရှိသည်တို့၌လည်းကောင်း၊ ယာဂုသောက်ခြင်း, ဆွမ်းစားခြင်း စသည်တို့၌လည်းကောင်း၊ မလိမ္မာသေးသမျှ ကာလပတ်လုံး သံဃာတော်အများ ဆွမ်းစားသည့် ဆွမ်းစားကျောင်း ဆွမ်းစားဇရပ်များသို့ လည်းကောင်း၊ တပါးသော ထိုသို့သဘောရှိသော သံဃာအများနှင့် ဆက်ဆံသော နေရာများသို့လည်းကောင်း မသွားစေရသေး၊ မလွှတ်ရသေး။

မိမိ(ဥပဇ္ဈာယ်ဆရာ)၏ အနီး အပါး၌သာ နေထိုင် သွားလာစေလျက် မလိမ္မာသေးသော ကလေးသူငယ်ကို စောင့်ရှောက် သင်ပြပေးရသလို၊ ၎င်း သာမဏေသစ်ကို သင်ပြပေးရမည်။

အပ်သောအမှု၊ မအပ်သောအမှု၊ သွားလာနေထိုင် စားသောက် ဝတ်ရုံပုံ အလုံးစုံ၊ အာဘိသမာစာရိက ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဆုံးမသင်ပြပေးရမည်။

## လိင်(၁၀)ပါးကို သင်ပြပေးခြင်း

ထိုသာမဏေကိုလည်း "အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမဏေရံ နာသေတုံ–

ပါဏာတိပါတီ ဟောတိ၊

အဒိန္နာဒါယီ ဟောတိ၊

အဗြဟ္မစာရီ ဟောတိ၊

မုသာဝါဒီ ဟောတိ၊

မဇ္ဇပါယီ ဟောတိ၊

ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊

ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊

သံဃဿ အဝဏ္ဏံ ဘာသတိ၊

မိစ္ဆာဒိဋ္ဌိကော ဟောတိ၊

ဘိက္ခုနီ ဒူသကော ဟောတိ၊"

ဟူ၍ မြတ်စွာဘုရား ဟောကြား ပညတ်တော်မူအပ်သော အသင်္ကိုဖျက် လူထွက်ရခြင်း လိင်ကျခြင်း၏အကြောင်းဖြစ်သော (၁၀)ပါးသော အင်္ဂါတို့ကို မကျူးလွန်မိရအောင် ဝေးစွာရှောင်ရှား၍ ကျင့်နိုင်စေရန် သင်ပြပေးရမည်။

သိက္ခာပုဒ်အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ (ယောသာမဏေရော၊ အကြင်သာမဏေသည်) ပါဏာတိပါတီ၊ သူတပါးအသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်အံ့။ အဒိန္နာဒါယီ၊ အရှင်မပေးသည့် သူတပါးဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်အံ့။ အဗြဟ္မစာရီ၊ မမြတ်သောမေထုန်အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်အံ့။ မုသာဝါဒီ၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ အံ့။ မဇ္ဇပါယီ၊ ယစ်မူးတွေဝေစေတတ်သော သေရည်အရက်ကို သောက်လေ့ရှိသည်။ ဟောတိ၊ အံ့။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို၊ ဝါ၊ ဂုဏ်ကျေးဇူးမဲ့ကို။ ဘာသတိ၊ ပြောဆိုအံ့။ ဓမ္မဿ၊ တရားတော်၏။

အဝဏ္ဏံ၊ ကို၊ ဘာသတိ၊ အံ့၊ သံဃဿ၊ သံဃာတော်၏၊ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ အံ့၊ မိစ္ဆာဒိဋ္ဌိကော၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သောအယူ ရှိသည်။ ဟောတိ၊ ဖြစ်အံ့။ ဘိက္ခုနီဒူသကော၊ ရဟန်းမကို ဖျက်ဆီးတတ်သည်၊ ဟောတိ၊ အံ့၊ (ဣတိ၊ ဤသို့၊) ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော(တံ)သာမဏေ-ရံ၊ ထိုသာမဏေကို။ နာသေတုံ၊ ဖျက်ဆီးခြင်းငှာ။ ဝါ၊ အသွင်ကိုဖျက်၍ လူထွက်စေခြင်းငှာ၊ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

သာမဏေသည်လည်း ဆယ်ပါးသော သာမဏေတို့ ကျင့်သုံးရမည့် သီလများနှင့်တကွ ရှောင်ကြဉ်ဖွယ်သီလ လိုက်နာကျင့်သုံးဖွယ်သီလတို့ကို ကောင်းမွန်စွာကျင့်သုံးလျက် နေထိုင်ရမည်။

အပြစ် အဆုံးအဖြတ်များ

ပါဏာတိပါတာစသော လိင်ကျကြောင်းအင်္ဂါ(၁၀)ပါးသော သိက္ခာပုဒ်တို့တွင် တခုခုကို ကျူးလွန်ဖောက်ဖျက်သည့် သာမဏေကို ရှင်သာမဏေ၏ အသွင်ကို ဖျက်လျက် လူထွက်စေရမည်။

၁။ လိင်္ဂနာသန

၂။ သံဝါသနာသန

၃။ ဒဏ္ဍကမ္မနာသန

ဟူသော နာသန (ဖျက်ဆီးခြင်း) သုံးပါးတို့တွင် ဤနေရာ၌ လိင်္ဂနာသန (အသွင်ကိုဖျက်ဆီးခြင်း)ကိုသာ ယူရမည်။ ၎င်းလိင်္ဂနာသနမျိုးဖြင့် ဖျက်ဆီးရမည်။

နာသန- ဖျက်ဆီးခြင်း (၃)မျိုးအဓိပ္ပာယ်။

၁။ သာမဏေ၏ အသွင်ကို ဖျက်၍ လူထွက်စေခြင်းကို လိင်္ဂနာသန၊

၂။ ဖောက်ပြန်သော မိစ္ဆာအယူရှိသည့် အရိဋ္ဌရဟန်းကို ဖျက်ဆီးသကဲ့သို့ သံဃာတော်အများက အပေါင်းအသင်း မလုပ်ပဲ ကြဉ်ဖယ်ထားခြင်းမျိုးကို သံဝါသနာသန၊

၃။ သဲဒဏ်, ရေဒဏ်, တားမြစ်သည့်ဒဏ် ပေးသောအားဖြင့် ဖျက်ဆီးခြင်းကို ဒဏ္ဍကမ္မနာသန-ဟု အသီးသီး ခေါ်ဆိုကြသည်။

ဤနေရာ၌ လိင်္ဂနာသနကိုယူရမည်။ ရဟန်းမဟုတ်သောကြောင့်ပေါင်းဖော် နေထိုင်မှုကို ဖျက်ဆီးသည့် သံဝါသနာသနနှင့် လိင်ဆယ်ပါးဖြင့်၍ ဒဏ်ပေးမှု ဒဏ္ဍကမ္မနာသန (၂)မျိုးကို မယူရ။

## ရဟန်းတော်များနှင့် သာမဏေများ အပြစ်သင့်ပုံ ကွာခြားချက်

ရဟန်းတော်များမှာ ပါဏာတိပါတ-စသော သိက္ခာပုဒ်တို့ကို ကျူးလွန်ရာ၌ ထိုထိုသိက္ခာပုဒ်အားလျော်စွာ အာပတ်အပြစ် အမျိုးမျိုး အစားစား သင့်ရောက်၏။

**ဥပမာ၊** လူဇာတ်ရှိသူကို သတ်က ပါရာဇိက အာပတ်သင့်၏၊ ဘီလူး-ပြိတ္တာ-နတ်စသည်ကို သတ်က ထုလ္လစ္စည်း အာပတ်သင့်၏၊ တိရစ္ဆာန်-ငယ်ငယ် ကြီးကြီး သတ်က ပါစိတ်အာပတ်သင့်၏၊ လူဇာတ်ရှိသူ၏ ဥစ္စာ တမတ်၊တမတ် တန်မှစ၍ အထက်ကို ခိုးယူလျှင် ပါရာဇိက၊ တမတ်အောက် တပဲအထက် ခိုးယူလျှင်ထုလ္လစ္စည်း၊ တပဲ-တပဲအောက် ခိုးလျှင် ဒုက္ကဋ် ဤသို့ စသည်ဖြင့် အာပတ်သင့်မှု ကွဲပြား၏။

သာမဏေများမှာမူကား ထိုသို့ အပြစ်ကွဲပြားမှုမရှိ၊ ပုးရွခြပုံးကလေးများ ကိုပင် သတ်မိလျှင်ဖြစ်စေ၊ ကြမ်းပိုးဥ သန်းဥကို ဖောက်ခွဲမိလျှင်ပင် ဖြစ်စေ၊ မြက်, ဝါးခြမ်းစိတ် ကလေးကိုပင် ခိုးယူမိလျှင်ဖြစ်စေ လိင်ကျတော့၏၊ အသွင်ကို ဖျက်ကာ လူထွက်စေရမည့် အပြစ် သင့်တော့၏၊ ရဟန်းတော် များကဲ့သို့ အပြစ်ကွဲပြားမှုမရှိ။

### လိင်ကျသောသာမဏေများ ကျင့်ဆောင်ရမည့်လုပ်ငန်း

လိင်ကျသောသာမဏေသည် ထိုလိင်ကျရာခဏ၌ပင်လျှင်=

၁။ ယူထားသည့် သရဏဂုံလည်းပျက်တော့၏။
၂။ ယူထားသည့် ဥပဇ္ဈာယ်လည်း ပျက်တော့၏။
၃။ ကျောင်းနေရာ ခံယူမှုလည်း ငြိမ်းတော့၏။
၄။ သံဃာလာဘ်ကိုလည်း မရနိုင်တော့။
၅။ ဝါတွင်းဖြစ်က ဝါလည်းကျိုးပျက်တော့၏။

သာမဏေ၏ အသွင်တခုမျှသာ ကြွင်းကျန်းတော့၏။

(သာမဏေ အစစ်မဟုတ်၊ သာမဏေအတု အယောင်မျှသာ ဖြစ်၏။)

သင်္ကန်း မချွတ်ရသေးသဖြင့် သာမဏေ အသွင်မျှသာ ကျန် တော့၏။

ကျောင်းနေရာ ခံယူမှုငြိမ်းသည် ဆိုသည်မှာ ဆရာ ဥပဇ္ဈာယ်တို့က မိမိပိုင် ပုဂ္ဂလိကကျောင်းတွင် ပေးထားသည့် နေရာ၌ နေထိုင်ခွင့်။

သံဃိကကျောင်းဖြစ်က ဝါစဉ်စသောနည်းဖြင့် မိမိအား ဆောက်သော ရသောနေရာ၌ နေထိုင်ခွင့် ရခြင်းကို သေနာသနဂ္ဂါဟ-ဟု ခေါ်သည်။

လိင်ကျ၍ လူဖြစ်သွားသောကြောင့် ၎င်းသေနာသနဂ္ဂါဟ ခေါ်သောနေရာ ပိုင်ဆိုင်နေထိုင်ခွင့် မရှိတော့ပြီ ဟု ဆိုသည်။

၎င်းလိင်ကျနေသော သာမဏေသည် အကယ်၍ အပြစ်တခုမျှသာမက ခဏခဏ လိင်ကျသည့်အပြစ်၊ ဒဏ်ထိုက်သည့်အပြစ် အမျိုးမျိုးကို ကျူးလွန်နေသူ "နောင် ငါသည် ဤကဲ့သို့သော အပြစ်မျိုးကို မကျူးလွန်မိရအောင် စောင့်စည်းမည်" ဟု အာယတိံသံဝရ၌ မတည်သူဖြစ်ခဲ့လျှင် လူထွက်စေ ကာ ကျောင်းမှ နှင်ထုတ်ပစ်ရမည်။

ထိုသို့မဟုတ်ပဲ မဘော်တဆ အဆောတလျင် စိတ်ကို မထိန်းသိမ်းနိုင်သဖြင့် ချွတ်ယွင်းသော ပြစ်မှုကို ကျူးလွန်ခဲ့မိ၍ "ငါသည် သာမဏေတို့အား မလျော်ပတ်သည့် မပြုသင့်သော အမှုကို ကျူးလွန်မိခဲ့လေစွတကား" ဟု ကိုယ့်အပြစ်ကို ရှုကာ တဖန် အာယတိံသံဝရ အရာ၌ တည်လိုသူ ဖြစ်လျှင်ကား လိင်္ဂနာသန (လူထွက်မှု)ကိစ္စ ပြုဖွယ်မလို။ ပင်ကိုယ်ဝတ်မြဲတိုင်း သင်္ကန်းဝတ် ဖြင့်ပင်လျှင် သရဏဂုံ ပြန်၍ယူရမည်၊ (ဆရာက သရဏဂုံ ပြန်အယူခိုင်းပါ) သို့မှသာလျှင် သာမဏေအစစ် ပြန်၍ဖြစ်သာမည်။

ဥပဇ္ဈာယ်ကိုလည်း ပြန်၍ယူရမည် (ပြန်၍အယူခိုင်းပါ)။ သရဏဂုံပြန်၍ ယူလိုက်သည်နှင့်တပြိုင်နက်ပင် သိက္ခာသီလ အားလုံး တဖန်ပြန်၍ ပြည့်စုံ တော့၏။

## သရဏဂုံနှင့် ဥပသမ္ပဒ ကမ္မဝါစာ တူညီကြပုံ

ထိုစကားမှန်၏၊ သာမဏေတို့၏ သရဏဂုံသည်လည်းကောင်း၊ ရဟန်းတို့၏ ဥပသမ္ပဒ ကမ္မဝါစာသည်လည်းကောင်း ထို(၂)မျိုးတို့သည် တူကြကုန်၏။

တူပုံမှာ။ ။ရဟန်းတို့အား ဥပသမ္ပဒ ကမ္မဝါစာဖြင့် ရဟန်းခံရာ ကမ္မဝါစာ ဆုံးသည်နှင့် တပြိုင်နက် အလိုလိုပင် စတုပါရိသုဒ္ဓိသီလ အပြည့်အစုံ တည်ရှိ သွားတော့၏၊ ထို့အတူပင် သာမဏေ များမှာလည်း သရဏဂုံ၏အဆုံး၌ပင်(၁၀)ပါးသီလစသော သာမဏေရ သိက္ခာပဒ သီလ အားလုံး တည်ရှိသွားတော့၏၊ ယူနေစရာမလိုတော့ပါ၊ သိက္ခာပဒ သီလကို ပေးရခြင်းမှာ ခိုင်သည်ထက်ခိုင် မြဲသည်ထက်မြဲ စေရန်အတွက် လည်းကောင်း၊

နောင်အခါ (ရှေးငကြည့်ရမည့် သိက္ခာပုဒ်များကိုသိ၍) စောင့်စည်းမှု အာယ တိသံဝရ၌ တည်စေရန် အတွက် လည်းကောင်း၊ သရဏဂုံ ဆောက်တည်ပြီး နောက် သိက္ခာပုဒ် သီလများကို ပေးအပ်ကုန်၏၊ (ပေးရမည်ဟူလို)

## လိင်ကျသော သာမဏေများ

### ဆုံးရှုံးမှုအမျိုးမျိုးရနိုင်ပုံ

သာမဏေ တပါးပါးသည် အကယ်၍ ပုရိမဝါကပ်ပြီးမှ လိင်ကျခဲ့လျှင် အာယတိသံဝရ ရှိသည့် လဇ္ဇီသာမဏေ ဖြစ်ပါက သရဏဂုံ ထပ်အယူခိုင်း၊ ဥပဇ္ဈာယ် ထပ်အယူခိုင်း၍ ဒုတိယဝါ ဆိုစေရမည်၊ လိင်ကျသဖြင့် လူဖြစ် သွားသောကြောင့် ပဌမဝါ ကပ်ထားခြင်းသည် ကျိုးပျက် သွားပြီဖြစ်၏။

ဒုတိယဝါ(ပစ္ဆိမဝါ)ဆိုသဖြင့် ဒုတိယဝါ ရနိုင်သေး၏၊ဒုတိယဝါ (ပစ္ဆိမ ဝါ)ဆိုပြီးမှ လိင်ကျသော သာမဏေဖြစ်အံ့၊ ဝါထပ်ဆိုဖွယ်ရာမရှိ၊ ဝါကျိုး ပြတ်တော့၏။

သရဏဂုံ သီလ ဥပဇ္ဈာယ် ပြန်၍ ယူရမည်၊ ပုရိမဝါ ကပ်ပြီးမှ လိင်ကျ သော သာမဏေ၊ ပစ္ဆိမဝါကပ်ပြီးမှ လိင်ကျသောသာမဏေ၊ ဤသာမဏေ တို့အား ဝဿံဝါသိကဟု ခေါ်သော ဝါကျွတ်သင်္ကန်းမျိုးနှင့် စီဝရမာသ သင်္ကန်းကာလတို့၌ ဖြစ်ပေါ်လာသည့် သံဃိကဘာသ သင်္ကန်းတို့ကို မခံယူနိုင် တော့ပြီ။

အဘယ့်ကြောင့်ဆိုသော် ၎င်းသံဃိကစီဝရ လာဘ်တို့သည် ပုရိမဝါလည်း ကပ်၊ ဝါလည်း မကျိုးမပျက်ပဲ ဝါမှုထသော ဝါကျွတ်ကြသော ရဟန်း သာမဏေတို့သာ ရသင့် ရထိုက်သော ကြောင့်တည်း။

အကယ်၍ ၎င်းသာမဏေမျိုးများအားလည်း သံဃိက စီဝရလာဘ်တို့ကို ဝေဖန်ပေးလိုခဲ့သော် သံဃာကို ပန်ကြားပြီးမှသာ ပေးဝေကောင်း၏၊ မပန် ကြားပဲ မပေးကောင်း။

## ကထိန်သင်္ကန်း ဝေဖန်ရာ၌ အထူးသတိပြုဖွယ်

ကထိန်ဉာတ်သင်္ကန်းနှင့်တကွ ဥ တ်ရန်သင်္ကန်း စသောပစ္စည်းများကို အား လုံး သံဃိက ချေစက်ချ အလှူခံပြီးလျှင် ၎င်းကထိန်အာနိသင် သင်္ကန်းတို့ကို တိုက်တာအတွင်းပုရိမဝါကျွ တ်ကြသောသံဃာတော်များကို ဝေဖန်ပေးသော အခါ၌ အထက်က ပြဆိုခဲ့သော သာမဏေ မျိုးများ ရှိနိုင်သည် ဖြစ်၍

ဌင်းသာမဏေမျိုးများကို သံဃာတော်အား မပန်ကြားပဲ ပေးဝေလျှင် ဓမ္မိကစီဝရဝိဘင်္ဂ = တရားရှိသော သင်္ကန်း ဝေဖန်မှုမဖြစ်၊ ဝေဖန်သော ရဟန်းအားလည်း အပြစ် မလွတ်နိုင်သောကြောင့် အညီအမျှပင် ဝေဖန်ခွင့်ပြုရန် သံဃာအား ပန်ကြားပြီးမှသာ ဝေဖန်ရမည်။

ရှင်သာမဏေများ လိင်ကျလျှင် သရဏဂုံ သီလပျက်၏၊ သင်္ကန်းပေးမှုကား မပျက်၊ ထို့ကြောင့် သင်္ကန်းဝတ်နှင့် နေသော်လည်း ထေယျသံဝါသက အပြစ်မဖြစ်၊ လိင်္ဂထေနက အပြစ်မဖြစ်ဟု ဆိုလိုသည်။

လိင်ကျသဖြင့် သရဏဂုံသီလပျက်သော သာမဏေကို နောင်မပြုမလုပ်၊ ရှောင်ကြဉ် ပါမည်ဟု ပြောဆိုလျှင် ရေဒဏ်-သဲဒဏ် ပေး၍ သရဏဂုံကို ထပ်မံပေးရမည်။

နောင်အခါ ထပ်မံ ကျူးလွန်ခဲ့လျှင်လည်း နောင်ရှောင်ကြဉ် ပါမည်ဟု အာမခံကာ ပြောဆိုခဲ့လျှင် သရဏဂုံ ထပ်မံ၍ ပေးရမည်၊ (၃)ကြိမ်တိုင်အောင် ထပ်မံ၍ ပေးနိုင်၏၊ (၃)ကြိမ်စေ့ပြီး သော်လည်းကောင်း၊ (၃) ကြိမ် မစေ့သေးသော်လည်း နောင်ရှောင်ကြဉ်မည့်သူ မဟုတ်ဟု သိသော်လည်းကောင်း လူဝတ်လဲ၍ တခါတည်း ထွက်သွားစေရမည်၊ လူဝတ်လဲပေးလိုက်ရမည်ဟု ဆိုလိုသည်၊ လိင်အမှုကို ကျူးလွန်မိတိုင်း လူဝတ်လဲကာ လူထွက်ရမည်မဟုတ်။

## သာမဏေရပဗ္ဗဇ္ဇသီလ အဆုံးအဖြတ်များ

(၁) ပါဏာတိပါတ သိက္ခာပုဒ်၌ ကြမ်းပိုးဥ သန်းဥက အစ သတ်ဖြတ်ခဲ့လျှင် လိင်ကျ၏။

(၂) အဒိန္နာဒါန် သိက္ခာပုဒ်၌ မြက်,ဝါးခြမ်းစိပ်ဆာ အစ အနည်းငယ်သော ဝတ္ထုကိုပင် ခိုးယူလိုစိတ်ဖြင့် ခိုးယူခဲ့လျှင် လိင်ကျတော့၏။

(၃) အဗြဟ္မစရိယ သိက္ခာပုဒ်၌ ဝစ္စမဂ်(ကျင်ကြီးစွန့်သည့် အပေါက်) ပဿာဝမဂ်(ကျင်ငယ်စွန့်သည့်အပေါက်) မုခမဂ်(အစာဝင်သည့်အပေါက်) ဌင်းမဂ်သုံးမျိုးတို့တွင် တခုခု၌ ဖောက်ဖောက်ပြန်ပြန် ကျင့်ခြင်းဖြင့် လိင်ကျတော့၏။

(၄) မုသာဝါဒ သိက္ခာပုဒ်၌ ရယ်မြူးလို၍ပင် မုသား ပြောဆိုလိုက လိင်ကျတော့၏။

(၅) မဇ္ဇပါန သိက္ခာပုဒ်၌ ရဟန်းများမှာ သေအရက်မှန်း မသိသည်ပင် ဖြစ်စေဦးတော့ သေမျိုးစေ့မှုစ၍ သေအရက်ကို သောက်သော် ပါစိတ်

အာပတ် သင့်၏၊ သာမဏေ များမှာကား သေအရက်မှန်းသိလျက် သောက်မှသာ လိင်ကျ၏၊ မသိ၍ သောက်မိလျှင်ကား လိင်မကျ၊ သီလမပျက်၊ (မူးယစ်ဆေးဝါး အမျိုးမျိုးဖြစ်သည့် ထိုးဆေး စားဆေး ရှူဆေးများမှန်သမျှ သုရာမေရယ အမျိုးအစားပင်ဖြစ်၍ ရဟန်းပါစိတ်, သာမဏေ လိင်ကျသော အပြစ်ရှိ၏။)

(၆) ကြွင်းကျန်သော ဝိကာလဘောဇန စသော သိက္ခာပုဒ် (၅)ပါးကို ကျူးလွန်သော်ကား လိင်မကျ၊ လူထွက်ထိုက်သော အပြစ်မဟုတ်၊ ဒဏ်မျှသာထိုက်၏၊ ဒဏ်ပေးထိုက်သော အပြစ်သို့ရောက်သဖြင့် ဒဏ်ထမ်းမှသာလျှင် အပြစ် ပြေပျောက်နိုင်၏၊ ၎င်းသိက္ခာပုဒ် (၅) ခုကို ကျူးလွန်မိသော သာမဏေကိုမူကား သီလမပျက်စီးသောကြောင့် သရဏဂုံပြန်၍ယူရန် သရဏဂုံထပ်ပေးရန်မလို၊ ဥပဇ္ဈာယ် ထပ်ယူရန်လည်း မလိုပါ။

## လိင်ဆယ်ပါးဆိုင်ရာ

## အဝဏ္ဏဘာသန သိက္ခာပုဒ်များ

ရတနာသုံးပါးတို့၏ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို ပြောဆိုရာ၌-

(က) မြတ်စွာဘုရားကို အရဟံ ဂုဏ်နှင့် ပြည့်စုံသူမဟုတ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံသူမဟုတ် စသော ကဲ့ရဲ့စကားအမျိုးမျိုးကို ပြောဆိုသော သာမဏေ၊

(ခ) တရားတော်ကို ဤတရားသည် ကောင်းစွာ ဟောကြားအပ်သော တရားမဟုတ်၊ သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံသော တရားမျိုးမဟုတ် စသည်ဖြင့် တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားအမျိုးမျိုးကို ပြောဆိုသော သာမဏေ၊

(ဂ) သံဃာတော်ကို ဤပုဂ္ဂိုလ်များသည် ကောင်းသောအကျင့် ရှိသူမဟုတ်၊ ဖြောင့်မတ်သော အကျင့် ရှိသူမဟုတ်၊ နိဗ္ဗာန်အကျိုးကို မျှော်ကိုးတောင့်တလျက် ကျင့်ကြံနေသူများမဟုတ်၊ စား, ဝတ်, နေမှု ချောင်၍သာ နေကြသူများဖြစ်သည် စသည်ဖြင့် အရိယာနှင့်သီလဝန္တပုထုဇဉ် သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားမျိုးကို ပြောဆိုသော သာမဏေ၊

၎င်းသာမဏေမျိုးကို ဆရာဥပဇ္ဈာယ်ဖြစ်သော ရဟန်းတို့က "သင်သည် ဤကဲ့သို့သော စကားမျိုးကို မပြောဆိုပါလင့်"ဟု ပြောဆိုလျက် (၁)ကြိမ်

(၂)ကြိမ် (၃)ကြိမ်အထိ တားမြစ်ရမည်၊ ထိုသို့ တားမြစ် ပြောဆိုပါလျက် မရှောင်ကြဉ်ပဲ ပြောဆိုမြဲ ပြောဆိုနေခဲ့လျှင် ကဏ္ဍက = သာမဏေအား ဖျက်ဆီးသည့် နေရာကျောင်းမှ နှင်ထုတ်ခြင်းဟူသော ဒဏ္ဍကမ္မနာသန နည်းမျိုးဖြင့် ဖျက်ဆီးရမည်ဟု ကုရုန္ဒီအဋ္ဌကထာ၌ ဆို၏။

မဟာအဋ္ဌကထာ၌မူကား (၃)ကြိမ် (၃)ခါ တားမြစ်ပြောဆို၍ရလျှင် ထိုအယူဝါဒကို စွန့်လျှင်ဒဏ် ပေးပြီးလျှင် သံဃာ့ရှေ့မှောက်တွင် မိမိအပြစ်ကို ဝန်ချ တောင်းပန်ခိုင်းရမည်၊ ဝန်ချတောင်းပန်ပြီးလျှင် လိင်ကျကာ လူဖြစ်နေသောကြောင့် သရဏဂုံသီလ ဥပဇ္ဈာယ် ထပ်မံ၍ ပေးရမည်။

အကယ်၍ ထိုအယူဝါဒကို မစွန့်လွှတ်ပဲ အယူကို ယူမြဲပင် ယူနေငြားအံ့၊ လူဝတ်လဲစေပြီးလျှင် ကျောင်းတိုက်မှ နှင်ထုတ်ပစ်ရမည်ဟု မိန့်ဆို၏။ ထို မဟာအဋ္ဌကထာ ဆရာ၏ ဝါဒသည်သာ ကောင်းမြတ်၏။

မှန်၏။ သာမဏေ၏အသွင်ကို ဖျက်ခြင်း လိင်္ဂနာသနမျိုးကိုသာ ဤနေရာ၌ အလိုရှိအပ်သောကြောင့်တည်း၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သာမဏေကိုလည်း အထက်ပါနည်းအတိုင်းပင် ပြုရမည်သာတည်း။

ထိုစကားသည်မှန်၏။ သဿတအယူ၊ ဥစ္ဆေဒအယူ တမျိုးမျိုးကို ယူသော သာမဏေကိုလည်း ဆရာ ဥပဇ္ဈာယ်ရဟန်းတို့က တားမြစ်ပြောဆို ဆုံးမအပ်သည်ဖြစ်၍ အယူကို စွန့်လွှတ်ငြားအံ့၊ သင့်တော်သော ဒဏ်ပေးပြီးလျှင် သံဃာ့ရှေ့မှောက်ဝယ် အယူကို စွန့်လွှတ်ပါကြောင်း လျှောက်ထားထား ဝန်ချတောင်းပန်၍ မိမိ၏အပြစ်ကို ဝန်ခံ ပြောဆိုစေရမည်၊ သရဏဂုံသီလဥပဇ္ဈာယ်ကိုလည်း ပြန်ယူစေရမည်၊ ဆုံးမ မရ အယူကို စွဲမြဲစွာ ယူမြဲယူနေလျှင်ကား ထိုသာမဏေမျိုးကိုလည်း လူဝတ်လဲစေကာ ကျောင်းမှနှင်ထုတ်ပစ်ရမည်။

(၇) သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ(၂)မျိုး၊ အကျယ်အားဖြင့် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူတခုခုကို စွဲယူသော သာမဏေကို မိစ္ဆာဒိဋ္ဌိအယူရှိသူဟု ခေါ်ဆိုရသည်၊ ထိုမိစ္ဆာဒိဋ္ဌိအယူရှိသော သာမဏေကို "တဿ သာပါရာဇိကဋ္ဌာနံ ဟောတိ၊ သောစ လိင်္ဂနာသနာယ နာသေတဗ္ဗော" ဟု ဋီကာ၌ ဆိုသောကြောင့် သာမဏေရ ပါရာဇိက လိင်ကျတော့၏။

ဤသို့သော မိစ္ဆာဒိဋ္ဌိအယူမျိုးမဟုတ်သော ကဏ္ဍကသာမဏေတို့ကဲ့သို့ ဘုရားဟော စကားတော်၏ အဓိပ္ပာယ်ကို ဖောက်ဖောက်ပြန်ပြန် တွေးကြံလျက် မှားယွင်းသော အယူကို ယူသော သာမဏေမျိုးကို ဆရာဥပဇ္ဈာယ်တို့က ပြောဆိုဆုံးမ တားမြစ်၍ မရခဲ့လျှင် နေရာကျောင်းမှ နှင်ထုတ်ခြင်း ဒဏ္ဍကမ္မ နာသနမျိုးကိုသာ ပြုရ၏။

## ဘိက္ခုနီဒူသကနှင့် အဗြဟ္မစရိယတို့၏ ထူးခြားပုံ

ဤလိင်(၁၀)ပါးအရာ၌ ဘိက္ခုနီဒူသကကို မေထုန်မှီဝဲမှုချင်း အတူတူပင်ဖြစ်သောကြောင့် အဗြဟ္မစရိယသိက္ခာပုဒ်ဖြင့် ယူအပ်ပြီး ဖြစ်ပါသော်လည်း ၎င်းသိက္ခာပုဒ်(၂)ခုတို့၏ အပြစ်ချင်းကား မတူကြပါ၊ ကွာခြားလှပေ၏။

အဗြဟ္မစရိယသိက္ခာပုဒ်ကို ကျူးလွန်သူ သာမဏေကို နောင်မကျူးလွန်မိအောင် စောင့်ရှောက်ပါမည်ဟု (အာယတိံသံဝရ) ဝန်ခံမှုရှိပါက သရဏဂုံပေးပြီးလျှင် သာမဏေအဖြစ်နှင့် ဆက်လက်နေထိုင်ခွင့် ပေးနိုင်၏၊ အသက်(၂၀)ရှိသော အခါ ရဟန်းခံပေးခွင့်လည်း ရှိ၏၊ သာသနာတော်မှ လုံး၀မဆုံးရှုံးသေး။

ဘိက္ခုနီမကို ဖျက်ဆီးသည့် ဘိက္ခုနီဒူသက သာမဏေကိုမူကား အာယတိံသံဝရ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သာမဏေ၏ အဖြစ်နှင့်လည်း နေထိုင်ခွင့်မရှိတော့ပေ၊ နောင်အခါ ရဟန်းခံခွင့်လည်း မရှိတော့ပေ၊ တသက်ပန် သာသနာတော်မှ ဆုံးရှုံးမှုကြီး ဖြစ်၏။

ဤကဲ့သို့ အပြစ်ချင်း ကွာခြားသည်ကို ပြတော်မူခြင်းငှာ "ဘိက္ခုနီဒူသကော ဟောတိ"ဟူသော ဆယ်ခုမြောက် သိက္ခာပုဒ်ကို ထပ်မံကာ သီးခြားဘုရားရှင် ပညတ်တော်မူခဲ့၏ဟု မှတ်ယူရမည်။

## လိင်(၁၀)ပါးနှင့် ဒဏ်(၁၀)ပါး ထူးခြားပုံ

သာမဏေတို့အား လိင် (၁၀)ပါးတို့တွင် တခုခုကို ကျူးလွန်မိက သီလအားလုံးပျက်ကာ လူဖြစ်၍သွားတော့၏။

ဒဏ် (၁၀)ပါးတို့တွင် တခုခုကို ကျူးလွန်က ကျူးလွန်သော သိက္ခာပုဒ် သီလ(၁)ပါးသာ ကျိုးပေါက်၏၊ သီလအားလုံး မပျက်စီး။

### ဒဏ်(၁၀)ပါး အခန်း

အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ--

၁။ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊

၂။ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊

၃။ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊

၄။ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊

၅။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊

ဝိနယ-၁၃

ဟု ဟောကြားတော်မူသောကြောင့် ဤယခု ပြဆိုသည့်အင်္ဂါ သိက္ခာပုဒ် (၅)ပါးနှင့် (၁၀)ပါးသီလတွင် ပါဝင်ခဲ့သော သိက္ခာပုဒ်များမှ နောက် အင်္ဂါ သိက္ခာပုဒ်(၅)ပါး နှစ်ရပ်ပေါင်း ဒဏ်(၁၀)ပါး ဖြစ်၏၊ ၎င်း(၁၀) ပါးကို ကျူးလွန်လျှင် ဒဏ်ပေးထိုက်သော အပြစ်ဖြစ်၏၊ ဒဏ်ပေးရမည်။

**သိက္ခာပုဒ်အနက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ (ယောသာမဏေရော၊ အကြင် သာမဏေသည်။) ဘိက္ခူနံ၊ ရဟန်းတို့၏။ အလာဘာယ၊ လာဘ်မရစိမ့်သော ငှာ။ ပရိသက္ကတိ၊ လုံ့လပြုအံ့။ ဝါ၊ အားထုတ်အံ့။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အနတ္ထာယ၊ အကျိုးမဲ့ဖြစ်ခြင်းငှာ။ ပရိသက္ကတိ၊ အံ့။ ဘိက္ခူနံ၊ တို့၏။ အဝါ သာယ၊ နေမြဲကျောင်း၌ မနေနိုင်ခြင်းငှာ။ ပရိသက္ကတိ၊ အံ့။ ဘိက္ခူ၊ တို့ကို။ အက္ကောသတိ၊ ဆဲရေးအံ့။ ပရိဘာသတိ၊ ဘေးကိုပြ၍ခြိမ်းခြောက်အံ့။ ဝါ၊ ရေရွတ်အံ့။ ဘိက္ခူ၊ တို့ကို။ ဘိက္ခူဟိ၊ တပါးသောရဟန်းတို့နှင့်။ ဘေဒေတိ၊ ကွဲပြားစေအံ့။ ဝါ၊ ကွဲပြားအောင် ကုန်းတိုက်အံ့။ (ဣတိ၊ဤသို့။) ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့် စုံသော။ (တဿ) သာမဏေရဿ၊ ထိုသာမဏေအား။ ဒဏ္ဍကမ္မံ၊ ဒဏ်အမှု ကို။ ဝါ၊ နှိပ်ကွပ်ဆုံးမမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

## ဒဏ်ကိုဘယ်သို့ဘယ်ပုံပေးရသနည်း

"အနုဇာနာမိ ဘိက္ခဝေ ယတ္ထဝါ ဝသတိ ယတ္ထဝါ ပဋိက္ကမတိ၊ တတ္ထ အာဝရဏံ ကာတုံ"–

ဟု ဘုရားရှင် ဒဏ်ပေးနည်းကို မိန့်ကြားတော် မူခဲ့သောကြောင့် ဒဏ်ပေး ထိုက်သော သာမဏေကို ၎င်း၏ နေထိုင်ရာ နေရာ ကျောင်း ဝင်ထွက် သွားလာသည့် အရပ်တို့၌ မနေထိုင်ရန် မသွားလာရန် အောက်ပါအတိုင်း တားမြစ်၍ ဒဏ်ပေးရ၏။

ဘိက္ခဝေ၊ တို့၊ ယတ္ထဝါ၊ အကြင်အရပ်၌သော်လည်း။ ဝသတိ၊ နေအံ့။ ယတ္ထဝါ၊ အကြင်အရပ်၌သော်လည်း။ ပဋိက္ကမတိ၊ ဝင်ထွက် သွားလာအံ့။ တတ္ထ၊ ထိုအရပ်၌။ အာဝရဏံ၊ တားမြစ်မှုကို။ ကာတုံ၊ ပြုခြင်းငှာ။ အနု ဇာနာမိ၊ ၏၊

"သင်သည် ဤကျောင်း ဤနေရာ၌ မနေရ"

"ဤနေရာ၌ မဝင်ထွက် မသွားလာရ"

ဟူသည်ဖြင့် တားမြစ်သောအားဖြင့် ဒဏ်ပေးရမည်။

သံဃိကကျောင်းပင် ဖြစ်ဖြစ်၊ ပုဂ္ဂလိကကျောင်းပင် ဖြစ်ဖြစ်၊ ၎င်းသာမဏေ အမြဲနေထိုင်ရာ ကျောင်း အိပ်ရာနေရာတို့၌ မနေထိုင်ရ၊ ဆည်းကပ်ခစားခြင်းငှာ အမြဲ ဝင် ထွက် သွားလာနေကျဖြစ်သော ဆရာဥပဇ္ဈာယ် တို့၏ နေထိုင်ရာ ဒေသ ရပ်သို့လည်း မဝင်ထွက် မသွားလာရဟု တားမြစ်သောအားဖြင့် ဒဏ်ပေးရမည်။

ဆရာဥပဇ္ဈာယ် ရဟန်း၏ ပုဂ္ဂလိကပိုင်ကျောင်းမှ သော်လည်းကောင်း၊ ဝါစဉ်အားဖြင့် ရောက်သော (နေထိုင်ခွင့်ရသော) သံဃိက ကျောင်းမှ သော်လည်းကောင်း၊ မနေရ၊ မသွားလာ မဝင်ထွက်ရဟု တားမြစ်သော အားဖြင့် အပြစ်ဒဏ် ပေးနိုင်၏။

သို့သော် တကျောင်းတိုက်လုံး အရံတခုလုံးမှ တားမြစ်ခြင်းမျိုးကို တော့ မပြုရ။ ပြုလျှင် ဆရာရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊အကြောင်းမှာမူကား "န ဘိက္ခဝေ သဗ္ဗော သံဃာရာမော အာဝရဏံ ကာတဗ္ဗော၊ ယော ကရေယျ၊ အာပတ္တိဒုက္ကဋဿ" ဟု ဘုရားရှင် သိက္ခာပုဒ် ပညတ်တော်မူထားသောကြောင့်တည်း။

## မပေးကောင်းသည့်ဒဏ်မျိုး

"န ဘိက္ခဝေ မုခဒွါရိကော အာဟာရော အာဝရဏံ ကာတဗ္ဗော၊ ယော ကရေယျ အာပတ္တိ ဒုက္ကဋဿ" ဟု—

မိန့်တော်မူထားသဖြင့် မောင်ရှင် သင်ယနေ့ ဘာကိုမျှမစားရ စသည်ဖြင့် အစာအာဟာရကို မစားသောက်ရအောင် တားမြစ်သော ဒဏ်ပေးနည်းမျိုးကိုမူကား မပေးရ။

**ပါဠိတော်အနက်များ။** ။ဘိက္ခဝေ၊ တို့။ သဗ္ဗော၊ အလုံးစုံသော။ သံဃာရာမော၊ သံဃအရံ၊ သံဃကျောင်းတိုက်ကို(ကျောင်းတိုက်တတိုက်လုံးမှ)။အာဝရဏံ၊ မနေထိုင်ရဟု တားမြစ်သော ဒဏ်ပေးခြင်းမျိုးကို။နကာတဗ္ဗော၊ မပြုရ။ ယော၊ သည်။ ကရေယျ၊ အံ့။ တဿ၊ အား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊၏။ ဘိက္ခဝေ၊ တို့။ မုခဒွါရိကော၊ခံတွင်းတည်းဟူသော တံခါးဖြင့် သွင်းအပ်သော။ အာဟာရော၊ အစာအာဟာရကို။အာဝရဏံ၊ မစားမသောက်ရန်တားမြစ်ပိတ်ပင်သည့်ဒဏ်ပေးနည်းမျိုးကို။ နကာတဗ္ဗော၊ မပြုအပ် မပြုသင့် မပြုရ။ ယော၊ သည်။ ကရေယျ၊ အံ့။ တဿ၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊၏။

ထို့ကြောင့် သာမဏေအား "သင်ယနေ့ ဆွမ်းမစားရ၊ ဘောဇဉ်မစားရ၊ ခဲဘွယ်မစားရ" ဟု ပြောဆိုတားမြစ်၍ ဒဏ်ပေးသော ရဟန်းအားလည်း

ကောင်း၊ အစာအာဟာရ မစားရအောင် ဆွမ်းသပိတ်စသည်ကို ယူငင်ကာ မိမိအနား၌ သိမ်းဆည်းထားသော ရဟန်းအားလည်းကောင်း၊ ပယောဂ တိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်း သာမဏေတို့အား မလျှော်ကပ်သော အကျင့်ကို ကျင့်သော ပြောဆိုဆုံးမခက်သော ဒုဗ္ဗစ သာမဏေမျိုးကို ဒဏ်ပေးကာ ယာဂုကိုသော် လည်းကောင်း၊ ဆွမ်းကိုသော်လည်းကောင်း၊ သပိတ် သင်္ကန်းကိုသော်လည်း ကောင်း ပြ၍ "ဤမျှသောဒဏ်ကို သင်ထမ်းဆောင်လျှင် ဤယာဂုကို သောက် ရမည်၊ ဤဆွမ်းကိုစားရမည်၊ ဤသပိတ်သင်္ကန်းကိုယူရမည်" ဟု ပြောဆိုစေ ခိုင်းခြင်းငှာသော်ကား အပ်၏။

(သဲဒဏ်၊ ဤမျှ အခေါက်ရေ ရအောင်ထမ်းလျှင်, ရေဒဏ် ဤ မျှလောက် ရအောင် ထမ်းလျှင် (ထမ်းမှသာ) ဤယာဂုကို တိုက် မည်၊ ဤဆွမ်းကို ကျွေးမည်၊ ဤသပိတ် သင်္ကန်းကို ပေးမည် ဟု ပြောဆိုကာ ဒဏ်ထမ်းဆောင်ခိုင်း ကောင်းသည်ဟု ဆိုလိုသည်။)

ထိုစကားသည်မှန်ပေ၏၊ မြတ်စွာဘုရားသည် အစာ အာဟာရကို တားမြစ် ပိတ်ပင်သော ဒဏ်မျိုးကိုသာ တားမြစ်တော်မူ၏၊ ဤယခု ပြောဆိုစေခိုင်း မှုမျိုးကား တားမြစ်ပိတ်ပင်သည် မဟုတ်သောကြောင့် အပ်၏၊ အပြစ်မရှိ။

ဓမ္မသင်္ဂါယနာ မထေရ်တို့သည်ကား အပြစ်အား လျော်စွာ သဲဒဏ် ရေဒဏ် ထင်းဖြတ်ထင်းခွဲဒဏ် စသော အပ်စပ်သော ဒဏ်မျိုးတို့ကိုလည်း ထမ်းဆောင်ခိုင်းကြကုန်သေး၏၊ ထို့ကြောင့် သဲဒဏ် ရေဒဏ် စသည်ပေး ခြင်းကိုလည်း ပြုလုပ်ကောင်း၏။

ထိုသို့ ဒဏ်အမျိုးမျိုးကို ပေးရာ၌ "ဤကဲ့သို့ မှတ်သားလောက်အောင် ဒဏ်ပေးခဲ့လျှင် အပြစ်မှ ရှောင်ကြဉ်လိမ့်မည်၊ ရှင်ကောင်း ရဟန်းကောင်း ဖြစ်လာလိမ့်မည်" ဟု ၎င်းတို့အပေါ်၌ သနားသဖြင့် နှောင်ကြဉ်စေရန် ရည်ရွယ်လျက်သာ ပေးရမည်။

"ငါ ဤကဲ့သို့သော အပြစ်ဒဏ်ကို ပေးလိုက်လျှင် ၎င်းသာမဏေ ပျက် စီးလိမ့်လတ္တံ့၊ လူထွက်သွားလိမ့်လတ္တံ့" ဟူသော မကောင်းသည့် စိတ်အလို ဆန္ဒ နည်းမျိုးဖြင့်ကား မပေးကောင်း၊ မပေးရ။

## ညဉ်းဆဲ နှိပ်စက်ရာကျသော ဒဏ်မျိုးကိုလည်း မပေးကောင်း

ဆရာလုပ်သူ ရဟန်းသည် ဒဏ်ပြစ်သင့်၍ ဒဏ်ဆိုက်သည့် ရှင်သာမဏေ ရဟန်းငယ်တို့အား ဒဏ်ပေးသော အနေဖြင့်—

၁။ ကျောက်ဖျာ ကျောက်တုံး အပူကြီးပေါ်၌ အအိပ်အနေ မခိုင်းရ၊

၂။ ကျောက်တုံး ကျောက်ခဲ အုတ်ခဲ-စသော လေးလံသော အရာဝတ္ထုများကို ဦးခေါင်းပေါ်၌ ရွက်အသား မခိုင်းရ၊

၃။ ချမ်းအေးသောအခါ ရေထဲသို့ ဆင်း၍ ရေအစိမ် မခိုင်းရ။

ဤသို့စသော ဒဏ်ပေးနည်း မျိုးကား ညှဉ်းဆဲ နှိပ်စက်သော ဒဏ်ပေးနည်းမျိုး ဖြစ်သောကြောင့် မပေးကောင်း၊ မပေးရ။

သူတပါးတပည့်ကို အရမ်း ဒဏ်မပေးရ

ဆက်၍ပြဆိုပါဦးမည်-

"နဘိက္ခဝေ ဥပဇ္ဈာယံ အနာပုစ္ဆာ အာဝရဏံ ကာတဗ္ဗံ၊ ယော ကရေယျ၊ အာပတ္တိဒုက္ကဋဿ"-

ဟု ပညတ်တော် မူသားသောကြောင့် ၎င်းတို့၏ ဥပဇ္ဈာယ်ဆရာကို မပန်မကြားပဲလည်း ရှင်ငယ်ရဟန်းငယ်များကို ဒဏ်မပေးရ၊ပန်ကြားပြီးမှသာ ဒဏ်ပေးကောင်း၏။ (သိက္ခာပုဒ်အနက်ပေါ်လွင်လှ၏။)

မပန်ကြားပဲဒဏ်မပေးရ ဟူသောစကား၌-အပြစ်ရှိသောရှင်ငယ် ရဟန်းငယ်များကို တွေ့မြင်လျှင် "အရှင်ဘုရား- အရှင်ဘုရား၏ တပည့်မှာ ဤမည်သော အပြစ် ရှိပါသည်၊ ထို အရှင်ဘုရား၏ တပည့်အား ဒဏ် ပေးဘော်မူပါ ဘုရား"-ဟု (၃)ကြိမ်တိတိ တိုင်ကြား လျှောက်ထားရမည်၊ ထိုသို့ တိုင်ကြား လျှောက်ထားပါလျက် ဥပဇ္ဈာယ်ဆရာက ဒဏ်မပေးပဲ နေခဲ့လျှင် မိမိက ဒဏ်ပေးနိုင်၏။

အကယ်၍ ၎င်းတို့၏ ဥပဇ္ဈာယ်ဆရာကပင် "အရှင်ဘုရား-တပည့်တော်၏ တပည့် သာမဏေ ရဟန်းငယ်များမှာ အပြစ်တွေ့လျှင် အရှင်ဘုရားအချိန်မရွေး အပြစ်ဒဏ် ပေးတော်မူပါဘုရား" ဟု လျှောက်ထား၍ ခွင့်ပြုထားခဲ့ ကုန်ငြားအံ့၊ ၎င်း၏ တပည့်များကို ဒဏ်ပေးကောင်း၏၊ ဒဏ်ပေးနိုင်ခွင့် ရှိသည်။

သာမဏေတို့အား ဒဏ်ပေးရသလို၊ သဒ္ဓိဝိဟာရိကဘပည့်၊ အနီးနေတပည့် ရဟန်းသာမဏေတို့ကိုလည်း ဒဏ်ပေးရ၏။

"န ဘိက္ခဝေ အညဿ ပရိသာ အပလာဠေတဗ္ဗာ (နအပလာဠေတဗ္ဗာ=မဖြားယောင်း မသွေးဆောင်အပ်၊)၊ ယောအပလာဠေယျ အာပတ္တိဒုက္ကဋဿ"

ဟု သိက္ခာစုဒ် ပညတ်ထားတော်မူသောကြောင့် သူတပါးတို့၏ တပည့် ပရိသတ်ကို မိမိ၏ တပည့် ပရိသတ်ဖြစ်အောင် မဖြားယောင်း မသွေးဆောင် မခေါ်ယူကောင်း၊ ဖြားယောင်းသွေးဆောင် ခေါ်ယူသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။

ထို့ကြောင့်- "သင်တို့အား ငါသပိတ်ပေးမည်၊ သင်္ကန်း ပေးမည်" စသည်ဖြင့် ပြောဆိုကာ သူတပါးတို့၏ ပရိသတ်ကို (တပည့်ရဟန်းသာမဏေ များကို) မိမိအား ပြုစုလုပ်ကျွေးမှုပြုအောင် ပစ္စည်းဖြင့် ချိုးမြှောက်ထောက် ပံ့ကာ မခေါ်ယူရ၊ အယုတ်ဆုံးအားဖြင့် သီလမရှိသူ ဒုဿီလပုဂ္ဂိုလ်၏တပည့် ရဟန်း သာမဏေ ပရိသတ်ကိုပင် ဆရာနှင့်တ-ပည့်ကွဲပြားအောင် ပြု၍မိမိထံ သို့ မခေါ်ယူအပ်။

"သင်သည် စင်ကြယ်သန့်ရှင်း စေရန်အတွက် ရေချိုးရန် လာသူဖြစ်ပါ လျက် မစင်ကို လိမ်းကျံသကဲ့သို့ ဒုဿီလရဟန်းကိုမှီ၍ နေခြင်းကို ပြုလေဘိ ၏တကား "ဟု ဒုဿီလပုဂ္ဂိုလ်ကို ဆရာလုပ်၍ နေထိုင်ခြင်း၏ အပြစ်ကိုမူ ကား ပြောဆိုခြင်းငှာ အပ်၏။

အကယ်၍ ဒုဿီလရဟန်း၏ တပည့်များသည် သူတို့ဘာသာပင် သိရှိ နားလည်ကာ မိမိ၏ထံ နေထိုင်ရန် ဥပဇ္ဈာယ်ကိုလည်းကောင်း၊ နိဿယည်း ကိုလည်းကောင်း လာရောက် တောင်းခံပါမူကား၊ လက်ခံ၍ ဥပဇ္ဈာယ်ပေး အပ်၊ နိဿယည်းပေးအပ်၏။

ရှင်ပြုခြင်းနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ် ပြီး၏။

ရဟန်းခံခြင်း–ဥပသမ္ပဒကံနှင့်စပ်၍

# သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ

ဘုရားရှင် သာသနာတော်တွင်း၌ အနာဂါရိက လမ်းဖြင့် အိမ်ရာ မထောင်ကြပဲ သာသနာ့ဘောင်၌ နေထိုင်ကြသည့် သာသနာဝင် ပုဂ္ဂိုလ် များမှာ–

၁။ ဘိက္ခု = ရဟန်းယောကျ်ား၊

၂။ ဘိက္ခုနီ = ရဟန်းမိန်းမ၊

၃။ သိက္ခမာန = သိက္ခမာန် (ဘိက္ခုနီ၏ ဝါရှိန် ကျင့်ဝတ် ကျင့် နေသူ)၊

၄။ သာမဏေရ = သာမဏေယောကျ်ား၊

၅။ သာမဏေရီ = သာမဏေမိန်းမ၊

ဟူ၍ (၅)မျိုးရှိ၏၊ ထိုပုဂ္ဂိုလ် (၅)မျိုးကို သာသနာတော်တွင်း၌ အိမ်ရာ မထောင်ကြမူ၍ ဖန်ရည်စွန်းသည့် အဝတ်သင်္ကန်းများကို ဝတ်ကြကာ အတူ တကွတရားဓမ္မ ကျင့်ကြံလျက် နေထိုင်ကြသူများ ဖြစ်ကြသောကြောင့် သဟ ဓမ္မိက သီတင်းသုံးဖော် (၅)ယောက်ဟု ခေါ်ဆိုရသည်။

ယခုခေတ်အချိန်အခါ၌ ဘိက္ခုနီ သိက္ခမာန် သာမဏေရီ တို့ကား အဆက် ပြတ်လျက် မရှိတော့ပဲ ဖြစ်နေ၏၊ ဘိက္ခု နှင့် သာမဏေ (၂) မျိုးသာ ရှိတော့၏။

အထက်ဖော်ပြပါ သီတင်းသုံးဖော် ၅ယောက်တို့တွင် ဘိက္ခုဟု ခေါ်ဆို ရသော ရဟန်းယောကျ်ားကို ပါဠိဘာသာ အားဖြင့် (၁) ဥပသမ္ပန္န (၂)ဘိက္ခု (၃)သမဏ (၄)ပြာဟ္မဏ–ဟူ၍သည်းကောင်း၊ မြန်မာဘာသာ အားဖြင့် ရဟန်း, ဦးပဥ္စင်း, ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲနေကြ၏။

## (၁) ဥပသမ္ပန္န–ဟုခေါ်ရပုံ

လူ သာမဏေတို့၏ သီလ သိက္ခာတို့ထက် အထက်တန်းကျသော စတု ပါရိသုဒ္ဓိသီလသိက္ခာတို့နှင့် ပြည့်စုံသူဖြစ်သောကြောင့် 'ဥပသမ္ပန္န' ဟု ခေါ် ဆိုရ၏။

## (၂) ဘိက္ခု–ဟုခေါ်ရပုံ

ဘိက္ခတိ ယာစတိ အရိယယာစနာယာတိ ဘိက္ခု-ဟူသော ဝိဂ္ဂဟ်ဝစနတ္ထအရ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ တောင်းနည်းမျိုးဖြင့် တောင်းတတ်သောကြောင့် ဘိက္ခု-ဟူ၍ ခေါ်ဆိုရ၏။

ဘုရားစသော အရိယာ သူတော်ကောင်းတို့သည် ဆွမ်းကိုရည်မှန်းလျက် ထိုထို ဒါယကာ, ဒါယိကာမတို့၏ အိမ်ပေါက်ဝ၌ ရပ်တော်မူကြကုန်၏၊ ဤသို့သော ရပ်ခြင်းမျိုးကို အရိယာပုဂ္ဂိုလ်တို့၏ တောင်းနည်း၊ မြတ်သော တောင်းနည်းဟုဆိုရသည်၊ သူတောင်းစားစသော အောက်တန်းစား ပုဂ္ဂိုလ်တို့၏ တောင်းနည်းကား ပေးပါ ပေးပါဟု တစာစာ နှုတ်ဖြင့် တောင်းကြ၏၊ ဤတောင်းနည်းမျိုးကတော့ ယုတ်ညံ့သော အောက်တန်းစားကျသော ပုဂ္ဂိုလ်တို့၏ တောင်းနည်း၊ ယုတ်သော တောင်းနည်းမျိုးပြစ်၏။

ရဟန်းတို့သည်ကား ထိုသို့မြတ်သော ပုဂ္ဂိုလ်တို့၏ တောင်းနည်း မြတ်သော တောင်းနည်းဖြင့် တောင်းတတ်သောကြောင့် ဘိက္ခု-ဟူသော အမည်ရကြလေသည်။

တနည်းအားဖြင့် ဘိက္ခုဟုခေါ်ရပုံမှာ–ဘိန္န ပဋိဝါရေတီတိ ဘိက္ခု-ဟူသော ဝိဂ္ဂဟ်ဝစနတ္ထ နည်းအရ အဖိုး, အတွေ့, အဆင်း–ဟူ၍ (၃) မျိုးသော ပျက်စီးခြင်းရှိနေသည့် အဝတ်သင်္ကန်းကို ဆောင်တတ် ဝတ်ရုံတတ်သော ပုဂ္ဂိုလ်ဖြစ်သည့်အတွက်ကြောင့်လည်း ဘိက္ခု–ဟုခေါ်ရ၏။

အဖိုး, အတွေ့, အဆင်း–အားဖြင့်(၃)မျိုးပျက်စီးပုံမှာ– ပင်ကိုယ်က မည်မျှလောက်ပင် တန်ဖိုးရှိသော အဝတ်အထည်ပင်ဖြစ်စေ သင်္ကန်းချုပ်ရန်အတွက် ဝိနည်းတော် စည်းကမ်းအရ ဓား ကတ်ကြေး စသည်တို့ဖြင့် အပိုင်းပိုင်းဖြတ်တောက်ကာ အခန်းများဖွဲ့လျက် ချုပ်ရသောကြောင့် မူလတန်ဖိုးမှာ ပျက်စီးသွားတော့၏၊ (၁၀ဝိ–တန်လျှင် ၇၅-ကျပ်လောက်သာ တန်တော့၏) ဖြတ်တောက် ဆုတ်ဖြဲ၍ ပစ်ရသဖြင့် မူလတန်ဖိုး ပျက်စီးသွားတော့၏။

အတွေ့အထိအားဖြင့်လည်း မူလက နူးညံ့သော အဝတ်များပင် ဖြစ်လင့်ကစား၊ ဖြတ်တောက်ကာ အပ်ချည်တို့ဖြင့် အခန်းဖွဲ့၍ ချုပ်ရသည်အတွက် ချုပ်ရိုးတွေ ဗရပွေ ထနေကာ အတွေ့အထိအားဖြင့်လည်း ကြမ်းတမ်းကာ ပျက်စီးသွားတော့၏။

အပ်ချုပ်သည့်အခါ၌ ပေရေခြင်း၊ ဖန်ရည်ဆိုးလိုက်ခြင်းတို့ဖြင့် အဆင်းအရောင် အားဖြင့်လည်း ပျက်စီး၍ သွားတော့၏။

ဤသို့ အဖိုး အတွေ့ အရောင်အဆင်းပါ ၃-မျိုးသော ပျက်စီးခြင်းရှိသည့် အဝတ်သင်္ကန်းမျိုးကို ဆောင်ဘတ် ဝတ်ရုံတတ်သောကြောင့်လည်း ဘိက္ခုဟု တမျိုးအားဖြင့် ခေါ်ရသည်။

တနည်းအားဖြင့် ဘိက္ခုခေါ်ရပုံမှာ။ ။ဘိန္နံ ဂိသဒိသံ ပဋံ ဓာရေတီတိ ဘိက္ခု-ဟူသော ဝိဂ္ဂြိုဟ်ဝစနတ် ဗျုပ္ပတ်အရ၊ လူတို့ဝတ်သည့် ကြောင်ကြောင်ကျားကျား အပတ်အစား များနှင့် မဟူ လူများ ဝတ်သည့် အဝတ်အစားမျိုးမှ မတူထူးခြား ကွဲပြား ခြားနားသော အဝတ်သင်္ကန်းဘိုကို ဆောင်ဘတ် ဝတ်ရုံတတ်သည့် အတွက် ကြောင့်လည်း ဘိက္ခုဟု ခေါ်ကြသေး၏။

ဘိက္ခုဟုခေါ်ရပုံတမျိုးရှိသေး၏။ ။သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု-ဟူသော ဝစနတ္ထ ဝိဂ္ဂြိုဟ် ပြဆိုအပ်သော နည်းအရ သံသရာထဲ၌ ကျင်လည်နေရခြင်းကို ကြောက်မက်ဖွယ် ဘေးအားဖြင့် ရှုတတ် မြင်တတ်သောကြောင့်လည်း ဘိက္ခုလို့ခေါ်ရသေး၏။

## (၃) သမဏဟု ခေါ်ရပုံကား

ကိလေသေ သမေတီတိ သမဏော-ဟူသော ဝိဂ္ဂြိုဟ်အရ ကိလေသာတို့ကို ငြိမ်းအောင် ငြိမ်းတတ်သောကြောင့် သမဏ-ဟု ခေါ်ဆိုရ၏။

## (၄) ဗြာဟ္မဏဟု ခေါ်ဆိုရပုံကား

အဟိဘာ အဏာ (ပါပါ) အနေနာတိ ဗြာဟ္မဏော-ဟူသော ဝစနတ္ထအရ၊ မကောင်းမှုအကုသိုလ်များကို မိမိသန္တာန်မှ အပပြုဘတ် နှင်ထုတ်တတ်သောကြောင့် ဗြာဟ္မဏ-ဟု ခေါ်ဆိုရ၏။

ရဟန်းဟု ခေါ်ကြသည်မှာ။ ။ဒက္ခိဏံ အရဟတီတိ အရဟန္တာ-ဟူသော ဗျုပ္ပတ်ဝစနတ္ထအရ သတ္တဝါတို့၏ ပစ္စုပ္ပန် သံသရာ ၂-ဖြာ ကြီးပွားကြောင်း ကောင်းမှုအလှူကို ခံယူထိုက်သောကြောင့် ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်များကို အရဟန္တာ-ဟု ခေါ်ဆို၏၊ ၎င်းရဟန္တာ ပုဂ္ဂိုလ်များနှင့် တူသော ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်များကိုလည်း အရဟန္တာ-ဟု ခေါ်ဆိုကြ၏၊ ၎င်းအရဟန္တာမှ အရဟံ၊ ၎င်းအရဟံမှ ရဟန်းဟု မြန်မာ ဘာသာအားဖြင့် တဖြည်းဖြည်း ပြောင်းလဲကာ ဝေါဟာရခေါ်တွင် လာကြ၏။

ပုဂံပြည် အနော်ရထာမင်း၏ လက်ယက်၌ သီဟိုဠ်ကျွန်းမှ မြန်မာပြည် ပုဂံမြို့သို့ သာသနာပြု ကြွရောက်တော်မူလာခဲ့သော ရှင်အရဟံ ကိုယ်တော်ကို အစပြု၍ နောက်နောက် ရဟန်းတော်များကိုလည်း အရဟံ အရဟံ-ဟု ခေါ်

ပါရာမှ ရဟန်းဟု စကားဆင့်ပြောင်းကာ မြန်မာ့ဝေါဟာရအားဖြင့် ခေါ်တွင်လာသည်ဟုလည်း ဆိုနိုင်၏၊ ဒ.ရိုယ်မှ ဒ.ရည်းကြီးဟု ခေါ်ဆိုကြသကဲ့သို့တည်း။

ဦးပဉ္စင်းဟု ခေါ်တွင်လာပုံ

ပဉ္စင်္ဂါယဿာတိ ပဉ္စင်း၊

သာမဏေရဘူမိသော ဥတ္တရိဘူတော ပဉ္စင်း=ဦးပဉ္စင်း ဟူသော ဝစနတ္ထနည်းအရ "ဝတ်, ဥတ်, သိမ်, ကမ်, ပရိသ်"—ဟူသော ငါးတန်အင်္ဂါစုံလင်စွာဖြင့် သာမဏေရဘုံ (သာမဏေအဆင့်)မှ မြင့်မြတ်သော ရဟန်းဘုံရဟန်းဘဝသို့ ရောက်သူဖြစ်သောကြောင့် ဦးပဉ္စင်းဟု ခေါ်ကြ၏။

ဥပသမ္ပန္န, ဟူသော ပါဠိဘာသာမှ ဦးပသမ်း ဦးပစမ်း ဦးပဇင်း ဟူ၍လည်း ဝေါဟာရ ပြောင်းလဲ၍ မြန်မာလို ဦးပဇင်းဟု ခေါ်ကြသည်ဟုလည်း ဆိုနိုင်၏။

ရဟန်း (၈) မျိုး

ဘုရားရှင်၏ သာသနာတော်၌ ရဟန်းဟူသည် (၈) မျိုးအထိရှိ၏။ ရဟန်း (၈) မျိုးတို့မှာကား—

(၁) ဧဟိဘိက္ခုပသမ္ပဒါ ရဟန်းမျိုး၊

(၂) သရဏဂမနူပသမ္ပဒါ ရဟန်းမျိုး၊

(၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်းမျိုး၊

(၄) အဋ္ဌဝါစိကူပသမ္ပဒါ ရဟန်းမျိုး၊

(၅) ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ ရဟန်းမျိုး၊

(၆) ပဉှာဗျာကရဏူပသမ္ပဒါ ရဟန်းမျိုး၊

(၇) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်းမျိုး၊

(၈) ဒူတေနူပသမ္ပဒါ ရဟန်းမျိုး၊

ဟူ၍ (၈) မျိုးရှိလေသည်။

## ရဟန်း (၈) မျိုး၏အဓိပ္ပာယ်

ထို ရဟန်း (၈) မျိုးတွင်–

### (၁) ဧဟိဘိက္ခုပသမ္ပဒါ ရဟန်းဆိုသည်မှာ–

ဘုရားရှင်က ဧဟိဘိက္ခု (ရဟန်း–လာလော့–သင်တောင်းပန် အပ်သော ရဟန်းအဖြစ်ကို ဝန်ခံလော့)ဟု ခေါ်လိုက်သည်နှင့် တပြိုင်နက် ရဟန်းဖြစ်သွားသော ရဟန်းမျိုးတည်း။

ထိုစကားကို အကျယ်ပြဆိုပါဦးမည်၊ ဘုရားရှင်တို့သည် မိမိ၏တရားစမ္မကို နာကြားရသဖြင့် အကျွတ်တရားရကာ ရဟန်းပြုပေးပါရန် လျှောက်ထားသူ အမျိုးကောင်းသားတို့အား ရှေးရှေးသော နောင်တော် ဘုရားရှင်တို့၏ သာသနာတော်တွင်းတို့က သင်္ကန်းစသည်ကို သို့မဟုတ် ပရိက္ခရာ ၈) ပါးလုံးကို လှူဒါန်းကာ– “ဣမံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိဘိက္ခုဘာဝါယ ပစ္စယော ဟောတု=ဤပရိက္ခရာ အလှူဒါနသည် ကျက်တန်းဝင်ရာ နောင်ဘုရားရှင် သာသနာတော်၌ ဧဟိဘိက္ခုရဟန်း (တန်ခိုးဖြင့် ပြီးသော သပိတ်ပရိက္ခရာတို့ကို ဝတ်ရုံဆင်မြန်းရသော ရဟန်း) ဖြစ်ရခြင်း၏ အားကြီးသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း”ဟု ဆုတောင်းပတ္ထနာပြုခဲ့ဖူးသော ကောင်းမှုကုသိုလ် အထူး ရှိ, မရှိ ဆင်ခြင်တော်မူ၍ ရှိသူဖြစ်လျှင် နီမြန်းသော အဆင်းရှိသည့် ပံ့သကူသင်္ကန်းကြီး ခြုံထည်အကြားမှ ရွှေအဆင်းနှင့်တူသော အဆင်းတော်ရှိသည့် လက်ယာလက်တော်ကို ထုတ်တော်မူ၍ ပြဟ္မာမင်း၏ အသံနှင့်တူသော မြတ်သောအသံကို မြွက်ဆိုတော်မူကာ “ဧဟိ ဘိက္ခု စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ”ဟု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် လူ့အသွင် လူ့အဝတ် ဆံပင် မုတ်ဆိတ်ကျင်စွယ်များ အားလုံး အလိုလို ကွယ်ပျောက်သွား၍ ရှင်–ရဟန်းအဖြစ်သို့ ရောက်သွားတော့၏။

### ပါဠိ၏အနက်

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ သင်သည်။ ဧဟိ၊ လာလှည့်လော့။ သင်တောင်းပန်အပ်သော ရဟန်းအဖြစ်ကို ဝန်ခံလှည့်လော့။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ တေဘူမက ဝဋ္ဋဒုက္ခ၏။ အန္တကိရိယာယ၊ ဆုံးရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးငှာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လေလော့။

ခေါင်းတုံးရိတ်ပြီး ဖန်ရည်ဆိုးသော သင်္ကန်းတို့ကို ဝတ်ရုံပြီး ဖြစ်သွားတော့၏၊ တထည်သော သင်းပိုင် သင်္ကန်းကို ခါး၌ဝတ်လျက် တကည်သော

ကိုယ်ဝတ် ကေသီသက်န်းကို လက်ကန်တော့ထိုးလျက် နှစ်ထပ် သင်္ကန်းကြီးကို ပခုံးထက်၌ တင်လျက်၊ ခါးပန်းကို ဖွဲ့လျက်၊ လက်ဝဲပခုံး၌ ကြာညိုပန်း အဆင်းရှိသော မြေသပိတ်ကို လွယ်လျက် ပရိက္ခရာ (၈) ပါး အားလုံး ကိုယ်မှာဆင်မြန်းပြီး ဖြစ်လျက် ဝါ(၆၀)ရပြီးသော မထေရ်ကြီးအလား ကြီးမားသော ဣန္ဒြေ ဣရိယာပုထ်တို့နှင့် ပြည့်စုံစွာဖြင့် ဘုရားရှင်၏ ရှေ့တော် မှောက်ဝယ် လက်အုပ်ချီ ပုဆစ်တုပ် ရှိခိုးလျက် ဘုရား တည်းဟူသော ဥပဇ္ဈာယ်ဆရာ ရှိသည်ဖြစ်၍ ရဟန်းအဖြစ်၌ တည်ဘော့၏။

ဤရဟန်းမျိုးကို ဧဟိဘိက္ခု ရဟန်းမျိုးဟု ခေါ်၏။

ဧဟိဘိက္ခု ရဟန်း ဝတ်ရုံဆင်မြန်းရသော သပိတ်-ပရိက္ခရာများကား ဘုရားရှင်၏တန်ခိုး၊ အခြားနတ်ဗြဟ္မာတို့၏ တန်ခိုးကြောင့် ဖြစ်ပေါ်လာရ သည်မဟုတ်၊ သပိတ်-သင်္ကန်း-ပရိက္ခရာ လှူဒါန်း၍ ဆုတောင်းခဲ့သော ကုသိုလ်ကောင်းမှု၏ အကျိုးအားဖြင့် ကမ္မဝိပါကဇိဒ္ဓိ = ကုသိုလ်၏အကျိုး ဝိပါက် တန်ခိုးကြောင့် ဖြစ်ပေါ်လာရသည်ဟု မှတ်အပ်၏။

ငါတို့ ဂေါတမဘုရားရှင်သည် ပထမ ဗောဓိဟုခေါ်သော ဝါ(၂၀) အတွင်းအစပိုင်း၌ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့်သာ ရဟန်းပြုပေးတော်မူခဲ့၏။ ကောင်းမှုအထူး မပါသူများကိုဘော့ သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်း ပြုပေး တော်မူခဲ့၏။

ငါတို့ဂေါတမဘုရားရှင် လက်ထက်၌ ဧဟိဘိက္ခုရဟန်းတော် ပေါင်းမှာ (၂၈၄၁)ပါးရှိ၏ (ဝိ-၄-ခ-ဘိက္ခုအဖွင့်ကြည့်ပါ)။

## (၂) သရဏဂမဏူပသမ္ပဒါရဟန်းဆိုသည်မှာ—

သရဏဂုံ(၃)ပါးဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမျိုးတည်း၊ သာသနာတော် တည်ထောင်တော်မူစ အစဦးပိုင်းက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံ (၃)ပါးဖြင့် ရှင်-ရဟန်း ပြုခွင့်ပေးတော်မူခဲ့၏၊ နောက် ကာလမှသာ ဉတ်ကမ္မဝါဖြင့် ရဟန်းပြုဖို့ရန် ပညတ်တော်မူခဲ့၏။

## (၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်းဆိုသည်မှာ—

အရှင်မဟာကဿပအားသာ သက်သက်ခွင့်ပြုတော် မူခဲ့သော ရဟန်း၏ အဖြစ်တမျိုးဖြစ်သည်၊ ဘုရားရှင်ကအရှင်မဟာကဿပအား အောက်ပါဩဝါဒ (၃)ရပ်ကို ပေးတော်မူ၏၊ အရှင်မဟာကဿပက ခံယူတော်မူ၏၊ ထိုသို့ ဩဝါဒခံယူသောကြောင့် ရဟန်းအဖြစ်သို့ ရောက်ရ၏၊ အရှင်မဟာကဿပ ၏ ရဟန်းအဖြစ်ကို ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်းဟု ခေါ်ဆိုရ၏။

**ဩဝါဒ (၃) ရပ်—**

(၁) ချစ်သားကဿပ သင်သည် ထေရ နဝ မဇ္ဈိမ ဖြစ်ကုန်သော ရဟန်းတို့ထံသို့ သွားမည်ကြံလျှင် မသွားမီကပင် ကြီးစွာသော ဟိရိဩတ္တပ္ပကို ရှေ့ရှုထားကာ သွားလာ ချဉ်းကပ်မည်-ဟု ကျင့်ရမည်၊ (ကြီးငယ်မဟူ သီတင်းသုံးဖော် ရဟန်းတို့၏ အထံသို့ သွားလိုလျှင် မသွားမီကပင် ဟိရိဩတ္တပ္ပ ထား၍ သွားရမည်၊ ထိုသို့သွားမှသာလျှင် မိမိထံသို့ လာသော ထေရ နဝ မဇ္ဈိမ ရဟန်းတို့ကလည်း ကြီးစွာသော ဟိရိဩတ္တပ္ပထား၍ မိမိ၏ အထံသို့ လာကြမည်ဖြစ်၏။)

(၂) ချစ်သားကဿပ သင်သည် အပြစ်ကင်းသည်နှင့် စပ်ယှဉ်သော တစုံတခုသော တရားဓမ္မကို နာယူသောအခါ ထိုတရားတော်ကို လိုလိုချင်ချင် နှစ်နှစ်သက်သက် မိမိ၏ အကျိုးစီးပွားပြုလျက် နှလုံးသွင်းကြောင်း ဖြစ်သော စိတ်ဖြင့် အစွမ်းကုန် နှလုံးသွင်းလျက် ပသာဒသောတ ဉာဏသောတဖြင့် နာကြားပါအံ့—ဟု ကျင့်ရမည်။

(၃) ချစ်သားကဿပ သင်သည် သာယာအပ်သော သုခဝေဒနာနှင့် တကွဖြစ်သော ဥဒ္ဓုမာတကကာယ အာနာပါနကာယဂ္ဂ ဖြစ်သော ပထမ ဈာန်သတိကို အမြဲမပြတ် နှလုံးသွင်း၍ နေပါအံ့ ဟုကျင့်ရမည်။

ဤသို့ သီတင်းသုံးဖော် ရဟန်းတော်တို့၏ အပေါ်၌ ဟိရိဩတ္တပ္ပကို ကြီးစွာထားဖို့ရန် ပထမဩဝါဒ၊

တရားဓမ္မကို နာကြားရာ၌ စိတ်ကို တရားအာရုံ၌ စိုက်ထား၍ နာကြားဖို့ရန် ဒုတိယဩဝါဒ၊

သာတ သဟဂတ ကာယဂတာသတိ ပဌမဈာန်ကို မစွန့်မူ၍ ဝင်စားရန် တတိယဩဝါဒ—ဟူသော (၃)ချက်သော ဩဝါဒကို ပေးတော်မူသည်ကို ခံယူကာမျှဖြင့် ရှင်မဟာကဿပ ရဟန်းဖြစ်တော်မူ၏။

ထို့ကြောင့် ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း ဟု ခေါ်ရ၏။

(၄) ပဉှာဗျာကရဏူပသမ္ပဒါရဟန်းဆိုသည်မှာ—

ၡင်းရဟန်းအဖြစ်ကို သောပါကသာမဏေ တပါးသာ ဘုရားရှင်ခွင့်ပြုခဲ့သော ရဟန်းအဖြစ်မျိုး ဖြစ်သည်။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စင်္ကြံကြွတော်မူသော ဘုရားရှင်နောက်က အတူလိုက်၍ စင်္ကြံသွားသော သောပါက အမည်ရှိသော သာမဏေကို ဘုရားရှင်က

"သောပါက ဥဒ္ဓုမာတကသညာ ရူပသညာ-ဟူသော ဤတရား(၂)ပါး တို့သည် မတူထူးခြား ကွဲပြားသော အနက်အဓိပ္ပာယ်၊ ထူးသောသဒ္ဒါရှိကြ ပါကုန်သလော။

ဒါမှမဟုတ် အနက်အဓိပ္ပာယ်တူကြ၍ သဒ္ဒါမျှသာ ထူးပါကုန်သလော" ဟု အသုဘာဆယ်ပါးကို မှီကုန်သော ပုစ္ဆာပြဿနာတို့ကို မေးတော်မူ၏။

သောပါကသာမဏေက ဘုရားရှင် မေးသမျှပုစ္ဆာကို ပြေလည်စွာ ဖြေ ကြား၏။

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က "သောပါက သင် အသက် ဘယ် နှစ်နှစ်ရှိပြီလဲ"ဟု မေးတော်မူ၏၊ သောပါကသာမဏေက "(၇)နှစ်သား ရှိပါသည်ဘုရား"ဟု လျှောက်ထား၏။

ထိုသို့ လျှောက်ထားသောအခါ ဘုရားရှင်ကိုယ်တော်မြတ်က "သောပါ က-သင်သည် ငါဘုရား၏ သဗ္ဗညုတဉာဏ်တော်နှင့်ကာ နှီးနှော တိုက်ဆိုင်၍ ငါဘုရားပေးတော်မူသည့် ပုစ္ဆာပြဿနာတို့ကို ဖြေကြားနိုင်စွမ်း ရှိပေ၏" ဟု သာဓု သာဓု ကောင်းချီးပြုတော်မူပြီးလျှင် အာရုံ ရေနစ်သက်သော စိတ် ရှိသောကြောင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူခဲ့၏၊ ဤသောပါကသာမဏေ လေး၏ ရဟန်းအဖြစ်ကို ပဉှာဗျာကရဏူပသမ္ပဒါ ရဟန်းဟု ခေါ်သည်။

မှတ်ချက်။ ။(ဥဒ္ဓုမာတက-အသေကောင်ကို ပဋိဘာဂ နိမိတ်ထင် အောင် ရှု၍ ရအပ်သော ပဌမဈာန်ကို ဥဒ္ဓုမာတက သညာ ဟု ခေါ်၏။

ရူပသိုဏ်းရုပ်များကို အာရုံပြု၍ ရသော ဈာန်ကို ရူပသညာ ဟု ခေါ်၏၊ ထိုဈာန် (၂)မျိုးလုံးပင် ရူပဈာန်၏ အဖြစ်အားဖြင့် တူသောကြောင့် သောပါက သာမဏေက ကေတ္တ ဖြစ်ပါ၏ဟု လျှောက်ထား ဖြေကြား၏။

သဒ္ဒါအားဖြင့်ကား ဥဒ္ဓုမာတကသည် ရူပသညာ-ဟု မတူထူး ခြား ကွဲပြားနေသောကြောင့် နာနာဗျဉ္ဇန သဒ္ဒါမျှသာ ကွဲပြား ပါသည်ဘုရား ဟု လျှောက်ထား၏၊ ထိုသို့ (၇)နှစ်သားအရွယ် သောပါကသာမဏေကို ကလေးပင် ဖြစ်လင့်ကစား ဉာဏ်ပညာကြီး မားသည့်အတွက် နှစ်သက်တော်မူသဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော် မူခဲ့၏။)

(၅) ဥတ္တိ စတုတ္ထကမ္မူပသမ္ပဒါရဟန်းဆိုသည်မှာ—

ရဟန်းယောကျ်ားတို့၏ ဥတ်လျှင် (၄)ကြိမ်မြောက်ရှိသော ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် သမုဂ်ကာ ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမျိုးတည်း၊ (ယခုအခါ သာသနာတော်တွင်း၌ ရှိကြသော ရဟန်းဖကာ်မျိုးများ ဖြစ်၏။) (ဥတ္တိ "ကွစာဒိမဇ္ဈုတ္တရ" ဒိ သုတ္တေန သံယောဂေ ပရေ ရဿတ္တံ။ ရူ-၂၃၇။)

(၆) အဋ္ဌဝါစိကူပသမ္ပဒါရဟန်းဆိုသည်မှာ—

ဘိက္ခုနီမများသာဖြစ်၏၊ ၎င်းဘိက္ခုနီမတို့ ရဟန်းခံသောအခါ ရှေးဦးစွာ ဘိက္ခုနီမတို့ဘက်မှ ဥတ္တိစတုတ္ထကံဖြင့် (၁)ကြိမ် ရဟန်းခံပေးရ၏၊ နောက်တခါ ရဟန်းယောကျ်ားတို့ဘက်မှ ဥတ္တိစတုတ္ထကံဖြင့်ပင် (၁)ကြိမ်ကပ်မံ ရဟန်းခံပေးရ၏။

ဤသို့ ဘိက္ခုနီမတို့ဘက်က ဥတ်လျှင် (၄)ကြိမ်၊ ရဟန်းယောကျ်ားတို့ဘက်က ဥတ်လျှင် (၄)ကြိမ်ရှိသော ကံကို ဥတ္တိစတုတ္ထကံဟု ခေါ်ဆို၏။

(၇) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်းဆိုသည်မှာ—

မဟာပဇာပတိဂေါတမီ(မိထွေးတော်)အား ဂရုဓမ်(၈)ပါးကို လက်ခံလိုက်နာ ကျင့်ကြံပါအံ့–ဟု ဝန်ခံခြင်းကြောင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်မျိုးတည်း။

မြတ်စွာဘုရားသည် ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် မဟာပဇာပတိဂေါတမီသည် သာကီဝင်မင်းသမီး(၅၀၀)တို့နှင့် အတူတကွ ဆံတို့ကိုဖြတ်၊ ဦးခေါင်းတုံးကြ၊ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ကြပြီးလျှင် ကပိလဝတ်ပြည်မှ ဘုရားရှင်ရှိရာ ဝေသာလီပြည်သို့ လာရောက်ကြကာ အရှင်အာနန္ဒာမှတဆင့် ဘုရားရှင်အား ရဟန်းပြုခွင့် ပေးတော်မူပါရန် အကြိမ်ကြိမ် လျှောက်ထားသဖြင့် မိထွေးတော်အား ရဟန်းပြုခွင့်ပေးတော်မူလိုသည်ဖြစ်၍—

"အာနန္ဒာ – မိထွေးတော် မဟာပဇာပတိဂေါတမီသည် အောက်ပါ ဂရုဓမ်(၈)ပါးကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့၊ ထိုဝန်ခံခြင်းသည်ပင် ထို မိထွေးတော်ဂေါတမီအတွက် ပဉ္စင်းခံမှုဖြစ်စေရလော့"-ဟု မိန့်ကြားတော်မူကာ ဂရုဓမ်(၈)ပါးကို အရှင်အာနန္ဒာအား ဟောပြတော်မူ၏။

ဂရုဓမ်(၈)ပါးမှာ-

(၁) ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ၀ါ(၁၀၀)ရင် ရှိသော်လည်း ယနေ့မှ ပဉ္စင်းဖြစ်သော ရဟန်းယောကျ်ားအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်း အမှုကိုပြုရမည်၊ ဤတရားကို ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(၂) ဘိက္ခုနီမသည် ရဟန်းယောကျ်ား-ရှိသော ကျောင်း၌ ၀ါမဆိုရ၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(၃) ဘိက္ခုနီမသည် လခွဲတိုင်းလခွဲတိုင်း (၁၅)ရက်တကြိမ် ဘိက္ခုသံဃာ အထံမှ ဥပုသ်ကိုမေးခြင်း၊ ဩဝါဒကိုခံယူရန် ချဉ်းကပ်ခြင်းဟူသော ဤတရား (၂)ပါးတို့ကို လိုလားတောင့်တရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(၄) ဘိက္ခုနီမသည် ၀ါကျွတ်လတ်သော် ဘိက္ခု-ဘိက္ခုနီ(၂)ဘက် သံဃာ၌ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း-ဟူသော အကြောင်း (၃)မျိုးတို့ဖြင့် ဆုံးမပါရန် ဖိတ်ကြားရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(၅) ဘိက္ခုနီမသည် သံဃာဒိသိသ် အာပတ် သင့်ရောက်ခဲ့သော် ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဟူသော(၂)ဘက်သံဃာ၏အထံ၌ ပက္ခမာနတ်ကို ကျင့်ရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(၆) နှစ်နှစ်တို့ပတ်လုံး(၆)ပါးသော သိက္ခာပုဒ်တို့ကိုမကျိုးမပေါက်ရအောင် ကျင့်ပြီးသော ဘိက္ခုနီမလောင်းလျာ သိက္ခမာန်မအား ဘိက္ခုသံဃာ ဘိက္ခုနီသံဃာဟူသော (၂)ဘက်သော သံဃာ၌ ပဉ္စင်းခံခြင်းကို ရှာမှီးရမည် (ပြုလုပ်ရမည်)။ ဤတရားကိုလည်း ရိုသေလေးစားမြတ်နိုး ပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(၇) ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို တစုံတခုသော အကြောင်းဖြင့် မဆဲရေးရ၊ မရေရွတ်ရ၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုး ပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်။

(ဂ) ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်းယောကျ်ားတို့၏ အပေါ်၌ ဘိက္ခုနီမ တို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏၊ ဘိက္ခုနီမတို့၏ အပေါ်၌ ရဟန်း ယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်။

ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ လက်ခံကျင့်သုံးရမည်—ဟူသော (ဂ)ပါးတည်း။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြား အမိန့်ရှိအပ်သော ဂရုဓမ် (ဂ)ပါး ကျင့်ဝတ်တရားများကို မှတ်သားဆောင်ယူ၍ မဟာပဇာပတိ ဂေါတမီထံ သွား၍ ပြောကြားရာ မဟာပဇာပတိ ဂေါတမီက ဝမ်းမြောက် စွာဖြင့် ''အရှင်ဘုရား အာနန္ဒာ၊ လောက၌ တနေ့လျှင် ၃—ကြိမ် တန်ဆာဆင် အလှပြင်ခြင်း သဘောရှိ၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော နုပျိုငယ်ရွယ် သည့် အမျိုးသမီးနှင့် အမျိုးသားသည် ကြာဖြူကြာနီ ကြာညိုပန်း မြတ်လေး ပန်း စံကြီးပန်း တန်ဆာကို ရခဲ့သော် လက်၂-ဘက်ဖြင့် နှစ်သက်ကြည်ဖြူ ခံယူပန်ဆင်သကဲ့သို့ ထို့အတူပင် အကျွန်ုပ်သည် ဤဂရုဓမ်(ဂ)ပါးကိုနှစ်သက် ကြည်ဖြူ ခံယူပါ၏၊ အသက်ထက်ဆုံး မကျူးလွန်ပါဟု ဝန်ခံပါသည်ဘုရား'' ဟု လျှောက်ထားလေ၏။

ထိုသို့ ဂရုဓမ် (ဂ)ပါးကို ခံယူခြင်းသည်ပင် မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏ ရဟန်းအဖြစ်တည်း။ (ရဟန်းဖြစ်သွားသည်ဟူလို။)

ထို့နောက် အရှင်အာနန္ဒာသည် ဘုရားရှင်ထံတော်သို့ သွားရောက်၍ ''အရှင်ဘုရား၊ မဟာပဇာပတိ ဂေါတမီသည် ဂရုဓမ်(ဂ)ပါးကို ဝန်ခံပါ၏။ မြတ်စွာဘုရား၏ မိထွေးတော်သည် ရဟန်းဖြစ်ပါပြီ''ဟု လျှောက်ထားလေ၏။

ဘုရားရှင်၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏ ရဟန်းအဖြစ်မျိုး ကား အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ-ရဟန်းအဖြစ်မျိုးဖြစ်၏။ ထို့နောက်မှ မဟာပဇာပတိ ဂေါတမီနှင့် အတူ တကွ ပါလာကြသူ သာကီဝင်မင်းသမီး တို့ကိုအကြောင်းပြု၍—

''ရဟန်းတို့၊ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့ကို ပဉ္စင်းခံပေးရန် ငါဘုရားခွင့်ပြုတော်မူ၏''ဟု မိန့်တော်မူလျက် သာကီဝင်မင်းသမီးတို့အား မဟာပဇာပတိ ဂေါတမီ ထေရီမကို ဥပဇ္ဈာယ်ပြုစေလျက် ရဟန်းတော်တို့က ရဟန်းခံပေးကြရကုန်၏။ သာသနာဒေတာ်၌ဘိက္ခုနီမ အစကား မဟာပဇာပတိ ဂေါတမီဖြစ်၏။

(ဂ) ဒုတေနုပသမ္ပဒါရဟန်းမှာ–

ဘုရားရှင်၏ လက်ထက်တော်က အစုကာသိ သာမဏေမအား တမန်ဖြင့် ရဟန်းပဉ္စင်း ပြုခွင့်ပေးတော်မူသော ရဟန်းမျိုးတည်း။

အကျယ်ကား။ ။ဘုရားရှင် လက်ထက်တော်က ကာသိတိုင်း၌ များသော ပစ္စည်း ဥစ္စာရှိသော သဌေးကြီးနှင့် သဌေးကတော်ကြီးတို့အား အလွန်ဘဆုရှုပ်ရေရှုပ ကာယ လှပသော သမီးကလေးတယောက် ဖွားမြင်လာခဲ့လေ၏။

ထိုသဌေးသမီးကလေးသည် ရှေးက ပြောဆိုခဲ့သော ဝစီဒုစရိုက်မကောင်းမှု အကုသိုလ်ကံကြောင့် အရွယ်ရောက်သောအခါ၌ မိဘများမှာ စီးပွားဥစ္စာ ပျက်ပြား၍ အကြောင်းကံ ဖန်လာမှုအတွက်ကြောင့် ဘုရင်မင်းမြတ်၏ အမိန့်တော်ဖြင့် ပြည့်တန်ဆာမ အရာကို ခန့်ထားမှု ခံရရှာလေ၏။

ထိုခေတ်အခါက ဘုရင်မင်းမြတ်အား ကာသိတိုင်း၏ တနေ့တာ ကောက်ခံရရှိသော အခွန်တော်ငွေမှာ အသပြာတထောင် တထောင်မျှ ဖြစ်သတဲ့၊ ဘုရင်မင်းမြတ်က ထိုကာသိတိုင်း၏ တနေ့တာ ရရှိသော အခွန်တော်ငွေ ပမာဏနှင့်တူစွာ တနေ့တာပျော်ပါးလိုသူ ယောကျ်ားများအား အသပြာ (၁၀၀၀)စီ ပေးနိုင်မှသာ ပျော်ပါးခွင့်ပေးသောကြောင့် ထိုပြည့်တန်ဆာ မကလေးကို ကာသိ, ကာသိ, လို့ခေါ်ကြသတဲ့။ တနေ့တာ ထိုပြည့်တန်ဆာ မကလေးနှင့် ပျော်ပါးလိုသူများသည် အသပြာ (၁၀၀၀) ပေးရမည်ဟု ကြေးသတ်မှတ်ထားလေသည်။ အများအားဖြင့် အသပြာ(၁၀၀၀)တတ်နိုင်သော ယောကျ်ားများက နည်းပါးလှ၏။ ထို့ကြောင့် အချို့သောယောကျ်ားတို့သည် နေ့လုံးပေါက်မဟုတ်၊ တနေ့၏ ထက်ဝက် (၁၂)နာရီ ကာလဖြင့် အသပြာ(၅၀၀)ကျပ်ဖြင့် နေ့ဝက်ပျော်ပါးကြကုန်၏။

ထိုသို့နေ့ဝက်သမား ယောကျ်ားတို့ကြောင့် နောင်အခါ ကာသိ–ဟူသော နာမည်မှ၊ ကာသိတိုင်း၏တနေ့တာ အခွန်အတုပ်၏ ထက်ဝက် အသပြာ (၅၀၀)ပေး၍ ပျော်ပါးရသောကြောင့် အစုကာသိ, အစုကာသိ,ဟု ခေါ်ကြပြန်လေသည်။ အစုက ထက်ဝက်၊ ကာသိက–ကာသိတိုင်း၏ တနေ့တာ အခွန်အတုပ်၊ အစုကာသိ–ကာသိတိုင်း၏ တနေ့တာအခွန်အတုပ်၏ ထက်ဝက် အသပြာ (၅၀၀)ပေး၍ ပျော်ပါးရသူဟု ခေါ်ကြပြန်သည်။

ထိုအစုကာသိအမည်ရှိသော ပြည့်တန်ဆာမကလေးသည် မိမိ၏ပြည့်တန်ဆာမဘဝ၌ ငြီးငွေ့စိတ်ပျက်ကာ ဘုရင်မင်းမြတ်ထံမှ ခွင့်တောင်း၍ ဘိက္ခုနီမတို့၏အထံ၌ ရှင်ပြုသွားလေ၏။

ထိုအစုကာသိ ပြည့်တန်ဆာမသည် ဘုရားရှင်၏အထံ၌ ရဟန်းပဥ္စင်းပြုအံ့ဟု ကြံစည်နေစဉ် ကာသိတိုင်း ဗာရာဏသီပြည်မှ အစုကာသိသည် ဘုရားရှင်ရှိတော်မူရာ သာဝတ္ထိသို့ သွားလိမ့်မတဲ့-ဟု သတင်းကြားကြကုန်သော ရှေးက အသပြာ(၁၀၀၀/၅၀၀)မတဘ်နိုင်သူ၊ တတ်နိုင်သော်လည်း အာဏာပါဝါ မရှိသဖြင့် ပျော်ပါးခွင့်အလှည့်ကို မရခဲ့ကြရသူ၊ သေသောက်ကျူးတို့သည် အလွန်နာမည်ကြီးလှသော အစုကာသိပြည့်တန်ဆာမကို လမ်းခရီးမှ ဖြတ်ကာ ဖျက်ဆီးကြရန် အကြံဖြင့် စောင့်ဆိုင်းနေကြကုန်၏။

ထိုအကြောင်းကို အစုကာသိက သိသဖြင့် မသွားတော့ပဲ ဘုရားရှင်၏ အထံသို့" ဘုရား ကပည့်တော်မသည် ရှင်တော်ဘုရား၏အထံ၌ ရဟန်းပဥ္စင်း ပြုလိုပါ၏၊ အရှင်ဘုရား၏ အထံတော်သို့လည်း လာရောက်ဖို့ရန် အလွန်အရာမှ ခက်ခဲနေပါ၏၊ အဘယ်သို့ ပြုရပါမည်နည်း ဘုရား "ဟု တမန်လွှတ်၍ လျှောက်ထားစေရာ၊ ဘုရားရှင်က-

"အနုဇာနာမိ ဘိက္ခဝေ ဒူတေနပိ ဥပသမ္ပာဒေတုံ"ဟု ရဟန်းတော်များကို မိန့်ကြားတော်မူကာ တမန်ဖြင့် ရဟန်းပဥ္စင်း ပြုပေးရန် ခွင့်ပြုတော်မူခဲ့ရ၏။

ဘိက္ခဝေ၊ တို့။ ဒူတေနပိ၊ တမန်ဖြင့်လည်း၊ ဥပသမ္ပာဒေတုံ၊ မြင့်မြတ်သော ပဥ္စင်းအဖြစ်သို့ ရောက်စေခြင်းငှာ (ပဥ္စင်းခံပေးခြင်းငှာ)။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

ထိုအခါ အစုကာသိအား တမန်ဖြင့်ပင် ရဟန်းပဥ္စင်း ပြုပေးကြရ၏။ (အကျယ်ကို စူဠဝါပါဠိ၊ ထေရီအဋ္ဌကထာတို့၌ ကြည့်ရှုပါလေ။) ထိုအစုကာသိဘိက္ခုနီမသည် မကြာမြင့်မီပင် ရဟန္တာဖြစ်၏။

## အစုကာသိပြည့်တန်ဆာဖြစ်ရခြင်း၏ရှေးအကြောင်း

ထိုအစုကာသိထေရီမအလောင်းသည် ကဿပဘုရားရှင်၏ လက်ထက်တော် အခါကတဦးသောအမျိုးအိမ်၌ အချိုးသမီးဖြစ်၍ အရွယ်သို့ရောက်ကာ သိကြား လိမ္မာသူ၏ အဖြစ်သို့ ရောက်၍ ဘိက္ခုနီမတို့၏အထံ၌ဘိက္ခုနီမလုပ်၍ နေ၏၊ အကျင့်သီလနှင့် ပြည့်စုံသူဖြစ်ခဲ့၏။

ထိုသို့ မိမိကိုယ်တိုင်ပင် အကျင့်သီလနှင့် ပြည့်စုံသူဖြစ်သော်လည်း ပုထုဇဉ် တို့၏သဘာဝ ဒေါသမာနတရားဖြင့် လွှမ်းမိုး အနိုင်ခံရကာ ပဋိသမ္ဘိဒါ ပတ္တဖြစ်သော ရဟန္တာမတပါးကို- "ပြည့်တန်ဆာမ" ဟု ဆဲရေးခဲ့သော ဝစီကံ အကုသိုလ် ဒုစရိုက်ကံကြောင့် ထိုဘဝမှ စုတေသောအခါ ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီးလျှင် ငရဲမှလွတ်သောအခါ ထိုအကုသိုလ်ကံကြွင်း ကြောင့် ဖြစ်လေရာဘဝကိုင်း၌ ပြည့်တန်ဆာမဘဝင် ဖြစ်ခဲ့ရရှာလေ၏။ ဝစီ

ဘေဒ ထိတိုင်းရှ၏၊ ကြောက်မက်ဖွယ် ကောင်းလှ၏၊ ငါတို့ဂေါတမဘုရား လက်ထက်၌လည်း ကာသိတိုင်း ဗာရာဏသီပြည်၌ သဋေမျိုးဝယ်ဖြစ်ပြီးလျှင် ယင်းအကုသိုလ်ကံ နှိပ်စက်သဖြင့် ပြည့်တန်ဆာမပင် ဖြစ်ခဲ့ရ၏။ ဒုတေနုပသမ္ပ ဒါဖြင့် အကြပ်အတည်း ရဟန်းအဖြစ်သို့ရောက်ပြီးလျှင် တရားကိုကြိုးစား အားထုတ်သဖြင့် ရဟန်းပြုပြီး၍ မကြာမြင့်မီပင် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာမကြီးဖြစ်သွားလေ၏။

## ဝိနည်းရဟန်းနှင့် သုတ္တန်ရဟန်း

ဤပြဆိုခဲ့ပြီးသောရဟန်း (၈)မျိုးကား ဝိနည်း ပိဋကတ်တော်နည်းလာ ရဟန်းတို့ဖြစ်သည်။

သုတ္တန် ပိဋကတ်တော်နည်းအားဖြင့် "သံသာရေဘယံဣက္ခတီတိ ဘိက္ခု" ဟူသော ဝစနတ္ထနည်းအရ သံသရာ (ခန္ဓာ—အာယတန—ဓာတ်ဓမ္မတို့၏အစဉ် မပြတ် ဆက်စပ်၍ဖြစ်နေမှု)ကို ကြောက်မက်ဖွယ်ဘေးဟု ရှုမြင်ကာ ဘုရားရှင်၏ အဆုံးအမ ဩဝါဒတို့ကို လိုက်နာကျင့်ကြံ ပွားများအားထုတ်၍ နေကြသူ ဥပါသကာ ဥပါသိကာ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့ကိုလည်း ဘိက္ခု(ရဟန်း) ဟု ခေါ်ဆိုရသေးသည်။

ထိုဘိက္ခု(ရဟန်း)အမျိုးမျိုးတို့တွင် ယခုပြဆိုလတ္တံ့ဖြစ်သော ဥပသမ္ပဒကံ အခန်း၌ကား ဝိနည်း ပိဋကတ်တော်လာ ရဟန်းများကိုသာယူရမည်။

ထိုဝိနည်း ပိဋကတ်တော်လာ ရဟန်း(၈)မျိုးတို့တွင်—

(၁) ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါ— ရဟန်းအဖြစ်ကား အရှင်မဟာကဿပ ထေရ်တပါးသာရှိ၏။

(၂) ပဉှာဗျာကရဏူပသမ္ပဒါ—ရဟန်းအဖြစ်ကား—အရှင်သောပါက မထေရ် တပါးသာရှိ၏။

(၃) အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်း၏ အဖြစ်ကား-မိထွေးတော် ဂေါတမီထေရီမ တပါးသာရှိ၏။

(၄) ဒူတေနုပသမ္ပဒါ ရဟန်း၏အဖြစ်ကား အဍ္ဎကာသီ ထေရီမတပါးသာ ရှိ၏။

## ရဟန်းယောကျ်ားတို့အား ရနိုင်သော ရဟန်း(၅)မျိုး

(၁) ဧဟိဘိက္ခုပသမ္ပဒါ—ရဟန်း၊

(၂) သရဏဂမဏူပသမ္ပဒါ—ရဟန်း၊

(၃) ဩဝါဒပဋိဂ္ဂဟကူပသမ္ပဒါ–ရဟန်း၊
(၄) ပဥှာဗျာကရဏူပသမ္ပဒါ–ရဟန်း၊
(၅) ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ–ရဟန်း၊

အားဖြင့် (၅) မျိုးသော ရဟန်းတို့ကို ယောကျ်ားများ၌ရ၏၊ ယခုအခါ၌ကား ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါရဟန်းတမျိုးသာရနိုင်တော့၏။

## မိန်းမတို့အား ရနိုင်သော ရဟန်း(၃)မျိုး

(၁) အဋ္ဌဝါစိကူပသမ္ပဒါ–ရဟန်း၊
(၂) ဒူတေနူပသမ္ပဒါ–ရဟန်း၊
(၃) အဋ္ဌဝါစိကူပသမ္ပဒါ–ရဟန်း၊

အားဖြင့် (၃)မျိုးရနိုင်၏။ ယခုအခါ၌ ဘိက္ခုနီမများ သာသနာတော်ဝယ် အဆက်ပြတ်သွားသောကြောင့် မိန်းမများအတွက် ရဟန်းပြုနိုင်သည့် အခွင့် မရှိတော့ပြီ၊ သီလရှင်များကား သာသနာ့နွယ်ဝင်များသာဖြစ်၏။

အထက်ပါရဟန်း(၈)မျိုးကို–

(၁) ဘိက္ခု (၈)မျိုး၊
(၂) ဉပသမ္ပဒါ (၈)မျိုး၊
(၃) ရဟန်း (၈)မျိုး၊

ဟု ဝိနည်းကျမ်းဂန်များ၌ အမျိုးမျိုးခေါ်ကြ၏။ အဓိပ္ပါယ်ကား အတူတူ ပင်ဖြစ်၏။ ဘိက္ခု, ဉပသမ္ပဒါ, ရဟန်းဟူသော ဝေါဟာရစကားတို့၏ ပါဠိမြန်မာမျှသာ ကွဲပြားသောကြောင့်တည်း။

ဝိနည်းပိဋကတ်ဒေသနာတော်နည်းအရ အထက်ကပြဆိုခဲ့သောရဟန်း(၈) မျိုးတို့တွင် ယခုအခါသာသနာတော်တွင်း၌ ဉတ္တိစတုတ္ထ ကမ္မုပသမ္ပဒါရဟန်း (၁)မျိုးတည်းသာ ရှိနိုင်တော့၏၊ ကျန်ရဟန်း(၇)မျိုးကား မရှိနိုင်တော့ပေ။

ယခုပြဆိုအပ်လတ္တံ့သော ရဟန်းခံခြင်း၊ ဉပသမ္ပဒကံနှင့် စပ်၍ သိမှတ် ဖွယ်ရာ အဆုံးအဖြတ်ခန်း၌၊ ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါရဟန်း မျိုးသာဖြစ် သည်ဟု ရှေးဦးစွာ မှတ်သားထားရမည်။

ရဟန်းဖြစ်ရန်အင်္ဂါ(၅)ချက်၊

(၁) ဝတ္ထုသမ္ပတ္တိ = ဝတ္ထု၏ပြည့်စုံခြင်းတပါး၊

(၂) ဉတ္တိသမ္ပတ္တိ = ဉတ်ပါဠိ၏ပြည့်စုံခြင်းတပါး၊

(၃) သိမာသမ္ပတ္တိ = သိမ်၏ပြည့်စုံခြင်းတပါး၊

(၄) ပရိသာသမ္ပတ္တိ = ပရိသတ်၏ပြည့်စုံခြင်းတပါး၊

(၅) ကမ္မဝါစာသမ္ပတ္တိ = ကမ္မဝါစာ၏ပြည့်စုံခြင်းတပါး၊

ပေါင်းရဟန်းခံရာ၌ ၎င်းသမ္ပတ္တိ ၅)ချက် ပြည့်စုံလုံလောက်မှသာ ရဟန်း အစစ်ဖြစ်၏၊ ထို့ကြောင့်—

ဝတ္ထု-သိမာ၊ ပရိသာ၊ ဉတ်ပါ-ကမ္မဝါ ထည့်၊

ပဥ္စင်းမြောက်ရန်၊ ငါးပါးတန်၊ ဖောက်ပြန်ဝိပတ္တိ။

ဟု ရှေးဆရာတို့ ဘောင်ပုဒ် ပြုလုပ် ရေးသားထားတော်မူခဲ့ကြလေသည်။

သမ္ပတ္တိအင်္ဂါ(၅)ပါးအကျယ်ရှင်းလင်းချက်

(၁) ဝတ္ထုသမ္ပတ္တိ၌-ဥပသမ္ပဒကံ၏တည်ရာ အကြောင်းဖြစ်သောကြောင့် ရဟန်းလောင်း ပုဂ္ဂိုလ်ကို ဝတ္ထုဟု ခေါ်ဆို၏၊ ပင်ကိုယ်ကပင် ရဟန်းပြုမပေး ထိုက်သော ပဏ္ဍုက်စသော အဘဗ္ဗပုဂ္ဂိုလ်ဘကျိပ်တယောက်တွင် ပါဝင်သူ ပုဂ္ဂိုလ်၊ ယခုဘဝတွင် ရှေးက ပါရာဇိက ကျခဲ့ဖူးသော အန္တိမဝတ္ထု အဇ္ဈာ ပန္နကပုဂ္ဂိုလ်၊ ပဋိသန္ဓေမှစ၍ အသက်(၂၀)မပြည့်သေးသော ပုဂ္ဂိုလ်များ မဟုတ်မူ၍၊ ၎င်းအပြစ်များမှ လွတ်ကင်းသော ရဟန်းလောင်း ဖြစ်လျှင် ဝတ္ထုသမ္ပတ္တိ=ဝတ္ထု၏ ပြည့်စုံမှု ဖြစ်၏၊

(၂) သိမာသမ္ပတ္တိ–ဆိုသည်မှာ ရဟန်းခံရာ သိမ်၏ပြည့်စုံခြင်းကိုဆိုသည်၊ ၎င်းသိမ်သည် ဝိပတ္တိသိမ်(၁၁)လုံးတွင် မပါဝင်သဖြင့် အောင်မြင်စွာသမုတ် ၍ထားသော ဗဒ္ဓသိမ်နှင့် ဆိုင်ရာ အင်္ဂါလက္ခဏာနှင့် ညီညွတ်သော အဗဒ္ဓ သိမ်ဘမျိုးမျိုးဖြစ်မှသာ သိမာသမ္ပတ္တိ ဖြစ်၏။

(၃) ပရိသာသမ္ပတ္တိ၌ ရဟန်းခံရာတွင်ပါဝင်သော သံဃာများကို ဤနေ ရာ၌ ပရိသတ်ဟု ယူရ၏၊

၎င်းပရိသတ်၏ ပါရာဇိက ကျသူလည်းမဟုတ်၊ ဥက္ခိတ္တက ရဟန်းလည်း မဟုတ်၊ ပကတိသီလရှိသော သမာနသံဝါသက ဖြစ်ကြသည့် ရဟန်းများ အနည်းဆုံးအားဖြင့် မဇ္ဈိမဒေသ၌ (၁၀)ပါး၊ ပစ္စန္တရာဇ်အရပ်၌ (၅)ပါး ရှိ၍ ဆန္ဒဆောင်ယူ ထိုက်သော ရဟန်းတို့ ထံမှ ဆန္ဒကို ဆောင်ယူလျက်

အချင်းချင်း ဟတ္ထပါသ်ကိုမစွန့်မူ၍ တသိမ်ဘည်း၌ တည်ရှိခြင်း၊ မျက်မှောက်ဖြစ်သော သံဃာက ကန့်ကွက်မှုမရှိခြင်း ဟူသောအချက်တို့နှင့် ပြည့်စုံလျှင် ပရိသာသမ္ပတ္တိဖြစ်၏။

(၄/၅) ဥတ္တိသမ္ပတ္တိ,ကမ္မဝါစာသမ္ပတ္တိ–ဆိုသည်မှာဥပသမ္ပဒကမ္မဝါစာတွင်ပါဝင်သော ပါဠိတို့ကိုပါဠိတော်၌လာသည့်အတိုင်း ကမ္မဝါစာဖတ်သည့်ပုဂ္ဂိုလ်က ဌာန်ကရိုဏ်း ကျနစွာ မှန်ကန်ပီသစွာ ရွတ်ဖတ်လျှင် ဥတ္တိသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိဖြစ်၏၊ ပါဠိတော်မှာလာသည့်အတိုင်း အပြည့်အစုံ မရွတ်ဖတ်သော်လည်းကောင်း၊ ဌာန်ကရိုဏ်းမကျ, မပီမသရွတ်ဖတ်သော်လည်းကောင်း သမ္ပတ္တိမဖြစ်။

ဤယခုပြဆိုခဲ့ပြီးသော ပြည့်စုံမှုသမ္ပတ္တိအင်္ဂါ (၅)ချက်တို့နှင့်ညီစွာ သံဃာတော်တို့က သမုတ်ထားသော ရဟန်းမျိုးကို ဉတ္တိစတုတ္ထကမ္မဥပသမ္ပဒါရဟန်း ဟုခေါ်၏။

ရဟန်းနှင့်သံဃာ။ ။ဖန်ရည်ဆိုးသည့် အရဟတ္တဓဇသင်္ကန်းတို့ကို ဝတ်ရုံ၍ စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံတော်မူသော ဝိနည်းပိဋကတ်တော်နည်းလာ ရဟန်း(၈)မျိုးတို့တွင်ပါဝင်သောရဟန်းတပါးပါးကို ရဟန်းဟု ခေါ်ဆိုရ၍၊ ၎င်းရဟန်းတော်အပေါင်းကို သံဃာဟု ခေါ်ဆိုရ၏၊ ပုဂ္ဂိုလ်တယောက်ချင်းကို ရဟန်း, ၎င်းရဟန်းအပေါင်းကိုမှ သံဃာဟု မှတ်ယူရမည်။

၁။ သံဃံ သရဏံ ဂစ္ဆာမိ–ဟူသော သရဏဂုံ အရာ၌ လည်းကောင်း၊

၂။ သံဃဿ ဒေမ–ဟူသော အလှူဒါန အရာ၌ လည်းကောင်း၊

၃။ သံဃံ ပူဇေမိ-သံဃံ ဝန္ဒာမိ-စသော ပဏာမအရာ၌ လည်းကောင်း၊

၄။ ကထိန်အရာ၌ လည်းကောင်း၊

အထက်ပါ သံဃာကို ယူရ၏။

သံဃာ(၂)မျိုး။ ။သံဃာသည် (၁)ဒက္ခိဏေယျသံဃာ၊ (၂)သမ္မုတိသံဃာ ဟူ၍ (၂)မျိုးရှိသည်၊ ထို(၂)မျိုးတို့တွင် အရိယာပုဂ္ဂိုလ်ရဟန်း (၈)ယောက်အပေါင်းကို ဒက္ခိဏေယျသံဃာဟုခေါ်သည်၊ သီလဝန္တပုထုဇဉ် ရဟန်းအပေါင်းနှင့် အရိယာပုဂ္ဂိုလ် (၈)ယောက် ရဟန်းအပေါင်းဟူသော အရိယာ, ပုထုဇဉ်(၂)မျိုး အားလုံးသောရဟန်းအပေါင်းကို သမ္မုတိ သံဃာဟု ခေါ်သည်၊ ပုထုဇဉ်, အရိယာ-အားလုံးသော(ဘိက္ခုသမူဟ) ရဟန်းအပေါင်းကို သံဃာ-ဟု သေချာစွာသဘောကျအောင် မှတ်ယူထားရမည်။

၎င်းသံဃာအရတွင် အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ–အစရှိသော သာသနာတော်၌ ရဟန်းအဖြစ်သို့ ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့ အရပ်လေးမျက်နှာ၌ သွားလာ နေထိုင်တော်မူကြသော သာသနာ (၅၀၀၀)အတွင်းတည်သော အရိယာ, ပုထုဇဉ်သံဃာအားလုံး ပါဝင်နေသည်ဟု မှတ်ပါ။

သံဃာ (၃) မျိုး–

၁။ ဘိက္ခုသံဃာ = ရဟန်းယောကျ်ားအပေါင်း၊

၂။ ဘိက္ခုနီသံဃာ = ရဟန်းမိန်းမအပေါင်း၊

၃။ ဥဘတောသံဃာ = ဘိက္ခု, ဘိက္ခုနီ (၂) မျိုးအပေါင်း၊

ဟူ၍ သံဃာ (၃) မျိုးရှိ၏၊ လူဝတ်ကြောင်ဖြင့်နေလျှင် ရဟန္တာပုဂ္ဂိုလ်ပင်ဖြစ်စေ၊ သံဃာအရတွင် မပါဝင်နိုင်ပါ။

အချုပ်အားဖြင့်။ ။ဘုရားရှင် လက်ထက်တော်မှစ၍ သာသနာတော် ကုန်ဆုံးသည့် ကာလတိုင်အောင် သာသနာ့ ဘောင်တွင် ရဟန်းအဖြစ်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော ရဟန်းအပေါင်းကို သံဃာဟူ၍ မှတ်ယူပါလေ။

ယခုခေတ်အခါ သာသနာတော်၌ ဥတ္တိစတုတ္ထကမ္မဥပသမ္ပဒါရဟန်း (၁) မျိုးသာရနိုင်တော့၏၊ ၎င်းဥတ္တိစတုတ္ထကမ္မဥပသမ္ပဒါ ရဟန်းခံမှု ဥပသမ္ပဒကံကို ဆောင်ရွက်ရာ၌ အောက်တွင်ဖော်ပြထားသော ကိစ္စတို့ကိုစိစဉ်ပိုင်းခြား၍ ရှေးဦးစွာ သိထားရန် ဖြစ်၏။

ဥပသမ္ပဒကံဆောင်ရွက်ရာ၌ ပြုဖွယ်ကိစ္စများ–

၁။ ဥပဇ္ဈာယ်ကိုယူစေခြင်း = ဥပဇ္ဈာယဂ္ဂါဟာပနကိစ္စ၊

၂။ သပိတ်-သင်္ကန်းတို့ကို ပြောပြရခြင်း = ပတ္တစီဝရာစိက္ခဏကိစ္စ၊

၃။ ရဟန်းလောင်းကို သံဃာတ္တပါသ်မှ အပြင်သို့ထုတ်၍ နည်းပေးလမ်းပြပြုမည့်ရဟန်းကို သမုတ်ခြင်း = အနုသာသကသမ္မုတိကိစ္စ၊

၄။ သမုတ်အပ်သော သမ္မုတိရသော ရဟန်းက အပြင်သို့လိုက်၍ သွန်သင်ပြသ နည်းလမ်းပြ၍ ဆုံးမရခြင်း = အနုသာသနကိစ္စ၊

၅။ သမ္မုတိရသောရဟန်းကရှေးဦးစွာ သံဃာ့ထံသို့ပြန်လာ၍ သံဃာအား သွန်သင် ပြသ၍ပြီးကြောင်းကို ဥတ်ဖြင့်သိစေ၍ ရဟန်းလောင်းကို သံဃာ့ဘောင်သို့ခေါ်သွင်းခြင်း = ဩသာရဏကိစ္စ၊

၆။ ရဟန်းလောင်းက သံဃာတော်တို့အား ရှိခိုး၀ပ်ချ၍ မြင့်မြတ်သော ရဟန်းအဖြစ်ကို တောင်းစေရခြင်း = ဥပသမ္ပဒါယာစနာ ပန ကိစ္စ၊

၇။ အန္တရာယိကဓမ္မတို့ကို မေးစိစစ်ရန်=ပုစ္ဆာ ဥတ္တိထပန ကိစ္စ၊

၈။ သမုတိရသော ရဟန်းတော်ကအန္တရာယိကဓမ္မတို့ကို မေးစိစစ်ရခြင်း= အန္တရာယိကဓမ္မ ပုစ္ဆနကိစ္စ၊

ဟူ၍ ပုဗ္ဗကိစ္စ (၈)ပါး။

၉။ ဥပသမ္ပဒ ပဓာနကိစ္စ (၁)ပါး၊

၁၀။ ဆာယာမိနနာဒိကိစ္စ၊

၁၁။ နိဿယာ စိက္ခဏကိစ္စ၊

၁၂။ အကရဏီယာစိက္ခဏကိစ္စ၊

ဟူ၍ အပရကိစ္စက (၄)ပါး၊ ပေါင်း (၁၂) ပါးရှိ၏။

ထို (၁၂) ပါးသောကိစ္စတို့တွင် ပုဗ္ဗကိစ္စ (၈)ပါးကို ပြုပြီးမှသာလျှင် ဥပသမ္ပဒကံသည် ပတ္တကလ္လ ဖြစ်၏၊ ထိုသော် ပုဗ္ဗကိစ္စများကို မပြုမူ၍ ဥပသမ္ပဒကံပြုလျှင်လည်း ရဟန်းဖြစ်၏၊ ကံကားမပျက်။

**အကျယ်ပြဆိုချက်။**

**၁။ ဥပဇ္ဈာယဂ္ဂါဟာ ပန ကိစ္စ၊**

ဘုရားရှင်လက်ထက် ဥပဇ္ဈာယ်ကို ခွင့်မပြုမီကာလက ရဟန်းသာမဏေတို့သည် ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာမရှိ၊ သွန်သင်ဆုံးမည့်သူ မရှိသည်ဖြစ်၍ မကောင်းသဖြင့် သင်္ကန်းတို့ကို၀တ်ရုံကြကုန်လျက် ရဟန်းဟို၏ အမူအရာတို့နှင့် မပြည့်စုံပဲ မြို့တွင်းရွာတွင်း၌ ဆွမ်းခံလှည့်လည်ကြကုန်၏။

ထိုရဟန်းသာမဏေတို့သည် လူတို့စားသောက်နေကြကုန်စဉ် ထမင်းခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသည့်သပိတ်ကို ညွတ်စေကုန်လျက် ခံလင့်ကုန်၏၊ ထမင်းဟင်းတို့ကိုလည်း ကိုယ်တိုင်တောင်းလျက် စားကြကုန်၏၊ ဆွမ်းစားဇရပ် ဆွမ်းစားကျောင်း၌လည်း ပြင်းပြကျယ်လောင်သော အသံရှိကုန်လျက် ပြောဆိုနေထိုင်ကြကုန်၏။

ထို့ကြောင့် လူတို့သည် "သာကီ၀င်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အဘယ်ကြောင့် မကောင်းသဖြင့် ၀တ်ရုံကုန်လျက် ရဟန်းတို့၏အမူအရာတို့နှင့် မပြည့်စုံကုန်ပဲ မြို့တွင်းရွာတွင်း၌ ဆွမ်းခံလှည့်လည် ကြရကုန်သနည်း၊ လူတို့စားသောက်နေကြကုန်စဉ် ထမင်းခဲဖွယ် လျက်ဖွယ်

သောက်ဖွယ်တို့၏ အသက်၌ ဆွမ်းခံသည့်သပိတ်ကို ညွတ်စေကုန်လျက် ခံလင့်ကြရကုန်ဘိသနည်း။ ယမငံးဟင်းတို့ ကို ကိုယ်တိုင်တောင်းလျက် စားကြရကုန်ဘိသနည်း။ ဆွမ်းစားရာ ဆွမ်းစားဇရပ် ဆွမ်းစားကျောင်း၌လည်း ပုဏ္ဏားစားသောက်ပွဲ၌ ပုဏ္ဏားများကဲ့သို့ ပြင်းပြကျယ်လောင်သော အသံရှိကုန်လျက် ပြောဆို နေထိုင်ကြရကုန်ဘိသနည်း'' ဟူသည်ဖြင့် ကဲ့ရဲ့ပြစ်တင် ရှုတ်ချပြောဆိုကြသည်ကို ရဟန်းတော်များမှတဆင့် ဘုရားရှင် ကြားသိတော်မူသဖြင့် ထိုရဟန်းသာမဏေတို့ကို အတူးထူး အပြားပြား များစွာ ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့ကို–

"အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ"

ရဟန်းတို့ အပြစ်ကြီးငယ်ကို ကြည့်ရှုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာကို ငါဘုရား ခွင့်ပြုတော်မူ၏-ဟု မိန့်တော်မူပြီးလျှင် ဥပဇ္ဈာယ်ကိုခွင့်ပြုတော်မူ၏။

"ရဟန်းတို့– ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အပေါ်၌ သားဟူသော စိတ်ကိုထားအံ့၊ အတူနေတပည့်ကလည်း ဥပဇ္ဈာယ်ဆရာအပေါ်၌ အဖဟူသော စိတ်ကိုထားအံ့၊ ထိုဆရာတပည့်တို့သည် အချင်းချင်း ရိုသေခြင်း တုပ်ဝပ်ခြင်းဟူသော အသက်မွေးခြင်းရှိသည်ဖြစ်၍ နေကြကုန်သည်ရှိသော် ဤသာသနာတော်၌ ကြီးပွား စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြကုန်လိမ့်လတ္တံ့''ဟု မိန့်ကြားတော်မူခဲ့၏။

ထိုသို့ ဥပဇ္ဈာယ်ကို ခွင့်ပြုပညတ်ထားသော်လည်း အချို့သောရဟန်းတို့သည် ဆရာဥပဇ္ဈာယ်မရှိသူကို ရဟန်းခံပေးကြကုန်၏။

ထိုဥပဇ္ဈာယ်မရှိပဲ ရဟန်းခံထားကြကုန်သော ရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာ၏ ပြောဆိုဆုံးမ သင်ပြမှု–ဓမ္မာနုဂ္ဂဟ၊ ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့မှု– ပစ္စယာနုဂ္ဂဟကို မရကြကုန်သည်ဖြစ်၍ ကြီးပွားတိုးတက်မှုမရှိ ဆုတ်ယုတ် ပျက်ပြားမှုသာ ဖြစ်ကြရသည်ကို ဘုရားရှင် သိတော်မူသဖြင့် "နဘိက္ခဝေအနုပဇ္ဈာယကောဥပသမ္ပာဒေတဗ္ဗော၊ ယောဥပသမ္ပာဒေယျအာပတ္တိဒုက္ကဋဿ''ဟု သိက္ခာပုဒ်ပညတ်တော်မူကာ ရဟန်းမခံမီ ရှေးဦးစွာ ဥပဇ္ဈာယ်အယူခိုင်းရန် ဥပဒေထုတ်တော်မူခဲ့လေသည်။

ဘိက္ခဝေ၊ တို့။ အနုပဇ္ဈာယကော၊ ဥပဇ္ဈာယ်မရှိသော ပဥ္စင်းလောင်းကို။ နဥပသမ္ပာဒေတဗ္ဗော၊ မြင့်မြတ်သောပဥ္စင်းအဖြစ်သို့ မရောက်စေအပ်၊) ပဥ္စင်းခံမပေးအပ်)။ ယော၊ အကြင်ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ ပဥ္စင်းခံပေးငြားအံ့။ (တဿ=ထိုရဟန်းအား။) ဒုက္ကဋဿ၊သို့။အာပတ္တိ၊သည်။ဟောတိ၊၏။

ဥပဇ္ဈာယ်ယူပုံ၊

"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" (၃)ခေါက်။

ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီးငယ်ကို ကြည့်ရှု ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။

(ဥပဇ္ဈာယ်ဆရာက) သာဓု သာဓု၊ ကောင်းပြီ၊ ကောင်းပြီ ဟူ၍ သော်လည်းကောင်း။ လဟု၊ ငါ့အားဝန်မလေးဟူ၍သော်လည်းကောင်း။ ဩပါယိကံ၊ ငါ၏ဘာဝန်ပေတည်း ဟူ၍သော်လည်းကောင်း။ ပတိရူပံ၊ သင့်တင့်ပေ၏ ဟူ၍သော်လည်းကောင်း။ ပါသာဒိကေန သမ္ပာဒေဟိ၊ ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာနှင့် ပြည့်စုံအောင် နေထိုင်လော့ဟူ၍လည်းကောင်း ပြောဆိုသိစေရမည်။

ထိုသို့ပြောဆိုသိစေရာ၌-

၁။ ကိုယ်ဖြင့်ဖြစ်စေ၊

၂။ နှုတ်ဖြင့်ဖြစ်စေ၊

၃။ ကိုယ်နှုတ်နှစ်ပါးစုံဖြစ်စေ၊

ပြောဆိုသိစေရမည်။ ထိုသို့ပြောဆိုသိစေမှသာလျှင် ဥပဇ္ဈာယ် ယူခြင်းကိစ္စ မြောက်၏။ ထိုသုံးမျိုးတို့တွင် တမျိုးမျိုးဖြင့် မပြောကြား မသိစေခဲ့လျှင် ဥပဇ္ဈာယ်ယူခြင်းကိစ္စမမြောက်။

ထိုသို့ ဥပဇ္ဈာယ်ယူပြီးသော သာမဏေသည် နောက်အခါ ဥပဇ္ဈာယ်ဆရာမှ ဝေးကွာသောအရပ်သို့ သွားရောက်၍ စာပေပရိယတ် သင်ကြားနေလျှင် မူလဥပဇ္ဈာယ် ဆရာရင်းရှိသေးခဲ့မူ၊ အခြားပုဂ္ဂိုလ်၏အထံ၌ ဥပဇ္ဈာယ်အသစ်မယူသင့်၊ နိဿယည်းသာယူ၍နေသင့်၏။

အသက်စေ့၍ ရဟန်းခံလျှင်လည်း ဥပဇ္ဈာယ်ယူမှုမပျက်လျှင် မူလဥပဇ္ဈာယ်ဖြင့်ပင် ဥပသမ္ပဒကံ ဆောင်အပ်၏။

သို့သော် ရှင်သာမဏေတို့မှာ-

"သာမဏေရေဟိ ကုန္တကိပိလ္လိကမ္ပိ မာရေတွာ မင်္ဂုလဏ္ဍကမ္ပိ ဘိန္ဒိတွာ နာသေတဗ္ဗတံယေဝ ပါပုဏာတိ၊ တာဝဒေဝဿ သရဏဂမနဉ္စ ဥပဇ္ဈာယဂ္ဂဟဏဉ္စ သေနာသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတိ" ဟု အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် ပိုးရွခြပုံးကို သတ်ခြင်း၊ ကြမ်းပိုး၌, သန်း၌,တို့ကို ဖောက်ခွဲခြင်း စသည်တို့ကြောင့် ပါဏာတိပါတ သိက္ခာပုဒ်။

"မုသာဝါဒေ ဟထာဓိပ္ပါယတာယပိ မုသာဘဏိတေ အသမ္မဂြော ဟောတိ နာသေတဗ္ဗတံ အာပဇ္ဇတိ"ဟု အဋ္ဌကထာ ဆရာမိန့်ဆိုသောကြောင့် ရယ်ရွှင်မြူးတူးခြင်း၌ဖြစ်သော အလိုရှိသည်၏ အဖြစ်ဖြင့်ပင် မုသားပြောဆိုခြင်းကြောင့် မုသာဝါဒသိက္ခာပုဒ်ဟူသော ဤသိက္ခာပုဒ်(၂)ခုတို့၏ကျိုးပျက်၍ လိင်ကျရန် လှယ်ကူလျှင်မြန်လှသောကြောင့်၊ လိင်ကျက ဥပဇ္ဈာယ်ယူမှု ပျက်နိုင်သဖြင့် ရဟန်းခံကာနီး၌ ဥပဇ္ဈာယ်ထပ်၍သာ ယူသင့်၏၊ ရဟန်းမခံမီ ရှင်လိင်ပြန်တတ်ကြ၏၊ ထိုသို့ ရှင်လိင်ပြန် လူထွက်လျှင်လည်း ဥပဇ္ဈာယ်ယူထားမှု ပျက်သောကြောင့် ထပ်၍၎င် ဥပဇ္ဈာယ်ယူအပ်၏၊ မူလဥပဇ္ဈာယ်ဆရာက အလဇ္ဇီပုဂ္ဂိုလ်ဖြစ်၍ ဥပဇ္ဈာယ်ပြောင်း၍ ယူလိုလျှင်လည်း ပြောင်း၍ယူနိုင်၏၊ ယူပြီးဥပဇ္ဈာယ်မပျက်သေးလျှင် ၎င်းဥပဇ္ဈာယ်ဆရာ ရဟန်းခံရာသို့ မကြွရောက်နိုင်သည်ဖြစ်၍ သိမ်ထဲ၌ မပါဝင်ခဲ့သော် သိမ်ထဲကျမှ နောက်ထပ် ဥပဇ္ဈာယ်ထပ်ယူနေရန် မလိုတော့ပါ၊ နဂိုမူလ ဥပဇ္ဈာယ်ဖြင့်ပင် ရဟန်းခံကောင်း၏။

ဥပဇ္ဈာယ်ဆရာ သိမ်ထဲ၌ မပါသော်လည်း ရဟန်းခံကောင်း၏

ကမ္မဝါတွင် ရဟန်းလောင်း၏ နာမည်ကိုပြရာ၌ "အယံနာဂေါ"ဟု အနီးဟော ဣမသဒ္ဒါနှင့် ပြထားသည်ဖြစ်၍ ရဟန်းလောင်းသည် ကမ္မဝါ စာဖတ်ချိန်၌ သံဃာတော်၏ (၂)တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်ရမည်ဖြစ်ကြောင်းကို ပြ၏။

ဥပဇ္ဈာယ်ဆရာ၏ နာမည်ကို ပြရာ၌ကား- "ဣမဿ အာယသ္မတော တိဿဿ"ဟု အနီးဟော ဣမသဒ္ဒါဖြင့်မပြပဲ "အာယသ္မတော တိဿဿ" ဟူ၍သာ ပြသောကြောင့် ဥပဇ္ဈာယ်ဆရာ ရဟန်းခံရာတွင် သိမ်အတွင်း သံဃာတွင် မပါဝင်ပဲ နေစေကာမူ ကံမပျက်ဟု မှတ်ပါ။

ဥပဇ္ဈာယ်ဆရာ လုံးဝမရှိပဲလျက်ပင်ကမ္မဝါစာ၌ အာယသ္မတောတိဿဿ- ဟု ဥပဇ္ဈာယ်နာမည်ကို ဖတ်ရိုးဖတ်စဉ်အတိုင်း ထည့်၍ဖတ်လျှင်ပင် ကမ္မဝါစာ၏ ယုတ်လျော့မှု မရှိသောကြောင့် ဥပသမ္ပဒကံ အောင်မြင်ပါသည်။ (ကမ္မံ ပန နကုပ္ပတိ၊ ဘေစိ ကုပ္ပတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ)အဋ္ဌကထာ။

ဥပဇ္ဈာယဿ အဘာဝေပိ ကမ္မကောပါဘာဝတော၊ ဥပဇ္ဈာယဿ အသန္နိဟိတာယပိ တပ္ပရာမသနမတ္တေနေဝ၊ ကမ္မသိဒ္ဓိတော၊ (ဝိနယာလင်္ကာရဋီကာ)

အန္နုပဇ္ဈာယကာဒိနံ ဥပသမ္ပဒါကမ္မံဝိယ၊ ဥပဇ္ဈာယဿ အဘာဝေပိ၊ အဘာဝ္ဗတ္တေပိ ကမ္မဝါစာယ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မဿ သိဇ္ဈနတော။

(ဝိမတိဋီကာ)

၂။ ပတ္တစိဝရ အာဝိကမ္မကကိစ္စ၊

ရဟန်းတို့သည် သပိတ် သင်္ကန်းမရှိသူကိုလည်းကောင်း၊ ခေတ္တငှားရမ်းအပ်သောသပိတ် သင်္ကန်းဖြင့်လည်းကောင်း၊ ရဟန်းခံပေးကြကုန်၏၊ ရဟန်းခံပြီးသောအခါ သပိတ်–သင်္ကန်း မရှိသည့်အတွက်ကြောင့်လည်းကောင်း၊ သပိတ်–သင်္ကန်း ပိုင်ရှင်ရဟန်းတို့က သူတို့၏ သပိတ် သင်္ကန်းတို့ကိုပြန်၍ယူသွားကြသည့် အတွက်ကြောင့်လည်းကောင်း၊ ရဟန်းတို့သည် တိတ္ထိတို့ကဲ့သို့ အဝတ်မဲသည်း အချည်းနှီး ကိုယ်ချည်းတုံး လက်တို့ဖြင့် ဆွမ်းခံလှည့်လည်ကြ ကုန်သောကြောင့် လူတို့ကဲ့ရဲ့ကြသဖြင့် ဘုရားရှင် သိတော်မူကာ–

နဘိက္ခဝေ အပတ္တစီဝရကော [သပိတ် သင်္ကန်း မရှိသော ပဥ္စင်းလောင်းကို] ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိဒုက္ကဋဿ။

နဘိက္ခဝေ ယာစိတကေန (အခိုက်အတန့်ငှားရမ်းအပ်သော) ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ–

ဟု သိက္ခာပုဒ်တော်ပညတ်လျက် တားမြစ်တော် မူသားသောကြောင့် ကိုယ်ပိုင် သပိတ်–သင်္ကန်းမရှိသူများကို ရဟန်းခံမပေးရ၊ ခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ထို့ကြောင့် "ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ"ဟု ရဟန်းလောင်းကို ဥပဇ္ဈာယ်အယူခိုင်းပြီးမှ သူပိုင်သည့် သပိတ်သင်္ကန်းကို ပြောကြားထားရမည့် အဖြစ်ကို မိန့်ဆိုတော်မူခဲ့၏။

သပိတ် သင်္ကန်း ပြောကြားပုံ–

အနုသာသကပုဂ္ဂိုလ်။ ။အယံ တေ ပတ္တော၊
သင်၏ရှေ့မှောက်၌ ချထားအပ်သော ဤသပိတ်သည် သင်၏ ကိုယ်ပိုင်သပိတ်ဟူ၍မှတ်၊

ရဟန်းလောင်း။ ။အာမ ဘန္တေ၊ မှန်ပါအရှင်ဘုရား။

အနုသာသကပုဂ္ဂိုလ်။ ။အယံ တေ သံဃာဋိ၊
သင့်ပခုံးထက်၌ တင်ထားအပ်သော၊သို့မဟုတ် သင်၏ရှေ့၌ချထားအပ်သော ဤဒုကုဋ် ၂-ထပ်သင်္ကန်းကြီးသည်သင်၏ ကိုယ်ပိုင် ဒုကုဋ် ၂-ထပ်သင်္ကန်းကြီးတည်း။

ရဟန်းလောင်း။ ။အာမ ဘန္တေ၊ မှန်ပါအရှင်ဘုရား။

အနုသာသကပုဂ္ဂိုလ်။ ။အယံ တေ ဥတ္တရာသင်္ဂေါ၊ သင်၏ ကိုယ်၌ ဝတ်ရုံထားအပ်သော သို့မဟုတ် သင်၏ ရှေ့နား၌ ချထားအပ်သော ဤကိုယ်ဝတ်ကေသီ သက်န်းသည် သင်၏ ကိုယ်ပိုင် ကိုယ်ဝတ်ကေသီသက်န်းတည်း။

ရဟန်းလောင်း။ ။အာမ ဘန္တေ၊ မှန်ပါ့အရှင်ဘုရား။

အနုသာသကပုဂ္ဂိုလ်။ ။အယံ တေ အန္တရဝါသကော၊ သင်၏ ခါး၌ ဝတ်ထားအပ်သော၊ သို့မဟုတ်သင်၏ ရှေ့၌ ချထားအပ်သော ဤသင်းပိုင် သက်န်းသည် သင်၏ ကိုယ်ပိုင် သင်းပိုင် သက်န်းတည်း။

ရဟန်းလောင်း။ ။အာမဘန္တေ၊ မှန်ပါ့အရှင်ဘုရား။

ကိုယ်ပိုင်သပိတ်သက်န်း မရှိသော ရဟန်းလောင်းကို ရဟန်းခံပေးလျှင်—

ကိုယ်ပိုင် သပိတ်သက်န်းမရှိသော ရဟန်းလောင်းကို ရဟန်းခံ၍ မပေးရ၊ ပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။

"ကမ္မံပန နကုပ္ပတိ"ဟု အဋ္ဌကထာ၌ဆိုသောကြောင့် ဥပသမ္ပဒကံကား မပျက်၊ ရဟန်းလောင်း ရဟန်းဖြစ်သည်ဟုမှတ်။

ရဟန်းလောင်းအား သပိတ်သက်န်း မပြည့်စုံလျှင် ဆရာဥပဇ္ဈာယ်ရဟန်းတို့က ပြည့်စုံအောင် ကြောင့်ကြစိုက်၍ ဆောင်ရွက်ပေးရမည်။

၃။ အနုသာသကသမ္မုတိကိစ္စ

ဘုရားလက်ထက်တော်အခါ၌ နူနာဆောဂါရှိသော ရဟန်း၊ အိုင်းအမာ 'လည်ပင်းကြီးနာ' ရှိသောရဟန်း၊ ပွေး, ဝဲ, စသော ယားယံနာရှိသောရဟန်း၊ ခယရုဂ် ချောင်းဆိုး ပန်းနာမျိုး ရှိသောရဟန်း၊ ရူးသွပ်သော ရောဂါ, ဝက်ရူး, ကြက်ရူး, ရောဂါရှိသော ရဟန်းတို့ကို သာသနာ့ဘောင်၌ တွေ့မြင်ရကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ထို့ကြောင့်ဘုရားရှင်က -

အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေန္တေန၊ (ပဉ္စင်းခံပေးသောရဟန်းသည်။) တေရသအန္တရာယိကေ၊ (အန္တရာယ်ကို ပြုတတ်ကုန်သော တဆယ့်သုံးပါးကုန်သော။)ဓမ္မေ ပုစ္ဆိတုံ"ဟု သိက္ခာပုဒ်ပညတ်ခတော်မူကာ ရဟန်းလောင်းကို ကုဋ္ဌ ဂဏ္ဍ စသော အနာကြီး (၅)မျိုးနှင့် လူသားဟုတ် မဟုတ်စသော (၈) ချက်သော အကြောင်းအားဖြင့် (၁၃) ပါးသော ရဟန်းအဖြစ်၏

အန္တရာယ်ကို ပြုတတ်သော အကြောင်းအရာတို့ကို သေချာစွာ စစ်ဆေး၍ အပြစ်ကင်းလွတ်သည့် ရဟန်းလောင်းတို့ကိုသာ ရဟန်းခံပေးရမည်ဟု အမိန့်ထုတ်တော်မူခဲ့သည်။

**စစ်ဆေးမေးမြန်းရမည့်အချက် ၁၃-ချက်ကား၊**

၁။ အနုသာသကပုဂ္ဂိုလ်။ ။ကုဋ္ဌံ—သင်၏ကိုယ်၌ နူနာ(ကိုယ်ရေပြား)ရောဂါ ရှိသလား၊
ရဟန်းလောင်း။ ။နတ္ထိဘန္တေ–မရှိပါအရှင်ဘုရား။

၂။ အနုသာသကပုဂ္ဂိုလ်။ ။ဂဏ္ဍော—သင်၏ကိုယ်၌ ထွတ်မြင်းအနာ အိုင်းအမာ(လည်ပင်ကြီးနာ) ရှိသလား၊
ရဟန်းလောင်း။ ။နတ္ထိဘန္တေ–မရှိပါအရှင်ဘုရား။

၃။ အနုသာသကပုဂ္ဂိုလ်။ ။ကိလာသော-သင်၏ကိုယ်မှာ တင်းတိပ်ပွေး ညှင်းခရုသင်းနာ ရှိသလား၊
ရဟန်းလောင်း။ ။နတ္ထိဘန္တေ–မရှိပါအရှင်ဘုရား။

၄။ အနုသာသကပုဂ္ဂိုလ်။ ။သောသော—သင်၏ကိုယ်မှာခယရှုက်ချောင်းဆိုးပန်းနာမျိုး(ချောင်းဆိုးသွေးပါ တီဘီရောဂါများ)ရှိသလား၊
ရဟန်းလောင်း။ ။နတ္ထိဘန္တေ–မရှိပါအရှင်ဘုရား။

၅။ သနုသာသကပုဂ္ဂိုလ်။ ။အပမာရော—သင်၏ကိုယ်မှာ ဝက်ရူး,ကြက်ရူးစသောအရူးနာမျိုးများရှိသလား၊
ရဟန်းလောင်း။ ။နတ္ထိဘန္တေ–မရှိပါအရှင်ဘုရား။

၆။ အနုသာသကပုဂ္ဂိုလ်။ ။မနုဿောသိ– သင်ဟာ လူကမွေးဖွားသည့် လူသားအစစ်ဟုတ်မှန်ပါ၏လော။
ရဟန်းလောင်း။ ။အာမဘန္တေ-ဟုတ်မှန်ပါသည်အရှင်ဘုရား။

၇။ အနုသာသကပုဂ္ဂိုလ်။ ။ပုရိသောသိ—သင်ဟာယောကျ်ားအစစ် ဟုတ်မှန်ပါ၏လော။
ရဟန်းလောင်း။ ။အာမဘန္တေ-ဟုတ်မှန်ပါသည် အရှင်ဘုရား။

၈။ အနုသာသကပုဂ္ဂိုလ်။ ။ဘုဇိဿောသိ—သင်ဟာသူများ၏ကျွန်အဖြစ်မှ လွတ်ကင်းပြီးသူ ဟုတ်မှန်ပါ၏လော။
ရဟန်းလောင်း။ ။အာမဘန္တေ–ဟုတ်မှန်ပါသည်အရှင်ဘုရား။

၉။ အနုသာသကပုဂ္ဂိုလ်။ ။အနုဇာနာသိ-သင်ဟာ သူတပါး၏ ကြွေးမြီ မတင်သန့်ရှင်းစင်သောသူဟုတ်မှန်ပါ၏လော၊
ရဟန်းလောင်း။ ။အာမဘန္တေ-ဟုတ်မှန်ပါသည်အရှင်ဘုရား။

၁၀။ အနုသာသကပုဂ္ဂိုလ်။ ။နသိရာဇဘဋော-သင်ဟာမင်းမှုထမ်းသမား မင်းခစားယောကျ်ား မဟုတ်ပဲရှိပါ၏လော။
ရဟန်းလောင်း။ ။အာမဘန္တေ-မင်းခစားယောကျ်ားမဟုတ်ပါအရှင် ဘုရား။

၁၁။ အနုသာသကပုဂ္ဂိုလ်။ ။အနုညာတောသိမာတာပိတူဟိ- သင့်ကို အမိ အဖတို့က ရဟန်းပြုရန် ခွင့်လွှတ်ပါ၏လော၊
ရဟန်းလောင်း။ ။အာမ ဘန္တေ-ခွင့်လွှတ်ပါသည် အရှင်ဘုရား။

၁၂။ အနုသာသကပုဂ္ဂိုလ်။ ။ပရိပုဏ္ဏဝီသတိဝဿောသိ- သင်ဟာအသက်- ၂၀ ပြည့်ကြွယ်ပါပြီလော၊
ရဟန်းလောင်း။ ။အာမ ဘန္တေ-အသက် ၂၀ ပြည့်ကြွယ်ပါပြီ အရှင် ဘုရား။

၁၃။ အနုသာသကပုဂ္ဂိုလ်။ ။ပရိပုဏ္ဏံ တေ ပတ္တစီဝရံ-သင့်မှာ သပိတ် သင်္ကန်း ပြည့်စုံပြီလော၊
ရဟန်းလောင်း။ ။အာမ ဘန္တေ-ပြည့်စုံပါပြီ အရှင်ဘုရား။

ကမ္မဝါစာရွတ်ပတ်ရန်အတွက်

၁၄။ အနုသာသကပုဂ္ဂိုလ်။ ။ကိံနာမောသိတွံ- သင်သည် အဘယ်အမည် ရှိပါသနည်း၊
ရဟန်းလောင်း။ ။အဟံဘန္တေနာဂေါနာမ-အရှင်ဘုရားတပည့်တော် သည် နာဂအမည်ရှိပါသည်ဘုရား။

၁၅။ အနုသာသကပုဂ္ဂိုလ်။ ။ကော နာမော တေ ဥပဇ္ဈာယော- သင်၏ ဥပဇ္ဈာယ်ဆရာတော်သည် အဘယ်အမည်ရှိပါ သနည်း။

ရဟန်းလောင်း။ ။ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ-အရှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ် ဆရာတော်သည် အရှင်တိဿထေရ် အမည်ရှိပါ သည် ဘုရား။

ဖော်ပြပါပုစ္ဆာ ၁၅-ချက်ဖြင့် အနုသာသက ပုဂ္ဂိုလ်က စစ်ဆေးမေး မြန်းရမည်၊ ထိုသို့ မေးသည့်အခါ ရဟန်းလောင်းက ဖြေဆိုရမည့် အဖြေများကိုပါ ထည့်သွင်း ဖော်ပြလိုက်ပါ၏။

ရဟန်းတို့သည် ပဥ္စင်းလောင်းတို့ကို ရှေးဦးစွာ မသင်ကြား မဆုံးမသေးပဲ စစ်ဆေးမေးမြန်းကြသဖြင့် ပဥ္စင်းလောင်းများ ရှုံ့တီး ရှုံ့တုံ့ဖြစ်ကြကုန်၏၊ မျက်နှာမသာမယာ ဖြစ်ကြကုန်၏၊ မဖြေဆိုတတ် မလျှောက်ထားတတ်ပဲ ရှိကြကုန်၏။

ဤအကြောင်းကို မြတ်စွာဘုရားအား ရဟန်းတို့က လျှောက်ထားကြရာ ဘုရားရှင်က- "ရဟန်းတို့ ရဟန်းလောင်းကို သင့်တော်ရာ၌ ခေါ်၍ သွန်သင်ဆုံးမပြီးမှ သံဃာ့အလယ်၌ စစ်ဆေးမေးမြန်းရမည်"ဟု မိန့်တော်မူခဲ့၏။

ထို့ကြောင့် ပဥ္စင်းလောင်းကို ဥပဇ္ဈာယ်အယူခိုင်းပြီး သူပိုင်သည့် သပိတ်သင်္ကန်းတို့ကို ပြောကြားပြီးနောက်-

ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ

"သွားချေလော့ သင်သည် ထိုမည်သော အရပ်၌ နေချေဦးလော့" ဟု ပြောဆိုကာ သံဃာ့အလယ်မှ အပ ဟတ္ထပါသ် လွတ်လောက်ရာအရပ်သို့ ထုတ်ဆောင်ရမည်။

နာမဂ္ဂဟဏကိစ္စ။ ။ရဟန်းလောင်း၏အမည်ရင်း၊ ဥပဇ္ဈာယ်ဆရာ၏ ဘွဲ့မည်ရင်းတို့ဖြင့် ကမ္မဝါဖတ် ရွတ်နိုင်ခြင်းသည် အကောင်းဆုံးတည်း။

### နာမည်ဟောင်းရှိပြီးသော ဥပဇ္ဈာယ်ဆရာ၊ ရဟန်းလောင်း တို့အား နာမည်သစ်မှည့်၍ ကမ္မဝါဖတ်ကောင်း မပတ်ကောင်း

ဘုရားရှင်လက်ထက်တော်က အရှင်အာနန္ဒာသည် အရှင်မဟာကဿပ၏ သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော ရဟန်းလောင်းကို ရဟန်းခံပေးသောအခါ ကမ္မဝါစာ ဖတ်ရမည့်အခါ၌ အရှင်အာနန္ဒာသည် သူ၏ဆရာ အရှင်မဟာကဿပ၏ "ပိပ္ပလိ"ဟူသော နာမည်ဖြင့် ကမ္မဝါဖတ်ဖို့ရန် အရှင်မဟာကဿပ၏ ရှေ့မှောက်ဝယ် မဝံ့သဖြင့် ဘုရားရှင်အား အကြောင်းကိုလျှောက်ထားရာ၊ ဘုရားရှင်က-

"အနုဇာနာမိ ဘိက္ခဝေ ဂေါတ္တေနပိ အနုဿာဝေတုံ"ဟု အရှင်မဟာကဿပ၏ ပိပ္ပလိ-ဟူသော အမည်နာမဖြင့် မရွတ်ဝံ့လျှင် "ကဿပ"ဟူသော အနွယ်လာ အမည်ဖြင့်ပင် ကမ္မဝါစာရွတ်ဆိုဖို့ရန် ခွင့်ပြုတော်မူခဲ့သည်။

ဝိနယ-၁၇

“ဥပသမ္ပဒါပေက္ခော ပန ယထာသကံနာမံ ဝိနာ အညေန နာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ”ဟု ဖွင့်ဆိုထားသောကြောင့် သူ၏နာမည်ရင်း “ယထာသကံနာမံ”ဖြင့်သာ ကမ္မဝါစာရွတ်ဖတ်ရမည်ဟူ၍ အဓိပ္ပါယ်ယူဆကာ နာမည်သစ် မမှည့်ကောင်းဟူ၍ မှတ်ထင်နေတတ်၏၊ ထိုသို့မဟုတ်ပါ၊ ရဟန်းခံရာ သိမ်းတွင်းသို့ ရောက်မှပင် မှည့်အပ်သော“နာဂ”ဟူသော အမည်သစ်သည်ပင် (ယထာသကံနာမံ)သူ၏ ဥစ္စာဖြစ်သောကိုယ်ပိုင်နာမည်ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ကြောင့် ဥပဇ္ဈာယ်ဆရာအား အနွယ် အမည် မဟုတ်သောမူ ရဟန်းခံကာနီး ခဏ၌ “တိဿ”စသော နာမည်ကိုလည်းကောင်း၊ ရဟန်းလောင်းအား “နာဂ”စသော နာမည်ကိုလည်းကောင်း မှည့်၍ ၎င်းနာမည်သစ်တို့ဖြင့် ကမ္မဝါစာဖတ်ကောင်းသည်ဟု မှတ်ယူရမည်။

ဂေါတ္တေနပိ-၌ပိ သဒ္ဒါ။ ။၎င်းပိသဒ္ဒါဖြင့် မူလရှိပြီး နာမည်နှင့် ရဟန်းခံကိစ္စ ပြုရာခဏ၌ပင် ကမ္မဝါဥတ် ရွတ်ဖတ်၍ လွယ်ကူစေရန် မှည့်ခေါ်အပ်သော တိဿ-စသော နာမည်သစ်ကို ဆည်းယူရသော အဝုတ္တသမုစ္စည်းအနက်ရှိ၏။

## ကြိုတင်၍နာမည်မှည့်ရမည်

သို့သော် အလေ့အကျင့်မရှိသဖြင့် ခက်ခဲမှုရှိမည်ဖြစ်လျှင် ကမ္မဝါစာထဲ၌ ပါသည့် ခေတ္တမှည့်သော—

ရဟန်းလောင်းနာမည်—နာဂ

ဥပဇ္ဈာယ်ဆရာ့ခဲ့မည်—တိဿ အမည်တို့ဖြင့် ကမ္မဝါဖတ်လိုသော် ရဟန်းလောင်းကို သံဃာဟတ္ထပါသ်မှအပ အပြင်သို့မထုတ်ခင် ကြိုတင်၍ (သမ္မုခီဘူတဖြစ်ခိုက်) နာဂ, တိဿ, အမည်များကို မှည့်ရမည်။ နာဂ, တိဿ အမည်များကို မှည့်ရခြင်းမှာ ကမ္မဝါဥတ်ရွတ်ဖတ်၍ လွယ်ကူစေရန်ဖြစ်၏။

(ဥဘိန္နံပိ စိတ္တေ မမေဒံ နာမန္တိ ယထာ သညာ ဥပ္ပဇ္ဇတိ ဧဝံ ဝိညာပေတဗ္ဗံ) ဝိမတိဋီကာ၌—

မိန့်ဆိုသည့်အတိုင်း ရဟန်းလောင်း ဥပဇ္ဈာယ်ဆရာတို့၏ စိတ်၌ ဤအမည်ကား ငါ၏အမည်တည်းဟု သိနားလည်အောင် ပြောဆိုရမည်။

## ဥတ်, ကမ္မဝါရွတ်ဖတ်ရာ၌ နာမည်တမျိုးစီဖြင့်မရွတ်ဖတ်ရ

ဥပဇ္ဈာယ်ဆရာ, ရဟန်းလောင်းတို့၌ နာမည်အမျိုးမျိုး ရှိခဲ့လျှင် ကြိုက်ရာနာမည်တခုဖြင့်သာ ဥတ်ကမ္မဝါတို့၌ သုံးစွဲ၍ ရွတ်ဖတ်ရမည်။

ဥတ်တုန်းက နာမည်တမျိုး၊
ကမ္မဝါကျတော့ နာမည်တမျိုး မဖြစ်စေရ။

အနုသာသနခဏ အန္တရာယိကဓမ္မပုစ္ဆနခဏ ဥတ်-ကမ္မဝါ ရွတ်ဖတ်ရာ ခဏတို့၌ နာမည်တထပ်တည်း ကျစေရမည်၊ တထပ်တည်းမကျက ကံပျက်၏ ဟု ဝိမတိ၌ မိန့်ဆို၏၊ ထိုသို့ ရဟန်းလောင်း ဥပဇ္ဈာယ်ဆရာတို့ကို နာဂ, တိဿ-ဟု နာမည်မှည့်ပြီးနောက် ရဟန်းလောင်းကို အပြင်ထုတ်၍ သွန်သင် ဆုံးမရမည်။

## မဆုံးမတတ်ပဲနှင့် မဆုံးမရ

ရဟန်းလောင်းကို သွန်သင်ဆုံးမမှု၌ ကျွမ်းကျင်လိမ္မာခြင်း မရှိကုန်သော ဗာလ-အဗျတ္တ ရဟန်းတို့က ဆုံးမသွန်သင်ကြသဖြင့် ရဟန်းလောင်းတို့ ရှုံ့တီး ရှုံ့တွံ့ ဖြစ်ကြကုန်၏၊ မျက်နှာမသာမယာ ဖြစ်ကြကုန်၏၊ ကောင်းမွန် မွန်ကန်အောင် မဖြေဆိုတတ်ကြကုန်။

ထို့ကြောင့် ဘုရားရှင်က—

"န ဘိက္ခဝေ ဗာလေန အဗျတ္တေန အနုသာသိတဗ္ဗော၊ ယော အနုသာသေယျ အာပတ္တိဒုက္ကဋဿ"

" အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန အနုသာသိတုံ"-

ဟု သိက္ခာပုဒ် ပညတ်တော်မူကာ ဗျတ္တ-ပဋိဗလ-ကျွမ်းကျင် လိမ္မာမှု ရှိသော ရဟန်းများကသာ ဆုံးမသွန်သင်ရမည်ဟု မိန့်ကြားတော်မူခဲ့၏။

သမ္မုတိမရသော ရဟန်းတို့က ဆုံးမသွန်သင်ကြသဖြင့်လည်း ဘုရားရှင်က သမ္မုတိမရသောရဟန်းက မဆုံးမ မသွန်သင်ရ-ဟု မိန့်တော်မူကာ သမ္မုတိ မရပဲ ဆုံးမက ဒုက္ကဋ်အာပတ်သင့်စေ-ဟု အပြစ်အာပတ်တပ်၍ ပညတ်တော်မူ ခဲ့၏။

"အတ္တနာဝါ အတ္တာနံ သမ္မန္နိတဗ္ဗံ၊ ပရေနဝါ ပရော သမ္မန္နိတဗ္ဗော"ဟု မိန့် တော်မူသောကြောင့်၊ မိမိကိုယ်တိုင်သော်လည်း မိမိကိုယ်ကို သမုတ်နိုင်၏။ သို့မဟုတ် တပါးသော ရဟန်းကသော်လည်း တပါးသော ရဟန်းကို သမ္မုတိပေးနိုင်၏။

## ကိုယ့်ကိုယ်ကိုသမုတ်ပုံ

သုဏာတု မေ ဘန္တေ သံဃော (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါ ပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (နာဂံ) အနုသာ- သေယျံ။

ရဟန်းတပါးက ရဟန်းတပါးကိုသမ္မုတိပေးပုံ

သုဏာတု မေ ဘန္တေ သံဃော (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော ယဒိ သံဃဿ ပတ္တကလ္လံ (ဗုဒ္ဓရက္ခိတော) (နာဂံ) အနု-သာသေယျ။

၄။ အနုသာသနကိစ္စ။ ။ထိုသို့သမုတ်ပြီးလျှင် သမ္မုတိရသော ရဟန်းသည် ရဟန်းလောင်းရှိရာသို့ သွားရောက်က သွန်သင် ဆုံးမရမည်။ ဆုံးမပုံအကျဉ်း—အကျယ်(၂)မျိုး နောက်၌ သီးခြားပြထား၏။ ဆုံးမ၍ပြီးလျှင် "န ဘိက္ခဝေ ဧကတော အာဂန္တဗ္ဗံ"ဟု ဘုရားရှင် မိန့်ကြားတော်မူခဲ့သောကြောင့် အနုသာသက ရဟန်းနှင့် ရဟန်းလောင်းတို့ အတူတကွ သံဃာ့ထံသို့ တပေါင်းတည်းမလာရ။

၅။ ဩသာရဏကိစ္စ။ ။အနုသာသက (ဆုံးမသည့်ရဟန်း)က ရှေးဦးစွာ တပါးတည်းသာ သံဃာ့အထံသို့ လာရောက်ပြီးလျှင် ရဟန်းလောင်းကို သွန်သင် ဆုံးမ၍ ပြီးကြောင်းကို အောက်ပါအတိုင်း သံဃာတော်များအား လျှောက်ထားပြီးလျှင် ရဟန်းလောင်းကို သံဃာ့အလယ်သို့ ခေါ်သွင်းရမည်။

ခေါ်သွင်းပုံကား

သုဏာတု မေ ဘန္တေ သံဃော၊ (နာဂေါ)အာယသ္မတော(တိဿဿ) ဥပသမ္ပဒါ ပေက္ခော၊ အနုသိဋ္ဌော သော (မယာ)၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ (နာဂေါ) အာဂစ္ဆေယျ။

အမောင်ပဉ္စင်းလောင်း-သံဃာ့အလယ်သို့ လာခဲ့ပါလော့-ဟု ခေါ်ရမည်။ ကိုယ်ဘိုင်သွန်သင်ဆုံးမသည်မဟုတ်ပဲ တပါးသော (ဗုဒ္ဓရက္ခိတ) ရဟန်းက သွန်သင်ဆုံးမခဲ့လျှင် မယာ-ဟူသော နေရာမှာ ဆုံးမသူ၏ဘွဲ့ (ဗုဒ္ဓရက္ခိတေန) ဟု ပြင်ဆင်ထည့်စွက်၍ ရွတ်ရမည်။

၆။ ဥပသမ္ပဒါယာဝနကိစ္စ။ ။ဘုရားရှင် လက်ထက်တော်က ရဟန်းတပါးသည်ပဉ္စင်းခံပြီးသည်၏ အခြားမဲ့၌ ကာလမကြာမီသာလျှင် ရဟန်းတို့အား မလျှောက်ပတ်သော အကျင့်ကိုကျင့်၏။

ထိုအခါ အခြားရဟန်းတို့က "ငါ့ရှင်-ဤသို့သော ရဟန်းတို့အား မလျှောက်ပတ်သော အမှုမျိုးကို မပြုပါလင့်၊ ဤအမှုကား ရဟန်းတို့နှင့် မအပ်စပ်ပါ"ဟု ဝိုင်းဝန်းပြောဆိုကြသောအခါ၊ အပြောခံရသူ ရဟန်းက—

"အကျွန်ုပ်က အရှင်ဘုရားတို့ကို ရဟန်းခံပေးပါဟု မတောင်းပန်ပဲ အဘယ်ကြောင့် အရှင်ဘုရားတို့က အကျွန်ုပ်ကို ရဟန်းခံပေးကြရကုန်သနည်း"ဟု အပြစ်တင်စကား ပြောဆိုသဖြင့် ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က–

"န ဘိက္ခဝေ အယာစိတေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ"

"အနုဇာနာမိ ဘိက္ခဝေ ယာစိတေန ဥပသမ္ပာဒေတုံ"

ရဟန်းတို့၊ (ရဟန်းခံပေးဖို့ရန်) မတောင်းပန်အပ်သော ရဟန်းသည် (ရဟန်းလောင်းကို) ရဟန်းခံမပေးရ၊ ရဟန်းခံပေးသူအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့၊ (ရဟန်းခံပေးဖို့ရန်) တောင်းပန်အပ်သော ရဟန်းသည်သာ (ရဟန်းလောင်းကို) ရဟန်းခံပေးဖို့ရန် အခွင့်ပြုတော်မူ၏ ဟု သိက္ခာပုဒ်ပညတ်ထားသောကြောင့် ရဟန်းလောင်းကို ကိုယ်ဝတ်စံပယ် တင်သည်ကိုပြုစေ၍ ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီစေပြီးလျှင်–

**သံဃာတော်တို့၏ ခြေတော်အစုံကို ရှိခိုးစေရမည်**

သံဃာတော်အရှင်မြတ်တို့ဘုရား– တပည့်တော်သည် ဥပသမ္ပဒကံ ဆောင်ရွက်ရန် ကြွရောက်တော်မူလာသော ဤသိမ်အပြင်ရှိ သံဃာတော်အပေါင်း၏ ခြေတော်အစုံကို ရိုသေစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

သံဃာတော်အရှင်မြတ်တို့ဘုရား–နှစ်ကြိမ်မြောက် နောက်ထပ်တဖန်လည်း တပည့်တော်သည် ဥပသမ္ပဒကံ ဆောင်ရွက်ရန် ကြွရောက်တော်မူလာသော သံဃာတော် အပေါင်း၏ ခြေတော်အစုံကို ရိုသေစွာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သံဃာတော်အရှင်မြတ်တို့ဘုရား–သုံးကြိမ်မြောက် နောက်ထပ်တဖန်လည်း တပည့်တော်သည် ဥပသမ္ပဒကံဆောင်ရွက်ရန် ကြွရောက်တော်မူလာသော သံဃာတော်အပေါင်း၏ ခြေတော်အစုံကို ရိုသေစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

ထိုသို့ရှိခိုးစေပြီးနောက် ရဟန်းပဥ္စင်း ပြုခွင့်ပေးပါရန် အဘောင်းပန်ခိုင်းရမည်။

**တောင်းပန်ပုံ ပါဠိ**

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

အနက်ကား။ ။ဘန္တေ၊ အရိယာသွယ်ဝင် ထေရ်အရှင်တို့ဘုရား။ အဟံ၊ တပည့်တော်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ ရဟန်းပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ ရိုသေပန်ဘွာ တောင်းပန်လျှောက်ထားပါ၏။ ဘန္တေ၊ အရိယာသွယ်ဝင် ထေရ်အရှင်တို့ဘုရား။ သံဃော၊ သံဃာတော်သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ သနားစောင့်ရှောက် ချီးမြှောက်မှုကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ မည်းညစ်သော အကုသိုလ်အဖို့မှ ဖြူစင်သော ကုသိုလ်အဖို့၌ တည်ပါစေလော့။ ဝါ၊ ပဉ္စင်းခံပေးပါလော့။

ဘန္တေ၊ အရိယာသွယ်ဝင် ထေရ်အရှင်တို့ဘုရား။ ဒုတိယမ္ပိ။နှစ်ကြိမ်မြောက်နောက်တဖန်လည်း။အဟံ၊ တပည့်တော်သည် (ပ)ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ သံသရာတည်းဟူသော ရေအယဉ်မှ ထုတ်နုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ပို့ဆောင်ကယ်တင်တော် မူပါလော့။ဝါ-ပဉ္စင်းခံပေးပါလော့။

ဘန္တေ၊ အရိယာသွယ်ဝင် ထေရ်အရှင်တို့ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်နောက်တဖန်လည်း။ (ပ)ဥလ္လုမ္ပတု-ဥဒ္ဓရတု၊နိမ့်ကျသော ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်အောင် ပို့ဆောင် ကယ်တင်တော်မူပါလော့၊ ဝါ-ပဉ္စင်းခံပေးပါလော့။

## သရဏဂုံ(၃)ပါးဖြင့် ရဟန်းပြုခွင့်ကို ပယ်တော်မူ၍ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုမှုကို ခွင့်ပြုတော်မူခြင်း

ဘုရားရှင် လက်ထက်တော်၌ အခါတပါးတွင် ရာမည်သော ပုဏ္ဏားတယောက်သည် ရဟန်းတော်တို့ထံ ချဉ်းကပ်၍ ရှင် ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ထားရာ ရဟန်းတို့က ထိုပုဏ္ဏားအား ရဟန်းပြုပေးရန် အလိုမရှိကြသည်ဖြစ်၍ ရဟန်းပြုမပေးပဲ ထားကြကုန်၏။

ရှင်ရဟန်း မပြုရသောကြောင့် စိတ်ဆင်းရဲသော ထိုပုဏ္ဏားသည် ကြုံလှီပိန်ချုံးလျက် အသွေးအသား ခေါင်းပါးကာ ရုပ်အဆင်းပျက် သစ်ရွက်ရော်ပမာ ဖျော့တော့သော အဆင်းရှိသည်ဖြစ်၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိရှာလေ၏။

ဘုရားရှင် ကိုယ်တော်မြတ်သည် ထိုသို့ဖြစ်နေသော ပုဏ္ဏားကို မြင်တော်မူ၍ ရဟန်းတို့အား မေးမြန်းတော်မူသောအခါ ရဟန်းတို့က ရဟန်းပြုခွင့်မရ၍ ထိုကဲ့သို့ ရုပ်အဆင်းပျက်လျက် ကြုံလှီပိန်ချုံး နေကြောင်းကို လျှောက်ထားကြရာ ဘုရားရှင်က ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့ အဘယ်သူသည် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါသနည်း"ဟု မေးတော်မူသောအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က "ဘုရားတပည့်တော် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါသည်ဘုရား"ဟု လျှောက်ထားရာ၊ ထိုအခါ ဘုရားရှင်က "သာရိပုတ္တရာ သင်သည် အဘယ်သို့လျှင် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါသနည်း"ဟု မေးမြန်းတော်မူလျှင် "အရှင်ဘုရား တပည့်တော် ဤရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်သောအခါ ထိုပုဏ္ဏားသည် တပည့်တော်အား ဆွမ်းတဇွန်း လောင်းလှူခဲ့ဖူးပါသည်ဘုရား၊ သို့အတွက်ကြောင့် တပည့်တော်သည် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါ၏ဘုရား"ဟု လျှောက်ထားသဖြင့် သာရိပုတ္တရာ ကောင်းလေစွ ကောင်းလေစွ၊ သာရိပုတ္တရာ-သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိတတ်ကြကုန်သည်သာတည်း၊ ကျေးဇူးတုံ့ဆပ်အပ်သည်ကိုလည်း သိတတ်ကြကုန်သည်သာတည်း၊သာရိပုတ္တရာ ဤသို့ဖြစ်လျှင် သင်သည် ထိုပုဏ္ဏားကို ရှင်ပြုပေးလော့၊ ပဉ္စင်းခံပေးလော့"ဟု မိန့်တော်မူလေ၏။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်က ဗာရာဏသီမြို့၌ နေတော်မူစဉ်အခါက သရဏဂုံ (၃) ပါးဖြင့် ရှင် ရဟန်းပြုပေးရန် ခွင့်ပြုတော်မူခဲ့ပြီးသည်ကို သိတော်မူလျက်ပင် ယခုအချိန်အခါ၌ ဘုရားရှင် ကိုယ်တော်မြတ်သည် သရဏဂုံဖြင့် ရဟန်းပြုရသည့် ပေါ့သော ထိုရဟန်းပြုမှု ဥပသမ္ပဒကံကို ပယ်တော်မူ၍ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုရသော ကြီးလေးသည့် ရဟန်းပြုနည်းမျိုးကို ခွင့်ပြုတော်မူလိုသည်ကို သိရှိသဖြင့် ဘုရားရှင်၏အလိုတော်ကို သိရှိသည့်အားလျော်စွာ—

"ကထာဟံ ဘန္တေ တံ ဗြာဟ္မဏံ ပဗ္ဗာဇေမိ ဥပသမ္ပာဒေမိ" မြတ်စွာဘုရား တပည့်တော်သည် အဘယ်သို့လျှင် ထိုပုဏ္ဏားကို ရှင်ရဟန်းပြုပေးရပါမည်နည်း—ဟု လျှောက်ထားသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတို့အား ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူပြီးလျှင်—

''ရဟန်းတို့ ဤနေ့မှစ၍ ငါဘုရား ခွင့်ပြုထားတော်မူခဲ့သော သရဏဂုံ (၃) ပါးဖြင့် ရဟန်းပြုမှုကို ပယ်ဖျက်တော်မူ၏၊ ဉတ်လျှင် (၄) ကြိမ်မြောက်ရှိသော ဉတ္တိစတုတ္ထကံဖြင့်သော ရဟန်းပြုဖို့ရန် ခွင့်ပြုတော်မူ၏'' ဟု မိန့်တော်မူကာ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူခဲ့၏၊ ဉတ္တိစတုတ္ထ ကမ္မဝါစာကိုလည်း ထုတ်ပြန်မိန့်ကြားတော်မူခဲ့၏။

၇။ ပုစ္ဆာကဉတ္တိထပနကိစ္စ။ ။ရဟန်းလောင်းကို ရဟန်းပြုပေးပါရန် သံဃာတော်တို့၏ အထံ၌ တောင်းပန်လျှောက်ထားခိုင်းပြီးသည့်နောက် ကမ္မဝါစာဖတ်မှု၌ ကျွမ်းကျင်လိမ္မာ၍ စွမ်းနည်းသတ္တိရှိသော ရဟန်းတပါးပါးက သံဃာကိုသိစေရမည်။

သိစေရပုံ ဉတ်ပါဠိ

''သုဏာတု မေ ဘန္တေ သံဃော၊ အယံ (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ အဟံ (နာဂံ) အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ''။

မြန်မာပြန်။ ။အရှင်ဘုရား့တို့ သံဃာတော်သည် အကျွန်ုပ်၏စကားကို နားဆင်တော်မူပါလော့၊ (နာဂ) အမည်ရှိသော ဤရဟန်းလောင်းသည် အရှင် (တိဿ)၏ ရဟန်းလောင်းပါတည်း၊ အကယ်၍ သံဃာတော်၏ ပုစ္ဆာဉတ္တိသမ္မုတိကံသည် လျောက်ပတ်သော အခါရှိခဲ့ငြားအံ့၊ အကျွန်ုပ်သည် (နာဂ) အမည်ရှိသော ရဟန်းလောင်းကို အန္တရာယ်ကို ပြုတတ်သော သဘောတရားတို့ကို စစ်ဆေးမေးမြန်းပါအံ့ဟု သိစေရမည်။

၈။ ပုစ္ဆနကိစ္စ။ ။ထိုသို့ သိစေပြီးနောက် ရဟန်းလောင်းအား အန္တရာယိကဓမ္မများ ရှိမရှိ စစ်ဆေးမေးမြန်းရမည်၊ မေးမြန်းပုံကို ရဟန်းလောင်း ဆုံးမခန်း၌ ပြဆိုလတ္တံ့၊ စစ်ဆေး မေးမြန်း ပြီးသည့်နောက် အန္တရာယိကဓမ္မတို့မှ သန့်ရှင်းစင်ကြယ်၍ အပြစ်ကင်းသော ရဟန်းလောင်း ဖြစ်ခဲ့လျှင်၊ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံခြင်း (၉) ခုမြောက်ဖြစ်သော ပဓာနကိစ္စကို ဆောင်ရွက်ရမည်။

၉။ ဥပသမ္ပဒ ပဓာနကိစ္စ။ ။ပဥ္စင်းခံခြင်း ဥပသမ္ပဒပဓာနကိစ္စကို ဆောင်ရွက်ရာ၌ လွန်စွာအရေးကြီးလှ၏၊ ပါဠိတော်ဝယ် ဘုရားရှင်က–

''ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော'' ဟု မိန့်တော်မူခဲ့သောကြောင့် ဗျတ္တ ပဋိဗလဖြစ်သော ရဟန်းများသာ ကမ္မဝါစာရွတ်ဖတ်ရမည်၊ ဗျတ္တ ပဋိဗလ မဟုတ်သော ရဟန်းများ အကြိမ်ပေါင်းရာ ထောင်ပင် ဖတ်သော်လည်း ရဟန်းလောင်း ရဟန်းမဖြစ်နိုင်။

ကမ္မဝါစာဖတ်မှု၌ ကျွမ်းကျင် လိမ္မာသော ရဟန်းကို ဗျတ္တ-ဟု ခေါ်သည်၊ ကမ္မဝါစာ ဖတ်မှု၌ ကျွမ်းကျင်လိမ္မာသူပင် ဖြစ်စေ စွမ်းရည်သတ္တိမရှိ ပရိသတ်ထဲ၌ အလဲ့လဲ့ အချော်ချော် ရှုံ့တီး ရှုံ့တွံ့ဖြစ်နေလျှင် ပဋိဗလ မဟုတ်၊ စွမ်းရည်သတ္တိရှိသူလည်း ဖြစ်မှ ကမ္မဝါစာကို ဖတ်ရမည်။

ကျွမ်းကျင်လိမ္မာသူ–ဗျတ္တပုဂ္ဂိုလ်။ ။“ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ာတိ၊ တ္တေ ဗျတ္တော ာမ ယသာ သာဋ္ဌကတံ ဝိနယပိဋ္ဌကံ ဝါစုဂ္ဂတံ ပဝတ္တတိ”ဟု အဋ္ဌကထာဆရာ ဖွင့်ပြထားသောကြောင့်၊ အဋ္ဌကထာနှင့်တကွ ဝိနည်းပိဋကတ်ကို နှုတ်တက်ရသော ရဟန်းမျိုးကို ဗျတ္တဘိက္ခု=ကျွမ်းကျင်လိမ္မာသည့် ရဟန်းဟု ဆိုသည်။

ဤယခုပြခဲ့သော နည်းကား အထွတ်အထိပ်သို့ ရောက်သော အကောင်းဆုံး ဗျတ္တဘိက္ခုမျိုးကို ပြသောစကားဖြစ်၏။

“တသ္မိံ အသတိ ယဿ အန္တမသော ဣဒံ ဥတ္တိစတုတ္ထ ကမ္မဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယမ္ပိ ဣမသ္မိံ အတ္ထေ ဗျတ္တော”ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ဆိုထားသောကြောင့် အယုတ်ဆုံးအားဖြင့် နောက်ပိတ်ဆုံး ကမ္မဝါစာဆရာ လုပ်မည့်သူသည် ဤဥပသမ္ပဒကမ္မဝါစာလောက်ကိုတော့ ဆရာသမားတို့ထံ နည်းခံသင်ယူပြီးနောက် နှုတ်တက်ရစေရမည်၊ ထိုမျှလောက် ရသူ ရဟန်းသည်သာ ဗျတ္တဘိက္ခုမည်၏ဟု အဋ္ဌကထာဆရာ ပြဆိုသည်။

မှတ်ချက်။ ။ဝါစုဂ္ဂတံပဝတ္တတိ=နှုတ်တက်ရ ရမည်ဟူသော ဖွင့်ပြချက်မှာ ရှေးအာဂုံခေတ် (စာအုပ်ပေစာ မရှိသေးသည့်ခေတ်)က နှုတ်တက်အာဂုံမရက မဖြစ်သဖြင့် ဖွင့်ဆိုအပ်သော စကားဖြစ်၏၊ ယခုခေတ်မှာမူကား စာအုပ်ပေစာများသာမက စာလုံးကြီးတွေ မန်ကျည်းစေ့လောက်ရှိသော ကမ္မဝါစာတွေ ရှိနေသောကြောင့် နှုတ်တက်အာဂုံမရသော်လည်း ကိစ္စမရှိ၊ ကံကိုထိခိုက်နိုင်ဖွယ် မရှိပါ။

“သုဂ္ဂဟိတံဟောတိ”ဟူသော ညွှန်ကြားချက်အရသာလျှင် ဌာန်, ကရိုဏ်း ပိပိသသ ရွတ်ဖတ်တတ်၍ ကမ္မဝါစာ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ဖို့သာ အရေးကြီးလှ၏။

ထိုသို့ဖြစ်လျှင်ပင် ဗျတ္တဘိက္ခုဖြစ်တော့၏။

စွမ်းရည်သတ္တိရှိသူ–ပဋိဗလပုဂ္ဂိုလ်။ ။ယောပန ကာသ သောသ သေမှာဒိနာဝါဂေလညေန ညြဋ္ဌဒန္တ ဇိဘှာဒိနံဝါ အသမ္ပတ္တိယာ ပရိသတိဝါ အကတပရိစယတ္တာ နသက္ကောတိ ပရိမဏ္ဍ-

လေဟိ ပဒဗျဥ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံဝါ ပဒံဝါ ဟာပေတိ၊ အညထာဝါ ဝတ္တုမ္ပိ အညထာ ဝဒတိ အယံ အပ္ပဋိဗလော၊ တဗ္ဗိပရိတော လ္လမသ္မိ အတ္ထေ ပဋိဗလောတိ ဝေဒိတဗ္ဗော။

ဟူ၍ အဋ္ဌကထာဖွင့်ဆိုထားသောကြောင့် ချောင်းဆိုးရောဂါ၊ ပန်းနာရောဂါ၊ သလိပ်ရောဂါ အစရှိသော ရောဂါကြောင့် ဖြစ်စေ၊ နှုတ်ခမ်း, သွား, လျှာ-စသော ပါးစပ်အင်္ဂါတို့၏ ချို့တဲ့ခြင်းကြောင့် ဖြစ်စေ၊ ပရိသတ်အလယ်၌ ပြောဆိုရွတ်ဖတ်မှု အလေ့အလာမရှိသဖြင့် ကြောက်ရွံ့နေသောကြောင့် ဖြစ်စေ၊ အထက်ပါ အကြောင်း (၃) ချက်တို့တွင် တခုခုကြောင့်ပင် ဌာန်ကရိုဏ်း မှန်ကန်အောင် မရွတ်ဆိုနိုင်သော ရဟန်း၊ အက္ခရာတလုံး ပုဒ်တခုစသည် မပါဝင်ပဲ ကျရစ်စေသော ကျန်နေခဲ့စေသော ရဟန်းမျိုးသည်လည်းကောင်း၊ သိထိလဖြင့် ရွတ်ရမည်ကို ဓနိတ၊ ဓနိတဖြင့် ရွတ်ဆိုရမည်ကို သိထိလ၊ ဒန္တဌာန်ဖြင့် ရွတ်ဆိုရမည်ကို မုဒ္ဓဌာန် စသည်ဖြင့် ရွတ်ဆိုသော ရဟန်းမျိုးသည်လည်းကောင်း၊ ပဋိဗလ ရဟန်းမဟုတ်။

ထိုမှ ပြန်သောအားဖြင့် ပုဒ်, ပါဠိ, အက္ခရာ, အကျအနမရှိ ဌာန်ကရိုဏ်းစသည် မှန်ကန် ပီသ ကျနစွာရွတ်ဖတ်နိုင်မှု စွမ်းရည်သတ္တိရှိသော ရဟန်းမျိုးသည် ပဋိဗလ ဘိက္ခုမည်၏ဟု ဖွင့်ဆိုထား၏။

ထိုသို့ ကျမ်းကျင် လိမ္မာမှု ဗျတ္တဂုဏ်၊ စွမ်းရည်သတ္တိရှိမှု ပဋိဗလဂုဏ် (၂) ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသာ ကမ္မဝါစာများကို ရွတ်ဖတ်ရမည်၊ ရွတ်ဖတ်မှု ချွတ်ယွင်းက ဉတ္တိဝိပတ္တိ ကမ္မဝါစာဝိပတ္တိဖြစ်၍ ကံပျက်ကာ အလိုရှိအပ်သောအကျိုး ပြီးမြောက်အောင်မြင်မှု မဖြစ်နိုင်။

## အစပဌမ မူလ ဥပသမ္ပဒကမ္မဝါစာ

### ဉတ်ပါဠိ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (နာဂေါ) အာယသ္မတော (တိဿဿ)ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (နာဂံ) ဥပသမ္ပာဒေယျ၊ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

### ကမ္မဝါစာပါဠိ-

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ သံဃော (နာဂံ) ဥပသမ္ပာဒေတိ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ ယဿာ ယသ္မတော ခမတိ (နာဂဿ) ဥပသမ္ပဒါ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ– တေမတ္ထံ ဝဒါမိ။

တတိယမ္ပိ– တေမတ္ထံ ဝဒါမိ။

ဥပသမ္ပန္နော သံဃေန (နာဂေါ) အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာတုဏှီ၊ ဧဝမေတံ ဓာရယာမိ။

နောက်သောအခါ–

ရဟန်းလောင်းတယောက်ကို ရဟန်းခံပေးပါရန် သူကိုယ်တိုင်က မတောင်းပန်ပဲနှင့် ရဟန်းတော်များက ရဟန်းခံပေးမိ၍ မသင့်တော်သော ဧလုပ်ကို ပြုလုပ်သဖြင့် တားမြစ်ပြောဆို ဆုံးမကြရာ အပြောအဆို အဆုံးအမ မခံ ပြန်လှန်ပြောဆို နှုတ်လှန်ထိုးသည်ကို ဘုရားရှင် သိတော်မူသောကြောင့် "ချစ်သားတို့ ရဟန်းလောင်းဖြစ်သူက ရဟန်းပြုပေးပါရန် မတောင်းပန် မပန်ကြား မလျှောက်ထားပဲ ရဟန်းပြုမပေးရ" ဟု သိက္ခာပုဒ်တော်ပညတ်တော်မူပြီးလျှင် 'ဉတ်–ကမ္မဝါစာ' တို့၌ (နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ) ဟူသော ပါဠိကို နောက်ထပ်ဖြည့်စွက်ကာ ထည့်တော်မူခဲ့၏။

ထို့နောက်မှာ သပိတ် သင်္ကန်းမရှိသော ရဟန်းလောင်း၊ ခေတ္တခဏမျှ ငှားရမ်းသော သပိတ် သင်္ကန်းရှိသော ရဟန်းလောင်းတို့ကို ရဟန်းတော်များက ရဟန်းခံပေးကြသည့်အတွက် သပိတ် သင်္ကန်းမရှိသောရဟန်းလောင်း၊ ခေတ္တခဏတာမျှ ငှားရမ်းအပ်သော သပိတ် သင်္ကန်းရှိသော ရဟန်းလောင်းများကို ရဟန်းခံမပေးရ–ဟု သိက္ခာပုဒ်များ ပညတ်တော်မူပြီးလျှင် "ဉတ်–ကမ္မဝါစာ" ပါဠိများကို "ပရိပုဏ္ဏဿ ပတ္တစီဝရံ" ဟု ထပ်ဆင့်၍ ဉတ်–ကမ္မဝါစာ ပါဠိတိုးကာ ခွင့်ပြုတော်မူရပြန်၏။

ထို့နောက် တဖန် ရဟန်းဖြစ်ခြင်း၏ အန္တရာယ်ကို ပြုတတ်ကုန်သော–

၁။ အဘဗ္ဗ ပုဂ္ဂိုလ်မျိုး၊

၂။ အနာကြီး (၅) မျိုး ရှိသော ပုဂ္ဂိုလ်မျိုး၊

၃။ အနုသာသန ခန်းတွင် ပါဝင်သော အပြစ်တို့မှ မလွတ်သောပုဂ္ဂိုလ်မျိုးတို့ကို ရဟန်းပြုပေးထားကြသည်ကို ဘုရားရှင် သိတော်မူသဖြင့် ၎င်းအန္တရာယိကဓမ္မတို့မှ မကင်းလွတ်သူ ရဟန်းလောင်းများကို ရဟန်းပြုမပေးရ–ဟု တင်းတင်းကြပ်ကြပ် အမိန့်ထုတ်တော်မူ၍ ဉတ်–ကမ္မဝါစာ ပါဠိတော်၌– "ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ" ဟူသော စကားရပ်ကို နောက်ထပ်တဖန် ဖြည့်စွက်တော်မူကာ ဉတ်–ကမ္မဝါစာ ပါဠိတို့ကို ခွင့်ပြုတော်မူရပြန်၏။

ဤသို့လျှင် ဥတ်-ကမ္မဝါစာ ပါဠိကို နောက်ဆပ်(၃)ကြိမ် (၃)ခါတိုင်းတိုင် အနုပညာအနေဖြင့် ဖြည့်စွက်၍ ပညာဘ်အောင်မှုခဲ့ရသည်၊

## အပြည့်အစုံ ဥပသမ္ပဒ ကမ္မဝါစာ

ဥတ်ပါဠိ—

သုဏာတု မေ ဘန္တေ သံဃော၊ အယံ(နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ (နာဂေါ) သံဃံ ဥပသမ္ပဒံ ယာစတိ၊ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (နာဂံ) ဥပသမ္ပာဒေယျ အာယသ္မတာ(တိဿေန) ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

ကမ္မဝါစာပါဠိ—

သုဏာတု မေ ဘန္တေ သံဃော၊ အယံ(နာဂေါ)အာယသ္မတော(တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ (နာဂေါ) သံဃံဥပသမ္ပဒံ ယာစတိ၊ အာယသ္မတာ (တိဿေန)ဥပဇ္ဈာယေန၊ သံဃော(နာဂံ) ဥပသမ္ပာဒေတိ၊ အာယသ္မတာ(တိဿေန) ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ(နာဂဿ) ဥပသမ္ပဒါ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

ဥပသမ္ပန္နော သံဃေန(နာဂေါ အာယသ္မတာ(တိဿေန) ဥပဇ္ဈာယေန၊ ခမတိ သံဃဿ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဥတ်ပါဠိ၏အနက်

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ တပည့်တော်၏(ဝစနံ၊ ပြောဆိုလျှောက်ထားသည့်စကားကို။) သုဏာတု၊ နားဆင်တော်မူပါလော့။ ဝါ-နားဆင်တော်မူပါဘုရား။

အယံနာဂေါ၊ ဤနာဂသည်။ အာယသ္မတောတိဿဿ၊ အရှင်တိဿ၏။ ဥပသမ္ပဒါပေက္ခော၊ မြင့်မြတ်သော ရဟန်းပဉ္စင်း အဖြစ်ကို ရှုငဲ့သူပါတည်း။ ဝါ၊ ရဟန်းလောင်းပါတည်း။ အန္တရာယိကေဟိ၊ အန္တရာယ်ကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ သဘောတရားတို့မှ။ ပရိသုဒ္ဓေါ၊ သန့်ရှင်းစင်ကြယ်ပါပြီ။ အဿ၊ ထိုရဟန်းလောင်းအား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။

ပရိပုဏ္ဏံ၊ ပြည့်စုံပါပြီ။ နာဂေါ၊ နာဂသည်။ အာယသ္မတာတိဿေန၊ အရှင်တိဿမည်သော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်ကို။ ယာစတိ၊ ရိုသေပန်ထွာ လျှောက်ထား တောင်းပန်ပါ၏။

သံဃော၊ သံဃာတော်၏။ (ကမ္မံ၊ ဥပသမ္ပဒကံသည်။) ပတ္တကလ္လံ၊ လျှောက်ပတ်သောအခါရှိသည်။ ယဒိ (သိယာ)၊ အကယ်၍ ဖြစ်ငြားအံ့။ (ဝေ်သတိ၊ ဤသို့ဖြစ်ခဲ့သော်။) သံဃော၊ သံဃာတော်သည်။ နာဂံ၊ နာဂကို။ အာယသ္မတာတိဿေန၊ အရှင်တိဿမည်သော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ ဥပသမ္ပာဒေယျ၊ မြင့်မြတ်သော ရဟန်းပဉ္စင်း အဖြစ်သို့ ရောက်စေရာပါ၏။ ဝါ၊ ရဟန်းပြုပေးရာပါ၏။

ဧသာ၊ ဤသည်ကား။ ဉတ္တိ၊ ဉတ်ပါတည်း။ ဝါ-သံဃာအားကို သိစေခြင်းပါတည်း။

ကမ္မဝါ-ပါဠိ၏အနက်

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ တပည့်တော်၏။ (ဝစနံ၊ ပြောဆိုလျှောက်ထားသည့် စကားကို။) သုဏာတု၊ နားဆင်တော် မူပါလော့။ ဝါ-နားဆင်တော်မူပါ ဘုရား။

အယံနာဂေါ၊ ဤနာဂသည်။ အာယသ္မတောတိဿဿ၊ အရှင်တိဿ၏။ ဥပသမ္ပဒါပေက္ခော၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်ကို ရှုငဲ့သူပါတည်း။ ဝါ-ရဟန်းလောင်းပါတည်း။

အန္တရာယိကေဟိ၊ အန္တရာယ်ကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ သဘောတရားတို့မှ။ ပရိသုဒ္ဓေါ၊ စင်ကြယ်ပါပြီ။ အဿ၊ ထိုရဟန်းလောင်းအား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါပြီ။

နာဂေါ၊ နာဂသည်။ အာယသ္မတာတိဿေန၊ အရှင်တိဿဟူသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ မြင့်မြတ်သောရဟန်းပဉ္စင်း အဖြစ်ကို။ ယာစတိ၊ ရိုသေပန်ထွာ လျှောက်ထား တောင်းပန်ပါ၏။

သံဃော၊ သံဃာတော်သည်။ နာဂံ၊ နာဂကို။ အာယသ္မတာတိဿေန၊ အရှင်တိဿဟူသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ ဥပသမ္ပာဒေတိ၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်စေပါ၏။ ဝါ-ရဟန်း ပြုပေးပါ၏။

အာယသ္မတာတိဿေန၊ အရှင်တိဿဟူသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ နာဂဿ၊ နာဂ၏။ ဥပသမ္ပဒါ၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ခြင်းသည်။ ယဿာယသ္မတော၊ အကြင်အရှင်အား။ ခမတိ၊ နှစ်သက်၏။ သော၊ ထိုနှစ်သက်သောအရှင်သည်။ တုဏှိ၊ ဆိတ်ဆိတ်။ အဿ၊ ဖြစ်ရာ၏။ ဝါ၊ဖြစ်ပါလော့။

ယဿ အာယသ္မတော၊ အကြင်အရှင်အား။ အာယသ္မတာတိဿေန၊ အရှင်တိဿဟူသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ နာဂဿ၊ နာဂ၏။ ဥပသမ္ပဒါ၊ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခြင်းသည်။ နက္ခမတိ၊ မနှစ်သက်။ သော၊ ထိုမနှစ်သက်သော အရှင်သည်။ ဘာသေယျ၊ ငါမနှစ်သက်ဟု ကန့်ကွက်ပြောဆိုရာပါ၏။ ဝါ-ပြောဆိုပါလော့။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက် နောက်ထပ်တဖန်လည်း။ ဧတမတ္ထံ၊ ဤအနက်အဓိပ္ပာယ်ကို။ ဝဒါမိ၊ ပြောဆိုလျှောက်ထားပါ၏။

(သုဏာတု မေ-စသည်ကို အနက်ပေး)

တတိယမ္ပိ၊ သုံးကြိမ်မြောက် နောက်ထပ်တဖန်လည်း။ ဧတမတ္ထံ၊ ဤအနက်အဓိပ္ပာယ်ကို။ ဝဒါမိ၊ ပြောဆိုလျှောက်ထားပါ၏။

(သုဏာတု မေ-စသည်ကို အနက်ပေး)

သံဃေန၊ သံဃာတော်သည်။ အာယသ္မတာတိဿေန၊ အရှင်တိဿဟူသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ နာဂေါ၊ နာဂကို။ ဥပသမ္ပန္နော၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်စေအပ်ပါပြီ။ အာယသ္မတာတိဿေန၊ အရှင်တိဿဟူသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ နာဂဿ၊ နာဂ၏။ ဥပသမ္ပဒါ၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သည်။ သံဃဿ၊ သံဃာတော်အား။ ယသ္မာ၊ အကြင့်ကြောင့်။ ခမတိ၊ နှစ်သက်ပါ၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်။ (အာသိ၊ ဖြစ်ပြီ။)

ဧဝံ၊ ဤသို့ ဆိတ်ဆိတ်နေခြင်းကြောင့်။ ဧတံ၊ ဤနှစ်သက်သည်၏အဖြစ်ကို။ ဝါ-ဤနှစ်သက်ကြောင်းကို။ ဓာရယာမိ၊ သိမှတ်ရပါ၏။

## ဥတ်နှင့် ကမ္မဝါစာ

ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော-အရ၊ သံဃာတော်အား သိစေပုံ စကားရပ်ကို "ဥတ်"ဟု ခေါ်၏။ ထိုဥတ်စကားရပ်၏ အဆုံး၌ သိစေပုံ စကားဖြစ်ကြောင်းကို နိဂုံးအုပ်၍ပြသော စကားဝါကျကား "သောဉတ္တိ"ဟူသော နိဂုံးဝါကျကလေးတည်း။

ဥတ်၏နောက်၌ "သုဏာတု မေ ဘန္တေ"စသော စကားရပ်ကို "ကမ္မ-ဝါစာ"ဟု ခေါ်၏။

ဉာပနံ-ဥတ္တိ၊ ဉာပနံ၊ သံဃာတော်တို့အား သိစေခြင်းတည်း။ ဥတ္တိ၊ သံဃာတော်တို့အား သိစေခြင်း။

ကမ္မဿဝါစာ-ကမ္မဝါစာ၊ ကမ္မဿ၊ ဥပသမ္ပဒစသောကံ၏။ ဝါ-ဥပ-သမ္ပဒစသောကံကို။ ဝါစာ၊ ပြောဆိုကြောင်း ဖြစ်သော စကားတည်း။ ကမ္မဝါစာ၊ ဥပသမ္ပဒစသောကံကို ပြောဆိုကြောင်း ဖြစ်သောစကား။

## သောဥတ္တိမပါသော ဥတ်

နောက်၌ ကမ္မဝါစာ မပါမူ၍ ဥတ်ကို ရွတ်ဆိုရုံမျှဖြင့် ပြီးသော "ဥတ္တိကံ"ဟူသမျှတို့၌ သောဥတ္တိ-ဟု မပါရ။

နောက်၌ ကမ္မဝါစာပါသည့် နေရာမျိုး၌သာ သောဥတ္တိ-ဟု ပါရသည်။

### ကမ္မဝါစာကိုပင် အနုဿာဝန-ဟု ခေါ်ဆိုရပုံ

ကမ္မဝါစာကိုပင် အနုဿာဝိယတေ ဧတနာတိ အနုဿာဝနံ-ဟု ဝိဂ္ဂြိုဟ်ပြု၍ သံဃာတော်တို့အား အဖန်ဖန် (သုံးကြိမ် တိုင်အောင်) ကြားသိစေကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ (တနည်းအားဖြင့်) သံဃာတော်အား ဥတ်၏နောက်၌ ကြားသိစေကြောင်း ဖြစ်သော ကြောင့်လည်းကောင်း၊ အနုဿာဝန-ဟု ခေါ်ရသည်။

ပထမနည်း၌၊ အနုသဒ္ဒါ—အဖန်ဖန်ဟူသော အနက်ဟော၏။

ဒုတိယနည်း၌၊ အနုသဒ္ဒါ—ဥတ်၏ နောက်၌ဟူသော အနက်ဟော၏။

ဥတ္တိဒုတိယကမ္မဝါစာ အမျိုး၌—အနုသဒ္ဒါ၏အနက်ကို ဥတ်၏နောက်၌ ဟူသောအနက်၊အဖန်ဖန် (သုံးကြိမ်တိုင်အောင်) ဟူသောအနက် (၂) မျိုးလုံးပင် ယူနိုင်၏။

ထိုသို့ ဥတ်၏နောက်၌ သံဃာတော်အား ကြားသိစေကြောင်း စကားရပ်ဖြစ်သောကြောင့် လည်းကောင်း၊ အဖန်ဖန် (သုံး ကြိမ် တိုင် အောင်) ကြားသိစေကြောင်း စကားရပ်ဖြစ်သောကြောင့်လည်းကောင်း ကမ္မဝါစာကိုပင် အနုဿာဝနဟု ခေါ်ဆိုရသည်။

## ကမ္မဝါဖတ်ပုံ နည်းမျိုးစုံ

ပါဠိတော်၌ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" ဟူသောစကားတော်တွင် "ဘိက္ခုနာ"ဟူသော ဧကဝုစ်စကားကို မြတ်စွာဘုရား မိန့်ကြားထားတော် မူသောကြောင့် ရဟန်းခံခြင်း ဥပသမ္ပဒကံ

စသေးကံတို့ကို ပြုလုပ်ရာ၌ ဗျတ္တ ပဋိဗလဖြစ်သော ရဟန်း ( ၁ ) ပါးတည်း ကမ္မဝါ ဖတ်ခြင်းသည်သာလျှင် ပါဠိတော်နှင့် ကိုက်ညီပေ၏။

ယခုခေတ်အခါ၌ (၃) ပါးတတွဲ၊ (၃) ပါးတတွဲဖြင့် (၃–၄) ဆိုင်း ကမ္မဝါ ဖတ်ကြသည်မှာကား၊ ပါဠိဘဘာလာသည့်အတိုင်းတော့ မဟုတ်ပါ။ သို့သော် ထိုသို့ဖတ်သော်လည်း အပြစ်မရှိ၊ (၃) ပါး တတွဲတွဲ၌ (၃–၄ ဆိုင်း) ရွတ်ဖတ်ခြင်းသည်၊ တပါးကမပီမပြင်ခဲ့သော်လည်း တပါးပါးက ပီပြင်လျှင် ကံမြောက်နိုင်၏- ဟုရည်ရွယ်၍ ရွတ်ဖတ်ကြခြင်း ဖြစ်၏။

(၂) ပါး (၃) ပါးတွဲ၍ ကမ္မဝါစာဖတ်ရာ၌သည်း၊ တပါးကဥတ်သာ ပီသ၍၊ တပါးက ကမ္မဝါစာသာ ပီသလျှင် ကံအထမြောက် မအောင်မြင်နိုင်၊ ကမ္မဝါစာဖတ်သူပုဂ္ဂိုလ်အားလုံး အစအဆုံး ကမ္မဝါစာတလျှောက်လုံး ပီပီ သသ ဌာန်ကရိုဏ်းကျနစွာ ကံအထမြောက် အောင်မြင်နိုင်၏ အယုတ်ဆုံး တပါးက အစအဆုံးပီပီသသ ရွတ်ဖတ်နိုင်မှသာ ကံအထမြောက်အောင်မြင် နိုင်သည်။

### သံဃာအားလုံး တပြိုင်နက် ကမ္မဝါဖတ်ကြသေး၏

တချို့အရပ်ဒေသတို့၌ ကမ္မဝါစာကို သိမ်တွင်းရှိ သံဃာအားလုံး တပြိုင် နက်တည်း ရွတ်ဖတ်ကြသေး၏။ ၎င်းနည်းသည်လည်း (၃) ပါး တပြိုင်နက် ရွတ်သောနည်းနှင့် အတူတူပင်ဖြစ်၏။ဘယ်လောက်ပင်များများ ရွတ်ဖတ်သူ ပုဂ္ဂိုလ်များက ကမ္မဝါစာ အစအဆုံး အကျအကျန်မရှိ ပီပီသသ ဌာန်ကရိုဏ်း ကျနစွာ ရွတ်ဖတ်နိုင်မှသာ ကံအောင်မြင်နိုင်သည်။

**အကောင်းဆုံးနည်းမှာ—**

တပါးစီ ကမ္မဝါစာရွတ်ဖတ်ခြင်းသည်သာ ပါဠိတော်နှင့်ညီ၍ အကောင်း ဆုံးဖြစ်၏။ (၂) ပါး (၃) ပါး တွဲ၍ရွတ်ဖတ်ခဲ့လျှင် ဖြေးဖြေး ပီပီသသ အကျအကျန် အကျော်မရှိရအောင် ညှိကာ ရွတ်ဖတ်ရမည်။ အများအားလုံး တပြိုင်နက် ဝိုင်းရွတ်သော နည်းကား ချောင်းဆိုးခြင်း၊ တံတွေးမျိုခြင်း အမှီလိုက်ရခြင်း စသော အကြောင်းများကြောင့် လည်းကောင်း၊ အခြား ပုဂ္ဂိုလ်များနှင့် ညီအောင်ညှိ၍ လိုက်နေရသဖြင့် ဌာန်ကရိုဏ်းမှန်ကန်အောင် သတိထားဖို့ လစ်ဟင်းနိုင်သောကြောင့် လည်းကောင်း စိတ်မချရသောနည်း သာဖြစ်၏၊ အပြစ်တော့မရှိပါ။

### ဥပဇ္ဈာယ်ဆရာ—ကမ္မဝါဖတ်ကောင်း—မဖတ်ကောင်း

ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ကမ္မဝါစာရွတ်ဖတ်ကောင်း၏။

"သစေ ပန ဥပဇ္ဈာယော သယမေဝ အတ္တနော သဒ္ဓိဝိဟာရိကံ အနုဿာ ဝေတိ ဧတ္တဝတ္တာပိမေဝ နတ္ထိ၊ ကမ္မံသုကတမေဝ ဟောတိ" ဝိမတိဋီကာ။

ကခ်ါဋ္ဌကထာဟောင်း၌ကား ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ကမ္မဝါစာကို မဖတ် ကောင်းဟု ဆို၏။

ထိုစကားကို အထက်ပါ ဝိမတိဋီကာစကားဖြင့် ပယ်ပါလေ။

## ပါရာဇိက ကျနေသူ ရဟန်းက ကမ္မဝါဖတ်လျှင် ရဟန်းဖြစ်—မဖြစ်

ပါရာဇိက ကျနေသော်လည်း ရဟန်းအသွင်ဖြင့် ရှိနေသေးလျှင် (ဝန်ခံကာ လူမထွက်သေးလျှင်) ထိုပုဂ္ဂိုလ်က ကမ္မဝါစာရွတ်ဖတ်သော်လည်း ထိုပုဂ္ဂိုလ်မပါ၊ သံဃာလေးပါးကိုနှင့်လျှင် ကံထမြောက် အောင်မြင်၏။ ရဟန်း အသွင် မရှိတော့ပဲ လူ့အသွင်ဖြင့် ရွတ်ဖတ်လျှင်ကား ကံမမြောက်တော့ပါ။

> တထာ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" တိ ဝစနတော ထေယျသံဝါသကာဒိ အာစရိယေဟိ အနုဿာဝနာယ ကတာယ ဥပသမ္ပဒါ နရုဟတိ၊ တေသံ အဘိက္ခုတ္တာတ် ဝစနပ္ပိ နဂဟေတဗ္ဗံ၊ ကိဉ္စ ဘိယျော ဣမာနိ ဧတ္တာနိ ကမ္မာနိ ပဉ္စဟာကာရေဟိ ဝိပဇ္ဇန္တိတိအာဒိနာ နယေန ကမ္မာနံ သမ္ပတ္တိ ဝိပတ္တိယာ ကထိယမာနာယ သတ္တဟိ အာကာရေဟိ ကမ္မာနိ ဝိပဇ္ဇန္တိ ဝတ္ထုတော ဝါ ဉတ္တိတော ဝါ အနုဿာဝနတော ဝါ သီမတော ဝါ ပရိသတော ဝါ ဥပဇ္ဈာယတော ဝါ အာစရိယတော ဝါတိ အကထိတတ္တာ န ဂဟေတဗ္ဗံ။
> ဝိနယာလင်္ကာရဋီကာ။

ထေယျသံဝါသကပုဂ္ဂိုလ် ပါရာဇိကကျသောပုဂ္ဂိုလ် စသူတို့ ကမ္မဝါစာ ဆရာလုပ်၍ ကမ္မဝါဖတ်လျှင် ကံမမြောက်။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်တို့၏ ရဟန်းမဟုတ်သော ကြောင့်တည်း ဟု ဆိုသောစကားကို (နဂဟေတဗ္ဗံ) မှန်သည်ဟု မယူအပ်။

အကြောင်းမှာ:ကား။ ဥပသမ္ပဒကံ–စသော ထိုထိုကံတို့ ပြည့်စုံခြင်း ပျက်စီးခြင်း၏ အကြောင်း အင်္ဂါတို့ကို ဟောတော်မူရာ ( ငံ–၅·၃၁၀–ပိဋ္ဌေ ) ဝိနည်းပါဠိတော်၌ ဝတ္ထုတောဝါ ဉတ္တိ တောဝါ အနုဿာဝနတောဝါ သီမတောဝါ ပရိသတောဝါ–ဟု (၅)ပါး သာ ဟောတော်မူ၏။

ဥပဇ္ဈာယတော၀ါ အာစရိယတော၀ါဟု (၂)ပါးထည့်၍ (၇)ပါး ဟောတော် မမူသောကြောင့် လည်းကောင်း, ရှေးက ရဟန်းဖြစ်လျက် နောက်အခါ ပါရာဇိကကျနေသူက အကယ်၍ ကမ္မဝါစာဖတ်ငြားအံ့၊ သံဃာတော်ကလည်း ၎င်းပုဂ္ဂိုလ် ပါရာဇိက ကျနေသူမှန်းမသိပဲ ရဟန်းဟုအမှတ်သညာ ရှိနေငြားအံ့၊ ထိုသို့ ရဟန်းအသွင်ဖြင့် ရှိနေသည်ဖြစ်၍ သမဏသညာ ရှိနေသေးသောကြောင့် လည်းကောင်း, ဤပြဆိုခဲ့သော အကြောင်းကြောင့် ကံမပျက်ပါ၊ ထမြောက် အောင်မြင်၏။

မှတ်ချက်။ ။အများက ပါရာဇိကကျနေသူမှန်း သိလျက် လူမထွက်ပဲ နေသောသူကို ကံပြုရာတွင် လက်မခံရ။

ထေယျသံဝါသကစသော ပုဂ္ဂိုလ်တို့ ကမ္မဝါ ဖတ်ရာ၌လည်း ဤအတူ အဆုံးအဖြတ်ကို သိပါလေ။

တတြိဒံ ယုတ္တံ ဥပသမ္ပန္နပုဗ္ဗော ဧဝ ဧ ကမ္မဝါစံ သာဝေတိ၊

သံဃော စ တသ္မိံ ဥပသမ္ပန္နသညီ၊ ဝေဠု ကမ္မံ ရုဟတိ နအညသာတိ။

ဝဇီရဗုဒ္ဓိဋီကာ—ပဉ္စမ ပါရာဇိကအဖွင့်။

မေး။ ။ကမ္မဝါရွတ်မှု၌ အဘိက္ခုမှုပြည့်စုံ၊ ဆိုပုံကလွန်များ၊ လူဖြစ်သူမှန်မှန်ရွတ်က ကံချွတ်မည်လား။

ဖြေ။ ။ကမ္မဝါရွတ်မှု၌ ဘိက္ခုမှုပြည့်စုံ၊ ဆိုပုံကလွန်များ၊ လူ့အသွင် သမဏသညာစင်သည့် ထိုသူလျှင် မှန်မှန်ရွတ်သော်လည်း၊ ကံချွတ်မည်သား။ (သတပဒိကပုစ္ဆာ—ဝိသဇ္ဇနာ။)

ပါရာဇိကကျ၍ လူဝတ်လဲသွားသဖြင့် သမဏသညာ ကင်းပြီးသူ ကမ္မဝါ ဖတ်လျှင်ကား ကံမမြောက်။

## ဥပဇ္ဈာယ်ဆရာ မရှိပဲ ရဟန်းခံလျှင် ရဟန်းဖြစ်—မဖြစ်

န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိဒုက္ကဋဿ-

ဟုဟောကြားထားသည် ဖြစ်၍ ရဟန်းခံပေးသူများအားသာ ဒုက္ကဋ် အာပတ်သင့်၏။

"ကမ္မံ ပန န ကုပ္ပတိ ကေစိ ကုပ္ပတီတိဝဒန္တိ တံ နဂဟေတဗ္ဗံ" ဟု အဋ္ဌကထာ (ဝိ-၃-၃၀၇-ပိဋ္ဌေ)၌ မိန့်ဆိုထားသောကြောင့် ကံမပျက်၊ ရဟန်းဖြစ်၏ဟု မှတ်ပါ။

၁။ သံဃာကိုဥပဇ္ဈာယ်ပြု၍၊

၂။ ဂိုဏ်းကို ဥပဇ္ဈာယ်ပြု၍၊

၃။ ပဏ္ဍုက်ကို ဥပဇ္ဈာယ်ပြု၍၊

၄။ တိတ္ထိယပက္ကန္တကကို ဥပဇ္ဈာယ်ပြု၍၊

၅။ လူယောင်ဆောင်သော နဂါးဂဠုန်စသည်ကို ဥပဇ္ဈာယ်ပြု၍၊

၆။ အမိသတ်သူ မာတုဃာတကပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍၊

၇။ အဖသတ်သူ ပိတုဃာတက ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍၊

၈။ ရဟန္တာကိုသတ်သူ အရဟန္တဃာတက ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍၊

၉။ လောဟိတုပ္ပါဒက ဘုရားကို သွေးစိမ်းတည်အောင် (သွေးခြည်ဥအောင်) ပြုသူကို ဥပဇ္ဈာယ်ပြု၍၊

၁၀။ သံဃာကို သင်းခွဲသူ သံဃဘေဒက ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍၊

၁၁။ ဘိက္ခုနီမကို ဖျက်ဆီးသူ ဘိက္ခုနီဒူသက ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍၊

၁၂။ ဥဘတောဗျည်း ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍၊

၁၃။ ထေယျသံဝါသက ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍-

ရဟန်းခံမပေးရ ရဟန်းခံပေးလျှင် ရဟန်းခံပေးသော သံဃာများအား ဒုက္ကဋ်အာပတ်သင့်၏၊ ထိုဥပဇ္ဈာယ် ပုဂ္ဂိုလ်ကို ချန်ထား၍ ကျန်သံဃာက ဂိုဏ်းပြည့်လျှင် ဥပသမ္ပဒကံကား မြောက်၏၊ ရဟန်းလောင်း ပဉ္စင်း ဖြစ်သည်ဟု မှတ်ပါလေ။

ကမ္မံ နကုပ္ပတိ။

သံဃာ, ဂိုဏ်း, အဘဗ္ဗပုဂ္ဂိုလ် တကျိပ်သုံးယောက်တို့ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမပေးရဟု အကျဉ်းမှတ်သားပါလေ။

## ဥပဇ္ဈာယ် မရှိပဲလျက်
## အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော စသည်ဖြင့်
## ကမ္မဝါဖတ်သင့် မဖတ်သင့်

ဥပဇ္ဈာယ်ဆရာ ရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ၊ ဥပဇ္ဈာယ်မရှိမှန်း သိသည်ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ ဥတ်ကမ္မဝါစာ ဖတ်သောအခါ၌ကား-

အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော

အာယသ္မတာ တိဿေန ဥပဇ္ဈာယေန

စသော ဥတ်ကမ္မဝါစာ ပါဠိမျိုးကိုမူကား အပြည့်အစုံဖတ်ရမည် သာ တည်း။

မထည့်ပဲချန်ထား၍ ကမ္မဝါစာ ဖတ်ခဲ့လျှင်“ပုဂ္ဂလံ နသာဝေတိ”ဟူသော ဥတ္တိဒေါသ, ကမ္မဝါစာဒေါသ, အမြင်တို့မှ မကင်းလွတ်သဖြင့် ကံပျက်၏၊ ရဟန်းသောင်း ရဟန်းမဖြစ်နိုင်။

ဥပဇ္ဈာယ်မရှိမှန်း သိလျက် ရဟန်းခံပေးသူ ကမ္မဝါစာ ဆရာများအား ဒုက္ကဋ်အာပတ်၊ သမ္ဗဇာန မုသာဝါဒ ပါစိတ်အာပတ်များတော့သင့်၏၊ ဥပဇ္ဈာယ်ယူပြီး ရှိပြီးထင်၍ ကမ္မဝါဖတ်လျှင်ကား အပြစ်မရှိ။

## ရဟန်းအဖြစ်၏ အန္တရာယ်ကိုပြုတတ်သော တရားများ

ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ-၌ ရဟန်းဖြစ်ခြင်း၏ အန္တရာယ်ကို ပြုတတ်သော တရားတို့ကား-

၁။ လုံးဝရဟန်း မဖြစ်နိုင်သော အန္တရာယိကဓမ္မ၊

၂။ ရဟန်းကားဖြစ်၏၊ သံဃာအား အပြစ်အာပတ်သာ သင့်သော အန္တရာယိကဓမ္မ-ဟူ၍ (၂) မျိုးရှိ၏။

ထို (၂) မျိုးတို့တွင်-

၁။ ရဟန်းမဖြစ်သိုက်သူ အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက်၊

၂။ အသက် (၂၀) မပြည့်သူ ဦးနဝီသတိဝဿ ပုဂ္ဂိုလ် တယောက်၊

ဤအန္တရာယိကဓမ္မရှိသူများကား မိမိတို့ကိုယ်တိုင်ပင် ရဟန်းမဖြစ်ရုံသာ မက ဥပဇ္ဈာယ် ကမ္မဝါစာဆရာ ကာရကသံဃာတော်များအားလည်း သိလျက်နှင့် ရဟန်းခံပေးခဲ့လျှင် အပြစ်အာပတ် သင့်သေး၏။

၁။ အနာကြီး (၅) မျိုးရှိသူ၊

၂။ သူတပါးတို့၏ ကျေးကျွန်ဖြစ်သူ၊

၃။ သူတပါး ကြွေးမြီရှိသူ၊

၄။ မင်းခယောကျ်ားဖြစ်သူ၊

၅။ မိဘတို့က ခွင့်မပြုသူ၊

၆။ သပိတ်သင်္ကန်း မပြည့်စုံသူ၊

ဟူသော ဤအန္တရာယိကဓမ္မတို့မှ မစင်ကြယ်သူတို့ကို သိလျက်နှင့် ရဟန်းခံ

ပေးခဲ့လျှင် ရဟန်းခံပေးသော သံဃာအားသာ အာပတ်သင့်၍ ၎င်းပုဂ္ဂိုလ်တို့ကား ရဟန်းဖြစ်၏။

## အန္တရာယိကဓမ္မတို့မှ မစင်ကြယ်သူကို ကမ္မဝါစာဖတ်ရာ၌ ''ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ''ဟု ထည့်သင့်-မထည့်သင့်

အန္တရာယိကဓမ္မတို့မှ စင်ကြယ်သူပင် ဖြစ်စေ၊ မစင်ကြယ်သူပင် ဖြစ်စေ၊ ကမ္မဝါစာကိုတော့ ချန်ထား၍ မဖတ်ကောင်း၊ ''ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ''ထည့်၍ ဖတ်ရမည်သာဖြစ်၏။

မထည့်ပဲ ကမ္မဝါစာရွတ်ဖတ်က ဉတ္တိအပရာမသန, သာဝနာယဟာပန, အဖြစ်မှ မလွတ်သောကြောင့် ရဟန်းဖြစ်နိုင်သော အန္တရာယိကဓမ္မရှိသူများ ရဟန်းမဖြစ်။

ရဟန်းမဖြစ်နိုင်သော အန္တရာယိကဓမ္မရှိသူများ အတွက်မှာမူကား ထည့်၍ ဖတ်သည်ဖြစ်စေ၊ မဖတ်သည်ဖြစ်စေ၊ ပဲစုံတခုမျှ အကျိုးမရှိချေ၊ အစကပင် ရဟန်းဖြစ်နိုင်ခွင့် ရှိသူများ မဟုတ်သောကြောင့်တည်း။

မစင်ကြယ်သူကို မစင်ကြယ်မှန်း မသိ၍ ဖတ်လျှင်ကား အပြစ်အာပတ်မသင့်၊ သိလျက်နှင့် ဖတ်မူကား အပြစ် (၂) ချက်ပင် သင့်နိုင်၏။

သပိတ်သင်္ကန်း မပြည့်စုံသူကို ''ပရိပုဏ္ဏဿ ပတ္တစီဝရံ''ဟု ဉတ်ကမ္မဝါစာဖတ်ရာ၌လည်း အထက်ပါနည်းအတိုင်းပင် ချန်၍ ကမ္မဝါမဖတ်ရ၊ အပြည့်အစုံသာ ဖတ်ရမည်၊ အာပတ် အဆုံးအဖြတ်လည်း အတူတူပင်။

## ရဟန်းပြုပေးပါရန် မတောင်းပန်သူကို ဉတ်-ကမ္မဝါစာ၌ ''နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ''ဟု ထည့်၍ ဖတ်သင့်-မဖတ်သင့်

ရဟန်းပဉ္စင်း ပြုပေးပါရန် ကိုယ်တိုင်မတောင်းပန်သူကို ရဟန်းခံပေးရာ၌လည်း ''နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ''ဟူသော ဉတ်ကမ္မဝါစာပါဠိကို ထည့်၍သာ ဖတ်ရမည်၊ ချန်၍မထားကောင်း။

ချန်၍ထားလျှင် ဉတ္တိအပရာမသန, သာဝနာယဟာပန အပြစ်များဖြစ်၍ ရဟန်းလောင်း ရဟန်းမဖြစ်နိုင်။

ကမ္မဝါစာဆရာကား မသိ၍ဖတ်လျှင် အပြစ်မရှိ၊ သိလျက်နှင့်ဖတ်သော်ယား အပြစ်အာပတ် (၂) ချက်သင့်၏။

## ဥပသမ္ပဒကံ၏ ပတ္တကလ္လအင်္ဂါများ

ဤဥပသမ္ပဒကံ အရာ၌ "ယဒိ သံဃဿ ပတ္တကလ္လံ" ဟူသော ပုဒ်၏အရ ပတ္တကလ္လအင်္ဂါများမှာ–

၁။ ဝတ္ထုသမ္ပဒါ၊

၂။ အန္တရာယိကေဟိ ဓမ္မေဟိ ပရိသုဒ္ဓတာ၊

၃။ သီမာသမ္ပဒါ၊

၄။ ပရိသာသမ္ပဒါ၊

၅။ ပုဗ္ဗကိစ္စ နိဋ္ဌာပန၊

ဟူ၍ အင်္ဂါ (၅) ပါးရှိ၏၊ ၎င်းအင်္ဂါတို့၏ အဓိပ္ပာယ်ကား ရှေးက ပြဆိုခဲ့ပြီးဖြစ်၏၊ သို့သော် ဤနေရာ၌ အကျဉ်းအားဖြင့် ထပ်၍ပြပါဦးအံ့။

(၁) "ပဏ်, ထေ, ပက်, ဆန်၊ ပဇ္ဈာနန်၊ ဒွသံ, ဥဘောဗျည်း" ဟူသော အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက်တွင် ပါဝင်သူမဟုတ်ရခြင်း၊
ပါရာဇိက ကျခဲ့ဖူးသူ မဟုတ်ရခြင်း၊
လူဇာတ်ရှိသူ ဖြစ်ရခြင်း၊
အသက် (၂၀) ပြည့်သူဖြစ်ရခြင်းသည် ဝတ္ထုသမ္ပဒါမည်၏။

(၂) ရှေးကပြခဲ့သော အန္တရာယိကဓမ္မတို့မှ စင်ကြယ်သူ ဖြစ်ခြင်းသည် အန္တရာယိကေဟိ ဓမ္မေဟိ ပရိသုဒ္ဓတာ မည်၏။

(၃) အပြစ်ကင်းသော သိမ်ဖြစ်၍ သိမ်၏ပြည့်စုံခြင်းသည် သီမာ-သမ္ပဒါမည်၏။

(၄) ပါရာဇိကလည်း မကျ၊ ဥက္ခိတ္တကရဟန်းလည်း မဟုတ်၊ ပကတိစင်ကြယ်သော သီလရှိသူ ပကတတ် ရဟန်းတို့၏ အနည်းဆုံးအိန္ဒိယနိုင်ငံ၌ (၁၀) ပါး၊ မြန်မာနိုင်ငံ၌ (၅) ပါးရှိ၍ ထိုရဟန်းတို့၏ ဟတ္ထပါသ်ကို မစွန့်မူ၍ တသိမ်ဘည်း၌ တည်ရှိရခြင်း၊
ဆန္ဒ ဆောင်ထိုက်သူ ရဟန်းတို့၏ဆန္ဒကို ဆောင်ယူရခြင်း၊
ရဟန်းခံရာ သိမ်ထဲတွင် ပါဝင်သော ပုဂ္ဂိုလ်တို့၏ ထိုင်ကိုမတား မြစ် မကန့်ကွက်ရခြင်း၊

ရဟန်းလောင်း ပုဂ္ဂိုလ်မှတပါး သံဃဟတ္ထပါသ်အတွင်း၌ လူ-ဘိက္ခုနီစသော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိခြင်းဟူသော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံခြင်းသည် ပရိသာသမ္ပဒါ မည်၏။

(၅) ဥပဇ္ဈာယ်ကို ယူစေခြင်း၊ သပိတ်သင်္ကန်းကို ပြောကြားခြင်းစသော ပုဗ္ဗကိစ္စ (၈)ပါးကို ပြုလုပ်ပြီးစီးခြင်းသည် ပုဗ္ဗကိစ္စနိဋ္ဌာပနမည်၏။ ၎င်းအင်္ဂါ (၅)ရပ်နှင့် ပြည့်စုံမှသာ ဥပသမ္ပဒကံသည် ပတ္တကလ္လ ဖြစ်သည်ဟု မှတ်ပါလေ။

မှတ်ချက်။ ။အထက် (၄) နံပါတ်၌ပြခဲ့သော ပရိသာသမ္ပဒါအရာ၌ ကံပြုရာ သိမ်အတွင်း သံဃ ဟတ္ထပါသ်ဝယ် ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ မရှိခြင်းဟူသော အချက်ကား အဓိကမဟုတ် ဝဇ္ဇနီယပုဂ္ဂိုလ်တို့ ဟတ္ထပါသ်အတွင်း၌ရှိလျက် ကံပြုသော်လည်း ကံကားမပျက်၊ ကံပျက်ကြောင်း အင်္ဂါမဟုတ်။ ကျန်ပရိသဒေါသ (၃)ပါးသာ အဓိကဖြစ်၏။ ကံပျက်၏ဟု မှတ်ပါ။

ပုဗ္ဗကိစ္စ (၈) ပါးတို့ကို မပြုလုပ်ပဲ မပြီးစေပဲ ကံပြုသော်လည်း၊

**ဝတ်-ဥ တ်-သိမ်-ကမ်-ပရိသ်၊ ငါးတန်သမ္ပတ္တိ။**

ဥပသမ္ပဒ်၊ အောင်မြင်ရန်၊ အင်္ဂါဟူ၍သိ၊ ။ဟူ၍ဆိုသည့်အတိုင်း ဤ(၅)မျိုးပြည့်စုံလျှင် ကံထမြောက်၍ ရဟန်းလောင်း ရဟန်းဖြစ်တော့ သည်သာဟု မှတ်အပ်၏။

တေသု ပန ပုဗ္ဗကမ္မေသု အကတေသုပိ ကတံ ကမ္မံ ယထာဝုတ္တ ဝတ္ထု သမတ္တိအာဒီသု ဝိဇ္ဇမာနေသု အကုပ္ပမေဝ ဟောတိ။

( ဝိမတိ-ဋီကာ )

**ကံပြုရာတွင် သံဃဟတ္ထပါသ်မှ ကြဉ်ဖယ်အပ်သူများ**

ဆောင်ပုဒ် ၁။ လူ-နီ-သိက်—သာ—သာ—သိက္ခာ၊ ပါရာ ဥက္ခိတ်တည်း။

၂။ ပဏ်—ထေ—ပက်-ဆန်၊ ပဉ္စာနန်-ဒွိသံ-ဥဘောဗျည်း။

၃။ ဟတ္ထပါသ်မှ၊ ကြဉ်ဖယ်ရ၊ ကောဝိဒသာတည်း။

၄။ မစွန့်-မကု၊ မရှုတုံငြား၊သရုပ်ကြား၊ သုံးပါးဥက္ခိတ်တည်း၊ ဟူသောလင်္ကာ ဆောင်ပုဒ်နှင့်အညီ ကံပြုချိန်၌ သံဃဟတ္ထပါသ်မှ ကြဉ်ဖယ် ထိုက်သူများမှာ—

၁။ လူ၊

၂။ ဘိက္ခုနီ၊

၃။ သိက္ခမာန်၊

၄။ သာမဏေ၊

၅။ သာမဏေရီ၊

၆။ သိက္ခာချထားသူ၊

၇။ ပါရာဇိကကျနေသူ၊

၁၀။ ဥက္ခိတ္တကရဟန်း (၃)ယောက်၊

၁၁။ ပဏ္ဍုက်၊

၁၂။ ထေယျသံဝါသက၊

၁၃။ တိတ္ထိယပက္ကန္တက၊

၁၄။ လူယောင်ဖန်ဆင်းထားသူ တိရစ္ဆာန်၊

၁၉။ အာနန္တရိယကံထိုက်သူ ၅-ယောက်၊

၂၀။ ဘိက္ခုနီဒူသက၊

၂၁။ ဥဘတောဗျည်း၊

အားဖြင့်ပေါင်း နှစ်ကျိပ်တယောက် ၎င်း၏။ ၎င်းပုဂ္ဂိုလ်တို့ကို ဥပုသ်ပဝါရဏာဥပသမ္ပဒကံစသော သံဃကံပြုလုပ်ရာအခါ၌သံဃအတ္ထပါသ်အတွင်း၌ မရှိစေရ။ (၎င်းပုဂ္ဂိုလ်တို့၏အဓိပ္ပါယ်ကို ရှေ့၌ပြဆိုခဲ့သည်။)

ဥက္ခိတ္တက ရဟန်း (၃) ယောက်

၁။ မှားယွင်းသော မိစ္ဆာအယူဝါဒကို မစွန့်ခြင်းကြောင့်လည်းကောင်း၊

၂။ အာပတ်သင့်လျက် ထိုအာပတ်ကို မရှုခြင်းကြောင့်လည်းကောင်း၊

၃။ အာပတ်ဟု ရှုသော်လည်း ထိုအာပတ်ကို ဒေသနာကြားခြင်း၊ ပရိဝါသ်ဆောက်တည်ခြင်း စသည်တို့ဖြင့် မကုစားခြင်းကြောင့် လည်းကောင်း၊ ထိုရဟန်းကို ထိုထိုသံဃကံတွင် မပါဝင်ရအောင် ဉတ်-ကမ္မဝါစာဖြင့် ကြည်ပယ်နှင်ထုတ်ထားသော ရဟန်း (၃)မျိုးကို - ဥက္ခိတ္တကရဟန်း (၃) ယောက်ဟု ခေါ်သည်။

သိက္ခာချထားသူနှင့် သိက္ခာကျသူ-

သိက္ခာချထားသူ ဆိုသည်မှာ ပါရာဇိကမကျပဲ သက်သက် သိက္ခာချထားသူတည်း။

သိက္ခာကျသူ ဆိုသည်ကား ရဟန်းဖြစ်လျက် ပါရာဇိကသိက္ခာပုဒ် တခုခုကို ကျူးလွန်မိသဖြင့် သိက္ခာကျကာ လူဖြစ်သွားသူတည်း။ ၎င်းပုဂ္ဂိုလ်နှစ်ကျိပ် တယောက်ကို ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်ဟု ခေါ်သည်။

၎င်းဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်တို့တွင် ဥက္ခိတ္တကရဟန်း(၃) ယောက် သံဃာတ္တပေါ်အတွင်း၌ရှိလျက် ကံပြုလျှင် သံဃာများအား ပါစိတ်အာ-ပတ်သင့်၏။ ကျန်ဝဇ္ဇနီယပုဂ္ဂိုလ်များရှိလျက် ကံပြုလျှင်ကား ဒုက္ကဋ်အာပတ် သင့်သည်ဟုမှတ်။

မှတ်ချက်။ ။ရဟန်းခံရာ သိမ်အတွင်း၌ လူဒါယကာ—ဒါယိကာမများကို မနေရဟု (သိမ်ကျယ်လျှင်) နှင်ထုတ်ရန် မလိုပါ။ သံဃာတ္တပေါ်လွတ် လောက်သောနေရာ တနေရာ၌ ကြည့်ညိုခနေခွင့် ပေးနိုင်၏။ သိမ်ကကျဉ်းမြောင်း လျှင်ကား သိမ်ထဲ၌ နေခွင့်မပေးပဲ သိမ်အပြင်ဘက်၌သာ နေခွင့်ပေးရန် ဖြစ်သည်။

## ရဟန်းလောင်း (၂) ပါး၊ (၃) ပါးကို
## တပြိုင်နက် ကမ္မဝါစာရွတ်ဖတ်၍
## ရဟန်းခံပေးခြင်းငှာ ခွင့်ပြုတော်မူခြင်း

ဘုရားရှင်လက်ထက်တော်၌ အခါတပါး၌ အရှင်မဟာကဿပအား ရဟန်းခံရန် ပဉ္စင်းလောင်း (၂)ပါးတို့သည် "ငါရှေးဦးစွာ ပဉ္စင်းခံအံ့၊ ငါရှေးဦးစွာပဉ္စင်းခံအံ့"ဟုပဉ္စင်းခံရန် သူအလျင် ငါအလျင်လု၍နေကြကုန်၏။ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြရာ ဘုရားရှင်က–

"အနုဇာနာမိ ဘိက္ခဝေ ဒွေ ဧကာနုဿာဝနေ ကာတုံ"ဟု ပဉ္စင်းလောင်း (၂)ပါးတို့ကို တပြိုင်နက် ပဉ္စင်းခံပေး ကမ္မဝါစာရွတ်ဖတ်ပေးရန် ခွင့်ပြု တော်မူခဲ့၏။

ထို့နောက်တဖန် ထိုစဉ်အခါကပင် များစွာသော မထေရ်တို့အား ပဉ္စင်း လောင်းများစွာတို့သည် ရဟန်းခံပေးရန် ဖြစ်ပေါ်လာကုန်၏။ ထိုရဟန်း လောင်းတို့သည်လည်း၊ အထက်ပါနည်းအတိုင်း သူအလျင်ရဟန်းခံမည်၊ ငါအလျင်ရဟန်းခံမည်ဟု ငြင်းခုံကြကာ ရဟန်းခံရန် သူအလျင် ငါအလျင် လု၍ နေကြပြန်ကုန်၏။ မထေရ်တို့သည် "ငါ့ရှင်တို့ ယခုငါတို့သည် သင်တို့အားလုံးကို တပြိုင်နက် ကမ္မဝါရွတ်ဖတ်ကာ ရဟန်းခံပေးကုန်အံ့" ဟု ပြောဆိုကြကုန်၏။

ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားကြသဖြင့် ဘုရားရှင်က–

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ နတွေဝ နာနုပဇ္ဈာယေန ”ဟု ပဉ္စင်းလောင်း (၂)ပါး (၃)ပါးကို တပြိုင်နက် ကမ္မဝါဖတ်၍ ရဟန်းခံပေးရန် ခွင့်ပြုတော်မူပြန်၏၊ ထို့ကြောင့် ရဟန်းလောင်း (၂)ပါး (၃)ပါးကို တပြိုင်နက် ကမ္မဝါဖတ်၍ ရဟန်းခံပေးကောင်းသည်ဟု မှတ်ရမည်။

ထိုသို့ ရဟန်းလောင်း (၂)ပါး (၃)ပါးတို့ကို တပြိုင်နက် ကမ္မဝါရွတ်ဖတ်၍ ရဟန်းခံပေးခြင်းကိုလည်း ဥပဇ္ဈာယ်ဆရာ (၁)ပါးဖြင့်သာ ခွင့်ပြုတော်မူ၏။ ဥပဇ္ဈာယ်ဆရာ အသီးသီးဖြင့် ခွင့်ပြုတော်မမူ-ဟု နောက်ဆက်တွဲ စကားဆက်ဖြင့် ခွင့်ပြုတော်မူခဲ့၏။

ပါဠိတော်အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ဒွေတယော၊ ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ကို။ ဧကာအနုဿာဝနေ၊ တပြိုင်နက် ကမ္မဝါစာရှိသူတို့ကို။ ဝါ၊ တပြိုင်နက် ကမ္မဝါစာရွတ်ဖတ်၍ ရဟန်းခံပေးခြင်းတို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝါ၊ ပြုဖို့ရန်။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ တဉ္စခေါ(အနုဿာဝနကိရိယံ)၊ ထိုကမ္မဝါစာရွတ်ဖတ်မှုကို ပြုခြင်းကိုလည်း။ ဧကေန ဥပဇ္ဈာယေန- ဥပဇ္ဈာယ် ဆရာတပါးဖြင့်သာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ နာနုပဇ္ဈာယေန နာနာဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာအသီးသီးဖြင့်။ နတွေဝ အနုဇာနာမိ၊ ခွင့်ပြုတော်မူသည် မဟုတ်သည်သာတည်း။

အထက်ပါ ပါဠိတော်ကို အဓိပ္ပာယ်ရှင်းလင်းချက်။ ။ရဟန်းလောင်း (၂)-ပါး (၃) ပါးကို တပြိုင်နက် ရဟန်းပြုပေးနိုင်၏။ သို့သော် ထိုသို့တပြိုင်နက် ပြုပေးရာ၌ ဥပဇ္ဈာယ်ဆရာကား တူရမည်။ ဥပဇ္ဈာယ်ဆရာ အသီးသီး မဖြစ်စေရ-ဟု ခွင့်ပြုတော်မူခဲ့သဖြင့်–

ငါ့ဖတ်နည်း

(၁) ဥပဇ္ဈာယ်ဆရာ (၁)ပါးတည်းဝယ် ရဟန်းလောင်း (၂)ပါးရှိရာ ကမ္မဝါစာဆရာ(၂)ပါးက ရဟန်းလောင်း(၁)ပါးစီအတွက် ကိုယ့်ရဟန်းလောင်းနှင့် ကိုယ်ငဲ့ကာ တပြိုင်နက် ကမ္မဝါစာရွတ်ဖတ်၍ ရဟန်းခံပေးနိုင်၏။

(၂) ဥပဇ္ဈာယ်ဆရာ တပါးတည်းဝယ်၊ ရဟန်းလောင်း (၃)ပါး ရှိရာ၌ ကမ္မဝါစာဆရာ (၃)ပါးတို့က၊ ရဟန်းလောင်း (၁)ပါးစီ အတွက်၊ ကိုယ့်ရဟန်းလောင်းနှင့် ကိုယ်ရှင့်ကြကာ တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်၍ ရဟန်းခံပေးကောင်း၏။

ဒွန်တွဲနည်း

(၁) ဥပဇ္ဈာယ်ဆရာတပါးတည်းဝယ် ရဟန်းလောင်း (၂)ပါး (၃)ပါးရှိရာ၌ ကမ္မဝါစာဆရာ (၁)ပါးတည်းက ရဟန်းလောင်း (၂)ပါး (၃)ပါး တို့ကို ဒွန်တွဲ၍ ဒွန်ကမ္မဝါစာ နည်းဖြင့်လည်း တပြိုင်နက် ရွတ်ဖတ်၍ ရဟန်းခံပေးကောင်း၏။

(၂) ဥပဇ္ဈာယ်ဆရာတပါးတည်းဝယ် ရဟန်းလောင်း (၂)ပါး (၃)ပါး ရှိရာ၌ ကမ္မဝါစာဆရာ (၂) ပါး (၃)ပါးက ရဟန်းလောင်းများကို ဒွန်တွဲ၍ ဒွန်ကမ္မဝါစာနည်းဖြင့် တပြိုင်နက် ရွတ်ဖတ်၍ ရဟန်းခံပေးကောင်း၏။

မအပ်သောနည်း

ဥပဇ္ဈာယ်ဆရာ (၂)ပါး (၃)ပါး၊ ရဟန်းလောင်း (၂)ပါး (၃)ပါးတို့ကို ကမ္မဝါစာဆရာ (၁) ပါးတည်းက တပြိုင်နက် ကမ္မဝါစာရွတ်ဖတ်၍ ရဟန်းခံပေးခြင်းကား မအပ်။

ဤသို့သော ရဟန်းခံပေးမှုမျိုးကို ရည်ရွယ်တော်မူ၍ ဘုရားရှင်က "န ေတွေဝ နာနုပဇ္ဈာယေန" ဟု ပယ်မြစ်တော်မူခဲ့သည်ဟု မှတ်ယူရမည်။

ဥပဇ္ဈာယ် အသီးအသီး၊ ကမ္မဝါစာဆရာ အသီးအသီး
တပြိုင်နက် ကမ္မဝါဖတ်နည်း

ရဟန်းလောင်းက (၂)ပါး (၃)ပါး၊ ဥပဇ္ဈာယ်ဆရာက အသီးအသီး၊ ကမ္မဝါစာဆရာက အသီးအသီး၊ တပြိုင်နက် ကမ္မဝါစာရွတ်ဖတ်၍ ရဟန်းခံပေးကောင်း၏။ ထိုသို့ရွတ်ဖတ်ရာ၌—

(၁) နံပါတ်ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်း တပါး (၁) တွဲကို (၁)နံပါတ် ကမ္မဝါစာဆရာက၊

(၂) နံပါတ် ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်းတပါး (၁)တွဲကို (၂) နံပါတ် ကမ္မဝါစာဆရာက၊

(၃) နံပါတ် ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်းတပါး (၁) တွဲကို (၃) နံပါတ် ကမ္မဝါစာဆရာက၊

ဤသို့ ကိုယ့်အဟုတ်တွဲနှင့်ကိုယ် (၂)တွဲစီဖြစ်စေ၊ (၃)တွဲစီဖြစ်စေ၊ တပြိုင်နက် ကမ္မဝါစာရွတ်ဖတ်၍ ရဟန်းခံပေးကောင်း၏။ တပြိုင်နက် (၃)တွဲထက်ပို၍ကား ရဟန်းခံမပေးကောင်း။

## ရဟန်း (၅) ပါးဖြင့် ရဟန်းလောင်း (၃)ပါးကို တပြိုင်နက် ရဟန်းခံနိုင်ပုံ

ရဟန်းစစ်စစ် (၅)ပါးရှိက ရဟန်းလောင်း (၃)ပါးတို့ကို တပြိုင်နက်တည်း ရဟန်းခံပေးနိုင်၏။

ဥပမာအားဖြင့်—

တိဿ, ဒတ္တ, သုမန–ဟူသော ဥပဇ္ဈာယ်ဆရာ (၃)ပါး၊

ရဟန်းလောင်းက–

၁။ တိဿထေရ်၏ သဒ္ဓိဝိဟာရိက ရဟန်းလောင်း၊

၂။ ဒတ္တထေရ်၏ သဒ္ဓိဝိဟာရိက ရဟန်းလောင်း၊

၃။ သုမနထေရ်၏ သဒ္ဓိဝိဟာရိက ရဟန်းလောင်း၊

ဤသို့ ဥပဇ္ဈာယ် ဆရာအသီးသီးတို့၏ ရဟန်းလောင်းအသီးသီးကို မှတ်သားပြီးလျှင် ကျန်ကာရကပုဂ္ဂိုလ် (၂)ပါး၊ ပေါင်း ဥပဇ္ဈာယ်ဆရာ (၃)ပါး၊ ရဟန်းလောင်း (၃)ပါး၊ ကာရကပုဂ္ဂိုလ် (၂)ပါးဖြစ်၏။ ဥပဇ္ဈာယ်ဆရာ လုပ်သော ရဟန်းက (၃)ပါး၊ ကျန်ကာရကအဖြစ် ပါဝင်သောရဟန်းက (၂)ပါး၊ ပေါင်းရဟန်း (၅)ပါး။

### တပြိုင်နက် ကမ္မဝါစာဖတ်ပုံ

၁။ တိဿမထေရ်သည် ဒတ္တမထေရ်၏ သဒ္ဓိဝိဟာရိက၏ ကမ္မဝါစာဆရာ လုပ်၍လည်းကောင်း၊

၂။ ဒတ္တမထေရ်သည် သုမနမထေရ်၏ သဒ္ဓိဝိဟာရိက၏ ကမ္မဝါစာဆရာလုပ်၍လည်းကောင်း၊

၃။ သုမနမထေရ်သည် တိဿမထေရ်၏ သဒ္ဓိဝိဟာရိက ကမ္မဝါစာဆရာလုပ်၍ လည်းကောင်း၊

ကျန်ကာရကသံဃာ (၂) ပါးဖြင့် တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်၍ ရဟန်းခံပေးကောင်း၏။ သို့မဟုတ် ကျန်ကာရက (၂) ပါးထဲမှလည်း ကမ္မဝါစာဆရာလုပ်၍ တပြိုင်နက် ရဟန်းခံနိုင်၏။ ဥပဇ္ဈာယ်ဆရာသည် ကမ္မဝါစာဆရာဖြစ်နိုင်သည်ကို သတိပြု။

အကယ်၍ ဥပဇ္ဈာယ်ဆရာက အသီးအသီး၊ ကမ္မဝါစာဆရာက တပါးတည်းဖြစ်လျှင်ကား "နတွေ့ဝ နာနုပဇ္ဈာယေန" ဟု ပယ်မြစ်အပ်သည်၏ အဖြစ်ကြောင့် မအပ်ဟု မှတ်ပါလေ။ (ဝိ-ဌ-၃။ ၃၁၅-ပိဋ္ဌေ) မှာရှု။

## ဒွန်တွဲနည်း သို့မဟုတ်-ဗဟုဝုစ်နည်း ဖတ်နိုင်ပုံ

ရဟန်းခံရာတွင် ဥပဇ္ဈာယ်ဆရာ တပါးတည်း၊ ရဟန်းလောင်းက (၂)ပါး (၃) ပါးဖြစ်လျှင် ဒွန်တွဲသောနည်းဖြင့် လည်းကောင်း၊ ဒွန်မတွဲပဲ ရဟန်းလောင်းများကို 'နာဂ' ဟု အကုန်နာမည် မှည့်ပြီးလျှင် ဗဟုဝုစ်နည်းအားဖြင့်လည်းကောင်း၊ ကမ္မဝါစာကို ကမ္မဝါစာဆရာ (၁) ပါး (၂)ပါး (၃) ပါးတို့က တပြိုင်နက်ဖတ်၍ ရဟန်းခံပေးနိုင်၏။

ဒွန်တွဲသောနည်းကား ခက်၏၊ အလေ့အကျင့် မရှိက မှားတတ် ကျတတ် ချွတ်ယွင်းတတ်သဖြင့် ကံပျက်နိုင်၏။ ဒွန်ကမ္မဝါတို့ကား ပင်္ကျူ မဟာဝိသုတာရာမ မူ စသော ထိုထိုကမ္မဝါဘွဲ့၌ ရှိပြီးဖြစ်၍ ဤ၌ ဖော်မပြတော့ပြီ၊ ဗဟုဝုစ်နည်းငဲ့ဖတ်နည်းများကား လွယ်ကူ၏၊ ကံပျက်ရန် အကြောင်းနည်းပါးလှ၏။

## ရဟန်းလောင်းကို သာမဏေမပြုမူ၍ ဆံချ သင်္ကန်းဆီးပေးပြီးလျှင် ရဟန်းခံကောင်း မခံကောင်း

ဒွေ ဝါတယော ဝါ သာမဏေရေ့ဟု မဆိုပဲ၊ ဒွေ ဝါ တယော ဝါ ဇနေ ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားသောကြောင့် လည်းကောင်း၊ "ယောပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ"ဟု ဘိက္ခုပါတ်မောက် သိက္ခာပုဒ်တော်ဝယ် "ပုဂ္ဂလံ"ဟု ဘုရားရှင် ဟောထားတော်မူသောကြောင့် လည်းကောင်း ရဟန်းလောင်းကို သာမဏေ မဘက်စေမူ၍ ဆံချ၊ သင်္ကန်းဆီးပြီးလျှင် ရဟန်းခံပေးကောင်း၏။

## ရဟန်းလောင်း (၃)ပါးထက်အလွန် အများကြီးကို တပြိုင်နက် ရဟန်းခံပေးကောင်း၊ မပေးကောင်း

"ဒွေ တယော ကောနုဿာဝနေ ကာတုံ" ဟု ဘုရားရှင်က အများဆုံး (၃)ပါးသာ တပြိုင်နက် ရဟန်းခံ ခွင့်ပြုတော်မူခဲ့သောကြောင့် (၃)ပါး ထက်အလွန် အများကြီး တပြိုင်နက် ရဟန်းခံမပေးကောင်း။

ရဟန်းခံပေးခြင်း ဥပသမ္ပဒကံသည် နိဂ္ဂဟ = နှိပ်ကွပ်သောကံ မဟုတ်၊ ပဂ္ဂဟ=ချီးမြှောက်သော ကံမျိုးဖြစ်၍ ရဟန်းလောင်းများစွာတို့ကို တပြိုင်နက် ကမ္မဝါဖတ်၍ ရဟန်းခံပေးကောင်း၏ဟု ဆုံးဖြတ်၍ ထားတော်မူကြသော အဆုံးအဖြတ်များလည်း ရှိ၏။ သို့သော် ဘုရားရှင် တိုက်ရိုက်ခွင့်ပြုချက်ကား အများဆုံး (၃)ပါးသာ တပြိုင်နက် ရဟန်းခံပေးရန် ခွင့်ပြုတော်မူခဲ့၏။

"ဗဟူ ကောနုဿာဝနေ"ဟု အများခွင့်ပြုချက် မရှိခဲ့။

## ကမ္မဝါစာဖတ်သောအခါ တပြိုင်နက်ဘယ်နှစ်ပါး ဖတ်ကောင်းသနည်း

(၁) တပါးတည်း

(၂) နှစ်ပါးတွဲ

(၃) သုံးပါးတွဲ

(၄) အများ ဖတ်ကောင်းပါ၏၊ ကံမပျက်ပါ။

သို့သော် "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော"ဟု ကမ္မဝါစာရွတ်ဖတ်ရာတို့၌ ပါဋ္ဌိတော်ဝယ် (၁)ပါးတည်းသာ ပြဆိုချက်ရှိ၏။ (၂)ပါး (၃)ပါး ရွတ်ဖတ်ရန် မလာရှိ။

ရဟန်းလောင်း (၂)ပါး (၃)ပါး တပြိုင်နက် ကမ္မဝါရွတ်ဖတ်၍ ရဟန်းခံခန်းကိုဖွင့်ပြရာ အဋ္ဌကထာ၌ကား ငှဲဖတ်နည်း၌ "ဒွိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံဝိသုံ ကေန ကေဿာတိ "စသည်ဖြင့် (၂)ပါး (၃)ပါး တပြိုင်နက် ဖတ်ပုံ ပြဆိုချက်ရှိ၏။ အများဖတ်လည်း ကံပျက်မှုတော့မရှိ။

## သံဃာအနည်းဆုံး မည်မျှရှိမှ ရဟန်းခံပေးနိုင်သနည်း

ဘုရားရှင်လက်ထက်တော်က ရဟန်းတို့သည် (၂)ပါးအစုဂိုဏ်း (၃)ပါး အစုဂိုဏ်းဖြင့် ရဟန်းလောင်းကို ရဟန်းခံပေးကြသဖြင့် ဘုရားရှင် သိတော်မူသောကြောင့်–

> "န ဘိက္ခဝေ ဦန ဒသဝဂ္ဂေန ဂဏေန နဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ။
>
> အနုဇာနာမိ ဘိက္ခဝေ ဒသဝဂ္ဂေနဝါ အတိရေကဒသဝဂ္ဂေနဝါ ဂဏေန ဥပသမ္ပာဒေတုံ"–

ဟု အနည်းဆုံး ပကတိ စင်ကြယ်သော သီလရှိသော ရဟန်း (၁၀)၊ ထို့ထက်အလွန်ကား များစွာဖြင့် ရဟန်းခံပေးရန် ခွင့်ပြုခဲ့၏၊ ထို့နောက်

ပစ္စန္တရစ်အရပ်များ၌ ရဟန်းသံဃာ ရှားပါးလှသဖြင့်(၅)ပါး အနည်းဆုံး သံဃာဖြင့်ပင် ရဟန်းခံပေးရန် ခွင့်ပြုတော်မူခဲ့ပြန်၏၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အနည်းဆုံး သံဃာ(၅)ပါးရှိလျှင် ရဟန်းခံပေးနိုင်၏။

## ရဟန်းခံပြီးလျှင် အချိန်နာရီ စသည်ကို အဘယ့်ကြောင့် မှတ်သားရသနည်း

"တာဝဒေဝ ဆာယာ မေတဗ္ဗာ၊ ဥတုပမာဏံ အာစိက္ခိတဗ္ဗံ၊ ဒိဝသ ဘာဂေါ အာစိက္ခိတဗ္ဗော၊ သင်္ဂီတိအာစိက္ခိတဗ္ဗာ-

နောင်အခါဝါကြီး ဝါငယ်အလိုက် အဉ္စလိကမ္မ=ရှိခိုးမှု။ သာမိစိကမ္မ၊ အရိုအသေပြုမှု ပြုလုပ်နိုင်ရန် စသည်တို့အတွက် အရိပ်, ဖဝါး, ဆောင်း, နွေ-မိုး-ဟူသော ဥတု၊ လဆန်းလဆုတ် ရက်မည်မျှ၊ တနင်္ဂနွေ-တနင်းလာ စသော နေ့တို့ကို မှတ်သား ပြောကြား ထားရမည်။ ရှေးခေတ်က ယခုလို စက်နာရီမျိုးမရှိသေး၍ အရိပ်, ဖဝါး တိုင်းတာမှတ်သားရသည်။ ယခုခေတ်ကား ခုနှစ် သက္ကရာဇ်-လ-ရက်-အချိန်နာရီ-မှတ်ထားလျှင် ပြီးတော့၏။ ပြောပြထားရုံမျှဖြင့် မှတ်မိမည်မဟုတ်၊ ရက်ချုပ်ရေးပေးထားရမည်။ အာဂန္တုက ရဟန်းတို့နှင့် တွေ့သောအခါ ဝါကြီးဝါငယ် ခွဲခြား၍ ဝတ္တရားများကို ပြုနိုင်၏၊ ဝါစဉ်အလိုက် သံဃာ့လာဘ်ကို ခံယူနိုင်၏။ ဝါစဉ်အရ ပြုလုပ်ဖွယ်ကိစ္စတို့၌ အသုံးပြုနိုင်ရန်ဖြစ်သည်။

## ရဟန်းလောင်း—ရှင်သာမဏေကို ရဟန်းပြုပေးလိုသည့်အခါ

### မိဘတို့ခွင့်မပြုက၊ ရဟန်း ခံပေးသင့်—မပေးသင့်

ရှင်သာမဏေပြုရန် မိဘတို့ခွင့်ပြုသဖြင့် ရှင်သာမဏေဝတ်ပြီးသော သာမဏေသည် သီတင်းသုံးဖော် (၅) ယောက်တွင် တပါးအပါအဝင်ဖြစ်၍ မိဘတို့နှင့် မဆိုင်တော့သောကြောင့်၊ မိဘတို့က ရဟန်းပြုရန် ခွင့်မပြုသော်လည်း ရဟန်းခံပေးကောင်း၏၊ အပြစ်အာပတ်မသင့်။ မိဘတို့က သဘောမတူသော်လည်း ရဟန်းခံပေးနိုင်၏။

"န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ"

မိဘတို့ခွင့်မပြုသော သားကို ရှင်မပြုပေးရဟူ၍သာ တားမြစ်ချက်ရှိ၏။

"န ဥပသမ္ပာဒေတဗ္ဗော"ဟု ရဟန်းပြု ခွင့်ကို တားမြစ်ချက် မရှိ။ ထို့ကြောင့် မိဘတို့၏ ခွင့်ပြုချက်ဖြင့် ရှင်သာမဏေဝတ်ပြီးသော ရဟန်း

သောင်း သာမဏေကို ရဟန်းခံသောအခါ တဖန်ထပ်၍ မိဘတို့ထံခွင့် တောင်းရန်လည်းမလို၊ ရဟန်းခံဖို့ရန် ခွင့်မပေး, သဘောမတူသော်လည်း ရဟန်းခံပေး ကောင်းသည်ဟု မှတ်ပါ။

မယား-သားသမီးများကိုလည်း ခွင့်တောင်းရန်မလို။

## အစားလည်းချောင်၊ အကောင်းလည်း စားရလိမ့်မည် အထင်နှင့်၊ ရဟန်းဝတ်သော ပုဏ္ဏားအကြောင်း

ဘုရားရှင်လက်ထက်တော်ဝယ် အခါတပါး ရာဇဂြိုဟ်ပြည်၌ "ကောင်း မွန်သော ဆွမ်းလှူအစဉ်သည်" တည်ရှိလေ၏။

ထိုအခါ ပုဏ္ဏား တယောက်အား "ဤသာကီဝင်မင်းသား ဘုရားအနွယ် တော်ဖြစ်ကုန်သော ရဟန်းကော်တို့သည် ကောင်းသော အလေ့ အကျင့် ရှိကုန်၏၊ ကောင်းသော ခဲဖွယ်ဘောဇဉ်တို့ကို စားသောက်ကြရကုန်လျက်၊ သေလုံခြုံရာ အိပ်ရာတိုက်ခန်းတို့၌ အိပ်ကြရကုန်၏။ ငါသည် သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်ကြကုန်သော ရဟန်းတို့၏ အထံ၌ ရဟန်း ပြုရပါမူကား ကောင်းလေစွ"ဟု အကြံအစည်ဖြစ်၏။

ထိုသို့ အကြံအစည်ဖြစ်ပြီးနောက် ထိုပုဏ္ဏားသည် ရဟန်းတို့ထံ ချဉ်းကပ်၍ ရဟန်းပြုပေးပါရန် တောင်းပန် ပြောက်ထား၏။ ရဟန်းတို့ကလည်း ထိုပုဏ္ဏားကို ရဟန်းပြုပေး ကြကုန်၏။

ထိုပုဏ္ဏား ရဟန်းပြုပြီးနောက် မကြာမီပင် ဆွမ်းလှူအစဉ်သည်လည်း ကုန်ဆုံးသွား၏။ ထိုသို့ ဆွမ်းလှူကုန်သဖြင့် ရဟန်းတို့က ထိုရဟန်းကို "ငါ့ရှင်လာလော့၊ ယခုအခါ ဆွမ်းခံလှည့်လည်ကြကုန်အံ့"ဟု ဆွမ်းခံ ခေါ်၏။

ထိုရဟန်းက "ငါ့ရှင်၊ ငါသည် ဆွမ်းခံရန်အတွက် ရဟန်းပြုသည်မဟုတ်၊ ငါ့အား သင်တို့ကျွေးလျှင် ငါစားမည်၊ မကျွေးလျှင် ငါလူထွက်မည်"ဟု ပြောဆိုလေ၏။ ထိုအခါ အခြားရဟန်းများက "ငါ့ရှင် အဘယ်သို့ ပြောဆိုပါ သနည်း။ သင်သည် ဝမ်းရေးအတွက်ကြောင့် ရဟန်းပြုပါသလော"ဟု မေးမြန်း ပြောဆိုကြကုန်၏။ "မှန်ပါသည် ငါ့ရှင်တို့"ဟု ပြောဆို၏။

ထိုအခါရဟန်းတို့က "ဤသို့ ကောင်းစွာ ဟောကြားထားအပ်သော သာသနာတော်၌ ဝမ်းရေးအတွက် အဘယ့်ကြောင့် ရဟန်းပြုရဘိသနည်းဟု ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား လျှောက်ထားကြကုန်၏။

ဘုရားရှင်က ထိုရဟန်းကို ခေါ်၍ စစ်ဆေးမေးမြန်းတော် မူသော အခါဝမ်းရေးအတွက်ကြောင့် ရဟန်းပြုခဲ့သည်မှာ မှန်ပါသည်ဟု လျှောက်ထားသဖြင့် အထူးထူး အပြားပြား များစွာကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့ကို "အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေန္တေန စတ္တာရော နိဿယေ အာစိက္ခိတုံဟု ပညတ်ချက်ကို ထုတ်တော်မူလျက် ရဟန်းလောင်းကို ရဟန်းခံပေးသော ရဟန်းသည် မိမိတပည့် ရဟန်းအား မှီရာ (၄) ပါး ပစ္စည်းများကို ပြောကြားဖို့ရန် ခွင့်ပြုတော်မူခဲ့၏။

## ရဟန်းခံမပေးခင် မှီရာ (၄) ပါး ပစ္စည်းများကို ကြိုတင်၍ မပြောရ

ဘုရားရှင်လက်ထက် အခါတပါး၌ လုလင်တယောက်သည် ရဟန်းတို့၏ အထံသို့ကပ်ရောက်၍ ရဟန်းပြုပေးပါရန် တောင်းပန် လျှောက်ထား၏။

ရင်းလုလင်အား ရဟန်းတို့သည် ရဟန်းပြုမပေးမီ ရှေးဦးစွာကပင် ကြိုတင်၍ ပံ့သကူသက်န်းစသော မှီရာပစ္စည်း (၄) ပါး တို့ကို ပြောကြားကြကုန်၏။ ထိုသို့ပြောကြားသဖြင့် ထိုလုလင်သည် "အရှင်ဘုရားတို့ အကယ်၍ ရဟန်းပြုပြီးမှ မှီရာပစ္စည်း(၄)ပါးတို့ကို အကျွန်ုပ်အား ပြောကြားသည်ဖြစ်အံ့၊ အကျွန်ုပ်သည် သာသနာ၌တော်၌ အလွန်မွေ့လျော်ရ၏၊ ယခုမှာမူကား အကျွန်ုပ် ရဟန်းမပြုလိုဘော့ပြီ၊ မှီရာ(၄)ပါး ပစ္စည်းများကား အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းပါ၏"ဟု ပြောဆိုလျက် ရဟန်းမခံတော့ပေ။

ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ရဟန်းခံပြီးမှသာ မှီရာ(၄)ပါး ပစ္စည်းများကို ပြောကြားရမည်ဟု ပညတ်ချက် ထုတ်တော်မူရပြန်၏။

## ရဟန်းဘဝ၌ မှီရာ(၄)ပါး ပစ္စည်းများကို ပြောထားပုံ

၁။ ငါ့ချင်ရဟန်းသစ်၊ သင်သည် သလုံးကြွက်သား အစွမ်းအားဖြင့် သွားလာလှည့်ပတ် ဆွမ်းခံချပ်၍ တလုပ်စာ တလုပ်စာရအပ်သော ဘောဇဉ်ကို (ဆွမ်းကို)အားကိုးသမှု အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ ရဟန်းသိက္ခာ ကိုယ်မှာတည်သမျှ ကာလပတ်လုံး အားထုတ်ရမည်။

ရှေးကထူး၍ အလွန်အကျူး လာဘ်ပေါများသူ ဖြစ်ခဲ့ပါမူ သံဃိကဆွမ်း၊ အစရှိသော အထူးလာဘ်န်းကြသည့် ဆွမ်းများကိုလည်း သုံးဆောင် စားသောက်နိုင်သေး၏။

၂။ မြေမှုန့်အလိမ်းလိမ်းကပ်သော ပံ့သကူသင်္ကန်းကို အားကိုးသမှု အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ ရဟန်းသိက္ခာ ကိုယ်မှာတည်သမျှ ကာလပတ်လုံး အားထုတ်ရမည်။

ရှေးကံထူးခြား လှူဒါန်းသူများ၏ လာဘ်ပေါများသူ ဖြစ်ဘိမူကား ခေါမ-ရောမ-စသော ကောင်းမြတ်သော သင်္ကန်းအမျိုးမျိုးကိုလည်း ဝတ်ရုံနိုင်သေး၏။

၃။ သစ်တပင်ရင်း ဝါးတပင်အောက်ဟူသော ကျောင်းကို အားကိုးသမှု အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ ရဟန်းသိက္ခာ ကိုယ်မှာတည်သမျှ အားထုတ်ရမည်။

ရှေးကံထူး၍ အလွန်အကျူး လာဘ်ပေါများသူ ဘုန်းကြီးသူဖြစ်ခဲ့ပါမူ ကြီးကျယ်ခန်းပြား ခမ်းနားသည့် ကျောင်းအမျိုးမျိုး၌လည်း နေထိုင် ကောင်းပါသေး၏။

၄။ နွားကျင်ငယ်ဖြင့် စိမ်ထုံအပ်သော ဇီးဖြူ၊ သျှိသျှား၊ ဖန်ခါး စသော ဆေးကို အားကိုးသမှု အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ ရဟန်းသိက္ခာ ကိုယ်မှာတည်သမျှ ကာလပတ်လုံး အားထုတ်အပ်၏။

ရှေးကံထူးခြား လာဘ်ပေါများသူ ဖြစ်ခဲ့ပါမူ ထောပတ်-ဆီဦ-ဆီ-ပျား-တင်လဲစသော ဆေးအမျိုးမျိုးကိုလည်း မှီဝဲသုံးဆောင်နိုင်ပါသေး၏။ ဟု ဤသို့ ရဟန်းသစ်အား မှီရာ(၄)ပါး ပစ္စည်းများကို ပြောကြား၍ ထားရမည်။

## ရဟန်းခံပြီး သိမ်မှအထွက်၊ မယားဟောင်းလက်ချက် မိသွားသော ရဟန်းအကြောင်း

ဘုရားရှင် လက်ထက်တော် အခါဝယ် တရံသောအခါ ရဟန်းတို့သည် ပဥ္စင်းလောင်းတပါးကို ရဟန်းခံပေးပြီးနောက် ထိုရဟန်းသစ်တပါးတည်း ကျန်ရစ်ခဲ့ကြ၍ သိမ်ထဲမှ ဖဲခွာထွက်သွားလျက် ကျောင်းသို့ ပြန်ကြကုန်၏။ ထိုရဟန်းသစ်သည် သိမ်မှထွက်၍ နောက်မှတပါးတည်း ကျောင်းသို့လာသည်ရှိသော် ခရီးအကြား၌ မယားဟောင်းနှင့်တွေ့၍ "ယခု သင်ရဟန်းပြုနေသလား"ဟု မယားဟောင်းက မေးသဖြင့်—

"အေးဟုတ်၏၊ ယခုငါရဟန်းပြု၏"ဟု ပြန်ပြောရာ "ရဟန်းတို့အား မေထုန်အကျင့်သည် ရခဲ၏၊ လာလော့ မေထုန်အကျင့်ကို မှီဝဲလော့"ဟု ပြောဆို၏။

ထိုရဟန်းသစ်သည် (ဝိနည်းသိက္ခာပုဒ်ကို နားမလည်သေးသောကြောင့် အပ်သည်ထင်မှတ်ကာ) ထိုမယားဟောင်း မိန်းမအား မေထုန်မှီဝဲ၍ အချိန်ကြာမြင့် နောက်ကျမှ ကျောင်းသို့ သွားလေ၏။

ရဟန်းအပေါင်းတို့က "ငါ့ရှင် သင်သည် အဘယ့်ကြောင့် ဤမျှလောက်ကြာမြင့်နေဘိသနည်း"ဟု မေးမြန်းကြရာ ထိုရဟန်းသစ်သည် အကြောင်းစုံကို လျှောက်ထားပြောကြား၏။

ရဟန်းတို့သည်လည်း မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က–

"ရဟန်းတို့ ပဥ္စင်းခံပြီးစ ရဟန်းသစ်အား အဖော်ကိုပေးခြင်းငှာလည်းကောင်း၊ မပြုကျင့်အပ် မပြုကျင့်ကောင်းသည့် အကရဏီယတရား (၄)ပါး ပါရာဇိကသိက္ခာပုဒ်များကို ပြောကြားထားခြင်းငှာလည်းကောင်း၊ ခွင့်ပြုတော်မူ၏ဟု မိန့်ဆိုတော်မူခဲ့၏။

ထို့ကြောင့် ရဟန်းခံပြီး သိမ်ထဲ၌ပင် မပြုကျင့်အပ်သော အကရဏီယတရား (၄)ပါးတို့ကို ရဟန်းသစ်အား ပြောကြားရမည်။ ရဟန်းသစ်အား စောင့်ရှောက်ရန် အဖော်ရဟန်းလည်း ပေးထားရမည်။

## မပြုကျင့်အပ်သောတရား (၄)ပါး

မြင့်မြတ်သည့် ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်သောရဟန်းသည်–

(၁) မေထုန်အကျင့်ကို မမှီဝဲကောင်း အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မ၌သော်လည်း မမှီဝဲကောင်း။ မှီဝဲသော ရဟန်းသည် ရဟန်းစစ်မဟုတ်တော့၊ သာကီဝင်မင်းသား ဘုရားရှင့်အနွယ်တော် မဟုတ်တော့။

ဥပမာအားဖြင့် ဦးခေါင်းပြတ်ပြီးသော ယောကျ်ားသည် ထိုပြတ်လေပြီးသော ဦးခေါင်းနှင့် ကိုယ်ကို ပြန်၍ ဆက်ဆပ်သဖြင့် အသက်ရှင်ခြင်းငှာ မထိုက်သကဲ့သို့တည်း၊

ထို့ကြောင့် သင်ရဟန်းသစ်သည် ရဟန်းသိက္ခာ ကိုယ်မှာ တည်နေသမျှ ကာလပတ်လုံး မေထုန်အကျင့်ကို မပြုကျင့်အပ်။

(၂) အရှင်သည် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူလိုသောစိတ်ဖြင့် မခိုးယူအပ်။ အယုတ်ဆုံးအားဖြင့် မြက်, ဝါးခြမ်းစိတ်ကို အစပြု၍ မခိုးယူအပ်။ ခိုးယူသော ရဟန်းသည် ရဟန်းစစ်မဟုတ်တော့၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့။ တမတ်ကိုလည်းကောင်း၊ တမတ်တန်ဥစ္စာကိုလည်းကောင်း၊ တမတ်ထက် ပိုလွန်

သော ဥစ္စာကိုလည်းကောင်း မပေးပဲ ခိုးယူလိုသောစိတ်ဖြင့် ခိုးယူခဲ့သော် ရဟန်းစစ် မဟုတ်တော့။

ဥပမာအားဖြင့် အညှာမှ ကြွေကျပြီးသော သစ်ရွက်ရော်သည် တဖန်ပြန်၍ စိမ်းစိုခြင်းငှာ မထိုက်တန်သကဲ့သို့တည်း။

ထို့ကြောင့် ငါ့ရှင် ရဟန်းသစ်သည် ရဟန်းသိက္ခာ ကိုယ်မှာတည်သမျှ ကာလပတ်လုံး သူတပါးတို့၏ ဥစ္စာကို မခိုးယူရ။

(၃) သေစေလိုသော စိတ်စေတနာဖြင့် စေ့ဆော်၍ သတ္တဝါကို မသတ်ရ။ အယုတ်ဆုံးအားဖြင့် ပိုးရွ, ခြပုန်း စသော သတ္တဝါ ကလေးများကိုပင် မသတ်ရ။ သေစေလိုသော စိတ်စေတနာဖြင့် စေ့ဆော်၍ အထူးအားဖြင့် လူကိုမသတ်ရ။ အယုတ်ဆုံးအားဖြင့် ကိုယ်ဝန်ကိုကျစေတတ်သော ဆေးကိုသော်မှ မပေးရ။ လူဇာတ်ရှိသော သူကို သတ်သော ရဟန်းသည် ရဟန်းစစ်မဟုတ်တော့။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့။

ဥပမာအားဖြင့် နှစ်ခြမ်းနှစ်ခြမ်း ကွဲလေပြီးသော ကျောက်တုံးကျောက်ဖျာကြီးသည် တဖန်ပြန်၍ ဆက်စပ်ခြင်းငှာ မဖြစ်သကဲ့သို့တည်း။

ထို့ကြောင့် ငါ့ရှင်ရဟန်းသစ်သည် ရဟန်းသိက္ခာ ကိုယ်မှာ တည်သမျှကာလပတ်လုံး သူတပါးအသက်ကို သတ်ခြင်းကို မပြုရ။ အထူးအားဖြင့် လူကိုမသတ်ရဟု မှတ်ပါ။

(၄) လူတို့၏ ကုသလကမ္မပထတရား (၁၀)ပါးထက် လွန်မြတ်သော ဈာန် မဂ်ဖိုလ်-တရားများကို မပြောကြားအပ်။ အယုတ်ဆုံးအားဖြင့် "ငါသည် ဆိတ်ငြိမ်ရာ အရပ်၌ မွေ့လျော်၏"ဟူ၍ သော်မှ မပြောကြားအပ်။ ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ (ဘုန်းကြီးလို လာဘ်လာဘပေါများလိုသည်ဖြစ်၍ ဟုဆိုလိုသည်)မိမိ၌ ထင်ရှားမရှိ၊ မဟုတ်မမှန်သော ဈာန်, မဂ်, ဖိုလ်တရားတို့ကို ဝါကြွားပလွှား၍ "ငါသိ၏၊ ငါရ၏"ဟု ပြောဆိုသော ရဟန်းသည် ရဟန်းစစ်မဟုတ်တော့၊ သာကီဝင် မင်းသား ဘုရားအနွယ်တော်မဟုတ်တော့။

ဥပမာအားဖြင့် လည်ဆစ် လည်သီးမှ ပြတ်ပြီးသော ထန်းပင်ကြီးသည် တဖန်ပြန်၍ စည်ပင်ခြင်း, ကြီးပွားခြင်းငှာ မထိုက်သကဲ့သို့တည်း။

ထို့ကြောင့် ငါ့ရှင်ရဟန်းသစ်သည် ယုတ်မာသော အလိုဆိုး ရှိသည်ဖြစ်၍ အလိုရမွက် နှိပ်စက်အပ်သည်ဖြစ်၍ မိမိသန္တာန်၌ ထင်ရှားမရှိ၊ မဟုတ်မမှန်သော ဈာန်တရား, မဂ်တရား, ဖိုလ်တရား, ဝိမောက္ခ, သမာဓိ, သမာပတ် တရားတို့ကို "ငါရ၏၊ ငါသိ၏"ဟု ရဟန်းသိက္ခာ ကိုယ်မှာတည်သမျှ ကာလပတ်လုံး (ရဟန်းဘဝမှာ နေသမျှ ကာလပတ်လုံး) ဝါကြွား ပလွားၿပီး မည်သူ့ကိုမျှ မပြော ကြားရ—ဟု ဤသို့ ရဟန်းတို့ မပြုကျင့်အပ်သော တရား (၄)ပါးကို သေချာစွာ နားလည်အောင် ပြောကြားအပ်၏၊ ပြောကြား ထားရမည်။

## သံဃာ့ကံ၏ အစွမ်းအားဖြင့် သံဃာ (၅) မျိုး ပြားပုံ

၁။ (၄) ယောက်အစုရှိသော သံဃာ=စတုဝဂ္ဂသံဃာ။
၂။ (၅) ယောက်အစုရှိသော သံဃာ=ပဉ္စဝဂ္ဂသံဃာ။
၃။ (၁၀) ယောက်အစုရှိသော သံဃာ=ဒသဝဂ္ဂသံဃာ။
၄။ (၂၀) ယောက်အစုရှိသော သံဃာ=ဝီသတိဝဂ္ဂသံဃာ။
၅။ (၂၀) ယောက်ထက် အလွန်အစုရှိသော သံဃာ=အတိရေက ဝီသတိဝဂ္ဂသံဃာ။

ဟူ၍ (၅) မျိုးရှိ၏။

ထို (၅) မျိုးတို့တွင်—

စတုဝဂ္ဂသံဃာသည် ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံ (၃) မျိုးမှ တပါး အားလုံးသံဃာ့ကံကို ဆောင်ရွက်နိုင်သည်။

ပဉ္စဝဂ္ဂသံဃာသည် မဇ္ဈိမဒေသ၌ ဥပသမ္ပဒကံ, အဗ္ဘာနကံ (၂) မျိုးကို ချန်ထား၍ ကျန်သံဃာ့ကံ အားလုံးကို ဆောင်ရွက်နိုင် သည်။

ဒသဝဂ္ဂသံဃာသည် အဗ္ဘာနကံ တခုမျှကိုသာ ချန်ထား၍ ကျန်သံဃာ့ကံ အားလုံးကို ဆောင်ရွက်နိုင်သည်။

ဝီသတိဝဂ္ဂသံဃာသည် သံဃာ့ကံအားလုံးကို ဆောင်ရွက်နိုင်သည်၊ ဆောင် ရွက်နိုင်သော သံဃာ့ကံမည်သည် မရှိ။

အတိရေကဝီသတိဝဂ္ဂသံဃာ ဖြင့် စတုဝဂ္ဂအစရှိသော သံဃာသည် ပြုအပ် သော သံဃာ့ကံတို့၌ သံဃာအရေအတွက် ယုတ်လျော့ ၍ကား လုံးဝမပြုကောင်း၊ ပိုလျှံသော ပိုစေရမည်ဟု ပြတော်မူသည်။

ဥပမာ–ဤမြန်မာနိုင်ငံ၌ ဥပသမ္ပဒကံကို အနည်းဆုံး သံဃာ (၅)ပါး ရှိမှ ပြုရသော ပဉ္စဝဂ္ဂကရဏီယကံမျိုးဖြစ်၏၊ ထို့ကြောင့် (၅) ပါးအောက် ယုတ်၍ (၄) ပါး (၃) ပါး စသည်ဖြင့်ကား မပြုလုပ်ကောင်း၊ (၅) ပါးထက်ပိုလျှင်ကား ဘယ်မျှပင်ပိုပို ပြုလုပ်ကောင်းသည်၊ ပိုလေကောင်းလေ၊ ဤသို့သော အဓိပ္ပာယ်ကို သိစေတော်မူလိုသောကြောင့် အတိရေက ဝီသတိဝဂ္ဂ သံဃာကို ဘုရားရှင် မိန့်ကြားတော်မူခဲ့သည်ဟုမှတ်။

(ဆောင်ပုဒ်လင်္ကာ)

၁။ စ, ဥ, ပ, ဘန်၊ သုံးခုချန်၊

၂။ ပ-ဘန်, မဇ္ဈ, ချန်နှစ်ခု။

၃။ ဒ-မူကားဘန်, တခုချန်။

၄။ ဝီသံ-ပြုထုံး, ကံအားလုံး။

၅။ "ပိ, ဖြင့်အားလုံး၊ ပြုနိုင်အုံးလည်း၊ အတိရေက၊ ဝီသတိဝဂ္ဂါ၊ ယင်းသံဃာကို၊ ထိုထိုကံများ၊ ပြုလတ်ငြားသော်၊ ကမ္မပတ္တာ၊ ဖြစ်သံဃာ အောက်၊ နည်းသော်မအပ်၊ များလတ်မူကား၊ ကောင်းလှငြားဟု၊ ပြလိုမူ ကြောင့်၊ ဆိုမူထပ်လောင်း၊ မိန့်သဘည်း"။ (ပိ-ကား၊ ဝီသတိဝဂ္ဂသံဃာကို ဆိုသည်။)

ဤရဟန်းခံခြင်း–ဥပသမ္ပဒကံကို

၁။ မဇ္ဈိမဒေသ သံဃာပေါရာ အရပ်၌ ဒသဝဂ္ဂကရဏီယကံ ဖြစ်၍၊ အနည်းဆုံး သံဃာစစ်စစ် (၁၀) ပါး ရှိမှ ပြုရ၏။

၂။ ပစ္စန္တရစ်အရပ်၌ သံဃာရှားပါး၍ ပဉ္စဝဂ္ဂကရဏီယကံဖြစ်၍ အနည်းဆုံး သံဃာစစ်စစ် (၅) ပါးရှိမှ ပြုရ၏။

ဤမြန်မာနိုင်ငံကား မဇ္ဈိမဒေသ အပိုင်းအခြားအတွင်းတွင် မပါဝင်သောကြောင့် အနည်းဆုံး သံဃာစစ် သံဃာမှန် (၅) ပါးရှိလျှင် ရဟန်းခံခြင်း ဥပသမ္ပဒကံ ပြုနိုင်သည်။

ကာလပြောင်းပြန်။ ။ရှေးဘုရားရှင် လက်ထက်မှစ၍ ဘုရားရှင် ပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၅၀၀) ကျော်ကျော်လောက်အထိ မဇ္ဈိမဒေသခေါ်သော အိန္ဒိယတိုင်း၌ သံဃာတော်များ ပေါများခဲ့၏၊ ယခုအချိန်၌ကား သံဃာကို တွေ့မြင်ရဖို့ရန်ပင် အလွန့်အလွန် ခဲယဉ်းလှ၏၊ မြန်မာပြည်၌ကား ရှေးက ပုဂံခေတ်ဦးပိုင်း အထိ သံဃာ ရှားပါးလှ၏၊

ဖူးမြင်ရဖို့ပင် အလွန်ခဲယဉ်းလှ၏၊ ယခုခေတ်မှာကား သာသနာ စည်ကား ပေါများလှ၏၊ ပုဂံခေတ်အလယ်ပိုင်း လောက်မှစ၍ သာသနာ ထွန်းကား ခဲ့သည်။

## သာသနာတော် ကွယ်ပရခြင်း၏အကြောင်း

ဗုဒ္ဓရှင်တော်မြတ်သည် အင်္ဂုတ္တိုရ်ပါဠိတော်၌ သာသနာကွယ်ပရခြင်း၏ အကြောင်း (၅) ပါးကို ဟောကြားထားတော်မူခဲ့သည်မှာ –

၁။ ရဟန်းတော်တို့ တရားတော်များကို မနာကြားခြင်း၊

၂။ ပရိယတ်တရားတော်များကို သင်ကြားပို့ချမှု နည်းပါး နည်းပါးသွားခြင်း၊

၃။ နှုတ်တွင် အာဂုံဆောင်၍ မထားကြခြင်း၊

၄။ အနက်အဓိပ္ပာယ်ကို သိရှိအောင်လည်း မလေ့လာ မမှတ်သား ခြင်း၊

၅။ မဂ်-ဖိုလ်ရကြောင်း အကျင့်ကောင်းများကို တကယ်မကျင့်ကြ တော့ခြင်းဟူသော အကြောင်း (၅) ပါး ဖြစ်လေသည်။

### ဆောင်ပုဒ်

အင်္ဂုတ္တိုရ်လာ, သာသနာကွယ်ကြောင်း, တရားပေါင်းကား, ရဟန်းတော်များ တရားမနာ, စာပေမသင်, နှုတ်တွင်မဆောင်, သိအောင်မပြု, ဓမ္မာနုဓမ္မတ်–ပဋိပတ်ကွာ, ဤ (၅) ဖြာတည်း။

ထဝါထို့ပြင်-စာသင်ပယ်လျော့, ကျယ်မဟောကြ, ကျယ်မချနှင့်, ကျယ်စွမအံ့, မကြံမှုစည်, ဤ (၅) မည်တည်း။

ဝါ-တနည်းမှာ၊ အက္ခရာပုဒ်ပျက်, လေ့ကျက်သင်ကြ, ဒုဗ္ဗစမူ, စာချသူရှား, လာဘ်များအောင်ဖန်, ခိုက်ရန်ကွဲပြား, ဤ (၅)ပါး သည်၊ဘုရားသာသနာ ကွယ်ကြောင်းတည်း။ (ဝိသုဒ္ဓါရုံ ဆရာတော်) ဟူသော အကြောင်းများပင်တည်း၊ ဤအကြောင်းများကား အားလုံး အများသိကြပြီး ဖြစ်သဖြင့် အထူးမချဲ့လိုတော့ပါ။

## အိန္ဒိယပြည်ကြီး သာသနာကွယ်ခြင်းနှင့် သူတို့အမြင်

ဗုဒ္ဓသာသနာတော်ကြီး စတင်၍ထွန်းကားခဲ့ရာ ဌာနဖြစ်သော အိန္ဒိယ ပြည်ကြီးတွင် ယခုအခါ သာသနာတော် ကွယ်ပလုနီးချေပြီ။

အိန္ဒိယပြည်ကြီး၌ ဗုဒ္ဓသာသနာတော်ကြီး ကွယ်ပရသည့် အကြောင်းနှင့် ပတ်သက်၍ အိန္ဒိယတိုင်းရင်းသား စာရေးဆရာ၊ ဒဿနိကပညာရှင်ကြီးတို့ အမြင်ကိုသာ ဤ၌တင်ပြလိုပါသည်။

ဂေါလိပ် ကျောင်းအုပ်ကြီးဟောင်း မဟာဒူးရ်မားလ် (အယ်လ်-အမ်-အေ) ရေးသားသည့် ''သရိုးလီးဂျင်း-အော့ဖ်-သဗုဒ္ဓ'' ခေါ် စာအုပ်အုပ်တွင် ရေးသားထားသည်ကို ဤသို့တွေ့ရ၏။

''အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာတော် ပျောက်ကွယ်သွားရခြင်း၏ အကြောင်းများမှာ အမျိုးမျိုးရှိပါသည်။ သို့ရာတွင် ပဓာန ကျသော အကြောင်းများမှာကား ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ပညာရေးနှင့် အကျင့်စာရိတ္တ အဆင့်အတန်း နိမ့်ကျသွားမှုကြောင့် ဖြစ်လေသည်။

ရဟန်းတော်များသည် မိမိကိုယ်ရေးကိုယ်တာ တည်းဟူသော ''အတ္တဟိတ''ကို အလေးဂရုပြုလာကြသည်။

ထိုအခါ ရဟန်းတော်တို့သည် မိမိပတ်ဝန်းကျင်ရှိ လူများ၏ စိတ်ဓာတ်ဖြူစင်ရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးရမည့် တာဝန်များကို မေ့လျော့ကြသည်။

ဗုဒ္ဓရှင်တော်မြတ်က ၎င်းတို့အား သွန်သင်ညွှန်ကြားထားခဲ့သည့် ''ပရဟိတ''လုပ်ငန်း ရည်ရွယ်ချက်သည် မျက်ခြည်ပြတ်ကာ လုံးဝ ပျောက်ကွယ်သွားခဲ့တော့သည်။

ပရိယတ်နှင့် ပဋိပတ် အားထုတ်မှုသည်လည်း ဆုတ်ယုတ်လာတော့သည်။ ထို့ကြောင့်ပင် (၈) ရာစုနှစ်များတွင် ရဟန်းတော်များ၏ ကျောင်းမှ ကျမ်းဂန်တတ် ပုဂ္ဂိုလ်များနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ပညာရှိများ၏ ဝါဒရေးတိုက်ပွဲများတွင် ခုခံယှဉ်ပြိုင်နိုင်သော ပုဂ္ဂိုလ်များ ထွက်ပေါ်မလာတော့ချေ။

သို့ဖြစ်၍ ဟိန္ဒူပညာရှိတို့သည် ဗုဒ္ဓဘာသာဝင်များကို လူထုဆွေးနွေးပွဲများတွင် အလွယ်တကူ အနိုင်ယူခဲ့နိုင်ကြလေသည်။

အိန္ဒိယပြည်သားတို့၏ အစဉ်အလာတခုမှာ ဝါဒပြိုင်ပွဲများတွင် ရှုံးနိမ့်ခြင်း, အောင်နိုင်ခြင်းတို့သည် ဘာသာတခု သို့မဟုတ် ဂိုဏ်းတခု၊ သို့မဟုတ် ဆရာတဦး၏ တိုးတက်လာမှု, ကျဆင်းသွားမှုကို ဖြစ်စေနိုင်ပါသည်။

ဤသို့ဖြင့် လူများသည် ဝါဒပြိုင်ပွဲများတွင် ရှုံးနိမ့်သွားကြသော ဗုဒ္ဓဘာသာ ရဟန်းတော်များကို အထင်အမြင် သေးလာကြပြီးလျှင် အောင်မြင်မှုရကြသည့် ဟိန္ဒူဘုန်းတော်ကြီးများကို အထင်ကြီးလာကြသည်၊ သူတို့နောက်သို့ ကောက်ကောက်ပါသွားကြတော့သည်။

ဤ အကြောင်းများကြောင့် ဗုဒ္ဓသာသနာတော်သည် အိန္ဒိယပြည်မှ တစတစ မှေးမှိန်ကွယ်ပျောက်သွားရတော့သည်။

ဟု ရေးသားထားလေသည်။ အိန္ဒိယပြည် ဗဟိုအစိုးရ ပြန်ကြားရေးဌာန၊ ဝန်ကြီးဟောင်း တဦးကလည်း ၎င်း၏ "ဘဂဝန်ဗုဒ္ဓ"ခေါ်သော စာအုပ်တွင် အလားတူပင် ရေးသားထားပါသည်။

## စာရေးသူ၏အမြင်

ကောက်ချက်ချလျှင် ဗုဒ္ဓဘာသာ ရဟန်းတော်တို့၏ ပညာရေးနှင့် အကျင့်စာရိတ္တ အဆင့်အတန်း နိမ့်ကျသွားခြင်း ထိုသို့ နိမ့်ကျ သွားရခြင်းမှာလည်း ဗုဒ္ဓ၏ညွှန်ကြားချက် ပရဟိတ လုပ်ငန်းများကို လျစ်လျူရှု၍ အတ္တဟိတကိုသာ ရှေ့တန်းတင်ကာ အလေးဂရုပြုလာကြခြင်း၊ ပရိယတ်, ပဋိပတ်ကို ဖြူစင်သန့်ရှင်းသော စိတ်ဖြင့် အားထုတ်မှု ဆုတ်ယုတ်လာခြင်း၊ ပရိယတ်, ပဋိပတ်တို့၌ တကယ်ကျွမ်းကျင်၍ ဆန့်ကျင်ဘက် ဝါဒများကို နှိမ်နင်းချေဖျက်နိုင်သော ပညာတတ်ပုဂ္ဂိုလ်များ ပေါ်ထွက်လာမှု နည်းပါးသဖြင့် လူတို့အထင်အမြင်သေးကာ အခြား ဘာသာဝါဒဘက်သို့ ယိမ်းယိုင်ပါသွားကြခြင်းဟူသော အကြောင်းများကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ၊ သာသနာတော်ကြီး စတင်ပေါ်ထွန်းရာဌာနဖြစ်သော အိန္ဒိယတိုင်းပြည်၌ကား ယခုအခါ ဗုဒ္ဓဝါဒ ကွယ်ပခဲ့သည်ကား အားလုံးသိရှိကြပြီးဖြစ်လေသည်၊ မည်သူမျှ မငြင်းနိုင်ပါ။

ထိုသို့ အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာတော်ကြီး ပျောက်ကွယ်ခဲ့ရသည်ကို "ဓမ္မသံဝေဂ" ယူကြပြီးလျှင် မြန်မာပြည်ရှိ ရဟန်းတော်တို့သည်လည်း ကြိုတင်ကာ ရှောင်သင့်သည်ကို ရှောင်၍ ဆောင်သင့်သည်တို့ကို ဆောင်လျက်၊ ဗုဒ္ဓဘာသာဝင် ဒါယကာ-ဒါယိကာမအပေါင်းတို့၏ ကြည်ညိုမှု သဒ္ဓါတရား မပျက်ပြားရအောင် စောင့်ရှောက်နေထိုင် ဆောင်ရွက်သင့်ပေတော့၏။

ဗုဒ္ဓဘာသာကို မကြည်ညိုသေးသူ ပုဂ္ဂိုလ်များကြည်ညိုမှုရှိလာစေရအောင် ကြည်ညိုပြီးသူများ၏ ကြည်ညိုမှုသဒ္ဓါတရား ဆုတ်ယုတ်ပျက်ပြားမှု မရှိရအောင် ကျင့်ဆောင်နေထိုင်ခြင်းသည်သာ သာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အမွန့်ရှည်စွာ တည်ခြင်း၏ အဓိကကျသော အခြေခံ အကြောင်းဖြစ်ပေသည်။

ဝိနယ-၂၂

## ဝါ–ငယ်ငယ်နှင့် ဥပဇ္ဈာယ်ဆရာလုပ်ခွင့်မပြု

ဘုရားရှင် လက်ထက်တော်က တချို့သော (၁)ဝါရ (၂)ဝါရ ရဟန်းငယ်တို့သည် တပည့်မွေးကာ ဥပဇ္ဈာယ်ဆရာလုပ်၍ မိမိ၏အတူနေ တပည့်တို့ကို ပဉ္စင်းခံပေးကြကုန်၏။

## ဝါငယ်ငယ်ကလေးနှင့် ဆရာလုပ်ကာ တပည့်မွေးသည့် အရှင်ဥပသေနအကြောင်း

ဘုရားရှင် လက်ထက်တော်က ဝင်္ဂန္တပုဏ္ဏားဏ်၏သား အရှင်ဥပသေနသည်လည်း (၁)ဝါမျှသာ ရသေးလျက် ဆရာလုပ်တပည့်မွေးကာ ဥပဇ္ဈာယ်ယူ အတူနေ သူ၏တပည့်ကို ပဉ္စင်းခံပေး၏။

အရှင်ဥပသေနသည် ဝါကျွတ်ပြီးသည်ရှိသော် သူကား(၂) ဝါရဖြစ်၏၊ သူ့တပည့်ကား(၁)ဝါရ၏။

ဆရာတပည့်(၂)ယောက် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အရပ်သို့ သွားကြပြီးလျှင် ဘုရားထံ ချဉ်းကပ်ပြီးနောက် ရှိခိုးလျက် ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂန္တပုဏ္ဏားဏ်၏သား အရှင်ဥပသေနအား ဘုရားရှင်တို့၏ အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်''သမ္မောဒနီယ''စကား ပြောဘော်မူမြဲ ဓမ္မတာအတိုင်း နှုတ်ခွန်းဆက်စကား မေးမြန်းတော်မူပြီးလျှင်၊ ဘုရားရှင် ကိုယ်တော်မြတ်သည် သိတော်မူလျက်ပင် တရားကို ဟောအံ့၊ သိက္ခာပုဒ်ကို သော်လည်း ပညတ်အံ့ဟူသော ဤအကြောင်း(၂)မျိုးတို့ဖြင့် မေးမြန်းတော်မူ၏။

ဘုရားရှင်။ ။ရဟန်း သင်သည် ဘယ်နှစ်ဝါရပြီနည်း။

ရှင်ဥပသေန။ ။မြတ်စွာဘုရား တပည့်တော်(၂)ဝါရပါပြီဘုရား။

ဘုရားရှင်။ ။သင့်နောက်က ဤရဟန်းကော ဘယ်နှစ်ဝါရပြီနည်း။

ရှင်ဥပသေန။ ။ဤရဟန်းကား (၁)ဝါရရှိပါပြီဘုရား။

ဘုရားရှင်။ ။ဤရဟန်းက သင်နှင့်ဘယ်သို့ တော်စပ်သနည်း။

ရှင်ဥပသေန။ ။အရှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ယူ အတူနေတပည့်ပါတည်း။

ဘုန်းတော်ကြီးသော ဘုရားရှင်သည် ဝင်္ဂန္တပုဏ္ဏားဏ်၏သား အရှင်ဥပသေနအား အထူးထူးအပြားပြား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့အား–

န ဘိက္ခဝေ၊ ဦန ဒသဝဿေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ ဒသဝဿေန ဝါ အတိရေက ဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ-

ဟု သိက္ခာပုဒ်တော် ပညတ်တော်မူပြီးလျှင်၊ (၁၀)ဝါမျှ မရသေးသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာလုပ်၍ ပဉ္စင်းခံမပေးရ၊ ပေးခဲ့လျှင် ဒုက္ကဋ် အာပတ်- ဟု တားမြစ်တော်မူပြီးလျှင် အနည်းဆုံး(၁၀)ဝါ၊(၁၀) ဝါထက် အလွန်ရသော ရဟန်းအားသာ ဥပဇ္ဈာယ်ဆရာလုပ်၍ ပဉ္စင်းခံပေးခြင်းငှာ ခွင့်ပြုတော်မူ၏။

## ၁၀-ဝါပင်ရသော်လည်း ဝိနည်းသိက္ခာပုဒ်တို့၌ မလိမ္မာက ဥပဇ္ဈာယ်ဆရာလုပ်၍ ရဟန်းခံပေးခွင့်မရှိ

ထိုစဉ်အခါက ရဟန်းတို့သည် "ငါတို့(၁၀)ဝါရကုန်ပြီ၊ ငါတို့(၁၀)ဝါ ရကုန်ပြီ"-ဟုဝိနည်းသိက္ခာပုဒ်တို့၌ မသိမလိမ္မာကြပဲလျှင် ဥပဇ္ဈာယ်ဆရာလုပ်၍ ပဉ္စင်းခံပေးကြကုန်၏။

၁။ မသိမိုက်မဲသော ဥပဇ္ဈာယ်ဆရာနှင့် လိမ္မာသော အတူနေတပည့်၊

၂။ မကျွမ်းကျင်သောဥပဇ္ဈာယ်ဆရာနှင့်ကျွမ်းကျင်သောအတူနေတပည့်၊

၃။ အကြားအမြင် နည်းပါးသော ဥပဇ္ဈာယ်ဆရာနှင့် အကြားအမြင်များသောအတူနေတပည့်၊

၄။ ပညာမဲ့သော ဥပဇ္ဈာယ်ဆရာနှင့် ပညာရှိသော အတူနေတပည့်တို့ကို တွေ့မြင်ကြရကုန်၏။

တိတ္ထိဖြစ်ဖူးသော ရဟန်းတပါးသည်လည်း ဥပဇ္ဈာယ်ဖြစ်သော မထေရ်သည် တရားနှင့်အညီ ပြောဆိုဆုံးမသည်ရှိသော် ဥပဇ္ဈာယ်ဆရာအား ဝါဒတင်၍ တိတ္ထိဘောင်သို့သာ ပြောင်းရွှေ့သွား၏။

ဥပဇ္ဈာယ်ဆရာကား မိမိ၏ တိတ္ထိလူထွက်ရဟန်းအား ဝါဒကိုပြန်လှန်ချေပနားလည်အောင် ပြောဟော ပြသ နိုင်သောက်သော အခြေခံပညာ မရှိခဲ့ချေ။

ထို့ကြောင့် အလိုနည်းကြကုန်သော ရဟန်းတို့က ကဲ့ရဲ့ရှုတ်ချ အပြစ်ပြကာ ပြောဆိုကြကုန်၏၊ ထိုအကြောင်းကို ဘုရားရှင်အားလည်းလျှောက်ထားကြကုန်၏။

ဘုရားရှင်က စစ်ဆေးမေးမြန်းတော်မူပြီးလျှင် ဟုတ်မှန်ကြောင်းလျှောက်ထားသဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် တရားစကားမှာပြတော်မူလျက် ရဟန်းတို့ကို-

န ဘိက္ခဝေ ဗာလေန အဗျတ္တေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသ ဝဿေန ဝါ အတိရေက ဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ''-

ဟု ဝိနည်းသိက္ခာပုဒ်၌ မသိမလိမ္မာသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာလုပ်၍ ပဉ္စင်းခံမပေးရ ဟု တားမြစ်တော်မူပြီးလျှင်၊ ဝိနည်းသိက္ခာပုဒ်တို့၌ ကျွမ်းကျင်လိမ္မာ၍ အနည်းဆုံး(၁၀)ဝါ၊ (၁၀)ဝါထက် အလွန်ရသော ရဟန်းမှသာ ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေး ခွင့်ပြုတော်မူခဲ့၏။

ထိုကြောင့်-(၁) ဝိနည်းသိက္ခာပုဒ်တို့၌လည်း ကျွမ်းကျင်လိမ္မာရမည်၊

(၂) အနည်းဆုံး (၁၀) ဝါလည်းရရမည်။

ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းတို့သည်သာ ဥပဇ္ဈာယ်ဆရာလုပ်၍ ပဉ္စင်းခံပေးကောင်းသည်ဟု မှတ်ရမည်။

## ဥပဇ္ဈာယ်ဆရာ မလုပ်ထိုက်သူများ

ဝိနည်းမဟာဝါပါဠိတော်လာ မိမိက ဥပဇ္ဈာယ်ဆရာပြုလုပ်ပြီးလျှင် ပဉ္စင်းခံမပေးရ၊ နိဿယည်းဆရာ ပြုလုပ်၍ နိဿယည်းမပေးရ၊ တပည့်သာမဏေမွေး၍ အလုပ်အကျွေး မခံရဟု ဘုရားရှင် တားမြစ်တော် မူခဲ့သော ပုဂ္ဂိုလ်များမှာ-

၁။ သီလဂုဏ်နှင့် ပြည့်စုံသူ မဟုတ်ခြင်း၊

၂၊ သမာဓိဂုဏ်နှင့် ပြည့်စုံသူ မဟုတ်ခြင်း၊

၃။ ပညာဂုဏ်နှင့် ပြည့်စုံသူ မဟုတ်ခြင်း၊

၄။ ကိလေသာတို့မှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံသူမဟုတ်ခြင်း၊ ဝိမုတ္တိဉာဏ်အမြင် ဂုဏ်နှင့် ပြည့်စုံသူ မဟုတ်ခြင်း။

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော ရဟန်းသည် မိမိက ဥပဇ္ဈာယ်ဆရာပြုလုပ်ပြီးလျှင် ရဟန်းခံမပေးရ၊ နိဿယည်းဆရာပြုလုပ်၍ နိဿယည်းမပေးရ၊ သာမဏေတို့၏ အပြုစု အလုပ်အကျွေးကို မခံရ။

တနည်း—

၁။ မိမိကိုယ်တိုင်ကလည်း သီလဂုဏ်နှင့် မပြည့်စုံ၊ တပည့်ကိုလည်း သီလဂုဏ်နှင့် ပြည့်စုံအောင် မသွန်သင် မဆုံးမတတ်။

၂။ မိမိကိုယ်တိုင်ကလည်း သမာဓိဂုဏ်နှင့် မပြည့်စုံ၊ တပည့်ကိုလည်း သမာဓိဂုဏ်နှင့် ပြည့်စုံအောင် မသွန်သင် မဆုံးမတတ်။

၃။ မိမိကိုယ်တိုင်လည်း ပညာဂုဏ်နှင့်မပြည့်စုံ၊ တပည့်ကိုလည်း ပညာဂုဏ်နှင့် ပြည့်စုံအောင် မသွန်သင် မဆုံးမတတ်။

၄။ မိမိကိုယ်တိုင်ကလည်း ကိလေသာတို့မှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံ၊ တပည့်ကိုလည်း ၎င်းဝိမုတ္တိဂုဏ်နှင့် ပြည့်စုံအောင် မသွန်သင် မဆုံးမတတ်။

၅။ မိမိကိုယ်တိုင်ကလည်း ဝိမုတ္တိကို သိမြင်သည့်ဂုဏ်နှင့် မပြည့်စုံ၊ တပည့်ကိုလည်း ၎င်းဝိမုတ္တိဉာဏ်အမြင် ဂုဏ်နှင့် ပြည့်စုံအောင်မသွန်သင် မဆုံးမတတ်။

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း—

၁။ ယုံကြည်မှုသဒ္ဓါတရားကင်းခြင်း၊

၂။ မကောင်းသော ဒုစရိုက်ကို ပြုလုပ်ရန် အရှက်မရှိ၊ အရှက်မဲ့သူဖြစ်ခြင်း၊

၃။ ဒုစရိုက်မှုကို ပြုလုပ်ရန် အကြောက်အလန့် မရှိသူဖြစ်ခြင်း၊

၄။ ပျင်းရိသူ ဖြစ်ခြင်း၊

၅။ သတိတရားကို လက်ကိုင်မထားသူ ဖြစ်ခြင်း၊

ဤအင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည် လည်းကောင်း၊

တနည်း—

၁။ လွန်မြတ်သော သီလပျက်၏။

၂။ လွန်မြတ်သော အကျင့်ပျက်၏။

၃။ လွန်မြတ်သော အယူပျက်၏။

၄။ အကြားအမြင် နည်းပါး၏၊

၅။ ဉာဏ်ပညာ မရှိ၊

အထက်ပါအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသည့် ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း–

၁။ ဖျားနာသော တပည့်ကိုကို ကိုယ်တိုင်လည်း မပြုစု မလုပ်ကျွေးတတ်၊ သူတပါးတို့ကိုလည်း ပြုစုလုပ်ကျွေးစေရန် မခိုင်းတတ်။

၂။ သာသနာတော်၌ မပျော်ပိုက်သည့် တပည့်ကို စိတ်ပြေလက်ပျောက်ရှိစေရန် အရပ်တပါးသို့ ကိုယ်တိုင် ခေါ်ဆောင် သွားခြင်းငှာ သော်လည်းကောင်း၊ သူတပါးတို့ကို ခေါ်ဆောင်သွားစေခြင်းငှာ သော်လည်းကောင်း မစွမ်းနိုင်။

၃။ တပည့်သန္တာန်၌ ဖြစ်ပေါ်လာသော တွေးတောမှု သံသယ ကုက္ကုစ္စကိုလည်း တရားသဖြင့် ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်။

၄။ အာပတ်ကိုလည်း မသိ၊

၅။ အာပတ်မှ ထမြောက်ခြင်းကိုလည်း မသိ၊

ဤအထက်ပါ အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော ရဟန်းမျိုးသည် လည်းကောင်း၊

တနည်း–

အတူနေတပည့်တို့ကို–

၁။ ခန္ဓကာ၌လာသော ကျင့်ဝတ်တို့ကို ကျင့်စေခြင်းငှာ မစွမ်းနိုင်၊

၂။ ဥဘတောဝိဘင်း၌လာသော သိက္ခာတို့၌ ဆုံးမခြင်းငှာ မစွမ်းနိုင်၊

၃။ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ မစွမ်းနိုင်၊

၄။ အလုံးစုံသော ဝိနည်းသိက္ခာပုဒ်၌ ဆုံးမခြင်းငှာ မစွမ်းနိုင်၊

၅။ တပည့်သန္တာန်၌ ဖြစ်ပေါ်လာသည့် အယူမှားကိုလည်း တရားသဖြင့် ဟုတ်မှန်စွာ ဖြေချွတ်ခြင်းငှာ မစွမ်းနိုင်၊

ဤကဲ့သို့သော အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော ရဟန်းမျိုးသည် လည်းကောင်း၊

တနည်း–

၁။ အာပတ်သင့်သည်ကို မသိ၊

၂။ အာပတ်မသင့်သည်ကို မသိ၊

၃။ ပေါ့သောအပြစ်ဟူသော အာပတ်မျိုးကိုမသိ၊

၄။ ကြီးလေးသော အပြစ်ဟူသော အာပတ်မျိုးကို မသိ၊

၅။ အကျယ်အားဖြင့် ပါတိမောက်ကို ကျေကျေပွန်ပွန်မရ၊ ကောင်းစွာအနက်အဓိပ္ပာယ်ကို မဝေဖန်နိုင်၊ သဒ္ဒါ–သုတ်-ဗျည်း အားဖြင့်လည်းကောင်း၊ ဝိဘင်းအကျယ်အားဖြင့်လည်းကောင်း၊

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း–

၁။ အာပတ်သင့်မှုကို မသိ၊

၂။ အာပတ်မသင့်မှုကို မသိ၊

၃။ ပေါ့သောအပြစ်ဟူသော လဟုက အာပတ်ကို မသိ၊

၄။ ကြီးလေးသော အပြစ်ဟူသော ဂရုကအာပတ်ကို မသိ၊

၅။ သိက္ခာ(၁၀)ဝါ မရသေးခြင်း၊

ဤအင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည် လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ရဟန်းခံမပေးရ၊ နိဿယည်းဆရာလုပ်၍ နိဿယည်း မပေးရ၊ တပည့်မွေးကာ အပြုစု အလုပ်ကျွေးမခံရ။

## ဥပဇ္ဈာယ်ဆရာပြုလုပ်ထိုက်သူ၏ဂုဏ်အင်္ဂါများ

အောက်တွင် ဖော်ပြပါ ဂုဏ်အင်္ဂါ(၅)မျိုးတို့နှင့် ပြည့်စုံသည့် ရဟန်းတို့သည်သာလျှင် ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ပဉ္စင်းခံပေးကောင်း၏၊ နိဿယည်းဆရာလုပ်၍နိဿယည်းပေးကောင်း၏၊ တပည့်သာမဏေမွေးကာ အပြုစုအလုပ်အကျွေး ခံကောင်း၏။

၁။ သီလဂုဏ်နှင့်လည်း ပြည့်စုံ၏။

၂။ သမာဓိဂုဏ်နှင့်လည်း ပြည့်စုံ၏။

၃။ ပညာဂုဏ်နှင့်လည်း ပြည့်စုံ၏။

၄။ ကိလေသာတို့မှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့်လည်း ပြည့်စုံ၏။
၅။ ဝိမုတ္တိကို သိမြင်နိုင်သည့် ဂုဏ်နှင့်လည်း ပြည့်စုံ၏။
ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း—

၁။ မိမိကိုယ်တိုင် သီလဂုဏ်နှင့်ပြည့်စုံပြီးလျှင်တပည့်များကိုလည်း သီလဂုဏ်နှင့်ပြည့်စုံအောင် သွန်သင်ဆုံးမနိုင်၏။
၂။ ကိုယ်တိုင်သမာဓိဂုဏ်နှင့် ပြည့်စုံပြီးလျှင် တပည့်များကိုလည်း သမာဓိဂုဏ်နှင့်ပြည့်စုံအောင် သွန်သင်ဆုံးမနိုင်၏။
၃။ ကိုယ်တိုင် ပညာဂုဏ်နှင့် ပြည့်စုံပြီးလျှင် တပည့်များကိုလည်းပညာဂုဏ်နှင့် ပြည့်စုံအောင် သွန်သင်ဆုံးမနိုင်၏။
၄။ ကိုယ်တိုင် ကိလေသာတို့မှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံပြီးလျှင် တပည့်တို့ကိုလည်း ၎င်းဝိမုတ္တိဂုဏ်နှင့် ပြည့်စုံအောင်သွန်သင်ဆုံးမနိုင်၏၊
၅။ ကိုယ်တိုင် ဝိမုတ္တိကို သိမြင်သည့်ဂုဏ်နှင့် ပြည့်စုံပြီးလျှင် တပည့်များကိုလည်း ၎င်းဝိမုတ္တိကို သိမြင်သည့် ဂုဏ်နှင့်ပြည့်စုံအောင်သွန်သင်ဆုံးမနိုင်၏။
ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း—

၁။ ယုံကြည်မှုသဒ္ဓါတရား ရှိ၏။
၂။ မကောင်းသော ဒုစရိုက်မှုကို ပြုလုပ်ရမည်မှ ရှက်တတ်၏။
၃။ မကောင်းသော ဒုစရိုက်မှုကို ပြုလုပ်ရမည်မှ ကြောက်လန့်တတ်၏။
၄။ လုံ့လဝီရိယရှိ၏။
၅။ သတိတရားကို အမြဲသက်ကိုင်ထား၏။
ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း—

၁။ လွန်မြတ်သော သီလပျက်စီးခြင်းမရှိ ပြည့်စုံ၏။
၂။ လွန်မြတ်သော အကျင့်ပျက်စီးခြင်းမရှိ ပြည့်စုံ၏။

၃။ လွန်မြတ်သောအယူ ပျက်စီးခြင်းမရှိ ပြည့်စုံ၏။
၄။ အကြားအမြင်များ၏။
၅။ ဉာဏ်ပညာရှိ၏။
ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည် လည်းကောင်း၊

တနည်း–
၁။ မကျန်းမမာ ဖျားနာသော တပည့်ကို ကိုယ်တိုင်ပြုစု လုပ်ကျွေးခြင်းငှာသော် လည်းကောင်း၊ သူတပါးတို့ကို လုပ်ကျွေးစေခြင်းငှာသော် လည်းကောင်း စွမ်းနိုင်၏။
၂။ သာသနာတော်၌ မမွေ့လျော်သည့်တပည့်ကို မွေ့လျော်စေရန်အတွက် စိတ်ပြေလက်ပျောက် အချပ်တပါးသို့ ကိုယ်တိုင်ခေါ်ဆောင်သွားခြင်းငှာ သော်လည်းကောင်း၊ သူတပါးတို့ကို ခေါ်ဆောင်သွားစေခြင်းငှာ သော်လည်းကောင်း စွမ်းနိုင်၏။
၃။ တပည့်၏သန္တာန်၌ ဖြစ်ပေါ်လာသော တွေးတောမှု သံသယကုက္ကုစ္စကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်၏။
၄။ အာပတ်ကို သိ၏။
၅။ အာပတ်မှ ထမြောက်ခြင်းကိုလည်း သိ၏။
ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသောရဟန်းမျိုးသည်လည်းကောင်း၊

တနည်း–
မိမိ၏တပည့်တို့ကို–
၁။ ခန္ဓက၌လာသော ကျင့်ဝတ်တို့ကို ကျင့်စေခြင်းငှာ စွမ်းနိုင်၏၊
၂။ ဥဘတောဝိဘင်း၌ လာသော သိက္ခာပုဒ်တို့၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏။
၃။ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏။
၄။ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏။
၅။ တပည့်သန္တာန်၌ ဖြစ်ပေါ်လာသော အယူမှားမျိုးကို တရားသဖြင့် ဖြေချွတ်ခြင်းငှာ စွမ်းနိုင်၏။
ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း-

၁။ အာပတ်သင့်သည်ကို သိ၏။

၂။ အာပတ်မသင့်သည်ကို သိ၏။

၃။ ပေါ့သော လဟုကအာပတ်ကို သိ၏။

၄။ ကြီးလေးသော ဂရုကအာပတ်ကို သိ၏။

၅။ ပါတိမောက်ကို အကျယ်အားဖြင့် ကောင်းမွန် ကျေပွန်စွာဖြင့် နှုတ်တက်ရ၏၊ သုတ်မာဘိကာအားဖြင့် ဖြစ်စေ၊ သဒ္ဒါ ပုဒ် ဗျည်း ဝိဘင်း အကျယ်အားဖြင့် ဖြစ်စေ ကောင်းစွာ ဆုံးဖြတ်နိုင်၏။

ဤဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည်လည်းကောင်း၊

တနည်း-

၁။ အာပတ်သင့်မှုကို သိ၏၊

၂။ အာပတ်မသင့်မှုကို သိ၏၊

၃။ အပြစ်ပေါ့သော လဟုကအာပတ်မျိုးကို သိ၏၊

၄။ အပြစ်ကြီးသော ဂရုကအာပတ်မျိုးကို သိ၏၊

၅။ အနည်းဆုံး(၁၀)ဝါ၊ (၁၀)ဝါထက်အလွန်ရရှိသူ ဖြစ်၏၊

ဤသို့သော ဂုဏ်အင်္ဂါ(၅)ပါးတို့နှင့် ပြည့်စုံသော ရဟန်းမျိုးသည် လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာလုပ်၍ နိဿယည်းပေးနိုင်၏၊တပည့်သာမဏေ မွေး၍ ပြုစုလုပ်ကျွေးမှုကို ခံယူကောင်း၏။

**မှတ်ချက်။** ။အထက်ပါ ပဥ္စက(၈)ခုတို့တွင်—

(၁) ပဌမပဥ္စက၊ ဒုတိယပဥ္စက၊ တတိယပဥ္စကတို့နှင့် မပြည့်စုံခြင်းကြောင့် လည်းကောင်း၊ စတုတ္ထပဥ္စက၌ အစအင်္ဂါ(၃)ပါး၊ ပဥ္စမပဥ္စက၌ အစအင်္ဂါ(၂)ပါးတို့နှင့် မပြည့်စုံခြင်းကြောင့်လည်းကောင်း အာပတ် မသင့်။

(၂) စတုတ္ထပဥ္စက၌ အဆုံးအင်္ဂါ(၂)ပါး၊ ပဥ္စမ ပဥ္စက၌ အဆုံးအင်္ဂါ (၃)ပါး၊ ဆဋ္ဌပဥ္စက၊ သတ္တမပဥ္စက၊ အဋ္ဌမပဥ္စကတို့နှင့် မပြည့်စုံခဲ့ သော်ကား၊အာပတ်သင့်၏ဟု မှတ်ရမည်။

## ရဟန်းခံ၍ မပေးထိုက်သူ နှစ်ကျိပ်တယောက်

၁။ ပဏ္ဍုက်
၂။ ထေယျသံဝါသကပုဂ္ဂိုလ်
၃။ တိတ္ထိယပက္ကန္တပုဂ္ဂိုလ်
၄။ လူယောင်ဆောင်နိုင်သည့် နဂါး-ဂဠုန် စသော လူတိရစ္ဆာန်ပုဂ္ဂိုလ်
၅။ မာတုဃာတက-အမိသတ်သူ
၆။ ပိတုဃာတက-အဖသတ်သူ
၇။ အရဟန္တဃာတက-ရဟန္တာသတ်သူ
၈။ လောဟိတုပ္ပါဒက-ဘုရားကို သွေးခြည်ဥအောင်ပြုလုပ်သူ
၉။ သံဃဘေဒက-သံဃာကွဲအောင် သင်းခွဲသူ
၁၀။ ဘိက္ခုနီဒူသက-ဘိက္ခုနီမကို မေထုန်မှီဝဲလျက် ဖျက်ဆီးသူ
၁၁။ ဥဘတောဗျည်း မိန်းမ, ယောကျ်ား နိမိတ်(၂)မျိုးပါသူ
၁၂။ ဦနဝီသတိဝဿ-ပဋိသန္ဓေရက်နှင့်တကွ အသက် ၂၀-မရှိသူ
၁၃။ အန္တိမဝတ္ထုအဇ္ဈာပန္နက-ရဟန်းဘဝဖြင့် ပါရာဇိကကျခဲ့ဖူးသူ
၁၄။ ဥပဇ္ဈာယ်ဆရာ မရှိသူ
၁၅။ သံဃာဟူသော ဥပဇ္ဈာယ်ရှိသူ
၁၆။ (၂)ပါး (၃)ပါးဂိုဏ်းဟူသော ဥပဇ္ဈာယ်ရှိသူ၊
၁၇။ ပဏ္ဍုက်စသော အဘဗ္ဗပုဂ္ဂိုလ်(၁၁)ယောက်တို့တွင်တယောက်ယောက် ဟူသော ဥပဇ္ဈာယ်ရှိသူ
၁၈။ ကိုယ်ပိုင် သပိတ် မရှိသူ
၁၉။ ကိုယ်ပိုင် သင်္ကန်း မရှိသူ
၂၀။ ငှားရမ်းအပ်သော(ခေတ္တခဏ)သပိတ်ရှိသူ
၂၁။ ငှားရမ်းအပ်သော(ခေတ္တခဏ)သင်္ကန်းရှိသူ

ဤပုဂ္ဂိုလ်နှစ်ကျိပ်တယောက်တို့တွင် (၁) မှ(၁၃)အထိ ပုဂ္ဂိုလ်များကို လုံးဝ ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် သံဃာများ အာပတ်သင့်၍ ထို သူများလည်း ရဟန်းမဖြစ်၊ လူဝတ်လဲပေးရ၏။

(၁၄)မှ (၂၁)အထိ ပုဂ္ဂိုလ်များကိုမူကား သိလျှင် ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင်ကား ရဟန်းဖြစ်၍ သံဃာအားသာ အပြစ်အာပတ်သင့်၏။

ထိုမှတပါး လက်ပြတ်သူစသော ရှေးကပြခဲ့သော(၃၂)နှစ်ယောက်သော ပုဂ္ဂိုလ်တို့ကိုလည်း ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ရဟန်းတော့ဖြစ်၏၊ သံဃာတော်များအား ဒုက္ကဋ်အာပတ်သင့်၏။

## ရဟန်းယောကျ်ားလိင်ပြန်၍မိန်းမဖြစ်သွားခဲ့လျှင် သိရှိလိုက်နာရန် အချက်များ

ဘုရားရှင် လက်ထက်တော်အခါက ရဟန်းတပါးသည် လိင်ပြန်ကာ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ရောက်သွားသဖြင့် ဘုရားရှင်အား အကြောင်းကို လျှောက်ထားရာ ဘုရားရှင်က–

"အနုဇာနာမိ ဘိက္ခဝေ တံယေဝ ဥပဇ္ဈံ တံယေဝ ဥပသမ္ပဒံ တာနိ ယေဝ ဝဿာနိ ဘိက္ခုနီဟိ သင်္ဂမိတုံ။

ယာ အာပတ္တိယော ဘိက္ခူနံ ဘိက္ခုနီဟိ သာဓာရဏာ၊ တာ အာပတ္တိယော ဘိက္ခုနီနံ သန္တိကေ ဝုဋ္ဌာတုံ။ (ဝိ ၁၊၄၃)

ယာ အာပတ္တိယော ဘိက္ခူနံ ဘိက္ခုနီဟိ အသာဓာရဏာ၊တာဟိ အာပတ္တီဟိ အနာပတ္တိ"–ဟု မိန့်တော်မူခဲ့သည်။

**အဓိပ္ပာယ်ကား။** ။ရဟန်းယောကျ်ားသည်လိင်ပြန်သဖြင့် မိန်းမဖြစ်သွားခဲ့လျှင်–

၁။ ဥပဇ္ဈာယ်ဆရာသည်လည်း နဂိုဥပဇ္ဈာယ် ဆရာအတိုင်းပင် နောက်ထပ် ဥပဇ္ဈာယ်ယူရန်မလို။

၂။ ရဟန်းအဖြစ်သည်လည်း နဂိုရဟန်းအဖြစ်အတိုင်းပင်၊ နောက်ထပ်ပြန်၍ရဟန်းခံနေရန်မလို။

၃။ ဝါသည်လည်း နဂိုက ရခဲ့သော ဝါအရေအတွက်အတိုင်းပင်၊ဝါအရေအတွက်လည်း မလျော့။

သို့သော်ရဟန်းယောကျ်ား မဟုတ်တော့သဖြင့် ရဟန်းယောကျ်ားများနှင့် အတူတကွ မနေထိုင်နိုင်တော့ပြီ၊ သို့အတွက်ကြောင့် ဘိက္ခုနီမတို့၏ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ရမည်၊ ဘိက္ခုနီမ ကျောင်းမရှိလျှင် သင့်တော်သည့်နေရာဝယ် ဘိက္ခုနီမ ကျောင်းပြုလုပ်၍ နေရမည်။

ထူးခြားချက်များမှာ- ရဟန်းယောကျ်ား အဖြစ်တုန်းက သင့်နေသော အာပတ်တွေထဲမှ ဘိက္ခုနီမတို့နှင့် ဆက်ဆံသော အာပတ်တို့ကို ဘိက္ခုနီမ တို့၏ အထံ၌ ဒေသနာကြားခြင်း၊ ပရိဝါသ်ဆောက်တည်ခြင်းတို့ဖြင့် ကုစား ရမည်။

ဘိက္ခုနီမတို့နှင့် မဆက်ဆံသော အာပတ်များကား ကုစားနေရန် မလို တော့ပါ၊ လိင်ပြန်သည်နှင့် တပြိုင်နက် အပြစ်အာပတ်များ အလိုလို ပျောက်ကင်းသွားတော့၏။ (ဒေသနာမကြား၊ ပရိဝါသ် မဆောက်တည်ရပဲနှင့် အလိုအလျောက် ငြိမ်းပျောက်သော အာပတ်များ ဖြစ်သွားတော့သည်)။ နိဿယမုစ္စက- အင်္ဂါမပြည့်စုံသေးသူ ဖြစ်လျှင် သင့်လျော်သည့် ဘိက္ခုနီမ တပါးပါး၏ အထံ၌ နိဿယည်းယူ၍ နေရမည်၊ နိဿယမုစ္စကာ အင်္ဂါနှင့် ပြည့်စုံသူဖြစ်လျှင်ကား နိဿယည်းယူ၍ နေဖွယ်မလိုတော့၊ လိင်ပြန်၍ ဘိက္ခုနီမ ဖြစ်သည့်အချိန်မှ စ၍ ဘိက္ခုနီမတို့နှင့် သက်ဆိုင်သည့် ဝိနည်း သိက္ခာပုဒ်တို့ကို အခြားဘိက္ခုနီမများနည်းတူ ကျင့်သုံးဆောက်တည်၍ နေရ မည်။ ရဟန်းယောကျ်ားများနှင့်သာ သက်ဆိုင်သည့် သိက္ခာပုဒ်တို့ကိုကား ကျင့်ဖွယ်မလိုတော့။

## လိင်ပြန်ခြင်းသည် အကုသိုလ်ကံကြောင့်မဟုတ်

ယောကျ်ားအဖြစ်မှ လိင်ပြန်၍ မိန်းမဖြစ်ရသောသူမှာ ပုရိသလိင် ကွယ်ပျောက်သွားရခြင်း၏ အကြောင်းကား ကာမေသုမိစ္ဆာစာရ စသော အားကြီးသော အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ဖြစ်သည်။

ဣတ္ထိလိင် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းမှာမူကား အားနည်းသော ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရသည်ဟု မှတ်ပါ၊

မိန်းမအဖြစ်မှ လိင်ပြန်၍ ယောကျ်ားဖြစ်သောသူမှာ ဣတ္ထိလိင် ကွယ် ပျောက်ရခြင်း၏ အကြောင်းကား အားနည်းသော အကုသိုလ်ကံကြောင့် ကွယ်ပျောက်ရ၏။ ပုရိသလိင် ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အားကြီး သော ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရသည်ဟု မှတ်ပါ။

(၁) အားကြီးသော (အားကောင်းသော) အကုသိုလ်ကံကြောင့် ပုရိသလိင် ကွယ်ပျောက်ရသည်။ အားသေးသော (အားနည်းသော) အကုသိုလ်ကံကြောင့် ဣတ္ထိလိင် ကွယ်ပျောက်ရသည်။

(၂) အားနည်းသော (အားသေးသော ကုသိုလ်ကံ၏ အစွမ်းသတ္တိ ကြောင့် ဣတ္ထိလိင် ဖြစ်ပေါ်လာသည်၊ အားကြီးသော (အားကောင်း သော) ကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ပုရိသလိင် ဖြစ်ပေါ်လာရသည်။

မူလရှိရင်း လိင်များ ကွယ်ပျောက်ရခြင်းသည် အကုသိုလ်ကံကြောင့် ဖြစ်သည်။ နောက်ထပ် လိင်အသစ် ဖြစ်ရခြင်းများမှာကား ကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ဖြစ်ရလေသည်ဟု မှတ်ပါလေ။

ရဟန်းမိန်းမအဖြစ်မှ ရဟန်းယောကျ်ားအဖြစ်သို့ လိင်ပြန်သောပုဂ္ဂိုလ် အတွက်လည်း အထက်ပါ ရဟန်းယောကျ်ားအဖြစ်မှ ရဟန်းမိန်းမအဖြစ်သို့ လိင်ပြန်သော ပုဂ္ဂိုလ်၌ဆိုခဲ့သောနည်းအတိုင်း ကျင့်သုံးလိုက်နာ ဆောင်ရွက် ရမည်ဟု မှတ်ပါလေ။

## လိင်ပြန်သောပုဂ္ဂိုလ်၏ သူပိုင်ကျောင်း သံဃိကဖြစ်-မဖြစ်

လိင်ပြန်သူ၏ သူပိုင်ဆိုင်သော ကျောင်း, စိုက်ပျိုးထားသော သီးမျိုး ပန်းမျိုး စသော သစ်ပင်ကြီးငယ်တို့ကို လိင်ပြန်သောပုဂ္ဂိုလ်ပင် ပိုင်ဆိုင်မြဲ ပိုင်ဆိုင်ပါသည်။ သံဃိက ဖြစ်မသွားပါ။ ထို့ကြောင့် သူပေးလိုသော ရဟန်း သာမဏေ စသည်တို့အား ပေးခဲ့နိုင်ပါသည်။

ထိုမှတပါး အခြားသော သူပိုင်ဆိုင်ခဲ့သည့် ပုဂ္ဂလိကပစ္စည်းများကိုလည်း သူပင် ပိုင်ဆိုင်မြဲ ပိုင်ဆိုင်ပါသည်။

လိင်မပြန်မီ နဂိုနေထိုင်ခဲ့သော ကျောင်းမှ သံဃိကလာဘ်များကိုမူကား လိင်ပြန်သွားသောအခါ မဆိုင်တော့ပြီ။ သနား၍ ပေးလိုလျှင် ရင်းကျောင်းမှ သံဃာအများကို ပန်ကြားပြီးမှသာ ပေးနိုင်ခွင့်ရှိ၏။

လိင်ပြန်သူ့ထံ၌ နဂိုက ဥပဇ္ဈာယ်ယူ၊ နိဿယည်းယူ၍ နေထိုင်ကြသူ၊ ထိုသူ၏ တပည့်များကား နောက်ထပ် ဥပဇ္ဈာယ်အသစ်၊ နိဿယည်းအသစ် ပြောင်း၍ ယူကြရ၏။

နဂိုယူထားသည့် ဥပဇ္ဈာယ်ယူမှု၊ နိဿယည်းယူမှုတို့ကား ငြိမ်းတော့၏။

## ရဟန်းခံရာ၌ ပရိသတ်ကြောင့် ကံပျက်ကြောင်း ၃-မျိုး

၁။ ဥပသမ္ပဒကံ၏ ကမ္မပတ္တ (ကံအား လျောက်ပတ်သော) အနည်းဆုံး အားဖြင့် ပကတတ်ဖြစ်သော (ပကတိသီလရှိသူ) ရဟန်း ၅-ပါးပြည့်အောင် သိမ်ထဲသို့ မလာရောက်ခြင်း။

၂။ ဆန္ဒဆောင်ယူဆိုက်သော ရဟန်းတို့၏ အထံမှ ဆန္ဒကို မဆောင်ယူခြင်း။

၃။ သိမ်တွင်းချက်မှောက်ရှိ ပုဂ္ဂိုလ်တို့က တားမြစ်ကန့်ကွက်ခြင်း။
ဟု ပရိသတ်အတွက် ကံပျက်ကြောင်း (၃)မျိုးရှိသည်။

၁။ ကမ္မပတ္တသံဃာ ကြွရောက်လာခြင်း။

၂။ ဆန္ဒဆောင်ယူထိုက်သူတို့၏ထံမှ ဆန္ဒကို ဆောင်ယူခြင်း။

၃။ သိမ်တွင်းသို့ ရောက်၍ မျက်မှောက်ရှိပုဂ္ဂိုလ်တို့က မတားမြစ် မကန့်ကွက်ခြင်း (နှစ်သက်ကျေနပ်ခြင်း)။

ဤအင်္ဂါသုံးပါး ပြည့်စုံမှ ပရိသာသမ္ပတ္တိဖြစ်၍ ကံအောင်မြင်နိုင်သည်။

## ဆောင်ပုဒ်

၁။ ကမ္မပတ္တ၊ မလာကြ၊ ဆန္ဒမဆောင်ဘိ။
မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ပျက်ငြား ဝိပတ္တိ။

၂။ ကမ္မပတ္တ၊ ကြွလာကြ၊ ဆန္ဒဆောင်ယူဘိ။
မျက်မှောက်သံဃာ၊ နှစ်သက်ပါ၊ ပြန်ကာသမ္ပတ္တိ။

## ကမ္မဝါစာဆရာကြောင့် ကံပျက်ကြောင်းများ

ရဟန်းခံခြင်း၊ ဥပသမ္ပဒကံ ဆောင်ရွက်ရာဝယ် ကမ္မဝါစာ ဖတ်ရာ၌ ကမ္မဝါစာသည်—

၁။ ဉတ်ပါဠိ

၂။ ကမ္မဝါစာပါဠိ–ဟု ၂-ပိုင်း ၂-ကဏ္ဍ ရှိသည်။

ထိုဉတ်ကမ္မဝါစာတို့ကို ရွတ်ဖတ်သော ကမ္မဝါစာဆရာသည် အောက်ပါ ချွတ်ယွင်းချက်တို့မှ ကင်းလွတ်အောင် ရွတ်ဖတ်မှသာ ဉတ္တိသမ္ပတ္တိ ကမ္မဝါစာ-သမ္ပတ္တိဖြစ်၍ ကံအောင်မြင်နိုင်သည်။

## ဉတ်–ပါဠိကို ရွတ်ဖတ်ရာ၌ ချွတ်ယွင်းချက် (၅) မျိုး

၁။ ဝတ္ထုအပရာမသန=ရဟန်းလောင်း တည်းဟူသော ဝတ္ထု၏ နာမည်ကို မထည့်ပဲ ရွတ်ဖတ်ခြင်း။

၂။ သံဃအပရာမသန=သံဃော–သံဃေန-စသည်ဖြင့် သံဃာကိုထည့်၍ မရွတ်ဖတ်ခြင်း။

၃။ ပုဂ္ဂလအပရာမသန=ဥပဇ္ဈာယ်ဆရာ ဟူသော ပုဂ္ဂိုလ်၏ နာမည်ကို ထည့်၍ မရွတ်ဖတ်ခြင်း။

၄။ ဥတ္တိအာဂရမာသန=ဥတ်ပါဠိကို လုံးဝ မရွတ်ဖတ်ပဲ ကမ္မဝါစာကိုသာ (၄)ကြိမ် ဖတ်ခြင်း၊သို့မဟုတ် ဥတ်ပါဠိကို ရွတ်ဖတ်သော်လည်း ထိုဥတ်ပါဠိ၌ ပါသော ပုဒ်-ပါဌ်-အက္ခရာတို့ ကျရစ်ခြင်း၊ ကျန်ရစ်ခြင်း၊ မမှန်မကန်, မပီမသ ရွတ်ဖတ်ခြင်း။

၅။ ပစ္ဆာဥတ္တိထပန = ကမ္မဝါစာကိုရှေ့ ဥတ်ကို နောက်ထားကာ ပြောင်းပြန် ရွတ်ဖတ်ခြင်း။

ဤ (၅)မျိုးကား ဥတ်ပါဠိကို ရွတ်ဖတ်သော ကမ္မဝါစာဆရာ၏ ချွတ်ယွင်းချက်များတည်း။ ၎င်းချွတ်ယွင်းချက် (၅)မျိုးမှ ကင်းလွတ်အောင် ရွတ်ဖတ်ပါမှသာ ဥတ္တိသမ္ပတ္တိဖြစ်၍ ကံအောင်မြင်နိုင်သည်။

ကမ္မဝါစာပါဠိကို ရွတ်ဖတ်ရာ၌ ချွတ်ယွင်းချက်(၅)မျိုး

၁။ ဝတ္ထုအပရာမသန=နာဂေါ-နာဂံ-နာဂဿ-စသည်ဖြင့်ရဟန်းလောင်းတည်းဟူသော ဝတ္ထု၏နာမည် ကမ္မဝါစာဖတ်ရာ၌ မသည့်ပဲ ရွတ်ဖတ်ခြင်း။

၂။ သံဃအပရာမသန=သံဃော-သံဃေန-သံဃံ-စသည်ဖြင့် သံဃာကို ထည့်၍ မရွတ်ဖတ်ခြင်း။

၃။ ပုဂ္ဂလအပရာမသန=တိဿဿ ဥပသမ္ပဒါ ပေက္ခော အယသ္မတာ တိဿေန ဥပဇ္ဈာယေန-စသည်ဖြင့်၊ ဥပဇ္ဈာယ်ဆရာတည်းဟူသော ပုဂ္ဂိုလ်ကို ထည့်၍ မရွတ်ဖတ်ခြင်း။

၄။ သာဝနာယဟာပန = ကမ္မဝါစာကို လုံးလုံးမရွတ်ဖတ်မူ၍၊ ဥတ်ပါဠိသက်သက်ကိုသာ(၄)ကြိမ် ရွတ်ဖတ်ခြင်း၊ သို့မဟုတ် ကမ္မဝါစာပါဠိတို့၌ ပါဝင်သော ပုဒ်-ပါဌ်-အက္ခရာ-တလုံးစသည် နှစ်လုံးစသည် ကျရစ်-ကျန်ရစ်ခြင်း၊ မမှန်မကန်, မပီမသ ရွတ်ဖတ်ခြင်း။

၅။ အကာလေသာဝန=ကမ္မဝါစာကိုရှေ့၊ ဥတ်ကိုနောက်ထား၍ ရွတ်ဖတ်ခြင်း။

ဤ(၅)မျိုးကား၊ ကမ္မဝါစာပါဠိကိုရွတ်ဖတ်သည့် ကမ္မဝါစာဆရာ၏ ချွတ်ယွင်းချက်များတည်း၊ ၎င်းချွတ်ယွင်းချက်(၅)မျိုးတို့တွင် တချက်ဖြစ်စေ၊ နှစ်ချက်ဖြစ်စေ၊ အားလုံးဖြစ်စေ ပြခဲ့လျှင် ကံပျက်တော့၏။

ထို့ကြောင့် ကမ္မဝါစာ ရွတ်ဖတ်သောအခါ ၎င်းချွတ်ယွင်းချက်(၅) မျိုးတို့မှ ကင်းလွတ်အောင် ရွတ်ဖတ်နိုင်မှသာ ကမ္မဝါစာ သမ္ပတ္တိဖြစ်၍ ရဟန်းခံမှု ဥပသမ္ပဒကံ အောင်မြင်နိုင်ပါသည်။

အထက်ကပြဆိုခဲ့သော ဉတ်ဖတ်ရာ၌ ချွတ်ယွင်းချက်(၅)မျိုးကို ဉတ္တိဒေါသ(၅)ပါးဟုခေါ်သည်၊ ကမ္မဝါစာဖတ်ရာ၌ ချွတ်ယွင်းချက်(၅)မျိုးကိုတော့ အနုသာဝန ဒေါသ(၅)ပါးဟု ခေါ်သည်။

၎င်းဉတ်-- ကမ္မဝါစာဖတ်ရာ၌ ချွတ်ယွင်းမှု— ဉတ္တိဒေါသ--အနုဿာဝနဒေါသတို့မှ ကင်းလွတ်စေလျက် နောက်တွင်ပြလတ္တံ့ဖြစ်သော ဗျဥ္ဇနဗုဒ္ဓိ (၁၀)ပါးနှင့်အညီ၊ ဉတ်ကမ္မဝါစာတို့ကို ရွတ်ဖတ်နိုင်မှသာလျှင် ဥပသမ္ပဒကံစသော ထိုထိုဝိနည်းကံတို့ ပြီးမြောက်အောင်မြင်နိုင်ပေသည်။

## ကမ္မဝါစာနိဂုံးကို (၃)ခေါက် ဖတ်သင့်—မသင့်

ထိုထို ဥပသမ္ပဒကမ္မဝါစာ စသော ကမ္မဝါစာတို့ ကိုဖတ်ရာ၌"ဥပသမ္ပန္နော သံဃေန"စသော နိဂုံးဝါကျကို (၃)ကြိမ် (၃)ခါ (၃)ခေါက် ရွတ်ဖတ်တော်မူ၏။ နိဂုံးဟူသမျှ တဝါကျတည်း၊ တခေါက်တည်းသာ ရှိရိုး၊ ဖတ်ရိုးဖြစ်သည်။ (၃)ခေါက်ဖတ်နေရန် မလိုဟု မိန့်ဆိုကြ၏။

အကျ, အပျောက်, အမှားအယွင်းရှိက ကံပျက်နိုင်သည့်ဖြစ်၍ ၎င်းအပြစ်မှ လွတ်ကင်း၍ ဒဠှီကမ္မဖြစ်စေရန် ရည်သန်တော်မူပြီးလျှင် (၃)ခေါက် ထပ်၍ ရွတ်ဖတ်တော်မူကြသေးသည်။

၁။ ဉတ်ကမ္မဝါစာကို နှုတ်တက်ရသဖြင့် ဗျတ္တဂုဏ်၊

၂။ ဌာန် ကရိုဏ်း ဗျဥ္ဇနဗုဒ္ဓိ (၁၀)ပါးတို့ကို ကျွမ်းကျင်လေ့လာသဖြင့် သဒ္ဒါနည်းကျအောင် ရွတ်ဖတ်နိုင်စွမ်းသည့် ပဋိဗလဂုဏ် တို့နှင့်ပြည့်စုံ၍ အကျအပျောက် အမှားအယွင်းမရှိအောင် ရွတ်ဖတ်နိုင်သော ပုဂ္ဂိုလ်ဖြစ်လျှင် (၁)ခေါက်တည်း ရွတ်ဖတ်ခြင်းဖြင့်ပင် ပြီးနိုင်ပါသည်။

## ဉတ်ကမ္မဝါအစ၌ နမောတဿ ရွတ်ရခြင်းအကျိုး

မင်္ဂလာအကျိုးငှါ ဉတ်ကမ္မဝါစာကို မရွတ်ဖတ်မီ ရှေးဦးစွာ နမောတဿကို (၁)ကြိမ်လည်းကောင်း၊ (၃)ကြိမ်လည်းကောင်း၊ ရွတ်ဖတ်တော်မူကြသည်။

ရဟန်းခံခြင်း ဥပသမ္ပဒကံအရာ၌ အစ-အလယ်-အဆုံး (၃) ပါး

၁။ ရဟန်းလောင်းဟူသော ဝတ္ထုသည် ဥပသမ္ပဒကံ၏ (အာဒိ) အစမည်၏။

၂။ ဉတ်ပါဠိသည် ဥပသမ္ပဒကံ၏ (မဇ္ဈ) အလယ်မည်၏။

၃။ ခါရယာမိ ဟူသော ကမ္မဝါစာ၏အဆုံးသည် ဥပသမ္ပဒကံ၏ (ပရိယောသာန) အဆုံးမည်၏။

## သရဏဂုံ (၃)ပါးဖြင့် ရှင်ပြုခြင်း၊ ရဟန်းခံခြင်း (၂) ပါးအထူး

ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုခွင့်ကို ခွင့်မပြုမီ ရှေးဦးအခါ၌ အသက် ၂၀-မပြည့်သေးသောသူတို့ကို သရဏဂုံပေးသဖြင့် ရှင်ပြု၍ ပေးတော်မူကြကုန်၏။

အသက် (၂၀) ပြည့်ပြီးသူကိုမူ ရှင်ပြုလိုသူကို သရဏဂုံဖြင့် ရှင်ပြုပေးတော်မူကြ၏။

ရဟန်းခံလိုသူကိုထိုသရဏဂုံဖြင့်ပင်ရဟန်းခံပေးတော်မူကြကုန်၏။ပုဂ္ဂိုလ်၏အလို အဇ္ဈာသယသို့ လိုက်၍သာ ရှင်ပြုပေးရ၏၊ ရဟန်းခံပေးရ၏။ ဤသို့ထူးခြားသည်။

ဥိနဝိသတိဝဿ-သိက္ခာပုဒ် မပညတ်မီ ကာလ၌ကား အသက်(၂၀)မပြည့် ငယ်ရွယ်သူကလေးတို့ကိုပင် သရဏဂုံပေးသဖြင့် ရှင်-ရဟန်းပြုပေးခဲ့ကြကုန်၏၊ ထိုသူတို့၏အလို အဇ္ဈာသယအားလျော်စွာ ပြုလုပ်ခဲ့ကြကုန်၏။

## သာမဏေပြုရာ၌ သရဏဂုံဘယ်နှစ်ကြိမ်ယူမှ ရှင်ဖြစ်သနည်း

သရဏဂုံ (၃)ကြိမ် (၃)ခါတိတိ ယူမှသာ ရှင်သာမဏေဖြစ်ပါသည်၊ (၁)ကြိမ် (၂)ကြိမ်မျှဖြင့် ရှင်သာမဏေမဖြစ်ပါ။ (၃)ကြိမ်ထက်အလွန်ကား အကြိမ် တရာ တထောင် ယူနိုင်၏။

(အဓိကံ ပန သဟဿက္ခတ္တုံပိ ဝဋ္ဋတိ)

## ဝါကျ-ဒွန်ကမ္မဝါစာဖတ်ရာ၌ မှတ်သားဖွယ်

ရဟန်းလောင်း (၂)ပါး၊ (၃)ပါးတို့ကို ဝါကျဒွန်ဖြင့် ကမ္မဝါစာဖတ်သောအခါ၌-

၁။ နိဂ္ဂဟိတန္တနည်း၊

၂။ ဝိမုတ္တနည်း-ဟူ၍ (၂)မျိုးရှိသည်။

ထို (၂)မျိုးတို့တွင်—

(က) အယံ စ နာဂေါ၊ အယံ စ နာဂေါ၊ အယံ့စ နာဂေါဟူ၍ လည်းကောင်း၊

(ခ) အယံ စ ဗုဒ္ဓရက္ခိတော၊ အယံ စ ဓမ္မရက္ခိတော၊ အယံ စံ သံဃရက္ခိတော စသည်ဖြင့်လည်းကောင်း၊

(ဂ) အယံနာဂေါစ အယံနာဂေါစ အယံနာဂေါစ ဟူ၍လည်းကောင်း၊

(ဃ) အယံ ဗုဒ္ဓရက္ခိတောစ၊ အယံ ဓမ္မရက္ခိတောစ၊ အယံ သံဃရက္ခိတောစ၊ စသည်ဖြင့်လည်းကောင်း ဖတ်ခြင်းမျိုးသည် နိဂ္ဂဟိတန္တ ရွတ်ဖတ်နည်းဖြစ်သည်။

(က) အယဉ္စ နာဂေါ အယဉ္စ နာဂေါ အယဉ္စ နာဂေါ-ဟူ၍ လည်းကောင်း၊

(ခ) အယဉ္စ ဗုဒ္ဓရက္ခိတော အယဉ္စ ဓမ္မရက္ခိတော အယဉ္စ သံဃရက္ခိတော— စသည်ဖြင့်လည်းကောင်း ရွတ်ဖတ်ခြင်းသည် ဝိမုတ္တရွတ်ဖတ်နည်း ဖြစ်သည်။

ငင်း (၂)နည်းလုံး အသင့်ချည်းပင်ဖြစ်သည်။ ကြိုက်သလို ရွတ်ဖတ်နိုင်ပါသည်။ နိဂ္ဂဟိတန္တ ရွတ်ဖတ်နည်းကား ခက်၏။ ဝိမုတ္တရွတ်ဖတ်နည်းကား လွယ်၏။

ဗျဉ္ဇနဗုဒ္ဓိ (၁၀)ပါး

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စ နိဂ္ဂဟိတံ။
သမ္ဗန္ဓ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘောဒေါ။ ။

(အဋ္ဌကထာ)

ဟူသောဂါထာနှင့်အညီ—

၁။ ဌာန် ကရိုဏ်းကို လျော့လျော့ပြု၍ ရွတ်ဆိုရသည့် သိထိလအက္ခရာ၊

၂။ ဌာန် ကရိုဏ်းကို ပြင်းပြင်း တင်းတင်း ပြု၍ရွတ်ဆိုရသည့် ဓနိတ အက္ခရာ၊

၃။ အသံရှည်ရှည် ရွတ်ဆိုရသည့် ဒီဃအက္ခရာ၊

၄။ အသံတိုတို ရွတ်ဆိုရသည့် ရဿအက္ခရာ၊

၅။ လေးလေး ရွတ်ဆိုရသည့် ဂရုအက္ခရာ၊

၆။ ပေါ့ပေါ့ ရွတ်ဆိုရသည့် လဟုအက္ခရာ၊

၇။ ခံတွင်းကိုပိတ်လျက် နှာခေါင်းသံ ထွက်အောင် ရွတ်ဆိုရသည့် နိဂ္ဂဟိတ်ခေါ် ဗိန္ဒုအက္ခရာ၊

၈။ ရှေ့ပုဒ် နောက်ပုဒ် သန္ဓိစပ်၍ ရွတ်ဆိုရသည့် သမ္ဗန္ဓအက္ခရာ၊

၉။ ရှေ့ပုဒ်နှင့် နောက်ပုဒ် သန္ဓိမစပ်မူ၍ ပုဒ်ဖြတ် ပုဒ်ခွဲ၍ ရွတ်ဆိုရသည့် ဝဝတ္ထိတအက္ခရာ၊

၁၀။ ခံတွင်းကို ဖွင့်ဟ၍ ရွတ်ဆိုရသည့် ဝိမုတ္တအက္ခရာ၊

ဤသို့အားဖြင့် ပါဠိဘာသာ သဒ္ဒါကို ရွတ်ဆိုရာ၌ ဗျဥ္ဇနဗုဒ္ဓိ (၁၀) ပါး ရှိလေသည်။

ဆောင်ပုဒ်။ ။လျော့-တင်း-ရှည်-တို၊ လေး-ပေါ့ကို၊
ပိတ်သို-လွတ်-စပ်-ဖြတ်။

ထို (၁၀) ပါးသော ဗျဥ္ဇနဗုဒ္ဓိတို့တွင်—

(၁) သိထိလ=လျော့လျော့ရွတ်ရမည့် အက္ခရာများကား

"ဌာနကရဏာနိ သိထိလာနိ ကတွာ ဥစ္စာရေတဗ္ဗံ အက္ခရံ သိထိလံ" ဟူသော ဋီကာပါဌ်နှင့်အညီ ဌာန် ကရိုဏ်းတို့ကို လျော့သည်ကိုပြု၍ ရွတ်ဆိုရသော အက္ခရာမျိုးသည် သိထိလအက္ခရာမည်၏။

(၂) ဓနိတ= ပြင်းပြင်း တင်းတင်း ရွတ်အပ်သော အက္ခရာများကား

"တာနိယေဝ (ဌာနကရဏာနိ) ဓနိတာနိ အသိထိလာနိ ကတွာ ဥစ္စာ-ရေတဗ္ဗံ အက္ခရံ ဓနိတံနာမ" ဟူသော ဋီကာနှင့်အညီ ဌာန် ကရိုဏ်းတို့ကို မလျော့သည်ကိုပြု၍ ပြင်းပြင်း တင်းတင်း ရွတ်ဆိုအပ်သော အက္ခရာမျိုးသည် ဓနိတအက္ခရာမည်၏။

သိထိလ-ဓနိတအက္ခရာခွဲတမ်း

၁။ ပဌမက္ခရာ (၅) လုံး၊

၂။ တတိယက္ခရာ (၅) လုံး၊

၃။ ပဉ္စမက္ခရာ (၅) လုံး၊

၄။ အဝဂ်အက္ခရာ(၇)လုံး၊

၅။ သရ(၇)လုံး ပေါင်း(၃၁)လုံးသော အက္ခရာတို့သည် သိထိလ အက္ခရာတို့ဖြစ်ကြသည်။

၁။ ဒုတိယက္ခရာ(၅) လုံး၊

၂။ စတုတ္ထက္ခရာ(၅)လုံး ပေါင်း (၁၀) လုံးသော အက္ခရာတို့သည် ဓနိတအက္ခရာများ ဖြစ်ကြသည်။

**အထူးသတိပြုရန်။** ။သရ (၇)လုံးနှင့် နိဂ္ဂဟိတ်ခေါ် ဗိန္ဒုသည် ပင်ကိုယ်က သိထိလပင် ဖြစ်သော်လည်း ဓနိတအက္ခရာတို့နှင့်တွဲဖက်နေလျှင် ၎င်းတို့လည်း ဓနိတအက္ခရာများအဖြစ်သို့ ကူးပြောင်းသွားကြကုန်၏။

**ပုံစံများကား။** ။ခ-ခါ-ခိ-ခီ-ခု-ခူ-ခေ-ခေါ-ခံ စသည်တည်း။ သိထိလအက္ခရာတို့နှင့် တွဲဖက် နေလျှင်ကား သိထိလပင် ဖြစ်ရ၏။

**ပုံစံကား။** ။က· ကာ· ကိ· ကီ· ကု· ကူ· ကေ· ကော· ကံ စသည်တို့တည်း။

**မှတ်ချက်။** ။အဋ္ဌကထာ ဆရာမြတ်တို့၏အလို ဝဂ်အက္ခရာ ၂၅-လုံးတည်းမှ ဒုတိယက္ခရာ(၅)လုံးနှင့် စတုတ္ထက္ခရာ(၅)လုံး၊ ဤဆယ်လုံးသော အက္ခရာတို့ကိုသာ ဓနိတအက္ခရာဟု မှတ်ယူအပ်၏။

ပဉ္စမက္ခရာ(၅)လုံး၊ တတိယက္ခရာ(၅)လုံး၊ ပဌမက္ခရာ(၅)လုံး၊ အဝဂ်အက္ခရာ(၇)လုံး၊ သရ(၇)လုံး၊ ဤ(၃၁)လုံးသော အက္ခရာတို့ကို သိထိလအက္ခရာဟု မှတ်အပ်၏။

ဤကားအဋ္ဌကထာဆရာမြတ်တို့၏ သိစေအပ်သော အနက် အဓိပ္ပာယ်ဖြစ်သည်။ (ပါဒအမျိုးမျိုးကား ရှိသေး၏။)

ဆောင်ပုဒ်

(၁) ပ, က, သိထိ, ဝဂ်တွင်ရှိ၊ ဓနိ-ဒု, စ, မှတ်။

(၂) ဝဂ္ဂန္တငါး၊ အဝဂ်များ၊ မှတ်သား သိထိလ။

(၃) သရရှစ်တန်၊ ဗိန္ဒုအံ၊ မှတ်ရန် တွဲသည့်ဗျည်းတူတည်း။

(၄) ဗျည်းနှင့်မတွဲ၊ သူ့ချည်းပဲ၊ ခေါ်မြဲ သိထိတည်း။

သိထိလအက္ခရာ၊ ဓနိတအက္ခရာ(၂)မျိုးခွဲပုံကို လွယ်ကူရှင်းလင်းစွာသိနိုင်၊ မှတ်မိနိုင်စေရန်အတွက်၊ ဇယားချပြထားပါသည်။ သေချာစွာ လေ့လာ

ကြည့်ရှုမှတ်သားထားပါလေ။ သို့မှသာ ကမ္မဝါစာ ရွတ်ဖတ်သောအခါ၌၊ ဗျတ္တ-ပဋိပလဂုဏ်နှင့် ပြည့်စုံနိုင်ပေမည်။

"ဗျည်းနှင့်မတွဲ သူ့ချည်းပဲ၊ ခေါ်မြဲ သိထိတည်း"—

ဟူသော ဆောင်ပုဒ်လင်္ကာ၏ အဓိပ္ပာယ်မှာ သရ(၈)လုံးနှင့် နိဂ္ဂဟိတ်ခေါ် ဗိန္ဒု အက္ခရာတို့သည် မည်သည့်ဗျည်းတို့နှင့်မျှ မတွဲပဲ သူတို့ချည်းသက်သက် နေခဲ့လျှင် သိထိလပင် မှတ်ယူရမည်ဟု ဆိုသည်။

**ပုံစံကား**

"အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဩ-အံ"ဟူသည်တို့တည်း။

ဧတ္ထစ ဝဂ္ဂ ဒုတိယ စတုတ္ထာ ဓနိတာတိပိ ဝုစ္စန္တိ၊ ဣတရေ သိထိလာတိ။

(ရူပသိဒ္ဓိ)

အနက်ကား။ ။စ၊ ဆက်၍ဆိုဦးအံ့။ ဝါ-သာသန ဝေါဟာရကို ပြဆိုဦးအံ့၊ ဧတ္ထ၊ ဤဃောသ အဃောသအက္ခရာတို့တွင်။ ဝဂ္ဂ ဒုတိယ စတုတ္ထာ၊ ဝဂ်ငါးပါးတို့တွင် ဒုတိယ စတုတ္ထ ဖြစ်ကုန်သော အက္ခရာတို့ကို။ ဓနိတာတိပိ၊ ဓနိတအက္ခရာတို့ဟူ၍လည်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဣတရေ၊ ဝဂ္ဂ-ဒုတိယ စတုတ္ထမှ တပါးကုန်သော ပဌမ, တတိယ, ပဉ္စမ အက္ခရာတို့ကို။ သိထိလာတိ၊ သိထိလ တို့ဟူ၍။ ဝုစ္စန္တိ — ဆိုအပ်ကုန်၏။ (ဆရာတော်ဦးဗုဓ် ပေးတော်မူသောအနက်။)

ဤအလို အဝဂ်(၈)လုံး၊ သရ(၈)လုံးတို့ကို သိထိလ ဓနိတတို့တွင် ဘယ်၌မျှ မပါဝင်ပေ။

ထို့ကြောင့် ထိုအက္ခရာ(၁၆)လုံးတို့ကို သိထိလ· ဓနိတ· ရွတ်လိုရာရွတ်သော်လည်း ကမ္မဝိပတ္တိလက္ခဏာမထင်ပေ၊ရွတ်လိုရာ ရွတ်နိုင်သည်၊ သာမည ဝစနံသဗ္ဗသာဓာရဏံ-ဟူသောပရိဘာသာ စကားအရ ဣတရေ-အရကို ပဌမ, တတိယ, ပဉ္စမ, အဝဂ္ဂ, သရ—တို့ကို အကုန်ယူက သိထိလအက္ခရာ(၃၁) လုံးတည်း။

အက္ခရာ (၄၁) လုံးကိုသိထိလ, ဓနိတ ခွဲပုံဇယား

| | ဝဂ်အက္ခရာ (၂၅) လုံး | | | | | အဝဂ်နှင့် သရ | |
|---|---|---|---|---|---|---|---|
| | သိထိလ | ဓနိတ | သိထိလ | ဓနိတ | သိထိလ | သိထိလ | |
| ဝဂ် (၅) ပါးအုပ်စု | ပထမအက္ခရာ (၅) လုံး | ဒုတိယအက္ခရာ (၅) လုံး | တတိယအက္ခရာ (၅) လုံး | စတုတ္ထအက္ခရာ (၅) လုံး | ပဉ္စမအက္ခရာ (၅) လုံး | အဝဂ်အက္ခရာ (၈) လုံး | |
| က-ဝဂ် | က | ခ | ဂ | ဃ | င | ယ | သ |
| စ-ဝဂ် | စ | ဆ | ဇ | ဈ | ည | ရ | ဟ |
| ဋ-ဝဂ် | ဋ | ဌ | ဍ | ဎ | ဏ | လ | ဠ |
| တ-ဝဂ် | တ | ထ | ဒ | ဓ | န | ဝ | ံ |
| ပ-ဝဂ် | ပ | ဖ | ဗ | ဘ | မ | * | * |

ဆောင်ပုဒ်လင်္ကာများ

(၁) ပ, တ, သိထိ၊ ဝဂ်တွင်ရှိ၊ ဓနိ- ဒု, စ, မှတ်။

(၂) ဝဂ္ဂန္တငါး၊ အဝဂ်များ၊ မှတ်သားသိထိလ။

(၃) သရရှစ်တန်၊ ဗိန္ဒုအံ၊ မှတ်ရန်တွဲသည့်ဗျည်းတူတည်း။

(၄) ဗျည်းနှင့်မတွဲ၊ သူ့ချည်းပဲ၊ ခေါ်မြဲ သိထိတည်း။

၁။ ဝဂ္ဂေသု ဒုတိယ စတုတ္ထာ ဓနိတာတိပိ ဝုစ္စန္တိ၊ ဣတရေ သိထိလာတိ၊ (ရူပသိဒ္ဓိ)

၂။ ဝဂ္ဂါနံ သိထိလ ဓနိတာဒိ ဒသဝိဓဗျဉ္ဇနေ ဝိနယ ကမ္မဝိသယေ အာဂတေ။ (ရူပဒီကာ)

၃။ ဝဂ္ဂေဟိ သိထိလံနာမ ပဌသု ဝဂ္ဂေသု ပဉ္စမ တတိယံ၊ ဓနိတံနာမ ဓတေသ္ဝေ ဒုတိယ စတုတ္ထံ။

(ပရိဝါအဋ္ဌကထာ)

ပရိဝါအဋ္ဌကထာအလိုကား သိထိလအက္ခရာ(၁၀)လုံးသာတည်း၊ ပဥ္စမက္ခရာ(၅)လုံး၊ အဝဂ်အက္ခရာ(၈)သုံး၊ သရ(၈)လုံး၊ ပေါင်း(၂၁)လုံးသော အက္ခရာတို့ကို မည်သို့မျှမဆို၊

ထို့ကြောင့် သိထိလ, ဓနိတ, အနိယမအားဖြင့်ရွတ်ဖတ်နိုင်သည်ဟု သိမှတ်ရမည်။

သို့သော် ထိုထိုသဒ္ဒါကျမ်း အဋ္ဌကထာ ဋီကာကျမ်းတို့၏ ဖွင့်ဆိုချက်အမျိုးမျိုးတို့နှင့် ကိုက်ညီက ၊ ဆန့်ကျင်မှု မရှိသော အထက်ဆောင်ပုဒ်များနှင့် ဇယားကွက်ဖြင့် ပြခဲ့သော သိထိလ-ဓနိတ ခွဲတမ်းနည်းကိုသာ အမြဲအစွဲ သေချာစွာ မှတ်ယူကြပါလေ။

## (၃) ဒီဃ—သံရှည်အက္ခရာများ

ဒီဃ—အရှည်၊ ရဿ-အတိုဟူသည် ပုံသဏ္ဌာန်အားဖြင့် ရှည်မှု တိုမှုကို ဆိုသည်မဟုတ်၊ ရွတ်ဆိုရာ ကာလအားဖြင့် ရှည်မှု, တိုမှုကိုဆိုသည်၊ရွတ်ဆိုရာ ကာလကို သတ်မှတ်ရန် မတြာ-အသုံးပြုရသည်၊ မျက်တောင်တခတ်၊ လျှပ်စစ်တပြက်၊ လက်ဖျစ်တတီးကာလလေးကို (၁)မတြာကာလဟု ခေါ်သည်၊ အက္ခရာတို့၏ ရွတ်ဆိုရာကာလ တိုမှု, ရှည်မှုတိုင်းတာရာ၌ ၎င်းမတြာကာလဖြင့် တိုင်းတာရ၏။

ထို့ကြောင့်၊ အက္ခရာ(၄၁)လုံးထဲမှ၊ သရ(၈)လုံးတို့တွင် "အာ-ဤ-ဦ-ဧ-ဩ"ဟူသော သရ(၅)လုံးတို့သည် (၂)မတြာ ရွတ်ဆိုရာကာလရှိသောကြောင့်၊ သံရှည် ဒီဃ မည်ကုန်၏။

"အ-ဣ-ဥ" ဟူသော သရ(၃)လုံးတို့သည် (၁)မတြာရွတ်ဆိုရာ ကာလရှိသောကြောင့်၊ ရဿ သံတို တို့မည်ကုန်၏။

ဗျည်း(၃၃)လုံးကား ၁-မတြာ၏ ထက်ဝက် (½) မတြာ ရွတ်ဆိုရာ ကာလ ရှိကြကုန်၏၊ ထိုသို့ဖြစ်၍—

၁။ ဗျည်းနှင့် မတွဲဖက်သည့်(၂)မတြာရွတ်ဆိုရာ ကာလရှိသော သက်သက်သော အာ· ဤ· ဦ· ဧ· ဩ— ဟူသော ဒီဃသရ ၅-လုံးတို့သည်လည်းကောင်း၊

၂။ ဗျည်းနှင့် တွဲဖက်နေသဖြင့် (၂)မတြာခွဲ ရွတ်ဆိုရာ ကာလရှိကုန်သော၊ ကာ—ကီ—ကူ—ကေ—ကော· စသော ဒီဃသရ ၅-လုံး တို့သည်လည်းကောင်း၊ ဒီဃတို့မည်ကုန်၏၊ ဒီဃဟူ၍ မှတ်ယူရမည်။

## (၄) ရသ သံတိုအက္ခရာများ

၁။ ဗျည်းနှင့်မတွဲဖက်သဖြင့် ၁-မတြာရွတ်ဆိုရာ ကာလရှိကုန်သော အ· ဣ· ဥ· ဟူသော သက်သက်သော ရဿ– သရတို့သည် လည်းကောင်း၊

၂။ ဗျည်းနှင့်တွဲဖက်သဖြင့် ၁·မတြာခွဲ ရွတ်ဆိုရာကာလ ရှိကုန်သော က· ကိ· ကု–စသော အက္ခရာတို့သည်လည်းကောင်း၊ ရဿတို့မည်ကုန်၏၊ ရဿ ဟူ၍မှတ်ယူရမည်။

## (၅) ဂရု–လေးလေးရွတ်ရမည့်အက္ခရာများ

၁။ သက်သက်သော ဒီဃသရ ၅· လုံး၊

၂။ ဗျည်းနှင့် တွဲဖက်နေသည့် ဒီဃသရ ၅· လုံး၊

၃။ သံယုဂ်ခေါ် (လုံးဆင့်) အက္ခရာတို့၏ ရှေ့၌ရှိသော ရဿ သရ (၃)လုံး၊

၄။ နိဂ္ဂဟိတ်ခေါ် (သေးသေးတင်)နှင့် တွဲနေသော ရဿ–သရ ၃·လုံး၊

ဤအက္ခရာတို့ကို ဂရု ဟူ၍မှတ်ယူရမည်။

ပုံစံများကား

၁။ အာ· ဤ· ဦ· ဧ· ဩ၊

၂။ ကာ· ကီ· ကူ· ကေ· ကော၊

၃။ ပတ္တ· တိဿ·မန္တဿ၊

၄။ ကံ· ကိံ· ကုံ–စသည်တို့တည်း။

## (၆) လဟု=ပေါ့ပေါ့လျှင်လျှင် ရွတ်ရမည့် အက္ခရာများ

၁။ ဗျည်းနှင့်မတွဲသော ရဿ သရ ၃·လုံး၊

၂။ ဗျည်းနှင့်တွဲသော ရဿ သရ ၃·လုံး၊

၃။ ကေပဒ· သံယုတ်(လုံးဆင့်) ရှေ့ကရှိသော ဧ· ဩ ဟူသော ဒီဃ သရ ၂· လုံး၊

ဤအက္ခရာတို့ကို လဟု· ဟူ၍မှတ်ယူရမည်။

ပုံစံများကား

၁။ အ- ဣ- ဥ၊

၂။ က- ကိ- ကု၊

၃။ တွေ- သေယျော- ဩဣ- သောတ္တိ၊

စသောအက္ခရာတို့တည်း၊ ၎င်းတို့ကို လဟု- ဟု မှတ်ယူရမည်။

ဆောင်ပုဒ်

၁။ ငါးလုံးဒီဃ၊ သုံးရဿ၊ ဂ- လ- နှစ်မည်ထပ်။

၂။ သံယုဂ်, နိဂ္ဂဟိတ၊ နှောင်းပြန့်က၊ ရဿဂရုမှတ်။

၃။ ကေပဒ၊ သံယောဂကြောင့် ရှေ့က ဩ- ဧ၊ သရဒွေး၊ ရွတ်ရေး-
ရဿ- သို့။

## (၇) သမ္ဗန္ဓ—စပ်ရွတ်ရမည့် အက္ခရာများ

သဒ္ဒါစည်းကမ်းနည်းလမ်းအရ၊ ပုဒ်နှစ်ခုကို ရှေ့နောက်သန္ဓိစပ်၍ ရွတ်ဖတ်ခြင်းကို သမ္ဗန္ဓ-စပ်ရွတ်ဟု မှတ်ယူရမည်။

ပုံစံကား

၁။ ယဿ+အာယသ္မတော= ၂-ပုဒ်ကို၊
ယဿာယသ္မတော—ဟု ပုဒ်စပ်၍ရွတ်ခြင်း၊

၂။ ပရိပုဏ္ဏံ+အဿ ပတ္တစီဝရံ—ကို
ပရိပုဏ္ဏံ—နှင့် အဿ ၂-ပုဒ်ကို သန္ဓိစပ်၍ ပရိပုဏ္ဏဿပတ္တစီဝရံ
ဟု ရွတ်ဖတ်ခြင်း စသည်တို့တည်း။

## (၈) ဝဝတ္ထိတ= ဖြတ်ရွတ်ရမည့်အက္ခရာများ

သဒ္ဒါစည်းကမ်းနည်းလမ်းအရ၊ ပုဒ်စပ်ထားသော ပုဒ်တို့ကို ပုဒ်ဖြတ်၍ ရွတ်ဖတ်ခြင်းကို ဝဝတ္ထိတ-ဖြတ်ရွတ်ဟု မှတ်ယူရမည်။

ပုံစံကား

၁။ ယဿာယသ္မတော-ဟု ပုဒ်စပ်ထားသည်ကို၊
ယဿ+အာယသ္မတော- ပုဒ်ကိုဖြတ်၍ရွတ်ခြင်းမျိုး၊

၂။ ပရိပုဏ္ဏဿ ပတ္တစီဝရံဟု သန္ဓိပုဒ်စပ်ထားသည်ကို၊
သန္ဓိပုဒ်ဖြတ်၍- ပရိပုဏ္ဏံ+အဿ ပတ္တစီဝရံ—ဟု ရွတ်ဖတ်ခြင်းမျိုး
တည်း။

(၉) ဝိမုတ္တ=ခံတွင်းဖွင့် ရွတ်ရမည့်အက္ခရာ၊

ခံတွင်းပါးစပ်ကို ဖွင့်၍ ရွတ်ဖတ်ရသော ဗျည်းနှင့် မတွဲဖက်သော အာ-သရ သက်သက်သည်လည်းကောင်း၊ ဗျည်းနှင့်တွဲဖက်နေသော ကာ-ခါ-ဂါ-စသော အာ-သရသည်လည်းကောင်း၊ ဝိမုတ္တ-ဖွင့်ရွတ် အက္ခရာဟူ၍ မှတ်ယူရမည်။

(၁၀) နိဂ္ဂဟိတ=ခံတွင်းပါးစပ်ပိတ်၍ နှာခေါင်းသံပါအောင် ရွတ်ဖတ်ရမည့်အက္ခရာ

နိဂ္ဂဟိတ်-ဟု ခေါ်ဆိုအပ်သော သေးသေးတင် ဗိန္ဒုပြောက်၏ မိမိမှီရာ အက္ခရာတို့၏ လည်ချောင်းစသော ဌာန်-ကရိုဏ်းတို့ကို နှိပ်၍ [မစွန့်မူ၍] နှာခေါင်းသံ ပါရှိအောင် ပါးစပ်ကိုပိတ်၍ နှာခေါင်းပေါက်မှ လေထွက်သွားအောင် ပြု၍ ရွတ်ဖတ်ရသော- "အံ- ဣံ- ဥံ- ကံ- ကိံ- ကုံ" စသော အက္ခရာတို့ကို နိဂ္ဂဟိတအက္ခရာတို့ဟူ၍ မှတ်ယူရမည်။

ဆောင်ပုဒ်

၁။ သမ္ဗန်- သန္ဓိ ပုဒ်ဖြတ်ဘိ၊ ဝဝတ္ထိဘ-မှတ်။

၂။ ဗိန္ဒု- နိဂ္ဂဟိတ်၊ ခံတွင်းပိတ်၊ မပိတ်ဝိမုတ်မှတ်။

၃။ သိ, ဓ, နိဂ်, ဝိ၊ ပြန်လှန်ဘိ၊ ပျက်၏ဥတ်, ကမ္မဝါ။

၄။ ဒီ, ရသ်, ဂ, လံ၊ ဝဝတ်,သံ၊ ကံကို မချက်ရာ။

ကံ-ပျက်,မပျက် စိစစ်ချက်

ပြဆိုအပ်ခဲ့ပြီးသော ဗျဥ္ဇနဗုဒ္ဓိ(၁၀)ပါးတို့တွင်-

၁။ သိထိလ-ကို ဓနိတ-ဖြင့်၊

၂။ ဓနိတ-ကို သိထိလ-ဖြင့်၊

၃။ နိဂ္ဂဟိတကို- ဝိမုတ္တ-ဖြင့်

၄။ ဝိမုတ္တ-ကို နိဂ္ဂဟိတ-ဖြင့်-

ရွက်ဖတ်ခဲ့လျှင်၊ ကံပျက်တော့၏၊ ထိုပုဂ္ဂိုလ်မျိုးချည်းသာ ကမ္မဝါစာရွတ်ဖတ်ခဲ့သော်၊ အကြိမ်ပေါင်း ရာ, ထောင်, ဖတ်သော်လည်း အကျိုးမရှိ၊ အချည်းအနှီးသာတည်း။

၁။ ဒီဃ—ကို ရဿ၊

၂။ ရဿ—ကို ဒီဃ၊

၃။ ဂရုက· ကို လဟုက၊

၄။ လဟုက—ကို ဂရုက၊

၅။ သမ္ဗန္ဓ—ကို ဝဝတ္ထိတ၊

၆။ ဝဝတ္ထိတ—ကို သမ္ဗန္ဓ ပြု၍ရွတ်ဖတ်သော်ကား ကံမပျက်ဟု အဋ္ဌကထာ ဖွင့်ဆို၏။

အထူးသိမှတ်ရန်။ ။အထက်ပါအချက်တို့၌ ကံမပျက်ဟု၊ အဋ္ဌကထာဆရာ ဖွင့်ဆိုအပ်သော စကားကို၊ ဒီဃ—ရဿ(၂)မျိုး၊ ဂရုက—လဟုက(၂)မျိုးစီသင့်သော နေရာတို့ကိုသာ ရည်ရွယ်၍ ဖွင့်ဆိုတော်မူခြင်းဖြစ်သည်၊ နေရာတိုင်းကို ရည်ရွယ်၍ ဖွင့်ဆိုခြင်းမဟုတ်။

(၂)မျိုးစီသင့်သော အရာများ၊

၁။ ဘိက္ခူနံ၊ ဘိက္ခုနံ၊ ဒီဃ—ရဿ(၂)မျိုးသင့်၏။

၂။ တဿာတုဏှီ၊ တဿာတုဏှိ၊ ။

၃။ ဗဟူသု၊ ဗဟုသု၊ ။

၄။ နက္ခမတိ၊ နခမတိ၊ ဂရု-လဟု(၂)မျိုးသင့်၏။

၅။ ဥပသမ္ပဒါပေက္ခော၊ ဥပသမ္ပဒါပေခေါ၊ ။

ဤသို့သဒ္ဒါစည်းကမ်းအရ(၂)ချက်သင့်သောကြောင့် သင့်လျော်လျောက်ပတ်သည့် အနုရူပဋ္ဌာနတို့၌သာ ကံမပျက်ဟု ဆိုလိုသည်။

၁။ နာဂေါ—ဟု ဒီဃဂရုဖြင့် ရွတ်ဖတ်ရမည်ကို၊ နဂေါ ဟု ရဿလဟုဖြင့် ရွတ်ဖတ်ခဲ့သော်လည်းကောင်း၊

၂။ တိဿော—ဟု ဂရုကဖြင့် ရွတ်ဖတ်ရမည်ကို တိသော—ဟု လဟုကဖြင့် ရွတ်ဖတ်ခဲ့သော် လည်းကောင်း၊

၃။ ယာစတိ—ဟု ရဿ လဟုကဖြင့် ရွတ်ဖတ်ရမည်ကို ယာစန္တိ— ဟု ဂရုကနှင့် ရွတ်ဖတ်ခဲ့သော်လည်းကောင်း၊

၄။ အန္တရာယိကေဟိ ဓမ္မေဟိ-ဟု ဓ- ၌ ဂရုကဖြင့် ရွတ်ဖတ်ရမည်ကို အန္တရာယိကေဟိ ဓမေဟိ ဟု ရဿ လဟုက ရွတ်ဖတ်ခဲ့သော်လည်းကောင်း၊

ဤသို့သော အနုနုရှုပဌာန တို့၌ကား ဒီဃကို ရဿ၊ ရဿကို ဒီဃ၊ ဂရုကကို လဟုက· လဟုက–ကို ဂရုက ပြု၍ ရွတ်ဖတ်လျှင်လည်း ကံပျက်သည်ဟု မှတ်ယူရမည်။

## သမ္ဗန္ဓနှင့် ဝဝတ္ထိတ (၂)မျိုးကို လဲလှယ်၍ ရွတ်ဖတ်သော်လည်း လုံးဝကံပျက်မှုမရှိ

သမ္ဗန္ဓ ပုဒ်စပ်၍ ရွတ်ဖတ်ရမည်ကို ဝဝတ္ထိတ ပုဒ်ဖြတ်၍ ရွတ်ဖတ်သော်လည်းကောင်း၊ ဝဝတ္ထိတပုဒ်ဖြတ်၍ ရွတ်ဖတ်ရမည်ကို သမ္ဗန္ဓ–ပုဒ်စပ်၍ရွတ်ဖတ်သော်လည်းကောင်း ကံမပျက်။

၁။ ယဿာ ယသ္မာတော–ဟူသော သမ္ဗန္ဓကို
ယဿ အာယသ္မတော-ဟု ဝဝတ္ထိတဖြင့်လည်းကောင်း၊

၂။ တုဏှဿ ဟူသော သမ္ဗန္ဓကို၊
တုဏှိ အဿ ဟု ဝဝတ္ထိတဖြင့်လည်းကောင်း၊

ဝဝတ္ထိတများကို သမ္ဗန္ဓအားဖြင့်လည်းကောင်း လဲလှယ်၍ရွတ်ဖတ်သော်လည်း ကံမပျက်၊ ရွတ်ဖတ်ကောင်းသည်။

အချုပ်အားဖြင့် ကမ္မဝါစာကို ရွတ်ဖတ်သောပုဂ္ဂိုလ်သည် ရှေ့၌ ပြဆိုခဲ့ပြီးသော ဗျဉ္ဇန-ပဋိဗလဂုဏ်နှင့် ပြည့်စုံ၍ ဘုရားရှင် ဟောတော်မူခဲ့သော ပါဠိဘာသာ ကမ္မဝါစာတို့ကို(၁၀)ပါးသော ဗျဉ္ဇနဗုဒ္ဓိနှင့်အညီ ရွတ်ဖတ်အပ်၏၊ ရွတ်ဖတ်နိုင်အောင်လည်း လေ့လာဆည်းပူးပါလေ။ ။

ရဟန်းခံခြင်း ဥပသမ္ပဒကံနှင့်စပ်၍ သိမှတ်ဖွယ်
အဆုံးအဖြတ်ပြီး၏။

---

## ရဟန်းလောင်းအတွက် ပရိက္ခရာ အလှူခံပုံ

ဣမေ အဋ္ဌပရိက္ခာရေ ဥပသမ္ပဒါပေက္ခဿ ဒေမ။

ဘန္တေ၊ အရှင်ဘုရား။ ယံ၊ ဝ ပည့်တော် ဝ ပည့်တော်တို့သည်။ ဣမေ အဋ္ဌပရိက္ခာရေ၊ ဤ (၈) ပါးသော ရဟန်းတော်တို့၏ အသုံးအဆောင်ဖြစ်သော ပရိက္ခရာတို့ကို၊ ဥပသမ္ပဒကမ္မာဝဟနတ္ထာယ၊ ဥပသမ္ပဒ

ကံကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အကျိုး၄ာ။ ဥပသမ္ပဒါပေက္ခဿ၊ ပဉ္စင်းလောင်းဖြစ်သော ရှင်သာမဏေအား။ ဒေမ၊ လှူဒါန်းပါကုန်၏ အရှင်ဘုရား။

ဆုတောင်း

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ဘန္တေ၊ အရှင်ဘုရား။ မေ အမှာကံ၊ ဘုရားတပည့်တော်, ဘုရားတပည့်တော်မ, တို့၏။ ဣဒံပုညံ၊ ဤရဟန်းလောင်း သာမဏေအား ရဟန်းခံရန်အတွက် ပရိက္ခရာ (၈) ပါးကို လှူဒါန်းရသော ကောင်းမှုကုသိုလ်သည်။ နိဗ္ဗာနဿ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်၏။ ပစ္စယော နည်းမှန်လမ်းမှန် အကျင့်မှန်တို့ဖြင့် မပင်မပန်း ချမ်းချမ်းသာသာ လွယ်ကူစွာရဖို့ရန်အကြောင်း အားကြီးသော အထောက်အပံ့ ကောင်းသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

ဣဒံ မေ ပုညံ အနာဂတေ ဟေဘိက္ခုဘာဝါယ ပစ္စယော ဟောတု။

အနာဂတေ မဟာလ္လတာပသာဒေ ဘဏ္ဍာနတ္တာယ ပစ္စယော ဟောတု။

ဘန္တေ၊ အရှင်ဘုရား။ မေ အမှာကံ၊ တပည့်တော်, တပည့်တော်မ တို့၏။ ဣဒံပုညံ၊ ဤပရိက္ခရာ (၈) ပါး လှူဒါန်းရသော ကောင်းမှုကုသိုလ်သည်။ အနာဂတေ၊ ကျွတ်တန်းဝင်ရာ နောင်သောအခါ၌၊ ဟေဘိက္ခုဘာဝါယ၊ တန်ခိုးဖြင့်ပြီးသော သင်္ကန်းသပိတ် ပရိက္ခရာတို့ကို ဝတ်ရုံဆင်မြန်းလျက် ကျွတ်တန်းဝင်ရသော ဟေဘိက္ခု ရဟန္တာဖြစ်ရခြင်း၏။ ပစ္စယော၊ အားကြီးသောအကြောင်း အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အနာဂတေ၊ နောင်သောအခါ၌။ မဟာလ္လတာပသာဒနဘဏ္ဍာနတ္တာယ၊ လက်ခအဖိုးတသိန်း တန်ဖိုးငွေ ကိုးကုဋေဆိုက်တန်သော ကာယဗလ, ဘောဂဗလ နှစ်ဝစုံလင် ဘုန်းရှင်ကံရှင် ပါရမီရှင်ဖြစ်သော အမျိုးကောင်းသမီးတို့သာ ဝတ်ရုံဆင်မြန်းနိုင်သော မဟာလ္လတာတန်ဆာကို ဝတ်ရုံဆင်မြန်းရခြင်း၏။ ပစ္စယော၊ အားကြီးသော အကြောင်းအထောက်အပံ့ကောင်းသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

## ပရိက္ခာရ လှူဒါန်းရခြင်း၏ အကျိုးများ

တသာစီဝရဒါနဿ နိဿန္ဒေန ဣမံ ပဿာခနံ လဘာတိ၊ ဣတ္ထိနံဟိ စီဝရဒါနံ မဟာလတာပသာဓနဘဏ္ဍနေနမတ္ထကံ ပပ္ပေါတိ၊ ပုရိသာနံ ဣဒ္ဓိမယ ပတ္တစီဝရေန။ (ဓမ္မပဒ၊ ဌ၊ဝိသာခါဝတ္ထု)

တဿစီဝရဒါနဿ၊ ထိုသင်္ကန်း အလှူဒါန၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ ဣမံပသာခနံ၊ ဤမဟာလတာဘန်ဆာကို။ လဘာတိ၊ ရ၏။

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဣတ္ထိနံ၊ အမျိုးသမီးတို့၏။ စီဝရဒါနံ၊ သင်္ကန်းအလှူဒါနသည်။ မဟာလတာပသာဓနဘဏ္ဍနေန၊ မဟာလတာတန်ဆာကို ဝတ်ရုံဆင်မြန်းရခြင်းဖြင့်။ မတ္ထကံ၊ အထွတ်အမြတ် အပြီးအဆုံးသို့၊ ပပ္ပေါတိ၊ ရောက်၏။

ပုရိသာနံ၊ အမျိုးသားယောကျ်ားတို့၏။ စီဝရဒါနံ၊ သင်္ကန်းအလှူဒါနသည်။ ဣဒ္ဓိမယပတ္တစီဝရေန၊ ကမ္မဝိပါကဇိဒ္ဓိဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဝတ်ရုံဆင်မြန်းရသော ဧဟိဘိက္ခုရဟန္တာ ဖြစ်ရခြင်းဖြင့်။ မတ္ထကံ၊ အထွတ်အမြတ် အပြီးအဆုံးသို့။ ပပ္ပေါတိ၊ ရောက်၏။

ဟူသော အဋ္ဌကထာ မိန့်ဆိုချက်ကို ထောက်ထား၍—

၁။ အမျိုးသမီးတို့၏ အဝတ်သင်္ကန်း အလှူ၏ အကျိုးသည် မဟာလတာတန်ဆာကို ဝတ်ရုံဆင်မြန်းခြင်းဖြင့် အထွတ်အမြတ် အပြီးအဆုံးသို့ ရောက်သည်။

၂။ ယောကျ်ားများမှာကား သင်္ကန်းအလှူ၏ အကျိုးသည် ဘုရားရှင်က ဧဟိဘိက္ခုခေါ်တော်မူ၍ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းတို့ကို ဝတ်ရုံဆင်မြန်းလျက် ဝါ (၆၀) ရပြီးသော မထေရ်ကြီးကဲ့သို့ဧဟိဘိက္ခု ရဟန်းဖြစ်ရခြင်းဖြင့် အထွတ်အမြတ် အပြီးအဆုံးသို့ ရောက်သည်ဟူ၍ မှတ်ယူရမည်။

### မဟာလတာတန်ဆာ ဝတ်ရုံဆင်မြန်းရခြင်း၊ ဧဟိဘိက္ခု ရဟန်းဖြစ်ရခြင်းတို့၏ အကြောင်း (၂) ချက်

၁။ သင်္ကန်း, သပိတ်, ပရိက္ခရာ လှူဒါန်းခဲ့ဖူးခြင်း၊

၂။ ဆုတောင်း ပတ္ထနာပြုခဲ့ဖူးခြင်း

ဤအကြောင်း (၂) ပါးတို့နှင့် ပြည့်စုံမှသာ အမျိုးသမီးတို့အား မဟာလတာ တန်ဆာကို ဝတ်ရုံဆင်မြန်းရ၍ အမျိုးသား ယောကျ်ားများမှာ

ဟောဘိက္ခု ရဟန်းဖြစ်ရသည်။ သပိတ်သင်္ကန်း ပရိက္ခရာ လှူဒါန်းခဲ့ဖူးသော ကောင်းမှုရှိသော်လည်း ဆုတောင်းပတ္ထနာမှု မရှိခဲ့လျှင်ကား ၎င်းအကျိုး များကို ခံရနိုင်ဟု မှတ်ရမည်။

## ဘုရားလက်ထက်တော်က မဟာလတာ တန်ဆာ ဝတ်ဆင်ခြန်းနိုင်သော အမျိုးသမီး (၃) ယောက်

၁။ ဗာရာဏသီ သဌေးသမီး ဘဒ္ဒါတယောက်၊

၂။ ဝိသာခါ ကျောင်းအမကြီးတယောက်၊

၃။ ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာ တယောက်-

ဤ(၃)ယောက်သော အမျိုးကောင်းသမီးတို့သည်သာ သင်္ကန်းသပိတ် ပရိက္ခ ရာ လှူဒါန်းခဲ့ဖူးသော ကောင်းမှုကုသိုလ်လည်းပါ၊ ဆုတောင်း ပတ္ထနာနှင့် လည်း ပြည့်စုံကြသဖြင့်-

၁။ ဆင်ပြောင် (၅) စီးအားကို ဆောင်နိုင်ခြင်းဟူသော ကာယဗလ၊

၂။ မဟာလတာ တန်ဆာ ပြုလုပ်နိုင်လောက်အောင် ကြွယ်ဝချမ်းသာ ခြင်းဟူသော ဘောဂဗလ (၂)ဝစုံလင်ကြသဖြင့် မဟာလတာ တန်ဆာကို ဆင်မြန်းနိုင်ကြသည်။

## မဟာလတာ တန်ဆာပြုလုပ်ပုံ

မီးကျီးခဲကဲ့သို့ ရဲရဲထွေ ထွေးနီမြန်းသော အဆင်းရှိသော ရွှေစင်နိက္ခချိန် (၁၀၀၀) ကို မ, ခံအစတည်၍-

၁။ စိန် (၄) ကွမ်းစား၊

၂။ ပုလဲ (၁၁) ကွမ်းစား၊

၃။ သန္တာ (၂၂) ကွမ်းစား၊

၄။ ပတ္တမြား (၃၃) ကွမ်းစား၊

ထိုမှတပါး အဖိုးများစွာ ထိုက်တန်သော ရတနာ(၇)ပါးတို့ဖြင့်ထူးဆန်း ကောင်းမွန်စွာ ပြုလုပ်ခြယ်လှယ်၍ ချုပ်စပ်ရမည့် နေရာတို့၌ ငွေချည်တို့ဖြင့် ချုပ်စပ်ထားသည့် အလွန်တရာ လှပဆန်းကြယ် တင့်တယ်လှသော ဝတ်ရုံကြီး ဖြစ်သည်။

တနိက္ခမှာ (၅) ကျပ်သားရှိသည်။ နိက္ခ (၁၀၀၀)မှာ ကျပ်(၅၀၀၀) ပိဿာချိန် (၅၀) ရှိသည်။

သုဝဏ္ဏော ပဉ္စဓရဏံ နိက္ခံ တွ, နိက္ခ္ခီပဉ္စတေ-ဟူသော အဘိဓာန်လာနည်း အားဖြင့် (၅) ဓရဏ-ရွေး (၂၀၀) သည် (၁)သုဝဏ်၊ (၅) သုဝဏ်ရွေး (၁၀၀၀) သည် (၁) နိက္ခဟု မှတ်ရမည်။ ၎င်းနိက္ခ ( ၁၀၀၀ ) မှာ ရွေး ချိန် (၁၀၀၀၀၀၀)တသန်းရှိသည်၊

တထောင်နိက္ခ၊ စိန်ကလေးဖြာ၊
ပုလဲတစ်တစ်၊ နှစ်နှစ်သန္တာ၊
သုံးသုံးပတ္တမြား၊ ကွမ်းစားရေပေါ်၊
ပါဝင်ငြား၊ မုတ်သား မဟလ္လတာ။ ။

၎င်း မဟလ္လတာ တန်ဆာသည် ဘုရားနှင့်လက်ထက်က ငွေပမာဏအား ဖြင့် ကိုးကုဋေထိုက်တန်၏၊ ပန်းထိမ်သည် (၅၀၀) ၄-လတိတိ လုပ်ရသည်။

စီဝရာဒိကေ အဌပရိက္ခာရေ၊ ပတ္တစီဝရမေဝ ဝါ ဒတွာ ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဟောတိက္ခုဘာဝါယ ပစ္စယော ဟောတု။

ဣဒံပရိက္ခာရဒါနံ အနာဂတေ၊ မဟလ္လတာပသာဓနဘဏ္ဍနတ္တာယ ပစ္စယော ဟောတူတိ ပတ္ထနံ ကာတဗ္ဗံ။
(သုတ်မဟာဝါ အဌကထာ၊ ပ-၇၁)

ဟောဘိက္ခုရဟန်း

ဟောဘိက္ခုသမ္ပဒါတိ "ဟောဘိက္ခု"တိ ဝစန မတ္တေန ပညတ္တ ဉပသမ္ပဒါ၊ ဘဂဝါတိ ဟောဘိက္ခုဘာဝါယ ဉပနိဿယ သမ္ပန္နံပုဂ္ဂလံ ဒိသွာ၊ ရတ္တပံသုကူလန္တရတော သုဝဏ္ဏဝဏ္ဏံ ဒက္ခိဏဟတ္ထံ နီဟရိတွာ ဗြဟ္မဃောသံ နိစ္ဆာရေန္တော "ဟောဘိက္ခု စရ ဗြဟ္မစရိယံ သမ္မာ-ဒုက္ခဿ အန္တကိရိယာယာ "တိ ဝဒတိ တဿသဟေဝ ဘဂဝတော ဝစနေန ဂိဟိလိင်္ဂံ အန္တရဓာယတိ ပဗ္ဗဇ္ဇာစ ဉပသမ္ပဒါစ ရုဟတိ။ ဘဏ္ဍုကာသာယဝသနော ဟောတိ၊ ဧကံ နိဝါသေတွာ ဧကံ ပါရုပိတွာ ဧကံ အံသေ ထပေတွာ ဝါမံသကူဋေ အာသတ္တနီလုပ္ပလ· ဝဏ္ဏ မတ္တိကာ ပတ္တော။

အံဒ္ဓိ-ဒု(၆၉)၊ဝိ-ဋ္ဌ-၁(၂၁၃)။

ပါဠိ၏အနက်။ ။ဟေဘိက္ခုပသမ္ပဒါတိ၊ ဟေဘိက္ခုပသမ္ပဒါ ဟူသည်ကား။
ဧဟိဘိက္ခုတိဝစနမတ္တေန၊ ဧဟိဘိက္ခု ဟူသောမြတ်စွာဘုရား စကားတော်မျှဖြင့် ပညတ္တာဥပသမ္ပဒါ' ပညတ်တော်မူအပ်သောရဟန်းအဖြစ်တည်း။

ဟိ၊ ထိုစကားကို ချဲ့၍ပြဦးအံ့။ ဘဂဝါ- မြတ်စွာဘုရားသည်။ ဧဟိဘိက္ခုဘာဝါယ၊ ဧဟိဘိက္ခုရဟန်း အဖြစ်အကျိုးငှာ။ ဥပနိဿယသမ္ပန္နံ၊ အားကြီးသောအကြောင်းနှင့်ပြည့်စုံသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဒိသွာ၊ မြင်တော်မူ၍။ ရတ္တပံသုကူလန္တရတော၊ နီမြန်းသော ပံ့သကူသင်္ကန်းတော်အကြားမှ။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့် တူသောအဆင်းရှိသော။ ဒက္ခိဏဟတ္ထံ၊ လက်ယာလက်တော်ကို။ နီဟရိတွာ၊ ထုတ်ဖော်တော်မူ၍။ ဗြဟ္မဃောသံ၊ မြတ်သောအသံတော်ကို။ နိစ္ဆာရေန္တော၊ မိန့်မြွက်တော်မူလျက်။

"ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလော့။ ဝါ၊ သင်လိုလားတောင့်တသည့် ရှင်ရဟန်းအဖြစ်ကို လက်ခံလော့။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လှည့်ပါလော့၊" ဣတိ၊ ဤသို့။ ဝဒတိ၊ မိန့်တော်မူ၏။

တဿ၊ ရှင်ရဟန်းပြုလိုသော အမျိုးကောင်းသားအား။ ဝါ၊ ၏။ ဘဂဝတော ဝစနေန၊ မြတ်စွာဘုရား၏ ဧဟိဘိက္ခု ခေါ်တော်မူသော စကားတော်နှင့်၊ သဟေဝ၊ တပြိုင်နက်သာလျှင်။ ဂိဟိလိင်္ဂံ၊ လူ့အသွင်အပြင်သည်။ အန္တရဓာယတိ၊ ကွယ်ပျောက်၍သွား၏။ ပဗ္ဗဇ္ဇာစ၊ ရှင့်အဖြစ်သည် လည်းကောင်း။ ဥပသမ္ပဒါစ၊ ရဟန်း၏ အဖြစ်သည် လည်းကောင်း။ ရုဟတိ၊ ရောက်၏။

ဘဏ္ဍု၊ ခေါင်းတုန်းရိတ်ပြီးသည်။ ကာသာယဝသနော၊ ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ဝတ်ရုံပြီးသည်။ ဟောတိ၊ ဖြစ်၏။

ဧကံ၊ တဆည်သော သင်းပိုင်ကို။ နိဝါသေတွာ၊ ဝတ်၍။ ဧကံ၊ တထည်သော ကေသိကို။ ပါရုပိတွာ၊ လက်ကန်တော့ထိုး၍။ ဧကံ၊ တထည်သော ဒုကုဋ်သင်္ကန်းကြီးကို။ အံသေ၊ ပခုံး၌ထက်၌။ ထပေတွာ၊ တင်ထား၍။ ဝါမံသကုဋ္ဌေ၊ လက်ဝဲဘက် ပခုံးစွန်း၌၊ အာသတ္တနီလုပ္ပလ ဝဏ္ဏမတ္တိကာ ပတ္တော၊ လွယ်အပ်သော ကြာညိုပန်း အဆင်းနှင့်တူသော မြေသပိတ်ရှိသည်၊ ဝါ- ကြာညိုပန်းအဆင်းရှိသော မြေသပိတ်ကို လွယ်လျက်သားသည်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။

အထက်ပါ အဋ္ဌကထာ ဋီကာတို့၌ လာသည့်အတိုင်း သပိတ် သင်္ကန်း ပရိက္ခရာ လှူဒါန်းခဲ့ဖူးခြင်း၊ဆုတောင်းပတ္ထနာပြုခဲ့ဖူးခြင်း ဟူသောအကြောင်း (၂)ပါးပြည့်စုံသူ အမျိုးသား များမှာ ဧဟိဘိက္ခု ရဟန်းဖြစ်ရခြင်း၏အကျိုး ထူးကို ရနိုင်ကြလေသည်။

ဣဒ္ဓိမယပတ္တစီဝရံ ပန ပစ္ဆိမဘဝိကာနံ ယေဝ နိဗ္ဗတ္တတိ။

## အကျိုး(၂)ပါးတို့ ရရှိရာကာလ ထူးခြားချက်

အမျိုးသမီးတို့အား ရရှိသော မဟာလတာတန်ဆာ ဝတ်ရုံရခြင်းအကျိုး ကို ပစ္ဆိမဘဝ၌ဖြစ်စေ ပစ္ဆိမဘဝသို့ မရောက်မီ ဘဝတို့၌ ဖြစ်စေ ရရှိခံစား နိုင်၏။ ယောကျ်ားတို့၏ ဧဟိဘိက္ခုရဟန်းဖြစ်ရခြင်း၏ အကျိုးကား ပစ္ဆိမ ဘဝ၌သာ ရရှိနိုင်သည်။

### ဧဟိဘိက္ခုရဟန်းအရေအတွက်-

ဘုရားရှင်လက်ထက်တော်က ဧဟိဘိက္ခုရဟန်းပေါင်း အရေအတွက်မှာ-

| | |
|---|---|
| ဝိနည်းလာ ဧဟိဘိက္ခုရဟန်းပေါင်း | ၁၃၄၁-ပါး၊ |
| သုတ္တန်လာ ဧဟိဘိက္ခုရဟန်းပေါင်း | ၂၇၃၀၀-ပါး၊ |
| နှစ်ရပ်ပေါင်း | ၂၈၆၄၁-ပါး၊ |

ဤသို့အားဖြင့် ငါတို့ဂေါတမ ဘုရားရှင် လက်ထက်တော်အခါက ဧဟိ ဘိက္ခုရဟန်းအဖြစ်ကို ရရှိကြသော အမျိုးကောင်းသားတို့မှာ (၂၈၆၄၁) နှစ်သောင်းရှစ်ထောင်ခြောက်ရာလေးဆယ့်တစ်ယောက် ရှိခဲ့လေသည်။

ဝိနည်းလာ- တိဏိသတံ သဟဿဥ္စ၊ စတ္တာလီသံ ပုနာပရေ၊
ဧကောစ ထေရောသပညော၊ သဗ္ဗေ တေ ဧဟိဘိက္ခုကာ။

သုတ္တန်လာ- သတ္တဝီသသဟဿာနိ၊ တိဏိယေဝ သတာနိစ၊
ဧတေပိ သဗ္ဗေ သင်္ခါတာ၊ သဗ္ဗေ တေ ဧဟိဘိက္ခုကာ။

(ဝိ-ဋ္ဌ-၁-၂၀၅)

ပါဠိ၏အနက်များ။ ။ဣဒ္ဓိမယပတ္တစီဝရံပန၊ကမ္မဝိပါကဇိဒ္ဓိကြောင့်ဖြစ်ပေါ် ရရှိသော သပိတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်ရခြင်း ဟူသော အကျိုးသည်ကား၊ ပစ္ဆိမဘဝိကာနံယေဝ၊ ပစ္ဆိမဘဝိကဖြစ်သော အမျိုးသားတို့အား သာလျှင်။နိဗ္ဗတ္တတိ၊ ဖြစ်ပေါ်ရရှိနိုင်၏။

တိတ္တိသတံ၊ သုံးရာတို့လည်းကောင်း။ သဟဿဥ္စ၊ တထောင်တို့လည်းကောင်း။ စတ္တာလီသံ၊ လေးဆယ်လည်းကောင်း။ ပုန၊ တဖန်။ အပရော၊ တပါးသော။ ဧကော၊ တယောက်သော။ သုပ္ပညော၊ ပညာရှိသော။ ထေရောစ၊ အင်္ဂုလိမာလထေရ် လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧတေ၊ ဤရဟန်းတို့သည်။ ဟေဟိဘိက္ခုကာ၊ ဟေဟိဘိက္ခု ရဟန်းတို့တည်း။

သတ္တဝီသသဟဿာနိ၊ နှစ်သောင်းခုနစ်ထောင်တို့လည်းကောင်း။ တိဏိ ယေဝသတာနိစ၊ သုံးရာတို့သာလျှင် လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဧတေပိ၊ ဤရဟန်းတို့ကိုလည်း။ သမ္ဗုဒ္ဓေန၊ ဟေဟိဘိက္ခုဥ္စသွင်း ယူ ရေတွက်အပ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧတေ၊ ထိုနှစ်ရပ် ပေါင်း (၂၇၈၄၁)ပါးသော ရဟန်းတို့သည်။ ဟေဟိဘိက္ခုကာ၊ ဟေဟိဘိက္ခု ရဟန်းတို့သာတည်း။

ဤဟေဟိဘိက္ခုရဟန်းအဖြစ်ကိုဘုရားရှင်သည် ဘုရားဖြစ်သည့်မှစ၍ ဝါတော် (၂၀)၊ ပဌမဗောဓိကာလအတွင်း၌သာ ပြုပေးတော်မူသည်၊ ထိုမှ နောက် ကာလ၌ ပြုပေးတော်မမူခဲ့။

**သက်န်းအကျိုး (၈)ပါး**

၁။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းနှင့် ပြည့်စုံရခြင်း၊

၂။ ကိုယ်ခန္ဓာ၌ အညစ်အကြေးမှ ကင်းစင်ခြင်း၊

၃။ မွဲချောက်ချောက်မရှိ၊ ခန္ဓာကိုယ် စိုစိုပြည်ပြည်နှင့် အရောင်အဝါ တင့်တယ်ခြင်း၊

၄။ တန်ခိုးဣဒ္ဓိပါဒ် ကြီးမားခြင်း၊

၅။ လက်-ခြေ စသော အင်္ဂါကြီးငယ်တို့နှင့်တကွ ကိုယ်နေကိုယ်ဟန် ပြေပြစ်ခြင်း၊

၆။ အဖြူရောင်၊

၇။ အဝါရောင်၊

၈။ အနီရောင်စသော အလွန်လှပတင့်တယ်သည့် အသွေးအရောင်ရှိသော ပိုး၊ ဖဲ၊ ကတ္တီပါ၊ သက္ကလတ်၊ ခေါမ၊ ရောမ စသော ကောင်းမြတ် နူးညံ့သော အဝတ်ပုဆိုး အမျိုးမျိုးတို့ကို ရရှိသုံးဆောင်နိုင်ခြင်း— ဟူသော အကျိုး (၈)ပါးတို့ကို ဖြစ်ရာဘဝတို့မှာ ရရှိခံစားကြရ၏။

လက်ဝဲဆောင်ပုဒ်

ရွှေသို့အဆင်း, ညစ်ကြေးကင်းလျက်, ရောင်ထွက်ပြိုးပြိုး, တန်ခိုးကြီးလစ်, ပြေပြစ်ကိုယ်မှာ, ဖြူ-ဝါ-နီ-မျိုး, ပုဆိုးရသည်, ကျမ်းအညီ၊ ရှင်လီ သင်္ကန်း အဝတ် လျှူကျိုးတည်း။

တနည်း-သင်္ကန်းအလှူအကျိုး (၁၀)ပါး

၁။ ရွှေစင်ဖြင့်သွန်းလုပ်၍ထားသော အရုပ်ပမာ အလွန်လှပခြင်း၊

၂။ ကိုယ်ခန္ဓာသန့်ရှင်းခြင်း၊

၃။ ကိုယ်အရောင်အဝါတောက်ပခြင်း၊

၄။ ကိုယ်စိတ်ပူပန်မှုတို့မှ ကင်းခြင်း၊

၅။ အကြိမ်တရာ ဖတ်၍ထားသော လဲဝါဂွမ်းဆိုင်ကဲ့သို့ နူးညံ့အိစက်သော ကိုယ် အတွေ့အထိ ရှိခြင်း၊

၆။ အရောင်အမျိုးမျိုး၊ အဆင်းအမျိုးမျိုးရှိသော ကောင်းမြတ်သည့် အဝတ်တို့ကို မတောင့် မတ ရရှိခြင်း၊

၇။ အသွေးအရောင်ကောင်း၊ အဆင်ဆန်းသည့် အဝတ်တို့ကို ဦးဦးဖျားဖျား ဝတ်ဆင်ရခြင်း၊

၈။ တိုင်းတပါးတို့မှဖြစ်သော ကောင်းမွန်သည့် အဝတ်တို့ကို ရရှိခြင်း

၉။ ဟေိဘိက္ခုရဟန်းဖြစ်ရခြင်း၊ မဟာလွတာတန်ဆာ ဝတ်ရုံရခြင်း၊

၁၀။ လိုတ,ရသော ပဒေသာပင်ကို ရရှိခြင်း။

ဤသို့အားဖြင့်(၁၀)ပါးသော အကျိုးများကိုလည်း ပရိက္ခရာလှူဒါန်းသူ ရဟန်းဒါယကာ ရဟန်းဒါယိကာမ စသောသူတို့အား ရရှိနိုင်ကြ၏။

သင်္ကန်း အလှူအကျိုး (၁၀)ပါး မြန်မာကဗျာ

(၁) ရွှေစင်သွန်းလုပ်၊ အရုပ်တူစွာ၊
ကိုယ်မှာသန့်ရှင်း၊ လျှံဝင်းထိန်ဝါ၊
ပူပင်ကင်းသန့်၊ နူးညံ့ခန္ဓာ၊
ရောင်ဝါမျိုး၊ ပုဆိုးတထောင်လာ။

(၂) ဖြူ-ဝါ-နီမြန်း၊ ဆင်-ဆန်းစုံကာ၊
ဟိုတိုင်း, သည်တိုင်း၊ ပေါ်တိုင်းရောက်လာ၊
ဘုရားသုံးသပ်၊ ရလတ်ပရိက္ခရာ၊
လိုတိုင်းတ၊ ရ၏ပဒေသာ။ ။ (ကဗျာရှင်များ)

ထိုမှတပါး- ဝတ္တဒေါ ဝဏ္ဏဒေါ ဟောတိ။ (သံယုတ်ပါဠိ)

ဝတ္တဒေါ-အဝတ်, သင်္ကန်းလှူဒါန်းသူသည်၊ ဝဏ္ဏဒေါ-အဆင်းကို လှူသည်မည်၏။ အဆင်းကိုလှူရာရောက်၏၊ အဆင်းကိုလှူသဖြင့် ထိုသို့ အဆင်းကို လှူဒါန်းရသောအကျိုးအားကြောင့် ကိုယ်ခန္ဓာ အရေအဆင်းကို ပျက်ပြားစေတတ်သော—

၁။ နူနာရောဂါ-

၂။ ခရုသင်းရောဂါ၊

၃။ နှင်းခူ-ပွေး-ဝဲ-ညှင်း စသော ရောဂါ၊

၄။ တင်းတိတ်ဖြူ ပိတ်-ဝက်ခြံ ဇသောရောဂါ၊

၅။ သမင်-ဖြူ-နီ စသော ရောဂါဝေဒနာ အမျိုးမျိုးတို့မှ ကင်းလွတ်ပြီးလျှင် အလွန်လှပတင့်တယ်သော အဆင်းနှင့် ပြည့်စုံရခြင်းအကျိုးများကို ရရှိနိုင်ကြ၏။

## သာသနာတော်၌ ရှင်ရဟန်းပြုရာဝယ်
## ဥပဇ္ဈာယ်ဆရာအရေးကြီးပုံ

ပဗ္ဗဇ္ဇာဟိနာမေသာ ပဋိသန္ဓိဂဟဏသဒိသာ ယထာ မနုဿာ၊ ယတ္ထ ပဋိသန္ဓိံ ဂဏှန္တိ တေသံယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခူပိ (သာမဏေပိ) ယေသံ သန္တိကေ ပဗ္ဗဇန္တိ တေသံယေဝ အာစာရံဂဏှန္တိ၊ (သဠာယတနဝဂ္ဂသံယုတ်၊အာသိသဝဂ္ဂစတုတ္ထသုတ်)

အနက်ကား။ ။သောပဗ္ဗဇ္ဇာနမ၊ ဤရှင်ရဟန်းပြုခြင်းမည်သည်၊ ပဋိသန္ဓိဂဟဏသဒိသာ၊ အမိဝမ်း၌ ပဋိသန္ဓေယူခြင်းနှင့် တူ၏။ မနုဿာ၊ လူတို့သည်။ ယတ္ထယသ္မိံကုလေ၊ အကြင်အမျိုးအနွယ်၌၊ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို၊ ဂဏှန္တိ၊ ယူကြကုန်၏။ တေသံယေဝကုလာနံ၊ ထိုပဋိသန္ဓေယူရာဖြစ်သော အမျိုးအနွယ်တို့၏ သာလျှင်။ အာစာရံ၊ အလေ့အကျင့်စရိုက်ကို။သိက္ခန္တိယထာ၊ လေ့လာမှတ်သား သင်ကြားအတုယူကြကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်းကောင်း၊ သာမဏေရာပိ၊ သာမဏေတို့သည်လည်းကောင်း၊ ယေသံ၊ အကြင်ဆရာ ဥပဇ္ဈာယ် ရဟန်းတို့၏။ သန္တိကေ၊ အထံတော်၌၊ ပဗ္ဗဇန္တိ၊ ရှင်ရဟန်းပြုကြကုန်၏။ တေသံယေဝ၊ ထိုဆရာ ဥပဇ္ဈာယ် ရဟန်းတို့၏သာလျှင်၊ အာစာရံ၊ အလေ့အကျင့်စရိုက်ကို၊ ဂဏှန္တိ၊ ယူကြကုန်၏။

အဓိပ္ပာယ်ရှင်းလင်းချက်။ ။သန်မာစည်ကား ကြီးထွားသော အပင်မှ ဖြစ်သော အပွင့် အသီးတို့သည် ထွားကြိုင်း ကြီးမားး၍ အနှစ်သြဇာ အရသာပြည့်ဝ သကဲ့သို့ ထို့အတူ ဆရာဥပဇ္ဈာယ် ကောင်း၊ မိဘကောင်းတို့မှ ဖြစ်ပေါ်မွေးဖွားလာသော တပည့် သားသမီး တို့သည်လည်း ဆရာ မိဘတို့၏ အကျင့် အာစာရသို့လိုက်ကာ တပည့်ကောင်း သားသမီးကောင်းများ ဖြစ်လာကြပြီးလျှင် သာသနာ့အလယ် လောက အလယ်၌ တင့်တယ်ကာ ကြီးပွားတိုးတက်နိုင်ကြကုန်၏၊ သာသနာတော် ကြီးကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ စောင့်ရှောက်နိုင်ကြ ကုန်၏။

ထို့ကြောင့် ကုသိုလ်ပါရမီ အစအနကောင်းသော တပည့်ရဟန်းလောင်း များဖြစ်ခဲ့လျှင် တော်ကာလျော်ကာ ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာတို့ဖြင့် ရဟန်းခံမှုကိစ္စကို မပြုလုပ်ပါနှင့်။ မလွှဲသာ၍ ပြုလုပ်ခဲ့ပါလျှင်လည်း ဥပဇ္ဈာယ် ကောင်းများထံမှာအပ်၍ အမြန်သိမ်ထပ်ကြရမည်။

(၁) မျိုးစေ့မမှန်၊ ပင်မသန်က၊ ဖူးတံငုံကင်း၊ သီးနှံဖျင်း၏။

(၂) ဆရာမဟန်၊ အကျင့်တန်က၊ တပည့်ညံ့ဖျင်း၊ ဂုဏ်နှံကင်း၏။

(၃) မိဘမဟန်၊ အကျင့်တန်က၊ သားသမီးညံ့ဖျင်း၊ အလိမ္မာကင်း၏။

မှတ်ချက်။ ။ဗာလပုတ္တောပိ ပဏ္ဍိတော။

ကုလပုတ္တရူပေါ ကော ပဝတ္တတိ သမံ ဘာဝေါ။

ဟူသော နီတိဆရာတို့၏ စကားကို ထောက်၍လည်းကောင်း၊ လောက မျက်မြင်အားဖြင့်လည်းကောင်း၊ တရာတယောက်၊ တထောင်တယောက်၊ လောက်တော့ ဆရာမိဘညံ့များမှ၊ တပည့် သားသမီးကောင်းများ အနည်း ငယ် ဖြစ်ထွန်းပေါ်ပေါက်တတ်ပါ၏။ ပဲစေ့များထဲမှ စုံးပြူးစေ့တစေ့ တလေပါတတ်သလို၊ ဆရာမိဘကောင်းတို့၏ တပည့်သားသမီးများထဲမှလည်း တပည့်ဆိုး သားသမီးဆိုးများ စုံးပြူး၍ ပါလာတတ်သေးသည်။

# ရဟန်းလောင်း ဆုံးမခန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဥပဇ္ဈာယ်ယူစေမှုကိစ္စ

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။

လောက၌ သားသမီးများ ကြီးပွားတိုးတက်ရေးအတွက် မိဘသည် အဓိက အရေးအကြီးဆုံး ဖြစ်သကဲ့သို့ သာသနာတော်ကြီး၌လည်း ဥပဇ္ဈာယ်ဆရာသည် အဓိက အရေးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်၏။

ဥပဇ္ဈာယ်ဆရာ၏ အာမိသာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟအားဖြင့် ချီးမြှောက်ထောက်ပံ့မှုကို မရရှိသော ရဟန်း သာမဏေများသည် သာသနာတော်၌ ကြီးပွားတိုးတက်မှု မရရှိနိုင်ပဲ ဆုတ်ယုတ် ပျက်ပြားဖို့ရာသာ များ၏။

ဘုရားလက်ထက်တော် အခါက ဥပဇ္ဈာယ် မရှိသူများကို ရဟန်းပြုပေးကြသဖြင့် ဥပဇ္ဈာယ် ဆရာ၏ ဆုံးမပဲ့ပြင် သွန်သင်မှုကို မခံယူကြရသော ရှင်ရဟန်းတို့သည် ဝတ်ပုံ စားပုံ နေထိုင် ပြောဆိုပုံစသော ကိုယ်နှုတ်အမူအရာတို့၌ ယဉ်ကျေး သိမ်မွေ့မှု မရှိကြ၊ ကိုယ်တိုင် ထမင်းဟင်းကို တောင်းစားသူက တောင်းစားကြ၊ ဆွမ်းစားကျောင်း၌ ဆူညံနေအောင် ကျယ်လောင်စွာ စကားပြောဆိုသူက ပြောဆိုကြ စသည်ဖြင့် ဖြစ်ချင်သလို ဖြစ်နေကြ၏။

ထိုအချင်းအရာကိုမြင်၍ လူအများကဲ့ရဲ့ကြသောကြောင့် မြတ်စွာဘုရားက-

"အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ" ဟု ဥပဇ္ဈာယ်ယူဖို့ရန် ခွင့်ပြုတော်မူလျက်-

ဥပဇ္ဈာယ်မရှိသူကို ရဟန်းပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ဥပဒေသိက္ခာပုဒ် အမိန့်ထုတ်ပြီးလျှင် ရဟန်းခံသည့်အခါ ရှေးဦးစွာ ဥပဇ္ဈာယ်ယူထားဖို့ရန် "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" ဟု မိန့်ကြားတော်မူသည်။

ပဌမံ၊ ရဟန်းခံမှု ဥပသမ္ပဒကံ စီမံဆောင်ရွက်ရာ၌ သပိတ်သင်္ကန်း ပြောကြားခြင်း စသည်မှ ရှေးဦးစွာ။ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ ဥပဇ္ဈာယ်ယူစေအပ်၏။ ဥပဇ္ဈာယ် အယူခိုင်းရမည်။ ဉတ္တိ၊ ဉာသို့။ ဝစနတော၊

ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဥပဒေသတော်မှတ် ပညတ်တော်မူအပ်သည်၏ အဖြစ်ကြောင့်။ တို့၊ သင်ငါ့ရှင် ပဥ္စင်းလောင်းသည်။ ဥပဇ္ဈံ ဂဏှာဟိ၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ–ဟု ၃ ကြိမ် ၃ ခေါက် နှုတ်မြွက်၍ ဥပဇ္ဈာယ်ယူဦးလော့။ ဥပဇ္ဈာယ်ယူပါလေ။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ

(ရဟန်းလောင်းက ၃–ခေါက်ဆိုရန်)

ဥပဇ္ဈာယ် ဆရာက–

၁။ သာဟု= (ကောင်းပေသည်) ဟူ၍ လည်းကောင်း၊

၂။ လဟု = (ငါ့မှာ သင်၏ ဥပဇ္ဈာယ်ဖြစ်ဖို့ အရေး၌ ဝန်မလေးပါ၊ တာဝန်ပေါ့ပါ၏) ဟူ၍ လည်းကောင်း၊

၃။ ဩပါယိကံ=(သင်၏ ဥပဇ္ဈာယ်ယူမှုသည် နည်းလမ်းကျပေ၏) ဟူ၍ လည်းကောင်း၊

၄။ ပတိရူပံ= (သင်၏ ဥပဇ္ဈာယ်ယူခြင်းသည် လျောက်ပတ်ပေ၏) ဟူ၍ လည်းကောင်း၊

၅။ ပါသာဒိကေန သမ္ပာဒေဟိ=(ပါသာဒိကေန= ကြည်ညိုဖွယ်ကိုဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့်။ တိဝိဓသိက္ခံ သိက္ခာ (၃) ရပ် အကျင့်မြတ်ကို။ သမ္ပာဒေဟိ၊ ပြီးစီးစေလော့။ ပြီးစီးအောင် အားထုတ်ကျင့်ကြံပါလေ) ဟူ၍ လည်းကောင်း၊ ဤ ၅–မျိုးတို့တွင် တမျိုးမျိုးဖြင့် တကြိမ်သော် လည်းကောင်း၊ သုံးကြိမ်သော် လည်းကောင်း ဥပဇ္ဈာယ်ပေးရမည်။

မှတ်ချက်။ ။ယခုခေတ် ဥပဇ္ဈာယ်ပေးရာ၌ သာဟု–စသော ရှေ့ ၄–မျိုးကို အသုံးပြုလေ့မရှိကြတော့။ ပါသာဒိကေန သမ္ပာဒေဟိ–ဟူသော ဤတမျိုးကို သုံးစွဲကြတော့သည်၊ ပါသာဒိကေန–အရကို တချို့ဆရာတို့က ပါသာဒါဝဟေန နိဒ္ဒေါသေန ကာယ ဝစီ မနောကမ္မေန–ဟု မနောကံအတွက်ပါ ထည့်၍ ဖွင့်ပြသော ကခ်ါဋီကာသစ်ကို ထောက်၍ ကာယ, ဝစီ, မနောကံ သုံးမျိုးလုံးကို ယူလိုကြ၏။ သူတို့၏ အကြောင်းပြမှာ သိက္ခာသုံးရပ်တွင် ပါဝင်သော သမာဓိ ပညာ သိက္ခာတို့ကို ပြီးစေဖို့ရန်–

စိတ္တုပ္ပါဒယောဂ စိတ်၏ ကောင်းသောအမူအရာလည်း ပါမှ ဖြစ်နိုင်သော ကြောင့်ဟု အကြောင်းပြကြ ပေ၏။ ထိုသို့ သမာဓိ၊ ပညာ၊ သိက္ခာတို့ကို ပြီးစေဖို့ရာ စိတ္တုပ္ပါဒယောဂ လိုအပ်သည်မှန်သော်လည်း "ဝိနယနုတောစေဝ ကာယဝါစာနံ" ကို ထောက်၍ ဝိနည်းကျင့်ဝတ်အရာ၌ ကိုယ်နှုတ်သာ ပဓာန ဖြစ်၏။ မနောဒွါရေ အာပတ္တိနာမ နတ္ထိ-နှင့်အညီ မနောဒွါရကို မစောင့် စည်းရုံးမှုဖြင့် အာပတ်မသင့်နိုင်သေး။ ကိုယ်နှုတ်ကို စောင့်ထိန်းလျှင် ဝိနည်း သိက္ခာပုဒ်ကို စောင့်ထိန်းပြီးသားဖြစ်တော့၏။

ဝိနည်းသိက္ခာပုဒ်ကို စောင့်ထိန်းလျှင်လည်း ပါသာဒိကေန ပါသာဒိ ဝဟေန၊ ဟုဆိုသည့်အတိုင်း ကြည်ညိုဖွယ်ကို ဆောင်နိုင်ပါသည်။ ထို့ကြောင့် ကင်္ခါဋီကာသစ်မှာပါးသော သာရတ္ထစသော ဋီကာကြီးများ၌ ပါသာဒါ ဝဟေန ကာယဝစီပယောဂေန-ဟု ကာယဝစီပယောဂ ၂-မျိုးကိုသာ ဖွင့်ပြကြသည်။

မနောကံ အကူအညီ လိုအပ်သော်လည်း မဖြစ်မနေ ပါမှ ဖြစ်မည်ဟု ကား မဆိုနိုင်။

## သပိတ်သက်န်းကို ပြောကြားခြင်းကိစ္စ

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။

ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းလောင်းကို။ ဥပဇ္ဈံဂါဟာပေတွာ၊ဥပဇ္ဈာယ် ယူခိုင်းပြီး၍။ ပတ္တစီဝရံ၊ ရဟန်းလောင်း ပိုင်ဆိုင်ထိုက်သည့် သပိတ်တလုံး (၃)ဘည်းသော သက်န်းကို။ ဥပသမ္ပဒါပေက္ခဿ၊ ရဟန်းလောင်းအား။ အာစိက္ခိတဗ္ဗံ၊ မှတ်မှတ်သားသား သိထင်ရှားအောင် ပြောထားအပ်၏။ ပြောထားရမည်။ ဣတိ၊ ဤသို့ ဝဇနတော်၊ မြတ်စွာဘုရား ဟောထား တော်မူအပ်သည်၏ အဖြစ်ကြောင့်။ အယံငါသည်။ တေ၊သင့်အား။ ပတ္တ စီဝရံ၊ ငါ့ရှင် ပိုင်ထိုက်သည့် သပိတ်သက်န်းကို။ အာစိက္ခိဿံ၊ မှတ်မှတ် သားသား သိထင်ရှားအောင် ပြောကြားပေအံ့။

**အယံ တေ ပတ္တော**

အာဝုသော ဥပသမ္ပဒါပေက္ခ၊ ငါ့ရှင်ပဉ္စင်းလောင်း။ အယံ ပတ္တော၊ သင်၏ရှေ့နား ချကာထားသည့် အမိန္ဒာဝိ ဂပ္ပနာမြောက် မောဏလောက် သော ဤသပိတ်သည်။ ဥပသက ဥပါသိကာယိ၊ ရတနာသုံးပါးကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်တတ်ကြကုန်သော ရဟန်းဒါယကာ(ဦး........) ရဟန်း ဒါယိကာမ (ဒေါ်........)တို့က။ တေ၊ သင်၏၊ ဥပသမ္ပဒကမ္မဝဟနတ္ထာယ၊

ဥပသမ္ပဒကံကို ဆောင်ရွက်နိုင်ရန်အလို့ငှာ၊ တော၊ သင့်အား။ ဒိန္နော-သဒ္ဒါရှင်လန်း နိဗ္ဗာန်မှန်းလျက် လှူဒါန်းအပ်သော။ တော၊ သင်၏။ ပတ္တော၊ လိုတိုင်းပြုနိုင် မျှားမဆိုင်သည့် ကိုယ်ပိုင်သပိတ်တည်း။ ကိုယ်ပိုင်သပိတ်ဟူ၍ မှတ်။

အာမဘန္တေ၊ မှန်လှပါ မှတ်ထားပါမည် အရှင်ဘုရား။

အယံ သံဃာဋိ

အယံသံဃာဋိ၊ နှစ်လွှာနှစ်ထပ်၊ ချင်းချင်းအပ်လျက်၊ ချုပ်စပ်အပ်သော ဤဒုကုဋ်သင်္ကန်းကြီးသည်၊ ဥပါသက ဥပါသိကာဟိ၊ တို့သည် (တို့က) သံဃာရဝင္ခဒုက္ခတော၊ သံဃရာဝင်ဆင်းရဲမှ၊ မောစနတ္ထာယ၊ လွတ်မြောက်ကျွတ်လွတ်ပါရခြင်း အကျိုးငှာသည်းကောင်း။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယစ၊ မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း။ တော၊ သင်၏။ သံဃာဋိ၊ လိုတိုင်းပြုနိုင် မျှားမဆိုင်သည့် ကိုယ်ပိုင် ဒုကုဋ်သင်္ကန်းကြီးတည်း။ ကိုယ်ပိုင်ဒုကုဋ်သင်္ကန်းကြီးဟူ၍မှတ်။

အာမဘန္တေ၊ မှန်လှပါ မှတ်ထားပါမည် အရှင်ဘုရား။

အယံ ဥတ္တရာ သင်္ဂေါ

အယံ ဥတ္တရာ သင်္ဂေါ၊ အထက်သတ်မှတ် ပခုံးရပ်၌ ခြုံကပ်တင်လွှမ်းအပ်သော ဤကိုယ်ဝတ် ကေသီသင်္ကန်းသည်၊ (ဥပါသက ဥပါသိကာ-ဟိ၊ တို့သည်(တို့က) သာသနဒါယာဒ ဘာဝတ္ထာယ၊ သာသနာတော်၏ အမွေခံ အမွေစားဖြစ်ပါရခြင်း အကျိုးငှာ။ တော၊သင့်အား။ဒိန္နော၊သော။) တော၊သင်၏။ ဥတ္တရာသင်္ဂေါ၊ လိုတိုင်းပြုနိုင် မျှားမဆိုင်သည့် ကိုယ်ပိုင် ကေသီတည်း။ ကိုယ်ပိုင်ကေသီဟူ၍မှတ်။

အာမဘန္တေ၊ မှန်လှပါ မှတ်ထားပါမည်အရှင်ဘုရား။

အယံ အန္တရဝါသကော၊

အယံ အန္တရဝါသကော၊ အလယ်သတ်မှတ် ခါးအရပ်၌ ဝတ်အပ်ဆင်မြန်းအပ်သော ဤသင်းပိုင်သည်။ (ဥပါသက ဥပါသိကာဟိ၊တို့သည် (တို့က)၊ သာသနဿ၊ သာသနာတော်မြတ်ကြီး၏။ ဝုဍ္ဎိယာစ၊ ကြီးပွားတိုးတက်ပါစေခြင်း အကျိုးငှာလည်းကောင်း။ ဝိရူဠှိယာစ၊ စည်ပင်ပါစေခြင်း အကျိုးငှာလည်းကောင်း။ ဝိရဋ္ဌိတိယာစ၊ မြင့်ရှည်မျှားမြောင် ငါး

ထောင်ကြာအောင် တည်ပါစေခြင်းအကျိုးငှာလည်းကောင်း။ တေ၊ သင့် အား။ ဒိန္နော၊ သော) တေ၊ သင်၏။ အန္တရဝါသကော၊ လိုတိုင်းပြု နိုင် မျှားမဆိုင်သည့် ကိုယ်ပိုင် သင်းပိုင်တည်း။ ကိုယ်ပိုင်သင်းပိုင်ဟူ၍မှတ်။

အာမဘန္တေ၊ မှန်လှပါ မှတ်ထားပါမည်အရှင်ဘုရား။
နာမည်မှည့်ပုံ
ကမ္မဝါစာတ် ရွတ်ဖတ်၍ လွယ်ကူစေခြင်း အကျိုးငှာ—

၁။ ရဟန်းလောင်းကို နာဂ၊

၂။ ဥပဇ္ဈာယ်ဆရာတော်ကို တိဿဟူ၍ အမည်မှည့်ပါ၏။

ရဟန်းလောင်းက မိမိ၏အမည်ကို နာဂဟူ၍ မှတ်။

ဥပဇ္ဈာယ်ဆရာတော်နှင့် တကွ ကာရကသံဃာတော် အရှင်မြတ် တို့က ရဟန်းလောင်းအမည်ကို နာဂဟူ၍ မှတ်တော်မူကြပါကုန်ဘုရား။ ဥပဇ္ဈာယ် ဆရာတော်ဘုရားကလည်း မိမိအမည်ကို တိဿဟူ၍ မှတ်တော်မူပါဘုရား။

ရဟန်းလောင်းနှင့်တကွ ကာရကသံဃာတော် အရှင်သူမြတ် တို့ကလည်း ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကို တိဿဟူ၍မှတ်ဘော်မူကြပါကုန် အရှင် သူမြတ်တို့ဘုရား။

မှတ်ချက်။ ။ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်းတို့၏ ပင်ကိုယ်အမည် များသည် ဣန္ဒက, ကောဝိဒ စသောရွတ်ဖတ်၍ လွယ်ကူ သော အမည်များဖြစ်လျှင် ထိုအမည်ရင်းအတိုင်းဖြင့်ပင်–

အယံ ဣန္ဒကော အာယသ္မတော ကောဝိဒဿ ဥပသမ္ပဒါပေက္ခော။

စသည်ဖြင့် ရွတ်ဖတ်လျှင် ပို၍သင့်လျော်ပါသည်။

အမည်မှည့်ချိန်နှင့် ပတ်သက်၍လည်း အမျိုးမျိုး ယူဆကြ၏။ တချို့က ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ မဆိုမီကပင် အမည်မှည့်ထားနှင့်ကြ၏၊ သင့်မြတ်ပါ၏။ တချို့ကား ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ-ဖြင့် ရဟန်း လောင်းကို အပြင်ထုတ်ပြီးမှ အမည်မှည့်ကြ၏၊ ရဟန်းလောင်းအနီးအနား မှာ မရှိတော့သဖြင့် စဉ်းစားသင့်၏။ (သင့်မည်မထင်)

အမှန်မှာ ဥပဇ္ဈာယ်ယူမှု သပိတ်သင်္ကန်း ပြောကြားမှု ပုစ္ဆကိစ္စတိုင် အောင် ဥပဇ္ဈာယ်နှင့် ရဟန်းလောင်း၏ အမည်များကို သုံးသပ်သော စကား မပါသေးသဖြင့် တိဿ,နာဂ အမည်များကို မမှည့်သော်လည်း အပြစ်မရှိနိုင်ပါ။

သို့သော် ဥပဇ္ဈာယ်ယူမှုစသော ပုဗ္ဗကိစ္စများ၌ပင် အာဝုသော နာဂ စသည်ဖြင့် အာလုပ်ပုဒ်သုံးလိုလျှင်ကား ကြိုတင်၍ အမည်မှည့်ထားရမည် သတိရှိစေ။

## ရဟန်းလောင်းကို အပသို့ ထုတ်ခြင်းကိစ္စ

ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။

ဘုရားလက်ထက်တော်အခါက ရဟန်းလောင်းများကို သံဃာ့အလယ်၌ပင် သင်ပြမှု အနုသာသနကိစ္စပြုကြရာ သံဃာကို ရှက်ခြောက်သဖြင့် မဖြေကြားဝံ့ ရှိနေသောကြောင့် မြတ်စွာဘုရားက-

ဘိက္ခဝေ၊တို့။ ဧကမန္တံ၊ သင့်လျော်ရာ အရပ်၌။ အနုသာသိတ္ဝာ၊သင်ပြပြီး၍။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ အန္တရာယိကေဓမ္မေ၊ အန္တရာယိက-ဓမ္မတို့ကို။ ပုစ္ဆိတုံ၊ မေးစိစစ်ဖို့ရန်။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏ဟု ခွင့်ပြုသတ်မှတ် ပညတ်တော်မူလျက် သင်ပြမှု အနုသာသန ကိစ္စပြုရန် သင့်လျော်သော အရပ်ကို ပြဖို့ရန်-

ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ-ဟု မိန့်တော်မူ၏။ ထို့ကြောင့်-

အာဝုသော ဥပသမ္ပဒါပေက္ခ၊ ငါ့ရှင် ပဉ္စင်းလောင်း၊ ဂစ္ဆ၊ သံဃာ့အလယ်မှာ ငါ့ရှင်ကို သွန်သင်ပြဖို့ရန် မသင့်လျော်သည့် အတွက်ကြောင့် သံဃာ့အပြင်ဘက်သို့ သွားနေချေပါလော့၊ (ဂန္တွာ၊သွားပြီး၍၊) အမုမှိ ဩကာသေ၊သံဃာများစွာ စည်းဝေးရာမှ ဟတ္ထပါသ်လွတ်လောက်ရာ ထို အရပ်၌၊ တိဋ္ဌာဟိ၊ ဆိုင်းရပ်ငံ့ထွေ နေလင့်ပေဦးလော့။ အဟံ၊ ငါသည်၊ တံ၊သင့်ကို၊ အနုသာသိတုံ၊ သွန်သင်ပြသ ဆိုဆုံးမဖို့ရန်၊ အာဂစ္ဆိဿံ၊ သမုတိဥတ် ပြီးဆုံးလတ်သော် ဆတ်ဆတ်မသေ့ လိုက်လာခဲ့ပေအံ့။

အနုသာသကပုဂ္ဂိုလ်က အခြားတဦးဖြစ်လျှင်-အာဂစ္ဆိဿတိ၊ သမုတိ-ဥတ် ပြီးဆုံးလတ်သော် ဆတ်ဆတ်မသေ့ လိုက်လာပေလိမ့်လတ္တံ့ ဟုဆိုပါ။

အပိုမှတ်ဖွယ်။ ။ဟတ္ထပါသ်အရ

(၁) တတောင့်ထွာ ဟတ္ထပါသ်

(၂) နှစ်တောင့်ထွာ ဟတ္ထပါသ်၊

(၃) ဆယ့်နှစ်တောင်ဟတ္ထပါသ်ဟု (၃)မျိုး ရှိသည့်တွင် အမုမှိ ဩကာ-သေအရ တချို့က (၂)တောင့်ထွာ ဟတ္ထပါသ် လွတ်လောက်ရာ အရပ်ဟု ယူဆကြ၏။

တချို့က (၁၂) တောင် ဟတ္ထပါသ် လွတ်လောက်ရာ အရပ်ဟု ယူဆကြ၏။ သံဃာ့အလယ်၌ သင်ပြုမှု ပြုကြသဖြင့် ရှက်ကြောက်ကာ မဖြေကြားဝံ့သည်ကို အကြောင်းပြု၍ ''ကေမန္တ အနုသာသိက္ခာ''ဟု မိန့်ကြားသည်ကို ထောက်လျှင် သံဃာနှင့် ကင်းကင်းရှင်းရှင်း လွတ်လောက်ရာ အရပ်က ပို၍ သင့်လျော်မည်ထင်၏။

ထို့ကြောင့် တချို့က သိမ်ပြင်ဘက် တခုခုရာသို့ သွား၍သော်လည်းကောင်း၊ အခန်းတွင်းဝင်၍သော်လည်းကောင်း သင်ပြုမှု ပြုကြသည်။

## လယ်တီဆရာတော်၏ မိန့်ကြားချက်

''အမုမှိ ဩကာသေ''ဟု သာမညအားဖြင့် ဟောတော်မူပါသော်လည်း သံဃာ့ဥပစာ လွတ်လေအောင် သံဃာမှ (၁၂) တောင်ထက်အလွန်ကွာဝေးသော အရပ်၌ နေလင့်ခြင်းသည် သင့်မြတ်ရာသတည်း။

ဂစ္ဆ-ဟူ၍ဆိုခြင်းကြောင့် သွားလိုရာအရပ်တိုင်အောင် သွားမည်စိုး၍ ''အမုမှိ ဩကာသေ တိဋ္ဌာဟိ''ဟု နေလင့်ရန် အရပ်ဒေသကိုပြ၍ တံ့စားသော စကားရပ် ဖြစ်ပေရကား ''တိဋ္ဌာဟိ''ဖြင့် တည်နေရန်ဖို့ရာသာ ညွှန်ပြသည်။ မက်တတ်ရပ်၍ နေရမည်ကို ဆိုလိုသည်မဟုတ်ပေ။

ဌာ၊ ဌာဓာတ်သည်။ ဂတိနိဝတ္တိယံ၊ လားခြင်းမှ နစ်ခြင်း၌ဖြစ်၏။ ဂတိနိဝတ္တိ၊ဂတိနိဝတ္တိဟူသည်။ ဂမနဿ၊ သွားခြင်းကို။ ဥပစ္ဆေဒေါ၊ ဖြတ်ခြင်းတည်း။

ဟူသောဓာတ်ကျမ်းစကားနှင့်အညီ တိဋ္ဌာဟိ-ဖြင့် သွားခြင်းကိရိယာကိုသာ တားမြစ်သည်။ ထိုင်ခြင်း, လျောင်းခြင်းကိရိယာကို မတားမြစ်ပေ။ ထို့ကြောင့် သင့်တင့်လျောက်ပတ်ရာ အရပ်၌ ရဟန်းလောင်းနှင့် အနုသာသက ရဟန်းတို့နေဖို့ရန် ခင်းကျင်း စီမံထားနှင့်ပြီးသော နေရာသို့ သွားပြီး ချမ်းသာစွာ နေထိုင်၍ သင်ပြခြင်းသည်သာလျှင် နေထိုင်သူတို့လည်း ချမ်းသာသည်၊ မြင်ရသူတို့လည်း ကြည်ညိုဖွယ်ရာရှိသည်၊ ပါဠိတော်နှင့်လည်း သင့်လျော်သည်၊ ၎င်းပြင် သပိတ် ပရိက္ခရာကို လွယ်စေ၍ ထွက်စေရမည်ဟု ကျမ်းဂန်အရိပ် အမြွက်မျှမထင်၊ အကျိုးလည်းမထင်ဟု မိန့်ကြား၏။

(သာသနဝိသောဓနီကျမ်း)

## အနုသာသက သမုတိ ဥတ်ထားခြင်းကိစ္စ

သုဏာတု မေ ဘန္တေသံဃော၊(နာဂေါ) အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (နာဂံ) အနုသာသေယျံ၊

"အတ္တနာဝါ အတ္တာနံ သမ္မန္နိတဗ္ဗံ"ဒေသနာ အရ မိမိအတွက်သမုတ်ပုံ။

တနည်း—

သုဏာတု မေ ဘန္တေ သံဃော၊ (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ ဣတ္ထန္နာမော (နာဂံ) အနုသာသေယျ။

"ပရေနဝါ ပရော သမ္မန္နိတဗ္ဗော" ဒေသနာအရ အခြားသူ တဦး အတွက် သမုတ်ပုံ။

## သံဃာ့ပြင်ပ၌ သင်ပြခြင်းကိစ္စ

ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘကို ရဖို့ရန်၊ သံဃာ့ထံမှောက် ရောက်သောအခါ သံဃာတော် အရှင်မြတ်တို့က ငါ့ရှင်ကို ရဟန်းပြုပေးထိုက်သော အင်္ဂါရပ် ရှိ, မရှိ စစ်ဆေးမေးမြန်းကြလိမ့်မည်။

ဘုရားလက်ထက်တော် အခါက သင်ပြမှုမရှိပဲ စစ်ဆေး မေးမြန်းကြသဖြင့် ရဟန်းလောင်းများ ရှံ့ကြောက်ပြီး မဖြေကြားတတ်သည်ကို အကြောင်း ပြု၍ မြတ်စွာဘုရားက—

ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမံ၊ ရှေးဦးစွာ။ အနုသာသိတွာ၊ ရဟန်း လောင်းကို သင်ကြားပေးပြီး၍၊ ပစ္ဆာ၊ နောက်မှ။ အန္တရာယိကေ ဓမ္မေ၊ အန္တရာယိကဓမ္မတို့ကို။ ပုစ္ဆိတုံ၊ မေးမြန်းခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

ဒီလို မြတ်စွာဘုရား၏ ခွင့်ပြုချက်နှင့် လျော်ညီစွာ ရဟန်းပြုပေးထိုက် သော အင်္ဂါရပ် ရှိ မရှိ စစ်ဆေး မေးမြန်းသောအခါ ရေရေလည်လည် မကြောက်မရွံ့ ရဲဝံ့စွာ ဖြေကြားတတ်အောင် ယခုလို သံဃာ့အပြင်ဘက် မှာ သင်ပြပေးခြင်း ဖြစ်တယ်၊ အစမ်းလေ့ကျင့်ပေးခြင်း ဖြစ်တယ်။

ဒါကြောင့်-

သုဏာသိ နာဂ

နာဂ၊ ပဥ္စင်းလောင်း။ သုဏာသိ၊ အာရုံအများ စိတ်မသွားပဲ ထောင်နားစိုက်လော့။ အယံ၊ ဒုက္ခပွေနှောင် လူတို့ဘောင်မှ ခွာရှောင်ထွက်လှမ်း အထက်တန်း၌ ရဟန်းပြုရန် စိတ်အကြံဖြင့် အမှန်ရောက်လာ ဤချိန်ခါသည် ကား၊ တေ၊ သင်၏။ သစ္စကာလော၊ မသွေမလှန် မယိမ်းချွန်ပဲ အမှန်ကိုသာ လျှောက်ဆိုရမည့် အခါပေတည်း၊ ဘူတကာလော၊ မပိုမယုတ် အတိုချုပ်လျက် အဟုတ်ကိုသာ လျှောက်ဆိုရမည့်အခါပေတည်း၊ ယံ၊ အကြင် ဥပသမ္ပဒ အန္တရာယ်ကိုယ်ဝယ် ရှိ မရှိသဘော ကာရကသံဃာမှာ အပြစ်လွတ် မလွတ်သဘောသည်။ ဇာတံ၊ ရှေးကြောင်းစီမံ ငါ့ရှင်၏သန္တာန်၌ ကေန်ပေါ်၍ နေ၏၊ တံ၊ ထိုရှိရှိသမျှ သဘာဝကို။ သံဃမဇ္ဈေ၊ ပဥ္စင်းခံမှု စည်းဝေးပြုသည့် သမုတိနယ် သံဃာ့အလယ်၌။ လဒ္ဓသမ္မုတိကေ၊ ပုစ္ဆကသမ္မုတိ ရရှိတုံလတ် မထေရ်မြတ်သည်။ ပုစ္ဆန္တေ၊ ရှိ မရှိပြစ်ဘေး သိလိုရေးနှင့် စစ်ဆေးမေးမြန်းလတ်သော်။ သန္တံ၊ မိမိကိုယ်တွင် ထင်ရှားရှိသည်ကို။ အတ္ထိတိဝတ္တဗ္ဗံ၊ အတ္ထိဘန္တေဟူ၍ လျှောက်ထားပါလေ။ အသန္တံ၊ ဥပသမ္ပဒအန္တရာယ် တစိုးတစိ မရှိခဲ့ငြားမူ။ နတ္ထိတိဝတ္တဗ္ဗံ၊ နတ္ထိဘန္တေဟူ၍ လျှောက်ထားပါလေ။ မာခေါ ဝိတ္ထာယိ၊ ကြောက်စိတ်ကွက်၍ ကိုယ်လက်အင်္ဂါ ခိုင်မာမလှုပ် ကျောက်တုရုပ်သို့ ငုတ်တုတ်ထိုင်ငြား မဖြေကြားပဲ မနေပါနှင့်။

ဧဝံ၊ ဤသို့ ဤပုံ ဤဆိုလတ္တံ့သောနည်းဖြင့်။ တံ၊ သင့်ကို။ ပုစ္ဆိဿန္တိ၊ ဝိနည်းထုံးတမ်း တရားလမ်းဖြင့် မေးမြန်း စစ်ဆေးကြကုန်လတ္တံ့။

ကိံ ပုစ္ဆိဿန္တိ၊ အဘယ်သို့စစ်ဆေး မေးမြန်းကြကုန်လတ္တံ့နည်း ဟူမူကား။

သန္တိကေ ဧဝရူပါ အာဗာဓာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပမာရော။

ဘုရားရှင် လက်ထက်တော်အခါက မဂဓတိုင်းမှာ အနာကြီးရောဂါရှိသူ၊ ထွတ်မြင်းအနာ အိုင်းအမာရှိသူ စသော အနာရောဂါသည် တွေဟာ လူ့ဘောင် လူ့ဘဝအနေဖြင့် သမားတော် ဆရာဇီဝကထံ ဆေးကုသခွင့် မရကြသဖြင့် ဆေးကုသခံရန် ရည်သန်ချက်ဖြင့် သဒ္ဓါပဗ္ဗဇိတ မဟုတ်ပဲ သာသနာ့ဘောင် ဝင်ရောက်လာကြသည်၊ ဆရာဇီဝကထံ ဆေးကုသမှု ခံယူပြီး ရောဂါပျောက်တော့ လူထွက်ကုန်ကြသည်။ သာသနာတော်မှာလည်း စက်ဆုပ်ဖွယ်ရာ ရောဂါသည်တွေ ရှိနေသဖြင့် ဆရာဇီဝက လျှောက်ထားမှုကို အကြောင်းပြုပြီး မြတ်စွာဘုရားက-

ဘိက္ခဝေ၊ တို့၊ ပဉ္စဟိ အာဗာဓေဟိ၊ အနာငါးမျိုးတို့သည်၊ ဖုဋ္ဌော၊ တွေ့ထိ နှိပ်စက်အပ်သောသူကို၊ န ပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြုမပေးအပ်၊ ဣတိ၊ ဤသို့၊ ဝစနတော၊ ရောဂါသည်များ အကြောင်းထား၍ ဘုရားမြတ်စွာ စိန္တေယျာသည် မိန့်မှာသတ်မှတ် ပညတ်အပ်သည့် အဖြစ်ကြောင့်–

ဒီလိုမြတ်စွာဘုရား သိက္ခာပုဒ်ပညတ်ထားခြင်းကြောင့် သံဃာတော်အရှင်မြတ်တို့က၊ ငါ့ရှင်ကို–

တေ၊ သင်၏၊ သရီရေ၊ ခန္ဓာကိုယ်၌၊ ဝေရူပါ၊ ဤဆိုအပ်လတ္တံ့သော သဘောရှိကုန်သော၊ အာဗာဓာ၊ အနာဆိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ တေ၊ သင်၏၊ သရီရေ၊ ခန္ဓာကိုယ်၌၊ ကုဋ္ဌံ၊ ကိုယ်ရေပြားရောဂါ နူနာသည်။ အတ္ထိ၊ ရှိသလော။ ဂဏ္ဍော၊ ထွတ်မြင်းအနာ အိုင်းအမာ အသားပို မြင်းဖုအနာသည်။ အတ္ထိ၊ ရှိသလော။ ကိလာသော၊ တင်းတိပ် ပွေး ညှင်း ခရုသင်းနှင့် ဆင်ညှင်းကြီးမျိုး အနာဆိုးသည်။ အတ္ထိ၊ ရှိသလော၊ သောသော၊ တနေ့တခြား သွေးသားဆုတ်ယုတ် ခယရုဂ်ဝေါဟာ ပန်းနာ ရှူနာ မြစ်ခြောက်နာ အဆုတ်ရောဂါ တီဘီနာမျိုးသည်။ အတ္ထိ၊ ရှိသလော။ အပမာရော၊ သတိမေ့မူး ထွန့်ထွန့်လူးရသည့် ဝက်ရူး ကြက်ရူး စသော ရူးနှမ်းသော အနာမျိုးသည်။ အတ္ထိ၊ ရှိသလော။ ဣတိပိ၊ ဤသို့လည်း၊ ပုစ္ဆိယန္တိ၊ မေးမြန်းကုန်လတ္တံ့။ ဝေပုစ္ဆခန္ဓသု၊ ဤသို့ စစ်ဆေးမေးမြန်းခဲ့သော်။ သစေအတ္ထိ၊ အကယ်၍ အနာရောဂါငါးမျိုး ရှိငြားအံ့။ ဝိသတိ၊ ဤသို့ရှိခဲ့သော်။ အတ္ထိဘန္တေတိ ဝတ္တဗ္ဗံ၊ အတ္ထိဘန္တေဟူ၍ လျှောက်ထားပါလေ။ သစေနတ္ထိ၊ အကယ်၍ မရှိခဲ့ငြားအံ့၊ ဝိသတိ၊ ဤသို့မရှိခဲ့သော်။ နတ္ထိဘန္တေတိဝတ္တဗ္ဗံ၊ နတ္ထိဘန္တေ(မရှိပါဘုရား)ဟု လျှောက်ထားပါလေ။

မနုဿောသိ

ဘုရားလက်ထက်က နတ်နဂါးတကောင်သည် မိမိ၏နဂါးဘဝကို ငြီးငွေ့ စိတ်ပျက် ရွံမုန်းလှသဖြင့် နဂါးဘဝမှ ကျွတ်လွတ်ဖို့နှင့် လူ့ဘဝသို့ ရောက်ဖို့အရေးကိုသာ တွေးတောကြံစည်နေ၏၊ ကြံစည်သည့်အတိုင်း လူယောင်ဖန်ဆင်းပြီး ရဟန်းများထံ ချဉ်းကပ်၍ ရဟန်းပြုကာ အဖော်ရဟန်းတပါးနှင့် အတူ အစွန်အဖျား ကျောင်းသေးတကျောင်း၌ နေ၏။

နတ်နဂါးတို့သည် လူယောင်ဖန်ဆင်းနိုင်၏၊ မည်သို့ပင် လူယောင်ဖန်ဆင်းထားသော်လည်း ဇာတ်တူ နဂါးမနှင့် မေထုန်မှီဝဲသော်လည်းကောင်း၊ လွတ်လွတ်လပ်လပ် အိပ်ပျော်သော်လည်းကောင်း၊ ဤအကြောင်း နှစ်မျိုးကြောင့် ပင်ကိုယ်နဂါးပုံသဏ္ဌာန် ပေါ်စမြဲ ဖြစ်၏၊

အတူနေရဟန်းသည် နံနက်စောစောထ၍ စင်္ကြံသွားခိုက် လူယောင်ဖန်ဆင်းထားသော နဂါးလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသဖြင့် တကျောင်းလုံး မြွေနဂါးကိုယ်ဖြင့် ပြည့်နေရုံမက ပြတင်းပေါက်များမှလည်း အခွေကြီးများ ပြူထွက်နေ၏၊ အဖော်ရဟန်း စင်္ကြံသွားရာမှ ပြန်လာသောအခါ မြွေနဂါးကိုယ်ကြီး တွေ့ရှိ၍ လန့်အော်လိုက်တော့မှ နဂါးလည်း နိုး၍ နဂိုအတိုင်း ပြန်၍ ဟန်ဆောင်နေ၏။

အခြားရဟန်းများလည်း အောင်သံကြား၍ လာရောက်မေးမြန်းသောအခါ အဖြစ်မှန်ကို မြတ်စွာဘုရားကို လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက ရဟန်းများကို စည်းဝေးစေပြီး နဂါးကို မိန့်ကြားတော်မူသည်မှာ- နဂါးတို့ဟူသည် အဟိတ်စိတ်ဖြင့် ပဋိသန္ဓေ နေလာသူဖြစ်ခြင်းကြောင့် သာသနာ့ဘောင်၌ ရဟန်း ပြုနေသော်လည်း မဂ်ဖိုလ် အသီးအပွင့် မဖြစ်ထွန်းနိုင်၊ နဂါးဘဝမှာသာ နေ့ဆိုင်လျက် ဥပုသ်သီတင်း စောင့်သုံးခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ်လျှင် သင် ရည်ရွယ်သည့်အတိုင်း နဂါးဘဝမှ ကျွတ်ပြီး လူ့ဘဝသို့ ရောက်နိုင်သည်ဟု မိန့်တော်မူလျက် မြတ်စွာဘုရားက-

ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတော၊ တိရစ္ဆာန် သတ္တဝါမျိုးသည်၊ အနုပသမ္ပန္နော၊ ရဟန်းပဥ္စင်း ဖြစ်ထိုက်သူမဟုတ်။ အနုပသမ္ပန္နတ္တာ၊ ရဟန်းပဥ္စင်း ဖြစ်ထိုက်သူမဟုတ်ခြင်းကြောင့်၊ တိရစ္ဆာနဂတော၊ တိရစ္ဆာန်သတ္တဝါမျိုးကို။ နဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းပြုမပေးအပ်။ ဣတိ၊ ဤသို့။ ဝစနတော၊ နဂါးတကောင် လူယောင်ဆောင်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ဖူးသည်ကို အကြောင်းပြု၍ တိရစ္ဆာန် ပုဂ္ဂိုလ်မျိုးကို ရှင်ရဟန်းပြုမပေးရန် ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဥပဒေဘုတ်ဖော် ပညတ်မိန့်မှာတော်မူအပ်သည်၏ အဖြစ်ကြောင့်-

ဒီလို မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်တော်မူခြင်းကြောင့် သံဃာတော် အရှင်မြတ်တို့က၊ ငါ့ရှင်ကို-

တွံ၊ သင် ငါ့ရှင် ပဥ္စင်းလောင်းသည်။ မနုဿော၊ လူသားစင်စစ်သည်။ အသိ၊ ဟုတ်မှန်ပါ၏လော။

ဒီလို စစ်ဆေး မေးမြန်းတဲ့အခါ ငါ့ရှင်သည် လူစစ် ဟုတ်မှန်ပါက "အာမဘန္တေ" ဟု လျှောက်ထားပါလေ။ လူစစ် မဟုတ်ပါကလည်း "န အမှိဘန္တေ" တပည့်တော် လူစစ် မဟုတ်ပါဘုရားဟု လျှောက်ထားပါလေ။

## ပုရိသောသိ

ဘုရားလက်ထက်တော်အခါက ယောကျ်ားစစ် မဟုတ်သူ နပုံး ပဏ္ဍုက် ဥဘတောဗျည်းများ သာသနာ့ဘောင်ဝင်ပြီး ရှင်ရဟန်း ပြုကြသဖြင့် သာသနာနှင့် မလျော်သော အဖြစ်များ ဖြစ်ခဲပါသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားက-

ဘိက္ခဝေ၊ တို့။ ပဏ္ဍကော၊ ပဏ္ဍုက်သည်။ အနုပသမ္ပန္နော၊ ရဟန်းပဥ္စင်း ဖြစ်ထိုက်သူမဟုတ်။ အနုပသမ္ပန္နတ္တာ၊ ရဟန်းပဥ္စင်း ဖြစ်ထိုက်သူ မဟုတ်ခြင်းကြောင့်။ ပဏ္ဍကော၊ အကုသိုလ်ကံ ကြွင်းအကျန်ကြောင့်၊ ဖောက်ပြန်သော လိင်တည်ဆောက်မှုဖြင့် အဆင့်မမီ ယောကျ်ားမပီသသူကို။ န ဥပသမ္ပာဒေတဗ္ဗော၊ အပ်၊ ဣတိ၊ ဤသို့။ မြတ်စွာဘုရား ဟောကြား မြွက်ဖော် ပညတ်တော်မူအပ်သည်၏ အဖြစ်ကြောင့်–

ဒီလို မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်ထားခြင်းကြောင့် သံဃာတော် အရှင်မြတ်တို့ကလည်း ငါ့ရှင်ကို–

တွံ၊ သင် ငါ့ရှင် ပဥ္စင်းလောင်းသည်၊ ပုရိသော၊ ယောကျ်ား ကေန် စင်စစ်မှန်သည်။ အသိ၊ ဟုတ်မှန်ပါ၏လော။

ဒီလို စစ်ဆေးမေးမြန်းတဲ့အခါ ငါ့ရှင်သည် ယောကျ်ားစစ် ယောကျ်ားမှန် ကေန်ဖြစ်ခဲ့ပါက "အာမ ဘန္တေ" ဟူ၍ လျှောက်ထားပါလေ။ ယောကျ်ားစစ် မဟုတ်ခဲ့ပါကလည်းပဲ "န အမှိ ဘန္တေ" တပည့်တော် ယောကျ်ားစစ် မဟုတ်ပါဘုရားဟု အမှန်အတိုင်း လျှောက်ထားပါလေ။

## ဘုဇိဿောသိ

ဘုရားလက်ထက်တော်အခါက ကျေးပိုင်ကျွန်ပိုင် ခေတ်ဖြစ်တယ်၊ ကျေးကျွန်ဆိုတာ ကိုယ့်ကိုယ်ကို မစိုးပိုင်ဘူး။ အရှင်သခင်ကသာ စိုးပိုင်ပြီး သခင်ရဲ့ ဆန္ဒအတိုင်း နေထိုင်ရတယ်၊ တချို့ ကျေးကျွန်များသည် သခင့်ထံ ခွင့်မ န်ပဲ ရှင်ရဟန်းပြုပြီး နေကြတယ်။

ကျေးပိုင် ကျွန်ပိုင်များသည် သူတို့၏ ကျေးကျွန်များကို ပြန်ခေါ်လိုသော်လည်း လွတ်လပ်စွာ ကျင့်ကြံနိုင်ရန် ရှင်ရဟန်းပြုနေသူများကို အနှောင့်အယှက် မပေးရဟူသော ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ အမိန့်အာဏာကို မလွန်ဆန်ရဲသဖြင့် ရှင်ရဟန်းပြုပေးသူများကို ကဲ့ရဲ့ရှုတ်ချကြ၏၊ ထိုသို့ဖြစ်ရခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားက–

ဘိက္ခဝေ၊ တို့။ ဒါသော၊ ကျေးကျွန်ပုဂ္ဂိုလ်မျိုးကို။ န ပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြုမပေးအပ်။ ဣတိ၊ သို့။ ဝစနတော၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဥပဒေထုတ်ဖော် ပညတ်တော်မူအပ်သည်၏ အဖြစ်ကြောင့်။

ဒီလို မြတ်စွာဘုရားက သိက္ခာပုဒ်ပညတ်ထားခြင်းကြောင့် သံဃာတော်အရှင်သူမြတ်တို့က ငါ့ရှင်ကို—

တွံ၊ သင် ငါ့ရှင် ပဥ္စင်းလောင်းသည်။ ဘုဇိဿော၊ တော်လှန်မင်းစစ် သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ ကျေးကျွန်မဟုတ်သူ မိမိကိုယ်ကို မိမိစိုးပိုင်သူသည်။ အသိ၊ ဟုတ်မှန်ပါ၏လော။

သည်လိုလည်းပဲ စစ်ဆေး မေးမြန်းကြလိမ့်မည်။

အဲဒီလို စစ်ဆေးမေးမြန်းတဲ့အခါ တော်လှန်မင်းစစ် သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ ကျေးကျွန်မဟုတ်သူ မှန်ခဲ့ပါက "အာမဘန္တေ" ဟု လျှောက်ထားပါလေ။

အကယ်၍ ငါ့ရှင် ရဟန်းလောင်းသည် သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ မဟုတ်ပါက၊ "နဇ မှိဘန္တေ" တပည့်တော် သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ မဟုတ်ပါဘုရားဟု လျှောက်ထားပါလေ။

အနဏောသိ

ဘုရားလက်ထက်တော်အခါက ကြွေးရှိသူများသည် ကြွေးမဆပ်နိုင်သဖြင့် ကြွေးမဆပ်ရအောင် ပြေးရှောင်ပြီး ရှင်ရဟန်း ပြုနေကြတယ်။

ကြွေးရှင်များက တွေ့ရှိ၍ ကဲ့ရဲ့ခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားက—

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဏာယိကော၊ ကြွေးမြီရှိသူကို။ န ပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြုမပေးအပ်။ ဣတိ၊ ဤသို့။ ဝစနတော၊ ရဟန်းဖြစ်မှ မြီရှင်ထ၍ ခေါ်ချ ကြွေးတောင်း ဤအကြောင်းကြောင့် ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဥပဒေထုတ်ဖော် ပညတ်တော်မူအပ်သည်၏ အဖြစ်ကြောင့်-

ဒီလို မြတ်စွာဘုရားက သိက္ခာပုဒ် ပညတ်ထားခြင်းကြောင့် သံဃာတော်အရှင်သူမြတ်တို့က၊ ငါ့ရှင်ကို—

တွံ၊ သည်။ အနဏော၊ ကြွေးမြီမတင် သန့်ရှင်းစင်သောသူ, ကြွေးကင်းသောသူသည်။ အသိ၊ ဟုတ်မှန်ပါ၏လော။

ဒီလိုလည်း စစ်ဆေး မေးမြန်းလိမ့်မည်။ အဲဒီလို စစ်ဆေးမေးမြန်းတဲ့အခါ ငါ့ရှင် ရဟန်းလောင်းသည် ကြွေးမြီမတင် သန့်စင်သောသူ ဟုတ်မှန်ခဲ့ပါက "အာမဘန္တေ" ဟု လျှောက်ထားပါလေ။

အကယ်၍ ငါ့ရှင် ရဟန်းလောင်းသည် ကြွေးမြီမတင် သန့်ရှင်းစင်သောသူ မဟုတ်ခဲ့ပါက "န အမှိဘန္တေ" တပည့်တော် ကြွေးမြီမတင် သန့်ရှင်းစင်သောသူ မဟုတ်ပါဘုရားဟု လျှောက်ထားပါလေ။

နသိ ရာဇဘဋော

ဘုရားလက်ထက်က ဗိမ္ဗိသာရမင်းကြီး၏ တပ်မတော်သား ဗိုလ်မှူးများဟာ—

ငါတို့ ဘုရင့် အမှုထမ်းပြီး စစ်တိုက် သတ်ဖြတ်နေရတာ အကုသိုလ်များလှတယ်၊ သာသနာဘောင်ဝင်၍ ရှင်ရဟန်းပြုနေရလျှင် ကုသိုလ်လည်းရ၊ ချမ်းချမ်းသာသာလည်း နေရမှာပဲဟု စဉ်းစားပြီး ဘုရင့်ထံ ခွင့်မပန်ပဲ ရှင်ရဟန်းပြုနေကြတယ်။

တိုင်းပြည်နယ်စပ်၌ ထကြွနေသော သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက်ဖို့ ကြုံကြိုက်လာသောအခါ ကာကွယ်ရေးဌာန အကြီးအကဲ အမတ်ကြီးများက ရှေ့တန်းသို့ တပ်လွှတ်ဖို့ရန် စီမံခဲ့တဲ့ တပ်မတော်သား ဗိုလ်မှူးများ ရှင်ရဟန်းပြုသွားတဲ့အကြောင်း သိရသဖြင့် ဗိမ္ဗိသာရမင်းကြီးထံ သံတော်ဦးတင်ကြတယ်။ ဗိမ္ဗိသာရမင်းကြီးကလည်း ဥပဒေ ပညာရှင် အမတ်ကြီးများနှင့် တိုင်ပင်သောအခါ ဘုရင့်ထံမှ ခွင့်မရသော သူများကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာကို ဦးခေါင်းဖြတ်သင့်ကြောင်း၊ ကမ္မဝါစာဆရာ၏ လျှာကို ထုတ်နုတ်ဖြတ်လှီးသင့်ကြောင်း၊ ကာရက သံဃာတော်များကို နံရိုးချိုးပစ်သင့်ကြောင်း ဥပဒေပညာရှင် အမတ်ကြီးများက အကြံပြုတင်ပြကြ၏။ အရိယာသာဝကဖြစ်သော ဗိမ္ဗိသာရ မင်းကြီးသည် သံဝေဂဖြစ်ပြီး မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား ဘုရင့်ထံမှ ခွင့်မရသော မင်းအမှုထမ်းများကို ရှင်ရဟန်း ပြုပေးသောကိစ္စသည် ဗုဒ္ဓဘာသာဝင် ဘုရင်များလက်ထက်မှာ ဖြစ်လျှင် ကိစ္စမရှိ မထေင်းတာလှသော်လည်း သာသနာတော်ကို မကြည်ညိုသူ ဘုရင်များလက်ထက်အခါမှာ ဖြစ်လျှင် သာသနာအတွက် ဘေးရန်များလှပါသည်ဘုရား။

ဒါကြောင့်မို့လို့ ဘုရင်ထံမှ ခွင့်မရသော မင်းအမှုထမ်းများကို ရှင်ရဟန်း ပြုမပေးပါရန် လျှောက်ထား တောင်းပန်လေ၏၊ ထိုတောင်းပန်ချက်ကို အရင်းပြုပြီး မြတ်စွာဘုရားက—

ဘိက္ခဝေ၊ တို့။ ရာဇဘဋ္ဌော၊ မင်း၏ ရိက္ခာ လခစာကိုယူကာသုံးစား မင်းခစားယောကျ်ား မင်းအမှုထမ်းများကို။ န ပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်း ပြုမပေးအပ်။ဣတိ၊ ဤသို့။ ဝစနတော၊ မြတ်စွာဘုရားသည် ဥပဒေထုတ် ဖော်ပညတ်တော်မူအပ်သည်၏ အဖြစ်ကြောင့်—

ဒီလို မြတ်စွာဘုရားက သိက္ခာပုဒ်ပညတ်ထားခြင်းကြောင့် သံဃာတော် အရှင်သူမြတ်တို့ကလည်း ငါ့ရှင်ကို—

တွံ၊ သင်သည်။ ရာဇဘဋ္ဌော၊ မင်းခစားယောကျ်ား မင်းမှုထမ်းသည် န အသိ၊ မဖြစ်ပဲ ရှိပါသလော။

ဒီလိုလဲ စစ်ဆေးမေးမြန်းကြလိမ့်မည်၊ အဲဒီလို စစ်ဆေးမေးမြန်းတဲ့ အခါ ငါ့ရှင်သည် မင်းမှုထမ်း ယောကျ်ား မဟုတ်က "အာမဘန္တေ" ဟု လျှောက်ထားပါလေ၊

အစိုးရ လခစား အမှုထမ်းဖြစ်နေသော်လည်း ခွင့်ရထားသူဖြစ်က မင်းမှု ထမ်း မဟုတ်တော့။

အကယ်၍ မင်းခစား ယောကျ်ားဖြစ်သူ ခွင့်မရသူဆိုလျှင်တော့ "နအမှိ ဘန္တေ" မင်းခစားယောကျ်ား မင်းမှုထမ်းဖြစ်နေပါသည်ဘုရားဟု လျှောက် ထားပါလေ။

အနုညာတောသိ မာတာပိတူဟိ

ဘုရားလက်ထက်က မြတ်စွာဘုရား၏ညီတော် နန္ဒမင်းသားနှင့် သား တော် ရာဟုလာတို့ကို မြတ်စွာဘုရားက သူ့ဆန္ဒအတိုင်း ရှင်ရဟန်းပြုပေး လိုက်သောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက စိတ်ဆင်းရဲခြင်း များ စွာဖြင့် မြတ်စွာဘုရားကို လျှောက်ထားတယ်၊ သားသမီးများအပေါ် မှာ မိဘတို့၏ ထားရှိအပ်သော စေတနာသည် အရေပါးကို ဖောက်ထွင်း ၍ ရိုးတွင်းချဉ်ဆီသို့ တိုင်အောင် တည်ပါသည်ဘုရား။

တပည့်တော်လို အရိယာဖြစ်နေသော ဥပါသကာရင့်မကြီးတောင် သား သမီး မြေး မြစ်များနှင့် ခွဲရသော "ပိယေဟိဝိပ္ပယောဂဒုက္ခ" သည်းအူ လှိုက်မျှ ခံစားရပါကုန်သေး၏၊

အခြားသူများမှာဆိုလျှင် ပြောဆိုဖွယ်ရာ ရှိတော့မည် မဟုတ်ပါဘုရား၊ သို့အတွက်ကြောင့် အရှင်ဘုရားတို့သည် မိဘတို့၏ ကျေကျေနပ်နပ် ခွင့်ပြု ချက် မရှိသော သားသမီးများကို ရှင်ရဟန်းပြုမပေးပါရန် တောင်းပန်ပါ

သည်ဘုရား–ဟူသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ လျှောက်ထား တောင်းပန်ချက်ကို အချင်းပြု၍ မြတ်စွာဘုရားက–

ဘိက္ခဝေ၊ တို့။ မာတာပိတူဟိ၊ မိခင် ဖခင် ကျေးဇူးရှင်တို့က။ အန– နုညာတော၊ ကျေကျေနပ်နပ် အနူးအညွတ် ခွင့်မလွှတ်အပ်သော၊ ပုတ္တော၊ သားသမီးကို။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်း ပြုမပေးအပ်။ ယောတို၊ ဤသို့ ဝစနတော၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဥပဒေထုတ်ဖော် ပညတ်တော်မူ အပ်သည်၏ အဖြစ်ကြောင့်–

ဒီလို မြတ်စွာဘုရားက သိက္ခာပုဒ်ပညတ်ထားခြင်းကြောင့် သံဃာတော် အရှင်သူမြတ်တို့က ငါ့ရှင်ကို–

တွံ၊ သင်ငါ့ရှင်ပဉ္စင်းလောင်းသည်၊ (ငါ့ရှင်ပဉ္စင်းလောင်းကို) မာတာ· ပိတူဟိ၊ မိခင်·ဖခင်ကျေးဇူးရှင်တို့သည် (ကျေးဇူးရှင်တို့က) အနုညာတော၊ ကျေကျေနပ်နပ် အနူးအညွတ် ခွင့်လွှတ်အပ်သူသည်။ အသိ၊ ဟုတ်မှန်ပါ၏ လော။

ဒီလိုလဲပဲ စစ်ဆေး မေးမြန်းလိမ့်မည်။

အဲဒီလို စစ်ဆေးမေးမြန်းသောအခါ ငါ့ရှင်သည် မိခင်·ဖခင်ကျေးဇူးရှင် တို့က အနူးအညွတ် ခွင့်လွှတ်အပ်သူ မှန်ပါက "အာမဘန္တေ"–ဟု လျှောက် ထားပါလေ။

မိခင်·ဖခင် ကျေးဇူးရှင်တို့က ကျေကျေနပ်နပ် ခွင့်လွှတ်အပ်သူ မဟုတ်ခဲ့ ပါက "နအမှိဘန္တေ" မိဘတို့က ခွင့်လွှတ်အပ်သူ မဟုတ်ပါဘုရား ဟု လျှောက်ထားပါလေ။

နောက်ပြီး–

**ပရိပုဏ္ဏဝီသတိ ဝဿောသိ**

ဟူ၍လည်း မေးမြန်းလိမ့်မည်။

ဘုရားလက်ထက်အခါက သတ္တရသဝဂ္ဂီတွင် အပါအဝင်ဖြစ်သော ဥပါလိ သူငယ်၏ မိဘများသည် သူတို့၏ သားကလေး ဥပါလိ မပင်မပန်း ချမ်းသာစွာ အသက်မွေးနိုင်ရေးအတွက် တွေး၍ ပူပန်နေကြ၏။ စာရေး စာပတ်သင်ခိုင်းပြန်လျှင်လည်း သားကလေး၏ လက်ချောင်းများ ဒုက္ခ ရောက်မှာ စိုးရိမ်ကြ၏၊ ဂဏန်းသင်္ချာအတတ် ဆိုပြန်ကလည်း တွေးတော

ကြံစည်ရသဖြင့် စိတ်ဆင်းရဲရသော အလုပ်ဟု ထင်နေကြ၏၊ ရှောန်းထိမ်သည် အဘတ်သင်ခိုင်းပြန်ယင်လည်း အသပြာ ရွှေငွေများကို လှည့်ပတ်ကာကြည့်ရှုရသဖြင့် မျက်လုံးများ ညောင်းညာ ပင်ပန်းလိမ့်မည်ဟု ယူဆပြီးခွင့်မပြုလိုကြ၊ ရဟန်းပြုခြင်းသည်သာ မပင်မပန်း အချမ်းသာဆုံးဟု ယူဆပြီးသားကလေး ဥပါလိ ရဟန်းပြုဖို့ရန်အတွက် တိုက်တွန်းကြ၏။ ဥပါလိသူငယ်ကလည်း မိဘတို့၏ ဆန္ဒကို လိုက်လျောပြီး သူ့ သူငယ်ချင်းများနှင့်တကွ ၁၇-ယောက် စုပေါင်းပြီး ရဟန်းပြုကြသဖြင့် သာသနာတော်၌သတ္တရသဝဂ္ဂီ ရဟန်းငယ်များဟူ၍ ထင်ရှား၏။ အသက် ၂၀ မပြည့်သူကလေးသူငယ်များ ဖြစ်ကြသဖြင့် ဆာလောင်မွတ်သိပ်မှုကိုသည်းမခံနိုင်ပဲနံနက်စောစော ထကာ ထမင်းပေးပါ၊ ဟင်းပေးပါဟု တစာစာ တောင်းသူကတောင်းကြ၏၊ တချို့လည်း အိပ်ရာထဲတွင် ကျင်ငယ်စွန့်သဖြင့် အိပ်ရာနေရာများ မသန့်မရှင်း ဖြစ်ကုန်၏၊ ထိုအကြောင်းကို အရှင်းပြု၍ မြတ်စွာဘုရားက-

ဘိက္ခဝေ၊ တို့၊ ဦနဝီသတိဝဿော၊ အသက် ၂၀ မပြည့်ကြွယ်သည့်လူမမယ် ကလေးများကို၊ နဥပသမ္ပာဒေသဗ္ဗော၊ ရဟန်းမခံပေးအပ်၊ ဣတိ၊ သို့၊ ဝစနတော၊ အသက် ၂၀ မပြည့်ကြွယ်သည့် လူမမယ် သတ္တရသဝဂ္ဂီကလေးများကို ရဟန်းပြုပေးမိသဖြင့် အတော်မခံ အချိန်မတန်ပဲ တစာစာတောင်းခြင်းကို အရင်းပြုလျက် ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဥပဒေထုတ်ဖော် ပညတ်တော်မူအပ်သည့် အဖြစ်ကြောင့်-

ဒီလို မြတ်စွာဘုရားသိက္ခာပုဒ် ပညတ်တော်ထားခြင်းကြောင့် သံဃာတော်အရှင်မြတ်တို့ကလည်း ငါ့ရှင်ကို-

တွံ၊ သင်သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ ပဋိသန္ဓေ တည်နေသည်မှယနေ့ကျအောင် အသက် ၂၀ ပြည့်ဖြိုးကြွယ်သော သူသည်။ အသိ။ဟုတ်မှန်ပါ၏ လော၊

ဒီလိုလဲပဲ စစ်ဆေး မေးမြန်းကြလိမ့်မည်။ အဲဒီလို စစ်ဆေး မေးမြန်းတဲ့အခါ ငါ့ရှင်သည် ပဋိသန္ဓေနှင့်တကွ အသက် ၂၀ ပြည့်ဖြိုးကြွယ်သောသူဟုတ်မှန်ပါက "အာမဘန္တေ"-ဟု လျှောက်ထားပါလေ၊ အသက် ၂၀-မပြည့်သေးပါကလည်း "နအမှိဘန္တေ" အသက် ၂၀-ပြည့်သူ မဟုတ်ပါဘုရား-ဟု လျှောက်ထားပါလေ။

နောက်ပြီးတော့—

**ပရိပုဏ္ဏံ တေ ပတ္တစီဝရံ**

ဟူ၍လည်း စစ်ဆေးမေးမြန်းလိမ့်မည်။

ဘုရားလက်ထက်အခါက ကိုယ်ပိုင်သပိတ်သင်္ကန်း မရှိသူများ သူတပါးထံမှ သပိတ်သင်္ကန်း ခေတ္တခဏ ငှားရမ်းပြီး ရဟန်းခံကြတယ်၊ ရဟန်းခံပြီးသောအခါ သပိတ် သင်္ကန်းပိုင်ရှင်များက သပိတ် သင်္ကန်း ပြန်ယူသွားကြသော ကြောင့် တက္ကတွန်းများကဲ့သို့ သင်္ကန်းမပါ ဗလာကိုယ်တည်း လက်ချည်း ဖြင့်သာ ဆွမ်းခံဝင်ကြသဖြင့် လူအများ ကဲ့ရဲ့သည်ကို အကြောင်းပြု၍ မြတ်စွာဘုရားက—

ဘိက္ခဝေ၊ တို့၊ အပတ္တစီဝရကော၊ ကိုယ်ပိုင် သပိတ် သင်္ကန်းမရှိသူများ ကို။ နဉပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံမပေးအပ်။ ဣတိ၊ သို့။ ဝစနတော၊ သပိတ် သင်္ကန်း မရှိ နွမ်း၍ ပင်ပန်းရှားပါး ပုဂ္ဂိုလ်များကို ရဟန်းပြု ပေးမိသဖြင့် သပိတ် သင်္ကန်းမပါ ဗလာကိုယ်တည်း လက်ချည်းသာလျှင် ဆွမ်းခံဝင်သဖြင့် လူမြင်မကောင်း အကြောင်းမလျော် ဝတ္ထုပေါ်၍ ဗုဒ္ဓ မြတ်စွာ စိန္တေယျာသည် ဥပဒေထုတ်ဖော် ပညတ်တော်မူအပ်သည်၏ အဖြစ် ကြောင့်—

ဒီလို မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်ထားခြင်းကြောင့် သံဃာတော် အရှင်သူမြတ်တို့ကလည်း ငါ့ရှင်ကို–

တေ၊ သင့်အား။(သင့်မှာ) ပတ္တစီဝရံ၊ သပိတ်တလုံး သုံးထည်သော သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ရှေးကဲ့အဟုန် ပေးခိုက်ကြုံသဖြင့် ပြည့်စုံလုံလောက် ပြီလော။

ဒီလိုလဲပဲ စစ်ဆေးမေးမြန်းလိမ့်မည်၊ အဲဒီလို စစ်ဆေးမေးမြန်းတဲ့ အခါ ငါ့ရှင်၏ ရဟန်းဒါယကာ ဦး........ ၊ ရဟန်းအမ ဒေါ်........ တို့က ပရိက္ခရာ(၈)ပါးကို လှူဒါန်းထားခြင်းကြောင့် ငါ့ရှင်ပိုင် သပိတ်သင်္ကန်းများ ကိုလည်း ပြောကြားခဲ့ပြီးပြီ၊ ဒါကြောင့်မို့လို့ သပိတ် သင်္ကန်း ပြည့်စုံပြီ လားလို့ မေးမြန်းသောအခါ ''အာမဘန္တေ''ဟု လျှောက်ထားပါလေ။

နောက်ပြီးတော့—

**ကိံနာမောသိ**

ဟု ငါ့ရှင်၏ အမည်ကိုလည်း စစ်ဆေးမေးမြန်းလိမ့်မည်၊

ကမ္မဝါစာ၌ ရွတ်ဖတ်သောအခါ ကိုယ်ပိုင်အမည်ဖြင့် ရွတ်ဖတ်ရ၏။

ထို့ကြောင့် ငါ့ရှင်ကို—

တွံ၊ သင်သည်။ ကိံနာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ဖြစ်သနည်း။

ဒီလိုလဲပဲ့ စစ်ဆေး မေးမြန်းလိမ့်မည်။ အဲဒီလို စစ်ဆေးမေးမြန်းသော အခါ (ကမ္မဝါစာတ် ရွတ်ဖတ်၍လွှယ်ကူစေခြင်းအကျိုးငှါငါ့ရှင်၏အမည်ကို "နာဂ"ဟူ၍ မှည့်ခဲ့တဲ့အတိုင်း "အဟံ ဘန္တေ နာဂေါ နာမ"တပည့်တော် နာဂမည်ပါသည်ဘုရားဟု လျှောက်ထားပါလေ။

နောက်ပြီးတော့—

ကော၊ သင်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီး အပြစ်ငယ် အသုံယ်သွယ်ကို ကပ်၍ ကြည့်ရှု ဆုံးမတော်မူမည့် ဥပဇ္ဈာယ် ဆရာကော်ဖြတ်သည်။ ကော နာမော၊ အဘယ်အမည် ရှေ့ဘွဲ့တော်ချီသနည်း။

ဒီလိုလဲပဲ စစ်ဆေးမေးမြန်းလိမ့်မည်။ အဲဒီလို စစ်ဆေး မေးမြန်းတဲ့အခါ စောစောပိုင်းက "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"ဟု ဥပဇ္ဈာယ်ယူခဲ့ တဲ့(.... .... ....)ဆရာတော်ဘုရားကြီးဟာ ငါ့ရှင် ဥပဇ္ဈာယ်ဆရာ ဖြစ်တယ်။ ကမ္မဝါစာတ် ရွတ်ဖတ်၍ လွယ်ကူစေရန် "တိဿ" ဟူ၍ အမည်မှည့်ခဲ့သော ဆရာတော်ဘုရားကြီးကိုပင် "ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ"ဟု လျှောက်ထားပါလေ။

အာဝုသော ဥပသမ္ပဒါပေက္ခ၊ ငါ့ရှင် ပဉ္စင်းလောင်း။ ဧဝံ၊ဤသို့ ဤပုံ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တံ၊သင့်ကို။ ပုစ္ဆိဿန္တိ၊ ဝိနည်းထုံးတမ်းတရား လမ်းဖြင့် မေးမြန်းစစ်ဆေးကြကုန်လိမ့်လတ္တံ့။

ဧဝံ၊ ဤသို့စစ်ဆေးမေးမြန်းခဲ့သော်။ဧဝ မေဝ၊ ယခုသင်ပြခဲ့သည့် အတိုင်း သာလျှင်။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။ လျှောက်ထားပါလေ။

## နိဂုံး

အာဝုသော ဥပသမ္ပဒါပေက္ခ၊ ငါ့ရှင်ပဉ္စင်းလောင်း။ မယာ၊ သည်။ တယာ၊ သင်နှင့်။ သဟ၊ အတူတကွ။ သံဃမဇ္ဈံ၊ သံဃာ့အလယ်သို့။ နဂန္တဗ္ဗံ၊ ပြန်မသွားကောင်းခဲ့။တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ဣဓေဝ၊ ယခုရပ်တည်ရာအရပ်၌သာလျှင်။ တိဋ္ဌာဟိ၊ ဩသာရဏာစတ် ပြီးဆုံးလတီ အောင် ဆိုင်းရပ်ငံ့တွေ နေရစ်ခဲ့ပေဦးလော့။

အာမန္တိတောဝယေ၀၊ ဩသာရဏာဉတ် မိန့်တော်မြတ်ဖြင့် ဆင့်ခေါ်လတ်သော်သာလျှင်။ အာဂစ္ဆာဟိ၊ လက်သည်အပေါင်း လက်ဆယ်ချောင်းကို ဦးခေါင်းတင်ကာ လာခဲ့ရမည်။

ထို့နောင် အနုသာသက ပုဂ္ဂိုလ်က ရှေးဦးစွာ သွား၍ ဩသာရဏာဉတ် ရွတ်ဖတ်ပြီး "လာခဲ့လော့" ဟု ရဟန်းလောင်းကို ခေါ်ရမည်။

ဩသာရဏာဉတ်

သုဏာတု မေ ဘန္တေ သံဃော နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော အနုသိဋ္ဌော သော မယာ ယဒိ သံဃဿ ပတ္တကလ္လံ နာဂေါ အာဂစ္ဆေယျ။

(အာဂစ္ဆာဟိတိဝတ္တဗ္ဗော—ဝါကျကား လာခဲ့လော့ဟု ခေါ်ပုံ အစီအရင်ကိုပြသော ဝါကျတည်း။ ဉတ်၌ မပါဝင်ဟုမှတ်။

ရဟန်းလောင်းကို သံဃာ့အလယ်သို့ သွင်းပြီးသော အခါ "ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ" ဟု မိန့်ဆိုထားသောကြောင့် အောက်ပါအတိုင်း ဆို၍ ရှိခိုးစေပါ။)

ရှိခိုးကန်တော့ပုံ

သံဃာတော် အရှင်သူမြတ်တို့ဘုရား ဘုရားတပည့်တော်သည် ဤသိမ် အပြင်၌တည်သော သံဃာတော်အပေါင်း၏ ခြေတော်အစုံကို ရိုသေစွာရှိခိုး ပါ၏ ဘုရား။

နှစ်ကြိမ်မြောက် ရိုသေစွာ ရှိခိုးပါ၏ ဘုရား၊

သုံးကြိမ်မြောက် ရိုသေစွာ ရှိခိုးပါ၏ ဘုရား။

ထို့နောက် "ဥက္ကုဋိကံ နိသီဒါပေတွာ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ ဥပသမ္ပဒံ ယာစာပေတွာ" ဟူသော ညွှန်ကြားချက်အရ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီစေပြီး ရဟန်းအဖြစ် တောင်းစေရမည်။

ဘုရားလက်ထက်က ရဟန်းတပါးသည် ရဟန်းခံပြီးနောက် ရဟန်းသိက္ခာများကို မလိုက်နာပဲ ထင်သလိုနေ၏။ အခြားရဟန်းများက ပြောဆိုဆုံးမသောအခါ နဂိုက သူသည် ရဟန်းပြုလိုစိတ် မရှိခဲ့၊ ရဟန်းပြုလိုကြောင်း တောင်းပန်မှု မရှိပဲ အရှင်ဘုရားတို့က ရဟန်းပြုပေးလို့သာ ရဟန်းဖြစ်လာရသည်ဟု ဆင်ခြေပေးသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားက—

ဘိက္ခဝေ၊ တို့။ အယာစိတေန၊ ရဟန်းပြုလိုကြောင်း တောင်းပန်မှု မရှိပဲ။ န ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံမပေးအပ်။

ဒီလို မြတ်စွာဘုရား မိန့်ကြားချက်နှင့်အညီ ငါ့ရှင်သည် ရဟန်းပြုလို သည်နှင့် လျော်ညီစွာ ရဟန်းပြုလိုကြောင်း လျှောက်ထားတောင်းပန် ပါလေ။

## ရဟန်းဖြစ်လိုကြောင်း တောင်းပန်ပုံ

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဒုတိယမ္ပိ သံဃံ ဘန္တေ ဥပသမ္ပဒံ (ပ) ဥပါဒါယ။

တတိယမ္ပိ သံဃံ ဘန္တေ ဥပသမ္ပဒံ (ပ) ဥပါဒါယ။

**အနက်**-

ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ တပည့်တော်သည်။ သံဃံ၊ သံဃာ တော်ကို။ ဥပသမ္ပဒံ၊ ရဟန်းပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ လျှောက်ထား တောင်းပန်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက် နောက်ထပ်ဘဖန်လည်း။ ဥပသမ္ပဒံ၊ ရဟန်း ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ လျှောက်ထားတောင်းပန်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက် နောက်ထပ်တဖန်လည်း။ ဥပသမ္ပဒံ၊ ကို။ ယာစာမိ၊ ပါ၏။ ဘန္တေ၊ တို့။ သံဃော၊ သံဃာတော်သည်။ မံ၊ တပည့် တော်ကို။ အနုကမ္ပံ၊ သနားစောင့်ရှောက် ချီးမြှောက် ကယ်မခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊ အကုသိုလ်နယ်ပယ်မှ ထုတ်ဆယ် ကယ်တင်၍ ကုသိုလ်နယ်ပယ်၌ တည်စေတော်မူပါလော့။

အကုသလာ ဝုဋ္ဌာပေတွာ ကုသလေ ပတိဋ္ဌာပေတု။ (အဋ္ဌကထာ)

**တနည်း**-

ဥလ္လုမ္ပတု၊ သာမဏေအဖြစ်မှ ထုတ်ဆယ်ကယ်တင်၍ ရဟန်းပဉ္စင်း အဖြစ်၌ တည်စေတော်မူပါလော့။

သာမဏေရ ဘာဝါ ဝါ ဥဒ္ဓရိတွာ ဘိက္ခုဘာဝေ ပတိဋ္ဌာပေတု။ (ဋ္ဌ)

**တနည်း**-

ဥလ္လုမ္ပတု၊ သံသရာတည်းဟူသော ရေအယဉ်မှ ထုတ်ဆယ်ကယ်တင်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်စေတော်မူပါလော့။

ဥလု–သဒ္ဒါပြု ပဒ ပါဝေတ်-အာ–ပစ္စည်း တဝိဘတ်၊ ဥလု သဒ္ဒါ ရေဟော၊ ရေအယဉ်မှ စောင့်ရှောက်ကယ်တင်ခြင်းဟူလို၊

(မဟာဝါ စလင်း ဂဏ္ဍိ)

**ပုစ္ဆကသမ္မုတိဥတ်**

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

**မေးစိစစ်ခြင်း–**

**သုဏာသိ ဥပသမ္ပဒါပေက္ခ၊**

ဥပသမ္ပဒါပေက္ခ၊ ငါ့ရှင်ပဉ္စင်းလောင်း၊ သုဏာသိ၊ အာရုံအများ စိတ်မသွားပဲ ထောင်နားစိုက်လော့။

အယံ၊ သည်ကား။ သစ္စကာလော၊ ပေတည်း၊ ဘူတကာလော၊ ပေတည်း။

ယံ၊ အကြင်သည်၊ ဇာတံ၊ နေ၏၊ တံ၊ ကို၊ ပုစ္ဆာမိ၊ ပါ၏။ သန္တံ၊ ကို။ အတ္ထိတိဝတ္တဗ္ဗံ၊ ပါလေ။ အသန္တံ၊ ငြားအံ့။ နတ္ထိတိဝတ္တဗ္ဗံ၊ ပါလေ။

တေ၊ သင်၏။ သရီရေ၊ ခန္ဓာကိုယ်၌၊ ဝေရူပါ၊ ဤသို့ဆိုအပ်လတ္တံ့သော သဘောရှိကုန်သော၊ အာဗာဓာ၊ အနာဆိုးတို့သည်၊ သန္တိ၊ ရှိကုန်သလော။ (မရပ်ပဲဆက်မေးရန်) ကုဋ္ဌံ၊ ငါ့ရှင်၏ခန္ဓာကိုယ်မှာ ကိုယ်ရေပြားရောဂါ နူနာရှိသလော၊

နတ္ထိဘန္တေ

ဂဏ္ဍော၊ ငါ့ရှင်၏ ခန္ဓာကိုယ်မှာ ထွတ်မြင်းအနာ အိုင်းအမာ အသားပို မြင်းဖုံ အနာမျိုးရှိသလော။

နတ္ထိဘန္တေ

ကိလာသော၊ ငါ့ရှင်၏ ခန္ဓာကိုယ်မှာ တင်းတိပ် ပွေး ညှင်း ခရုသင်းနှင့် ဆင်ညှင်းကြီးမျိုး အနာဆိုးရှိသလော။

နတ္ထိဘန္တေ

သောသော၊ ငါ့ရှင်၏ ခန္ဓာကိုယ်မှာ တနေ့တခြား သွေးသားဆုတ်ယုတ် ခယရုဂ်ဝေါဟာ ပန်းနာရှူနာ မြစ်ခြောက်နာ ရောဂါ တီဘီနာမျိုးရှိသလော။

နတ္ထိဘန္တေ

အပမာရော၊ ငါ့ရှင်၏ကိုယ်မှာ သတိမေ့မူး ထွန့်ထွန့်လူးရသည့် ဝက်ရူးကြက်ရူး စသော ရူးနှမ်းသော အနာမျိုးရှိသလော။

နတ္ထိဘန္တေ

ဤမှ နောက်မေးခွန်းများ အာမဘန္တေ ဟု ဖြေပါလေ။

မနုဿောသိ

အာဝုသော ဥပသမ္ပဒါပေက္ခ၊ လောင်း၊ တို့၊ သင်သည်၊ မနုဿော၊ လူသားစင်စစ်သည်၊ အသိ၊ ဟုတ်မှန်ပါ၏လော၊

အာမဘန္တေ၊

ပုရိသောသိ

တို့၊ သင်သည်၊ ပုရိသော၊ ယောကျာ်းစင်စစ်သည်၊ အသိ၊ ဟုတ်မှန်ပါ၏လော။

ဘုဇိဿောသိ

တို့၊ သင်သည်။ ဘုဇိဿော၊ တော်လှန်မင်းစစ် သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ ကျေးကျွန်မဟုတ်သူ မိမိကိုယ်ကို စိုးပိုင်သူသည်၊ အသိ၊ ဟုတ်မှန်ပါ၏လော၊

အာမဘန္တေ၊

အနဏောသိ

တို့၊ သင်သည်၊ အနဏော၊ ကြွေးမြီမတင် သန့်ရှင်းစင်သော့သူ ကြွေးကင်းသောသူသည်၊ အသိ၊ ဟုတ်မှန်ပါ၏လော။

အာမဘန္တေ၊

နသိရာဇဘဋ္ဌော

တွံ၊ သင်သည်။ ရာဇဘဋ္ဌော၊ မင်းစား ယောကျ်ား မင်းမှုထမ်းသည်။ န အသိ၊ မဖြစ်ပဲ ရှိပါသလော။ (မင်းခစား ယောကျ်ား မင်းမှုထမ်းမဟုတ်သူ မှန်ပါသလော။)

အာမဘန္တေ၊

အနုညာတောသိ မာတာပိတူဟိ

တွံ၊ သင်သည် (သင့်ကို)။ မာတာပိတူဟိ၊ တို့သည် (တို့က)။ အနုညာတော၊ ရဟန်းပြုဖို့ရန် ကျေကျေနပ်နပ် အနုးအညွတ် ခွင့်လွှတ်အပ်သည်။ အသိ၊ ဟုတ်မှန်ပါ၏လော။

အာမဘန္တေ၊

ပရိပုဏ္ဏဝီသတိဝဿောသိ

တွံ၊ သင်သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ ပဋိသန္ဓေ တည်နေသည်မှ ယနေ့ကျအောင် အသက်နှစ်ဆယ် ပြည့်ဖိုးကြွယ်သောသူသည်။ အသိ၊ ဟုတ်မှန်ပါ၏လော။

အာမဘန္တေ၊

ပရိပုဏ္ဏံ တေ ပတ္တ စီဝရံ

တေ၊ သင့်အား (သင့်မှာ)။ ပတ္တစီဝရံ၊ သပိတ်တလုံး သုံးထည်သောသင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံလုံလောက်ပြီလော။

အာမဘန္တေ၊

ကိံ နာမောသိ

တွံ၊ သင်သည်။ ကိံ နာမော၊ အဘယ်အမည်ရှိသူသည်။ အသိ၊ ဖြစ်သနည်း။

အဟံ ဘန္တေ နာဂေါနာမ၊ တပည့်တော် နာဂမည်ပါသည် ဘုရား။

ကော နာမော တေ ဥပဇ္ဈာယော

တေ၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာမြတ်သည်။ ကောနာမော၊ အဘယ်နာမည် ရှိဘွဲ့တော်ချီသနည်း။

ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ၊
တပည့်တော်၏ ဥပဇ္ဈာယ် ဆရာတော်သည် အရှင်တိဿထေရ်မည်ပါသည် ဘုရား။

မှတ်ချက်

သင်ပြခန်း မေးစစ်ခန်းတို့၌ "သုဏာတုမေ သိနာဂ" ဟူသောပါဌ် အရာ၌ အချို့သော ဆရာတို့က ဝတ္တမာန်ဝိဘတ်သည် အာဏတ္တိအနက်မှာ မသက်နိုင်၊ ထို့ကြောင့် "သုဏာတိ" ဟူသော ဝတ္တမာန်ဝိဘတ်ဖြင့် ပါဌ်မသင့်၊ ပဥ္စမီ ဝိဘတ်ဖြင့် သုဏာတုပါဌ်သာသင့်၏ဟု ဆုံးဖြတ်ပြောဆိုကြ၏။

သို့သော် ပါဠိတော်မူ အစောင်စောင်နှင့် ကမ္မဝါစာမူ (အစောင်စောင် တို့၌) သုဏာတိဟူ၍သာ ရှိနေကြသည်။ ဆရာတော် ဦးဖုဒ်၏ ခုဒ္ဒသိက္ခာ နိဿယ ဒေသနာကြားခန်း၌.... ပဿသိ အာဝုသော တာအာပတ္တိယော ပါဌ်အရာဝယ် ပဥ္စမီအတ္ထနေဘာပုဒ် ဿုဝိဘတ်ဖြင့် ပဿသုမှ ပဿသိဖြစ်လာပုံ သတ္တမီ ဧယျာသိဝိဘတ်ဖြင့် ပဿေယျာသိမှ ပဿသိဖြစ်လာပုံ ဆုံးဖြတ်ထား သည်ကိုလည်း ရှုလေဦး။

## ရဟန်းဖြစ်ချိန် ပြောကြားခြင်း ကိစ္စ

တာဝဒေဝ ဆာယာ မေတဗ္ဗာ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊
ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော သင်္ဂီတိ အာစိက္ခိတဗ္ဗာ။

ကြီးသူ ငယ်သူ ခွဲခြားရာ၌ လူ့လောကမှာ အသက်အားဖြင့် ခွဲခြားလေ့ ရှိ၏။ သာသနာတော်၌ကား သိက္ခာဝါအားဖြင့် ခွဲခြားရသည်။ ရဟန်းခံ သော အခါ တတိယ ကမ္မဝါစာအဆုံး "သော ဘာသေယျ" ပြီးလျှင် ရဟန်းဖြစ်လေတော့၏။ ရဟန်းဖြစ်သည်နှင့်တပြိုင်နက် ရဟန်းသစ် သန္တာန်မှာ အကျဉ်းအားဖြင့် သိက္ခာ ၃-ပါး မကျဉ်းမကျယ် အလယ်အလတ်အားဖြင့် နှစ်ရာ့နှစ်ဆယ့်ခုနစ်သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်များ တည်ပြီးသားဖြစ်တော့၏။ ထို့ကြောင့် ရဟန်းအဖြစ်သို့ ရောက်ချိန် စောသူ ရှေးကျသူကို သိက္ခာကြီးသူဟု ခေါ်ရ၏။

သာသနာတော် စည်းကမ်းအရ သိက္ခာငယ်သူက သိက္ခာကြီးသူကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း စသည်ဖြင့် အရိုအသေပြုရ၏။ ၎င်းပြင် ရဟန်း ဖြစ်ချိန်ကို တိတိကျကျ သိထားမှသာ ထေရ်စဉ်ဝါလိုက် ပစ္စည်းဝေဖန်ရာ နိဿယည်းလွတ်အင်္ဂါ၊ ကျောင်းထိုင် အင်္ဂါစသော ဝါစဉ်နှင့် စပ်ဆိုင်သော

ကိစ္စတိုင်းတို့၌ လွယ်ကူစွာ ကျင့်သုံးနိုင်မည်။ ထို့ကြောင့် သိက္ခာကြီးသူ ငယ်သူ တိတိကျကျ ခွဲခြားသိနိုင်အောင် ရဟန်းဖြစ်ချိန် မှတ်သားထားဖို့ရန် မြတ်စွာဘုရားက–

တာဝဒေဝ၊ ရဟန်းဖြစ်ရာ ထိုခဏ၌သာလျှင်။ ဆာယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းယှဉ်တိုင်းတာအပ်၏။

(ရှေးခေတ်က ယခုလို နာရီများ မရှိသေးသဖြင့် နေရောင်၌ မတ်တတ် ရပ်ပြီး အရိပ်ကို ခြေဖဝါးဖြင့် တိုင်းသည်။ ခြေဖဝါးအရှည်လိုက် တိုင်းသည်ကို ဖဝါးဟုလည်းကောင်း၊ အစွန်းပိုကို ခြေဖဝါးကန့်လန့်ဖြင့် တိုင်းကာ ဖိလာဟု ခေါ်လေ့ရှိ၏၊ ဘယ်နှစ်ဖဝါး ဘယ်နှစ်ဖိလာ အချိန်၌ ရဟန်းဖြစ်သည်ဟု အရိပ်ကိုသတ်မှတ်ထားရမည်။

ယခုခေတ်ပေါ် နာရီ မိနစ် စက္ကန့်များ ဖြင့် မှတ်သားလျှင်လည်း ပြီးနိုင်သည်။ ရှေးမူ့ပျက် အရိပ်ဖဝါး ဖိလာ ကို မှတ်သားလိုကလည်း မှတ်နိုင်သည်။

ဥတုပ္ပမာဏံ၊ ဆောင်းနွေမိုးဟု သုံးပါးသော ဥတုတို့တွင် ယခုရောက်ဆဲ ဥတုကို၊ အာစိက္ခိတဗ္ဗံ၊ ပြောထားအပ်၏။ (ဘယ်ဥတုမှာ ရဟန်းဖြစ်သည် ဟု ပြောထားရမည်။)

ဒိဝသဘာဂေါ၊ လဆန်းတရက်, နှစ်ရက် စသောနေ့အဖို့၊ တနင်္ဂနွေ တနင်္လာစသော နေ့အဖို့၊ နံနက် နေ့လယ် စသော နေ့အဖို့ကို။ အစိက္ခိတဗ္ဗော၊ ပြောထားအပ်၏။

သံဂီတိ၊ အရိပ်, ဥတု, နေ့အစုကို ပေါင်းစုပြီးလျှက် ရဟန်းရက်ချုပ် သာသနာဝင်မှတ်တမ်းကို။ အာစိက္ခိတဗ္ဗာ၊ ပြောထားအပ်၏။

## အပြည့်အစုံ ရဟန်းရက်ချုပ် ပြောကြားပုံ

### ရဟန်းတော် ဦးနာဂ၏ ရဟန်းဖြစ်ရာအချိန်အခါ

### ရက်ချုပ်မှတ်တမ်း

လောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား မြတ်စွာဘုရား၏ ထားတော်မူခဲ့သော သာသနာတော်နှစ် ၂၅၂၇-ခု၊ လူတို့ဝေါဟာ ကောဇာ သက္ကရာဇ် ၁၃၄၅–ခု ဥတုဂိမ္ဟာန ကဆုန်လဆန်း ၁-ရက် ကြာသပတေး နေ့ နံနက်(၈)နာရီ(၁၅)မိနစ် ( )ဖဝါး ( )ဖိလာ မင်္ဂလာအချိန်

ငယ် မန္တလေးတိုင်း မြင်းခြံမြို့နယ် ကိုးဆောင်ကျောင်းတိုက် ခဏ္ဍသိမ်တော်အတွင်း၌............... ကျောင်းဆရာတော် အရှင်............ဧရဲ့ အရှင်မြတ်ကြီးကို ကျောက်ထီးတန္တ ဥပဇ္ဈာယ်ပြုလျက် ဖော်ပြအပ်လတ္တံ့သော ကမ္မဝါစာ ဆရာတော်တို့နှင့်တကွ ကာရကသံဃာတော်( ) ပါးတို့၏ ချီးမြှောက်မှုကြောင့် ရဟန်းတော်ဦး............သည် နှစ်ရာ့နှစ်ဆယ် ခုနှစ်သွယ်ကို ကိုယ်ဝယ်ဆင်မြန်း ဝန်ကြီးထမ်းသည့် ရဟန်းသာမဏေအဖြစ်၌ ဗုဒ္ဓနှစ်ဖြာ သာသနာကို ကြိုးစားအားထုတ်ခွင့်ရကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

ပထမအကြိမ် ကမ္မဝါစာ ဆရာတော်များ

၁။

၂။

၃။

ဒုတိယအကြိမ် ကမ္မဝါစာ ဆရာတော်များ

၁။

၂။

၃။

တတိယအကြိမ် ကမ္မဝါစာ ဆရာတော်များ

၁။

၂။

၃။

အနုသာသကဆရာတော်

ဦး............

ရဟန်းဒါယကာ ဒါယိကာမများ

ဦး............... ဒေါ်................

နောက်ပြီး ရဟန်းဖြစ်လာလျှင် သိထားသင့်သောအချက်တို့ကို ပြောထားဖို့ရန် မြတ်စွာဘုရားက–

စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ ခန္ဓာကိုယ် အတ္တဘော၏ မှီရာပစ္စည်းလေးပါးတို့ကို။ ဝါ။ ရဟန်းဖြစ်ကြောင်းသိက္ခာသုံးပါးအပေါင်း၏ မှီရာပစ္စည်းလေးပါးတို့ကို၊ အာစိက္ခိတဗ္ဗာ၊ ရဟန်းသစ်အား ပြောထားအပ်ကုန်၏။

စတ္တာရိ၊ လေးပါးကုန်သော၊ အကရဏီယာနိ၊ ရဟန်းဘဝ ဆုံးရှုံးရသဖြင့် အရေးကြီးလှ ပါရာဇိကကျကြောင်း မပြုကောင်းသော အမှုတို့ကို၊ အာစိက္ခိ-တဗ္ဗာနိ၊ ရဟန်းသစ်အား ပြောထားအပ်ကုန်၏။

ဒီလို မြတ်စွာဘုရား မိန့်ကြားသားခြင်းကြောင့် ငါသည် သင့်အား နိဿယ ၄-ပါးနှင့် အကရဏီယ ၄-ပါးတို့ကို ပြောကြားပေအံ့။

ဘုရားလက်ထက်က ရာဇဂြိုဟ်ပြည်မှာ မွန်မြတ်ကောင်းမွန်သော ဆွမ်းလှည့်များ ဆက်ကာဆက်ကာ မပြတ်ဖြစ်ပေါ်နေသဖြင့် ရဟန်းတော်များ အတန်ကြာအောင် ဆွမ်းခံမထွက်ရပဲ ဘုဉ်းပေးနေသည်ကို မြင်ရသော ပုဏ္ဏား တယောက်သည် ဒီဘုရား သားတော် ရဟန်းများဟာ ကောင်းကောင်းစားပြီး လေလုံမိုးလုံ အိပ်ကြရ၏၊ ငါသည်း ရဟန်းပြုလျှင် ကောင်းမှာပဲဟု စဉ်းစားပြီး ရဟန်းများထံ ခွင့်ပန်ကာ ရဟန်းပြုနေ၏။ ကံဆိုးချင်တော့ ထိုပုဏ္ဏား ရဟန်းအဖြစ်သို့ရောက်၍ မကြာခင်ပဲ ဆွမ်းလှည့်က ကုန်သွားလေတော့၏။ အခြားရဟန်းများက ဆွမ်းခံထွက်ဖို့ ခေါ်သောအခါ တပည့်တော်ဟာ ငြိမ်ငြိမ်နဲ့ ကောင်းကောင်း စားရမလားလို့ ရဟန်းပြုလာဘာ ဖြစ်ခြင်းကြောင့် ဆွမ်းခံတော့ မသွားနိုင်ပါ၊ အရှင်ဘုရားတို့က မကျွေးယင်ပဲ လူထွက်မှာပဲဟု ပြောသဖြင့် ထိုအကြောင်းကို မြတ်စွာဘုရား လျှောက်တော့ မြတ်စွာ ဘုရားက-

စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ တို့ကို၊ အာစိက္ခိတဗ္ဗာ၊ ကုန်၏။

ဤသို့ ရဟန်းဖြစ်လာသူများကို နိဿယလေးပါး ပြောကြားထားဖို့ရန် မိန့်တော်မူ၏။

နိဿယ ၄-ပါးဆိုတာ သာသနာ့ဘောင်မှာ ရနိုင့် ပြောရမယ် ဆိုလျှင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို ခေါ်တယ်၊ လူ့အသုံးနှင့် ပြောယင်တော့ စား, ဝတ်, နေရေး, ကျန်းမာရေးပင် ဖြစ်တယ်။

ဒီ ၄-ချက်မရှိလျှင် ခန္ဓာကိုယ် ဓာတ္တဘော မတည်တံ့နိုင်။ ခန္ဓာကိုယ် အတ္တဘော၏ ပို့ချဖြစ်ခြင်းကြောင့် နိဿယ ၄-ပါးလို့ ခေါ်ခြင်းဖြစ်တယ်။

ပစ္စည်းလေးပါးသည် ခန္ဓာကိုယ်အတ္တဘော၏ ပို့ချဖြစ်လောက်အောင် အရေးကြီးသည် မှန်သော်လည်း-

အပ္ပါနိစ၊ အဖိုးနည်းကုန်သည်လည်းကောင်း။ သုလဘာနိစ၊ အချိန် အခါ အရပ်ဒေသမရွေး ရလွယ်ကုန်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်

အံ့။ တာနိ၊ ထိုပစ္စည်းတို့သည်။ အနုဝဇ္ဇာနိစ၊ အပြစ်ကင်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်အံ့။

ဟူ၍ အင်္ဂုတ္တိုရ် စတုက္ကနိပါတ် သန္တုဋ္ဌိသုတ်၌ မြတ်စွာဘုရား ဟောထား အပ်သည်နှင့်အညီ-

၁။ အဖိုးနည်းခြင်း အပ္ပဂုဏ်၊

၂။ အချိန်အခါ အရပ်ဒေသမရွေး ရလွယ်ခြင်း သုလဘဂုဏ်၊

၃။ အပြစ်ကင်းခြင်း အနဝဇ္ဇဂုဏ်၊

ဤဂုဏ်သုံးပါးနှင့် ပြည့်စုံသော ပစ္စည်းမျိုး ဖြစ်မှသာလျှင်-

ယံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ-ဟူသော ရည်ရွယ် ချက်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သော ရဟန်းတော်များအား-

သန္တုဋ္ဌကောစ သုဘရောစ အပ္ပကိစ္စောစ သလ္လဟုကဝုတ္တိ-ဟူသော ဒေသနာလာသည့်အတိုင်း ရှုရန်စ်ဖြာ သာသနာကို အားထုတ်ဖို့ရန် အခွင့် အခါ ရပေမည်။

ဆိုခဲ့ပြီးသော ဂုဏ်သုံးမျိုးနှင့်ပြည့်စုံသော ဆွမ်းပစ္စည်းအတွက် မြတ်စွာ ဘုရားက-

ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော-ဟု ဟောတော်မူ၏။

အာဝုသောနဝက၊ ငါ့ရှင်ပဉ္စင်းသစ်၊ ပိဏ္ဍိယာလောပဘောဇနံ၊ သလုံး ကြွက်သား အစွမ်းအားဖြင့် သွားလာလှည့်ပတ် ဆွမ်းခံရပ်၍ တလုပ်စာ, တလုပ်စာမျှ ရအပ်သော ဆွမ်းကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း၏အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထို ရဟန်း၏အဖြစ်၌။ တေ တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ် တော်တည်းဟူသော အသက်ဇီဝ တည်နေသမျှ ကာလပတ်လုံး။ ဥဿာဟော၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်, ပြုသင့်, ပြုထိုက် ၏။ ဝါ၊ ပြုရမည်။ ဝါ၊ ပြုပါလေ။

ဆွမ်းခံ၍ရသော ဆွမ်းသည် တအိမ်လျှင် တလုပ်စာ တဇွန်းတယောက်မ မျှ လောင်းလှူသော ဆွမ်းဖြစ်၍ အပ္ပဂ္ဃဂုဏ်နှင့် ပြည့်စုံခြင်းကြောင့်ပင် လောင်းသူ ဒါယကာတို့ကလည်း ကျေးဇူးဟူသောမြီမထား၊ ရဟန်းကလည်း ဒါယကာတို့အပေါ်၌ တွယ်တာခြင်း ငဲ့ညှာခြင်းမရှိပဲ တဏှာသံယောဇဉ် ကင်း၏။

ဒါယကာအကြိုက် လိုက်ရခြင်းစသော ကုလူဒူသက အနေသန မိစ္ဆာ-ဇီဝ အပြစ်တို့မှ ကင်း၏။

သုဘိက္ခကာလ, ဒုဗ္ဘိက္ခကာလ၊ အချိန်မရွေး အခါခပ်သိမ်း ရလွယ်သည်။

အရပ်ဒေသတိုင်း အိမ်မြဲတိုင်းလည်း ရလွယ်သည်။

ဆွမ်းအတွက် ကြောင့်ကြစိုက်ရခြင်း စိုးရိမ်သောက ဖြစ်ရခြင်းမှလည်း ကင်း၏။

ပစ္စည်းဥစ္စာ နည်းပါး၍သော်လည်းကောင်း၊ ဇရာဒုဗ္ဗလဖြင့် ဖြစ်၍လည်းကောင်း၊ကျောင်းကန်သို့ မလာရောက်နိုင်သူများကို ကုသိုလ်ထုပ်ကိုလှည့်လည်ဝေငှလျက် အပါယ်ဒုက္ခမှ စောင့်ရှောက် ကယ်ဘင်သည်လည်းမည်၏။

ဆွမ်းခံစားခြင်းဖြင့် ရှေးသူတော်ကောင်းတို့၏ ကျင့်ဝတ်ကို ပူဇော်လျက် အာဟာရ ပရိယေသန ဒုက္ခဟူသော ဝိရိယာရမ္ဘဝတ္ထုကို ကိုယ်တိုင်မျက်မှောက် တွေ့မြင်နိုင်၏။

ဆွမ်းခံလှည့်လည်ခြင်းဖြင့် အနာရောဂါကင်းခြင်းစသော စကြံလျှောက်ခြင်း၏ အကျိုးများ ရရှိခံစားရခြင်း စသော မရေမတွက်နိုင်သော အကျိုးများ ပြည့်စုံနိုင်သည်။ ထို့ကြောင့် ပိဏ္ဍိယာလောပဘောဇဉ်ကိုသာ မှီရာနိဿယအဖြစ် မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည်။

## အတိရေက လာဘ

ဆွမ်းခံစားခြင်းဟူသော ပိဏ္ဍိယာ လောပ ဘောဇဉ်သည်သာ ရဟန်းများအတွက် အမှန်မြတ်ဆုံးဖြစ်သော်လည်း ကာယဗလအားနည်းခြင်း၊ ခြေလက်၌ အနာရှိခြင်း၊ မျက်စိအားနည်းခြင်းစသော အနာရောဂါရှိ၍ အချမ်းအပူဒဏ် မခံနိုင်ခြင်း၊ ကိုယ်ရေ ကိုယ်သား နုးညံ့လှ၍ ဆွမ်းကိစ္စကြောင့် ကာယိကဒုက္ခများဖြင့် စိတ္တသုခကို မရနိုင်ခြင်း၊ သံဃာ့ဝန်ကို ဆောင်ရွက်နေရခြင်း၊ ဒုဗ္ဘိက္ခအခါဖြစ်၍ ဆွမ်းခံလှည့်သည်မှ မပြည့်စုံသောအခါဖြစ်ခြင်း၊ တတ်နိုင်သူတို့က သံဃာ့ဘတ် ဥဒ္ဒေသဘတ် စသော ဆွမ်းအလှူကို အားထုတ်သောအခါဖြစ်ခြင်း စသောအကြောင်းကြောင့် ပိဏ္ဍိယာလောပဘောဇဉ်အပြင် အခြားဆွမ်းများ သုံးဆောင်နိုင်သေးကြောင်းကို သိစေလို၍ အတိ-ရေကလာဘော သံဃဘတ္တံ-စသည်ကို ဟောတော်မူသည်။

အတိရေက ႀသဘော၊ ပိဏ္ဍိယာလောပဆွမ်းထက်ပိုလျှံသော ဆွမ်းပစ္စည်း, လာဘ်လာဘကား။ သံဃဘတ္တံ၊ တိုက်သံဃာအားလုံးအား လှူဒါန်းအပ်သောဆွမ်းလည်းကောင်း။ ဥဒ္ဒေသဘတ္တံ၊ သံဃာ့ကိုယ်စား ညွှန်း၍ရအပ်သော ဆွမ်းလည်းကောင်း။ နိမန္တနံ၊ စွမ်းနိုင်သလောက် ဖိတ်လျှောက်၍ လှူဒါန်းအပ်သောဆွမ်းလည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံမဲ့ ကျရာ ရဟန်းအား လှူဒါန်းအပ်သော ဆွမ်းလည်းကောင်း။ ပက္ခိကဘတ္တံ၊ နေ့ထူး နေ့မြတ်ဟု သတ်မှတ်အပ်သော လဆန်း လဆုတ်ပက္ခတို့၌ လှူဒါန်းအပ်သော ဆွမ်းလည်းကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူဒါန်းအပ်သော ဆွမ်းလည်းကောင်း။ ပါဋိပဒိကံ၊ ဥပုသ်ကျော်တက် အထွက်တရက်နေ့၌ လှူဒါန်းအပ်သော ဆွမ်းလည်းကောင်း။ ဣမာနိပိ၊ ဤခုနစ်ပါးသော အတိရေက ဆွမ်းတို့ကိုလည်း။ သေဝိတဗ္ဗာနိ၊ သုံးဆောင်မှီဝဲအပ်ကုန်သေး၏။ (သုံးဆောင်ကောင်းသေး၏ဟူ၍မှတ်)။

အာမကဘဏ္ဍေ။

နောက်ပြီး-သက်န်းဟူသော မှီရာနိဿယအတွက်-

ပံသုကူလံ ဘိက္ခုဝေ၊ စိငရနံ ဒ ပုဥ္ဆ သုလဘဥ္စ တဥ္စ အနဝဇ္ဇံ-နှင့်အညီ သင်္ကန်းဟူသမျှတို့တွင် ပံ့သကူသင်္ကန်းသည် တန်ဖိုးနည်း၍ ရလွယ်ပြီး အပြစ်ကင်း၏။ ထို့ကြောင့် မြတ်စွာဘုရားက—

ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ဥဿာဟော ကရဏီယော-ဟု အာမိသအမွေပေးတော်မူခဲ့၏။

အာဂုသောနဝက၊ ငါ့ရှင်ပဥ္စင်းသစ်။ ပံသုကူလစီဝရံ၊ ပံ့သကူသင်္ကန်းကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင် ရဟန်း၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်း၏အဖြစ်၌။ တေ၊ သင် ပဥ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်တည်းဟူသော အသက်ဇီဝ တည်နေသမျှကာလပတ်လုံး။ ဥဿာဟော၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်, ပြုသင့်, ပြုထိုက်၏။ ဝါ-ပြုရမည်၊ ဝါ-ပြုပါလေ။

ပံ့သကူသင်္ကန်းဟူသည်မှာ သူများမသုံးလို၍ စွန့်ပစ်ထားသော အဝတ်စုတ်များ၊ လူသေကောင်ကို လွှမ်းထားသော သုသာန်မှ အဝတ်များကို ကောက်ယူဖွပ်လျှော် ချုပ်ဆိုးသော သင်္ကန်းမျိုးဖြစ်သည်။ အလှူရှင်ကိုယ်တိုင် လှူသောသင်္ကန်းမဟုတ်၍ ဒါယကာကို ငဲ့ညှာရခြင်း ဒါယကာ၏ စိတ်စောင့်ရှောက်ရခြင်းစသော လူတို့နှင့်စပ်သော တဏှာသံယောဇဉ်မှကင်း၏၊

သက်န်းလှူသူနှင့်စပ်၍လည်းကောင်း၊ သင်္ကန်းထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်၍လည်းကောင်း၊ ကြောင့်ကြဗျာပါရ စိုးရိမ်သောကမှကင်း၏။ ဤသို့ စသည်ဖြင့် မရေမတွက်နိုင်သော အကျိုး အာနိသင်တို့ကို ရစေနိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားက– ပံ့သကူ သင်္ကန်းကိုသာ မှီရာ နိဿယအဖြစ် မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။

## အတိရေကသင်္ကန်း

အတိရေကလာဘော၊ ပံ့သကူသင်္ကန်းထက်ပိုလျှံသော သင်္ကန်းပစ္စည်း လာဘ်လာဘကား–

ခေါမံ၊ ခေါမတိုင်းဖြစ် သင်္ကန်းလည်းကောင်း။ (ဝါ) ခေါမမည်သော ချည်အထူဖြင့် ယက်အပ်သော သင်္ကန်းလည်းကောင်း။ ကပ္ပာသိကံ၊ ဝါချည် ဖြင့် ယက်အပ်သော သင်္ကန်းလည်းကောင်း။ ကောသေယျံ၊ ပိုးချည်ဖြင့် ယက်အပ်သော သင်္ကန်းလည်းကောင်း။ ကမ္ဗလံ၊ သားမွေးဖြင့်ပြီးသော သင်္ကန်းလည်းကောင်း။ (ဝါ) သက္ကလပ်သင်္ကန်းလည်းကောင်း။ သာဏံ၊ ပိုက်ဆံလျှော်ချည်ဖြင့် ယက်အပ်သော သင်္ကန်းလည်းကောင်း။ ဘင်္ဂံ၊ ဘန်ချည်ဖြင့် ယက်အပ်သော သင်္ကန်းလည်းကောင်း။ (ဝါ) ခေါမစသော ချည်ငါးမျိုးကိုရော၍ ယက်အပ်သောသင်္ကန်းလည်းကောင်း။ ဣမာနိပိ၊ ဤဆို အပ်ခဲ့ပြီးသော အတိရေက သင်္ကန်းတို့ကိုလည်း၊ သေဝိတဗ္ဗာနိ၊ သုံးဆောင်မှီဝဲ အပ်ကုန်၏။ (သုံးဆောင်မှီဝဲကောင်းသေး၏ ဟူ၍မှတ်)

အာမဘန္တေ

## ကျောင်းဟူသော မှီရာနိဿယ

ကိန်းအောင်းမှီခို သီတင်းသုံးရန် ကျောင်းမရှိပြန်လျှင်လည်း ဒီခန္ဓာကိုယ် အတ္တဘောသည် မတည်တံ့နိုင်၊ ခန္ဓာကိုယ် အတ္တဘောအတွက် ကျောင်းဟူ သော နိဿယလိုအပ်၏။

ကိန်းအောင်းမှီခိုရာအတွက် ကျောင်းလိုသည်မှန်သော်လည်း ဂန္ဓကုဋိရ– ဝိပဿနာကုဋိရ သာသနာ့ တာဝန်နှစ်ရပ်ကို မထမ်းဆောင်နိုင်လောက်အောင် ပလိဗောဓများသောကျောင်းဖြစ်လျှင်ကား ပေါ့ပေါ့လို၍ ကြောင်ရုပ် ထိုး ဆေးအတွက်လေး သကဲ့သို့ မွန်းချက်နှင့် နှမ်းထွက်ကိုက်မည် မဟုတ်ပေ။

ဘိက္ခဝေ၊ တို့။ သေနာသနံ၊ ကျောင်းအမျိုးမျိုးတို့တွင်၊ ရုက္ခမူလံ၊ သစ်ပင်ရင်း သစ်ပင်အောက်ဟူသော ကျောင်းသည်။ အပ္ပဥ္စ၊ အဖိုးလည်း

နည်း၏။ သုလဘဥ္စ၊ အရပ်ဒေသမရွေး အချိန်အခါမရွေး ရလွယ်၏။ တံ၊ ထိုသစ်ပင်ရင်း တည်းဟူသောကျောင်းသည်။ အနဝဇ္ဇံစ၊ အပြစ်လည်း ကင်း၏။

ဤသို့ အင်္ဂါတို့ရှိ၍ ဟောထားသည်နှင့်အညီ တန်ကြေးနည်း၍ ရလွယ်ပြီး အပြစ်ကင်းသော ကျောင်းမျိုးကို မှီဝဲဖို့ရန်–

> ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော–ဟု ဟောတော်မူ၏။

အာဝုသော၊ ငါ့ရှင် ပဉ္စင်းသစ်။ ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်း တည်းဟူသော ကျောင်းကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်း၏အဖြစ်၌ တေ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် တည်းဟူသော အသက်တည်နေသမျှ ကာလပတ်လုံး။ ဥဿာဟော၊ ကျင့်ကြံကြိုးကုတ်ခြင်း ကို။ ကရဏီယော၊ ပြုအပ်, ပြုသင့်, ပြုထိုက်၏။ ဝါ၊ ပြုရမည်။ ပြုပါလေ။

သစ်ပင်ရင်းတည်းဟူသော ကျောင်းသည် အချိန်မရွေး အရပ်ဒေသတိုင်းမှာ ရလွယ်သည်သာမက တံခါးပိတ်ရမှု ပြုပြင်ရမှု စောင့်ရှောက်ရမှုစသော ပလိဗောဓလည်းကင်း၏။ ကျောင်း၌စွဲလန်းမှု တဏှာသံယောဇဉ်မှ ကင်းခြင်း စသော မရေမတွက်နိုင်သော အကျိုးအာနိသင်တို့နှင့် ပြည့်စုံသဖြင့် အလွန် မွန်မြတ်၏။ သူတော်ကောင်းတို့နှင့် လျော်ကန်လှ၏။

သစ်ပင်ရင်းတည်းဟူသော ကျောင်းသည် ဝိပဿနာဓုရ ပုဂ္ဂိုလ်များနှင့် သင့်လျော်သည် မှန်သော်လည်း၊ ပရိယတ်မွေး၍ ဂန္ထဓုရ တာဝန်ဆောင် ပုဂ္ဂိုလ်များ အတွက်ကား မိုးလုံ လေလုံ ကျောင်းများ လိုအပ်သေးသည်။ ထို့ကြောင့်–

အတိရေကလာဘော– စသော ဒေသနာကို ဟောတော်မူပြန်သည်။

## အတိရေကကျောင်း

အတိရေကလာဘော၊ ရုက္ခမူလကျောင်းထက် ပိုလျှံသောကျောင်း ပစ္စည်းလာဘ်လာဘကား–

ဝိဟာရော၊ လေးဘက်မိုးသောကျောင်းလည်းကောင်း။ အဍ္ဎယောဂေါ၊ နှစ်ဖက်မိုးသော ကျောင်းလည်းကောင်း၊ ပါသာဒေါ၊ လေးထောင့်မြင့် မောက် ဘုံဆင့်ပေါက်သည်များမြောက်သော အထွတ်ရှိသော ပြာသာဒ်

လည်းကောင်း။ ဟမ္မိယံ၊ အုတ်တိုက်ကတုံးလည်းကောင်း၊ ဂုဟာ၊ လိုဏ်ဂူလည်းကောင်း။ လ္လမေပိ၊ ဤကျောင်းတို့ကိုလည်း။ သေဝိတဗ္ဗာ၊ သုံးဆောင်မှီဝဲအပ်ကုန်သေး၏။ (သုံးဆောင်ကောင်းသေး၏ ဟူ၍မှတ်။)

အာမဘန္တေ

## ဆေးပစ္စည်း

ဆေးပစ္စည်းသည် ခန္ဓာကိုယ်အတွက်ဘော ကျန်းမာရေးအတွက် မရှိမဖြစ်သော မှီရာနိဿယတပါးဖြစ်၏။ မကျန်းမာသူသည် မည်သည့်လုပ်ငန်းကိုမျှ အောင်မြင်အောင် မဆောင်ရွက်နိုင်။ ထို့ကြောင့် ကျန်းမာခြင်းကို တရားအားထုတ်သူ၏ အင်္ဂါ ပဓာနိယင်္ဂအဖြစ်ဖြင့်လည်းကောင်း၊ အာရောဂျံပရမံ လာဘံဒေသနာအရ အကောင်းဆုံးလာဘ် အဖြစ်ဖြင့်လည်းကောင်း ဟောတော်မူသည်။

ထိုဆေးပစ္စည်းအတွက် မြတ်စွာဘုရားက–

ပုတိမုတ္တ ဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော–ဟု ဟောတော်မူ၏။

အာဝုသော နဝက၊ ငါ့ရှင်ပဉ္စင်းသစ်။ ပုတိမုတ္တဘေသဇ္ဇံ၊ နွားကျင်ငယ်တည်းဟူသော ဆေးကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်း၏ အဖြစ်၌။ တေ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်တည်းဟူသော အသက်ဇီဝ တည်နေသမျှကာလပတ်လုံး။ ဥဿာဟော၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကို။ ကရဏီယော။ ပြုအပ်, ပြုသင့်, ပြုထိုက်၏။ ဝါ၊ ပြုရမည်၊ ပြုပါလေ။

ပုတိမုတ္တဆေးအရကို နွားကျင်ငယ်ဖြင့် စိမ်အပ်သော ဇီးဖြူသျှစ်သျှားသဖန်းခါးဟု တေစိ ဆရာတို့က ဆို၏။

တနည်းအားဖြင့်– ပုတိ၊ ပုပ်သိုးသည် မကောင်းသည်ဖြစ်၍။ မုတ္တ၊ စွန့်ပစ်အပ်သောဆေး။ သူများတွေမလိုချင်၍ စွန့်ပစ်အပ်သောဆေးကို ပုတိမုတ္တဆေးဟုလည်း အပရေ ဆရာတို့ကဆို၏။ သို့သော်=

ပုတိမုတ္တံ ဘိက္ခဝေ ဘေသဇ္ဇာနံ အပ္ပဉ္စ သုလဘဉ္စ၊ တဉ္စ အနဝဇ္ဇံ– ဟူသော ဒေသနာအရ တန်ကြေးနည်း၍ ရလွယ်ရမည်ဖြစ်ခြင်းကြောင့် နွားကျင်ငယ်ကို ပုတိမုတ္တခေါ်ခြင်းက ဘုရားအလိုကျ၏။

ထိုနွားကျင်ငယ်ကို သောက်သုံးက အဖျားရောဂါ လေငန်းသွေးဒူလာ ရောဂါစသော ၉၆-ပါးသော ရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်၏။

အတိရေကလာဘော၊ ဘုန်းကံကြီးမားရှိ နွားကျင်ငယ်ဆေး ထက် ပိုလျှံသော ဆေးပစ္စည်း လာဘ်လာဘကား—

သပ္ပိ၊ ထောပတ်လည်းကောင်း၊ နဝနီတံ၊ ထောပတ်မဖြစ်ခင် အပေါ်တွင် အဆီမိုလျက် နို့ရည်မှဖြစ်သော ဆီဦးလည်းကောင်း၊ တေလံ၊ ဆီလည်းကောင်း၊ မဓု၊ ပျားလည်းကောင်း၊ ဖာဏိတံ၊ တင်လဲလည်းကောင်း ဣမာနိပိ၊ ဤဆိုအပ်ပြီးသော အတိရေက ဆေးမျိုးတို့ကိုလည်း။ သေဝိတဗ္ဗာနိ၊ သုံးဆောင်မှီဝဲအပ်ကုန်သေး၏။ (သုံးဆောင်မှီဝဲကောင်း၏ ဟူ၍မှတ်။)

အာမဘာဇွေ၊

သာသနာ့ဝန်ထမ်း ရဟန်းများအတွက် မရှိမဖြစ်သော ပစ္စည်းလေးပါး နိဿယများကို ပြောကြားပြီးသည့်နောက်—

လွန်ကျူးမိလျှင် ရဟန်းဘဝ ဆုံးရှုံးလောက်အောင် အပြစ်ကြီးသဖြင့် မပြုလုပ်ကောင်းသော၊ အကရဏီယလေးပါးကို သိရှိအောင် ပြောကြားထားဖို့ လိုအပ်သေး၏။

ဘုရားလက်ထက်က ရဟန်းတော်များသည်ရဟန်းလောင်းတပါးကို ရဟန်းခံပေးပြီးနောက် မပြုသင့်သော အရာများကို မပြောကြားပဲ တပါးတည်းထား၍ ဖဲသွားကြကုန်၏၊ ထိုရဟန်းသစ်ကလေးသည် အဖော်မမှီး တပါးတည်း ပြန်လာစဉ် ရဟန်းဘဝ ဆုံးရှုံးရသော ပါရာဇိကအမှုဟု မသိ၍ မယားဟောင်းဒ္ဓ မေထုန်မှီဝဲမိ၏၊ ကျောင်းသို့ရောက်၍ ဘာဖြစ်လို့ ကြာနေသလဲဟု အခြား ရဟန်းများက မေးမြန်းသောအခါ၊ မယားဟောင်းနှင့် တွေ့၍ ကြာခဲ့ရပုံ အလုံးစုံကို ပြောပြတော့—သင်သည် ပါရာဇိကအမှုကို လွန်ကျူးခဲ့သူဖြစ်၍ ရဟန်း မဟုတ်တော့တဲ့အကြောင်း ပြောဆိုကဲ့ရဲ့ပြီး မြတ်စွာဘုရားကို လျှောက်ထားကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားက—

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပသမ္ပာဒေတွာ၊ ရဟန်းခံပေးပြီး၍။ ဒုတိယံ—ဒါတုံစ၊ ရဟန်းသစ်အား အဖော်ပေးထားခြင်းငှာလည်းကောင်း၊ စတ္တာရိ၊ လေးပါးကုန်သော။ အကရဏီယာနိ၊ ရဟန်းဘဝ ဆုံးရှုံးရသဖြင့် အရေးကြီးလှ ပါရာဇိကကျကြောင်း မပြုကောင်းသော အမှုတို့ကို။ အာစိက္ခိ—တုံစ၊ ပြောထားခြင်းငှာလည်းကောင်း။ အနုဇာနာမိ၊ ငါခွင့်ပြုတော်မူ၏—ဟု မိန့်တော်မူ၏၊ ထိုမပြုစဲကောင်းသော အကရဏီယအမှုတို့ကို ယခုပြောကြားပေအံ့။

အာဝုသောနဝက၊ ငါ့ရှင်ပဉ္စင်းသစ်။ ဥပသမ္ပန္နေန၊ မြင့်မြတ်တင့်ဆန်း အထက်တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ သည်။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ တိရစ္ဆာနဂတာ—ယပိ၊ တိရစ္ဆာန်မဥ္စသော်လည်း။ မေထုနော၊ တပ်ခြင်းတူငြား နှစ်ဦးသားတို့၏ ဥစ္စာဖြစ်သော။ ဓမ္မော၊ ရှာဥ္စနေသူတို့၏အကျင့်ကို။ နပဋိသေဝိ—တဗ္ဗော၊ မမှီဝဲအပ်, မမှီဝဲသင့်, မမှီဝဲကောင်း။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲငြားအံ့။ အသမဏော၊ ရဟန်းစစ် မဟုတ်တော့သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ သားတော်စစ် မဟုတ်တော့သည်။ ဟောတိ၊ ဖြစ်၏။

သေယျထာပိနာမ၊ မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသိရာ ဥပမာသော်ကား။ သီသစ္ဆိန္နော၊ ဦးခေါင်းပြတ်ပြီးသော။ ပုရိသော၊ ယောကျ်ားသည်။ တေန ထိုပြတ်ပြီးသော ဦးခေါင်းနှင့်။ သရီရဗန္ဓနေန၊ ကိုယ်ကို တဖန် ဆက်စပ်ပြန်သဖြင့်။ ဇီဝိတုံ၊ အသက်တဖန် ရှင်ပြန်ခြင်းငှာ။ အဘဗ္ဗော—သေယျထာပိ၊ မထိုက်တန်သကဲ့သို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသူမြတ်သည်။ (သမာနော၊ ဖြစ်လျက်။) မေထုနဓမ္မံ၊ မေထုန်အကျင့်ကို၊ ပဋိသေဝိတွာ၊ မှီဝဲမိ၍။ (ဝါ) မှီဝဲမိသည်ရှိသော်။ (ဝါ) မှီဝဲမိသောကြောင့်။ အသမဏော၊ ရဟန်းစစ်မဟုတ်တော့သည်။ အသကျ—ပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်စစ် မဟုတ်တော့သည် ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုမေထုန်မှီဝဲမှုကို။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်တည်းဟူသော အသက်ဇီဝ တည်နေသမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုကျင့်အပ်, မပြုကျင့်ကောင်း, မပြုကျင့်ပါလေနှင့်။

အာမဘန္တေ

ဒုတိယ အကရဏီယ

ဥပသမ္ပန္နေန၊ မြင့်မြတ်ဘင့်ဆန်း အထက်တန်း ရဟန်းပဉ္စင်း အဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အန္တမသော၊ အောက်ထစ် ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ တိဏသလာကံ၊ မြက်, ဝါးခြမ်းစိပ်ကို။ ဥပါဒါယ၊ အစပြု၍။ အဒိန္နံ၊ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော

သူတပ ါးဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုယူမှု စိတ်အစုဖြင့်၊ နအာဒါတဗ္ဗံ၊ မခိုးယူအပ် မခိုးယူကောင်း။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပါဒံဝါ၊ နီလကဟာပဏာ၏ တစေ့တ်သော ဥစ္စာကို ဖြစ်စေ၊ ပါဒါရဟံဝါ၊ တမတ်တန် ကပ္ပိယဘဏ္ဍာကို ဖြစ်စေ။ အတိရေကပါဒံဝါ၊ တမတ်ထက်လွန်သော အကပ္ပိယဘဏ္ဍာ တမတ်ထက်အလွန် ထိုက်တန်သော ကပ္ပိယဘဏ္ဍာကိုဖြစ်စေ။ အဒိန္နံ၊ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်ပဲ၊ ထေယျသင်္ခါတံ၊ ခိုးလိုယူမှု စိတ်အစုဖြင့်။ အာဒိယတိ၊ ခိုးယူမိငြားအံ့။ အသမဏော၊ ရဟန်းစစ်မဟုတ်တော့သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်အစစ်မဟုတ်တော့သည်၊ ဟောတိ၊ ဖြစ်၏။

သေယျထာပိနာမ၊ မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသိရာ ဥပမာသော်ကား၊ ဗန္ဓနာ၊ အညှာမှ၊ ပဝုတ္တော၊ ကင်းလွတ်ပြုတ်ကြွေကျလေပြီးသော။ ပဏ္ဍုပလာသော၊ သစ်ရွက်ရော်သည်၊ ဟရိတတ္တာယ၊ နောက်ထပ်တဖန် စိမ်းရှင်ပြန်ခြင်းငှာ။ အဘဗ္ဗော သေယသာပိ၊ မဆိုက်တန်သကဲ့သို့၊

ဝေဝမေဝ=ပုံစံနှိုင်းယူ ဤအတူသာလျှင်-

ဘိက္ခု၊ ရဟန်းသူမြတ်သည် (သမာနော၊ဖြစ်လျက်။) ပါဒံဝါ၊ တမတ်သောဥစ္စာကို ဖြစ်စေ။ ပါဒါရဟံဝါ၊ တမတ်တန် ကပ္ပိယဘဏ္ဍာကိုဖြစ်စေ၊ အတိရေကပါဒံဝါ၊ တမတ်ထက်လွန်သော အကပ္ပိယဘဏ္ဍာ၊ တမတ်ထက်အလွန်ထိုက်တန်သော ကပ္ပိယဘဏ္ဍာကိုဖြစ်စေ၊ အဒိန္နံ၊ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်ပဲ၊ ထေယျသင်္ခါတံ၊ ခိုးလိုယူမှုစိတ်အစုဖြင့်။ အာဒိယိတွာ၊ ခိုးယူမိ၍။ (ဝါ) ခိုးယူမိသည်ရှိသော် (ဝါ) ခိုးယူမိသောကြောင့်၊ အသမဏော၊ ရဟန်းစစ် မဟုတ်တော့သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်စစ် မဟုတ်တော့သည်၊ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်၊ တံ၊ ထိုသူတပါးဥစ္စာကို ခိုးယူခြင်းအမှုကို။ တေ၊ တယာ၊ သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်တည်းဟူသော အသက်ဇီဝ တည်နေသမျှကာလပတ်လုံး။ အကရဏီယံ၊ မပြုကျင့်အပ်၊ မပြုကျင့်ကောင်း၊ မပြုကျင့်ပါလေနှင့်၊

အာမဘန္တေ

## တတိယ အကရဏီယ

အာဝုသောနဝက၊ ငါ့ရှင်ပဉ္စင်းသစ်။ ဥပသမ္ပန္နေန၊ မြင့်မြတ်တင့်ဆန်း အသက်တန်း ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သဉ္စိစ္စ၊ ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍။ အန္တမသော၊အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ ကုန္ထ ကိပိလ္လိကံ၊ ခြပုံးပိုးရှကို။ ဥပါ-ဒါယ၊ အစပြု၍။ ပါဏော၊ သတ္တဝါကို။ နဝေါရောပေတဗ္ဗော၊ မချအပ်, မချကောင်း, (ဝါ) မသတ်အပ်, မသတ်ကောင်း။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်၊ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်သန္ဓေ ပျက်ကြွေ လျှောကျစေခြင်းကို။ ဥပါဒါယ၊အစပြု၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို။ ဇီဝိတာ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ- ခွင်း-ကင်းစေ သတ်မိချေအံ့။ အသမဏော၊ ရဟန်းစစ်မဟုတ်တော့သည်။ အသ-ကျပုတ္တိယော၊ သာကီဝင် မင်းသား ဘုရားသားတော်စစ် မဟုတ်တော့သည်။ ဟောတိ၊ ဖြစ်၏။

သေယျထာပိနာမ၊ မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသိရာ ဥပမာသော်ကား။ ဒွေဓာဘိန္နာ၊ နှစ်ဖြာနှစ်ခြမ်း ဖြန်းဖြန်းကွဲလေပြီးသော။ ပုထု-သိလာ၊ ကြီးစွာသော ကျောက်ဖြာ ကျောက်တုံးသည်။ အပ္ပဋိသန္ဓိကာ၊ ပကတိအတိုင်း နောက်ထပ်တဖန် ဆက်စပ်ပြန်ခြင်း သဘောမရှိတော့သည်။ ဟောတိသေယျထာပိ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ ဤအတူသာလျှင်-

ဘိက္ခု၊ ရဟန်းသူမြတ်သည်။ (သမာနော၊ ဖြစ်လျက်။) သဉ္စိစ္စ၊ ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သော သူ၏ ကိုယ်ကို။ ဇီဝိတာ၊ ရုပ်, နာမ်နှစ်ထွေ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ ချခွင်းကင်းစေ သတ်မိချေ၍ (ဝါ) သတ်မိချေသည်ရှိသော် (ဝါ) သတ်မိချေသောကြောင့်၊ အသမဏော၊ ရဟန်းစစ် မဟုတ်တော့သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်စစ် မဟုတ်တော့သည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ တံ၊ထိုသူတပါးအသက်ကို သတ်ခြင်းအမှုကို၊ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် တည်းဟူသော အသက်ဇီဝ တည်နေသမျှကာလပတ်လုံး၊ အကရဏီယံ၊ မပြုကျင့်အပ် မပြုကျင့်ကောင်း မပြုကျင့်ပါလေနှင့်။

အာမဘန္တေ

## စတုတ္ထ အကရဏီယ

အဝုသောနဝက၊ ငါရှင် ပဉ္စင်းသစ်။ ဥပသမ္ပန္နေန၊ မြင့်မြတ်တင့်ဆန်း အထက်တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥတ္တရိမနုဿဓမ္မော၊ မြတ်ကုန်သော ဈာနလာဘီ ပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်, မဂ်, ဖိုလ် တရားမြတ်ကို။ န ဥလ္လပိတဗ္ဗော၊ ငါရသည် ငါ၌ရှိသည် ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွားမပြောကြားအပ် မပြောကြားကောင်း။

ယော ဘိက္ခု အကြင်ရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာကောက်ကျစ် ဆိုးညစ်သော အလိုရှိသည်။ ဣစ္ဆာပကတော၊ အလိုဆိုးသည် ပကတိသဘောမှ ကင်းကွာအောင် ပြုအပ်သည်။ ဟုတွာ၊ ဖြစ်၍, ဖြစ်ခြင်းကြောင့်။ အသန္တံ၊ မိမိသန္တာန်ဝယ် ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိသော။ အဘူတံ၊ အတိတ်ကာလကလည်း မိမိသန္တာန်ဝယ် တရံတဆစ်မျှ မဖြစ်ဖူးလေသော။ ဥတ္တရိမနုဿဓမ္မံ၊ မြတ်ကုန်သော ဈာနလာဘီ ပုထုဇဉ်ပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဈာန်, ဝိမောက္ခ, သမာဓိ သမာပတ်, မဂ်, ဖိုလ် တရားမြတ်ကို။ ဈာနံဝါ၊ ဈာန်ကိုလည်းကောင်း။ ဝိမောက္ခံဝါ၊ ဝိမောက္ခတရားသုံးပါးကိုလည်းကောင်း၊ သမာဓိံဝါ၊ သမာဓိတရား သုံးပါးကိုလည်းကောင်း။ သမာပတ္တိံဝါ၊ သမာပတ်ဘရား သုံးပါးကိုလည်းကောင်း။ မဂ္ဂံဝါ၊ မဂ်ကိုသော်လည်းကောင်း။ ဖလံဝါ၊ ဖိုလ်ကိုသော်လည်းကောင်း။ ဥလ္လပတိ၊ ငါရသည် ငါ၌ရှိသည် ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိငြားအံ့။ အသမဏော၊ ရဟန်းစစ် မဟုတ်တော့သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်စစ် မဟုတ်တော့သည်။ ဟောတိ၊ ဖြစ်၏။

သေယျထာပိနာမ၊ မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသိရာ ဥပမာသော်ကား။ မတ္ထကစ္ဆိန္နော၊ လည်ဆစ်လည်သီး ပြတ်လေပြီးသော။ တာလော၊ ထန်းပင်သည်။ ပုနဝိရုဠိယာ၊ ခက်ရွက်ဖူးညောင့် ပေါက်ရောက် တဖန် စည်ပင်ပြန့်ပွားခြင်းငှာ။ အဘဗ္ဗောသေယျထာပိ၊ မထိုက်တန်သကဲ့သို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ ဤအတူသာလျှင်—

ဘိက္ခု၊ ရဟန်းသူမြတ်သည်။ (သမာနော၊ ဖြစ်လျက်။) ပါပိစ္ဆော၊ ယုတ်မာ ကောက်ကျစ် ဆိုးညစ်သောအလိုရှိသည်။ ဣစ္ဆာပကတော၊ အလိုဆိုး ရမ္မက်သည် ပကတိသဘောမှ ကင်းကွာအောင် ပြုအပ်သည်။ ဟုတွာ၊ ဖြစ်၍၊ (ဝါ) ဖြစ်ခြင်းကြောင့်။ အသန္တံ၊ မိမိသန္တာန်ဝယ် ပစ္စုပ္ပန်အားဖြင့်

ထင်ရှား မရှိသော။ အဘူတံ၊ အတိတ်ကာလကလည်း မိမိသန္တာန်ဝယ် တရံ တဆစ်မျှ မဖြစ်ဖူးလေသော။ ဥတ္တရိမနုဿဓမ္မံ၊ မြတ်ကုန်သော ဈာနလာဘီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဈာန်,ဝိမောက္ခ, သမာဓိ,သမာပတ်, မဂ်,ဖိုလ်တရားမြတ်ကို။ ဥလ္လပိတ္ဂ၊ ငါရသည် ငါ၌ရှိသည် ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိသည်ဖြစ်၍ (ဝါ) ပြောကြားမိသည်ရှိသော် (ဝါ) ပြောကြားမိသောကြောင့်။ အသမဏော၊ ရဟန်းစစ် မဟုတ်တော့သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်စစ် မဟုတ်တော့သည်။ ဟောတိ၊ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုဝါဝါကြွားကြွား ပြောကြားခြင်းအမှုကို။ တေ၊ဘယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ် တည်းဟူသော အသက်ဇီဝ တည်နေသမျှကာလပတ်လုံး၊ အကရဏီယော၊ မပြုကျင့်အပ် မပြုကျင့်ကောင်း မပြုကျင့်ပါလေနှင့်။

အာမဘန္တေ

## ခွင့်ပန် / ခွင့်ပြု

ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာ, ကာရကသံဃာတော် အရှင်သူမြတ်တို့ဘုရား၊ အရှင်သူမြတ်တို့အပေါ်၌ တပည့်တော်ကပြုရန်ရှိသော ခွင့်ပြု၍ ရစကောင်းသော ဥပဇ္ဈာယဝတ် အာစရိယဝတ်များကို တိုက်ဘာတပါး ဝေးခြားခြင်းစသော အကြောင်းများကြောင့် မပြုမကျင့်ပဲ နေနိုင်ရန် တပည့်တော်အား သနားသမှု ခွင့်ပြုတော်မူကြပါကုန် အရှင်သူမြတ်တို့ဘုရား။

တပည့်တော်အပေါ်၌ အရှင်မြတ်တို့က စောင့်ရှောက်ရန်ရှိသော ခွင့်ပြု၍ ရစကောင်းသော သဒ္ဓိဝိဟာရိကဝတ် အန္တေဝါသိကဝတ်တို့ကိုလည်း ထို့အတူ ဘုရားတပည့်တော်က ခွင့်ပြု ကျေနပ်ပါသည်ဘုရား။

ဆေးပေးခြင်း ဆေးကုခြင်း စသည်တို့နှင့်စပ်၍

# သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ

ဤအခန်းကဏ္ဍ၌—

(က) ဆေးပေးခြင်း– ဆေးကုသခြင်းနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ၊

(ခ) အန္တရာယ်ကင်းရန် ပရိတ် စသည် ရွတ်ဖတ်ခြင်းနှင့် စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ၊

(ဂ) လူတို့အား ညှော်ခံကျွေးမွေးခြင်း စသည်ကို ပြုမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ—

ဟူ၍ (၃)ပိုင်း (၃)မျိုး ခွဲခြား၍ ပြဆိုပါမည်။

ထို(၃)မျိုးတို့တွင်—

## (က) ဆေးပေးခြင်း ဆေးကုခြင်းနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဓိပ္ပာယ် အဆုံးအဖြတ်များ

ဘုရားရှင်၏ သားတော်ဖြစ်ကြကုန်သော ရဟန်းတို့သည် ဆေးပေးသင့် ပေးထိုက် ဆေးကုသသင့် ကုသထိုက်သော ပုဂ္ဂိုလ်များမှတပါး အခြားသော ပုဂ္ဂိုလ်တို့ကို ဆေးမပေး ဆေးမကုကောင်းပါ၊ အကယ်၍ ပေးခဲ့ ကုသခဲ့သော် ကုလဒူသန ဒုက္ကဋ်အာပတ် သင့်၏။

ဝိနယ-၃၂

၎င်းဆေးပေး ဆေးကုသမှုနှင့် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ စပ်၍ရရှိသော ပစ္စည်းလာဘ်လာဘမျိုးကိုလည်း မိမိလည်း မသုံးစွဲကောင်း၊ အခြားသီတင်းသုံးဖော်ဖြစ်သော ရဟန်းသာမဏေတို့လည်း မသုံးစွဲကောင်း၊ ဒုက္ကဋ်အာပတ် သင့်၏။

## ရဟန်းတို့ ဆေးပေး ဆေးကုသထိုက်သော ပုဂ္ဂိုလ်များ

၁။ ဘိက္ခု(ရဟန်းယောကျ်ားများ)၊

၂။ ဘိက္ခုနီ(ရဟန်းမများ)၊

၃။ သိက္ခမာန (သိက္ခမာန်–ရဟန်းမလောင်းများ)၊

၄။ သာမဏေရ(သာမဏေယောကျ်ားများ)၊

၅။ သာမဏေရီ(သာမဏေမများ)၊

ဤပုဂ္ဂိုလ်များကို ဆေးပေး ဆေးကုသကောင်း၏၊ ဤပုဂ္ဂိုလ်(၅)ယောက်ကို သီတင်းသုံးဖော်(၅)ယောက်ဟူ၍ လည်းကောင်း သာသနာ့ဝင်ပုဂ္ဂိုလ်-(၅)ယောက် ဟူ၍ လည်းကောင်း ခေါ်ဆိုသည်။

## သီတင်းသုံးဖော်ဟု ခေါ်ဆိုရသည်မှာ–

၎င်းပုဂ္ဂိုလ်(၅)ယောက်တို့သည် အချင်းချင်း သဒ္ဓါ, သီလ,ပညာတူမျှကြကုန်သည်ဖြစ်၍ သိက္ခာ(၃)ပါးကို အတူတကွ ကျင့်ဖော်ကျင့်ဖက်ဖြစ်ကြသောကြောင့် သီတင်းသုံးဖော်ဟု ခေါ်ဆိုသည်။

## သာသနာ့ဝင်ပုဂ္ဂိုလ်ခေါ်ဆိုရသည်မှာ–

သာသနပြင်ပ တိတ္ထိ ပရိဗိုဇ်မဟုတ်ပဲ့ သာသနာ၏ အတွင်းဝင် ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် သာသနာ့ဝင်ပုဂ္ဂိုလ်ဟူ၍လည်း ခေါ်ဆိုရသည်။

## သာသနာ့ဝင် သီတင်းသုံးဖော်တို့အား

### ဆေးမပေး–ဆေးမကုသပဲ မနေရ

အထက်ပါ သာသနာ့ဝင် သီတင်းသုံးဖော်တို့ မကျန်းမမာ ဖြစ်သောအခါ မိမိတတ်ကျွမ်းနားလည်သမျှ ဆေးပေး ဆေးကုသရမည်။ မိမိကိုယ်တိုင် မကုသတတ်သော် တတ်ကျွမ်းသည့် ဆရာများကို ပင့်ခေါ်၍ ကုသရမည်။ ပစ်မထားကောင်း၊ ပစ်ထားလျှင် အပြစ်ရှိ၏။

မကျန်းမာသူမှာ ဆေး,ဆေးဖိုးဝါးခရှိလျှင် သူ၏ဥစ္စာဖြင့် ကုသပေးရမည်၊ မရှိလျှင် မိမိ၏ ဥစ္စာဖြစ်သော ဆေး,ဆေးဖိုးဝါးခဖြင့် ကုသပေးရမည်။ အကယ်၍ မိမိမှာလည်း မရှိခဲ့လျှင်—

၁။ ဆွမ်းခံဝတ်လှည့်ခြင်းဟူသော ကျင့်ဝတ်ဖြင့်သော်လည်းကောင်း၊

၂။ ဆွေမျိုးတော်သူ ဖိတ်ကြားထားသူတို့၏ အထံ၌တောင်း၍ သော်လည်းကောင်း၊ ရှာမှီး၍ ကုသပေးရမည်။

ထိုသို့ ရှာမှီး၍ မရခဲ့သော် (ဖိတ်မံမှုကို) မပြုသော ပုဂ္ဂိုလ်တို့၏ အထံ၌ တောင်း၍ပင် ကုသပေးရမည်။

မှတ်ချက်။ ။ဂိလာနပုဂ္ဂိုလ် အတွက် ဖြစ်ပါမူ ဆွေမျိုးမတော်သူ၊ ဖိတ်ကြားမထားသူတို့၏ အထံ၌ပင် တောင်းကောင်း၏၊ အပြစ်မရှိ။

## ဆေးကုမပေးပဲ နေကောင်းသော သီတင်းသုံးဖော်ဟူ၍ ရှိသေး၏

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်နှင့် အယူကွဲပြားနေသူ သီတင်းသုံးဖော် ပုဂ္ဂိုလ်မျိုးဖြစ်လျှင်ကား ဆေးကုသမပေးပဲ နေလိုက နေကောင်း၏။

## အခြား ဆေးပေး ဆေးကု ကောင်းသူများ

အထက်ပါ သီတင်းသုံးဖော် (၅)ယောက်မှတပါး အခြား ဆေးပေး ဆေးကုကောင်းသော သူများရှိသေး၏၊ ၎င်းတို့မှာ—

၁။ အမိ

၂။ အဖ

၃။ မိမိ၏ မိ,ဘ,ကို ပြုစုလုပ်ကျွေးနေသူ၊

၄။ မိမိ ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်နေသူ၊

၅။ သံဃာ့ဝေယျာဝစ္စကို ဆောင်ရွက်နေသူ၊

၆။ မောင်ရှင်လောင်း၊ (ကျောင်းသား)။

ဤပုဂ္ဂိုလ် (၆)မျိုးတို့ကိုလည်း ဆေးပေး ဆေးကုသကောင်းသေး၏။

အမိအဖတို့သည် အစိုးရသူ မင်း-မိဖုရား ရာထူး ရာခံကြီးမားသည့်ပုဂ္ဂိုလ်မျိုး ဖြစ်သဖြင့် မိမိ၏သား ရဟန်းထံမှ ဆေး,ဆေးကုသမှုကို တောင့်တမှု မျှော်လင့်မှု မရှိခဲ့လျှင် မကုသပဲနေနိုင်၏။

ဖခင်က ရှင်ဘုရင်ကြီး ဖြစ်နေသော်လည်း သားရဟန်းတော်၏ ဆေး, ဆေးကုသမှုကို တောင့်တမျှော်လင့်လျှင်ကား မပေး မကုသပဲ မနေကောင်း၊ ပေးရ- ကုသရမည်။ မိ ဖတို့ ဆေးမဖော်စပ်တတ်လျှင် ဖော်စပ်၍ ပေးရမည်။

ဤပြဆိုခဲ့သော ပုဂ္ဂိုလ်(၆)ယောက်တို့ကိုသည်း သိတင်းသုံးဖော်(၅)ယောက်၌ ပြဆိုခဲ့သော နည်းအတိုင်း—

၁။ သူတို့၏ဥစ္စာဖြစ်သော ငွေဆေး,ဆေးဖိုးဝါးခဖြင့်၊

၂။ သူတို့အား မရှိလျှင် မိမိဥစ္စာဖြင့်၊

၃။ မိမိ၏ဥစ္စာမရှိလျှင် ဆွေမျိုး, ဖိတ်မံသူများထံတောင်း၍၊

၄။ တောင်းခံ၍မရလျှင် ဆွမ်းခံဝတ်လှည့်သောနည်းဖြင့် ရှာ၍ ရောဂါ ပျောက်ကင်းအောင် ကုသပေးရမည်၊ အပြစ်မရှိ။

## မယ်တော်-ခမည်းတော်များကို ကျောင်း၌ထား၍ပင် ပြုစုလုပ်ကျွေးကောင်း၏။

ရဟန်းတော်တို့သည် မိမိ၏ မယ်တော်-ခမည်းတော်များကို ကျောင်းသို့ ခေါ်ဆောင်ပြီးလျှင် ကျောင်း၌ထား၍ပင် ပြုစုလုပ်ကျွေးကောင်း၏။

မယ်တော်၌ကား-ပြုထိုက်သည့်ပြုဖွယ်ကိစ္စမှန်သမျှကိုကိုင်တွယ်မှု မပြုပဲသာ ပြုစုလုပ်ကျွေးရမည်။

မှတ်ချက်။ ။မိမိ၏ မယ်တော်ပင် ဖြစ်စေ မိန်းမများသည် မကိုင်တွယ် မသုံးသပ်ကောင်းသော အနာမာသအရာဝတ္ထုမျိုး ဖြစ်၍ နှိပ်နယ်ပေးခြင်း စသော ကိုင်တွယ်မှု မျိုးကိုတော့ မပြုလုပ်ကောင်း။ (ဝိနည်းစည်းကမ်း ရှိသည်။) မယ်တော်အား စားဖွယ်သောက်ဖွယ်များကို ကိုယ်တိုင်လက်ဖြင့် ပေးကောင်း ခွံ့ကောင်း တိုက်ကောင်း၏။

ခမည်းတော်-ခမည်းတော်ဖြစ်ပါမူကား သာမဏေများကို ပြုစုလုပ်ကျွေး သကဲ့သို့ ကိုယ်တိုင် ရေချိုးပေးခြင်း၊ ဆုပ်နယ်ပေးခြင်း စသော အမှုကိစ္စ အားလုံးကို ပြုလုပ်ကာ ပြုစုလုပ်ကျွေးကောင်း၏။

မယ်တော်-ခမည်းတော်တို့ကို ပြုစုလုပ်ကျွေးနေသူ ပုဂ္ဂိုလ်များ ကိုလည်း မိမိ၏မယ်တော်-ခမည်းတော်များနည်းတူ ပြုစုလုပ်ကျွေးကောင်း၏။

ဝေယျာဝစ္စကရကပ္ပိယပုဂ္ဂိုလ်များကို–လခရိက္ခာဖြင့်ဖြစ်စေ- စေတနာ့ဝန် ထမ်းဖြင့်ဖြစ်စေ၊ သံဃာ၏လည်းကောင်း၊ မိမိ၏လည်းကောင်း အမှုကြီးငယ် ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်နေသူများကို ဝေယျာဝစ္စကရ-ဟု ခေါ်သည်။

၎င်းဝေယျာဝစ္စကရကပ္ပိယပုဂ္ဂိုလ်များ နေထိုင်မကောင်းသော်၊ သူတို့၏ သားချင်းဆွေမျိုးများ မသိရှိ မတွေ့မြင်သေးသမျှ ကာလပတ်လုံး မိမိ– ရဟန်းတို့၏ တာဝန်သာဖြစ်၍ ဆေးဝါးကုသပေးကောင်း၏။ ထို့ကြောင့် ကျောင်း, ကျောင်းဝိုင်း, ဘုရား,ဘုရားဝိုင်း, အတွင်း၌ဖြစ်စေ၊ မြို့တွင်း, ရွာတွင်း, တောတွင်း၌ ဖြစ်စေ၊ ရတနာ(၃)ပါးနှင့် စပ်သောကိစ္စ၊ ကျောင်း, ကျောင်းတိုက်, သံဃာနှင့် စပ်သော ကိစ္စ၊ မိမိရဟန်းနှင့်စပ်သော ကိစ္စတို့ ကို အခကြေးငွေဖြင့်ဖြစ်စေ စေတနာအလျောက်ဖြစ်စေ မိမိက စေခိုင်းခြင်း ကြောင့် ပြုလုပ်နေသော ပန်းရန်, လက်သမား, အလုပ်သမား စသော ပုဂ္ဂိုလ်များကိုလည်း ဆေးပေး ဆေးကုသပေး ကောင်း၏။

မောင်ရှင်လောင်းဆိုသည်မှာ– ရှင်သာမဏေဝတ်ရန်၊ ဆရာရဟန်းများထံ အပ်နှံထားသော ပုဂ္ဂိုလ်နှင့် ဘုန်းတော်ကြီးကျောင်းသားများကို မောင် ရှင်လောင်းဟု ခေါ်သည်၊ ၎င်းမောင်ရှင်လောင်းများကို သာမဏေများ အတိုင်း အစစဆောင်ရွက်၍ ဆေးပေးကောင်း ဆေးကုသကောင်း၏။

## ရဟန်းတော်များ ဆေးအတတ်သင်ကောင်း–မသင်ကောင်း

ရဟန်းတော်များနှင့် သာမဏေများ ဆေးအတတ်ကို သင်ကောင်း၏။

**အထောက်သာဓကမှာ–**

> ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဂိလာနုပဋ္ဌာကော
> အလံ ဂိလာနံ ဥပဋ္ဌာတုံ ပဋိဗလော ဟောတိ ဘေသဇ္ဇံ သံဝိဓာတုံ၊
> သပ္ပါယာ သပ္ပါယံ ဇာနာတိ၊ အသပ္ပါယံ အပနာမေတိ သပ္ပါယံ
> ဥပနာမေတိ–

စသည်ဖြင့် ဝိနယမဟာဝဂ္ဂ ဂိလာနဝတ္ထုကထာ (၄၁၉)၌ ဘုရားရှင်သည် ဟောကြားထားသည့် ဂိလာနရဟန်းကို ပြုစုလုပ်ကျွေးထိုက်သော သူနာပြု ရဟန်းတို့အား ပြည့်စုံရမည့် ဂုဏ်အင်္ဂါ(၅)ချက်တို့တွင်—

၁။ ဆေးကို ကိုယ်တိုင်စီရင်ဖော်စပ်တတ်ရမည်၊

၂။ သူနာနှင့် သင့်သော ဆေး, အစာ၊ မသင့်သောဆေး, အစာတို့ကို သိရှိနားလည်ရမည်၊

၃။ မသင့်သောဆေး, အစာတို့ကိုပယ်၍ သင့်တော်မည့် ဆေး, အစာ တို့ကိုသာ ရွေးချယ်လျက် သူနာအား ပြုစုလုပ်ကျွေးတတ်ရမည် —

ဟု ပညတ်တော်မူချက်ကို ထောက်၍၊ ရဟန်းသာမဏေများ ဆေးပညာ ဆေးအတတ်ကို(အသင့်အတင့်) သင်ကြားထားထိုက်ပေသည်။

သီလက္ခန်ပါဠိ မဟာသီလခန်း(၉) စသည်တို့၌ ဆေးဝါးအတတ်ကို မိစ္ဆာဇီဝ-ဟု ဟောကြားထားခြင်းကား—ဆေးအတတ် ပညာသင်ကြားမှုကို မိစ္ဆာဇီဝ-ဟု ဟောကြားတော်မူသည်မဟုတ်၊ သင်ကြားပြီးလျှင် လူတို့အား ဆေးဝါးကုသပေးခြင်းဟူသော ကုလဒူသနအမှု ပြုလုပ်ခြင်းမျိုးကိုသာ မိစ္ဆာ ဇီဝအလုပ်ဖြစ်၍ တားမြစ်တော်မူခြင်း ဖြစ်သည်၊ ဆေးအတတ်ပညာသင် ကြားမှုကို တားမြစ်တော်မူခြင်းမဟုတ်၊ ထို့ကြောင့် ရဟန်းသာမဏေတို့ သည် ဆေးပညာကို သင်ကြားထားပြီးလျှင် သီတင်းသုံးဖော် ပုဂ္ဂိုလ်များ နှင့် ဆေးပေး ဆေးကုကောင်းသည့် ပုဂ္ဂိုလ်များအား မိမိတတ်ကျွမ်းထား သည့် ဆေးပညာဖြင့် ကျေးဇူးပြုကာ သာသနာပြု လုပ်ငန်းကောင်းကြီးကို စေတနာ သဒ္ဓါ ထက်သန်စွာဖြင့် ဆောင်ရွက်နိုင်ပါမူကား အတိုင်းမသိ သော အကျိုးကျေးဇူး တရားများကို ရရှိနိုင်ပေသည်။

အထက်ပါ ပြဆိုခဲ့သော အကြောင်းကြောင့် ရဟန်း သာမဏေများ ဆေးပညာ သင်ကောင်း၏ဟု မှတ်ယူရမည်၊ ၎င်းဆေးပညာဖြင့် အသက် မွေးမှုကိုတော့ လုံးဝမလုပ်ကောင်းပါ။

**အခြားဆေးပေး ဆေးကုသကောင်းသေးသော ပုဂ္ဂိုလ်များ**

| | | |
|---|---|---|
| (၁) အစ်ကိုကြီး | (၂) ညီငယ် | (၃) အစ်မကြီး |
| (၄) နှမငယ် | (၅) ဒေါ်လေး | (၆) ဒေါ်ကြီး |
| (၇) ဘကြီး | (၈) ဘထွေး | (၉) အရီး |

(၁၀) ဦးကြီးဦးလေး။

ဤတကျိပ်သော ဆွေမျိုးတို့အားလည်း ဆေးဝါးကုသ ပေးကောင်းသေး၏။

ကုသပေးပုံနည်းကား။ ရင်းတကျိပ်သော ဆွေမျိုးတို့ကို ဆေးဝါးကုသပေးသော ရဟန်းသည်၊ ထိုသူတို့၏ ဥစ္စာဖြစ်သော ဆေးနှင့် ဆေးပစ္စည်းကိုသာ ယူ၍ ဖော်စပ် ကုသပေးရမည်။ မိမိရဟန်း၏ ဥစ္စာဖြစ်သောဆေးဝါးများကိုမူ မပေးကောင်း။

ရင်းဆွေမျိုး ပုဂ္ဂိုလ်တို့သည် ဆေးမဖော်စပ်တတ်၍ဖြစ်စေ၊ ဖော်စပ်ပြီး မရှိ၍ဖြစ်စေ၊ ပစ္စည်းဥစ္စာ မတတ်နိုင်၍ဖြစ်စေ၊ "အရှင်ဘုရားတို့အား နောက်အခါ အစားပြန်၍ လှူဒါန်းပါမည်" ဟု လျှောက်ထားကာ ဆေးကို တောင်းကုန်ငြားအံ့၊ အခိုက်အတန့်အနေဖြင့်ကား မိမိဥစ္စာဖြစ်သော ဆေးကို ပေး၍ ကုသကောင်း၏။

အကယ်၍ ထိုသို့လျှောက်ထားကာ မတောင်းသော်လည်း—

"ငါတို့မှာ ဆေးရှိသည် အခိုက်အတန့်ယူကြကုန်လော့" ဟု ပြောကြား၍ သော်လည်းကောင်း၊

"သူတို့ ရှိတဲ့အခါကျ ပြန်ပေးကြလိမ့်မည်" ဟု နှလုံးသွင်း၍သော်လည်းကောင်း၊ မိမိဆေးဖြင့် ဆေးဝါးကုသ၍ ပေးကောင်း၏။ နောင်အခါ အစားပြန်လှူလျှင်မူ ယူနိုင်၏၊ မလှူလျှင်ကား မတောင်းရ။

အထက်ပါ—

၁။ သီတင်းသုံးဖော် (၅) ယောက်၊

၂။ မိ–ဖ စသောသူ (၆) ယောက်၊

၃။ အစ်ကိုကြီး စသော ဆွေမျိုး (၁၀) ယောက်၊

တို့မှတပါး အခြား ပုဂ္ဂိုလ်တို့အား တိုက်ရိုက်ဆေးဝါး ပေးလည်းမပေးကောင်း၊ ကုလည်း မကုသကောင်း။

## ဝိနည်းစည်းကမ်းအရ ဆွေမျိုးများ

ရဟန်းတို့သည် အစ်ကိုကြီးစသော တကျိပ်သော ဆွေမျိုးတော်စပ်သူ ပုဂ္ဂိုလ်တို့၏ သားသမီး အဆက်ဆက်ဖြစ်ကြသော ဆွေ (၇) ဆက်၊ မျိုး (၇) ဆက် တိုင်အောင် တော်စပ်သော ပုဂ္ဂိုလ်တို့၏ အထံ၌ ဝိနည်းစည်းကမ်းအရ ပစ္စည်းလေးပါးကို တောင်းကောင်း၏။ တောင်းသဖြင့် အပြစ်အာပတ်မသင့်၊ ထိုသို့သော ဆွေမျိုးတော်စပ်ကြသော ဆွေ (၇) ဆက်၊ မျိုး (၇) ဆက် တိုင်အောင် ဆွေမျိုးတော်စပ်သူ ပုဂ္ဂိုလ်တို့အားလည်း ဆေးပေးကောင်း ဆေးကုသကောင်း၏။ ကုသဒုသန ဒုက္ကဋ် အာပတ်မသင့်၊ အပြစ်မရှိ။

## သွယ်ဝိုက်သော ပရိယာယ်နည်းဖြင့် ဆေးကုသကောင်းသူများ

ရဟန်းတို့က သွယ်ဝိုက်သောပရိယာယ်နည်းဖြင့် ဆေးကုသ၍ပေးကောင်းသော ပုဂ္ဂိုလ်များလည်း ရှိသေး၏။ ၎င်းပုဂ္ဂိုလ်များကား–

၁။ အစ်ကို–ညီတို့၏ မယား (မရီး-ခယ်မ)။

၂။ အစ်မ–နှမတို့၏ လင် (ယောက်ဖ)။

၎င်းတို့သည် ဆွေမျိုးထဲတွင် မပါဝင်ကြကုန်။ ဆွေမျိုးနှင့် စပ်သွယ်သူများသာ ဖြစ်ကြကုန်၏။

ထိုသူတို့ ဖျားနာခဲ့သော် ခယ်မ–မရီး–ယောက်ဖ ဖြစ်သူတို့သည် ပင်ကိုယ်ကပင် ဆွေ (၇) ဆက်၊ မျိုး (၇) ဆက်ထဲတွင် ပါဝင်တော်စပ်နေသူ ဖြစ်ခဲ့လျှင်ကား တိုက်ရိုက်ပင် ဆေးဝါးကုသပေးကောင်း၏၊ အပြစ်မရှိ။

ပင်ကိုယ်က ဆွေမျိုးတော်စပ်နေသူ မဟုတ်၊ တစိမ်းဖြစ်လျှင်ကား ဆေးဝါးကို ထိုသူနာများအား တိုက်ရိုက်မပေးပဲ "ဤဆေးကို သင်တို့၏ လူနာကို ပေးလိုက် တိုက်လိုက်ကြကုန်လော့" ဟု ပြောဆိုပြီးလျှင် မိမိနှင့်ဆွေမျိုးတော်သည့် အစ်ကို–အစ်မ–ညီ–နှမတို့ ဥစ္စာဖြစ်အောင် ပြုလုပ်ကာ ပေးကောင်း၏။ သို့မဟုတ် မရီး-ခယ်မ-ယောက်ဖတို့၏ သားသမီးတို့၏ ဥစ္စာ ပြုလုပ်ကာ "သင်တို့၏ မိ–ဖများကို ပေးလိုက် တိုက်လိုက်ကြကုန်လော့"ဟု ပြောဆိုကာ ဆွေမျိုးတော်သော တူ-တူမ-စသောသူတို့အား ပေးကောင်း၏။ ဦးကြီး–ဦးလေး–ဒေါ်ကြီး–ဒေါ်လေး–အရီး စသော ဆွေမျိုးတော်သူ ပုဂ္ဂိုလ်တို့၏ မယား-လင်-စသော ဆွေမျိုး မတော်စပ်သူများကိုလည်း အထက်ပါနည်းအတိုင်း ဆွေမျိုးတော်သူတို့ဘက်မှ လှည့်ကာ ပရိယာယ်နည်းအားဖြင့် ဆေးပေးကောင်း ဆေးကုသကောင်း၏။

## တပည့်ကိုရင်များကို ဆေးပင်, ဆေးမြစ်စသည် အရှာခိုင်းနည်း

ရဟန်း၏ မိ–ဖ စသော သူတို့အတွက် တောထဲစသည်မှ ဆေးပင်, ဆေးမြစ်, ဆေးရွက်, ဆေးခေါက် စသော ဆေးမယ်ပစ္စည်းများကို ကျောင်းမှ မိမိတပည့် ကိုရင်များကို အရှာဖွေခိုင်းလိုသော် သူနာနှင့် ဆွေမျိုးတော်စပ်သူ ကိုရင်များကိုသာ ခိုင်းရမည်။

သို့မဟုတ် ဆရာက "မိမိအတွက်" ဟု စိတ်ကမှန်းကာ ဆွေမျိုးမတော်စပ်သူ ကိုရင်များကိုလည်း အပြစ်လွတ်သောနည်းဖြင့် ခိုင်းကောင်း၏။

တော၌ဆေးဝါးရှာသော ဆွေမျိုးတော်သူ ကိုရင်များကလည်း "ငါတို့ဆရာအတွက်" ဟု နှလုံးပြုကာ ဆရာ ဥပဇ္ဈာယ်တို့၏ ဝတ်ကို အဦးပြု၍ ရှာဖွေဆောင်ယူ၍ ပေးရာ၏။

## ဆရာဥပဇ္ဈာယ်တို့၏ မိဘများကိုလည်း ဆေးကုပေးကောင်း

မိမိဆရာ-ဥပဇ္ဈာယ်တို့၏ မိဘများ ဖျားနာသဖြင့် ကျောင်းသို့ရောက်ရှိလာရာ ဆရာဥပဇ္ဈာယ်လည်း ကျောင်းတွင်မရှိ ခရီးထွက်နေခိုက်ကြုံခဲ့ပါမူ ကျောင်းရှိတပည့်တို့သည် ၎င်းဆရာဥပဇ္ဈာယ်တို့၏ မိဘများကို ဆရာဥပဇ္ဈာယ်တို့၏ ဥစ္စာဖြစ်သော ဆေးကို ပေး၍ ကုသရမည်။ ဆေးမရှိလျှင် မိမိတို့၏ ဥစ္စာဖြစ်သော ဆေးကို "ဆရာအား စိတ်ထဲက စွန့်လှူဒါန်းပြီးလျှင်"ကုသ၍ ပေးရမည်။

မိမိတို့၏ ဥစ္စာဖြစ်သော ဆေးပင်မရှိလျှင် ဆွမ်းခံ၀တ်ဖြင့် ရှာဖွေ၍ဖြစ်စေ၊ သာမဏေတို့အား ဆေးမြစ်, ဆေးရွက်, ဆေးခေါက်အရှာခိုင်းသောနည်းဖြင့်ဖြစ်စေ ရှာမှီးခါ ဥပဇ္ဈာယ်ဆရာ၏ ဆေးအနေဖြင့် ပြု၍ပေးရ-ကုသရမည်။

## တပည့်၏မိဘများကိုလည်း ဆေးကုကောင်း

ဆရာဥပဇ္ဈာယ်တို့ကလည်း တပည့်တို့၏ မိဘများကို အထက်ပါနည်း အတိုင်း ဆေး၀ါးကုသပေးကောင်း၏၊ အပြစ်မရှိ။ ဤသို့ ဆရာ၏ မိဘတို့အား တပည့်တို့က၊ တပည့်၏ မိဘတို့အား ဆရာသမားတို့က အပြန်အလှန်ပင် ဆေး၀ါး ကုသပေးကောင်း၏။

## ဆရာ(၄)မျိုးနှင့် တပည့်(၄)မျိုး

၁။ ရှင်ပြုပေးသူ သရဏဂုံဆရာနှင့် ပဗ္ဗဇ္ဇန္တေ၀ါသိက တပည့်။

၂။ ကမ္မ၀ါစာဆရာနှင့် ဥပသမ္ပဒန္တေ၀ါသိက တပည့်။

၃။ နိဿယည်းဆရာနှင့် နိဿယန္တေ၀ါသိက တပည့်။

၄။ စာသင်ပေးသော ဓမ္မာစရိယဆရာနှင့် ဓမ္မန္တေ၀ါသိက တပည့်။

ဆရာ(၄)ပါးတို့နှင့် တပည့်(၄)ပါးတို့သည် အပြန်အလှန်အားဖြင့် ဆိုင်ရာမိဘတို့ကို ဆေးကုသပေးကောင်း၏ဟု မှတ်ပါ။

## ဆွေမျိုးမတော်ပဲလျက် ဆေးကုပေးကောင်းသူများ

ကျောင်းသို့ရောက်လာသည့်–

၁။ ခရီး၀ေးမှလာသည့်ဧည့်သည်၊

၂။ ခိုးသူ၊ ဒမြ၊ သူပုန်၊

၃။ စစ်ရှုံးသဖြင့် ထွက်ပြေးလာသော မင်းစသော အစိုးရသူ၊

၄။ ခရီးသွားလူ၊

၅။ ဆွေမျိုးတို့က စွန့်ပစ်ထားသဖြင့် အားကိုးရာမဲ့ အထီးကျန်သူ၊

ရှင်းပုဂ္ဂိုလ်(၅)ဦးတို့ မကျန်းမာ၍ ကျောင်းသို့ရောက်လာလျှင် ပစ္စည်းလာဘ်ကို မျှော်လင့်ချက်မထားပဲ ဆေးဝါးကုသပေးကောင်း၏၊ ကုသ၍ ပေးရမည်။

ရဟန်း သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့နေသဖြင့် ရဟန်းသံဃာတို့၏ မိဘသဖွယ်ဖြစ်နေသည့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုး အိမ်၌ တယောက်ယောက် မကျန်းမာသဖြင့် ရဟန်း သံဃာတို့နှင့် အကျွမ်း ဝင်သည်ဖြစ်၍—

"အရှင်ဘုရား-မည်သူ မကျန်း မမာ ဖြစ်နေပါ၏၊ ဆေးဝါးဖော်စပ်၍ ပေး ပါကုန်ဘုရား" ဟု အကယ်၍ တိုက်ရိုက် လျှောက်ထားကာ တောင်းခဲ့ငြားအံ့၊ မပေး-မကုကောင်း။

"အရှင်ဘုရား-ဤမည်သော ရောဂါအတွက် အဘယ်သို့သော ဆေးကို တိုက်ကျွေးရပါကုန်သနည်းဘုရား" ဟု ဝိနည်းကို နားလည်ကာ ပရိယာယ်ဖြင့် လျှောက်ထားမေးမြန်းလျှင်ကား—

"ဤမည်သောဆေးကိုတိုက်ကျွေးရ၏၊

"ဤသို့ ဤပုံ ကုသရ၏" -ဟု ဆေးနည်း ကုသနည်းတို့ကို ပြောပြကောင်း ၏။ အထက်ပါ ကျေးဇူးများသောအိမ်မှ တစုံတယောက်သောသူသည် "အရှင် ဘုရား-တပည့်တော်၏(အမေ)နေမကောင်းပါ၊ သင့်လျော်သည့် ဆေးဝါးများကို အမိန့်ရှိတော်မူပါ" ဟု တိုက်ရိုက်မေးလျှောက်ခဲ့သော် မပြောကောင်း။

ထိုသို့ပင် မပြောကောင်း သော်လည်း မိမိ၏အနား၌ ရှိသူ ရဟန်း အချင်းချင်း—

"ငါ့ရှင် ဤမည်သောရဟန်းအား ဤမည်သော ရောဂါဖြစ်တုံးက ဤမည် သောဆေးဖြင့် ပျောက်ကင်းသည် မဟုတ်ပါလား" ဟု ဤသို့မေးလာသူ သဘောပေါက်နားလည်အောင် တိုင်ပင်မေးမြန်း ပြောဆိုသော အနေဖြင့် ပရိယာယ်နည်းဖြင့် မေးလျှောက်လာသူ၏ ရှေ့၌ ပြောဆိုခြင်းငှာ အပ်၏။ ပြောဆိုကောင်း၏။ ဤသို့ ရဟန်းချင်းချင်း ပြောကြားကြသော စကားကို မေးလျှောက်လာသူ ကြားသဖြင့် သူတို့ဘာသာဖြင့် ဆေးကိုရှာ၍ ကုလိမ့်မည်။

## နည်းယူဖွယ်အကြောင်းအရာ

သီဟိုဠ်ကျွန်း၌ မဟာပဒုမထေရ်သည် သီဟိုဠ်ကျွန်းရှင် ဘုရင်ဝသဘမင်းကြီး၏ မိဖုရားကြီး မကျန်း မမာ ရောဂါဖြစ်နေသဖြင့် မိဖုရားကြီး၏ အလုပ်အကျွေးဖြစ်သော အမျိုးသမီးသည် မဟာပဒုမထေရ်၏ အထံသို့ လာရောက်၍ သင့်တော်မည့်ဆေးကို မေးမြန်းလျှောက်ထားရာ–

မဟာပဒုမထေရ်က "ငါမသိဘူး"ဟု မိန့်တော်မမူပဲ အထက်ပါ ပရိယာယ်နည်းအတိုင်း အနီးရှိ သီတင်းသုံးဖော် ရဟန်းအချင်းချင်း အမေးအဖြေပြုလုပ်ကာ ဆေးကုသနည်းကို အမိန့်ရှိတော်မူ၏။ လိမ္မာပါးနပ်သော အလုပ်အကျွေးဖြစ်သည့် အမျိုးသမီးသည်လည်း မဟာပဒုမထေရ်၏ အနီးရှိ ရဟန်းတို့နှင့် အမေးအဖြေပြုလုပ်ကာ ပြောဆိုကြသော စကားကို မှတ်သားသွားပြီးလျှင် မိဖုရားကြီးအား ကုသရာ မိဖုရားကြီး မကြာခင်ပင် ရောဂါဝေဒနာပျောက်ကင်း၍ ချမ်းသာခြင်းသို့ ရောက်လေ၏။ ရောဂါပျောက်ကင်းသဖြင့် မိဖုရားကြီးသည်လည်း တိစီဝရိတ်သင်္ကန်းများနှင့်တကွ အသပြာငွေသုံးရာတို့ကို ဆေးကလပ်ပေါ်သို့တင်ကာ ၎င်းအပေါ်မှ ပန်းများကို အပြည့်အမောက် ဖုံးလွှမ်း၍ တင်ပြီးလျှင် ကျောင်းသို့သွားကာ မဟာပဒုမထေရ်အား–

အရှင်ဘုရား ပန်းပူဇော်မှုကို ပြုတော်မူပါကုန်လော့"ဟု လျှောက်ထားလေ၏။

မထေရ်သည်လည်း "ဤအဖိုးသည်(အာစရိဘာဂ)ဆရာ၏အဖိုးမည်၏"ဟုပြောဆိုပြီးလျှင် "ပန်းတွေကို ယူထားလိုက်"ဟု အပ်သောအသုံးအနှုန်းဖြင့် ပြောဆိုကာ ယူစေ၍ ပန်းပူဇော်မှုကို ပြုတော်မူခဲ့၏။

မှတ်ချက်။ ။"အာစရိယဘာဂ– ဆရာ၏အဖိုးမည်၏"ဟု ဆိုရာ၌ ဝိနည်းနားမလည်သူ ဖြစ်လျှင် မိဖုရားကြီး၏ အလုပ်အကျွေး အမျိုးသမီး လာ၍ မေးလျှောက်စဉ်အခါက ဝိနည်းနှင့်လျော်ညီအောင် စီရင်နိုင်သည်မဟုတ်၊ မစီရင်တတ်လျှင် ဤသို့သော လာဘ်ကိုလည်း ရနိုင်မည်မဟုတ်။

မဟာပဒုမထေရ်ကား ဝိနည်းနှင့်လျော်ညီအောင် စီရင်နိုင်သည့်အတွက် ရရှိသောလာဘ်ဖြစ်သောကြောင့်(အာစရိယဘာဂ)ဆရာ၏အဖိုး ဆရာသုံးထိုက်သည့် လာဘ်ဖြစ်သည်ဟုဆိုသည်။ ဆေးဆရာ–မဟုတ် ဝိနည်းတတ်ကျွမ်းမှု ဆရာဟု ရည်ရွယ်တော်မူ၍ မိန့်တော်မူခြင်းဖြစ်သည်။

"သင်္ကန်းနှင့် ငွေတွေကို ယူထားလိုက်"ဟု ကပ္ပိယကာရကအား တိုက်ရိုက် မခိုင်းပဲ၊ "ပန်းတွေကို ယူထားလိုက်"ဟု အပ်သော အသုံးအနှုန်းဖြင့် အမိန့်ရှိတော်မူလိုက်၏။ ကပ္ပိယဝေါဟာရဖြင့် စေခိုင်းခြင်းကြောင့် အပြစ်မရှိ။

ဆေးပေး ဆေးကုခြင်းနှင့် စပ်၍ သိမှတ်ဖွယ်ရာများကားပြီး၏။

---

## (ခ) ပရိတ်ရွတ်ခြင်းနှင့်စပ်၍ သိမှတ်ဖွယ်များ

ပရိသမန္တတော ဘယံ တာယတိ ရက္ခတီတိ ပရိတ္တံ-ဟူသော ဝစနတ္ထနှင့်အညီ ထက်ဝန်းကျင် အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့မှ ဖြစ်ပေါ်ကျရောက်တတ်သော ဘေးရန်အန္တရာယ်တို့ကို မကျမရောက်အောင် တားမြစ်ကာကွယ်ခြင်းငှါ စွမ်းနိုင်သော မြတ်စွာဘုရား၏ အာဏာဒေသနာတော်များကို ပရိတ်ဟုခေါ်သည်။

၎င်းပရိတ်တော်တို့၏ တန်ခိုးသည် စကြဝဠာ ကုဋေတသိန်းသော အာဏာခေတ်အတွင်း၌ အစွမ်းထက်မြက်နိုင်သည်။

### ပရိတ်ရွတ်ဖတ်သူ၏ အင်္ဂါ (၃)ပါး

"သဒ္ဒါမပျက်, အနက်မမှား, လာတ်ကားမငဲ့"ဟူသော အကျဉ်းဆောင်ပုဒ်အားလျော်စွာ မိမိရွတ်ဖတ်သော ပရိတ်တော်၏-

၁။ ပုဒ်-ပါဠိ-အက္ခရာ-သဒ္ဒါ ချွတ်ယွင်းချက်မရှိ မှန်ကန်ပီသအောင် ရွတ်ဖတ်တတ်ရမည်။

၂။ မိမိရွတ်ဖတ်သည့် ပရိတ်ပါဠိ၏ အနက်အဓိပ္ပါယ်ကို စိတ်ထဲက သိနားလည်ရမည်။

၃။ ဒါယကာ-ဒါယိကာမတို့၏ အပေါ်မှ ပစ္စည်းလာဘ်လာဘ ပူဇော်သက္ကာရတို့ကို ငဲ့ကွက်မှုမရှိပဲ ကြီးမားသော မေတ္တာ ကရုဏာဖြင့် ရွတ်ဖတ်ရမည်။

### ပရိတ်နာသူ၏အင်္ဂါ (၃)ချက်

"ကံလည်းမငြိ, ကိလည်းမကြို, ယုံလည်းယုံ"ဟူသော လင်္ကာဆောင်ပုဒ်နှင့်အညီ၊

၁။ အာနန္တရိယကံထိုက်သူလည်းမဖြစ်ရ။

၂။ နိယတမိစ္ဆာဒိဋ္ဌိရှိသူလည်း မဖြစ်ရ။

၃။ ယုံကြည်သော သဒ္ဓါတရားဖြင့် ရိုရိုသေသေ နာကြားရခြင်း။

ဤသို့– ၁။ ရွတ်သူဘက်က အင်္ဂါ (၃)ချက်၊

၂။ နာကြားသူဘက်ကအင်္ဂါ (၃)ချက်၊

ဤအင်္ဂါ (၆)ချက်နှင့် ပြည့်စုံလျှင် ဘုရားရှင်၏ အာဏာဒေသနာတော်ဖြစ်သော ပရိတ်တော်တို့၏ တန်ခိုးသည် အလွန်ကြီးမားသည်ဖြစ်၍ မိမိတို့လိုလားသည့် လောကီ လောကုတ္တရာအကျိုး အမျိုးမျိုးတို့ကို အလိုရှိတိုင်း ပြီးမြောက်အောင်မြင် ရရှိနိုင်လေသည်။

ရဟန်းတို့သည် ပရိတ်ရွတ်ဖတ်ရာ၌ ဤဆိုအပ်လတ္တံ့သောနည်းဖြင့် ကျင့်သုံးရာ၏။

ဒါယကာ ဒါယိကာမတို့က အရှင်ဘုရား မကျန်းမာနေသူအတွက် ပရိတ်အရံအတားပြုလုပ်ပေးပါဘုရား”ဟု လျှောက်ထားသော် ဆေးကုခိုင်းသည့်သဘော ပါနေသောကြောင့် ရွတ်မပေးကောင်း၊

“ပရိတ်ကို ရွတ်ဖတ်ပေးတော်မူပါဘုရား၊”

“ပရိတ်ရွတ် ကြွတော်မူပါဘုရား”ဟု လျှောက်ထားလျှင်ကား ရွတ်ပေးကောင်း၏။

“မကျန်းမာသူအတွက် ပရိတ်အရံအတားကို ပြုလုပ်ပေးပါဘုရား” ဟု လျှောက်ထားသဖြင့် မအပ်သည့်အတွက်ကြောင့် ရွတ်မပေးကောင်းသော်လည်း ပင့်လျှောက်ခံရသူ ရဟန်းက–

“လူတို့မည်သည် အပ်သော (ကပ္ပိယဝေါဟာရ)အသုံးအနှုန်းစကားများကို နားမလည်ရှာကြကုန်၊ မလျှောက်ထားတတ်ရှာကြကုန်၊ ပရိတ်ကို ရွတ်မပေးပဲနေလျှင် သူတို့မှာ စိတ်နှလုံး မသာယာမှုဖြစ်နေရှာကြပေလိမ့်မည်”ဟု မေတ္တာကရုဏာ ရှေ့ထားသော စိတ်အကြံဖြစ်ခဲ့လျှင် ရွတ်ပေးကောင်း၏။

## ပရိတ်ရေနှင့်ပရိတ်ချည်

''ပရိတ်ရေ,ပရိတ်ချည်, ပြုပေးတော်မူကြပါကုန်ဘုရားဟု လျှောက်ထားလျှင် သူတို့၏ ဥစ္စာဖြစ်သော ရေ-ချည်-တို့ဖြင့် ပရိတ်ကို ရွတ်ပေးရမည်။ ပရိတ်ရွတ်ဖတ်ရင်း–

ရေကို လက်ဖြင့်လှုပ်စေ၍လည်းကောင်း၊ ချည်ကို လက်ဖြင့်ဆုပ်နယ်၍လည်းကောင်း ပရိတ်ရေ ပရိတ်ချည်တို့ကို ပြုလုပ်ပေးရမည်။

ကျောင်း၌ရှိသော ရေ,ချည်တို့ဖြင့်ကား ပြုလုပ်မပေးကောင်း၊ပြုလုပ်ပေးက ဒုက္ကဋ်အာပတ်သင့်၏။ ကျောင်း၌ရှိသော ခတ်ပြီးသားရေ၊ ကျောင်း၌ရှိသော ချည်တို့ဖြင့် ပြုလုပ်ပေးလျှင် ဆွေမျိုးမတော်သူတို့အား ရေ, ချည်, ပေးသောကြောင့် ကုလဒူသက ဒုက္ကဋ်အာပတ်သင့်သည်။

မှတ်ချက်။ ။ပရိတ်ရွတ်စဉ် ရေကို လက်ဖြင့်လှုပ်၍ လှုပ်၍ ပေးရမည်။ ချည်ကို လက်ဖြင့်ကိုင်ကာဆုပ်နယ်၍ ပေးရမည်။ ဤသို့ ပြုလုပ်လျှင် ပရိတ်တော်၏တန်ခိုးသည် ရေ၏အတွင်း ချည်၏ အတွင်းသို့ ဝင်ရောက်သွားသည်ဟုဆိုသည်။

(ဝိမတိဋီကာ၊ ပ-နှာ-၂၃၆)

လူတို့သည် ရေကိုလည်းကောင်း၊ ချည်ကိုလည်းကောင်း ယူလာပြီး ရဟန်းတို့၏ ရှေ့နား၌ ချထားပြီးလျှင် ''ပရိတ် ရွတ်ပေးတော်မူပါကုန်ဘုရား''ဟု လျှောက်ထားကြလျှင် ရွတ်ပေးကောင်း၏။

ရဟန်းတို့နှင့် အပ်စပ်အောင် လျှောက်ထားနည်း နားမလည်သူတို့ကို နားလည်အောင် သင်ကြားပြောပြပေးရမည်။ ထိုင်နေကြကုန်သော ရဟန်းတို့၏ ခြေထောက်ပေါ်သို့ ရေကိုလောင်းကုန်၍လည်းကောင်း၊ ချည်ကိုချထားကုန်၍လည်းကောင်း၊ ''ပရိတ်ကိုပြုတော်မူပါကုန်လော့''ဟု လျှောက်ထားသော် ခြေထောက်များကို မဖယ်ရ။ အဘယ့်ကြောင့်ဆိုသော် လူတို့အား စိတ်နှလုံးမသာယာမှု စိတ်မကောင်းမှု ဖြစ်တတ်သောကြောင့်တည်း။

**အထက်ပါစကားကို ရှင်းလင်းချက်။** ။လူတို့သည် ရဟန်းတော်တို့၏ ခြေထောက်ပေါ်သို့ ရေလောင်းစဉ်
ရဟန်းတို့က ခြေထောက်ကို ဖယ်လိုက် ရုတ်လိုက်လျှင် ထိုပရိတ်ရေ ပရိတ်ချည်တို့သည် ''မင်္ဂလာမရှိတော့၊ ရောဂါမပျောက်စေနိုင်တော့''ဟု အယူအဆရှိတတ်ကြသည်။ ထိုအယူအဆ ရှိသူများမှာ စိတ်မချမ်းသာမှု စိတ်မကောင်းမှု ဖြစ်တတ်ကြ၏။ ထို့ကြောင့် မဖယ်ရ မရုတ်ရဟုဆိုသည်။

"မြို့တွင်းရွာတွင်း၌ နေမကောင်းသူအတွက် ပရိတ်ရွတ်ကြွတော်မူပါကုန်"ဟု ကျောင်းသို့ အပင့်လျှောက်လွှတ်ခဲ့သော် ကြွသွား၍ ရွတ်ကောင်း၏။

မြို့တွင်း ရွာတွင်း မင်းနန်းတော်စသော အရပ်တို့၌ အနာရောဂါသည်လည်း ကောင်း၊ ဘီလူးသားရဲစသော ဥပဒ်သည်လည်းကောင်း ဖြစ်ပေါ်သဖြင့် အပင့် လွှတ်ကာ ပရိတ်ရွတ်ပေးပါရန် လျှောက်ထားငြားအံ့၊ 'အာဋာနာဋိယသုတ်' စသောပရိတ်တို့ကို ရွတ်ဖတ်ပေးရမည်။

"အရှင်ဘုရားများ ကြွလာတော်မူ၍ မကျန်းမာသူအား သီလပေးလှည့်ပါ၊ တရားဓမ္မ ဟောပြောလှည့်ပါ"ဟု ပင့်လျှောက်သော်လည်းကောင်း၊ "အရှင် ဘုရားများ ကြွလာတော်မူ၍ သီလပေးလှည့်ပါ တရားဟောလှည့်ပါ"ဟု မင်းနန်း တော်တွင်း အမတ်ကြီးအိမ် စသည်တို့မှ ပင့်လျှောက်သော်လည်းကောင်း၊ ကြွ သွား၍ သီလပေးကောင်း တရားဟောကောင်း၏။

ဘုန်းကြီးများ အလောင်း၏အခြံအရံအဖြစ်ဖြင့် မသာပို့မလိုက်ကောင်း

အသုဘချသောအခါ"သေသူ၏အခြံအရံ အကျိုးငှါ ကြွလာတော်မူပါကုန်" ဟု ပင့်လျှောက်လျှင် မသွားကောင်း၊ အသုဘလိုက်မပို့ကောင်း။ အသုဘ ချသောအခါ စည်ကားသိုက်မြိုက်စေရန် အလောင်း၏အခြံအရံပင့်က မလိုက်ရ ဟု ဆိုသည်။

အခြံအရံပင့်သော်လည်း စိတ်ထားကောင်းလျှင် လိုက်ကောင်း၏

သင်္ချိုင်းကို တွေ့မြင်ရသဖြင့်လည်းကောင်း၊ အသုဘ အလောင်းကောင်ကို တွေ့မြင်ရသဖြင့်လည်းကောင်း (မရဏဿတိ) သေခြင်းတရားကို အမှတ်ရ လိမ့်မည်"ဟု နှလုံးသွင်းကာ ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်ကား အလောင်း၏ အခြံအရံလုပ်၍ လိုက်ကောင်း၏။

ယခုခေတ် အသုဘရှုပင့်ရာ၌

ယခုခေတ်မှာ "အသုဘရှု ကြွတော်မူပါ"ဟု ရဟန်းတို့အား အပ်သောနည်း ဖြင့် ပင့်လျှောက်ကြသည်ဖြစ်၍ အသုဘ လှည့်လည်ရာတွင် အလောင်းနှင့်အတူ လိုက်ပါကောင်း၏။

အချို့အရပ်၌ကား အသုဘရှု ပင့်သောအခါ သုသာန်သို့ သံဃာတော်များ ကြွနိုင့်ရသည်၊ အလောင်းနှင့် မြို့တွင်း ရွာတွင်း လှည့်ရာတွင် မလိုက်ရ၊ အချို့ အရပ်၌ကား လိုက်ကြရသည်။

## ရဟန်းများ ဘိလူး-သားရဲ-စုန်း-တစ္ဆေ ပူးဝင်နေသည်ကို မရိုက်ကောင်း

"ပဟာရေ-ဒိန္နေ-မတေပိ-အမရဏာဓိပ္ပါယဿ-အနာပတ္တိ"

ပဟာရေ၊ ရိုက်နှက်ပုတ်ခတ်ခြင်းကို။ ဒိန္နေ၊ ပေးအပ်သည်ရှိသော်။ မတေပိ၊ မတော်တဆလက်လွန်သဖြင့် ရိုက်နှက်ခံရသူ သေသွားသော်လည်း၊ အမရဏာ-ဓိပ္ပါယဿ၊ သေခြင်း၌ အလိုမရှိသော သေစေလိုစိတ် မရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့် ဟု ဟောထားတော်မူသော ဆင်ခြေ ပြ အကြောင်းအမြွက်ဖြင့် ဘီလူး-သားရဲ-စုန်း-တစ္ဆေ စသည် ပူးဝင်နေသည်ကို မရိုက်နှက်ကောင်း။

## စုန်းတစ္ဆေစသည် ပူးဝင်နေသည်ကို ကုသပေးနည်း

ထန်းရွက်ဖြစ်စေ၊ ပရိတ်ချည်ဖြစ်စေ၊ တခုခုကို ပူးဝင်နေသူ၏ လက်၌ဖြစ်စေ၊ လည်ပင်း၌ဖြစ်စေ၊ ခြေထောက်၌ဖြစ်စေ၊ ဖွဲ့ချည်ပေးရမည်။ ရတနသုတ်စသော ပရိတ်တို့ကို ရွတ်ဖတ်ပေးရမည်။

"သင်တို့သည် သီလရှိသော ရဟန်းတော်တို့ကို မညှဉ်းဆဲ မနှိပ်စက်ပါကုန် လင့်"ဟု တရားဓမ္မ ဟောပြောကာ မေတ္တာရပ်ခံရမည်။ ထိုသို့ပြု၍မှ မရသော် အာဋာနာဋိယပရိတ်ကို ရွတ်ဖတ်ရမည်။

**မှတ်ချက်**—ထန်းရွက်သည် ပရိတ်ဒေတာ်များကို ရေးသားအပ်သော အရာ ဖြစ်သောကြောင့်၊ ပရိတ်ချည်သည် ပရိတ်ရွတ်ခြင်း၏ အမှတ်အသား ပရိတ်တန်ခိုး၏ တည်ရာဖြစ်သောကြောင့် ၎င်းတို့ကို မကောင်း ဆိုးဝါးများ ကြောက်ရွံ့ကြသည်ဖြစ်၍ လူနာကို လွှတ်သွားကြ ကုန်၏။

(ဝိနယာလင်္ကာရဋီကာ၊ ပ-နှာ-၅၉။)

## အာဋာနာဋိယသုတ်တော် ရွတ်ရမည့် အစီအစဉ်များ

ဘီလူး-သားရဲ-စုန်း-ဟာဇ္ဇေ-နတ်ဆိုး နတ်ယုတ်စသော မကောင်းဆိုးရွားများ ဖမ်းစားပူးဝင်နေသူအား ပျောက်ကင်းစေရန် အာဋာနာဋိယသုတ် ပရိတ်တော်ကို ရွတ်ဖတ်ရမည်။

၎င်းသုတ်ကို ရွတ်ဖတ်မည့်အခါ မရွတ်မီ ရှေးဦးစွာ မေတ္တသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ်တို့ကို ရွတ်ဖတ်ရမည်။

အာဋာနာဋိယသုတ်တော်ကို ရှေးဦးစွာ မရွတ်ရ။

မေတ္တသုတ်စသည်ကို ရွတ်ဖတ်ရုံမျှဖြင့်ပင် ဖမ်းစားပူးဝင်မှုကို လွှတ်ကာ ပျောက်ကင်းသွားတတ်သည်။

၎င်းသုတ်များကို ရွတ်ဖတ်၍ မလွှတ်မှသာ, အာဋာနာဋိယ ပရိတ်တော်ကို ရွတ်ဖတ်ပါ။

### အာဋာနာဋိယသုတ် ရွတ်မည့်ရဟန်းများ ရှောင်ကြဉ်ရမည့်အချက်များ

ထိုအာဋာနာဋိယသုတ်ကို ရွတ်မည့်ရဟန်းများသည် ရွတ်မည့်နေ့၌—

၁။ ပိဋ္ဌ—မုန့်ညက် မုန့်မှုန့်ဖြင့် ပြုလုပ်သော မုန့်ခဲဖွယ်စသော မုန့်အမျိုးမျိုးကို မစားရ။

၂။ မံသ—ကုန်းရေသတ္တဝါတို့၏ အသားအမျိုးမျိုးကို မစားရ။

၃။ သုသာန်၌ မနေရ။

အဘယ်ကြောင့် ဆိုသော် မုန့်နှင့် အသားအမျိုးမျိုး တို့သည် မကောင်းဆိုးရွား သတ္တဝါတို့ ကြိုက်နှစ်သက်သော အစာဖြစ်သော ကြောင့် လည်းကောင်း၊

သုသာန်သည် ၎င်းသတ္တဝါတို့ အမြဲနေထိုင်ရာ ဌာနဖြစ်သောကြောင့် လည်းကောင်း ထိုသတ္တဝါတို့ မှီတွယ်ကပ်ရောက်ပါလာကာ လူနာအား ပူးဝင်နှိပ်စက် ညှဉ်းပန်းခွင့် ရရှိနိုင်သောကြောင့်တည်း။

ပိဋ္ဌံ ဝါ မံသံ ဝါတိ ဝါသဒ္ဒေါ အနိယမတ္ထော၊ တေန မစ္ဆခဏ္ဍပူပခဇ္ဇ-ကာဒယော သင်္ဂဏှာတိ။

ဩတာရံ လဘန္တီတိ အတ္တနော ပိယာယိတခါဒနိယနိဗဒ္ဓဝသနဋ္ဌာန-လာဘတာယ အဝတာရဏံ လဘန္တိ။

(ဝိနယာလင်္ကာရဋီကာ၊ ပ-နှာ-၆၀။)

## အာဠာနာဠိယပရိတ် ရွတ်မည့်နေရာ ပြင်ဆင်ပုံ

ပရိတ်ရွတ်မည့်နေရာကို နွားချေးကို ရေနှင့်ဖျော်ကာ လိမ်းကျံ၍ ခြောက်သောအခါ ထိုနေရာပေါ်၌ စင်ကြယ်သန့်ရှင်းသော ဖျာ သင်ဖြူး ကောင်းမြတ်သော အခင်းတို့ကို ခင်း၍ ၎င်းနေရာထက်၌ လူမမာကို နေစေရမည်၊ အမိုးအကာမရှိသော နေရာလည်း မဖြစ်စေ။

## ပရိတ်ရွတ်မည့်ရဟန်းတော်များကို ပင့်ခေါ်ပုံ

ပရိတ်ရွတ်မည့်ရဟန်းတော်တို့ကို ပင့်ဆောင်သည့်အခါ လှံ- ကာ- ဓား-လှံစသောလက်နက်တို့ကို ကိုင်စွဲကုန်သော ယောကျ်ားများက ရဟန်းတော်များကို ရှေ့နောက်ခြံရံကာ အိမ်သို့ပင့်ဆောင်ရမည်။

အိမ်သို့ရောက်သောအခါ အိမ်၏အဝင်တံခါးမ လေသာပြတင်းပေါက်များကို ပိတ်ပြီးလျှင် အိမ်တွင်း၌ လက်နက်ကိုင်လူများ ဘေးကခြံရံကာစောင့်နေရမည်။ လူနာကိုအလယ်၌ထား၍ ရဟန်းတော်များက မေတ္တာစိတ်ကို ရှေ့ရှုထားလျက် ရွတ်ရမည်။ ပရိတ်မရွတ်မီ ရှေးဦးစွာ လူများကို သရဏဂုံနှင့် ငါးပါးသီလကို ခံယူစေရမည်။ သို့မှ ပရိတ်၏တန်ခိုး သာ၍ကြီးကာ လူနာရောဂါ ပျောက်ကင်းပေမည်။

## အမျဝေကာ မင်္ဂလာစကားပြောကြား၍ မေတ္တာရပ်ခံနည်း

ဤသို့ ပရိတ်ရွတ်၍သော်မှ မလွတ်သေးလျှင် လူနာကို ကျောင်းသို့ခေါ်ဆောင်ပြီးလျှင် စေတီတော်ရင်ပြင်ကို တံမြက်လှည်း၍ ကောင်းမွန်သောအခင်းများကို ခင်းစေပြီးလျှင် ပန်း-ဆီမီး-ဖယောင်းတိုင်တို့ကို ညှိထွန်းလျက် အခင်းများပေါ်၌ ပန်းများကို မွှေ့ရာခင်းကာ ဘုရားရှင်အား ပူဇော်ပြီးလျှင်၊

ကျောင်းတိုက်အတွင်းရှိ သံဃာအားလုံးကို စည်းဝေးစေ၍ ရင်ပြင်ပေါ်၌ ထိုင်နေကြပြီးလျှင် ကျောင်း၏အနီးအနား အကြီးဆုံးသစ်ပင်ရှိရာသို့၊

ရဟန်းတော်တပါးဖြစ်စေ၊

လူတယောက်ကိုဖြစ်စေ

သံဃာ့အမိန့်ဖြင့်စေလွှတ်ကာ "အိုရုက္ခစိုးနတ်မင်း-သင်နတ်မင်းတို့၏ လာရောက်ခြင်းကို သံဃာတော်က တောင့်တနေပါ၏၊ သံဃာတော်များရှိရာသို့ လာရောက်ပါလော့"ဟု သံဃာ့အမိန့်ဖြင့် ရုက္ခစိုးနတ်ကို ဆင့်ခေါ်ရမည်။

သံဃာ့အမိန့်ဖြင့်ဆင့်ခေါ် လျှင် ရက္ခစိုးနတ်သည် သံဃာစည်းဝေးရာသို့ မလာရောက်ပဲ မနေဝံ့၊ ထိုသို့ခေါ် ယူပြီးနောက်–

ဘီလူးစသည် ဖမ်းစားခံနေရသူ လူနာကို သံဃာ့အမိန့်ဖြင့် ပူးဝင်စေ၍ ရက္ခစိုးနတ်အား–"ဤလူနာကို ဖမ်းစားထားသူ ဘယ်သူလဲ"ဟု မေးပါ။ ပူးဝင်ကာ ရက္ခစိုးနတ်က ပြောလိမ့်မည်။

"ဖမ်းစားထားသူသည် ဤမည်သောသူပါတည်း"ဟု ရက္ခစိုးနတ်က ပြောသောအခါ ထိုဖမ်းစားထားသူ (နတ်ဘီလူး)စသည်တို့၏ နာမည်ကိုခေါ် ပြီးလျှင် မေတ္တာရပ်ခံသောအားဖြင့် မင်္ဂလာစကားကို ပြောဆိုရမည်။

မင်္ဂလာစကားပြောကြားပုံ

"အမောင်(..........)ငါတို့သည် ဘုရားရှင်အား နေရာပူဇော်ခြင်း၊ပန်းနံ့သာဆီမီး ဆွမ်း သစ်သီးစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုကြပါကုန်၏။ ထိုသို့ပူဇော်သဖြင့် ငါတို့အား ရရှိသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို သင့်အား ငါတို့က အမျှပေးဝေပါကုန်၏။

သင်သည် ဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ် ဆိုပါလော့၊ ရဟန်းအပေါင်းတို့က သင်(.... ....)အား ကောင်းမှုကုသိုလ်အဖို့ လက်ဆောင်ပေးကာ အကောင်းမြတ်ဆုံးဖြစ်သော မင်္ဂလာစကားကို ပြောကြားနေပါ၏၊မေတ္တာရပ်ခံနေပါ၏၊ သံဃာတော်ကို ရိုသေလေးစားသောအားဖြင့် ဤလူနာကို လွှတ်ပါလော့၊ ချမ်းသာရာကိုရစေပါလော့"ဟု မင်္ဂလာစကားပြောကြားကာ မေတ္တာရပ်ခံ၍ လူနာကိုလွှတ်စေရမည်။

မင်္ဂလာစကားပြောကြားကာ မေတ္တာရပ်ခံ၍မရလျှင်
အထက်နတ်မင်းကြီးတို့အား တိုင်ကြားပါ

ထိုသို့ပြုလုပ်၍သော်မှ မလွှတ်သေးလျှင် အထက် သက်ဆိုင်ရာ နတ်မင်းကြီးတို့အား တိုင်ကြားရမည်။

နတ်မင်းကြီးတို့အားတိုင်ကြားပုံ

"အိုနတ်မင်းအပေါင်းတို့–သင်နတ်မင်းတို့ သိကြပါကုန်လော့၊ ဤမည်သော (နာမည်ထည့်ပါ) ဘီလူး, သားရဲ, စုန်း, တစ္ဆေ, နတ်-သည် သံဃာတော်တို့၏ စကားကို နားမထောင်ပါ၊ သင်နတ်မင်းကြီးတို့အား တိုင်ကြားပါ၏။

ယခု ငါတို့သည် ဘုရားရှင်၏အာဏာကို ပြုကြရပါလိမ့်မည်"ဟု တိုင်ကြားကာ အာဋာနာဋိယသုတ်ပရိတ်ကို ရွတ်ရမည်။

ဤသို့ ရဟန်းကိုဖြစ်စေ၊ လူကိုဖြစ်စေ မကောင်းဆိုးရွားများ ဖမ်းစားပူးဝင်နှောင့်ယှက်ခဲ့လျှင် အထက်ပါပြဆိုခဲ့ပြီးသော နည်းများအတိုင်း အဆင့်ဆင့်တက်ကာ ပရိတ်တော်များကို ရွတ်ဖတ်ရမည်။

ဤကားပရိတ်ရွတ်ခြင်းနှင့်စပ်၍ သိမှတ်ဖွယ်တည်း။

## (ဂ) ရဟန်းတို့၏ လူတို့အား ဧည့်ခံကျွေးမွေးမှုနှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်များ

### ပဋိသန္ထာရ = အစေ့အစပ်ပြုမှု

မိမိနှင့် အခြားသူတို့၏အကြား၌ လောကဝတ်, ဓမ္မဝတ်အားဖြင့် ကွာဟမှုအကြားအပေါက် မရှိရအောင် အဆက်အစပ်ပြုခြင်းကို ပဋိသန္ထာရ-ဟု ခေါ်သည်။

### ပဋိသန္ထာရ (၂) မျိုး

ထိုပဋိသန္ထာရသည်–

(၁) အာမိသပဋိသန္ထာရ=ပစ္စည်းဖြင့် အစေ့အစပ်ပြုမှု၊

(၂) ဓမ္မပဋိသန္ထာရ=တရားဖြင့် အစေ့အစပ်ပြုမှု–

ဟူ၍ (၂)မျိုးရှိ၏။ ထို (၂)မျိုးတို့တွင် အာမိသပဋိသန္ထာရကိုသာ ဤ၌လိုသည်။

အနာမဋ္ဌပိဏ္ဍ= ရဟန်းတို့အား လူတို့က ပေးလှူပြီးနောက် မိမိနှင့် အခြားသော ရဟန်းတို့ မစားရသေးသော ဦးဦးဖျားဖျားဖြစ်သော ဆွမ်းစသော စားသောက်ဖွယ်ရာများကို အနာမဋ္ဌပိဏ္ဍ "ဆွမ်းဦးဆွမ်းဖျား, စားဦးစားဖျားဆွမ်း" ဟု ခေါ်၏။

ရင်းဆွမ်းဦးဆွမ်းဖျားကို–

၁။ အဘယ်သို့သောသူများကို ကျွေးမွေးပေးကမ်းကောင်းပါသနည်း၊

၂။ အဘယ်သို့သောသူများကို မကျွေးမွေး မပေးကမ်းကောင်းပါသနည်း။

(အဖြေကား) – ဆွမ်းဦးဆွမ်းဖျားများကို ကျွေးထိုက်သူ (၅)ယောက်

၁။ မိ-ဘ များ၊

၂။ မိ-ဘတို့ကို ပြုစုလုပ်ကျွေးနေသူများ၊

၃။ မိမိ၏ဝေယျာဝစ္စကို ပြုလုပ်နေသူများ၊

၄။ ကျောင်း၌ရှိသော ကျောင်းသား မောင်ရှင်လောင်းများ၊

၅။ ကျောင်းသို့ရောက်လာသော ဒမြ သူပုန် စသော လူဆိုးသူခိုးများ၊

ဤပုဂ္ဂိုလ် (၅)ယောက်တို့အား ကျွေးကောင်း ပေးကောင်း၏။

## အကျယ်ပြဆိုချက်

အထက်ပါ ပြဆိုခဲ့သော ဆွမ်းဦးဆွမ်းဖျားများကို အလွန်ကောင်းမွန်သည့် ဆွမ်းကိုပင်ဖြစ်စေ မိမိ(ရဟန်း၏) ကျေးဇူးရှင် မိဘအရင်းများကို ကျွေးမွေး ပေးကမ်းကောင်း၏။ ကျွေးမွေးပေးကမ်းသဖြင့် ရဟန်းတို့အား "သဒ္ဓါဒေယျ-ဝိနိပါတန ဒုက္ကဋ်အာပတ်" မသင့်၊ အပြစ်မရှိ။

## သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်-ဆိုသည်မှာ

ဒါယကာ ဒါယိကာမတို့က သဒ္ဓါတရားဖြင့် လှူဒါန်းသော ဆွမ်းကို ဖောက်ပြန် ပျက်စီးသောအားဖြင့် ကျစေခြင်း၊ အလွဲသုံးစားပြုကာ ကျွေးမွေးပေးကမ်းခြင်းမျိုးကို "သဒ္ဓါဒေယျဝိနိပါတန" ဟု ခေါ်သည်။

ထိုသို့ ဒါယကာ ဒါယိကာမတို့က ရဟန်းတော်တို့အား စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းသည့်ပစ္စည်းကို အလဟဿပြုခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းကြောင့် ရဟန်းများမှာ ဒုက္ကဋ်အာပတ်သင့်သည်။

၎င်းဒုက္ကဋ်အာပတ်မျိုးကို "သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်" ဟု ခေါ်သည်။

မိ-ဘများသာမက၊ မိမိ၏ မိ-ဘများကို ပြုစုလုပ်ကျွေးနေသူ၊ မိမိ၏အမှုကြီးငယ် ဝေယျာဝစ္စကို ဆောင်ရွက်နေသူ၊ ကျောင်းသို့ရောက်လာသော ဒမြ-သူပုန်-မင်း-စသော အစိုးရသူ ပုဂ္ဂိုလ်များကိုလည်း ကျွေးမွေးပေးကမ်းကောင်းသည်။ ဆွမ်းဦး ဆွမ်းဖျားကိုပင် ပေးကျွေးကောင်းသဖြင့် ဆွမ်းကျန် ဟင်းကျန်ကို ကျွေးမွေးပေးကမ်းရာ၌ ဆိုဖွယ်ရာမရှိဟု သတိပြု။

သို့သော် မောင်ရှင်လောင်းမှတပါး အခြားသောပုဂ္ဂိုလ်များကို (မိ-ဘများကိုပင် ဖြစ်စေ) ရဟန်းတို့၏ အသုံးအဆောင်ဖြစ်သော သပိတ်ဖြင့်ထည့်၍ကား မကျွေးမွေးကောင်း။ မောင်ရှင်လောင်းများကိုတော့ သပိတ်ဖြင့်ထည့်ကာ ကျွေးမွေးကောင်း၏။

## ပရိဘောဂစေတီထိုက်သည့် သပိတ်

ရဟန်းတော်တို့၏ အသုံးအဆောင်ဖြစ်သော သပိတ်သည် လူဝတ်ကြောင် ပုဂ္ဂိုလ်တို့၏ (ပရိဘောဂ)စေတီအရာ၌ တည်၏၊ ပရိဘောဂစေတီထိုက်၏၊ ထိုကြောင့် သပိတ်ဖြင့် ထည့်၍ မကျွေးမွေးရ။

ပဗ္ဗဇိတပရိဘောဂေါ ဟိ အာဂါရိကာနံ စေတိယဋ္ဌာနိယော၊

(ဝိ-သင်္ဂဟအဋ္ဌကထာ၊ နှာ-၁၃။)

## သူပုန် ဒမြ-မင်း စသောသူတို့အား ဆွမ်းဦးဆွမ်းဖျား ကျွေးရခြင်း၏ အကြောင်း

အထက်ပါ ပုဂ္ဂိုလ်တို့သည် မပေးမကျွေးခဲ့လျှင် "မပေး-မကျွေးရကုန်သလား"ဟု စိတ်ဆိုးတတ်ကြကုန်၏။

ပေးသည့် ကျွေးသည့်အခါ၌လည်း "ဦးဦးဖျားဖျားယူပြီး၊ စားပြီးမှ ကျွေးမွေးလျှင်, ပေးကမ်းလျှင်" "ငါတို့အား စားကြွင်း စားကျန်တွေကို ကျွေးကုန်ပေးကုန်၏"ဟု တမျိုးအမျက်ထွက် စိတ်ဆိုးတတ်ကြပြန်ကုန်၏။ သူတို့ အမျက်ထွက်စိတ်ဆိုးလျှင် အသက်ကိုပင်သတ်၍သွားတတ်ကြကုန်၏။ သာသနာ၏ အန္တရာယ်ကိုလည်း ပြုတတ်ကြကုန်၏။ ထို့ကြောင့် ဆွမ်းဦးဆွမ်းဖျားများကို ကျွေးရပေးရမည်၊ အပြစ်အာပတ်မသင့်။

## နည်းယူဖွယ်ရာ ပရိယာယ်ကောင်းသည့်မထေရ်

မင်းအဖြစ်ကို တောင့်တလျက် သူပုန်ထနေသော သူပုန်ဗိုလ်ကြီး နာဂ၏ ဝတ္ထုသွားကို ထောက်ထား၍ ဤဆွမ်းဦးဆွမ်းဖျားကို ကျွေးမွေးရာ၌ သိရမည်။

တနေ့သည်၌ ရှင်ဘုရင်လုပ်လိုသဖြင့် ပုန်ကန်နေသော သူပုန်ဗိုလ်ကြီးစောရနာဂ သည် သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ကျောင်းသို့ ရောက်လာပြီးလျှင် ဆာလောင်သဖြင့် ဆွမ်းကိုတောင်းရာ မထေရ်က သပိတ်ကိုလှမ်းယူယင်း ဦးဦး ဖျားဖျား ဆွမ်းကို မသိမသာ သပိတ်ထဲမှ လက်ဖြင့်နှိုက်ကာ ထုတ်ယူလိုက်ပြီးမှ ကျန်သောဆွမ်းအားလုံးကို ပေးလိုက်လေသည်။

(ဝိနည်းပြစ်လွတ်အောင် ပြုလုပ်နည်းတည်း။)

ဤသို့လျှင် အနာမဋ္ဌပိဏ္ဍပါတခေါ်သော ဆွမ်းဦးဆွမ်းဖျား၌ ကျင့်သုံး အပ်၏။

## ဆွမ်းကျန်, ပန်းကျန် ကျွေးမွေးပေးကမ်းပုံ

ဆွမ်းဦးဆွမ်းဖျားမှတပါး အခြားသော ဆွမ်းစသော စားသောက်ဖွယ်ရာ အကြွင်းအကျန်များနှင့် ဆန်, ဆီ စသောပစ္စည်းများကို ကျွေးမွေးပေးကမ်းခြင်းကို–

၁။ အဘယ်ပုဂ္ဂိုလ်မျိုးအား ပြုကောင်းသနည်း၊

၂။ အဘယ်ပုဂ္ဂိုလ်မျိုးအား မပြုကောင်းသနည်း။

အဖြေကား—ကျောင်းသို့ရောက်ရှိလာသော—

၁။ ခရီးဝေးဧည့်သည်၊

၂။ အားကိုးရာမဲ့ ဆင်းရဲသူ၊

၃။ ခိုးသူ ဒမြ သူပုန် စသောသူ၊

၄။ အစိုးရသူ မင်း စသောသူ၊

၅။ ကျောင်း၌ ဝေယျာဝစ္စပြုလုပ်သူ—

စသောပုဂ္ဂိုလ်တို့အား ကျွေးမွေးပေးကမ်းကောင်း၏။ ကျွေးမွေးပေးကမ်းခြင်းကို ပြုရမည်။

### အကျယ်အဝိဗ္ဗာယ် ရှင်းလင်းချက်

(၁) ခရီးသွားဧည့်သည်၌........လမ်းစာရိက္ခာပြတ်လပ်သဖြင့် ဒုက္ခရောက်ကာ ကျောင်းသို့ရောက်လာသော ခရီးသွားဧည့်သည်ကို–

သောက်ရေ, ခြေနယ်ဆီ, နံနက်အခါဖြစ်လျှင် ယာဂု ထမင်း စသည်တို့ကို ပေးကောင်း ကျွေးမွေးကောင်း၏။

နေလွဲသောအခါဖြစ်မူ ဆန်-စသည်ကို ပေးကောင်း၏။

အချိန်မတော် ရောက်လာသူဖြစ်လျှင် အိပ်ရာနေရာ ပေးကောင်း၏။ ထိုဧည့်သည်တို့ထံမှ "နောင်အခါ ကျေးဇူးတုံ့ပြန်မှုကို ပြုလိမ့်မည်"ဟူသော မျှော်လင့်တောင့်တမှုကိုမပြုပဲသာ ပေးရကျွေးရ ပြုလုပ်ရမည်။

## သံဃိကပစ္စည်းကိုပင် ကျွေးမွေးပေးကမ်းနိုင်သည့် အကြောင်းများ

ဒမြ· သူပုန်စသောသူတို့အား မိမိပုဂ္ဂလိကပိုင်ကိုသာမဟုတ် သံဃိကပစ္စည်းကိုပင် ကျွေးမွေးပေးကမ်းကောင်းသည်။

## ထိုကဲ့သို့ ကျွေးမွေးညှော်ခံမှုပြုသဖြင့် ရနိုင်သည့်အကျိုး

ဒမြ-သူပုန် စသောသူတို့အား သံဃိကပစ္စည်းကိုပင် ကျွေးမွေးညှော်ခံသဖြင့် ရသောအကျိုးအာနိသင်ကို ပြခြင်းငှါ–

၁။ စောရနာဂဝတ္ထု၊

၂။ နောင်တော်နှင့်အတူတကွ ဇမ္ဗူဒိပ်ကျွန်းသို့ ရောက်လာသော မဟာနာဂမင်းဝတ္ထု၊

၃။ ပိတုမင်း၏လက်ထက်၌ အမတ်လေးယောက်တို့၏ဝတ္ထု–

စသော များစွာသောဝတ္ထုတို့ကို "မဟာအဋ္ဌကထာ"၌ အကျယ်ပြဆိုထား၏။

## သီဟိုဠ်ကျွန်း အဘယသူပုန်အဖွဲ့၏ ဝတ္ထု

ရှေးသီဟိုဠ်ခေတ်၌ သီဟိုဠ်ကျွန်းတွင် "အဘယ"မည်သော သူပုန်ဗိုလ်ကြီးသည် နောက်ပါ သူပုန်တပည့်(၅၀၀)တို့နှင့်တကွ တောတွင်းတနေရာ၌ သစ်တပ်ခံတပ်ဖွဲ့ကာ ပတ်ဝန်းကျင် သုံးယူဇနာအတွင်းရှိ ရွာသူရွာသား အရပ်သူအရပ်သားများကို အခြားသို့ ရွှေ့ပြောင်းနေထိုင်စေ၍ ပုန်ကန်သောင်းကျန်းကာ နေ၏။

အနုရာဓ မြို့သူမြို့သားတို့သည်လည်း ကဋမ္ဗ (ကဒမ္ဗ)မြစ် သူပုန်တို့နေရာကမ်းတဘက်ကို မကူးဝံ့ကြကုန်။ မြစ်တဘက်ကမ်းရှိ စေတိယတောင်ပေါ်ကျောင်းသို့ သွားသည့်လမ်း၌ လူသွားလူလာပြတ်၍နေ၏။

(စေတိယတောင်ပေါ်၌ရှိသောကျောင်းကား သူပုန်အုပ်စိုးသည့်နယ်မြေတွင် ပါဝင်နေသောကြောင့် အနုရာဓ မြို့သူမြို့သားတို့ မသွားလာဝံ့သဖြင့် မြို့နှင့် အဆက်အသွယ်ပြတ်နေသည် ဟူလို။)

## သူပုန်များစေတိယဂီရိကျောင်းသို့လုယက်ရန် ဝင်ရောက်လာကြခြင်း

ထိုသို့ဖြစ်နေရာ တနေ့သောအခါ၌ သူပုန်တို့သည် ရိက္ခာပြတ်လပ်သဖြင့် သံဃာတော်တို့ နေထိုင်သည့် စေတိယဂီရိတောင်ပေါ် ကျောင်းကို တိုက်ခိုက်လုယက်ကြရန် ကြံစည်ပြီးလျှင် ကျောင်းသို့ လာရောက်ကြကုန်၏။

## အရှမ်စောင့်တို့ကြိုတင်သိရှိ၍ အဘယမထေရ်အား လျှောက်ထားကြခြင်း

အရှမ်စောင့်တို့က ထိုအကြောင်းကို ကြိုတင်၍ သတင်းရရှိသဖြင့် ကျောင်းတိုက်ကြီး၏ အကြီးအကဲဖြစ်တော်မူသော ဒီဃနိကာယ်ဆောင် အဘယထေရ်အား လျှောက်ထားကြကုန်၏။

ထိုအခါ မထေရ်က အရှမ်စောင့်တို့အား "ထောပတ်, တင်လဲ, ဆန်, ပဲ စသော ကျွေးမွေးဖွယ်များ ရှိကုန်သလော" ဟု မေးတော်မူ၏။

အရှမ်စောင့်များက "အပြည့်အစုံ ရှိပါကုန်၏" ဟု လျှောက်ထားကြရာ မထေရ်က ရှိခဲ့လျှင် "လာရောက်ကြမည့် သူပုန်များအား ကောင်းကောင်းမွန်မွန် ကျွေးမွေးဧည့်ခံလိုက်ကြကုန်လော့" ဟု မိန့်တော်မူလေ၏။

မထေရ်က "ဆန်-ဆီ-စသည် ရှိသလော" ဟု မေးတော်မူပြန်ရာ အရှမ်စောင့်တို့က သံဃာ့အတွက်ဖြစ်သော သံဃိက ဆန်- ဆီ- ဟင်းသီးဟင်းရွက်နှင့် ချက်ပြီးသား အမဲဟင်းသျှာတို့ ရှိပါကြောင်းကို လျှောက်ထားကြရာ ထမင်းဟင်းချက်ပြုတ်ကြ၍ သူပုန်တို့အား ကျွေးမွေးဧည့်ခံလိုက်ကြရန်ကိုလည်း အမိန့်ရှိတော်မူ၏။

အရှမ်စောင့်တို့သည်လည်း မထေရ်၏ အမိန့်အတိုင်း ကောင်းမွန်စွာ ချက်ပြုတ်ပြင်ဆင်ကာ ကျောင်းသို့လုယက်ရန်ရောက်လာကြသော သူပုန်တို့အား လောကွတ်ပျူငှါ ဧည့်ခံကျွေးမွေးမှု ပဋိသန္ထာရကို ပြုလုပ်ကြကုန်၏။

သူပုန်တို့သည် အရှမ်စောင့်တို့က ကျွေးမွေးဧည့်ခံကြသော စားသောက်ဖွယ်တို့ကို နှစ်သက်ဝမ်းမြောက်စွာ စားသောက်ကြပြီးသော်

"အဘယ်သူက ဤဧည့်ခံကျွေးမွေးမှု ( ပဋိသန္ထာရ )ကို ပြုပါသနည်း" ဟု သူပုန်တို့က မေးမြန်းကြရာ

"အကျွန်ုပ်တို့၏အရှင် အဘယထေရ်သည် ပြုစေပါသည်၊အရှင်အဘယထေရ်၏ အမိန့်ဖြင့် ကျွန်ုပ်တို့ပြုကြပါသည်" ဟုသူပုန်တို့အား အကြောင်းစုံကို ပြောပြကြရာ-

## သူပုန်တို့ နှစ်သက်ကျေနပ်သဖြင့် လုယက်မှုမပြုကြပဲ ကူညီစောင့်ရှောက်မှုကိုပင် ပေးကြခြင်း

သူပုန်တို့သည် အဘယထေရ်၏ အထံသို့ သွားရောက်ကြ၍ ရှိခိုးကြကုန်ပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်တို့သည် သံဃာတော်၏လည်းကောင်း၊ စေတီတော်၏လည်းကောင်း ဘဏ္ဍာတို့ကို တိုက်ခိုက်လုယက်ရန် စိတ်ကြံစည်ကာ လာရောက်ခဲ့ကြပါကုန်၏။

သို့သော်လည်း ယခုအခါ အရှင်ဘုရားတို့၏ ကျွေးမွေးညှော်ခံမှု ပဋိသန္ထာရကြောင့် တပည့်တော်တို့ အရှင်မြတ်တို့အား အလွန်ကြည်ညိုကြပါကုန်၏။

ယနေ့မှစ၍ အရှင်တို့၏ကျောင်း၌ တရားနှင့်လျော်သော အစောင့်အရှောက်ကို တပည့်တော်တို့ တာဝန်ယူပါကုန်၏။ ကျောင်း၏လုံခြုံရေးအတွက် တပည့်တော်တို့၏ တာဝန်ဖြစ်ပါစေ၊ ချမ်းသာစွာ သီတင်းသုံးတော်မူကြပါကုန်၊

မြို့သူမြို့သားများ လာရောက်ကြ၍ အလှူဒါနလှူဒါန်းကြပါစေကုန်၊ စေတီတော်ကို ဖူးမြော်ကြပါစေကုန်၊ တပည့်တော်တို့ အနှောင့်အယှက်မပြု၊ လွတ်လပ်စွာ သွားလာမှုကို ခွင့်ပြုကြပါကုန်၏ ဘုရား–ဟု လျှောက်ထားကြကာ တာဝန်ခံပြီးလျှင် ပြန်သွားကြကုန်၏။

ထိုစဉ်အခါက အနုရာဓမြို့၏ တဘက်ကမ်း၌ တည်သော စေတိယတောင် တန်းနယ်မြေသည် သူပုန်များအုပ်ချုပ် စိုးမိုး၍နေသော နယ်မြေဖြစ်နေသောကြောင့် အနုရာဓမြို့ဘက်ကမ်းရှိ လူဘို့သည် လာရောက်၍ အလှူဒါနကောင်းမှု မပြုဝံ့ကြ၊ ဘုရားဖူးမလာဝံ့ကြကုန်။

ထိုနေ့ ထိုအခါမှစ၍ တဘက်ကမ်းမှ မြို့သူမြို့သားများသည် စေတိယဂိရိတောင် သံဃာတော်တို့ သီတင်းသုံးနေထိုင်ကြသော ကျောင်းသို့ လွတ်လပ်စွာ စိတ်ချလက်ချ အနှောင့်အယှက်မရှိ အလှူဒါနပြုလုပ်ခွင့် ဘုရားဖူးသွားလာခွင့်ကို ရကြလေကုန်၏။

အလှူဒါနပြုလုပ်ရန် ဘုရားဖူးရန်လာကြကုန်သော မြို့သူမြို့သားတို့အား ကဠမ္ဗမြစ်ကမ်း သူပုန်နယ်မြေအဆုံးအထိ သွားရောက်ကာ သူပုန်တို့ကကြိုဆိုကြပြီးလျှင် လုံခြုံမှုကို စောင့်ရှောက်ပေးကြ ကုန်၏။ ကျောင်းသို့အရောက်ပင် ကူညီပို့ဆောင်ပေးကြကုန်၏။ ကျောင်းသို့ ရောက်သောအခါ မြို့သူမြို့သား လာရောက်ကြသူများကလည်း သံဃာတော်များအား ကျွေးမွေး ဆက်ကပ်ပြီးလျှင် သူပုန်တို့အား ကျွေးမွေးပြုစုကြကုန်၏။

မြို့သူမြို့သားတို့ အပြန့်၌လည်း သူပုန်တို့၏ နယ်မြေအဆုံး ကဋ္ဌမ္ဗုမြစ်ဆိပ် အနီးသို့ ရောက်အောင် စောင့်ရှောက်ကြကာ လိုက်ပို့ကြကုန်၏။

ရှေးအခါက မြို့မှလာရောက်ကြသူတို့ကို သူပုန်တို့က လုယက်သတ်ဖြတ်ကြကုန်သဖြင့် မြို့ဘက်မှ မည်သူမှမလာဝံ့ကြ၊ယခုအခါမှာ သူပုန်တို့က မြို့သူမြို့သားတို့ကို စောင့်ရှောက်ကြကုန်၏။

ထိုအခါ တနေ့သ၌ ရဟန်းအပေါင်းတို့တွင် အချို့သောရဟန်းတို့က သံဃာ့အစည်းအဝေး ပြုလုပ်ကာ အဘယမထေရ်အား "အဘယထေရ်သည် ပိုင်စိုးပိုင်နင်းပြုလုပ်၍ သံဃာ၏ ဥစ္စာ(သံဃိက)စေတီတော်၏ဥစ္စာ(စေတိယသန္တက) ပစ္စည်းတို့ဖြင့် လူတို့အား ကျွေးမွေးညှော်ခံခဲ့၏၊ ဒုတိယပါရာဇိကသိက္ခာပုဒ် အရ အပြစ်မလွတ်ခဲ့"ဟု ကဲ့ရဲ့ရှုတ်ချစကားပြောဆိုကာ အပြစ်တင်ကြကုန်၏။

အဘယထေရ်က ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

မိန့်ကြားပုံကား-"အရှင်တို့ဘုရား-သူပုန်တို့သည် သံဃာ့အတွက်ချက်ဖို့ရန်ထားသည့် ဆီ-ဆန် စသောပစ္စည်းများနှင့် စေတီတော်၏ ဥစ္စာဘဏ္ဍာတို့ကို လုယက်ရန်လာရောက်ခဲ့ကြကုန်၏။ ထိုသို့ လာရောက်ကြမှန်းသိသဖြင့် တပည့်တော်သည် သူပုန်တို့အား ကျွေးမွေးညှော်ခံမှုကိုပြုစေခဲ့ပါသည်။

ထိုသို့ ပြုစေသည့်အတွက်ကြောင့် လုယက်မှုမပြုကြတော့ပဲ အစစစောင့်ရှောက်မှုပြုသည့်အတွက် သံဃာတော်များ ချမ်းသာစွာနေထိုင်ကြရသည်မဟုတ်ပါလော၊ ပစ္စည်းလေးပါးဖြင့်လည်း မပင်ပန်းကြရသည် မဟုတ်ပါလော။ ကျွေးမွေးညှော်ခံမှု ပဋိသန္ထာရပြုသည့်အတွက်ကြောင့် ကုန်ကျသောပစ္စည်း၏ တန်ဖိုးနှင့် ပဋိသန္ထာရမပြုက အလုယက်အဖျက်ဆီးခံရမည့်ပစ္စည်းတန်ဖိုးကို တွက်ချက်ကာ အဖိုးဖြတ်တော်မူကြပါကုန်လော့"ဟု သံဃာ့အလယ်၌ မိန့်တော်မူ၏။

တန်ဖိုးဖြတ်ကြည့်သောအခါ ကျွေးမွေးညှော်ခံသဖြင့် ကုန်ကျသောပစ္စည်း၏ တန်ဖိုးသည် စေတီတော်အိမ်အတွင်း၌ ခင်းထားသည့် ကောင်းမြတ်သော ကော်ဇောကြီးတချပ်စာလောက်မျှ မထိုက်တန်ခဲ့၊ မကုန်ကျခဲ့ပေ။

ထို့ကြောင့် အဘယထေရ်ပြုအပ်သော ပဋိသန္ထာရအမှုသည် ကောင်းသော ပြုခြင်းဖြစ်ပါ၏။ အဘယမထေရ်အား-

အာပတ်ဖြင့် အပြစ်တင်ခြင်းငှာလည်းကောင်း၊

အာပတ်ကို အမှတ်ရစေခြင်းငှာလည်းကောင်း မထိုက်ပါ။

သံဃာပိုင် စေတီတော်ပိုင် ဥစ္စာကို အနိုင်ကျင့်ကာ ခိုးယူခြင်းသည်လည်းကောင်း၊

ဘဏ္ဍာစားသည်လည်းကောင်း မထိုက်ပါ-ဟုဆုံးဖြတ်ကြကာ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းစကား ပြောဆိုကြကုန်၏။

ဤကား ပဋိသန္ထာရပြုမှုအတွက်သိမှတ်ရန်အကြောင်းဝတ္ထုသက်သေတခုကို အဋ္ဌကထာမှ ထုတ်ပြချက်တည်း။

အားကိုးရာမဲ့သူနှင့် ဝေယျာဝစ္စဆောင်ရွက်သူတို့၌ကား အထူးဆိုဖွယ်ရာမရှိပေ။

ဤသို့လျှင် ပြုထိုက်သူ လူတို့အား ပဋိသန္ထာရမှု ပြုခြင်းသည် ရဟန်းတို့အားလည်းကောင်း၊ သာသနာတော်အားလည်းကောင်း၊ဒါယကာ ဒါယိကာမတို့အားလည်းကောင်း ကြီးမားသောအကျိုးကျေးဇူးရှိ၏ဟု မှတ်သားပြီးလျှင် ဝိနည်းအရာ လိမ္မာမြင်သိ ပညာရှိသော ရဟန်းသည် ပြုသင့်ပြုထိုက်သူတို့အား ပဋိသန္ထာရအမှုကို ပြုရမည်။ပြဆိုခဲ့သည့် ဤသို့သော အာမိသပဋိသန္ထာရ မျိုးကို ဝိနည်း၌ ကျွမ်းကျင်လိမ္မာသောရဟန်းတို့သည်သာ ပြုသင့်၏။

ဝိနည်းကို မကျွမ်းကျင်ပဲ ပြုလုပ်လျှင်ကား ကုလဒူသနအပြစ် ဖြစ်တတ်၏။ သတိပြုပါလေ။

လူတို့အား ညှော်ခံကျွေးမွေးမှုနှင့် စပ်၍သိမှတ်ဖွယ်ရာအဆုံးအဖြတ်ကားပြီး၏။

---

ရဟန်းတော်တို့ ဒါယကာ ဒါယိကာမတို့ထံ တောင်းခံ
ငှားရမ်းမှုနှင့်စပ်၍ သိမှတ်ဖွယ်အဆုံးအဖြတ်များ

ဝိညတ္တိ။ ။တစုံတခုကို အလိုရှိကြောင်း သိစေခြင်းကို ပါဠိလို ဝိညတ္တိ-ဟု ခေါ်သည်။

ယာစနာ။ ။တောင်းရမ်း အလှူခံခြင်းကို ပါဠိလို ယာစနာဟု-ခေါ်သည်။

တစုံတယောက်သောသူအား မိမိ၏ တစုံတခုသောပစ္စည်းဝတ္ထုကို လိုချင်ကြောင်းကို သိစေမှု ပြောကြားမှုမျိုးကို ဝိညတ္တိဟု မှတ်ယူရမည်။

တစုံတယောက်သောသူ၏ထံ၌ တစုံတခုသောပစ္စည်းဝတ္ထုကို တောင်းခြင်း အလှူခံခြင်းကို ယာစနာဟု မှတ်ယူရမည်။

လိုချင်ကြောင်းကိုသိစေမှု=ဝိညတ္တိနှင့် တောင်းရမ်းအလှူခံမှု= ယာစနာ-ဟူသော ဤစကား(၂)ရပ်ကား အဓိပ္ပာယ်အားဖြင့် အတူတူပင် ဖြစ်၏၊ ပရိယာယ်မျှသာကွာခြား၏။ လိုချင်ကြောင်း သိစေမှု-ဝိညတ္တိ၊ တောင်းရမ်းအလှူခံမှု-ယာစနာတို့နှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်ကို ပြဆိုပေအံ့။

ရဟန်းတို့သည် အလုပ်အကိုင်ခိုင်းဖို့ရန်အတွက် အလုပ်သမားယောကျ်ားကို အပိုင်မတောင်းကောင်း၊ အပိုင်အလှူမခံကောင်း။

"အဖော်သဟဲ အကျိုးငှါလည်းကောင်း၊ အမှုကိစ္စပြုလုပ်ရန် အကျိုးငှါလည်းကောင်း အလုပ်သမားယောကျ်ားကို ပေးပါကုန်လော့" ဟုတောင်းခြင်း မျိုးကား အပ်၏။

## ပုရိသတ္တကရအတတ်သည်တို့၏ လုပ်အား

အလုပ်သမား ယောကျ်ားတို့သည် ပြုအပ်သော အတတ်ပညာဆိုင်ရာ လုပ်အားကို "ပုရိသတ္တကရ"ဟု ခေါ်သည်။

## ဟတ္ထကမ္မ လက်အလုပ် ဟတ္ထကမ်

၎င်းအတတ်သည် အလုပ်သမားတို့၏ လက်ဖြင့်ပြုအပ်သော အမှုလုပ်အား ကိုပင် ဟတ္ထကမ်–ဟု ခေါ်သည်။

ပန်းရန် သမားတို့၏ ပန်းရန်အလုပ်၊ လက်သမားတို့၏ လက်သမားအလုပ် စသော ထိုထိုအတတ်သည်တို့၏ အလုပ် (လုပ်အား) အမျိုးမျိုးကို ပုရိသတ္တကရ ဟူ၍လည်းကောင်း၊ ဟတ္ထကမ္မ ဟူ၍လည်းကောင်း ခေါ်ဆိုရကြောင်းကို မှတ်ယူရမည်။

## အလုပ်သမားတို့၏ လုပ်အားကိုမူ အလှူခံကောင်း, တောင်းကောင်း

ထိုပုရိသတ္တကရ, ဟတ္ထကမ္မ (ဟတ္ထကမ်) လုပ်အားလှူဒါန်းဖို့ရန်ကို မူကား– အလှူခံကောင်း, တောင်းကောင်း၏၊ အပြစ်မရှိ။

ဟတ္ထကမ် မည်သည်မှာ တစုံတခုသော အရာဝတ္ထုပစ္စည်းမျိုးမဟုတ်၊ ထိုထို အလုပ်သမားတို့၏ မိမိဆိုင်ရာ အတတ်ပညာအား လျော်စွာ ပြုလုပ် အပ်သော လုပ်အားမျှသာ ဖြစ်သောကြောင့် ဟတ္ထကမ်လုပ်အားကို အလှူခံကောင်း၏၊ ထိုသို့အလှူခံကောင်းသည်ဟု ဆိုသော်လည်း၊

## မုဆိုး-တံငါ စသောသူတို့၏ ဒုစရိုက်လုပ်အားကိုမူ မတောင်းကောင်း

မုဆိုး-တံငါ-စသော သူတို့၏ မိမိ-မိမိတို့၏ ဥစ္စာဖြစ်သော သားသတ်ငါးဖမ်းစသော အပြစ်ရှိသော ဟတ္ထကမ်လုပ်အားမျိုးကိုမူကား မတောင်းကောင်း၊ အလျှုမခံကောင်း၊ အခြားအပြစ်ကင်းသော လုပ်အားအမျိုးမျိုးကိုမူ တောင်းကောင်း၊ အလျှုခံကောင်း၏။

ထိုသို့ ဒါယကာ ဒါယိကာမတို့၏ အထံ၌ ဟတ္ထကမ်လုပ်အားကို တောင်းရာ အလျှုံရာ၌-

" အရှင်ဘုရား-အဘယ်အကျိုးငှါ အိမ်သို့ ကြွလာပါသနည်းဘုရား၊ဘာလုပ်စရာ ရှိပါသနည်းဘုရား "ဟု မေးမြန်းလျှောက်ထားသည်ဖြစ်စေ၊ မမေးမလျှောက်သည် ဖြစ်စေ၊ ဟတ္ထကမ် လက်အလုပ် လုပ်အားကို တောင်းကောင်း အလျှုခံကောင်း၏။

လုပ်အားကိုတောင်းခြင်း၊ အလျှုခံခြင်းကြောင့် သေခိယလာ "သူပေါဒနဝိညတ္တိ " သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်ဟူသော အပြစ်မရှိ။

သတိပြုဖွယ်အချက်။ သို့သော် လုပ်အားအလျှုခံရာတွင် မုဆိုး, တံငါစသော သူတို့ထံမှ-

၁။ သူတို့၏မုဆိုး, တံငါအလုပ်ဟူသော ဟတ္ထကမ်လုပ်အားမျိုးကို လည်းကောင်း၊

၂။ " ဤမည်သော ဟတ္ထကမ် လုပ်အားကို ပေးရမည် "ဟု အလုပ်ကို သတ်မှတ်ချက်မပြုပဲ ဟတ္ထကမ် သာမညမျိုးကို လည်းကောင်း မတောင်းရ, အလျှုမခံရ။

အဘယ်ကြောင့်ဆိုသော်- " ဒါယကာတို့ ကျောင်းမှာ ဤမည်သောအလုပ် ပြုလုပ်ရန်ရှိ၏၊ ၎င်းအလုပ်အတွက် ဟတ္ထကမ် လုပ်အားကိုပေးလှူကြပါ " ဟု အလုပ်ကို သေချာစွာ ပြောဆို၍သာ တောင်းရမည်။

ထိုသို့မဟုတ်ပဲ အလုပ်ကိစ္စကို နားလည်အောင် ပြောမပြပဲ " ဟတ္ထကမ် " ဟု သာမည ပြောဆိုတောင်းရမ်းလျှင် သူတို့၏ လုပ်နေကျ ဟတ္ထကမ် ဖြစ်သော

သားငါး ရှာဖွေ သတ်ဖြတ်မှု ဟတ္ထကမ်ဟုထင်မှတ်ကာ ၎င်းဟတ္ထကမ် လုပ်အား မျိုးကို ပြုလုပ်ကြကာ သားငါးတို့ကို ပေးလှူကြလိမ့်မည်။ ထို့ကြောင့် မုဆိုး၊ တံငါ စသူတို့၏ထံ၌ ဟတ္ထကမ် လုပ်အား အလှူခံတောင်းရမ်းခဲ့လျှင် သူတို့အား မိမိစေနိုင်းလိုသည့် အလုပ်ကိစ္စ ဟတ္ထကမ်ကို သေချာစွာပြောပြ၍ လုပ်အား အလှူခံရမည်။

လှည်း–ထွန်တုံး–ထွန်သွား–ထယ်–စသော တောင်သူတို့၏ ကိရိယာများ ကို ဆောင်ယူကြကုန်၍ လယ်ထွန်ရန် စိုက်ပျိုးရန် လုပ်ငန်းသိမ်းရန် ကိစ္စဖြင့် တောသို့သွားကြသော တောင်သူလယ်သမားများ ကိုပင် ဖြစ်စေ၊ အခြားသော သူများ ကိုပင် ဖြစ်စေ၊ ဟတ္ထကမ် လုပ်အားကို တောင်းကောင်း၊ အလှူခံ ကောင်း၏။သို့သော် လူတို့၏အလုပ်ကိစ္စ အချိန်အခါကို သိ၍သာ တောင်းရမည်၊ တောင်းကောင်းသည်ဆိုတိုင်း အလိုက် မသိ အချိန်အခါ မသိ မတောင်းရ မခိုင်းရ။

## ကျောင်းသို့လာကာ အလုပ်မရှိစကားပြောနေသူ အိပ်နေသူမျိုးကို လုပ်အားအလှူမခံပဲ ခိုင်းနိုင်

ကျောင်းသို့လာ၍ အလုပ်မရှိပဲ အိပ်နေသူ စကားပြောနေသူ စားကြွင်းစား စသော သူတို့ထံမှကား ဟတ္ထကမ် လုပ်အားကို တောင်းမနေတော့ပဲ–

“ ဟေ့ဒကာ.... လာစမ်း ဤအလုပ်ကိုလုပ်ပေးစမ်း ”ဟု ကြိုက်သလိုခိုင်း ကောင်း၏။ ထိုသူမျိုးထံမှ ရှေးဦးစွာဟတ္ထကမ်လုပ်အားကို တောင်းနေဖွယ်မလို၊ သူ့အလုပ်အကိုင်နှင့်သူ အလုပ်လုပ်နေကြသူများကိုမူ ရှေးဦးစွာ ဟတ္ထကမ်လုပ် အားကို အလှူခံပြီးမှသာ ခိုင်းကောင်းသည်။ အလှူမခံပဲ တိုက်ရိုက် မခိုင်း ကောင်း။

## အပြစ်မရှိသော ဟတ္ထကမ်လုပ်အား အားလုံးအလှူခံနိုင်

ရဟန်းတို့သည် အပြစ်ကင်းသော ဟတ္ထကမ်လုပ်အားအမျိုးမျိုးကို အလှူခံ ကောင်းပုံကို ပြခြင်းအကျိုးငှာ အောက်ပါအကျယ်စကားကို အဋ္ဌကထာဆရာတို့ ပြဆိုကြကုန်၏။ ကျောင်းပြာသာဒ်ကို ဆောက်လုပ်စေလိုသောရဟန်းသည် တိုင်အကျိုးငှာ ကျောက်ဆစ်သမားတို့၏ အိမ်သို့သွား၍–

“ဒါယကာ ဟတ္ထကမ်လုပ်အားကို အလိုရှိ၏”ဟု ပြောဆိုအပ်၏။

"အရှင်ဘုရားအဘယ်သို့သောကိစ္စကိုပြုလုပ်ပေးရမလဲ"ဟု လျှောက်ထားအံ့၊ "ကျောက်တုံးပေါ်သောအရပ်မှ ကျောက်ခဲများကို ဖော်ထုတ်ပေးပါကုန်လော့" ဤသို့ပြောပြရမည်။ ပြာသာဒ်တိုင်စီရန်အတွက် ကျောက်ခဲထွက်ရာအရပ်မှ ကျောက်တုံးကျောက်ခဲ အဖော်ခိုင်းခြင်းတည်း။

ကျောက်ဆစ်သမားတို့သည် ကျောက်များကိုဖော်ပေးသော်လည်းကောင်း၊ သူတို့ဖော်ပြီးသား ကျောက်များကို လှူကြကုန်သော် လည်းကောင်း အင်၏၊ အလှူခံယူကောင်းသည်။

လုပ်အားကိုတောင်းရာ ပစ္စည်းကိုလှူလျှင်လည်း ခံယူကောင်း၏။ သို့မဟုတ် "အရှင်ဘုရားတို့ တပည့်တော်တို့အလုပ်မအားသဖြင့် အခြားသူများကို အဖော်ခိုင်းပါ၊ ကျသင့်သောအဖိုးအခကို တပည့်တော်တို့က ခံပါ့ လှူပါမည်"ဟု လျှောက်ထားလျှင်ကား အခြားသူများကိုခိုင်း၍ ကျသင့်သောအဖိုးအခကို ပေးလိုက်ဖို့ရန် ပြောကောင်း၏။

ဤနည်းအတိုင်းပင်–

သစ်အလို့ငှာ သစ်ခုတ်သမားတို့၏ထံမှလည်းကောင်း၊

အုတ်အကျိုးငှာ အုတ်လုပ်သမားတို့၏ထံမှလည်းကောင်း၊

အဆောက်အအုံပြုလုပ်ရန်အကျိုးငှာ လက်သမားတို့၏ထံမှလည်းကောင်း၊

အမိုးအတွက် သက်ငယ်သမားစသည်တို့၏ထံမှလည်းကောင်း၊

ဆေးစသည်သုတ်ရန် ပန်းချီသမား စသောသူတို့၏ထံမှလည်းကောင်း ထိုထို အလုပ်အကျိုးငှာ ထိုထိုအတတ်သည် အလုပ်သမားတို့၏ထံသို့ သွားရောက်ကာ အလိုရှိသော ဟတ္ထကမ်လုပ်အားကို တောင်းကောင်း အလှူခံကောင်း၏။

အဆောက်အအုံဆောက်ရန်အတွက် ပစ္စည်းနှင့်လုပ်အားခပေးရန်ငွေကိုတော့ တိုက်ရိုက် အလှူမခံရ။

ဟတ္ထကမ်လုပ်အားကို အလှူခံရာ သူတို့ပိုင်ပစ္စည်းကို လှူခဲ့သော်လည်း ကောင်း၊ သူတို့ကိုယ်တိုင်လုပ်မပေးနိုင်သဖြင့် လုပ်အားခကို ကျခံလှူဒါန်းခဲ့သော် လည်းကောင်း အားလုံးသောလုပ်အား ပစ္စည်း,ဝတ္ထု, လုပ်အားခကျခံလှူဒါန်း ခြင်းတို့ကို ခံယူကောင်း၏။

အထူးသိမှတ်ရန်အချက်– ကျောင်းစသည်ဆောက်လုပ်ရန်အတွက် ပစ္စည်းဝတ္ထု (သစ်, ဝါး, အုတ်, ကျောက်,စသောပစ္စည်းဝတ္ထု)ကို လည်းကောင်း၊ အခပေးရန်ငွေကိုသော်လည်းကောင်း အလှူမခံရ, အလှူမခံ ကောင်း၊ ဟတ္ထကမ်အလှူခံရာ သူတို့ဘာသာ စေတနာပေါက်၍ လှူလျှင်သာ အလှူခံကောင်း၏၊ ငွေကိုကား အလုပ်သမားမည်သူအား မည်မျှပေးလိုက်ဟု ညွှန်ရုံသာ ညွှန်ကောင်း၏။ လုပ်အားဟတ္ထကမ်အလှူခံရာ ပစ္စည်းဝတ္ထုနှင့် လုပ်အားခငွေ ကျခံလှူဒါန်းခြင်းမျိုးကိုသာ ခံယူကောင်းသည်ဟု မှတ်ပါလေ။

ဟတ္ထကမ်တောင်းခံပြီးလျှင် တောတွင်းမှသစ်ဝါးစသည်ကို အဆောင်ယူခိုင်း သော ရဟန်းသည် တောတွင်း၌ သူတပါးတို့မသိမ်းပိုက်အပ်သော ပိုင်ရှင်မရှိသည့် သစ်, ဝါး, စသည်တို့ကိုသာ ဆောင်ယူစေရမည်။ (ပိုင်ရှင်ရှိသောဥစ္စာဖြစ်က ဒုတိယပါရာဇိကသိက္ခာပုဒ်နှင့် အပြစ်မှမလွတ်။)

သစ်သား, ကြေး, သံ, အပ်ချည်, အစရှိသောပစ္စည်းများကို ရရှိသဖြင့်၊ ညောင်စောင်း, အင်းပျဉ်, သပိတ်, ရေစစ်ပဝါ, ဓမ္မကရိုဏ်ရေစစ်, သင်္ကန်း, စသည်တို့ကို ပြုလုပ်ခိုင်းသောရဟန်းသည်လည်း၊ ထိုထိုအတတ်သည် အလုပ် သမားတို့ထံသွား၍ ပြသာဒ်၌ ဆိုခဲ့ပြီးသောနည်းအတိုင်းပင် ဟတ္ထကမ်ကို အလှူခံကောင်း တောင်းကောင်း၏။

ဟတ္ထကမ်ကိုအလှူခံရာ၊ သူတို့ပိုင်သည့် ညောင်စောင်းစသော ပြုလုပ်ပြီး ပစ္စည်းဝတ္ထုများကို လှူဒါန်းခဲ့သော်လည်းကောင်း၊ သူတို့ကိုယ်တိုင်ပြုလုပ်မပေး နိုင်သဖြင့် အဖိုးအခကို ကျခံလှူဒါန်းသဖြင့် ညောင်စောင်းအင်းပျဉ်စသည်ကို ရရှိခဲ့သော်လည်းကောင်း ခံယူကောင်း၏။

### လုပ်အားခလိုချင်သူတို့အား လုပ်အားခပေး၍ခိုင်းရမည်၊

ဟတ္ထကမ်ကိုတောင်းခံရာ အခမဲ့ဖြင့်မပြုလုပ်လိုပဲ လုပ်အားခယူကာ ပြုလုပ် လိုသူများအား ကျောင်း၌ရှိသော ဆန်စသည်ကိုလည်းကောင်း၊ ပဝါ, တဘက်, ပိတ်စသည်ကိုလည်းကောင်း ပေးရမည်။

**ဝိနယ – ၃၆**

မအပ်သော ငွေစသည်ကိုတော့ မပေးကောင်း၊

ကျောင်း၌ ဆန်စသည်ပေးစရာမရှိလျှင်ဘိက္ခာစာရဝတ်ဖြင့်ရှာ၍ပေးရမည်။

ဟတ္ထကမ်တောင်းကာ သပိတ်ဖုတ်ခိုင်းပြီးလျှင် ၎င်းသပိတ်ကိုသုတ်လိမ်းရန် အတွက် ဆီလိုသဖြင့် မြို့ရွာတွင်းသို့ ဆီအလှူခံဝင်ရာ ဆွမ်းခံကြွလာသည်ဟု ထင်မှတ်၍ ယာဂု ဆွမ်းစသည်ကို လောင်းလှူရန် ဆောင်ယူ၍လာခဲ့သော် မခံယူပဲ သပိတ်ကို လက်ဖြင့်ပိတ်ထားရမည်။

"အရှင်ဘုရား–အဘယ်ကို အလိုရှိပါသနည်းဟု"မေးမှ

"သပိတ်သုတ်လိမ်းရန် ဆီကိုအလိုရှိပါ၏"ဟု ပြောဆိုရမည်၊

ဆွမ်းလောင်းမည့် ဒါယကာ ဒါယိကာမတို့က "အရှင်ဘုရား သပိတ်ကို ပေးတော်မူပါ"ဟု တောင်း၍ ဆီဖြင့်သုတ်လိမ်းပြီးလျှင် ယာဂု ဆွမ်းစသည်ကိုထည့်ကာ ပေးလှူကြကုန်ငြားအံ့၊ခံယူကောင်း၏။ ယာဂု ဆွမ်းတို့ကို တောင်းခြင်း မည်သည်မဖြစ်၊ယာဂု ဆွမ်းစသည်ကို သူတို့အလိုအလျောက် စေတနာပေါက်၍ လှူခြင်းကြောင့် "သူပေါဒနဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်"ဟုဆိုသည်။

ရဟန်းများသည် မြို့တွင်းရွာတွင်း၌ စောစောပင်ဆွမ်းခံကြွပြီးလျှင် မြို့တွင်း ရွာတွင်းရှိ ဆွမ်းစားဇရပ်သို့ ကြွလာကြရာ၊နေရာထိုင်ခုံများမရှိသဖြင့် ရပ်နေကြကုန်စဉ် ဒါယကာတို့တွေ့မြင်ကြ၍ အနီးအနားရှိအိမ်တို့မှနေရာထိုင်ခုံများကိုယူ၍ ခင်းပေးကြကုန်ငြားအံ့၊ ရဟန်းတို့သည်လည်း ထိုနေရာထိုင်ခုံတို့၌ နေထိုင်ကြ၍ ဆွမ်းဘုဉ်းပေးပြီးကြလျှင် ကျောင်းသို့ပြန်မည်ပြုသောအခါ–

"ဒါယကာတို့ ဘုန်းကြီးတို့ကျောင်းသို့ပြန်တော့မည်" ဟုခွင့်ပန်ကြား၍ပြန်ရမည်၊မပန်ကြားပဲ မပြန်ရ။

မပန်မကြားပဲ ပြန်ကြွကြသဖြင့် နေရာထိုင်ခုံများ ပျောက်ပျက်သွားလျှင်၊ ရဟန်းတို့က အစားလျော်ဖွယ်တော့မလို၊ သို့ပေမယ့် ဝတ္တရားပျက်ကွက်မှုတော့ ရှိနေ၏။

အစားမလျော်ထိုက်ခြင်း၏အကြောင်းမှာ–

၎င်းနေရာထိုင်ခုံများကို ရဟန်းတော်တို့က အယူခိုင်းသည်မဟုတ်၊ဒါယကာများ သူတို့ဘာသာဆောင်ယူခင်းပေးကြသည်ဖြစ်၍ ရဟန်းတို့မှာ တာဝန်မရှိသောကြောင့်တည်း။

ရဟန်းတို့က အဆောင်ယူခိုင်း၍ ထိုင်နေကြပြီးလျှင် မပန်ကြားပဲ ပြန်သွားလျှင်ကား ၎င်းထိုင်ခုံများ ပျောက်ပျက်ခဲ့လျှင် ရဟန်းတို့က အစားလျော်ထိုက်၏။ ထိုမျှသာမကသေး ဝတ္တရားပျက်ကွက်မှုကြောင့် ဝတ္တဘေဒဒုက္ကဋ်အာပတ်လည်းသင့်သေး၏။

ကော်ဇော-သင်ဖြူးစသော ပစ္စည်းတို့၌လည်း ဤနည်းအတိုင်းပင်ဖြစ်၏။

ရွာတွင်းဆွမ်းစားဇရပ်စသည်၌ ဆွမ်းစားရာတွင် ယင်ကောင်တွေပေါ်သဖြင့် ယင်ကောင်ချောက်ရန် သို့မဟုတ် ဥတုပူပြင်းသဖြင့် ယပ်ခတ်ရန် ယပ်ကိုအယူခိုင်းကောင်း၏။

ယင်ကောင်ချောက်ရန် ယပ်မရှိသဖြင့်တမာခက်စသောသစ်ခက်များကို ချိုးလာခဲ့လျှင် "အပ်စပ်အောင်ပြု၍ အကပ်ခံယူရမည်"။

"အပ်စပ်အောင်ပြု၍ အကပ်ခံကာယူရမည်"ဟု ဆိုသည်ကား၊ ယင်ကောင်ချောက်ရန်အတွက် လူတို့ချိုးယူလာခဲ့သော သစ်ခက်များ၌ကပ်ငြိ၍ပါလာသော ဖုန်မှုန့်မြူမှုန့်တို့ သငိတ်ထဲစသည်၌ကျကာအကပ်ပျက်မည်စိုးသောကြောင့်လည်းကောင်း၊ ၎င်းသစ်ခက်မှ အညွန့်များကိုတို့စားလိုလျှင်လည်း အကပ်ခံပြီးသားဖြစ်စေလိုသောကြောင့်လည်းကောင်း၊ အပင်ပေါက်နိုင်သည့် ဗီဇဂါမ်အညွန့်မျိုးဖြစ်လျှင်လည်း စားရန်အတွက် ကပ္ပိပြီးဖြစ်စေလိုသော ကြောင့်လည်းကောင်း—

ရေအဆေးခိုင်းခြင်း၊

ကပ္ပိထိုက်လျှင် ကပ္ပိခြင်း၊

အကပ်ခံခြင်း၊

တို့ကို ပြုလုပ်ခြင်းကို အပ်စပ်အောင်ပြုသည်ဟု ဆိုလိုသည်၊

(ဝိနယာလင်္ကာရဋီကာ၊ ပ-နှာ-၆၇။)

ဆွမ်းစားဇရပ်၌ ရေအိုးတွင် ရေမရှိသည်ဖြစ်အံ့ "ဓမ္မကရိုဏ်ယူခဲ့လော့"ဟု မပြောဆိုရ။

အဘယ့်ကြောင့်ဆိုသော်၊ရေမရှိသောရေအိုးထဲသို့ဓမ္မကရိုဏ်ကို ထည့်သည်ရှိသော် ရေအိုးကွဲသွားမည် ဖြစ်သောကြောင့်တည်း။ (ရှေးက ဓမ္မကရိုဏ်ရေစစ်

မျိုးကို ကြေးနီဖြင့်ပြုလုပ်ထား၏။ ယခုခေတ်ရေစစ်တို့ ထက်လည်းကြီး၏။ ထို့ကြောင့်ရေမရှိသောအိုး၌ ကျလျှင် ရေအိုးကွဲ၍သွားနိုင်၏။)

ရေအိုး၌ရေမရှိသဖြင့် "မြစ်သို့သွား၍ ရေခပ်ခဲ့လော့၊ တဘက်ဆည်ကန်သို့ သွား၍ ရေခပ်ခဲ့လော့၊ ရေတွင်း ရေကန်သို့သွား၍ ရေခပ်ခဲ့လော့" ဟူ၍ကား ပြောဆိုစေခိုင်းကောင်း၏။

"တအိမ်အိမ်မှ ရေသွား၍ယူချေပါလော့" ဟူ၍ကား မပြောဆို မစေခိုင်းကောင်း၊ ထိုသို့စေခိုင်းသဖြင့် တအိမ်အိမ်မှ ရေကိုယူလာလျှင်လည်း ၎င်းရေကို မသောက်ကောင်း, မသုံးကောင်း။

## ရဟန်းတို့ ဉာတိ ပဝါရိတ ပုဂ္ဂိုလ်မဟုတ်လျှင် ရေကိုပင် တောင်း၍ မသောက်ကောင်း

အထက်ပါ အဋ္ဌကထာလာ စကားကိုထောက်၍ ဉာတိ (ဆွေမျိုးတော်သူ) ပဝါရိတ (ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားထားသူ) မဟုတ်သော သူတို့၏ ပစ္စည်းမှန်လျှင် ရေကိုပင် တောင်း၍မသောက်ကောင်းဟု သိနိုင်၏။

ရွာတွင်းဇရပ်၌ဖြစ်စေ, တောထဲ၌ဖြစ်စေ ဆွမ်းစားမှုကိုပြုသော ရဟန်းတို့သည် ထိုဆွမ်းစားသည့်အရပ်အနီးအပါး၌ ပေါက်နေသည့် လက်သုပ်ဟင်းလျာ လုပ်ကောင်း တို့၍စားကောင်းသော သစ်သီးသစ်ရွက် သစ်ဉ သစ်ဖု သစ်မြစ်စသည်ကိုအလိုရှိလျှင် သူတို့၏ အလုပ်ကိစ္စပြုလုပ်နေသောသူများကို အကပ္ပိခိုင်း အဆွတ်ခူးခိုင်းလိုလျှင်ကား ဟတ္ထကမ်ကို ရှေးဦးစွာတောင်းပြီးမှသာ ခိုင်းကောင်း၏။

အလုပ်ကိစ္စလုပ်နေသူကို ဟတ္ထကမ် မတောင်းပဲ မခိုင်းကောင်း။

## အလဇ္ဇီရဟန်း သာမဏေများကို ဟတ္ထကမ်လုပ်အားကိုပင် မခိုင်းကောင်း

အလဇ္ဇီဖြစ်သော ရဟန်းသာမဏေတို့အား ဟတ္ထကမ်ကိုပင် မခိုင်းကောင်း။ ထို့ကြောင့် အလဇ္ဇီရဟန်း သာမဏေတို့ကို ခန္ဓာကိုယ်၏အတွင်း စားသောက်ဖို့ပင်ဖြစ်စေ, အပြင်သုံးစွဲဖို့ပင်ဖြစ်စေ, မည်သည့်ကိစ္စမျိုးကိုမျှ အလုပ်မခိုင်းကောင်းဟု မှတ်ယူရမည်၊

ဤကား ပုရိသတ္တကရ, ဟတ္ထကမ် ခေါ် အလုပ်လုပ်ခိုင်းမှု၌ သိမှတ်ရန် အဆုံးအဖြတ်များတည်း။

## လူတို့၏ ပစ္စည်းများကို ငှားရမ်းသုံးစွဲရာ၌ သိမှတ်ဖွယ်ရာများ

ရဟန်းတို့သည် အလုပ်ကိစ္စရှိခဲ့သော် ဆွေမျိုးမတော်သူ ဖိတ်ကြားမထားသူတို့၏ နွားများကို ငှားရမ်း၍မခိုင်းရ၊ ငှားရမ်း၍ခိုင်းခဲ့လျှင် "အညာတကဝိညတ္တိဒုက္ကဋ်အာပတ်" သင့်၏။

ဆွေမျိုးတော်သူ ဖိတ်ကြားထားသူတို့၏ထံမှလည်း မည်သည့်သက်ရှိသက်မဲ့ အသုံးအဆောင်ပစ္စည်းကိုမျှ အပြီးအပိုင် မတောင်းကောင်း၊ ခေတ္တခဏသုံးစွဲရန်အတွက်သာ ငှားရမ်းကောင်း တောင်းကောင်း၏ မိမိခေတ္တခဏခိုင်းရန် ငှားရမ်းထားသော နွားစသော သတ္တဝါကိုလည်း စောင့်ရှောက်ကျွေးမွေး၍ ထားရမည်။ အလုပ်ကိစ္စပြီးလျှင် ပိုင်ရှင့်ထံ သေချာစွာပြန်အပ်ရမည်။

ကျွဲ နွား စသည်တို့ကို ငှားရမ်း၍သုံးစွဲနေစဉ် ခြေကျိုးသွားခဲ့သော် လည်းကောင်း၊ ဦးချို စသည် ကျိုးပဲ့သွားခဲ့သော် လည်းကောင်း၊ အခြားတစုံတခုသော ကိုယ်အင်္ဂါ ချို့ယွင်း၍သွားခဲ့သော် လည်းကောင်း၊ ပိုင်ရှင့်ထံ ပြန်အပ်သောအခါ ကျေနပ်အောင်ပြောဆို၍အပ်ရမည်။ ကျေနပ်လျှင်ကား ကိစ္စမရှိပါ၊ မကျေနပ်၍ ပြန်လက်မခံခဲ့လျှင် လျော်ရမည်။

နွားစသည်ကို ပိုင်ရှင်တို့က ပြန်မယူပဲ "အရှင်ဘုရားတို့အား အပိုင်လှူပါ၏" ဟု လျှောက်ထား၍လှူလျှင် နွားစသော သတ္တဝါတို့ကို ပုဂ္ဂလိကအနေဖြင့် မခံယူကောင်းသောကြောင့် အလှူမခံရ။

"ကျောင်းအားလှူပါ၏" ဟု ပြောဆိုလျှောက်ထား၍ လှူလျှင်မူကား "အာရာမ်စောင့်တို့အား ကျွေးမွေးစောင့်ရှောက်ထားဖို့ရန် ပြောလိုက်ကြ" ဟု ပြောဆိုကောင်း၏။

ဉာတိ ပဝါရိတ မဟုတ်သူတို့အထံ၌ "လှည်းကိုပေးပါကုန်" ဟု ပြောဆိုတောင်းရမ်းခြင်းငှာမအပ်၊ ဒုက္ကဋ်အာပတ်သင့်၏။

ဉာတိ-ပဝါရိတ- ဖြစ်သောသူတို့၏ထံ၌ပင် ဖြစ်စေကာမူ လှည်းကိုခေတ္တခဏ အခိုက်အတန့်သာတောင်း၍ သုံးစွဲကောင်းသည်။ ကိစ္စပြီးလျှင် ပြန်ပို့ရမည်။

အကယ်၍ လှည်း၌ တစုံတခုသော အစိပ်အပိုင်း ကျိုးပဲ့ပျက်စီး၍သွားလျှင် ပင်ကိုယ်အတိုင်း ကောင်းအောင်ပြင်ဆင်ပြီး ပြန်ပို့ရမည်။ ငှားရမ်းသုံးစွဲနေစဉ် လှည်းတစီးလုံး ပျောက်သွား ပျက်သွားလျှင်ကား လှည်းအစားလျော်ရမည်။

လှည်းကို "အရှင်ဘုရားတို့အား လှူပါ၏" ဟု လျှောက်ထား၍ လှူဒါန်းလျှင်ကား သစ်ဘဏ္ဍာဖြစ်သောကြောင့် အလှူခံကောင်း၏။

ပဲခွပ်- ပုဆိန်- ဓားမ- ပေါက်တူး- လွ- ဆောက် စသော အသုံးအဆောင် အမျိုးမျိုးတို့ကို ငှားရမ်းသုံးစွဲရာ၌လည်း ရှေးဆိုခဲ့ပြီးသော နည်းအတိုင်းပင် ဖြစ်၏။ (ပြီးလျှင်ပြန်ပေး, ပျက်လျှင်ပြင်ပေး, ပျောက်ပျက်လျှင် လျော်ပေး လှူလျှင် ယူဟု ဆိုလိုသည်။)

သူတပါးတို့ပိုင်ဆိုင်သည့် ကြိုး, ကြိမ်,နွယ် စသည်တို့၌လည်း အထက်ပါနည်း အတိုင်းပင် မှတ်ယူရမည်။ ဂရုဘဏ်လောက်သော နွယ် စသည်တို့၌သာ တောင်း ရမ်းလျှင် တောင်းမှုဝိညတ် ဖြစ်သည်။ ဂရုဘဏ်မလောက်သော နွယ် စသည်တို့၌ကား ဝိညတ်မဖြစ်, အာပတ်မသင့်။ ပိုင်ရှင်မရှိသော တစုံတခုသော နွယ်စသည်ကို ဆောင်ယူစေခြင်းငှာအပ်၏။

ပိုင်ရှင်ရှိသော ပစ္စည်း ဝတ္ထုနှင့်၊ ပိုင်ရှင်ရှိသော နေရာမှ ပစ္စည်းဝတ္ထုတို့ကို တောင်းရမ်းမှသာ တောင်းမှုဝိညတ်ဖြစ်၏။ ပိုင်ရှင်မရှိသော နေရာမှ ပိုင်ရှင် မရှိသော ပစ္စည်း ဝတ္ထုမျိုးကို တောင်းလျှင်ကား တောင်းမှု ဝိညတ်မဖြစ်၊ အာပတ်မသင့်။

တောင်းခြင်း(၄)မျိုး

၁။ ဝိညတ္တိ ၂။ ပရိကထာ ၃။ ဩဘာသ ၄။ နိမိတ္တကမ္မ ဟူ၍ တောင်းခြင်း(၄)မျိုးရှိ၏။

ထို(၄)မျိုးတို့တွင်–

"ဆောင်ယူခဲ့လော့–ပေးလှူစမ်းလော့"စသည်ဖြင့် တိုက်ရိုက် တောင်းခြင်း မျိုးကို ဝိညတ္တိ(သို့မဟုတ်)ယာစနာ–ဟူ၍ခေါ်၏။

တိုက်ရိုက် မဟုတ်ပဲ၊ ပရိယာယ် ပြောမှုကို ပရိကထာ–ဟုခေါ်၏။

အရိပ်အရောင် ပြမှုကို ဩဘာသဟုခေါ် ၏။

အမှတ်နိမိတ်ပြုမှုကို နိမိတ္တကမ္မ–ဟုခေါ် ၏။

ပစ္စည်းလေးပါးနှင့် တောင်းခြင်း လေးမျိုး၊

၁။ ဆွမ်းပစ္စည်း ၂။ သင်္ကန်းပစ္စည်း ယင်းနှစ်မျိုးတို့၌ ဝိညတ္တိ, ပရိကထာ, ဩဘာသ, နိမိတ္တကမ္မ ဟူသော တောင်းခြင်း နည်း (၄)မျိုးလုံး မအပ်၊ မတောင်းကောင်း။

ကျောင်း ပစ္စည်း (ကျောင်း ဆောက်လုပ်ရန်အတွက်) ၌ကား ဝိညတ္တိ (၁)မျိုးသာမအပ်၊ ပရိကထာ, ဩဘာသ, နိမိတ္တကမ္မ– ဟူသော တောင်းခြင်း နည်း (၃)မျိုးဖြင့်ကား တောင်းကောင်း၏၊ အပြစ်မရှိ။

ကျောင်းပစ္စည်း၌ ပရိကထာပြုပုံ

ကျောင်းအဆောက်အဦကို အလိုရှိသော ရဟန်းသည်"ဤနေရာမျိုး၌ ဤသို့သော ကျောင်းမျိုးကို ဆောက်သင့်၏၊ ကျောင်းဆောက်လျှင် သင့်လျော်၏" ဤသို့သော နည်းပရိယာယ်ဖြင့် ပြောဆိုခြင်းသည် ပရိကထာတောင်းခြင်းနည်း မည်၏။

ဩဘာသတောင်းခြင်းဖြင့် တောင်းပုံ

"တကာတို့–သင်တို့ဘယ်မှာနေကြကုန်သနည်း" ဟုမေး၍၊ "အိမ်မှာနေကြပါကုန်သည်ဘုရား၊ တိုက်၌နေကြပါကုန်သည် ဘုရား၊ ပြာသာဒ်၌ နေကြပါကုန်သည်ဘုရား"ဟု ဒါယကာတို့က လျှောက်ထားသောအခါ—

"တကာတို့ ရဟန်းတို့ကော အိမ်သည် မအပ်သလော၊ အုတ်တိုက်သည် မအပ်သလော၊ ပြာသာဒ်သည် မအပ်သလော" ဤသို့သော စကားမျိုးကို ပြောဆိုခြင်းသည် ဩဘာသ ကျောင်းဆောက်ဖို့ရန် အရိပ်အရောင် ပြသော တောင်းခြင်းမည်၏။

နိမိတ္တတောင်းခြင်းဖြင့် တောင်းပုံ

ကျောင်းဆောက်ခြင်းငှာ တတ်နိုင်သည့် ပစ္စည်းရှိသူ ဒါယကာ ဒါယိကာမတို့လာသောအခါ ပန္နက်ကြိုးကိုတန်းခြင်း၊ ပန္နက်တိုင်ကို အစိုက် ခိုင်းခြင်း၊စသည်တို့ကို လာသူတို့ မြင်လောက်အောင် ပြုလုပ်စေ၏။

တွေ့မြင်သူ ဒါယကာ ဒါယိကာမတို့က “အရှင်ဘုရား–ကြိုးတန်းခြင်း သစ်ငုတ် ရိုက်ခြင်းသည် ဘာလုပ်ပါသနည်း” ဟု မေးလျှောက်သောအခါ “ဤနေရာ၌ ကျောင်းဆောက်ကုန်အံ့”ဤသို့စသည်ဖြင့် အရိပ် နိမိတ်ပြခြင်းသည် နိမိတ္တကမ္မ နည်းဖြင့် တောင်းခြင်းမည်၏။

ဆေးပစ္စည်းအတွက်ကား တောင်းခြင်း(၄)မျိုးဖြင့်ပင်တောင်းကောင်း

ကျေန်းမမာသူ၊ ဂိလာန ပုဂ္ဂိုလ်များအတွက် ဆေးပစ္စည်းကို တောင်းရာ၌ကား၊ ဝိညတ္တိ–ပရိကထာ–ဩဘာသ–နိမိတ္တကမ္မ(၄)မျိုးလုံးဖြင့်ပင် တောင်းကောင်း၏၊ အပြစ်မရှိ။

တောင်းရမ်းမှု စသည်တို့နှင့် စပ်၍ သိမှတ်ဖွယ်ရာများကားပြီး၏။

လူတို့အား·ပန်း·သစ်သီးစသည်ပေးကမ်းမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ

လူတို့အား ပန်းသစ်သီးစသည်တို့ကို ပေးကမ်းချီးမြှောက်ခြင်းကို “ကုလသင်္ဂဟ” ဟုခေါ်ဆိုသည်။

ရင်းကုလသင်္ဂဟ အရာ၌ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များကို ပြဆိုပေအံ့။

ပေးကမ်းရန်ရည်ရွယ်ချက်ဖြင့် ပန်းပင် စသည်တို့ မစိုက်ကောင်း

လူတကာ–တကာမတို့အား ပေးကမ်းချီးမြှောက်ရန် ဟူသော ရည်ရွယ်ချက် မျိုးဖြင့် ပန်းပင်ငယ် စသည်တို့ကို–

၁။ ကိုယ်တိုင်လည်း မစိုက်ပျိုးကောင်း၊

၂။ သူတပါးကိုလည်း အစိုက် မခိုင်းကောင်း၊

၃။ ကိုယ်တိုင်လည်း ရေမလောင်းကောင်း၊

၄။ သူတပါးကိုလည်း ရေအလောင်း မခိုင်းကောင်း၊

၅။ ကိုယ်တိုင်လည်း ပန်းမဆွတ်ခူးကောင်း၊

၆။ သူတပါးတို့ကိုလည်း ပန်းမဆွတ်ခူးစေကောင်း၊

၇။ ကိုယ်တိုင်လည်း ပန်းမသီကုံးကောင်း၊

၈။ သူတပါးတို့ကိုလည်း ပန်းအသီကုံးမခိုင်းကောင်း–

ဟူ၍မှတ်။

ထိုပန်းပင်ငယ်စိုက်ပျိုးခြင်း စသည်တို့နှင့် စပ်၍ အောက်ပါ အချက် (၅) ချက်ကို သိထားရမည်။

အချက်(၅)ချက်ကား

၁။ အကပ္ပိယ ဝေါဟာရ=မအပ်သော ပြုလုပ်ပြောဆိုမှု၊

၂။ ကပ္ပိယ ဝေါဟာရ=အပ်သော ပြုလုပ်ပြောဆိုမှု၊

၃။ ပရိယာယ=ပရိယာယ်ပြုမှု၊

၄။ ဩဘာသ=အရိပ်အရောင်ပြုမှု၊

၅။ နိမိတ္တကမ္မ=အမှတ်နိမိတ်ပြုမှု–

ဟူ၍ (၅)ချက်ဖြစ်၏။

(မှတ်ချက်) –ဤနေရာ၌ ပြုခြင်း, ပြောဆိုခြင်း (၂)မျိုးလုံးကို ဝေါဟာရ–
ဟု ခေါ်သည်။

အကပ္ပိယဝေါဟာရဆိုသည်မှာ

ရဟန်းတို့အား မအပ်သော ပြုလုပ်မှု ပြောဆိုစေခိုင်းမှုမျိုးကို ဆိုသည်။ (၎င်းတို့ကား)စိမ်းစိုသော မြက်သစ်ပင်တို့ကို ကိုယ်တိုင်ဖြတ်ခြင်း၊ သူတပါးတို့ကို အဖြတ်ခိုင်းခြင်း၊

တွင်းကို ကိုယ်တိုင်တူးခြင်း၊ သူတပါးတို့ကို အတူးခိုင်းခြင်း၊

သစ်ပင်ပန်းပင်ငယ်စသည်ကို ကိုယ်တိုင်စိုက်ပျိုးခြင်း၊ သူတပါးတို့ကို အစိုက်ပျိုးခိုင်းခြင်း၊

ကန်သင်း(ကဇင်း)ကို ကိုယ်တိုင်ဖွဲ့ခြင်း၊ သူတပါးတို့ကို အဖွဲ့ခိုင်းခြင်း၊

(ပိုးမွှားပါ၍) မအပ်သော ရေကို ကိုယ်တိုင်လောင်းခြင်း၊ သူတပါးတို့ကို အလောင်းခိုင်းခြင်း၊ ရေမြောင်းကို ဖြောင့်အောင် ပြုခြင်း၊

(ပိုးလောက်လမ်း သည်မပေါသဖြင့်)အပ်သော ရေကို ကိုယ်တိုင်လောင်းခြင်း၊ လက်ဆေးရေ ခြေဆေးရေ မျက်နှာသစ်ရေ ချိုးရေစသည်တို့ကို ရေမြောင်းသို့ ရွေ့ရှားသွားအောင်ပြုပေးခြင်း စသည်တို့ဖြစ်ပေသည်။

## ရဟန်းတို့အား မအပ်သော ပြောဆိုစေခိုင်းခြင်းများ

ရဟန်းတို့သည် (ဤသစ်ပင် နွယ်ပင်တို့ကို) ဖြတ်လော့, ခုတ်လော့, ပယ်လော့၊ (ဤမြေကို)တူးလော့, ပေါက်လော့, ဆွလော့-ဟု ပြောဆိုကာမအပ်သော ကပ္ပိယ ဝေါဟာရဖြင့် မခိုင်းကောင်း၊ ပါစိတ်အာပတ်သင့်၏။

### ကပ္ပိယဝေါဟာရ-ဆိုသည်မှာ

ရဟန်းတို့အား အပ်သော ပြုမှု ပြောဆိုစေခိုင်းမှုမျိုးကိုဆိုသည်။ (၎င်းတို့ကား)—

ဤသစ်ပင်ကို သိလော့၊

ဤတွင်းကို သိလော့၊

ဤသစ်ပင်ငယ်ကို သိလော့၊

ဤသစ်ပင်၌ ရေကို သိလော့၊

ဤသစ်ပင်ကို ကပ္ပိလိုက်လော့၊

ဤသို့သောသည်ဖြင့် ပြောဆို၍ စေခိုင်းခြင်းများနှင့် ရေခြောက်နေသော မြေခဲပွကို ဖြောင့်ခြင်း, ဆည်ခြင်း စသည်တို့ဖြစ်ပေသည်။ ရဟန်းတို့သည် ကပ္ပိလော့, သိလော့-စသည်ဖြင့် အပ်သော စကားအသုံးအနှုန်းမျိုးဖြင့်သာ ပြောဆို၍ စေခိုင်းကောင်း၏။

### ပရိယာယ်ဖြင့် စေခိုင်းခြင်းကား

"ပညာရှိသောသူသည် သစ်ပင်-ပန်းပင်ငယ်စသည်တို့ကို စိုက်ထိုက်၏။ မိမိစိုက်ထားသော သစ်ပင်-ပန်းပင်တို့သည် မကြာခင်မှာပင် အကျိုးကျေးဇူး ရှိကုန်၏" ဤသို့ စသော သွယ်ဝိုက်သော ပရိယာယ်စကားကို ပြောဆိုစေခိုင်းခြင်းပေတည်း။

### အရိပ်အရောင်ပြုကာ ခိုင်းခြင်းကား

ပေါက်တူး-တူရွင်း စသည်တို့ကိုလည်းကောင်း၊

စိုက်ပျိုးဖွယ် သစ်ပင်ငယ်စသည်တို့ကိုလည်းကောင်း ကိုင်လျက်ရပ်နေခြင်း စသည်တို့ဖြစ်ပေသည်။

(မှန်၏)ထိုသို့ကိုင်ကာရပ်နေသော ဆရာရဟန်းစသည်ကို လူ သာမဏေ ကျောင်းသား စသော သူတို့မြင်ကုန်သည်ရှိသော်—

"မထေရ်သည် စိုက်စေခြင်းငှာ အလိုရှိပေ၏"ဟု သိကြကာ သူတို့လာ ရောက်ကြကာ ပြုလုပ်၍ ပေးတတ်ကြကုန်၏။

အမှတ်နိမိတ်ပြု၍ ခိုင်းခြင်းကား

ပေါက်တူး-တူရွင်း-ဓား-ပုဆိန်-ရေပုံး-တောင်း စသည်တို့ကို ဆောင်ယူ၍ မိမိ၏အနီးအနားမှာ ချထားခြင်းစသည်တို့ပေတည်း။

ကိုရင်-ကျောင်းသား-ကပ္ပိယ စသော သူတို့ အလိုက်သိကာ ပြုလုပ်ကြလိမ့် မည်ဟူသော ရည်ရွယ်ချက် မျှော်လင့်ချက်မျိုးဖြင့် ချထားသည်ဟု ဆိုလိုသည်။

လူတို့အား ပေးကမ်းချီးမြှောက်ရန် စိုက်ပျိုးလျှင်

၁။ အကပ္ပိယဝေါဟာရ၊
၂။ ကပ္ပိယဝေါဟာရ၊
၃။ ပရိယာယ၊
၄။ ဩဘာသ၊
၅။ နိမိတ္တကမ္မ၊

(၅) မျိုးလုံးတို့ဖြင့် ပြုလုပ်စေခိုင်းခြင်းငှာ မအပ်။ လုံးဝမစိုက်ကောင်းဟု ဆိုလိုသည်။

မိမိစားသုံးရန် ရည်ရွယ်၍ စိုက်ပျိုးလျှင်

အပွင့်-အသီး-အရွက် စသည်ကို မိမိသုံးစွဲစားသုံးရန်ဟူသော ရည်ရွယ်ချက် ဖြင့် စိုက်ပျိုးလျှင်ကား—

၁။ ကပ္ပိယဝေါဟာရ၊
၂။ အကပ္ပိယဝေါဟာရ (၂)မျိုးသာ မအပ်၊

ပရိယာယ, ဩဘာသ, နိမိတ္တကမ္မ (၃)မျိုးကား အပ်၏။

မဟာပစ္စရိအဋ္ဌကထာဆရာဝါဒကား

အကပ္ပိယဝေါဟာရ (၁)မျိုးသာ မအပ်၊

ကပ္ပိယဝေါဟာရ, ပရိယာယ, ဩဘာသ, နိမိတ္တကမ္မ (၄)မျိုးတို့သည် အပ် ကုန်၏ဟု မိန့်ဆို၏။

မိမိအတွက်ရည်ရွယ်၍ စေခိုင်းရာ၌ ကပ္ပိယဝေါဟာရဖြင့် စေခိုင်းလျှင် မည်သည့်သိက္ခာပုဒ်နှင့်မျှ အပြစ်အာပတ် မသင့်နိုင်၍ အပ်၏ဟု ဆိုသည်။

စိုက်ကောင်းသည့် အခြားသော ရည်ရွယ်ချက်များ

၁။ အများစားသုံးရန်အတွက်လည်းကောင်း၊

၂။ သံဃာတော်များစားသုံးရန် အတွက်လည်းကောင်း၊

၃။ စေတီတော်၏ အတွက်လည်းကောင်း၊

၄။ ကျောင်းအာရာမ်အတွင်း၌ အရိပ်အာဝါသနှင့် စိတ်ကြည်လင်မှု ဖြစ်စေရန် အတွက်လည်းကောင်း၊

၅။ ကျေးငှက် သားတိရစ္ဆာန်တို့နေရန် တောအတွက်လည်းကောင်း၊

၆။ ကျောင်းစည်းရိုးအတွက်လည်းကောင်း၊ (လုံခြုံမှုရှိရန်)

ဤသို့သော ရည်ရွယ်ချက်မျိုးဖြင့်ကား စိုက်မျိုးကောင်း၏။ သို့သော် စိုက်ပျိုးသည့်အခါ၌ကား အကပ္ပိယဝေါဟာရဖြင့် မပြုလုပ်ကောင်း မစေခိုင်းကောင်း၊ ကပ္ပိယဝေါဟာရ, ပရိယာယ, ဩဘာသ, နိမိတ္တကမ္မ (၄)မျိုးတို့ဖြင့်ကား ပြုလုပ်ကောင်း စေခိုင်းကောင်းသည်ဟူ၍မှတ်။

ထိုမျှသာမကသေး၊ ဇာတပထဝီမျိုးမဟုတ်ရာ၊ တူးဆွကောင်းသောမြေ၌ ရေရှိ–ရေမရှိသောမြောင်းတို့ကို ဖြောင့်ပေးခြင်းငှာလည်းကောင်း၊ ပိုးလောက်မပါသည့် အပ်သောရေမျိုးကို ကိုယ်တိုင်လောင်းခြင်း သူတပါးတို့ကို အလောင်းခိုင်းခြင်းငှာလည်းကောင်း၊ သစ်ပင်များ ရေသောက်ရအောင် ရေချိုးအိမ် ရေချိုးရန်နေရာစသည် ပြုလုပ်၍ ရေချိုးခြင်း လက်ဆေးရေ ခြေဆေးရေ မျက်နှာသစ်ရေ စသည်တို့ကို စွန့်ခြင်းငှာလည်းကောင်း အပ်သေး၏။

မဟာပစ္စရိနှင့် ကုရုန္ဒီအဋ္ဌကထာဆရာတို့၏ ဝါဒကား

ဇာတမြေမျိုးမဟုတ်သော ရဟန်းတို့ တူးဆွကောင်းသည့်မြေ၌ အထက်ပါ ရည်ရွယ်ချက် (၆)မျိုးတို့ဖြင့် ကိုယ်တိုင်လည်း စိုက်ကောင်း၏၊ သူတပါးတို့ကိုလည်း အစိုက်ခိုင်းကောင်း၏—ဟု မိန့်ဆိုကြကုန်၏။

ရည်ရွယ်ချက်ကောင်းဖြင့်စိုက်လျှင် စားသုံးကောင်း၏

ထိုအာရာမ် စသည်တို့၏ အကျိုးငှာ ကိုယ်တိုင်စိုက်ထားသည့် သစ်ပင်၊ သူတပါးတို့ကို အစိုက်ခိုင်းထားသည့် သစ်ပင်တို့မှ ဖြစ်သော အရွက်·အပွင့်·အသီး· စသည်တို့ကို မိမိနှင့်တကွ အခြားသီတင်းသုံးဖော်တို့ပါ စားသုံးကောင်း၏။

## ဩဘာသနှင့် နိမိတ္တကမ္မတို့၏ အထူး

အလွန်သိသာထင်ရှားသော အပြုအမူသည်–ဩဘာသ၊

မသိသာမထင်ရှားသော အပြုအမူသည်–နိမိတ္တကမ္မ၊

(ရှင်းလင်းချက်) နိမိတ္တကမ္မအမှုထက် ဩဘာသအမှုက သာ၍ သိသာထင်ရှား၏။ ပေါက်တူး–စသည်ကိုကိုင်၍ ရပ်နေခြင်းစသည်သည် အနီး၌ချထားခြင်းစသည်တို့ထက် ပြုလုပ်ပေးစေလိုကြောင်းက သိသာထင်ရှားရကား ပေါက်တူးစသည်ကို ကိုင်ကာရပ်နေခြင်းမျိုးကို ဩဘာသ–အရိပ်အရောင်ပြခြင်းဟု ဆို၏။ မကိုင်ပဲ အနီး၌ချထားခြင်းစသည်ကို နိမိတ္တကမ္မ–အမှတ်နိမိတ်ပြခြင်း–ဟု ဆိုရသည်။ ဤသို့ သိသာထင်ရှားသော အပြုအမူ၊ မသိသာမထင်ရှားသော အပြုအမူအားဖြင့် ထူးခြား၏ဟု မှတ်ယူရမည်။

### ပန်းပင် သစ်ပင်စိုက်ပျိုးရာ၌ အာပတ်အဆုံးအဖြတ်များ

အာပတ်အဆုံးအဖြတ်ကို နားလည်နိုင်ရန် ရှေးဦးစွာ မြေကြီးအမျိုးအစား (၂)မျိုးကို ခွဲခြားနားလည်ထားရန်လိုသည်။ မြေကြီးသည်–

(၁) ရဟန်းတော်များ မတူးမဆွ မခြစ်ကောင်းသည့် ဇာတပထဝီမြေမျိုး၊

(၂) ရဟန်းတော်များ တူး-ဆွ-ကောင်း-ခြစ်ကောင်းသည့် အဇာတပထဝီမြေမျိုး-ဟု (၂) မျိုးရှိ၏။

ထို (၂)မျိုး တို့တွင် မီးသောင်မြေ၊ သဲသက်သက်မြေ၊ မိုးမစွတ်သေးသော ဖို့ထားသည့်မြေ၊ ကျောက်ရေစ်မြေ-စသည်တို့သည် ရဟန်းတို့ တူး-ဆွကောင်း, ခြစ်ကောင်းသောကြောင့် အဇာတပထဝီ မြေမျိုးဖြစ်၏။ ကပ္ပိယပထဝီကပ္ပိယဘူမိ-ဟူ၍လည်း ခေါ်၏။ (ရဟန်းတို့ တူးဆွရေးခြစ်ကောင်းသောမြေ)။

အထက်ပါမြေမျိုးတို့မှတပါး အခြားသောမြေမျိုးသည် ရဟန်းတော်များမတူး-မဆွ-မခြစ်ကောင်းသောကြောင့် ဇာတပထဝီမြေမျိုးဖြစ်၏။ အကပ္ပိယပထဝီ-အကပ္ပိယဘူမိ-ဟူ၍လည်း ခေါ်၏။ (ရဟန်းတို့မတူးဆွ-မရေးခြစ်ကောင်းသောမြေ)။

မတူးဆွ မရေးခြစ်ကောင်းသည့် အကပ္ပိယပထဝီမြေမျိုးကို ရဟန်းကိုယ်တိုင် တူး-ဆွ-ရေးခြစ်သော်လည်းကောင်း၊

အကပ္ပိယဝေါဟာရ-မအပ်သောပြောဆိုစေခိုင်းနည်းဖြင့် သူတပါးတို့အား တူးဆွခိုင်းသော်လည်းကောင်း၊ ပထဝီခဏနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ ၎င်းမြေမျိုးကိုပင် ကပ္ပိယဝေါဟာရဖြင့် သူတပါးတို့ကို အတူး-ဆွခိုင်းလျှင်မူကား အာပတ်မသင့်ပါ။ ကပ္ပိယပထဝီ-ကပ္ပိယဘူမိမြေကိုမူကား ကိုယ်တိုင်ပင် တူးတူးဆွဆွ၊ ကပ္ပိယဝေါဟာရ အကပ္ပိယဝေါဟာရ (၂) မျိုးတို့ဖြင့် သူတပါးတို့ကိုပင် အတူးခိုင်း အဆွခိုင်းခိုင်း လုံးဝအာပတ်မသင့်။ ဤသို့ မြေအမျိုးအစား (၂)မျိုးကို ခွဲခြားသိမှတ်ထားရန် လို၏။

လူဘို့အား သစ်သီးပေးရန် ပန်းပေးရန်အလို့ငှာ

၁။ အကပ္ပိယမြေ၌ ပန်းပင်ငယ်စသည်ကို ကိုယ်တိုင်စိုက်လျှင် ပထဝီခဏနပါစိတ်အာပတ်နှင့် ကုလဒူသနဒုက္ကဋ်အာပတ် (၂)ချက်သင့်၏။

၂။ ၎င်းအကပ္ပိယမြေ၌ပင် ကိုယ်တိုင်မစိုက်ပဲ အကပ္ပိယဝေါဟာရဖြင့် ပြောဆိုကာ သူတပါးကို အစိုက်ခိုင်းလျှင်လည်း ပထဝီခဏနပါစိတ်နှင့် ကုလ-ဒူသနဒုက္ကဋ်အာပတ် (၂)မျိုးပင် သင့်၏။

၃။ ကပ္ပိယပထဝီ(အပ်သောမြေ)မျိုး၌ကိုယ်တိုင်စိုက်ပျိုးခဲ့သော်လည်းကောင်း၊ သူတပါးတို့ကို (ကပ္ပိယဝေါဟာရ၊ အကပ္ပိယဝေါဟာရတို့ဖြင့်) အစိုက်ခိုင်းခဲ့သော် လည်းကောင်း ပထဝီခဏနပါစိတ်အာပတ်တော့မသင့်၊ ကုလဒူသန-ဒုက္ကဋ်သာ သင့်၏။

၄။ အကပ္ပိယမြေမျိုး၌ သူတပါးတို့ကို အကပ္ပိယဝေါဟာရဖြင့် တကြိမ်သာပြောဆိုကာ အစိုက်ခိုင်းရာ စိုက်သူက အကြိမ်များစွာ စိုက်သော်လည်း ပထဝီခဏန (၁)ချက်နှင့် ကုလဒူသနဒုက္ကဋ် (၁)ချက်သာ သင့်၏။

၅။ အကပ္ပိယမြေ၌ အကပ္ပိယဝေါဟာရဖြင့် အကြိမ်များစွာ သူတပါးတို့အား အစိုက်ခိုင်းလျှင်ကား စိုက်သူကလည်း အကြိမ်များစွာ စိုက်ခဲ့လျှင် ပထဝီခဏနပါစိတ်အာပတ်ပေါင်းများစွာနှင့် ကုလဒူသနဒုက္ကဋ် အာပတ်ပေါင်းများစွာ သင့်၏။

၆။ မိမိနှင့် အများစားသုံးရန် အကျိုးငှာ အပ်သော မြေ၌ဖြစ်စေ၊ မအပ်သော မြေ၌ဖြစ်စေ ကပ္ပိယဝေါဟာရဖြင့် အစိုက်ခိုင်းခဲ့သော် အာပတ်မသင့်။

၇။ မိမိနှင့် အများစားသုံးရန် ကပ္ပိယပထဝီ (အပ်သောမြေ) ၌ ကပ္ပိယဝေါဟာရ အကပ္ပိယဝေါဟာရတို့ဖြင့် အစိုက်ခိုင်းသော် လည်းကောင်း ကိုယ်တိုင်စိုက်သော်လည်းကောင်း အာပတ်မသင့်။

၈။ အာရုမ် စသည်အကျိုးငှာ မအပ်သောမြေ၌ ကိုယ်တိုင်စိုက်သော် လည်းကောင်း၊ အကပ္ပိယဝေါဟာရဖြင့် အစိုက်ခိုင်းသော်လည်းကောင်း ပထဝီခဏနပါစိတ် အာပတ်သင့်၏။

အာရုမ်စသည်အကျိုးငှာ မအပ်သောမြေ၌ ကပ္ပိယဝေါဟာရဖြင့် အစိုက်ခိုင်းလျှင်ကား အာပတ်မသင့်။

အကျဉ်းချုပ်မှတ်ရန်မှာ

၁။ လူတို့အား ပေးကမ်းချီးမြှောက်ဖို့ရန် ရည်ရွယ်၍ စိုက်မှုကြောင့် ကုလဒူသနဒုက္ကဋ်အာပတ်သင့်၏။

အာရုမ်စသော အခြားသောအကျိုးများကို ရည်ရွယ်၍ စိုက်မှုကြောင့်ကား အာပတ်မသင့်။

၂။ မအပ်သောမြေ၌ ကိုယ်တိုင်စိုက်မှုကြောင့်ပထဝီခဏနပါစိတ်အာပတ်သင့်၏။ ၎င်းမြေ၌ပင် သူတပါးကို အကပ္ပိယဝေါဟာရဖြင့် အစိုက်ခိုင်းမှုကြောင့်လည်း ပထဝီခဏနပါစိတ်အာပတ်ပင် သင့်၏။

ကပ္ပိယဝေါဟာရဖြင့် ခိုင်းမှုကြောင့်ကား အာပတ်မသင့်။

၃။ အပ်သောမြေ၌ကား ကိုယ်တိုင်ပင်စိုက်စိုက် ဝေါဟာရ (၂) မျိုးတို့ဖြင့် အစိုက်ခိုင်းခိုင်း အာပတ်မသင့်။

ဤသို့— ၁။ လူတို့အား ပေးကမ်းရန် ရည်ရွယ်ချက်ကြောင့် ဒုက္ကဋ်၊

၂။ အကပ္ပိယမြေကြောင့် ပါစိတ်၊

၃။ အကပ္ပိယဝေါဟာရကြောင့် ပါစိတ် သင့်နိုင်သည်ကို သတိပြုကာ မှတ်သားပါလေ။

ပန်းပင်ငယ် စသည်ကို ရေလောင်းရာ၌ မည်သည့်အကျိုးငှာပဲ စိုက်သည်ဖြစ်စေ—

၁။ ပိုးလောက်လမ်းကောင်စသည် ပါသောရေကို ကိုယ်တိုင် လောင်းသည်ဖြစ်စေ, သူတပါးကိုပဲ အလောင်းခိုင်းသည် ဖြစ်စေ သပ္ပါဏကပါစိတ်အာပတ်သင့်၏။

၂။ လူတို့အား ချီးမြှောက်ရန် ပိုးပါသော ရေကို ကိုယ်တိုင် လောင်းသည်ဖြစ်စေ, သူတပါးကိုပဲ အလောင်းခိုင်းသည်ဖြစ်စေ သပ္ပါဏကပါစိတ်အားပတ်နှင့် ဒုက္ကဋ်အာပတ်သင့်၏။

၃။ ပိုးမပါသော ရေကို ကိုယ်တိုင် လောင်းလောင်း, သူတပါးကိုပဲ အလောင်းခိုင်းခိုင်း ဒုက္ကဋ်သာ သင့်၏။

၄။ သုံးဆောင်ရန် ကပ္ပိယဝေါဟာရဖြင့် အလောင်းခိုင်းမှု အာပတ်မသင့်။

(က) လူတို့အား ပေးကမ်းချီးမြှင့်ရန်အတွက် စိုက်ထားသော သစ်ပင်ပန်းပင်တို့ကို ရေကို ကိုယ်တိုင်လောင်းခြင်း, သူတပါးကို အလောင်းခိုင်းခြင်းတို့ကြောင့် ဒုက္ကဋ်။

(ခ) အာရာမ်စသည်အကျိုးငှာ စိုက်ထားသော သစ်ပင် ပန်းပင်တို့ကို ကိုယ်တိုင်ရေလောင်းသော်လည်းကောင်း၊ သူတပါးကို အလောင်းခိုင်းသော်လည်းကောင်း အာပတ်မသင့်။

(ဂ) ပိုးပါသည့် မအပ်သောရေမျိုးကို ကိုယ်တိုင်လောင်းသော်လည်းကောင်း၊ သူတပါးကို အလောင်းခိုင်းသော်လည်းကောင်း သပ္ပါဏကပါစိတ်အာပတ်။

(ဃ) ပိုးမပါသည့် အပ်သောရေကို ကိုယ်တိုင်လောင်းသော်လည်းကောင်း၊ သူတပါးကို အလောင်းခိုင်းသော်လည်းကောင်း အာပတ်မသင့်။

(င) အကပ္ပိယဝေါဟာရဖြင့်ပြောဆိုကာ အလောင်းခိုင်းသော် ဒုက္ကဋ်။

(စ) ကပ္ပိယဝေါဟာရဖြင့်ပြောဆိုကာ အလောင်းခိုင်းသော် အာပတ်မသင့်။

ဤအထက်ပါ (၆)ချက်ကို ဉာဏ်ဖြင့်ရှုကာ အာပတ်ကို ဆုံးဖြတ်ပါလေ။

အကျဉ်းချုပ်နည်းမှာ

ကုလဒူသနအတွက်ဖြစ်လျှင် ဒုက္ကဋ်အာပတ်၊

မအပ်သော ရေဖြစ်လျှင် သပ္ပါဏကပါစိတ်အာပတ်၊

အကပ္ပိယဝေါဟာရဖြင့်ခိုင်းလျှင် ဒုက္ကဋ်အာပတ်၊

ဤသို့ အာပတ်ဆုံးဖြတ်ရန် အကျဉ်းချုပ် မှတ်သားထားရမည်၊ ၎င်း (၃)ချက်မှ လွတ်သော လောင်းမှု-အလောင်းခိုင်းမှုတို့၌ အပြစ်အာပတ်မသင့်ဟု မှတ်ယူရမည်။

## ပန်းခူးခြင်း

တကာ-တကာမတို့အား ပေးကမ်းရန်ပန်းကို—

၁။ ကိုယ်တိုင်ခူးလျှင် ခူးသည့် ပန်းအရေအတွက်အလိုက် ကုလဒူသနဒုက္ကဋ်နှင့် ပန်းအရေအတွက်အလိုက် ဘူတဂါမပ စိတ်အာပတ်များ သင့်၏။

၂။ ဘုရားတင်ရန် စသည့်အကျိုးငှာ ခူးလျှင် ပန်းအရေအတွက်အလိုက် ပါစိတ်အာပတ်သင့်၏။

၃။ ပန်းအများကို တကြိမ်တည်းသော ပယောဂဖြင့် ခူးလျှင်ကား ပယောဂအရေအတွက်အလိုက် ပါစိတ်အာပတ်သင့်၏။ (ဥပမာ ပန်းကိုင်းကိုင်းလိုက်ချိုးပြီးမှ အသီးအသီးခူးလျှင် ဟု ဆိုသည်။)

၄။ လူတို့အား ပေးရန် မအပ်သော ခိုင်းနည်းဖြင့်ခိုင်းလျှင် ဒုက္ကဋ်နှင့်ပါစိတ်။

၅။ လူတို့အားပေးရန် အပ်သောနည်း (ပန်းများကို ကပ္ပိလိုက်စမ်းဟူသော ခိုင်းနည်း)ဖြင့် ခိုင်းလျှင် ဒုက္ကဋ်သာ။

၆။ ဘုရားတင်ခြင်းစသော တပါးသောအကျိုးငှာ "ခူးလိုက်စမ်း ဆွတ်လိုက်စမ်း" စသည်ဖြင့် မအပ်သောနည်းဖြင့် ခိုင်းလျှင် ပါစိတ်အာပတ်သာ။

၇။ အပ်သောနည်းဖြင့် ခိုင်းလျှင်ကား အာပတ်မသင့်။

၈။ တကြိမ်သာခိုင်းပါလျက် အကြိမ်များစွာခူးလျှင် အာပတ်တချက်သာ။

၉။ အကြိမ်များစွာခိုင်းလျှင် အကြိမ်အရေအတွက်အလိုက် အာပတ်သင့်၏။

### အကျဉ်းမှတ်ဖွယ်

ပန်းများကို— ၁။ ကုလဒူသန-လူတို့အား ပေးဖို့ရန် ဖြစ်ခဲ့လျှင် ဒုက္ကဋ် ပါစိတ်။

၂။ ဘုရားတင်ရန်စသည် ဖြစ်ခဲ့လျှင် အာပတ်မသင့်။

၃။ ကိုယ်တိုင်ခူးလျှင်, မအပ်သော ပြောဆိုနည်းဖြင့် အခူးခိုင်းလျှင် ပါစိတ်။

၄။ အပ်သော ပြောဆိုနည်းဖြင့် အခူးခိုင်းလျှင် အာပတ်မသင့်။

၅။ တကြိမ်သာခိုင်းလျှင် အာပတ်တချက်။

၆။ အကြိမ်များစွာခိုင်းလျှင် အာပတ်များစွာ။

ဤသို့ ရည်ရွယ်မှု, စေခိုင်းမှုတို့အလိုက် ဉာဏ်ဖြင့်ချိန်၍ အာပတ်ဆုံးဖြတ်ရမည်။

### ပန်းကုံးကုံးခြင်း

ရဟန်းတို့သည် ပန်းကုံးအမျိုးမျိုးကို–

၁။ ကိုယ်တိုင်လည်း မသီကုံးကောင်း၊

၂။ "သီကုံးပါလော့"ဟု မအပ်သော စေခိုင်းနည်းဖြင့်လည်း မခိုင်းကောင်း။

"ဤသို့ ပန်းတို့ကို သိလော့, ဤသို့ ပြုသည်ရှိသော် တင့်တယ်ရာ၏, ပန်းတို့ကို ဖရိုဖရဲမဖြစ်အောင် ပြုလော့" ဤသို့စသော အပ်သောစကားမျိုးဖြင့် ပြောဆိုကာ ခိုင်းခြင်းငှာမူ အပ်၏။

ဘုရားပူဇော်ရန် စသည်အကျိုးငှာ အပ်သော ပြောဆို စေခိုင်းနည်းဖြင့်လည်းကောင်း၊ ပရိယာယ်, အရိပ်အရောင်, အမှတ်နိမိတ်ပြုခြင်းတို့ဖြင့်လည်းကောင်း ပန်းကုံးအမျိုးမျိုးကို အကုံးခိုင်းကောင်း၏။

### အာပတ်–အဆုံးအဖြတ်များ

ရဟန်းတို့သည် မိမိ၏ဥစ္စာဖြစ်သော ပန်းတို့ကို လူတို့အား ချီးမြှောက်သောအားဖြင့်–

၁။ ကိုယ်တိုင်သွား၍ ပေးသော်လည်းကောင်း၊

၂။ သူတပါးကို သွား၍ပေးခိုင်းသော်လည်းကောင်း၊

၃။ ခေါ်၍ပေးသော်လည်းကောင်း၊

၄။ အခေါ်ခိုင်း၍ပေးသော်လည်းကောင်း၊

၅။ မိမိထံသို့ ရောက်လာသူကို ပေးသော်လည်းကောင်း ပန်းပေးသည်မည်၏။ ထိုပန်းပေးခြင်းကြောင့် ကုလဒူသန ဒုက္ကဋ် အာပတ်သင့်၏။

၆။ သူတပါးတို့၏ဥစ္စာဖြစ်သော ပန်းတို့ကို သုဒ္ဓစိတ်ဖြင့် ပေးငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

၇။ ခိုးလိုသောစိတ်ဖြင့် မသိအောင်ယူ၍ ပေးငြားအံ့၊ ပန်းကိုတန်ဖိုးဖြတ်၍ အာပတ်ဖြင့်ဆုံးဖြတ်အပ်၏။

## ပန်းတန်ဖိုးဒ လိုက်အာပတ်သင့်ပုံ

(က) တပဲတန်, တပဲတန်အောက်ဖြစ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

(ခ) တပဲတန်အထက် တမတ်တန်အောက်ဖြစ်လျှင် ထုလ္လစ္စဥ်းအာပတ်သင့်၏။

(ဂ) တမတ်တန်, တမတ်တန်အထက်ဖြစ်လျှင် ပါရာဇိကအာပတ်သင့်၏။

အခြားသော ပစ္စည်းဝတ္ထုတို့၌လည်း ဤနည်းအတိုင်းပင် အာပတ်ကို ဆုံးဖြတ်ရ၏။

ဂ။ သံဃာပိုင် သံဃိကဥစ္စာ၌လည်း ဤနည်းအတိုင်းပင် မှတ်ပါ။

ဃ။ ကျောင်း သာသနာအတွက် သတ်မှတ်ထားသော ပန်းတို့ကို ပိုင်စိုးပိုင်နင်း ပေးငြားအံ့၊ ထုလ္လစ္စဥ်းအာပတ်သင့်၏။

## ကျောင်းထိုင်ဘုန်းကြီးတို့သတိပြုဖွယ်

ကျောင်းသေနာသနအတွက် သတ်မှတ်ထားသောကျောင်း၌ ဖြစ်သော ပန်းများကို ကပ္ပိယစသည်တို့က ရောင်း၍၊ ထိုရအပ်သောငွေဖြင့် ၎င်းတို့က ကျောင်းပြင်ခြင်း ရေနံသုတ်ခြင်းစသည်ကို ပြုလုပ်ပေးလျှင် ထိုပန်းများသည် ကျောင်း၌အကျိုးရှိပေ၏။

ယင်းသို့ သေနာသနအတွက် သတ်မှတ်ထားသည့် ပန်းများကို မိမိက ပိုင်စိုးပိုင်နင်း သဘောထားကာ လူတို့အား ပေးခဲ့လျှင် ထုလ္လစ္စဥ်းအာပတ်သင့်၏။

"ထုလ္လစ္စယန္တိ ဧတ္ထ ဘဏ္ဍာဒေယျမ္ပိ ဟောတိ ဧဝ"ဟူသော ဝိမတိဋီကာ ပ-နှာ(၃း၃)လာ စကားအရ သံဃိက (သေနာသနိက) ကျောင်းအတွက် ပစ္စည်းဥစ္စာကို ကိုယ်ပိုင်သဘောထား၍ ပေးသောကြောင့် ထုလ္လစ္စဥ်း အာပတ်

ဆသမက ဘဏ္ဍာစားလည်း ထိုက်၏ဟူ၍ မှတ်ယူရမည်။ (အလားတူ ဘဏ္ဍာ, သို့မဟုတ် တန်ဖိုးလျော်ပေးရမည်ဟုဆို၏။)

ကျောင်းထိုင်ဘုန်းကြီးအချို့မှာ သံဃိကကျောင်းကို မိမိစိမ်အုပ်ချုပ်ရသော အခါ ထိုကျောင်းနှင့်ဖြစ်သမျှ ရှိသမျှကို မိမိပိုင်ဟုယူဆကာ ပန်းသစ်သီး စသည် များကို မိမိပိုင်အနေဖြင့် သုံးလည်းသုံးစွဲ, လှူတွဲအားလည်း ပေးတတ်ကြသည်။ ထိုကဲ့သို့ မပြုလုပ်ကောင်းကြောင်းကို သတိပြုသင့်ပေသည်။ မိမိအလိုရှိသလို သုံးစွဲနိုင်ရန်, ပြုလုပ်နိုင်ရန် သံဃာအား ပန်ကြားထားရမည်။ ထိုသို့ပန်ကြား ထားလျှင်ဂရုနု စိတ်တွက်ကိုက်ဝေဘန်သုံးစွဲနိုင်၏။

## ပန်းပေးထိုက်သူများ

မိမိပိုင်ပန်းများကို—

၁။ ဘယ်သူအား ပေးထိုက် ပေးကောင်းပါသနည်း၊

၂။ ဘယ်သူအား မပေးထိုက် မပေးကောင်းပါသနည်း (အမေး)

(အဖြေမှာ) မိ-ဘ တို့အား ပန်းပူဇော်ရန်, ရောင်း၍အသက်မွေးရန် ပန်းများ ကို ကိုယ်တိုင်သွား၍လည်း ပေးကောင်း၏၊ သူတပါးတို့ကိုသည်း အပေးခိုင်း ကောင်း၏၊ ကျောင်းသို့ခေါ်၍လည်း ပေးကောင်း၏၊ အခေါ်ခိုင်း၍လည်း ပေးကောင်း၏။ ဘယ်လိုနည်းဖြင့်ပင် ပေးပေး, ပေးအပ် ပေးကောင်း၏၊ အာပတ်မသင့်။

ပန်ဆင်ဖို့ရန်နှင့် နတ်တင်ရန်ကား မိ-ဘ များကိုပင် မပေးကောင်း။

## ဆွေမျိုးများအား ရတနာသုံးပါး ပူဇော်ရန်ပေးကောင်း

မိ-ဘမှတပါး အခြားသော ဆွေမျိုးတို့အား ရတနာသုံးပါးတို့ကို ပူဇော်ရန် သာ ခေါ်၍ ပေးကောင်း၏။

၁။ ကိုယ်တိုင်လည်း သွား၍ မပေးကောင်း, သူတပါးကိုလည်း သွား၍ အပေးမခိုင်းကောင်း၊

၂။ ပန်ဆင်ရန်အတွက်ဖြစ်စေ၊

၃။ နတ်တင်ရန်အတွက်ဖြစ်စေ၊

၄။ အခြားကိစ္စ ပြုလုပ်ရန်အတွက် ဖြစ်စေ မပေးကောင်း။

"မိ-ဘတို့အား သွား၍အပေးခိုင်းကောင်း၏"ဟု ဆိုသော်လည်း အပေးခိုင်းလျှင် မိ-ဘတို့နှင့် ဆွေမျိုးတော်စပ်သူ သာမဏေတို့ကိုသာ အပေးခိုင်းရမည်။ အခြား တစိမ်းသာမဏေများကို မခိုင်းရ။ ဆွေမျိုးမတော်သူ သာမဏေတို့က သူတို့အလိုအတိုင်း ပို့လိုကြလျှင်ကား အပို့ခိုင်းနိုင်၏။

## ပုပ္ဖဘာဇကသမ္မုတိရ ပန်းဝေရဟန်း

သံဃိကပန်းတို့ကို ဝေဘန်ပေးရန်, သံဃာက သမုတ်ထားသော ရဟန်းကို (ပုပ္ဖဘာဇကသမ္မုတိရရဟန်း) ပန်းဝေခွင့်ရ ရဟန်းဟု ခေါ်၏။ ၎င်းပန်းဝေခွင့်ရ ရဟန်းသည် သံဃိကပန်းများကို သံဃာအား ပေးဝေ၍ နေစဉ် ပန်းဝေရာသို့ ဆိုက်ရောက်လာသော အခြားကျောင်းမှ သာမဏေတို့အား ကျောင်းရှိ ရဟန်း သာမဏေတို့၏ ဝေစုထက်ဝက်ကို ပေးကောင်း၏။ (၁၀-ပွင့်စီရလျှင် ၎င်း သာမဏေတို့ကို ၅-ပွင့်စီ ပေးကောင်း၏ဟု ဆိုသည်။)

## ကုရုန္ဒီအဋ္ဌကထာဆရာဝါဒ

ထိုသို့ ပန်းများကို ပေးဝေနေစဉ် ရောက်လာသည့်လူတို့အားလည်း ထက်ဝက်သော ဝေစုကို ပေးကောင်း၏ဟု မိန့်ဆို၏။

## မဟာပစ္စရိအဋ္ဌကထာဆရာဝါဒ

ထိုသို့ သံဃိကပန်းများကို သမ္မုတိရရဟန်းက သံဃာအား ပေးဝေနေစဉ် ရောက်လာသူလူများကို ထက်ဝက်သောဝေစုကို မပေးကောင်း၊ ဝေစု၏ ၄-ပုံ ၁-ပုံသာ ပေးကောင်း၏ဟု မိန့်ဆိုတော်မူ၏။ ဤသို့ ရောက်လာသူ လူတို့အား ပေးဝေရာ၌ သမ္မုတိရသောရဟန်းသည်သာ ပေးဝေကောင်း ပေးဝေနိုင်ခွင့်ရှိသည်။

## သမ္မုတိရ ရဟန်းမဟုတ်က သံဃာကို ပန်ကြား၍မှ ပေးရ၏

ပုပ္ဖဘာဇကသမ္မုတိ မရသော ရဟန်းဖြစ်ခဲ့လျှင် လူတို့အား ပေးလိုက သံဃာကို ပန်ကြား၍သာ ပေးရ၏။ ကိုယ့်သဘောအတိုင်း ပိုင်စိုးပိုင်နင်း မပေးရ (အပြစ်ရှိသည်)။

သစ်သီးစသည်တို့၌လည်း ဤအတိုင်းပင် မှတ်ရမည်။

ဆရာဥပဇ္ဈာယ်တို့၏ အပေါ်၌ ရိုသေလေးစားခြင်း ရှိကြကုန်သော သာမဏေတို့သည် များစွာသော ပန်းတို့ကို ဆောင်ယူကြ၍ ဆရာ့အနီး၌

လာရောက် ပုံထားကြကုန်ငြားအံ့၊ မထေရ်သည်လည်း စောစောကပင် မိမိအနီးသို့ ရောက်လာကြကုန်သော အတူနေ တပည့်တို့အားလည်းကောင်း၊ သိတင်းသည်စသော သူတို့အားလည်းကောင်း "သင်သည် ဤပန်းကိုယူလော့၊ သင်သည် ဤပန်းကိုယူလော့"ဟု (ဘုရားပူဇော်ရန် ရည်မှန်း၍) ပေးငြားအံ့၊ ပန်းပေးခြင်းမည်သည်မဖြစ်၊ ဒုက္ကဋ်အာ ပတ်မသင့်။

ရဟန်းသည် စေတီတော်ကို ပန်းပူဇော်ရန် ယူသွားစဉ် လမ်း၌တွေ့သော လူ-သာမဏေတို့အားလည်းကောင်း၊ စေတီရင်ပြင်သို့ ရောက်လာသော လူ-သာမဏေတို့အားလည်းကောင်း ပန်းပူဇော်ရန် ပေးကောင်း၏။

စေတီတော်အား (ညှိုးသော) မျိုးပန်းစသည်တို့ဖြင့် ပူဇော်နေကြကုန်သော ဒါယကာ ဒါယိကာမတို့ကို မြင်၍ "ကျောင်း၌ (ကောင်းမြတ်သည့်) မဟာလှေကားပန်း စသည်တို့ ရှိပါကုန်၏၊ ထိုပန်းတို့ကိုယူ၍ ပူဇော်ကြကုန်လော့"ဟု ပြောဆိုခြင်းငှာ အပ်၏။

ကျောင်း၌ ပန်းပေါမှန်းသိ၍ လူတို့လာရောက်၍ ပန်းပူဇော်လျှင်ခွင့်ပြုကောင်း

နံနက်အခါ ရဟန်းတို့သည် ကျောင်း၌ ပန်းများပေါသဖြင့် စေတီတော်တို့အား ပန်းပူဇော်ကြ၍ အလှန်နေမြင့်မှ မြို့ရွာတွင်းသို့ ဆွမ်းခံဝင်ကြရာ ဒါယကာတို့က "အရှင်ဘုရားတို့ အဘယ့်ကြောင့် ဆွမ်းခံနောက်ကျပါကုန်သနည်း"ဟု မေးမြန်းကြသဖြင့်—

"ကျောင်းမှာ ပန်းတွေပေါလှသဖြင့် ပန်းပူဇော်နေကြ၍ ဆွမ်းခံနောက်ကျကြောင်း"ကို ပြောဆိုကြရာ—

"ကျောင်းမှာ ပန်းတွေပေါလှသတဲ့"ဟု လူတို့သိကြသဖြင့် နောက်တနေ့၌ များစွာသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ယူခဲ့ကြ၍ ကျောင်းသို့ လာရောက်ကြပြီးလျှင် ဘုန်းရှင်အား ဆွမ်းတော်ကပ်ခြင်း, ပန်းများကို ဆွတ်ခူး၍ ပူဇော်ခြင်း, သံဃာတော်တို့အား ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ် လှူဒါန်းခြင်းကို ပြုကြကုန်ငြားအံ့၊ ခွင့်ပြုကောင်း၏၊ ပန်းပေးခြင်းမဖြစ်။

## လူတို့က ပန်းပူဇော်လှည့်ကိုတောင်းလျှင် ခွင့်ပြုနိုင်

လူတို့သည်“အရှင်ဘုရားတို့ တပည့်တော်တို့သည် ဤမည်သောနေ့၌ ပန်းပူဇော်လိုပါကုန်၏”ဟု ကျောင်းမှ ပန်းများကို ဘုရားပန်းပူဇော်ခွင့်အလှည့်ကို တောင်းခံ လျှောက်ထားကြရာ ရဟန်းတော်များက ခွင့်ပေးသည့်နေ့မှာ ဘုရားပန်းပူဇော်ရန် ကျောင်းသို့ ရောက်လာကြကုန်၏ ကျောင်းမှ သာမဏေတို့သည်လည်း အစောကြီးထ၍ ပန်းများကို ဆွတ်ယူထားကြကုန်သည်ဖြစ်၍ ပန်းပူဇော်ရန် လာကြသူ လူတို့သည် ပန်းပင်ပေါ်၌ ပန်းများကို မတွေ့မြင်ကြကုန်သောကြောင့်–

“အရှင်ဘုရားတို့....ပန်းတွေ ဘယ်ရောက်ကုန်ပါသနည်း”ဟု မေးလျှောက်ကုန်ငြားအံ့၊

“သာမဏေများ ဆွတ်ခူးထားကြဟန်တူ၏၊ သင်တို့ယူကာ ပူဇော်၍သွားကြကုန်လော့၊ သံဃာတော်များ တပါးသောနေ့၌ ပူဇော်ကြပါလိမ့်မည်” ဟု ရဟန်းတို့က ပြောဆိုသဖြင့် သာမဏေတို့ ဆွတ်ခူးထားသည့် ပန်းတွေကို လူတို့ကယူ၍ ဘုရားပန်းကပ်ပူဇော်ကြကုန်၏၊ ဒကာလှူဒါန်မျှားကိုလည်း ပေးလှူကြကုန်ပြီးလျှင် ပြန်သွားကြကုန်ငြားအံ့၊ အပ်၏၊ ပန်းပေးမှုဒုက္ကဋ်ပြစ်မရှိ။

### မဟာပစ္စရီနှင့် ကုရုန္ဒီအဋ္ဌကထာဆရာတို့၏ဝါဒ

အထက်ပါ အဋ္ဌကထာဆရာတို့ကား မထေရ်တို့က သာမဏေတို့ကို သူတို့ စောစောထ၍ ဆွတ်ခူးထားသည့် ပန်းများကို လူတို့အား ပေးလိုက်ကြဟု အပေးမခိုင်းရ။သူတို့ဘာသာအလျောက် ပန်းများကို ပေးကုန်ငြားအံ့၊ အပ်၏။

မထေရ်တို့ကား “ပန်းတွေကို သာမဏေတို့ ဆွတ်ခူးထားကြကုန်၏” ဟူ၍ ဤမျှလောက်သာ ပြောဆိုကောင်းသည်ဟု မိန့်ဆိုကုန်၏။

## သာမဏေများ ဆွေမျိုးမတော်သူလူတို့အား ပန်းခူးမပေးကောင်း

လူတို့သည် ကျောင်းရှိပန်းများကို ရဟန်းတို့ထံ ပန်းပူဇော်လှည့် ခွင့်တောင်းကြပြီးလျှင် စောစောသာလျှင် ယာဂု,ဆွမ်းစသော လှူဒါန်းပူဇော်ဖွယ်တို့ကို ဆောင်ယူခဲ့ကြကုန်၍ ကျောင်းသို့ ရောက်လာကြပြီးလျှင် သာမဏေတို့ကို “ကိုရင်တို့ ပန်းခူးပေးပါကုန်လော့”ဟု ပြောဆိုကြကာ ပန်းအဆွတ်ခူးခိုင်းလျှင် လူတို့နှင့် ဆွေမျိုးတော်သည့် သာမဏေတို့ကသာ ဆွတ်ခူး၍ပေးကောင်း၏။

### ဆွေမျိုးမတော်သော်လည်း အတင်းအဓမ္မခိုင်းလျှင်သာပဏေမျှားခူးပေးကောင်း

ဆွေမျိုးမတော်သည့် သာမဏေများကိုပင် လူတို့က အတင်း ပွေ့ချီပင့်မြှောက်ပြီးလျှင် ပန်းခူးပေးရန် ပန်းပင်ကိုင်းပေါ်သို့ တင်ကြကုန်ငြားအံ့၊ ဆင်းမပြေးကောင်း၊ ဆွတ်ခူးပေးခြင်းငှါအပ်၏။

### ပန်းပူဇော်လာကြရန်ဖိတ်ကြားသဖြင့် လာရောက်သူတို့၏ဆွမ်း အပ်-မအပ်

ကျောင်း၌ ပန်းတွေပေါသဖြင့် တစုံတယောက်သော မမ္မကထိကရဟန်းသည် "ဒါယကာတို့ ကျောင်း၌ ပန်းတွေပေါများလှပါကုန်၏၊ ယာဂုဆွမ်းစသည်ကို ယူကာ လာရောက်၍ ဘုရားပန်းပူဇော်ခြင်း၊ ပန်းကပ်ခြင်းကို ပြုလုပ်ကြပါကုန်လော့" ဟု ပြောဆိုဖိတ်ကြားခဲ့သဖြင့် ယာဂုဆွမ်းစသော စားသောက်ဖွယ်ရာတို့ကို လှူဒါန်းရန် ယူဆောင်ခဲ့ကြကုန်၍ ပန်းပူဇော်ရန် လာရောက်ကုန်ငြားအံ့၊ ၎င်းတို့လှူဒါန်းသည့် ယာဂုဆွမ်းစသည်ကို ဖိတ်ကြားသည့် မမ္မကထိကရဟန်းသာ မစားကောင်း၊ အခြားသီတင်းသုံးဖော်တို့ စားကောင်း၏ဟု မဟာပစ္စရိတ်နှင့် ကုရုန္ဒီအဋ္ဌကထာတို့၌ မိန့်ဆို၏။

### မဟာအဋ္ဌကထာဆရာဝါဒ

မဟာအဋ္ဌကထာ၌ကား ဤယာဂုဆွမ်းစသည်တို့မှာ ( အကပ္ပိယံ နဝဋ္ဋတိ) အကပ္ပိယပေတည်း မအပ်ဟု၊ မည်သည့်ပုဂ္ဂိုလ်များ မအပ်ဟု ခွဲခြားကာ အဋ္ဌကထာ၌ ဆို၍မထား၊ သာမညမျှသာ ဆိုထားသောကြောင့် သီတင်းသုံးဖော် (၅)ယောက်လုံးပင် မအပ်ဟု ဆိုရာရောက်၏ဟု မိန့်၏။

### ဆွမ်းကိုတောင်းရမ်းအလှူခံမှုပါနေသောကြောင့် မအပ်ဟုဆိုသည်

ဓမ္မကထိကရဟန်းဖိတ်ကြားသော အထက်ပါစကား၌ ယာဂုဆွမ်းစသည်ကို တောင်းရမ်း အလှူခံမှုပါနေသဖြင့် တောင်းရမ်း၍ရသော ဆွမ်းဖြစ်နေသောကြောင့် တောင်းသူရော အခြားသီတင်းသုံးဖော်များပါ မအပ်ဟု ဆို၏။

## ရဟန်းများ နေ့အခါ၌ အိပ်စက်မှုနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ

နေ့ဆိုသည်မှာ–နံနက်အရုဏ်တက်သည်မှ ညနေ နေဝင်သည့်တိုင်အောင်သော အချိန်ကို နေ့ဟုဆိုသည်။

အိပ်စက်မှုဆိုသည်မှာ– လျောင်း,ထိုင်, ရပ်,သွား–ဣရိယာပုထ် (၄)ပါးတို့တွင် လျောင်းခြင်းဣရိယာပုတ်ဖြင့်အိပ်ပျော်သည်ဖြစ်စေ မပျော်သည်ဖြစ်စေ အိပ်ခြင်းကို "သေယျ = အိပ်ခြင်း"ဟု ဆိုသည်။

ရဟန်းတော်တို့၏ ထိုနေ့အခါ၌ အိပ်စက်မှုကို "ဒိဝါသေယျ" နေ့အခါ၌ အိပ်စက်မှု–ဟုခေါ်ဆိုသည်၊ ထိုနေ့အခါ၌ အိပ်စက်မှုနှင့်စပ်၍ သိမှတ်လိုက်နာရန် အဆုံးအဖြတ်များကို ပြဆိုပေအံ့။

"အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတုံ"—

ဟု ပဉ္စမပါရာဇိက ဝိနီတဝတ္ထု (၄၇) ပါဠိတော်၌ ဘုရားရှင် ပညတ်တော်မူခဲ့သောကြောင့် နေ့အခါ၌ အိပ်စက်သောရဟန်းသည် "တံခါးကိုပိတ်၍ အိပ်ရမည်၊" မပိတ်ပဲ မအိပ်ရ။

### သိက္ခာပုဒ်ပါဠိတော်၏ အနက်ကား

ဘိက္ခဝေ၊ ရဟန်းတို့၊ ဒိဝါ၊ နေ့အခါ၌။ ပဋိသလ္လီယန္တေန၊ အိပ်လိုသော ရဟန်းသည်။ ဒွါရံ သံဝရိတွာ၊ ပိတ်ဖွယ်ရာ တံခါးရှိက တံခါးကိုပိတ်၍သာ။ ပဋိသလ္လီယိတုံ၊ အိပ်ခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

### သိက္ခာပုဒ်ပညတ်တော်မူရခြင်း၏အကြောင်း

"ရဟန်းတို့ နေ့အခါ၌အိပ်လျှင် တံခါးပိတ်၍ အိပ်ရမည်"ဟု ပညတ်တော်မူရခြင်း၏အကြောင်းမှာ ဘုရားရှင်လက်ထက်တော်အခါက ဝေ နေ့သောအခါဝယ် အမျိုးအမည်အားဖြင့် မကောင်ရှားသော ရဟန်းတော်တပါးသည် ဝေသာလီပြည်ကြီး၏အနီး မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်ကြီး၏ အတွင်း အစုန်အဖျား ကျသော ကျောင်းငယ် တခု၌ နေ့သန့်စင်သောအားဖြင့် လျောင်းစက်ကာ ကျောင်းတံခါးကို မပိတ်ပဲ အိပ်၍နေရာ လေတိုက်ခတ်သဖြင့်

ထိုရဟန်း၏ အင်္ဂါကြီးငယ်တို့သည် တောင့်တင်းခိုင်မာ၍ နေသဖြင့် ကျောင်းကြည့်ရှု လာကြသည့် အမျိုးသမီးဘစုတို့သည် ထိုရဟန်းကို တွေ့မြင်ကြ၍ ရဟန်း၏ အင်္ဂါဇာတ်ပေါ်၌ ဖိထိုင်ကာ မိမိတို့အလိုရှိသလို ပြုကြပြီးလျှင် အင်္ဂါဇာတ် ညှိုးနွမ်းမှု မရှိသဖြင့်"ဤသူကား ယောကျ်ားမြတ် ဖြစ်ပေစွတကား" ဟု ချီးမွမ်းပြောဆိုကြပြီးလျှင် မိမိတို့ယူဆောင်၍ လာခဲ့ကြသော ပန်းနံ့သာ တို့ကို ထိုရဟန်း၏ ကိုယ်ပေါ်၌တင်ထားခဲ့ကာ ပြန်သွား ကုန်၏။

အနီးနား ကျောင်း၌ နေကြကုန်သော အခြားရဟန်းတို့သည် ထိုရဟန်း၏ အင်္ဂါဇာတ်၌ သုက်တို့ဖြင့်လိမ်း ကျံပေရေနေသည်ကို တွေ့မြင်ကြ၍ အကြောင်း အရာကို မြတ်စွာဘုရားအား လျှောက်ထားကြရာ–

ဘုရားရှင်က အင်္ဂါဇာတ် တောင့်တင်းခိုင်မာမှု ဖြစ်နိုင်ခြင်း၏ အကြောင်း (၅)ပါးကို ဟောကြားတော်မူပြီးလျှင် အထက်ပါ အကြောင်းအရာနှင့်စပ်၍ အထက်ပါသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့သည်။

ထိုသို့ရဟန်းတို့ နေ့အခါ၌အိပ်လျှင် တံခါးကိုပိတ်၍ အိပ်ရမည်ဟု သိက္ခာပုဒ် ပညတ်တော်မူပြီးလျှင်–

"ရဟန်းတို့ ဤရဟန်း၏ အင်္ဂါဇာတ် တောင့်တင်းခိုင်မာမှုကား ကိလေသာ ရာဂကြောင့်မဟုတ်၊လေတိုက်ခတ်ခြင်းကြောင့်သာ ဖြစ်သည်၊ ဤရဟန်းကား သာမညရဟန်းမဟုတ်၊ ကိလေသာ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်တည်း၊ ဤရဟန်းအား ပါရာဇိက အာပတ် မသင့်ဟု မိန့်တော်မူ၏။

အင်္ဂါဇာတ်တောင့်တင်းခိုင်မာမှု ဖြစ်ကြောင်း ၅-ပါး

၁။ ကိလေသာရာဂစိတ်ကြောင့် လည်းကောင်း၊

၂။ ကျင်ကြီးစွန့်လိုခြင်းကြောင့်လည်းကောင်း၊

၃။ ကျင်ငယ်စွန့်လိုခြင်းကြောင့်လည်းကောင်း၊

၄။ လေတိုက်ခတ်မှုကြောင့် လည်းကောင်း၊

၅။ ဥစ္စာလိင်ပိုးခေါ် သုက်ပိုးထိုးခြင်းကြောင့် လည်းကောင်း၊

အင်္ဂါဇာတ်တောင့်တင်းခိုင်မာမှုဖြစ်နိုင်၏။

ဤအကြောင်းဝတ္ထုလာ ရဟန်း၏ အင်္ဂါဇာတ် တောင့်တင်း ခိုင်မာမှုဖြစ်ခြင်းမှာ လေ့တိုက်ခတ်ခြင်း ကြောင့်သာ ဖြစ်၏။

> ပဉ္စဟိ ဘိက္ခဝေ အာကာရေဟိ အင်္ဂဇာတံ ကမ္မနိယံ ဟောတိ၊ ရာဂေန ဝစ္စေန ပဿာဝေန ဝါတေန ဥစ္စာလိင်္ဂပါဏကဒဋ္ဌေန၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟာကာရေဟိ အင်္ဂဇာတံ ကမ္မနိယံ ဟောတိ။

> အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ တဿ ဘိက္ခုနော ရာဂေန အင်္ဂဇာတံ ကမ္မနိယံ အဿ၊ အရဟံ သော ဘိက္ခဝေ ဘိက္ခု၊ အနာပတ္တိ ဘိက္ခဝေ တဿ ဘိက္ခုနောတိ။
>
> (ပဉ္စမပါရာဇိကကဏ္ဍ၊ ဝိနီတဝတ္ထုပါဠိ-၄၇။)

(အနက်ကား) ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ အာကာရေဟိ၊ ငါးမျိုးသော အကြောင်းတို့ကြောင့်။ အင်္ဂဇာတံ၊ အင်္ဂါဇာတ်သည်။ ကမ္မ-နိယံ၊ မေထုန်မှီဝဲမှု၌ခံ့သည်။ ဟောတိ၊ ဖြစ်၏။

ရာဂေန=ကိလေသာရာဂစိတ် ထကြွခြင်းကြောင့်လည်းကောင်း၊

ဝစ္စေန=ကျင်ကြီးစွန့်လိုခြင်းကြောင့်လည်းကောင်း၊

ပဿာဝေန=ကျင်ငယ်စွန့်လိုခြင်းကြောင့်လည်းကောင်း၊

ဝါတေန=လေတိုက်ခတ်ခြင်းကြောင့်လည်းကောင်း၊

ဥစ္စာလိင်္ဂပါဏကဒဋ္ဌေန=သုက်ပိုးထိုးခြင်းကြောင့်လည်းကောင်း၊

ဘိက္ခဝေ၊တို့။ဣမေဟိ ခေါ ပဉ္စဟိ အာကာရေဟိ၊ဤငါးမျိုးသောအကြောင်းတို့တွင် တမျိုးမျိုးသောအကြောင်းကြောင့်။ အင်္ဂဇာတံ၊ သည်။ ကမ္မနိယံ-သည်၊ ဟောတိ၊ ဖြစ်၏။

ဘိ က္ခဝေ၊ တို့။ ယံ ယေန ဌာနေန၊ အကြင်အကြောင်းကြောင့်၊ ယံ ယေန ဩကာသေန၊ အကြင်အခွင့်ကြောင့်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဝါ၊ ထိုရဟန်း၏။ ရာဂေန၊ ကိလေသာရာဂစိတ်ကြောင့်။ အင်္ဂဇာတံ၊ အင်္ဂါဇာတ်သည်။ ကမ္မနိယံ၊ မေထုန်မှီဝဲမှု၌ခံ့သည်။ အဿ၊ ဖြစ်ရာ၏။

တော် ဌာန်၊ ဤသို့သောအကြောင်းမျိုးသည်။အဌာန်၊ သင့်သောအကြောင်း မဟုတ်ခဲ့။ ဝေသော ဩကာသော၊ ဤသို့သောအခွင့်မျိုးသည်။ အနဝကာသော၊ သင့်သောအခွင့်မဟုတ်ခဲ့။

ဘိက္ခဝေ၊ တို့၊ သော ဘိက္ခု၊ ထိုရဟန်းသည်။ အရဟံ၊ ရဟန္တာပုဂ္ဂိုလ် ပေတည်း။ ဘိက္ခဝေ၊ တို့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ အနာပတ္တိ၊ ပါရာဇိကအာပတ် မသင့်။

အထက်ပါ ဆိုအပ်ခဲ့ပြီးသော အကြောင်းကြောင့် ဘုရားရှင်က ရဟန်းများ နေ့အခါအိပ်လျှင် တံခါးပိတ်စရာရှိသောနေရာဖြစ်က တံခါးကိုပိတ်၍ အိပ်ရမည်ဟု သိက္ခာပုဒ်ပညတ်တော်မူခဲ့၏။ မည်သည့်အာပတ်သင့်သည်ဟု ပါဠိတော်၌ တိုက်ရိုက်မလာ။

## နေ့အခါ တံခါးမပိတ်ပဲ အိပ်ခြင်းကြောင့် အာပတ်အဆုံးအဖြတ်

ရဟန်းများ နေ့အခါအိပ်သောအခါ တံခါးကို မပိတ်ပဲအိပ်ခဲ့လျှင် ဒုက္ကဋ် အာပတ်သင့်၏ဟု အဋ္ဌကထာဆရာက ဆုံးဖြတ်တော်မူခဲ့၏။

အသံဝရိတွာ ပဋိသလ္လီယန္တဿ ဒုက္ကဋံ ဝုတ္တံ။(ဝိ-ဋ္ဌ-၁-၂၄၃)

ထိုစကားသည်မှန်၏။ အရှင်ဉပါလိ စသောရဟန္တာမထေရ်တို့သည် ဘုရား ရှင်၏အလိုတော်ကို သိကြကုန်၍ အဋ္ဌကထာကို ထားတော်မူခဲ့ကြကုန်၏။

ဒုက္ကဋ်အာပတ်ဟု သိနိုင်ရန် အထောက်အထား တမျိုးမှာကား

"အတ္ထာပတ္တိ ဒိဝါ အာပဇ္ဇတိ နော ရတ္တိံ"

(ပရိဝါပါဠိတော်-၂၁၇)

ဟူသော ပရိဝါပါဠိတော်လာစကားသည်လည်း နေ့အခါတံခါးကိုမပိတ်ပဲအိပ်ခြင်း ကြောင့် ဒုက္ကဋ်အာပတ်သင့်၏ဟု အဋ္ဌကထာဆရာဆုံးဖြတ်ရခြင်း၏ အကြောင်း၌ ခိုင်လုံသော အထောက်အထား တမျိုးတည်း။

(ပါဠိတော်၏အနက်) ယံ၊ အကြင်အာပတ်သို့။ ဒိဝါ၊ နေ့အခါ၌သာ၊ အာပဇ္ဇတိ၊ သင့်ရောက်၏။ ရတ္တိံ၊ ညဉ့်အခါ၌ကား။ နော အာပဇ္ဇတိ၊ မသင့်ရောက်။ သာ အာပတ္တိ၊ ထိုအာပတ်မျိုးသည်။ အတ္ထိ၊ ရှိ၏။

နေ့အခါ၌အိပ်လျှင် တံခါးကိုပိတ်၍အိပ်ရမည်ဟုဆိုရာ

၁။ ဘယ်လိုတံခါးမျိုးကို ပိတ်၍ အိပ်ရမည်နည်း။

၂။ ဘယ်လိုတံခါးမျိုးကို မပိတ်ပဲ အိပ်နိုင်ပါသနည်း။

၁။ ဖွင့်ပိတ်၍ရသော တံခါးရွက်ရှိသော တံခါးမျိုးကို ပိတ်၍ အိပ်ရမည်။

၂။ ဖွင့်ပိတ်၍ရသော တံခါးရွက်မရှိသောတံခါးမျိုးကိုမူ မပိတ်ပဲအိပ်နိုင်၏။ (လှုင်တံခါးပေါက်ကြီးများကို ဆိုလိုသည်။လေသောက်ပြတင်းပေါက် တံခါးများကို ဆိုသည်မဟုတ်။)

ရဟန်းတို့သည် နေ့အခါ၌အိပ်လျှင် ပိတ်ဖွင့်၍ဖြစ်သော တံခါးရွက်ရှိသော နေရာဖြစ်လျှင် ပိတ်၍သာအိပ်ရမည်။ ဤသို့ပိတ်၍အိပ်ရခြင်းသည် ရဟန်းများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ဖြစ်၏။

**တံခါးကို ဘယ်လိုပိတ်မှ ပိတ်သည်မည်သနည်း**

မင်းတုပ်,ကန့်လန့်ထိုး၍ပိတ်မှသာ စင်စစ်အမှန်ပိတ်သည်မည်၏။ သို့သော်–

၁။ မင်းတုပ်, ကန့်လန့်မထိုးပဲ တံခါးရွက်ကို ပိတ်၍ထားသော်လည်းကောင်း၊

၂။ တံခါးရွက်ကို စေ့ရုံစေ့ထားသော်လည်းကောင်း၊

၃။ မစေ့တစေ့ပိတ်ထားသော်လည်းကောင်း၊

၄။ လူတို့၏ဦးခေါင်းမဝင်နိုင်ရုံမျှ စေ့ထားသော်လည်းကောင်း တံခါးကို ပိတ်ထားသည်မည်သောကြောင့် အာပတ် မသင့်။

သံဃာအများ နေထိုင်ရာကျောင်းဖြစ်လျှင် ရဟန်း-သာမဏေ တပါးပါးကို "ငါ့ရှင် တံခါးကိုစောင့်ရှောက်လိုက်ပါ" ဟု ပြောဆို၍ အိပ်ကောင်း၏။ ထိုမှတပါး သံဃာတော်များသက်နီးချုပ်ခြင်း စသောကိစ္စတခုခုကိုပြုလုပ်၍ ကျောင်းတွင်း၌ နေကြလျှင် "ထိုရဟန်းများတံခါးကို စောင့်ရှောက်ကြလိမ့်မည်" ဟု နှလုံးသွင်းကာ အိပ်ကောင်း၏။

ကျောင်း၌ လူဒါယကာများရှိလျှင် ၎င်းတို့အား တံခါးပိတ်ရန် တံခါးကို စောင့်ရှောက်ရန် မှာကြား၍ အိပ်နိုင်၏။

**ဘိက္ခုနီပ, သာမဏေမ, သိက္ခမာန်မ, လူမာတုဂါမတို့ကို တံခါးစောင့် မထားကောင်း**

အထက်ပါ မာတုဂါမ အမျိုးအစားများကို တံခါးကိုပိတ်ရန် စောင့်ရှောက်ရန် ပြောကြားတာဝန်ပေး၍ကား မအိပ်ကောင်း။

တံခါးကိုပိတ်၍ အိပ်ရခြင်းသည်ပင်လျှင် မာတုဂါမများ ဝင်လာမည်စိုးသောကြောင့် ပိတ်ရခြင်း ဖြစ်၏။

ထို့ကြောင့် သူတို့ကို ပိတ်ရန်, စောင့်ရှောက်ရန်, မှာကြားပြောဆို၍ကားလုံးဝမအိပ်ရ။

တံခါးစောင့်ရှိသော ကျောင်းဖြစ်လျှင် တံခါးစောင့် ပိတ်လိမ့်မည်ဟု နှလုံးသွင်း၍လည်းကောင်း၊ တံခါးပိတ်မှုသည် တံခါးစောင့်၏ တာဝန်ဖြစ်၏ဟု နှလုံးသွင်း၍လည်းကောင်း အိပ်နိုင်၏။

၁။ အမျိုးနှင့် ဆက်ဆံနေ၍ ပိတ်ထားသော်လည်း ဖွင့်ကြမည့်နေရာမျိုး၊

၂။ ပိတ်ထားသော်လည်း အခြားနေရာမှ ဝင်နိုင်သည့် မလုံခြုံသည့် နေရာမျိုး၊

၃။ တံခါးရွက် ပိတ်မဖြစ်အောင် ပျက်နေသော နေရာမျိုး၊

၄။ ကျောင်းပြင်ဆင်ခြင်း စသောအမှုသစ် နဝကမ္မ ပြုလုပ်နေ၍ ငြမ်းဆင်ထားခြင်း၊ မြေ, အုတ်, ကျောက်စသည် ပုံ၍ထားခြင်းကြောင့် တံခါးမပိတ်ရသည့် နေရာမျိုးတို့၌ တံခါးကို မပိတ်ပဲ အိပ်နိုင်၏။

ညဦးက တံခါးမပိတ်ပဲ အိပ်နေစဉ် အိပ်ရာမှ လုံးဝမနိုးတော့ပဲ အရုဏ်တက်သွားကာ နေ့ဘက်သို့ရောက်မှ(လင်းမှ)နိုးလာသည် ဖြစ်ခဲ့ပါမူ ၎င်းရဟန်းအား အာပတ်မသင့်။

ထိုသို့မဟုတ်၊ အရုဏ်မတက်မီပင် နိုးပါလျက် တံခါးကို ထ၍မပိတ်ပဲ ထပ်၍အိပ်ရာ အရုဏ်တက်ပြီး လင်းမှထလျှင်ကား အာပတ်သင့်၏။

ညဉ့်မအိပ်မီကပင် "ငါလင်းမှထမည်"ဟု အချိန်ကာလကို ပိုင်းခြားပြီးလျှင် တံခါးမပိတ်ပဲ အိပ်အံ့၊လင်းမှလည်းထအံ့၊ မူလအိပ်သည့်တုန်းကပင်အသုဒ္ဓစိတ်ဖြင့်အိပ်သောကြောင့် အာပတ်သင့်၏။

မဟာပစ္စရီ အဋ္ဌကထာ၌ကား အဆက်ပါနည်းဖြင့် အချိန်ကာလကို ပိုင်းခြား၍အိပ်သော ရဟန်းအား တံခါးမပိတ်ပဲ အိပ်ခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ်သင့်သည် သာ မကသေး၊သိက္ခာပုဒ်ကို မရိုသေ မလေးစားခြင်းကြောင့် အနာဒရိယဒုက္ကဋ်အာပတ် (၁) ချက်လည်း သင့်သေး၏ဟု မိန့်ဆို၏။ တံခါးကို စောင့်ရှောက်ရခြင်း စသော အကြောင်းများကြောင့် ညဉ့်များစွာ အိပ်ရေးပျက်နေခဲ့သောကြောင့် လည်းကောင်း၊ အဝေးရှည်သော ခရီးကို သွားရသည့်

အတွက် ခရီးပန်းနေသောကြောင့် လည်းကောင်း၊ အလုပ်ကိုင်ပင်ပန်းပန်း လုပ်ကိုင်ရသောကြောင့် လည်းကောင်း၊ နေ့အခါ တံခါးမပိတ်ပဲ ခေတ္တခဏ ခုတင်ညောင်စောင်း ထက်၌ တင်မလှဲချထိုင်လျက်သာလျှင် ခြေထောက်များကို မြေကြီးကြမ်း ပြင် စသည်မှ မလွတ်မကြွစေပဲ တဘက်စောင်း လဲလျောင်းကာ နေစဉ် အိပ်၍ ပျော်သွားခဲ့ပါမူ အာပတ်မသင့်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသဖြင့် ခြေထောက်တို့ကို ခုတင်ညောင် စောင်းပေါ်သို့ တင်မှန်းမသိ တင်မိငြားအံ့၊ အာပတ်သင့်တော့၏။

ထိုင်လျက်သား တိုင်စသည်ကိုမှီ၍အိပ်သော ရဟန်းမျိုးကား အာပတ်မသင့်။

" စင်္ကြံလျှောက်ကာ အိပ်ချင်စိတ်ကို ပယ်ဖျောက်အံ့ "ဟု စိတ်ကူးပြီး၊ စင်္ကြံ လျှောက်နေစဉ် အလွန်အိပ်ချင်နေသဖြင့် ငိုက်၍လဲကျသွားရာ ကပျာကရာ ထလိုက်လျှင်ကား အာပတ်မသင့်။

လဲကျသွားပြီးနောက် မထတော့ပဲ လဲကျသည့်နေရာ၌ပင် ဆက်၍အိပ်နေ ငြားအံ့၊ အာပတ်သင့်၏။

## နေ့ တံခါးမပိတ်ပဲ အိပ်သော်လည်း အာပတ်မသင့်သူများ

၁။ ဘီလူးဖမ်းစား ထားသဖြင့် ရူးသွပ်နေသော ရဟန်း၊

၂။ တပါးသူတို့က အနိုင်အထက် ကြိုးစသည်ဖြင့် နှောင်ဖွဲ့၍ အိပ်စေသော (သိပ်အင်သော) ရဟန်း၊

ဤရဟန်း (၂) ပါးတို့အားသာ နေ့အခါ တံခါးကို မပိတ်ပဲအိပ်သော်လည်း အပြစ်မရှိ၊ အာပတ်မှလွတ်၏။

## အရုဏ်တက်နှင့် စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ် အဝေဖွယ်များ

"ရတ္တိံ ဒွါရံ ဝိဝရိတွာ နိပန္နော၊ အရုဏေ ဥဂ္ဂတေ ဥဋ္ဌာတိ၊ အနာပတ္တိ"

ညဉ့်အခါ၌ တံခါးဖွင့်အိပ်နေသော ( အခန်းအဝင်ပေါက် တံခါးကို ဆိုသည်) ရဟန်းသည် အရုဏ်တက်ချိန်၌ အိပ်ရာမှထ၏၊ အာပတ်မသင့်။ (အရုဏ်တက်ပြီးမှ ထလျှင်ကား အာပတ်သင့်၏။) အဘယ့်ကြောင့်ဆိုသော် အရုဏ်တက်ပြီးကာ နေ့ဘက်သို့ မရောက်သေးသောကြောင့်တည်း။

ဤသို့စသော စကားတို့နှင့်ဆက်စပ်၍ အရုဏ်တက်ချိန်ကို သိရှိနားလည် နိုင်ရန်အကျိုးငှာ အရုဏ်နှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များကို ပြပေအံ့ သတည်း။

(၁) အဘယ်ကို အရုဏ်ဟု ခေါ်ပါသနည်း၊

(၂) အဘယ့်ကြောင့် အရုဏ်ဟု ခေါ်ပါသနည်း၊

(၃) အရုဏ်သည် အဘယ့်ကြောင့် ဖြစ်ပေါ်လာရပါသနည်း၊

(၄) အရုဏ်၏ အဆင်းအရောင်ကား အဘယ်သို့ရှိပါသနည်း၊

(၅) အရုဏ်သည် ဘယ်သို့သော ပုံသဏ္ဌာန်ရှိပါသနည်း၊

(၆) အရုဏ်သည် ဘယ်အချိန်အခါ၌ တက်ပါသနည်း၊

(၇) အရုဏ်သည် ဘယ်အရပ်မှ တက်ပါသနည်း၊

(၈) အရုဏ်တက်သည်ကို မျက်စိဖြင့် မြင်ရပါသလော၊ သို့မဟုတ် စိတ်ဖြင့်သာ မှန်းဆ၍ သိရပါသလော၊ ဤသို့ ပုစ္ဆာ (၈)ချက်ထုတ်ကာ အကျယ်ဖြေဆိုရေးသားပေအံ့။

(အဖြေများကား)

(၁) နေ၏အရောင်အထူးကို "အရုဏ်" ဟု ခေါ်၏။

သေအရုဏောနာမ သူရိယဿ ပဘာဝိသေသော၊
သူရိယပ္ပဘာယေဝ အရုဏောနာမ၊ န အညောတိ ဒဋ္ဌဗ္ဗံ။

(ဝိနယာလင်္ကာရဋီကာ၊ ပ-၂၁)

(၂) စဉ်းငယ်နီမြန်းသော အဆင်းအရောင် ရှိသောကြောင့်လည်းကောင်း၊ နီမြန်းသော အဆင်း၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် လည်းကောင်း "အရုဏ်" ဟု ခေါ်သည်။

အရုဏော ဝဏ္ဏော အဿာတိ အရုဏော၊ ကိဉ္စိရတ္တဝဏ္ဏသမန္နာဂတောတိ အတ္ထော။

အထဝါ အရတိ ဂစ္ဆတိ ရတ္တဝဏ္ဏဘာဝေန ပဝတ္တတီတိ အရုဏော။

(ဝိနယာလင်္ကာရဋီကာ၊ ပ-၂၁)

(၃) နေ့ ...ကြောင့် အရုဏ်ဖြစ်ပေါ်လာရပါသည်။

(၄) အရုဏ်၏ အဆင်းရောင်သည် ငါးကြင်းမျက်စိရောင်ကဲ့သို့ နီဖျော့ဖျော့ အရောင်ရှိ၏။

အဗျတ္တရတ္တဝဏ္ဏော တဿ ဝဏ္ဏော ဘဝေ။

(ဝိနယာလင်္ကာရဋီကာ၊ ပ-၂၁)

ကိဉ္စိရတ္တော အဗျတ္တရတ္တဝဏ္ဏော အရုဏော နာမ ယထာ မဇ္ဈသ စက္ခု။
(အဘိဓာန်ဋီကာ)

သူရိယဿ ရတ္တပဘာယေဝ အရုဏော နာမ န သေတပဘာဒယောတိ ဒဋ္ဌဗ္ဗံ။
(ဝိမတိဋီကာ)

(၅) အရုဏ်၏ ပုံသဏ္ဌာန်ဆိုသည်မှာ အရောင်မျှသာ ဖြစ်သောကြောင့် သီးခြားမရှိပါ။ အရုဏ်ရောင်၏ ပျံ့နှံ့ရာအရပ်၏ ပုံသဏ္ဌာန်အတိုင်းပင် ရှိ၏။ တနည်း-အရုဏ်၏တက်ရာ အရှေ့အရပ်မျက်နှာ ပုံသဏ္ဌာန်ရှိ၏။ သို့သော် အရုဏ်ဆိုသည်မှာ နေမထွက်မီ နေ၏ရှေ့ပြေးအရောင်ဖြစ်၍ နေမှထွက်သော ရောင်ခြည်ဝန်း၏ အခြမ်းပဲ့ဖြစ်သော စက်ဝိုင်းကို (၄)ပုံ ပုံကာ ဖြတ်ထားသည့် စက်ဝိုင်းနှတ်ခမ်းဘက် အခြမ်းပြတ်၏ ပုံသဏ္ဌာန်ရှိ၏။ နားလည်လွယ်အောင် ဆိုရလျှင် ဘီးကုပ် (မိန်းမတို့ ခေါင်း၌ စိုက်သည့်ဘီးကုပ်) သဏ္ဌာန်ရှိ၏ဟု မှတ်ယူရမည်။

အရုဏဿ ပါဠိယံ့ သဏ္ဌာနံ နာမ နတ္ထိ၊ ရသ္မိမတ္တတ္တာ။
ယတ္ထကံ ပဒေသံ ဖရတိ၊ တတ္တကံ တဿ သဏ္ဌာနန္တိ ဒဋ္ဌဗ္ဗံ။
အထဝါ ပုရတ္ထိမဒိသာသဏ္ဌာနံ။
(ဝိနယာလင်္ကာရဋီကာ၊ ပ-၂၃)

(၆) အရုဏ်သည် နေမထွက်မီ (၄၀)မိနစ် အလိုလောက် အချိန်မှစ၍ နေလုံးအထက်နှုတ်ခမ်း ထွက်ပြူလာသည့်အချိန်ကာလ၏ အတွင်းသည် အရုဏ်တက်ချိန်ဖြစ်ပါသည်။

နေမထွက်မီ (၁) နာရီအချိန်မှစ၍ အရုဏ်တက်သည်ဟုလည်း ဆို၏။

အရုဏ်တက်နှင့် နေထွက် (၄၀) မိနစ် တနည်း- (၁) နာရီကွာသည်ဟု ဆိုလိုသည်။

(၇) အရုဏ်သည် အရှေ့အရပ်မှ တက်ပါသည်။

အရုဏော နာမ ပုရတ္ထိမဒိသာယံ၊ သူရိယောဒယတော ပုရေတရမေဝ ဉဋ္ဌိတောဘာသော။
(ဥဒါနအဋ္ဌကထာ)

(၈) အရုဏ်တက်သည်ကို (တနည်း) တက်သော အရုဏ်ရောင်ကို လူတို့ မျက်စိဖြင့်ကြည့်၍ သိမြင်နိုင်ပါသည်။

**စိတ်ဖြင့်** ကြံဆ၍သိရသည့်အရာမျိုး မဟုတ်ပါ။ ကောက်ချက်ချသော် **နေ** မထွက်မီ (၄၈) မိနစ်၊ တနည်း မိနစ် (၆၀) တနာရီအလို အချိန်လောက်မှာ အရှေ့အရပ်မှ နီဖျော့ဖျော့ အလင်းရောင် တက်လာသည်ကို အရုဏ်တက်သည် ဟူ၍ မှတ်ပါ။

## အရုဏ်နှင့်စပ်သော အရာများကား ကျယ်ဝန်းလှ၏

အရုဏ်တက်မှုနှင့်စပ်၍ လိုက်နာရမည့် အရာဌာနများကား များစွာ ကျယ်ဝန်း၏။ အရုဏ်တက်ခြင်းကို မှန်ကန်စွာ နားမလည်ကြကုန်လျှင်ကား–

၁။ ဥပုသ်သည်များ နောက်နေ့နံနက် စောစောစီးစီးထ၍ အရုဏ်မတက်မီပင် အစားအစာစားခြင်း၊ သနပ်ခါး, ပန်း လိမ်းကျံ ပန်ဆင်ခြင်းများ ပြုလျှင် ဥပုသ်ကျိုး၏။

၂။ ရဟန်း–သာမဏေ တို့သည်လည်း အရုဏ်မတက်မီ စားသောက်ဖွယ်ရာ များကို စားသောက်လျှင် ဝိကာလဘောဇန သိက္ခာပုဒ်ဖြင့် အာပတ် သင့်ကာ သီလပျက်စီးနိုင်၏။

၃။ ဝိနည်းအရာ နိဿရည်း ဆရာနှင့် အန္တေဝါသိက တပည့်တို့၏ ဥပစာရ တသိမ်တည်း မဟုတ်ပဲ အရုဏ်တက်သွားလျှင် နိဿရည်း ကင်းသွား၏။

၄။ ဝါတွင်း၌ အရုဏ်မတက်မီ ဝါဆိုခေတ်ကို ကျော်လွန်လျက် အရုဏ်တက် သွားက ဝါကျိုးပြတ်တော့၏။

၅။ တိစီဝရိတ်ဆောင် ရဟန်းများ အရုဏ်တက်ချိန်၌ ၎င်းသင်္ကန်းများနှင့် ကင်းလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

၆။ သဟသေယျ သိက္ခာပုဒ်များအရ လူ သာမဏေ မာတုဂါမတို့နှင့် တမိုး တရံတည်းကျောင်း၌ အတူအိပ်ရာ၌လည်း အရုဏ်ဖြင့်ပင် အာပတ်ကို ဆုံးဖြတ်ရ၏။

၇။ ပရိဝါသ် မာနတ် ဆောက်တည်ရာ၌လည်း ရတ္တိဝိပ္ပဝါသ ဖြစ်မှုကိုလည်း အရုဏ်ဖြင့်ပင် ဆုံးဖြတ်ရ၏။

ဤသို့စသည်ဖြင့် အရုဏ်နှင့်စပ်၍ လိုက်နာကျင့်ကြံဖွယ်ရာများကား အလွန် များပြားကျယ်ဝန်းလှ၏။ အရုဏ်တက် နေထွက်- နေဝင်ချိန်ပြ ဇယားကို ကြည့်ပါ။

**အရုဏ်တက်, နေထွက်, နေဝင်, အချိန်ပြဇယား**

၎င်း (၆) လ၌ နေသည် တောင်မှ မြောက်သို့ ဥတ္တရယာဉ်သွား၏။




၎င်း (၆) လ၌ နေသည် မြောက်မှ တောင်သို့ ဒက္ခိဏယာဉ်သွား၏။

၁။ ပြာသိုလမှ နယုန်လအထိ (၆)လ၌ နေသည် တောင်ဘက်မှ တဖြည်းဖြည်း မြောက်ဘက်သို့ နေ့စဉ်လမ်းကြောင်းပြောင်းကာ သွားလာသော ဥတ္တရ ယာဉ်ဖြင့် သွား၏။

၂။ ဝါဆိုလမှ နတ်တော်လအထိ (၆)လ၌ နေသည် မြောက်ဘက်မှ တောင် ဘက်သို့ တရွေ့ရွေ့ နေ့စဉ် လမ်းကြောင်းပြောင်းကာ သွားလာသော ဒက္ခိဏယာဉ်ဖြင့် သွား၏။

၃။ အဇ္ဈေ၁ဝီထိ(၄)လ၌ နေသည် အတွင်းလမ်းကသွား၏။

၄။ မဇ္ဈေဝီထိ(၄)လ၌ နေသည် အလယ်လမ်းက သွား၏။

၅။ ဗာဟိရဝီထိ (၄)လ၌ကား နေသည် ပြင်ဘက်လမ်းက သွား၏။

၆။ စက်ဝိုင်းအတွင်းရှိ ဂဏန်းများကား ပဌမစက်ဝိုင်း၌ အရုဏ်တက်ချိန် နာရီ မိနစ်ကိုပြသည်။

ဒုတိယစက်ဝိုင်း၌ နေထွက်ချိန် နာရီ မိနစ်ကိုပြသည်၊

အတွင်းဆုံးစက်ဝိုင်း၌ နေဝင်ချိန် နာရီ မိနစ်ကိုပြသည်။

**အရုဏ်တက်—နေထွက်—နေဝင်ကို လွယ်ကူစွာသိနိုင်ရန်**
**အကျဉ်းချုပ်ပြဇယား**

| | လအမည်များ | အရုဏ်တက် | | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|---|
| | | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ဝါဆိုလ | ၄ | ၃၀ | ၅ | ၃၀ | ၆ | ၃၀ |
| ၂ | တန်ခူးလ, သီတင်းကျွတ်လ | ၅ | ၀၀ | ၆ | ၀၀ | ၆ | ၀၀ |
| ၃ | ကဆုံလ,တော်သလင်းလ | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ |
| ၄ | နယုန်လ,ဝါခေါင်လ | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ |
| ၅ | တန်ဆောင်မုန်းလ, တပေါင်းလ | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ |
| ၆ | နတ်တော်လ, တပို့တွဲလ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ |
| ၇ | ပြာသိုလ | ၅ | ၃၀ | ၆ | ၃၀ | ၅ | ၃၀ |

## အရှက်တက်–နေထွက်–နေဝင်–ဆောင်ပုဒ်လင်္ကာများ

(အရုဏ်တက်နှင့် နေထွက်)

ကူး–သောင်းနေတုံ, ဆုံ–ဖော်ဖိနင်း,ယုန်–မင်းလှတန်,ဆို–ပြန်ဆယ်ထပ်, ခေါင်–ပြတ်လည်တို့, တော်–ဖြိုပြန်နှုက်, ကျွတ်–ဟိန်းထွက်တင်, မှန်း–သက် အောင်ထိပ်,နတ်–သားချိပ်တည်း,သို–သိက်စိုးနှံ့,တွဲ–သန်ကောင်တွင်, ပေါင်း– သင်းအင်တွေး, ဤမျှရေး၍၊ စနေနံမှ၊ သုညပြုလျက်၊ ကြွင်းသမျှကို၊ နံသင့် ဆိုသည်၊ ဗဟိုနေထွက် နာရီတည်း။

တနာရီကို၊ နောက်ဆုတ်ဆိုသည်၊ ဗဟိုအရုဏ်တက်ချိန်တည်း။

(နေဝင်အတွက်)

တာ–သံတော်တော်,က–သံအော်နှင့်, န–သော်ချစ်တိုး, ဝါ–သူဆိုးတွင်, ခေါင်–သိုးကြွန့်,လင်း–သန့်အောင်တူ,သီ–ဟူနှယ်တင့်,ဆောင်–ပန်းပွင့်တည်း, နတ်– မြတ်လယ်ထွန်, ပြာ–မွဲစွန်တို့,တွဲ–ပြန်လှန်တောင်း, ပေါင်း–မူမြိုနယ်, ရှေ့ဝယ်နံသင့်၊ ယူရန်ဖွင့်သည်၊ နေမင်းသူရိန် ဝင်ချိန်တည်း။

အရုဏ်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကား ပြီး၏။

---

## ပြုစုလုပ်ကျွေးသူမဲ့သော
## သူနာရဟန်း၏ ဝတ္ထု

ဘုရားရှင် လက်ထက်တော်က အခါတပါးဝယ် ရဟန်းတပါးသည် ဝမ်းသက် သော ရောဂါဖြစ်၍နေ၏။

ထိုဝမ်းရောဂါ ဖြစ်သော ရဟန်းသည် မိမိ၏ ကျင်ကြီး ကျင်ငယ်၌ လူး လှိမ့်လျက် ပြုစုစောင့်ရှောက်မည့်သူ မရှိ အတိဒုက္ခ ရောက်လျက် အိပ်၍နေရ ရှာ၏။

ဘုရားရှင် ကိုယ်တော်မြတ်သည် နောက်လိုက်ဖြစ်သော အရှင်အာနန္ဒာနှင့် အတူကက္ခ ကျောင်းစဉ် လှည့်ပတ်၍ ကြည့်ရှုတော်မူသည် ရှိသော် ထိုဝမ်းရော ဂါဖြစ်နေသော ရဟန်း၏ နေထိုင်ရာကျောင်းသို့ ရောက်သဖြင့် ထိုရဟန်းကို ဘုရားရှင် တွေ့မြင်တော်မူရာ ထိုရဟန်း၏ အနီးသို့ ကြွရောက်တော် မူပြီးလျှင်–

"ချစ်သားရဟန်း သင်၏ ရောဂါကား အဘယ်ရောဂါနည်း"ဟု မေးမြန်းတော် မူ၏။

"အရှင်ဘုရား၊ တပည့်တော်၏ ရောဂါကား ဝမ်းသက်သော ရောဂါပါဘုရား" ဟု လူနာ ရဟန်းက လျှောက်ထား၏။

"သင့်အား ပြုစုစောင့်ရှောက် လုပ်ကျွေးမည့် ပုဂ္ဂိုလ်ရှိပါ၏ လော" ဟု ဘုရားရှင်က မေးတော်မူရာ၊

"မရှိပါ ဘုရား"ဟု လျှောက်ထား၏။

"ရဟန်းတို့က သင့်ကို အဘယ့်ကြောင့် မပြုစု မလုပ်ကျွေးကြကုန်သနည်း" ဟု မေးတော်မူရာ၊

"အရှင်ဘုရား တပည့်တော်သည် အခြား ရဟန်းတို့အား မပြုစု မလုပ်ကျွေး ခဲ့ဖူးပါ၊ထို့ကြောင့် တပည့်တော်ကို ရဟန်းတို့က မပြုစု မလုပ်ကျွေးကြပါဘုရား" ဟု ထိုလူနာ ရဟန်းက လျှောက်ထားရာ–

ဘုရားရှင်ကိုယ်တော်မြတ်က နောက်ပါ အရှင်အာနန္ဒာကို ရေကို အဆောင် ယူခိုင်းတော်မူ၍ ဘုရားရှင်က ရေလောင်းပေးတော်မူ၏။ အရှင်အာနန္ဒာက ပွတ်တိုက် ဆေးကြော ပေးတော်မူ၏။ ဘုရားရှင်နှင့် အာနန္ဒာ မထေရ်တို့သည် သူနာရဟန်းကို ရေချိုးပေး၊ သက်န်းလဲပေးတော်မူကြပြီးလျှင် ဘုရားရှင်က ဦးခေါင်းဘက်မှ ရှင်အာနန္ဒာကခြေထောက်မှ မချီတော်မူကြ၍ ခုတင် ညောင် စောင်း တခုထက်၌ သိပ်ထားတော်မူကြပြီးလျှင် သင့်တော်သော ဆေးဝါး များကို တိုက်ကျွေးတော်မူ၏။

အထက်ပါ အကြောင်းအရာကြောင့် ဘုရားရှင်ကိုယ်တော်မြတ်သည် ရဟန်း တို့ကို စည်းဝေး စေတော်မူပြီးလျှင်၊

"ရဟန်းတို့၊ ဤမည်သော ကျောင်း၌ နေထိုင်သော ရဟန်း ရှိသလော"ဟု မေးတော်မူ၏။

"ရဟန်းတို့က ရှိပါသည် ဘုရား"ဟု လျှောက်ထားကြကုန်၏။

"ထိုရဟန်း၏ ရောဂါကား အဘယ်ရောဂါပါနည်း"ဟု မေးတော်မူ၏။

ရဟန်းတို့က "ထိုရဟန်း၏ရောဂါကား ဝမ်းသက်သော ရောဂါပါ ဘုရား"ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်ကထပ်၍ "ထိုရဟန်းအား ပြုစုစောင့်ရှောက် လုပ်ကျွေး မည့် ရဟန်းရှိ၏လော"ဟု မေးမြန်းတော်မူရာ—

ရဟန်းတို့က "ပြုစုစောင့်ရှောက် လုပ်ကျွေးမည့် ရဟန်းမရှိကြောင်း" ကို လျှောက်ထားကြရာ၊

ဘုရားရှင်က အဘယ့်ကြောင့် ထိုရဟန်းအား ပြုစုစောင့်ရှောက် လုပ်ကျွေးမည့် ရဟန်းမရှိသနည်း"ဟု မေးမြန်းတော်မူရာ၊

အရှင်ဘုရား၊ဤရဟန်းသည် အခြားရဟန်းတို့အား တခါမျှ မပြုစု မစောင့်ရှောက် မလုပ်ကျွေးဖူးပါ၊ ထို့ကြောင့် သူ့အား ပြုစုစောင့်ရှောက် လုပ်ကျွေးမည့် ရဟန်းတပါးမျှ မရှိကြောင်းကို လျှောက်ထားကြရာ၊

ဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းတို့ ငါဘုရားသာသနာ၌ နေကြကုန်သော သင်တို့အား ပြုစုစောင့်ရှောက် လုပ်ကျွေးမည့် မိဘ ဆွေမျိုးတို့သည် မရှိကုန်။

ရဟန်းတို့-သင်တို့သည် အချင်းချင်းမှ မပြုစု မစောင့်ရှောက်လျှင် ဘယ်သူကလာ၍ ပြုစုစောင့်ရှောက် လုပ်ကျွေး မည်နည်း။

ရဟန်းတို့-ငါဘုရားကို ပြုစုလုပ်ကျွေးလို သူသည် နာဖျားသော ရဟန်းကို ပြုစုလုပ်ကျွေးရာ၏။ အကယ်၍ ဆရာဥပဇ္ဈာယ် ရှိငြားအံ့၊ ဆရာဥပဇ္ဈာယ်က ပြုစုလုပ်ကျွေးရမည်။

ဆရာရှိလျှင် ဆရာက၊

အတူနေ တပည့်ရှိလျှင် အတူနေတပည့်က၊

အနီးနေ တပည့်ရှိလျှင် အနီးနေတပည့်က၊

ဥပဇ္ဈာယ်တူ ဆရာတူ အပေါင်းအဖော်ရှိလျှင် ၎င်းပုဂ္ဂိုလ်တို့က ဂရုစိုက်ကာ ပြုစု စောင့်ရှောက် လုပ်ကျွေးကြရမည်။ ထိုပုဂ္ဂိုလ်မျိုးများ မရှိလျှင် သံဃာက ပြုစုစောင့်ရှောက် လုပ်ကျွေးရမည်၊ အကယ်၍ မလုပ်ကျွေးလျှင် ဒုက္ကဋ်အာပတ်သင့်၏ဟု သိက္ခာပုဒ်ပညတ်တော်မူပြီးလျှင် အောက်ပါတရားတော်များကို ဆက်လက်၍ ဟောတော်မူ၏။

## ပြုစုလုပ်ကျွေးရန်ခက်သော သူနာရဟန်းမျိုး

ရဟန်းတို့-အင်္ဂါ (၅) ပါးနှင့်ပြည့်စုံသော သူနာရဟန်းသည် အလုပ်အကျွေးခက်ခဲ၏။ အင်္ဂါ(၅) ပါးကား-

၁။ မသင့်သည်ကို ပြုလုပ်လေ့ရှိ၏၊

၂။ သင့်သည်၌ ဒသတိုင်းအရှည်ကို မသိ၊

၃။ ဆေးကို မသောက်လို၊

၄။ မိမိ၏ အကျိုးကိုလိုလားသူ သူနာပြုသောရဟန်းအား ရောဂါ အတိုး အဆုတ် ရောဂါ၏အခြေအနေကို မှန်ကန်အောင်မပြောပြတတ်၊

၅။ ရောဂါဝေဒနာ၏ဒဏ်ကို သည်းခံနိုင်သော သဘောမရှိ။

ဤအင်္ဂါ (၅) ပါးနှင့်ပြည့်စုံသောသူ နာရဟန်းမျိုးသည် ပြုစုလုပ်ကျွေး ရန် ခက်ခဲ၏။

## ပြုစုလုပ်ကျွေးရန် လွယ်ကူသော သူနာရဟန်းမျိုး

ရဟန်းတို့– အင်္ဂါ (၅) ပါးနှင့်ပြည့်စုံသော သူနာရဟန်းမျိုးကား ပြုစုလုပ် ကျွေးရန်လွယ်ကူ၏။ အင်္ဂါ (၅) ပါးကား–

၁။ သင့်သည်ကို ပြုလေ့ရှိ၏၊

၂။ သင့်သည်၌ အတိုင်းအရှည်ကို သိတတ်၏၊

၃။ ပေးသည့်ဆေးကို မှီဝဲ၏၊

၄။ မိမိအကျိုးကိုလိုလားသူ သူနာပြုစုသူ ရဟန်းအား မိမိ၏ရောဂါ တိုးတက်သည် ဆုတ်ယုတ်သည် စသော ရောဂါ၏ အခြေအနေကို မှန်ကန်အောင်ပြောပြတတ်၏။

၅။ ရောဂါဒဏ်ကို ကြိတ်မှိတ်ကာ သည်းခံနိုင်၏။

အထက်ပါ အင်္ဂါ (၅) ပါးနှင့်ပြည့်စုံသူ သူနာရဟန်းမျိုးကိုကား ပြုစုလုပ် ကျွေးရန်လွယ်ကူ၏။

## သူနာကိုပြုစုလုပ်ကျွေးရန် မသင့်သော သူနာပြု

ရဟန်းတို့–အင်္ဂါ (၅) ပါးနှင့်ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကိုပြုစု လုပ်ကျွေးရန် မသင့်လျော်။ အင်္ဂါ (၅) ပါးကား–

၁။ ဆေးကိုမစီရင် မဖော်စပ်တတ်၊

၂။ သူနာနှင့်သင့်သည် မသင့်သည်ကို မသိတတ်၊ မသင့်သောဆေးဝါး ခေတ်စာကို တိုက်ကျွေးတတ်၍ သင့်သောဆေးဝါး ခေတ်စာများကို ပယ်ရှားတတ်၏၊

၃။ မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြုစုလုပ်ကျွေးသည်မဟုတ်ပဲ သက်နံ့စသော အာမိသလာဘ်လာဘကို မျှော်လင့်၍သာ ပြုစုလုပ်ကျွေး၏၊

၄။ ကျောင်ကြီး- ကျောင်ငယ်- တံတွေး- အန်ဖတ်တို့ကို သုတ်သင်စွန့်ပစ်ခြင်းငှာ စက်ဆုပ်ရွံရှာတတ်၏။

၅။ သူနာကို အချိန်အခါအလျောက် တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေခြင်းငှာ တရားကိုဆောက်တည်စေခြင်းငှာ၊တရားကိုကျင့်သုံးရန် ထက်သန်ရွှင်လန်းစေခြင်းငှာ မစွမ်းနိုင်၊

အထက်ပါ အင်္ဂါ (၅) ပါးနှင့်ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကို ပြုစုလုပ်ကျွေးခြင်းငှာ မသင့်လျော်။

## သူနာပြုပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အချည်အချင်းများ

ရဟန်းတို့– အင်္ဂါ (၅) ပါးနှင့် ပြည့်စုံသော သူနာပြု ရဟန်းမျိုးသည်သာ သူနာကို ပြုစုလုပ်ကျွေးခြင်းငှာ သင့်လျော်၏။ အင်္ဂါ (၅)ပါး တို့ကား–

၁။ ဆေးကို စီရင်ဖော်စပ်ခြင်းငှာ စွမ်းနိုင်၏။(ဆေးကို အထိုက်အလျောက် နားလည်ရမည်။)

၂။ သူနာနှင့် သင့် မသင့်ကိုသိ၍ မသင့်သော ဆေးဝါး ခေတ်စာများကို ပယ်၍ သင့်သော ဆေးဝါး ခေတ်စာတို့ကိုသာ တိုက်ကျွေးတတ်၏။

၃။ သက်နီးစသော အာမိသ လာဘ်လာဘကို မမျှော်လင့်မူ၍ မေတ္တာစိတ်ရှိသည်ဖြစ်၍သာ ပြုစုလုပ်ကျွေး၏။

၄။ သူနာ၏ ကျောင်ကြီး–ကျောင်ငယ်–တံတွေး–အန်ဖတ်စသောအညစ်အကြေးတို့ကို သုတ်သင်စွန့်ပစ်ခြင်းငှာ စက်ဆုပ် ရွံရှာခြင်းမရှိ။

၅။ သူနာကို အချိန်အခါအလျောက် တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေခြင်းငှာ တရားကို ဆောက်တည်စေခြင်းငှာ တရားကို ကျင့်သုံးရန် ထက်သန် ရွှင်လန်းစေခြင်းငှာ စွမ်းနိုင်၏။သူနာအား စိတ်ခေတ်ကျအောင် အားငယ်အောင် မပြောမဆိုရ။

ဤအင်္ဂါ (၅)ပါးနှင့် ပြည့်စုံသော သူနာပြုရဟန်းမျိုးသည်သာ သူနာအား ပြုစုလုပ်ကျွေးခြင်းငှာ သင့်လျော်၏ဟု မိန့်တော်မူပြီးလျှင်–

၁။ ပြုစုလုပ်ကျွေးရန် လွယ်ကူသော သူနာမျိုး၊

၂။ ပြုစုလုပ်ကျွေးရန် ခက်ခဲသောသူနာမျိုး၊

၃။ သူနာပြုလုပ်ရန် မသင့်လျော်သည့် ပုဂ္ဂိုလ်မျိုး၊

၄။ သူနာပြုပုဂ္ဂိုလ်တို့၏ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းများ တို့ကို ဟောကြားတော် မူခဲ့လေသည်။

(ဝိနည်း မဟာဝါ(ဂ) စီဝရက္ခန္ဓက–ပါဠိ)

## သူနာပြုစု-မြတ်ကောင်းမှု

တနေ့သောခါ၊ သံဃာတပါး၊ သွေးဝမ်းသွား၍၊ ကြီးမားဒုက္ခ၊ အော်ညည်းတ,လျက်၊ ဖေးမပြုစု၊ ဂရုစိုက်သူ၊ မရှိမှုကြောင့်၊ ညည်းညူဆင်းရဲ၊ သွေးအိုင်ထဲ၌၊ လူးလဲလိမ့်ပြန်၊ လွန်ပေကျံသည့်၊ ဖြစ်ဟန်ပြင်းထ၊ ဂိလာနကို၊ ဗုဒ္ဓကိုယ်တိုင်၊ ချီပွေ့ကိုင်၍၊ ထူထိုင်စေမှု၊ ဆေးကြောပြုလျက်၊ ဂရုစိုက်ကာ၊ ကျန်းမာစေမှု၊ ကိုယ်တိုင်ပြုပြီး၊ ဓမ္မပဒေ၊ ထုတ်ဖော်ချွေ၍၊

"မှတ်လေချစ်သား၊ ရဟန်းများတို့– ငါ့အားခရှုရှု၊ ဖေးမမှုကို၊ ပြုစုလိုမူ၊ ငါ့တူမခြား၊ စိတ်ကထား၍၊ နာဖျားရှိကြ၊ ဂိလာနကို၊ စစကြင်နာ၊ ငဲ့ညှာသမှု၊ ပြုစုကျွေးမွေး၊ ဓာတ်စာပေးလျက်၊ စားဆေး-လိမ်းဆေး၊တိုက်ကျွေးသမှု၊ ကောင်းစွာပြု"–

ဟု–သုံးလူ့ မြတ်စွာ၊ မိန့်တော်မှာသည်....မဟာကျမ်းထွက်၊ ဓမ္မစကတ်တည်း။

၁၃၄၁-၃၂-ခု၊

ဇီဝိတဒါနဆေးရုံထုတ် ပြက္ခဒိန်၊

မှတ်ချက် (အလွန်ကောင်းသော စာတပုဒ်ဖြစ်၍ တဆင့်ကူးယူဖော်ပြပါသည်။)

## သေလွန်သောရဟန်း၏ ဥစ္စာများ

သေလွန်သွားသော ရဟန်း–သာမဏေတို့၏ ဥစ္စာကို "မတသန္တက" ဥစ္စာ–ဟု ခေါ်၏။

ပျံလွန်၍သွားသော ရဟန်း–သာမဏေသည် မပျံလွန်မီ အသက်ရှင်စဉ်ကပင် မိမိပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအားလုံးကို တစုံတယောက်သော ပုဂ္ဂိုလ်အား

ပေးစွန့်လှူဒါန်း ပေးခဲ့ပြီးဖြစ်သော် လည်းကောင်း၊ ပျံလွန်ခါနီး လူမှန်းသူမှန်း သိစဉ်အခါ၌ ချစ်ကျွမ်းဝင်သူ တစုံတယောက်သော ပုဂ္ဂိုလ်က အကျွမ်းဝင်သဖြင့် (ဝိဿာသဂ္ဂါဟဖြင့်) ယူလိုက်သော် လည်းကောင်း၊ ထိုပေးစွန့် လှူဒါန်းရာပုဂ္ဂိုလ် များ၊ဝိဿာသဂ္ဂါဟဖြင့် အစွန့်ခံလိုက်, ယူလိုက်သော ပုဂ္ဂိုလ်များသာ ထိုပျံလွန် ၍ သွားသော ရဟန်း-သာမဏေတို့၏ ဥစ္စာများကို ပိုင်ဆိုင်ရစ်ကြကုန်၏။

သူနာပြုပုဂ္ဂိုလ်များပင် မဆိုင်ကြကုန်။ သူနာပြုပုဂ္ဂိုလ်များကို ပေးလိုလျှင် ထိုပိုင်ဆိုင်ရစ်ကြကုန်သော ပုဂ္ဂိုလ်တို့၏ သဘောအတိုင်း ပေးသမျှသာ ရနိုင်-ပေးနိုင်ကုန်၏။

## မတသန္တက– သံဃိကဖြစ်ရပုံ

၁။ သေလွန်သွားသော ရဟန်း-သာမဏေတို့သည် အသက်ရှင်စဉ်က မည်သူ့အားမျှ မပေး-မစွန့်-မလှူဒါန်းခဲ့ပဲ, မလှူဒါန်းနိုင်ပဲ,သေလွန်၍ သွားခဲ့သော် လည်းကောင်း၊

၂။ သေလွန်ခါနီး လူမှန်းသူမှန်း သိစဉ်အခါ၌ ချစ်ကျွမ်းဝင်သူ ပုဂ္ဂိုလ်တို့ က ဝိဿာသဂ္ဂါဟဖြင့် အစွန့်မခံလိုက်,မယူလိုက်ခဲ့သော် လည်းကောင်း၊

၃။ ဝိဿာသဂ္ဂါဟဖြင့် အစွန့်ခံ, တောင်း သော်လည်း နှစ်သက်စွာ မပေး မစွန့်ခဲ့သော် လည်းကောင်း–

မတသန္တက–သံဃိက–သံဃာပိုင်ဥစ္စာ ဖြစ်တော့၏။

## သူနာပြုပုဂ္ဂိုလ်များ ရထိုက်သောအဖို့

ထိုသို့ သံဃာပိုင် မတသန္တက သံဃိကဥစ္စာများ ဖြစ်သွားသော်လည်း တိစီဝရိတ် သက်န်းများနှင့် သပိတ်များသည် ဂိလာနုပဋ္ဌာက–သူနာပြုရဟန်း–သာမဏေတို့ ရထိုက် ရပိုင်ခွင့်ရှိသော အဖို့ဖြစ်၏။ သပိတ်,သင်္ကန်း အလွန်များလျှင် သင့်တော်ရုံမျှသာ ရသိုက်၏။ ကျန်ပစ္စည်းများကား သံဃာပိုင်ဖြစ်၏။

ဘိက္ခုဿ ဘိက္ခဝေ ကာလင်္ကတေ သံဃော သာမီ ပတ္တစီဝရေ၊ အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ၊ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ။

ယံ တတ္ထ လဟုဘတ္တံ လဟုပရိက္ခာရံ တံ သမ္မုခိဘူတေန သံဃေန ဘာဇေတုံ၊ ယံ တတ္ထ ဂရုဘတ္တံ ဂရုပရိက္ခာရံ တံ အာဂတာနာဂတဿ စတုဒ္ဒိသဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ။

(ဝိနည်း မဟာဝါပါဠိ–၄၂၀။)

## ဂိလာနုပဋ္ဌာက-သူနာပြုပုဂ္ဂိုလ်အား သပိတ်သင်္ကန်းပေးပုံ

သေလွန်သွားသော ရဟန်း- သာမဏေတို့၏ မတသန္တက-သံဃိက ဖြစ်၍ သွားသော သံဃာပိုင် ဥစ္စာထဲမှ သပိတ်နှင့် တိစီဝရိတ်ဖြစ်သော သင်္ကန်း တို့ကို ဂိလာနုပဋ္ဌာကပုဂ္ဂိုလ် ရထိုက်သော အဖို့ဖြစ်၍ သံဃာက ၎င်းဂိလာနု-ပဋ္ဌာက ရဟန်း-သာမဏေအား ပေးသောအခါ သံဃာကို ပန်ကြားမှု အပ-လောကနကံဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ဉတ္တိဒုတိယကံဖြင့်သော်လည်း ကောင်း ပေးရမည်။

## အပလောကနကံပြု၍ပေးရာ၌ သံဃာအား ပန်ကြားပုံ

သိမ်ထဲ၌ဖြစ်စေ၊အခြား သင့်တော်သည့်နေရာ၌ ဖြစ်စေ၊ကျောင်းတိုက်တွင်း ရှိသံဃာကို စည်းဝေး၍—

"ဤမည်သောရဟန်း ပျံလွန်တော်မူသွားပါသည်၊ သူ၏ ဤမည် ဤမည် သော ပစ္စည်းများကျန်ရစ်ပါသည်၊ ထိုပစ္စည်းများတွင် သင်္ကန်းနှင့် သပိတ်ကို ဂိလာနုပဋ္ဌာက ဖြစ်သူ ဤမည်သော ရဟန်း(သာမဏေ)အား ပေးရပါမည်၊ သံဃာတော်အပေါင်းက နှစ်သက်လျှင် ဆိတ်ဆိတ်နေတော် မူကြပါကုန်ဘုရား" ဟု (၃)ကြိမ် ခွင့်ပန်၍ ပေးရမည်။

ဉတ္တိဒုတိယကမ္မဝါစာဖြင့်ပေးလိုလျှင်–

ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးလိုလျှင် သိမ်ထဲ၌ ကျောင်းတိုက်သံဃာ အားလုံး စည်းဝေးစေ၍–

"သုဏာတု မေ ဘန္တေ သံဃော (ဣတ္ထန္နာမော) ဘိက္ခု ကာလင်္ကတော" စသော ဝိနည်းမဟာဝါပါဠိတော်၌လာသော ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဖတ် ရွတ်ကာပေးရမည်။

ဉတ္တိဒုတိယကမ္မဝါစာကား ဝိနည်းမဟာဝါပါဠိတော်၊ နှာ-၄၁၉ ၌ ပါရှိ၏။ ၎င်းမှာ ရှုပါလေ။

**တိစီဝရိတ်သက်န်းများနှင့် သပိတ်မှတပါး ကျန်မတသန္တကပစ္စည်းများ**

ဂိလာနုပဋ္ဌာက အဖို့ဖြစ်သည့် တိစီဝရိတ်သက်န်းများနှင့် သပိတ်မှ တပါး အခြားကျန်ရှိသော ပစ္စည်းတို့တွင်–

၁။ ဝေဖန်၍ယူကောင်းသော လဟုဘဏ် လဟုပရိက္ခရာတို့ကို ၎င်းပစ္စည်းများရှိရာ ကျောင်းတိုက်တွင်းရှိ သံဃာအားလုံးခွဲဝေ၍ ယူရမည်။

၂။ ဝေဖန်၍ မယူကောင်းသော ဂရုဘဏ် ဂရုပရိက္ခရာတို့ကို မူကား ၎င်းပစ္စည်းများရှိရာကျောင်းတိုက်၌ သံဃိကထား၍ သံဃာအများ သုံးစွဲရမည်၊ ပုဂ္ဂလိကခွဲဝေ၍မယူရ မသုံးစွဲရ။

**ဂိလာနုပဋ္ဌာက-သူနာပြုပုဂ္ဂိုလ်(၃)မျိုး**

သူနာကိုပြုစုသည့် ဂိလာနုပဋ္ဌာက-သူနာပြုပုဂ္ဂိုလ်တို့သည်–

၁။ ရဟန်း

၂။ သာမဏေ

၃။ ရဟန်း-သာမဏေတို့မှတပါး အခြားသော ပုဂ္ဂိုလ်များ— ဟူ၍ (၃)မျိုးရှိ၏။

(အယုတ်ဆုံးအားဖြင့် မိန်းမပင် ဖြစ်စေ၊သူနာရဟန်းအား ပြုစုလုပ်ကျွေးလျှင် ဂိလာနုပဋ္ဌာက-ဖြစ်၏။)

ရဟန်း-သာမဏေဖြစ်လျှင် တိစီဝရိတ် သပိတ်တို့ကိုပေးရမည်။

ရဟန်း-သာမဏေတို့မှတပါး အခြားပုဂ္ဂိုလ်မျိုးဖြစ်လျှင် သင့်တော်သည့် ပစ္စည်းတို့ကို သံဃာကို ပန်ကြား၍ ပေးရမည်၊ သပိတ်သင်္ကန်းများကို ပေးရန် မလို။

ဂိလာနုပဋ္ဌာက- သူနာပြုပုဂ္ဂိုလ် အများဖြစ်လျှင်–

မကျန်းမာသူပုဂ္ဂိုလ်အား တပါးနှစ်ပါးမက အားလုံးသော သံဃာတို့ ဝိုင်းဝန်းပြုစုလုပ်ကျွေးစဉ် သေလွန်သွားလျှင် ပြုစုလုပ်ကျွေးကြသူ သံဃာ အားလုံးပင် ဂိလာနုပဋ္ဌာက အဖို့ဖြစ်သော တိစီဝရိတ် သက်န်းများနှင့် သပိတ်တို့ကို ပိုင်ဆိုင်ထိုက်သူ ဥစ္စာရှင်များ ဖြစ်ကြကုန်၏။ ၎င်းတို့ထိုက်သလို ဝေဖန်၍ယူကြရမည်။

## သံဃာအများ အလှည့်ကျတာဝန်ချ၍ ပြုစုကြလျှင် အားလုံးရပိုင်ခွင့်ရှိ၏ဝါဒ

မကျန်းမာသူ သူနာရဟန်း, သာမဏေအား သံဃာအများ အလှည့်ကျဖြင့် ပြုစုလုပ်ကျွေး၍ နေကြရာ၊

အချို့ပုဂ္ဂိုလ်များကား အလှည့်ကျ တာဝန်အရ ပြုစုလုပ်ကျွေးပြီး ဖြစ်၏။

အချို့ပုဂ္ဂိုလ်များကား အလှည့်ကျတာဝန်မကျသေးသဖြင့် မပြုစုမလုပ်ကျွေးရသေးမီ သူနာသေလွန်သွားလျှင်ကား သံဃာအားလုံးပင် ဂိလာနုပဋ္ဌာက အဖို့ကို ပိုင်ဆိုင်ခွင့်ရကြကုန်၏။

အဘယ့်ကြောင့်ဆိုသော်- တာဝန်မကျသေးသောပုဂ္ဂိုလ် တို့သည်လည်း မိမိတာဝန်အလှည့်ကျက မုချလုပ်ကျွေးကြရမည် ဖြစ်သောကြောင့်တည်း-ဟု အချို့ဆရာတို့ မိန့်ဆိုကြ၏။ (ကေစိဝါဒ)

## အလှည့်ကျ၍ ပြုစုလုပ်ကျွေးပြီးသူသာ ရပိုင်ခွင့်ရှိ၏ဝါဒ

အချို့သောဆရာတို့သည်ကား အလှည့်ကျသဖြင့် ပြုစုလုပ်ကျွေးပြီးသော ပုဂ္ဂိုလ်တို့သာ ဂိလာနုပဋ္ဌာကအဖို့ကို ရပိုင်ခွင့်ရှိ၏။

အလှည့်မကျ မပြုစုရသေးသော ပုဂ္ဂိုလ်များကား ဂိလာနုဋ္ဌာက အဖို့ကို ရပိုင်ခွင့်မရှိဟု မိန့်ဆိုကြကုန်၏။ (ဒုတိယကေစိဝါဒ)။

(နောက်ဝါဒသာကောင်း၏)။

သာမဏေ ပျံလွန်သွားသော် ဂိလာနုပဋ္ဌာကတို့အား သင်္ကန်းကျန်ရစ်ခဲ့လျှင် သင်္ကန်းကိုပေးရ၏။ သင်္ကန်းမကျန်ရစ် သင်္ကန်းမှတပါး အခြားပစ္စည်းဝတ္ထုသာကျန်ရစ်ခဲ့လျှင်ကား သင်္ကန်းအစား ထိုပစ္စည်းများကိုပင် ရထိုက်သောအဖို့ပြု၍ ဂိလာနုပဋ္ဌာကတို့အား ပေးရမည်။

ရဟန်းနှင့် သာမဏေတို့ပြုစုကြလျှင်–

လူနာအား ရဟန်းနှင့်သာမဏေတို့ အတူတကွ အညီအမျှပြုစုကြလျှင် ဂိလာနုပဋ္ဌာကအဖို့ကို ညီတူညီမျှပင် ပေးရမည်။ ရဟန်းအား ပို၍မပေးရ။

ရဟန်းကစီမံရုံမျှသာ စီမံ၍ သာမဏေကသာပြုစုရလျှင်—

ရဟန်းဖြစ်သူက စီမံရုံမျှသာ စီမံဆောင်ရွက်၍ သာမဏေကသာ ဂိလာန ရဟန်းအား ပြုစုရလျှင်ကား သာမဏေအား ပို၍ပေးရမည်၊ ရဟန်းကအနည်း ငယ်သာယူရမည်။

သာမဏေက ဝေယျာဝစ္စဆောင်ရွက်၍ ရဟန်းကသာ ပြုစုလုပ်ကျွေးရလျှင်–

ရဟန်းကဆောင်ယူ ရှာဖွေပေးသော ပစ္စည်းဝတ္ထုများဖြင့် သာမဏေက ယာဂုစသည်ကိုကျိုချက်ခြင်း စသော ဝေယျာဝစ္စမျှကိုသာ ပြုလုပ်ရလျှင်ကား ရဟန်းကပို၍ ယူရမည်၊ သာမဏေက အနည်းကိုသာယူရမည်။

အထူးဂရုတစိုက် ပြုစုသူအား ပို၍ပေးကောင်း

သူနာအား, အားလုံးအညီအညွတ် ဝိုင်းဝန်းပြုစုကြသူတို့တွင် သူနာအား အထူးဂရုစိုက်ကာ ပြုစုသူရှိလျှင် ထိုသူအားကောင်းသော ဂိလာနုပဋ္ဌာကအဖို့ ကို ပေးရမည်။

သူနာအတွက် ဝေယျာဝစ္စ ဆောင်ရွက်ရသူ

သူနာ၏အနားမှာနေ၍ မပြုစုသော်လည်း သူနာအတွက် ဝေယျာဝစ္စ လုပ် ကိုင်ဆောင်ရွက်၍ပေးရသူသည်လည်း ဂိလာနုပဋ္ဌာကဟုခေါ်ရ၏၊ ဂိလာနုပဋ္ဌာက အဖို့ကို ပေးရမည်။

သူနာအတွက် ဆေးဝါးခတ်စာကိုပို့ရုံမျှသာပို့သူ

မိမိကိုယ်တိုင် ဂိလာနပုဂ္ဂိုလ်၏အနီးသို့ မလာရောက်ပဲ ဂိလာနအတွက် ဆေး ဝါး, ခတ်စာ, အစားအစာတို့ကိုသာ ပို့သောပုဂ္ဂိုလ်ကား ဂိလာနုပဋ္ဌာက ပုဂ္ဂိုလ်မဟုတ်။

ဆေးဝါး, ခတ်စာ, အစားအစာလည်းပို့၊ ကိုယ်တိုင်လည်း လူနာ၏ အနီးသို့ လာရောက်ပြုစုလျှင်ကား– ဂိလာနုပဋ္ဌာကဟု ခေါ်ရ၏။

## ဘယ်လိုရည်ရွယ်ချက်မျိုးဖြင့် ပြုစုပြုစု အညီအမျှသာပေးရ

ဂိလာနပုဂ္ဂိုလ်အား ပြုစုသူ (၂)ပါးရှိရာ—

၁။ တပါးက တာဝန်ဝတ္တရားကို အဦးထားကာပြုစု၏၊

၂။ တပါးက သပိတ်–သင်္ကန်းစသော ဂိလာနုပဋ္ဌာကအဖို့ကို ရလို၍ပြုစု၏။ မကျန်းမာသူသေသွားလျှင် (၂) ပါးလုံးက ဂိလာနုပဋ္ဌာက အဖို့ကို ယူလိုကြလျှင် (၂)ပါးလုံးပင် ပေးရမည်။

## သူနာပြုစုနေစဉ် အကြောင်းကိစ္စကြောင့် ခရီးသွားနေသူကိုလည်း ပေးရ၏

သူနာအား ပြုစုလုပ်ကျွေး၍နေစဉ် ဂိလာနပုဂ္ဂိုလ်၏ ကိစ္စတခုခုကြောင့်သော်လည်းကောင်း၊ မိမိ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတခုခုကြောင့်သော် လည်းကောင်း "ပြန်ရောက်လျှင် ပြုစုမည်"ဟု နှလုံးသွင်း၍ အရပ်တပါးသို့ သွားနေစဉ် သူနာသေလွန်ခဲ့သော် ၎င်းပုဂ္ဂိုလ်အားလည်း ဂိလာနုပဋ္ဌာကအဖို့ကို ပေးရမည်။

## စိတ်ပျက်ကာ သူနာကိုစွန့်ခွာ၍ သွားသူကို မပေးရ

သူနာပြုပုဂ္ဂိုလ်သည် ကြာမြင့်စွာပြုစုလုပ်ကျွေးရသဖြင့် စိတ်ပျက်လက်လျှော့ကာ လူနာအားပစ်၍ ထွက်ခွာသွားရာ ထိုထွက်ခွာသွားသည့် နေ့မှာပင် သူနာသေလွန်သွားသော်လည်း သူနာပြုပုဂ္ဂိုလ်၏ အဖို့ဝေစုကို မပေးရ။

သို့သော်–ကျေးဇူးကိုထောက်စာ၍ သံဃာကိုပန်ကြားပြီးလျှင် ထိုက်သင့်သော ဂိလာနုပဋ္ဌာကအဖို့ဝေစုကို ပေးလိုလျှင် ပေးနိုင်၏။ အလိုအလျှောက် အဖို့ဝေစုရထိုက်သူကား မဟုတ်တော့ပေ။

## ဂိလာနုပဋ္ဌာကဖြစ်က မိန်းမများကိုပင် သူနာပြုအဖို့ကို ပေးကောင်း၏

သူနာရဟန်းသာမဏေတို့အား ပြုစုလုပ်ကျွေးသူဖြစ်လျှင် မိန်းမများကိုပင် သူနာပြုအဖို့ ဝေစုကိုပေးရမည်။ လူဝတ်ကြောင် စသော ပုဂ္ဂိုလ်များသည်လည်း ဂိလာနုပဋ္ဌာက အဖို့ဝေစုကို ရပိုင်ခွင့်ရှိ၏။

## သေလွန်သွားသူ၏ တထောင်တန်သင်္ကန်းပင်ဖြစ်စေ ဂိလာနုပဋ္ဌာကတို့အား ပေးရမည်

ပျံလွန်သွားသူ၏ ဥစ္စာ-သပိတ်-သင်္ကန်းမျှသာ ကျန်ရစ်၏။ ထိုသပိတ် သင်္ကန်းတို့သည်လည်း တထောင်ထိုက်တန်သည်ပင်ဖြစ်စေ၊ ဘယ်မျှလောက်ပင် တန်ဖိုးရှိရှိ ဂိလာနုပဋ္ဌာကတို့အားသာ ပေးရမည်။

သပိတ် သက်န်းမှတပါး အခြားကျန်ရစ်သော ပစ္စည်းများကား သံဃာပိုင်သာဖြစ်၏။

သေသွားသူ၏ ကျန်ရစ်သောသပိတ်-သင်္ကန်းကား တန်ဖိုးအနည်းငယ်မျှသာရှိ၏။ အခြားကျန်ရစ်သော ပစ္စည်းဥစ္စာတို့ကား များစွာအဖိုးထိုက်တန်၏။ ထိုသို့ဖြစ်နေခဲ့လျှင်ကား—

အခြားပစ္စည်းဥစ္စာထဲမှယူ၍ တိစီဝရိတ်၏ အခြံအရံ ပရိက္ခရာပြု၍ အပိုဂိလာနုပဋ္ဌာကအဖို့ကို ပေးရမည်။

တိစီဝရိတ် သပိတ်တွင်မက အခြားပစ္စည်းထဲမှလည်း သင့်တော်သော ပစ္စည်းများကို အပိုဆောင်း၍ ပေးပါဦးဟု ဆိုသည်။

## အခြားကျောင်းတိုက်မြို့ရွာ တောတွင်း၌ရှိသော မတသန္တကပစ္စည်းများ

သေလွန်သွားသူ ဘုန်းတော်ကြီး ရဟန်း-သာမဏေတို့၏ ကျန်ရစ်ခဲ့သော မတသန္တကသံဃိက ဖြစ်သွားသော ပစ္စည်းတို့တွင်–

ပျံလွန်သည့် ကျောင်းတိုက်၌ ရှိသောပစ္စည်းများကား ထိုတိုက်ဘွင်းရှိ သံဃာပိုင်ဖြစ်၏။

အခြားကျောင်းတိုက်၌ထားသော ပစ္စည်းများကား ပစ္စည်းထားရာ ကျောင်းတိုက်အတွင်းရှိ သံဃာပိုင်ဖြစ်၏။

ရွာတွင်း တောတွင်း၌ရှိသော ပစ္စည်းများကား စာတုဒ္ဒိသာသံဃာပိုင်ဖြစ်၏။

## ရဟန်း(၂)ပါး သူ့ပစ္စည်း ကိုယ့်ပစ္စည်း မခွဲခြားပဲနေကြရာ တပါးပျံလွန်လျှင်-

စိတ်တူကိုယ်မျှ ညီညွတ်ကြသော ရဟန်း (၂)ပါး တို့သည် သူ့ပစ္စည်း ကိုယ့်ပစ္စည်းဟု မပိုင်းခြား မခွဲခြားပဲ နေထိုင်ကြရာ တပါး ပျံလွန်သွားလျှင် ကျန်တပါးက ပစ္စည်းအားလုံးကို ပိုင်ဆိုင်၏။

ရဟန်း(၃)ပါး (၄)ပါး စသော များစွာသော ရဟန်းတို့ပစ္စည်း မခွဲခြားပဲ နေကြရာ၌လည်း အထက်ပါနည်းအတိုင်း ကျန်ရှိသူများပိုင်၏။

အားလုံးပျံလွန်သွားကြလျှင်ကား ပစ္စည်းအားလုံး သံဃိကဖြစ်တော့၏။

(ကျန်သောရဟန်းများက သဘောတူ မပျံလွန်မီ မိမိ၏ သဒ္ဒိဝိဟာရိက တပည့် စသော သူတို့အားပေးခဲ့လျှင်ကား ထိုသဒ္ဒိဝိဟာရိကစသူတို့ပိုင်ဆိုင်၏။)

၁။ ရဟန်းနှင့် သာမဏေတို့ ပစ္စည်းမခွဲခြားပဲ နေထိုင်ကြရာ တပါး ပျံလွန်လျှင် ကျန်ရှိသူပိုင်၏။

၂။ သာမဏေချင်းချင်း ပစ္စည်းမခွဲခြားပဲ နေထိုင်ကြရာ တပါးပျံလွန် လျှင် ကျန်သာမဏေပိုင်၏။

၃။ ရဟန်းနှင့်လူ ပစ္စည်းမခွဲခြားပဲ နေထိုင်ကြရာ ရဟန်းပျံလွန်၍ သွားလျှင် သပိတ်-သင်္ကန်းများကို သံဃာပိုင်၏။ အခြားပစ္စည်း များကို ကျန်ရစ်သောသူ လူပုဂ္ဂိုလ်ပိုင်၏။ လူသေသွားလျှင်ကား ကပ္ပိယဘဏ္ဍာများကို ကျန်ရစ်သူ ရဟန်းကပိုင်၏။ အကပ္ပိယဘဏ္ဍာ များကိုကား သေသူလူ၏ ဆွေမျိုး မိဘ တို့ပိုင်၏။

၄။ သာမဏေနှင့် လူတို့၌လည်း ဤနည်းအတိုင်းပင် မှတ်ယူရမည်။

မှတ်ချက်။ ။အထက်ပါ အဆုံးအဖြတ်များကား မသေမီက ခွဲဝေသတ်မှတ်၍ မပေးခဲ့ပဲ သေသွားသည်ကိုသာ ဆိုသည်၊ ပေးခဲ့လျှင်ကား အပေးခံရသူပိုင်ဆိုင်၏။

အများပိုင်ပစ္စည်းကို မခွဲဝေမသတ်မှတ်ပဲပေးလျှင်

ရဟန်း ၂-ပါး၊ ၃-ပါး စသော အများဘုံဆိုင်ပစ္စည်းများကို "ဤပစ္စည်း ဤပစ္စည်းများကား မည်သူရ၏၊ ဤပစ္စည်း ဤပစ္စည်းများကား မည်သူရ၏" ဟု မူလပိုင်ဆိုင်ကြသူ ဥစ္စာရှင်တို့ အချင်းချင်း နှုတ်ဖြင့် ပြောဆိုသောအားဖြင့် လည်းကောင်း၊ စာရင်းပြုလုပ်ကာ ခွဲဝေသောအားဖြင့် လည်းကောင်း၊ အချင်း ချင်းခွဲဝေကြသေးပဲ တလုံးတစည်းတည်းထားရာမှ မိမိ၏ သဒ္ဒိဝိဟာရိက တပည့်စသော ပေးလိုရာပုဂ္ဂိုလ်များကို (အများဘုံဆိုင်အနေနှင့်) အသီးသီး ပေးလိုက်ကြလျှင် အပေးမမြောက်ပါ၊ အဘယ့်ကြောင့်ဆိုသော် [illegible] ဗဟုသန္တကဖြစ်နေသောကြောင့်တည်း။ မူလပိုင်ရှင်ဖြစ်[illegible] ချင်း[illegible] ကိုယ့်ဟာ ခွဲခြားသတ်မှတ်ပြီးမှ မိမိတို့ပေးလိုရာ ပုဂ္ဂိုလ်များကို ပေးကြလျှင် ကား အပေးမြောက်၍ သုဒိန္န သုဂ္ဂဟိတဖြစ်၏-ဟု မှတ်ယူရမည်။

အဘယ့်ကြောင့်ဆိုသော် ပေးအပ်သော ပစ္စည်းတို့၏အသီးအသီး(ပုဂ္ဂလိက) ပုဂ္ဂိုလ်တဦးတယောက်ပိုင် ပစ္စည်းဖြစ်၍ နေပြီးဖြစ်သောကြောင့်တည်း။

ထိုအပေးအယူမြောက်ပြီး ပစ္စည်းများကို နဂိုက ပိုင်ဆိုင်ခဲ့ကြသော ဆရာတို့ ပျံလွန်၍ သွားကြသော်လည်း အပေးခံရသူတို့၏ အပိုင်ဥစ္စာများသာ ဖြစ်၏၊ သံဃာပိုင် မဖြစ်နိုင်။

(သာဓကပါဠိ) သစေပိ အဝိဘဇိတွာ သဒ္ဓိဝိဟာရိကာဒီနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ၊ (ဗဟူနံ သန္တကတ္တာ)။ ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ၊ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ, န သံဃဿ၊ (ပစ္စေကံ ပုဂ္ဂလာနံ သန္တကတ္တာ)။
(ဝိနယသင်္ဂဟအဋ္ဌကထာ၊ နှာ-၂၆၁။)

မတသန္တကနှင့်စပ်၍ သိမှတ်ဖွယ်ရာကား ပြီး၏။

---

## သံဃိကပစ္စည်းဝေရာ၌ ဝေစုလိမ်တောင်းယူလျှင် အပြစ်ကြီး

သံဃိကပစ္စည်း တမျိုးမျိုးကို သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရဟန်း ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းပုဂ္ဂိုလ်က စေခိုင်းအပ်သော ပုဂ္ဂိုလ်တယောက် ယောက်ကဖြစ်စေ ပေးဝေသောအခါ အမှန်တကယ် ပုဂ္ဂိုလ်ထင်ရှားမရှိပဲလျက် လိမ်ညာ၍ "တပါးသော ဤမည်သော ပုဂ္ဂိုလ်၏အတွက် ဝေစုပေးပါလော့"ဟု ဝေစုလိမ်ကို တောင်း၍ယူသော ရဟန်းအား(ဘဏ္ဍာဒေယျ) ဘဏ္ဍာစားထိုက်၏။

### ကုသိုလ်ရှင်ကိုယ်တိုင် သံဃာများအား ပေးဝေလှူဒါန်းရာ၌–

ကျောင်း-ကျောင်းတိုက်ဘခုအတွင်းသို့ လာရောက်ကာ ကုသိုလ်ရှင် ပုဂ္ဂိုလ် တို့သည် သံဃာအား ပစ္စည်းတမျိုးမျိုးကို ဝေဖန်လှူဒါန်းသောအခါ အထက် ပါနည်းအတိုင်း ပုဂ္ဂိုလ်အမှန်တကယ်မရှိပဲလျက် ဝေစုလိမ်ကို ပြောဆိုတောင်းခံ ၍ ယူသောရဟန်းလည်း အထက်ပါအတိုင်းပင် ဘဏ္ဍာစားထိုက်၏။

ပစ္စည်းရှင်ပုဂ္ဂိုလ်က စေခိုင်းသူ ပေးဝေနေရာ၌ ဝေစုလိမ်ကို တောင်းယူ လျှင်လည်း ဘဏ္ဍာစားပင်ထိုက်၏။

**တရားဝင်ဝေဖန်ခွင့် တာဝန်မရှိသူ ဝေဖန်ရာ၌—**

သံဃိကဥစ္စာကို သမ္မုတိရ ရဟန်းနှင့်ဂိုဏ်းကစေခိုင်းအပ်သော ပုဂ္ဂိုလ်မှတပါး အခြားသူတို့ဝေဖန်စဉ် ဝေစုလိမ်ကို တောင်းခံယူလျှင် ယူသည်နှင့်တပြိုင်နက် ဝေစု၏ တန်ဖိုးအားလျော်စွာ ပါရာဇိက-ထုလ္လစဥ်း-ဒုက္ကဋ်-အာပတ်တခုခု သင့်ရောက်၏။

အလှူရှင်နှင့် စေခိုင်းသူမဟုတ်ပဲ အခြားသူ ဝေဖန်ရာ၌—

ဝေစုလိမ်ကို တောင်းခံ၍ယူသော ရဟန်းအားလည်း ဝေစု၏ တန်ဖိုးအား လျော်စွာ အထက်ပါအာပတ် (၃)ချက် တချက်ချက် သင့်၏။

ဝါစဉ်အလိုက် ပစ္စည်းဝေရာ ဝါကိုလိမ်ညာ၍ ယူလျှင်—

သံဃိကပစ္စည်းကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်က ဝါစဉ်အလိုက် ခေါ်၍ ပေးဝေသောအခါ မိမိဝါကို လိမ်ညာ၍ ဝေစုကို ဝင်ရောက်၍ ယူလျှင် ဝေစုယူသည်နှင့် တပြိုင်နက် ဝေစုဥစ္စာတန်ဖိုးအလိုက် ပါရာဇိက ထုလ္လစဉ်း ဒုက္ကဋ် အာပတ် တခုခု သင့်တော့၏။

ကောင်းမှုရှင်ပုဂ္ဂိုလ်ကိုယ်တိုင် ဝေရာ၌ ယူခဲ့လျှင်—

ကောင်းမှုရှင် ပုဂ္ဂိုလ်ကိုယ်တိုင်ဖြစ်စေ၊ ကောင်းမှုရှင်ပုဂ္ဂိုလ်က စေခိုင်းအပ်သူကဖြစ်စေ ဝါစဉ်အလိုက် ဝေဖန်လှူဒါန်းရာ၌ မိမိ၏ဝါကို လိမ်ညာ၍ ဝေစုကို ဝင်ရောက်ခံယူလျှင်လည်း အထက်ပါအတိုင်း ဝေစုယူသည်နှင့် တပြိုင်နက် အာပတ် (၃) မျိုးတွင် တမျိုးမျိုးသင့်၏။

တကယ်ဝေစုရှင် ပုဂ္ဂိုလ်မရှိမှန်းသိသော်လည်း အပေးခိုင်းလျှင်—

ကုသိုလ်ရှင်ပုဂ္ဂိုလ်တို့က တကယ်ဝေစုရှင် ပုဂ္ဂိုလ် ရှိမရှိ စိစစ်မနေတော့ပဲ မရှိမှန်းသိလျက်ပင် "ပေးသာ ပေးလိုက်ပါ"ဟု ပြောဆိုကာ ဝေစုကို အပေးခိုင်းလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်ပင် ပေးလိုက်လျှင်သော်လည်းကောင်း သုဒိန္နဖြစ်၍ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဖြင့် အပြစ်မရှိ။ သို့သော် လိမ်ညာမှုကြောင့် သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ် သင့်၏။

(ဝိနယသင်္ဂဟအဋ္ဌကထာ၊ နှာ-၂၉၆။)

ရဟန်းတို့သည်လူတို့အပ်နှံအပ်သောဥစ္စာကိုလက်ခံသိမ်းဆည်း၍ မထားကောင်း

ရဟန်းတို့သည် လူတို့က သိမ်းဆည်းပေးပါရန် အပ်နှံအပ်သော ပစ္စည်းဥစ္စာတို့ကို ဘဏ္ဍာစိုးအနေဖြင့် လက်ခံသိမ်းဆည်း၍ ထားခြင်းကို ဘဏ္ဍပဋိသာမန ဟု ခေါ်သည်။

ဘဏ္ဍ=သူတပါးတို့ကသိမ်းဆည်းထားပါရန်အပ်နှံအပ်သော ပစ္စည်းဥစ္စာကို၊
ပဋိသာမန=သိမ်းဆည်းစောင့်ရှောက်ထားခြင်း၊

ဘဏ္ဍပဋိသာမန=သူတပါးတို့က သိမ်းဆည်းထားပါရန် အပ်နှံအပ်သော ဥစ္စာကို လက်ခံသိမ်းဆည်း စောင့်ရှောက်ထားခြင်း။

ရဟန်းတို့သည် လူတို့က သိမ်းဆည်း၍ ထားပါရန် အပ်နှံအပ်သော ပစ္စည်းဥစ္စာ ဘဏ္ဍာတို့ကို ဘဏ္ဍာစိုးအနေဖြင့်–

အပ်သော ကပ္ပိယဘဏ္ဍာမျိုးကိုပင်ဖြစ်စေ၊

မအပ်သော အကပ္ပိယဘဏ္ဍာမျိုးကိုပင်ဖြစ်စေ၊

အယုတ်ဆုံးအားဖြင့် မိဘတို့၏ ထမ်းရွက်-ပေရွက်လိပ်, နားဒွေးကိုပင် ဖြစ်စေ မသိမ်းဆည်းကောင်း။

သိမ်းဆည်း၍ထားခဲ့လျှင် ပါစိတ်အာပတ် သင့်၏။

မသိမ်းဆည်းလျှင်မဖြစ်သည့် မိဘတို့၏ဥစ္စာဖြစ်ခဲ့လျှင်–

မိမိက သိမ်းဆည်း၍မထားလျှင် မဖြစ်၊ မချွတ်ကေန် သိမ်းဆည်းပေးရမည့် မိဘတို့၏ဥစ္စာဖြစ်လျှင် ရဟန်းတို့အား အပ်သော ကပ္ပိယဘဏ္ဍာမျိုးဖြစ်ပါမူ မိမိပိုင်ဥစ္စာအနေဖြင့်ယူကာ သိမ်းဆည်းထားရမည်။

အကပ္ပိယဘဏ္ဍာမျိုး ဖြစ်ပါမူကား– "ဤနေရာ၌ ထားပါလော့" ဟု သိမ်းဆည်းထားရန် လိုခြင်းသည့်နေရာကို ပြသကာ အထားခိုင်း၍ စောင့်ရှောက် ထားရမည်။

"တပည့်တော်၏ ဤပစ္စည်းကို အရှင်ဘုရားထံ သိမ်းဆည်းပေးပါဘုရား"ဟု လျှောက်ထားကာ အသိမ်းခိုင်းလျှင်–

"ရဟန်းများ သူတပါးတို့၏ ပစ္စည်းဥစ္စာကို မသိမ်းဆည်းကောင်းပါ" ဟု ပြောပြကာ ပယ်ရှားရမည်။

အပ်နှံသူက– "သိမ်းဆည်းကောင်းတာ မသိမ်းဆည်းကောင်းတာ နားမလည်ဘူး၊ ဤပစ္စည်းကိုတော့ သိမ်းသာထားလိုက်ပေတော့" ဟု လျှောက်ထား၍ ထားပစ်ခဲ့လျှင်ကား ကြောင့်ကြစိုက်သင့်သောကြောင့် သိမ်းဆည်းထားရမည်။

ကျောင်း၌ အလုပ်လုပ်ကြသော လက်သမား, ပန်းရန်သမား စသောသူတို့၏ လက်သမား, ပန်းရန်သမား အသုံးအဆောင်ပစ္စည်းများကိုသော်လည်းကောင်း၊ မင်းကျွမ်းဝင်သူ မင်းမှုထမ်း အာဏာရှိပုဂ္ဂိုလ်တို့၏ အိပ်ရာလိပ်စသော အသုံးအဆောင်ပစ္စည်းများကိုသော်လည်းကောင်း သိမ်းထားပေးပါရန် လျှောက်ထားခဲ့သော် ချစ်ခြင်း–ဆန္ဒာဂတိကြောင့်လည်းကောင်း၊ ကြောက်ခြင်း–ဘယာဂတိကြောင့်လည်းကောင်း မသိမ်းဆည်းကောင်း။

သို့သော် ပစ္စည်းထားရန် လုံခြုံသည့်နေရာကိုမူ ပြကောင်း၏။ "အရှင်ဘုရား လက်မခံလည်း တပည့်တော်တော့ ထားခဲ့မှာ" ဟု ပြောပြောဆိုဆို အတင်းချထား၍ သွားခဲ့လျှင်ကား ကောက်ယူကာ သိမ်းဆည်းထားကောင်း၏။

ရဟန်းများ မိမိအား အပ်ထားသည့်ဥစ္စာကို ပြန်၍မပေးလျှင်–

ရဟန်းဖြစ်သူသည် မိမိထံ၌ တစုံတယောက်သောသူက အပ်နှံ၍ထားသော ပစ္စည်းဥစ္စာကို ပြန်ပေးပါရန် တောင်းသောအခါ ပြန်မပေးလိုသဖြင့် "သင်ဘယ်တုန်းက ငါ့အား အပ်ထားသလဲ၊ငါ့မအပ်ပါဘူး၊ ငါလဲမယူပါဘူး" စသည်ဖြင့် လိမ်ညာ ပြောဆိုငြားအံ့– ယင်းသို့ လိမ်ညာ၍ ပြောဆိုသဖြင့် သမ္ပဇာနမုသာဝါဒဒုက္ကဋ်အာပတ်သင့်၏၊ သင့်သော်လည်း ဤအရာ၌ အဒိန္နာဒါနပါရာဇိကအာပတ်၏ရှေ့ပြေး လုံ့လပယောဂဖြစ်သောကြောင့် ပါစိတ်အာပတ်မသင့်ပဲ သမ္ပဇာနမုသာဝါဒဒုက္ကဋ်အာပတ်သာ သင့်၏။

ပစ္စည်းရှင်ဖြစ်သူအား– "ငါထိုရဟန်းအား ပစ္စည်းအပ်နှံစဉ်အခါက အသိသက်သေမရှိ၊ ဆိတ်ကွယ်ရာ၌ အပ်နှံခဲ့၏၊ ငါ့ပစ္စည်းကို ငါ့အား ပြန်ပေးပါမည်လား၊ ပြန်မပေးပဲနေပါမည်လား" ဟု တွေးတောယုံမှားမှု သံသယကို ဖြစ်စေငြားအံ့၊ ၎င်းရဟန်းအား ထုလ္လစဉ်းအာပတ် သင့်၏။

ရဟန်း၏ ခက်ထန်ကြမ်းကြုတ်သော အမူအရာ အပြောအဆိုကြောင့် "ငါ့ဥစ္စာကို ပြန်၍ ပေးတော့မှာ မဟုတ်ပါဘူး" ဟု ဝန်ချအားလျော့မှု ဓုရနိက္ခေပကို ပြုငြားအံ၊ အပ်နှံခံရသူ ရဟန်းကမူ "ငါသည် ဤသူကို စိတ်ပင်ပန်း အောင် ပြုလုပ်ပြီးမှ ပြန်ပေးအံ့" ဟု ပြန်ပေးဖို့ရန် အားထုတ်မှုစိတ် ရှိနေ သေးလျှင် ၎င်းရဟန်းအား ပါရာဇိက မကျသေး။

အဘယ့်ကြောင့်ဆိုသော် နှစ်ဦး နှစ်ဘက်စလုံး ဝန်မချသေးသောကြောင့် တည်း။ ရဟန်းက ပြန်ပေးဖို့ရန် လုံးဝ အားထုတ်မှုမရှိ၊ ဥစ္စာရှင်က ပြန်ရမှု၌ အားထုတ်မှုရှိနေသေးလျှင်လည်း ပါရာဇိက မကျသေး။ နှစ်ဦး နှစ်ဘက်စလုံး ဝန်ချလိုက်လျှင်ကား ၎င်းရဟန်း ပါရာဇိက ကျတော့၏။

ရဟန်းက စိတ်ဆဲ၌ ပြန်မပေးလိုတော့၊ သို့ပေမယ့် နှုတ်ကတော့ "ပြန်ပေး ပါမည်၊ ပြန်ပေးပါမည်"ဟု လိမ်ညာကာ ပရိယာယ်မာယာသုံးလျက် ပြောဆို နေငြားအံ့၊ ဥစ္စာရှင်က "ပေးမှာမဟုတ်တော့ပါဘူး မရတော့ပါဘူး" ဟု ဝန်ချရာကာလ၌ ပါရာဇိကကျတော့၏။

မိမိအား စောင့်ရှောက်ဖို့ရန် အပ်နှံထားသည့် ပစ္စည်းဥစ္စာကို လုံခြုံမှုမရှိသည့် နေရာမှ လုံခြုံရှိသောနေရာသို့ နေရာရွှေ့ကာ ပြောင်း၍ထားငြားအံ့၊ အာပတ် မသင့်။

ထိုသို့ စိတ်ကောင်းဖြင့် မဟုတ်ပဲ ခိုးလိုစိတ်ဖြင့် ပြောင်းရွှေ့ထားပင် ထားသော်လည်း ခိုးယူခြင်းမည်သည် မဖြစ်၊ ဌာနာစာဝနကြောင့် ပါရာဇိက မကျ။ အကြောင်းကား–မိမိလက်၌ အပ်နှံ၍ထားသော ဘဏ္ဍာဖြစ်သော ကြောင့်တည်း။ ခိုးယူခြင်း မဖြစ်သော်လည်း ခိုးယူလိုစိတ်ဖြင့် ပြောင်းရွှေထား သောကြောင့် ဘဏ္ဍာစားထိုက်၏၊ ဘဏ္ဍာကို ပြန်၍ပေးရမည်။

### အပ်နှံထားသည့်ပစ္စည်းကို ပြန်မပေးပဲ ခိုးလိုစိတ်ဖြင့် သုံးဆောင်ပစ်လျှင်

တစုံတယောက်က မိမိအား အပ်နှံထားသည့်ပစ္စည်းဥစ္စာကို ပြန်၍မပေး တော့ပဲ အနိုင်အထက် ခိုးလိုစိတ်ဖြင့် သုံးဆောင်ပစ်ရာ၌လည်း၊

ဘဏ္ဍာစားပင်ထိုက်၏။ ဘဏ္ဍာအစားပြန်ပေးရမည်—

ဘဏ္ဍာစားထိုက်ရာ၌ "ဘဏ္ဍာစားကို မပေးတော့အံ့"ဟု ဝန်ချလျှင် ပါရာဇိကကျ၏။

## သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်မှု သိမ်းဆည်းကောင်း

ရဟန်းတို့သည်—

၁။ ရဟန်း

၂။ သာမဏေ

၃။ ရဟန်းမ

၄။ သိက္ခမာန်မ

၅။ သာမဏေမ—

ဟူသော သီတင်းသုံးဖော်(၅)ယောက်တို့က အပ်နှံအပ်သော အမှတ်မရှိ အလုံးစုံသော ပရိက္ခရာပစ္စည်းတို့ကို သိုမှီးသိမ်းဆည်း၍ ထားကောင်း၏။

### အာဂန္တုကရဟန်း၏ မအပ်နှံပဲထားခဲ့သော ပစ္စည်းမျိုး

အာဂန္တုကဲ ရဟန်းတပါးပါးသည် ကျောင်းနေ အာဝါသိက ရဟန်းတို့၏ သက်နိုးချုပ်ခြင်းစသော အလုပ်ကိစ္စတခုခုကို ပြုလုပ်၍နေကြစဉ် ထိုအာဝါသိက ရဟန်းတို့၏ အနီးအပါး၌ မိမိ၏ သပိတ်သက်နိုးစသော ပစ္စည်းများကို ထား၍ "ငါ၏ပစ္စည်းများကို ဤအာဝါသိကရဟန်းတို့ စောင့်ရှောက်ထားကြလိမ့်မည်"ဟု နှလုံးသွင်းကာ ရေချိုးရန်၊ သို့မဟုတ် ကိစ္စတခုခုပြုလုပ်ရန် အရပ်တပါးသို့ ခေတ္တထွက်သွားပြောအံ့၊ အာဝါသိကရဟန်းတို့က ထိုအာဂန္တုကရဟန်း၏ ပစ္စည်းများကို စောင့်ရှောက်၍ထားနိုင်၏။ မစောင့်ရှောက်သဖြင့် အကယ်၍ ပျောက်ပျက်သွားသော်လည်း ကျောင်းနေ အာဝါသိကရဟန်းတို့အား (ဂီဝါ န ဟောတိ) အစားမလျော်ထိုက်၊ အစားလျော်ရန် တာဝန်မရှိ။

အဘယ့်ကြောင့်ဆိုသော်–

အာဂန္တုကရဟန်းကလည်း သူ၏ပစ္စည်းများကို စောင့်ရှောက်ထားပါရန် မအပ်နှံ မပြောဆိုခဲ့၊

အာဝါသိကရဟန်းတို့ကလည်း "မပျောက်ပျက်စေရန် စောင့်ရှောက်လိုက်ပါမည်"ဟု လက်မခံခဲ့၊

ထို့ကြောင့် ပျောက်ပျက်သွားသော်လည်း အစားမလျော်ထိုက်။

အာဂန္တုကရဟန်းက အပ်နှံလျှောက်ထားသော်လည်း မကြားလိုက်ကြလျှင်–

အထက်ပါနည်းအတိုင်း–အာဂန္တုကရဟန်းက“တပည့်တော်၏ပစ္စည်းများကို ထားခဲ့ပါရစေ၊ အရှင်ဘုရားများ ကြည့်ရှုစောင့်ရှောက်လိုက်ပါ”ဟု လျှောက် ထားသော်လည်း အာဝါသိက ရဟန်းတို့သည် အလုပ်ကိစ္စတခုခု၌ ကြောင့်ကြ စိုက်နေကြသည့်အတွက် မည်သူမျှ အာဂန္တုက လျှောက်ထားသည့်စကားကို မသိလိုက်ကြကုန်ငြားအံ့၊ ၎င်းပစ္စည်းများ ပျောက်သွားသည်ရှိသော် အာဝါ- သိက ရဟန်းတို့အား တာဝန်မရှိသောကြောင့် အစားမလျော်ထိုက်။

အာဂန္တုကရဟန်းက သူ့ပစ္စည်းများကိုထား၍ “ဤပစ္စည်းများကို စောင့် ရှောက်လိုက်ပါရန်”လျှောက်ထားရာ အာဝါသိကရဟန်းတို့က “တပည့်တော် တို့မှာ ကြောင့်ကြစိုက်ဖွယ်ရာကိစ္စတွေ များပါကုန်၏၊ အရှင်ဘုရား၏ပစ္စည်း များကို စောင့်ရှောက်ရန် တာဝန်မယူနိုင်ပါ”ဟု ပြောဆိုကြသော်လည်း “တပည့်တော်ကတော့ ထားခဲ့မှာပဲဘုရား၊ ပျောက်လည်း ဂ႐ုစိုက်မရှိပါဘုရား”ဟု လျှောက်ကာ အတင်းထားခဲ့ငြားအံ့၊ ၎င်းပစ္စည်းများ ပျောက်သော်လည်း အာဝါသိကရဟန်းတို့အား အစားမလျော်ထိုက်။

## တာဝန်ခံထားသည့် ပစ္စည်းများ ပျောက်လျှင်ကား–

အာဂန္တုကရဟန်းက “တပည့်တော်၏ပစ္စည်းများကို စောင့်ရှောက်လိုက်ပါ ရန်”လျှောက်ထား၍ဖြစ်စေ၊ မလျှောက်ထားပဲ ဖြစ်စေ “အရှင်ဘုရား ပစ္စည်း တွေကိုထားခဲ့ပါ၊ တပည့်တော်တို့ ကြည့်ရှုစောင့်ရှောက်လိုက်ပါမည်၊ စိတ်ချပါ” စသည်ဖြင့် ပြောဆိုကာ လက်ခံ၍ ထားခဲ့သောပစ္စည်းများ ဖြစ်လျှင်ကား အာဝါသိကရဟန်းတို့၌ စောင့်ရှောက်ဖို့ တာဝန်ရှိသဖြင့် မချွတ် စောင့်ရှောက် ရမည်၊ ၎င်းပစ္စည်းများ ပျောက်ပျက်လျှင် စောင့်ရှောက်လိုက်ပါမည်ဟု ဝန်ခံ ထားသောကြောင့် အစားလျော်ထိုက်၏။

## ရဟန်းများ အထူးသတိပြုဖွယ်

ခရီးသွားလာစဉ် မီးရထားပေါ် ဘူတာရုံ ကားဆိပ် သင်္ဘောဆိပ် စသည် တို့၌ ခရီးသွားချင်းချင်း တစုံတယောက်သော သူက “အရှင်ဘုရား တပည့်တော်၏ပစ္စည်းများကို ကြည့်ထားလိုက်ပါ၊ တပည့်တော် ခေတ္တ ဘယ်သို့ သွားချင်လို့ပါ”စသည်ဖြင့် ပြောဆိုကာ အပ်နှံခဲ့သော် “ကြည့်ရှု စောင့်ရှောက် လိုက်ပါမည်”ဟု တာဝန်ယူထားလျှင် ပျောက်သော် အစားလျော်ထိုက်၏။

လျှောက်ထားအပ်နှံသည်ကို နားသာထောင်လိုက်၍ တာဝန်မယူလျှင်ကား ပျောက်သော် အစားမလျှော်ထိုက်။ သို့သော် မပျောက်ရအောင်တော့ ဂရုစိုက်၍ စောင့်ရှောက်ထားထိုက်၏။

**သစ်သီးဝသီးများကိုခြံစောင့်တို့ကလှူလျှင် ခံယူကောင်း၊ မခံယူကောင်း**

**လူတို့ပိုင်ဆိုင်သည့်ခြံများ၌ ခြံစောင့်တို့ကလှူလျှင်–**

(၁) မဟာသုမထေရ်၏ ဝါဒ။ ခြံရှင်တို့က ခြံစောင့်တို့အား နေ့စဉ် တနေ့လျှင် "ဤခန့်ရှိသော သစ်သီးတို့ကို သုံးစွဲနိုင်၏" ဟု ပိုင်းခြား၍ ခွင့်ပြုထားသော သစ်သီးများကို သူတို့လှူပိုင်ခွင့် ရှိသောကြောင့် လှူလျှင် ခံယူကောင်း၏ဟု မိန့်ဆို၏။

(၂) မဟာပဒုမထေရ်၏ ဝါဒ။ ခြံရှင်နှင့် ခြံစောင့်တို့သည် "တနေ့၌ ဤမည်သော သစ်ပင်မှ ဤမျှလောက်သော သစ်သီးကိုသာ သုံးဆောင်ရမည်" စသည်ဖြင့် စာချုပ်စာတမ်းပြုလုပ်၍ အစောင့်ထားရိုး ထုံးစံ မရှိခဲ့။ ခြံရှင်က ခြံကို ခြံစောင့်၏လက်သို့ စိတ်ချယုံကြည်စွာ အပ်နှံ၍ ထားသည် ဖြစ်သောကြောင့် ခြံစောင့်များအလိုရှိသလို ပေးလှူပိုင်ခွင့် ရှိ၏။ ခြံစောင့်များကလှူလျှင် ရဟန်းတို့သည်း လှူသမျှကို ခံယူနိုင်၏ ဟု မိန့်ဆိုတော်မူ၏။

သို့သော် အယူခိုင်း၍ကား မခံယူကောင်း။ ခြံရှိသစ်သီးကို အပြတ်ဝယ်ယူထားသူ ဖြစ်လျှင်ကား အလိုရှိသလိုလှူနိုင်၏၊ လှူသလောက်ကိုလည်း ရဟန်းတို့က ခံယူကောင်း၏။

ခြံစောင့်က အခဖြင့်စောင့်လျှင် သူ၏အဖို့ဖြစ်သော အခထဲမှ လှူလျှင်လည်း အပ်၏၊ ခံယူကောင်း၏။

သို့မဟုတ် ခြံစောင့်ခအနေဖြင့် ခြံထက်ဝက်ဖြစ်သော သစ်ပင်မှသော်လည်းကောင်း၊ ဤမည် ဤမည်သော သစ်ပင်များမှသော်လည်းကောင်း၊ သစ်သီးများကို ယူလော့-ဟု ခြံရှင်က ခြံစောင့်အား ပိုင်းခြားသတ်မှတ်၍ ပေးထားလျှင် ထိုသစ်ပင်တို့မှ အသီးများကိုလှူလျှင် အပ်၏၊ ခံယူကောင်း၏။

**သံဃိကခြံ, စေတိယသန္တကခြံဖြစ်လျှင်—**

သံဃသန္တက, စေတိယသန္တက,ဖြစ်သော ခြံဖြစ်ခဲ့လျှင် ခြံစောင့်တို့က မိမိ၏ ခြံစောင့်ခထဲမှလှူလျှင် ခံယူကောင်း၏။

ခြံစောင့်တို့အား သစ်သီးအပိုင်းအခြားဖြင့် သော်လည်းကောင်း၊ သစ်ပင် အပိုင်းအခြားဖြင့်သော်လည်းကောင်း၊ ခြံစောင့်ခပေးထားခဲ့လျှင် ထိုသစ်သီး အပိုင်းအခြား သစ်ပင်အပိုင်းအခြားထဲမှ သူတို့၏အဖို့ကို ပေးလှူလျှင် ခံယူ ကောင်း၏။

ခြံထွက်သီးနှံကို အပြတ်ဝယ်ယူထားသူဖြစ်လျှင်လည်း ၎င်းတို့ပိုင်ဆိုင်သော ကြောင့် ပေးလှူလျှင် ခံယူကောင်း၏။

ကြံခင်းစသော ယာခင်းစောင့် စသည်တို့၌လည်း ဤနည်းအတိုင်းမှတ်ယူ ရမည်။

ခြံစောင့်စသည်တို့၏ လှူဒါန်းမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာ
အဆုံးအဖြတ်ကားပြီး၏။

# ကထိန်နှင့်စပ်၍
# သိမှတ်ဖွယ်ရာ အဓိပ္ပာယ် အဆုံးအဖြတ်များ

### ကထိန်ဟူသော မြန်မာဝေါဟာရစကား

ဤ"ကထိန်" ဟူသော မြန်မာဝေါဟာရစကားလုံးမှာ "ကထိန" ဟူသော မာဂဓပါဠိဘာသာမှ ဆင်းသက်လာသောမြန်မာတို့၏ မွေးစားစကားလုံးဖြစ်သည်။

ကထိနဟူသော မာဂဓပါဠိဘာသာ ဝေါဟာရစကားလုံးကို န-ငယ်ပေါ်မှာ တံခွန်လွှား၍ ကထိန်ဟု မြန်မာလိုလွယ်လွယ် မွေးစားကာ ယူထားသော ဝေါဟာရစကားလုံးဖြစ်သည်။

မာဂဓပါဠိဘာသာမှ ပုဂ္ဂလ, မဂ္ဂ, ဖလ, နိဗ္ဗာန စသော စကားလုံးများကို ပုဂ္ဂိုလ်, မဂ်, ဖိုလ်, နိဗ္ဗာန် စသည်ဖြင့် မြန်မာလိုမွေးစားကာ လွယ်လွယ်ခေါ်ကြသော စကားလုံးများကဲ့သို့တည်း။

### အဘယ်ကို ကထိန်ဟု ခေါ်ဆိုရပါသနည်း

ရုပ်နာမ်တရားတို့၏ အပေါင်းအစုဖြစ်သော "သမူဟပညတ်"ကို ကထိန်ဟူ၍ ခေါ်ဆိုရသည်။

အကျယ်ရှင်းလင်းချက်။ ။အိမ်,ရထား,လှည်း,အိုး,ပုဆိုး စသောပညတ်တို့သည် အပေါင်းကိုစွဲ၍ ခေါ်ဝေါ်ပညတ်အပ်သော သမူဟပညတ်များဖြစ်သကဲ့သို့ ကို့အတူပင် ဤကထိန်ဟူသော အမည်ပညတ်သည်လည်း—

(၁) ပုရိမဝါကျွတ်သောရဟန်း၊

(၂) ငါးပါး,ငါးပါးထက်အလွန်ရှိသော သံဃာ၊

(၃) သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သော စီဝရမာသ တလကာလ၊

(၄) တရားနှင့်အညီဖြစ်ပေါ်လာသည့် သံဃိကမြောက် လျှူဒါန်းအပ်သော ကထိန်လျှာသက်န်း၊

ဤသို့စသော ရုပ်နာမ်တရားတို့၏ ပေါင်းဆုံညီညွတ်ခြင်းကိုစွဲ၍ ကထိန်ဟူသော အမည်နာမပညတ် ဖြစ်ပေါ်၍ လာရသောကြောင့် ထိုရုပ်နာမ်တရားတို့၏ အပေါင်းအစုဖြစ်သည့် သမူဟပညတ်ကိုပင် ကထိန်ဟု ခေါ်ဆိုရလေသည်။

ဤင်းရုပ်နာမ်တရားတို့၏ အပေါင်းအစုမှတပါး အခြားကထိန်ဟု ခေါ်ဆိုညွှန်ပြစရာဖြစ်သော ပရမတ္ထသဘာဝဓမ္မကား မရှိနိုင်ပေ။

> ကထိနတ္ထိ ကတမံ ကထိနံ၊ သမူဟပညတ္တိ၊ န ဟိ ပရမတ္ထတော ကထိနံ နာမ ကောစိ ဓမ္မော အတ္ထိ'၊ ပုရိမဝဿံ ဝုတ္ထာ ဘိက္ခူ အနူန ပဥ္စဝဂ္ဂသံဃော, စီဝရမာသော, ဓမ္မေန သမေန ဥပ္ပန္န စီဝရန္တိအာဒီသု၊ ယေသု နာမရူပေသု သမုပ္ပဇ္ဇမာနေသု တေသံ နာမရူပဓမ္မာနံ သမူဟ- သမဝါယသင်္ခါတံ သမူဟပညတ္တိမတ္တမေဝ ကထိနံ။
>
> (ဝိနယာလင်္ကာရဋီကာ၊ ဒု-၇၉)

> တေသဉ္စေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော နာမံ နာမကမ္မံ နာမ- ဓေယ္ယံ နိရုတ္တိ ဗျဥ္ဇနံ အဘိလာပေါ ယဒိဒံ ကထိနန္တိ။
>
> (ပရိဝါပါဠိ-၄၇၀)

## ကထိန်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းများ

အထက်ပါ ရုပ်နာမ်အပေါင်းဖြစ်သည့် သမူဟပညတ်ကို အဘယ့်ကြောင့် ကထိန်ဟု ခေါ်ဆိုရပါသနည်း။

အဖြေကား—

(၁) မိမိ၏အရှိန်အဝါသတ္တိကြောင့် ရရှိဖြစ်ပေါ်လာသော အနာမန္တစာရ စသည့်အကျိုးအာနိသင် (၅)ပါးတို့ကို မိမိဟူသော ကထိန်ခင်းရာကျောင်းတိုက် ဥပစာရသိမ်မှ အပြင်တပါးသို့ထွက်မသွားရအောင် ဥပစာရသိမ်အတွင်း၌သာ ထားနိုင်လောက်အောင် ခိုင်ခံ့သော အစွမ်းသတ္တိရှိသောကြောင့် ကထိန်ဟု ခေါ်ဆိုရပါသည်။

အနာမန္တစာရစသော ကထိန်၏အကျိုးအာနိသင် (၅)ပါးတို့သည် ဤကထိန်၏ အရှိန်အဝါ သတ္တိကြောင့်ပင် ကထိန်ခင်းရာ ကျောင်းတိုက်မှတပါး

အခြားတိုက်တာတပါးသို့ ထွက်မသွားနိုင်တော့ပဲ ကထိန်ခင်းရာကျောင်းတိုက် ဥပစာရသိမ်အတွင်း၌သာ ကျောက်စာတိုင်ပမာ ခိုင်ခံ့စွာ(၅)လတိတိ တည်ရှိရတော့သည်။

ကေနဋ္ဌေန ကထိနန္တိ ထိရဋ္ဌေန။ (သာရတ္ထဋီကာ)

အနက်ကား– ကေနဋ္ဌေန၊ အဘယ်သို့သောအနက်ကြောင့်။ ကထိနံ၊ ကထိန်မည်ပါသနည်း။

ထိရဋ္ဌေန၊မယိမ်းမယိုင် ကျောက်စာတိုင်ပမာ တည်တံ့ခိုင်မြဲသောအစွမ်းသတ္တိ အရှိန်အဝါရှိသော အနက်ကြောင့်။ ကထိနံ၊ ကထိန်မည်၏။

## (၂) ကထိန်ခေါ်ရခြင်း၏ အကြောင်းတမျိုး

တနည်းအားဖြင့် ကထိန်ခင်းခြင်းကြောင့် ဖြစ်ပေါ်လာရသောကထိန်၏ အကျိုးအာနိသင် (၅) ပါးတို့ဖြင့် တပေါင်းလပြည့်တိုင်အောင် တပါးသောသံဃာသို့ မရောက်စေမူ၍ ကထိန်ခင်းရသည့် သံဃာတော်တို့အားသာလျှင် ရရှိအောင် ချီးမြှောက် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုတတ်သော အနက်ကြောင့်လည်း ကထိန်ဟု ခေါ်ဆိုရ၏။

ကထိန်–ဟူသော သမ္မုတိပညတ် ဝိနည်းကံက ကထိန်ခင်းရသည့်သံဃာတော်တို့အား အနမန္တစာရစသော အကျိုးအာနိသင်(၅)ပါးတို့ဖြင့် (၅)လတိုင်တိုင် တပါးသော သံဃာသို့ မရောက်စေမူ၍ ချီးမြှောက်ထောက်ပံ့ထားမလသည်။

အထဝါ ကေနဋ္ဌေန ကထိနံ သင်္ဂဏှနဋ္ဌေန။ (ကခ်ါ)

အနက်ကား=အထဝါ၊တနည်းသော်ကား။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ ကထိနံ၊ ကထိန်မည်ပါသနည်း။

သင်္ဂဏှနဋ္ဌေန၊ အာနိသင် (၅)ပါး မိမိ၏အကျိုးတရားတို့ဖြင့် ကထိန်ခင်းရသူ သံဃာတော်တို့အား (၅)လကိုင်တိုင် သင်္ဂြိုဟ်ချီးမြှောက်ထောက်ပံ့၍ ထားတတ်သောအနက်ကြောင့်။ ကထိနံ၊ ကထိန် မည်၏။

## (၃) ကထိန်ခေါ်ရကြောင်း တမျိုးမှာ

တနည်းအားဖြင့်လည်း ဂင်္ဂါသဲဟူ ပွင့်တော်မူကြသည့် အဆူဆူသောဘုရားရှင်တို့သည် ချီးမွမ်းတော်မူအပ်သောကြောင့်လည်း ကထိန်ဟု ခေါ်ဆိုရပါသည်။

**အကျယ်အားဖြင့် ရှင်းလင်းချက်**

(က) ကထိန်အလှူဆိုသည်မှာ ပုဂ္ဂလိကဒါနမျိုးကဲ့သို့ ငါတို့၏ဆရာနှင့် ငါတို့၏ဆွေမျိုး, ငါတို့၏ကိုယ်တော်, စသည်ဖြင့် ကိလေသာတဏှာပေမ သံယောဇဉ်အမျှင်အတွယ် အရှုပ်အထွေးမပါ၊ ဖြူစင်သန့်ရှင်း ကြည်လင်သော စိတ်စေတနာဖြင့် ( မည်သည့်ပုဂ္ဂိုလ်ဟူသော ပညတ်ပေါ်မှာမတင်) တသာသနာလုံး ရှိသံဃာတော် အပေါင်း၏ သီလ, သမာဓိ, ပညာ, ဂုဏ်သိက္ခာဟူသော ပရမတ်သဘောသို့ ဆိုက်ရောက်အောင် အာရုံပြုကာ လှူဒါန်းရသော သံဃိကဒါနမျိုး ဖြစ်သောကြောင့် လည်းကောင်း၊

( ခ ) ယော ဇိဏ္ဏစီဝရော ဟောတိ တဿ ဒါတဗ္ဗံ၊ဟူသော ဝိနည်းစည်းကမ်းအရ သင်္ကန်းပစ္စည်းဖြင့် မရှိနွမ်းပါး ဆင်းရဲသော ပုဂ္ဂိုလ်အား သံဃာကပေးရသည်ဖြစ်၍ တကယ်လိုအပ်သော ပုဂ္ဂိုလ်ထံသို့ တကယ်လိုအပ်သော ပစ္စည်း တိုက်ရိုက် ရောက်ရှိသည်ဖြစ်၍ ထိရောက်သော ဒါနမျိုး ဖြစ်သောကြောင့် လည်းကောင်း၊

( ဂ ) ကထိန်ခင်းရသော သံဃာတော်တို့အား (၅)လ တိုင်တိုင် (၅)ပါးသော အကျိုးအာနိသင်တို့ကို ခံစားရသောကြောင့် လည်းကောင်း၊

ဤသို့စသော အကြောင်း တို့ကြောင့် ဂင်္ဂါသဲတှ ပွင့်တော်မူကြသည့် အဆူဆူသောဘုရားရှင်တို့ ချီးမွမ်းတော်မူကြပါသည်။ ထိုသို့ဘုရားရှင်တို့ ချီးမွမ်းအပ်သောကြောင့်လည်း ကထိန်ဟု ခေါ်ဆိုရပါသည်။

ဣဒဉ္စိ ကထိနဝတ္ထံ နာမ ဗုဒ္ဓပ္ပသတ္ထံ။( အဋ္ဌကထာ-၂၉၉ )

အနက်ကား-ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဣဒံ ကထိနဝတ္ထံ နာမ၊ ဤကထိန်လျှာသင်္ကန်းကို ထေရ နဝ မဇ္ဈိမ ရဟန်းအားလုံးပင် စုပေါင်းဝိုင်းဝန်းကာချုပ်ဆိုခြင်း စသည်ကို နေ့ချင်းပြီးအောင် လုပ်ရခြင်း ဟူသော ကထိန်စီဝရကမ္မကျင့်ဝတ် မည်သည်ကို။ ဗုဒ္ဓပ္ပသတ္ထံ၊ ဘုရားရှင်တို့သည် ချီးမွမ်း တော်မူအပ်သော အလုပ်ဖြစ်၏။

ကထိနစီဝရကမ္မ အမှုကိုပင် ချီးမွမ်း တော်မူလျှင် ကထိန်ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ သာ၍ပင် ချီးမွမ်းတော်မူမည်သာတည်းဟု ကောက်ချက်ချကာ မှတ်သားပါ။

## ( ၄ ) နောက်ထပ်–ကထိန်ခေါ်ကြောင်းနည်းတမျိုး

ကထိန်ဟုခေါ်ရကြောင်း နည်းတမျိုးရှိသေး၏။ ၎င်းနည်းမှာ ကိုင်းခက်ဝေဆာ အမြစ်ဖြာလျက် အလွန်တရာ စည်ကားကြီးမား ခိုင်ခံ့သော သစ်ပင်ကြီးပမာ ကထိန်ဟူသော သမ္မုတိပညတ် ဝိနည်းကံသည် အာနိသင် (၅)ပါး အကျိုးတရားတို့ကို ကထိန်ခင်းရာ ကျောင်းတိုက် အတွင်း၌ (၅) လတိုင်တိုင် ခိုင်မြဲမှုကြောင့်လည်း ကထိန်ဟု ခေါ်ဆိုရပါသည်။

မြစ်မ မြစ်ပွား မြစ်သေးများဖြင့် ခိုင်မြဲစွာပင် မြေ၌ကုတ်တွယ်၍ ထားသဖြင့် ကြီးမားခိုင်ခံ့လှ စွာသော သစ်ပင်ကြီးသည် မိမိ၏ အကိုင်း အခက် အလက် အရွက် အပွင့်အသီးတို့အားဝေဝေဆာဆာဖြစ်ပေါ် တည်ရှိနေအောင် စွမ်းဆောင်ကျေးဇူးပြု၍ ထားသကဲ့သို့ ကထိန်ဟူသော သမ္မုတိပညတ် ဝိနည်းကံသည်လည်း မိမိ၏အအရှိန်အဝါ သတ္တိကြောင့် ဖြစ်ပေါ်လာရသည့် အာနိသင်(၅)ပါး အကျိုးတရားတို့ကို ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ ( ၅ )လတာမျှ ဝေဆာပြန့်ပွား ခိုင်မြဲစွာ တည်ရှိနေအောင် စွမ်းဆောင်နိုင်သော ထိရသတ္တိရှိသောကြောင့်လည်း တနည်းအားဖြင့် ကထိန်ဟု ခေါ်ဆိုရလေသည်။

ပဉ္စာနိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ အတ္ထော။

( သာရတ္ထဋီကာ )

(အနက်ကား)–ပဉ္စာနိသံသေ၊ အာနိသင် ငါးပါးတို့ကို။ အန္တောကရဏသမတ္ထတာယ၊ ဥပစာရသိမ် အတွင်း၌ တည်နေအောင်ပြုခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ထိရံ၊ စည်ပင်ပြန့်ပွားကြီးမားသော သစ်ပင်ကြီးအလား ခိုင်မြဲတည်တံ့သော ထိရသတ္တိရှိ၏။ဣတိအယံ၊ ဤသည်ကား။အတ္ထော၊ အနက်တည်း။

## ကထိနသဒ္ဒါ၏ ဝိဂ္ဂိုဟ်ဝစနတ္ထများ

ကထိန်ဟုခေါ်ဆိုရသော ကထိနသဒ္ဒါသည် အထက်ကပြဆိုခဲ့သော ကထိန်ခေါ်ဆိုရခြင်း၏အကြောင်း(၄)မျိုးတို့တွင်–ပထမနည်းအလိုအားဖြင့်ထိရ(ခိုင်မြဲခြင်းအနက်)ကို ဟောသည့် အနိပ္ဖန္နပါဋိပဒိက ရုဠ္ဌီ-ပုဒ်ဖြစ်သည်။ ၎င်းထိရအနက်ဟော ကထိနသဒ္ဒါကို ပုဒ်-ဓာတ်-ပစ္စည်းတို့ဖြင့် ခွဲဝေ၍ ဝိဂ္ဂိုဟ် ဝစနတ္ထမပြုလုပ်ကောင်း၊ ဝိဂ္ဂိုဟ်ဝစနတ္ထမပြုလုပ်ရသော ရုဠ္ဌီသုဒ္ဓနာမ်ပုဒ်ဖြစ်သည်ဟု မှတ်ပါလေ။

ဒုတိယနည်း၌ကား–ကထိနဟူသောပုဒ်ကို ကထ–ခါတ်၊ ဏ္ဏန–ပစ္စည်း၊ကထ ခါတ်၊ သင်္ဂဟနတ္ထ–သင်္ဂြိုဟ်ချီး မြှောက်ထောက်ပံ့ခြင်းအနက်။

ပဉ္စာနိသံသေ အညတ္တဂန္တုံ အဒတွာ ကထတိ သင်္ဂဏှာတီတိ ကထိနံ·

ဟု ဝိဂြိုဟ်ပြုရမည်။

(အနက်ကား)ယံ ပညတ္တိဇာတံ၊ အကြင်သမူဟပညတ်သည်။ (တနည်း)ယံ ဝိနယကမ္မံ၊ အကြင်ဝိနည်းကံသည်။ ပဉ္စာနိသံသေ၊ အာနိသင်(၅)ပါး အကျိုး တရားတို့ကို။ အညတ္တဂန္တုံ အဒတွာ၊ ကထိန်ခင်းရာကျောင်းတိုက် ဥပစာရသိမ်မှ အခြားတပါးသို့ သွားခွင့်မပေးမူ၍။ ဝါ၊ အခြားသံဃာသို့ မရောက်စေမူ၍။ ကထတိ သင်္ဂဏှာတိ၊ ကထိန်ခင်းရသော သံဃာတော်တို့အားသာလျှင် ရရှိ အောင် ချီးမြှောက်ထောက်ပံ့တတ်၏။ ဣတိ တသ္မာ၊ ထိုသို့အာနိသင် (၅) ပါး အကျိုးတရားတို့ကို ကျောင်းတိုက်တပါးသို့ ထွက်သွားခွင့်မပေးမူ၍။ ဝါ၊အခြား သံဃာသို့ မရောက်စေမူ၍ ကထိန်ခင်းရသော သံဃာတော်တို့ အားသာလျှင် ထိုအာနိသင် (၅) ပါးတို့ကို ရရှိအောင် ချီးမြှောက် ထောက်ပံ့ထား တတ်သောကြောင့်။ တံ ပညတ္တိဇာတံ၊ ထိုသမူဟပညတ်မျိုးသည်။ (တနည်း) တံ ဝိနယကမ္မံ၊ ထိုဝိနည်းကံသည်။ ကထိနံ၊ ကထိန်မည်၏။

ဏ္ဏနပစ္စည်း–ကတ္တုသာခန။

ဇိတော ဏ္ဏန သဗ္ဗတ္ထ—ဟူသောသုတ်၌“ဏ္ဏန သဗ္ဗတ္ထ”ဟူသော ဒွိခါကရဏ- ယောဂဝိဘာဂဖြင့်သော်လည်းကောင်း၊ သုပတော စ· ဟူသောသုတ်၌ စသဒ္ဒါ ဖြင့်သော်လည်းကောင်း ဏ္ဏန ပစ္စည်းသက်ရ၏။

တတိယနည်း၌ကား–ကထိနဟူသော ပုဒ်သည် ကထ (ကတ္ထ)ခါတ်၊ ဏ္ဏန ပစ္စည်းပင်။

ကထ(ကတ္ထ)သိလာဃာယံ၊(ခါတ်နက်၊)ချီးမွမ်းခြင်းအနက်။ ဝိဂြိုဟ်ကား–

ကထိယတေ သိလာဃတေ ပသံသီယတေ ဗုဒ္ဓါဒီဟိ ဝါ ကထိနံ-ဟူ ဝိဂြိုဟ်ပြု။

(အနက်ကား) ယံ ပညတ္တိဇာတံ၊ အကြင်သမ္မုတိပညတ်ကို။ (တနည်း) ယံ ဝိနယကမ္မံ၊ အကြင်ဝိနည်းကံကို။ ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည်။ ကထိတတော သီလာဃတော ပသံသိယတော၊ ချီးမွမ်းအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သည်၏အဖြစ်ကြောင့်။ တံ ပညတ္တိဇာတံ၊ ထိုသမ္မုတိပညတ်သည်။ (တနည်း) တံ ဝိနယကမ္မံ၊ ထိုဝိနည်းကံသည်။ ကထိနံ၊ ကထိန်မည်၏။

ဣနပစ္စည်း–ကမ္မသာဓန။

ဣနပစ္စည်း အထက်ပါအတိုင်း သုတ်တို့ဖြင့်သက်လေ။

**စတုတ္ထနည်း၌ကား**–ကထိနဟူသောပုဒ်ကို ကဌဓာတ်၊ ဣနပစ္စည်းကြံ၍–

ကဌတိ ကိစ္ဆေန ဇီဝတီတိ ကထိနော (ရုက္ခော)၊

ကဌ– ကိစ္ဆဇီဝနေ၊ ဓာတ်နက်ကြား။ ကဌ၊ ကဌသဒ္ဒါသည်။ ဝါ၊ ကဌဓာတ်သည်။ ကိစ္ဆဇီဝနေ၊ ခဲယဉ်းစွာ အသက်ရှင်ရခြင်း၌။ ဝတ္တတိ။ ဖြစ်၏။

(အနက်ကား) ယော ရုက္ခော၊ အကြင်သစ်ပင်သည်။ ကဌတိ ကိစ္ဆေန ဇီဝတိ ခဲယဉ်းစွာ ရှင်သန်ကြီးထွားရ၏။ ဣတိ တသ္မာ၊ ထိုသို့ခဲယဉ်းစွာ ရှင်သန်ကြီးထွားရသည်၏အဖြစ်ကြောင့်။ သော ရုက္ခော၊ ထိုသစ်ပင်သည်။ ကထိနော၊ ကထိနမည်၏။

အရကား–သစ်ပင်ကြီးရ၏။

ကထိနော၊ ၌ မုဒ္ဓဇ ဒုတိယအက္ခရာ ဌဝမ်းဘဲကို ဒန္တဇ ဒုတိယက္ခရာ ထ ဆင်ထူးပြု။

ကထိနဿ ဧသော ကထိနော။

ကထိနဿ၊ သစ်ပင်ကြီး၏။ ဧသော၊ ဥစ္စာဖြစ်သော ခိုင်မြဲခြင်းတည်း။ ကထိနော၊ သစ်ပင်ကြီး၏ဥစ္စာဖြစ်သောခိုင်မြဲခြင်း။

ကထိန ပုဒ်၊ ဏ ပစ္စည်း။ ဣဒံ တဒ္ဓိတ်။

အရကား–သစ်ပင်ကြီး၏ ဥစ္စာဖြစ်သောခိုင်မြဲခြင်း ထိရဘာဝဂုဏ်ရ၏။

ကထိနေဝှ ဣဒံ တဒ္ဓိတ်ပြီးသွားသောအခါ၌ကား သုဂတဿသုဂတစီဝရပ္ပ-မာဏံ စသောပုဒ်တို့ကဲ့သို့ ထိရဘာဝ သာမညဘောဂဝုဏ်သာ ရတော့၏။

ကထိနေဝ ဝိယာတို ကထိနေဝ(ကထိနပုဒ်၊ ဏ-ပစ္စည်း)ဥပမာ တဒ္ဓိတ်။

ကထိနအရကား—သစ်ပင်ကြီး၏ ဥစ္စာဖြစ်သော ခိုင်မြဲခြင်း ထိရဘာဝဂုဏ်နှင့်တူသော ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ရှိသော ပုရိမဝဿံဝုတ္ထသံဃာတို့ ရရှိသော ကထိန်အာနိသင်ငါးပါးတို့၏ ခိုင်မြဲခြင်း ဒဠှီကမ္မမှုရ၏။

ကထိနေဝ တေဿ အတ္ထီတိ ကထိနံ။ (ကထိန-ပုဒ်၊ ဏ-ပစ္စည်း) အဿတ္ထိတဒ္ဓိတ်။

တေဿ – ပညတ္တိဇာတဿ၊ ထိုသမူဟ ပညတ်အား။ (တနည်း) တေဿ ဝိနယကမ္မဿ၊ ထိုဝိနည်းကံအား။ ကထိနေဝ၊ ခိုင်မြဲမှု ထိရဘာဝဂုဏ်သည်။ အတ္ထိ၊ ရှိ၏၊ ဣတိတသ္မာ၊ ထိုသို့ထိရဘာဝဂုဏ်ရှိသည်၏ အဖြစ်ကြောင့်။ တံ ပညတ္တိဇာတံ၊ ထိုသမုဟပညတ်သည်၊ (တနည်း) တံ ဝိနယကမ္မံ၊ ထိုဝိနည်းကံသည်။ ကထိနံ၊ ကထိန်မည်၏။

## ကထိန်ခင်းသည်ဟူသောမြန်မာစကား၏အဓိပ္ပာယ်

ကထိနတ္ထာရဟူသောပုဒ်ကို ကထိန+အတ္ထာရ ဟူ၍ နှစ်ပုဒ်ခွဲရ၏။

ကထိန ဟူသော သဒ္ဒါက ကထိန်ဟူသော အနက်ကို ဟော၏။

အတ္ထာရ ဟူသော သဒ္ဒါက ဖုံးလွှမ်းခြင်း ဖြန့်ခင်းခြင်းဟူသော အနက်ကို ဟော၏။

ထို့ကြောင့် ကထိနတ္ထာရ— ကထိန်ခင်းဟူသော အနက်ထွက်လာရ၏။ (အကျယ်ရှင်းလင်းချက်)

ကထိနတ္ထာရ-ကထိန်ဟူသော အမည်ပညတ်တမျိုးဖြင့် ကထိန်ခင်းရာကျောင်းတိုက်တခုလုံးကို လွှမ်းခြုံ ဖုံးအုပ်၍ထားခြင်း၊ဖြန့်ခင်း၍ ထားခြင်းကို ကထိန်ခင်းသည်ဟု ခေါ်ဆိုရသည်။

ကထိနဿ အတ္ထာရော ကထိနတ္ထာရော။

ကထိနဿ၊ ကထိန်ဟု ခေါ်ဆိုရသော သမူဟပညတ်နာမည်တမျိုးကို။ အတ္ထာရော၊ ကထိန်ခင်းရာ ကျောင်းတိုက်တခုလုံးကို လွှမ်းခြုံဖုံးအုပ်၍ ထားလိုက်ခြင်း၊ ဖြန့်ခင်း၍ ထားလိုက်ခြင်းတည်း။

ကထိနတ္ထာရော၊ကထိန်ဟူသော သမုဟပညတ်နာမည်တမျိုးဖြင့် ကထိန်ခင်းရာ ကျောင်းတိုက်ကြီးတခုလုံးကို လွှမ်းခြုံဖုံးအုပ်၍ ထားလိုက်ခြင်း၊ ဖြန့်ခင်း၍ ထားလိုက်ခြင်း။

ထိုသို့ ကထိန်ဟူသောပညတ်တမျိုးဖြင့် လွှမ်းခြုံဖုံးအုပ်၍ ထားခြင်း၊ဖြန့်ခင်း၍ ထားခြင်းကြောင့် ၎င်း၏ အရှိန်အဝါသတ္တိကြောင့် ရရှိလာရသော အာနိသင် (၅)ပါးအကျိုးတရားတို့သည် အခြားအရပ်သို့ ထွက်မသွားနိုင်တော့ပဲ ၎င်းကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌သာလျှင်(၅)လတိုင်တိုင် တည်ရှိနေရတော့သည်။

တနည်းလည်း ကထိနသ-ကထိန်ဟူသော ဝိနည်းကံဖြင့် အတ္ထာရေစိဝရ-ကာလကို ကျယ်ပြန့်၍ သွားအောင် ဖြန့်ခင်းလိုက်ခြင်းတည်း။

ကထိနတ္ထာရော၊ ကထိန်ဟူသော ဝိနည်းကံဖြင့် စီဝရကာလကို ကျယ်ပြန့်၍ သွားရအောင် ဖြန့်ခင်းထားလိုက်ခြင်း။

## အဓိပ္ပာယ်အကျယ်ရှင်းလင်းချက်

ပကတိမူလပင်ကိုက ကထိန်အာနိသင်ရရာ စီဝရကလာသည် တလမျှသာ ရှိ၏။ ကထိန်ခင်းလိုက်လျှင်ကား ထိုကထိနဝိနည်းကံဖြင့် ကထိန်၏အာနိသင်ရရာ စီဝရကာလကို နောက်ထပ် ၄-လမျှ ဆက်လက်၍ တည်ရှိနေအောင် ကျယ်ပြန့်သွားအောင် ဖြန့်ခင်းထားလိုက်သဖြင့် စီဝရကာလ စီဝရမာသ ကထိန်အာနိသင်ရရာအချိန်အခါသည် ၅-လတိုင်တိုင် ကျယ်ပြန့်၍ သွားရတော့သည်။

ထိုသို့ စီဝရကာလ ၅-လတာမျှ ကျယ်ပြန့်သွားရခြင်းမှာ ကထိန်ဟူသော ဝိနည်းကံဖြင့် စီဝရကာလကို ကျယ်ပြန့်သွားအောင် ဖြန့်ခင်းထားခြင်းကြောင့်သာ ဖြစ်၏။

ထို့ကြောင့် ကထိန်ခင်းသည်ဆိုသည်မှာ ကထိနဝိနည်းကံဖြင့် စီဝရမာသ စီဝရကာလကို ကျယ်ပြန့်သွားအောင် ဖြန့်ခင်းခြင်းပင်တည်း။

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ဧကာဒသမာသေ ဥပ္ပန္နံ၊
အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ ဧတံ အကာလစီဝရံနာမ။

(ဝိ၊ပါ-၁၊ တတိယ ကထိန သိက္ခာပုဒ်)

ဤအထက်ပါပါဠိကို ထောက်ဆသဖြင့် ကထိန်မခင်းလျှင် စီဝရကာလ(၁) လမျှသာရှိ၍ ကထိန်ခင်းလျှင်ကား စီဝရကာလသည် (၅)လတိတိ ကျယ်ပြန့်၍ သွားကြောင်းကို သိနိုင်၏။

## ကထိန်ခွင့်ပြုတော်မူခြင်းအကြောင်း

ဘုရားရှင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် အနာထပိဏ်သဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ သုံးကျိပ် အတိုင်းအရှည်ရှိသော ပါဝေယျက တိုင်းသားရဟန်းသားတို့သည် အားလုံးပင် အရညကင်ဓုတင်,ပိဏ္ဍပါတ်ဓုတင်,ပံ့သကူဓုတင်, တိစီဝရိတ်ဓုတင် ဆောက်တည် ကြကုန်၏။

ထိုသုံးကျိပ်သော ပါဝေယျကတိုင်းသား ဓုတင်ဆောင်ပုဂ္ဂိုလ်များသည် မြတ်စွာဘုရားကို ဖူးမြင်ကြရန် ပါဝါမြို့မှ သာဝတ္ထိပြည်သို့ လာကြရာ ဝါဆိုဖို့ရန် ဝါဆိုနေ့နီးကပ်နေသည်ဖြစ်၍ သာဝတ္ထိပြည်သို့ ဝါဆိုဖို့ရန် အမီသွားရောက် ခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ လမ်းခရီးအကြားဖြစ်သော သာကေတမြို့၌ ပင်လျှင် ဘုရားရှင်ကို ဖူးမြော်ဖို့ရန် တသလျက်ပင် ဝါကပ်၍ နေကြရကုန်၏။

ထိုပါဝေယျကရဟန်းတို့သည်"ငါတို့ဝါဆိုရာ သာကေတမြို့မှခြောက်ယူဇနာမျှ သာဝေးကွာသော သာဝတ္ထိပြည်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေထိုင်တော် မူခဲ့၏။ ငါတို့သည် နီးလျက်နှင့်ဝေး-ဆိုသလို ဘုရာ ရှင်ရှိတော်မူရာ သာဝတ္ထိပြည် နှင့် မဝေးကွာလှသော်လည်း ဝါတွင်းကာလ ဖြစ်နေ၍ မြတ်စွာဘုရားကို ဖူးမြော် ခွင့်မရကြကုန်တကား–ဟု စိတ်နှလုံး မသာမယာဖြစ်ကြလျက် မပျော်ပိုက်ပဲ သာလျှင် သာကေတမြို့၌ တဝါတွင်းလုံး အောင့်အည်းကာ နေထိုင်ကြရကုန်၏။

ဝါကျွတ်သောအခါ ပဝါရဏာပြုကြပြီးလျှင် မိုးကြီးသည်းထန်စွာ ရွာသွန်း သဖြင့် ရေတင်းကြမ်းရှိသော ရွံ့သွန်ပျောင်းရှိသော လမ်းခရီး၌ ရေစိုသော တိစီဝရိတ် သုံးထည်သော သင်္ကန်းတို့ဖြင့် ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ဆင်း ဆင်းရဲရဲ သာဝတ္ထိပြည်သို့ အရောက်သွားကြပြီးလျှင် သာဝတ္ထိပြည် အနာထပိဏ် သဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော် ဘုရားရှင်၏အထံတော်သို့ ချဉ်းကပ်ကြပြီးလျှင် ဘုရားရှင်ကို ရိုသေစွာရှိခိုးကြကုန်ပြီးလျှင် သင့်တင့်သော တခုသောနေရာ၌ ထိုင်နေကြကုန်၏။

ဘုန်းတော်ကြီးသော ဘုရားရှင်ကိုယ်တော်မြတ်သည်လည်း အာဂန္တုရဟန်းတို့နှင့်အတူတကွ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်စကား ပြောကြားတော်မူခြင်းသည် အလေ့အထပင်ဖြစ်၍ ထိုအာဂန္တုရဟန်းတို့ကို–

"ချစ်သားတို့ ကျန်းမာကြပါကုန်၏လော၊ မျှတကြပါကုန်၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ တပါးနှင့်တပါး ခိုက် နိုင်ငြင်းခုန်ခြင်း မရှိကြကုန်မူ၍ ချမ်းသာစွာ ဝါတွင်းကာလက နေထိုင်ခဲ့ကြရပါကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြပါကုန်၏လော" ဟု မေးတော်မူရာ ရဟန်းတို့က–

"ကျန်းမာကြပါသည်ဘုရား၊ မျှတကြပါသည်ဘုရား၊ ဘုရားတပည့်တော်တို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာစွာ တပါးနှင့်တပါး ခိုက်ရန်ငြင်းခုန်ခြင်းမရှိကြကုန်မူ၍ ချမ်းသာစွာ ဝါတွင်းကာလက နေထိုင်ခဲ့ကြရပါကုန်၏ဘုရား။ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြရပါကုန်၏ဘုရား။ ဘုရားတပည့်တော်တို့သည် ဝါဦးအခါက ရှင်တော်မြတ်ဘုရားကို ဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည်လာခဲ့ကြရာ ဝါဆိုနေ့နီးကပ်နေသည်ဖြစ်၍ သာဝတ္ထိပြည်သို့ အရောက်မလာနိုင်ကြပဲ ခရီးအကြား လမ်းခုလတ်ဖြစ်သော သာကေတမြို့မှာပင် ဝါကပ်၍ နေကြရပါကုန်သည်ဘုရား။"

"ဘုရားတပည့်တော်တို့၏ စိတ်ထဲမှာ'ငါတို့သည် ငါတို့ဝါဆိုရာ သာကေတမြို့မှ ခြောက်ယူဇနာမျှသာဝေးကွာသော အနီးဖြစ်သော သာဝတ္ထိပြည်၌ ဘုရားရှင် သီတင်းသုံးတော်မူခဲ့၏။ ငါတို့သည် ဝါတွင်းကာလဖြစ်နေ၍ နီးလျက်နှင့်ဝေး ဆိုသလို သွားရောက်ကာ ဘုရားရှင်ကို ဖူးမြော်ခွင့်မရကြရပါကုန်တကား' ဟု ကြံတွေးကာ မပျော်ပိုက်ပဲ သာကေတမြို့မှာပင် ဝါဆို၍နေခဲ့ကြရပါကုန်သည်ဘုရား။

"ဘုရားတပည့်တော်တို့ ယခု ဝါကျွတ်လျှင် ကျွတ်ခြင်းပင် ပဝါရဏာပြုကြကုန်ပြီးလျှင် ရှင်တော်မြတ်ကို ဖူးမျှော်ရန်အတွက် ခရီးထွက်ခဲ့ကြရာ မိုးကြီးသည်းထန်စွာရွာသွန်းသဖြင့် မိုးထဲရေထဲ ရွှံ့ညွန်ထူထပ်သောလမ်းခရီးမှာ ပင်ပင်ပန်းပန်း လာကြရပါသည်ဘုရား။ ရွှံ့ညွန်ရေတို့ဖြင့် ပေကျံသောသင်္ကန်းတို့ဖြင့် ပင်ပန်းသောသဘောရှိကုန်လျက် ခြောက်ယူဇနာအရှည်ရှိသောခရီးကိုလာကြရပါကုန်သည်ဘုရား"ဟု ရဟန်းတို့က လျှောက်ထားကြရာ ဘုရားရှင်ကိုယ်တော်မြတ်သည် ဤအကြောင်းအရာကြောင့် တရားဓမ္မကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို "အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ"

"ချစ်သား ရဟန်းတို့၊ ဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှာ ငါဘုရားခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူကာ ကထိန်ကိုခွင့်ပြုတော်မူ၏။

ဤသို့လျှင် ဘုရားရှင်သည် ဒုက္ခသက်နှင်းကြီးကိုထားခဲ့၍ သင်းပိုင် ကိုယ်ဝတ်ဖြင့်သာ လွတ်လပ်ပေါ့ပါးစွာ မပင်မပန်းရေး ဒေသစာရီ လှည့်လည်သွားလာနိုင်ရန် ရည်သန်တော်မူသောကြောင့်လည်းကောင်း ဤကထိန်မည်သည်ကို ရှေးရှေးသောဘုရားရှင်တို့၏ ခွင့်ပြုပညတ်တော်မူမြဲ ဓမ္မတာဖြစ်သောကြောင့် လည်းကောင်း ကထိန်ကိုခွင့်ပြုတော်မူခဲ့ပါသည်။

> တတော ဘဂဝါ "သစေ ကထိနတ္ထာရော ပညတ္တော အဘဝိဿ၊ ဧတေ ဘိက္ခူ ကေံ စီဝရံ ဥပေတွာ သန္တရုတ္တရေန အာဂစ္ဆန္တာ န ဇဝံ ကိလန္တာ အဿု၊ ကထိနတ္ထာရော စ နာမေသ သဗ္ဗဗုဒ္ဓေဟိ အနုညာ-တော"တိ စိန္တေတွာ
>
> ကထိနတ္ထာရံ အနုဇာနိတုကာမော ဘိက္ခူ အာမန္တေသိ၊
>
> အာမန္တေတွာ စ ပန– အနုဇာနာမိ ဘိက္ခဝေတိ အာဒိမာဟ။
>
> (ပါစိတျာဒိအဋ္ဌကထာ ကထိနက္ခန္ဓက–၃၇၇။)

ချစ်သား ရဟန်းတော်တို့ ကထိန်ခင်းပြီးသော ရဟန်းတို့အား–

(၁) ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ မြို့တွင်း ရွာတွင်း ဒါယကာတို့အိမ်သို့ သွားနိုင်ခြင်း၊

(၂) တိစီဝရိတ်အဓိဋ္ဌာန် တင်သော သင်္ကန်းကိုမယူပဲ ပေါ့ပါးစွာခရီး ဒေသစာရီ ထွက်နိုင်ခြင်း၊

(၃) ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊

(၄) အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသောသင်္ကန်းကို အလိုရှိတိုင်း ဝတ်ရုံသုံးဆောင်နိုင်ခြင်း၊

(၅) ကထိန်ခင်းရာကျောင်း၌ ငါးလအတွင်း သံဃိကသင်္ကန်းဖြစ်ပေါ်လာတိုင်း ထိုသင်္ကန်းများကို ကထိန်ခင်းရ၍ အာနိသရသည့် ရဟန်းတို့အားသာလျှင် ရရှိနိုင်ခြင်း— —

ဟူသော၍ (၅)ပါးသော အကျိုးအာနိသင်တို့ကို ရရှိခံစားနိုင်ကြကုန်၏” ဟု မိန့်ကြားတော်မူ၏။

ဘုရားရှင် ကိုယ်တော်မြတ်သည် ဤကထိန်ကို ခွင့်ပြုတော် မူခြင်းမှာ—

(၁) တိစီဝရိတ်ဆောင် ရဟန်းတို့အား တိစီဝရိတ် အဓိဋ္ဌာန်တင်သော သင်္ကန်းတို့နှင့် ညဉ့်ကင်းကာ သွားရာအရပ်သို့ မဆောင်ယူရပဲ ပေါ့ပါးစွာ ခရီးဒေသစာရီ လှည့်လည် သွားလာနိုင်ကြစေရန် အတွက်ကြောင့် လည်းကောင်း၊

(၂) စီဝရကာလ စီဝရမာသ အချိန်ကာလ သတ်မှတ်တော်မူကာ စီဝရဒါန ကထိန်သင်္ကန်းအလှူပွဲကြီးများကို ခွင့်ပြုတော်မူလျက် တပည့် သာဝကဖြစ်ကြသည့် ဘိက္ခု, ဘိက္ခုနီ, သာမဏေ, သာမဏေမတို့အား စီရေယာဘ် ဆုတော်မြတ် ပေးသနားတော်မူ၍ သင်္ကန်းတည်းဟူသော ပစ္စည်းဖြင့် မပင်မပန်းကြစေရန်အတွက် ကြောင့်လည်းကောင်း၊

(၃) ဤကထိန်ကို ရှေးရှေးသော ဘုရားရှင်တို့သည်လည်း ခွင့်ပြုပညတ်တော်မူမြဲ ဓမ္မတာဖြစ်၍ ရှေးရှေးဘုရားရှင်တို့ နည်းတူ ခွင့်ပြုပညတ်တော် မူရန်အတွက်ကြောင့် လည်းကောင်း၊

(၄) ကထိနစီဝရသံဃိကဒါန လှူဒါန်းကြရသူ ကုသိုလ်ရှင်ပုဂ္ဂိုလ်တို့အားလည်း မဟပ္ဖလ မဟာနိသံသဖြစ်သော ကထိနစီဝရသံဃိကဒါနအကျိုးတို့ကို ရရှိနိုင်ကြစေရန်အတွက်ကြောင့်လည်းကောင်း—

အထက်ပါ အကြောင်းတို့ကို ရည်ရွယ်တော်မူလျက် ဤကထိန်ကိုခွင့်ပြုပညတ်တော်မူခဲ့လေသည်။

## ကထိန်ခင်းကာလ

သီတင်းကျွတ် လပြည့်ကျော် (၁)ရက် နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ (၁)လအတွင်း၌ ကထိန်ခင်းနိုင်သည်။ ၎င်း (၁)လ ကာလအတွင်း ကြိုက်နှစ်သက်ရာ ရက်များတွင် ကထိန်ခင်းကောင်း၏ဟုမှတ်။

ဆောင်ပုဒ်။ ။မိုးနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရထိုအခါ။

( ဝိနယသံခိပ် )

## ကထိန်ခင်းနိုင်သည့် ရဟန်း

( မေး ) ဤကထိန် ခင်းခွင့်ကို အဘယ်သို့သော ရဟန်းများ ရနိုင်ပါသနည်း။

( ဖြေ ) ၁။ အရေအတွက်၏ အစွမ်းအားဖြင့် အနည်းဆုံး (၅)ပါးသော ရဟန်း၊ ထို့ထက် အလွန်အားဖြင့်မူ အရာအထောင်မက များစွာသော ရဟန်းတို့သည် ကထိန်ခင်းနိုင်ပါသည်။

၂။ ဝါကျွတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်ကား ပုရိမဝါကျွတ်၍ သီတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုအပ်ပြီးသော ရဟန်းတို့သည်သာ ကထိန်ခင်းနိုင်ခွင့် ရပါသည်။

## ပဝါရဏာ မပြုရသော်လည်း ကထိန်ခံနိုင်

ပုရိမဝါကျွတ်ပြီးသော်လည်း အန္တရာယ် (၁၀)ပါးတို့တွင် တခုခုကြောင့် ပဝါရဏာ မပြုရသေးသော ရဟန်းတို့သည်လည်း ဝါကျိုး ဝါပြတ် မရှိလျှင် ကထိန်ခင်းနိုင် ခံနိုင်သည်။

ပဌမပဝါရဏာယ ပဝါရိတာတိ ဣဒံ ဝဿစ္ဆေဒံ အကတွာ ဝဿံဝုတ္ထဘာဝသန္ဒဿနတ္ထံ ဝုတ္တံ၊ အန္တရာယေန အပ္ပဝါရိတာ နမ္ပိ ဝုတ္ထဝဿာနံ ကထိနတ္ထာရ သမ္ဘဝတော၊ တေနေဝ “ အပ္ပဝါရိတာဝါတိ ” အဝတွာ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဉပဂတာ ဝါ န လဘန္တီတိ ဗတ္တကမေဝ ဝုတ္တံ။

( ဝိနယလင်္ကာရဋီကာ၊ ဒု–၉၂။)

**ဆောင်ပုဒ်။** ။ဤတိုက်တွင်းမှာ, ဝါပထမ, ကျွတ်သူမှ, ခင်းရပုဂ္ဂိုလ်သာ။
(ဝိနယသံခိပ်)

(မေး) အဘယ်ပုဂ္ဂိုလ်တို့သည် ကထိန် ခင်းခွင့် မရနိုင်ပါကုန်သနည်း။

(ဖြေ) ၁။ အရေအတွက်၏ အစွမ်းအားဖြင့် (၄)ပါး၊ (၄)ပါးအောက်ဖြစ်သော ရဟန်းတို့သည် ကထိန်ခင်းနိုင်ခွင့် မရပါ။

**ပုတ်ချက်။** ။အရေအတွက်အားဖြင့် (၅)ပါး၊ (၅)ပါးထက် အလွန် ရာထောင်မက များစွာသော ရဟန်းတို့သည် ကထိန်ခင်းနိုင်သည်ဟု ဆိုသည်မှာ ဉတ်သက်န်းကို သိမ်ထဲ၌ ကထိန်ခင်းမည့် ရဟန်းကိုပေးမှု-ကထိနဒုစ်ဝရဒါနကံ-ကိုသာ ရည်ရွယ်၍ မိန့်ဆိုထားသည်ဟု မှတ်ပါ၊ အတ္ထာရဏ-ကထိန်ခင်းမှုကို ရည်ရွယ်၍ မိန့်ဆိုသည်မဟုတ်။ အနည်းဆုံး (၅)ပါးရှိမှ သံဃာကခင်းမည့်ပုဂ္ဂိုလ်အား ဉတ်ကမ္မဝါစာဖြင့် သင်္ကန်းပေး၍ ဖြစ်၏။ သံဃာက ခင်းမည့်ပုဂ္ဂိုလ်အား ဉတ်ကမ္မဝါစာဖြင့် ပေးမှုလည်း ကထိန်ခင်း၍ဖြစ်၏။ အယုတ်ဆုံး သံဃာ(၅)ပါးမှ ရှာ၍မရလျှင် ဘယ်လိုနည်းနှင့်မျှ ကထိန်ခင်း၍ မဖြစ်။

သို့ဖြစ်သောကြောင့် သင်္ကန်းကို ဉတ်ကမ္မဝါစာဖြင့် ပေးမည့်ရဟန်းက(၄)ပါး၊ ဉတ်သင်္ကန်းခံယူမည့် ရဟန်းကတပါး၊ (၅)ပါး ရှိမှသာ ကထိန်ခင်း၍ ဖြစ်နိုင်သည်ဖြစ်၍ အယုတ်ဆုံး(အနည်းဆုံး) (၅)ပါးဟု ဆိုသည်။ ခင်းသည့်အခါ၌ကား (၁)ပါးတည်းပင်ရ၏။

၂။ ဝါကျွတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်ကား–

(၁) ပုရိမဝါကပ်သော်လည်း ဝါကျိုးဝါပြတ်သောရဟန်း၊

(၂) လုံးဝ ဝါမကပ်ခဲ့သောရဟန်း၊

(၃) ပစ္ဆိမဝါကပ်သော ရဟန်း၊

(၄) ကထိန်ခင်းရာကျောင်းတိုက်မှ တပါးသောကျောင်းတိုက်၌ ဝါကျွတ်ခဲ့သောရဟန်း၊။

ဤပုဂ္ဂိုလ်တို့ ကထိန်မခင်းနိုင်ပါ။

**ဤ**စတုတ္ထရဟန်းကား မဟာပစ္စရိတ် အဋ္ဌကထာဆရာအလိုတည်း။ ပုရိမဝါသား ရဟန်းပင်ဖြစ်သော်လည်း မိမိဝါကျွတ်ရာ တိုက်တခုမှာသာ ခင်းရ၏။ သူတပါးတိုက်တာ၌ကား မခင်းရဟု ဆိုသည်။

**ဝိနယ–၄၅**

အခြားသော ကျောင်းတိုက်တာမှ အာဂန္တုကရဟန်းတို့သည် အခြား ကျောင်းတိုက်တာ တခုခု၌ ကထိန်ခင်းသော ရဟန်းတို့၏ ကထိနစီဝရဒါနကံ· (သက်နိုးပေးမှု)ကို ပြုရာ၌ကား ဂိုဏ်းပြည့်အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိ၏။

ကထိန်အာနိသင်–သက်နိုးတို့ကိုတော့ ခံယူနိုင်ခွင့်မရှိ။ ကထိန်အာနိသင် သက်နိုးတို့ကိုမူကား ကထိန်ခင်းရာ တိုက်တွင်းရှိ ပုရိမဝါသား ရဟန်းများသာ ခံယူခွင့် ပိုင်ဆိုင်ခွင့်ရှိလေသည်။

## ကထိနစီဝရဒါနကံ၏ ဝဂ္ဂကရဏီယအဆုံးအဖြတ်

ဤကထိန်သင်္ကန်းကို သိမ်၏အတွင်း၌ ဉတ္တိဒုတိယကံဖြင့် ကထိန်ခင်းမည့် ရဟန်းအားပေးရာ၌–

"စ,ပ,ဒ,ဝီ,၊ တိရေဝီ၊ ငါးလီသံဃာပြား"ဟူသော ဆောင်ပုဒ်လင်္ကာအရ–

(၁) စတုဝဂ္ဂသံဃာ၊(၄·ယောက်အစုရှိသံဃာ)

(၂) ပဉ္စဝဂ္ဂသံဃာ၊ (၅·ယောက်အစုရှိ သံဃာ)

(၃) ဒသဝဂ္ဂသံဃာ၊ (၁၀·ယောက်အစုရှိသံဃာ)

(၄) ဝီသတိဝဂ္ဂသံဃာ(နှစ်ကျိပ်အစုရှိသံဃာ)

(၅) အတိရေကဝီသတိဝဂ္ဂသံဃာ၊ (နှစ်ကျိပ်အလွန်အစုရှိသံဃာ)

ဟူသော သံဃာ(၅)မျိုးတို့သည် ပြုအပ်သော ကံတို့တွင်–

"စတုဝဂ္ဂေန ဠပေတွာ ဥပသမ္ပဒပဝါရဏာ အဗ္ဘာနနိ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ"ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထားသောကြောင့် လေးယောက်အစုရှိသော စတုဝဂ္ဂသံဃာသည် ပြုအပ်သော "စတုဝဂ္ဂကရဏီယကံ"ဖြစ်သည်ဟု မှတ်ယူရမည်။

ကံပြုရာတွင် သိမ်တွင်း၌(၄)ပါးသော သံဃာက(၁)ပါးသော ပုဂ္ဂိုလ်အား ဉတ်ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးရသည်ဖြစ်သောကြောင့်တည်း။

၁။ ကထိနတ္ထာရက–ကထိန်ခင်းရမည့်ရဟန်းက (၁)ပါး၊

၂။ ကထိနစီဝရဒါနကံပြုသော သံဃာက(၄)ပါး–

အားလုံးပေါင်း အနည်းဆုံး(၅)ပါး ရှိရမည်။ ထို့ထက်အလွန်ကား အရာ အစထောင်မကပင် ပြုလုပ်နိုင်သည်။

ကမ္မာရဟပုဂ္ဂိုလ်သည် ကမ္မာဝဟကံပြုသံဃာ၌ မပါဝင်သည်ကို သတိပြုပါ။ ကံပြုသံဃာ (၄) ပါး၊ ကမ္မာရဟ (၁) ပါး၊ ပေါင်း (၅) ပါး။ ထို့ကြောင့် ပေဉ္စမကောဠိယာ ပဉ္စဇနာ လဘန္တိ·ဟု အဋ္ဌကထာမိန့်ဆိုခဲ့လေသည်။

## ကထိန်ခင်းလောက်အောင် သံဃာမရှိသော ကျောင်း

ကထိန်ခင်းမည့်ကျောင်း၊ ကျောင်းတိုက် တခုခု၌ ရဟန်း (၁) ပါးသော် လည်းကောင်း၊ (၂) ပါးသော် လည်းကောင်း၊ (၃) ပါးသော် လည်းကောင်း၊ (၄) ပါးသော်လည်းကောင်းရှိ၍ ကထိန်ခင်းလောက်အောင် သံဃာမရှိခဲ့သော် အခြားသောကျောင်း၊ ကျောင်းတိုက်တို့မှ (၅) ပါး ဂိုဏ်းပြည့်အောင် သံဃာ ပင့်၍ ကထိန်ခင်းရမည်။

ကထိန်ဥတ်သက်န်းကို သိမ်တွင်း၌ ကမ္မဝါဖတ်၍ ပေးသောအခါ အနည်း ဆုံး (၅) ပါး ပြည့်အောင်ပင့်၍ ဥတ်သက်န်းပေးပြီးလျှင် ကထိန်ခင်းရမည်ဟု ဆိုလိုသည်။

## ဝါတွင်း၌ ရဟန်းဖြစ်သည့် ပုဂ္ဂိုလ်များ

ကျောင်းတိုက် (၁) တိုက်၊ သို့မဟုတ် ကျောင်း (၁) ကျောင်း၌–

၁။ ရဟန်းက (၄) ပါး၊

၂။ ရဟန်းခံရန် သက်စေ့နေသော သာမဏေက (၁) ပါး၊ ပေါင်း(၅)ပါး အတူတကွ ဝါကပ်ခဲ့ကြကုန်၏။ ထိုသာမဏေသည်လည်း ဝါတွင်းပစ္ဆိမဝါ၌ပင် ရဟန်းခံခဲ့၏။

ဎင်းဝါတွင်းကျမှ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ဝါကျွတ်သောအခါ ပုရိမဝါ သာမဏေဘဝက ကပ်ခဲ့ပြီးဖြစ်၍ ပစ္ဆိမဝါကပ်ရန် မလိုသောကြောင့် သီတင်း ကျွတ်လပြည့်နေ့မှာပင် ဝါကျွတ်၏။ ကထိန်ခင်းရာ၌ ဂိုဏ်းပြည့်ပုဂ္ဂိုလ်လည်း ဖြစ်နိုင်၏။ ကထိန်ခင်းတိုက်သဖြင့် အာနိသင်သင်္ကန်းကိုလည်း ခံယူနိုင်၏။

ပုရိမဝါသားရဟန်းများနှင့် အတူတူပင်ဖြစ်၏။ ပုရိမဝါကျွတ်လျှင် (၁) ဝါရ ရဟန်းပင်ဖြစ်၏။

ထို့အတူပင် –

၁။ ရဟန်းက (၃) ပါး၊ သက်ပြည့်သာမဏေက (၂) ပါး။

၂။ ရဟန်းက (၂) ပါး၊ သက်ပြည့်သာမဏေက (၃) ပါး။

၃။ ရဟန်းက (၁) ပါး၊ သက်ပြည့်သာမဏေက (၄) ပါး–

အတူတူ ဝါကပ်ကြသောကျောင်း၊ ကျောင်းတိုက်တို့မှာလည်း ဝါတွင်း၌ပင် ၎င်းသာမဏေများ ရဟန်းခံကြသည်ရှိသော် ၎င်းရဟန်းများသည် ဝါလည်းရ ဂိုဏ်းပြည့်လည်းဖြစ်နိုင် ကထိန်အာနိသင်ကိုလည်း ခံယူနိုင်ကြသည်။ အခြား ကျောင်းမှ ကထိန်ခင်းသောအခါ ဂိုဏ်းပြည့်စေရန် သံဃာပင့်ခေါ်ရန်မလိုပါ။ မိမိတို့ကျောင်း၌ပင် သံဃာ (၅)ပါး အလုံအလောက်ရှိနေပြီး ဖြစ်သောကြောင့် တည်း။

## ကထိန်မခင်းတတ်လျှင် အခြားကျောင်းမှ ခင်းတတ်သူကိုပင့်ပါ

အကယ်၍ ကျောင်းတကျောင်းကျောင်း၌ ဂိုဏ်းပြည့်သံဃာ ရှိနေပါသော်လည်း ၎င်းပုဂ္ဂိုလ်တို့သည် ကထိန်ကိုခင်းရန် မကျွမ်းကျင် မလိမ္မာကြသူများ ဖြစ်နေငြားအံ့၊ ထိုသို့ ကထိန်ကို မခင်းတတ်ကြလျှင် အခြားကျောင်းမှ ဝိနည်း ကျွမ်းကျင်၍ ကထိန်ခင်းတတ်သော ပုဂ္ဂိုလ်တပါးပါးကိုပင့်ကာ ကထိန်ခင်း ရမည်။

၎င်းကထိန်ခင်းတတ်သူ ဝိနည်းဓိုရ် အာဂန္တု ရဟန်းသည် ဝိနည်းတော်နှင့် အညီ ကထိန်ခင်းပေး၍ ကထိန်ဒါယကာ ဒါယိကာမတို့က ဆက်ကပ်သော ဆွမ်း ဘောဇဉ်ခဲဖွယ်တို့ကို ဘုဉ်းပေးပြီးလျှင် ပြန်ကြွရမည်။ ကထိန်အာနိသင် သင်္ကန်းတို့ကို ခံယူနိုင်ခွင့်မရှိ။ အာနိသင်သင်္ကန်းများကား ကထိန်ခင်းရာ ကျောင်းရှိ ပုရိမဝါသား ရဟန်းတို့သာ ခံယူနိုင်ခွင့်ရှိသည်။

## ယခုခေတ်ကထိန်

ယခုခေတ်၌ကား ကထိန်ဒါယကာ ဒါယိကာမတို့က မိမိတို့ကထိန်ခင်းမည့် ကျောင်းသို့ အခြားကျောင်းများမှ မိမိတို့ ကြည်ညိုစပ်သွယ်ရာ ရဟန်းတို့ကို လည်းပင့်၍ ကထိန်ခင်းကြကုန်၏။ ထိုသို့ခင်းရာ၌ အခြားကျောင်းများမှ ပင့်သော သံဃာများအတွက် လှူဖွယ်ပစ္စည်းများကို သီးခြားစီမံထားကြ ကုန်၏။

ထိုအခြားကျောင်းမှ ပင့်သံဃာများအတွက် လျှုဖွယ်ပစ္စည်းများကိုသီးခြား ပုဂ္ဂလိက ရေစက်ချရ၏။ ကျောင်း၊ ကျောင်းတိုက်တွင်းရှိ သံဃာတို့အတွက် လျှုဖွယ်ပစ္စည်းများနှင့် ဥတ်, ဥတ်ရံ ပစ္စည်းများကိုကား သံဃိကရေစက်ချ နိုင်၏။ ဥတ်သင်္ကန်းကိုကား သံဃိကသာ ရေစက်ချရမည်။ အခြားကျောင်း များမှ ပင့်သံဃာအတွက် လျှုဖွယ်ပစ္စည်းများကို–

"ဣမာနိ ( ) ဒိဒါနဝတ္ထုနိ၊ ဤ ( ) စသော လျှုဖွယ် ဝတ္ထုတို့ကို။ နိမန္တိတာနံ၊ ပင့်ဖိတ်အပ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ပရိစ္စဇ္ဇိတ္ဝာ၊ ပိုင်းခြားသတ်မှတ်၍။ ဒေမ၊ လျှုဒါန်းပါ ကုန်၏" ဟု ရေစက်ချသောအခါ သီးခြားထည့်၍ ရေစက်ချရသည်။ သို့မှသာ သင်္ကန်း စသော လျှုဖွယ်တို့ကို အခြားကျောင်းမှ ပင့်သံဃာတို့ ခံယူနိုင်ခွင့် ရှိသည်။

**ကထိန်သင်္ကန်းလျှုဒါန်းနိုင်သူ ကထိန်ဒါယကာများ**

(မေး) အဘယ်ပုဂ္ဂိုလ်တို့သည် ပေးလျှုအပ်သောကထိန်သင်္ကန်းမျိုးဖြင့် ကထိန် ခင်းနိုင်ပါသနည်း။

(အဖြေ) (၁) နတ်(ဗြဟ္မာ)၊

(၂) လူဝတ်ကြောင်ပုဂ္ဂိုလ်တို့နှင့်၊

(၃) ရဟန်းယောကျ်ား၊

(၄) ရဟန်းမိန်းမ၊

(၅) သာမဏေယောကျ်ား၊

(၆) သာမဏေမိန်းမ၊

(၇) သိက္ခမာန်ဟူသော သီတင်းသုံးဖော် (၅) ယောက်–

ပေါင်း (၇) ယောက်သောပုဂ္ဂိုလ်တို့တွင် မည်သူမဆို တယောက်ယောက် လျှုဒါန်းအပ်သော ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းနိုင်ပါသည်။

၎င်းပုဂ္ဂိုလ် (၇)ယောက်တို့သည် ကထိန်သင်္ကန်းကို လျှုဒါန်းနိုင်၍ ကထိန် ဒါယကာ ပြုလုပ်နိုင်ပါသည်။

## ကထိန့်ဒါယကာ၏ကျင့်ဝတ်

ကထိန်ခင်းလိုသူ ကထိန့်ဒါယကာတို့သည် ကထိန့်ဒါယကာတို့၏ ကျင့်ဝတ်မည်သည်ရှိ၏။ ၎င်းကျင့်ဝတ်ကို မသိနားမလည်သည်ဖြစ်၍ ရဟန်းတော်များထံ၌–"အရှင်ဘုရား၊ ကထိန်သင်္ကန်းကို အဘယ်သို့ လှူဒါန်းရပါသနည်း" ဟု အကယ်၍ မေးလျှောက်ငြားအံ့။

"ဒါယကာ၊ သင်းပိုင်၊ သို့မဟုတ် ကောသိ၊ သို့မဟုတ် သင်္ကန်းကြီး၊ ဤ (၃) ထည်တို့တွင် ကြိုက်ရာတထည်ထည် ချုပ်လောက်အောင် အဝတ်သင်္ကန်းစကို အရက်တက်၍ နေထွက်စစောစောအချိန်အခါ၌ 'ကထိနစီဝရံ သံဃဿ ဒေမ'ဟု လျှောက်ထား၍ ဆက်ကပ်လှူဒါန်းရမည်၊ ထိုသင်္ကန်းလျာအဝတ်ကို သင်္ကန်းချုပ်ဆိုးရန်အတွက် အပ်က ဘယ်နှစ်ချောင်း၊ အပ်ချည်ကဘယ်မျှ၊ ဆိုးရည်–ဆိုးရည်ခေါက်က ဘယ်လောက် လှူဒါန်းရမည်"ဟုပြောပြရမည်။

အခြားလိုတာရှိက အမိန့်ရှိပါဟု ထပ်မံ၍ လျှောက်ထားခဲ့လျှင်ကား သင်္ကန်းချုပ်-ဆိုးခြင်းစသောကိစ္စပြုလုပ်ကြသည့် ရဟန်းသံဃာတော်များအတွက် ယာဂု ဆွမ်းစသည်တို့ကိုလည်း လှူဒါန်းရန် ပြောဆိုရမည်။ (မလျှောက်ထားခဲ့လျှင်ကား မပြောရ)။

ဤသို့စသော ကထိန့်ဒါယကာ၏ ကျင့်ဝတ်တရားတို့ကို ပြောပြရမည်။ ဤမျှဖြင့် ကထိန့်ဒါယကာ၏ တာဝန်ကိစ္စ ပြီးတော့၏။

**မှတ်ချက်။** ။ရှေးခေတ်က သင်္ကန်းမချုပ်ရသေးသော ပိတ်-ဖျင်စတို့ကိုသာပေး လှူကြရသည်။ ယခုခေတ်လို သင်္ကန်းချုပ်ပြီးရောင်းသည့်ဆိုင်မရှိ။

ထိုသို့ အဝတ်သင်္ကန်းစသည်တို့ကို လှူကြရသဖြင့် ကထိန်ခင်းမည့် ဥတ် သင်္ကန်းစကို နေ့ချင်း သင်္ကန်းပြီးအောင်ချုပ်ရ ဖွပ်လျှော်ရ ဆိုးရသဖြင့် အပ်၊ အပ်ချည်၊ ဆိုးရည်ခေါက်၊ ဆိုးရည်များနှင့်တကွ သင်္ကန်းကိစ္စ ဆောင်ရွက်ကြရသော ပုဂ္ဂိုလ်တို့အတွက် ဆွမ်းယာဂုစသည်တို့ကိုပါ လှူဒါန်းကြရသည်။

သင်္ကန်းစနှင့် အပ်၊အပ်ချည်တို့ကို နံနက်စောစော လှူဒါန်းမှ နေ့ချင်းပြီးအောင် ချုပ်ဆိုး၍ နေ့ချင်းပင်ကထိန်ခင်းနိုင်ပါမည်။ သို့အတွက်ကြောင့် နံနက်စောစော လှူဒါန်းရန် ပြောရသည်။

ယခုခေတ်မှာကား ချုပ်ပြီး ဆိုးပြီး အားလုံးပြီးပြီးသား သင်္ကန်းများသာ ဖြစ်၍ ဘယ်အချိန်မှလှူလှူ လှူနိုင်၏။ ဆွမ်းစသည်တို့ကိုကား ဒါယကာ၏ စေတနာ စွမ်းနိုင်သည့် ပစ္စည်းအားအလျောက် လှူဒါန်းနိုင်ကြသည်။ လှူဖို့ ပြောရန်ကား မအပ်။

**ကထိန်ခင်းမည့်ရဟန်း၏ ဝတ္တရားများ**

တရားသဖြင့်ဖြစ်ပေါ်လာသော ကထိန်ကို ခင်းလိုသော ရဟန်းသည်လည်း ကထိန်ခင်းမည့်ရဟန်းတို့၏ ဝတ္တရားတို့ကို သိထားရ၏။

**ဝတ္တရားများ**

ရက်ကန်းသည်တို့၏ အိမ်မှ ဆောင်ယူအပ်တိုင်းသော အစာ မချေရသေး ကော်ရည်ရှိသောအဝတ်မျိုးဖြင့် ကထိန်မခင်းရ၊

အညစ်အကြေး ပေရေနေသော အဝတ်မျိုးဖြင့်လည်း ကထိန်မခင်းရ၊

ထို့ကြောင့် ကထိန်လျာအဝတ်ကို ကော်ရည်,အညစ်အကြေး,စသည်ကင်း ပျောက်အောင် ဖွပ်လျှော်ပြီးလျှင် အပ်-အပ်ချည်စသော သင်္ကန်းချုပ်ရန် အဆောက်အဦဖြစ်သော ဓားငယ်,ကတ်ကျေး,ပေတံစသည့်ပစ္စည်းကိရိယာတို့ကို အသင့်စီစဉ်ရှာဖွေထားကာ အဖော်အကူအညီ ရဟန်းတို့နှင့်အတူတကွ အချိန်မီ ပြီးစီးအောင် ချုပ်ဆိုးပြီးလျှင် ကပ္ပဗိန္ဒုထိုး၍ ထိုနေ့၌ပင် ကထိန်ခင်းရမည်။

(၁) ယနေ့လှူ နောက်နေ့မှပေးသော နိစယသန္နိဓိသင်္ကန်းမျိုး၊

(၂) ချုပ်ဆိုးခြင်းစသည်ပြုနေစဉ် အရုဏ်တက်သွားသော ကရဏသန္နိဓိ သင်္ကန်းမျိုးဖြစ်သည့် သင်္ကန်းမျိုးတို့ဖြင့် ကထိန်မခင်းကောင်း။

မှတ်ချက်။ ။ယခုခေတ်မှာ ချုပ်ပြီး ဆိုးပြီးများဖြစ်၍ ကရဏသန္နိဓိမျိုးကား မဖြစ်နိုင်ပါ။ ကထိန်ဒါယကာတို့က ယနေ့ လှူသော်လည်း နောက်တနေ့မှ ကထိန်ခံမည့် ရဟန်းအားပေးသော နိစယသန္နိဓိ မျိုးကား ဖြစ်နိုင်၏။ ယနေ့လှူဒါန်းလျှင် ယနေ့ပင် သင်္ကန်းကို ပေး၍ ကထိန်ခင်းရမည်။ တညဉ့်ကို မကျော်လွန်စေရ၊ ကျော် လွန်လျှင် ကထိန်မခင်းကောင်းတော့။

## ကထိန်သင်္ကန်းကို ကျောင်းထဲသို့ မယူခဲ့ရန် တားမြစ်ကြခြင်း

အချို့သောပုဂ္ဂိုလ်တို့သည် ကထိန်မခင်းမီ ရက်တို့၌ ကထိန်းသင်္ကန်းများကို ကျောင်းထဲသို့ ယူမလာရန် တားမြစ်တတ်ကြ၏။ ဤသို့ တားမြစ်ခြင်းကား မသိ နားမလည်မှုများသာဖြစ်၏။ ကထိန်သင်္ကန်းကို ဝယ်ယူပြီးလျှင် ဒါယကာ-ဒါယိကာမတို့က အိမ်ဝယ် ထားစရာမရှိ၍ ကျောင်းသို့ လာရောက်၍ ထားလိုလျှင် ကထိန်ခင်းမည့် ကျောင်း၌ပင် သိမ်းဆည်း၍ တနှစ်ပတ်လုံးပင် ထားကောင်း၏။

ကထိန်သင်္ကန်းကို "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု လှူဒါန်းပြီးလျှင်ကား ၎င်းလှူဒါန်းရာနေ့၌ပင် ကထိန်ပြီးအောင် ခင်းရ၏။ ညဉ့်မကူးစေရ၊ ကူးလျှင် နိဿယသဂ္ဂိမိဖြစ်တော့၏။ အာနိသင်သင်္ကန်းတို့ကိုမူကား ဘယ်နေ့မှပင် ဝေဖန်ဝေဖန် သင့်တော်သည့်နေ့မှာ ဝေဖန်နိုင်၏။ ညဉ့်လွန်သော်လည်း အပြစ်မရှိ။

## ကထိန်ဒါယကာ အပြိုင်ပေါ်ခဲ့သော်

ကထိန်မခင်းရသေးသော ကျောင်း၊ ကျောင်းတိုက်တခုခု၌ ပထမဒါယကာ တဦးက ကထိန်ခင်းဖို့ရန်လျှောက်ထား၏။ ဒုတိယ နောက်ဒါယကာတဦးကလည်း ကထိန်ခင်းဖို့ရန် လျှောက်ထားပြန်၏။ ဤသို့ ကထိန်ဒါယကာ (၂) ဦး (၃)ဦး စသည် ပေါ်ပေါက်ခဲ့သော် အခြားဒါယကာများအား ဝိနည်းစည်းကမ်းအရ ကျေနပ်အောင်ပြောပြ၍ ကထိန်အာနိသင်သင်္ကန်း များများပါသော များများ လှူနိုင်သော ဒါယကာကိုသာ ကထိန်ခင်းဖို့ရန် ခွင့်ပြုရမည်။

အဘယ့်ကြောင့်ဆိုသော် ကထိန်အာနိသင်သင်္ကန်းများများပါသော ကထိန် ဒါယကာ၏ ကထိန်ကသာ သံဃာတော်များအား ကျေးဇူးများသောကြောင့် တည်း။

"ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ၊ ယော အာနိသံသံ ဗဟုံ ဒေတိ၊ တဿ သန္တကေန အတ္ထရိတဗ္ဗံ"

(ဝိနယသင်္ဂဟာအဋ္ဌကထာ-၂၉၈။)

## ကထိန်သင်္ကန်းနှင့် အာနိသင်သင်္ကန်း ၂-မျိုး

၁။ ကထိန်ခင်းမည့် ဥတ်သင်္ကန်းကို ကထိန်သင်္ကန်းဟု ခေါ်သည်။

၂။ ထို ကထိန်ဥတ်သင်္ကန်းမှ တပါးသော အခြား အရံသင်္ကန်းတို့ကို အာနိသင်သင်္ကန်းဟု ခေါ်သည်။

အာနိသင်သင်္ကန်း များသည်မဟုတ်ပဲ –

၁။ ဝတ္ထုငွေများမှု၊

၂။ သင်္ကန်းမှတပါး အခြားလှူဖွယ်ပစ္စည်းဝတ္ထုများမှု၊

၃။ ဥတ်သင်္ကန်း၏ တန်ဖိုးများမှု –

ကြောင့်ကား ခွင့်မပြုရ။

တန်ဖိုးများမှုနှင့် အာနိသင်သင်္ကန်းများမှု အပြိုင်ပေါ်ပေါက်ခဲ့သော်–

အာနိသင်သင်္ကန်းများသည့် ကထိန်ကိုသာလျှင် လက်ခံရမည်။ တန်ဖိုးများသော်လည်း သံဃာအား ကျေးဇူးမများသည့် ကထိန်ကို လက်ခံခွင့်ပြုခြင်း မပြုရ။

ဥတ်နှင့်ဥတ်ခံပစ္စည်းများ တန်ဖိုးများရှိမှုဖြင့်လည်းကောင်း၊ သံဃာ အများအတွက် သံဃိကလှူသော သင်္ကန်းမှတပါး အခြားသော ပစ္စည်းဝတ္ထု သို့မဟုတ် ဝတ္ထုငွေများရှိမှုဖြင့်လည်းကောင်း ခွင့်ပြုလက်ခံခြင်းမပြုရ။ အာနိသင် သင်္ကန်းအရေအတွက်များများပါသော ကထိန်ဒါယကာကိုသာ လက်ခံရသည်။

ကထိန်ဒါယကာ(၂)ဦး တန်ဖိုးချင်းတူနေလျှင် အာနိသင်သင်္ကန်းများများ ပါသူ၏ကထိန်ကိုသာ လက်ခံရမည်။

> "ဗဟွာနိသံသဘာဝေါ် အဂ္ဃဝသေန န ဂဟေတဗ္ဗော၊ အထ ခေါ ဝတ္ထုဝသေနေဝ ဂဟေတဗ္ဗော။"
>
> (ဝိနယာလင်္ကာရဋီကာ)

ဗဟွာနိသံသဘာဝေါ၊ ကထိန်၏ အာနိသင်များသည်၏အဖြစ်ကို။ အဂ္ဃဝသေန၊ တန်ဖိုး၏အစွမ်းအားဖြင့်။ န ဂဟေတဗ္ဗော၊ မယူအပ်။ အထခေါ

စင်စစ်သော်ကား။ ဝတ္ထုဝသေနေဝ၊ အာနိသင်အဝတ်သက်နှီး၏အစွမ်းဖြင့်သာ။ ဂဟေတဗ္ဗော၊ ယူရမည်။

အကြောင်းကား ဤကထိန်ဆိုသည်မှာ သင်္ကန်းလှူဒါန်းရာကာလအဖြစ်ဖြင့် အထူးသတ်မှတ်တော်မူကာ တပည့်သာဝက ဘိက္ခု ဘိက္ခုနီသံဃာတော်တို့ သင်္ကန်းပစ္စည်းဖြင့် မပင်ပန်းစေရန်ကို ဦးစားပေးကာ ဘုရားရှင် ခွင့်ပြုတော်မူ သောကြောင့်တည်း။

နောက်ပေါ်ကထိန်ဒါယကာကို ခွင့်ပြုလိုက်လျှင်—

အာနိသင်သင်္ကန်းများများပါသော နောက်မှ လျှောက်ထားသည့် ကထိန် ဒါယကာကို ကထိန်သင်္ကန်းလှူဒါန်းခွင့် ( ကထိန်ခင်းခွင့် ) ပြုလိုလျှင်—

“ဣတရော တထာ တထာ ဩဝဒိတဗ္ဗော သညာပေတဗ္ဗော”

ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူခဲ့သောကြောင့် ရှေးဦးစွာ လျှောက်ထားသူ ကထိန်ဒါယကာကို ကျေနပ်မှုရအောင်—

“ဒါယကာ၊ သင့်ကထိန်ထက် နောက်ဒါယကာ၏ ကထိန်က အာနိသင် သင်္ကန်းများစွာပါသည့်အတွက် သံဃာတော်များအား ကျေးဇူးများ၍ သင် ဒါယကာက နောက်ဆုတ်ပေးလိုက်ပါ။ သံဃာတော်များအား ကျေးဇူးများမှု ကို သင်ဒါယကာကလည်း လိုလားထိုက်ပါသည်၊ ဤသို့ သံဃာအများကျေးဇူး များခြင်းကိုလိုလားသော သင်ဒါယကာမှာ များစွာပင် ကောင်းမှုတိုးပါသည်”

ဤသို့စသည်ဖြင့် ဩဝါဒစကားပြောကြားကာ နားလည်စေ၍ နောက်သို့ဆုတ် ပေးရန် ပြောပြရမည်။ အကယ်၍နောက်သို့ မဆုတ်လျှင်ကား ပထမဒါယကာ ကိုပင် ခွင့်ပြုရမည်။

ကထိန်ဒါယကာများကျေနပ်က သဘောတူပေါင်း၍ခင်းနိုင်၏

ထိုသို့ ကျောင်းတိုက်တခု၌ ကထိန်ဒါယကာ (၂)ဦး (၃)ဦး စသည် ဇပြိုင် ပေါ်ပေါက်နေလျှင် ဒါယကာများ ကျေနပ်ကြလျှင် ၎င်းတို့စုပေါင်းကြကာ ကထိန်ခင်းနိုင်သည်။ ဥပုဒ်သင်္ကန်း (၂)ခု(၃)ခုတော့ မလုပ်ရ။ သူတို့ဘာသာ နားလည်သဘောပေါက်၍ စုပေါင်းခင်းမှုမျိုးကိုသာ ခွင့်ပြုရသည်။ ရဟန်းတော် များက ပေါင်း၍ မခင်းခိုင်းရ။

## ကထိန်သင်္ကန်း လျှုဒါန်းပုံ

ကထိန်သင်္ကန်းလှူဒါန်း၍ ကထိန်ခင်းလိုသူ ဒါယကာ ဒါယိကာမတို့သည် ကထိန်လျှာသင်္ကန်းကို သံဃိကဒါန၏အကျိုးကြီးပုံ၊သံဃာ့လက်ရောက် သံဃိက မြောက်အောင် လှူဒါန်းနိုင်မှသာ ကထိန်မြောက်ပုံ သိနားလည်ပြီးလျှင် တသာသနာလုံးရှိ သံဃာတော်အပေါင်း၏ သံဃာ့ဂုဏ်ကို အာရုံပြုပြီးလျှင် (ပုဂ္ဂိုလ်တဦးတယောက်ကိုသာ စိတ်မညွှတ်စေမူ၍)—

"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟူ၍လည်းကောင်း၊

"ကထိနစီဝရံ သံဃဿ ဒမ္မိ"ဟူ၍လည်းကောင်း၊

"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ စီဝရေန သံဃော ကထိနံ အတ္ထရတု"ဟူ၍လည်းကောင်း၊

"ကထိနစီဝရံ သံဃဿ ဒမ္မိ၊ ဣမိနာ စီဝရေန သံဃော ကထိနံ အတ္ထရတု" ဟူ၍လည်းကောင်း။

ကထိန်လျှာဥတ်သင်္ကန်းကို သံဃိကမြောက်အောင် လှူဒါန်းရမည်။ ကထိန် ဒါယကာ ဒါယိကာမတို့ နားမလည်လျှင်လည်း နားလည်သဘောပေါက်အောင် ရဟန်းတော်တို့က ပြောဟောပြ၍ သံဃိကမြောက်အောင် အလှူခံရမည်။

(အနက်)ဣမံ ကထိနစီဝရံ၊ဤကထိန်လျှာသင်္ကန်းကို။သံဃဿ၊ တသာသနာ လုံးရှိ သံဃာတော်အပေါင်းအား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣမံ ကထိနစီဝရံ၊ ကို။ သံဃဿ၊ အပေါင်းအား။ ဒမ္မိ၊ လှူဒါန်းပါ၏။

ဣမိနာ စီဝရေန၊ ဤတပည့်တော်တို့ ဆက်ကပ်လှူဒါန်းသည့် ကထိန်လျှာ သင်္ကန်းဖြင့်။ သံဃော၊ သံဃာသည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရတု၊ခင်းတော် မူပါကုန်ဘုရား။

### ကထိန်သင်္ကန်းအဖြစ် တိစီဝရိတ်(၄) ထည်လုံးပင် လှူဒါန်းနိုင်

ကထိန်သင်္ကန်းအဖြစ်ဖြင့် တိစီဝရိတ်သင်္ကန်း(၃) ထည်တို့တွင်–

တမျိုးကိုသော်လည်းကောင်း၊

နှစ်မျိုးကိုသော်လည်းကောင်း၊

သုံးမျိုးကိုသော်လည်းကောင်း လှူဒါန်းနိုင်၏။

တမျိုးကိုသာလှူလျှင်-"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟုဆို၍လှူရမည်။

နှစ်မျိုးသာလျှုလျှင်-"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟုဆိုရှိလျှုရမည်။

နှစ်မျိုး သုံးမျိုးလျှုခဲ့သော်-

"တိသု စီဝရေသု ယံ ဇိဏ္ဏံ ဟောတိ၊တဒတ္ထာယ ဒါတဗ္ဗံ"ဟူသော အဋ္ဌကထာ စကားကိုထောက်၍ လျှုဒါန်းထားသည့် တိစီဝရိတ်သင်္ကန်းထဲမှ ကထိန်ခင်းရန် ဥတ်သင်္ကန်းကိုမူ ကထိန်ခင်းရမည့် ရဟန်း၏ ဆွေးမြည့် ဟောင်းနွမ်းသော သင်္ကန်းအားလျော်စွာ တထည်ထည်ကိုသာ ပေးရ၏။

သင်္ကန်းကြီးက ဆွေးမြည့်ဟောင်းနွမ်းသော် သင်္ကန်းကြီးကို ပေးရ၏။

ဧကသီက ဆွေးမြည့်ဟောင်းနွမ်းသော် ဧကသီကို ပေးရ၏။

သင်းပိုင်က ဆွေးမြည့်ဟောင်းနွမ်းသော်သင်းပိုင်ကို ပေးရ၏။ (၃) ထည် လုံးမပေးရ။

ပုဂ္ဂိုလ်စွဲအားကြီး၍ သံဃိကလျှုရန် တိုက်တွန်းမရသော်-

ကထိန္နဒါယကာ ဒါယိကာမတို့သည် တို့ဆရာတော် တို့ကျောင်းထိုင်ဘုန်းကြီး ဟု ပုဂ္ဂိုလ်စွဲအားကြီး၍ သံဃိကလျှုဒါန်းရန် တိုက်တွန်း၍မရခဲ့သော် ဆရာတော် ကျောင်းထိုင်ဘုန်းကြီးများက ကထိန္နဒါယကာ ဒါယိကာမတို့၏ အလိုဆန္ဒ အတိုင်း ပုဂ္ဂလိကအလှူခံပြီးလျှင် မိမိတို့လက်ရောက်မှ တဖန် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု သံဃာကိုအာရုံပြုလျက် တဆင့်လှူဒါန်း၍ သံဃာတော်အား ကျေးဇူးများရန် ကထိန်မြောက်အောင် ခင်းနိုင်ပါသည်။

သံဃဿ ဒေဘီတိ ဥယောဇေတွာ သံဃဿ ဒါပိတေပိ တံ စီဝရံ သံဃိကံ ဟောတိ ကထိနတ္ထာရရဟံ။

ယဒိ ပန ဒါယကော အပ္ပဿုတတာယ"နာဟံ ဘန္တေ ကိဉ္စိ ဇာနာမိ၊ ဣမံ စီဝရံ တုမှာကမေဝ ဒမ္မီ"တိ ဝဒတိ၊ ဧဝံ သတိ ပုဂ္ဂလိကဝသေန သမ္ပဋိစ္ဆိတွာ တေန ပုဂ္ဂလေန တံစီဝရံ သံဃဿ ဒိန္နမ္ပိ သံဃိကံ ဟောတိ။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၀၁။)

## ကထိန်ခင်းနိုင်သည့်သက်နံး

၁။ သက်နံးကြီး၊

၂။ ဧကသီ၊

၃။ သင်းပိုင်–

ဤသက်နံးသုံးသည်တို့တွင် တထည်ထည်ဖြင့်သာ ခင်းရသည်။

## ကထိန်ဒါယကာက သံဃိကမလှူနိုင်၍ သက်နံးကပ်ပွဲပြုလုပ်ရပုံ

ကြားဖူး၏။ ကထိန်ဒါယကာ တဦးက ကျောင်းတကျောင်းသို့ သွား၍ ကထိန်ခင်းရာ ကထိန်သက်နံးကို သံဃိကမလှူဒါန်းနိုင်၊ သူတို့ကျောင်းထိုင် ဘုန်းကြီးအားသာ လှူဒါန်းနိုင်ပါသည်ဟု လျှောက်ထားနေသဖြင့် ကထိန်ပွဲ မဖြစ်ပဲ သက်နံးဆက်ကပ်ပွဲသာပြုလုပ်၍ သံဃာတော်များ ပြန်ကြွတော်မူကြရ၏ ဟု ကြားဖူး၏၊ ဤသို့ပုဂ္ဂလိက အစွဲသန်နေလျှင် ပုဂ္ဂလိကပင် အလှူခံယူပြီးလျှင် မိမိကပင် မိမိကျောင်းကထိန်ခင်းရန်အတွက် သံဃိကလှူဒါန်းပြီးလျှင် "ဝုစုသာ ဒါတဗ္ဗံ" အရ မိမိကပင် ကထိန်ခံ၍ ကထိန်ခင်းနိုင်ပါသည်။

၁။ ဒါယကာပိုင်မှ ပုဂ္ဂိုလ်တပါးပိုင်၊

၂။ ပုဂ္ဂိုလ်တပါးပိုင်မှ သံဃာအများပိုင်၊

၃။ သံဃာအများပိုင်မှ ကထိန်ခံပုဂ္ဂိုလ်တပါးပိုင်–

ပြုလုပ်၍ ကထိန်ခင်းပါလေ။ သို့မှသာ ကျောင်းရှိသံဃာတော်များကထိန် အာနိသင်ရ၍ ကျေးဇူးများမည် ဖြစ်သောကြောင့်တည်း။

## ကထိန်ဥတ်သက်နံ လှူဒါန်းရာ၌ သံဃဿ-မပါလျှင် သင့်မသင့်

ကထိန်ဥတ်သက်နံးကို လှူဒါန်းရာ၌ "သံဃဿ" ဟူသော သမ္ပဒါန်ပုဒ် မပါလျှင် မသင့်ပါ၊ ပါမှသာလျှင် သင့်ပါသည်။

(အထောက်ပါဠိကား)-

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ "သံဃဿ ကထိနစီဝရံ ဒေမာ" တိ ဝတ္တဗ္ဗံ၊ ဧဝဉ္စ သတိ "ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္န" န္တိ ကမ္မဝါစာယ သမေတိ။

(ဝိနယာလင်္ကာရဋီကာ။၃-၉၄)

သံဃဿ-ဟူသော သမ္ပဒါန်ပုဒ်ပါမှသာလျှင် သံဃိကမြောက်၍ သံဃာပိုင်သော သင်္ကန်းဖြစ်မည်။ သံဃာပိုင် သင်္ကန်းဖြစ်မှလည်း "ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ" ဟူသော ဉတ်ကမ္မဝါစာပါဠိနှင့် ညီညွတ်မည်ဖြစ်သော ကြောင့်တည်း။

အဋ္ဌကထာ၌ကား "သံဃဿ"ဟု မပါ

အဋ္ဌကထာ၌ "သံဃဿ" တိုက်ရိုက်မပါ၊ ထိုသို့ မပါခြင်းမှာကား "ကထိနစီဝရံ သံဃဿ ဒေမ" ဟု လှူဒါန်းရမည်ကို ရှေးက အလေ့အကျက်ရှိကြပြီး ဖြစ်၍ မဆိုသော်လည်း သိလောက်ပြီးဖြစ်နေသောကြောင့် အပြည့်အစုံထည့်၍ ဆိုထားခြင်းမဟုတ်။ သံဃဿ-ဟူသော သမ္ပဒါန်ပုဒ်ထည့်ရမည်ကို သိနိုင်လောက်၍ ထင်ရှားပြီး ဖြစ်နေသောကြောင့် မပါခြင်းသာ ဖြစ်ပါသည်။ လက်တွေ့ ကထိန်လှူသင်္ကန်းကို လှူဒါန်းရာ၌ကား မုချ သံဃဿ—ဟု အပြည့်အစုံထည့်၍သာ လှူဒါန်းရမည်ဟု မှတ်ပါ။

"သံဃဿ" ဟူသော သမ္ပဒါန်ပုဒ် ထည့်နေစရာ မလိုဟူသော ဝါဒ

အချို့ကား ကထိနကာလ ဖြစ်သောကြောင့်လည်းကောင်း၊ ကထိနဟူသော စကား ပါနေသောကြောင့်လည်းကောင်း "သံဃဿ" ဟူသော သမ္ပဒါန်ပုဒ်မပါလျှင်လည်း သံဃိကမြောက်၏ဟု ဆိုကြကုန်၏။

ထိုစကားကား—

"န ကထိနကာလမတ္တေန ဝါ ကထိနဝစနမတ္တေန ဝါ သံဃိကံ ဟောတိ" ဟူသော ဋီကာစကားကြောင့် လည်းကောင်း၊ ကထိနကာလ၌ လှူတိုင်းပင် သံဃိကမဖြစ်နိုင်သောကြောင့်လည်းကောင်း သင့်မည်ဟု မထင်ပါ။

## ကထိန်ဥတ်သက်န်း သံဃိကအဆုံးအဖြတ်

"ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီ"တိ စီဝရဿေဝ အတ္ထတကထိနာနံ ဘိက္ခူနံ သန္တကဘာဝဿ ဘဂဝတာ ဝုတ္တတ္တာ စီဝရတော အညာနိ ယံယံ ဥဒ္ဒိဿ ဒိန္နာနိ ပိဏ္ဍပါတာဒီနိ ဝတ္ထူနိ ဥပစာရသီမံ ပဝိဋ္ဌဿ အာဂတာဂတဿ သံဃဿ သန္တကံ ဟောန္တိ။

တထာဟိ ဝုတ္တံ အဋ္ဌကထာယံ "ကထိနံ အတ္ထရာပေတွာ ဒါနဥ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတီ"တိ—

ဟူ၍ ဝိနယာလင်္ကာရဋီကာ ဒု· ၁၃၉ ၌ ကထိန်ဥတ်သက်န်းနှင့် အတူတကွ သံဃိကလှူဒါန်းသမျှ ပစ္စည်းဝတ္ထုတို့တွင် ကထိန်အာနိသင် သင်္ကန်းတို့ကိုသာ ကထိန်ခင်းသော ရဟန်းတော်များ သက်သက် ပိုင်ဆိုင်ခွင့်ရှိ၍ အာနိသင် သင်္ကန်းတို့မှ တပါးသော စားဖွယ် သောက်ဖွယ်များ၊ ဂရုဘဏ် ဂရုပရိက္ခာရဟု ဆိုအပ်သော အဝေဘင်္ဂိယ ပစ္စည်းမှတပါးသော ပစ္စည်းများကိုကား ပဋ္ဌည်း ဝေဖန်ချိန်အတွင်း၌ ရောက်လာတိုင်းသော အာဂန္တုရဟန်းများ၊ ကျောင်းတိုက် အတွင်းရှိ ပစ္ဆိမဝါကပ်သော ရဟန်းများ၊ ဝါကျိုးဝါပြတ်သော ရဟန်းများ လည်း ညီတူညီမျှ ပိုင်ဆိုင်ကြောင်းကို ပြဆိုထားသောကြောင့်—

"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု ဆို၍ လှူဒါန်းအပ်သော ကထိန် ဥတ်သက်န်းနှင့်တကွ သံဃိကလှူဒါန်းသမျှ ပစ္စည်းဝတ္ထုတို့ကို အာဂတာနာဂတ စာတုဒ္ဒိသာသံဃိကဟူ၍ မှတ်ယူရမည်။

ထိုသို့ အာဂတာနာဂတသံဃိကဖြစ်သော်လည်း ဥတ်သက်န်းနှင့် အာနိသင် သင်္ကန်းတို့ကို ကျောင်းတိုက်အပြင်ပရှိ သံဃာများကား ဆိုင်ရုံမျှသာဆိုင်၏၊ မပိုင်။ ကျောင်းတိုက်အတွင်းရှိ ကထိန်ခင်းရာကျောင်းတိုက်၌ ဝါကပ်ခဲ့ကြသော ပုရိမဝဿံဝုတ္ထသံဃာတော်များကား ဆိုင်လည်းဆိုင်၏၊ ပိုင်လည်း ပိုင်၏။

သင်္ကန်းမှတပါး အခြားပစ္စည်းတို့ကိုမူကား ကထိန်အာနိသင်ရသော ရဟန်း များအပြင် တိုက်တွင်းရှိ ပစ္ဆိမဝါသားရဟန်းများ၊ ဝါကျိုးဝါပြတ်ရဟန်းများ၊ ရောက်လာသမျှသော အာဂန္တုကရဟန်းများလည်း ပိုင်ဆိုင်၍နေ၏။

သင်္ကန်းပစ္စည်း(၁)မျိုးတည်းသာ စီဝရကာလ ကထိနတ္ထာရ အရှိန်အဝါသတ္တိ ကြောင့် တိုက်တွင်းရှိ ပုရိမဝဿံဝုတ္ထသံဃာကသာ ပိုင်ဆိုင်ခွင့် ရသွားရခြင်း ဖြစ်သည်။ ထို့ကြောင့် ကထိန်သံဃိကသည် စတုဒ္ဒိသာသံဃိကသာဖြစ်သည်။

စီဝရကာလအတွင်းဝယ် ကျောင်းတိုက်အာရာမ်တွင်း၌ သင်္ကန်းတို့ကို–

၁။ အာဂတာနာဂတ စာတုဒ္ဒိသာသံဃိကပဲလှူလှူ၊

၂။ အာရာမိကသံဃိကပဲလှူလှူ၊

မည်သို့ပင်လှူစေ၊ ၎င်းလှူရာ ကျောင်းတိုက်၌ ဝါကပ်၍ ဝါမကျိုးမပြတ်သော ပုရိမဝဿံဝုတ္ထရဟန်းဘို့သာလျှင် စီဝရကာလ၏ အရှိန်အဝါသတ္တိကြောင့် အလို အလျောက် ပိုင်ဆိုင်ခွင့်ရှိနေ၏။ အာရာမိကသံဃိက ဆိုသည်မှာ သီးခြားမရှိ အားလုံးဆိုင် သံဃိကပစ္စည်းမှန်သမျှ–

အာရာမ်တွင်း၌ ဖြစ်လျှင် အာရာမ်အတွင်းရှိသံဃာ၊

အာရာမ်အပြင်ဘက်မှာဖြစ်လျှင် ဒဿနူပစာ သဝနူပစာ အတွင်းရှိ

သံဃာဝေဖန်၍ ယူရရိုးထုံးစံသာဖြစ်၏။

ကျောင်းတိုက်အာရာမ်တွင်း၌ဖြစ်အံ့၊၎င်းအာရာမ်ဖြင့် ပိုင်းခြား၍ လည်းကောင်း၊ အာရာမ်ပြင်ဘက်၌ဖြစ်အံ့၊ ဒဿနူပစာ သဝနူပစာဖြင့် ပိုင်းခြား၍လည်းကောင်း ဝေဖန်၍ ယူရမြဲ ဓမ္မတာသာဖြစ်သည်။

ဒါယကာတို့ အထူးလျှောက်ထား၍လှူသော သံဃိကများကား ဒါယကာ တို့လျှောက်ထား၍ လှူသည့်အတိုင်းသာ ဝေဖန်ရ၏။

(ထိုမှတပါး)––ဝိနည်းမဟာဝါ ပါဠိတော် သံဃိကစီဝရုပ္ပါဒကထာ၌–

ဘုရားရှင် လက်ထက်တော် အခါက အခါတပါးဝယ် ရဟန်းတပါးသည် ကျောင်းတကျောင်း၌ တပါးတည်းသာ ဝါဆို၏။ ဝါကျွတ်သောအခါ ဒါယကာ တို့က ထိုရဟန်းတပါးတည်းသာ ဝါဆိုသောကျောင်း၌"သံဃဿ ဒေမ"သံဃာ အား လှူဒါန်းပါကုန်၏ဟု ပြောဆိုလျှောက်ထား၍ သင်္ကန်းတို့ကို လှူဒါန်းကြ ကုန်၏။ ထိုအခါ ထိုတပါးတည်းနေသော ရဟန်းအား–

မြတ်စွာဘုရားသည် အနည်းဆုံး (၄)ပါး အစုရှိမှသာ သံဃာမည်သည်ဟု မိန့်ဆိုတော်မူခဲ့၏။ ငါကားတပါးတည်းသာ ဖြစ်ခဲ့၏။ ဤဒါယကာတို့သည်လည်း 'သံဃိက' သံဃာအား လှူပါကုန်၏ဟု ဆိုကာ ဤသက်န်းတို့ကို လှူဒါန်း၍ သွားကြကုန်၏။ "ငါသည် ဤသံဃာ၏ဥစ္စာ သံဃိကဖြစ်သော သင်္ကန်းတို့ကို သာဝတ္ထိပြည်သို့ ဆောင်ယူ၍ သွားရလျှင်ကောင်းလေစွ"ဟု အကြံအစည်ဖြစ်၏။

ထို့နောက် ထိုရဟန်းသည် ထိုသံဃိကသင်္ကန်းတို့ကို ယူ၍ သာဝတ္ထိပြည်သို့ သွားပြီးလျှင် ဘုရားရှင်အား ဤအကြောင်းကို လျှောက်ထား၏။ ဘုရားရှင် ကိုယ်တော်မြတ်က —

"ချစ်သားရဟန်း၊ ဤသင်္ကန်းတို့သည် ကထိန်နုတ်သည့် ကာလတိုင်အောင် သင်ချစ်သား ရဟန်း ပိုင်ဆိုင်သော သင်္ကန်းများသာဖြစ်၏"ဟု-

"ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ 'သံဃဿ ဒေမာ'တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယ"။

ဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတပါးသည် တပါးထီးတည်း ကျောင်းတကျောင်း၌ ဝါကပ်၏၊ဝါကျွတ်သောအခါ လူတို့သည် ထိုကျောင်း၌ 'သံဃဿ ဒေမ' သံဃာအား လှူဒါန်းပါ၏ဟု လျှောက်ထားကာ သင်္ကန်းတို့ကို လှူဒါန်းကုန်ငြားအံ့၊ ('သံဃဿ ဒေမ'ဟု ဆို၍လှူဒါန်းသော ကြောင့် သာမည ဖြစ်နေ၍ ထိုသင်္ကန်းများ စာတုဒ္ဒိသာသံဃာနှင့် သက်ဆိုင် နေ၏။)

ရဟန်းတို့၊ ထိုသင်္ကန်းတို့ကို ကထိန်နုတ်သည့် တိုင်အောင် (ကထိန်မနုတ်မီ အတွင်း၌ဖြစ်ပေါ်လာသမျှ)ထိုကျောင်း၌ တပါးတည်း ဝါကပ်သော ရဟန်းအား သာလျှင် (ပိုင်ဆိုင်)ခွင့်ပြုတော်မူ၏။

**မှတ်ချက်။** ။ထို သင်္ကန်းတို့သည် သံဃဿ–ဟု သာမညအားဖြင့် ဆိုပြီး လှူဒါန်း၍ စာတုဒ္ဒိသာသံဃိကဖြစ်သော်လည်း စီဝရကာလ အတွင်း၌ဖြစ်၍ ထိုကျောင်း၌ ဝါကပ်သော ရဟန်းတပါးတည်း သာ ပိုင်ဆိုင်ခွင့်ပြုတော်မူခဲ့သည်။

ကထိန်သင်္ကန်း လှူဒါန်းရာ၌လည်း "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု သံဃဿ – ဟု သာမညဆိုရခြင်း၊ ထိုသို့သာမညသာ ဆိုရသဖြင့် စာတုဒ္ဒိသာ သံဃာအားလုံးပင် ပိုင်ဆိုင်ခြင်း၊ ထိုသို့ စာတုဒ္ဒိသာ သံဃာအားလုံး ပိုင်ဆိုင်သော်လည်း စီဝရကာလ၌ လှူအပ်သော သင်္ကန်းဖြစ်၍ ထိုလှူဒါန်းရာ တိုက်တာအတွင်း၌ ပုရိမ ဝါကပ်၍ ဝါမကျိုးမပြတ်သော ပုရိမဝဿံဝုတ္ထသံဃာသည်သာ ဣဿရိယအစိုးရ ပိုင်ဆိုင်ခွင့် ပြုထားသဖြင့် အစိုးရပိုင်ဆိုင်ခွင့် ရှိခြင်းတို့ကြောင့် ဤကထိန်သင်္ကန်းကို အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိက သင်္ကန်း ဟူ၍သာ မှတ်ရမည်။

**သံဃိကသာမညလှူသော သင်္ကန်းဖြင့် ကထိန်ခင်းသင့်—မခင်းသင့်**

ဝါတွင်း၌ ရဟန်းတပါးတည်းသာ ဝါဆိုရာကျောင်း၌ ဝါကျွတ်သောအခါ "သံဃဿ ဒေမ"ဟု ဆို၍ လှူဒါန်းအပ်သော သံဃိကသာမည သင်္ကန်းဖြင့်လည်း ကထိန်ခင်းနိုင်သည်။

(ကထိနစီဝရံ ကထိနံ အတ္ထရိတုံ-စသည်ဖြင့် ကထိန်ခင်းဖို့ရန်ဟု မလျှောက်ထားတော်လည်း ၎င်း သံဃိကသင်္ကန်းဖြင့် ကထိန်ခင်းကောင်း၏ ဟူလို)။ သံဃာအများ နေထိုင်ရာကျောင်း၌ကား ဆိုဖွယ်ရာမရှိ။ သံဃာ တပါးတည်း ရှိသောကျောင်းဖြစ်က အခြား ကျောင်းများမှ ဂိုဏ်းပြည့်အောင် သံဃာပင့်၍ ကထိန်ခင်းရမည်။

တသောဝ တာနိ စီဝရာနိ ယာ စ ကထိနဿ ဥဗ္ဘာရာတိ သစေ ဂဏ-ပူရကေ ဘိက္ခူ လဘိတွာ ကထိနံ အတ္ထတံ ဟောတိ၊ ပဉ္စမာသေ နေ ဝ စေ အတ္ထတံ ဟောတိ ဧကံ စီဝရမာသမေဝ။

(သံဃိက စီဝရုပ္ပါဒကထာ အဋ္ဌကထာ-၂၆၃)

ထိုဘပါးတည်း ဝါဆိုသော ရဟန်းအား သံဃိကသင်္ကန်းရ၍ အခြားမှ ဂိုဏ်းပြည့် သံဃာပင့်၍ ကထိန်ခင်းခဲ့လျှင် ကထိန်အာနိသင်ရ၍ (၅)လ၊ ကထိန်မခင်းလျှင် (၁)လ၊ သင်္ကန်းကာလအတွင်း ဖြစ်ပေါ်လာသမျှသော သံဃိကသင်္ကန်းမှန်သမျှ ထိုရဟန်းတပါးတည်းသာ အစိုးရပိုင်ဆိုင်၏။ ထို့ကြောင့် "တသောဝ တာနိ စီဝရာနိ ကထိနဿ ဥဗ္ဘာရာယ"ဟု ပါဠိတော်၌ ဟောတော်မူခဲ့သည်။

ဘုရားရှင် လက်ထက်တော်က အခါတပါး၌ ရဟန်းတပါးသည် မိုးလမှ တပါးသော ကာလ၌ တပါးတည်းသာ ကျောင်းတကျောင်း၌ နေထိုင်၏။

လူတို့သည်“သံဃဿ ဒေမ” သံဃာအား လှူဒါန်းပါ၏ဟု လျှောက်ထား၍ သင်္ကန်းတို့ကို လှူဒါန်းသွားကြ၏။

ထိုရဟန်းသည်လည်း ရှေ့ရဟန်း နည်းအတိုင်းပင် အကြံအစည်ဖြစ်ပေါ်ကာ ဘုရားရှင်ရှိတော်မူရာ သာဝတ္ထိပြည်သို့ ဆောင်ယူသွားပြီးလျှင် အခြားရဟန်းတို့အား အကျိုးအကြောင်း ပြောပြ၏။ ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြကုန်၏။ ဘုရားရှင်က ထိုသင်္ကန်းတို့ကို အကြောင်းပြု၍—

“အနုဇာနာမိ ဘိက္ခဝေ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ”ဟုမိန့်တော်မူကာ မျက်မှောက် သံဃာဝေယူရန် ခွင့်ပြုတော်မူပြီးလျှင်—

“ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဥတုကာလံ (မိုးလမှတပါးသောကာလ၌)ဧကော ဝသတိ၊တတ္ထ မနုဿာ သံဃဿဒေမာ”တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တေန ဘိက္ခုနာ တာနိ စီဝရာနိ အဓိဋ္ဌာတုံ “မယှိမာနိ စီဝရာနီတိ”–

“ချစ်သား ရဟန်းတို့၊ ထိုတပါးတည်း မိုးလမှတပါးသော ကာလ၌ နေသော ရဟန်းသည် စီဝရကာလမဟုတ်သောကြောင့် စာတုဒ္ဒိသာသံဃာ ပိုင်ဆိုင်သည် ဖြစ်၍မျက်မှောက်ရှိသံဃာအားလုံးပင် ဝေဖန်၍ယူရမည်။ မျက်မှောက်၌ပင် မိမိတပါးတည်း ဖြစ်နေလျှင် ထိုသံဃိကလှူဒါန်းသွားသည့်သင်္ကန်းတို့ကို“ဤသင်္ကန်းတို့ကား ငါ၏သင်္ကန်းတို့တည်းဟု ဆောက်တည်ကာ တပါးတည်းယူခြင်းငှာ ခွင့်ပြုတော်မူ၏” ဟု စာတုဒ္ဒိသာ သံဃိကသင်္ကန်းပင်ဖြစ်လင့်ကစား ကျောင်းအတွင်း၌ မျက်မှောက်သံဃာမရှိလျှင် စိတ်ကိုဆောက်တည်၍ တပါးတည်းယူပိုင်နိုင်ခွင့်ရှိကြောင်းကို မိန့်တော်မူခဲ့၍ စိတ်ကိုမဆောက်တည်ရသေးမီ အခြားတပါးသော အာဂန္တုက ရဟန်းများ ရောက်လာခဲ့လျှင် ရောက်လာသော အာဂန္တုကရဟန်းတို့နှင့် အညီအမျှသာလျှင် ခွဲဝေယူရမည်ဟု မိန့်တော်မူခဲ့၏။

(မဟာဝါပါဠိ-၄၁၄)

တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တွာတိတ္တေ တာနိ စီဝရာနိ ဂတာဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ။

(ပါစိတျာဒိ အဋ္ဌကထာ)

ထို့ကြောင့် “သံဃဿဒေမ”ဟု သာမညလှူဒါန်းအပ်သော သင်္ကန်းဖြစ်လျှင် အာဂတာနာဂတစာတုဒ္ဒိသာ သံဃာဆိုင်၏။

ဤ ကထိန်လျှော သင်္ကန်းကိုလည်း သံဃဿဒေမ-ဟု သာမညသာဆို၍ လှူဒါန်းရသော သံဃိကသင်္ကန်းမျိုးသာတည်း။

ထို့ကြောင့် ကထိန်လျှောသင်္ကန်းသည် အာဂတာနာဂတ စာတုဒ္ဒိသာသံဃိက-သာဖြစ်၏။ သို့ဖြစ်၍ပင် ရှေးခေတ် ယခုခေတ်ဆရာတော်ကြီးတို့သည် ကထိန်သင်္ကန်းကို ရေစက်ချရာဝယ် ကထိန္နဒါယကာ ကထိန္နဒါယိကာမ တို့အား စာတုဒ္ဒိသာသံဃာတော်ကို ရည်မှန်း၍ လှူဒါန်းကြရန် ညွှန်ကြားသြဝါဒပေး၍ ရေစက်ချပေးတော်မူကြသည်။

ကထိန်ခင်းသောအခါ သံဃိကလှူဒါန်းသည့် သင်္ကန်းမှတပါး အခြားပါလာသည့် လှူဖွယ်ပစ္စည်းများကို ဥပစာရသိမ်တွင်း ဝေဖန်ချိန်၌ ရှိရှိသမျှ အာနိသင်ရ-မရ အာဂန္တုကပါမကျန် ဝေဖန်၍ ယူရမည်ဟုဆိုသောကြောင့်-

ကထိန်သင်္ကန်းသည် အာဂတာနာဂတစာတုဒ္ဒိသာသံဃိက-ဟု မှတ်ယူရမည်။ သင်္ကန်းမှအပ မကြွင်း ဒါန အာနိသင်အရ ကထိန်အာနိသင်ရ သော ရဟန်းများသာ ပိုင်ဆိုင်၏။

စီဝရတော အညာနိ သံဃံ ဥဒ္ဒိဿ ဒိန္နာနိ ပိဏ္ဍပါတာဒီနိ ဝတ္ထူနိ
ဥပစာရသီမံ ပဝိဋ္ဌဿ အာဂတာဂတဿ သံဃဿ သန္တကာ ဟောန္တိ။

စီဝရတော၊ သင်္ကန်းမှ။ အညာနိ၊ တပါးကုန်သော။ သံဃံ ဥဒ္ဒိဿ ဒိန္နာနိ၊ ကုန်သော။ ပိဏ္ဍပါတာဒီနိဝတ္ထူနိ၊ ဆွမ်းစသော ကထိန်သံဃိက လှူရာတွင် ပါဝင်ကုန်သော ပစ္စည်းအမျိုးမျိုးတို့သည်၊ ဥပစာရသီမံ၊ ဥပစာရသိမ်ဟူသော ကျောင်းတိုက်အတွင်းသို့။ ပဝိဋ္ဌဿ၊ ဝင်လာသမျှသော။ အာဂတာဂတဿ၊ ရောက်ပြီး ရောက်ဆဲဖြစ်သော။ သံဃဿ၊ သံဃာ၏။ သန္တကာ၊ ဥစ္စာသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၃၉။)

အထက်ပါအကြောင်းတို့ကို ထောက်၍ ကထိန်သင်္ကန်းကို အာဂတာနာဂတ စာတုဒ္ဒိသာ သံဃာအားလုံးကိုအာရုံပြု၍ လှူဒါန်းသင့်သည်။ သို့မှသာလျှင် "ကထိနဿ ဧကံ မူလံ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ"၊ ဟူသော ပါဠိတော်တို့နှင့်လည်း ရှေ့နောက်ညီညွတ်ပါမည်။

ကထိန်ခင်းရာကျောင်းတိုက်အတွင်း၌"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု လျှောက်ထားကာ လှူဒါန်းရာ၌-

၁။ အလှူခံသံဃာကား အာဂတာနာဂတ စာတုဒ္ဒိသာသံဃာ။

၂။ အစိုးရသောသံဃာကား အာရာမ်တွင်းရှိ ပုရိမဝဿံဝုတ္ထသံဃာ။

၃။ ကထိန်ခင်းသောသူကား သံဃာကပေးသောပုဂ္ဂိုလ်၊

ဟု ခွဲခြား၍မှတ်ပါ။

စာတုဒ္ဒိသာသံဃာကို ရည်ညွှန်း၍ လှူဒါန်းသော်လည်း စာတုဒ္ဒိသာသံဃာ သည် ဆိုင်ရုံသာဆိုင်၍ မပိုင်၊

အာရာမ်တွင်းရှိ ပုရိမဝဿံဝုတ္ထသံဃာကား-ဆိုင်လည်းဆိုင်၏၊ပိုင်လည်းပိုင်၏။

### ကထိန်သင်္ကန်းကို သံဃိက (၂)မျိုးလှူနိုင်

ကထိန်သင်္ကန်းကို လှူဒါန်းရာ, အလှူခံရာ၌-

၁။ အာဂတာနာဂတ စာတုဒ္ဒိသာသံဃိက၊

၂။ အာရာမ်သံဃိက၊

(၂)မျိုးလုံးလှူနိုင်၊ အလှူခံနိုင်၏။

### ကထိန်ခင်းမည့်ကျောင်းပြင်ဘက် မြို့တွင်း ရွာတွင်း ၌လည်း ကထိန်သင်္ကန်း လှူဒါန်းနိုင်

ကထိန်ခင်းမည့်ကျောင်းတွင်း၌ မဟုတ်ပဲ ဥပစာရသိမ်ပြင်ဘက်၌ ကထိန် သင်္ကန်းလှူလိုလျှင်—

"ဣမံ ကထိနစီဝရံ (အသုကသ္မိံ ဝိဟာရေ) သံဃဿ ဒေမ၊ ဣမိနာ စီဝရေန သံဃော ကထိနံ အတ္ထရတု။" ဟူ၍ ကထိန်ခင်းလိုရာကျောင်းတိုက် နာမည် တပ်လျက် အာရာမသံဃိကအဖြစ် လှူဒါန်းရမည်။

အထ "အသုကဝိဟာရေ ဝဿံဝုဋ္ဌသံဃဿာ" တိဝဒတိ၊ တတြ ဝဿံဝုဋ္ဌာန-မေဝ ယာဝ ကထိနဿုဗ္ဘာရာ ပါပုဏာတိ။

ဝိ၊ ၃၊ ၄။
(ဝိ၊သင်၊ ၄၊၂၅၆)

အာရာမသံဃိကလှူဒါန်းစေကာမူ "တတြ ဝဿံဝုဋ္ဌာနမေဝ ယာဝ ကထိန-ဿုဗ္ဘာရာ ပါပုဏာတိ"ကိုထောက်၍ ကထိန်သင်္ကန်းပြုလုပ်ကာ ကထိန်ခင်းနိုင်သည်။

ဥပစာရသိမ်ပြင်ဘက်၌"သံဃဿ" ဟုသာမညဆို၍မလှူရ

ဥပစာရသိမ်ပြင်ဘက် (ကျောင်းတိုက်ပြင်ဘက်)၌ "သံဃဿ ဒေမ"ဟု ကျောင်းတိုက်နာမည် မတပ်ပဲ သာမညဆို၍လှူဒါန်းလျှင် ရည်ညွှန်းရာကျောင်း တိုက်သာ ပိုင်ဆိုင်သည် မဟုတ်ပဲ သမ္မုခီဘူတ သံဃာအားလုံးပိုင်ဆိုင် နေသည်။

သစေ ပန ဗဟိ ဥပစာရသီမာယံ ဌိတော "ဝဿံ ဝုဋ္ဌဿ သံဃဿ ဒမ္မိ"တိ ဝဒတိ၊ သမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ။

(ဝိ၊ သင်၊ ၄၊ ၂၅၆။)

ဆိုခဲ့ပြီးသောစကားတို့ကို ကောက်ချက်ချလျှင် စာတုဒ္ဒိသာသံဃိကသင်္ကန်း ဖြင့်လည်း ကထိန်ခင်းနိုင်သည်၊ အာရာမသံဃိကသင်္ကန်းဖြင့်လည်း ကထိန်ခင်း နိုင်သည်။

(၁) ကထိန်ခင်းမည့်ကျောင်းတိုင်းအတွင်း၌ ကထိန်သင်္ကန်း အလှူခံလျှင်၊ စာတုဒ္ဒိသာသံဃိအဖြစ် ရေစက်ချပါ။

(၂)ကထိန်ခင်းမည့် ကျောင်းတိုက်ပြင်ဘက်၌ ကထိန်သင်္ကန်း အလှူခံလျှင်ကျောင်းတိုက် နာမည်တပ်၍ အာရာမသံဃိက အဖြစ်ရေစက်ချပါ။

သံဃိကသင်္ကန်း(၂)မျိုးလုံးဖြင့် ကထိန်ခင်းနိုင်သည်။

ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်

(မေး) ကထိန်ကို အဘယ်ရဟန်းသည် ခင်းအပ်ပါသနည်း။

(အဖြေ) သံဃာက ဉတ်ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကိုပေး၍ ကထိန်ဉတ် သင်္ကန်းကိုရရှိသော ပုဂ္ဂိုလ်သည် ကထိန်ခင်းရပါသည်။

(မေး) သံဃာက ဉတ်သက်နုံးကို အဘယ်ပုဂ္ဂိုလ်အား ပေးထိုက်ပေးရပါ ပါသနည်း။

(အဖြေ) ဟောင်းနွမ်းဆွေးမြည့်သောသက်နုံးရှိသူရဟန်းအား ပေးထိုက်ပေးရ ပါသည်။

(မေး) အကယ်၍ ဟောင်းနွမ်းဆွေးမြည့်သော သက်နုံးရှိသူတို့က အများ ဖြစ်နေခဲ့သော် အဘယ်ရဟန်းအား ပေးရပါမည်နည်း။

(အဖြေ) ဝုဍ္ဎသ ဒါတဗ္ဗံ–ဟူသော ဝိနည်းစည်းကမ်းအရ၊ ဇိဏ္ဏစီဝရ ဖြစ်သော သီတင်းကြီးရဟန်းအား ပေးရပါသည်။

(မေး) အကယ်၍ သက်နုံးဟောင်းနွမ်း ဆွေးမြည့်သော သက်နုံးရှိသူတပါးမှ မရှိခဲ့လျှင် အဘယ်ရဟန်းအား ပေးရပါသနည်း။

(အဖြေ) ဝုဍ္ဎသ ဒါတဗ္ဗံ–အရ မထေရ်ကြီး ရဟန်းအားပင် ပေးပါရသည်။
ကထိနစီဝရဿ သံဃိကတ္တာ န ဘိက္ခဝေ သံဃိကံ ယထာဝုဍ္ဎံ ပဋိဗာဟိ-
တဗ္ဗံ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိဒုက္ကဋဿ။

ကထိနစီဝရဿ၊ ကထိန်သက်နုံး၏။ သံဃိကတ္တာ၊ သံဃိကဖြစ်သည်၏ အဖြစ်ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃိကံ၊ သံဃိကပစ္စည်းကို။ ယထာဝုဍ္ဎံ၊ သီတင်းကြီးအစဉ်အားဖြင့် ဝေဖန်ခြင်းကို။ န ပဋိဗာဟိတဗ္ဗံ၊ မတားမြစ်ရ။ ယော၊ အကြင်ရဟန်းသည်။ ပဋိဗာဟေယျ၊ တားမြစ်ငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။

(မေး) သီတင်းကြီးရဟန်းတို့က အများဖြစ်နေခဲ့လျှင် အဘယ် သို့သော သီတင်းကြီးရဟန်းအား ပေးရပါမည်နည်း။

(အဖြေ) ကထိန်သက်နုံး လျှော်အဝတ်ရသည့် နေ့၌ပင် ချုပ်ဆိုးခြင်း စသော ကိစ္စကို ပြီးစီးအောင် ပြုလုပ်ဆောင်ရွက်နိုင်သော သီတင်းကြီးအား ပေးရပါမည်။ (သက်နုံး ချုပ်ဆိုးခြင်းစသော ကိစ္စတို့ကို ဝိုင်းဝန်း ဆောင်ရွက်မည့် တပည့် ပရိသတ်များစွာရှိသော သီတင်းကြီး ရဟန်းအား ပေးရမည်ဟူလို။)

( မေး ) ဆောင်ရွက်နိုင်စွမ်းရှိသော သီတင်းကြီး ရဟန်း အများရှိလျှင် အဘယ် သီတင်းကြီးအား ပေးသင့်ပါသနည်း။

(အဖြေ) သံဃာအား ကျေးဇူးများသော ဂုဏဝိသိဋ္ဌဗဟုပကာရ ဖြစ်သော သီတင်းကြီးအား ပေးသင့်ပါသည်။

( မေး ) သီတင်းကြီး ရဟန်းမှာ တပည့်ပရိသတ် အခြေအရံ နည်းပါး သဖြင့် ကိစ္စတို့ကို မဆောင်ရွက်နိုင်ခဲ့သော် အဘယ်ရဟန်းမျိုးအား ပေးထိုက်ပါသနည်း။

(အဖြေ) တပည့်အခြေအရံ ပရိသတ်ရှိ၍ သင်္ကန်းပြီးစီးအောင် ဆောင်ရွက် ခြင်းငှာ စွမ်းနိုင်သော သီတင်းငယ် ရဟန်းမျိုးအား ပေးရပါမည်။

တပည့်ပရိသတ် ပေါများ၍ စွမ်းနိုင်သော သီတင်းငယ် ရဟန်းအား ပေးရ မည်ဟု ဆိုသော်လည်း အားလုံးသော သံဃာက မဟာထေရ် သီတင်းကြီး ရဟန်းအား သဂြိုဟ်ချီးမြှောက် ထောက်ပံ့ ကူညီကြရမည်။

ထို့ကြောင့် သံဃာက မဟာထေရ်ကြီး သီတင်းကြီး ရဟန်းအား "အရှင် ဘုရား၊ အရှင်ဘုရားတို့သည် ကထိန်သင်္ကန်းကို ခံယူတော်မူပါကုန်၊ တပည့်တော် တို့က သင်္ကန်းပြီးမြောက်အောင် ဝိုင်းဝန်းကာ ပြုလုပ်ဆောင်ရွက် ပေးပါမည် ဘုရား" ဟု စိုင်း၍ လျှောက်ထားကာ ကထိန်လျာသင်္ကန်း ပြီးမြောက်အောင် ဆောင်ရွက်ပေးကြရမည်။

### ကထိန်ခံ ရဟန်းအား ပေးရမည့် သင်္ကန်းလျာ အဝတ်ပမာဏ

ကထိန်သံဃိက လှူဒါန်းသော သင်္ကန်းလျာ အဝတ်စတို့မှ ကထိန်ခံရဟန်း အား နဂိုက သူ့မှာရှိသော သင်္ကန်း (၃) ထည်တို့တွင် အကြင်သင်္ကန်းသည် ဟောင်းနွမ်းဆွေးမြည့်၏၊ထိုဟောင်းနွမ်း ဆွေးမြည့်သော သင်္ကန်းချုပ်လောက်ရုံ ပမာဏ သင်္ကန်းစကိုသာ သံဃာက ပေးအပ်၏။

သင်္ကန်းကြီးဟောင်းလျှင် သင်္ကန်းကြီးစာ၊

ကေသီဟောင်းလျှင် ကေသီစာ၊

သင်းပိုင်ဟောင်းလျှင် သင်းပိုင်စာ ချုပ်လောက်ရုံမျှ ပေးရမည်။

ဟောင်းနွမ်းဆွေးမြည့်သော သင်္ကန်းက နဂိုက (၂)ထပ် (၂) လွှာချုပ်သော သင်္ကန်းဖြစ်လျှင် (၂) ထပ် (၂) လွှာ တပင်ချုပ်လောက်အောင် ပေးရမည်။ (ရှေးက အသားပါးသော သင်္ကန်းစများကို သင်္ကန်းချုပ်လျှင် ခိုင်အောင် (၂) ထပ် (၂) လွှာထပ်၍ ချုပ်လေ့ရှိကြသည်)။

(သို့မဟုတ်)– နဂိုသင်္ကန်းဟောင်းက အသားထူထဲသဖြင့် တထပ်တည်းသာ ချုပ်ထားသည့် သင်္ကန်းပင်ဖြစ်စေကာမူ ပေးရမည့် ကထိန်လျာ အဝတ်စက ပါးပါးကျဲကျဲ ဖြစ်နေလျှင်လည်း (၂) ထပ် (၂) လွှာပင် ပေးရမည်။

ကထိန်ခံမည့် ရဟန်းက–"အရှင်ဘုရားတို့ အသားကျဲကျဲ ကိစ္စမရှိပါ၊ တထပ် တလွှာစာသာ ပေးပါ" ဟု လျှောက်ထားသော်လည်း (၂) ထပ် (၂) လွှာစာ ချုပ်လောက်အောင်ပင် ပေးရမည်။

ကထိန်ခံရဟန်းက လောဘကြီး၍ (၂)ထပ် (၂) လွှာစာ သင်္ကန်းစကို တောင်းလျှင်ကား လုံးဝမပေးကောင်း၊ တထပ်တလွှာစာသာ ပေးကောင်း၏။

လောဘကြီးကာ (၂) ထပ် (၂) လွှာစာတောင်းယူ၍ ချုပ်ပြီးလျှင် ကထိန် ခင်းပြီးမှ အထပ်အလွှာကို ခွာ၍ သင်္ကန်း (၂) ထည် ချုပ်မည်ဟု ကြံစည်ကာ (၂) ထပ် (၂) လွှာစာ မယူကောင်း။

ကထိန်ဉတ်သင်္ကန်းကို ခံယူမည့်ရဟန်းအား သံဃာက သင်္ကန်းပေးပုံ အစီ အစဉ်ကို ပြတော်မူလိုသောကြောင့် ပါဠိတော်၌–

ဝေဠ ပန ။ပ။ အတ္ထရိတဗ္ဗံ–ဟု ဘုရားရှင် မိန့်ကြားတော်မူပြီးလျှင် သုဏာတု မေ ဘန္တေ–စသော ကထိန စီဝရဒါန ကမ္မဝါစာကို မိန့်ကြားတော်မူ၏။

## ကထိန်သင်္ကန်းပေး ဉတ်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ ကထိနစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျကထိနံ အတ္ထရိတုံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ။

ဝိနယ–၄၈

ယဿာ ယသ္မတော ခမတိ ဣမဿ ကထိနစီဝရဿ ဣတ္ထန္နာမဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒိန္နံ ဣဒံ သံဃေန ကထိနစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ–

ဟူသော ဤဉတ္တိ ဒုတိယဝါစာဖြင့် သံဃာက ကထိန်ခံ ရဟန်းအား ပေးရမည်။

**မှတ်ချက်။** ။ရှေးခေတ်က သင်္ကန်းလျှာ အဝတ်စတို့ကိုသာ လှူဒါန်းကြသဖြင့် "ကထိနဒုဿံ"ဟု ဉတ်ကမ္မဝါစာကို ရွတ်ဖတ်ရ၏။ ယခုခေတ်ကား သင်္ကန်းချုပ်ပြီး ဆိုးပြီးဖြစ်နေ၍ "ကထိနစီဝရံ"ဟု ဉတ်ကမ္မဝါစာကို ရွတ်ဖတ်ရသည်။

ဤသို့ ကထိန်သင်္ကန်းကို ကထိန်ခံကထိန်ခင်းမည့်ရဟန်းအား ပေးပြီးသော် ထိုပေးအပ်သော ကထိန်သင်္ကန်းက ချုပ်ပြီး ဆိုးပြီးဖြစ်သော် ကောင်းလှပေ၏၊ ဆိုစရာမရှိ။

မချုပ်ရသေးသည့် သင်္ကန်းစများ ဖြစ်လျှင်ကား ငါသည် မထေရ်ကြီးရဟန်းတည်း၊ ငါသည် ဗဟုဿုတ ရှိသော စာချဆရာတော်တည်း–စသည်ဖြင့် ပြောဆိုအကြောင်းပြကာ သင်္ကန်းကို ချုပ်ခြင်း, ဆိုးခြင်း စသော သင်္ကန်း၌ ပြုလုပ်ဖွယ်ကိစ္စတို့ကို မပြုလုပ်ပဲ ရှောင်လွှဲ၍ မနေကောင်း, မနေရ။ရှောင်လွှဲကာ မပြုလုပ်ပဲနေခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်၏။

(ဋီကာ။)

ထေရ,နဝ, မဇ္ဈိမ, ဗဟုဿုတ အပ္ပဿုတ,–ဖြစ်သော ရဟန်းအားလုံးပင် တပါးမကျန် သင်္ကန်းပြီးအောင် ပြုလုပ်ရာ၌ ဝိုင်းဝန်းကူညီ၍ ဆောင်ရွက်ပေးကြရမည်။

အားလုံး သံဃာတော်များ စုဝေးပေါင်းဆုံကာ ဖွပ်လျှော်ခြင်း ချုပ်ဆိုးခြင်း စသောကိစ္စများကို အချိန်မီ နေ့ချင်းပြီးစီးအောင် ကူညီကာ ဆောင်ရွက်ကြရမည် ဟူလို။

## ကထိန်ကျင့်ဝတ်ကို ကူညီဆောင်ရွက်ပေးရခြင်းကား ဘုရားချီးမွမ်းသည့်အလုပ်

ရှေးလွန်လေပြီးသောအခါ၌ ပဒုမုတ္တိုရ် မြတ်စွာဘုရား လက်ထက်တော်အခါဝယ် ထိုဘုရားရှင်၏ အဂ္ဂသာဝက ဖြစ်သော သုဇာတ အမည်ရှိသော

ရဟန္တာအရှင်မြတ်သည် ကထိန် ခံတော်မူသောအခါ ထိုကထိန်လျှာ သင်္ကန်းကို ချုပ်လုပ်ခြင်း ကိစ္စကို ပဒုမုတ္တိုရ် မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ခြောက်သန်း ရှစ်သိန်းသော ရဟန်းတို့နှင့် အတူတကွ ထိုင်နေတော်မူလျက် ကူညီဆောင် ရွက်၍ ပြုလုပ်တော်မူခဲ့ဖူး၏။

ဘုရားရှင် ကိုယ်တော်မြတ်တို့ပင် ကြောင့်ကြမဲ့ နေတော်မမူပဲ ကူညီ ဆောင် ရွက်တော် မူခဲ့သေး၏။ အခြားသာမန် ပုဂ္ဂိုလ်များကား ပြောဆိုဖွယ်ရာမရှိ၊ ကူညီကာ ဆောင်ရွက်ပေးကြရမည်သာတည်း။

ထိုသို့ ကထိန်သင်္ကန်းချုပ်လုပ်မှုစသော ကိစ္စကို ဆောင်ရွက်ရခြင်းကား ဘုရားရှင်များ ချီးမွမ်းတော်မူအပ်သော အလုပ်ဖြစ်သည်။

## ပုဗ္ဗကိစ္စ (၇)ပါး

ကထိန်မခင်းမီ ကထိန်လျှာသင်္ကန်း၌ ပြုလုပ်ဖွယ် ပုဗ္ဗကိစ္စ (၇)ပါးမှာ–

"ဓော့, စိ, ဖြတ်, တွဲ၊ ချုပ်, ဆိုးနဲ၊ ထိုးမြဲ, ခွန်ပုဗ္ဗ"ဟူသော ဝိနယသံခိပ် ဆောင်ပုဒ်လင်္ကာနှင့်အညီ–

၁။ သင်္ကန်းလျှာအဝတ်ကို ဖွပ်ရခြင်း၊

၂။ (၅)ခန်း (၇)ခန်းစသည် မျဉ်းချမှု အမှတ်ပြုမှုဖြင့် စီရင်ရခြင်း၊

၃။ စီရင်ထားသည့်အတိုင်း ဖြတ်ဆုတ်ရခြင်း၊

၄။ တဲ့အပ်တွယ်ကာ တွဲစပ်ရခြင်း၊

၅။ ချုပ်ရခြင်း၊

၆။ သမဏသာရုပ္ပ အရောင်ဖြစ်အောင် ဆိုးရခြင်း၊

၇။ ကပ္ပဗိန္ဒု ထိုးရခြင်း–

တို့ဖြစ်သည်။

၎င်းပုဗ္ဗကိစ္စ (၇)ပါးတို့တွင် ယခုခေတ်၌ ကထိန်လျှာသင်္ကန်းက ချုပ်ပြီး ဆိုးပြီးဖြစ်သောကြောင့် ရှေ့(၆)ပါးတို့ကား ပြုလုပ်ရန်ကိစ္စ မရှိတော့ပါ။

ကပ္ပဗိန္ဒုထိုးခြင်းဟူသော ခုနစ်ခုမြောက် ပုဗ္ဗကိစ္စကိုသာပြုရန် ရှိတော့၏။

## ဖြတ်၍ချုပ်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းသင့်

ကထိန်သင်္ကန်းကိုဖြတ်၍ ချုပ်ရမည်။ မဖြတ်ပဲမချုပ်ရ။ အနည်းဆုံး(၅)ခန်းမျှ ဖြတ်၍ချုပ်သော သင်္ကန်းသာဖြစ်ရမည်။

ယခုခေတ် ဆိုင်ချုပ်သင်္ကန်းများမှာ မဖြတ်ပဲ အခန်းဖော်၍ ချုပ်ထားသော သင်္ကန်းများသာဖြစ်သည်။

သင်္ကန်းကြီးဖြစ်မှုကား မဖြတ်ပဲချုပ်မရသောကြောင့် ဖြတ်ကြပါ၏။ (၂)ခန်း (၃)ခန်း (၄)ခန်းမျှသာ ဖြတ်၍ချုပ်သော သင်္ကန်းဖြင့်လည်း ကထိန်မခင်းအပ်။ (၅)ခန်း အထက် ဖြတ်၍ချုပ်သော သင်္ကန်းများမှာမူကား ဆိုဖွယ်ရာမရှိ ကထိန်ခင်းကောင်း၏။

## ကထိန်ခင်းပုံအစီအစဉ်

ကထိန်ခင်းမည့် ရဟန်းသည် ချုပ်ဆိုးပြီး သို့မဟုတ် ချုပ်ပြီး ဆိုးပြီး သင်္ကန်းကို လျှော်ဒါန်းသဖြင့် သင်္ကန်းကိစ္စပြီးသော ကထိန်လျာသင်္ကန်းကို ရှေးဦးစွာ ကပ္ပဗိန္ဒုထိုးရမည်။

ကပ္ပဗိန္ဒုထိုးပြီးလျှင် ဒုကုဋ္ဌသင်္ကန်းကြီးဖြင့် ကထိန်ခင်းမည်ဖြစ်လျှင် ရှေးအဓိဋ္ဌာန်တင်ပြီး သင်္ကန်းကြီးရှိခဲ့လျှင်–

"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု (၃)ခေါက်ဆိုကာ ပစ္စုဒ္ဓိရ်ပြုရမည်။

ကေသီသင်္ကန်းဖြင့် ခင်းမည်ဖြစ်လျှင်–

"ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" ဟု ပစ္စုဒ္ဓိရ်ပြုရမည်။

သင်းပိုင်သင်္ကန်းဖြင့် ခင်းမည်ဖြစ်လျှင်–

"ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟု ပစ္စုဒ္ဓိရ်ပြုရမည်။

(အနက်ပေး) ဣမံ သံဃာဋိံ၊ ဤ ဒုကုဋ္ဌသင်္ကန်းကြီးကို။ ပစ္စုဒ္ဓရာမိ၊ ပစ္စုဒ္ဓိရ်ပြုပါ၏။ ဝါ၊ အဓိဋ္ဌာန်ကို ရုပ်သိမ်းပါ၏။ ဣမံ ဥတ္တရာသင်္ဂံ၊ ဤ ကိုယ်ဝတ်ကေသီသင်္ကန်းကို။ ပစ္စုဒ္ဓရာမိ၊ ပစ္စုဒ္ဓိရ်ပြုပါ၏။ ဝါ၊ အဓိဋ္ဌာန်ကို

ရုပ်သိမ်းပါ၏။ ဣမံ အန္တရဝါသကံ၊ ဤသင်းပိုင်သင်္ကန်းကို။ ပစ္စုဒ္ဓရာမိ၊ ပစ္စုဒ္ဓိုရ်ပြုပါ၏။ ဝါ၊ အဓိဋ္ဌာန်ကို ရုပ်သိမ်းပါ၏။

ဤသို့ ပင်ကိုယ်က အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို အဓိဋ္ဌာန်ချ ပစ္စုဒ္ဓိုရ်ပြုရမည်။

မှတ်ချက်။ ၁။ သင်္ကန်းကြီးဖြင့် ခင်းမှာဖြစ်လျှင် သင်္ကန်းကြီးကို၊

၂။ ကေသီဖြင့် ခင်းမှာဖြစ်လျှင် ကေသီကို၊

၃။ သင်းပိုင်ဖြင့် ခင်းမှာဖြစ်လျှင် သင်းပိုင်ကို—

ပစ္စုဒ္ဓိုရ်ပြုရမည်ဆိုသော စကားကို "နဂိုက တိစီဝရိတ်အဓိဋ္ဌာန်တင်ကာ ဆောင်ထားသော သင်္ကန်းဟောင်းရှိသော ရဟန်းကိုသာရည်ရွယ်၍" ဆိုသော စကားဖြစ်သည်။

နဂိုကပင် ဝိနည်းတိစီဝရိတ်အဓိဋ္ဌာန်မတင်ပဲ—

၁။ ဝိကပ္ပနာပြု၍ဖြစ်စေ၊

၂။ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ဖြစ်စေ—

ဝတ်ရုံ သုံးဆောင်နေလျှင်ကား သင်္ကန်းဟောင်းများကို ပစ္စုဒ္ဓိုရ်ပြုနေဖွယ် မလိုပါ။ သင်္ကန်းကြီး နဂိုက လုံးဝမရှိသဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကြီးဟောင်း မရှိလျှင် ပစ္စုဒ္ဓိုရ်မပြုရတော့ပဲ ကထိန်လျှာသင်္ကန်းကြီးအသစ်ဖြင့် ကထိန်ခင်းနိုင်၏။ အဓိဋ္ဌာန်ချ ပစ္စုဒ္ဓိုရ်ပြုနေရန်မလို။ သင်္ကန်းကြီးအဟောင်း မရှိသောပုဂ္ဂိုလ်မှာ အဘယ်မှာလျှင် ပစ္စုဒ္ဓိုရ်ပြုနိုင်ပါမည်နည်း။

အချို့သော ရဟန်းများသည်—

"ပေါရာဏိကာ သံဃာဋိ ပစ္စုဒ္ဓရိတဗ္ဗာ" စသော အဋ္ဌကထာ ဆိုထားသော စကားကြောင့် ကထိန်ခင်းကာနီး (၃) (၄)ရက်အလိုတွင်မှ ပစ္စုဒ္ဓိုရ်ပြုဖို့ရန် သင်္ကန်းကြီးစသည်ကို စတိသဘောဖြင့် တိစီဝရိတ်အဓိဋ္ဌာန် တင်ထားတတ်ကြသေး၏။ ထိုသို့ ပြုလုပ်နေဖွယ်မလိုပါ။ ပြုလိုလျှင်ကည်း ပြုနိုင်၏၊ အပြစ်မရှိ။

ထိုသို့ တိစီဝရိတ်အဓိဋ္ဌာန် တင်ထားသည့် သင်္ကန်းဟောင်းရှိခဲ့လျှင်သာ ပစ္စုဒ္ဓိုရ်ပြုပြီးလျှင် ကထိန်ခင်းမည့် ကထိန်လျှာသင်္ကန်းသစ်ကို အဓိဋ္ဌာန်တင်မည်။ မရှိလျှင်ကား ပစ္စုဒ္ဓိုရ်ပြုရန် မလိုဟု မှတ်ပါ။

## တနည်း–အဆုံးအဖြတ်

ကထိန်သင်္ကန်းကို ဝိနည်းတိစီဝရိတ်ဆောင်သော ပုဂ္ဂိုလ်အားသာ ပေးထိုက်သောကြောင့် ကထိန်ခံမည့်ရဟန်းအား ကထိန်ဥတ်သင်္ကန်းမပေးမီ ရှေးက ဝိနည်းတိစီဝရိတ် မဆောင်သူဖြစ်လျှင် ပေးခါနီး၌ ဆောင်စေရမည်။ ကြိုတင်၍ ဆောင်ထားလျှင်ကား သာ၍ကောင်း၏-ဟု မိန့်ဆိုဆုံးဖြတ်တော်မူ၏။

## ကထိန်သင်္ကန်းကို တိစီဝရိတ်အဓိဋ္ဌာန်သာတင်ရ

ကထိန်ခင်းမည့်သင်္ကန်းက သင်္ကန်းကြီးဖြစ်လျှင်–

"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း၊

ကေသီဖြစ်လျှင်–

"ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း၊

သင်းပိုင်ဖြစ်လျှင်–

"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း အဓိဋ္ဌာန်တင်ရမည်။ (အနက်များကား)–

၁။ ဣမံ၊ ဤသင်္ကန်းကို။ သံဃာဋိံ၊ သင်္ကန်းကြီးဟူ၍။ အဓိဋ္ဌာမိ၊ဆောက်တည်ပါ၏။

၂။ ဣမံ၊ ဤသင်္ကန်းကို။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်ကေသီဟူ၍။ အဓိဋ္ဌာမိ၊ ဆောက်တည်ပါ၏။

၃။ ဣမံ၊ ဤသင်္ကန်းကို။အန္တရဝါသကံ၊ သင်းပိုင်ဟူ၍။အဓိဋ္ဌာမိ၊ ဆောက်တည်ပါ၏။

ဤသို့ ကထိန်ခင်းမည့်သင်္ကန်းကို ဝိနည်းတိစီဝရိတ် အဓိဋ္ဌာန်နည်းဖြင့် အဓိဋ္ဌာန်တင်ပြီးလျှင်–

သင်္ကန်းကြီးဖြင့် ကထိန်ခင်းမည်ဖြစ်လျှင်–

"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟူ၍လည်းကောင်း၊

ကေသီဖြင့် ခင်းမည်ဖြစ်လျှင်–

"ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" ဟူ၍လည်းကောင်း

သင်းပိုင်ဖြင့်ခင်းမှာ ဖြစ်လျှင်–

"ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟူ၍လည်းကောင်း နှုတ်မြွက်၍( ၃ )ခါက်ဆိုကာ ကထိန်ကိုခင်းရမည်။

(အနက်များကား)−

၁။ ဣမာယ သံဃာဒ္ဒိယာ၊ဤသင်္ကန်းကြီးဖြင့်။ကထိနံ၊ကထိန်ကို။ အတ္ထရာမိ၊ ခင်းပါ၏။

၂။ ဣမိနာ ဥတ္တရာသင်္ဂေန၊ ဤကိုယ်ဝတ်ဧကသီသင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထရာမိ၊ ခင်းပါ၏။

၃။ ဣမိနာ အန္တရဝါသကေန၊ ဤသင်းပိုင်သင်္ကန်းဖြင့်။ ကထိနံ၊ကထိန်ကို။ အတ္ထရာမိ၊ ခင်းပါ၏။

ကထိန်ခင်းပြီးသောအခါ ကထိန်ခင်းသော ကထိနတ္ထာရက ရဟန်းသည် ကထိန်အနုမောဒနာပြုရန် တိုက်တွင်းရှိ အခြားသံဃာတို့အား ကထိန်အနုမောဒနာ တိုက်တွန်းစကားကို လျှောက်ထားရမည်။

## ကထိန်အနုမောဒနာပြုရန် တိုက်တွန်းပုံ

ကထိန်ခင်းပြီးသော ရဟန်းသည် သံဃာတော်များ၏အထံသို့ ချဉ်းကပ်ပြီးလျှင် ကိုယ်ဝတ်ဧကသီသင်္ကန်းကို လက်ကန်တော့ထိုး၍ လက်အုပ်ချီကာ ဆောင့်ကြောင့်ထိုင်ပြီးလျှင်−

"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ"−

ဟု (၃)ကြိမ် လျှောက်ထားရမည်။ မိမိက သီတင်းအကြီးဆုံးဖြစ်လျှင် "အတ္ထတံ အာဝုသော"ဟု ဆိုရမည်။

(အနက်များကား)−

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃဿ၊ သံဃာသည်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်ပါပြီ။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်းသည်။ ဓမ္မိကော၊ ဝိနည်းတရားနှင့် ယှဉ်ပါ၏။ ဝါ၊ ဝိနည်းတရားနှင့် လျော်ပါ၏။

တုမှေ၊ အရှင်ဘုရားတို့သည်။ အနုမောဒထ၊ ဝမ်းမြောက်တော်မူပါကုန်။ ဝါ၊ အနုမောဒနာပြုတော်မူပါကုန်။

အနုမောဒနာပြုရမည့်ရဟန်းက တပါးတည်းဖြစ်လျှင် "အနုမောဒါဟိ"ဟု ဆိုပါ။ အနုမောဒါဟိ၊ ဝမ်းမြောက်ပါလော့။ ဝါ၊ အနုမောဒနာပြုပါလော့။

## ကထိန်အနုမောဒနာပြုပုံ

အနုမောဒနာပြုမည့် ရဟန်းတို့သည်လည်း ကိုယ်ဝတ်ဧကသီသင်္ကန်းကို သပ်ယပ်စွာ လက်ကန်တော့ထိုး၍ ဆောင့်ကြောင့်ထိုင်ကြကုန်ပြီးလျှင် တပါးစီ

ဖြစ်စေ ဝါတူရာဖြစ်စေ အားလုံး တပေါင်းတည်း တပြိုင်နက်ဖြစ်စေ အောက်ပါ အတိုင်း အနုမောဒနာပြုရမည်။

"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ"–

ဟု (၃) ကြိမ်နှုတ်မြွက်ကာ အနုမောဒနာပြုကြရမည်။ အနုမောဒနာပြုသော ရဟန်းက တပါးတည်းဖြစ်လျှင် "အနုမောဒါမိ"ဟု ဆိုရမည်။ မိမိက သီတင်း ကြီး ရဟန်းဖြစ်နေလျှင် "အာဝုသော"ဆိုပါ။

(အနက်များကား)–

ဘန္တေ၊ အရှင်ဘုရား။ သံဃဿ၊ သံဃာသည်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်ပါပြီ။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်းသည်။ ဓမ္မိကော၊ ဝိနည်းတရားနှင့်ယှဉ်ပါ၏။ ဝါ၊ ဝိနည်းတရားနှင့်လျော်ပါ၏။ မယံ၊ တပည့်တော် တို့သည်။ အနုမောဒါမ၊ ဝမ်းမြောက်ပါကုန်၏။ ဝါ၊ အနုမောဒနာပြုပါကုန်၏။

ဤသို့ အနုမောဒနာပြုလတ်သော် အားလုံးသော ကထိန်ခံသော ရဟန်း၊ ကထိန် အနုမောဒနာပြုသောရဟန်းတို့သည် ကထိန်ခင်းအပ်ပြီး ဖြစ်တော့၏။

(အထောက်သာဓကပါဠိကား) ပရိဝါပါဠိတော်၌–

ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ၊ အတ္ထာရကဿ စ– အနုမောဒကဿ စ—

ဟူ၍လည်းကောင်း၊ တဖန်လည်း–

န သံဃော ကထိနံ အတ္ထရတိ၊ န ဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံ အတ္ထရတိ၊ သံဃဿ အနုမောဒနာယ ဂဏဿ အနု- မောဒနာယ ပုဂ္ဂလဿ အတ္ထရဏာ သံဃဿ အတ္ထတံ ဟောတိ ကထိနံ၊ ဂဏဿ အတ္ထတံ ဟောတိ ကထိနံ၊ ပုဂ္ဂလဿ အတ္ထတံ ဟောတိ ကထိနံ–

ဟူ၍ ဟောတော်မူအပ်၏။

(အနက်များကား)–

အတ္ထာရကဿ စ၊ ကထိန်ခင်းတတ်သောပုဂ္ဂိုလ်သည် လည်းကောင်း။ အနု- မောဒကဿ စ၊ အနုမောဒနာပြုတတ်သောပုဂ္ဂိုလ်သည် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ယောက်ကုန်သောပုဂ္ဂိုလ်တို့သည်။ ကထိနံ၊ ကထိန်သည်။ ဝါ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

သံဃော၊သံဃာသည်။ ကထိနံ၊ ကထိန်ကို။ န အတ္ထရတိ၊မခင်းနိုင်။ဂဏော၊ ဂိုဏ်းသည်။ ကထိနံ၊ ကထိန်ကို။ န အတ္ထရတိ၊မခင်းနိုင်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်သာ။ ကထိနံ၊ ကထိန်ကို။ အတ္ထရတိ၊ ကိုယ်တိုင်ခင်းနိုင်၏။၂

သံဃဿ၊သံဃာတော်၏။ အနုမောဒနာယ၊ အနုမောဒနာပြုခြင်းကြောင့်။ ဂဏဿ၊ ဂိုဏ်း၏။ အနုမောဒနာယ၊ အနုမောဒနာပြုခြင်းကြောင့်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်တပါးတည်း၏။ အတ္ထရာယ၊ ခင်းခြင်းကြောင့်။

သံဃဿ၊သံဃာတော်သည်။ ကထိနံ၊ ကထိန်သည်။ဝါ၊ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်ပြီးသည်။ ဟောတိ၊ဖြစ်၏။

ဂဏဿ၊ဂိုဏ်းသည်။ ကထိနံ၊ သည်။ ဝါ၊ကို။ အတ္ထတံ၊ ခင်းအပ်ပြီးသည်။ ဟောတိ၊ဖြစ်၏။

ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်တပါးသည်။ ကထိနံ၊သည်။ဝါ၊ကို။ အတ္ထတံ၊ ခင်းအပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။

### ကထိန်ကို ပုဂ္ဂိုလ်တပါးတည်းသာ ခင်းရသော်လည်း သံဃာဂိုဏ်းလည်း ခင်းရာရောက်ပုံ

၅-ပါး၊ ၅-ပါးထက်အလွန် သံဃာရှိသောကျောင်း၌လည်း သံဃာသည် ကထိန်မခင်းနိုင်၊ သက်နှင်းပေးရုံသာ ပေးနိုင်၏။

၂-ပါး ၃-ပါး ၄-ပါးရှိသောကျောင်း၌လည်း ဂိုဏ်းသည် ကထိန်မခင်းနိုင်၊ (သံဃာပြည့်အောင်တပါးကျောင်းမှ သံဃာပင့်၍ ကထိန်ခံမည့် ရဟန်းအား သက်နှင်းပေးရ၏။)

"ပုဂ္ဂလော ကထိနံ အတ္ထရတိ"ဆိုသည့်အတိုင်း သံဃာက ကထိန်သက်နှင်းပေးသဖြင့် သက်နှင်းရသော ပုဂ္ဂိုလ်တပါးတည်းသာ ကထိန်ခင်းနိုင်၏။

ဤသို့– ၁။ သံဃာကိုယ်တိုင်၊

၂။ ဂိုဏ်းကိုယ်တိုင် ကထိန်မခင်းနိုင်ပါသော်လည်း–

"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" ဟု အနုမောဒနာပြုလျှင် သံဃာပြည့်အောင်ရှိသောကျောင်း၌ သံဃာလည်း

ကထိန်ခင်းပြီးဖြစ်တော့၏။ ဂိုဏ်းသာရှိသောကျောင်း၌ ဂိုဏ်းလည်း ကထိန်ခင်းပြီးဖြစ်တော့၏။ (၂)ပါးသာရှိသောကျောင်း၌ တပါးက ကထိန်ခံသဖြင့် တပါးကအနုမောဒနာပြုလိုက်လျှင် ပုဂ္ဂိုလ်လည်း ကထိန်ခင်းပြီး ဖြစ်တော့၏။

(ဥပမာအားဖြင့်) ပါတီအသင်းအဖွဲ့တခု၌ ၎င်းပါတီအသင်းအဖွဲ့ဝင်ပုဂ္ဂိုလ်အားလုံးတို့၏ သဘောတူဆုံးဖြတ်ချက်ကိစ္စတခုခုကို အကောင်အထည် ပေါ်အောင် ဆောင်ရွက်ရန် ပုဂ္ဂိုလ်တယောက်ကိုတာဝန်ပေးကာ အဆောင်အရွက်ခိုင်းရာ တာဝန်ရှိ ပုဂ္ဂိုလ်တယောက်က ပြီးမြောက်အောင် ဆောင်ရွက် ရာ၌ အားလုံး၏ သဘောတူခွင့်ပြုစေခိုင်းချက်ဖြင့် ပြုလုပ်ရသောကြောင့် ပါတီအသင်း အဖွဲ့က ပြုလုပ်သည်ဟု ခေါ်ဆိုရသကဲ့သို့တည်း။

## ကထိန်ခင်းသောအခါ အနုမောဒနာပြုရမည့်ပုဂ္ဂိုလ်

ကထိန်ခင်းရာ ကျောင်းတိုက်၌ ပုရိမဝါကပ်၍ ဝါမကျိုးမပြတ်သော ပုရိမဝဿံဝုတ္ထ ရဟန်းတို့သည်သာ ကထိန်အနုမောဒနာပြုနိုင်သည်။ ပစ္ဆိမဝါကပ်သောရဟန်း၊ ပုရိမဝါကပ်သော်လည်း ဝါကျိုးဝါပြတ်သော ရဟန်း၊ တပါးကျောင်း၌ ဝါကပ်ခဲ့သော ရဟန်း၊ လုံးဝ ဝါမကပ်ခဲ့ရသော ရဟန်း- ဤပုဂ္ဂိုလ်များကား ကထိန်အနုမောဒနာ မပြုနိုင်ပါ။ ကထိန်အနုမောဒနာ ပြုသော်လည်း ကထိန်၏ အာနိသင်များ မရပါ။

သဗ္ဗေတိ ဆိန္နဝဿာဒယော၊
အနုပဂတာပိ တတ္ထေဝ သင်္ဂဟိတာ။

(ဝိနယာလင်္ကာရဋီကာ-၉၃။)

## ပဝါရဏာမပြုရသော်လည်း ကထိန်ခင်းနိုင်၊ အနုမောဒနာပြုနိုင်

ပုရိမဝါကပ်၍ ဝါမကျိုး မပြတ်ပဲ ပုရိမဝါကျွတ်ပြီးဖြစ်သော်လည်း အန္တရာယ် (၁၀)ပါးတို့တွင် တခုခုကြောင့် ပဝါရဏာ မပြုရသော ရဟန်းသည်သည်း ကထိန်ခင်းနိုင်သည်၊ အနုမောဒနာလည်း ပြုနိုင်သည်။

ပဌမပဝါရဏာယ ပဝါရိတာတိ ဣဒံ ဝဿစ္ဆေဒံ အကတွာ ဝဿံဝုတ္ထဘာဝသန္ဒဿနတ္ထံ ဝုတ္တံ။

အန္တရာယေန အပ္ပဝါရိတာနမ္ပိ ဝုတ္ထဝဿာနံ ကထိနတ္ထာရ· သမ္ဘဝတော၊ တေနေဝ "အပ္ပဝါရိတာဝါ" တိ အဝတွာ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တီတိ တွေကမေဝ ဝုတ္တံ။

(ဝိနယာလင်္ကာရဋီကာ–၉၂။)

## ကထိန်အာနိသင်ရနိုင်သော ပုဂ္ဂိုလ်များ

၁။ ကထိန်ခင်းသော ကထိနတ္ထာရကပုဂ္ဂိုလ်၊

၂။ အနုမောဒနာပြုသော အနုမောဒကပုဂ္ဂိုလ်–

ဤပုဂ္ဂိုလ် (၂) ယောက်တို့အား ကထိန်ခင်းခြင်းကြောင့် ကထိန်၏အာနိသင်ကို ရကြပါသည်။

## အနုမောဒနာပြုသော ပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါး

၁။ ကထိန်ခင်းရာ ဥပစာရသိမ် (ကျောင်းတိုက်) အတွင်း၌ တည်၍ အနုမောဒနာပြုခြင်း၊

၂။ အနုမောဒနာ ပြုသောအခါ နှုတ်မြွက်၍ အနုမောဒနာ ပြုခြင်း၊

၃။ အနုမောဒနာ ပြုသောအခါ အခြားရဟန်းတို့အား ကြားသိရအောင် အနုမောဒနာ ပြုခြင်း–

ဤအင်္ဂါ (၃) ချက်နှင့် ပြည့်စုံအောင် အနုမောဒနာပြုမှသာ အနုမောဒနာ ပြုရာရောက်၍ ကထိန်အာနိသင် ရနိုင်သည်၊ ဤအင်္ဂါ (၃) ချက်တို့တွင် တခုခု ချွတ်ယွင်းလျှင် အနုမောဒနာ ပြုသော်လည်း အနုမောဒနာ ပြုရာမရောက်သဖြင့် အာနိသင်မရနိုင်။

## ရှင်သာမဏေများ ကထိန်အာနိသင် ရ·မရ

အနုမောဒနာပြုသော သာမဏေတို့အားလည်း ကထိန်အာနိသင် ရပါသည်။

"သာမဏေရာ ကထိနာနိသံသံ လဘန္တီတိ ဝဒန္တိ"

(ဝဇိရဗုဒ္ဓိဋီကာ)

## ကထိန်အာနိသင် (၅) ပါးတို့တွင်

၁။ ရဟန်းတော်များအား (၅) ပါးလုံး အကုန်ရ၏။

၂။ သာမဏေများအား ယောစ ဇတ္ထ စီဝရုပ္ပါဒ–ဟူသော အကျိုးတပါး သာ ရ၏။

## ကထိန်အာနိသင် မရနိုင်သူများ

၁။ ပုရိမဝါ ကျိုးပြတ်သော ရဟန်း, သာမဏေ၊

၂။ ပုရိမဝါ မကျိုးပြတ်သော်လည်း အနုမောဒနာမပြုသော ရဟန်း, သာမ ဏေ၊

၃။ အနုမောဒနာ ပြုသော်လည်း သူတပါးကြားအောင် နှုတ်မြွက်၍ မပြု သော ရဟန်း, သာမဏေ—

ဤပုဂ္ဂိုလ်များကား ကထိန်အာနိသင် မရနိုင်ပါ။

## ကထိန်ခင်းသော ရဟန်း၊ အနုမောဒနာပြုသော ရဟန်းတို့ အာနိသင် စ၍ရရာကာလ

ကထိန်ခင်းသော ကထိနတ္ထာရက ရဟန်းအား "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" စသည်ဖြင့် နှုတ်မြွက်၍ ကထိန်ခင်းပြီးသည်နှင့် တပြိုင်နက် ကထိန်အာနိသင်ကို စ၍ရပါသည်။

အနုမောဒနာပြုသော ရဟန်းအား ကထိန်ခင်းသည့်ပုဂ္ဂိုလ်က အနုမောဒနာ ပြုရန် တိုက်တွန်းသဖြင့် "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာ- ရော အနုမောဒါမိ" ဟု အနုမောဒနာပြုပြီးသော အချိန်ကာလကစ၍ အာနိသင် ကို ရပါသည်။

အထူးသိမှတ်ရန် ဝါကျိုး ဝါပြတ်မရှိပဲ ပုရိမဝါကင်း၍ ဝါကျွတ်ပြီး ရဟန်းတို့အား ။ ကထိန်မခင်းသော်လည်း စီဝရကာလ၏ အစွမ်းသတ္တိကြောင့် အာနိသင် (၅) ပါးကို အလိုအလျောက် စီဝရကာလ (၁) လအတွင်း၌ ရနေ၏။ ကထိန်ခင်းလိုက်လျှင် ကထိန်ခင်းမှု၏ အရှိန်အဝါသတ္တိကြောင့် အချိန်ကာလ တိုးပွားသွားကာ တပေါင်းလပြည့်နေ့အထိ(၅)လတိုင်အောင် ရရှိသွားတော့၏။

ပစ္ဆိမဝါသားနှင့် ဝါကျိုးဝါပြတ်သော ရဟန်းတို့မှာကား ကထိန်ခင်းသည် ဖြစ်စေ၊ မခင်းသည်ဖြစ်စေ၊ စီဝရကာလ (၁) လအတွင်း၌ စီဝရကာလသ၏ အချိန်အဝါသတ္တိကြောင့် "ယော စ တတ္ထ စီဝရုပ္ပါဒ" အာနိသင်မှ တပါးသော အာနိသင် (၄) ပါး အလိုအလျောက် ရရှိနေ၏။ ပုရိမဝါသား ရဟန်းကား (၅) ပါးလုံးရ၏။

"ယော စ တတ္ထ စီဝရုပ္ပါဒ" အာနိသင်အကျိုးကား ပုရိမဝါသား ရဟန်းတို့ အတွက်သာ အာနိသင်ဖြစ်သည်ကို သေချာစွာ သိနားလည်ထားပါလေ။

## ကထိန်ခင်းရမည့်သိမ်

ကထိန်ဉတ်သက်န်းကို သံဃာက ကထိန်ခင်းမည့်ပုဂ္ဂိုလ်အား ပေးသော ကထိနစီဝရဒါန ဉတ္တိဒုတိယကံကို ကထိန်ခင်းရာ ဥပစာရသိမ်ခေါ် ကျောင်း တိုက် အာရာမ်တွင်း၌ ဗဒ္ဓသိမ်ရှိခဲ့လျှင် ၎င်းသိမ်တွင်း၌ ပေးရမည်။ မရှိခဲ့လျှင် ဗဒ္ဓသိမ်၊ သို့မဟုတ် ဥဒကုက္ခေပသိမ် စသည်ရှိရာအရပ်သို့ သွားရောက်၍ ပေး ရမည်။

ကထိန်ခင်းသောအခါ၌ကား ကထိန်ခင်းရာ ကျောင်းတိုက် ဥပစာရသိမ် အတွင်း၌ ဗဒ္ဓသိမ်ရှိလျှင် သက်န်းပေးရာ ဗဒ္ဓသိမ်အတွင်း၌ဖြစ်စေ၊ သို့မဟုတ် ဥပစာရသိမ်၏အတွင်း သံဃာအများ စုဝေးနိုင်ရာ အခြားတနေရာရာ၌ပင် ဖြစ်စေ ခင်းနိုင်သည်။ ဥပစာရသိမ်၏အပြင်ဘက်၌ကား မခင်းကောင်း။

ဗဒ္ဓသိမ်မရှိ၍ အခြားဗဒ္ဓသိမ်ရှိရာသို့ သွားရောက်၍ ဉတ်သက်န်းကို ပေးရ လျှင်ကား သက်န်းပေးပြီးလျှင် ကျောင်းတိုက်အတွင်းသို့ ပြန်လာ၍ သင့်တော် ရာ အရပ်၌ သံဃာအားလုံးစု၍ ခင်းရမည်။

> အတ္တနော ဝိဟာရံ အာဂန္တွာ ဝဿူပနာယိကခေတ္တဘူတာယ ဥပစာရသီမာယ ဌတွာ ကထိနံ အတ္ထရိတဗ္ဗံ။
>
> ဥပစာရသီမတော ဟိ ဋ္ဌိတံ ဗဒ္ဓသီမံ ဂန္တွာ အတ္ထရဏကိစ္စံ နတ္ထိ။
>
> (ဝိနယာလင်္ကာရဋီကာ-၁၁၇)။

ထို့ကြောင့် ကထိန်ခင်းရာသိမ်ကား ဥပစာသိမ်ဟူ၍သာ မှတ်ယူရမည်။

## ဥပစာရသိမ်သက်သက်အတွင်း၌ ဥတ်ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းမပေးကောင်း

အချို့သောဆရာတို့ကား ဗဒ္ဓသိမ်မရှိသော ကျောင်းတိုက်၌ ဥပစာရသိမ် သက်သက်အတွင်း၌ပင် ဥတ်ကမ္မဝါစာဖတ်၍ ဥတ်သင်္ကန်း ပေးကောင်း၏ဟု ပြောဆိုကြကုန်၏။

ထိုဆရာတို့၏စကားကား မသင့်ပါ။

(အကြောင်းမှာ) ဤကထိနစီဝရဒါနကံသည် ဥတ္တိဒုတိယကံတည်း' လဟုကကံ, ဂရုကကံ (၂)မျိုးတို့တွင် ဂရုကကံသာတည်း။ "ဥပစာရသီမာယံ စတ္တာရိ သံဃကမ္မာနိ ကာတဗ္ဗာနိ"ဟု ပါဠိတော်ကျမ်းဂန်တို့၌ မလာသော ကြောင့် ဥတ္တိဒုတိယ ဂရုကဖြစ်သော ကထိနစီဝရဒါနကံကို ဗဒ္ဓသိမ်၊ ဥဒကုက္ခေပ သိမ်စသော ဝိနယဂရုကကံ ပြုကောင်းရာသိမ်တို့၌သာ ဥတ်ကမ္မဝါစာရွတ်ဖတ်၍ သံဃာကပေးရမည်။ ကျောင်းတိုက် ဥပစာရသိမ်သက်သက် အတွင်း၌ကား ပေးခွင့်မရှိ၊ ပေးသော်လည်း ကံမမြောက်ဟု မှတ်ပါ။

## တိစီဝရိတ်ဆောင်ပုဂ္ဂိုလ် (၂)မျိုး

၁။ နိစ္စတေစီဝရိကပုဂ္ဂိုလ် (တိစီဝရိတ်ဓုတင်ဆောင်ရဟန်း)၊

၂။ အဝတ္ထာတေစီဝရိကပုဂ္ဂိုလ် (ဝိနည်းတိစီဝရိတ်ဆောင်ရဟန်း)–

ဟူ၍ တိစီဝရိတ်ဆောင်ပုဂ္ဂိုလ် (၂)မျိုးရှိ၏။ ထို(၂)မျိုးသော ပုဂ္ဂိုလ်တို့သည် သာ ဒုကုဋ်သင်္ကန်းကြီး, ဧကသီသင်္ကန်း, သင်းပိုင်သင်္ကန်း-ဟူသော သီးခြား နာမည်ဖြင့် တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသောကြောင့်"ပေါရာဏကာ သံဃာဋိ ပစ္စုဒ္ဓရိတဗ္ဗာ" စသည်ဖြင့် အဋ္ဌကထာဖွင့်ဆိုထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ အဓိဋ္ဌာန်တင်ထားမှုမရှိပဲ ရှေးက ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ကာ သို့မဟုတ် ဝိကပ္ပနာပြုကာ သင်္ကန်းများကို သုံးဆောင်နေသော ရဟန်းဖြစ်လျှင်ကား ရှေး သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြုနေရန် မလိုဟု မှတ်ယူပါလေ။

တိစီဝရိတ်အဓိဋ္ဌာန်ကား မျိုးတူသင်္ကန်း ၂-ထည် ၃-ထည် စသည်တို့ကို တပြိုင်နက် အဓိဋ္ဌာန်မဘောင်ကောင်း။ ထို့ကြောင့် အဟောင်းကို အဓိဋ္ဌာန် ချရသည်။

ကထိန်ခင်းရာ၌လည်း ကထိန်ခင်းမည့်သင်္ကန်းကို တိစီဝရိတ် အဓိဋ္ဌာန်နည်းဖြင့်သာ အဓိဋ္ဌာန်တင်၍ ကထိန်ခင်းရ၏။

> အာသန္နေ ကာလေ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌဟန္တ္ဝာပိ ကထိန် အတ္ထရိတုံ လဘတိမေဝါတိ ဒဋ္ဌဗ္ဗံ။
>
> (ဝိနယာလင်္ကာရဋီကာ–၁၁၃။)

၌ မိန့်ဆိုထားသောကြောင့် ကထိန်ခင်းကာနီး ရက်ပိုင်းအလိုမှာပင် တိစီဝရိဘ် အဓိဋ္ဌာန်တင်ဆောင်ပြီးလျှင်လည်း ကထိန်ခင်းနိုင်ပါသေး၏။ အကျိုးကား မထူးလှပါ၊ အလုပ်ပိုရုံသာဖြစ်၏။

### ကျောင်းတိုက်အာရာမ်တခုအတွင်း၌ အသီးသီးခွဲ၍ ကထိန်ခင်းသင့် မခင်းသင့်

ကျောင်းတိုက်ကြီးတခုအတွင်း၌ ကျောင်းများစွာ အသီးအသီးရှိခဲ့သော် ဝါဆိုခေတ် အာရာမ်တခုတည်းဖြစ်သောကြောင့် ကျောင်းအသီးအသီး ကိုယ့်ကျောင်းနှင့်ကိုယ် ခွဲ၍ ကထိန်မခင်းကောင်း၊ ကျောင်းအားလုံး တစုတပေါင်းတည်းသာ စုပေါင်းကထိန်တခုတည်းသာ ခင်းကောင်း၏။ ဉတ်တခုတည်းသာ ဖြစ်ရမည်။

> "သစေ ပန ကေသိမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေဟိ ဘိက္ခူဟိ သန္နိပါတာပေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ"။
>
> (ဝိနယာလင်္ဂဟာ အဋ္ဌကထာ- ၄၀၀။)

### ကထိန်နှင့်စပ်၍ သိမှတ်ရန် သင်္ကန်း(၃)မျိုး

ကထိန်ခင်းသောအခါ ကထိန်နှင့်စပ်သွယ်သည့် သင်္ကန်းများမှာ—

၁။ ဉတ်သင်္ကန်း၊

၂။ ဉတ်ရံသင်္ကန်း၊

၃။ အာနိသင် သက်န်း–ဟူ၍ (၃)မျိုးရှိသည်။

ထို(၃)မျိုးတို့တွင်–

ဥတ်သက်န်းဆိုသည်မှာ–ကထိန်ခင်းရန်အတွက် သံဃိကလှူဒါန်းအပ်သော ဒုကုဋ်, ဧကသီ, သင်းပိုင်(၃)ထည်တို့တွင် တထည်ထည်သော သက်န်းတည်း။ ၎င်းသက်န်းကို ကထိန်ခင်းရန်အတွက် ဥတ်ကမ္မဝါစာဖြင့် ကထိန်ခံပုဂ္ဂိုလ်အား ပေးရသောကြောင့် ဥတ်သက်န်းဟု ခေါ်၏။

ဥတ်ရုံသက်န်းဆိုသည်မှာ–ကထိန်ဒါယကာများက"တပည့်တော်တို့၏ ဥတ် သက်န်းဖြင့် ကထိန်ခင်းရသော ကထိန်ခံပုဂ္ဂိုလ်အား ဤသက်န်းတို့ကို လှူဒါန်း ပါကုန်၏"ဟု လျှောက်ထား၍ လှူဒါန်းအပ်သော သက်န်းတည်း။

ယခုခေတ် အချို့ကထိန်ဒါယကာတို့သည် ဥတ်မကြီးဟုသတ်မှတ်ကာ ဥတ် သက်န်းနှင့်တကွ အခြားသက်န်းစသော ပစ္စည်းမျိုးစုံ များစွာတို့ကို ကထိန်ခံ ပုဂ္ဂိုလ်အတွက် သီးခြားလှူဒါန်းကြကုန်၏။ ၎င်းတို့ကား ဥတ်ရုံပစ္စည်းတို့တည်း။ ၎င်းပစ္စည်းတို့ကား (သက်န်းနှင့်တကွ) ကထိန်ဥတ်ခံ ပုဂ္ဂိုလ်တပါးတည်းသာ ပိုင်ဆိုင်သော ပစ္စည်းများဟု မှတ်ပါ။ သံဃာကား မဆိုင်၊ အစိုးမရ။

"ဝေံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ 'ယေန အမှာကံ ကထိနံ ဂဟိတံ၊တဿေဝ ဒေမာ' တိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော။"

(ဝိနယသင်္ဂဟအဋ္ဌကထာ- ၃၀၀။)

ကထိန်ခံပုဂ္ဂိုလ်ဟု မရည်ညွှန်းပဲ သာမညသာလှူသော်

ကထိန်ဥတ်သက်န်းခံယူသော ပုဂ္ဂိုလ်အတွက်ဟု သတ်မှတ်ချက်မပြုပဲ ကထိန် ဥတ်သက်န်းနှင့်တကွ အားလုံးသက်န်းစသော ပစ္စည်းတို့ကို သံဃဿ ဒေမ-ဟု သာမညပင် လှူဒါန်းခဲ့လျှင်ကား ကထိန်ခင်းသောရဟန်းမှာ ဥတ်သက်န်း တထည်တည်းသာ ပိုင်ဆိုင်၏။ အခြားသက်န်းစသော ပစ္စည်းတို့ကိုကား သံဃာ အားလုံးပိုင်ဆိုင်၏၊ သံဃာက အစိုးရ၏။

ထို့ကြောင့် ကထိန်ခံရဟန်းအား ကထိန်ခင်းသည့် သက်န်းမှ ကြွင်းသော နဂိုရှိ သက်န်းတို့သည်လည်း ဆွေးမြည့် ဟောင်းနွမ်းနေ၍ ဥတ်သက်န်းမှ အပို နောက်ထပ် သက်န်းပေးလိုသေးသော် သံဃာအား ပုန်ကြား၍ ပေးရမည်။

နောက်ထပ်အပို သံဃိကသင်္ကန်းထဲမှပေးသောအခါ ပန်ကြားရုံမျှဖြင့်ပြီး၏။ ဥတ်ကမ္မဝါစာ နောက်ထပ်ဖတ်ကာ ပေးနေရန် မလိုတော့ပါ။ ဥဝ်သင်္ကန်း ပေးသလို သိမ်တွင်းသို့ သွားကာ ဥတ်ကမ္မဝါစာဖြင့် ပေးနေဖွယ် မလိုတော့ပါ ဟု ဆိုလိုသည်။

"အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော၊ တသ္မာ သစေ ကထိနတ္ထာရကဿ သေသ စီဝရာနိ ဒုဗ္ဗလာနိ ဟောန္တိ၊ သံဃေန အပလောကေတွာ တေသမ္ပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ၊ ကမ္မဝါစာ ပန ကောယေဝ ဝဋ္ဋတိ။"

(အဋ္ဌကထာ- ၃၀၀။)

အာနိသင်သင်္ကန်းဆိုသည်မှာ—ကထိန်ဥတ်သင်္ကန်းနှင့် အတူတကွ သံဃိကာ လှူဒါန်းအပ်သော သင်္ကန်းတို့တည်း။

အာနိသံသန္တိ ကထိနာနိသံသစီဝရံ၊ ကော အတ္ထတစီဝရံယေဝ ဟိ ကထိနစီဝရံ၊ အဝသေသာနိ စီဝရာနိ ဝါ သာဋကာ ဝါ ကထိနာနိ- သံသာယေဝ နာမ။

(ဝိနယာလင်္ကာရဋီကာ- ၉၃။)

## ကထိန်အာနိသင်သင်္ကန်း တမျိုးရှိသေး၏

၁။ ကထိန်ခင်းရာ တိုက်တာအတွင်း၌ အာနိသင်ရရာ (၅)လ အတွင်း သံဃိကလှူဒါန်းအပ်သော သင်္ကန်းများသည် လည်းကောင်း၊

၂။ မတသန္တကဖြစ်လာ ရောက်လာသော သင်္ကန်းများသည်လည်းကောင်း၊

၃။ သံဃိကဖြစ်လောကျောင်းတိုက်ဝိုင်း ကျောင်းတိုက်ဝတ္ထုကံမြေလယ်ယာ ဥယျာဥ် တိုက်တာ ခြံ-စသည်တို့မှ ဖြစ်ပေါ်လာသော ပစ္စည်းဝတ္ထုတို့ဖြင့် ကပ္ပိယ ကာရကတို့က လဲလှယ်၍ ရရှိသော ကျောင်းတိုက် သံဃိကသင်္ကန်းတို့သည် လည်းကောင်း၊ ထိုကထိန်ခင်းရာ ကျောင်းတိုက်အတွင်းရှိ ကထိန်အာနိသင် ရသော ရဟန်းတို့သာ ပိုင်ဆိုင်အစိုးရသောကြောင့် ဝေဖန်၍ ယူနိုင်သည်။ ထိုသို့ ကထိန်ခင်းခြင်းကြောင့်သာ ပိုင်ဆိုင်ရရှိသော သင်္ကန်းမျိုး ဖြစ်သောကြောင့် ကထိန်အာနိသင် သင်္ကန်းဟူ၍ပင် ခေါ်ဆိုရသည်။

## သံဃိက ကထိန်အာနိသင် သင်္ကန်းများကို ဝေဖန်ပုံ

ညတ်သင်္ကန်းနှင့် ကထိန်ခံပုဂ္ဂိုလ်အား (အပိုလှူသင့်၍) အပိုလှူဒါန်းပြီးသဖြင့် ကျန်သော ကထိန်အာနိသင် သင်္ကန်းတို့ကို သံဃိကဖြစ်၍ သံဃာပိုင် သံဃာကအစိုးရသော သင်္ကန်းများ ဖြစ်သောကြောင့် ကထိန်ခံပုဂ္ဂိုလ်မှတပါး ဥပစာရသိမ်ဟုဆိုအပ်သော တိုက်တွင်းရှိ ပုရိမဝဿံဝုတ္ထသံဃာအားလုံး ဝေဖန်၍ ယူရမည်။ ဝေဘန်ပုံမှာ ကထိနာနိသံသဖြစ်သော သင်္ကန်းအဝတ်တို့ကို ဝါကပ်သာရဟန်းတို့၏ တည်စဉ်အားဖြင့် ပေးဝေရမည်။ ထေရ်စဉ် ဝါစဉ် အားဖြင့် ဝေဖန်ပေးရမည် ဟူလို။ ထေရ်စဉ် ဝါစဉ် တည်နေကြောင်း အစဉ် မရှိခဲ့သော် မထေရ်ကြီး၏ နေရာမှစ၍ ဝေဖန်ကာ ပေးဝေရမည်။ ဂရုဘဏ် ဂရုပရိက္ခရာတို့ကိုကား အဝေဘဂိယပစ္စည်းဖြစ်၍ မဝေဖန်ကောင်း၊ သံဃိက အဖြစ်ဖြင့် ကျောင်း၌ ထားပါ။

ဥပစာရသိမာယံ ယေဝ ဟိ သံဃလာဘဝိဘဇနာဒိကံ သိဇ္ဈတိ။

(ဋီကာ- ၁၄၀။)

## ကထိန်ခင်းရာတွင် ပါဝင်သော ဂရုဘဏ်တို့ကိုဝေဖန်နိုင်အောင် လုပ်နည်း

ကထိန်ခင်းသောအခါ၌ ဒါယကာ ဒါယိကာမတို့ လှူဒါန်းအပ်သော ဂရုဘဏ် ဂရုပရိက္ခရာတို့ကို ကျောင်းအသီးသီး သံဃာအများဖြစ်၍ ရရှိသော ပုဂ္ဂိုလ်များ ပုဂ္ဂလိကသုံးစွဲနိုင်ရန် ဝေဖန်၍ ပေးလိုသော် ၎င်းအဝေဘဂိယပစ္စည်းတို့ကို သံဃိကရေစက် မချပဲ ဝေဖန်သဖြင့် ကျရာပုဂ္ဂိုလ်အား လှူဒါန်းပါကုန်၏ဟု ရေစက်ချ လှူဒါန်းစဉ်ကပင် ခွဲ၍ဆိုကာ ရေစက်ချလှူဒါန်းရမည်၊ သံဃိကသာမညအားဖြင့် လုံး၍ ရေစက်ချ လှူဒါန်းလိုက်လျှင်ကား မဝေဖန်ကောင်းတော့ပြီ၊ ဝေဖန်၍ ယူသော်လည်း ပုဂ္ဂလိကမဖြစ်၊ သံဃိကပင်ဖြစ်၏။

## ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ-အဓိပ္ပာယ်

အဝသေသကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ-ဟု အဋ္ဌကထာ၌ သင်္ကန်းဝေဖန်နည်းကို မိန့်ဆိုတော်မူ၏၊ ၎င်းပါဠိ၌ ဝဿာဝါသိကဋ္ဌိတိက အဓိပ္ပာယ်မှာ သံဃာအများရှိသော ကျောင်းတိုက်၌ ရသမျှသော သံဃိက အဝတ်သင်္ကန်းတို့ကို ထေစဉ် ဝါစဉ်အားဖြင့် ဓေစု ပေးလေ့ရှိလျှင် ရှေးဝေစုပေးစဉ်က မလောက်၍ ဆိုင်းငံ့ထားရသောအစဉ်ကို "ဝဿာဝါသိကဋ္ဌိတိက" ဟု ခေါ်သည်။ ၎င်းဆိုင်းငံ့ထားရသော အစဉ်မှစ၍

ရှေးကဝေစုမရသေးသည့် ပုဂ္ဂိုလ်မှစ၍ ဆက်လက်၍ ဝေစုပေးပါလေဟုဆိုသည်၊ အစမှ စ၍ မဝေဖန်ရ။ထိုကဲ့သို့အစဉ်မရှိလျှင်ကား မထေရ်ကြီးမှစ၍ ဝေစုဝေဖန်ပါလေဟု ဆိုသည်။

**ကထိန်ခင်းရာ၌ ပါလာသော သင်္ကန်းမှတပါး အခြားပစ္စည်းများကိုဝေဖန်ပုံ**

ကထိန်ခင်းသောအခါတွင် လှူဒါန်းအပ်သော သံဃိကဖြစ်သည့် သင်္ကန်းမှတပါး အခြားသောပစ္စည်းတို့မူကား အာဂတာနာဂတစာတုဒ္ဒိသာသံဃိကဖြစ်၍ သံဃာအများဆိုင် အများပိုင်ပစ္စည်းများဖြစ်ခြင်းကြောင့်—

၁။ ကထိခင်းရာတိုက်တွင်းရှိ ပစ္ဆိမဝါသားများနှင့် ဝါကျိုးဝါပြတ် ရဟန်းများပါမကျန် ရဟန်းတော်များအာလုံး၊

၂။ ဝေဖန်စဉ် တိုက်တွင်းသို့ရောက်လာသည့် အာဂန္တုကရဟန်းများ၊ ၎င်းရဟန်းတို့ကိုလည်းကောင်း၊

၃။ တိုက်တွင်းရှိ သာမဏေတို့ကိုလည်းကောင်း၊ ရောက်လာသည့်သာမဏေများပါမကျန်အားလုံး–

အညီအမျှထိုက်သလို ဝေဖန်ပေးရမည်။

**သာမဏေများအား ရဟန်းများနှင့် တန်းတူ ဝေသင့်-မဝေသင့်**

ကထိန်အာနိသင် သင်္ကန်းကို သာမဏေတို့အား ရဟန်းတော်များနှင့် တန်းတူ အညီအမျှသာ ဝေဖန်ရပါသည်။ အညီအမျှသာပေးဝေသင့်ပါသည်။ ရဟန်းတော်များနှင့် ဝေစုတူပင် သာမဏေတို့အား ပေးရမည်။

"ဝဿာ ဝါသိကကထိနာနိသံသာဒိ ကာလစီဝရံ ပန သမကမေဝ (သာမဏေရာနံ) ဒါတဗ္ဗံ။"

(ဝိနယာလင်္ကာရဋီကာ။)

### သာမဏေများ ရဟန်းတော်တို့နှင့်အတူ ရနိုင်သည့်ပစ္စည်း

၁။ ကထိန်အာနိသင်သင်္ကန်း၊

၂။ ဝါကျွတ်သင်္ကန်းစသော ကာလသင်္ကန်း၊

တို့ကို ရဟန်းတော်တို့နှင့် တန်းတူ ဝေစုဝေရပါသည်။

### ထက်ဝက်သာ ပေးဝေရသောပစ္စည်း

၁။ အကာလသင်္ကန်းများ၊

၂။ အခြားသံဃိကဖြစ်သော ပန်း-သစ်သီးစသည်များ၊

၎င်းပစ္စည်းတို့ကို ဝေဖန်သောအခါ၌ကား သာမဏေများအား ရဟန်းတော်တို့၏ ထက်ဝက်ဝေစုကိုသာ ပေးရမည်။ ရဟန်းတော်တို့နှင့် တန်းတူ ဝေစုမပေးရပါ။

"သာမဏေရာနံ ဥပဍ္ဎပဋိဝိသံ"-ဟူသော အဋ္ဌကထာ၌လာသော စကားမှာ အကာလသင်္ကန်းတို့ကို ဝေဖန်ရာ သံဃိက-ပန်းသစ်သီးစသည်တို့ကို ဝေဖန်ရာ အတွက်သာဆိုသည်။

### သံဃာအား ကျေးဇူးများသော သာမဏေတို့အား တန်းတူပေးနိုင်

ထိုသံဃိကပစ္စည်းတို့ကို ဝေဖန်ရာ၌ပင် ထက်ဝက်ဝေပေးရမည်ဟု ဆိုသော်လည်း သံဃဝေယျာဝစ္စကို ဆောင်ရွက်ကြရသော သံဃာအားကျေးဇူးများသည့် သာမဏေတို့ကိုမူကား ရဟန်းတို့နှင့်တန်းတူ ဝေစုကိုပင် ပေးဝေအပ်-ပေးဝေကောင်း၏။

သာမဏေရာနံ ဥပဍ္ဎပဋိဝိသန္တိဧတ္ထ ယေ သာမဏေရာ အတ္တိဿရာ၊ ဘိက္ခုသံဃဿ ကတ္တဗ္ဗကမ္မံ န ကရောန္တိ၊ ဥဒ္ဒေသပရိပုစ္ဆာသု ယုတ္တာ အာစရိယုပဇ္ဈာယာနံယေဝ ဝတ္တပဋိပတ္တိံ ကရောန္တိ၊ အညေသံ န ကရောန္တိ၊ ဧတေသံ ယေဝ ဥပဍ္ဎဘာဂေါ ဒါတဗ္ဗော။

ယေ ပန ပုရေဘတ္တဉ္စ ပစ္ဆာဘတ္တဉ္စ ဘိက္ခုသံဃဿေဝ ကတ္တဗ္ဗကိစ္စံ ကရောန္တိ၊ တေသံ သမကော ဒါတဗ္ဗော၊ ဣဒဉ္စ ပိဋ္ဌိသမယေ ဥပ္ပန္နေန ဘဏ္ဍာဂါရေ ဌပိတေန အကာလစီဝရေနေဝ ကထိတံ၊ ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ။

(ဝိနယာလင်္ကာရဋီကာ ဒု-၁၄၀။)

**ကထိန်အာနိသင်သင်္ကန်းဝေဖန်ရာ၌—**

၁။ သင်္ကန်းတန်ဖိုး ညီမျှအောင်လည်း လုပ်၍ မဝေဖန်ရ၊

၂။ မဲချ၍လည်း မဝေဖန်ရ။

"ဝဿာဝါသိကဋ္ဌိတိက"အစဉ်ရှိသေးလျှင် ၎င်းဝဿဝါသိကဋ္ဌိတကအစဉ်မှစ၍ သော်လည်းကောင်း၊ "ဝဿဝါသိကဋ္ဌိတိက" အစဉ်မရှိခဲ့လျှင် မထေရ်ကြီးမှစ၍ ထေရ်စဉ်ဝါစဉ်အတိုင်းလာလျှင်သော်လည်းကောင်း၊ ၎င်းပါးလျှင်၎င်းထည်ကျဖြင့် အကောင်းဆုံးသင်္ကန်းမှစ၍ ပေးဝေရသည်။

ထေရ်စဉ်ဝါအားဖြင့် ရှေးဝါကျွတ် သံဃိက (ဝဿဝါသိကစီဝရ) သင်္ကန်းတို့ကို ဝေဖန်တုံးက သင်္ကန်းမလောက်သဖြင့် ရပ်တန့်ထားခဲ့ရသော ဝါစဉ်နေရာကို "ဝဿဝါသိကဋ္ဌိတိကာ"ဟု ခေါ်ကြောင်းကို ရှေး၌ပြခဲ့ပြီးဖြစ်သည်။

> ကထိနာနိသံသစီဝရာနိ ဝဿဝါသိကဋ္ဌိတိကာယ ဝါ ဝုဍ္ဎတရတောဝါ ပဋ္ဌာယေဝ ဒါတဗ္ဗာနိ၊ နေဝ အဋ္ဌသမတ္တံ ကာတဗ္ဗံ၊ န ကုသော ပါတေ-တဗ္ဗော။
>
> အဝသေသကထိနာနိသံသေ ဗလဝဝတ္ထာနိ (များစွာသောအဝတ် တို့ကို၊) ဝုဍ္ဎတရတော ပဋ္ဌာယ ဧကေဿ ဘိက္ခုဿ ဧကံ ဝတ္ထံ ဒါတဗ္ဗံ၊ တေသု ပန ဝရံ ဝရံ ဝုဍ္ဎဿ ဒါတဗ္ဗံ။ ။
>
> (ဝိနယာလင်္ကာရဋီကာဒု-၁၃၇။)

**သင်္ကန်းအထည် အရေအတွက်နည်းဖြင့်သာ ဝေဖန်ရ**

ကထိန်အာနိသင် သင်္ကန်းများကို ဝေဖန်သောအခါ သင်္ကန်းတန်ဖိုးခြင်း မညီမျှပဲ ကောင်းသော သင်္ကန်းပင် ဖြစ်စေ၊ ညံ့သော သင်္ကန်းပင် ဖြစ်စေ အမျိုးမျိုး အထွေထွေသော သင်္ကန်းတို့ကို သင်္ကန်း အရေအတွက်အား ဖြင့်သာ ကျရာဝေဖန်ရသည်။ တန်ဖိုးအရေအတွက်ကို တွက်ချက်၍ ဝေဖန်ရန် မလိုပါ။

> ဝဿဝါသိကဂတိကဘာဝဿ ဝစနတော ကထိနာနိသံသဝတ္ထာနိ ဝတ္ထဂဏနာဝသေနေဝ ဘာဇေတဗ္ဗာနိ န အဋ္ဌသမဘာဝေနာတိ ဝဒ္ဓဗ္ဗာနိ။
>
> (ဝိနယာလင်္ကာရဋီကာဒု-၁၃၉။)

## ကထိန်ပစ္စည်း ဝေဖန်ပုံ အချုပ်အားဖြင့် သိမှတ်ဖွယ်

ကထိန်ဒါယကာများက ကထိန်သင်္ကန်းအဖြစ်ဖြင့် တိစီဝရိတ်သင်္ကန်းတို့ကို သံဃိကလှူဒါန်းကုန်သည်ရှိသော် ကထိန်ခံသော ပုဂ္ဂိုလ်အား သံဃာတော်က ကထိန်ခင်းရန်အတွက် ဉတ်သင်္ကန်းအဖြစ်ဖြင့် ပေးသောသင်္ကန်းမှ တပါး ကျန်သောသင်္ကန်း (၂)ထည်သည် သံဃိကဖြစ်၍ ကထိန်ခံပုဂ္ဂိုလ်အား ပေးလို ခဲ့လျှင် သံဃာကို ပန်ကြား၍ ပေးရမည်။

အခြံအရံပစ္စည်းများ–ၚင်းပစ္စည်းများကို အသီးသီးပိုင်းခြား သတ်မှတ်၍ လှူဒါန်းသည်ဖြစ်ပါမူ အထူးဆိုဖွယ်ရာမရှိ၊ ဒါယကာတို့ လျှောက်ထား၍ လှူသည့် အတိုင်းသာဖြစ်၏။

**အားလုံးသံဃိက လှူဒါန်းခဲ့သော်–ၚင်းသံဃိကလှူဒါန်းသည့် ပစ္စည်းများမှ-**

၁။ ဂရုဘဏ်ပစ္စည်းများကို မဝေဖန်ရ၊ သံဃိကထား၍ သုံးဆောင်ရ၏။

၂။ လဟုဘဏ်ပစ္စည်းတို့တွင် သင်္ကန်းများကို ကထိန်အာနိသင်ရ ပုဂ္ဂိုလ် များကိုသာ ဝေဖန်၍ပေးရမည်။

(မှတ်ချက်)– ကထိန်အာနိသင်ရ မရသော ရဟန်း-သာမဏေများကို ဝေဖန် ပေးလိုက သံဃာကို ပန်ကြား၍ ပေးရမည်။

သင်္ကန်းမှတပါးအခြား လဟုဘဏ်ပစ္စည်းများကိုမူကား အာနိသင်-ရ မရသမ္မုခိဘူတသံဃာအားလုံး အား ဝေဖန်၍ပေးရမည်။

### သမ္မုခိဘူတမဟုတ်သူများကား လုံးဝမဆိုင်

ကျောင်းတိုက်အတွင်း၌ ပုရိမဝါကျွတ်ခဲ့သော်လည်း အကြောင်းကိစ္စတခုခု ကြောင့် ခရီးထွက်နေသဖြင့် သမ္မုခိဘူတမဟုတ်သောသူများကား ကထိန် နှင့် စပ်သောအာနိသင် လာဘ်များကို လုံးဝမရထိုက်ပါ။

အကြောင်းကား–

၁။ သင်္ကန်းလာဘ်ကား ကထိန် အာနိသင်မရသောကြောင့် မရထိုက်ပါ။

၂။ သင်္ကန်းမှတပါး အခြား လဟုဘဏ်ပစ္စည်းလာဘ်ကား ဝေဖန်စဉ် သမ္မုခိဘူတမဟုတ်သောကြောင့် မရထိုက်ပါ။

အကယ်၍ ၚင်းပုဂ္ဂိုလ်တို့ကိုလည်း ပေးဝေလိုလျှင် သံဃာကိုပန်ကြားပြီးမှ သာ ပေးဝေရမည်။

## တတြုပ္ပာဒက-ကထိနာနိသံသပစ္စည်းဝေဖန်ပုံ

ကထိန်အာနိသင်ရရာကာလအတွင်းဝယ် ကျောင်း, ကျောင်းတိုက် သံဃိကပိုင် ဝတ္ထုကံ လယ်ယာဥယျာဉ်ခြံစသော ဌာနတို့မှ ဖြစ်ပေါ်လာသော ပစ္စည်းဝတ္ထုတို့ဖြင့် အာရုမ်စောင့် ကပ္ပိယကာရက-စသောပုဂ္ဂိုလ်တို့က သင်္ကန်းများကို ဖန်တီးသဖြင့် ရရှိလာသောသံဃိကကထိနာနိသံသ သင်္ကန်းတို့ကို တတြုပ္ပာဒက-ကထိနာနိသံသ သင်္ကန်းဟု ခေါ်သည်။

၎င်းသင်္ကန်းတို့ကို ဝေဖန်သောအခါ ကထိန်အာနိသင်ရသော ရဟန်းတို့အားသာ ရောက်ကုန် ပိုင်ဆိုင်ကုန်သောကြောင့် အထက်က ပြဆိုခဲ့သော ကထိန်အာနိသင် သင်္ကန်းကို ဝေဖန်ပုံအတိုင်း ဝေဖန်ရမည်။

သင်္ကန်းမဟုတ်၊ အခြားပစ္စည်းများဖြစ်ခဲ့သော်ကား အားလုံး ကထိန်အာနိသင်ရ-မရ တိုက်တွင်းသို့ရောက်ရှိလာသမျှ သံဃာမှန်သမျှတို့နှင့် သက်ဆိုင်သောကြောင့် အားလုံးသော သံဃာအား ဝေဖန်၍ပေးရမည်။

## တတြုပ္ပာဒက-ကထိနာနိသံသပစ္စည်းများကိုဝေဖန်ချိန်၌ထင်ရှားရှိသော ဝတ္ထုပစ္စည်း အလိုက်သာ ဝေဖန်ရ

အထက်ပါပစ္စည်းများကို ဝေဖန်သောအခါ ဝေဖန်ချိန်အခါ၌ ထင်ရှားရှိသော ပစ္စည်းအလိုက်သာ ဝေဖန်၍ ပေးရမည်။

၁။ သင်္ကန်းပစ္စည်းများဖြစ်လျှင် ကထိန်အာနိသင်ရ ပုဂ္ဂိုလ်များကိုသာ ဝေဖန်၍ပေးရမည်။

၂။ အခြားပစ္စည်းများဖြစ်လျှင် သံဃာအားလုံးအား ဝေဖန်၍ပေးရမည်။ မူလပစ္စည်းအရင်းအမြစ်ကို မလိုက်ရ။

"တတြုပ္ပာဒေသု ကထိနာနိသံသေသု ယဒိ အာရာမိကာ တဏ္ဍုလာဒီဟိ ဝတ္ထာနိ စေတာပေန္တိ၊ ဝတ္ထေဟိပိ တဏ္ဍုလာဒီနိ စေတာပေန္တိ၊ တတ္ထ ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ။

ဝိဘဇနကာလေ ဝိဇ္ဇမာနဝတ္ထုဝသေန ကာတဗ္ဗံ။ ထထာ ဟိ ဝုတ္တံ ဝဇိရဗုဒ္ဓိဋီကာယံ။

တတြုပ္ပာဒ္ဒေန တဏ္ဍုလာဒိနာ ဝတ္ထုသု (အဝတ်သင်္ကန်းတို့ကို) စေတာပိတေသု အတ္တတကထိနာနမေဝ တာနိ ဝတ္ထာနိ ပါပုဏန္တိ။ ဝတ္ထေဟိ ပန တဏ္ဍုလာဒိသု စေတာပိတေသု သဗ္ဗေသံ တာနိ ပါပုဏန္တီတိ ဝုတ္တန္တိ။

(ဝိနယာလင်္ကာရဋီကာ ဒု-၁၄၀။)

## သံဃာစေ့မလောက်၍သော်လည်းကောင်း, တန်ကြေးမညီမျှ၍သော် လည်းကောင်း အကပ္ပိယဝတ္ထုနှင့်လဲလှယ်၍ မဝေဖန်ရ

ကထိန်အာနိသင်သင်္ကန်း၊ သို့မဟုတ် အခြားသော သံဃိက ကပ္ပိယ ပစ္စည်းတို့ကို တပါးတထည်ကျ သံဃာစေ့မရသောကြောင့် လည်းကောင်း၊ သင်္ကန်းတထည်နှင့်တထည် တန်ဖိုးမညီမျှသောကြောင့်လည်းကောင်း သံဃာအားလုံးညီတူညီမျှဝေဖန်၍ရစေရန်ဟူသော ရည်ရွယ်ချက်မျိုးဖြင့်၊ သံဃိက ကပ္ပိယဝတ္ထုပစ္စည်းများနှင့် အကပ္ပိယ အနာမာသဝတ္ထုတို့ကို လဲလှယ်ဖလှယ်၍ မဝေဖန်ကောင်း၊ ကပ္ပိယဝတ္ထုပစ္စည်းဖြင့် အကပ္ပိယဝတ္ထုကို လဲလှယ်ဖလှယ်ကာ ဝေဖန်လျှင်ကား–

၁။ လဲလှယ်သောအခါ၊

၂။ စီစဉ်သောအခါ၊

၃။ ဝေစုကိုယူသောအခါ-တို့၌ အာပတ်သင့်၏။

ကေစ္စေ ပန ဘိက္ခူ ကေဃာ ကေကသို့ စီဝရေ အပ္ပဟောန္တေ စီဝရံ ပရိဝတ္တေတွာ အကပ္ပိယဝတ္ထုံ ဂဟေတွာ ဘာဇေန္တိ၊ တံ အတိ-သြဠာရိကမေဝ။

အညေပိ ကေစ္စာနံ စီဝရာနံ မဟဂ္ဃတာယ ကေစ္စာနံ အပ္ပဂ္ဃတာယ သမဂ္ဃံ ကာတုံ န သက္ကာတိ တထေဝ ကရောန္တိ၊ တမ္ပိ သြဠာရိကမေဝ။

(ဝိနယာလင်္ကာရဋီကာ ဒု-၁၃၃)။

## ကထိန်အာနိသင် (၂)မျိုး

ကထိန်အာနိသင်သည် –

(၁) သင်္ကန်းတည်းဟူသော အာနိသင်တမျိုး၊

(၂) အကျိုး ၅-ပါး တည်းဟူသော အာနိသင်တမျိုး–

ဟု ကထိန်၏အာနိသင်(၂)မျိုးရှိသည်။ ၎င်းအာနိသင် (၂)မျိုးတို့တွင် သင်္ကန်းတည်းဟူသော အာနိသင်ကိုကား ပြဆိုခဲ့ပြီးဖြစ်၏။ ယခုအခါ၌ကား အကျိုး (၅)ပါးတည်းဟူသော အာနိသင်တို့ကို ပြဆိုပေအံ့။

အတ္ထတကထိနာနံ ဝေါဘိက္ခဝေ ပဉ္စကပ္ပိဿန္တိ၊

အနာမန္တစာရော

အသမာဒါနစာရော

ဂဏဘောဇနံ

ယာဝဒတ္ထစီဝရံ

ယောစ တတ္ထစီဝရုပ္ပါဒေါ သောနေသံ ဘဝိဿတိ၊
အတ္ထတကထိနာနံ ဝေါဘိက္ခဝေ ဣမာနိပဉ္စကပ္ပိဿန္တိ။
(မဟာဝါပါဠိ-၃၅၂)။

ဟူ၍ မြတ်စွာဘုရား ဟောကြားထားတော်မူသောကြောင့် ကထိန်ခင်းကြရကုန်သော ရဟန်းတော်တို့အား အောက်ပါ ကထိန်အာနိသင် အကျိုးတရားများကို ရရှိခံစားကြရကုန်၏။

(၁) ထင်ရှားရှိသော ရဟန်းတို့ကို မပန်မကြားပဲ ပုရေဘတ္တအခါ၌ဖြစ်စေ၊ ပစ္ဆာဘတ္တအခါ၌ဖြစ်စေ၊ မြို့တွင်းရွာတွင်း အိမ်တို့၌ မလှည့်လည်မသွားလာရ၊ သွားလာခဲ့လျှင် စာရိတ္တသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏။

ကထိန်အာနိသင်ရသော ရဟန်းများကား လွတ်လပ်စွာ မပန်ကြားပဲသွားသော်လည်း ၎င်းစာရိတ္တသိက္ခာပုဒ်အရ ပါစိတ်အာပတ်မသင့်တော့။ ဤသို့ အာပတ်မသင့်ခြင်းသည် အနာမန္တစာရခေါ် ကထိန်၏အာနိသင်တမျိုးတည်း။

"ယောပနဘိက္ခု နိမန္တိတော သဘတ္တော သမာနော သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံဝါ ပစ္ဆာဘတ္တံဝါ ကုလေသု စာရိတ္တံ အာပဇ္ဇေယျ အညတြသမယာ ပါစိတ္တိယံ၊

တတ္ထာယံသမယော စီဝရဒါနသမယော စီဝရကာရသမယော အယံတတ္ထ သမယော။

(ဘိက္ခုပါတိမောက်၊ သုဒ္ဓပါစိတ်အစေလကဝဂ်၊ ဆဌသိက္ခာပုဒ်)

သိက္ခာပုဒ်အနက်– ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ နိမန္တိတော၊ ဘောဇဉ်(၅)ပါးတို့တွင် တပါးပါးဖြင့် ဖိတ်မန်အပ်သည်။ ဟုတ္ဘာ၊ဖြစ်၍။ သဘတ္တော၊ ဘတ်ရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ သမယာ၊ သွားလာ

သင့်ရာအခါကို၊ အညတြ၊ကြဉ်၍။ သန္တံ၊ ထင်ရှားရှိသော၊ ဘိက္ခုံ၊ ရဟန်းကို၊ အနာပုစ္ဆာ၊ မပန်ကြား မပြောဆိုပဲ၊ ပုရေဘတ္တံဝါ၊ ဖိတ်ထားသည့်ဘတ်ကို မစားမီ ရှေးအဖို့၌သော်လည်းကောင်း၊ ပစ္ဆာဘတ္တံဝါ၊ ဖိတ်ကြားထားသည့်ဘတ်ကို စားပြီးသည်မှ နောက်အဖို့၌သော်လည်းကောင်း။ ကုလေသု၊အိမ်တို့၌၊ စာရိတ္တံ၊ လှည့်လည်သွားလာခြင်းသို့၊အာပဇ္ဇေယျ၊ ရောက်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား၊ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

တတ္ထ၊ ထိုအညတြသမယာ ဟူသောပါဌ်၌၊ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား၊ သမယော၊ သွားလာလှည့်လည်ကောင်းရာ အခါတည်း၊ စီဝရဒါနသမယော၊ သင်္ကန်းလှူရာအခါလည်းကောင်း၊ စီဝရကာရသမယော၊သင်္ကန်းချုပ်ဆိုးရာအခါလည်းကောင်း။ အယံ၊ ဤအခါ(၂)မျိုးသည်ကား၊ တတ္ထ၊ ထိုအညတြသမယာဟူသောပါဌ်၌၊သမယော၊ လှည့်လည်သွားလာကောင်းရာအခါတည်း။

(အဓိပ္ပါယ်မှာ)–ရဟန်း တပါးပါးသည် ဘောဇဉ်(၅)ပါးတို့တွင်တပါးပါးဖြင့် "နက်ဖန်တပည့်တော်တို့၏ အိမ်သို့ ထမင်း အလှူခံကြွပါ၊ ထမင်းစားကြွပါ" စသည်ဖြင့် ဖိတ်ကြား ပင့်လျှောက်ထားအပ်သည် ဖြစ်ပါလျက်ကျောင်း၌ ထင်ရှားရှိနေသော ရဟန်းတပါးပါးကို "တပည့်တော် မည်သူ့အိမ်သို့သွားပါဦးမည်" စသည်ဖြင့် မပန်ကြားမပြောဆိုပဲ ထိုဖိတ်မန်ထားသည့် ဘတ်ကို မစားမီဖြစ်စေ၊ စားပြီးမှဖြစ်စေ၊ အခြား အိမ်တို့၌ မွန်းမတည့်မီအတွင်း လှည့်လည်သွားလာခဲ့လျှင် ပါစိတ်အာပတ်သင့်၏၊

သို့သော် စီဝရဒါနသမယ၊ စီဝရကာလသမယတို့၌မပန်ကြားပဲ သွားလာသော်လည်း အာပတ်မသင့်။

**စီဝရဒါနသမယဟူသည်**

ကထိန်အာနိသင် မရလျှင် ကထိန်သင်္ကန်း လှူဒါန်းရာ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့ အသိ (၁)လတည်း၊

ကထိန်ခင်းရသဖြင့် ကထိန်အာနိသင်ရလျှင်ကား ကထိန်၏အရှိန်အဝါသတ္တိကြောင့် နောက်ထပ်(၄)လ တိုးကာ တပေါင်းလပြည့်နေ့ တိုင်အောင်(၅)လ တိတိတည်း၊ ၎င်းကာလကို စီဝရဒါနသမယ၊ သင်္ကန်းလှူဒါန်းရာအခါဟု ခေါ်သည်၊ စီဝရကာလဟူ၍လည်း ခေါ်၏။

**စီဝရကာလသမယဟူသည်**

ရဟန်းတပါးပါး၏ သင်္ကန်းကို အများဂိုဏ်း၍ သင်္ကန်းချုပ်ဆိုးရာ အခါ တည်း။ ၎င်းအခါ(၂)မျိုး၌ကား ဘုရားရှင်က သီးခြားလှည့်လည် သွား လာခွင့်ပေးထားတော်မူသည်။

မှတ်ချက်။ ဤသိက္ခာပုဒ်လာ ပစ္ဆာဘတ္တ အရမှာ ဖိတ်ကြားထားသည့် ဘတ်ကိုစားပြီး၍ မွန်းမတည့်မီအတွင်းကို ယူရ၏။ မွန်းတည့် ပြီးမှ မြို့တွင်း ရွာတွင်းသို့ သွားလိုလျှင်ကား ဝိကာလဂါမ- ပဝေသန သိက္ခာပုဒ် အရ ပါစိတ် အာပတ် သင့်သည်ဟု မှတ်ပါ။

အထက်ပါ စာရိတ္တသိက္ခာပုဒ်အရ အာပတ်မသင့်ဘော့ပဲ (၅)လ အတွင်း မှာ လွတ်လပ်စွာ မြို့တွင်း ရွာတွင်း ဒါယကာတို့၏အိမ်များသို့ လှည့်လည် သွားလာသော်လည်း အာပတ်မသင့်နိုင်ခြင်းကို အနာမန္တစာရ ကထိန်၏ အာနိသင်အကျိုးတရား(၁)ပါးတည်း။

(၂) အသမာဒါနစာရအကျိုး

တိစီဝရိက်အဓိဋ္ဌာန်တင်၍ ဆောင်ထားအပ်သော သင်္ကန်းများကို သွား လေရာရာ အရပ်သို့ ယူဆောင်၍ သွားကာ အရုဏ်တက်ချိန်အခါ၌ မိမိနှင့် (၂)တောင့်ထွာ ဟတ္ထပါသ်အတွင်းမှာထား၍ ညဥ့်မကင်းအောင်နေရ၏။ ညဥ့်ကင်းလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ကထိန်ခင်းရ၍ အာနိသင် ရသော ရဟန်းမှာကား ထိုသို့ တိစီဝရိက်သင်္ကန်းများကို မဆောင်ယူရပဲ ပေါ့ပေါ့ပါးပါး သွားလိုရာ အရပ်သို့ ခရီးဒေသစာရီ လှည့်လည်သွားလာ ကာ ညဥ့်ကင်းနေသော်လည်း အာပတ်မသင့်ခြင်းသည် အသမာဒါနစာရ ကထိန်အာနိသင်အကျိုးတမျိုးတည်း။

> နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိစေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ၊ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ။

(ဘိက္ခုပါတိမောက်၊ နိဿဂ္ဂိပါစိတ်၊ စီဝရဝဂ် ဒုတိယကထိန သိက္ခာပုဒ်။)

(သိက္ခာပုဒ်၏ အနက်) ဘိက္ခုနာ, ဘိက္ခုနော၊ ရဟန်း၏။ စီဝရသ္မိံ၊ အာနိ သင် သင်္ကန်းသည်။ နိဋ္ဌိတေ၊ ပြီးဆုံးလတ်သော်။ ကထိနေ၊ ကထိန်ကို။ ဥဗ္ဘ- တသ္မိံ၊ နုတ်အပ်ပြီးသည်ရှိသော်၊ ဘိက္ခုသမ္မုတိယာ၊ ဂိလာနရဟန်းအား

ပေးအပ်သော သမ္မုတိကို။ အညတြ၊ ကြဉ်ထား၍။ ကေရဇ္ဇမ္ပိ၊ တည၌မျှ လည်း။ တိစီဝရေန၊ တိစီရိက်သက်န်းနှင့်။ စေဝိပ္ပဝသေယျ၊အကယ်၍ ကင်း လျက်နေငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ နိဿဂ္ဂိယံ၊ သက်န်းကို လည်း စွန့်အပ်၏၊ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်း သင့်၏။

တိစီဝရိက် အဓိဋ္ဌာန်တင်ထားအပ်သော သင်းပိုင်၊ ကောသိ၊ ဒုကုဋ္ဌ သက်န်း (၃)ထည်တို့တွင် (၃)ထည်လုံးနှင့်သော်သည်းကောင်း၊ (၂)ထည်နှင့်သော် လည်းကောင်း၊ (၁)ထည်တည်းနှင့် သော်လည်းကောင်း၊ ညဉ့်ကင်း၍နေ သော်လည်း ကထိန်၏အာနိသင်ရရာ (၅)လအတွင်းမှာ အာပတ် မသင့်နိုင် တော့ပါ။ ၎င်းအာပတ်မသင့်ခြင်းသည်လည်း "အသမာဒါနစာရ" ဟူသော ကထိန်၏ အာနိသင်အကျိုးတရား (၁)ပါးတည်း။

## (၃) ဂဏဘောဇနေအကျိုး

ရဟန်းတို့အား မအပ်သောနည်းဖြင့် "ထမင်းစားကြွပါ၊ မုန့်ဟင်းခါး ဘုဉ်းပေးကြွပါ၊ ခေါက်ဆွဲဘုဉ်းပေး ကြွပါ၊ ပလာတာ ဘုဉ်းပေးကြွပါ" စသည်ဖြင့် ပင့်ဖိတ်လျှင် ရဟန်းများ(၄)ပါး (၅)ပါးစသည် အတူတကွ သွား၍ မဘုဉ်းပေးကောင်း၊ ဂဏဘောဇနေ ပါစိတ္တိယံ- သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏။

### အပ်သောပင့်ဖိတ်နည်း

ဆွမ်းဘုဉ်းပေးကြွပါ၊ မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးကြွပါ၊ ခေါက်ဆွဲ ဆွမ်းဘုဉ်းပေးကြွပါ၊ ပလာတာမုန့်ဆွမ်း ဘုဉ်းပေးကြွပါ-စသည်ဖြင့် ပင့် ဖိတ်ခြင်းသည်သာ ရဟန်းတို့အားအပ်သော လိုက်၍စားကောင်းသော ပင့် ဖိတ်နည်းများ ဖြစ်သည်။

ထိုပြဆိုခဲ့သော ဂဏဘောဇဉ်ကို ခံယူစားသောက်သော်လည်း အာပတ် မသင့်တော့ခြင်းကို ဂဏဘောဇန-ကထိန်၏ အာနိသင်အကျိုး (၁)မျိုး တည်း။

ဂဏဘောဇနေ အညတြသမယာပါစိတ္တိယံ၊ တတ္ထာယံသမယော ဂိလာနသမယော စီဝရဒါနသမယော စီဝရကာရသမယော အဒ္ဓါန ဂမနသမယော နာဝါဘိရုဟနသမယော၊ မဟာသမယော သမဏ- ဘတ္တသမယော အယံတတ္ထသမယော။

(ဘိက္ခုပါတိမောက်၊သုဒ္ဓပါစိတ်၊ဘောဇနဝဂ်)

ဒုတိယ ဂဏဘောဇနသိက္ခာပုဒ်။

သိက္ခာပုဒ်အနက်-၊ သမယာ၊ စားသင့်ရာအခါကို။ အညတြ၊ ကြဉ်၍။ ဂဏဘောဇနံ၊ ဂဏဘောဇဉ်ကို စားခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

တတ္ထ၊ ထိုအညတြသမယာဟူသောပါဠိ၌။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ သမယော၊ စားသင့်ရာအခါသည်။ ဂိလာနသမယော၊ နေမကောင်းရာအခါလည်းကောင်း။ စီဝရဒါနသမယော၊ သင်္ကန်းလှူရာ အခါလည်းကောင်း။ စီဝရကာရသမယော၊ သင်္ကန်းချုပ်ဆိုးရာ အခါလည်းကောင်း။ အဒ္ဓါနဂမနသမယော၊ အဓွန့်ရှည်သော ခရီးသို့ သွားရာအခါလည်းကောင်း။ နာဝါဘိရုဟနသမယော၊ လှေသင်္ဘောစီးရာအခါလည်းကောင်း။ မဟာသမယော၊ ရဟန်းများစွာ စုဝေးမိရာအခါလည်းကောင်း။ သမဏဘတ္တသမယော၊ သမဏအမည်ရသူတို့၏ ထမင်းကျွေးရာအခါလည်းကောင်း။ အယံ၊ ဤသည်ကား။ တတ္ထ၊ ထိုအညတြသမယာဟူသောပါဠိ၌။ သမယော၊ စားသင့်ရာအခါတည်း။

မှတ်ချက်။ ။ပရမ္ပရ ဘောဇနသိက္ခာပုဒ်ဖြင့်လည်း အာပတ်မသင့်တော့ပါ၊ ၎င်းသိက္ခာပုဒ် အနာပတ္တိအရ သမယများကို ကြည့်ပါ။

ထိုသို့ ဂဏဘောဇနသိက္ခာပုဒ်၊ ပရမ္ပရဘောဇန သိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်တော့ခြင်းသည်လည်း "ဂဏဘောဇန"ဟူသော ကထိန်၏ အာနိသင်အကျိုး(၁)ပါး ပင်တည်း။

## (၄) ယာဝဒတ္ထစီဝရအကျိုး

ကထိန်မခင်းရသေးသဖြင့် ကထိန် အာနိသင်မရလျှင် သင်္ကန်းများကို အဓိဋ္ဌာန်ဝိကပ္ပနာတခုခုမပြုပဲ (၁၀)ရက်သာထား၍ ဝတ်ရုံသုံးဆောင်နိုင်ထားနိုင်၏၊ (၁၀)ရက်ထက် ကျော်လွန်အောင်ကား မထားကောင်း။

ကထိန်အာနိသင် ရလျှင်ကား အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲ အဝတ်သင်္ကန်းတို့ကို အာနိသင်ရရာ (၅)လအထိ ထားကောင်း၏၊ ထိုသို့ထားသည့်အတွက် ပဌမကထိနသိက္ခာပုဒ်ဖြင့် အပြစ်အာပတ် မသင့်ခြင်းသည် "ယာဝဒတ္ထစီဝရ"အကျိုး ကထိန်အာနိသင်တမျိုးတည်း။

သိက္ခာပုဒ်။ ။နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတဗ္ဗံ၊ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။

(ဘိက္ခုပါတိမောက်၊ နိဿဂ္ဂိပါစိတ် စီဝရဝဂ် ပဌမကထိနသိက္ခာပုဒ်။)

**အနက်ကား**။ ။စီဝရသ္မိံ၊ သင်္ကန်းသည်။ နိဋ္ဌိတေ၊ ပြီးဆုံးလတ်သော်လည်းကောင်း။ ကထိနေ၊ ကထိန်ကို။ ဥဗ္ဘတသ္မိံ၊ နုတ်အပ်ပြီးသော်လည်းကောင်း။ ဘိက္ခုနာ၊ ရဟန်းသည်။ ဒသာဟပရမံ၊ ဆယ်ရက်အလွန်အပိုင်းအခြားရှိသော ကာလပတ်လုံး။ ဝါ၊ အလွန်ဆုံး ဆယ်ရက်သာ။ အတိရေကစီဝရံ၊ အတိရိက်သင်္ကန်းကို။ ဝါ၊ အဓိဋ္ဌာန်တင်အပ်။ဝိကပ္ပနာပြုအပ်သော သင်္ကန်းမှ အပိုအလျှံဖြစ်သော သင်္ကန်းကို။ ဓာရေတဗ္ဗံ၊ ဆောင်အပ် ဆောင်ထားနိုင်၏။

တံ၊ ထိုဆယ်ရက်ကာလကို။ အတိက္ကာမယတော၊ ကျော်လွန်စေသော ရဟန်းအား၊ နိဿဂ္ဂိယံ၊ စွန့်ခြင်း ဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်တော့၏။

**အဓိပ္ပာယ်ကား**။ ။ရဟန်းတို့အား သင်္ကန်းရရှိလျှင် ၎င်းရရှိသောသင်္ကန်းကို–

၁။ အဓိဋ္ဌာန်တင်၍ သော်လည်းကောင်း၊ သို့မဟုတ်

၂။ ဝိကပ္ပနာပြု၍ သော်လည်းကောင်း၊ ဝတ်ရုံ သုံးဆောင်ရသည်။ သိမ်းထားရသည်၊ ထိုသို့ အဓိဋ္ဌာန်လည်းမတင် ဝိကပ္ပနာသော်လည်း မပြုပဲထားသောသင်္ကန်းကို အတိရေကစီဝရ-အတိရိက်သင်္ကန်းဟုခေါ်သည်၊ ၎င်းအတိရိက်သင်္ကန်းကို (၁၀)ရက်ထက်အလွန် မထားကောင်း၊ ထားခဲ့လျှင် သင်္ကန်းကိုလည်း စွန့်ရ၏၊ ပါစိတ်အာပတ် အပြစ်လည်း သင့်တော့၏၊ ကထိန်အာနိသင်ရခဲ့လျှင်ကား၊ အာနိသင်ရရာ (၅)လတိုင်တိုင် ထားခွင့်ရသွား၏၊ ဤသို့ ထားနိုင်ခွင့်ရခြင်းသည်လည်း ကထိန်ခင်းခြင်းကြောင့် ရအပ်သော အကျိုးအာနိသင်တမျိုး ဖြစ်လေသည်။

## (၅) ယာဝတတ္ထစီဝရုပ္ပါဒအကျိုး

ကထိန်ခင်းရာကျောင်းတိုက်၌ ကထိန်အာနိသင်ရရာကာလအတွင်းကာလ၌ သံဃိကဖြစ်ပေါ်လာသမျှ သင်္ကန်းအဝတ်အထည်မှန်သမျှကိုကထိန်အာနိသင်ရထားသည့် ကျောင်းတိုက်အတွင်းရှိ ရဟန်းတော်များသာ ဝေ၍ယူနိုင်၏။

ကထိန်အာနိသင် မရသော ရဟန်းနှင့် အခြားကျောင်းတိုက်မှ လာသော ရဟန်းများ(အာဂန္တုကရဟန်းများ) ကို ဝေ၍ ပေးနေရန်မလို၊ ဤသို့ ကထိန်အာနိသင်ရသော ရဟန်းများသာ ဝေ၍ ယူနိုင်ခြင်းသည်လည်း "ယာဝတတ္ထစီဝရုပ္ပါဒ"ခေါ်သော ကထိန်၏ အာနိသင် အကျိုး တမျိုး ပေတည်း။

## ကထိန်အကျိုး–အာနိသင်(၅)မျိုးကဗျာ

ပန်ကြားခွင့်ရှင်း၊ ညဥ့်ကင်းနေရာ၊
မအပ်ဖိတ်ပြော၊ ဆွမ်းစားရဘာ၊
မိဋ္ဌာန်မထား၊ ငါးလခွင့်သာ၊
သံဃိက၊ ပိုင်ရကျိုးငါးဖြာ။

## ကထိန်ခင်းရာမရောက်၊ အခင်းမမြောက်သော လက္ခဏာ(၁၄)မျိုး

(၁) ကထိန်လျာအဝတ်ကို အလျားအနံ အတိုင်း အရှည်ကို ပမာဏကို ယူရုံမျှဖြင့်လည်း ကထိန်ခင်းသည် မမည်။

(၂) ဖွပ်လျှော်ကာမျှဖြင့်လည်း ကထိန်ခင်းသည်မမည်။

(၃) သက်နုံး၍ ငါးခန်း၊ ခုနစ်ခန်းစသည်ကို စီရင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၄) ဖြတ်ရုံဖြတ်ကာမျှဖြင့် ကထိန်ခင်းသည်မမည်။

(၅) သီကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၆) သီကြောင်းကို အစဉ်လိုက်လျက် အလျားကိုချုပ်ကာမျှဖြင့် ကထိန်ခင်းသည်မမည်။

(၇) တလုပ်အုပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၈) နှစ်လွှာစပ်ရုံမျှဖြင့်လည်း ကထိန်ခင်းသည် မမည်။

(၉) အလျားနပတ်တင်ကာမျှဖြင့်လည်း ကထိန်ခင်းသည်မမည်။

(၁၀) အနံနပတ်တင်ကာမျှဖြင့်လည်း ကထိန်ခင်းသည် မမည်။

(၁၁) သသင်းထောင်ထည့်ကာမျှဖြင့်လည်း ကထိန်ခင်းသည် မမည်။

(၁၂) ဆင်စွယ်ခရောင်ကဲ့သို့ တကြိမ်သာဆိုးကာမျှဖြင့်လည်း ကထိန်ခင်းသည် မမည်၊ ရဟန်းများ ဝတ်ခြင်းငှာ လျောက်ပတ်သော အဆင်းရှိမှသာ ကထိန်ခင်းရမည်။

(၁၃) ဤအဝတ်ပုဆိုးဖြင့် ကထိန်ခင်းမည်ဟု နိမိတ်ပြုသဖြင့် ရသော ဝ သင်္ကန်းဖြင့်လည်း ကထိန်ခင်းသည် မမည်။

ဤအဝတ်ကလေးကား ကောင်း၏၊ ဤအဝတ်ဖြင့် ကထိန် ခင်းခြင်းငှာ တတ်ကောင်း၏၊ ဤသို့ ကထိန်သင်္ကန်း လှူအောင် အရိပ်နိမိတ်ပြုမှုကြောင့် ရသောအဝတ်ဖြင့် ကထိန်မခင်းရ၊ ခင်း သော်လည်း ခင်းသည် မမည်ပါ။ ကထိန်သင်္ကန်းလှူဒါန်းအောင် အရိပ်နိမိတ်ပြု၍ရသော သင်္ကန်းမျိုးဖြင့် ကထိန်မခင်းရပါ-ဟု ဆိုသည်။

(၁၄) ပရိယာယ်စကား ပြောကြားသဖြင့်ရသော သင်္ကန်းမျိုးဖြင့် ကထိန် ခင်းသော်လည်း ခင်းသည်မမည်။

"ကထိန်သင်္ကန်းကို ပေးလှူခြင်းငှာ သင့်၏၊ ကထိန်လှူဒါန်း သူ ကထိန်ဒါယကာ ဒါယိကာမတို့အား များစွာသောကောင်းမှု ကုသိုလ်ကို တိုးပွားစေ၏" ဤသို့စသည်ဖြင့် ပရိယာယ် ပြော ကြား၍ရသော သင်္ကန်းမျိုးဖြင့် ကထိန်ခင်းသော်လည်း ခင်း သည် မမည်၊ ကထိန် အခင်းမမြောက်။

## မိုးပေါ်ကျ ရေပေါက်ပမာ ကထိန်လျာ

မိုးပေါ်မှ ကျရောက်လာသော ရေပေါက်ကလေးများသည် မြူ အညစ် အကြေးတို့မှ ကင်းစင်ကာ အလွန်ကြည်လင်သန့်ရှင်းသကဲ့သို့ ကထိန်လျာ သင်္ကန်းသည်လည်း ပုဂ္ဂိုလ် တဦးတယောက်မျှ ပရိယာယ်-နိမိတ် အရိပ် အယောင်ပြုမှုမပါ၊ သူ့သဒ္ဓါတရားအလျောက် အလိုလို ဖြစ်ပေါ်လှူဒါန်း သည့် စင်ကြယ်သန့်ရှင်းသော သင်္ကန်းမျိုးဖြစ်ရမည်။

ကထိနံ နာမ အတိဥက္ကဋ္ဌံ မာတရမ္ပိဝိညာပေတုံနဝဋ္ဋတိ၊
အာကာသတော ပတိတံ့ သဒိသမေဝ ဝဋ္ဋတိ။

ကထိန်သင်္ကန်းမျိုး ဆိုသည်မှာ အလွန်မွန်မြတ် သန့်ရှင်းသော သင်္ကန်း သာ ဖြစ်သင့်၏။ အမေ့ထံကိုသော်မှ တောင်းခြင်းငှာမအပ်။ ကောင်းကင်မှ အလိုအလျောက် ကျရောက်လာသော မိုးပေါ်ကျ သင်္ကန်းမျိုးသာ ဖြစ် သင့်၏။

တစုံတယောက်သောသူ၏ ပရိယာယ် နိမိတ် အရိပ်အခြေပြုမှုဖြင့် ဖြစ်ပေါ်လာသော သင်္ကန်းမျိုးလုံး၀ မဖြစ်သင့်။

(၁၅) ခေတ္တငှားရမ်းသော (သင်္ကန်း) ဖြင့် ကထိန်ခင်းခဲ့သော် ခင်းသည်မမည်၊ အပိုင်မဟုတ် ခေတ္တ ကထိန်ခင်းရာ ကာလမျှ ငှားရမ်းထားသော သင်္ကန်းမျိုးဖြင့် ကထိန်မခင်းကောင်းဟု ဆိုသည်။

(၁၆) ကထိန်သင်္ကန်း လှူဒါန်းသည့်နေ့၌ပင် မခင်းပဲ သိုမှီးထားသော သင်္ကန်းမျိုးဖြင့် ကထိန်ခင်းသော် ခင်းသည်မမည်။

**သန္နိဓိ (၂) မျိုး**

**သန္နိဓိသည်**– ၁။ ကရဏသန္နိဓိ၊

၂။ နိစယသန္နိဓိ၊ ဟူ၍ (၂) မျိုးရှိသည်။

ထို (၂) မျိုးတို့တွင် ကထိန်သင်္ကန်း လှူဒါန်းရာနေ့၌ပင် မချုပ်မဆိုးသေးပဲ နောက်နေ့များကျမှသာ ချုပ်ဆိုးသော သင်္ကန်းမျိုးကို ကရဏသန္နိဓိဟု ခေါ်သည်၊ (ပြုခြင်းအားဖြင့် သိုမှီးသိမ်းဆည်းခြင်း မည်၏ဟု ဆိုလိုသည်။)

သံဃာတော်အား ယနေ့ ကထိန်လျှာ သင်္ကန်းရ၏။ ထိုရရာနေ့၌ပင် နေ့ချင်း ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်အား ဉတ်ကမ္မဝါစာဖြင့် ပေးကာ ကထိန်ခင်းရသည်။ ထိုသို့ နေ့ချင်းမပေးပဲ နောက်နေ့များမှ ပေးသော ကထိန်လျှာသင်္ကန်းမျိုးကို "နိစယသန္နိဓိ" သင်္ကန်းမျိုးဟု ခေါ်သည်။

ကထိန်သင်္ကန်းကို ရရာနေ့၌ပင် မပေးပဲ သိုမှီးသိမ်းဆည်းထားသော သင်္ကန်းမျိုးဖြင့် ကထိန်မခင်းကောင်း၊ လှူဒါန်းပြီးလျှင်ကား ညဥ့်မလွန်ရ၊ နေ့ချင်းပင် ကထိန်ခင်းရမည်။ ဤသို့ ရရာနေ့၌ မချုပ်ဆိုးသေးပဲ နောက်နေ့၌သာ ချုပ်ဆိုးခြင်းကိုပြုသော ကရဏသန္နိဓိ သင်္ကန်းမျိုး၊ ရရာနေ့၌ပင် ကထိန်ခံပုဂ္ဂိုလ်အား မပေးသေးပဲ နောက်နေ့ကျမှသာပေးခြင်းကိုပြုသော နိစယသန္နိဓိ သင်္ကန်းမျိုးတို့ဖြင့် ကထိန်မခင်းရ။ ခင်းသော်လည်း ခင်းရာမရောက်၊ အခင်းမမြောက်ပါ။

(၁၇) ညဥ့်ကိုလွန်သွားသော ရတ္တိနိဿဂ္ဂိယဖြစ်သော သင်္ကန်းဖြင့် ကထိန်ခင်းလျှင် ခင်းသည်မမည်။

ကထိန်သင်္ကန်း ဖြစ်ပေါ်လာသဖြင့်၊ သံဃာက ကထိန်ခင်းထိုက်သော ရဟန်းအား ပေးပြီးနောက် ချုပ်ဆိုးခြင်းကို ပြုလုပ်နေစဉ် သင်္ကန်းမပြီး၊ ကထိန်မခင်းရသေးမီ၊ ညဉ့်ကိုလွန်ကာ အရုဏ်တက်သွားသော သင်္ကန်းမျိုးကို "ရတ္တိနိဿဂ္ဂိယသင်္ကန်း" ဟု ခေါ်သည်။

ထို ရတ္တိနိဿဂ္ဂိယသင်္ကန်းမျိုးဖြင့်လည်း ကထိန်မခင်းကောင်း။ ခင်းသော်လည်း ခင်းရာမရောက်၊ အခင်းမမြောက် ဟု ဆိုလိုသည်။

(၁၈) ကပ္ပဗိန္ဒု-မထိုးသော သင်္ကန်းဖြင့် ကထိန်ခင်းလျှင်လည်း ခင်းသည် မမည်။

(၁၉) သင်္ကန်းကြီးကို ကြဉ်ထား၍၊

(၂၀) ဧကသီကိုကြဉ်ထား၍၊

(၂၁) သင်းပိုင်ကိုကြဉ်ထား၍၊ အခြားသင်္ကန်းဖြင့် ကထိန်ခင်းလျှင်လည်း ခင်းသည် မမည်။

အထက်ပါ သင်္ကန်း (၃) ထည်တို့တွင် တထည်ထည်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းရမည်။ အခြား သင်္ကန်းမျိုးဖြင့် ကထိန်မခင်းကောင်း၊ ခင်းသော်လည်း အခင်းမမြောက်။

ဘုရားခွင့်ပြုသည့် သင်္ကန်း (၉) ထည်

၁။ သင်္ကန်းကြီး၊

၂။ ဧကသီ၊

၃။ သင်းပိုင်၊

၄။ နိသီဒိုင်

၅။ အမာလွှမ်း၊

၆။ အိပ်ရာခင်း၊

၇။ မျက်နှာသုတ်ပဝါ၊

၈။ ပရိက္ခာရစောဠ၊

၉။ မိုးရေခံ ဟူ၍ သက်န်း (၉) ထည်ရှိ၏။

၎င်းသင်္ကန်း (၉)ထည်တို့တွင် သင်္ကန်းကြီး, ကောသိ, သင်းပိုင်တို့ကို ကြဉ်ထား၍ အခြား သင်္ကန်း (၆)မျိုးဖြင့် တထိန်မခင်းရဟု ဆိုလိုသည်။

(၂၂) ထို ကထိန်သင်္ကန်း၊ လူ့ဒါနံးရာနေ့၌ပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော (၅) ခန်း၊ (၅) ခန်းထက်အလွန် သင်္ကန်း ကို ကြဉ်ထား၍ (၄) ခန်း စသည်ဖြင့် ချုပ်အပ်သော သင်္ကန်းဖြင့် ကထိန်ခင်းသော်လည်း ခင်းသည်မမည်။ အနည်းဆုံး (၅)ခန်း ရှိသော သင်္ကန်းဖြင့်သာ ကထိန်ခင်းရမည်၊ (၅)ခန်းအောက် ယုတ်သော သင်္ကန်းမျိုးဖြင့် ကထိန်မခင်းကောင်းဟု ဆိုလိုသည်။

(၂၃) ပုဂ္ဂိုလ်ကိုကြဉ်ထား၍ ကထိန်ခင်းသည် မမည်။
ပုဂ္ဂိုလ်ကသာ ကထိန်ခင်းရမည်။ သံဃာ, ဂိုဏ်းတို့က ကထိန်မခင်းရ၊ ခင်းသော်လည်း အခင်းမမြောက်ဟု ဆိုလိုသည်။

(၂၄) ကထိန်ခင်းရာကျောင်းတိုက်၊ ဥပစာရသိမ်၏အပြင်ဘက်၌ တည်နေ၍ အနုမောဒနာ ပြုငြားအံ့၊ ၎င်းပုဂ္ဂိုလ်အတွက် ကထိန်ခင်းသော် လည်း ခင်းသည်မမည်။

ကထိန်ခင်းရာ ဥပစာရသိမ်ဟု ဆိုအပ်သော ကျောင်းတိုက်အတွင်း၌သာ အနုမောဒနာပြုမှ ကထိန်ခင်းသည်မည်၏၊ ၎င်းပုဂ္ဂိုလ်အား ကထိန်အာနိသင် ရသည်ဟု မှတ်ပါလေ။

### ဖြတ်၍ချုပ်သော သင်္ကန်းမှ ကထိန်ခင်းအပ်

"အစ္ဆိန္နကေန ၀ါ ဒုတ္တိစတုခဏ္ဍေန ၀ါ န ၀ဋ္ဋတိ"ဟု အဋ္ဌကထာ(၃၉၂)၌ ဆိုသောစကားကို ထောက်၍ ဖြတ်၍ချုပ်သော သင်္ကန်းမျိုးဖြင့်သာ ကထိန် ခင်းရ၏။

မဖြတ်ပဲချုပ်သော သင်္ကန်းဖြင့် ကထိန်မခင်းရ၊ အခန်းအားဖြင့်လည် အနည်းဆုံး(၅)ခန်းရှိသော သင်္ကန်းဖြင့်သာ ကထိန်ခင်းရ၏။

အထက်ပါ ပြဆိုခဲ့ပြီးသော (၂၄)ပါးသော လက္ခဏာတို့ကား ကထိန် ခင်းသည် မမည်သော လက္ခဏာတို့တည်း။

ကထိန်အခင်းမြောက်သည့် အတ္တတလက္ခဏာ (၁၇)ပါး

(၁) အသစ်ဖြစ်သော အဝတ်သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

(၂) အသစ်ပမာ တကြိမ်နှစ်ကြိမ်လောက်သာ ဖွပ်လျှော်ဖူးသော အဝတ်သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည်မည်၏။

(၃) ပုဆိုးကြမ်းဖြင့် ခင်းသော် ကထိန်ခင်းသည်မည်၏။

(၄) ပံ့သကူအဝတ်ဖြင့်ခင်းသော် ကထိန်ခင်းသည် မည်၏။

(၅) အိမ်ဈေး ပေါက်ကရသော သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

(၆) နိမိတ်မပြုပဲ ရသော သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

(၇) ပရိယာယ် မဆိုပဲရသော သင်္ကန်းဖြင့်ခင်းသော် ကထိန်ခင်းသည် မည်၏။

(၈) ခေတ္တ ငှားရမ်းအပ်သည် မဟုတ်သော အပိုင်သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

(၉) ကချဏ, နိစယ, သန္နိဓိ ၂-မျိုးဖြင့် မသိုမှီးအပ်သော သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၀) ရတ္တိနိဿဂ္ဂိယ— ညဥ့်လွန်ခြင်းမျိုးဖြင့် ညဥ့်မလွန်သော သင်္ကန်းဖြင့် ကထိန်ခင်းသော် ကထိန်ခင်းသည်မည်၏-

(၁၁) ကပ္ပဗိန္ဒု ထိုးပြီးသော သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

(၁၂) ဒုကုဋ်သင်္ကန်းကြီး၊

(၁၃) ကေသီ၊

(၁၄) သင်းပိုင်၊ (၃) ထည်တို့တွင် တထည်ထည်ဖြင့်ခင်းသော်ကထိန်ခင်းသည် မည်၏။

(၁၅) ကထိန်သင်္ကန်းစကို လူဒါန်းသဖြင့် ရရာနေ့၌ပင် နေ့ချင်းပြီးအောင် ဖြတ်အပ်၊ ၅-ခန်းဖြစ်စေ၊ ၅-ခန်းထက်အလွန် ၇-ခန်း, ၉—ခန်း စသည်ဖြင့်ဖြစ်စေ ချုပ်အပ်သော သင်္ကန်းဖြင့်ခင်းသော် ကထိန်ခင်းသည် မည်၏။

မဖြတ်ပဲချုပ်ထားသည့်သက်န်းမျိုးကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍သော်ကား ဝတ်ကောင်း၏။

သင်္ကန်းချုပ်သောအခါ မဖြတ်ပဲ ချုပ်ထားသော သင်္ကန်းမျိုးကို ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍သော်ကား ဝတ်ရုံကောင်း၏။

ကထိန်သင်္ကန်းနှင့် တိစီဝရိက် အဓိဋ္ဌာန်တင်ကာ ဆောင်သောသင်္ကန်းအဖြစ်ကား မအပ်၊ တိစီဝရိက်အဓိဋ္ဌာန်နည်းဖြင့် အဓိဋ္ဌာန်တင်၍ မဝတ်ကောင်းဟု မှတ်ယူအပ်၏။

(၁၆) ပုဂ္ဂိုလ်၏ခင်းခြင်းဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၇) ကောင်းစွာခင်းအပ်သော ကထိန်ကို ဥပစာရသိမ်၏ အတွင်း၌ တည်နေ၍ အနုမောဒနာ ပြုသည်ရှိသော် ကထိန်ခင်းသည် မည်၏။

ဤအထက်ပါလက္ခဏာ ၁၇-ပါးကား ကထိန်အခင်း မြောက်သော လက္ခဏာများတည်း။

## ကထိန်အာနိသင် မပျက်ပြယ်အောင် တားဆီးထားနိုင်သည့် ပလိဗောဓ ၂-မျိုး

ကထိန်ခင်းသဖြင့် ရရှိနေသော ကထိန်၏ အရှိန်အဝါ အာနိသင် ၅-ပါး အကျိုးတရားများပျက်ပြယ် မသွားရအောင် ထိန်းသိမ်းတားဆီး၍ထားသည့် ကထိန်အာနိသင် ရနေကြောင်းတရား ပလိဗောဓများမှာ—

(၁) စီဝရပလိဗောဓ၊

(၂) အာဝါသပလိဗောဓ—ဟူ၍ ၂-မျိုးရှိလေသည်။

ထို ၂-မျိုးတို့တွင်၊ ကထိန်ခင်းသဖြင့် ရရှိသော ကထိန်၏အာနိသင် သင်္ကန်း၌ ''သင်္ကန်းချုပ်ဆိုးဦးအံ့''ဟု စိတ်စိုက်နေမှုသည်၊ အခြားကိစ္စများကို နှောက်ယှက် တားမြစ်တတ်သောကြောင့် ''စီဝရပလိဗောဓ''ဟု ခေါ်သည်။

မိမိနေရာ ကျောင်းတိုက်အာဝါသ၌ တွယ်တာမှုသည် အခြားအရပ်၌ နေဆိုင်ခြင်းကို နှောက်ယှက် တားမြစ်တတ်သောကြောင့် ''အာဝါသပလိဗောဓ''ဟု ခေါ်သည်။

(အကျယ်ပြဆိုပါဦးအံ့)– ကထိန်ခင်းသဖြင့် ၎င်းကထိန်ခင်းရာမှ သင်္ကန်း ချုပ်ရန် အာနိသင် ပိတ်–ဖျင်သင်္ကန်းစ ရသောရဟန်းသည် ထိုသင်္ကန်းစကို မချုပ်လိုသေးသောကြောင့် ဖြစ်စေ၊ သို့မဟုတ် မချုပ်လောက်သေး သဖြင့် အခြားမှသင်္ကန်းစ ရခွင့်ကို မျှော်သင့်ချက်ရှိသဖြင့် စောင့်ဆိုင်းနေရသောကြောင့်ဖြစ်စေ၊ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စ မပြီးပြတ်သေးသမျှ စီဝရ–ပလိဗောဓ ရှိနေ၏၊ ထိုစီဝရပလိဗောဓရှိနေလျှင် ရှိနေသမျှ ကထိန်ခင်းသည့်မှစ၍ တပေါင်းလပြည့်နေ့အထိ (၅)လ ကထိန် အာနိသင်ရနေ၏။

တပေါင်းလမပြည့်မီအတွင်း၌ အခြား ကျောင်းတိုက်တခုခုသို့ အပြီး ပြောင်းရွှေ့သွားခြင်းကြောင့်ကား၊ အာဝါသပလိဗောဓ ပြတ်စဲသွားတော့၏။

ထိုသို့မဟုတ်ပဲ ဤမူလနေထိုင်ရာ ကထိန်ခင်းရာကျောင်းတိုက်၌ပင် ဆက်လက်နေထိုင်ဦးမည်ဟု ကျောင်းတိုက်အာဝါသ၌ တွယ်တာနေမှု ရှိနေသမျှ ကထိန်ခင်းသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ (၅)လပတ်လုံး ကထိန် အာနိသင်ရနေ၏၊ ၎င်းပလိဗောဓ(၂)မျိုးပြတ်စဲသွားလျှင် ပြတ်စဲရာခဏ၌ပင် ကထိန်အာနိသင် ပျက်ပြယ်၍ သွားတော့၏။

### ယခုခေတ်ကာလ အဝေဝါသပလိဗောဓသာ ပဓာန

ယခုခေတ်ကာလ၌ကား၊ ကထိန်အာနိသင်ရသော သင်္ကန်းများကား ချုပ်ပြီးဆိုးပြီး ဖြစ်သောကြောင့်၊ စီဝရပလိဗောဓကား– နဂိုကပင် ပြတ်စဲပြီး ဖြစ်နေ၏၊ အာဝါသပလိဗောဓ (၁)မျိုးကြောင့်သာ ရဟန်းတော်များ ကထိန်အာနိသင် (၅)ပါးကို တပေါင်းလပြည့်နေ့တိုင်အောင် ရရှိနေကြရလေသည်၊ အာဝါသပလိဗောဓပြတ်ခဲ့လျှင် ပြတ်ရာနေ့မှာပင် ကထိန် အာနိသင် ပျက်ပြယ်တော့၏၊ တပေါင်းလပြည့်နေ့ ကုန်ဆုံးပြီး သော်ကား၊ ကထိန်အာနိသင်(၅)ပါးသည် အလိုလိုပျက်ပြယ်သွားရတော့၏၊ မည်သည့် ပလိဗောဓကမျှ တား၍ မထားနိုင်တော့ပါ။

၁။ ကထိန်အာနိသင် သင်္ကန်းချုပ်ဆိုးပြီးသော်လည်းကောင်း၊

၂။ ပျောက်ပျက်သွားသော်လည်းကောင်း၊

၃။ သင်္ကန်းစ—ချုပ်ရန် မျှော်လင့်ချက် ကင်းမဲ့နေသော်လည်းကောင်း စီဝရပလိဗောဓ ပြတ်စဲတော့၏၊ တပေါင်းလ မပြည့်မီ အတွင်း၌ အခြား ကျောင်းတိုက်သို့ အပြီးပြောင်းရွှေ့သွားခဲ့သော် အာဝါသပလိဗောဓ ပြတ်စဲတော့၏ဟု မှတ်ပါ။

## ယခုခေတ်ကာလ ကထိန်အာနိသင်ပျက်ပြယ်တတ်ပုံ

ယခုခေတ်ကာလမှာ ကထိန်ခင်းစဉ် အချိန်အခါတုံးကပင် စီဝရပလိ—ဗောဓ ပြတ်စဲနေပြီးဖြစ်၍၊ အာဝါသပလိဗောဓအတွက်ကြောင့်သာ ကထိန် အာနိသင်(၅)ပါး ရရှိနေကြရာ၊ တပေါင်းလ မပြည့်မီအတွင်း၌ အခြား ကျောင်းတိုက်တပါးသို့ အပြီးအပြတ်ပြောင်းရွှေ့၍ သွားသော ရဟန်းများ မှာ ကျောင်းတိုက် ဥပစာလွန်သည်နှင့် တပြိုင်နက်၊ အာဝါသပလိဗောဓက လည်း ပြတ်စဲ၍ သွားခြင်းကြောင့်၊ ကထိန်အာနိသင် ပျက်ပြယ်၍ သွား တော့သည်၊ ထိုသို့ အာနိသင်—ပျက်ပြယ် သွားခြင်းကို သတိမပြုမိတတ်ပဲ ရှိတတ်သည်။

## ကထိန်နုတ်ခြင်းဆိုသည်မှာ

ကထိန်ခင်းခြင်းကြောင့်ရရှိထားသော ကထိန်၏အရှိန်အဝါအကျိုး အာနိ သင်များကို ပယ်နုတ်ရုပ်သိမ်းလိုက်ခြင်းကို ကထိန်နုတ်သည်ဟု ခေါ်ဆိုသည်။

ထိုသို့ ပယ်နုတ်ရုပ်သိမ်းလိုက်က ကထိန်အာနိသင်(၅)ပါး ပျက်ပြယ်၍ သွားတော့၏၊ မရရှိတော့ချေ။

## ကထိန်နုတ်နှင့် ကထိန်ရုပ်(၂)မျိုး

ကထိနုဒ္ဓါရ-ကို ကထိန+ဥဒ္ဓါရ- ဟု ပုဒ်ခွဲကာ၊ ကထိန-က ကထိန်၊ ဥဒ္ဓါရ-က နုတ်၊ (၂)ပုဒ်ပေါင်းသော်၊ ကထိနုဒ္ဓါရ- ကထိန်နုတ်သည်ဟု မြန်မာဘာသာ ဝေါဟာရ ဖြစ်ပေါ်လာရသည်၊

ထိုစကားကို ခွဲ၍ပြဆိုဦးအံ့။

ကထိန်ခင်းသဖြင့် ရရှိနေသော ကထိန်၏ အရှိန်အဝါ သတ္တိဖြစ်သော အာနိသင်(၅)ပါး အကျိုးတရားတို့ကို ပယ်နုတ်၍ပစ်လိုက်ခြင်းကို ကထိန်နုတ်သည်ဟု ခေါ်ဆိုကြလည်း။

ကထိန်ခင်းစဉ်အချိန်အခါက ဝေဆာစည်ကား ကြီးမားလှသော သစ်ပင်ကြီးပမာ ကထိန်အာနိသင်အကျိုး(၅)ပါးတို့သည် ကထိန်ခင်းရာတိုက်တာအတွင်း၌ (၅)လတာမျှ ဝေဆာစည်ကားလျက် ခိုင်မြဲစွာ တည်ရှိနေလေသည်၊ ထိုခိုင်မြဲစွာတည်ရှိနေသော အာနိသင်များကို ပယ်နုတ်လိုက်ခြင်းကိုပင် ကထိနုဒ္ဓါရ–ကထိန်နုတ်သည်ဟု ခေါ်ဆိုရလေသည်။

ကထိနုဗ္ဘာရ–ကို၊ ကထိန+ဥဗ္ဘာရ–ဟု (၂)ပုဒ်ခွဲကာ၊ ကထိန–သဒ္ဒါက ကထိန်ဟူသော အနက်ကို၊ ဥဗ္ဘာရ· သဒ္ဒါက ရုပ်သိမ်း ဟူသောအနက်ကို အသီးသီးဟောသည်ဖြစ်၍ (၂)ပုဒ်ကို ပေါင်းသည်ရှိသော်၊ ကထိနုဗ္ဘာရ–ကထိန်ရုပ်သိမ်းခြင်းဟု မြန်မာဘာသာ ဝေါဟာရ ဖြစ်ပေါ်လာရသည်။

ထိုစကားကို ခွဲ၍ပြဆိုဦးအံ့–

ကထိန်ခင်းသောအခါ ကထိန်ခင်းသည့် ကျောင်းတိုက်အတွင်း၌ ကထိန်ဟု ခေါ်ဝေါ်ရသော သမ္မုတိပညတ်တမျိုးဖြင့် ဖြန့်ခင်းထားသကဲ့သို့ ဖြစ်သွား၏၊ လွှမ်းခြုံဖုံးအုပ်၍ ထားသကဲ့သို့ ဖြစ်သွား၏၊ ထိုသို့ ဖြန့်ခင်းထားမှု၊ လွှမ်းခြုံဖုံးအုပ်ထားမှုကြောင့်ပင် အာနိသင်(၅)ပါးတို့သည် ကျောင်းတိုက်အတွင်းမှ အရပ်တပါးသို့ မထွက်မသွားနိုင်တော့ပဲ၊ ကထိန်ခင်းရာတိုက်တာအတွင်းမှာ (၅)လတိုင်တိုင် တည်နေရတော့သည်။

ထိုဖြန့်ခင်း လွှမ်းခြုံဖုံးအုပ်ထားသော ကထိန်ဟူသော သမ္မုတိပညတ်ကို ရုပ်သိမ်းလိုက်ခြင်း၊ ဖွင့်လှစ်လိုက်ခြင်းကို ကထိန်ရုပ်သည်ဟု မြန်မာဝေါဟာရဖြင့် ခေါ်ဆိုကြရသည်။

သဒ္ဒါအနေကွဲသော်လည်း အဓိပ္ပာယ်ကား အတူတူ

ထိုကထိနုဒ္ဓါရ–ကထိန်နုတ်–ဟူသော စကားနှင့်၊ ကထိနုဗ္ဘာရ ကထိန်ရုပ်ဟူသော စကားနှစ်ရပ်တို့ကား၊ သဒ္ဒါအနေမျှသာ ကွဲပြား၍ အဓိပ္ပာယ်သဘာဝတ္ထအားဖြင့်ကား အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ပါဠိ, မြန်မာနှစ်ဘာသာ ဝေါဟာရတို့ကား အသင့်ချည်းပင်ဖြစ်သည်ဟု မှတ်ယူရမည်။

ကထိန်နုတ်ခြင်း၏ မာတိကာ (၈) ပါး

(၁) စဲသွားခြင်းလျှင် အဆုံးရှိသော ပက္ကမန္တိက—ကထိန်နုတ်ခြင်းတပါး။

(၂) သင်္ကန်းပြီးခြင်းလျှင်အဆုံးရှိသော နိဋ္ဌာနန္တိက-ကထိန်နုတ်ခြင်းတပါး။

(၃) စိတ်ကိုဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော သန္နိဋ္ဌာနန္တိက—ကထိန်နုတ်ခြင်း တပါး။

(၄) ပျောက်ပျက်ခြင်းလျှင် အဆုံးရှိသော နာသနန္တိက—ကထိန်နုတ်ခြင်း တပါး။

(၅) ကထိန်နုတ်အပ်ပြီတဲ့ဟု ကြားခြင်းလျှင် အဆုံးရှိသော သဝနန္တိက-ကထိန်နုတ်ခြင်း တပါး။

(၆) အာသာပြတ်ခြင်းလျှင် အဆုံးရှိသော အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း တပါး။

(၇) သင်္ကန်း ကာလအပိုင်းအခြားကို လွန်ခြင်းလျှင် အဆုံးရှိသော သီမာ-တိက္ကမန္တိက ကထိန်နုတ်ခြင်း တပါး။

(၈) ကျောင်းတိုက်အတွင်း၌ ရဟန်းတို့နှင့် ဧတူတကွ နုတ်ခြင်း ဟူသော သဟုဗ္ဘာရ ကထိန်နုတ်ခြင်း တပါး။

ဤသို့အားဖြင့် ကထိန်နုတ်ခြင်း၏ မာတိကာ (၈) ပါး ရှိလေသည်။

(ဆောင်ပုဒ်) ပက်—နိဋ္ဌ—သန်-နာ၊ သဝ—အာ၊
သီမာ—သဟုဗ်၊ ရှစ်ပါးထုတ်၊
ထိန်နုတ်မာတိကာ။

(၁) ပက္ကမနန္တိက ကထိန်နုတ်ခြင်း ဆိုသည်မှာ—

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော်၊ ချုပ်ပြီးသော သင်္ကန်းကိုယူပြီးလျှင် "ငါသည် ဤကျောင်းသို့ ပြန်မလာတော့အံ့" ဟု စိတ်ကိုဆုံးဖြတ်၍ အရပ်တပါးသို့ အပြီး ရွှေ့ပြောင်းသွားငြားအံ့၊ ထိုရဟန်းအား ပက္ကမနန္တိက ကထိန်နုတ်ခြင်း မည်၏။

ဤပက္ကမနန္တိက—ကထိန်နုတ်ခြင်း၌၊ သင်္ကန်းချုပ်ပြီးရာကာလက စီဝရ-ပလိဗောဓပြတ်စဲ၏၊ အခြားသို့ ပြောင်းရွေ့သွားသောအခါကျောင်းတိုက်၏ ဥပစာရ သိမ်အပိုင်းအခြားကို ကျော်လွန်ဆဲခဏ၌ အာဝါသပလိဗောဓ ပြတ်စဲ၏။ ထိုပလိဗောဓ (၂) ပါး ပြတ်စဲသွားခြင်းကြောင့် ၎င်းရဟန်း အတွက် ကထိန်ခင်းသဖြင့် ရရှိထားသော ကထိန်၏ အာနိသင် (၅) ပါးကို မရတော့ပြီ၊ ကထိန်နုတ်ပြီး ဖြစ်သွားတော့၏။ ပက္ကမနန္တိက ကထိန်နုတ်ခြင်း၌ စီဝရပလိဗောဓ ရှေးဦးစွာပြတ်စဲ၏၊ အာဝါသပလိဗောဓက နောက်မှ ပြတ်စဲ၏။ ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း ဖြစ်သောကြောင့် ပက္ကမနန္တိက- ကထိန်နုတ်ခြင်းဟု ခေါ်သည်။

(၂) နိဋ္ဌာနန္တိက—ကထိန်နုတ်ခြင်း ဆိုသည်မှာ—

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အာနိသင် သင်္ကန်းစကိုယူ၍ အရပ်တပါးသို့ ဖဲသွား၏။ ကျောင်းတိုက် ဥပစာရသိမ်၏ အပြင်ဘက်သို့ ရောက်သော အခါ "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းချုပ်အံ့၊ ကျောင်းသို့လည်း မပြန်တော့အံ့" ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ ပြီးအံ့၊ ထိုရဟန်းအား နိဋ္ဌာနန္တိက-ကထိန်နုတ်ခြင်း မည်၏။

သင်္ကန်းချုပ်၍ ပြီးဆုံးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းဖြစ် သောကြောင့်၊ နိဋ္ဌာနန္တိက-ကထိန်နုတ်ခြင်းဟု ခေါ်သည်။ ထိုနိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၌ ကျောင်းသို့ မပြန်တော့အံ့ဟု စိတ်ကိုဆုံးဖြတ်ရာ ခဏ၌ အာဝါသပလိဗောဓ ပြတ်စဲတော့၏၊ သင်္ကန်းချုပ်ပြီးရာ ခဏ၌ စီဝရပလိ ဗောဓပြတ်စဲတော့၏။

အာဝါသပလိဗောဓက ပဌမ ပြတ်စဲ၏။
စီဝရပလိဗောဓက ဒုတိယ ပြတ်စဲ၏။

(၃) သန္နိဋ္ဌာနန္တိက-ကထိန်နုတ်ခြင်း ဆိုသည်မှာ-

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းစကိုယူ၍ အခြား အရပ်သို့ဖဲသွား၏။ ကျောင်းတိုက် ဥပစာရသိမ်ပသို့ ရောက်သောအခါ ထိုရဟန်းအား " ဤသင်္ကန်းစကိုလည်း မချုပ်တော့ပြီ၊ ကျောင်းသို့လည်း

မပြန်တော့အံ့”ဟု အကြံဖြစ်၏။ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက-ကထိန်နုတ်ခြင်း မည်၏။

သင်္ကန်းကိုလည်း မချုပ်တော့အံ့၊ ကျောင်းသို့လည်း မပြန်တော့အံ့ဟု ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းဖြစ်သောကြောင့် သန္နိ-ဋ္ဌာနန္တိက-ကထိန်နုတ်ခြင်းဟု ခေါ်သည်။ ၎င်းသန္နိဋ္ဌာနန္တိက- ကထိန်နုတ်ခြင်း၌ အာဝါသပလိဗောဓ, စီဝရပလိဗောဓ (၂) ပါးလုံး တပြိုင်နက် ပြတ်စဲတော့၏။

(၄) နာသနန္တိက-ကထိန်နုတ်ခြင်း ဆိုသည်မှာ-

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ကထိန်အာနိသင် သင်္ကန်းစ ကိုယူ၍ အရပ်တပါးသို့ ဖဲသွား၏။ ကျောင်းတိုက် ဥပစာသိမ်၏အပ အခြား ကျောင်းသို့ ရောက်သောအခါ ထိုရဟန်းအား “ဤအရပ်၌ပင်လျှင် သင်္ကန်း ကိုချုပ်အံ့၊ ကျောင်းသို့လည်း မပြန်တော့အံ့” ဟု အကြံဖြစ်၏၊ ထိုသို့ အကြံဖြစ်သည့်အတိုင်းပင် သင်္ကန်းကိုချုပ်၏။ ထိုသို့ သင်္ကန်းကိုချုပ်နေစဉ် မပြီးခင်အတွင်းမှာပင် သင်္ကန်းပျောက်ပျက်သွားငြားအံ့၊ ထိုရဟန်းအား နာသနန္တိက-ကထိန်နုတ်ခြင်းမည်၏။

ထိုနာသနန္တိက-ကထိန်နုတ်ခြင်း၌ ကျောင်းသို့ မပြန်တော့အံ့ဟု စိတ်ကို ဆုံးဖြတ်ရာ ခဏကပင် အာဝါသပလိဗောဓ ပြတ်စဲသွားတော့၏။ သင်္ကန်း ပျောက်ပျက်သွားရာ ခဏ၌ စီဝရပလိဗောဓ ပြတ်စဲသွားတော့၏။

ထို့ကြောင့်- အာဝါသပလိဗောဓက အရင်ပြတ်၏။
စီဝရပလိဗောဓက နောက်မှပြတ်၏။

သင်္ကန်းပျောက်ပျက်သွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းဖြစ် သောကြောင့်၊ နာသနန္တိက-ကထိန်နုတ်ခြင်းဟု ခေါ်သည်။

(၅) သဝနန္တိက-ကထိန်နုတ်ခြင်း ဆိုသည်မှာ-

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ကထိန်အာနိသင် သင်္ကန်းစ ကိုယူ၍ “ငါသည် ဤကျောင်းသို့ ပြန်လာဦးအံ့” ဟု ကြံစည်ကာ အရပ်

တပါးသို့ ဖဲသွား၏။ ထိုရဟန်းသည် ဥပစာရသိမ်ပ အခြားကျောင်းသို့ ရောက်သောအခါ ထိုသက်န်းကိုချုပ်၏။ ထိုရဟန်းသည် သက်န်းချုပ်ပြီး သည်ရှိသော် "ထိုမိမိကထိန်ခင်းခဲ့ရာကျောင်း၌ 'ကထိန်ကိုနုတ်သတဲ့' ဟု ကြားသိရ၏။ ထိုရဟန်းအား ကထိန်ကိုနုတ်သတဲ့' ဟု ကြားသိရခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းဖြစ်သောကြောင့်၊ သဝနန္တိက–ကထိန်နုတ်ခြင်း ဟု ခေါ်သည်။

ဤသဝနန္တိက–ကထိန်နုတ်ခြင်း၌ စီဝရပလိဗောဓက ရှေးဦးစွာပြတ်၏။ အာဝါသပလိဗောဓက နောက်မှပြတ်၏။ သက်န်းချုပ်ပြီးရာခဏက စီဝရ ပလိဗောဓ ပြတ်စဲခဲ့သည်။ "ကထိန်ကိုနုတ်သတဲ့' ဟူသော သတင်းစကားကို ကြားရရာ ခဏ၌ အာဝါသပလိဗောဓပြတ်စဲတော့၏။

"သဝနန္တိကေ စီဝရပလိဗောဓော ပဌမံဆိဇ္ဇတိ။
တဿ တဿ သဟသဝနေန အာဝါသပလိဗောဓော ဆိဇ္ဇတိ"
(ဝိ ၃၊ အဋ္ဌကထာ-၃၉၄)။

(၆) သီမာတိက္ကန္တိက— ကထိန်နုတ်ခြင်း ဆိုသည်မှာ–

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ကထိန်အာနိသင် သက်န်းစ ကိုယူ၍ "ပြန်လာဦးအံ့"ဟု စိတ်ကြံစည်က၊ အရပ်တပါးသို့ ဖဲသွား၏။ ထိုရဟန်းသည် ကျောင်းတိုက်ဥပစာရသိမ်၏ အပဖြစ်သော အခြားကျောင်း သို့ ရောက်သောအခါ၊ ထိုသက်န်းကိုချုပ်၏။ ထိုရဟန်းသည် သက်န်းကိုချုပ် ပြီးသည်ရှိသော် "ကျောင်းသို့ပြန်အံ့–ကျောင်းသို့ပြန်အံ့" ဟု ကြံစည်စိတ် ကူး၍ နေစဉ်ပင်၊ ကထိန်ခင်းခဲ့ရာ ကျောင်းတိုက်၏ ဥပစာရသိမ်၏ အပြင် ဘက် အပ အခြားကျောင်း၌ ကထိန်အာနိသင်ရရာ ကာလ တပေါင်းလ ပြည့်နေ့ကို လွန်သွားတော့၏။ ထိုရဟန်းအား သီမာတိက္ကမနန္တိက ကထိန် နုတ်ခြင်း မည်၏။ သက်န်းကာလ အပိုင်းအခြားကို ကျော်လွန်ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းဖြစ်သောကြောင့် သီမာတိက္ကမနန္တိက ကထိန် နုတ်ခြင်းဟု ခေါ်သည်။

ကထိန်အာနိသင်ရရာ တပေါင်းလပြည့်နေ့ အပိုင်းအခြားကို သီမာ ဟု ခေါ်သည်၊ ၎င်းအပိုင်းအခြားကို ကျော်လွန်သွားခြင်းလျှင် အဆုံးရှိသော ကြောင့်၊ သီမာတိက္ကန္တိက-ကထိန်နုတ်ခြင်းဟု ခေါ်သည်။

၎င်းသီမာတိက္ကန္တိက-ကထိန်နုတ်ခြင်း၌ သင်္ကန်းကိုချုပ်၍ ပြီးဆုံးရာခဏ၌ စီဝရပလိဗောဓ ပြတ်စဲ၏၊ တပေါင်းလပြည့်နေ့ကို ကျော်လွန်ရာ ခဏ၌ အာဝါသပလိဗောဓ ပြတ်စဲ၏။

စီဝရပလိဗောဓက အရင်ပြတ်၍၊

အာဝါသပလိဗောဓက နောက်မှပြတ်သည်။

(၇) အာသာဝစ္ဆေဒိက- ကထိန်နုတ်ခြင်း ဆိုသည်မှာ-

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အာနိသင် သင်္ကန်းစကို ယူ၍ သင်္ကန်းရနိုင်ခြင်း ရှိရာအရပ်သို့ဖဲသွားခဲ့၏၊ ကထိန်ခင်းရာ ကျောင်းတိုက် ဥပစာရသိမ်၏ ပြင်ပအခြားကျောင်းသို့ ရောက်သောအခါ "ငါသည် ဤဥပစာရသိမ်၏ အပ၌ပင် ပစ္စာသာ သင်္ကန်းကို ရရှိမည့် အရပ်သို့သွားအံ့၊ ကျောင်းသို့မပြန်တော့အံ့" ဟု ကြံစည်၏။ ထိုရဟန်းသည် ပစ္စာသာသင်္ကန်း ရရှိမည့်အရပ်သို့ သွားရောက်သောအခါ၊ ရလိမ့်မည်ဟု မျှော်လင့်နေသော ပစ္စာသာ သင်္ကန်း မရရှိတော့သဖြင့် သင်္ကန်းလျှာအဝတ်ရနိုးမှု ပြတ်စဲ၏။ ထိုရဟန်းအား အာသာဝစ္ဆေဒိက-ကထိန်နုတ်ခြင်းမည်၏။

အခြားအရပ် တခုခုမှ ကထိန်းလျှာ အဝတ်ရလိမ့်ဦးမည်ဟု မျှော်လင့် ချက်ကို အာသာ ဟု ခေါ်သည်၊ ၎င်းမျှော်လင့်ချက် အာသာ၏ ပြတ်ခြင်း လျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းဖြစ်သောကြောင့် အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်းဟု ခေါ်သည်။

၎င်းအာသာဝစ္ဆေဒိက-ကထိန်နုတ်ခြင်း၌ "ကျောင်းသို့ မပြန်တော့အံ့၊ သင်္ကန်းရနိုးမှုရှိရာသို့ သွား၍သင်္ကန်းချုပ်အံ့" ဟု ကြံစည်ဆုံးဖြတ်ရာ ခဏ၌ အာဝါသပလိဗောဓ ပြတ်စဲတော့၏။ သင်္ကန်းရနိုးမှု အာသာရှိရာအရပ်သို့ ရောက်သောအခါ ၎င်းအာသာသင်္ကန်း မရသဖြင့် အာသာလည်း ပြတ်စဲ၏၊ အာသာပြတ်စဲရာ ခဏ၌ပင် စီဝရပလိဗောဓလည်း ပြတ်စဲသွားတော့၏၊

အာဝါသပလိဗောဓက အရင်ပြတ်၍၊

စီဝရပလိဗောဓက နောက်မှပြတ်၏။

(ဂ) သဟုဗ္ဘာရ ကထိန်နုတ်ခြင်း ဆိုသည်မှာ–

ရဟန်းသည် ကထိန်ခင်းပြီးသည်ရှိသော်၊ ကထိန်လျာအာနိသင်သင်္ကန်းစကို ယူ၍၊ "ဤကျောင်းသို့ ပြန်လာဦးအံ့"ဟု ကြံစည်စိတ်ကူးလျက် အရပ်တပါးသို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်၏အပ အခြားကျောင်းသို့ရောက်သောအခါ၊ ထိုသင်္ကန်းစကို ချုပ်၏၊ လိုရဟန်းသည် သင်္ကန်းကို ချုပ်ပြီးသည်ရှိသော် "ကျောင်းသို့ပြန်အံ့"ဟု ကြံစည် စိတ်ကူး ထားသည့်အတိုင်း နဂိုနေထိုင်ခဲ့ရာကျောင်းသို့ ပြန်လာ၏၊ ကျောင်းသို့ရောက်သောအခါ ထိုရဟန်းအား ကထိန်ခင်းရာ ကျောင်းတိုက်အတွင်းရှိ ရဟန်းတို့နှင့်အတူတကွ ထိုတိုက်တာ၌ ကထိန်နုတ်ရန်အကြောင်းရှိ၍ ထိုခင်းပြီးကထိန်ကို နုတ်ကြ၏၊ ထိုကထိန်နုတ်ခြင်းကို အခြား ရဟန်းတို့နှင့် အတူတကွ ကထိန်နုတ်ခြင်းဖြစ်သောကြောင့်၊ သဟုဗ္ဘာရ-ကထိန်နုတ်ခြင်း ဟု ခေါ်သည်။

ဤသဟုဗ္ဘာရ–ကထိန်နုတ်ခြင်း၌၊ သင်္ကန်းချုပ်၍ မပြီးခင် ပြန်လာ၍၊ ရဟန်းတို့နှင့် အတူတကွ ကထိန်ကိုနုတ်ခဲ့သော်၊ စီဝရပလိဗောဓ, အာဝါသပလိဗောဓ (၂)မျိုး တပြိုင်နက် ပြတ်စဲ၏။

သင်္ကန်းကို အခြားအရပ်၌ ချုပ်ခဲ့ပြီ မှပြန်လာ၍ ရဟန်းတို့နှင့်အတူတကွ ကထိန်ကို နုတ်ခဲ့သော်ကား၊ စီဝရပလိဗောဓကအရင်ပြတ်၏။ အာဝါသပလိဗောဓက နောက်မှ ပြတ်၏။

ဤပြဆိုခဲ့ပြီးသော ကထိန်နုတ်ခြင်းတို့သည်ကား "အဋ္ဌမာတိကာဥဗ္ဘာရ" ကထိန်နုတ်ခြင်းတို့ဖြစ်သည်။

ကထိန်နုတ်ခြင်း(၂)မျိုး

ကထိန်နုတ်ခြင်းသည်–

(၁) အဋ္ဌမာတိကာဥဗ္ဘာရ–နုတ်ခြင်း၊

(၂) အန္တရုဗ္ဘာရ-နုတ်ခြင်း၊ ဟူ၍ (၂)မျိုးရှိသည်။

ထို(၂)မျိုးတို့တွင် အထက်ပါ မာတိကာ(၈)ပါးတို့တွင် တပါးပါးသော မာတိကာဖြင့် နုတ်ခြင်းမျိုးသည်၊ အဋ္ဌမာတိကာဥဗ္ဘာရ–ကထိန်နုတ်ခြင်းမည်၏။

ကထိန်ခင်းပြီးသော ရဟန်းသည် ကထိန်ခင်းရာကျောင်းတိုက် ဥပစာရ သိမ်၏ အပြင်ပသို့ မဖဲသွားမူ၍ ကျောင်းတိုက်အတွင်းမှာပင်နေ၍၊ သက်နိုး ကာလ မဆုံးမီအတွင်း၊ တိုက်တာ၌ ကထိန်နုတ်ရန်အကြောင်း ကိစ္စရှိ၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်နုတ်ခြင်းသည်ကား အန္တရုဗ္ဘာရ ကထိန် နုတ်ခြင်းမည်၏။

အန္တရုဗ္ဘာရနှင့် သဟုဗ္ဘာရ ကထိန်နုတ်ခြင်း(၂)ပါးအထူး–

ကထိန်ခင်းရာကျောင်းတိုက် ဥပစာရသိမ်၏ ပြင်ပအရပ်တပါးသို့ မဖဲ မသွားမူ၍၊ မိမိ၏ကထိန်ခင်းရာ ကျောင်းတိုက်မှာပင် နေထိုင်လျက်၊ ကထိန် နုတ်ရန် အကြောင်းကိစ္စရှိ၍၊ သံဃာတော်အများ ဉတ္တိဒုတိယကမ္မဝါစာ ဖြင့် ကထိန်ကာလမဆုံးမီအတွင်း အကြားကာလ၌၊ ကထိန်နုတ်သောရဟန်း ၏ ကထိန်နုတ်ခြင်းမျိုးသည်၊ အန္တရုဗ္ဘာရ–ကထိန်နုတ်ခြင်းတည်း။

ကထိန်ခင်းရာကျောင်းတိုက် ဥပစာရသိမ်၏ပြင်ပ အခြားအရပ်တပါးသို့ ခေတ္တခဏသွားရောက်ပြီးလျှင်၊ ကထိန်ကာလမကုန်ဆုံးမီအတွင်း၌ပင် မိမိနေ ထိုင်ရာ ကျောင်းတိုက်သို့ ပြန်လာခိုက်ဝယ်၊ ကျောင်းတိုက်၌လည်း ကထိန် နုတ်ရန် အကြောင်းကိစ္စ ပေါ်ပေါက်လာသဖြင့်၊ တိုက်တွင်းရှိ ရဟန်းတို့ နှင့်အတူတကွ တိုက်တွင်း၌ပင်၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့်နုတ်သောရဟန်း ၏ ကထိန်နုတ်ခြင်းသည် မာတိကာ(၈)ပါး၌လာသော သဟုဗ္ဘာရကထိန် နုတ်ခြင်းတည်း၊ ဤသို့ထူးခြား၏။

ခရီးမထွက်သောရဟန်း၊ ခရီးထွက်၍ ပြန်ရောက်သော ရဟန်း(၂)မျိုး သာ ခြားနားချက်ရှိသည်၊ အန္တရုဗ္ဘာရနှင့် သဟုဗ္ဘာရ– ကထိန်နုတ်ခြင်း (၂)မျိုးတို့သည် ဉတ္တိဒုတိယကမ္မဝါစာဖြင့် နုတ်ခြင်းကား တူကြ၏။

ပက္ကမနန္တိက· နိဋ္ဌာနန္တိက· သန္နိဋ္ဌာနန္တိက· နာသနန္တိက– သဝနန္တိက– အာသာဝစ္ဆေဒိက– သီမာတိက္ကန္တိက (၇)မျိုးသော ကထိန်နုတ်ခြင်းမျိုးတို့ သည်ကား၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့် နုတ်ခြင်းမျိုးမဟုတ်၊ ပလိဗောဓ– (၂)ပါး ပြတ်စဲသွားခြင်းကြောင့်သာဖြစ်သော ကထိန်နုတ်ခြင်းမျိုးများ ဖြစ်ကြသည်။

အဋ္ဌန္နံ မာတိကာနံဝါ၊ အန္တရုဗ္ဘာရဘောပိဝါ၊

ဉဗ္ဘာရာပိ ဒုဝေ ဝုတ္တာ၊ ကထိနဿ မဟေသိနာ။

(ဝိနယဝိနိစ္ဆယ)။

သဟုဋ္ဌာရ ကထိန်နုတ်ခြင်းကား မာတိကာ(၈)ပါးထဲ၌ ပါဝင်သော ကထိန်နုတ်ခြင်းမျိုးဖြစ်သည်။

အန္တရုဗ္ဘာရ ကထိန်နုတ်ခြင်းကား မာတိကာ (၈)ပါးတွင် မပါဝင်သော သီးခြား ကထိန်နုတ်ခြင်းမျိုးဖြစ်သည်။

ကထိန်နုတ်သည့်မာတိကာ(၈)ပါးဆောင်ပုဒ်။

ဖဲသွား-ပြီးပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ-နှုတ်ပြီကြား။
အာသာ:ပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြုံ-မာရှစ်ပါး။

(ဝိနယသံခိပ်)။

ဥဗ္ဘာရော ဒုဝိဓော အဋ္ဌမာတိကဥဗ္ဘာရ, အန္တရုဗ္ဘာရ, ဝသေန. တတ္ထဗဟိဥပစာရသီမာဂတာနံ ဘိက္ခူနံ့ဝသေန ဝုတ္တာ သတ္တကထိ-နုဗ္ဘာရာစ၊ ဗဟိဥပစာရသီမံ ဂန္တာနိဝတ္တေတွာ ကထိနတ္ထတ ဝိဟာရေ အန္တရုဗ္ဘာရံပတွာ ဘိက္ခူဟိ သဟ အန္တရုဗ္ဘာရဿ ကတတ္တာ. သဟုဗ္ဘာရ သခ်ါတော ဧကော ကထိနုဗ္ဘာရောစာတိ ဣမေအဋ္ဌ ကထိနုဗ္ဘာရာ အဋ္ဌမာတိကာယ ပဝိဋ္ဌတ္တာ အဋ္ဌမာတိကာဥဗ္ဘာ-ရောနာမ။

ဗဟိသီမံ အဂန္တာ တသ္မိံယေဝဝိဟာရေ နိသီဒိတွာ ကထိနုဗ္ဘာရံ ဉတ္တိဒုတိယကမ္မဝါစာယ ကထိနုဗ္ဘာရော အဋ္ဌမာတိကာယ အပ္ပ-ဝိဋ္ဌော ဟုတွာ ကာလပရိစ္ဆေဒံ အပ္ပတွာ အန္တရာယေဝ ကတတ္တာ အန္တရုဗ္ဘာရောနာမ။

အန္တရုဗ္ဘာရ သဟုဗ္ဘာရာ ဉတ္တိဒုတိယကမ္မဝါစာယေဝ ကတာ၊ ဝေဒိတဗ္ဗော ကော တော ဝိသေသောတိ။

အန္တရုဗ္ဘာရော ဗဟိသီမံ အဂန္တာ အန္တောသီမာယမေဝ ဋ္ဌိတေဟိ ဘိက္ခူဟိကတော။

သဟုဗ္ဘာရော ဗဟိသီမံဂတေန ဘိက္ခုနာ ပစ္စာဂန္တာ တံ အန္တ-ရုဗ္ဘာရံပတွာ တေဟိအန္တောသီမဋ္ဌေဟိ ဘိက္ခူဟိ၊ သဟာကတောတိ အယ မေ ဝေသံ ဝိသေသော။

(ဝိနယာလင်္ကာရဋီကာ-ဒု-၁၄၄)။

ဗဟိသီမံ ဂန္တာ အာဂတဿဝသေန သဟုဗ္ဘာရော၊ ဗဟိသီမံ အဂတာနံဝသေန အန္တရုဗ္ဘာရောတိ ဧကော ယေဝ ဥဗ္ဘာရော-ဒွိဓာဝုတ္တောတိ ဝုတ္တံ။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၄၅)။

## ခင်းပြီးကထိန်ကို ပြန်၍နုတ်ကောင်း-မနုတ်ကောင်း

တစုံတယောက်သော ဒါယကာ-ဒါယိကာမတို့သည် ကထိန်ခင်းရာ တိုက်တာအတွင်းဝယ် ကထိန်အာနိသင်ရ-မရ၊ အားလုံးသော သံဃာအား ညီတူညီမျှ ဝေဖန်၍ ယူကောင်းသော သံဃိကအကာလသက်န်းများကို လှူဒါန်းလိုသဖြင့် ခင်းအပ်ပြီးသော ကထိန်ကို နုတ်ပေးပါရန် သံဃာအား လျှောက်ထားခဲ့သော် ခင်းပြီး ကထိန်ကိုနုတ်သင့်က နုတ်နိုင်ပါသည်။ ထို့ကြောင့် ခင်းပြီး ကထိန်နုတ်သင့်က နုတ်ကောင်းသည်ဟုမှတ်။

**အဓိပ္ပာယ်ရှင်းလင်းချက်။** ကထိန်ခင်းရာ ကျောင်းတိုက်ဝယ် ကထိန်၏ အာနိသင်ရရာ(၂)လအတွင်း၌ "သံဃဿဒေမ" ဟုဆို၍ လှူဒါန်းအပ်သမျှသော သံဃိကသက်န်းတို့ကို "ယေ ဝတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ"ဟူသော ကထိန်၏ ပဥ္စမမြောက် အာနိသင် အရ ကထိန်ခင်းရသဖြင့် ကထိန်အာနိသင်ရသော ရဟန်းတို့သာ ပိုင်ဆိုင်အစိုးရနေသဖြင့် ၎င်းရဟန်းတို့သာ ဝေဖန်၍ယူနိုင်ခွင့်ရှိနေသည်။ ကထိန်ခင်းရာကျောင်းတိုက်၌ စီဝရကာလအာနိသင်ရရာ(၅)လအတွင်းမှာ သံဃိကဖြစ်ပေါ်လာသမျှသော သက်န်းတို့ကား ကာလသက်န်းများသာ ဖြစ်နေ၏။

ထိုကာလသက်န်းများကို ကထိန်အာနိသင်ရသည့် ပုဂ္ဂိုလ်တို့သာ ဝေဖန်၍ ယူနိုင်ခွင့်ရှိနေသဖြင့် ခင်းထားသည့် ကထိန်ကိုနုတ်ပစ်ရသည်၊ ထိုသို့ ကထိန်ကို နုတ်ပစ်လိုက်လျှင်ကား သံဃိက ဖြစ်ပေါ်လာသော သက်န်းတို့သည် အကာလ သက်န်းများ ဖြစ်သွားသဖြင့် ပစ္ဆိမဝဿာများ ဝါကျိုး ဝါပြတ် များပါ မကျန် အားလုံးတိုက်တွင်းရှိ သံဃာတော်များ ဝေဖန်၍ ပေးနိုင်ခွင့်ရှိသွားတော့၏။

ထိုသို့ ကထိန်အာနိသင် ရ-မရ သံဃာအားလုံး အညီအမျှ အကာလ သံဃိကစီဝရဒါနပြုလုပ် လှူဒါန်းလိုသူ ဒါယကာ,ဒါယိကာမတို့က ကထိန်နုတ်ပေးပါရန် လျှောက်ထားခဲ့သော် ခင်းပြီးကထိန်ကို နုတ်ကောင်းသည်။

## ကထိန်နောက်ထပ်ခင်းရန် ခင်းပြီးကထိန်ကို နုတ်ကောင်း-မနုတ်ကောင်း

နောက်ထပ် ကထိန်ထပ်၍ ခင်းရန်အတွက်ကား ခင်းပြီးကထိန်ကို မနုတ်ကောင်းပါ။ ဤသို့သော ကထိန်နုတ်ခြင်းမျိုးကား ဓမ္မိကကထိန်ုဒ္ဓါရမဟုတ်။

ပစ္စည်းလာဘ်လာဘ၌ တပ်မက်လိုချင်မှု လောဘ၏ အစွမ်းအားဖြင့် နုတ်ခြင်းမျိုးသာဖြစ်သည်။ မနုတ်ကောင်း။

တေန ခေါ ပန သမယေန အညတရေန ဥပါသကေန သံဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ။
သော တဿ ဝိဟာရဿ မဟေ ဥဘတောသံဃဿ အကာလစီဝရံ ဒါတုကာမော ဟောတိ။

တေန ခေါ ပန သမယေန ဥဘတောသံဃဿ ကထိနံ အတ္ထတံ ဟောတိ၊ အထခေါ သော ဥပါသကော သံဃံ ဥပသင်္ကမိတွာ ကထိနုဒ္ဓါရံ ယာစိ။

(ဘိက္ခုနီဝိဘင်္ဂပါဠိတော်)။

ကထိနုဒ္ဓါရကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဒ္ဓရေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ကထိနံ ဥဒ္ဓရတိ၊ ယဿာယသ္မတော ခမတိ ကထိနဿ ဥဒ္ဓါရော၊ သော တုဏှဿ၊ ယဿနက္ခမတိ၊ သော ဘာသေယျ။

ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဤဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ခင်းအပ်ပြီးသော ကထိန်ကိုနုတ်ရသည်။ ၎င်းဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် နုတ်လိုက်က ကထိန်အာနိသင်များလုံးဝ ပျက်ပြယ်၍ သွားတော့၏။

ကထိန်အာနိသင်များ ပျက်ပြယ်၍သွားခြင်းကြောင့်၊ ကထိန်ခင်းထားသည့် ကျောင်းတိုက်၌ ဖြစ်ပေါ်လာသမျှ သံဃိကသင်္ကန်းတို့သည် အကာလသင်္ကန်းများဖြစ်၍သွားတော့၏။

အကာလ သင်္ကန်းများဖြစ်သွားသောကြောင့်၊ ကထိန်အာနိသင်ရ-မရ၊ သံဃာတော်အားလုံး ဝေဖန်၍ ယူနိုင်တော့၏။

ထိုသို့ ကထိန်အာနိသင်ရသော ရဟန်းများသာမက ပစ္ဆိမဝါကပ်သဖြင့်လည်းကောင်း၊ ဝါကျိုး ဝါပြတ် ဝါမကပ်ရသဖြင့်လည်းကောင်း၊ ကထိန်

အာနိသင်မရကြသော သံဃာတော်များပါ၊ သံဃိကသက်န်းများကိုဝေဖန်နိုင်ခွင့် ရစေရန်၊ သံဃာအများကိုငဲ့၍သာ ခင်းပြီး ကထိန်ကိုပြန်နုတ်နိုင်ခွင့်ရှိသည်ဟု မှတ်ယူရမည်။ ထပ်၍ခင်းရန်အတွက်ကား လုံးဝမနုတ်ကောင်းပါ။

**ကထိန်နုတ်ပေးရန်တောင်းပန်တိုင်း**

**နုတ်ကောင်း-မနုတ်ကောင်း၊**

ကထိန်နုတ်ပေးရန် တောင်းပန်တိုင်း၊ ကထိန်ကိုမနုတ်ရပါ။ ကထိန်အာနိသင် ရသားသော ရဟန်းတို့အား၊ ခင်းထားသည့် ကထိန်အာနိသင်ကြောင့် ရရှိသော စီဝရလာဘ်ထက် ကထိန်ကိုနုတ်ခြင်းကြောင့် ရရှိသောစီဝရလာဘ်က ပို၍များမှသာ ကထိန်နုတ်ကောင်းပါသည်။

ဥပမာအားဖြင့်- ကထိန်အာနိသင် ရရှိထားသော ရဟန်း သံဃာတို့အား ကထိန်ကိုမနုတ်ပဲထားက၊ ကေသီတထည်စီလောက်သာရနိုင်၏။ ကထိန်နုတ်မှုကြောင့် တစုံရနိုင်၏။ ထိုသို့နုတ်သဖြင့် ကထိန်အာနိသင်ရရှိသော ရဟန်းတို့မှာ စီဝရလာဘ်ပို၍ ရနိုင်မှသာ ခင်းပြီးကထိန်ကို နုတ်ကောင်းသည်။ ပို၍မရနိုင်က မနုတ်ကောင်းပါ။

အကယ်၍နုတ်ပါက သံဃာလာဘ်၏ အန္တရာယ်ပြုရာရောက်၏။ ကထိန်အာနိသင် မရသူ ပုဂ္ဂိုလ်တို့ကို မျက်နှာလိုက်ရာရောက်၏။

ထို့ကြောင့် ကထိန်အာနိသင်ရသော ပုဂ္ဂိုလ်တို့အား ကထိန်မနုတ်ပဲရရှိသည့် လာဘ်ထက် ကထိန်နုတ်သဖြင့် ရရှိသောလာဘ်က ပို၍ရအောင် လှူဒါန်းနိုင်သည့် ဒါယကာတို့က ကထိန်နုတ်ပေးပါရန် တောင်းပန်မှသာနုတ်ကောင်း၏။

### ကထိန်ကိုနုတ်ခြင်းကြောင့်ရသည့်လာဘ်နှင့် မနုတ်ပဲ ထားခြင်းကြောင့် ရသည့်လာဘ် ညီမျှ၍နေခဲ့သော်

ကထိန်ခင်းထားသဖြင့် ကထိန်အာနိသင်ရသော ပုဂ္ဂိုလ်တို့အား ကထိန်နုတ်ခြင်းကြောင့် ရသည့် အာနိသင်လာဘ်နှင့် မနုတ်ပဲထားခြင်းကြောင့် ရသည့် လာဘ်တို့ တူညီနေခဲ့လျှင်ကား၊ ဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက်ခြင်းငှာ နုတ်ကောင်းသည်သာတည်း။

ကထိန်မနုတ်လည်းတစုံ၊ ကထိန်နုတ်လည်းတစုံ ရရှိမည်ဖြစ်လျှင် ကထိန်အာနိသင်ရ-မရ၊ သံဃာအားလုံးအတွက် သံဃိက အကာလ သင်္ကန်းလှူဒါန်း

လိုသူ ဒါယကာ ဒါယိကာမတို့၏ စေတနာ သဒ္ဓါတရားကိုစောင့်ရှောက်သော အားဖြင့် ခင်းပြီးကထိန်ကိုနှုတ်ပေးကောင်းသည်ဟူလို။

ကိဒိသောကထိန္နုဒ္ဓါရော ဒါတဗ္ဗော၊ ကိဒိသော န ဒါတဗ္ဗောတိ။

ယဿအတ္ထာရမူလကော အာနိသံသော–မဟာ၊
ဥဗ္ဘာရမူလကော အပ္ပေါ ဝေရူပေါ နဒါတဗ္ဗော။

ယဿပန အတ္ထာရမူလကော အာနိသံသော အပ္ပေါ
ဥဗ္ဘာရမူလကော မဟာ၊ ဝေရူပေါ ဒါတဗ္ဗော၊
သမာနိသံသောပိ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗော။

(ဝိ–ဋ္ဌ၊ ၃–၂၀၀။)

ကထိန်နှုတ်ခြင်းဟူသည် အဘယ်ကိုနှုတ်ပါသနည်း

ရှေးကထိန်ခင်းစဉ် ကာလကပြုလုပ်ခဲ့သော–

၁။ ကထိန်သင်္ကန်းပေးမှု–ကထိနစီဝရဒါနကံ၊

၂။ ကထိန်ခင်းမှု–ကဌိနတ္ထာရကံ ဟူ၍ (၂) မျိုးရှိရာ၊ ထို (၂) မျိုးတို့တွင် ကထိန်နှုတ်သောအခါ အဘယ်ကို နှုတ်ပါသနည်း။

ကထိန်အာနိသင် (၅) ပါးကို ရခြင်း၏ အကြောင်းဖြစ်သည့် ကထိန် ခင်းမှု (ကထိနတ္ထာရကံ) ကိုသာနှုတ်သည်။

ကထိနတ္ထာရဟ ရဟန်းအား သံဃာတော်အများက ကထိနစီဝရဒါန (ကထိန်သင်္ကန်း) ပေးမှု (ဉတ္တိ ဒုတိယကံ) ကို ပြန်၍ နှုတ်သည်မဟုတ်ပါ။

ကထိန်သင်္ကန်းပေးမှု (ဉတ္တိ ဒုတိယကံ)ကို ပြန်နှုတ်သည်ဖြစ်လျှင် ကထိန် ခင်းသော ရဟန်းလက်သို့ ရောက်နေသော သံဃာကပေးထားသည့် သင်္ကန်း ကို ပြန်တောင်း၍ ခင်းရတော့မလို ဖြစ်နေ၏။ ထိုသို့ပြန်၍ မတောင်းရ တော့ပါ။

ထို့ကြောင့် ကထိန်အာနိသင် (၅) ပါးကိုရခြင်း၏ အကြောင်းရင်းမူလ ဖြစ်သော ကထိန်ခင်းထားခြင်းကိုသာ ပြန်၍နှုတ်သည်ဟုမှတ်ပါ။ ထိုသို့ ကထိန်အာနိသင်ရခြင်း၏ အကြောင်းဖြစ်သော ကထိန်ခင်းမှုကိုသာ ကထိ–

နိဒ္ဒါရ ကမ္မဝါစာဖြင့် နုတ်ခြင်းကြောင့်၊ ကထိန်နုတ်ပြီးရာ ကာလမှစ၍ အာနိသင် (၅)ပါး ရရှိမှု ပျက်ပြယ်သွားသဖြင့် နောက်အခါ သံဃာအား ဖြစ်ပေါ်လာသော သင်္ကန်းများသည် အကာလ သင်္ကန်းများဖြစ်၍သွား တော့၏။ ကထိန်ခင်းထားသည့် ရဟန်းများအား အာနိသင် (၅) ပါးကို မရရှိတော့ပြီ။

အာနိသင်(၅) ပါးကိုမရရှိတော့သောကြောင့် သံဃိကသင်္ကန်းများသည် သမ္မုခါသံဃိက သင်္ကန်းများဖြစ်၍သွားတော့၏။

သမ္မုခါသံဃိက (သံဃာအားလုံးဆိုင်) သင်္ကန်းများ ဖြစ်သွားသောကြောင့် ရောက်ပြီး ရောက်ဆဲ သံဃာအားလုံး ဝေဖန်၍ ယူနိုင်ခွင့်ရှိသွားတော့၏။ ကထိန်နုတ်ခြင်းဟူသည် သင်္ကန်းပေးမှုကိုမနုတ်၊ ခင်းမှုကိုသာ နုတ်သည်ဟု ကောက်ချက်ချကာမှတ်ပါ။

ဧတေန စ ကထိနုဗ္ဘာရေန ပုဗ္ဗေကတံ ကထိနဒုဿ
ဒါန ဉတ္တိ ဒုတိယ ကမ္မဝါစံ ဥဗ္ဘတန္တိ ဝဒန္တိ၊

နပန ကထိန ဒုဿဒါနဉတ္တိ ဒုတိယ ကမ္မံ ဥဗ္ဘတံ၊
အထခေါ် အတ္ထာရ ကမ္မမေဝါတိ ဒဋ္ဌဗ္ဗံ။

ယဒိဟိ ကထိနဒုဿဒါန ဉတ္တိဒုတိယကမ္မံဥဗ္ဘတံ ဘဝေယျ၊ တာယကမ္မဝါစာယ ကထိနဒုဿဒါနဿ သိဇ္ဈနတော ဣမာယ ကထိနုဗ္ဘာရကမ္မဝါစာယ တံပုဗ္ဗေဒိန္နဒုဿံ ပုနာအာဟာရပေတဗ္ဗံ သိယာ၊ န ပဉ္စာနိသံသဝိဂမနံ၊

ယသ္မာပန ဣမာယ ကထိနုဗ္ဘာရကမ္မဝါစာယ ပဉ္စာနိသံသ ဝိဂမနမေဝဟောတိ၊ န ပုဗ္ဗေ ဒိန္နကထိနဒုဿဿ ပုနအာဟာရာပနံ၊ တေနဝိညာယတိ ပဉ္စာနိသံသလာဘကာရဏံ အတ္ထရဏကမ္မမေဝ ဣမာယ ကထိနုဗ္ဘာရ ကမ္မဝါစာယ ဥဒ္ဓရီယတိ၊

န ကထိနဒုဿဒါန ဉတ္တိဒုတိယကမ္မဝါစာတိ၊ တသ္မာ ကထိနုဗ္ဘာရ ကမ္မဝါစာ ကရဏတော ပဋ္ဌာ သံဃဿဥပ္ပန္နံ စီဝရံ အကာလစီဝရံ ဟောတိ၊ သံဃော ပဉ္စာနိသံသေ န လဘတိ၊

စီဝရံ သမ္မုခါသံဃိကံဟုတ္ဝာ အာဂတာဂတဿ သံဃဿ ဘာဇေနိယံ ဟောတီတိ ဒဋ္ဌဗ္ဗံ။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၄၆)

ကထိန်ခင်းပုံ အကျဉ်းသိမှတ်ဖွယ်များ

ခံ, ရွေး, ပေးနှင်း၊ စွန့်, ထိုးခြင်း၊ တင်, ခင်း, နုမောဒါ။

(ပုဒ်စဉ် ၅၄၀၊ ဝိနယသံခိပ်)

(၁) ခံ-ဆိုသည်မှာ၊ ကထိန်သင်္ကန်းကို သံဃိကလှူဒါန်းရန်၊ သံဃာကိုလှူဒါန်းခြင်းသည် ပုဂ္ဂလိက လှူဒါန်းခြင်းထက် အကျိုးကြီးပုံများကို ပြောဟောလျက် သံဃာလက်ရောက် သံဃိကမြောက်အောင် အလှူခံရမည်ဟု ဆိုသည်၊ ကထိန်လျာဥတ်သင်္ကန်းကို သံဃိကမြောက်အောင် ဒါယကာတို့ လှူဒါန်းနိုင်မှသာ ကထိနဿ ဧကံမူလံ သံဃော-ဟူသော ဘုရားဟော ပါဠိစေတ်အရ၊ ကထိန်ခင်းမြောက်မည်။

(၂) ရွေး-ဆိုသည်မှာ၊ သံဃာက ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်ကို ဝိနည်းစည်းကမ်းနှင့်အညီ ရွေးချယ်ရမည်ဟု ဆိုသည်။

(၃) ပေးနှင်း-ဆိုသည်မှာ၊ သိမ်အတွင်းသို့ သွားရောက်၍ ထိုကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်အား ဥတ်ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးရမည်ဟု ဆိုလိုသည်။

(၄) စွန့်-ဆိုသည်မှာ၊ အကယ်၍ တိစီဝရိက်အဓိဋ္ဌာန်တင်ထားသည့်သင်္ကန်းဟောင်းရှိခဲ့လျှင်၊ ၎င်းသင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြု၍ အဓိဋ္ဌာန်ကို စွန့်ရမည်ဟု ဆိုသည်။

(၅) ထိုးခြင်း-ဆိုသည်မှာ၊ ကထိန်ခင်းမည့် သင်္ကန်းသစ်ကို ကပ္ပဗိန္ဒု ထိုးရမည်ဟု ဆိုသည်။

(၆) တင်-ဆိုသည်မှာ၊ ကထိန်ခင်းမည့် သင်္ကန်းအားလျော်စွာ နာမည်ဖြင့် သင်္ကန်းသစ်ကို အဓိဋ္ဌာန်တင်ရမည်ဟု ဆိုသည်။

မှတ်ချက်။ ။ကထိန်ခင်းမည့် ကထိန်လျာသင်္ကန်းကို အဓိဋ္ဌာန်တင်သောအခါ၊ ပရိက္ခာရစောဠအဓိဋ္ဌာန်နည်းဖြင့် အဓိဋ္ဌာန်မတင်ရ၊ တိစီဝရိက် အဓိဋ္ဌာန်နည်းဖြင့်သာ အဓိဋ္ဌာန် တင်ရမည်။ ပရိက္ခာရစောဠနည်းဖြင့် အဓိဋ္ဌာန်တင်၍ ကထိန်ခင်းသော် မအပ်ဟုမှတ်ပါ။

(၇) ခင်း–ဆိုသည်မှာ၊ သင်္ကန်းကြီးဖြင့် ခင်းမည်ဖြစ်လျှင် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟု (၃)ကြိမ် (၃)ခေါက်နှုတ်မြွက်၍ ဆိုကာ ကထိန်ခင်းရမည်၊ ဧကသီဖြင့်ခင်းမည်ဖြစ်လျှင် "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" ဟု (၃)ခေါက်၊ သင်းပိုင်ဖြင့် ခင်းမည်ဖြစ်လျှင် ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟု (၃)ခေါက်နှုတ်မြွက်ဆိုကာ ကထိန်ခင်းရမည်ဟု ဆိုသည်။

(၈) နုမောဒါ–ဆိုသည်မှာ၊ ကထိန်ခင်းသောရဟန်းက ကထိန်ခင်းခြင်း ကိစ္စပြီးသောအခါ အတ္ထတံ(အာဝုသော) သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" ဟု (၃)ကြိမ်နှုတ်မြွက်၍ အနုမော- ဒနာပြုဖို့ရန် တိုက်တွန်းသောအခါ၌ အခြားသောသံဃာဂိုဏ်းပုဂ္ဂိုလ် များက–"အတ္ထတံ(ဘန္တေ) သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာ– ရော အနုမောဒါမ" ဟု (၃)ကြိမ် (၃)ခါ နှုတ်မြွက်ဖြေဆိုကာ အနုမောဒနာ ပြုရမည်ဟု ဆိုသည်။

ကထိန်ခင်းသောအခါ ဤပြဆိုခဲ့သော အစဉ်အတိုင်း ပြုလုပ်ရန်ကိစ္စ (၈)ပါးရှိသည်ဟု အကျဉ်းအားဖြင့် မှတ်သားထားရာ၏။

ဒွေပုဂ္ဂလာ ကထိနံ အတ္ထရန္တိ
အတ္ထာရကဿစ အနုမောဒကဿစ

ဟုဆိုသည့်အတိုင်း ၁။ ကထိန်ခင်းသောရဟန်း၊ ၂။ အနုမောဒနာပြုသော ရဟန်း (ဤရဟန်း ၂- မျိုး)တို့သည် ကထိန်ခင်းသည်မည်ကုန်၏၊ကထိန်၏ အာနိသင်ကို ရကြကုန်၏။

ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်၏ဂုဏ်အင်္ဂါ(၈)ပါး

(၁) ရှေးဦးစွာ ပြုလုပ်အပ်သော ပုဗ္ဗကရဏ(၇)ပါးကိုသိခြင်း၊

(၂) ပစ္စုဒ္ဓါရ်ပြုခြင်းကိုသိခြင်း၊

(၃) အဓိဋ္ဌာန်တင်ခြင်းကိုသိခြင်း၊

(၄) ကထိန်ခင်းမှုအတ္ထာရကိုသိခြင်း၊

(၅) ကထိန်နုတ်ခြင်း မာတိကာ ၈–ပါးကိုသိခြင်း၊

(၆) ပလိဗောဓ ၂–ပါးကိုသိခြင်း၊

(၇) ဥဒ္ဒါရဟုဆိုအပ်သော ကထိန်နုတ်ခြင်း ၂=ပါးကိုသိခြင်း၊

(၈) ကထိန်၏အာနိသင် ၅-ပါးကိုသိခြင်း၊

ဟူသော ဤဂုဏ်အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးသည်သာ ကထိန်ခင်းထိုက်သည်၊ ၎င်းဂုဏ်အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသူမဟုတ်က၊ ဇိဏ္ဏစီဝရ, ဝုစု, ပုဂ္ဂိုလ်ဖြစ်သော်လည်း မခင်းထိုက်။

ဆောင်ပုဒ်။ ၁။ ပုဗ္ဗကရဏံ, ပစ္စုဒ္ဓံ, အဓိဋ္ဌာန်, အတ္ထာရ၊

၂။ မာတိ, ဗောဓံ၊ ဥဒ္ဒါရံ, နိသံ, အင်ရှစ်ဝ။

၃။ လျှော်, စီး, ဖြတ်, တွဲ၊ ချုပ်, ဆိုး နဲ၊ ထိုးမြဲ,ခွန်ပုဗ္ဗ။

၄။ ပစ္စုဒ္ဒါရံ၊ အဓိဋ္ဌာန်၊ ခင်းပြန်အတ္ထာရ။

(ဝိနယသံခိပ်)။

နှုတ်မြွက်၍ကထိန်မခင်းလျှင် ကထိန်မမြောက်

ကထိန်ခင်းခြင်းကို အဘယ်မျှသော တရားတို့ဖြင့် ရေတွက်အပ်သနည်း။

ကထိန်ခင်းခြင်းကို "နှုတ်မြွက်ခြင်း"ဟု ဆိုအပ်သော တပါးသော တရားဖြင့်ရေတွက်အပ်၏။

အတ္ထာရော ကတီဟိဓမ္မေဟိ သင်္ဂဟိတော၊

အတ္ထာရော ဧကေနဓမ္မေန သင်္ဂဟိတော, ဝစီဘေဒေန။

(ပရိဝါပါဠိ—၃၀၆)

အထက်ပါ ပါဠိတော်ကိုထောက်၍ ကထိန်ခင်းသည့် ကထိနတ္ထာရက ရဟန်းသည် ကထိန်ခင်းသောအခါ=ဣမာယ (သံဃာဋိယာ) ကထိနံအတ္ထရာမိ" စသည်ဖြင့် ဝစီဘေဒ နှုတ်မြွက်၍ ခင်းမှသာ ကထိန်အခင်းမြောက်သည်။ ကိုယ်အမူအရာဖြင့်ခင်းသော်လည်းကောင်း၊ စိတ်ထဲ၌ ဆောက်တည်၍ ခင်းသော်လည်းကောင်း ကထိန်အခင်းမမြောက်။

ထိုမျှသာမကသေး၊ ကထိန်လျှာသက်န်းလှူဒါန်းသော ပုဂ္ဂိုလ်သည်လည်း "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု ဝစီဘေဒနှုတ်မြွက်ဟ၍ လှူဒါန်းအပ်သည့် သင်္ကန်းဖြင့်သာ ကထိန်ခင်းကောင်း၏။

ကထိန်အနုမောဒနာ ပြုသောစ ရဟန်းတို့သည်လည်း၊ "အတ္တတံ(ဘန္တေ) သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"ဟု ဝစီဘေဒ နှုတ်မြွက်ဟလျက်အနုမောဒနာပြုမှသာလျှင် ကထိန်အာနိသင်(၅)ပါးအကျိုး တရားများကိုရရှိခံစားနိုင်သည်ဟု မှတ်ရမည်။

"အနုမောဒေန္တော ဝါစံ ဘိန္ဒတိ"

(ပရိဝါပါဠိ–၄၀၇)။

ဝစီဘေဒကရဏေနေဝဟိ အတ္ထာရောသမ္ပဇ္ဇတိ၊

နကာဝယဝိကာရကရဏေန။

[ဝိနယာလင်္ကာရဋီကာ၊ ဒု- ၁၁၂]။

ကထိန်၏ အဓိက အရင်းမူလ

ကထိန်၏ အဓိကအရင်းမူလကား သံဃာတည်း။

ဓာထိ နသာ ကတိမူလာနိ

ကထိ နဿ ဧကံမူလံ သံဃော။ (ပရိဝါပါဠိ–၃၀၆)။

အမြစ်သည် သစ်ပင်တည်နိုင်မှုအတွက် အကြောင်းရင်းမူလ ဖြစ်သကဲ့သို့ ထို့အတူ သံဃာရှိမှသာလျှင် ကထိန်သည်လည်း ဖြစ်ပေါ်နိုင်၏။ ကထိန်၏ အဓိက အကြောင်းရင်းမူလကား သံဃာသာလျှင်ဖြစ်၏။

ကထိန်လျာသင်္ကန်းကို သံဃာ့လက်ရောက် သံဃိကမြောက်အောင် အလှူခံ ရ၏။ ၎င်းသံဃိကဖြစ်သော ကထိန်လျာသင်္ကန်းကို စတုဝဂ်စသော သံဃာက သာလျှင် ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်အား ပေးရ၏။

သံဃာက ကထိန်သင်္ကန်းကို ဉတ်ကမ္မဝါစာဖြင့်ပေး၍ ကထိန်လျာသင်္ကန်း ကို ရသော ပုဂ္ဂိုလ်က ကထိန်ကိုခင်းရ၏။ ထိုသို့ ခင်းမှသာလျှင် ကထိန် ဖြစ်ပေါ်လာရ၏။

ဤသို့ ကထိန်ဖြစ်ပေါ်လာရန် အကြောင်းရင်းမူလကား သံဃာသာလျှင် ဖြစ်၏။

စတုဝဂ္ဂစသော သံဃာမရှိလျှင်ကား– "ဤကထိန်လျာသင်္ကန်းကို ကထိန် ခင်းရန် သံဃာတော်အား လှူဒါန်းပါ၏" ဟု အကြိမ် အရာအထောင် ပြောဆိုလျှောက်ထား၍ လှူဒါန်းသော်လည်း၊ ကထိန် မဖြစ်ပေါ်နိုင်ပါ။

ထို့ကြောင့် ကထိန်၏ မူလအကြောင်းရင်းကား သံဃာဟု ဘုရားရှင်ဟော ကြားတော်မူခဲ့လေသည်။

ကထိန်၏ ဝတ္ထု (၃) ပါး

ကထိန်၏ တည်ရာဝတ္ထုတို့သည်

၁။ သံဃာ၀ဋ္ဋိ-ခေါ် ဒုကုဋ္ဋသင်္ကန်းကြီး၊

၂။ ဥတ္တရာသင်္ဂ- ခေါ် ကိုယ်ဝတ် ကေသီ၊

၃။ အန္တရဝါသက- ခေါ် သင်းပိုင်၊

အားဖြင့် (၃) ထည်သော သင်္ကန်းတို့သည် ကထိန်၏ တည်ရာဝတ္ထုတို့မည် ကုန်၏။

ရင်း (၃) ထည်သော သင်္ကန်းတို့တွင် တထည်ထည်သော သင်္ကန်းဖြင့် သာ ကထိန်ခင်းနိုင်သည်။

ကထိန်၏ ဖြစ်ရာဘုံ (၆) ပါး

၁။ ခေါမ သင်္ကန်း

၂။ ဝါချည် သင်္ကန်း

၃။ ပိုးချည် သင်္ကန်း

၄။ သက္ကလပ်သင်္ကန်း

၅။ ပိုက်ဆံလျှော်ဖြင့် ယက်အပ်သောသင်္ကန်း

၆။ ဘန်ချည်ဖြင့်ယက်အပ်သော သင်္ကန်း

ဤသို့ ဇာတိဘေဒအားဖြင့် သင်္ကန်း (၆) မျိုးတို့သည် ကထိန်၏ ဖြစ်ရာဘုံတို့ မည်ကုန်၏။ ဤသင်္ကန်း (၆) မျိုးတို့တွင် တမျိုးမျိုးဖြင့် ချုပ်အပ်သော သင်္ကန်းဖြင့် ကထိန်ခင်းနိုင်သည်။

ကထိန်၏အစ, အလယ်, အဆုံး (၃)ပါး၊

၁။ ရှေးဦးစွာပြုလုပ်ခြင်း ပုဗ္ဗကရဏ (၇) ပါးသည် ကထိန်၏ အစ မည်၏။

၂။ မူလသင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြုခြင်း၊ ကထိန်ခင်းမည့် သင်္ကန်းသစ်ကို အဓိဋ္ဌာန်တင်ခြင်းသည် ကထိန်၏ အလယ်မည်၏။

၃။ "ဣမာယ သံဃာဋိယာ ကထိနံအတ္ထရာမိ" စသည်ဖြင့် ကထိန်ခင်းခြင်းသည် ကထိန်၏ အဆုံးမည်၏။

ဤသို့ ကထိန်၏ အစ-အလယ်-အဆုံး (၃) မျိုးကို သိမှတ်အပ်၏။

ကထိနဿ ကတိဓမ္မာ မူလာ ကတိ ဝတ္ထူနိ ကတိ ဘူမိယော၊

ကထိနဿ တိဏိ ဝတ္ထူနိ သံဃာဋိ ဥတ္တရာသင်္ဂေါ အန္တရဝါသကော၊ ဆ ဘူမိယော ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂံ။

ကထိနဿ ကော အာဒိ၊ ကိံ မဇ္ဈေ၊ ကိံ ပရိယောသာနံ၊

ကထိနဿ ပုဗ္ဗကရဏံ အာဒိ၊ ကြိယာ မဇ္ဈေ၊ အတ္ထာရော ပရိယောသာနံ။

(ပရိဝါပါဠိ-၃၀၆)။

ကြိယာမဇ္ဈေတိ ပစ္စုဒ္ဓါရော စေဝ အဓိဋ္ဌာနဉ္စ။

(ပရိဝါအဋ္ဌကထာ)။

ကထိန်အခင်းပျက်နိုင်သော အကြောင်းများ

၁။ ဝတ္ထုဝိပန္န၊ ကထိန်မခင်း အပ်၊မခင်းကောင်းသည့် အဝတ်သင်္ကန်းမျိုး ဖြစ်ခြင်း။

၂။ ကာလဝိပန္န၊ ဒါယကာတို့က ယနေ့ကထိန်ခင်းရန် လှူဒါန်းအပ်သော သင်္ကန်းကို ယနေ့ကထိန်ခင်းမည့် ရဟန်းအား မပေးမူ၍ နောက်နေ့ကျမှ ပေးခြင်း၊

၃။ ကရဏဝိပန္န-ကထိန်လျှာသင်္ကန်းကို ယနေ့လှူဒါန်းလျှင် ယနေ့ပင် နေ့ချင်းပြီး ချုပ်ဆိုး၍ ခင်းရမည်ကို ယနေ့ မချုပ်ဆိုးပဲ မခင်းပဲ နောက်ကျမှ ချုပ်ဆိုးကာ ခင်းခြင်းတည်း။

ဤသို့လျှင် ဝတ္ထုဝိပန္န-သင်္ကန်းတည်းဟူသော ဝတ္ထု၏ ချို့ယွင်းချက်တမျိုး။

ကာလဝိပန္န-ယနေ့ရ ယနေ့ပင် ပေးရမည်ကို မပေးမှု အချိန်ကာလ၏ ချို့ယွင်းချက်တမျိုး၊

ကရဏဝိပ္ပန္န–ယနေ့ရလျှင် ယနေ့ပင်ပြီးအောင် ချုပ်ဆိုး၍ခင်းရမည်ကို ပြီးအောင်မပြုလုပ်မှု၊ အပြု၏ ချို့ယွင်းချက်တမျိုး၊

ဤချို့ယွင်းချက် (၃) မျိုးတို့တွင် တခုခု ချို့ယွင်းချက်ရှိနေလျှင် ၎င်း ကထိန်ခင်းသော်လည်း၊ ကထိန်အခင်း မမြောက်တော့ပဲ ကထိန်ပျက်၍ သွားတော့၏။

၁။ ဝတ္ထုသမ္ပန္န–ဝတ္ထု၏ အပြစ်လွတ်ကာ ပြည့်စုံမှု၊

၂။ ကာလသမ္ပန္န–ကာလ၏ ပြည့်စုံမှု၊

၃။ ကရဏသမ္ပန္န–အပြု၏ ပြည့်စုံမှု၊

ဟူသော ပြည့်စုံမှု (၃)ပါးနှင့် စုံညီသော ထထိန်ခင်းမှုမျိုးသည်သာ ကထိန် အခင်းမြောက်၍ ကထိန်အောင်မြင်လေသည်။

ကတိ ကထိနတ္ထာရာ နရုဟန္တိ၊

ကတိ ကထိနတ္ထာရာ ရုဟန္တိ၊

တယော ကထိနတ္ထာရာ နရုဟန္တိ၊ တယော ကထိနတ္ထာရာ ရုဟန္တိ၊

ကတမေ တယော ကထိနတ္ထာရာ နရုဟန္တိ၊ ဝတ္ထုဝိပန္နဉ္စေဝ ဟောတိ၊

ကာလဝိပ္ပန္နဉ္စ ကရဏ ဝိပ္ပန္နဉ္စ၊

ဣမေ တယော ကထိနတ္ထာရာ နရုဟန္တိ။

ကတမေ တယော ကထိနတ္ထာရာ ရုဟန္တိ၊ ဝတ္ထုသမ္ပန္နဉ္စေဝ ဟောတိ၊

ကာလသမ္ပန္နဉ္စ၊ ကရဏသမ္ပန္နဉ္စ၊

ဣမေ တယော ကထိနတ္ထာရာ ရုဟန္တိ။

(ပရိဝါပါဠိ–၃၀၇)။

ဝတ္ထုဝိပ္ပန္နံဟောတီတိ အကပ္ပိယဒုဿံ ဟောတိ၊ ကာလဝိပ္ပန္နံနာမ- အဇ္ဇ ဒါယကေဟိဒိန္နံ၊ သွေ သံဃော ကထိနတ္ထာရကဿ ဒေတိ။

ကရဏဝိပ္ပန္နံနာမ တဒဟေဝ ဆိန္ဒိတွာ အကတံ။

(ပရိဝါအဋ္ဌကထာ။)

ကထိန်ကိုဘယ်သူခင်းသလဲ

ကထိန်ကို သံဃာကလည်း မခင်းနိုင်ပါ၊ ဂိုဏ်းကလည်း မခင်းနိုင်ပါ၊ ပုဂ္ဂိုလ်သည်သာ ကထိန်ကို ခင်းနိုင်ပါသည်။

ကထိန်ခင်းရာ၌ စတုဝဂ္ဂသံဃာအစရှိသော သံဃာသည်လည်း ကထိန်မခင်းရ၊ (၂)ပါး (၃)ပါးဟူသော ဂိုဏ်းသည်သည်း ကထိန်မခင်းရ၊ ကထိန်ခင်းသူမှာကား သံဃာကပေးသဖြင့် ကထိန်လျှာသက်နိုး ရရှိသော ပုဂ္ဂိုလ်သာဖြစ်၏။

သို့သော်လည်း သံဃာ၏ဝမ်းမြောက်ခြင်း, ဂိုဏ်း၏ဝမ်းမြောက်ခြင်း, ပုဂ္ဂိုလ်၏ ခင်းခြင်းကြောင့် ကထိန်ကို သံဃာသည် ခင်းအပ်သည် မည်တော့၏။

> သံဃော ကထိနံ အတ္ထရတိ၊ ဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံ အတ္ထရတီတိ။ (ပုစ္ဆာ)။
>
> န သံဃော ကထိနံအတ္ထရတိ၊ န ဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံအတ္ထရတိ။ (ဝိသဇ္ဇနာ)။
>
> ဟဉ္ဆိ နသံဃောကထိနံ အတ္ထရတိ၊ နဂဏောကထိနံ အတ္ထရတိ၊ ပုဂ္ဂလောကထိနံ အတ္ထရတိ၊
>
> သံဃဿ အနုတ္ထတံဟောတိ ကထိနံ၊ ဂဏဿ အနုတ္ထတံ ဟောတိ ကထိနံ၊ ပုဂ္ဂလဿအတ္ထတံ ဟောတိကထိနံ။ (ပုစ္ဆာ)။
>
> သံဃဿ အနုမောဒနာယ ဂဏဿ အနုမောဒနာယ ပုဂ္ဂလဿ အတ္ထာရော သံဃဿ အတ္ထတံ ဟောတိကထိနံ ဂဏဿ အတ္ထတံဟောတိ ကထိနံ ပုဂ္ဂလဿ အတ္ထတံဟောတိ ကထိနန္တိ။ (ဝိသဇ္ဇနာ)။
> (ပရိဝါပါဠိ-၃၀၉)။

သံဃာနှင့်စပ်သောကထိန်နုတ်ခြင်း

သံဃာနှင့်စပ်သော ကထိန်နုတ်ခြင်းကား- အန္တရုဗ္ဘာရ- ကထိန်နုတ်ခြင်း (၁)ပါးသာဖြစ်သည်။

ပုဂ္ဂိုလ်နှင့်စပ်သော ကထိန်နုတ်ခြင်း

ပုဂ္ဂိုလ်နှင့်စပ်သော ကထိန်နုတ်ခြင်းကား (၄)ပါးဖြစ်သည်။ ၎င်း (၄)ပါးတို့မှာ-

၁။ ပက္ကမနန္တိက ကထိန်နုတ်ခြင်း၊
၂။ နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၊

၃။ သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၊
၄။ သီမာတိက္ကမနန္တိက ကထိန်နုတ်ခြင်း၊

ပေါင်း ၄-ပါးဖြစ်သည်၊ ၎င်း ၄-ပါးတို့သည် သံဃာနှင့်မစပ်၊ ပုဂ္ဂိုလ်နှင့်သာ စပ်ဆိုင်သော ကထိန်နုတ်ခြင်းတို့ ဖြစ်ကြသည်။

### သံဃာနှင့်လည်းမစပ်၊ ပုဂ္ဂိုလ်နှင့်လည်းမစပ်သော ကထိန်နုတ်ခြင်း

သံဃာနှင့်လည်း မစပ်၊ ပုဂ္ဂိုလ်နှင့်လည်း မစပ်သော ကထိန်နုတ်ခြင်းကား ၄-ပါးတို့ ဖြစ်ကုန်၏။ ၎င်း ၄-ပါးတို့ကား—

၁။ နာသနန္တိက ကထိန်နုတ်ခြင်း၊
၂။ သဝနန္တိက ကထိန်နုတ်ခြင်း၊
၃။ အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း၊
၄။ သဟုဗ္ဘာရ ကထိန်နုတ်ခြင်းတို့တည်း။

၎င်းကထိန်နုတ်ခြင်း ၄-မျိုးကား သံဃာနှင့်လည်း မစပ်ဆိုင်၊ ပုဂ္ဂိုလ်နှင့်လည်း မစပ်ဆိုင်သော ကထိန်နုတ်ခြင်းတို့ မည်ကုန်၏။

### သိမ်၏အတွင်း၌ဖြစ်သော ကထိန်ကို နုတ်ခြင်း

သိမ်ထဲ၌ဖြစ်သော နုတ်အပ်သောကထိန်နုတ်ခြင်းမျိုးကား ၂-ပါး ဖြစ်ကုန်၏။ နှစ်ပါးဟူသည်မှာ—

၁။ အန္တရုဗ္ဘာရ ကထိန်နုတ်ခြင်း၊
၂။ သဟုဗ္ဘာရ ကထိန်နုတ်ခြင်းတို့တည်း။

### သိမ်၏အပ၌ဖြစ်သော ကထိန်ကိုနုတ်ခြင်း

သိမ်၏အပ သိမ့်ပြင်ဘက်၌ နုတ်အပ်သော ကထိန် နုတ်ခြင်းမျိုးကား ၃-ပါး ဖြစ်ကုန်၏။ ၃-ပါးဟူသည်ကား-

၁။ ပက္ကမနန္တိက ကထိန်နုတ်ခြင်း၊
၂။ သဝနန္တိက ကထိန်နုတ်ခြင်း၊
၃။ သီမာတိက္ကမနန္တိက ကထိန်နုတ်ခြင်းတို့တည်း။

### ရံခါ သိမ်တွင်း၌ ရံခါသိမ်ပ၌ဖြစ်သော ကထိန်နုတ်ခြင်း

ရံဖန်ရံခါ သိမ်တွင်း၌ နုတ်အပ်၊ ရံဖန်ရံခါ သိမ်ပ၌ နုတ်အပ်သော ကထိန်နုတ်ခြင်းမျိုးကား ၄-ပါးဖြစ်ကုန်၏။ ၄-ပါးဟူသည်ကား —

၁။ နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၊
၂။ သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၊

၃။ နာသနန္တိက ကထိန်နုတ်ခြင်း၊
၄။ အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်းတို့တည်း။

## ကထိန်ခင်းခြင်းနှင့်အတူတကွဖြစ်၍ အတူတကွချုပ်သော ကထိန်နုတ်ခြင်းများ

ကထိန်ခင်းသည့်အခါ ကထိန်ခင်းသည်နှင့် တပြိုင်နက်ဖြစ်၍ ကထိန်ချုပ်ငြိမ်းလျှင်လည်း ၎င်းကထိန်နှင့် ပြိုင်တူချုပ်ရသော ကထိန်နုတ်ခြင်းမျိုးတို့ကား—

၁။ အန္တရုဗ္ဘာရ ကထိန်နုတ်ခြင်း၊
၂။ သဟုဗ္ဘာရ ကထိန်နုတ်ခြင်း ဟူသော ကထိန်နုတ်ခြင်းများတို့ ဖြစ်သည်။ ၎င်းကထိနုဒ္ဓါရ (၂)မျိုးတို့သည် ကထိန်နှင့်ဖြစ်တူ ချုပ်တူ ဖြစ်ကြသည့် ကထိန်နုတ်ခြင်းတို့တည်း။

## ကထိန်ခင်းမှုနှင့် အတူတကွဖြစ်၍ ချုပ်သောအခါ အထူးထူးချုပ်သော ကထိန်နုတ်ခြင်းများ

အချို့သော ကထိန်နုတ်ခြင်း များမှာကား ကထိန်ခင်းခြင်းနှင့် အတူတကွဖြစ်ကြ၍ ချုပ်သောအခါမှာကား အတူတကွ မချုပ်ကြကုန်။ ၎င်းကထိန်နုတ်ခြင်းတို့ကား—

၁။ ပက္ကမနန္တိက ကထိန်နုတ်ခြင်း၊
၂။ နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၊
၃။ သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၊
၄။ နာသနန္တိက ကထိန်နုတ်ခြင်း၊
၅။ သဝနန္တိက ကထိန်နုတ်ခြင်း၊
၆။ အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း၊
၇။ သီမာတိက္ကမနန္တိက ကထိန်နုတ်ခြင်း၊
ဟူသော (၇)ပါးသော ကထိန်နုတ်ခြင်းမျိုးတို့ ဖြစ်သည်။

ကထိန်နုတ်ခြင်းအားလုံးတို့သည် ဖြစ်သောအခါ၌ကား ကထိန်ခင်းခြင်းနှင့်အတူတကွ တပြိုင်နက်သာ ဖြစ်ကြကုန်၏။

အဘယ့်ကြောင့်ဆိုသော် ကထိန်နုတ်မှုဆိုသည်မှာ ကထိန်ခင်းမှု ရှိမှသာ ဖြစ်နိုင်၏။ ကထိန်ခင်းမှု မရှိခဲ့သော် ကထိန်နုတ်မှုဆိုသည်မှာ လုံးဝ မဖြစ်နိုင်ကုန်။ ထို့ကြောင့် ကထိန်ခင်းမှုဖြစ်သည်နှင့်တပြိုင်နက် ကထိန်နုတ်မှုများလည်း တပါတည်း ဖြစ်ပေါ်လာကြရတော့သည်။ ကထိန်နုတ်မှု အားလုံးတို့သည် ဖြစ်သောအခါ ကထိန်ခင်းမှုနှင့် အတူတကွ ပေါ်ပေါ်ဒ ဖြစ်လာကြရသည်ဟု ဆိုသည်။

ချုပ်သည့်အခါတွင်မူကား၊ အန္တရာယ်ဗာဓာရနှင့် သဟုဗ္ဘာဝရ-ကထိန်နုတ်ခြင်း (၂)မျိုးတို့ကား ကထိန်ခင်းမှုချုပ်သည်နှင့် တပြိုင်နက်ပင် အတူတကွချုပ်ကြရသဖြင့်၊ ကေနိုရောဓလည်း ဖြစ်ကြသဖြင့် ၎င်းကထိန်နုတ်ခြင်း(၂)မျိုးတို့မှာ "ကေပွါဒ ကေနိုရောဓ" ကထိန်နှင့်ဖြစ်တူချုပ်တူ ဖြစ်ကြသည့်–ကထိန္နုဒ္ဓါရတို့ဟူ၍မှတ်ယူရမည်။

ပက္ကမနန္တိက-စသော ကထိန်နုတ်ခြင်း(ကထိန္နုဒ္ဓါရ) ၇–မျိုးတို့သည်ကား၊ ဖြစ်သောအခါ ကထိန်ခင်းခြင်း ကထိနတ္ထာရ–နှင့်အတူတကွတပြိုင်နက် ဖြစ်ကြသော်လည်း၊ ချုပ်သောအခါ၌ကား ကထိန်ခင်းခြင်း- ကထိနတ္ထာရ–နှင့်အသီးသီးသာ ချုပ်ကြကုန်၏။

၎င်းကထိန္နုဒ္ဓါရ(၇)မျိုးတို့ ချုပ်သွားကြကုန်သော်လည်း၊ ကထိန်ခင်းမှုအတ္ထာရသည် တည်ရှိနေရစ်သေးသဖြင့်၊ ကထိန်ခင်းခြင်း ကထိနတ္ထာရနှင့် နာနာနိရောဓ- ကထိန္နုဒ္ဓါရတို့မည်ကုန်၏ဟု မှတ်ယူရမည်။

သဗ္ဗေပိ(ထထိန္နုဒ္ဓါရာ) ဥပ္ပဇ္ဇမာနာ အတ္ထာရေန သဒ္ဓိံ ဧကတော ဥပ္ပဇ္ဇန္တိ၊ အတ္ထာရေဟိ သတိ ဥဒ္ဓါရောနာမ။

နိရုဇ္ဈမာနာပနေတ္ထ ပုရိမာဒွေ အတ္ထာရေန သဒ္ဓိံ ဧကတော နိရုဇ္ဈန္တိ၊ ဥဒ္ဓါရဘာဝံ ပါပုဏန္တိ၊

အတ္ထာရဿဟိ နိရောဓော ဧတေသဥဒ္ဓါရဘာဝေါ ဝေါက္ခဏော ဟောတိ၊ ဣတရေ နာနာနိရုဇ္ဈန္တိ။

တေသုဟိ ဥဒ္ဓါရဘာဝံ ပတ္တေသုပိ အတ္ထာရော တိဋ္ဌတိယေဝ။
(စူဠဝါ အဋ္ဌကထာ)။

ပုဂ္ဂလိကလှူဒါန်းသည့် ကထိန်သင်္ကန်းဖြင့် ကထိန်မခင်းသင့်

တစုံတယောက်သောပုဂ္ဂိုလ်သည် ကထိန်ခင်းရန်ဟူသော ရည်ရွယ်ချက်ဖြင့် "ဣမံ ကထိနစီဝရံအာယသ္မတော ဒမ္မိ"စသည်ဖြင့် ဆို၍ ပုဂ္ဂိုလ် တဦးတယောက်အား လှူဒါန်းသည့် ပုဂ္ဂလိကသင်္ကန်းမျိုးဖြင့် ကထိန်မခင်းရ၊ ခင်းသော်လည်း ကထိန်မဖြစ်၊ ၎င်းပုဂ္ဂိုလ်ကတဖန် သံဃာအား လှူဒါန်း၍ သံဃိကသင်္ကန်းဖြစ်လျှင်ကား ကထိန်ခင်းကောင်းတော့၏။

ဂဏိက-သင်္ကန်းနှင့်လည်း ထို့အတူပင် ကထိန်မခင်းကောင်း။

ခင်းပြီးကထိန်ကို မနုတ်ပဲလည်း ထပ်၍မခင်းကောင်း

ကျောင်းတိုက် ကျောင်းတခုခု၌ ကထိန်တခါခင်းပြီးဖြစ်လျက် နောက်ထပ်တဖန် ထပ်၍ ကထိန်မခင်းရ။

ခင်းပြီးကထိန်ကိုနုတ်၍လည်း နောက်ထပ်မခင်းကောင်း။
ကထိန်မနုတ်ပဲလဲ နောက်ထပ်မခင်းကောင်း။

ကထိန်နှုတ်ခြင်းကို ခွင့်ပြုတော်မူသည်မှာကား နောက်ထပ်ကထိန်ထပ်၍ ခင်းရန် ခွင့်ပြုခဲ့သည်မဟုတ်။ ကထိန်အာနိသင်ရသော သံဃာများနှင့် ဝါကြီး၊ ဝါပြတ်၊ ဝါမကပ်ရသဖြင့် ကထိန်အာနိသင်မရသောသံဃာ၊ ပစ္ဆိမဝါကပ်ရသဖြင့် ကထိန်အာနိသင် မရသောသံဃာ၊ ဝါကျွတ်ပြီးမှ ရောက်လာသော သံဃာတို့အား သံဃိကစီဝရလာဘ်ကို အညီအမျှ အားလုံးရနိုင်စေခြင်း အကျိုးငှာသာ ကထိန်ကို နှုတ်ရသည်။

ထို့ကြောင့် ကထိန်တခါခင်းပြီးကျောင်းတိုက်၊ ကျောင်း၌ ကထိန်ကို နှုတ်၍လည်း ထပ်၍ မခင်းရ၊ မနှုတ်ပဲလည်း ထပ်၍မခင်းရ၊ တနှစ်လျှင် တကြိမ်တခါမျှသာ ကထိန်ခင်းကောင်းသည်ဟု မှတ်ယူရမည်။

**ကထိန် ၂-ခု ၃-ခု စသည်ကို လက်ခံ၍**
**တပြိုင်တည်း ခင်းကောင်း- မခင်းကောင်း။**

ကထိန်ဒါယကာ (၂)ဦး (၃)ဦး စသည်တို့၏ ကထိန်များကို လာတိုင်း လက်ခံပြီးလျှင် ၎င်းကထိန်တို့ကို တနေ့တည်းတွင် ညတ်သက်နီး (၂)ထည် (၃)ထည်တို့ဖြင့် ကထိန်မခင်းကောင်း၊ တကျောင်းတိုက်လျှင် တနှစ်မှာ တကထိန်၊ တညတ်သာ ခင်းကောင်းသည်။ (၂)ကထိန် (၃)ကထိန်၊ (၂)ညတ်(၃)ညတ် စသည်ဖြင့် မခင်းကောင်းဟု မှတ်ယူရမည်။

**ကထိန်ခင်းရာ ကျောင်းတိုက်၌ သင်္ကန်းမှတပါး အခြား**
**သံဃိက လာဘ်များကား အာဂတာဂတ သံဃိက။**

ကထိန်ခင်းသည့် ကျောင်းတိုက်၌ ကထိန်အာနိသင်ရရာ (၅)လအတွင်း ဖြစ်ပေါ်လာသည့် သံဃိက လာဘ်တို့တွင် သင်္ကန်းပစ္စည်း တမျိုးတည်းကိုသာ ကထိန်အာနိသင်ရသော ရဟန်းတို့ ပိုင်ဆိုင်၏။

သင်္ကန်းမှတပါး အခြားသံဃိက လာဘ်မျိုးကိုမူကား တိုက်တွင်းသို့ ရောက်ပြီး ရောက်ဆဲ သံဃာအားလုံး ပိုင်ဆိုင်သည်၊ သံဃာအားလုံး ဝေဘန်၍ ယူရမည်။

> ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ ဧတ္ထ မိနှာ စီဝရမေဝ ကထိနတ္ထာရကာနံ ဘိက္ခူနံ သန္တကံ ဟောတိ၊ တတော အညံ ပိဏ္ဍပါတဘေသဇ္ဇာဒိကံ အာဂတာဂတာနံ သံဃဿ သန္တကံ ဟောတီတိ ဒဿေတိ။
>
> (ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၄၈)။

ဂဏဘောဇဉ် ၂-မျိုး၊

ရဟန်းတို့က ဒါယကာ ဒါယိကာမတို့၏ အထံ၌ ငါတို့အား ထမင်းကို ပေးလှူပါကုန်လော့-ဟု မအပ်သောနည်းဖြင့် အလှူခံ ဖိတ်ကြားပြီးလျှင် (၄)ပါး၊ (၄)ပါးထက် အလွန်ရှိသော ရဟန်းတို့ အတူတကွသွားရောက် ကြ၍ ခံယူပြီးလျှင် အတူတကွ စားသောက်သော ဆွမ်းသည်လည်းကောင်း၊ ဒါယကာ ဒါယိကာမတို့က ရဟန်းတော်တို့၏ အထံ လာရောက်၍ မအပ် သော ဖိတ်နည်းဖြင့် ''ထမင်းစားကြွပါ''စသည်ဖြင့် ပင့်လျှောက်သဖြင့် ရဟန်း(၄)ပါး၊ (၄)ပါးထက်အလွန် အတူတကွ သွားရောက်ကြပြီးလျှင် ခံယူအပ် အတူတကွစားအပ်သော ဆွမ်းသည်လည်းကောင်း၊ ဂဏဘောဇဉ် မည်၏။

ဘတ္တ၊ ထမင်းဟူသော စကားအသုံးမျိုးကား ရဟန်းတို့အား မအပ်သော အကပ္ပိယဝေါဟာရ အသုံးအနှုန်း စကားမျိုးဖြစ်သည်။ ပိဏ္ဍပါတ၊ ဆွမ်း ဟူသော ဝေါဟာရ အသုံးအနှုန်း စကားမျိုးသည်သာ ရဟန်းတို့အား အပ်သော ကပ္ပိယ ဝေါဟာရ အသုံးအနှုန်း စကားမျိုးဖြစ်သည်။

ဘတ္တ၊ ထမင်းဟူသော စကားဖြင့် ပင့်ဖိတ်သော် မစားကောင်း။ ပိဏ္ဍ ပါတ ဆွမ်းဟူသော စကားဖြင့် ပင့်ဖိတ်သော်ကား စားကောင်း၏။

ထို့ကြောင့် ထမင်းစားကြွပါ၊ ခေါက်ဆွဲစားကြွပါ၊ မုန့်ဟင်းခါးစား ကြွပါ၊ မုန့်တီဘုဉ်းပေးကြွပါ၊ ကြာဇံသောက်ကြွပါ၊ ကြာဇံဘုဉ်းပေးကြွပါ၊ မုန့်ဘုဉ်းပေးကြွပါ၊ ဒန်ပေါက်ထမင်းစားကြွပါ၊ နှမ်းမနဲစားကြွပါ၊ နှမ်းမနဲ ဘုဉ်းပေးကြွပါ စသည်ဖြင့် ပင့်ဖိတ်ခြင်းမျိုးသည် ရဟန်းတို့အား မအပ်သော ပင့်ဖိတ်ခြင်းတို့ မည်ကုန်၏၊ မစားကောင်း။

ဆွမ်းဘုဉ်းပေးကြွပါ၊ ဆွမ်းစားကြွပါ၊ ခေါက်ဆွဲဆွမ်း ဘုဉ်းပေးကြွပါ၊ ခေါက်ဆွဲဆွမ်းစားကြွပါ၊မုန့်ဟင်းခါး ဆွမ်းစားကြွပါ၊မုန့်တီဆွမ်းဘုဉ်းပေးကြွ ပါ၊ကြာဇံဆွမ်းဘုဉ်းပေးကြွပါ၊မုန့်ဆွမ်းဘုဉ်းပေးကြွပါ၊ ဒန်ပေါက်ဆွမ်းဘုဉ်း ပေးကြွပါ စသည်ဖြင့်''ဆွမ်း''ဟူသော ကပ္ပိယ ဝေါဟာရဖြင့် ပင့်ဖိတ်သော် ကား စားကောင်း၏။

အထက်ပါ မအပ်သော(ဘတ္တ)ထမင်း—ဟူသော စကားမျိုးဖြင့်—

၁။ ရဟန်းတို့က ဒါယကာ ဒါယကာမတို့၏ အထံ၌ ဖိတ်အပ်သော ဂဏ ဘောဇဉ်ကတမျိုး၊

၂။ မသိနားမလည်သူ ဒါယကာ ဒါယိကာမတို့က ရဟန်းတော်တို့အား ပင့်ဖိတ်အပ်သော ဂဏဘောဇဉ်က တမျိုးဟူ၍ ဤသို့ ဂဏဘောဇဉ်

(၂)မျိုး ရှိလေသည်။ ကထိန်အာနိသင်ရသော ရဟန်းများသည် ၎င်းဂဏဘောဇဉ်(၂)မျိုးကို ခံယူစားသောက်နိုင်၏၊ အပြစ်အာပတ် မသင့်။

**ပရမ္ပရ ဘောဇဉ်ကိုလည်း ယူသင့်၊**

ပရမ္ပရဘောဇဉ် ဆိုသည်မှာသည်း ဂဏဘောဇဉ်၌ ပြခဲ့သော မအပ်သော ဖိတ်မန္တနည်းဖြင့် ရှေးရှေး ဖိတ်အပ်သော ဘောဇဉ်မှ တပါး နောက်နောက် ပင့်ဖိတ်အပ်သော ဘောဇဉ်(၅)ပါးတည်း။

ကထိန်အာနိသင်ရသော ရဟန်းတို့သည် ဂဏဘောဇဉ်ကိုသာ စားကောင်းသည်မဟုတ်သေး၊ ၎င်းပရမ္ပရဘောဇဉ်ကိုလည်း စားကောင်းသေး၏။

ပရမ္ပရဘောဇဉ်ကို စားသော်လည်း ပရမ္ပရဘောဇန သိက္ခာပုဒ်အရ ပါစိတ်အာပတ် မသင့်ဘောပါ။

အဘယ့်ကြောင့်ဆိုသော် ၎င်းပရမ္ပရဘောဇနသိက္ခာပုဒ် အနာပတ္တိဝါရ၌၊ “တတ္ထာယံ သမယော ဂိလာန သမယော စီဝရဒါန သမယော စီဝရကာရ သမယော အယံတတ္ထသမယော”ဟု စီဝရဒါန စီဝရကာလသမယ၌ ပရမ္ပရ ဘောဇဉ် စားဖို့ရန် ခွင့်ပြုထားသောကြောင့်တည်း။ စီဝရဒါနသမယ ဆိုသည်မှာ စီဝရကာလကိုဆိုသည်၊ ၎င်းစီဝရကာလကား ကထိန်မခင်းလျှင် (၁)လ၊ ခင်းလျှင်(၅)လတည်း။

**ပရမ္ပရဘောဇဉ် ကထိန်အာနိသင်၌ မပါခြင်း၏ အကြောင်း၊**

ပရမ္ပရဘောဇဉ်ဆိုသည်မှာ ဂဏဘောဇဉ်နှင့် သဘောသွားအားဖြင့် တစိတ်တဒေသအားဖြင့် တူနေ၍ ပရမ္ပရဘောဇဉ်ကို ဂဏဘောဇဉ်ဖြင့်ပင် သိမ်းယူအပ်ပြီး ဖြစ်သောကြောင့် ကထိန်၏ အာနိသင်၌ တိုက်ရိုက်ထည့်၍ ဟော တော်မမူခြင်းဖြစ်သည်။

သို့မဟုတ်ပါကလည်း ဤပရမ္ပရဘောဇနသိက္ခာပုဒ်က ကထိန်ပညတ်တော် မူပြီးသည်မှ နောက်ကာလ၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြစ်၍ မပါ ရခြင်းဖြစ်မည်။

**ကထိန်ဒါယကာများ အပြန်အားဖြင့် ရရှိသော အကျိုး ၅-ပါး၊**

သကာမာဝစရော ဘာရ၊ နိက္ခေပေါ ဗဟုဝတ္ထိကာ။
နေကဘောဇနသာဘီ စ နာဒိန္နာဒါနဘောဂဝါ၊
ပဉ္စေတေ လဘိဿန္တိ၊ ယသ္မာ ကထိနဒါယိနော၊
ဒုလ္လဘံ ကထိနံ ဒါနံ၊ ဒဒေယျုံဗုဒ္ဓဝဏ္ဏိတံ။ ။

၁။ သကာမာ၀စရေ-မတရားသဖြင့် အချုပ်အချယ် အဆီးအတားမရှိ၊ မိမိဘာသာ သွားလိုရာအရပ်သို့ လွတ်လပ်စွာ သွားလာနေထိုင်နိုင်ခြင်းလည်းကောင်း၊
၂။ ဘာရနိက္ခေပေါ၊ ၀န်ထုပ်မပေါ၊ ပေါ့ပါးစွာနှင့် ကိလေသာ၀န်၊ တဏှာညွန်ကို၊ အဆုံးတိုင် ပယ်သွန်စွန့်ပစ်နိုင်ခြင်းလည်းကောင်း၊
၃။ ဗဟု၀တ္ထကော-ခေါမ၊ ရောမ၊ ကောဋ္ဌမ္ဗရအ၀တ်၊ နတ်၀တ်နတ်ပုဆိုး၊ ပိုးဖဲကမ္ဗလာ၊ ဒွါဒရာတို့၊ များစွာပြည့်စုံ၊ ၀တ်ဆင်၍ မကုန်နိုင်အောင် ပေါများခြင်းလည်းကောင်း၊
၄။ နေကဘောဇနလာဘီစ—ဘောဇဉ်ရသာ၊ နတ်သြဇာနှင့် နတ်သုဒ္ဓါ အဖုံဖုံ၊ စားသောက်၍ မကုန်နိုင်ခြင်းလည်းကောင်း၊
၅။ နာဒိန္နဒါနဘောဂ၀ါ—မိမိတို့က သဒ္ဓါကြည်ဖြူစွာ မပေးမလှူခဲ့သော် အနည်းငယ်ကလေးမျှ ခိုးဝှက်လုယက် တိုက်ခိုက်၍ မယူနိုင်သော စည်းစိမ်ဥစ္စာ ရှိခြင်းလည်းကောင်း။

ဣတိ၊ ဤသို့။ ဧတေပဉ္စတွေ့ဧတေပဉ္စအတွေ၊ အံ့ဖွယ်ကြီးမား ထိုအကျိုး ထူး ငါးပါးတို့ကို။ ကထိနဒါယိနော၊ ကထိန် ကထိန် မည်မမှိန်ပဲ ဂုဏ်ရှိန် ကြီးသူ ကထိန်လှူသည့် ကထိန်ဒါယကာ ဒါယကာမတို့အား။ ယသ္မာ၊အကြင့် ကြောင့်။ ယသ္မာ၊ အဘိဓမ္မာ ဒေသနာနေတ္တိ နည်းစုံညှိ၍ သိသင့်သိကောင်း အကြင်အကြောင်းကြောင့်။ လဘိဿန္တိ၊ ကျိုးရင်း ကျိုးဖျား ကျိုးဆက် ပွား၍ ဆန်းပြားလေဘိ ဂုဏ်သတ္တိကြောင့် ရရှိခံစားကြရပေကုန်လိမ့်လတ္တံ့။ တသ္မာ၊ ထိုသို့စုပေါင်း ထိုအကြောင်းကြောင့်။ ဒုလ္လဘံ၊ အာသာ၀တီ နွယ်နီ နတ်ပန်း မြတ်အဆန်းကဲ့သို့ တမ်းတမ်းတတ အလွန်တရာမှ ရခဲလှသော။ ဒုလ္လဘံ၊ ဘုရားသာသနာ ပွင့်လင်းသာမှ ကောင်းစွာလှလှ ပြုခွင့်ရသဖြင့် အလွန်တရာမှ ရခဲလှစွာသော။ ဗုဒ္ဓ၀ဏ္ဏိတံ၊ ရှင်တော်ဗျာဒိတ် ခရာနှိပ်၍ ရွှေစိတ်ကြည်ဖြူ ချီးမွမ်းတော်မူအပ်သော။ ကထိနံ ဒါနံ၊ မြတ်ဘုရားသာသ နာတွင်းမှာမှ တနှစ်မှ တလ တလမှ တရက် တရက်မှ တခါသာကြိမ်သည့် မဟာကထိန် အလှူကြီးကို။ ဒဒေယျုံ၊ ရှင်လန်းသဒ္ဓါ လှူဒါန်းကြကုန်ရာ၏။ ဒဒေယျုံ၊ သံဃာတော့်ဂုဏ် စိတ်၀ယ်ထုံ၍ အာရုံရည်မှန်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းသေချာ ရောက်ဖို့ရာဟု ပတ္ထနာပြုကာ ဆက်ကပ်လှူဒါန်း ကြကုန် ရာသတည်း။

ကထိန်အာနိသင် ၅-ပါးနှင့် အပြန်အားဖြင့် ရှိနိုင်သော အကျိုး ၅-ပါး တွဲစပ်ပုံ။

၁။ အနာမန္တစာရနှင့် သကာမာ၀စရအကျိုး၊
၂။ အသမာဒါနစာရနှင့် ဘာရနိက္ခေပအကျိုး၊

၃။ ဂဏဘောဇနနှင့် နေကဘောဇနေလာဘီအကျိုး၊
၄။ ယာ၀ဒတ္ထစီဝရနှင့် ဗဟုဝတ္တိကအကျိုး၊
၅။ ယော စ တတ္ထစီဝရုပ္ပာဒနှင့် နာဒိန္နာဒါနဘောဂဝါအကျိုး၊

ဤသို့ သံဃာတော်တို့အား မုချရရှိခံစားရသော ကထိန်၏အကျိုး(၅)ပါးနှင့် ကထိန်ဒါယကာ ဒါယိကာမတို့အဲ့အား နေယျတ္ထ အဲပြန်အားဖြင့် ရရှိနိုင်သော အကျိုး(၅)ပါးတို့ကို တွဲစပ်၍ သိမှတ်ရမည်။

* * * +

### ကထိန်အမေး မြန်မာကဗျာများ

(အမေး၊ အဖြေ နှစ်ဘက်လုံး ပြိုင်တူ ရွတ်ဆိုကြရန်)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ (က)—ဘုန်းတော်စက်ပန်း၊ ယှက်သန်းတေဇာ၊ (ဘုရားပင့်)။
ရောင်ခြည်ညွန့်ဖူး ကွန့်မြူးဝေဖြာ၊
တပည့်တော်များ သနားညှာတာ၊
ခြေစုံမြန်း ကြွလှမ်းတည်လှဲ့ပါ။

(ခ)—ဘုန်းတော်နေဝန်း တင့်ရှန်းထိန်ကြည်၊ (ဘုရားရှိခိုး)။
ရှင်တော်ထွတ်ဘုန်း ညွှတ်ရုံးသိဂီ၊
ဦးနှိမ်ကျော့လို ကန်တော့တင်ချီ၊
သွယ်ဖရောင်း ဆယ်ချောင်းအဥ္စလီ။

(ဂ)—ရောင်ခြည်ရှိန်လင်း ထိန်ဝင်းကြည်ကြည်၊
ဘုန်းတော်ပွင့်လန်း တင့်ဆန်းသိဂီ၊
တုပြိုင်ကင်းပျောက် လင်းတောက်ပေသည်၊
သွယ်ဖရောင်း ဆယ်ချောင်းအဥ္စလီ။

(ဃ)—ဂုဏ်တော်ကိုးပွင့် ဖြိုးတင့်ဝေစီ၊
ဘုန်းတော်ခြောက်ပါး တောက်ကြွားရောင်ခြည်၊
တို့ယ်တော်ရေဖျား ရွှေသားသိဂီ၊
ထွတ်ဘုရား ညွတ်တွားအဥ္စလီ။

(င)—တပည့်တော်များ ညွှတ်ထွားကော်ရော်၊ (ဆုတောင်း)။
ရှိခိုးပါရ ပုညတေဇော်၊
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေနော်၊
လိုသမျှ ဆိုတရစေသောဝ်။

(တဘက်စီသား ဆိုရန်၊ ဤအမေးဘက်မှစ၍ ဆိုရမည်)

၂။ ရှိခိုးညွတ်တွား ပြုငြားပြီးရာ၊ (အမေးများ)
ဝိနည်းအတိုင်း မဆိုင်းခုခါ၊

မသိသူများ မှတ်သားစေငှာ၊
လာဝိနည်း အပြီးမေးဖြေမှာ။
၃။ မေးမေးသမျှ မြွက်ဟာဖြေပါ၊
ဉာဏ်ဆီဉာဏ်နှစ် ထုတ်ညှစ်၍သာ၊
ကထိန်ခင်းနည်း ဝိနည်းကံလာ၊
ဘယ်သို့ရှိ ပါဠိဋ္ဌကထာ။
၄။ မေးသည့်အချက် ကျမ်းထွက်အလာ၊
သချာညှိနှိုင်း မဆိုင်းခုခါ၊
တရားဖော်လှစ် စိစစ်၍သာ၊
သတိထား မမှားဖြေစမ်းပါ။
၅။ ကထိန်ဟူသိ ရုဠှိသညာ၊
သို့တည်းမဟုတ် ဗျုပ္ပတ်နှုတ္တာ၊
အမည်ရမှု တခုကိုသာ၊
သတိပြု ကြည့်ရှုဖြေစမ်းပါ။
၆။ ဘုရားပညတ် သတ်မှတ်သချာ၊
ကထိန်နှင့်စပ် ဘယ်ရပ်ဌာန၊
မဏ္ဍိုမတိုက် တဝိုက်အပါ၊
ခုနစ်တိုင်း စံနှိုင်းဖြေပြပါ။
၇။ ပြည်သာဝတ္ထိ မုနိမြတ်စွာ၊
ဇေတဝန်ကျောင်း ကိန်းအောင်းစဉ်မှာ၊
ဘယ်မထေရ်ပေါင်း အကြောင်းပြုခါ၊
ခွင့်ပြုကြောင်း ထပ်လောင်းဖြေစမ်းပါ။
၈။ ပါဝေယျက ရဋ္ဌဝါသီ၊
နောင်ညီတော်စပ် ဘဒ္ဒဝဂ္ဂီ၊
ထိုအရှင်စု ခွင့်ပြုမှန်ပြီ၊
ဘယ်အတွက် နှုတ်မြွက်ဖြေသင့်သည်။
၉။ ကထိန်ခင်းအပ် အတပ်သချာ၊
ခါသမယ မှတ်ကြစေငှာ၊
ဘယ်ခေတ်ကာလ ခင်းရမည်မှာ၊
တိအကျ သိကဖြေစမ်းပါ။
၁၀။ အဘယ်မျှလောက် ဖြိုးမောက်ဂုဏ်ရည်၊
အင်္ဂါများနှင့် သင့်တင့်စုံညီ၊
ပုဂ္ဂိုလ်ထေရ်မြတ် ခင်းအပ်ပေသည်၊
အကွက်ကျ မြွက်ဟာရွေဝစီ။

၁၁။ အင်္ဂါရှစ်ဝ ရှိရမှန်ပြီ၊
ဘယ်လိုရှစ်မျိုး ရှိရိုးဖြစ်သည်၊
သရုပ်ရေတွက် ရှစ်ချက်အညီ၊
အကျဉ်းမျှ ရှင်းပြစေချင်သည်။
၁၂။ ကထိန်မူလ ထုတ်ပြစေချင်
ဘယ်ဟာမူလ ယူဆဘိုပင်၊
ပါဠိရှိတိုင်း ညှိနှိုင်းဆင်ခြင်၊
သတိထား မမှားဖြေစေချင်။
၁၃။ ဒုက္ကဋ်အစ နဝစိဝရာ၊
ကထိန်သင်္ကန်း တင့်ဆန်းသေချာ၊
ကိုးထည်ပေါင်းစု မည်မှုဘယ်ရာ၊
တခုခု ညွှန်းပြုဖြေစမ်းပါ။
၁၄။ ကထိန်အတွက် ပေါ်ထွက်ဂုဏ်အင်၊
အာနိသံသ ငါးဝအစဉ်၊
ဘယ်အရှင်ကား ခံစားထိုက်အင်၊
ထင်အလင်း ရှင်းရှင်းဖြေစေချင်။
၁၅။ ကထိန့်အကျိုး ပြည့်ဖြိုးစုံလင်၊
ရဟန်းမည်မျှ သုံးရလေအင်၊
မချန်မချွင်း မယွင်းမှန်ပင်၊
နှုတ်မြွက်ကြား မမှားဖြေစေချင်။
၁၆။ ဘယ်လိုဘိက္ခု ကြည့်ရှုမှန်စွာ၊
ကထိန်ခင်းလိုက် ရထိုက်သေချာ၊
ကျမ်းဂန်ကိုကြည့် သတိပြုကာ၊
ကဝိမြွတ် တပ်အပ်ဖြေစမ်းပါ။
၁၇။ ဝါဆိုရှေးဦး ပြုထူးပဝါ၊
ကထိန်ခံထိုက် မှန်လိုက်သေချာ၊
ဘယ်သူလှူဒါန်း သင်္ကန်းဖြင့်သာ၊
ခင်းထိုက်ကြောင်း ထပ်လောင်းဖြေဆိုပါ။
၁၈။ အမှတ်မရှိ လှူသည့်စီဝရာ၊
ခင်းထိုက်ပါကြောင်း အပေါင်းသိကာ၊
ဘယ်သို့နှုတ်ထွက် ဆိုမြွက်ရမှာ၊
လှူပုံနည်း အပြီးပြစမ်းပါ။
၁၉။ ဤနည်းစုံမြွတ် သိမှတ်ပါပြီ၊
ဘယ်ပုဂ္ဂိုလ်က ခင်းရလေသည်၊

ကျမ်းဂန်ပါဠိ လာရှိအညီ၊
မိန့်ဆိုထွက် ဆိုမြွက်နှုတ်ဝစီ။
၂၀။ သံဃာအများ စိတ်ထားညီညီ၊
ဘယ်ရဟန်းမြတ် ပေးအပ်လေသည်၊
ရှင်တော်ဗုဒ္ဓ မိန့်ဟနှုတ်ရည်၊
ဟုတ်မှန်တိုင်း မဆိုင်းဖြေစမ်းတည်။
၂၁။ သိမငွက သံဃညီညာ၊
မည်သည့်ရဟန်း သင်္ကန်းနွမ်းရှာ၊
ရှာဖွေကြည့်ရှု စေ့ငုသေချာ၊
ဘယ်ရဟန်း ညွှန်းစမ်းမှန်မကွာ။
၂၂။ ရှေးကပုည ထူးကြသည့်အင်၊
သင်္ကန်းပေါများ ရငြားထေရ်ရှင်၊
ထိုသို့ဖြစ်က လှစ်ဟာစေချင်၊
ဘယ်သူအား ပေးငြားအပ်မည်ပင်။
၂၃။ သိမငွက ရောက်ကြသည်ခါ၊
ဘယ်မထေရ်အား အများသညာ၊
မထေရ်ကြီးဟု မှတ်ပြုဖို့ရာ၊
သေချာရှင်း ထင်လင်းမိန့်စမ်းပါ။
၂၄။ ထိုမထေရ်မြတ် ခင်းအပ်လေလျှင်၊
အင်္ဂါရှစ်ပါး စုံလှ့ားအရှင်၊
အင်္ဂါရှစ်တိ မပြည်ဝလျှင်၊
ကထိန်ခင်း အလျှင်းမထိုက်ပင်။
၂၅။ ချုပ်ဖြတ်အစ ပုဗ္ဗကရဏာ၊
ရသည့်နေ့တွင်း မယွင်းပြီးသာ၊
ဤသည့်ထေရ်မြတ် သကတ်ဂုဏ်ဟာ၊
စွမ်းနိုင်ကြောင်း ထပ်လောင်းဖြေဆိုပါ။
၂၆။ ကထိန်မည်မှတ် တိဥက္ကဋ္ဌနော်၊
အမိသော်မှ တောင်းကမတော်၊
ဤဥတ်သင်္ကန်း တင့်ဆန်းသင့်လျှော်၊
ဟုတ်ပါလား မမှားဖြေစေသော်။
၂၇။ ပဉ္စသတ္တ ခဏ်းဝစုံလင်၊
အနားလေးဘက် ဖြည့်စွက်ထပ်တင်၊
ကထိန်သင်္ကန်း တင့်လန်းဂုဏ်အင်၊
မှန်ရဲ့လား မမှားဖြေစေချင်။

၂၈။ ဒုကုဋ်ကိုယ်ဝတ် မချွတ်သင်းပိုင်၊
သုံးထည်မှပဲ မလွဲဘင့်လှိုင်၊
ပါဝင်-ဟုတ်ကြောင်း ထပ်လောင်းဖြိုင်ဖြိုင်၊
ဖြေကာစွက် အချက်ဝေဝေမြိုင်။

၂၉။ ခါးကိုင်ငါးရမ်း သက်နှန်းနှင့်သာ၊
ကထိန်အလျှင်း မခင်းထိုက်ပါ၊
တာဝကာလီ ကင်း၏ဘယာ၊
ဟန်မလုပ် အဟုတ်ဖြေစမ်းပါ။

၃၀။ ကောင်း၏ကောင်း၏ ကြောင်းရှိအလာ၊
ကျွန်းဂန်အတိုင်း မဆိုင်းဖြေကာ၊
ကထိသက်နှန်း တင့်လျှမ်းဝေဖြား
လှူကြမှု ယခုဘယ်ရပ်ရွာ။

(သတိ/ ၎င်းအမေးအတွက်အဖြေဘက်မှ (၄) ပုဒ်ဆက်၍ဖြေလိမ့်မည်)။

၃၁။ ကထိန်ဒါန လှူကြသူမှာ၊
ဘယ်လိုကျိုးများ ပွါးတိုးစရာ၊
သိလိုရေးတွက် မေးစက်ပုစ္ဆာ၊
ဟုတ်သည့်တိုင်း မဆိုင်းဖြေစမ်းပါ။

(သတိ / ၎င်းအမေးအတွက်လည်း အဖြေဘက်မှ (၄)ပုဒ်ဆက်၍ဖြေလိမ့်မည်)။
(၆) ပုဒ်တဆက်တည်းရွတ်ပါ။

၃၂။ (က) သာဓုသာခံ ကောင်းမှုဖန်လာ၊
ကထိန်ဒါန ကြီးလှလွန်စွာ၊
သံဿာတော်အား ကျိုးပွါးပေရာ၊
အပြစ်ဘေး ညစ်ကြေးစင်ကြောင်းသာ။

(ခ) အပြစ်ဘေးမှ ဝေးရလေအောင်၊
ရှင်တော်မြတ်ဖျား မိန့်ကြားထုတ်ဆောင်၊
အာနိသံသ ငါးလကုန်အောင်၊
ကထိန်ကျိုး တန်ခိုးတေဇာဆောင်။

(ဂ) ကထိန်သက်နှန်း လှူဒါန်းသူတွေ၊
အတိုင်းမသိ ကျိုးရှိသလေ၊
ဗုဒ္ဓမြတ်ဖျား မှတ်သားမိန့်ချေ၊
သံဃိက ဒါနမြတ်ဆုံးပေ။

(ဿ) မြတ်ဆုံးဒါန ကာလအလှူ၊
မြို့ရွာမိတ်ပေါင်း စိတ်ကောင်းကြည်ဖြူ၊
သဒ္ဓါရှင်ထက် ပေါင်းဖက်ညီဆူ၊
ကထိန်ပွဲ ဆင်နွဲအောင်လံထူ။
(င) အောင်လံထူဘိ ဤသည့်ကုသိုလ်၊
အောင်ပွဲအောင်မှု အောင်ဆုပိုမို၊
အောင်အတိတ်နှင့် အောင်ဟိတ်လူဗိုလ်၊
အောင်စည်ညောင်း အောင်ကြောင်းသာဓုဆို။
(စ) တပည့်တော်များ တရားအညီ၊
ကထိန့်အကြောင်း ကောင်းကောင်းစုံလီ၊
မေးဖြေသမှု ပြုလုပ်ပြီးပြီ၊
လူရှင်များ မှတ်သားရှင်ကြည်ကြည်။
၃၃။ အမေးအဖြေ- (၂) ဖက်လုံးပြိုင်တူဆိုရန်၊
(တ) အောင်ဇေယျတု အောင်မှုကိုရည်၊
အောင်ငွေခရု၊ အောင်ဆုအတည်
မြေထုရေထု မေရုတလီ၊
အောင်သံခြိမ့် သိမ့်သိမ့်အောင်သံဟီ။
(ခ) နတ်ပြဟ္မာနှော သောသောအုံးညံ၊
ပြုထောမနာ့ သြဘာ့အသံ၊
ပြည့်လျှံပီတိ ဆီထိုဂွမ်းဟန်၊
ပျော်ရွှင်မြူး ကြည်နူးပြည့်ဝေလျှံ။
(ဂ) အောင်စည်အောင်မောင်း ရိုက်ညောင်းသံဟီ၊
အောင်လံထူလှင့် အောင်သင့်အတည်
အောင်ပါစေသော မနောကြည်ကြည်
အောင်စေကြောင်း ဆုတောင်းမြွက်ဆိုသည်။

(ကထိန်အမေး မြန်မာကဗျာများပြီး၏)

ကထိနာနိသံသကထာ—ဖတ်ကြားခွင့် ပြုပါရန်
သံဃာတော်အရှင်မြတ်တို့အား ပန်ကြားလှာ၊

.....................................

ကထိနံ သောတုကာမေဟိ၊ သဒ္ဓေဟိ အာဘိယာစိတာ၊
ယထာဗလံ ကထေဿာမ၊ အနုဇာနာထ ဝေါ မယံ။

ဘန္တေ-ကထိန်ခင်းရာ ဤတိုက်တာသို့၊ ဂရုဏာရှေးထား မေတ္တာပွားရှ်၊
ကြွလာတော်မူကြသော သံဃာတော်အရှင်မြတ်တို့ဘုရား၊ ကထိနံ-ကထိန်နှင့်

စပ် သိအပ်သမျှ အဝဝသော ကျိုးဆက်ဂုဏ်အင် အာနိသင်ကို၊သောတု ကာမေဟိ- ဘုရားဟောကျမ်းဂန် အမှန်ထောက်ဆ ကြားနာလိုကြကုန်သော၊ ဘဒ္ဒေဟိ-ကထိန်ခင်းလတ် ကုသိုလ်မြတ်ဖြင့် အဓောဘ်နိဗ္ဗာန်ကို၊ ရရန် ဆုတောင်း စိတ်ကြံကောင်းသည့် သူတော်စဉ် အပေါင်းတို့သည်၊

အဘိယာစိတာ-ရိုသေလေးမြတ် လျှောက်ထားတောင်းပန်အပ်ကုန်သည်၊ ဖြစ်၍၊ မယံ-သံဃာထံမှောက် ခွင့်ပန်လျှောက်ထား တပည့်တော်များသည်၊ ယထာဓမ္မံ-ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ လာရှိအသုံး အဆုံးအဖြတ် ပါဠိရပ်အားလျော်စွာ၊ ကထေဿာမ-လိုရာရွေးထုတ် အကျဉ်းချုပ်ကာ လျှောက်ထားပါကုန်အံ့ဘုရား၊

ဝေါ-တုမှ-သမဂ္ဂါ ရေး ကိုယ်စိတ်ပေးကာ စည်းဝေးလာကြသော သံဃာ တော်အရှင်မြတ်များတို့သည်၊ အဒမှ-သံဃာထံမှောက် ကထိန်အကျိုးလျှောက် ရန် ခွင့်ပန်ပါကြောင်း ဘုရားတပည့်တော်များကို၊

အနုဇာနာထ-ခွင့်ပြုတော်မူပါကုန်ဘုရား၊ အနုဇာနာထ-သံဃာ ကိုယ်စား သမုတ်ထားကာ ခွင့်ပြုတော်မူကြပါကုန်ဘုရား။

....................

## ကထိန်အဖြေ မြန်မာကဗျာများ

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

(အမေးအဖြေ ၂-ဖက်စလုံးပြိုင်တူဆိုရန်)

၁။ (က)-ဘုန်းတော်စက်ပန်း ယှက်သန်းတေဇာ၊
ရောင်ခြည်ညွန့်ဖူး ကွန့်မြူးဝေဖြာ၊
တပည့်တော်များ သနားညှာတာ၊
ခြေစုံမြန်း ကြွလှမ်းတည်လှည့်ပါ။

(ခ)- ဘုန်းတော်ဝန်း တင့်ရှန်းထိန်ကြည်၊ (ဘုရားရှိခိုး)။
ရှင်တော်ထွတ်ဘုန်း ညွှတ်ရှိုးသိဂ္ဂီ၊
ဦးနှိမ်ကျော့သို့ ကန်တော့တင်ချီ၊
သွယ်ဖဒရောင်း ဆယ်ချောင်းအဉ္ဇလီ၊

(ဂ)- ရောင်ခြည်ရှိန်လင်း ထိန်ဝင်းကြည်ကြည်၊
ဘုန်းတော်ပွင့်လန်း တင့်ဆန်းသိဂ္ဂီ၊
တုပြိုင်ကင်းပျောက် လင်းတောက်ပေသည်၊
သွယ်ဖဒရောင်· ဆယ်ချောင်းအဉ္ဇလီ။

(ဃ)-ဂုဏ်တော်ကိုးပွင့် ဖြိုးတင့်ဝေစီ၊
ဘုန်းတော်ခြောက်ပါး တောက်ကြွားရောင်ခြည်၊
ကိုယ်တော်ရေဖျား ရွှေသားသိဂ္ဂီ၊
ထွတ်ဘုရား ညွတ်တွားအဉ္ဇလီ။

(င)– တပည့်တော်များ ညွှတ်တွားတော်ရော်၊   (ဆုတောင်း)။
ရှိခိုးပါရ ပုညတေဇော်၊
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေနော်၊
လိုသမျှ ဆိုတရစေသော်။

....................... ... ....

(အဖြေများ)

၂။ ရှိခိုးညွှတ်တွား ပူဇြွားပြီးရာ၊
ဝိနည်းအတိုင်း မဆိုင်းခုခါ၊
မသိသူများ မှတ်သားစေငှာ၊
လာဝိနည်း အပြီးဖြေပြမှာ။

၃။ မေးမေးသမျှ တွေးဆဖြေမှာ၊
သိလိုရေးတွက် မေးချက်အလာ၊
ကျကျနန မှတ်ကြလေပါ၊
ရွှန်းပီတိ ဆီထိဂွမ်းပမာ။

၄။ ပုစ္ဆာမေးချက် ကျမ်းထွက်သချာ၊
မေးမြန်းသမျှ တိကျဖြေမှာ၊
တရားဖော်လှစ် စိစစ်ရှုသာ၊
အာဂုမ်တန်း စုံစမ်းမေးပုစ္ဆာ။

၅။ ပဒ်ကတိန ထိရနက်တွင်၊
မြဲမြံခိုင်ခန့် တိုင်စိုက်ကျောက်သွင်၊
သစ်ပင်ကြီးလား ကြီးပွားစည်ပင်၊
သူတော်ငြိမ်း ချီးမွမ်းကထိန်ငင်။

၆။ ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျှော်၊
သာဝတ္ထိမှီး ပြည်ကြီးအမော်၊
မဇ္ဈိမတိုက် တဝိုက်အကျော်၊
စောဘုန်းမြတ် ပညတ်ဝိနည်းတော်။

၇။ ပါဝေယျက ရဋ္ဌဝါသီ၊
နောင်ညီတော်စပ် ဘဒ္ဒဝဂ္ဂီ၊
ဓုတင်တေရသ် မပြတ်ဆောက်တည်၊
ထေရ်သုံးကျိပ် တွင်ဟိတ်ပညတ်သည်။

၈။ ပါဝါမြို့မှ မြန်းကြွအလာ၊
ပြည်သာဝတ္ထိ တည်ရှိမြတ်စွာ၊
ခရီးမိုးဖျက် ညွန့်ဗွက်ပေရှာ၊
သို့အတွက် မိန့်မြွတ်ခွင့်ပြုပါ။

၉။ သီတင်းကျွတ်ထွက် တရက်ကျော်လာ၊
တန်ဆောင်မုန်းလ ပုဏ္ဏပြည့်မှာ၊
ဤတလတွင်း ခပင်းများစွာ၊
မြတ်တလ မှတ်ကြသေ့မကွာ။
၁၀။ ပရိဝါပါဠိ ကျမ်းမြတ်ထွက်လာ၊
အင်္ဂါရှစ်ပါး ပြည့်ငြားမှသာ၊
ထိုအရှင်မြတ် ခင်းအပ်လေရာ၊
သဘောကျ သောတနားဆင်ပါ။
၁၁။ ရှေးဦးပြုလုပ် ပစ္စုဒ်မိဋ္ဌာ၊
ခင်းရန်မာတိ လာရှိကြောင့်ကြာ၊
ဥဒ္ဒါရရှိ အာနိသံသာ၊
ရှစ်ဖြာသိ ခင်းဘိကထိန်သာ။
၁၂။ ဆထိုန်မူသ သိကြစေရာ၊
သံဃာတော်မြဘ် တပ်အပ်သေချာ၊
ကထိန်ခင်းခြင်း ကြောင်းရင်းသံဃာ၊
ဤအချက် မပျက်မှတ်လေပါ။
၁၃။ ကိုးထည်သက်နန်း ပွင့်လန်းဝေဖြိုင်၊
ဒုကုဋ်ကိုယ်ဝတ် မချွတ်သင်းပိုင်၊
ဤသုံးထည်ကား၊ ပေးငြားခွင့်ပိုင်၊
ကထိန်မှု ဝတ္ထုမည်တော့နိုင်။
၁၄။ သိမဋ္ဌက တည်ထတဖြာ၊
ဝမ်းမြောက်ဖွင့်ထူး ရင့်ကျူးသံသာ၊
သူတပါးအား ပြောကြားသူပါ၊
ဤသုံးပါး ခံစားအာနိသာ။
၁၅။ အယုတ်ဆုံးထား ငါးပါးစဆောင်၊
ထို့ထက်ပေါများ အပါးရာထောင်၊
ကထိန်ခင်းလိုက် ရထိုက်စုံအောင်၊
တိအကျ သိကြပဏ္ဍိတ်ခေါင်။
၁၆။ ပုဏ္ဏမိန်စန်း ထိန်လျှမ် ယှဉ်ခို၊
ကျော်တရက်နေ့ ဓမလ ဝါဆို၊
ပဝါရဏာပွဲ ဆင်နွဲ့ထိုထို၊
ကထိန ထိုက်လှဤပုဂ္ဂိုလ်။
၁၇။ သိကြားနတ်ကောင်း စုပေါင်းဖြပ်ဖွဲ့၊
ဘိက္ခုအစ သဟပဋ္ဌာ၊

တစုံတဦး ရှင်မြူးသဒ္ဒါ၊
ပေးလှူက ခင်းရကထိန်သာ။
၁၈။ ကထိန်လျှာမှန်း သက်န်းကိုသာ၊
သံဃာအများ ဝတ်ထွားလှူပါ၊
ဤသို့နှုတ်ထွက် ဆိုမြွက်၍ကာ၊
လှူဒါန်းက မြောက်ရကထိန်သာ၊
၁၉။ သံဃာအများ- ပေးငြားမထေရ်၊ (မထိ–ဟုဘတ်ပါ)။
ထိုသည့်ရဟန်း ပွင့်လန်းဝေစီ၊
သက်န်းမြတ်နှင့် ခင်းအပ်ပေသည်၊
ကျမ်းလာတိုင်း မဆိုင်းဖြေလိုက်သည်။
၂၀။ သင်္ကန်းရှားပါး ဆိုးရွားနွမ်းနယ်၊
ထိုသည့်ရဟန်း ရည်မှန်းကာရှယ်၊
သံဃာအများ စိတ်ထားညီညီ၊
မြတ်ဗုဒ္ဓ မိန့်ဟပေးရမည်။
သံဃာအများ ပေးငြါးသွယ်သွယ်၊
မြတ်ဗုဒ္ဓ မိန့်ဟချွေခဲ့တယ်။
၂၁။ အတိတ်ဘဝ ဒါနချယ်လှယ်၊
ပါရမီထူး ဆည်းပူးသွယ်သွယ်၊
သင်္ကန်းတင့်လွှမ်း ဆင်မြန်းပြည့်ကြွယ်၊
သင်္ကန်းရှား တပါးမတွေ့တယ်။
၂၂။ အဋ္ဌကထ မိန့်ပြသည့်မှာ၊
သိမဠက သမညီညာ၊
သိက္ခာဝုဒ္ဓ ကြီးကြသူသာ၊
ပေးအပ်ငြား မှတ်သားသေအချာ။
၂၃။ စွယ်စုံဂုဏ်မြောက် မုံသောက်မာတင်၊
ကဝိခေါင်ထွတ် ထေရ်မြတ်အရှင်၊
(– – –)–ဟု နာမမည်တွင်၊
ထေရ်ဘုရား အမျာထိပ်ခေါင်တင်။
၂၄။ သုံးဆူပိဋကတ် တရပ်မကျန်
ဖန်ဖန်မွှေနှောက် ထွင်းဖေါက်ပြန်လှန်၊
လောကုတ်လောကီ ကဝိအမှန်
ဆုံးအစ လုံးဝပြည့်စုံပြန်။
၂၅။ ဖြတ်ချုပ်ဆိုးမှု ဗဟုကိစ္စာ၊
အစခုပ်သိမ်း ပြီးငြိမ်းခဲ့ရာ၊

သို့အတွက်ကြောင့် မနှောင့်ဗျာပါ၊
ပူပန်ခြင်း မယှဥ်းပယ်လေပါ။

၂၆။ သြဘာနိမိတ် အရှိပ်မှုဟန်၊
လုံးဝကင်းရှင်း ထင်လင်းဝေလျှံ
ကောင်းကင်နန်းမှ မြန်းကြွလေဟန်၊
သင်္ကန်းသစ်, အပြစ်ကင်းစင်ပြန်။

၂၇။ ပြုဘွယ်ကိစ္စ လုံးဝပြည့်စုံ၊
မကျန်မကြွင်း ခပင်းဥဿုံ၊
ကထိန်ဂုဏ ပြည့်ဝကုံလုံ၊
ဤသင်္ကန်း ကြိုင်လျှမ်းကမ္ဘာတုန်၊

၂၈။ သုံးတည်မှုပဲ မလွဲမှန်စွာ၊
ထိန်လျှပ်ရှိန်ဟပ် စိန်မြတ်သမ္ဘာ၊
ရတနာပေါင်း ခဲညှောင်းစုံရာ၊
ဥက္ကဋ္ဌ မြတ်လှစိဝရာ။

၂၉။ သံသရာစက် ခွဲဖျက်ကြလို၊
သူတော်တစု လှူပြုကြည်ညို၊
ထာဝကာလို ကင်းဘိသကို၊
အဟုတ်ပဲ မတွဲအမှန်ဆို။

၃၀။ (က)–(မြင်းခြံ) ထင်လင်း ပျံ့သင်းမည်သာ၊ (၄–ပုဒ်ဆက်ဆိုပါ။)
ရှေးရစ်သန်း တင့်ဆန်းသည်သာ၊
ဝတ်နန်းနှင့် မှန်းချင့်တူစွာ၊
နေထိုင်ကြ ဒေသရပ်ကောင်းမွာ။

(ခ)– ရပ်ကောင်းဒေသ နေကြမှန်စွာ၊
တကာတကမပေါင်း စုပေါင်းညီညာ၊
ယုံကြည်မြတ်နိုး အကျိုးမျှော်ကာ၊
ရည်ရွယ်မှန်း ပြည်နန်းနိဗ္ဗုတာ။

(ဂ)– တောင်းဆုရည်မှန်း ပြည်နန်းခေမာ၊
ညီညွှတ်မိတ်များ စိတ်အားတက်စွာ
သူတော်ကျင့်ထုံး နှလုံးမူကာ၊
ကထိန်ပွဲ ဆင်နွှဲချိန်ခါ။

(ဃ)–သဒ္ဓါစိတ်ထား တက်ပွါးကြည်လင်။
စေတနာမိုး ရွာဖွိုးအစဉ်၊
အာရုံမျှော်မှန်း ပြည်နန်းအောင်ဘွင်၊
ရောက်စေကြောင်း အပေါင်းဆုပန်ဆင်။

၃၁။ (က)–သိလိုပါက ဖြေရမည့်မှာ၊
ကထိန်ဒါန ပြုကြသူဟာ၊
နုဗ္ဗာနိတက်ကြောင်း လမ်းကောင်းသေချာ၊
တိအကျ သိကြစေလိုပါ။ (၄) ပုဒ်ဆက်ဆိုပါ။
(ခ)– ယခုလက်ငင်း သံကွင်းသံနှောင်၊
ကြီးမှုကြပ်မှု ကင်းလွတ်ကြည်ရွှင်ရှောင်၊
သံသရာစက် နရက်ကွင်းရှောင်၊
ကထိန ဒါနအကျိုးဆောင်။
(ဂ)– သက်မဲ့သက်ရှိ လောကီဖုံဖုံ၊
ရတနာများ သုံးစားမကုန်၊
ဆုံးစွန်တက်လှမ်း မဂ်နန်းမြို့ကိုဘုံ၊
ကထိန ဒါနအကျိုးစုံ။
(ဃ)– ဘဝါဘဝ ဖြစ်ကြနေခေါ၊
ယာမသတ္တိ ဗျတ္တိစုံကာ၊
မရှိမသိ ကိတ္တိဂုဏ်ဖြာ၊
ဘေးမခ မြေတင့်တယ်စွာ။

သတိ/အမေးဘက်မှ (၆)ပုဒ်ဆက်၍ရွတ်လိမ့်မည်။
(အမေး၊အဖြေ-နှစ်ဖက်လုံးသံပြိုင်ဆိုကြရန်)။

၃၂။ အောင်ဇေယျတု အောင်မှုကိုရည်၊
အောင်ငွေခရု အောင်ဆုအဘည်၊
မြေထုရေထု မေရုတလီ၊
အောင်သံခြိမ့် သိမ့်သိမ့်အောင်သံဟီ။
၃၃။ နတ်ပြဟ္မာနှော သောသောအုံးညံ၊
ပြုထောမနာ့ သြဘာအသံ၊
ပြည့်လျှံပီတိ ဆီထိဂွမ်းဟန်၊
ပျော်ရွှင်မြူး ကြည်နူးပြည့်ဝေလျှံ။
၃၄။ အောင်စည်အောင်မောင်း ရိုက်ညောင်းသံဟီ၊
အောင်လံထူလွှင့် အောင်သင့်အတည်၊
အောင်ပါစေသော မနောကြည်ကြည်၊
အောင်စေကြောင်း ဆုတောင်းမြွက်ဆိုသည်။

(ကထိန်အဖြေ မြန်မာကဗျာများပြီး၏။)

ကထိနာနိသံသကထာ- မိန့်ကြားတော်မူပါရန်
ကထိန္နဒါယကာ ဒါယိကာမများ၏ကိုယ်စား
ခွင့်ပန်လျှောက်ထားလွှာပါဘုရား-

..................

ဒိဋ္ဌေန ရေဟိ သုကတံ၊ နဇာနန္တိ ဖလံ နရာ၊
ကထိနံ ဒါတုကာမာ၀၊ ကထေထ အနုကမ္ပကာ။

ဘန္တေ- ( ။ )...........နေ့၊ ထိန်ဝေသဒ္ဒါ ညီမျှစွာသော ကထိန္နဒါယကာ ကထိန္နဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ ရွှင်ရွှင်ပြုပြု ကျင်းပဆင်နွဲ ကထိန်ခေါ် အလှူပွဲတော်ကြီးသို့၊ ကြွရောက်တော်မူလာ ပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား၊

ဘန္တေ-ကထိန္နကျိုးအင် အာနိသင်ကို များဖြင့်ကျမ်းဂန် ထက်အောက်လှန်ကာ အမှန်သိပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား။ ■

သပ္ပရိသာ—ကထိနမည်ရ မြတ်ဒါနကို၊ တကွပြုကြ သဟာယုညကာရီ စိတ်တူညီသား ကထိန္နဒါယကာ ကထိန္နဒါယိကာမများ ဖြစ်ကြကုန်သော သူတော်စင်တို့သည်။

ကထိနံ-တနှစ်မှာ တလ၊ တလမှာ တရက်၊တရက်မှာ တကြိမ်သာကြုံကြိုက်သည့် မဟာကထိန် အလှူတော်ကြီးကို၊ဒါတုကာမာ၀—၍( ။ )ကျောင်းတိုက်၌သိုက်မြိုက်ခင်းကျင်း လှူဒါန်းခြင်းငှာ အလိုရှိကြပါကုန်သည်ဘုရား၊နရေဟိ—ဿဆာ၀ါသ ကိစ္စများမြောင်း လူ့ဘုံဘောင်မှာ စဉ်လာပြုကြ ကထိနခေါ်ရိုး အလှူမျိုး၏ အကျိုးဂုဏ်အင် အာနိသင်ကို မမြင်မသိ သိရှိလိုပြီး တကာတကာမများတို့သည်၊ သုကတံ-ရှေးရှေးကပင် နှစ်စဉ်ချိန်ခါ တန်ဆောင်မှာသပြုနေကြသည့် ကထိန်ခေါ် အလှူပွဲတော်ကြီးကို ဒိဋ္ဌ—မိဘဘိုးဘွား အစဉ်အားဖြင့် ထင်ရှားမသွေ ပြုလုပ်နေပြီး ရှိခဲ့သားမို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ဘူးပါသည်ဘုရား၊

တထာပိ—မိရိုးဖလာ စဉ်ကာပြုကြ တွေ့မြင်ရပါသော်လည်း၊ နရာ—ပါဠိ အဋ္ဌကထာ ကျမ်းစာများဖြင့် မသင်နိုင်ကြ လူ့ဘ၀၌ စားဝတ်နေမှုကိစ္စစုကို ပြုလုပ်အားထုတ်၍ နေကြကုန်သော လူတို့သည်၊

ဖလံ—ကထိန်ခင်းရ မြတ်ဒါနကြောင့် ရရှိနိုင်ပြီး အကျိုးတရားကို၊ နဇာနန္တိ—ကျမ်းစာထောက်ဆ အာဂမဖြင့် ကျနမိမိ မသိကြပါကုန်ဘုရား၊

တသ္မာ—ထိုသို့ ကထိနဒါန လှူလိုကြလည်း ဒါနကျိုးအင် အာနိသင်ကို မမြင်မသိ သိရှိလိုကြသည်၏အဖြစ်ကြောင့်၊ အနုကမ္ပကာ—မသိရှိကြသည့် တပည့်တကာ,တကာမတို့အား သနားကြင်နာ ကရုဏာဓာတ် ကိန်းဝပ်ပေပြီး အရှင်မြတ်ဘုရားတို့သည်၊ ကထေထ—ပါဠိဘယ်ဟာ၊ အဋ္ဌကထာဘယ်သို့

မချို့ငဲ့ကာ ဘယ်သို့လာ-ဟု သေချာမမှား ကရုဏာထားကာ မိန့်ကြား တော် မူကြပါကုန်ဘုရား။

(ကထိန်ခန်းပြီး၏။)

**မှတ်ချက်။** ။ဤပျာ့ဆရာတို့ ရေသားစီကုံးခဲ့သော ကထိန်အမေးအဖြေ မြန်မာကဗျာများ နှစ်လုံးဘွဲ့များကို ဗဟုသုတနှင့် လိုအပ်သူ များအလွယ်တကူ သုံးစွဲနိုင်ရန် အကျိုးငှာ ထည့်သွင်းပြဆိုပါသည်။

.....................

**သံဃိကဖြစ်က တပါးတည်း ပုဂ္ဂလိကပိုင်အဖြစ်ဖြင့် ဝေဖန်၍ မယူကောင်းသည့် ဂရုဘဏ်ပစ္စည်းများနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ**

**ဂရုဘဏ်**–ဆိုသည်မှာ၊ ဂရုဘဏ္ဍ-ဟူသော ပါဠိမဂဓဘာသာမှ ဘ-ကို ဏကြီး သတ်၍ ဘဏ်ဖြစ်ခါ ဂရုဘဏ်–ဟု ခေါ်ဝေါ်အပ် သော ပါဠိပျက် မြန်မာဝေါဟာရ စကားလုံးဖြစ်သည်။ ဂရုဘဏ္ဍ-ဟူသော ပုဒ်ကို ဂရု+ဘဏ္ဍ–ဟု (၂)ပုဒ်ခွဲပြီးလျှင်၊ ဂရု–သဒ္ဒါသည် အလေးဂရုပြု အပ်ဟူသော အနက်ကိုဟောသည်။ ဘဏ္ဍ-သဒ္ဒါသည် အသုံးအဆောင်ဘဏ္ဍာ ပစ္စည်းဟူသောအနက်ကို ဟောသည်။

ဂရုနှင့် ဘဏ္ဍကို ဂရုနိ–ဘဏ္ဍာနိ ဂရုဘဏ္ဍာနိ–ဟု သဒ္ဒါနည်းအားဖြင့် ကမ္မဝါရည်း သမာသ် တွဲစပ်၍ ဂရုဘဏ္ဍာနိဟု ပါဠိဘာသာ ဝေါဟာရ စကားလုံး (၁)ခု ဖြစ်ပေါ်လာသည်။

ဂရုနိ-အလေးပရုပြုအပ်ကုန်သော၊ ဘဏ္ဍာနိ–အသုံးအဆောင် ဘဏ္ဍာ ပစ္စည်းတို့တည်း၊ ဂရုဘဏ္ဍာနိ–အလေးဂရုပြုအပ်ကုန်သော အသုံးအဆောင် ဘဏ္ဍာပစ္စည်းတို့။

(အဓိပ္ပါယ်မှာ)–သံဃိက (သံဃာအများပိုင်)ဖြစ်သော ၎င်းပစ္စည်းများ ကို ပုဂ္ဂလိက(ပုဂ္ဂိုလ်တပါးပိုင်) အဖြစ်ဖြင့် ပေါ့ပေါ့ဆဆ မလုပ်ကောင်း မသုံးစွဲကောင်း၊ ပုဂ္ဂလိက(ပုဂ္ဂိုလ်တပါးပိုင်)ပေးလည်း မပေးကောင်းသော ကြောင့် အလေးဂရုပြု၍ သုံးစွဲရသောပစ္စည်းများ၊ ခွဲခြမ်းဝေဖန်၍ မယူရပဲ အများဆိုင်သံဃိက အဖြစ်ဖြင့်သာ သုံးစွဲရသော ပစ္စည်းများဟု ဆိုလိုသည်။ မြန်မာလိုကား ၎င်းပစ္စည်းမျိုးကို ဂရုဘဏ် ပစ္စည်းများဟူ၍ပင် လွယ်လွယ် ခေါ်လိုက်ကြသည်။

**ဂရုဘဏ်ပစ္စည်းအုပ်စု(၅)မျိုး၊**

ဤဂရုဘဏ်–ဟူသောစကားရပ်၌ ဂရုဘဏ်ပစ္စည်းတို့သည်–

"ပဉ္စိမာနိ ဘိက္ခဝေ အဝိသဇ္ဇိယာနိ န ဝိဿဇ္ဇေတဗ္ဗာနိ

သံဃေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ၊

ဝိဿဇ္ဇိတာ နိပိ အဝိဿဇ္ဇိတာနိ ဟောန္တိ၊ ယော ဝိဿဇ္ဇေယျ၊
အာပတ္တိ ထုလ္လစ္စယဿ'' (စူဠဝါပါဠိ)

ဤသို့ စသောနည်းဖြင့် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်ကုန်သော -

၁။ အရံ (ခြံ,ဥယျာဉ်) အရံရာမြေ၊
၂။ ကျောင်း၊ ကျောင်းရာမြေ (ကျောင်းဝိုင်း)၊
၃။ ညောင်စောင်း၊ (ခုတင်) အင်းပျဉ်(ကုလားထိုင်)၊ဘုံလျှို (မွေ့ရာ)၊ ခေါင်းအုံး၊
၄။ ကြေးအိုး သံအိုး၊ ကြေးသံအိုးစရည်း၊ ကြေးသံရေအိုး၊ ကြေးသံဖျဉ်းအိုး၊ ဖဲခွပ်(ဓားငယ်)၊ပေါက်ဆိန်၊ ဓါးမ၊ ပေါက်တူး၊ ဆောက်။
၅။ နွယ်၊ ဝါး၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ မြက်၊ မြေညက်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ၊

ဟူ၍ အုပ်စုအားဖြင့် (၅) မျိုး (၅) အုပ်စုဖြစ်ကုန်၏။
သရုပ်အရေအတွက်အားဖြင့် (၂၅) ပါး။

သရုပ်အရေအတွက်အားဖြင့်ကား -
နံပါတ်(၁) အုပ်စု၌ အရံ၊ အရံရာမြေ-ဟု (၂) ပါး၊
နံပါတ် (၂) အုပ်စု၌ ကျောင်း၊ ကျောင်းရာမြေ-ဟု (၂) ပါး၊
နံပါတ် (၃) အုပ်စု၌ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခေါင်းအုံးဟု (၄) ပါး၊
နံပါတ် (၄) အုပ်စု၌ ကြေးသံတို့ဖြင့် ပြုအပ်သော အိုး၊ အိုးစရည်း၊ ရေအိုး၊ ဖျဉ်းအိုး၊ ပဲခွပ်၊ ပေါက်ဆိန်၊ ဓါးမ၊ ပေါက်တူး၊ ဆောက်-ဟူ၍ (၉) ပါး၊
နံပါတ် (၅) အုပ်စု၌ နွယ်၊ ဝါး ဖြူဆံမြက်၊ ပြိတ်မြက်၊ မြက်၊ မြေညက်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ-ဟူ၍ (၈) ပါး၊

ဤသို့အားဖြင့် (၂၅) ပါး ဖြစ်ကုန်၏။ ထို့ကြောင့် -

''ဒွိသင်္ဂဟာနိ ဒွေ ဟောန္တိ၊ တတိယံ စတုသင်္ဂဟံ။
စတုတ္ထံ နဝကောဋ္ဌာသံ၊ ပဉ္စမံ အဋ္ဌဘေဒနံ။
ဣတိ ပဉ္စဟိ ရာသီဟိ၊ ပဉ္စ နိမ္မလလောစနော။
ပဉ္စဝီသဝိဓံ နာထော၊ ဂရုဘဏ္ဍံ ပကာသယိ။ ။

ဟူ၍ ရှေးဆရာတို့ မိန့်ဆိုတော်မူခဲ့ကြကုန်၏။

**ဂရုဘဏ်၏အခြားအမည်များ**

အထက်ပါအုပ်စုအားဖြင့် (၅)အုပ်စု၊ အရေအတွက်အားဖြင့် (၂၅)ပါးကုန်သော ဂရုဘဏ်ပစ္စည်းတို့ကို၊ စူဠဝါသေနာသနက္ခန္ဓက၌ အဝိဿဇ္ဇိယ–မစွန့်ကောင်းသော ပစ္စည်းဟူ၍လည်းကောင်း၊ ၎င်းစူဠဝါ ကိဋ္ဌာဂိရိဝတ္ထု၌

ကား၊အဝေဘင်္ဂိယ-ပုဂ္ဂိုလ်တပါးတည်းပိုင် အဖြစ်ဖြင့် ဝေဖန်၍မယူကောင်း သော ပစ္စည်းဟူ၍လည်းကောင်း၊ အသီးအသီး နာမည်အမျိုးမျိုးတပ်၍ ဘုရားရှင်ဟောတော်မူခဲ့၏။

အဝိဿဇ္ဇိယ – ပုဂ္ဂိုလ်တပါ ပိုင်အဖြစ်ဖြင့် မစွန့်အပ်မစွန့်ကောင်း၊ စွန့်သော်လည်း ပုဂ္ဂလိက ပိုင်မဖြစ်သောပစ္စည်း။

အဝေဘင်္ဂိယ – ပုဂ္ဂိုလ်တပါးပိုင်အဖြစ်ဖြင့် မဝေဖန်အပ် မဝေဖန်ကောင်း ဝေဖန်သော်လည်း ပုဂ္ဂလိကပိုင်မဖြစ်သောပစ္စည်း။ သံဃာအများပိုင်အဖြစ်မှ ပုဂ္ဂိုလ်တပါးပိုင်အဖြစ်ဖြင့် မစွန့် မဝေဖန်ရသော ပစ္စည်းများဟု ဆိုလိုသည်။

(ပါဠိတော်၏အနက်)

ဘိက္ခဝေ-ရဟန်းတို့၊ ပဉ္စငါးမျိုးကုန်သော၊ ဣမာနိအဝိဿဇ္ဇိယာနိ-ဤမစွန့်အပ် မစွန့်ထိုက်သောပစ္စည်းတို့ကို သံဃေနဝါ-သံဃာသည် လည်းကောင်း၊ ဂဏေနဝါ-ဂိုဏ်းသည်လည်းကောင်း၊ ပုဂ္ဂလေနဝါ-ပုဂ္ဂိုလ်သည် လည်းကောင်း၊ နဝိဿဇ္ဇေတဗ္ဗာနိ-မစွန့်အပ် မစွန့်ထိုက်ကုန်။

ဝိဿဇ္ဇိတာနိပိ-စွန့်အပ်ပြီးကုန်သော်လည်း၊ အဝိဿဇ္ဇိတာနိ-မစွန့်အပ်ကုန်သည်၊ ဝါ-စွန့်အပ်ရာမရောက်ကုန်သည်၊ ဝါ-အစွန့်ခံရသူမှာ အပိုင်မရကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။ ယော-အကြင်ရဟန်းသည်၊ ဝိဿဇ္ဇေယျ-စွန့်ငြားအံ့၊ တဿ-ထိုရဟန်းအား၊ ထုလ္လစ္စယဿ-ထုလ္လစ္စည်းအာပတ်သို့၊ အာပတ္တိ-အာပဇ္ဇနံ-ရောက်ခြင်းသည်၊ ဟောတိ-ဖြစ်၏။

ပရိဝါပါဠိတော်၌ကား-

အဝိဿဇ္ဇိယံ အဝေဘင်္ဂိယံ၊ ပဉ္စ ဝုတ္တာ မဟေသိနာ။ ။
ဝိဿဇ္ဇေန္တဿ ပရိဘုဉ္ဇန္တဿ အနာပတ္တိ၊ ပဉှမေသာ ကုသလေဟိ စိန္တိတာ။ ။ ဟုလာ၏။

(အဓိပ္ပါယ်မှာ) – အုပ်စုအားဖြင့် (၅)မျိုးသော မစွန့်ကောင်း မဝေဖန်ကောင်းသော ပစ္စည်းတို့ကို မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်ကုန်ပြီ။ ၎င်းပစ္စည်းတို့ကိုစွန့်၍ မိမိကိုယ်ပိုင်ပစ္စည်းအဖြစ်ဖြင့် သုံးစွဲသောရဟန်းအား အာပတ်မသင့်ခဲ့။

ဘယ်လိုလုပ်၍ မသင့်ပါသနည်း၊ ဤအမေးပုစ္ဆာပြဿနာကို ဝိနည်းအရာ လိမ္မာကျွမ်းကျင်သော ပညာရှင်ပုဂ္ဂိုလ်တို့ကြံစည်ကာ အမှန်ရအောင် ဖြေဆိုပါကုန်လော့။

ဟု ဒေသမောစနဂါထာခန်း၌ ပုစ္ဆာထုတ်ထားလေသည်။

(အဖြေကား)–ပစ္စည်းချင်း လဲလှယ်ခြင်း၏ အစွမ်းအားဖြင့် စွန့်၍ တပါးပိုင်အဖြစ်ဖြင့် သုံးဆောင်ရဟန်း–တည်း။ ၎င်းရဟန်းမှာ ထုလ္လစ္စည်းအာပတ် မသင့်ပါ။ ၎င်းပစ္စည်းများကို ခွဲခြမ်းဝေဖန်၍သာ ကိုယ်ပိုင်မယူကောင်း။

မိမိ၏ပစ္စည်းနှင့် ပစ္စည်းချင်း လဲလှယ်၍ကား ပုဂ္ဂလိကပိုင် သုံးဆောင်ကောင်း၏။ ပစ္စည်းချင်း လဲလှယ်ဖလှယ်နိုင်ပုံကို နောက်၌ အကျယ်လာလတ္တံ့။

ဂရုဘဏ်(၂၅)မျိုးအကျယ်ရှင်းလင်းချက်။

၁။ အာရာမ—ပန်းအရံ၊ ပန်းခြံ၊ ပန်းဥယျာဉ်ကို ပုပ္ဖာရာမ၊ သစ်သီးအရံ၊ သစ်သီးခြံ၊ သစ်သီးဥယျာဉ်ကို ဖလာရာမ၊ ၎င်း ပန်းအရံ သစ်သီးအရံ (၂)မျိုးကို အာရာမဟု ခေါ်၏။

၂။ အာရာမဝတ္ထု—ထိုအရံလုပ်ဖို့ရန် နေရာသစ်နှင့် အရံမြေနေရာဟောင်းများကို အာရာမဝတ္ထုဟု ခေါ်၏။

၃။ ဝိဟာရ—ဆောက်လုပ်ထားသော အမှတ်မရှိ ပြာသာဒ်စသောကျောင်းအမျိုးမျိုးကို ဝိဟာရဟု ခေါ်၏၊

၄။ ဝိဟာရဝတ္ထု—ကျောင်းဆောက်လုပ်ဖို့ရန် နေရာသစ်နှင့် ကျောင်းနေရာဟောင်း မြေတို့ကို ဝိဟာရဝတ္ထုဟု ခေါ်၏။

၅။ မဉ္စ—(၁) အခြေ၌ အဘောင်တပ်သော မသာရကညောင်စောင်း
(၂) ထုတ်လျှောက်ကို စရွေးစွပ်ကာ ယှက်၍ ဖွဲ့အပ်သော ဗုန္ဒိကာဗဒ္ဓညောင်စောင်း၊
(၃) ပုစွန်ခြေကဲ့သို့ ညောင်စောင်း ခြေကောက် ကုဠီရပါဒကညောင်စောင်း၊
(၄) အဆောင်၌ အခြေတပ်သောအာဟစ္စပါဒညောင်စောင်း

ဤသို့ ညောင်စောင်း၊ ခုတင်အမျိုးမျိုးကို မဉ္စဟုခေါ်၏။ မင်း၊ဆိတ်တို့၏ ခြေကဲ့သို့ကောက်သော အခြေရှိသော ညောင်စောင်းကို ကုဠီရပါဒကဟု ဆိုကြ၏။

၆။ ပီဌ—(၁) မသာရကပီဌ
(၂) ဗုန္ဒိကာဗဒ္ဓပီဌ
(၃) ကုဠီရပါဒကပီဌ
(၄) အာဟစ္စပါဒကပီဌ—ဟူသော အင်းပျဉ်ထိုင်ခုံအမျိုးမျိုးကို ပီဌဟု ခေါ်၏။

၇။ ဘိသိ—သားမွေးအဆာထည့်သော ဘုံလျှို၊ အစရှိသော(၅)မျိုးသောဘုံလျှို၊ ဖုံ-မွေ့ရာအမျိုးမျိုးကို ဘိသိဟု ခေါ်၏။

၈။ ဗိမ္ဗောဟန—သစ်လဲ၊ နွယ်လဲ၊ မြက်လဲသုံးမျိုးတို့တွင် တမျိုးမျိုးသော လဲသွပ်အပ်သော ခေါင်းအုံးအမျိုးမျိုးကို ဗိမ္ဗောဟနဟု ခေါ်၏။

၉။ လောဟကုမ္ဘီ—ကြေးဖြင့်ဖြစ်စေ သံဖြင့်ဖြစ်စေ ပြုလုပ်အပ်သော အိုးကိုလောဟကုမ္ဘီဟု ခေါ်၏။

၁၀။ လောဟဘာဏက—ကြေး၊ သံတို့ဖြင့် ပြုအပ်သော အိုးစရည်းကို လောဟဘာဏကဟု ခေါ်၏။
၁၁။ လောဟဝါရက—ကြေး၊ သံတို့ဖြင့် ပြုအပ်သော ရေအိုးကို လောဟ ဝါရကဟု ခေါ်၏။
၁၂။ လောဟကဋာဟ—ကြေး၊ သံတို့ဖြင့် ပြုအပ်သော ဖျဉ်းအိုးတို့ကို လောဟကဋာဟဟု ခေါ်၏။

မှတ်ချက်။ ။အိုးစရည်းဆိုသည်မှာ ရေများစွာဆန့်သော ရေလှောင် အိုးကြီးမျိုးတည်း။

၁၃။ ဝါသိ—ပဲခွပ် (ဓားငယ်)ကို ဝါသိဟု ခေါ်၏။
၁၄။ ဖရသု(ပရသု)—ပေါက်ဆိန်။
၁၅။ ကုဋ္ဌာရီ—ဓားမကြီး၊ တဖက်ခုတ် နှစ်ဖက်ခုတ်။
၁၆။ ကုဒါလ—ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်း။
၁၇။ နိခါဒန—ဆောက်အမျိုးမျိုး။
၁၈။ ဝလ္လိ—ကြိမ်စသော နွယ်အမျိုးမျိုး။
၁၉။ ဝေဠု—ဝါးအမျိုးမျိုး။
၂၀။ မုဉ္ဇ—ဖြူဆံမြက်။
၂၁။ ပဗ္ဗဇ—ပြိတ်မြက်။
၂၂။ တိဏ—အမိုးမိုးစရာ သက်ကယ်မြက်စသော မြက်အမျိုးမျိုး။
၂၃။ မတ္တိကာ—မြေညက်။
၂၄။ ဒါရုဘဏ္ဍ—သစ်သားဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ဘဏ္ဍာအမျိုးမျိုး။
၂၅။ မတ္တိကာဘဏ္ဍ—မြေ၊ ကြွေတို့ဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ဘဏ္ဍာအမျိုးမျိုး။

ဤပြဆိုခဲ့ပြီးသည်ကား ဂရုဘဏ်(၂၅)မျိုးတို့၏ အကျယ်ရှင်းလင်းချက်တည်း။ ၎င်း (၂၅) မျိုးတို့သည် သံဃိက-သံဃာအများပိုင် ဖြစ်မှသာ ဂရုဘဏ်ဖြစ်သည်။ ပုဂ္ဂလိကပိုင်များကား ဂရုဘဏ်မဟုတ်ဟု မှတ်ပါ။

ထာဝရဂရုဘဏ်များ။

အထက်ပါ အဝေဘင်္ဂိယ-အဝိဿဇ္ဇိယ-ဂရုဘဏ်(၂၅)မျိုးတို့တွင်—

(၁) ဥယျာဉ်ခြံ
(၂) ဥယျာဉ်-ခြံ-မြေ
(၃) ကျောင်း
(၄) ကျောင်းဝိုင်းမြေ

ဟူသော (၄) မျိုးတို့ကား ပြောင်းရွှေ့၍မရသောကြောင့်ထာဝရဂရုဘဏ်တို့

မည်ကုန်၏။ မဥ္စ-ညောင်စောင်းစသော (၂၀) မျိုးတို့ကား၊ ဂရုဘဏ်သာ မည်ကုန်၏။ ထာဝရမဟုတ်။

ဂရုဘဏ်ပစ္စည်းများကိုလဲလှယ်ပုံ။

ဂရုဘဏ်ပစ္စည်းတို့ကို လဲလှယ်ရာ၌ ယာခုပြဆိုလတ္တံ့သည်ကား ရှေးဆရာတို့ အစဉ်အဆက် ပြောဆိုမိန့်မြွက်ခဲ့ကြသော စကားအစဉ်တည်း၊

ဤအုပ်စုအားဖြင့်(၅)အုပ်စု အရေအတွက်အားဖြင့်(၂၅)မျိုးသော ဂရုဘဏ်ပစ္စည်းတို့ကို—

၁။ သင်္ကန်းပစ္စည်းနှင့်လည်းကောင်း၊
၂။ ဆွမ်းပစ္စည်းနှင့်လည်းကောင်း၊
၃။ ဆေးပစ္စည်းတို့နှင့်လည်းကောင်း၊ မလဲလှယ်ကောင်း။

၁။ ထာဝရဂရုဘဏ်နှင့် ထာဝရဂရုဘဏ်ချင်း လဲလှယ်ကောင်း၏။
၂။ ထာဝရမဟုတ်သော ဘဏ်မျိုးချင်း လဲလှယ်ကောင်း၏။

ထာဝရကား(ခေတ္တ)လယ်၊ (ခေတ္တဝတ္ထု) လယ်မြေ၊ (တဠာက) တဖက်ဆည်ကန်၊ (မာတိကာ)ရေသွင်းမြောင်းနှုတ်မြောင်း၊ ဤသို့သော ထာဝရပစ္စည်းမျိုးကို သံဃာတော်များ ကိုယ်တိုင်—

(၁) စိမံခန့်ခွဲမှုလည်း မလုပ်ကောင်း၊
(၂) အလှူလည်းမခံကောင်း၊ ဆွမ်းအိုးစား၊ ကျောင်းဝတ္တကလှူနိုင်၏။

(အပ်သည်ကား)-ကပ္ပိယကာရကပုဂ္ဂိုလ်တို့က စီမံခန့်ခွဲ၍ရရှိသော သင်္ကန်းစသော ကပ္ပိယဘဏ္ဍာမျိုးဖြစ်လာမှသာ အပ်၏။

(၁) အရံ-ခြံ-ချင်းချင်း၊
(၂) အရံ-ခြံ-မြေနေရာချင်းချင်း၊
(၃) ကျောင်းအဆောက်အဦအချင်းချင်း၊
(၄) ကျောင်းဝိုင်းမြေနေရာအချင်းချင်း၊

ဤ(၄)မျိုးတို့ကို အချင်းချင်းလဲလှယ်ကောင်း၏။

လဲလှယ်ပုံလဲလှယ်နည်း။

(ဥပမာ) သံဃာများပိုင် သံဃိကအုန်းခြံသည် ကျောင်းတိုက်နှင့် ဝေး နေ၏။ ထိုသို့ ကျောင်းတိုက် သံဃာတော်များနှင့် ဝေးနေသောကြောင့် အစောင့်အရှောက်ထားသည့် ကပ္ပိယကာရကပုဂ္ဂိုလ်တို့သည် များစွာသုံးစွဲစားသောက်ပစ်ကြကုန်၏။

ကပ္ပိယကာရကပုဂ္ဂိုလ်တို့ မစားသောက်သော်လည်း၊ အုန်းခြံမှထွက်သော အုန်းသီးများကို လှည်းဖြင့် သယ်ဆောင်တိုက်ယူရသဖြင့် လှည်းခပေးရကာ၊ အုန်းသီးအနည်းငယ်မျှသာ သံဃာတော်များအတွက် ဆောင်ယူပေးဒါန်းသဖြင့် ရရှိ၏။

သံဃိကအုန်းခြံမှ အုန်းသီး (၁၀၀)လောက် ထွက်သော်လည်း၊ သံဃာတော်များအတွက် အစိတ်-သုံးဆယ်လောက်မျှသာ ကျောင်းသို့ရောက်သည် (ဟူလို)။

ထိုသံဃိကအုန်းခြံ၏ အနီးအပါးရွာ၌နေသော လူတို့၏အုန်းခြံသည်ကား သံဃာတော်များနေထိုင်ရာ ကျောင်းတိုက်အနီးအပါး၌ ရှိသည်ဖြစ်အံ့၊ ထိုသို့ သံဃိကအုန်းခြံက ကျောင်းနှင့်ဝေးရာ ရွာအနီး၌ရှိ၍ လူဒါယကာတို့၏ အုန်းခြံက ရွာနှင့်ဝေးရာ မကျောင်းနား၌ရှိနေခဲ့သော်၊ ကျောင်းနားရှိ အုန်းခြံပိုင် ဒါယကာတို့က၊ ရွာအနားရှိ သံဃာပိုင်အုန်းခြံနှင့် ခြံအချင်းချင်း လဲလှယ်လိုကြောင်း လျှောက်ထားခဲ့သော်၊ သံဃာကိုပန်ကြား၍ သံဃာအများက သဘောကျနှစ်သက်လျှင် လဲလှယ်၍ယူနိုင်သည်။

လဲလှယ်လိုက်သည်နှင့်တပြိုင်နက် သံဃာပိုင်သံဃိကအုန်းခြံသည် လူဒါယကာပိုင် ပုဂ္ဂလိကအုန်းခြံဖြစ်သွားတော့၏။ ကျောင်းနားရှိ လူဒါယကာပိုင် အုန်းခြံကား သံဃာအများပိုင် သံဃိကအုန်းခြံ ဖြစ်သွားတော့၏။

ဤသို့ သံဃိက ထာဝရဖြစ်သောပစ္စည်းနှင့် လူတို့ပိုင်သည့် ထာဝရဖြစ်သော ပစ္စည်းချင်း လဲလှယ်ကောင်းသည်ဟု မှတ်ပါလေ။

အကယ်၍ သံဃာပိုင်သည့်အုန်းခြံက အုန်းပင်(၁၀၀၀)ရှိအံ့၊ လူဒါယကာပိုင်သည့်အုန်းခြံက အုန်းပင်(၅၀၀)မျှသာရှိအံ့၊ ထိုသို့ လူဒါယကာပိုင် အုန်းခြံက အုန်းပင်နည်းသော်လည်း၊ ဒါယကာခြံတို့က အုန်းပင်နည်းကာ ကျဉ်းလှ၏ မလဲနိုင်ဟု မပြောဆိုကောင်း၊ မလဲပဲမနေကောင်း။

အဘယ့်ကြောင့် ဒါယကာများခြံက ကျဉ်းငယ်၍ သံဃိကခြံက ကျယ်ပင်ကျယ်သင့်ကစား ဒါယကာများခြံကရရှိသော အုန်းသီးစသောအခွန်ဘဏ္ဍာ ဥစ္စာက များသည်ဖြစ်စေ၊ သို့မဟုတ် ညီတူညီမျှလောက်သာ ရသည်ဖြစ်စေ ခြံချင်းလဲလိုက်သဖြင့် ကျောင်း၏အနီး၌ ဖြစ်သွားက သံဃာတော်များ အလိုရှိသောအခါ အလိုရှိတိုင်း အလွယ်တကူ သုံးဆောင်နိုင်သောကြောင့် ခြံချင်းလဲလှယ်၍ ယူကောင်းသည်သာဟု မှတ်ပါလေ။ (ခြံရှင်ဒါယကာက အလိုက်ပေးလျှင်ကား ဆိုဖွယ်ရာမရှိ)။

ခြံအနေဖြင့် ရှုံးသော်လည်း အကျိုးအမြတ်အနေဖြင့်ကား မရှုံး။ (ကျောင်းတိုက်နှင့် ဝေးနေသော သံဃိကခြံသည် သစ်ပင် (၁၀၀၀)ရှိစေကာမူ သစ်ပင်(၅၀၀)လောက်မျှ အကျိုးမခံစားရ။ လူတို့ခြံကား သစ်ပင် (၅၀၀)သာ ရှိသော်လည်း ကျောင်းနှင့်နီး၍ စောင့်ရှောက်ရန် လွယ်ကူရကား အကျိုးများသဖြင့် သံဃခြံနှင့် လူ့ခြံ အရှုံးခံ၍ လဲကောင်း၏။)

လူ့ခြံက အပင်များ၍ သံဃာ့ခြံကအပင်နည်းသော်

အကယ်၍လူတို့၏ခြံကအပင်များ၍ သံဃာပိုင်ခြံက အပင်နည်းနေလျှင် လူတို့အား"သင်တို့ရဲ့ခြံက အပင်များနေသည် မဟုတ်လား"ဟု ပြောရမည်။

ခြံရှင်လူတို့က "များချင်များပါစေဘုရား၊ ပိုသည့်အပင်များ တပည့်တော်တို့ကုသိုလ်ပေါ့၊ သံဃာအားလှူပါတယ်၊ လဲသာလဲပါ"ဟု လျှောက်ခဲ့လျှင် သံဃာတော်အား ပန်ကြားသိစေပြီးလျှင် လဲလှယ်ကောင်း၏။

အသီးသီးနေသော ခြံနှင့် အသီးသီးခါနီးခြံ လဲလှယ်ကောင်း

ရဟန်းတို့၏ သံဃိက ဖြစ်သည့် အသီးသီးနေသော ခြံနှင့် လူတို့၏ အသီးသီးခါနီးဖြစ်သော ခြံကိုလည်း အထက်ပါအတိုင်း အနီးအဝေး အဆင်ပြေအောင် လူတို့ကလဲလှယ်လိုကြောင်း လျှောက်ထားခဲ့သော် သံဃာတော်အား ပန်ကြားသိစေပြီးလျှင် လဲလှယ်ကောင်း၏။

လူတို့၏ အသီးသီးနေသော ခြံနှင့် ရဟန်းတို့၏ အသီးသီးခါနီးခြံကိုလည်း အထက်ပါနည်းအတိုင်းလဲလှယ်ပါရန် လျှောက်ထားခဲ့သော် "ဒါယကာတို့၊ သင်တို့ရဲ့ခြံက အသီးသီးနေပြီမဟုတ်လော"ဟု ပြောဆိုရမည်။ခြံရှင်လူတို့က "အသီးမသီးသော်လည်းကိစ္စမရှိပါ၊ တပည့်တော်တို့ကုသိုလ်ဖြစ်တာပေါ့၊ လဲသာလဲပါ" ဟု လျှောက်ထားခဲ့သော် သံဃာကိုပန်ကြား၍ လဲလှယ်ကောင်း၏။

ဤသို့ အရံခြံ-ဥယျာဉ်အချင်းချင်း သံဃာအား ကျေးဇူးများအောင် လဲလှယ်ကောင်း၏။

ဤနည်းအတိုင်းသာလျှင် အရံခြံမြေနှင့် အရံခြံကိုလည်းကောင်း၊ ကျောင်းနှင့် အရံခြံကိုလည်းကောင်း၊ ကျောင်းဝိုင်းမြေနှင့်အရံခြံကို လည်းကောင်း လဲလှယ်ဖလှယ်ကောင်း၏။

အကျဉ်းအကျယ် ဖြစ်သောခြံမြေဖြင့်လည်း ခြံ-ခြံမြေ၊ ကျောင်း-ကျောင်းဝိုင်းမြေ-တို့ကို အချင်းချင်းလဲလှယ် ဖလှယ်ကောင်း၏။

**အိမ်နှင့်ကျောင်း လဲလှယ်၍ယူကောင်း**

အဘယ်သို့ အိမ်နှင့် ကျောင်းလဲလှယ်ကောင်းပါသနည်း။ ဥပမာ- မြို့ရွာအတွင်း၌ သံဃာပိုင်ကျောင်းရှိနေအံ့၊ ကျောင်းဝိုင်းအနီး ကျောင်းဝိုင်းအလယ်၌ လူတို့ပိုင်သော (ပြာသာဒ်)အိမ်ရှိနေအံ့၊ ၎င်းအဆောက်အအုံ(၂)ခုတို့သည်လည်း တန်ကြေးချင်း မကွာညီမျှနေအံ့၊ လူတို့ကလည်း ထိုသူတို့ပိုင် ပြာသာဒ်အိမ်နှင့် သံဃာပိုင်ကျောင်းကို အဆင်ပြေရန်အတွက် လဲလှယ်ပါရန် လျှောက်ထားကြကုန်ငြားအံ့၊ (သံဃာကို ပန်ကြား၍) လဲလှယ်ကောင်း၏။

**သံဃာပိုင်ကျောင်းက တန်ဖိုးများသော်လည်း လဲလှယ်ကောင်း**

ရဟန်းတို့၏ မြို့ရွာရပ်ကွက်အတွင်းရှိ သံဃာပိုင်အိမ်(ကျောင်း)က တန်ဖိုးများနေ၍ ငါတို့၏အိမ် (ကျောင်း)က ၎င်းတန်ဖိုးများသည် မဟုတ်ပါလောဟု ပြောဆိုသော်လည်း တပည့်တော်တို့၏ သံဃာပိုင်အိမ်(ကျောင်း)အဆောက်အအုံက မြို့ရွာရပ်ကွက်အတွင်းဖြစ်၍ တန်ဖိုးများသော်လည်း ရဟန်းတို့အား မလျောက်ပတ်ခဲ့၊ထိုအဆောက်အအုံ၌ သံဃာတော်များနေထိုင်ခြင်းငှာ မတတ်ကောင်းခဲ့၊ဤလူတို့ပိုင်သော အဆောက်အအုံကား ရဟန်းတို့အား နေထိုင်ရန် လျောက်ပတ်၏၊ သို့အတွက်ကြောင့် လဲလှယ်ဖလှယ်ရန်သင့်ပါသည်ဟု ပြောဆိုကြကုန်ငြားအံ့၊ လဲလှယ်ကောင်း၏။

အကယ်၍ လူတို့၏ ပိုင်ဆိုင်သော အဆောက်အအုံက တန်ဖိုးများနေခဲ့သော်"ဒါယကာတို့ သင်တို့ရှိအဆောက်အအုံက တန်ဖိုးများနေသည်မဟုတ်ပါလော"ဟု မေးမြန်း ပြောဆိုရမည်။

ထိုသို့မေးမြန်း ပြောဆိုသောအခါ "ရှိပါစေဘုရား၊ တပည့်တော်တို့မှာ ကုသိုလ်ဖြစ်တာပေါ့၊ လဲ၍ ယူသာယူပါ"ဟု လျှောက်ထားလျှင်ကား လဲလှယ်ကောင်း၏။

ဤသို့ သံဃာပိုင်ကျောင်းနှင့် လူပိုင်အိမ် အချင်းချင်း လဲလှယ်ကောင်း၏၊ (ရွာတွင်းကျောင်းနှင့် ကျောင်းနှင့်ကပ်၍ နေသော လူတို့အိမ်ကို သံဃာအား ကျေးဇူးများသောကြောင့် လဲကောင်းသည်ဟူလို။)

ဤနည်းအတိုင်းသာလျှင် ကျောင်းဝိုင်းမြေကိုကျောင်းနှင့် လည်းကောင်း၊ အရံခြံကို ကျောင်းနှင့်လည်းကောင်း အရံခြံမြေကိုကျောင်းနှင့် လည်းကောင်း လဲလှယ်နိုင်၏။ အဖိုးအနည်း အများဖြစ်သော ကျောင်း

ဝိုင်းမြေနှင့်ကျောင်း, ကျောင်းဝိုင်း, အရံခြံမြေတို့ကိုလည်း လဲလှယ်ဖလှယ်၍ ယူကောင်း၏။ ဤသို့ ထာဝရ ဂရုဘဏ်ပစ္စည်းချင်း လဲလှယ်ခြင်းကို သိသင့်သိထိုက်၏။

**ဂရုဘဏ်ချင်းချင်းလဲထှယ်ပုံ**

ညောင်စောင်း (ခုတင်)အင်းပျဉ် (ထိုင်ခုံ)သည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ အယုတ်ဆုံး ကလေးများ မြေမှုန့်ကစားရာ တဲဇရပ် စသည်တို့၌ ကစားကြကုန်သော ကလေးသူငယ်တို့သည် ပြုလုပ်အပ်သော သစ်သား ဖင်ထိုင်ခုံငယ်လေးပင် ဖြစ်စေကာမူ သံဃာအား ပေးလှူ၍ သံဃိကဖြစ်လျှင် ဂရုဘဏ်မည်တော့၏။

မင်း၊ မင်း၏အမတ်ကြီးစသော ဥစ္စာရှိသူတို့သည် တခါတည်းညောင်စောင်း (၅၀၀) (၁၀၀၀)အကယ်၍ လှူဒါန်းကုန်ငြားအံ့၊ အလုံးစုံသော ကပ္ပိယ (အပ်သော) ညောင်စောင်းဖြစ်လျှင် အလှူခံကောင်း၏။(ခြူးပန်းခြူးနွယ် စသည်တို့ဖြင့် ဆန်းကြယ်သော ရွှေချ ညောင်စောင်းများကား အလှူမခံကောင်း။)

သဝဏ္ဏာဒိဝိစိတ္တံ အကပ္ပိယမဉ္စ 'သံဃဿ'တိ ဝုတ္တေပိ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတိ ဝိဟာရဿ ဒေမာတိ ဝုတ္တေ သံဃဿ ဝဋ္ဋတိ။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၅၄)။

သာရတ္ထဒီပနီဋီကာ၌ကား အကပ္ပိယညောင်စောင်းကို သံဃာအားလှူဒါန်းပါ၏ဟုဆိုကာ လှူဒါန်းသော်သာ မခံကောင်း၊ဝိဟာရဿ ဒေမ-ကျောင်းအား လှူဒါန်းပါ၏ဟုဆို၍ လှူလျှင်ကား ရွှေငွေတို့ဖြင့် ပြုလုပ်ထားသည့်ညောင်စောင်းမျိုးပင်ဖြစ်စေ ခံယူကောင်း၏ဟု မိန့်ဆို၏။

အထက်ပါ (၅၀၀၊ ၁၀၀၀)သော ညောင်စောင်းတို့ကို ခံယူပြီးလျှင် "သီတင်းကြီး အစဉ်အားဖြင့် အများသံဃာပိုင် သံဃိကသုံးဆောင်ခြင်းဖြင့် သုံးဆောင်တော်မူကြပါကုန်ဘုရား"ဟု လျှောက်ထားကာ သုံးစွဲရန် ပေးရမည်။ ပုဂ္ဂိုလ်တပါးပိုင် အဖြစ်ဖြင့်ကား မပေးရ။ ပေး၍ပိုလျှင် ကြွင်းကျန်သေးလျှင် ကြွင်းကျန်သော ညောင်စောင်းများကို သံဃိကပစ္စည်းများ သိမ်းဆည်းထားရာ ဘဏ္ဍာတိုက် စသည်တို့၌ သပိတ်-သင်္ကန်းစသည်တို့ကိုတင်၍ သိမ်းဆည်းထားရန် ခင်းထားရမည်။ ထိုသို့ခင်းထားခြင်းငှါ အပ်၏။

ကျောင်းတိုက် ဥပစာရသိမ်၏ အပြင်ဘက်၌"သံဃဿ ဒေမ-သံဃာအများအား လှူဒါန်းပါ၏"ဟုဆို၍ လှူအပ်သောညောင်စောင်.ကိုမူကား သံဃာ့ထေရ်ရဟန်း၏ နေရာအရပ်၌ ခင်းပေးထားရမည်။

သံဃာ့တေရဲရဟန်းကြီး၏နေရာ၌ ညောင်စောင်းတွေများနေသဖြင့် ညောင်စောင်း မလိုခဲ့သော် ညောင်စောင်းလိုသောရဟန်းနေရာ၌ "သံဃိကအဖြစ် သုံးဆောင်ပါ"ဟု လျှောက်ထားကာ ခင်းပေးထားရမည်။

အဖိုးများစွာ (၁၀၀) သို့မဟုတ်(၁၀၀၀) အသပြာထိုက်တန်သော ညောင်စောင်း (၁) ခုဖြင့် တန်ဖိုးနည်းသော ညောင်စောင်း (၁၀၀-၉၀) ကို လဲလှယ်ဖလှယ်၍ရလျှင် လဲလှယ်ဖလှယ်ရမည်ကောင်း၏။

သက်သက် ညောင်စောင်းနှင့် ညောင်စောင်းသာ လဲလှယ်ကောင်းသည် မဟုတ်သေး၊ ညောင်စောင်းနှင့် အရံခြံ,အရံခြံရာမြေ, ကျောင်း အဆောက်အအုံ, ကျောင်းဝိုင်းမြေ,အင်းပျဉ် ထိုင်ခုံ, ဘုံလျှိုမွေ့ရာ, ခေါင်းအုံးတို့ကိုလည်း လဲလှယ်ကောင်း၏။

အင်းပျဉ်ထိုင်ခုံ, ဘုံလျှိုမွေ့ရာ ခေါင်းအုံးတို့နှင့်လည်း ညောင်စောင်း,အရံ, အရံမြေ, ကျောင်း ကျောင်းဝိုင်းမြေ စသည်တို့ကိုလည်း ညောင်စောင်း၌ပြဆိုခဲ့ပြီးသော နည်းအတိုင်းပင် လဲလှယ်ကောင်း၏။

ညောင်စောင်း- အင်းပျဉ် စသည်တို့၌ ရဟန်းတို့အား မအပ်သော အကပ္ပိယ ညောင်စောင်း စသည်ကို ကား မသုံးဆောင်ကောင်း၊ အပ်သော ညောင်စောင်း စသည်ကို သံဃိကဖြစ်၍ သံဃိကသုံးဆောင်ခြင်းဖြင့် သုံးဆောင်ရမည်။

အကပ္ပိယ- မအပ်သောညောင်စောင်း စသည်ကိုလည်းကောင်း၊ ကပ္ပိယ- အပ်သော်သည်း တန်ဖိုးများသော ညောင်စောင်းစသည်ကိုလည်းကောင်း၊ အပ်သောညောင်စောင်း၊ အဖိုးနည်းသော ညောင်စောင်း စသည်တို့နှင့် လဲလှယ်ဖလှယ်၍ သံဃာအများ သုံးဆောင်ကောင်း၏။

ဂရုဘဏ်မထိုက်သော ဘုံလျှို,ဖုံ,ခေါင်းအုံးမည်သည်မရှိ။ အားလုံးဂရုဘဏ်ထိုက်သည်ချည်းဖြစ်သည်။ ဤသို့ဂရုဘဏ် သံဃိကပစ္စည်းများနှင့် ဂရုဘဏ်ပုဂ္ဂလိကပစ္စည်းများကို သံဃာအား အကျိုးကျေးဇူးများမည်ဆိုလျှင် လဲလှယ်ဖလှယ်ကောင်းသည်ဟု မှတ်ပါလေ။

သံဃိကဖြစ်သည့် ဂရုဘဏ်ပစ္စည်းတို့ကို ပုဂ္ဂိုလ်တဦးတယောက်အား အပိုင်မပေးကောင်း၊ ပေးသော်လည်း ပုဂ္ဂလိကပစ္စည်းမဖြစ်၊ သံဃိကသာ။ လဲလှယ်လျှင်ကား လဲလိုက်သောသံဃိကပစ္စည်းသည် ပုဂ္ဂလိကတဦးတည်းပိုင် ပုဂ္ဂလိကဖြစ်၏။

အိုး၊ အိုးစရည်း၊ ဖျဉ်းအိုးများ

ၡင်းအိုးတို့သည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အယုတ်ဆုံးအားဖြင့် ရေတလက်ဖက် တလက်ဆွမ်းမျှဝင်လျှင်ပင် ဂရုဘဏ်ပစ္စည်း ဖြစ်ကုန်၏။

(ကြေး-သံတို့ဖြင့် ပြုလုပ်အပ်သော အိုး-အိုးစရည်း-ဖျဉ်းအိုးများကို ဆိုလိုသည်။ မြေအိုး-စဉ့်အိုး မဟုတ်သေး။)

သံခွက်-ကြေးခွက်- သံအိုး-ကြေးအိုး- သံအင်တုံ - ကြေးအင်တုံ တို့ကား သံ-ကြေးနီ-ကြေးပုပ်-ကြေးဖြူ တို့တွင် တခုခုဖြင့်ပြုလုပ်၍ သီဟိုဠ်ကျွန်း၌ အသုံးပြုအပ်သော တပါဒ၊ မဂဓ (၅)ကွမ်းစားမျှသာ ဆံ့သော အိုးများကား ဂရုဘဏ်မထိုက်။ ထိုထက် အလွန်ဆံ့၍ ကြီးသောအိုးများသာ ဂရုဘဏ်ထိုက်သည်။

မှတ်ချက်–(၁) သံကို ကာဠလောဟ-ဟု ခေါ်သည်။ (ကြေးမည်း)

(၂) ကြေးနီကို တမ္ဗလောဟ-ဟု ခေါ်သည်။

(၃) ခဲပုပ်နှင့် ကြေးနီစပ်ထားသော ကြေးပုပ်ကို ဝဋ္ဋလောဟ-ဟု ခေါ်သည်။ (ကြေးခပ်ပြာ)

(၄) ခဲဖြူ(ဘင်)နှင့် ကြေးနီစပ်ထားသော ကြေးဖြူကို ကံသလောဟ ဟု ခေါ်သည်။

ဤပြဆိုအပ်ခဲ့ပြီးသည်တို့ကား ပါဠိတော်၌ တိုက်ရိုက်လာသော ကြေး-သံ-အိုးတို့တည်း။

ပါဠိတော်၌ တိုက်ရိုက်မလာသော ဂရုဘဏ်ပစ္စည်းများ

ပါဠိတော်၌ မလာကုန်သော–

၁။ ဘိင်္ဂါရ –ကရား၊

၂။ ပဋိဂ္ဂဟ –ပြတ္တိ၊ ထွေးခံ၊

၃။ ဥဠုင်္ကာ –မှုတ်၊

၄။ ဒဗ္ဗိ –ယောက်မ၊

၅။ ကဌုစ္ဆု –ဟင်းခပ်ယောက်ချို၊

၆။ ပါတိ –ရေခွက်၊

၇။ တဋ္ဋက –ခွက်ကြီး၊

၈။ သရက –ခွက်ငယ်၊

၉။ သမုဂ္ဂ –ပုံး, သေတ္တာ (တံတင်း)၊

၁၀။ အင်္ဂါရကပလ္လ–မီးအိုးကင်း (မီးမယ်ဖျူး)၊

၁၁။ ဓူမကဋစ္ဆု–မီးမွှေးယောက်မ–

အစရှိသော ကြေး,သံ အသုံးအဆောင် ပစ္စည်းတို့သည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အားလုံး သံဃိကဖြစ်က ဂရုဘဏ်ပစ္စည်းတို့သာတည်း။ ပုဂ္ဂလိကပိုင်ဖြစ်လျှင်ကား ဂရုဘဏ်ပစ္စည်း မဟုတ်ဟုမှတ်ပါ။ သံသပိတ်, သံခွက်, ကြေးနီခွက်တို့ကား ပုဂ္ဂလိကခွဲဝေ၍ ယူကောင်းသောပစ္စည်းများ ဖြစ်ကုန်၏။

ကြေးဖြူ, ကြေးပုပ်တို့ဖြင့် ပြုလုပ်ထားသော ခွက်အထူးကိုမူ သံဃိကအနေဖြင့်သော်လည်းကောင်း၊ လူတို့၏ ပစ္စည်းအနေဖြင့် သော်လည်းကောင်း သုံးစွဲကောင်း၏။ ကိုယ်ပိုင်ပုဂ္ဂလိကပစ္စည်း အနေဖြင့်ကား မသုံးဆောင်ကောင်း။

ထိုစကားမှန်၏။ "ကြေးဖြူခွက်စသည်ကို သံဃာအားလှူသော်လည်း သွားလေရာ ယူဆောင်၍ သုံးစွဲခြင်းငှါမအပ်၊ သံဃာကမခိုင်းပဲ လူတို့ ဆောင်ယူလာပြီးလျှင် တစုံတခုထည့်၍ ကပ်လျှင် သုံးဆောင်ကောင်း၏"ဟု မဟာပစ္စရိတ်အဋ္ဌကထာ၌မိန့်ဆို၏။ အထက်ပါခွက်အထူးကို ချန်ထား၍ ကျန်သော အပ်သော သံဘဏ္ဍာ တို့၌လည်း–

မျက်စဉ်းကျည်၊

မျက်စဉ်းတံ၊

နဖာကလော်၊

အပ်, ကညစ်၊

ခေါးငယ်, သပိတ်ထွင်း စူးငယ်၊

သံကောက်, သော့၊

တောင်ဝှေး, စူးကြီး၊

နှာနှပ်တံ, ခရင်း,

သံတူ, သံချေး, သံချောင်း, သံတွေခဲ, သံဝိုင်းပြား–

ထိုမှတပါး အခြားသောပစ္စည်းဝတ္ထု မပြုလုပ်ရသေးသော, သံဘဏ္ဍာ ပြုလုပ်၍ မပြီးသေးသော သံဘဏ္ဍာဟူသမျှကိုမူ သံဃိကဖြစ်သော်လည်း ဝေဖန်၍ ယူကောင်း၏။ ပုဂ္ဂိုလ်တပါးတည်းပိုင် ပုဂ္ဂလိက ဝေဖန်၍ ယူနိုင်၏။ ဂရုဘဏ် အဝေဘာဂိယပစ္စည်း မဟုတ်။

အခိုးတံ၊ ရင်း၊ ဆီမီးတိုင်၊ ဆီမီးခွက်၊ ဆီမီးဆွဲ (လက်ဆွဲမီးအိမ်)၊ မိန်းမရုပ် ယောကျ်ားရုပ်၊ တိရစ္ဆာန်ရုပ် အမျိုးမျိုး၊ ထိုမှတပါး အခြားသော အရုပ် အမျိုးမျိုးတို့သည် လည်းကောင်း၊ အယုတ်ဆုံးအားဖြင့် သံတံတင်းကို အစပြု၍ အလုံးစုံသော သံဘဏ္ဍာ အမျိုးမျိုးတို့သည် ဂရုဘဏ်တို့သာတည်း။

မိန်းမရုပ် ယောကျ်ားရုပ်တို့ကို တံခါးရွက် စသည်တို့၌ တပ်ဆင်၍ ထားအပ်ကုန်၏။ အခြားသောအရုပ်တို့ကိုမူ နံရံ အမိုးတံခါးရွက် စသော သင့်တော်သော နေရာတို့၌ တပ်ဆင်၍ ထားအပ်ကုန်၏။

ငင်း သံဂရုဘဏ် ပစ္စည်းအမျိုးမျိုးကို မိမိအား သံဃာထံမှ ဝေဖန်၍ ရသော်လည်း၊ မိမိကိုယ်ပိုင်ပစ္စည်း အနေဖြင့်သွားလေရာအရပ်သို့ ယူဆောင်၍ သွားကာ ပုဂ္ဂလိကအဖြစ်ဖြင့် မသုံးဆောင်ကောင်း။ သံဃိကအနေဖြင့်သာ သုံးဆောင် ကောင်း၏။

လူတို့၏ပိုင်ဆိုင်သော ဥစ္စာဖြစ်ခဲ့လျှင်လည်း သုံးဆောင်ကောင်း၏။ သလွဲ၊ ခဲဘဏ္ဍာအမျိုးမျိုးတို့၌လည်း သံဘဏ္ဍာ၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာ မှတ်ပါလေ။

ကျောက်ဖြူဖြင့် ပြုလုပ်အပ်သော ရေခွက်၊ သောက်ရေခွက်ငယ် စသည်တို့ကား ဂရုဘဏ်ပစ္စည်းမျိုးသာတည်း။

သီဟိုဠ်ဘုပါဒ, မဂဓေါးကွမ်းစားထက် အလွန်ဆုံသော ကြာသွတ်အိုး၊ ဆီကျည်တောက်တို့ကား ဂရုဘဏ် ပစ္စည်းမျိုးတည်း။

ရွှေခွက်၊ ငွေခွက်၊ မိုးကြိုးခွက်၊ ဖလ်ခွက်တို့ကို လူတို့၏ ဥစ္စာဖြစ်သော်လည်း ရဟန်းများ မသုံးစွဲကောင်းကုန်။ သံဃာအများပိုင် သံဃိက၊ ပုဂ္ဂလ်တပါးပိုင် ပုဂ္ဂလိက ရွှေခွက်၊ ငွေခွက်စသည် ဖြစ်မူကား ဆိုဖွယ်မရှိ သာ၍ပင်မအပ်ကုန်၊ မသုံးစွဲကောင်းကုန်။ (မကိုင်တွယ်ကောင်းသော အရာဖြစ်၍) ရဟန်းတော်များ ကိုင်တွယ်ကောင်း မကိုင်တွယ်ကောင်း အားလုံးသော အသုံးအဆောင် ပစ္စည်း အမျိုးမျိုးတို့ကို ကျောင်းသုံးအနေဖြင့် လှူဒါန်းထားလျှင်ကား အပ်ကုန်၏။

ပဲခွပ်စသည်တို့၌ ဒန်ပူဖြတ်ခြင်း ကြံခွံခွာခြင်းစသော ကိစ္စကိုချန်ထား၍ အခြားကြီးမားသော အလုပ်ကိစ္စတို့၌ သုံးစွဲခြင်းငှာ မတတ်ကောင်းသော ပဲခွပ်စသည်ကို ပုဂ္ဂလိက ဝေဖန်၍ ယူကောင်း၏။ (အလုပ်ကြီးလုပ်မဖြစ်၊ ကြံခွံခွာမှု, ဒန်ပူဖြတ်မှုသာသုံးရသည်။)

ထို့ထက်ကြီးမားသော ပုံစံအမျိုးမျိုးသော ပဲခွပ်စသည်တို့သည်ကား ဂရုဘဏ် ပစ္စည်းတို့သာတည်း။ ပုဆိန်၌ကား အောက်ထစ်ဆုံး ဆေးဆရာတို့၏ သွေးကြောဖောက်ကြောင်းဖြစ်သည့် သေးငယ်သော ပုဆိန်ကလေးသည်ပင် ဂရုဘဏ်ပစ္စည်းတည်း။

**ဓားမကြီး၌ကား—**ဓားမကြီးအဆုံးအဖြတ်ကို ပုဆိန်အဆုံးအဖြတ်အတိုင်းပင် မှတ်ယူရမည်။

(ထူးခြားချက်)လက်နက်အနေဖြင့် ပြုလုပ်ထားသောဓားမကြီးမျိုးကိုမူကား သုံးစွဲဖို့ကို မဆိုထားနှင့် လက်ဖြင့်ကိုင်ရုံပင် မကိုင်တွယ်ကောင်း။

**ပေါက်တူးပေါက်ပြား—** အယုတ်ဆုံး လက်လေးသစ်လောက်မျှသာရှိသော ပေါက်တူးပေါက်ပြားသည်ပင် ဂရုဘဏ်ပစ္စည်းဟု မှတ်ပါလေ။

ဆောက်အမျိုးမျိုး—အရိုးတပ်ထားအပ်သော ဆောက်ပြား၊ ဆောက်ခုံး၊ အကောက်၊ အဖြောင့်၊ အယုတ်ဆုံးတံမြက်စည်းရိုးထွင်းသည့် ဆောက်ငယ်ဖြစ်စေ ဂရုဘဏ်ပစ္စည်းတည်း။

အရိုးမပါသော တံမြက်စည်းရိုးထွင်း ဆောက်မျိုး၊ အိတ်ထဲသို့ထည့်ကာ သွားရာအရပ်သို့ ဆောင်ယူ၍ သွားကောင်းသော အရိုးမပါ အသွားသက်သက်သာဖြစ်သောဆောက်ငယ်တို့ကား ဂရုဘာဏ်မျိုးမဟုတ်၊ ဝေဖန်၍ ယူကောင်း၏။

စူးအမျိုးမျိုးကို— ဆောက်အမျိုးအစား၌ ထည့်သွင်း ရေတွက်အပ်၏။ (ပူးအဆုံးအဖြတ်သည် ဆောက်အဆုံးအဖြတ်အတိုင်းဟု မှတ်ပါလေ။)

အကြင်လူတို့သည် ကျောင်း၌ ပဲခွပ်စသည်တို့ကို ပေးလှူ၍ ထားကြကုန်၏။ ထိုလူတို့သည် အိမ်ကို မီးလောင်သဖြင့်သော်လည်းကောင်း၊ ဒမြ သူခိုးတို့ ခိုးယူ လုယက်ကုန်သဖြင့်လည်းကောင်း "အရှင်ဘုရားတို့ တပည့်တော်တို့အား ပဲခွပ်စသော အဆောက်အဦ အသုံးအဆောင် ကိရိယာတို့ကို ပေးပါကုန်ဘုရား၊ နောင်အခါ အစားပြန်ဝယ်ပေးပါကုန်အံ့"ဟု လျှောက်ထားတောင်းယူကုန်ငြားအံ့၊ ပေးရမည်၊ ဆောင်ယူလျှင် မယူရဟု မတားမြစ်ရ။ အကယ်၍ အစားပြန်၍ ဝယ်မပေးသော်လည်း မတောင်းရ။

ပန်းပဲသမား၊ ပန်းတဉ်းသမား၊ ပန်းပွတ်သမား၊ ကျူထရံသည်၊ ရွှံတွင်းသမား၊ သပိတ်ဖာသမား စသည်တို့၏ ပေခုံ၊ တူ၊ ညှပ်၊ ချိန်ခွင် စသော အလုံးစုံသော ကြေးသံဖြင့် ပြုလုပ်အပ်သော အသုံးအဆောင် အဆောက်အဦတို့ကို သံဃာအား ပေးလှူပြီးရာ အခါမှစ၍ ဂရုဘာဏ်ပစ္စည်းတို့တည်း။ သလွဲဖြတ်သမား၊ ရွှေပန်းထိမ်သည်၊ သားရေနယ်သမားတို့၏ အသုံးအဆောင် အဆောက်အဦတို့၌လည်း အထက်ပါနည်းအတိုင်း သံဃာအား လှူပြီးက ဂရုဘာဏ်ပစ္စည်းတို့သာတည်း။

(ထူးခြားချက်မှာ) သလွဲဖြတ်သမားတို့၏ အသုံးအဆောင်ပစ္စည်းမျိုးတို့တွင် သလွဲဖြတ်သော ဓားငယ်သည်လည်းကောင်း၊ ရွှေပန်းထိမ်သမားတို့၏ အသုံးအဆောင်ပစ္စည်းတို့တွင် ရွှေဖြတ်သည့် ဓားငယ်သည်လည်းကောင်း၊ သားရေနယ်သမားတို့၏ အသုံးအဆောင် ပစ္စည်းမျိုးတို့တွင် အပြေအပြစ် ပြုအပ်ပြီးသော သားရေကို ဖြတ်သည့်ဓားငယ်သည်လည်းကောင်း၊ ဤဓားငယ် (၃) မျိုးတို့ကား ဝေဖန်ကောင်းသောင်းသော ဘဏ္ဍာတို့တည်း။

ဆတ္တာသည်၊ အပ်ချုပ်သမား တို့၏ အသုံးအဆောင် ပစ္စည်းမျိုးတို့တွင် ကတ်ကြေးကြီး၊ ညှပ်ကြီး၊ သင်ဓုန်းဓားကြီး တို့မှတပါး အခြားပစ္စည်းဘဏ္ဍာမျိုးတို့သည်ကား ဝေဖန်ကောင်းသော ဘဏ္ဍာတို့သာတည်း။ ကတ်ကြေးကြီး၊ ညှပ်ကြီး၊ သင်ဓုန်းဓားကြီးတို့ကား ဂရုဘာဏ် ပစ္စည်းမျိုးတည်း။

**နွယ်အမျိုးမျိုး**—နွယ်အစရှိသည်တို့တွင် ကြိမ်နွယ်အစရှိသော နွယ်အားလုံးသည် လက်ရှုံးထက်ဝက်(အရှည် ၈ထွာ၊ လေးသစ်)မျှ ပမာဏရှိသော နွယ်သည် သံဃာအား လှူအပ်လျှင် ဂရုဘဏ်ပစ္စည်းသာတည်း။

သို့မဟုတ် သံဃိကမြေ-ယာ-ခြံတို့၌ ပေါက်ရောက်သော သံဃာက စောင့်ရှောက် ထိန်းသိမ်း၍ထားသော အထက်ပါ တထွာ- လေးသစ် ပမာဏ အရှည်ရှိသော နွယ်သည်ပင် ဂရုဘဏ်ပစ္စည်းမျိုးတည်း။

ထိုဂရုဘဏ်ဖြစ်သော သံဃိကနွယ်ကို သံဃာတော်တို့၏ အမှုကိစ္စ၊ စေတီတော်၏ အမှုကိစ္စတို့ကိုသုံးစွဲပြီး၍ ပိုလျှံကာ ကျန်ရှိနေသေးလျှင်မူကား ပုဂ္ဂလိက အမှုကိစ္စ၌ ယူ၍ သုံးစွဲကောင်း၏။ သံဃိကဖြစ်သော်လည်း သံဃာက စောင့်ရှောက်ထိန်းသိမ်း၍ မထားအပ်သော နွယ်တို့သည်ကား ဂရုဘဏ် မဟုတ်။

**ကြိုးအမျိုးမျိုး**=ချည်ကြိုး၊ သင်ပေါင်းလျှော်ကြိုး၊ အုန်းဆံကြိုး၊ သားရေလွန်ကြိုးတို့သည်လည်းကောင်း၊ ကြိုးမကျစ်ရသေး လွန်းရုံမျှသာ လွန်း၍ထားအပ်သော ကြိုးလွန်းတို့သည်လည်းကောင်း ဂရုဘဏ်ပစ္စည်းများတည်း။

လျှော်၊ အုန်းဆံ-တို့ဖြင့် ကျစ်၍ (လိမ်၍) ထားသော တလွန်းတင်၊ နှစ်လွန်းတင်စသော ကြိုးတို့သည် သံဃာအား ပေးလှူအပ်၍ သံဃိကပစ္စည်းဖြစ်လျှင်၊ ဂရုဘဏ်ပစ္စည်းများဟု မှတ်ပါ။

မကျစ်ပဲ မလွန်းပဲ သံဃာကိုပေးလှူအပ်သောချည်မျှင်၊ သင်ပန်းလျှော်၊ အုန်းဆံမျှင်တို့သည်ကား ဝေဖန်ကောင်း၏။ ဂရုဘဏ် မဟုတ်။

ဒါယကာ ဒါယိကာမတို့သည် ကြိုး-လွန်အစရှိသည်တို့ကို ကျောင်း၌ သံဃိက လှူဒါန်း၍ ထားကုန်၏။ ထိုသူတို့ လှူဒါန်းထားသည့် ကြိုးလွန် စသည်တို့ကို သူတို့၏ ပြုဖွယ်ကိစ္စ တစုံတခုရှိ၍ သုံးစွဲရန်လာရောက်၍ လျှောက်ထားကာ ယူခဲ့သည်ရှိသော် မတားမြစ်ရ၊ သုံးစွဲခွင့် ပေးရမည်။

**ဝါးအမျိုးမျိုး**–သံဃာအား ပေးလှူ ထားအပ်သည်ဖြစ်စေ- သို့မဟုတ် သံဃိကမြေ၌ ပေါက်ရောက်သည် ဖြစ်စေ၊ သံဃာက စောင့်ရှောက် ထိန်းသိမ်းထားအပ်သော အယုတ်ဆုံးအလျား (အရှည်) လက်ရှစ်သစ်၊လုံးပတ်-ကညစ်ရိုးပမာဏရှိသော ဝါးအမျိုးမျိုးသည် ဂရုဘဏ်ပစ္စည်းများတည်း။

ထို ဂရုဘဏ် သံဃိက ဝါးများကို သံဃာ၏ ပြုဖွယ်ကိစ္စ၊ သံဃိက သုံးစရာ၊ စေတီတော်၏ ပြုဖွယ်ကိစ္စ၊ စေတီတော်အတွက် သုံးစရာများကို သုံးစွဲပြီး၍ အကယ်၍ ပိုလျှံနေသေးလျှင်ကား ပုဂ္ဂလိက ကိစ္စများ၌လည်း သုံးစွဲကောင်း၏။

တပါဒ ငါးကွမ်းစားမျှသာ ဆိုသော ဝါးဆိုကျည်တောက်၊ တောင်ဝှေး၊ ဖိနပ် ဆွဲချိတ်စရာ လှင်ကန်၊ ထီးရိုး၊ ထီးခရိုင်၊ ထီးယက်၊ ဝါးခြမ်းစိပ် စသည်တို့ သည်ကား ဤ ဝါးဘဏ္ဍာမျိုး၌ ဝေဖန်အပ်သော ဘဏ္ဍာမျိုး တို့တည်း။ (ပုဂ္ဂလိကပိုင် ဝေဖန်၍ ယူကောင်းသည် ဟူလို။)

အိမ်ကို မီးလောင်ခံရသဖြင့် ဒုက္ခရောက်ကုန်သော လူတို့သည် သံဃိကဝါး တို့ကို သုံးစွဲရန် ယူ၍သွားကြကုန်သော်၊ မယူရဟု မတားမြစ်အပ်ကုန်။

သံဃာက ထိန်းသိမ်း စောင့်ရှောက်၍ထားသော သံဃိကဝါးများကို မိမိတို့ ကိုယ်ပိုင် သုံးစွဲရန် ယူခဲ့ပါမူ၊ နောက်အခါ၌ ထို မိမိယူ၍သုံးသည့်ဝါးနှင့် တန်းတူ အညီအမျှဖြစ်စေ၊ ပို၍ဖြစ်စေ၊ ဝါးအစားပေးရမည်။( နည်း၍ကား မပေးရ)။

သို့မဟုတ် ထို မိမိယူ၍ သုံးသည့် ဝါးနှင့် တန်ဖိုးအားဖြင့် အညီအမျှဖြစ်စေ၊ ပို၍ဖြစ်စေ၊ ထိုက်တန်သော ဝါးအစား အခြား အုတ်-ကျောက်-အင်္ဂတေ-နွယ်-သစ်သား စသော ပစ္စည်းများကို အစားပေးရမည်။ (၎င်းအစားပေးမှုကို ဖာတိကမ္မ-ဟု ခေါ်သည်။) အယုတ်ဆုံးအားဖြင့် ထို မိမိယူ၍ သုံးစွဲသောဝါးနှင့် တန်ကြေး ညီမျှသော နွယ်ကိုပင်လျှင် အစားပေးရမည်။

မှတ်ချက်။ ။သံဃိက-ဂရုဘဏ်-သစ်ဝါး-အုတ်-ကျောက်-အင်္ဂတေ-ပန်းကန် ခွက်ယောက် စသော ပစ္စည်းတို့ကို ၎င်းပစ္စည်းတို့နှင့် တန်ဖိုး အညီအမျှဖြစ်စေ၊ ပို၍ဖြစ်စေ ပေး၍ အခြား ပစ္စည်းများနှင့် လဲလှယ်၍ ယူကောင်းသည်။

ကပ္ပိယကာရက-ဂေါပက-စသော ပုဂ္ဂိုလ်များကို လွှဲအပ်ထားသည်ဖြစ်မူ၊ ၎င်းကပ္ပိယကာရက - ဂေါပက- စသော သူများက သင့်သော တန်ဖိုးဖြင့် ရောင်း၍ပင်ဖြစ်စေ၊ အခြား သင့်တော်၍ လိုအပ်သော ပစ္စည်းများကို ဖန်တီး နိုင်သည်။

ဤသို့ အစားပေးမှု ( ဖာတိကမ္မ ) မပြုလုပ်မူ၍ ယူ၍ သုံးစွဲလျှင်ကား ထိုကျောင်း၌သာ သုံးစွဲအပ်၏။

(သံဃိကဝါးကို အစားပေးမှု မပြုပဲ ယူ၍ သင်္ကန်းတန်းဝါးစသည် လုပ်ကာ သုံးစွဲခဲ့မူ၊ ထို သံဃိကကျောင်း၌သာလျှင် သုံးစွဲရမည်။) အခြား ကျောင်းသို့ ပြောင်းရွှေ့သွားသောအခါ ၎င်းသံဃိကကျောင်း၌ပင် ထားခဲ့ရမည်။ယူမသွားရ။ သတိမေ့၍ ယူသွားခဲ့မိလျှင် ပြန်ပို့ရမည်။ ပြန်မပို့လျှင် ၎င်းဝါးကို ရောက်ရာ ကျောင်း၌ပင် သံဃိကအနေဖြင့်သာ သုံးစွဲရန် သံဃိကကျောင်း၌ ထားရမည်။ (ပုဂ္ဂလိကကျောင်း၌ ထား၍ ကိုယ်ပိုင် မသုံးရ)

မြက်–ဟူသည်။ ။ဖြူဆံမြက် - ပြိတ်မြက် တို့ကို ချန်ထား၍ ကြွင်းသော အမှတ်မရှိ တစုံတခုသော အမိုး မိုးစရာ သက်ကယ်မြက် အမျိုးမျိုးတည်း။

သက်ကယ်မြက် မရှိသော အရပ်ဟို၌ ထန်းရွက်၊ အင်ဖက် စသော သစ်ရွက်တို့ကို အမိုးအကာ ပြုလုပ်ကြကုန်၏။ ထို့ကြောင့် အမိုးအကာ ပြုလုပ်ရာ သစ်ရွက်တို့ကိုလည်း မြက်၌ ထည့်သွင်းရေတွက်အပ်၏။

ထိုသို့ သစ်ရွက်ကိုလည်း မြက်၌ ထည့်သွင်းရေတွက်အပ်သောကြောင့် လက်တဆုပ်စာမျှရှိသော ဖြူဆံမြက်စသော မြက်အမျိုးမျိုးသည်လည်းကောင်း၊ ကန့်လက်မျှသာဖြစ်သော ထန်းရွက် စသော သစ်ရွက်လည်းကောင်း သံဃာ အား ပေးလှူအပ်၍ သံဃိကဖြစ်ခဲ့သော် ဂရုဘဏ်သာတည်း။

ထို့မှတပါး သံဃိကကျောင်းဝိုင်းအတွင်း၌ ပေါက်ရောက်သော မြက်သစ်ရွက်များ၊ ကျောင်းတိုက်၏ အပြင်ဘက် သံဃာပိုင်မြက်ခင်း၊ ခြံ၊ အရံ၊ မြေတို့၌ ပေါက်ရောက်သော မြက်သစ်ရွက်သည် သံဃာက ထိန်းသိမ်းစောင့်ရှောက် ထားသည့် မြက်သစ်ရွက်ဖြစ်ခဲ့သော် ဂရုဘဏ်ပစ္စည်းတို့သာ ဖြစ်ကုန်၏။

ထိုသံဃိကဂရုဘဏ်ဖြစ်သော မြက်သစ်ရွက်တို့ကို သံဃာ၏ အမှုကိစ္စ၊ စေတီ၏ အမှုကိစ္စတို့၌ သုံးစွဲ၍ ပိုလျှံ၍ ကျန်နေခဲ့သော် ပုဂ္ဂလိကကိစ္စတို့၌ ယူ၍ သုံးစွဲခြင်းငှာ အပ်၏။

အိမ်ကို မိုးလောင်ခံရသော ဒါယကာ ဒါယိကာမတို့သည် သံဃိက ဂရုဘဏ် မြက် သစ်ရွက်များကို သုံးစွဲရန် လာရောက်တောင်းခဲ့သော် မယူရဟု ဟောအပ်ရ။ အရည် လက်(၈)သစ်မျှ မဖောက်ရှိသော ပာမရေးရသေးသော ပေရွက်သည် ဂရုဘဏ်ပစ္စည်းမျိုးပင်တည်း။

**မြေညက်အမျိုးမျိုး**

၁။ ပကတိအဆင်း မဆိုးအပ်သော ရိုးရိုးမြေညက်၊

၂။ အဆင်းငါးမျိုးတို့တွင် တမျိုးမျိုး ဆိုးအပ်သော မြေညက်၊

၃။ အင်္ဂတေမြေညက်၊

၄။ ပွတ်ညက်၊

၅။ ကညင်စေး၊

၆။ သစ်စေး–

စသည်တို့တွင် အမှတ်မရှိ တစုံတခုသော မြေညက် စသောဝတ္ထုတို့ကို ရှားပါးသော အရပ်ဒေသသို့ ဆောင်ယူကာ သံဃာအား လှူဒါန်းအပ်သော်လည်းကောင်း၊ သံဃိကမြေ၌ဖြစ်သော မြေညက် စသည်လည်းကောင်း သံဃိကရက္ခိတဂေါပိတဖြစ်လျှင် ထန်းသီးမှည့်အလုံးလောက် ပမာဏရှိသော မြေညက် စသည်ပင်လျှင် ဂရုဘဏ်ပစ္စည်းမျိုးဖြစ်၏။

ထန်းသီးလုံးလောက်ရှိသော မြေဖြူ, မြေနီ, မြေဝါ·တို့သည် ဂရုဘဏ်ထိုက်၍ ထိုမြေညက် ဂရုဘဏ်ပစ္စည်းကိုလည်း သံဃကိစ္စ၊ စေတီကိစ္စတို့၌ သုံးစွဲ၍ ပိုလျှံနေလျှင် ပုဂ္ဂလိကကိစ္စတို့၌ ယူ၍ သုံးစွဲကောင်း၏။

၁။ ရှိန်းခို ၂။ ဟင်္သပြဒါး ၃။ ဆေးဒန်း ၄။ မြင်းသီလာ ၅။ မျက်စဉ်းကျောက်သို·တို့သည်ကား ဝေဖန်ကောင်းသော ဘဏ္ဍာတို့တည်း။

**သစ်သားဘဏ္ဍာအမျိုးမျိုး၊**

သစ်သားရှားပါးရာအရပ်၌ သံဃာအား လှူအပ်သော အလျား လက်ရှစ်သစ် လုံးပတ်ကညစ်မျှလောက်ရှိသော သစ်သားဘဏ္ဍာသည်လည်းကောင်း၊ သံဃိကမြေပေါ်၌ ပေါက်ရောက်သော ရက္ခိတဂေါပိတဖြစ်သော သစ်မျိုးစုံသည်လည်းကောင်း ဂရုဘဏ္ဍာတို့တည်းဟု ကုရုန္ဒီအဋ္ဌကထာ၌မိန့်ဆိုအပ်၏။

မဟာအဋ္ဌကထာ၌ကား အလုံးစုံသော သစ်, ဝါး, သားရေ, ကျောက် အစရှိသောအထူးကို သစ်ဘဏ္ဍာဖြင့် သိမ်းကြုံးပေါင်းယူ၍ "တေန ခေါ ပန သမယေန သံဃဿ အာသန္ဒိကော ဥပ္ပန္နော ဟောတိ" ဟူသော ဤပါဠိတော်မှစ၍ သစ်ဘဏ္ဍာအဆုံးအဖြတ်ကို မိန့်ဆိုတော်မူ၏။

ထို တေန ခေါ ပန သမယေန စသော ပါဠိတော်၌ ဤဆိုလတ္တံ့သည်တို့က·း အနက်ကို ယုတ်ဆောင်ခြင်း အတ္ထုဒ္ဓါရတည်း။

၁။ အာသန္ဒိက–အခြေရှည်သော အင်းပျဉ်ညောင်စောင်း၊

၂။ သတ္တင်္ဂ–အင်္ဂါ (၇)ပါးရှိသော အင်းပျဉ်၊

၃။ ဘဒ္ဒပီဌ–ကြိမ်ဖြင့်ပြုအပ်သော အင်းပျဉ်၊

၄။ ပီဋိက–အဝတ်ဖြင့်ပြုအပ်သော အင်းပျဉ်၊

၅။ ဧဠကပါဒကပီဌ–ဆိတ်ခြေကဲ့သို့ အခြေရှိသော အင်းပျဉ်၊

၆။ အာမလကဝဋ္ဋကပီဌ–သျှိသျှားသီးကဲ့သို့ လုံးသော အခြေအများ တပ်သောအင်းပျဉ်၊

၇။ ဖလက–အခြေမတပ်သော အင်းပျဉ်၊

၈။ ကောစ္ဆ–ခတ်အခင်း (ခါးသေး ဝကျယ် ဝါးထိုင်ခုံ)၊

၉။ ပလာလပီဌက–ကောက်ရိုးအင်းပျဉ်–

ဤ ဆိုအပ်ခဲ့ပြီးသော ငယ်ငယ်ကြီးကြီးဖြစ်သော အလုံးစုံသော သံဃာအား လှူဒါန်းအပ်သော သံဃိကအင်းပျဉ်တို့သည် ဂရုဘဏ်ပစ္စည်းတို့သာတည်း။

သတ္တင်္ဂအင်းပျဉ်၌ သတ္တင်္ဂ သရုပ်ကား–

အခြေ (၄)ချောင်း၊

အုံးတား၊

လက်တင် (၂)ဘက်၊ ပေါင်း (၇)ပါးတည်း။

ဤ ဝိနည်းပါဠိတော်၌ ပလာလပီဌ-ခေါ် ကောက်ရိုး အင်းပျဉ်ဖြင့် ငှက်ပျောရွက် စသည်တို့ဖြင့် ပြုအပ်သော အင်းပျဉ်တို့ကိုလည်း ပေါင်းယူအပ်ကုန်၏။

ကျားရေဖြင့် မွေးယှက်အပ်သော–

သားရေရုပ်တို့ဖြင့် ခြံရံအပ်သော–

ရွှေချည်တို့ဖြင့် ချုပ်စပ်အပ်သော–

ကောစ္ဆခေါ် ခတ်အခင်းမျိုးသည်လည်း ဂရုဘဏ်တည်း။

ပျဉ်ကောင်း၊ ပျဉ်ရှည်၊ သက်န်းဖွပ်ပျဉ်၊ ဆိုးပြီးသောသင်္ကန်းကို ခတ်သောနယ်ပျဉ်၊ သင်္ကန်းကိုထုစရာ အဝတ်ဖွပ် လက်ရိုက်တုတ်၊ ဒန်ပူဖြတ်သောအခါ ထုစရာလက်ရိုက်၊ ကျောက်စည်ထိုးစရာ ဆောက်ပုတ်၊ လက်ခတ်၊ သောက်ရေ လောင်းစရာပြုသော သင်္ကန်း (အဝတ်ရေကန်)ဆိုးရည်ထည့်စရာ ဆိုးရည်ကျင်း၊ ညှစ်ရည်ခံခွက်၊ သစ်သား, ဆင်စွယ်, ဝါးတို့တွင် တခုခုဖြင့် ပြုအပ်သော အခြေပါ-မပါသော ကွမ်းအစ်–ပန်းတောင်းပခြုပ် ဖာ သေတ္တာ၊ ငါးကွမ်းစားထက် အလွန်ဆံ့သောကြုတ်–ဖာ၊ ရေလှောင်စကျင်း၊ ဇလား၊ ရေထည့်ဖျဉ်း၊ ရေမှုတ်၊ ယောက်ချို၊ ရေသောက်ခွက်၊ ရေသောက်ခရုသင်း–ဤသို့စသော အသုံးအဆောင် ပစ္စည်းဝတ္ထုတို့သည်လည်း သံဃာအား လှူဒါန်းအပ်သည် ရှိသော် သံဃိကဖြစ်၍ ဂရုဘာဏ်တို့သာလျှင်တည်း။

ခရုသင်းခွက်–သစ်သား သောက်ရေစကျင်း တို့သည်ကား ဘာဇနိယဝေဖန်ကောင်းသော ပစ္စည်းတို့တည်း။

ခြေသုတ်ခြေပွတ်စရာ အဝိုင်းသည်ကား သစ်သားဖြင့်ပြုအပ်သည်ဖြစ်ဖြစ်၊ အဝတ်ဖြင့်ပြုအပ်သည်ပင်ဖြစ်ဖြစ် အားလုံးသော ခြေသုတ်ခြေပွတ်အဝိုင်းသည် ဂရုဘာဏ်ပစ္စည်းသာတည်း။

သပိတ်ခြေ၊ သပိတ်ဖုံး၊ ထန်းရွက်ယပ်ဝန်း၊ လေးထောင့်ယပ်၊ ပန်းတောင်း၊ ပန်းကလပ်၊ ခြင်းတောင်း၊ အရိုးတပ်သော တံမြက်စည်း၊ လက်သုတ်တံမြက်စည်း–စသော ဤအလုံးစုံသော အသုံးအဆောင် ပစ္စည်းတို့သည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ သစ်သား, ဝါး, သားရေ စသည်တို့တွင် အမှတ်မရှိ တခုခုဖြင့် ပြုလုပ်အပ်သော်လည်း ဂရုဘာဏ်ပစ္စည်းတို့သာတည်း။

သိတိုင်၊ ထုပ်၊ စောင်းတန်း ပျဉ်–စသည်တို့သည် သစ်သားဖြင့် ပြုလုပ်ထားသည်ဖြစ်စေ၊ ကျောက်ဖြင့်ပြုလုပ်ထားသည်ဖြစ်စေ၊ အားလုံးသော အိမ်အဆောက်အအုံတို့သည် လည်းကောင်း၊ ခပ်သိမ်းသော သပေါ့ဖျာသည် လည်းကောင်း၊ ခပ်သိမ်းသော မြေအခင်းသည်လည်းကောင်း၊ ခပ်သိမ်းသော အသား မအပ်သော သတ္တဝါတို့၏ အရေသည်လည်းကောင်း၊ သံဃာအား လှူဒါန်းအပ်သည်ရှိသော် ဂရုဘာဏ်ပစ္စည်းတို့သာတည်း။ မြေအခင်းကို ပြုခြင်းငှာ တော့ အပ်၏။ သိုးအရေသည်ကား အိပ်ယာခင်းနှင့်အလားတူ၏။ ထိုသိုးရေသည်ကား ဂရုဘာဏ်ပစ္စည်းမျိုးသာ ဖြစ်၏။ အပ်သော သားရေတို့ကိုမူကား

ဝေဖန်ကောင်း၏။ ကုရုန္ဒီအဋ္ဌကထာ၌ကား ညောင်စောင်းပမာဏရှိသော အသား အပ် မအပ် သတ္တဝါအားလုံးတို့၏ သားရေသည် ဂရုဘဏ်ပစ္စည်းသာ တည်းဟူ၍ မိန့်ဆို၏။

ဆုံ၊ ကျည်ပွေ့၊ ဗန်း၊ စကော၊ ကျောက်ပျဉ်၊ ကျောက်သားကျောက်လုံး၊ ကျောက်စကျင်း၊ ကျောက်ခွက်၊ ကျောက်ဖျဉ်း၊ လိပ်တံ၊ လက်ခတ်၊ သား ရေအိတ်–စသော အလုံးစုံသော ယက်ကန်းသည် စသည်တို့၏ အသုံးအဆောင် ပစ္စည်းဘဏ္ဍာတို့သည်သည်းကောင်း၊ အလုံးစုံသော တောင်သူလယ်သမားတို့၏ အသုံးအဆောင်ဖြစ်သော တောင်သူလယ်လုပ် ကိရိယာပစ္စည်းအမျိုးမျိုးတို့သည် လည်းကောင်း၊ အားလုံးသော ဘီးတပ်ယာဉ် အမျိုးမျိုးတို့သည်လည်းကောင်း ဂရုဘဏ်ပစ္စည်းတို့သာလျှင်တည်း။ သံဃိကဖြစ်မူ မဝေဖန်ရ။ (ဘီးပျက်နေ သော သို့မဟုတ် ဘီးမပါသောယာဉ်များကား ဂရုဘဏ်မဟုတ်။)

ညောင်စောင်းခြေ၊ ညောင်စောင်းဘောင်၊ အင်းပျဉ်ခြေ၊ အင်းပျဉ်ဘောင်၊ ပဲခွပ်၊ ပုဆိန်–စသည်တို့၏အရိုး၊ ဤသစ်ဘဏ္ဍာတို့သည် ရွှေ၍ ချော၍ မပြီး သေးခဲ့လျှင်ကား ဝေဖန်ကောင်း၏။ ရွှေ၍ ချော၍ပြီးလျှင်ကား ဂရုဘဏ်တို့ သာတည်း။

ရွှေငွေဖြင့် မကွပ်သဖြင့်) ဘုရားရှင် ခွင့်ပြုတော်မူအပ်သော ပဲခွပ်၏ အရိုး၊ ယီးမိုးစရာ ထန်းရွက်၊တောင်ဝှေး၊ဖိနပ်ခြေနင်း၊ မီးပွတ်ခုံ၊ပွတ်ကျည်၊မေကာရိဏ် ရေစစ်၊ ငါးကွမ်းစားထက်အလွန် မဆံ့သော သျှိသွားသီးဗူး၊ သျှိသွားခွက်၊ သျှိသွားသီးအိုး၊ ဗူးအုံ၊ ဗူးခွက်၊သားချိဗူး၊ သားချိဆိကျည်–စသော အလုံးစုံ သော ဘဏ္ဍာမျိုးကိုတို့ကား ဝေဖန်ကောင်း၏။

ငါးကွမ်းစားထက် အလွန်ဆံ့၍ ကြီးလျှင်ကား ဂရုဘဏ်တို့တည်း။

မရွှေအပ် မချောအပ်သေးသော ပင်ကိုယ်အတိုင်းသာဖြစ်သော ဆင်စွယ် သည်လည်းကောင်း၊ သားချိအမျိုးမျိုးသည်လည်းကောင်း ဘာဇနိယ ဝေဖန် ကောင်းသော ဝတ္ထုဖြစ်၏။

ဆင်စွယ် စသည်တို့ဖြင့်ပြုအပ်သော ညောင်စောင်းခြေတို့၌ အဆုံးအဖြတ် သည်ကား ရှေးနည်းအတိုင်းသာလျှင် အချောပြုလုပ်၍မပြီးသေးလျှင် ဝေဖန် ကောင်း၏။

အချောပြုလုပ်၍ ပြီးလျှင်ကား ဂရုဘဏ် မဝေဖန်ကောင်း။ ရွှေပြီး ချောပြီး ဖြစ်သော်လည်း ရှိန်းခိုထည့်စရာကြုတ်၊ မျက်စဉ်းကြုတ်၊ နပဘ်သီး၊ ခါးပန်းသီး၊ မျက်စဉ်းကျည်တောက်၊ မျက်စဉ်းတံ၊ ရေသုတ်ရေသတ်၊ ဤအလုံးစုံသော ဘဏ္ဍာတို့သည်ကား ဘာဇနီယ—ဝေဖန်ကောင်းသော ဘဏ္ဍာတို့တည်း။

မြေဘဏ္ဍာအမျိုးမျိုး၌—

အလုံးစုံသော လူတို့၏ ထည့်၍ သုံးဆောင်စရာ, ထည့်၍ စားသောက်စရာ အိုးကြီးအိုးငယ် ခွက်ကြီးခွက်ငယ် အိုးဖုံး စလောင်းဖုံးစသော အိုးထိန်းသည်တို့သည် ပြုလုပ်အပ်သော အသုံးအဆောင်အမျိုးမျိုး၊ သပိတ်ထုတ်စရာ အိုးအုံ၊ မီးအိုးကင်း၊ အခိုးသောက်ပြွန် ဆီမီးတိုင်၊ ဆီမီးခွက်၊ အုတ်၊ အုတ်ကြွပ်၊ ထုပိကာ-စသော မြေဘဏ္ဍာတို့သည် သံဃာအား ပေးလှူအင်ပြီးရာ ကာလမှစ၍ သံဃိကဖြစ်လျှင် ဂရုဘဏ်ပစ္စည်းတို့သာတည်း။

တပါဒ ငါးကွန်းစားလောက်မျှ မဆံ့သော ကြာသွတ်အိုး၊ သပိတ်၊ ခွက်၊ သောက်ခွက်၊ ကရား-စသော အသုံးအဆောင် မြေဘဏ္ဍာတို့သည်ကား သံဃိက ဖြစ်သော်လည်း ဂရုဘဏ်မဟုတ်၊ ဝေဖန်ကောင်း၏။

မြေကရားသည် ဝေဖန်ကောင်းသော ဘဏ္ဍာဖြစ်သလို သံကြေး,ကရားသည်လည်း ဝေဖန်ကောင်းသော ဘဏ္ဍာမျိုးဖြစ်၏။

ဤပြဆိုအပ်ခဲ့ပြီးသော အဆုံးအဖြတ်စကားရပ်တို့သည်ကား သံဃိက ဖြစ်သည့် ပစ္စည်းဝတ္ထုတို့ကို ဂရုဘဏ် လဟုဘဏ် ဆုံးဖြတ်ရာ၌ ရှေးဆရာအစဉ်အဆက်အားဖြင့် ဆုံးဖြတ်အပ်သော အစဉ်အားဖြင့် ဖြစ်သော အဆုံးအဖြတ်စကားရပ်ဖြစ်သတည်း။

**မှတ်ချက်။** ။ရွှေခွက်-ငွေခွက်-မိုးကြိုးခွက်-ဖန်ခွက်တို့ကို လူတို့၏ ဥစ္စာပစ္စည်း ဖြစ်သော်လည်း မသုံးဆောင်ကောင်း။ အဘယ့်ကြောင့်ဆိုသော် ပင်ကိုက်ပင် မကပ်ငံတွယ်ကောင်းသော ခွက်မျိုးဖြစ်သောကြောင့်တည်း။သံဃိက-ပုဂ္ဂလိကပိုင်ဖြစ်လျှင်ကား ဆိုဖွယ်မရှိ၊ သာ၍ပင် မသုံးဆောင်ကောင်း။

မည်သည့် ခွက်မျိုးပင်ဖြစ်စေ၊ ကျောင်းအသုံးအဆောင်အနေဖြင့် လှူဒါန်းထားလျှင်ကား သုံးစွဲကောင်း၏။

"သေနာသန ပရိဘောဂါ ပန သဗ္ဗကပ္ပိယော၊ တသ္မာ ဇာတ ရူပါဒိမယာ သဗ္ဗာပိ သေနာသနပရိက္ခာရော အာမာသော။"

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၂၆၀။)

သံဃိကမြေပေါ်၌ ဖြစ်သော်လည်း၊ ပေါက်ရောက်သော်လည်း သစ်၊ ဝါး၊ မြက်၊ သစ်ရွက်၊ နွယ် စသော ဝတ္ထုပစ္စည်းများ၊ မြေညက်စသော ဝတ္ထုပစ္စည်းများသည် သံဃာက မစောင့်ရှောက် မထိန်းသိမ်းခဲ့လျှင် ဂရုဘဏ်မဟုတ်၊ သံဃာက စောင့်ရှောက်ထိန်းသိမ်းထားသော ဝတ္ထုပစ္စည်းဖြစ်မှသာ ဂရုဘဏ် ဖြစ်သည်။

"တတ္ထ ဇာတကာပိ ပန အရက္ခိတာ ဂရုဘဏ္ဍမေဝ န ဟောတိ။"

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၆၁။)

**ဥစ္စာသယန မဟာသယနတို့နှင့် စပ်၍ သိမှတ်ဖွယ်**

၁။ တတောင့်ထွာထက် လွန်သော အခြေရှိသော ညောင်စောင်းအင်းပျဉ်သည် ဥစ္စာသယနမည်၏။ (မြင့်သောနေရာ-ဟု ဆိုလိုသည်။)

**မဟာသယန-မြတ်သောနေရာများ**

၁။ ပလ္လင်္က — အခြေ၌ခြင်္သေ့ရုပ်စသော သားရဲကောင်တို့၏ အရုပ်တပ်ပြုအပ်သော ညောင်စောင်းငယ်။

၂။ တူလိ — လဲသုံးမျိုးတို့တွင် တမျိုးမျိုး သွင်းထားသော အခင်း။

၃။ ပဋိကာ — သားမွေးဖြင့် ပြုအပ်သော ဖြူသော အခင်း။

၄။ ဂေါနက — လက် (၄)သစ်ထက်ရှည်သော အမွေးရှိသော သားမွေးကော်ဇောနက် အခင်း။

၅။ စိတ္တက — လှပအောင် ဆန်းကြယ်စွာ အကွက်ဖော်၍ ချုပ်အပ်သော သားမွေးအခင်း။

၆။ ပဋလိကာ — တခဲနက် ပန်းပွင့်ပန်းပြောက် ဖော်ထားသော သားမွေးဖြင့် ရက်လုပ်အပ်သော သားမွေးနီအခင်း။

၇။ ဝိကတိ — ခြင်္သေ့၊ သစ်၊ ကျား စသော သားရဲရုပ်တို့ဖြင့် ဆန်းကြယ်စွာ ရက်လုပ်အပ်သော သားမွေးအခင်း။

၈။ ဥဒ္ဓလောမိ— ၂-ဘက်ချော အမွေးရှိသော သားမွေးအခင်း။

၉။ ဇောန္တလောမိ — ၁· ဘက်ချော သားမွေးကော်ဇောအခင်း။

၁၀။ ကုတ္တက — တကျိပ်ခြောက်ယောက်လောက်သော ကခြေသည်မတို့ ရပ်၍ ကလောက်သော ကျယ်ပြန့်သော သားမွေး ကော်ဇောအခင်းကြီး။

၁၁။ ကောသေယျ — ရတနာ ရွှေချည် ငွေချည်တို့ဖြင့် ချုပ်အပ်သော ပိုးချည်ဖြင့် ရက်လုပ်အပ်သော အခင်း။

၁၂။ ကဋိဿ — ပိုးချည်တို့၏ အကြားအကြား၌ ရွှေချည်ကိုသွင်း၍၊ သို့မဟုတ် ပိုးချည်ကိုတိုင်၍၊ ရွှေချည်ဖောက်၍ ရက်အပ်သော အခင်း။

၁၃။ ဟတ္ထိတ္ထရဏ — ဆင်၏ ကျောက်ကုန်းပေါ်၌ ခင်းအပ်သော အခင်း။

၁၄။ အဿတ္ထရဏ — မြင်းကျောက်ကုန်းပေါ်၌ ခင်းအပ်သော အခင်း။

၁၅။ ရထတ္ထရဏ — ရထားပေါ်၌ ခင်းအပ်သော အခင်း။ ၎င်း အခင်း ၃-မျိုးတို့ကား မင်းသုံး စိုးသုံးဖြစ်၍ ကြီးကျယ်ခမ်းနားသော အခင်းတို့ ဖြစ်သည်။

၁၆။ အဇိနပ္ပဝေဏိ — သစ်နက်ရေဖြင့် ညောင်စောင်း ပမာဏအားဖြင့် အထပ်ထပ် ချုပ်အပ်သော သားရေအခင်း။

၁၇။ ကဒလိမိဂပဝရအတ္ထရဏ—ဝံပိုင်ရေဖြင့် ပြုအပ်သောမြတ်သောအခင်း။

၁၈။ သလောဟိတဝိတာန ဥဘတောရတ္တူပဓာနက — အထက်က မျက်နှာကြက်အနီကြက်သော ခြေရင်း ခေါင်းရင်း ၂· ဘက်၌ နီသောအုံးရှိသော ခမ်းနားသော အိပ်ရာ။

အထက်ပါ ၁၈·ပါးသော နေရာတို့ကား ကြီးကျယ်ခမ်းနား ဆန်းပြားသဖြင့် မြတ်သောနေရာတို့တည်း။

၎င်းမြင့်သောနေရာ မြတ်သောနေရာတို့ကား ရဟန်းသာမဏေများနှင့် လူဥပုသ်သည်များ မနေထိုင်ကောင်း၊

ရဟန်းတော်များမှာ ဒုက္ကဋ်အာပတ်သင့်၏။

သာမဏေများမှာ ဒဏ်သိုက်၏။

လူဥပုသ်သည်များမှာ သီလကျိုး၏။

၁။ အသန္ဒီ၊

၂။ တူလိကာ၊

၃။ ပလ္လင်္ကိ၊ နေရာ ၃-မျိုးကို ခြေကိုဖြတ်၍ လဲကိုထုတ်၍ သားရဲရုပ်ကို ဖြုတ်၍ သုံးဆောင်အပ်၏။ ခြေထောက်ကို မဖြတ်ပဲ၊ လဲကိုမထုတ်ပဲ၊ သားရဲရုပ်ကို မဖျက်မဖြုတ်ပဲ ဂိဟိပိုဏ-လူတို့က အမြတ်တနိုး အထူးတလည် ခင်းပေးအပ်သော်လည်း ဓမ္မာသန-တရားဟောနေရာ၊ ဆွမ်းစားဇရပ်တို့၌ပင် မအပ်၊ ကျောင်း၌ကား ဆိုဖွယ်မရှိ။

ထို့ကြောင့် တရားဟောထိုင်ခုံပလ္လင်များ၌ လဲဝါသွပ်ထားသော အခင်းများကို ခင်းထားသော် မအပ်။ သားရဲရုပ်ပါသော တရားဟောပလ္လင်တံကဲတို့၏ အထက်၌ နေ၍ တရားမဟောကောင်း။

အထက်ပါ အာသန္ဒီ-စသော ၃-မျိုးမှ တပါးသော မဟာသယနများ၌ လူတို့က အထူးတလည် အမြတ်တနိုး ခင်းပေးလျှင်ကား လူတို့၏ ဥစ္စာဖြစ်၍—

၁။ တရားဟောသည့်နေရာ၊

၂။ ဆွမ်းစားဇရပ်၊

၃။ ရွာတွင်းတို့၌—

ထိုင်ရုံတော့ ထိုင်ကောင်း၏၊ အိပ်တော့ မအိပ်ကောင်း။

သံဃိကဖြစ်သော ၎င်း မဟာသယနများကို ရဟန်းတော်များက အခင်းမခိုင်းပဲ ကပ္ပိယကာရကစသော လူတို့က ယူ၍ တရားဟောပလ္လင် စသည်တို့၌ ခင်းထားလျှင်ကား ထိုင်ကောင်း၏။

သံဃိကကျောင်း၊ ပုဂ္ဂလိကကျောင်းတို့၌ ညောင်စောင်း အင်းပျဉ်တို့၏ အပေါ်၌ ခင်း၍ မသုံးဆောင် မနေထိုင် မအိပ်ကောင်း။ မြေပေါ် ကြမ်းပြင်ပေါ် သင်းဖြူပေါ် ဖျာပေါ်တို့၌ ခင်း၍ကား အိပ်ကောင်း၊ ထိုင်ကောင်း၊ နေကောင်း၏။ (ဘူမတ္ထရဏသခေ်ပဟု ခေါ်သည်။)

အထက်ပါ မဟာသယနများကို ညောင်စောင်း အင်းပျဉ် ခုတင် ကုလားထိုင်တို့၏အပေါ်၌သာ ခင်း၍ မထိုင် မအိပ်ကောင်းသည်ဟု မှတ်ပါ။

အထက်ပါ မဟာသယနများကို ညောင်စောင်း အင်းပျဉ်၊ ခုတင်၊ ကုလားထိုင်တို့၏အပေါ်၌သာ ခင်း၍ မထိုင် မအိပ်ကောင်းသည်ဟု မှတ်ပါ။

၎င်း ဥစ္စာသယန-မဟာသယနတို့ကား သံဃိကဖြစ်လျှင် ဂရုဘဏ်တို့သာတည်း။

ဘုံလျှိုခေါ် မွှေ့ရာ (၅)မျိုး

၁။ ဥဏ္ဏာဘိသိ —သားမွေး အဆာသွပ်သောမွေ့ရာ၊

၂။ စောဠဘိသိ—အဝတ်အဆာသွပ်သော မွေ့ရာ၊

၃။ ဝါကဘိသိ –လျှော်မျှင်အဆာသွပ်သော မွေ့ရာ၊

၄။ တိဏဘိသိ —မြက်အဆာသွပ်သော မွေ့ရာ၊

၅။ ပဏ္ဏဘိသိ —သစ်ရွက်အဆာသွပ်သော မွေ့ရာ၊

ဥဏ္ဏာဘိသိ၌ သိုးမွေး၊ လူမွေးမှအပ။ အခြားအသား၊ အပ်မအပ်သော သတ္တဝါတို့၏အမွေး၊ ငှက်မွေးတို့ကို အဆာသွပ်၍ ပြုကောင်း၏။ (ဤကား အတွင်း၌ သွပ်အပ်သော အဆာသို့လိုက်၍ မွေ့ရာ ၅-မျိုးပြား၏။)

စောဠဘိသိ—ဆိုသည်မှာ အဝတ်ဟောင်း အဝတ်သစ်တို့ကို အဆာသွပ်၍ ပြုအပ်သော မွေ့ရာမျိုးတည်း။

ဝါကဘိသိ—ဆိုသည်မှာ လျှော်မျှင်တမျိုးမျိုးကို အဆာသွပ်၍ ပြုအပ်သော မွေ့ရာမျိုးတည်း။

ပဏ္ဏာဘိသိ—ဆိုသည်မှာ ပန်းညိုရွက် သက်သက်ကို ချန်ထား၍ သစ်ရွက် တမျိုးမျိုး အဆာသွပ်၍ ပြုအပ်သော မွေ့ရာမျိုးတည်း။ ပန်းပွင့်၊ ပန်းညိုရွက် သက်သက် အဆာသွပ်သော မွေ့ရာမျိုးကား မအပ်။ ပန်းညိုရွက်နှင့် အခြား သစ်ရွက်ရော၍ အဆာသွပ်သော မွေ့ရာမျိုးကား အပ်၏။

အဆာ (၅)မျိုးပြား၍ မွေ့ရာ (၅)မျိုးရှိသည်။ လဲ (၃)မျိုး၊ ဝါဂွမ်း အဆာသွပ်သော မွေ့ရာမျိုးကား ရဟန်း သာမဏေများ မအပ်၊မအိပ်ကောင်း၊ မနေကောင်း။

အသက်ပါ မွေ့ရာ (၅)မျိုးကား အင်းပျဉ်၊ ညောင်စောင်း၊ ရှာကျောင်း စသော အလုံးစုံသော အရပ်တို့၌ ပုဂ္ဂလိက, သံဃိက အားလုံးစုံပင် အပ်၏။

မွေ့ရာ၏ ပမာဏကား မရှိ၊အလိုရှိသလောက် ပြုလုပ်ကောင်း၏။ထို မွေ့ရာ သည်—

၁။ မဉ္စဘိသိ —ညောင်စောင်း ခုတင်ခင်းမွေ့ရာ၊

၂။ ပီဌဘိသိ —အင်းပျဉ်ထိုင်ခုံခင်း မွေ့ရာ ကူရှင်၊

၃။ ဘူမတ္ထရဏဘိသိ—ကြမ်းပေါ် ဖျာပေါ်ခင်း မွေ့ရာ၊

၄။ စက္ကုမနုဘိသိ –စကြာလမ်းခင်း မွေ့ရာ၊

၅။ ပါဒပုဉ္ဆနဘိသိ –ခြေသုတ်မွေ့ရာ–ခြေသုတ်ဖုံ–

ဟူ၍ သုံးဆောင်ရာဌာနသို့လိုက်၍ (၅)မျိုးရှိ၏။ အကြီးအငယ်ကို အလိုရှိသလောက် ပြုလုပ်ကောင်း၏။

လဲသုံးမျိုးကား–

၁။ ရုက္ခတူလ –လက်ပံ စသည်တို့မှဖြစ်သော လဲ၊

၂။ လတာတူလ–ခွေးတောက်စသော နွယ်ပင်တို့မှဖြစ်သော လဲ၊

၃။ တိဏတူလ –ဖောင်းကားမြက်၊ ရှင်မွေးလွန်းမြက်၊ အုန်းစွဲမြက်စသော မြက်ပင်မျိုးမှဖြစ်သောလဲ–

ဟူ၍ လဲ (၃)မျိုးရှိသည်။

ထိုလဲ (၃)မျိုး အဆာသွပ်သော ဘုံလျှိုခေါ် မွေ့ရာဖုံ-ဆိုဖာ-ကူရှင်တို့ကား, သံဃိက, ပုဂ္ဂလိက, ဂိဟိသန္တက, ဂိဟိဝိကဋ အားလုံးပင် မထိုင် မအိပ်၊ မသုံးဆောင်ကောင်း။

ဝ တူလောနဒ္ဓလဲဝါဂွမ်းတို့ဖြင့် အဆာသွပ်ကာ ခုတင် ထိုင်ခုံနှင့် အသေတွဲ၍ ချုပ်ထားသော နေရာမျိုးကိုကား ရွာတွင်းဝယ် လူတို့ ဥစ္စာဖြစ်လျှင် ထိုင်ရုံမျှတော့ ထိုင်ကောင်း၏။

ခေါင်းအုံးကား လဲ(၃)မျိုး အဆာသွပ်သော ခေါင်းအုံးအပ်၏။ သားမွေး အဝတ် လျှော်မျှင် မြက် အပွင့်အရွက် အဆာသွပ်သော ခေါင်းအုံးကား ဆိုဖွယ်ရာမရှိ၊ သာ၍ပင်အပ်၏။

မအပ်သော ခေါင်းအုံးကား အဒ္ဓကာယိကာခေါ်သော ခါးမှခေါင်းအထိ ဖိ၍အုံးလောက်သော အလွန်ကြီးသော ခေါင်းအုံးမျိုးကား မအပ်။

**သားရေအမျိုးမျိုး**

အားလုံးသောအသား၊ အပ်-မအပ်သော သတ္တဝါတို့၏အရေမှန်သမျှသည် ညောင်စောင်းပမာဏရှိခဲ့သော ဂရုဘဏ်ပစ္စည်းတို့သာတည်း။

သိုးရေသည်ကား– အိပ်ရာခင်း ကော်ဇောနှင့် အလားတူသောကြောင့် ညောင်စောင်းပမာဏရှိသော်လည်း ဂရုဘဏ်ပစ္စည်းမျိုးသာ ဖြစ်၏။

**အပ်-မအပ် သား၊ရေများ**

၁။ သမင်ရေ၊

၂။ ဆိတ်ရေ၊

၃။ သိုးရေများ။

သမင်ဇာတ်ရှိသော စိုင်ရေ၊ ဇော်မည်တော သားကောင်ရေ၊ ချေရေ၊ ဒရယ်ရေ၊ သမင်ပြောက်ရေ၊ဤသားကောင်တို့ကား သမင်မျိုးဖြစ်သော သားကောင်တို့တည်း။ ထိုမှတပါး သမင်ပျံ၊ ဆတ်-စသော သမင်မျိုးဖြစ်သော သတ္တဝါအားလုံးတို့ကို သမင်၌ ထည့်သွင်း ရေတွက်ရ၏။ ၎င်းသတ္တဝါတို့၏ အရေများသည် အပ်၏။ ခုတင်၊ ညောင်စောင်း၊ အင်းပျဉ် စသည်တို့၌ ခင်း၍ အိပ်ကောင်း ထိုင်ကောင်း၏။

**မအပ်သောအရေ**

သိုး၊ ဆိတ်၊ သမင်မျိုးသတ္တဝါများ၏ အရေမှတပါး အခြားသတ္တဝါတို့၏ အရေကား ခုတင်–ညောင်စောင်း စသည်တို့၏အပေါ်၌ ခင်း၍ မထိုင် မအိပ်ကောင်း။ ရဟန်းများ ဒုက္ကဋ်အာပတ်၊ သာမဏေများ ဒဏ်ထိုက်၏။ အရေ အမျိုးမျိုးတို့တွင် လူတို့၏ အရေမှတပါး အခြားသော အရေအမျိုးမျိုးတို့ကို အိတ်၊ ဖိနပ် ချုပ်၍မူကား သုံးဆောင်ကောင်း၏။

**အကပ္ပိယသားရေများ မြေအခင်းပြု၍ကား**
**အိပ်ကောင်း ထိုင်ကောင်းပုံ**

မအပ်-ဟု ပယ်မြစ်အပ်သော သား၊ရေများကို ခုတင် စသည်တို့၏အပေါ်၌သာ ခင်း၍ မထိုင် မအိပ်ကောင်းသည်ဟု မှတ်။ ဘူမတ္ထရဏခေါ် မြေပေါ်၊ ကြမ်းပြင်ပေါ်တို့၌ကား ခင်း၍ ထိုင်ကောင်း အိပ်ကောင်းသည်ဟု မှတ်ပါ။

မျောက်ရေ၊ မျောက်ဝံနက်အရေ၊ သမင်ဆိုးဆောက်အရေ၊ ဝံပိုင်ရေ၊ ခြသေ့-သစ်-ကျား-ဝံစသော သားရဲတိရစ္ဆာန် သတ္တဝါတို့၏အရေ၊ နွားရေ၊ ကျွဲရေ၊ ယုန်ရေ၊ ကြောင်ရေစသော သတ္တဝါတို့၏အရေများကား မအပ်သော သားရေများတည်း။ ဒုက္ကဋ်အာပတ်သင့်၏။

၎င်း အကပ္ပိယသားရေများကို မြေကြီး၊ ကြမ်းပြင်ပေါ်တို့၌ ခင်း၍ကား ထိုင်ကောင်း အိပ်ကောင်းသည်။

ဘူမတ္ထရဏ—ဘူမိ=မြေတည်းဟူကြမ်းပြင်ပေါ်၌၊အတ္ထရဏ=ခင်းထားအပ်သော အခင်း။ ဘူမတ္ထရဏ—မြေပေါ် ကြမ်းပေါ်၌ ခင်းထားလျှင်

ဘူမတ္ထရဏဟု ခေါ်သည်။ ၎င်း ဘူမတ္ထရဏအဖြစ်ဖြင့် ခင်းထားလျှင် အပ်၏ဟု ဆိုလိုသည်။ ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတိတိ–အကပ္ပိယစမ္မံ သန္ဓာယ ဝုတ္တံ။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၅၇။)

**သံဃာပိုင် ဂရုဘဏ်ပစ္စည်းများကို**
**စေတီတော်အတွက် သုံးနိုင်**

သံဃိကပစ္စည်းဥစ္စာ ဘဏ္ဍာတော်များဖြင့် စေတီတော်၏ ဥစ္စာဖြစ်သော အဆောက်အအုံစသည်များအတွက် သုံးစွဲကောင်း၏။

သံဃိက-ပစ္စည်းဥစ္စာ ဘဏ္ဍာငွေစသည်တို့ကို စေတီတော်ကိုလည်းကောင်း၊ စေတီတော်၏ အဆောက်အအုံစသည်များကိုလည်းကောင်း မွမ်းမံ ပြင်ဆင်ရန် သုံးစွဲကောင်းသည်။

သံဃိက-ဂရုဘဏ်ပစ္စည်းများနှင့် စေတီယသန္တကဖြစ်သော ဂရုဘဏ်ပစ္စည်းများကို လဲလှယ်၍ သုံးစွဲကောင်းသည်ဟု မှတ်ယူပါလေ။

**စေတီတော်ပိုင် ဥစ္စာကိုမူ သံဃာအတွက်**
**မသုံးကောင်း**

စေတီတော်၏ ဥစ္စာဖြစ်သော ဗုဒ္ဓသန္တက ပစ္စည်း ဥစ္စာ ဘဏ္ဍာငွေ တို့ကိုမူ သံဃာအတွက် မသုံးစွဲကောင်း။

သံဃိက ပစ္စည်း ဥစ္စာ ဘဏ္ဍာများနှင့် စေတီပိုင် ပစ္စည်း ဥစ္စာဘဏ္ဍာများကို တန်ဖိုးညီကာ လဲလှယ် ဖလှယ်၍ကား သုံးစွဲကောင်း၏။

သံဃကမ္မေ စ စေတိယကမ္မေ စ ကတေတိုက္ကမိနာ သံဃသန္တကေန စေတိယသန္တကံ ရက္ခိတုံ ပရိဝတ္တိတုံ စ ဝဋ္ဋတိတိ ဒီပေတိ။

(ဝိနယာလင်္ကာရဋီကာ၊ ဒု-၁၆၁။)

**ထာဝရဂရုဘဏ်, ထာဝရမဟုတ်သော ဂရုဘဏ်ပစ္စည်းတို့ကို**
**လဲလှယ် ဖလှယ်ရာ၌ အကျဉ်းချုပ် မှတ်သားရန်**

သံဃိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်းနှင့် လဲလှယ်နိုင်၏။

သံဃိကပစ္စည်းကို သံဃိကပစ္စည်း၊ ဂဏိကပစ္စည်းများနှင့်လည်း လဲလှယ်နိုင်၏။ သံဃာအား ကျောင်းဒကာများလျှင် အရှုံးခံ၍ပင် လဲလှယ်နိုင်၏။

၁။ သံဃိက ဂရုဘဏ်ပစ္စည်းများနှင့် သံဃာအတွက် သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ပစ္စည်းများကို မလဲလှယ်ကောင်း။

၂။ သံဃိက ထာဝရဂရုဘဏ်နှင့် ပုဂ္ဂလိကထာဝရဂရုဘဏ် အမျိုးအစား ဖြစ်သည့် ပစ္စည်းများကို လဲလှယ်ကောင်း၏။

(၃) သံဃိက ထာဝရမဟုတ်သော ဂရုဘဏ်နှင့် ပုဂ္ဂလိက ထာဝရ မဟုတ်သော ဂရုဘဏ်အမျိုးအစားဖြစ်သော ပစ္စည်းများကို အချင်းချင်း လဲလှယ်ကောင်း၏။

(၄) သံဃိကထာဝရမဟုတ်သော ဂရုဘဏ်နှင့် ပုဂ္ဂလိက ထာဝရဂရုဘဏ် အမျိုးအစားဖြစ်သည့်ပစ္စည်းများကို အချင်းချင်း လဲလှယ်ကောင်း၏။

(၅) သံဃိက ထာဝရဂရုဘဏ်နှင့် ပုဂ္ဂလိက ထာဝရမဟုတ်သောဂရုဘဏ် အမျိုးအစား ပစ္စည်းများကို အချင်းချင်း မလဲလှယ် ကောင်း ဟု မှတ်ပါ။

ဂရုဘဏ်ပစ္စည်းများနှင့် စပ်၍ သိမှတ်ဖွယ်ရာအဓိပ္ပာယ်
အဆုံးအဖြတ် ပြီး၏။

---

ပေးစွန့်ခြင်း၊ ဝိဿာသဂ္ဂါဟ-ယူခြင်း၊ လာဘ်ကို ညွတ်စေခြင်း
စသည်တို့နှင့်စပ်၍ သိမှတ်ဖွယ်ရာ အဓိပ္ပာယ်အဆုံးအဖြတ်များ

ဒါန-ဝိဿာသဂ္ဂါဟေဟိ လာဘာသာ ပရိဏာမနံ– ဟူသော စကားရပ်၌ ရှေးဦးစွာ–

ဒါနဟူသည်။ ။မိမိပိုင်ဆိုင်သည့် သက်နှစ်သော ပရိက္ခရာပစ္စည်းများကို(သန္နိဓိဟာရိက) ဥပဇ္ဈာယ်ယူ အတူနေ တပည့်စသော အမှတ်မရှိ တစုံတယောက်သောသူအား ပေးစွန့်ခြင်း၊ လှူဒါန်းခြင်းတည်း။ ထိုသို့ ပေးစွန့်လှူဒါန်းရာ၌ ဤပြဆိုလတ္တံ့သည်ကား ဒါန၏လက္ခဏာတည်း။

"ဤပစ္စည်းဝတ္ထုကို သင့်အား ငါပေး၏၊ စွန့်၏၊ လှူဒါန်း၏" ဟူ၍ သော်လည်းကောင်း၊ "ဤပစ္စည်းဝတ္ထုကို ဤမည်သောသူအား ငါပေး၏၊ စွန့်၏၊ လှူဒါန်း၏"ဟူ၍သော်လည်းကောင်း ပြောဆို၍ ရှေ့တွင် မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ ပေးစွန့်လှူဒါန်းလျှင် အပေးမြောက်၏။

ပေးသူက "(တုယှံ ဂဏှာဟိ) သင်အား ယူလော့"-ဟု ပြောဆိုကာ ပေးသည်ရှိသော် ယူသူက "(မယှံ ဂဏှာမိ) ငါအား ယူ၏"ဟု ပြောဆိုကာ ခံယူငြားအံ့၊ သုဒိန္န သုဂ္ဂဟိတ–ကောင်းစွာပေးအပ် ကောင်းစွာ ခံယူအပ်သည် ဖြစ်၍ အပေးအယူမြောက်၏။

ဂဏှာဟီတိ ဝုတ္တေ ဒေမီတိ ဝုတ္တသဒိသံ ဟောတိ။

(ဝိနယာလင်္ကာရဋီကာ၊ ပ၊၁၅၆)

ပေးသူက"(တဝသန္တကံ ကရောဟိ) သင့်ဥစ္စာပြုပါလော့၊ (တဝ သန္တကံ ဟောတု) သင့်ဥစ္စာဖြစ်စေ၊(တဝ သန္တကံ ဟောတိ) သင့်ဥစ္စာဖြစ်၏"ဟု ပြောဆိုကာပေး၏၊ယူသူက "မမ သန္တကံ ကရောမိ) ငါ့ဥစ္စာပြုပါ၏၊ (မမ သန္တကံ ဟောတု) ငါ့ဥစ္စာဖြစ်စေ၊ (မမ သန္တကံ ကရိဿာမိ) ငါ့ဥစ္စာပြုပါအံ့"ဟု ပြောဆိုကာ ခံယူ၏။ ဒုဒိန္န ဒုဂ္ဂဟိတ-မကောင်းသဖြင့် ပေးခြင်း၊ မကောင်းသဖြင့် ခံယူခြင်းမျိုးဖြစ်၍ အပေးအယူ မမြောက်ပါ။

ပေးသူကလည်း ပေးလှူနည်းကို နားမလည်သူ၊ ခံယူသူကလည်း ခံယူနည်းကို နားမလည်သူဖြစ်၏။

အကယ်၍ ပေးလှူသူက "တဝ သန္တကံ ကရောဟိ-သင့်ဥစ္စာပြုပါလော့" ဟု ပြောဆိုကာ ပေး၏။ခံယူသူက "သာဓု ဘန္တေ မယှံ ဂဏှာမိ- ကောင်းပါပြီ၊ ဘုရားတပည့်တော် ခံယူပါ၏"ဟု ပြောဆိုကာ ယူ၏။ သုဂ္ဂဟိတ-ကောင်းစွာယူအပ်သည် မည်၏။

အကယ်၍ တပါးသောရဟန်းသည် "ဣဒံစီဝရံ ဂဏှာဟိ- ဤသင်္ကန်းကို ယူပါလော့"ပြောဆိုကာ ပေး၏။ အပေးခံရသူရဟန်းကလည်း"န ဂဏှာမိ- ဤအရှင်ဘုရား၏သင်္ကန်းကို မယူလိုပါ"ဟု ပယ်ရှားပြောဆို၏။ နောက်တဖန် ပေးသူရဟန်းက ထပ်၍ "ဒိန္နံ မယာ တုယှံ ဂဏှာဟိ- ငါသည် သင့်အား ပေးအပ်ပြီ၊ယူသာ ယူပါလော့"ဟု ပြောဆိုကာ ထပ်၍ ပေးပြန်၏။ အပေးခံရသူရဟန်းကလည်း "န မယှံ ဣမိနာ အတ္တော- တပည့်တော်သည် ဤအရှင်ဘုရားသင်္ကန်းဖြင့် အလိုမရှိပါ"ဟုပြောဆိုပြန်၏။ ထိုမှနောက်၌ ရှေးဖြစ်သော ပေးသူရဟန်းကလည်း ငါသူ့ကိုပေးလှူအပ်ပြီ-ဟု နှလုံးပြုကာ (၁၀)ရက်ကို လွန်စေ၏။ နောက်ဖြစ်သော အပေးခံရသူ ရဟန်းကလည်း "ငါသည် သူ့သင်္ကန်းကို လက်မခံပဲ ပယ်မြစ်အပ်သည်"ဟု နှလုံးပြုကာ (၁၀)ရက်ကို လွန်စေ၏။

ထိုပေးသူ၊အပေးခံရသူရဟန်း(၂)ပါးတို့တွင် အဘယ်ရဟန်းအား နိဿဂ္ဂိယပဉ္စမကထိနသိက္ခာပုဒ်ဖြင့် အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ အတိရိက်သင်္ကန်းကို ထားခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါမည်နည်း-ဟု မေးပြီးအံ့။

ရဟန်း(၂)ပါးလုံး ဘယ်ရဟန်းမျှ အာပတ်မသင့်ပါဟု ဖြေရမည်။ ၎င်းသင်္ကန်းကို (ပေးသူ-အပေးခံရသူ- ရဟန်း(၂)ပါး တို့တွင်) အလိုရှိသူရဟန်း တပါးပါးက အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏။

(မှတ်ချက်။ ။အထက်ပါပေးသူ၊ အပေးခံရသူ ရဟန်း(၂)ပါးတို့တွင် ပေးသူရဟန်းကလည်း အပေးပြောက်သည့် မှုချစကားဖြင့်ပေး၏။ အပေးခံရသူရဟန်းကလည်း ပရိယာယ်မဖက် မှုချစကားဖြင့်ပင် လက်မခံပဲ ပယ်မြစ်၏။ ထို့ကြောင့် သင်္ကန်းရှင်ပေးသူ ရဟန်း၏သင်္ကန်း၌ တင်ထားအပ်သော အဓိဋ္ဌာန်သည် သူတပါးအား ပေးလိုက်သည့်အတွက် ကျသွားတော့၏။

သူတပါး ပေးစွန့် လိုက် သဖြင့် မိမိ ပိုင် ဥစ္စာ မဟုတ် တော့သည့်အ တွက်ကြောင့် (၁၀) ရက် ကို ကျော် လွန် သော် လည်း အတိရေက သင်္ကန်း မဖြစ်နိုင်သောကြောင့် နိဿဂ္ဂိပါစိတ်အာပတ် မသင့်။

အပေးခံရသူ ရဟန်းကလည်း လက်မခံပဲ ပယ်မြစ်အပ်သည်ဖြစ်၍ မိမိဥစ္စာမဟုတ်သောကြောင့် ၁၀-ရက်ကို လွန်သော်လည်း အတိရေကသင်္ကန်း မဖြစ်။

အတိရေကသင်္ကန်း မဖြစ်သောကြောင့်လည်း ၁၀-ရက်ကို ကျော်လွန်သော်လည်း နိဿဂ္ဂိပါစိတ်အာပတ် မသင့်နိုင်။ ၎င်းသင်္ကန်းသည် ပိုင်ရှင်မဲ့ဖြစ်၍ ပံ့သကူသင်္ကန်းအရာ၌ တည်သောကြောင့် အလိုရှိသူ ရဟန်းတပါးပါးက ယူကာ အဓိဋ္ဌာန်တင်၍ သော်သည်းကောင်း၊ ဝိကပ္ပနာပြု၍ သော်လည်းကောင်း သုံးဆောင်နိုင်၏။

အဘယ့်ကြောင့်ဆိုသော် ပေးသူ ရဟန်း၏သင်္ကန်း၌ တင်ထားအပ်သော အဓိဋ္ဌာန်သည်လည်း သူတပါးအား ပေးလိုက်သောကြောင့် အဓိဋ္ဌာန်ကျသွား၏။

အပေးခံရသူ ရဟန်းကလည်း လက်မခံပဲ ပယ်မြစ်အပ်သည်ဖြစ်၍ သူ့သင်္ကန်းမဟုတ်သောကြောင့် အဓိဋ္ဌာန်မတင်ရသေး၍ အဓိဋ္ဌာန် ဝိကပ္ပနာပြု၍ သုံးဆောင်ရမည်ဟု ဆိုလိုသည်။

အပေးအယူပြောက်ကြောင်း ဒါနလက္ခဏာ ၃-ပါး

၁။ ပေးအပ်သော ပစ္စည်းဝတ္ထုရှိခြင်း၊

၂။ ပေးတတ်သောပုဂ္ဂိုလ်က အပေးပြောက်သော ပေးနည်းဖြင့် ပေးခြင်း၊

၃။ ခံယူတတ်သော ပုဂ္ဂိုလ်ကလည်း အယူပြောက်သောနည်းဖြင့် ခံယူခြင်း။

ဤလက္ခဏာ ၃-ပါးနှင့် ပြည့်စုံမှသာ အပေးအယူမြောက်သည်။ (ဥပမာ) ဣမံ့ တုယှံ့ ဒေမိ–ဤပစ္စည်းကို သင့်အား ငါပေး၏-ဟူသော စကား၀ါကျ၌–

၁။ ဣမံ (ဤပစ္စည်းကို)ဟူသောစကားဖြင့် ပေးအပ်သော ပစ္စည်းဝတ္ထု ကို ညွှန်ပြ၏။

၂။ တုယှံ(သင့်အား)ဟူသောစကားဖြင့် ခံယူသည့် ပုဂ္ဂိုလ်ကို ညွှန်ပြ၏။

၃။ ဒေမိ (ငါပေး၏) ဟူသောစကားဖြင့် ပေးတတ်သော ပုဂ္ဂိုလ်ကို ညွှန်ပြ၏။

ဒါနလက္ခဏာ ၃-ပါးနှင့် ညီညွတ်သဖြင့် အပေးမြောက်၏။

"ဂဏှာဟိ=ယူလော့"ဟု ဆိုခြင်းသည် "ဒေမိ=ပေး၏"ဟု ဆိုခြင်းနှင့် အတူတူပင် ဖြစ်သောကြောင့် မုချအားဖြင့် ပေးအပ်သည်ဖြစ်၍ အပေးမြောက် ကာ သုဒိန္နံ-ဖြစ်၏။

တဝ သန္တကံ ကရောဟိ=သင့်ဥစ္စာပြုပါလော့။

တဝ သန္တကံ ဟောတု =သင့်ဥစ္စာဖြစ်ပါစေ။

တဝ သန္တကံ ဟောတိ =သင့်ဥစ္စာဖြစ်၏–

ဟု ပြောဆိုကာ ပေးခြင်းမျိုးများကား မုချပေးခြင်းမျိုးမဟုတ်၊ ပရိယာယ် အားဖြင့် ပေးခြင်းမျိုးဖြစ်၏။ ထို့ကြောင့် ဒုဒိန္နံ=မကောင်းသဖြင့် ပေးအပ် သည် ဖြစ်သောကြောင့် အပေးမမြောက်။

မမ သန္တကံ ကရောမိ =ငါ့ဥစ္စာပြုပါ၏။

မမ သန္တကံ ဟောတု =ငါ့ဥစ္စာဖြစ်ပါစေ။

မမ သန္တကံ ကရိဿာမိ=ငါ့ဥစ္စာပြုပါအံ့–

ဟူသော စကားတို့သည် မုချ ခံယူသောစကားမဟုတ်၊ ပရိယာယ်အားဖြင့် ခံယူအပ်သော စကားများဖြစ်၍ ဒုဂ္ဂဟိတ=မကောင်းသဖြင့် ခံယူအပ်သည်ဖြစ် သောကြောင့် ခံယူမှုမမြောက်။ ဒုဒိန္နံ-ဒုဂ္ဂဟိတဖြစ်၍ အပေးအယူမမြောက်ဟု မှတ်ပါလေ။

## အပေးမြောက်အောင် ပေးနည်း

၁။ သမ္မုခါ=မျက်မှောက်ပေးပုံ။ ဣမံ တုယှံ ဒေမိ (ဒဒါမိ, ဒဇ္ဇာမိ, ဩဏော ဇေမိ, ပရိစ္စဇာမိ, ဝိဿဇ္ဇာမိ)ဟု ပါဠိလို ဖြစ်စေ၊ "ဤဥစ္စာကို သင့်အား ငါပေး၏"စွန့်၏၊ လှူ၏ဟု မြန်မာလိုဖြစ်စေ၊

အခြားဘာသာ တမျိုးမျိုးဖြင့် ဖြစ်စေ ပစ္စုပ္ပန်ကြိယာဖြင့် ပေးခဲ့သော် လည်း ကောင်း၊

၂၂။ **ပရမ္မုခါ=မျက်ကွယ်ပေးပုံ။** ဣဒံ ဣတ္ထန္နာမဿ ဒေမိ "(ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ဝိဿဇ္ဇာမိ)" ဟု ပါဠိလိုဖြစ်စေ၊ "ဤ ဥစ္စာကို ဤ မည်သောသူအား ငါပေး၏" စွန့်၏၊ လှူ၏ဟု မြန်မာလို (သို့မဟုတ်) အခြားဘာသာ တမျိုးမျိုးဖြင့်ဖြစ်စေ ပစ္စုပ္ပန်ကြိယာဖြင့် ပေးခဲ့သော်လည်းကောင်း ပေးသူဘက်က အပေးမြောက်တော့၏။

**အယူမြောက်အောင် ယူနည်း။** သာဓု ဘန္တေ မယှံ ဂဏှာမိ-ဟု ပါဠိလိုဖြစ်စေ၊ "ကောင်းပါပြီဘုရား၊ တပည့်တော်၏ ဥစ္စာပါတည်း။ ယူပါ၏၊ အလှူခံပါ၏" စသည်ဖြင့် မြန်မာလို (သို့မဟုတ်) အခြားဘာသာ တမျိုးမျိုးဖြင့် ပစ္စုပ္ပန်ကြိယာဖြင့် ခံယူလျှင် ယူသူဘက်က အယူမြောက်၏။

**အပေးသာမြောက်၍ အယူမမြောက်ပုံ။** (ပေးသူက) အထက်ပါနည်းအတိုင်း အပေးမြောက်အောင် ပေးသော်လည်း (ယူသူက) မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမိ၊ တပည့်တော်၏ ဥစ္စာပြုပါ၏၊ တပည့်တော်၏ ဥစ္စာဖြစ်ပါစေ၊ တပည့်တော်၏ဥစ္စာ ပြုပါအံ့။ ဤသို့ ပြောဆိုကာ ယူငြားအံ့၊ အပေးမြောက်သော်လည်း အယူမမြောက်။ (ပစ္စည်းကား- ပေးသူ့ဥစ္စာသာ ဖြစ်နေ၏။)

**အယူသာမြောက်၍ အပေးမမြောက်ပုံ။** (ပေးသူက) သာဓု ဘန္တေ မယှံ ဂဏှာမိ (ဟောတု-ဟောတိ) စသည်ဖြင့် ပေး၍ (ယူသူက) သာဓု ဘန္တေ မယှံ ဂဏှာမိ ကောင်းပါပြီဘုရား၊ တပည့်တော်၏ ဥစ္စာပါတည်း။ ယူပါ၏။ ဤသို့ စသည်ဖြင့် ပြောဆိုကာ ယူငြားအံ့၊ အပေးမတတ်၍ အပေးမမြောက်သော်လည်း အယူမြောက်အောင် ယူတတ်၍ အယူမြောက်တော့၏။ ထို့ကြောင့် ဥစ္စာကို ယူသူ ပိုင်၏။

**အပေးအယူ ၂-မျိုးလုံး မမြောက်ပုံ။** (ပေးသူက) တဝ သန္တကံ ကရောဟိ၊ (ဟောတု-ဟောတိ) ဖြင့် ပြောဆိုကာ ပေး၏။ (ယူသူက) မမ သန္တကံ ကရောမိ (ဟောတု-ကရိဿာမိ) ဖြင့် ပြောဆိုကာ ယူ၏၊ အပေးအယူ ၂-မျိုးလုံး မမြောက်၊ ဥစ္စာအား ပေးသူ့ဥစ္စာရှင် ပိုင်၏။

**အပေးအယူ** ၂-မျိုးလုံးမြောက်ပုံ။ (ပေးသူက)အပေးမြောက်သော ပေးနည်း
(သို့မဟုတ်) တုယှံ ဂဏှာဟိ၊ တုယှံ=သင့်
အား၊ ဝါ=သင်၏ ဥစ္စာတည်း။ ဂဏှာဟိ=ယူလော့-ဟု ပြောဆိုကာ ပေး
၏။ (ယူသူက) အယူမြောက်သောယူနည်း။ ဂဏှာမိ=ယူပါ၏ဟု ဆိုကာ
ယူ၏။ အပေးအယူ ၂-မျိုးလုံး မြောက်၏။ ဥစ္စာကား ယူသူ ပိုင်၏။

"ဣတ္ထန္နာမဿ ဒေဟိ=ဤအမည်ရှိသော ပုဂ္ဂိုလ်အား ပေးလိုက်ပါလော့" ဟု ပြောဆိုကာ ပေးအပ်သော ပစ္စည်းဝတ္ထုသည် ပေးရမည့် ပုဂ္ဂိုလ်၏လက်သို့ မရောက်သေးသမျှကာလပတ်လုံး အပေးခိုင်းသူ ပိုင်ဆိုင်သော ဥစ္စာသာ ဖြစ်၏။ ပေးရမည့်ပုဂ္ဂိုလ် မပိုင်ဆိုင်သေး။

"ဣတ္ထန္နာမဿ ဒမ္မိ=ဤအမည်ရှိသော ပုဂ္ဂိုလ်အား ပေးပါ၏"ဟု ပြောဆိုကာ ပေးအပ်သော ပစ္စည်းဝတ္ထုသည်ကား ပေးရမည့်ပုဂ္ဂိုလ် ပိုင်ဆိုင်သော ဥစ္စာဖြစ်၏။ အပေးခိုင်းသူ မပိုင်တော့ပါ။

**မှတ်ချက်။** ။"ဣတ္ထန္နာမဿ ဒေဟိ-ဤမည်သောသူအား ပေးလိုက်ပါလော့"-
ဟု ပြောဆိုကာ တစုံတယောက်သော ပုဂ္ဂိုလ်အား အပေးခိုင်းရာ
စေခိုင်းခြင်း အနက်ဖြစ်သော ပဥ္စမီဝိဘတ်ဖြင့် ပြောဆို အပ်သည်၏ အဖြစ်ကြောင့် အပေးခိုင်းအပ်သောသူက ပေးရမည့် ပုဂ္ဂိုလ်၏လက်သို့ ပေးပြီးမှသာ ပေးရမည့်ပုဂ္ဂိုလ် ပိုင်သော ဥစ္စာဖြစ်၏။ ပေးရမည့် ပုဂ္ဂိုလ်၏လက်သို့ မရောက်မချင်းကား အပေးခိုင်းသူ ပိုင်ဆိုင်၍ နေသေး၏ဟု မှတ်ပါ။

"ဣတ္ထန္နာမဿ ဒမ္မိ-ဤမည်သောသူအား ပေးပါ၏"ဟု ပြောဆိုကာ တစုံတယောက်သော ပုဂ္ဂိုလ်ကို အပေးခိုင်းရာ၌ကား ပစ္စုပ္ပန်အနက်၌ ဖြစ်သော ဝတ္တမာန်ဝိဘတ်ဖြင့် ပြောဆိုစေခိုင်းခြင်း ဖြစ်သောကြောင့် အပေးခိုင်းပြီးရာ ကာလ၌ပင် ပေးရမည့်ပုဂ္ဂိုလ် ပိုင်ဆိုင်၍ သွားတော့၏။ အပေးခိုင်းသူ မပိုင်တော့ပါ။

ထို့ကြောင့် "ပေးလိုက်ပါ" ဟု ပြောဆိုကာ အပေးခိုင်းလျှင် အပေးခိုင်းအပ်သူက ပေးရမည့်သူထံ မပေးသေးသမျှ အပေးခိုင်းသူ ပစ္စည်းရှင် ပုဂ္ဂိုလ်ကသာ ပိုင်ဆိုင်နေသေး၏။

အပေးခိုင်းအပ်သူက ပေးရမည့်သူအား ပေးပြီးမှသာ ပေးရမည့်သူ ပိုင်ဆိုင်၍ အပေးခိုင်းသူ ပစ္စည်းရှင် မပိုင်ဆိုင်ပဲ ရှိတော့၏ဟုမှတ်။

"ငါသည် ဤပစ္စည်းကို ဤမည်သောသူအား ပေးပါ၏၊သင်က ယူသွားကာ ပေးလိုက်ပါလော့" ဟု ပြောဆိုကာ စေခိုင်းလျှင်ကား အပေးခိုင်းပြီးသည်နှင့်တပြိုင်နက် ၎င်းပစ္စည်းသည် ပေးရမည့် သူ ပိုင်ဆိုင် သွားတော့၏။ အပေးခိုင်းသူ မပိုင်ဆိုင်တော့ချေ။

ကြားထဲက အပေးခိုင်းအပ်သော တမန်သည် ပုဂ္ဂိုလ်ကား (၂)နည်းလုံး၌ပင် ၎င်းပစ္စည်းကို ပိုင်ဆိုင်ခွင့်မရှိ။ သွားပေးရန်နှင့် မပျောက်ပျက် စေရန်စောင့်ရှောက်မှုသာ တာဝန်ရှိ၏။ ပေးပြီးလျှင်ကား တာဝန် ငြိမ်းတော့၏။

**လိုရင်းအတိုချုပ်မှာ—**

ပေးလိုက်ပါလော့—ဟု အာဏတ္တိဖြင့် ပြောဆိုစေခိုင်းက ပေးရမည့် သူ၏လက်ထဲသို့မရောက်မချင်း ပေးရမည့်သူ မပိုင်သေး၊ ပေးသူသာ ပိုင်နေသေး၏။

ဣတ္ထန္နာမဿ ဒေဟီတိ ဝိန္န ယာဝ ပရဿ ဟတ္ထံ န ပါပုဏာတိ တာဝ ယော ပဟိဏာတိ တဿေဝ သန္တကံ။

(ဝိနယသင်္ဂဟအဋ္ဌကထာ-၅၀။)

ပေးပါ၏-ဟု ပစ္စုပ္ပန်ကာလ ဝတ္တမာနဖြင့် ပြောဆိုကာ အပေး ခိုင်း မူကား အပေးမြောက်နေသဖြင့် ပေးရမည့်သူ ပိုင်သွားတော့၏ ဟူလို။

အထက်ပါဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့်—

(၁) ရဟန်းတပါးသည် ရဟန်းတပါး၏လက်၌ သင်္ကန်းကိုထား၍—

"ငါ့ရှင်၊ ဤသင်္ကန်းကို ဤမည်သောရဟန်းအား ပေးလိုက်ပါလော့" ဟု ပြောဆိုကာ အပေးခိုင်းလိုက်၏။

ထိုအပေး ခိုင်းအပ်သော ရဟန်းသည် လမ်းခရီးအကြား၌ စေလွှတ် (အပေးခိုင်းသူ) ရဟန်းနှင့် ချစ်ကျွမ်းဝင်သဖြင့်(မပေးပဲ) ယူထား၏။

ထိုရဟန်း၏ ယူထားခြင်းသည် (သုဂ္ဂဟိတ) ကောင်းစွာ ယူအပ်သည် မည်၏။ ထို အပေးခိုင်းအပ်သော ရဟန်းသည် ပေးရမည့် ရဟန်းနှင့် ချစ်ကျွမ်းဝင်သောအားဖြင့် ယူထားပြားအံ့၊ ထိုရဟန်း၏ ယူခြင်းသည် (ဒုဂ္ဂဟိတ)မကောင်းသဖြင့် ယူအပ်သည်မည်၏။

မှတ်ချက်။ ။အထက်ပါစကားရပ်၌—

(၁) အပေးခိုင်းသူဆိုသည်မှာ—စေခိုင်းသူပစ္စည်းရှင်ပုဂ္ဂိုလ်ကို ဆိုလိုသည်။

(၂) အပေးခိုင်းအပ်သူဆိုသည်မှာ—သွားပေးရမည့် ပုဂ္ဂိုလ်၊ သို့မဟုတ် လမ်းခရီးကြုံသဖြင့် ယူဆောင်သွားကာ သွား၍ ပေးရမည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။

(၃) ပေးရမည့်သူဆိုသည်မှာ— ပေးလိုက်သည့် ပစ္စည်းကို လက်ခံရရှိရမည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။

**ပစ္စည်းအပို့ခိုင်းလိုက်ရာ မပို့ပဲ ကြားဖြတ်၍**
**သုံးစွဲခြင်းနှင့် စပ်၍ သိမှတ်ဖွယ်များ။**

ဘုရားရှင်လက်ထက်တော် အခါတပါး အရှင်ရေဝတသည် (အရှင်သာရိပုတ္တရာ၏ ညီတော်) ရဟန်းတပါး၏ လက်၌ အပ်၍ ''ဤသင်္ကန်းကို အရှင်သာရိပုတ္တရာမထေရ်အား ဆက်ကပ်လိုက်ပါလော့''ဟု ပြောဆိုလျှောက်ထား၍ အရှင်သာရိပုတ္တရာ၏ အထံသို့ သင်္ကန်းကို အပို့ခိုင်းလိုက်၏။

ထိုအခါ အပို့ခိုင်းအပ်သော ထိုရဟန်းသည် အရှင်သာရိပုတ္တရာ၏ အထံသို့ မပို့ပဲ အပို့ခိုင်းသူ အရှင်ရေဝတနှင့် အကျွမ်းဝင်သဖြင့် လမ်းခရီးအကြား၌ ထိုသင်္ကန်းကို ယူထားလေ၏။

ထို့နောက် အရှင်ရေဝတသည် နောင်တော်ကြီးဖြစ်သူ အရှင်သာရိပုတ္တရာနှင့် ဆုံမိ၍—''အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားအထံသို့ သင်္ကန်း အပို့ခိုင်းခဲ့ပါသည်၊ ထိုသင်္ကန်း ကောင်းစွာ ရောက်ပါ၏လော''ဟု လျှောက်ထားမေးမြန်းလေ၏။

''ငါ့ရှင်၊ ငါသည် သင်အပို့ခိုင်းအပ်သော ထိုသင်္ကန်းကို မမြင်ရပါ၊(မရရှိပါ)''ဟု အမိန့်ရှိသဖြင့်—

အရှင်ရေဝတသည် စေလွှတ်အပ်သော ထိုရဟန်းကို ''ငါ့ရှင်၊ ငါသည် သင့်ိလက်၌ အပ်နှံ၍ အရှင်သာရိပုတ္တရာမထေရ်ထံသို့ သင်္ကန်းကို အပို့ခိုင်းခဲ့ပါ၏၊ ထိုသင်္ကန်းသည် အဘယ်မှာနည်း၊ အရှင်သာရိပုတ္တရာက သူ့ထံ မရောက်ဘူးဟု အမိန့်ရှိပါသည်''ဟု မေးမြန်းတော့မှ ''အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားနှင့် အကျွမ်းဝင်သဖြင့် ထိုသင်္ကန်းကို ယူထားလိုက်ပါသည်''ဟု ပြောဆိုလေ၏။

မြတ်စွာဘုရားအား ထိုအကြောင်းကို ရဟန်းများက လျှောက်ထားကြသဖြင့် ဤပစ္စည်းအပိုင်းမှုနှင့် စပ်၍ အဆုံးအဖြတ်ကို မိန့်ကြားဆုံးဖြတ်တော်မူခဲ့သည်။ အဆုံးအဖြတ်များမှာ အောက်ပါအတိုင်း ဖြစ်၏။

(၂) ရဟန်းတပါးသည် ရဟန်းတပါး၏ လက်၌ သင်္ကန်းကို အပ်၍ "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးလှူလိုက်ပါလော့" ဟု ပြောဆိုကာ သင်္ကန်းကို အပ်နိုင်း၏။

ထိုအပ်နိုင်းအပ်သော ရဟန်းသည် လမ်းခရီးအကြား၌ "အပေးခိုင်းသူ ရဟန်းသေ၏"ဟု ကြား၏။

ထိုအပ်နိုင်းအပ်သော ရဟန်းအား "အပေးခိုင်းသည့် သေသူ၏ ဥစ္စာဖြစ်သော သင်္ကန်းတည်း"ဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း။ ပေးရမည့် ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူလျှင်ကား မကောင်းသော ယူခြင်းတည်း။

**မှတ်ချက်။** ။သေသူ၏ ဥစ္စာ (မတသန္တက) ဖြစ်သော သင်္ကန်းတည်း- ဒုအဓိဋ္ဌာန်ပြုသည်ဆိုသည်မှာ မတကစီဝရ- သေသူ့ဥစ္စာဖြစ်သော သံဃိကသင်္ကန်းအဖြစ်ဖြင့် စိတ်ကိုဆောက်တည်ကာ မိမိကိုယ်ပိုင် ယူခြင်းကိုဆိုသည်။

အထက်ပါ အဆုံးအဖြတ်တော်၌ "ပေးလိုက်ပါလော့"ဟု အာဏတ္တိဖြင့် စေခိုင်းခြင်းကြောင့် သင်္ကန်းသည် သေသွားသည့် အပေးခိုင်းသော ရဟန်းသာ ပိုင်ဆိုင်နေသေးချိန်မှာ မတသန္တကသင်္ကန်းအဖြစ်ဖြင့် အဓိဋ္ဌာန်ကာ ယူခြင်းကြောင့် ကောင်းသော အဓိဋ္ဌာန်ခြင်းဟု ဘုရားရှင် မိန့်ကြားတော်မူခဲ့၏။

ပေးရမည့် ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူလျှင်ကား သူ့လက်ထဲသို့ မရောက်သေးသဖြင့် ပေးရမည့်ရဟန်း မပိုင်သေးသောကြောင့် မကောင်းသဖြင့် ယူခြင်းတည်းဟု ဘုရားရှင် ဆုံးဖြတ်တော်မူခဲ့၏။

နောက် လာလတ္တံ့အဆုံးအဖြတ်တို့၌လည်း အပေးခိုင်းသူ ရဟန်း၏

ဒေဟိ=ပေးလိုက်ပါလော့-ဟူသော အာဏတ္တိနှင့်၊

ဒမ္မိ=ပေးပါ၏-ဟူသော ပစ္စုပ္ပန်ကာလဝတ္တမာန်စကား ၂-မျိုးကို ကြည့်၍ အဆုံးအဖြတ်များကို သိပါလေ။

(၃) ရဟန်းတပါးသည် ရဟန်းတပါးအား "ငါ့ရှင်၊ ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးလှူလိုက်ပါလော့"ဟု ပြောဆိုကာ သင်္ကန်းကို ၎င်းရဟန်း၏ လက်၌ အပ်လိုက်၏။ ထိုအပ္ပိုခိုင်းအပ်သော ရဟန်းသည် လမ်းခရီးအကြား၌ သင်္ကန်းကို ပေးရမည့် ရဟန်း ပျံလွန်တော်မူ၏ဟု ကြားသဖြင့် ထိုစေလွှတ်အပ်သော ရဟန်းသည် ဤသင်္ကန်းကား သေသူ၏ ဥစ္စာဖြစ်သော သင်္ကန်းတည်းဟု အဓိဋ္ဌာန်ကာ ယူငြားအံ့၊ မကောင်းသော အဓိဋ္ဌာန်ပြုကာ ယူခြင်းတည်း။ အပ္ပိုခိုင်းသော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူငြားအံ့၊ ကောင်းသောယူခြင်းတည်း။

(၄) ရဟန်းတပါးသည် ရဟန်းတပါး၏ လက်၌ သင်္ကန်းကို ထား၍ "ငါ့ရှင်၊ ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးလှူလိုက်ပါလော့"ဟု ပြောဆိုကာ အပေးခိုင်းလိုက်၏။ စေလွှတ်အပ်သော ရဟန်းသည် လမ်းခရီးအကြား၌ သင်္ကန်းပေးလိုက်သူ၊ သင်္ကန်းကို ပေးရမည့်သူ ရဟန်း(၂)ပါးလုံး ပျံလွန်၏ဟု ကြား၏။

ထိုစေလွှတ်သော ရဟန်းသည် ဤသင်္ကန်းကား အပေးခိုင်းသူ သေသောရဟန်း၏ သင်္ကန်းတည်းဟု အဓိဋ္ဌာန်ကာ ယူငြားအံ့၊ ကောင်းသောအဓိဋ္ဌာန်ကာ ယူခြင်းတည်း။ သေသူပေးရမည့် ရဟန်း၏ သင်္ကန်းတည်းဟု အဓိဋ္ဌာန်ကာ ယူခဲ့မူကား မကောင်းသော အဓိဋ္ဌာန်ကာ ယူခြင်းတည်း။

(၅) ရဟန်းတပါးသည် ရဟန်းတပါး၏လက်၌ သင်္ကန်းကိုပေးအပ်ကာ "ဤသင်္ကန်းကို ဤမည်သောရဟန်းအား ပေးလှူပါ၏"ဟု ပြောဆို အပ္ပိုခိုင်းလိုက်၏။ (ပစ္စုပ္ပန်ဝတ္တမာန်ကို သတိပြု)။

အပ္ပိုခိုင်းလိုက်သော ရဟန်းက လမ်းခရီးအကြား၌ပင် အပ္ပိုခိုင်းသည့် ရဟန်းနှင့်အကျွမ်းဝင်သောအားဖြင့် မပေးပဲ ယူထားငြားအံ့၊ မကောင်းသဖြင့် ယူခြင်းတည်း။ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သောအားဖြင့် ယူထားလျှင်ကား ကောင်းသောယူခြင်းတည်း။ (ပေးရမည့်ရဟန်း ပိုင်နေသောကြောင့်ဖြစ်သည်။)

(၆) ရဟန်းတပါးသည် ရဟန်းတပါး၏လက်၌ သင်္ကန်းကိုပေးအပ်ကာ "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးလှူပါ၏"ဟု ပြောဆိုကာ သင်္ကန်းကို အပ္ပိုခိုင်းလိုက်၏။

ထိုစေလွှတ်အပ်သော ရဟန်းသည် လမ်းခရီးအကြား၌ အပို ခိုင်းသည့်ရဟန်း ပျံလွန်၏ဟု ကြားသဖြင့် ထိုအပ်ခိုင်းသူ သေသော ရဟန်း၏သက်န်းတည်းဟု အဓိဋ္ဌာန်ကာ ယူငြားအံ့၊ မကောင်းသော အဓိဋ္ဌာန်ကာ ယူခြင်းတည်း။ ထိုသက်န်းကို ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သောအားဖြင့် ယူငြားအံ့၊ ကောင်းသောယူခြင်းတည်း။

(၇) ရဟန်းတပါးသည် ရဟန်းတပါး၏လက်၌ သင်္ကန်းကို ပေးအပ်ကာ "ဤသင်္ကန်းကို ဤမည်သောရဟန်းအား ပေးလှူပါ၏" ဟု ပြောဆိုပြီးလျှင် အပ်ခိုင်းလိုက်၏။

ထိုစေလွှတ်အပ်သော ရဟန်းသည် လမ်းခရီးအကြား၌ သင်္ကန်းကို ပေးရမည့်ရဟန်း ပျံလွန်၏ဟုကြား၏။ ထိုသင်္ကန်းကို ပေးရမည့် သေသောရဟန်း၏ သင်္ကန်းတည်းဟု အဓိဋ္ဌာန်ကာ ပြု၏။ ကောင်းသော အဓိဋ္ဌာန်ကာ ယူခြင်းတည်း။ အပ်ခိုင်းသော ရဟန်းနှင့် အကျွမ်းဝင်သောအားဖြင့် ယူငြားအံ့၊ မကောင်းသဖြင့် ယူခြင်း တည်း။

(၈) ရဟန်းတပါးသည် ရဟန်းတပါးအား "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးလှူပါ၏" ဟု ပြောဆိုကာ သင်္ကန်းကို အပ်ခိုင်း လိုက်၏။

ထိုစေလွှတ်အပ်သော ရဟန်းသည် လမ်းခရီးအကြား၌ အပေး ခိုင်းသော ရဟန်းနှင့် ပေးရမည့်ရဟန်း၊ ကိုယ်တော်(၂)ပါးလုံး ပျံလွန်၏ဟု ကြား၏။

အပေးခိုင်းသူ သေသောရဟန်း၏ သင်္ကန်းတည်းဟု အဓိဋ္ဌာန် ကာ ယူငြားအံ့၊ မကောင်းသော အဓိဋ္ဌာန်ကာ ယူခြင်းတည်း။ ပေး ရမည့် သေသူရဟန်း၏ သင်္ကန်းတည်းဟု အဓိဋ္ဌာန်ကာ ယူငြားအံ့၊ ကောင်းသောအဓိဋ္ဌာန်ကာ ယူခြင်းတည်း။

ရဟန်းများ ပေးပြီးပစ္စည်းကို စိတ်ဆိုး၍ ပြန်မယူကောင်း

ရဟန်းများသည် တစုံတယောက်သောသူအား တစုံတခုသော ပစ္စည်းကို စွန့်လွှတ်ကာ အပိုင်ပေးပြီးနောက် အကြောင်းတစုံတရာကြောင့် စိတ်ဆိုးပြီး လျှင် ပြန်မယူကောင်း၊ ပြန်ယူလျှင် ဘဏ္ဍာ၏တန်ဖိုးအလိုက် အာပတ်ဖြင့် ဆုံး ဖြတ်အပ်၏။

တစုံတယောက်သောပုဂ္ဂိုလ်အား မိမိပေးပြီးဖြစ်သော သင်္ကန်းကို မိမိဥစ္စာဟူသော အမှတ်သညာဖြင့် လုယူခဲ့သော် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

သင်္ကန်းမှတပါး အခြားသော ပရိက္ခရာကို အယုတ်ဆုံး အပ်ကိုပင် မိမိဥစ္စာဟူသော အမှတ်သညာဖြင့် လုယူငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

အကယ်၍ "ဤသင်္ကန်းသည် အရှင်ဘုရားတို့အား လျောက်ပတ်ပါ၏"ဟု ပြောဆို၍ သူ့ဘာသာ သူပေးလျှင်ကား ပြန်ယူကောင်း၏။

**စိတ်ဆိုး၍ ပြန်ပေးလျှင် ယူကောင်း-မယူကောင်း**

ရဟန်းတပါးသည် တစုံတယောက်သောပုဂ္ဂိုလ်ကို ငါ့ရှင်၊ ငါတို့သည် သင့်အား—

အကယ်၍ ဝတ်ကြီးဝတ်ငယ်ကို ပြုအံ့၊
ငါ့ထံမှာ ဥပဇ္ဈာယ်ယူ၍ နေပါအံ့၊
ငါ့ထံမှာ စာသင်၍ နေပါအံ့၊

သင်္ကန်းပေးမည်ဟု ပြောဆိုကာ သင်္ကန်းပေးပြီးလျှင် နောက်အခါ ဝတ်ကြီးဝတ်ငယ် မပြုသဖြင့်၊ ဥပဇ္ဈာယ်ယူကာ မနေသဖြင့်၊ စာသင်၍မနေသဖြင့် သင်ငါပြောသည့်အတိုင်း—

ယခုအခါ၌—ဝတ်ကြီးဝတ်ငယ် မပြုခဲ့၊
ဥပဇ္ဈာယ်ယူ၍ မနေခဲ့၊
စာသင်၍ မနေခဲ့၊

သင်ဟာ ငါ့စကားကို နားမထောင်ခဲ့-ဟု ပြောဆိုရာ "အရှင်ဘုရား အရှင်ဘုရားသည် သင်္ကန်းအကျိုးငှာ (အရှင်ဘုရားပေးထားသည့် သင်္ကန်းအတွက်) ပြောနေတာလား၊ ဤသင်္ကန်းသည် အရှင်ဘုရားပေးထားသည့် သင်္ကန်းတည်းဟု ပြောဆိုကာ စိတ်ဆိုးသဖြင့် ပြန်ပေးငြားအံ့၊ စိတ်ဆိုး၍ ပြန်ပေးသော်လည်း ပြန်၍ယူကောင်း၏။

အထက်ပါအတိုင်းပင် ပြောဆိုကာ သပိတ်-သင်္ကန်းတို့ကို ပေးကမ်းချီးမြှောက် ထောက်ပံ့ထားသော ရဟန်း-သာမဏေငယ်တို့သည် အရပ်တပါးသို့ သွားကြကုန်သည်ရှိသော် မသွားကြနှင့် ပြန်လာခဲ့ကြ-ဟု ပြောဆိုရာ ရဟန်း

ယ်-သာမဏေငယ်တို့သည် တားမြစ်၍မရပဲ သွားကြရာ သင်္ကန်းများကို ပြန်ယူ၍သာ တားမြစ်ကြကုန်လော့-ဟု ပြောဆိုကာ ပြန်အခေါ်ခိုင်း၍ အကယ်၍ ပြန်သာငြားအံ့ကောင်း၏။

"အရှင်ဘုရားတို့သည် ပေးထားသည့် သပိတ်-သင်္ကန်းအကျိုးငှာ ပြောဆိုကြယောင်တကား၊ ထိုအရှင်ဘုရားပေးထားသည့် သပိတ်သင်္ကန်းတို့ကို ပြန်ယူပါကုန်လော့"ဟု ပြောဆိုကြကာ စိတ်ဆိုးကာ ပြန်၍ပေးကုန်ငြားအံ့၊ စိတ်ဆိုး၍ပြန်ပေးသော်လည်း ပြန်ယူကောင်း၏။

သို့မဟုတ် လူထွက်သွားသည်ကိုသိမြင်၍ "ငါတို့သည် သင့်အား ဝတ်ကြီးဝတ်ငယ်ပြုစုလိမ့်မည်ဟု အောက်မေ့ကာ သပိတ်-သင်္ကန်းတို့ကို ပေးခဲ့ကုန်၏။ သင်ကား ယခုအခါ လူထွက်၍ လှည့်လည်သွား လာနေခဲ့ဘိ၏"ဟု ပြစ်တင်ပြောဆို၏။

ရဟန်းလူထွက် မောင်ရင်လူထွက်ဖြစ်သူသည် "အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းကို ပြန်၍ယူပါကုန်လော့"ဟု လျှောက်ဆိုကာ ပြန်ပေးခဲ့သော် ပြန်၍ယူကောင်း၏။

ရဟန်းတပါးသည် ပုဂ္ဂိုလ်တယောက်ယောက်ကို—

၁။ ငါ့ထံ၌ ဥပဇ္ဈာယ်ယူသူအားသာလျှင် ပေး၏၊
သူများထံ၌ ဥပဇ္ဈာယ်ယူသူအား မပေး။

၂။ ဝတ်ကြီးဝတ်ငယ်ပြုသူအားသာလျှင် ပေး၏၊
ဝတ်ကြီးဝတ်ငယ်မပြုသူအား မပေး။

၃။ စာပေသင်ကြားသူအားသာ ပေး၏၊
စာပေမသင်ကြားတဲ့သူအား မပေး။

၄။ လူမထွက်မည့်သူအားသာ ပေး၏၊
လူထွက်မည့်သူအား မပေး-

ဟု ပြောဆိုရှိမူကား သပိတ်သင်္ကန်းစသော ပစ္စည်းများကို မပေးကောင်း။

ထိုသို့ပြောဆို၍ပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။

မိမိပြောဆိုထားသည့်အတိုင်း မလိုက်နာသည်ရှိသော်ကား ပေးပြီးပစ္စည်းကို ပြန်တောင်းကောင်း၏။

**မှတ်ချက်။** ။ရှေးပေး၊စဉ်အခါတုန်းက လိုက်နာပြုကျင့်မှသာ ပေး၏၊ မလိုက်နာ မပြုကျင့်ခဲ့သော် မပေး-ဟု ပြောဆိုခဲ့သောကြောင့် ဥပဇ္ဈာယ်ယူခြင်းစသည်ကို မပြုလျှင် ပေးသူဆရာရဟန်း၏သာလျှင် ဥစ္စာဖြစ်၍ ပြန်တောင်းကောင်း၏ဟု အဋ္ဌကထာက ဆိုသည်။

ဥပဇ္ဈာယ်ယူခြင်းစသည်ကို 'ပြုခဲ့လျှင်ကား ပေးအပ်သူဘာပသို့၏ ပိုင်ဆိုင်သော ဥစ္စာဖြစ်ရာ၏။ ဒါပေမယ့် အပြီးအပြတ် လွှတ်လွှတ်ပေးထားသည် မဟုတ်၍ သက်သညာရှိနေသေးသောကြောင့် ပြန်တောင်းကောင်း၏ဟု ဖွင့်ဆို အပ်သည်ဖြစ်ရာ၏။

(ဋီကာ၀၁၁) သာရတ္ထဋီကာ၌ကား—ဤသို့ ပြောဆိုကာပေးခြင်းမျိုးသည် အခစားအနေဖြင့် ပေးသည်နှင့် တူနေသောကြောင့် ပြန်တောင်းကောင်း ၏ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုဟန်တူ၏ဟု ဖွင့်ဆို၏။

သို့သော် အခစားအနေပေးသည်နှင့် တူသော်လည်း ဥပဇ္ဈာယ်ယူခြင်း စသော အမှုကို ပြုခဲ့လျှင်ကား အခ-ရသင့် ရထိုက်သည့်အတွက်ကြောင့် ပြန်တောင်းကောင်း၏ဟု ဝိမတိဝိနောဒနီ ဋီကာဆရာမိန့်ဆို၏။

ထို့ကြောင့် ဥပဇ္ဈာယ်ယူမှု စသည်ကိုပြုခဲ့လျှင် ပြန်မတောင်းတောင်း ဟု ဗျတိရေကနည်းအားဖြင့် အဓိပ္ပာယ်ယူရ၏။

သာမဏေဘ၀တုန်းက ပေးထားပြီးလျှင် နောင်အခါ ၎င်းသာမဏေ ရဟန်းဖြစ်ပြီးမှ သကသညာဖြင့် လုယူသော်လည်း ပါစိတ်အာပတ်သင့်၏။

လွှတ်လွှတ်စွန့်ကာပေးပြီးဥစ္စာများကို အတင်းတဓမ္မပြန်၍ လုယက်ယူငင် လျှင်ကား ဘဏ္ဍာ၏တန်ဖိုးဖြင့် အာပတ်ကို ဆုံးဖြတ်ရမည်။

ဤကား ရှေးဦးစွာ ပေးခြင်းနှင့်စပ်၍ သိမှတ်ဖွယ်ရာအဓိပ္ပာယ် အဆုံး အဖြတ်များတည်း။

## ဝိဿာသဂ္ဂါဟ(အကျွမ်းဝင်၍ယူခြင်း)၏ လက္ခဏာများ

ဝိဿာသဂ္ဂါဟ- အကျွမ်းဝင်၍ယူခြင်း၏လက္ခဏာကို ဤဆိုအပ်လတ္တံ့သော ပါဠိတော်ဖြင့် သိအပ်၏။

ပါဠိတော်ကား—

အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂဟေတုံ သန္ဒိဋ္ဌော စ ဟောတိ၊သမ္ဘတ္တော စ,အာလပိတော စ,ဇီဝတိစ,ဂဟိတေစ အတ္တမနော ဟောတိ။

ရဟန်းတို့၊ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောရဟန်းအား အကျွမ်းဝင်သော အားဖြင့် ယူခြင်းငှာ ခွင့်ပြုတော်မူ၏၊

၁။ သန္ဒိဋ္ဌ=မြင်ဖူးကာမျှဖြစ်သော မိတ်ဆွေသော်လည်း ဖြစ်ခြင်း၊

၂။ သမ္ဘတ္တ=အတူနေ အတူစား၊ အလွန်ရင်းနှီးသော မိတ်ဆွေသော်လည်း ဖြစ်ခြင်း။

၃။ အာလပိတ=အလိုရှိလျှင် ငါ့ပစ္စည်းကို ဘာမဆိုယူပါဟု ပြောဆို ဖိတ်မန်ထားသူလည်း ဖြစ်ခြင်း။

၄။ ဇီဝတိ=အသက်ရှင်ဆဲလည်း ဖြစ်ခြင်း၊

၅။ ဂဟိတေ အတ္တမန=သူ့ပစ္စည်းကို ငါယူသည်ရှိသော် နှစ်သက်ဝမ်း မြောက်မှု ဖြစ်လတ္တံ့ဟုလည်း သိခြင်း၊

ဤ အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသောရဟန်းအား အကျွမ်းဝင်သဖြင့် ယူခြင်း ငှာ ငါဘုရားခွင့်ပြုတော်မူ၏။ဝိဿာသဂ္ဂါဟ လက္ခဏာများကို ဝိနည်းမဟာဝါ ပါဠိတော် ၄၁၁-၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့၏။

ထိုဝိဿာသဂ္ဂါဟ-လက္ခဏာ ၅-ပါးတို့တွင်—

၁။ သန္ဒိဋ္ဌမိတ်ဆွေဆိုသည်မှာ— အကျွမ်းတော့ သိပ်မဝင်၊ မြင်ဖူးတွေ့ဖူး သော မိတ်ဆွေမျိုးတည်း။

၂။ သမ္ဘတ္တမိတ်ဆွေဆိုသည်မှာ— အတူနေ အတူစား ခိုင်မြဲသော ရင်းနှီး သော မိတ်ဆွေမျိုးတည်း။

၃။ အာလပိတဆိုသည်မှာ—"ငါ့ဉစ္စာကို သင်ကြိုက်နှစ်သက်ရာ ပစ္စည်း အချိန်မရွေးယူပါ၊ ငါ့ကို ပြောနေစရာမလိုပါ"ဟု ပြောဆိုဖိတ်ကြား ထားသူဖြစ်ခြင်းတည်း။

၄။ ဇီဝိတဆိုသည်မှာ–ဥစ္စာရှင်က အသက်ရှင်ဆဲဖြစ်ခြင်း၊ အယုတ်ဆုံး အားဖြင့် သေရာညောင်စောင်း၌ မထသောအိပ်ခြင်းဖြင့်အိပ်သူ(သေ ခါနီးဖြစ်သူ)ပင်ဖြစ်သော်လည်း အသက်ရှင်နေဆဲဖြစ်သော ပုဂ္ဂိုလ် တည်း။

၅။ ဂဟိတေ အတ္တမနဆိုသည်မှာ– မိမိက သူ့ပစ္စည်းကိုယူလျှင် ဥစ္စာရှင်က နှစ်သက်ဝမ်းမြောက်သောစိတ်ရှိခြင်းတည်း။

ဤသို့ အထက်ပါ ဆိုခဲ့ပြီးသော သဘောရှိသော ပုဂ္ဂိုလ်၏ဥစ္စာကို ငါယူ သည်ရှိသော် နှစ်သက် ဝမ်းမြောက် ကျေနပ်သော စိတ်ရှိသည်ဖြစ်လတ္တံ့-ဟု သိသောပုဂ္ဂိုလ်သည် (ဝိဿာသဂ္ဂါဟ) အကျွမ်းဝင်သဖြင့် ယူခြင်းငှာ အပ်၏၊ ယူကောင်း၏။

ဤသို့ ပြဆိုခဲ့ပြီးသော ဝိဿာသဂ္ဂါဟ အင်္ဂါ ၅-ပါးတို့ကို အကြွင်းအကျန် မရှိ ယူခြင်း၏ အစွမ်းအားဖြင့်သာ ဟောကြားထားတော်မူခြင်း ဖြစ်သည်။ (အလွန်ဆုံးနည်းဖြင့် ဟောထားခြင်းဖြစ်သည်-ဟူလို၊)

ဝိဿာသဂ္ဂါဟ=ယူခြင်းသည် အင်္ဂါ ၃-ပါးဖြင့်ပင် မြောက်၏ဟု မှတ်ရ မည်။ အင်္ဂါ ၃-ပါးတို့ကား–

၁။ သန္ဒိဋ္ဌ=မြင်ဖူးသော မိတ်ဆွေဖြစ်ခြင်း၊
၂။ ဇီဝတိ=အသက်ရှင်ဆဲပုဂ္ဂိုလ်ဖြစ်ခြင်း၊
၃။ ဂဟိတေ အတ္တမန=မိမိကယူလျှင် နှစ်သက်ဝမ်းမြောက်ခြင်း။

ဤအင်္ဂါ ၃-ပါးဖြင့်လည်း အယူမြောက်၏။

(တနည်း)–

၁။ သမ္ဘတ္တ=အတူနေ အတူစား ရင်းနှီးသောမိတ်ဆွေ ဖြစ်ခြင်း၊
၂။ ဇီဝတိ=ဥစ္စာရှင်က အသက်ရှင်ဆဲဖြစ်ခြင်း၊
၃။ ဂဟိတေ အတ္တမန=မိမိကယူလျှင် နှစ်သက်ကျေနပ်ခြင်း။

ဤ အင်္ဂါ ၃-ပါးနှင့်ညီလျှင်လည်း အယူမြောက်၏။

(တနည်းလည်း)—

၁။ အာလပိတ=ငါ့ဥစ္စာကို သင်ကြိုက်ရာ အချိန်မရွေး ယူနိုင်သည်။ ငါ့ကို ပြောဆိုပန်ကြားနေဖွယ် မလိုပါ-ဟု ပြောဆို ဖိတ်ကြားထားခဲ့ဖူးသူဖြစ်ခြင်း၊

၂။ ဇီဝတိ=ဥစ္စာရှင် ရဟန်းက အသက်ရှင်နေဆဲဖြစ်ခြင်း၊

၃။ ဂဟိတေ အတ္တမန=မိမိက ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့်ယူလျှင် ဥစ္စာရှင်ရဟန်းက နှစ်သက်ကျေနပ်သူဖြစ်ခြင်း။

ဤ အင်္ဂါ ၃-ချက်နှင့်ညီလျှင်လည်း ဝိဿာသဂ္ဂါဟ=ယူမှုမြောက်၏။

**ဝိဿာသဂ္ဂါဟယူရာ၌ အထူးသတိထားရန် အချက်များ**

၁။ ဥစ္စာရှင်ရဟန်း သေလွန်ပြီးကာမှ ဝိဿာသဂ္ဂါဟအနေဖြင့် ယူခဲ့လျှင်ဖြစ်စေ၊

၂။ ဥစ္စာရှင်ရဟန်းက အသက်ရှင်နေဆဲပင် ဖြစ်သော်လည်း ယူသူက ဝိဿာသဂ္ဂါဟယူသောအခါ၌ နှစ်သက်ကျေနပ်မှု မရှိခဲ့လျှင်ဖြစ်စေ ထိုသို့ယူခြင်းသည် ဝိဿာသဂ္ဂါဟ အယူမမြောက်သောကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား "ပြန်၍ပေးရမည်။"

**သက်ဆိုင်ရာပုဂ္ဂိုလ်များအား ပြန်၍ပေးရမည့်**
**နည်းလမ်းများ**

(၁)နံပါတ်ဖြစ်သော ဥစ္စာရှင် သေလွန်ပြီးကာမှ ဝိဿာဂ္ဂါဟဖြင့် ယူသောပစ္စည်းများကို သေသူ၏ မတာကဥစ္စာကို ပိုင်ဆိုင် အစိုးရထိုက်ကုန်သော လူ၊ ရှင်၊ ရဟန်းတို့အား ပြန်၍ ပေးရမည်။

(၂)နံပါတ်ဖြစ်သော အသက်ရှင်ဆဲ၌ ဥစ္စာရှင်ရဟန်းက မကျေနပ်ပဲ ယူသော ဥစ္စာကိုကား ပိုင်ရှင်အားသာ ပြန်၍ပေးရမည်။

**ပြန်၍ပေးပုံ အကျယ်မှတ်ရန်မှာ**—"သေသူ၏ မတာကဥစ္စာကို ပိုင်ဆိုင် အစိုးရသူ လူ၊ ရှင်၊ ရဟန်းတို့အား ပြန်၍ ပေးရမည်"ဟူသော အထက်ပါစကားရပ်၌ အဘယ်သို့သောလူ၊ အဘယ်သို့သော ရှင်ရဟန်းတို့သည် အဘယ်သို့သော အကြောင်းကြောင့် ပိုင်ဆိုင်ထိုက်၊ အစိုးရထိုက်ပါကုန်သနည်း-ဟု မေးထိုက်၏။

(အဖြေကား)–

၁။ ဂိလာနုပဋ္ဌာက၊

၂။ ကြွေးမြီ ရစရာရှိသူ၊

၃။ ရည်မှတ် ပိုင်းခြား၍ ပေးထားခဲ့သူ။

ဤပုဂ္ဂိုလ် ၃-မျိုးတို့သည် မိမိတို့၏ ပိုင်ဆိုင်ထိုက်သော အဖို့အစုကို ပိုင်ဆိုင်ကြကုန်၏။ အကြွင်းကိုသာ သံဃာက ဝေဖန်ယူရ၏။

ဆက်၍ ပြပါဦးအံ့–

၁။ သေသောရဟန်း၏ မကျန်းမမာ ဖျားနာနေစဉ်အခါ၌ လုပ်ကျွေးပြုစု စောင့်ရှောက်ခဲ့သော ဂိလာနုပဋ္ဌာကဖြစ်သော လူ၊ ရှင်၊ ရဟန်းတို့သည် ဂိလာနုပဋ္ဌာကအဖို့ကို ပိုင်ဆိုင်အစိုးရ၏။

၂။ ထိုမှတပါး သေဆုံးသူ ရဟန်းအထံမှ ကြွေးမြီ အချေးအငှား ပြုလုပ်ထားသဖြင့် ရစရာရှိသော ရဟန်း၊ ရှင်၊ လူ မည်သူမဆို ကြွေးရှင်ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ ရစရာရှိသော ကြွေးမြီပမာဏအတိုင်း ပိုင်ဆိုင် အစိုးရကြကုန်၏။

၃။ ထိုမှတပါး သေဆုံးသူရဟန်းက မသေမီကပင် သူ၏ မိတ္တစသူများအတွက် သတ်မှတ်ပိုင်းခြားကာ ရည်မှန်း ပြောကြားထားခဲ့သော ဥစ္စာများကို ၎င်း၏မိတ္တစသူများ ပိုင်ဆိုင် အစိုးရကြကုန်၏။

ထို့ကြောင့် သေဆုံးသူရဟန်း၏ မတသန္တက ပစ္စည်းဥစ္စာတို့မှ အဝေဘာဂိယ ဂရုဘဏ်ပစ္စည်းများကို ချန်ထား၍ အခြားပစ္စည်းများကို–

၁။ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်၊

၂။ ကြွေးမြီ ရစရာရှိသူ၊

၃။ မိတ္တတို့အတွက် ဟု ပိုင်းခြား သတ်မှတ်၍ ထားခဲ့သော ဥစ္စာရှိခဲ့လျှင် ၎င်းမိတ္တများ။ ဤပုဂ္ဂိုလ် (၃)ဦးတို့သည် သေဆုံးသူရဟန်း၏ မတကဥစ္စာကို ထိုက်သင့်သလို သူတို့အဖို့ ဘာဂကို ပြန်၍ပေးရမည်။

ဤကား အကျယ်မှတ်ရန်တည်း။

မှတ်ချက်။ ။မတကာ ဥစ္စာအားလုံးသည် သံဃိကဖြစ်သော်လည်း သူတို့ ပိုင်ဆိုင်ထိုက်သော အဖိုးကိုကား သံဃဥစ္စာထဲမှပင် သံဃာအား ပန်ကြားပြီး ပေးရမည်။

သမ္ဗဟ္ဓေတံ သံဃာဘာဝ လဗ္ဘတိ။

(မဟာဝါ-၄၊ မတသန္တကခန်း။)

သေသောမဟုတ်လိုက အခြားသူတို့အား မပေးခဲ့သဖြင့်လည်းကောင်း၊ ဝိဿာသဂ္ဂါဟဖြင့် တစုံတယောက်က မယူလိုက်သဖြင့်လည်းကောင်း သံဃိက ဖြစ်သွားသော မတသန္တက ဥစ္စာထဲမှ—

၁။ အခြားကျောင်း၌ ထားသည့် မတသန္တကကို ပိုင်ဆိုင်ထိုက်သူ

အခြား အဝေးဖြစ်သောကျောင်း၊ ကျောင်းတိုက်တို့၌ ထားသော မတသန္တက ဥစ္စာကို ထိုထိုကျောင်း၊ ကျောင်းတိုက်ရှိ သံဃာသာ ပိုင်ဆိုင်၏။

၂။ ရွာထဲ တော၌ထဲရှိ မတသန္တကကို ပိုင်ဆိုင်ထိုက်သူ

ရွာထဲ တောထဲ၌ တည်ရှိနေသော မတသန္တက ဥစ္စာကို စတုဒ္ဒိသာသံဃာ ပိုင်ဆိုင်၏။

အညေသံ အဒတွာ ဒူရေ ထပိတပရိက္ခာရာပိ၊ တတ္ထတတ္ထ သံဃဿေဝ (သန္တကာနိ) ဟောန္တိ။

(မဟာဝါ-၄။)

သစေ ဂါမေ ဝါ အရညေ ဝါ ထပိတာ ဟောန္တိ၊ သကလော သံဃော ဣဿရော၊ ကသ္မာ သံဃဿေဝ ဒါယဇ္ဇဘာဝတော။

(မဟာဝါ-၄။)

ဤသို့ အရပ်ဒေသအားဖြင့်လည်း မတသန္တကပိုင်ဆိုင်သူကိုလည်း ခွဲခြား၍ သိပါလေ။

**ပိုင်ထိုင်ထိုက်သူများကို ပေးပြီးနောက် ကျန်ပစ္စည်းများ**

ဂရုဘဏ်ပစ္စည်းများနှင့် ပေးပြီး၍ ကြွင်းကျန်သေးသော လဟုဘဏ်ပစ္စည်းတို့ကား "မတသန္တက-သံဃိက ဥစ္စာ" များဖြစ်ကုန်၏။ ၎င်းပစ္စည်းများ ဝေဖန်ပုံကို ပစ္စည်းတောင်းခန်း၌ ကြည့်ပါ။

**မတသန္တကပစ္စည်းကို အလိုလိုပိုင်ဆိုင်ထိုက်သူများ**

သီတင်းသုံးဘော် (၅)ယောက်တို့တွင်-

၁။ ရဟန်း, သာမဏေ သေဆုံးခဲ့သော် ၎င်း၏ဥစ္စာကို ရဟန်း, သာမဏေများသာ အလိုလို ပိုင်ဆိုင်၏။ ဘိက္ခုနီ, သာမဏေမ, သိက္ခမာန်မတို့က ပိုင်ဆိုင်ခွင့်မရှိ။

၂။ ဘိက္ခုနီမ, သာမဏေမ, သိက္ခမာန်မ- တယောက်ယောက် သေဆုံးသွားခဲ့သော် ၎င်း၏ဥစ္စာကို ဘိက္ခုနီ, သာမဏေမ, သိက္ခမာန်မ တို့သာ အလိုလို ပိုင်ဆိုင်၏။ ရဟန်း, သာမဏေတို့က ပိုင်ဆိုင်ခွင့်မရှိ။

ဤကား မတသန္တကပစ္စည်း အလိုလိုပိုင်ဆိုင်မှုစည်းကမ်းတည်း။

**သေမှ ယူဖို့ပေးလျှင် အပေးမမြောက်**

၁။ ရဟန်းယောကျ်ား၊

၂။ ရဟန်းမ၊

၃။ သာမဏေ၊

၄။ သာမဏေမ၊

၅။ သိက္ခမာန်မ။

ဤသီတင်းသုံးဘော်(၅)ယောက်တို့တွင် တယောက်ယောက်သော ပုဂ္ဂိုလ်သည်—

"တပည့်တော်သေလျှင် တပည့်တော်၏ပစ္စည်းပရိက္ခရာကို ဤမည်သောသူအတွက် ဖြစ်ပါစေ၊ ဤမည်သောသူအား ပေးလှူပါ၏။" ဤသို့ပြောဆိုလျက် သီတင်းသုံးဘော် (၅)ယောက်တို့တွင် တယောက်ယောက်ကို လည်းကောင်း၊ မိဘ၊ တပည့် ဒါယကာ ဒါယိကာမ လူဝတ်ကြောင်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း သေသည့်အခါကျမှ ယူဖို့ရန် ပေးစွန့်လှူဒါန်းလျှင် အလှူမမြောက်၊ အပေး

အစွန့်မပြောက်ဟု မှတ်ပါ၊ အကြောင်းကား- အပေးမပြောက်သည့် အတွက် သေသည်နှင့်တပြိုင်နက် သံဃိကဖြစ်သွားသောကြောင့်ပေတည်း။

ၚင်းသေသူ့ဥစ္စာသည် မတသန္တက-သံဃိက်သာ ဖြစ်ရစ်၏။

သစေ ဟိ ပဥ္စသု သဟဓမ္မိကေသု ယောကောစိ ကာလံ ကရောန္တော "မမစ္စယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု၊ သဒ္ဓိဝိဟာရိကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿ ဝါ ယဿကဿစိ ဟောတု" တိ ဝဒတိ၊ တေသံ န ဟောတိ၊ သံဃဿေဝ ဟောတိ၊န ဟိ ပဉ္စန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရူဟတိ၊ ဂိဟီနံ ပန ရူဟတိ။

ဘိက္ခု ဟိ ဘိက္ခုနိဝိဟာရေ ကာလံ ကရောတိ၊ တဿ ပရိက္ခာရော ဘိက္ခုနံယေဝ ဟောတိ။

ဘိက္ခုနီ ဘိက္ခုဝိဟာရေ ကာလံကရောတိ၊ တဿာ ပရိက္ခာရော ဘိက္ခုနီနံယေဝ ဟောတိ။

(ဝိ၊ ၄၊ ၃၊ ၁၃၀။)

## မတသန္တက (၃) မျိုးနှင့် အမွေခံ (၃)မျိုး

(၁) တိစီဝရိက်နှင့် သပိတ်........
အမွေခံပုဂ္ဂိုလ်မှာ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်။

(၂) ဝေဖန်ကောင်းသော လဟုဘဏ်ပစ္စည်းများ........
အမွေခံပုဂ္ဂိုလ်မှာ သမ္မုခီဘူတသံဃာ (ကျောင်း တိုက် တွင်း ရှိ သံဃာ)။

(၃) မဝေဖန်ကောင်းသော ဂရုဘဏ်ပစ္စည်းများ........
အမွေခံပုဂ္ဂိုလ်မှာ အာဂတာနာဂတစတုဒ္ဒိသာ သံဃာ၊

၃-နံပါတ်ပစ္စည်းမျိုးများကို ခွဲခြမ်းဝေဖန်၍ မယူကောင်း၊ ရောက်ရာကျောင်း၌ သံဃိကအဖြစ်သာ သုံးစွဲကောင်းသည်။

သမ္မုခီဘူတေနာတိ အန္တောဥပစာရသီမာယံ ဌိတေန။

(မဟာဝါ—ဋ္ဌကထာ။)

## သာသနာ့ဝင်ပုဂ္ဂိုလ်နှင့်လူ ခြားနားချက်

လူပုဂ္ဂိုလ်များသည်ကား- "သေလျှင် ငါ့ဥစ္စာကို ဤမည်သော သူအား ပေးပါ၏"ဟု ပြောဆို၍ သေသည့်အခါကျမှယူရန် ပေးခြင်း၊ လှူခြင်းသည် သားသမီး ဆွေမျိုးစသော လူဝတ်ကြောင်ပုဂ္ဂိုလ်များအား ပေးသည်ဖြစ်စေ၊ ရဟန်း-သာမဏေစသော သာသနာ့ဝင်ပုဂ္ဂိုလ်များအား လှူဒါန်းသည်ဖြစ်စေ အပေးအလှူမြောက်၏။

### ယူတုန်းက ကျေနပ်ပြီးဖြစ်လျက် နောင်အခါကျမှ စိတ်ဆိုးပြီး ပြန်မတောင်းရ

ပုဂ္ဂိုလ်တယောက်သည် မိမိ၏ပစ္စည်းဥစ္စာကို အစပဌမယူစဉ်အခါတုန်းက "ငါ့ဟာကို ယူသော သင်သည် ကောင်းစွာပြုအပ်၏"ဟု နှုတ်ဖြင့် မြွက်ဆိုကာ ပြောကြားလျက်ဖြစ်စေ၊ စိတ်ထဲကဖြစ်စေ၊ ဝမ်းမြောက်ကျေနပ်ပြီး ဖြစ်ပါလျက် နောက်အခါကျမှသာ အကြောင်းတစုံတရာကြောင့် စိတ်ဆိုးပြီးလျှင် ပြန်၍မတောင်းကောင်း၊ ပြန်၍မယူကောင်း။

### မိမိဥစ္စာကို ယူစဉ်က မတားမြစ်ခဲ့လျှင်လည်း ပြန်၍မတောင်းရ

တစုံတယောက်သော ပုဂ္ဂိုလ်သည် မိမိဥစ္စာကို တယောက်ယောက်သော သူက မိမိ၏ ရှေ့မှောက်၌ပင် ပြောဆိုယူငင်ရာ စိတ်ထဲက မကျေနပ် မပေးလိုသော်လည်း၊ ကိုယ်နှုတ်ဖြင့် မတားမြစ်ခဲ့လျှင် ၎င်းယူပြီးဥစ္စာကို တဖန် ပြန်၍ မတောင်းယူရ။

"ငါသည် ဥစ္စာကို ယူအပ်ပြီ"ဟု၍သော်လည်းကောင်း၊ "ငါသည် သင့်ဥစ္စာကို သုံးစွဲပစ်လိုက်ပြီ"ဟု၍လည်းကောင်း၊ တစုံတယောက်သော ပုဂ္ဂိုလ်က ပြောဆိုရာ ဥစ္စာရှင်က "သင် ယူယူ သုံးသုံး ငါကတော့ ၎င်းဥစ္စာကို တစုံတခုသော အကြောင်းကြောင့် (ဤမည်သော ကိစ္စသုံးဖို့ရန်)ထားသည့် ဥစ္စာဖြစ်သည်၊ ပြန်ပေးရမှာပဲ"ဟု ယူစဉ်က ပြောဆိုခဲ့မူကား ၎င်းဥစ္စာကို ပြန်၍တောင်းကောင်းယူကောင်း၏။

**တဆင့်လူကြုံပေးခန်း၌ အထူး**
**မှတ်သားဖွယ်အချက်များ**

(က) "ဤပစ္စည်းကို ဤမည်သောသူအား ပေးလိုက်ပါလေ"ဟု ပြောဆိုကာ အကြုံပေးလိုက်သော ပစ္စည်းမျိုးသည် "ပေးလိုက်ပါလေ"ဟု ဆိုသောကြောင့် ပေးရမည့်ပုဂ္ဂိုလ်၏ထံ မပေးရသေးသမျှ ကာလပတ်လုံး ပေးလိုက်သူ ပစ္စည်းရှင် ပုဂ္ဂိုလ်သာ ပိုင်ဆိုင်နေသေး၏။

ထိုပစ္စည်းဥစ္စာမျိုးကို လမ်းခရီးအကြား၌ ဝိဿာသဂ္ဂါဟယူလျှင် ပေးလိုက်သူ ပစ္စည်းရှင်နှင့် အကျွမ်းဝင်၍ယူက ယူနိုင်၏။ ဝိဿာသဂ္ဂါဟအယူမြောက်၏။

ပေးရမည့်သူနှင့် အကျွမ်းဝင်၍ယူလျှင်ကား ဝိဿာသဂ္ဂါဟအယူမမြောက်။ အဘယ့်ကြောင့်ဆိုသော် သူ၏လက်ထဲသို့ မရောက်သေးသဖြင့် သူမပိုင်သောကြောင့်တည်း။ အကယ်၍ မူလပေးလိုက်သူ ဥစ္စာရှင်ရဟန်း ပျံလွန်၏ဟု ကြားခဲ့လျှင် ဆောင်ယူသွားသူ ရဟန်းက လမ်းခရီးအကြား၌ မတကပစ္စည်းဟု စိတ်ဖြင့် ဆောက်တည်ကာ ပုဂ္ဂလိက ကိုယ်ပိုင်ယူနိုင်၏။

## စိတ်ဖြင့် ဆောက်တည်၍ယူပုံ

မိမိလက်၌ရှိသော ၎င်း မတကဥစ္စာ မတကသန္တက ပစ္စည်းကို "ဤပစ္စည်းကား မတကဥစ္စာတည်း၊ ဤဥစ္စာသည် ငါ့အား ရောက်၏"ဟု စိတ်ဖြင့် အာရုံပြု၍ဖြစ်စေ၊ နှုတ်ဖြင့်မြွက်ဆို၍ ဖြစ်စေ ယူနိုင်သည်။

၎င်းပစ္စည်းကို ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သောအားဖြင့် ယူခဲ့သော် ဝိဿာသဂ္ဂါဟ-အယူမမြောက်။ ပေးရမည့် ရဟန်း၏ မတကဥစ္စာဟု ဆောက်တည်၍ယူလျှင်လည်း အယူမမြောက်ဟုမှတ်။

အဘယ့်ကြောင့်ဆိုသော် ၎င်းပစ္စည်းကို ပေးရမည့် ရဟန်းက မပိုင်သေးသောကြောင့်တည်း။

(ခ) "ဤပစ္စည်းကို ဤမည်သော သူအား ငါ ပေး၏"ဟုပြောဆိုလျက် အကြုံပေးလိုက်သော ပစ္စည်းမျိုးကား "ငါပေး၏" ဟုဆိုသောကြောင့် ပေးသူ မပိုင်ဆိုင်တော့၊ ပေးရမည့် ပုဂ္ဂိုလ်ကသာ ပိုင်ဆိုင်၏။ ထို့ကြောင့် ပေးရမည့် ပုဂ္ဂိုလ်နှင့် အကျွမ်းဝင်၍ယူလျှင် ဝိဿာသဂ္ဂါဟမြောက်၏။ ပေးလိုက်သူနှင့် အကျွမ်းဝင်၍ ယူလျှင်ကား ဝိဿာသဂ္ဂါဟမမြောက်။

လမ်းခရီးအကြား၌ ပေးရမည့်ရဟန်း ပျံလွန်၏-ဟု ကြားသဖြင့် မတကဥစ္စာအဖြစ်ဖြင့် ဆောက်တည်၍ယူနိုင်၏။ ပေးလိုက်သော ရဟန်း ပျံလွန်၏-ဟု ကြားသဖြင့် မတကဥစ္စာ အဖြစ်ဖြင့် ဆောက်တည်၍ ယူသော်ကား အယူမမြောက်။

ပေးရမည့်ရဟန်းနှင့်စပ်၍သာ ဝိဿာသဂ္ဂါဟယူမှု မတကဥစ္စာ ဆောက်တည်မှုတို့ကို ပြုရသည်။ ပေးလိုက်သူ ရဟန်းနှင့်စပ်၍ကား ဝိဿာသဂ္ဂါဟ ယူမှု မတကဥစ္စာဆောက်တည်မှု မပြုနိုင်။

## ယခုခေတ် အချို့ဝိဿာသဂ္ဂါဟယူပုံကား မသင့်တော်လှ

ခုခေတ်အခါ အချို့သောပုဂ္ဂိုလ်တို့သည် ဆရာသမား သီတင်း သုံးဘော်စသော ပုဂ္ဂိုလ်တို့ ပျံလွန်တော်မူခါနီး အခါ၌ လူမှန်းမသိ သတိမရ ဖြစ်နေချိန်၌ ဝိဿာသဂ္ဂါဟယူဘတ်ကြ၏။ အချို့လည်း လူမမာ စကားမပြောနိုင်ပဲ သတိရတချက် မရတချက်ဖြစ်ခါနေချိန်မှ ဝိဿာသဂ္ဂါဟယူတတ်ကြ၏။ အလှူခံတတ်ကြ၏။

ထိုသို့ အလှူခံရာ တောင်းယူရာ၌ ဥစ္စာရှင်က မသိသဖြင့် အတ္တမန မဖြစ်ပဲ ရှိတတ်၏။ သိသဖြင့်လည်း အတ္တမန နှစ်သက်ကျေနပ်မှုမရှိပဲ ရှိတတ်၏။

ဂဟိတေ အတ္တမန ဖြစ် မဖြစ် ကို ဆုံးဖြတ်နိုင်ရန် အလွန် ခဲယဉ်း လှ၏။ နှမြောတတ်သူ ဥစ္စာရှင်ရဟန်း ဖြစ်နေလျှင်ကား နှစ်သက် ကျေနပ်မှု ရှိဖို့ရန် သာ၍ပင် ခက်ခဲလှပေ၏။

အတ္တမန မဖြစ်လျှင် ဝိဿာသဂ္ဂါဟ မမြောက်နိုင်။ ထိုကဲ့သို့သော အချိန်အခါမျိုးကျတော့မှ ဝိဿာသဂ္ဂါဟ အလှူခံ၍ မယူသင့်တော့ပါ။ အတ္တမန မဖြစ်ပဲ ဒေါမနဿ ဖြစ်သွားလျှင် သေလွန်သူအား အကြီး အကျယ် ဒုက္ခ ပေးရာရောက်၏။

ရွေးအဆက်ဆက်က သံဃိကဖြစ်နေသော ကျောင်း-ကျောင်းဝိုင်းများ ဖြစ်နေလျှင် ဝိဿာသဂ္ဂါဟဖြင့် ယူသော်လည်း အယူမမြောက်၊ သံဃိကသာ ဖြစ်၏။

သေသူရဟန်း ပိုင်ဆိုင်သောပစ္စည်းများကား ဝိဿာသဂ္ဂါဟယူသဖြင့် အတ္တမနဖြစ်လျှင် မတသန္တကသံဃိကမဖြစ်ပဲ အလှူခံသူပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိက ဖြစ်နိုင်၏။

ပင်ကိုကပင် သံဃိကဖြစ်၍နေခဲ့သော ဒှင်းသံဃိကကျောင်း၊ ကျောင်းဝိုင်းတို့ကို မိမိတို့၏ တပည့်အဆက်ဆက်အား ပေးသော်လည်း အပေးမမြောက်၊ ပေးလည်း မပေးကောင်း။ စောင့်ရှောက် ထိန်းသိမ်းဖို့ရန်တော့ တာဝန်လွှဲအပ်နိုင်၏။ တာဝန်လွှဲအပ်ခံရသူကလည်း စောင့်ရှောက်ထိန်းသိမ်းခွင့်ရှိ၏။

ဤပြဆိုအပ်ခဲ့ပြီးသည်ကား ဝိဿာသဂ္ဂါဟယူမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာ အစိပ္ပာယ်အဆုံးအဖြတ်များတည်း။

---

## လာဘ်လာဘကို ညွှတ်စေမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာ အစိပ္ပာယ် အဆုံးအဖြတ်များ

တပါးသောပုဂ္ဂိုလ်တို့အတွက် ညွှတ်ပြီးသောလာဘ်ကို—

၁။ မိမိအား ညွှတ်စေခြင်း၊

၂။ သူတပါးတို့အား ညွှတ်စေခြင်း။

ဤ ၂-မျိုးကို ဤနေရာ၌ လာဘ်လာဘကို ညွှတ်စေခြင်းဟုခေါ်သည်။

ထိုသို့ ညွှတ်စေရာ၌ အဆုံးအဖြတ်များကား—သီတင်းသုံးဘော် ၅-ယောက်တို့၏၊ သို့မဟုတ် လူဘို့၏၊ အယုတ်ဆုံးအားဖြင့် မိမိ့မိခင်၏ ဥစ္စာပင်ဖြစ်စေ၊ သံဃာအား လှူဖို့ရန် ညွှတ်ပြီးသည်ကိုညွှတ်ပြီးမှန်း သိပါလျက်နှင့် "ဤဥစ္စာကို ငါ့အား ပေးလှူပါလော့" ဟု ပြောဆိုအလှူခံ၍ မိမိအား ညွှတ်စေပြီးလျှင် ခံယူသောရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

"ဤမည်သောရဟန်း၊ ဤမည်သောပုဂ္ဂိုလ်အား ပေးလှူပါလော့" ဟု ပြောဆိုလျက် သံဃိကသဘော်ကို မိမိမှတပါး အခြားသောပုဂ္ဂိုလ်အား ညွှတ်စေလျှင်ကား တပါးသောပုဂ္ဂိုလ်ရလျှင် ညွှတ်စေသောရဟန်းအား သုဒ္ဓပါစိတ်အာပတ်သင့်၏။

ထို့ကြောင့် မိုးရေခံသင်္ကန်း ရှာမှီးရာခေတ်အခါ၌ မိမိ၏ အမိအိမ်၌ပင် သံဃာတော်အား ညွှတ်ပြီးသော မိုးရေခံသင်္ကန်းကို သံဃာအား ညွှတ်ပြီးမှန်း သိလျက်နှင့်—

၁။ မိမိသို့ညွှတ်စေ၊ မိမိအား လှူရန်ပြောဆိုကာ အလှူခံခဲ့လျှင် ရရှိက နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

၂။ သူတပါးအား ညွှတ်စေ၊ သူတပါးလှူဖို့ရန် ပြောဆိုကာ အလှူခိုင်းလျှင် သူတပါးရရှိသွားက သုဒ္ဓပါစိတ်အာပတ်သင့်၏။

လူတို့သည် "သံဃာဘတ်- သံဃိကဆွမ်း လောင်းလှူအံ့" ဟု စိတ်ကူးကြကာ ထောပတ် ဆီစသောပစ္စည်းတို့ကို ရှာဖွေဝယ်ယူထားကြကုန်၏။

နေမကောင်းသော ဂိလာနရဟန်းတပါးပါးသည် သံဃာအား ညွှတ်မှန်း သိလျက်နှင့် ၎င်းပစ္စည်းထဲမှ တစုံတခုသောပစ္စည်းကို တောင်းယူအလှူခံခြား အံ့၊ နေမကောင်းသူ ဂိလာနပုဂ္ဂိုလ်ပင် ဖြစ်စေ ရရှိခဲ့လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်သာ။

အကယ်၍ ၎င်းဂိလာနရဟန်းသည် "သင်တို့အား ဝယ်ယူ ရှာဖွေထား သော ထောပတ်စသည်တို့ ရှိပါသလား"ဟု မေးမြန်းရာ ၎င်းလူတို့က "မှန်လှ ပါ ရှိပါကုန်၏"ဟု လျှောက်ထားသဖြင့် ရှိလျှင် "ငါ့အားလည်း (သံဃာ သာမဟုတ်)ပေးလှူပါကုန်ဦးလော့"ဟု ပြောဆိုတောင်းယူခြားအံ့၊ အပ်၏။ နိဿဂ္ဂိပါစိတ်အာပတ် မသင့်။

သံဃာအား လှူဖို့ရန် ညွှတ်လေပြီးဖြစ်၍ ခံယူဖို့ရန် ဝိနယ ကုက္ကုစ္စ ရှိ သဖြင့် အလှူမခံသော ဂိလာနရဟန်းကို လူဒါယကာတို့က "သံဃာတော် သည်လည်း တပည့်တော်တို့က ပေးလှူမှသာ ရမှာဖြစ်ပါ၏၊ အလှူခံတော် မူပါဘုရား"ဟု အကယ်၍ အလှူခံရန်လျှောက်ထားကြကုန်အံ့၊ ဤသို့ လျှောက် ထားမည်ဆိုလျှင်လည်း အပ်၏၊ အပြစ်အာပတ်မသင့်၊ ခံယူကောင်း၏။

**မှတ်ချက်။** ။သံဃာအား ရည်ညွှန်းပြီး ညွှတ်ပြီးဖြစ်သော်လည်း "သင်တို့ အား ဆောင်ယူအပ်ကုန်ပြီးသော ထောပတ်- စသည် ရှိ သလော"ဟုမေးရာ "ရှိပါသည်ဘုရား"ဟု လျှောက်ထားသဖြင့် "ငါ့အား လည်းပေးလှူပါလော့"ဟု ပြောဆိုအလှူခံရာ၌ ဒါယကာ-ဒါယိကာမတို့၏ ဥစ္စာကိုသာလျှင် တောင်းယူအလှူခံတော်မူသည်မည်သောကြောင့် အပ်သည်၊ အပြစ်မရှိဟု ဆိုသည်။

ကျောင်းတကျောင်းကျောင်းရှိ သံဃာအား ညွှတ်ပြီး လာဘ်ကို အခြား ကျောင်း တကျောင်းကျောင်းရှိ သံဃာအား ပေးလှူရန် "ဤမည်သော ကျောင်းရှိ သံဃာအား ပေးလှူပါလော့"ဟု ညွှတ်စေခြားအံ့၊ သို့မဟုတ် "သံဃာအား ပေးလှူသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ စေတီအား ပူဇော်ခြင်း ကိုပြုပါကုန်လော့"ဟု စေတီတော်ကိုမူလည်း ညွှတ်စေခြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တကျောင်းသံဃာကို ညွှတ်ပြီးသား လာဘ်ကို တခြား ကျောင်း သံဃာသို့ ညွှတ်စေသော်လည်းကောင်း၊ စေတီသို့ ညွှတ်စေသော် လည်းကောင်း ဒုက္ကဋ် အာပတ်သင့်၏ဟု ဆိုလိုသည်။

စေတီတော်တဆူဆူအား ညွတ်ပြီးသားလာဘ်ကို အခြားစေတီတော်တဆူဆူသို့ ညွတ်စေသော်လည်းကောင်း၊ သံဃာအား ညွတ်စေသော်လည်းကောင်း၊ ဂိုဏ်းအား ညွတ်စေသော်လည်းကောင်း၊ ပုဂ္ဂိုလ်တယောက်အား ညွတ်စေသော်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်သည်သာလျှင်တည်း။

ဤစေတီတော်အား လှူဒါန်းရန်အတွက်ဟု သတ်မှတ်ကာ စိုက်ပျိုးထားသည့် ပန်းပင်မှ ပန်းကို အခြားစေတီတော်အား ဆွတ်ခူး၍ မတင်ကောင်း။

စေတီတော်တဆူဆူအား ထီးဖြစ်စေ၊ တံခွန်၊ ကုက္ကား မုလေးပွား၊ ကြက်လျှာစသော လှူဖွယ်တခုခုကိုဖြစ်စေ လှူဒါန်းပြီး၍ ကြွင်းသော ထီးစသော လှူဒါန်းဖွယ်ကို ကိုင်လျက် တည်နေသောသူကို တွေ့မြင်သဖြင့် ကြွင်းသော လှူဒါန်းဖွယ်များကို အခြားစေတီတော်တဆူဆူအား အလှူခိုင်းကောင်း၏။

**မှတ်ချက်။** ။စေတီတော်တဆူဆူအား တင်လှူပြီးသား ပန်းစသည်ကို အခြားစေတီတော်တဆူဆူအား ပြောင်းရွှေ့၍ လှူဒါန်းဆောင်းသည်ဟု သာရတ္ထဒီပနီဋီကာ (၂၊၄၄၀)၌ မိန့်ဆို၏။

အယုတ်အားဖြင့် ခွေးတကောင်ကောင်အား ကျွေးမွေးဖို့ရန် ညွတ်ပြီးသားလာဘ်ကို "ဤခွေးကို မကျွေးနှင့်၊ ထိုခွေးအား ကျွေးပါလော့"ဟု ပြောဆိုလျက် အခြားခွေးတကောင်ဆောင်အား အကြွေးခိုင်းသောအားဖြင့် ညွတ်စေငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

ခွေးကား ဥပလက္ခဏနည်းမျှသာ ဆိုသည်။ အခြားတိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ တယောက်ယောက် တကောင်ကောင်ကို ညွတ်ပြီးသားလာဘ်ကို အခြားတယောက်ယောက် တကောင်ကောင်အား ညွတ်စေလျှင်လည်း ဒုက္ကဋ်အာပတ်သင့်သည်သာ။

အထယ်၍ ဒါယကာတို့သည် "တပည့်တော်တို့ သံဃာတ်ကို လှူဒါန်းလိုပါကုန်၏" (သံဃိကဆွမ်း လှူဒါန်းလိုသည်ဟု ဆိုသည်၊) စေတီတော်ကို ပူဇော်မှု ပြုလိုပါကုန်၏၊ရဟန်းတပါးပါးအား ပရိက္ခရာ လှူဒါန်းလိုပါကုန်၏၊ အရှင်ဘုရား၏ အလိုအားဖြင့် ပေးလှူပါကုန်အံ့၊ အမိန့်ရှိတော်မူပါကုန်၊ ဘယ်ကျောင်းသံဃာအား၊ ဘယ်စေတီတော်အား၊ ဘယ်ရဟန်းအား၊ လှူဒါန်းရပါမည်နည်း"ဟု ညွှန်ကြားဖို့ရန် လျှောက်ထားခဲ့သော် ထိုလျှောက်ထားခံရသော ရဟန်းသည် အကြင် သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား ပေးလှူစေလို၏၊ ထိုမိမိပေးလှူစေလိုရာ သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား ပေးလှူရန် ညွှန်ကြားကောင်း၏။

အဏယ်၍ ညွှန်ကြားဖို့ရန် လျှောက်ထားမှုမပြုပဲ "ဘယ်သံဃာ,စေတီ, ပုဂ္ဂိုလ်အား လှူဒါန်းရပါမလဲဘုရား"ဟု မေးမြန်းရုံမျှသာ မေးမြန်းလျှင်ကား—

"အကြင် သံဃာ,စေတီ,ပုဂ္ဂိုလ်အား လှူဒါန်းခဲ့သော် သင်တို့၏ လှူဖွယ်ဝတ္ထုပစ္စည်းကို သုံးဆောင်မှု သုံးစွဲမှုကိုလည်း ရရာ၏၊ ပြုပြင်စီရင်မှု စောင့်ရှောက်မှုကိုသော်သည်း ရရာ၏၊ ကြာရှည်စွာ တည်ခြင်းကိုသော်လည်း ရရာ၏၊ ထိုသံဃာ, စေတီ, ပုဂ္ဂိုလ်အား ပေးလှူကုန်လော့"ဟုသာ ပြောဆိုကောင်း၏။

သို့မဟုတ် သင်တို့စိတ်ကြည်ညိုရာ၌ လှူပါလော့·ဟု ပြောဆိုကောင်း၏။

ဘယ်သံဃာအား—
ဘယ်စေတီအား—
ဘယ်ပုဂ္ဂိုလ်အား—

လှူရမည်,လှူလော့ဟုကား တိုက်ရိုက်မညွှန်ကြားကောင်း။

မှတ်ချက်။ ။တစုံတယောက်က မည်သည့် တိရစ္ဆာန်ဟု သတ်မှတ်ချက်မပြုပဲ ကျွေးမွေးထားသော အစာကိုမူ မိမိမစားစေလိုသော အကောင်ကို ခြောက်လှန့်ပြီးလျှင် အခြား မိမိစားစေလိုသော အကောင်ကို စားစေကောင်း၏။ တိရစ္ဆာန်တကောင်ကောင်အား ရည်စူးကာ ကျွေးထားသော အစာကိုကား ၎င်းကို ခြောက်လှန့်တားမြစ်ပြီးလျှင် အခြားအကောင်ကို မကျွေးကောင်း။

"ဤသံဃာအား လှူမည်၊
ဤစေတီတော်အား လှူမည်၊
ဤဂိုဏ်းအား လှူမည်၊

ဤပုဂ္ဂိုလ်အား လှူမည်"ဟု ဒါယကာတို့ ညွှတ်မှုမပြုရသေးသော လှူဖွယ်ပစ္စည်းဝတ္ထုကို ညွှတ်မှုမပြုသေးမှန်းသိလျှင် ဒါယကာတို့က "ဘယ်၌ လှူရပါမည်နည်းဘုရား"ဟု မမေးမြန်း မလျှောက်ထားစေကာမူ မိမိလှူစေလိုရာ၌ အလှူခိုင်းကောင်း၏။

ပရိဝါပါဠိတော်လာ အစမ္မိကဒါန ၉-ပါး

အခြားသံဃာအား ညွှတ်ပြီးသားလာဘ်ကို—
၁။ အခြားသံဃာအား ညွှတ်စေခြင်း၊

၂။ စေတီတော်အား ညွတ်စေခြင်း၊
၃။ ပုဂ္ဂိုလ်အား ညွတ်စေခြင်း။

စေတီတဆူဆူအား ညွတ်ပြီးသားလာဘ်ကို—

၄။ အခြားစေတီတဆူဆူအား ညွတ်စေခြင်း၊
၅။ သံဃာအား ညွတ်စေခြင်း၊
၆။ ပုဂ္ဂိုလ်အား ညွတ်စေခြင်း၊

ပုဂ္ဂိုလ်တယောက်ယောက်အား ညွတ်ပြီးသားလာဘ်ကို—

၇။ အခြားပုဂ္ဂိုလ်တယောက်ယောက်အား ညွတ်စေခြင်း၊
၈။ သံဃာအား ညွတ်စေခြင်း၊
၉။ စေတီအား ညွတ်စေခြင်း—

ဖြင့် ပေးလှူအပ်သော ဒါနမျိုးသည် အဓမ္မိကဒါန တရားနှင့် မယှဉ်၊ တရားမရှိ၊ မတရားသော ဒါနမျိုးဟု ခေါ်သည်။

ဓမ္မိကဒါန် ၃-ပါး

၁။ သံဃာအား လှူဖို့ရန် ညွတ်ပြီးသား လာဘ်ကို သံဃာအားသာ လှူ၏။

၂။ စေတီတော်အား လှူဖို့ရန် ညွတ်ပြီးသားလာဘ်ကို စေတီအားသာ လှူ၏။

၃။ ပုဂ္ဂိုလ်အား လှူဖို့ရန် ညွတ်ပြီးသားလာဘ်ကို ပုဂ္ဂိုလ်အားသာ လှူ၏။

ထိုဒါန- လှူဒါန်းမှု ၃-မျိုးသည် ဓမ္မိကဒါန တရားနှင့် ယှဉ်သော,တရားရှိသော,တရားသဖြင့် ဖြစ်သော လှူခြင်းမျိုးဖြစ်၏။

ဝိနယဗဟုသုတပကာသနီကျမ်းပြီး၏။

---

## ကျမ်းပြီး နိဂုံးနှင့် ဆုတောင်း

(၁) 'မြင်းခြံ''တိ ဝိဿုတေ ရမ္မေ၊ နာနာဝိဟာရယသမ္ပန္နေ။
နဂရေ မြမ္မရဋ္ဌမှိ၊ ဓညဇနာန မာဝဂါသေ၊

(၂) ''ကိုးဆောင်''တိ ဥတ္တမာရာမေ၊ ဘိက္ခုဂဏာနိသေဝိတေ။
မာရိန္ဒအောင်ရာဇနာ ထူပေန၊ ပါသာဒိကေန မဏ္ဍိတေ။

(၃) ဝသန္တောဟံ ရစယာမိ၊ ဗဟုဿုတပကာသနိံ၊
အာဒရံ မမံ သင်္ဂမ္မ၊ နိဿိတကေဟိ ယာစိတော။

(၄) ဠမ်ံ ဂန္တ္ဝာ ပဿိတ္ဝာန၊ ကာယိရာထ စ သာသနံ။
ဝိနယေ ကောသလ္လံ ပတ္တာ၊ ကိတ္တိံ ပပ္ပောန္တု သာဓဝေါ။

(၅) အနေန ပုညကမ္မေန၊ အညေဟိ ကုသလေဟိ စ။
သိဝံ ပပ္ပေါမိ အမတံ၊ စိရံ ကရောမိ သာသနံ။

(၆) တာဝ ဇောတေတု ဂန္ထောယံ၊ ယာဝ တိဋ္ဌတိ သာသနံ၊
အာကာသေ ပုဏ္ဏစန္ဒောဝ၊ သဗ္ဗမလဝိဝဇ္ဇိတော။

(၇) ဣဿရာနံ သဟာ ယောသံ၊ ပဂ္ဂဏှန္တာန သာသနံ။
နိဝါရေတုံ သမတ္ထောဟံ၊ နိဂ္ဂဏှန္တာန သာသနံ။

(၈) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဝဿံ စိရံ ပဇံ။
ဒေဝေါ ဓမ္မေန တပ္ပေတု၊ ရာဇာ ရက္ခတု မေဒနိံ။

မြမ္မရဋ္ဌမှိ=ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကြီး၏အတွင်း၌၊ မြင်းခြံကိဝိသုတေ=မြင်းခြံ့မြင်းခြံဟု သကင်းလျှံလျက် အလွန်ကျော်စောထင်ရှားသော၊ ရမ္မေ=စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော၊ နာနာဝိဓကယသမ္ပန္နေ= သီးနှံထွက်စုံ ရောင်းချဖွယ် ကုန်မျိုးစုံဘို့နှင့် ပြည့်စုံကြွယ်ဝရာလည်းဖြစ်သော၊ ဇနာကိဏ္ဏ = ဘုန်းကံကြီးမား လူအများတို့၏၊ အာဝါသေ=ရောင်းဝယ်ဖောက်ကား သွားလာလုပ်ကိုင် နေထိုင်ရာလည်းဖြစ်သော၊ နဂရေ=မြို့ကြီး၌၊

ဘိက္ခုဂဏာနိသေဝိတေ= စာချ စာသင် ထေရ်ရှင်အပေါင်း အရှင်ကောင်းတို့၏ သီတင်းသုံးနေထိုင်ရာ ဖြစ်သော၊ ပါသာဒိကေ= ရှေးခေတ် ခုခေတ် နှစ်ခေတ်ရောပြွမ်း ပိသုကာအနုပညာအတတ်ဆန်းတို့ဖြင့် သုံးဆင့်သုံးထပ်“ဝိသကြံပတိံနက် ဖန်ဆင်းလေသလား”ဟု အထင်မှားရအောင် အဆန်းတကြယ် အံ့ဩဖွယ် တည်ထားအပ်သောကြောင့်လည်းကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ရတနာပုံ၊ ခေတ်ပျိုစုံ ထင်ရှား တန်ခိုးကြီးမားသည့် ရှေးဟောင်းဆင်းတု တော်အဘားစားတို့၏ ကိန်းဝပ်တည်နေရာ ဖြစ်သောကြောင့် လည်းကောင်း အလွန်ကြည်ညိုဖွယ်ကောင်းသော၊ “မာရ်အောင်ရတနာ” စေတီယေန=လိုရာရအောင်ဆုပြည့်သည့် (၁၂)မုခ် ကိုးဆောင် မာရ်အောင်ရတနာ စေတီတော်မြတ်ကြီးဖြင့်၊ ဧကျဝ်တေ= ထင်ရှားမှန်ဘိ သပ္ပာယ်စွာ တည်ရှိသည်ဖြစ်၍ တန်ဆာဆင်အပ်သည်နှင့် အလားတူသော၊ “ကိုးဆောင်”တိ ဥပ္ပတ္တမာရာမေ= မြတ်သောကိုးဆောင် ကျောင်းတိုက်ကြီး၌၊ ဝသန္တော= ရှင်ကြည်နှလုံး

သီတင်းသုံးနေထိုင်သော၊ နိဿိတကေဟိ=တပည့်အပေါင်း သူတော်ကောင်းတို့သည်၊ မမံ=ငါ့သို့၊ သင်္ဂမ္မ=ပေါင်းဆုံကပ်ရောက်ကြကုန်၍၊ အာဒရံ= ရိုသေလေးစားစွာ၊ ယာစိတေန=တောင်းပန်လေ်တွားလျှောက်ထားအပ်သည်ဖြစ်၍၊ ဝါ=လျှောက်ထားအပ်သောကြောင့်၊ ဝါ=လျှောက်ထားအပ်သော၊ အဟံ= "ဘဒ္ဒန္တ သောဘိတ ဇင်္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်မြတ် လှူဒါန်းအပ် သည်ကို ခံယူတော်မူရ၍ ဂိုဏ်းပေါင်းစုံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌဖြစ်သောငါသည်၊ ဗဟုသုတပကာသနိံ=ဝိနယဗဟုသုတပကာသနီ သညီတင့်လျှမ်း ဤသည့်ကျမ်းကို၊ ရစယာမိ=စီရင်ရေးသား၏။

ဣမံ ဂန္ထံ= "ဝိနယဗဟုသုတပကာသနီကျမ်း"ကို၊ ပဿိတွာန=လေ့လာကြည့်ရှု မှတ်သားပြု၍၊ သာသနံ=ဘုရားမြတ်စွာ သာသနာကို၊ ကယိရာထ= ရှိန်ဝါထွန်းတောက် ရောက်ထက်ရောက်အောင် ပြုစုစောင့်ရှောက်လည်း ပြုစုစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းဖြစ်ကြကုန်သော ရဟန်းရှင်လူ ခပ်သိမ်းသူတို့သည်၊ ဝိနယေ=ဝိနည်းဆိုင်ရာ သိဖွယ်ရာ၌၊ ကောသလ္လံ= လိမ္မာကျွမ်းကျင် သူတော်စင်အဖြစ်သို့၊ ပတ္တာ= ရောက်ကြကုန်၍၊ ကိတ္တိံ= ကျော်စောသတင်း ထင်ရှားခြင်းသို့၊ ပပ္ပောန္တု စ=ရောက်လည်း ရောက်ကြပါစေကုန်သတည်း။

အနေန ပုညကမ္မေန=ဤကျမ်းကို ရေးသားအပ်သော ကောင်းမှုကံကြောင့်လည်းကောင်း၊ အညေဟိ ကုသလေဟိ စ=ထိုမှတပါး များပြားလှစွာ ရှေးရှေးသောကာလတို့က ပြုလုပ်ဆည်းပူးခဲ့သမျှသော ကုသိုလ်အစု မြတ်ကောင်းမှုတို့ကြောင့်လည်းကောင်း၊ အမတံ=သေခြင်း ကင်းရာဖြစ်သော၊ သိဝံ=နိဗ္ဗာန်သို့၊ ပပ္ပောမိ=တောင်းဆုရည်သန် ဗောဓိဉာဏ်ဖြင့် ရောက်ရလို၏၊ သာသနံ=ဘုရားမြတ်စွာ သာသနာကို၊ စိရံ၊အာယုသက်တမ်း ကျော်ကာလွှမ်းလျက် ရှင်လန်းကျန်းမာ ကြာမြင့်စွာသာလျှင်၊ ကာရေမိ = ပြုနိုင်သည့်ကိုယ် ဖြစ်ရလို၏။

လောကေ=လော့ကဉ္စ၊ ယာဝ=အကြင်မျှလောက်၊ သာသနံ=နိယျာနိကဖြစ်သော ဘုရားရှင်သာသနာတော်ကြီးသည်၊ တိဋ္ဌတိ=တည်ရှိသေး၏၊တာဝ= ထိုမျှလောက်၊အယံဂန္ထော=ဤကျမ်းသည်၊အာကာသေ=အင်ဒ္ဒာဝေဟာင် ထက်ဆောင်းကင်း၌၊ သဗ္ဗမလဝိဝဇ္ဇိတော=ဆီးနှင်း, မြူ, တိမ်,သူရိန်, မီးခိုး, ညစ်မျိုးအပြား၊ အနှောင့်အယှက်များမှ ဆင်းလွတ်သော၊ ပုဏ္ဏစန္ဒောဝ=ယုဂန်တက်ထွန်း လပြည့်ဝန်းကဲ့သို့၊ ဇောတေတု=မိစ္ဆာမှောင်ခွင်း သိဉာဏ်ရှင်းအောင် ထွန်းလင်းတောက်ပပါစေသတည်း။

အဟံ=ငါသည်၊ သာသနံ=ဗုဒ္ဓမြတ်စွာ သာသနာကို၊ ပဂ္ဂဏှန္တာနံ= ဓမ္မဝိနယ လမ်းမှန်ကျအောင် ချီးမြှောက်ထောက်ပံ့ကြကုန်သော၊ ဣဿရာနံ= အာဏာလွှမ်းမိုး အစိုးရသူ ခပ်သိမ်းလူတို့၏၊ သဟာယော=ဒေလာက, ဓမ္မ, လမ်းမှန်ကျအောင် ညွှန်ပြအံမြဲ အဖော်သဟဲသည်၊ အသံ=ဖြစ်ရလို၏၊ သာသနံ= သတ္တဝါအများ လမ်းညွှန်ကြားသည့် ဘုရားမြတ်စွာ သာသနာကို၊ နိဂ္ဂဏှန္တာနံ= သဒ္ဓါကင်းဆိတ် မကောင်းစိတ်ဖြင့် နှိပ်ကွပ် ဖျက်ဆီးလိုကုန်သော၊ ဣဿရာနံ= အာဏာလွှမ်းမိုး အစိုးရသူ ခပ်သိမ်းလူတို့၏။ သဗ္ဗကမ္မာနိ=လမ်းမှန်မကျ ဆောင်ရွက်ကြသည့် ကိစ္စသို့ အလုံးစုံတို့ကို၊ ဝါရေတုံ=တားမြစ်ဟန့်တား ဖယ်ရှားခြင်းငှာ၊ သမတ္ထော=နှိမ်နိုင်သူသည်၊ အသံ=ဖြစ်ရလို၏။

သဒ္ဓမ္မော=ဘုရားပစ္စေကာ အရိယာအရှင် သူတော်စင်တို့၏ သွန်သင် ဟောကြား မြွက်တရားသည်၊ စိရံ-စိရကာလံ=ငါးထောင်သာသနာ ရှည်မြင့် ကြာအောင်၊ တိဋ္ဌတု=မိစ္ဆာမှောင်ခွင်း ထိန်ထိန်ဝင်းအောင် ပွင့်လန်းမသေ့ တည်ပါစေသတည်း။

ဒေဝေါ=မိုးနတ်မိမ်တော် အာကာသဘောင်ကို အခေါင်နှိမ်ချီး ပိုင်စိုး စောင့်လတ် ပဇ္ဇုန်နတ်သည်၊ ကာလေ=ကောက်ပဲသီးနှံ ရွာချိန်တန်သောအခါ၌၊ စိရံ-စိရကာလံ=မိုးဦး, မိုးလယ်, တသွယ်မိုးနှောင်း ရှည်ကြာညှောင်းအောင်၊ ဝဿံ-ဝဿန္တော=မိုးရေကိုဆောင် တိမ်တောင်အုံ့မဲ နဘာကွဲအောင် ရွာသဲ သွန်းလောင်းလျက် ပဇံ=လယ်ယာမြေကြီး အမြေမှီး၍ ပွင့်သီးစားသုံး သတ္တဝါ အားလုံးကို၊ တပ္ပေတု=ဝမ်းတွင်းလိုက်ဖို ပီတိပျို့အောင် နှစ်မြို့ကြည်သာ ဝမ်းမြောက်ပါစေသတည်း။

ရာဇာ=အာဏာတန်ခိုး စိုးမိုးပိုင်နင်း ပြည့်ရှင်မင်းသည်၊ မေဒနိံ= အာဏာလက်ရုံး ရွှေဘုန်းနှံ့ရာ မြေမျက်နှာကို၊ ဝါ တိုင်းနေပြည်သူ ဗိုလ်လူ သိမ်းကျုံး သတ္တဝါအားလုံးကို၊ ဓမ္မေန=မင်းကျင့်တရား လက်ကိုင်ထားသဖြင့်၊ ဝါ-အဂတိလေးပါး မမှားမလိုက် တရားပိုက်သဖြင့်၊ ရက္ခတု=စာနာသနား ကိုယ့်တူထားကာ ကောင်းစွာမသွေ စောင့်ရှောက်နိုင်ပါစေသတည်း။

သာသနာသက္ကရာဇ်— ၂၅၂၇-ခု၊
ကောဇာသက္ကရာဇ်— ၁၃၄၅-ခု၊
ခရစ်သက္ကရာဇ် — ၁၉၈၃-ခုနှစ်၌
ဤကျမ်းပြီးစီးအောင်မြင်၏။

( ပြီး၏။ )

## လူတို့သည်……..

စိနည်းကိုသိမှ… သစ္စသန္တာကို မှန်ကန်စွာပြုနိုင်မည်၊

- ရဟန်းပြုမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- ရဟန်းခံမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- ရဟန်းတော်တို့ ဆေးပေးဆေးကုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- လူတို့အား ကျွေးမွေးညှော်ခံမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- တောင်းရမ်း အလှူခံမှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- ပန်း သစ်သီး ပေးကမ်းချီးမြှောက်မှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- အရုဏ်တက်မှုနှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- သေသူဥစ္စာကို ပိုင်ဆိုင်ခွင့်နှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- ကထိန်နှင့်စပ်၍ သိမှတ်ဖွယ်ရာများ၊
- အပေးအယူနှင့်စပ်၍ သိမှတ်ဖွယ်ရာများ–

ဤသို့စသော…. သိမှတ်ဖွယ်ရာအဖုံဖုံ အမျိုးစုံပါရှိသည်။